သီနံ၊ အကြားအမြင်ကို ရှာသော အမျိုးသား တို့အား။ မြမွှာဘာသေဆု၊ ပင့်ခြင်း, ရစ်ခြင်း, သေးသေးတင်, နှ-သတ်စသော မြမွှာဘာသာတို့နှိုက်။ ပါဠိဝတ္ထာယ၊ ခြားနားစိတ်ဖြာ, သိလိမ္မာစေခြင်းအကျိုးငှာ။ အကွရန္တေ့ာပလက္ခိတံ၊ အ-စသော အက္ခရာ အဆုံးရှိသော ဝေါဟာရဖြင့် မှတ်အပ်သော။ နာနူပဒေသနိသိတံ၊အထူး ထူးသောအရာနည်းကိုလည်း ဒီထသော။ ဇုဒ်ပကရဏံ၊ ဤကျမ်းကို။ သုတေသကာ၊ အကြားအမြင်ကို ရှာသော အမျိုးသားတို့သည်။ ဝေါစရာ၊ အလေ့အကျက်။ သမ္မာ၊ ကောင်းစွာ။ ဒက္ခန္တု၊ ရှုစေကုန်ခဟိုး

ရတနာသုံးမည်၊ ညွတ်နူးကြည်ထျက်၊ ရှိရည်ဝန္ဓနာ၊ ပြုပြီးခါမှ၊ သတ်ရာထူးထွေ၊ သဝေနောက်ပစ်၊ စိစစ်ယူငင်၊ သေးသေးတင်က၊ စသည်များစွာ၊ မြမွှဘာသာနှိုက်၊ယထာရဟာဉာဏအလျောက်၊သင့်ရာထောက်၍၊ခွဲးကောက်ရုံးစု၊ မှတ်သားပြုခဲ့၊ ဗဟုသစ္စ၊ သုဇနတို့၊ အရအဓိ၊ သင့်ရာညွှ၍။ ။တတ်သိယူစေကုန်သတည်း။

၁-မြမွှာဘာသာ, မဂဓဘာသာတို့နှိုက် သရအန္တ ဗျည္ဇနအန္တနှင့်တကွ ကစ္စည်းကျမ်း သင်္ကရိဋ္ဌကျမ်းတို့မှ လာသော သရ-တို့နှင့် ယှဉ်တွဲ၍, ကောက်ယူပုံကို ဘော်ပြကြောင်း

မြမွှာတို့ဘာသာ ခေါ်ဝေါ်ရေးမှတ်ရာနှိုက် သက်သက်သော မြမွှာတို့ဘာသာ, မဂဓ စသော ဘာသာတပါးတို့ကို စွဲးမှီ၍.ဖြစ်သော ဘာသာဟူ၍. များစွာအပြားရှိ၏။ ထိုတွင် သက်သက်သော မြမွှဘာသာနှိုက် အန္တသည် သရအန္တ, ဗျည္ဇန အန္တဟူ၍. နှစ်ပါးအပြားရှိ၏ ထိုတွင် ကစ္စည်းကျမ်းမှ လာသော အ, အာ, စသော သရရှစ်လုံးတွင် သင်္ကရိဋ္ဌကျမ်းမှလာသော အဲ, ဩ-ဟူသော သရနှစ်လုံးထည့်သော် သရ ဆယ်လုံးဖြစ်၏.။ ဤသရဆယ်လုံးတို့တွင် တလုံးတလုံးသော သရအဆုံးရှိသော ဝေါဟာရသည် သရအန္တမည်၏။ ထိုသရအန္တသည် သက်သက်သောသရအန္တ, ဗျည်းနှင့်စပ်သော သရအန္တ,ဟူ၍. နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးသော သရအန္တတို့သည် အသီးသီး သရတဆယ် ရှိသောကြောင့် သရအားလျော်စွာ တဆယ်စီရှိကုန်၏။

၂-သရအန္တ၏ နှစ်ပါးရှိသည်နှင့် တကွ သက်သက်သော သရ အန္တကို ဟော်ပြကြောင်း

ထိုတွင် သက်သက်သောသရ အန္တတဆယ် ဖြစ်ဟန်ကား၊*ဆွန့်အသည် ဟူသကဲ့သို့ အ-အက္ခရာသည် အဆုံးရှိသော အကာရန္တ၊ ကျီးငှက်အာသည်, ကွဲးအာသည်, နတ်အာသည် ဟူသကဲ့သို့ အာ-အက္ခရာ အဆုံးရှိသော အာ ကာရန္တ။ ပျောင်းဇူသည်ဟူသကဲ့သို့ ဇု-အက္ခရာ အဆုံးရှိသော ဇုကာရန္တ။ နားမထောင်၍ ဟူသကဲ့သို့ ဏိကာရန္တ။ ရွှေဥ-ငွေဥ ဟူသကဲ့သို့ ဥကာရန္တ။ အဆောက်အဦ ဟူသကဲ့သို့ ဦကာရန္တ။ အငြိမ့်အဲဒေးဟူသကဲ့သို့ ဒေးကာရန္တ။ အုံအဲသည်ဟူသကဲ့သို့ အဲကာရန္တ။ ဥဩဟူသကဲ့သို့ ဩကာရန္တ။ အုတ်ဩော်တနာဟူသကဲ့သို့ ဩော်ကာရန္တ။ ဤသို့လျှင် တဆယ်ဖြစ်၏။

၃-က-အက္ခရာနှင့် စပ်သော ဗျဥ္ဇန-သရအန္တကို ဟော်ပြကြောင်း

ဗျည်းနှင့်စပ်သော သရအန္တ တဆယ်ဖြစ်ဟန်ကား။ က၊ ခ၊ စသော ဗျည်း(၃၃) လုံးတို့တွင် တလုံးတလုံးသောဗျည်းသည် သရဆယ်လုံးတို့တွင် တလုံးလုံးနှင့်စပ်၍ ဆင်က၊မြင်းက၊ ခုန်က၊ ဟူသကဲ့သို့ အကာရန္တ။ အက္ခယ်အကာ၊အနှစ်အကာဟူသကဲ့သို့ အာကာရန္တ။ ဆေးကုသည် ဟူသကဲ့သို့ ဥကာရန္တ။ အထောက်အကူ ဟူသကဲ့သို့ ဦကာရန္တ။ အလွန်အကဲဟူသကဲ့သို့ အဲကာရန္တ။ အဝှမ်းအကောဟူသကဲ့သို့ ဩကာရန္တ။ ရက်ကော်သည် ဟူသကဲ့သို့ ဩော်ကာရန္တ။ ဤကား "က" ဗျည်းနှင့် စပ်သော သရအန္တတည်း။

၄-ခ-အက္ခရာနှင့်စပ်သော ဗျဥ္ဇန-သရအန္တကို ဟော်ပြကြောင်း

ခ-ဗျည်း နှင့် စပ်သည် မှာလည်း ညှတ်ခသည်, ကိုယ်ခ, ထက္ခ ဟူသကဲ့သို့ အကာရန္တ။ အချိန်အခါဟူသကဲ့သို့ အာကာရန္တ။ တခု, နှစ်ခု, အခံအခု ဟူသကဲ့သို့ ဥကာရန္တ။ ဆုံးသောခု, တိရစ္ဆာန်ခု ဟူသကဲ့သို့ ဦကာရန္တ။ အလုံးအခဲး ဟူသကဲ့သို့ အဲကာရန္တ။အစွယ်အသွားခေါသည်ဟူသကဲ့သို့ ဩကာရန္တ။အတွေးအခေါ်ဟူသကဲ့သို့ ဩော်ကာရန္တ။ ဤကား "ခ" ဗျည်းနှင့်စပ်သော သရအန္တတည်း။

---

* ခေါင်းစဉ် (၂၇၉) ဆွန့်အခန်းကိုထောက်၍ နသတ်ပြင်သည်။

ဤ က-ဗျည်း၊ ခ-ဗျည်းတို့အရာရှိက် အပင့်အရစ်မပါ။ သက်သက် (ကိ) (ကီ) (ကေ) (ခဲ) (ခီ) (ခေ) ဟူ၍ ဣသရ၊ ဤသရ၊ သေရတို့နှင့်စပ်သော မြွာမွှမထင် အပင့်အရစ်ရှိသော အရာသာထင်၏။

၅–ဂ–အက္ခရာနှင့် ယှဉ်တွဲသော ဗျဥ်း–သရအန္တကို ဘော်ပြကြောင်း

ဂ–ဗျည်းနှင့် စပ်ရာရှိက်ကား၊အကုန် အဂ ဟူသကဲ့သို့ အ ကာရန္တ။ တံဂါ၊ဆူဂါ ဟူသကဲ့သို့ အာကာရန္တ။ စွေဂုသည်၊သစ်ပင်ဂု ဟူသကဲ့သို့ ဥ ကာရန္တ။ တိရစ္ဆာန်ဂူ၊ အမော်အဂူ ဟူသကဲ့သို့ ဦကာရန္တ။ ရွှဲဂဲသည် ဟူသကဲ့သို့ အဲ့ ကာရန္တ။ ချိဂေါ်သည် ဟူသကဲ့သို့ ဩော်ကာရန္တ။ ဤကား "ဂ" ဗျည်းနှင့် စပ်သော သရအန္တတည်း။

ဤ ဂ–ဗျည်းအရာရှိက်ထည်း ဆိုခဲ့ပြီးသောအတိုင်း ဣသရ၊ ဤသရ၊ သေရတို့နှင့် စပ်သော ဂိ–ဂီ–ဂေ–ဟူသော အန္တသည်ထည်းကောင်း။ ဂေါ်–ဟူသော ဩကာရန္တသည်ထည်း မြွာမွှရှိက် ကောင်းစွာမထင် (ကိုးထပ်ဂေါ်နှင့်၊ဆင်တောဟူက)စသည်ဖြင့် ဆိုသောအရာရှိက်ကား။ အမော် အဂူ ဆိုသောအရာထွင် အဂေါ်ဆိုမည့်အတွက်ကို အဂေါ်ဟူ၍ ဆိုလိုသည်ပင်ယူသင့်၏။ ။ဤနည်းအတူ စ–ဗျည်း၊ ဆ–ဗျည်းစသော ဗျည်းတို့နှင့်စပ်၍ ခေါ်ဝေါ်သော ဝေါဟာရသည် ဗျည်းနှင့်စပ်သော သရအန္တမည်၏။

၆–ဗျဥ်းအန္တ–သရအန္တတို့၏ အဓိပ္ပါယတ္ထကို ဘော်ပြကြောင်း

ဗျဥ်းအန္တ ဟူသည်ကား၊ ဆိုခဲ့ပြီးသော သက်သက်သော သရ၊ ဗျည်းနှင့်စပ်သော သရတို့နောင်မှ ဖြစ်ထိုက်သည်အားလျော်စွာ နှောင်းကုန်သော နိဂ္ဂဟိတ် ဝိသဇ္ဇနီတို့သည်ထည်းကောင်း။ က–သတ်။ ဂ–သတ်။ စ–သတ်။ ည–သတ်။ တ–သတ်။ န–သတ်။ ပ–သတ်။ မ–သတ်။ ယ–သတ်။ ဝ–သတ် ဟူသော ဆယ်လုံးသော အသတ်တို့သည်ထည်းကောင်း။ သရ၏အဆုံးနှိက်တည်၍ တင်ခြင်း။ကျောက်ခြင်း [1]။ သတ်ခြင်းကို ပြုအပ်သောကြောင့်ထည်းကောင်း။ ဗျည်းဖြစ်သောကြောင့် ထည်းကောင်း။ ဗျဥ်းအန္တမည်ကုန်၏။ ။သရအန္တဟူသည်ကား သရအဆုံးရှိ၏။ ဗျဥ်းအန္တဟူသည်ကား ဗျည်းအဆုံးရှိ၏ဟူ၍ ဆိုလိုသည်။

---

၁ ပေါက်ခြင်း။ ခေါင်းစဉ် ၄၀၊ နိဂ္ဂဟိတ်ခန်း၌။

၇–သရ-ဗျည်းတို့၏ သရုပ်သဏ္ဌာန်နှင့်တကွ၊ ၎င်းသရဗျည်းတို့၏ အက္ခရာမည်ပုံကို အကျယ်အဝိုင်း ဘော်ပြကြောင်း

ဤနိုက် လူပြိန်းတို့အား၊ သရ, ဗျည်း, စသည်တို့၏ လက္ခဏာကို သတိရှိစေခြင်းငှာ အမြွက်မျှ ရေးလိုက်အံ့။ ။အအာ၊ ဣဤ၊ ဥဦ၊ ဩဪ။ ကခဂဃင။ စဆဇဈဉ။ ဋဌဍဎဏ။ တထဒဓန။ ပဖဗဘမ။ ယရလဝ။ သဟဠအံ။ ဤ (၄၁) လုံးသော ဝဏ္ဏတို့သည် (နက္ခရန္တိတိအက္ခရာ၊ ပမာဏတော ကေစတ္ထာလီသမတ္ထာ ဝဏ္ဏာ ဝါစကတာဝေန ဝိဋ္ဌကတ္ထယံ ပတ္တာဝိ နဒီယန္တိတိ အတ္ထော) ဟူသော ပါဠိနှင့် အညီ အတိုင်းအရှည်အားဖြင့် (၄၁) လုံးမျှသာ ဖြစ်သော ဝဏ္ဏတို့သည် အနက်ကို ဟောသော အဖြစ်ဖြင့် ဝိဋ္ဌကတ်သုံးပုံသို့ ရောက်၍ သော်လည်း မကုန်တတ် သောကြောင့် အက္ခရာမည်ကုန်၏။ ။ဝိဋ္ဌကတ်သုံးပုံသို့ ရောက်၍မျှ မကုန်တတ်ဟန်ကား။ (၄၁) လုံးသော ဝဏ္ဏတို့ထွင် တလုံးတလုံးသော ဝဏ္ဏမျှ မဟောစွမ်းသော အနက်ဟူ၍ ဝိဋ္ဌကတ်သုံးပုံနိုက်သော်လည်း မရှိ။ အကြင်မျှလောက်သော အနက်သည်ရှိ၏။ ထိုမျှလောက်သော အနက်ကို ဟောနိုင်သည်သာ ဖြစ်၏။ ကုသိုလ် အကုသိုလ် စေတနာဟူသောကံသည် တခုတခုသော ဘဝနိုက် ခံစားထိုက်သော အကျိုးပေးခြင်းသဏ္ဌာန် ကုန်သည်ကို ကမ္မက္ခယ။ ရက်၊ လ၊ နှစ်၊ စသည်ဖြင့် အိုင်းအခြား ကာလ ကုန်သည်ကို အာယုက္ခယ ဟု ဆိုအပ်သကဲ့သို့ လည်းကောင်း ထမင်း၏ သတ္တိကုန်၍ ဆာမွတ်ခြင်း၊ မီး၏သတ္တိကုန်၍ မစွဲငြိခြင်း ဖြစ်သကဲ့သို့လည်းကောင်း၊ အက္ခရာတို့၏ ဟောစွမ်းသော သတ္တိသည် ကုန်၍ မဟောစွမ်းသော အနက်ဟူ၍ အနန္တနယ ဖြစ်သော ဝိဋ္ဌကတ်သုံးပုံနိုက်သော်လည်း မရှိ။ ဤသို့ထွင် အကြွင်းမဲ့ သိစင်ကြီးသော သဗ္ဗညုတညာဏ်ဖြင့် ဝိုင်းခြားရ၍ ဟောအပ်သော ဝိဋ္ဌကတ်သုံးပုံသို့ရောက်၍ သော်လည်း အက္ခရာတို့၏ ဟောစွမ်းနိုင်သော သတ္တိသည် မကုန်သေးတဲ့လျက် အကြွင်းရှိ၍ သိမြင်ရာသမျှသာ သိမြင်သော မြမွာစသော လူမျိုးတို့၏ညာဏ်ဖြင့် ဝိုင်းခြား၍ ခေါ်ဝေါ်အပ်သော အရာသို့ရောက်၍ သော်ကား အဘယ်သို့ ကုန်တတ်အံ့နည်း ဟူလိုသည်။ ။[ဤကား ပတ္တာဝိနိုက် ဝိ-ကို (သိနေရမဝိဝဏ္ဏေယျ) နိုက် ကဲ့သို့ သမ္ဘာဝနာ အနက်ယူ၍ ဆိုလိုက်သည်။]

၈–တနည်း ၄၁-လုံးသော ဝဏ္ဏတို့၏ ပိဋကတ်ပေဒင် မြမွာစသော လူမျိုးတို့၏ ဘာသာတို့သို့ရောက်၍ မကုန်သောကြောင့် အက္ခရာမည်သည်ကို ပြဆိုကြောင်း

တနည်းကား လေးဆယ့်တလုံးမျှသာ ဖြစ်သော ဝဏ္ဏတို့သည် အနက်ကို ဟော သော အဖြစ်ဖြင့် ပိဋကတ်သုံးပုံသို့ ထည်းကောင်း ပိဋကတ် မဟုတ်သော ပေဒင် ဗာဟိစသော လောကီကျမ်း, မြမွာစသော လူမျိုးတို့၏ ဘာသာသို့ ထည်းကောင်း ရောက်၍ မကုန်တတ်ကုန်သောကြောင့် အက္ခရာမည်ကုန်၏။

(ဤသို့သော်ထည်း ပတ္ထာဝိန္ဒိုက် ဝိ–ကို အဋ္ဌာနပယုတ်အား‌ဖြင့် အဝုတ္ထ သမုစ္စည်း ကြီသော်ထည်း သင့်ကောင်း၏။ ယခင်ပါဠိန္ဒိုက်မူကား ပတ္ထာဝိ နဒိယန္တိ အတ္ထော၊ ဟူ၍ သမ္ဘာဝနာ အနက်မျှကိုသာ ဗိန္ဒုတော်မူသည်။ ရသင့်အံ့ထင်၍ သမုစ္စည်း အနက်ကိုထည်း ကြီထိုက်သည်၊ ဆင်ခြင်ပါ။)

၉–သရဗျည်းတို့၏ မရှုန့်ကြမ်းသော အနက်ကြောင့် အက္ခရာမည်ပုံကို ပြဆိုကြောင်း

တနည်းကား "ခရန္တိ ဝိနသန္တိတိခရာ။ နခရာ-အက္ခရာ။ နတ္ထိခရမေတေသန္တိ အက္ခရာ" ဟူသော်ပါဠိနှင့်အညီ မရှုန့်ကြမ်းတတ်သောကြောင့် အက္ခရာမည်၏ဟူ၍ သော်ထည်းဆိုရာ၏။ ဤနှိုက် မရှုန့်ကြမ်းတတ်ဟန်ကား၊ အထူးထူးသောအနက်သို့ ညွတ်သောအား‌ဖြင့် မရှုန့်ကြမ်းတတ်၊ ဟောထိုသောဆန္ဒအား‌ထွေ်စွာ ဟောသည် သာဖြစ်၏။ က-အက္ခရာသည် မြမွာဗှုန်ိုက် သီကသည်ဟူသော အနက်ကို ငါဟော ပြီး။ ဆင်က, မြင်းက ဟူသော အနက်ကို ငါမဟောပြီဟူ၍ ထည်းကောင်း။ ခ-အက္ခရာသည် ကိုယ်ခံ,ထက္က *ဟူသော အနက်ကို ငါဟောပြီး။ ညွတ်ခသည်ဟူသော အနက်ကို ငါမဟောပြီဟူ၍ ထည်းကောင်း။ မဂဓ ဘာသာန္ဒိုက်ကား က-အက္ခရာ သည် ကုန္တသဒ္ဒါန္ဒိုက် ရေကိုငါဟောပြီး ကုရုသဒ္ဒါန္ဒိုက် ချမ်းသာကို ငါမဟောပြီ ဟူ၍ ထည်းကောင်း။ ဤသို့စသည်ဖြင့် ဟောထိုသော ဆန္ဒသို့မထိုက်ဝဲး ရှုန့်ကြမ်း သည်ဟူ၍ မရှိ။ ဆန္ဒအား‌ထွေ်စွာ ပြေပြစ်နူးညံ့သည်သာဖြစ်၏ ဟူထိုသည်။

---

* လက်ခ ?

၁၀– ၄၁-လုံးသောအက္ခရာတို့သည်။ ဝဏ္ဏမည်ပုံနှင့်တကွ သရမည်သောအက္ခရာ၊ ဗျည်းမည်သောအက္ခရာ၊ ဗျည်း၏ နိဿိတ၊သရ၏ နိဿယ မည်သည်ကို ပြဆိုကြောင်း

ထို (၄၁) လုံးသော အက္ခရာသည်ပင်ထျင် "ဝဏ္ဏိယတိအတ္ထော တေဟိတိ ဝဏ္ဏော" ဟူသော ပါဠိနှင့် အညီ အနက်ကို ဘွင့်တတ်သောကြောင့် ဝဏ္ဏထည်း မည်ကုန်၏။ ဤနှိုက် ဝိညူဟိ စသည်ဖြင့် ပုဂ္ဂိုလ် ကတ္တားလာမူ တေတိ ကရိုက်းပြု၍ ဘွင့်ကြောင်းဖြစ်သောကြောင့် ဝဏ္ဏမည်၏ ဟူ၍ ဆိုရာ၏။ ။ဤ (၄၁) လုံးသော ဝဏ္ဏတို့ထွင် အအာ။ပ။ သြော် ဤရှစ်-လုံးသော အက္ခရာတို့သည် သရမည်ကုန်၏။ ကခဂဃင။ပ။ သဟဠအံ၊ ဤ (၃၃) လုံးသော အက္ခရာတို့သည် ဗျည်းမည်ကုန်၏။ ထိုထွင် သရသည်ကား ဗျည်း၏ စွဲမှီရာ ဖြစ်သောကြောင့် နိဿယမည်၏။ ဗျည်းသည် သရကိုစွဲမှီတတ်သောကြောင့် နိဿိတမည်၏။ ဗျည်းကား သရနှင့်စပ်၍ ဖြစ်သည်။ သရကား ဗျည်းနှင့်မစပ်ပဲထည်း ဖြစ်သည်။ ထို့ကြောင့်–

> နိဿိတကာလတောဒ ဘိန္နာ [၁]ကေစတ္ထာလိသက္ခရာ နိဿယ နိဿိတ ဘာဝေန ဒုဝိဓာ။ တတ္ထစ သရာ နိဿယာ။ ဗျဉ္ဇနာ နိဿိတာ။ တထာဟိ သရဝဋ္ဋဗန္ဓဝုတ္တိနော [၂] ဗျဉ္ဇနာ၊နဗျဉ္ဇနဗန္ဓဝုတ္တိနော [၃] သရာ။

ဟူ၍ ဏာသဆရာ အဓိန္ဓိသည်။

၁၁–မြမ္မာရေးမှုန်းက် အသတ်တံခွန်ဗျည်းတို့ကို မှီရာသရကင်း၍ မရှတ်အပ်သည်အဖြစ်ကို ဥပမာနှင့်တကွ ပြကြောင်း

မြန်မာမှုဒ်သတ်သော ဗျည်းသည်ကား၊ သရကိုမမှီ သက်သက်သာဖြစ်၍ အထက်၌ အရေးကို ပြုခြင်းသည် ဗျည်း၌သရမရှိသည်ကို သိစေခြင်းအကျိုးရှိ၏။ ဥပမာကား ပျောက်တတ်သော နွားကို သိသာစေခြင်းငှာ ဦးချို၌ မြက်သစ်ညွန့်တို့ဖြင့်ဘွဲ့၍ အမှတ်မူသကဲ့သို့ သရမရှိသည်ကို သိစေခြင်းအကျိုးရှိ၏။ ထို့ကြောင့်–

> ဥပရိလေခ ကရဏံ နိဿရ ဘာဝညာပနတ္ထံ။ ယထာ နဋ္ဌဂေါဏဿ နဋ္ဌ ဂေါဏဘာဝညာပနတ္ထံ သိင်္ဂေါ တိဏပလ္လဝ ဗန္ဓနံ ဝိယ။ [၄]

---

၁ ဌာနသုတိကာလ ဘေဒေန ဘိန္နာ နှာသ ၁၁။
၂ ဝသေန ယင်း။ * သရဝဋ္ဋဗန္ဓဝုတ္တိနော ယင်း။
၃ နှ ဗျဉ္ဇန ဝဋ္ဋဗန္ဓဝုတ္တိနော ယင်း။
၄ နှာသ ၁၁။ ၂ ကစ္စာယနဝဏ္ဏနာ ၂၀၁။ ၃ ရူပသိဒ္ဓိ ၅။

ဟူ၍ ကစ္စာယနဝဏ္ဏနာ ဆရာ မိန့်လေသည်။ ယင်းသို့သောကြောင့် သတ်သောဟူသည် သရမရှိလေ။ သရမရှိသော ဟူသည်ကိုသည်ထည်း မရွတ်စကောင်းသည်ဖြစ်၏။ ထိုကြောင့်။ ။ကကာရာဒိသွကာရော ဥစ္စာရဏတ္ထော [၁]။ ။ဟူ၍ ရူပသိဒ္ဓိဆရာ မိန့်လေသည်။ ထိုသို့ မရွတ်စကောင်းသည်ဖြစ်က ဟူသည်ကို မညွှန်မပြသာသည်ဖြစ်၏။ ထိုသို့မပြသာသောကြောင့် ဟူသည်ကို ညွှန်ပြလိုသောအရာ၌ ရှေးဦးစွာ တည်သော အသရကိုဟုဉ်၍ ဟူသည်ကိုကို ညွှန်ပြရသတည်း။ ထိုကြောင့်–

> နိယမဘာဝေ သတိဝိ သရေန ဝိနာ နိဒ္ဒိဿိတုံ အသက္ကုဏေယျတ္တာဝေ
> လဒ္ဓသညေန ပဌမံ နိဒ္ဒိဋ္ဌေန အကာရေန နိဒ္ဒိဋ္ဌံ။ [၂]

ဟု နျာသဆရာ မိန့်လေသည်။ ယင်းသို့သောကြောင့် ဟူသည်သက်သက်သည် မညွှန်မပြသာသည် ဖြစ်၏။ မရွတ်စကောင်းသည်သာ ဖြစ်၏။ မရွတ်စကောင်း ဟူသည်ထည်း ရွတ်သော် တစုံတခုအပြစ်ဖြစ်၏ မဟူလို။အသံမရကောင်းသည် ဖြစ်၍ ရွတ်ခြင်းငှာ မတတ်ကောင်းသည်ကို ဆိုသည်။

၁၂–ဒီဃ သရ၊ ရဿသရ၊ ဟူသည်–အက္ခရာတို့၏ ရွတ်အပ်သော ကာလအပိုင်းအခြားကို ပြကြောင်း

အဘယ့်ကြောင့် အသံမရရွတ်ခြင်းငှာ မတတ်ကောင်းသနည်း ဟူမူကား သရတို့ထွင် ဒီဃသရကို နှစ်မတြာအခန့်ကာလဖြင့်၊ ရဿသရကို တမတြာအခန့်ကာလဖြင့် ပိုင်းခြား၍ ရွတ်အပ်၏။ ဟူသည်တို့ကား ထက်ဝက်ခွဲမျှသော ကာလအခန့်ဖြင့်သာ ပိုင်းခြား၍ ရွတ်အပ်၏။ ထိုကြောင့်။ ။တေနမတ္တေန ကေမတ္တာရဿာ။ ဒ္ဝိမတ္တာဒီဃာ။ အနုမတ္တာဟူနာ။ ။ဟူ၍ ရူပသိဒ္ဓိဆရာ မိန့်လေသည်။ နျာသ၊ ကစ္စာယနဝဏ္ဏနာနှိုက်ထည်း ဤနည်းအတူ ထာ၏။ ယင်းသို့ဖျင် ဟူသည်တို့သည် တမတြာမျှ မပြည့် ခွဲမျှသော ကာလ ဖြင့်သာ ရွတ်အပ်သောကြောင့် အသံမရ မရွတ်စကောင်းသည် ဖြစ်၏။ ယင်းသို့ဖျင် ရဿသရကို ရွတ်အပ်သော ကာလသည် တမတြာကာလအခန့် ကာလမျှသာ ဖြစ်၍ ပေါ့သောဖျင်သော ကာလရှိ၏။ ထိုကြောင့် ကေမတ္တာ ရဿာနာမ-ဟူ၍ ၎င်း၊ လဟုမတ္တာ တဝေါရဿာ-ဟူ၍ ၎င်း အဓိန့်ရှိလေသည်။ ထိုတမတြာဟူသော အခန့်ကာလသည် အဘယ်သို့ဖျင် ပေါ့သောကာလ, ဖျင်သောကာလ ရှိလေသနည်းဟူမူကား။ မတ္တာသဒ္ဒါသည်

---

၁ ရူပသိဒ္ဓိ ၄။
၂ နျာသ ၁၉။

လက်ပစ်တတွက်, ထျပ်စစ်တပြက်, မျက်စိတမှိတ်ဟု ဆိုအပ်သော အခန့်ကာလကို ဟော၏။ ထိုကြောင့်-

> မတ္ထသဒ္ဒေါ စေတ္ထ အစ္ဆရ သံဃာတ သခ်ဏိတံဝါ ဝိဇ္ဇုပ္ပါဒ သခ်ဏိတံဝါ အက္ခိနိမ္မိလနသခ်ဏိတံဝါ ကာလံဝဒတီတိ ဒဋ္ဌဗ္ဗော။ [1]

ဟူ၍ ချာသဆရာ မိန့်လေသည်။ ယင်းဆိုထျင် မတ္ထသဒ္ဒါသည် လက်ပစ်တတွက်, ထျပ်စစ်တပြက် အခန့်ကာလမျှကို ဟောသောကြောင့်, တမတြာဟူသည်ကား, ပေါ့သောထျင်သော ကာလရှိ၏။ ထိုသို့တမတြာ၏ အခန့်ကာလပင်သော်လည်း လက်ပစ်တတွက်, ထျပ်စစ်တပြက်, မျက်စိတမှိတ်မျှသာ အဝိုင်းအခြားဖြစ်၍ ထျင်မြန်ခြင်း ရှိပြီးသည်ကို တမတြာမျှမပြည့် ထက်ဝက်မျှခွဲမျှသာ ကာလအခန့်ဖြင့် ရွှတ်အပ်သော ဗျည်း၏ အသံသည်ကား, အလွန်ထျင်မြန်သည် ဖြစ်ပေအံ့။ ထိုကြောင့် ဗျည်းသက်သက်ကို ရွှတ်ခြင်းငှာမတတ်ကောင်း, အသံမရကောင်းသည်ဖြစ်၏။

၁၄-ဗျည်းတို့၏ ရဿသရနှင့်, ဒီဃသရတို့နှင့်ယှဉ်ရာ၌ရွှတ်အပ်သော ကာလအဝိုင်းအခြားကိုပြကြောင်း

ထိုဗျည်းသည် သက်သက်မဟုတ်၊ ရဿသရနှင့်ယှဉ်ခါ, ရဿ၏ တမတြာ, ဗျည်း၏ မတြာခွဲးကာလရှိသည်ဖြစ်၍, တမတြာနှင့်ခွဲးမျှသော ကာလဖြင့်ရွှတ်အပ်သောအသံရှိ၏။ ထိုဗျည်းသည် ဒီဃသရနှင့်ယှဉ်ခါဒီဃ၏နှစ်မတြာ, ဗျည်း၏ မတ္ထရာခွဲး ကာလနှင့်သော် နှစ်မတြာနှင့် ခွဲးမျှသောကာလရှိ၏။ ဗျည်းမယှဉ်သော ရဿသရ သက်သက်ကား တမတြာ။ ဒီဃသရသက်သက်ကား နှစ်မတြာ။ ဗျည်းနှင့်ယှဉ်သောအခါ မတြာခွဲးထည့်၍ ရဿသရနှိုက် တမတြာခွဲး, ဒီဃသရနှိုက် နှစ်မတြားခွဲးဖြစ်ထေ၏။ ထိုသို့ဖြစ်သောကြောင့် တမတြာမျှကိုသာ ရဿ, နှစ်မတြာမျှကိုသာ ဒီဃဟူ၍ မမှတ်အပ်။ တမတြာမျှကိုထည်းကောင်း, တမတြာနှင့် ခွဲးကိုထည်းကောင်း ရဿ။ နှစ်မတြာကို ထည်းကောင်း, နှစ်မတြာနှင့် ခွဲးကိုထည်းကောင်း, ဒီဃဟူ၍ မှတ်အပ်၏။ ထိုကြောင့် အာရှင်ကစ္စည်း မဟာထေရ်သည်။ ။(ကေမတ္ထာတယောရဿာ)။ ။ဟူ၍ ငှင်း။ ။(ဒ္ဝိမတ္ထာဒီဃာ)။ ။ဟူ၍ ငှင်း ဆုတ်ကိုမတည်မူ၍, တမတြာနှင့် ခွဲးသည်ထည်း ရဿမည်၏ ဟု သိစေခြင်းငှာ။ ။(ထဟုမတ္ထာတယောရဿာ)။ ။ဟူ၍ငှင်း။ နှစ်မတြာနှင့်ခွဲးသည်ထည်း ဒီဃမည်၏ ဟု သိစေခြင်းငှာ

---

၁ ချာသ ၁၇။

(အညေဒီဿာ)။ ။ဟူ၍ ၎င်း။ သဒ္ဒန္တရဖြင့် ဆုတ်ကိုတည်တော်မူလေသည်။ ထိုဆုတ်တို့နှိုက် ခွဲနှင့်တကွသော တမကြာသည်ထည်း ရဿမည်၏ဟု ယူစေခြင်းငှာ ထဟုမတ္ထာ။ ။ဟူ၍ ဆိုသည်။ ထိုကြောင့်–

> ဇာဒံပန ကေမတ္ထာရဿာတိ အဝတ္ထာ ဧဝံဝစနံ ဒ္ဝိယာခုမတ္တိကာနဒ္ဓိ ဆံဂဟ ဏတ္ထံ ကေမတ္ထာရဿာတိ ဝုတ္တေဟိ သန်္ဂဂဝသေန နိယမေတ္ထာ ဝုတ္ထတ္ထာ ယေ ဒိယာခုမတ္တိကာ တေ အသင်္ဂဟိတာ ဘဝေယျုံ။ တသ္မာ ထဟုမတ္ထာ တယောရဿာတိ သန်္ဂဂဝသေန အနိယမေတ္ထာ ဝုတ္တံ။ ဧဝဉ်သတိ ဒိယာခုမတ္တိကာနဒ္ဓိ ထဟုမတ္ထတ္ထာ သင်္ဂဟိတာဝ ဟောန္တိ[1]။

ဟူ၍ ချာသဆရာ မိန့်လေသည်။ ယင်းသို့ထျင် တမကြာနှင့် ခွဲးသည်ထည်း ရဿမည်ဝါသောကြောင့် ဆန်းကျမ်းနှိုက်။ ။(ရဿညောမတ္ထိကောလုဇ္ဈ) ဟူ၍ ရဿသည် ထဟုမည်၏ဟု သာမံသာ ဆိုလေသော်ထည်း ရဿသရ သက်သက်ဖြစ်၍ တမကြာမျှသည်ထည်းကောင်း၊ ဗျည်းယှဉ်သော ရဿဖြစ်၍ တမကြာနှင့် ခွဲးသည်ထည်းကောင်း ရဿမည်၏။ ထိုရဿသည် ထဟုမည်၏။ ထိုထဟုသည် အရေးဖြင့် ဖြောင့်၏ဟူ၍ မိန့်လေသည်။ ထိုဖြောင့်သော အရေးဟူသည်ကား ကော်ဂဏန်းခြေကိုရည်၍ ဆိုသည်။ ထိုကြောင့် ပညာရှိတို့သည်ထည်း (ကော်နှင့်–အင်္ဂကို မတ်လျစေ) ဟူ၍ မိန့်ကုန်သည်။

၁၄–မကြာတို့ကို ဂရု,ထဟုတို့ဖြင့် ဝေဘန်၍ ပြကြောင်း

ထဟုကိုကော်ဂဏန်းခြေဖြင့် မှတ်ရာနှိုက် ကော်ဟူသောသန်္ဂာ၏ သရှေ်ယျာသည် အဘယ်နည်းဟူမူကား တမကြာသည်ထျင် သရှေ်ယျာဖြစ်၏။ ထို့ကြောင့် ထဟုကို ကော်ဂဏန်းခြေဖြင့် မှတ်ရာနှိုက် တမကြာဟူ၍ ထည်းကောင်း၊ ဂရုကို ဒွေးဂဏန်းခြေဖြင့် မှတ်ရာနှိုက် နှစ်မကြာ ဟူ၍ထည်းကောင်း သိရာ၏။ ထို့ကြောင့် အရိယာစသော မတ္ထာဝုတ္ထိ ဂါထာမျိုးနှိုက် ထဟုကို တမကြာ၊ ဂရုကို နှစ်မကြာဟူ၍ ထည်းကောင်း၊ နဂိုဏ်းနှိုက် ၄–ထဟု၊ မဂိုဏ်းနှိုက် နှစ်–ဂရုကို ဂိုဏ်းတွဲ၍ လေးမကြာစ့ေဟူ၍ ထည်းကောင်း၊ လေးမကြာစ့ေမရသာသော ရဂိုဏ်း, တဂိုဏ်း, ယဂိုဏ်းဟူသော သုံးဂိုဏ်းတို့ကို လွှတ်၍ လေးမကြာစ့ေဖြစ်သင့်သော ဘဂိုဏ်း,ဇဂိုဏ်း,သဂိုဏ်း မဂိုဏ်း, နဂိုဏ်း ဟူသော ၎င်းဂိုဏ်းတို့ကိုသာယူ၍ ထည်းကောင်း ဂိုဏ်းမကြာတို့ကို စီစစ်ရလေသည်။ ထိုကြောင့်–

---

၁ ချာသ ၁၇။

ဘဇာသာ သဗ္ဗဂလဟူ၊ ပဋိမေ သဏ္ဌိတာ ဂဏာ။
အရိယာဒိမှိ ဝိညေယျာ၊ဂဏောဇ္ဇဝ စတုက္ကလော [၁]။

ဟူ၍ ဆန်းဆရာ မိန့်လေသည်။ ဤသို့လျှင် မတြာကိုရည်၍ ကော်ဂဏန်းခြေ, ဒွေးဂဏန်းခြေတို့ဖြင့် မှတ်သည် ဖြစ်သောကြောင့် မတြာသည်လျှင် ကော်ဂဏန်းခြေ, ဒွေးဂဏန်းခြေတို့ဖြင့် မှတ်အပ်သောသန်္ဒာ၏ သရှိယျဖြစ်၏။

ထိုသို့မှတ်ရာရှိက်ထည်း သရသက်သက်ဖြစ်သော်သာ တမတြာ-နှစ် မတြာမှန်အံ့သည်၊ ဗျည်းနှင့်ယှဉ်ထေသော် အခွဲးလွန်မည်မဟုတ်ပါလောဟူအံ့၊ လွန်သည်မှန်၏၊ လွန်သော်ထည်း မရေတွက်ကောင်း, မရေတွက်လောက် အဖွောဟာရိက ဖြစ်၍ ဗျည်းယှဉ်သော ရဿရှိက် ခွဲးနှင့်တကွသော တမတြာသည်ထည်း လဟုမည်၏။ ထို့ကြောင့်-

လဟုဂ္ဂဟဏံ ဆန္ဒသိ ဒိယနုမတ္ထဿာဝိ သဗ္ဗနာမ သရသ ဂဟဏတ္ထံ။ [၂]

ဟူ၍ ကစ္စာယန ဝဏ္ဏနာရှိက် မိန့်အပ်သည်။ ရူပသိဒ္ဓိရှိက်ထည်း ဤနည်းအတူ ထာ၏။ ၂-မတြာမျှသာ ဒီဃမမည်၊ ဗျည်းယှဉ်သော ဒီဃ သရ ၏ ၂-မတြာနှင့် ခွဲးရှိသော အဆံသည်ထည်း ဒီဃမည်၏ဟု သိစေခြင်း အကျိုးငှာ အညော သဒ္ဒါဖြင့် မိန့်လေသတည်း။ ထိုကြောင့် "အညော်ဂဟဏံ တိယနုမတ္တိကာနမ်ပိ ဂဟဏတ္ထံ" [၃] ဟူ၍ ရူပသိဒ္ဓိ၊ ဈာသ၊ ကစ္စာယနဝဏ္ဏနာတို့ရှိက် မိန့်အပ်သတည်း။

ယင်းသို့သော ဆရာမြတ်တို့၏ အမိန့်ကိုထောက်၍ ဗျည်းနှင့်ယှဉ်သော ဒီဃသည် နှစ်မတြာခွဲး၊ ဒီဃသရသက်သက်သာ နှစ်မတြာ၊ ဗျည်းနှင့်ယှဉ်သော ရဿသရကားး တမတြာနှင့်ခွဲး၊ ရဿသရ သက်သက်ကားး တမတြာသာ၊ ဗျည်းသက်သက်ကားး ခွဲးမျှသာ ဖြစ်သော ကာလအခန်းဖြင့် ဝိုင်းခြားအပ်သော အဆံရှိ၏။ ထိုတွင် တမတြာ၏ ကာလသည် ဆိုခဲ့ပြီးသောအတိုင်း လက်ပစ်တတွက်မျှသာဖြစ်၍ လျင်မြန်ရကား ထိုလက်ပစ်တတွက်အခန့် ကာလကို ဝက်ပြန်ရထတ်သော် အလွန် လျင်မြန်စွာသည် ဖြစ်ပြန်အံ့။ ဗျည်းသက်သက်၏ ရွတ်အပ်သော ကာလသည် ထိုလက်ပစ်တတွက်မျှ အခန့်ကို ဝက်ပြန်ရသော် ခွဲးမျှသောကာလသာဖြစ်ခဲ့၍ အလွန်လျင်မြန်လှသောကြောင့် ရွတ်ခြင်းငှာ မတတ်ကောင်း, အဆံ

၁ ဝုတ္တောဒယ ဆန်းပါဠိ ၆။
၂ ကစ္စာယနဝဏ္ဏနာ ၁၇။
၃ ရူပသိဒ္ဓိ ၄။

မရကောင်းသည်ဖြစ်လေ၏။ ထိုသို့ အသံမရကောင်း, ရွတ်ခြင်းငှာ မတတ်ကောင်း သောကြောင့် သရကင်းသော ဗျည်းတို့နှိုက် သရကင်းသည်ကို သိစေခြင်းငှာ ဆို ခဲ့ပြီးသောအတိုင်း အထက်နှိုက်အသတ် ဟူသောအရေးဖြင့် အမှတ်မူလေသတည်း၊ ထိုသို့ သရကင်းသည်ကို အသတ် ဟူသော အရေးဖြင့် အမှတ်မူလေသောကြောင့် သတ်သောဗျည်းသည် သရမရှိလေဟု သိအပ်၏။

ထိုသို့သတ်သော ဗျည်း သရအဖို့မရှိ သက်သက်သာ ဖြစ်လေသည်ကား မြန်မာ မှုနှိုက်သာ မဟုတ်၊ မာဂဓ စသော ဘာသာတို့နှိုက်လည်း သတ်သောဗျည်းသည် သရ မရှိသည်သာ ဖြစ်၏။ ထို့ကြောင့်။ ။အပ္ပဿကဏ်။ ။သရေအန်။ ကဒ် ကုဿ။ သမ္မဟတ္ထေ ကဏ်ဏာ။ မရဏိယာဒိတောကဏ်။ အညေကိတ်။ ကိတ်ဒိ ဓာနကပ္ပေ။ တံကိတ်စာသိဒ္ဓေ။ ။ကတ္တရိကိတ်။ နျာဒိဟိမရိစ တောဝါ။ ဘဝိဿတိ ဂမာဒိဟိကီဿိဏ်။ ။ဆဒါဒိဟိ တဉ်ဂြဏ်။ ပဋိတော ဟိဿ ဟေရဏ် ဟိ ရဏ် ၁။ ။ဟူသောဿုတ်တို့နှိုက် သတ်၍ ရှိသော အရာသည်လည်း သရမရှိသည် ချည်းဖြစ်၏။ အချို့သော ဇာနှိုက်မူကား ကဏ္ဌာဟူသည်တွင် ဏ-သံယုတ်၊ ကိဋ္ဌ ဟူသည်တွင်-ဗသံယုတ်၊ ကိစ္စာဟူသည်တွင်-စသံယုတ်၊ ကိတ်ဟူသည်တွင် ကိတာ၊ ဿိဏ်ဟူသည်တွင် ဿီဟူ၍ ရှိကြ၏။ ယထာရဟမဟာပဒေသသုတ်တို့ဖြင့် ရှင်ပြီးကို ဆင်ခြင်နိုင်သည်သာ အကြောင်း။ အသတ်ပင် ရေးသော်လည်း "နိဿရဘာဝ ညပနတ္ထံ" ဟူသည်နှင့်အညီ သင့်ရာသည်။ ဤကဲ့သို့သတ်၍ ရှိသော အရာသည် ပါဠိအဋ္ဌကထာ စသည်တို့နှိုက်ကားမထင် သုတ်ကိုစိရင်ရာနှိုက်ကား ဆိုခဲ့ပြီးသော အတိုင်း ကစ္စည်းကျမ်းနှိုက်လည်းကောင်း၊ မောဂ္ဂလာန်နှိုက်လည်းကောင်း ထင်၏။ သင်္ကရိုင့်ဘာသာ, မြန်မာဘာသာ စသည်တို့နှိုက်လည်းထင်ကုန်၏။ သရကင်းတန် မကင်းတန်ကို နှလုံးသွင်း၍ သရကင်းလျှင် ယခင်ပါဠိနှင့်အညီ သတ်၍ ရေးသင့် သည်။ သရကင်းလျက် မသတ်ချေသော် သရကင်း၏ ဟူသောအမှတ် နိမိတ်ကို အစွဲးမရ သရရှိထင်၍ တတ်မိယဖြင့် မသင့်သည်ပင် ဖြစ်ခဲ့အံ့။ ထို့ကြောင့် သရ ကင်းသည်မှန်လျှင် သတ်၍ ရေးရာမှာ သဘောရှိပေသည်။

ဤသို့လျှင် သတ်သောဗျည်းသည် သရမရှိလေ၊ ထိုသို့သရမရှိသဖြင့် အသံမရ, ရွတ်ခြင်းငှာ မတတ်ကောင်းသည်ဖြစ်၏၊ ထို့ကြောင့်။ ။ဗျည်းတို့သည် သရကိုမှီရ သော်သာ အသံရကောင်း၏။ မမှီရသော် အသံမရကောင်း။ အသံမရလျှင် အနက် ကိုလည်းမဟောနိုင်၊ သရကိုမှီရမူကား အသံလည်းရကောင်း၏။ အသံရသဖြင့် အနက်ကိုလည်း ဟောနိုင်လေ၏။ ဤသို့လျှင် သရတို့သည် ဗျည်းတို့အား အသံ

၁ ကစ္စည်းသဒ္ဒါကြီး။

အနက်ကို ဖြစ်စေနိုင်သည် ဖြစ်သောကြောင့် သရတို့သည် ဗျည်းတို့၏ ဒိရာဖြစ်၍ နိဿယမည်ကုန်၏၊ ဗျည်းသည်ကား သရကိုခိုး၍သာ အသံအနက် ဖြစ်နိုင် သဖြင့် ခိုတတ်သောကြောင့် နိဿိတမည်ကုန်၏။

(၁၅) ဗျည်းတို့သည် သရကိုအပ္ပိုရမ္ပ အသံဖြစ်ခြင်း, ရွတ်ရခြင်း, အနက်ကိုဟောနိုင်ခြင်းနှင့်တကွ သုဏန္တပုဂ္ဂိုလိအား ဝိထိဖြစ်ပုံကို ပြကြောင်း

ဤနှိုက် ဗျည်းတို့သည် သရကိုခိုရမ္ပ အသံဖြစ်၏ ဟူသည်ကိုကား ဆိုအပ်ပြီ။ အသံဖြစ်မှ အနက်ကို ဟောနိုင်၏ ဟူသည်ကား က-အစရှိသော ဗျည်းသည် သရကင်းလျက် သက်သက်သာဖြစ်မူ ဆိုခဲ့ပြီးသောအတိုင်း တစုံတခုသော အသံကိုမရ၊ အ-ဟူသောသရနှင့် ယှဉ်မူကား က-ဟူသော ဗျည်းသည် လည်ချောင်း ဟူသောဌာန်ကို ထင်စေလျက် တမတြာခွဲမျှသော အသံကိုဖြစ်စေ၏။ အာ-သရနှင့်ယှဉ်မူကား ထိုအတူ ဌာန်ကိုထင်စေလျက် နှစ်မတြာခွဲမျှသော အသံကိုဖြစ်စေ၏။ ထိုသို့ ဖြစ်စေသောအခါ က-ဟူသော စိတ္တဇပစ္စယ ဥတုဇ အသံကို အာရုံပြု၍ သုဏန္တပုဂ္ဂိုလ်အား သောတဒွါရ တဝိထိ၊ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရ တဝိထိ ဖြစ်၏။ ဤဝိထိဖြင့် အ-သရယှဉ်သော က-ဟူသော တမတြာခွဲမျှသော အသံကိုကြား၏။ ထိုနောင် ထို က-ဟူသောနာမပညတ်ကို အာရုံပြု၍ မနောဒွါရ တဝိထိ ဖြစ်ပြန်၏။ ဤဝိထိဖြင့် က-ဟူသော နာမပညတ်ကိုသိ၏။ ထို့နောင် ထိုနာမပညတ် အနက်ကို အာရုံပြု၍ မနောဒွါရဇဝန်းကောင်း တဝိထိ ဖြစ်ပြန်၏။ ဤဝိထိဖြင့်ကား....“ကောဒြဟွတ္ထနိလက္ကွဂ်၊ မောရ ပုမေသု ဘူမိယံ”[1] ဟူသောကစ္စာယနသာရပါဠိနှင့်အညီ ဒြဟွာ၊ကိုယ်၊လေး၊နေ၊မီး၊ဥဒေါင်း၊ယောက်ျား၊ မြေ ဟူသောအနက်ကို သိ၏။ မြွှာဘာသာ ဖြစ်မူကား ဆင်က, မြင်းက, သိက ဟူသော အနက်ကိုသိ၏။ ဤသို့ထျင် ကေကွရ ဖြစ်သော ဝေါဟာရ ပညတ်နှိုက် လေးဝိထိ။ ဒွဲကွရဖြစ်မူ ခြောက်ဝိထိ။ တျကွရဖြစ်မူ ရှစ်ဝိထိကျမှ ပညတ်၏အနက်ကိုသိ၏။ ထိုကြောင့်-

> ထွေစ သောတဝိညာဏဝီထိယာ အနန္တရဘာဝိနိ မနောဒွါရိက ဝီထိဒွိ သောတဝိညာဏဝီထိဂဟဏေနေဝ သံဂဟေတ္ထာ သောတ ဝိညာဏဝီထိယာတိ ဝုတ္တံ။ ဃဋာဒိသဒ္ဒါဟိ သုဏန္တဿ ကေမေက် သဒ္ဒါ အာရဗ္ဘ ပစ္စုပ္ပန္နာတီတာရမ္မဏဝသေန ဒွေဒွေ ဇဝနဝါရာ

---

၁ ကစ္စာယနသာရ ၁၉။

ဒုဋ္ဌိယာ ဂဟိတံနာမ ပဏ္ဏတ္တိဘူတံ အက္ခရာဝဠိ အာရဇ္ဈ ကောတိ ဧဝံ သောတပိညာဏ ဝိထိယာ အနန္တရာယ အတီတသန္ဒါရမ္မဏာယ ဇဝနဝိထိယာ အနန္တရာ နာမပဏ္ဏတ္တိယာ ဂဟဏံ။ တတောပရံ အတ္ထာဝဇ္ဇောတောတိ အာစရိယာ။

ဟူ၍ ဋီကာကျော်နှိုက် မိန့်အပ်သည်။ သခေါပဏ္ဏနာဋီကာနှိုက်လည်း....

ထွေ သောတပိညာဏ ဝိထိယာတိ ဇုမိနာ တဒနုဝတ္တကမနောဒွါရဝိထိဝိ သင်္ဂဟိတာတိ။ တသွာ ဂေါဏောတိ ဒွိသုသဒ္ဒေသု ကေကံ သဒ္ဒံ အာရဇ္ဈ သောတပိညာဏဝိထိ တဒနုဝတ္တကမနောဒွါရ ဝိထိဝသေန ပစ္စုပ္ပန္နာ တိတာ ရမ္မဏာ ဒွေဒွေဇဝနဝါရာ၊ တတောပရံ အက္ခရာဝဠိဘူတံနာမ ပညာပကော ကောော။ တတောပရံအတ္ထဇောဓကောကောော ဇဝနဝါရောတိဆဝိထိယော လဘန္တိ၊ ဝံဝိ မဂ္ဂဇဟ္ကရဝသေန ဝိထိဂဏနာ ဝေဒိတဗ္ဗာ။ ဇုမိနာနယေန ရူပဂန္ဓာဒိအာရမ္မဏေသုပေကာ ဝိညာဏဝိထိ။ ကော တဒနုဝတ္တကဝိထိ။ တတော နာမညာပကဝိထိ။ တတော အတ္ထဇောဓနကဝိထိတိ စတသောဝိထိယော ဃဋ္ဋန္တိတိ ဝေဒိတဗ္ဗာ။

ဟူ၍ မိန့်အပ်သည်။ ထိုပါဠိတို့၏ အဓိပ္ပါယ်ကား ဆိုအပ်ပြီးသောစကားပင်တည်း။ ဤသို့လျှင် က-ဗျည်းသည် သရနှင့်ယှဉ်၍ က-ဟူသောအသံ ဖြစ်ထွန်းမှ ထိုအသံကို အာရုံပြု၍ နာခံထိုသောသူ၏ နာခံခြင်း ကိစ္စဖြစ်အံ့သည်။ ထိုထို့နာခံသည်ဖြစ်မှလည်း ထိုအသံကိုကြားအံ့သည်။ ကြားသည် ဖြစ်မှလည်း က-ဟူ၍ ပညတ်ခြင်း ဝေါဟာရကို သိအံ့သည်။ ဝေါဟာရကိုသိမှလည်း ဝေါဟာရ၏ သတော အနက်ကို သိအံ့သည်။ ထိုထို့အနက်သိမှ ထို-က-ဟူသော ဗျည်းသည် နာခံသောသူအား ဆိုခဲ့ပြီးသော က-၏အနက်ကို ဟောနိုင်သည်ဖြစ်၏။ ထို့ကြောင့် အသံဖြစ်ဦးမှ အသံနှင့် လျော်သောအနက်ကို က-စသော ဗျည်းတို့သည် ဟောလေသတည်း။ ။ဤကား သုဏန္တကို ရည်၍ ဆိုသည်။

(၁၆) ဝဒန္တပုဂ္ဂိုလ်၏ အသိညာဏ်ဖြင့် ပဝတ္တိနိမိတ်အားလျော်စွာ သဒ္ဒါဖြစ်ခြင်းကို အကျယ်နှင့်တကွ ဟော်ပြကြောင်း

ဝဒန္တနှိုက်သော်ကား အနက်ရှိမှအနက်ကိုစွဲ၍ ညာဏ်ဖြစ်၏။ ညာဏ်ဖြစ်မှ ထိုညာဏ်သည် နာမဲ့ ဇာတိ၊ ဒြဗ်၊ ကြိယာ၊ ဂုဏ် ဟူသော ပဝတ္တနိမိတ်ကိုစွဲ၍ ယထာရဟ သဒ္ဒါ ဖြစ်၏။ ထိုကြောင့်-

ပဌမံ ဇာယတေ ညာဏံ၊ ပစ္ဆာသဒ္ဒေါတု ဇာယတေ။
နာမာဒီသု နိမိတ္တေသု၊ ပဗ္ဗဆုတိ ပဂုစ္စတိ။
ညာဏန္တု ဒုဋ္ဌိမံ ဟောတိ၊ ဝဒတော သုဏတော ဝိစ။
ဝဒန္တသောဝေတ္တညာဏံ၊ ဇုန္တိတဋ္ဌိဘာဝိနာ။
တာဝဇာတျာဒိကေ ညာဏံ၊ ဟောတိ ပစ္ဆာဂဝါဒိကေ။
သဒ္ဒေါဇာတျာဒိကံ ဝတွာ၊ ဇာတျာဒျာဓာရမာဝဒေ။ [၁]

ဟူ၍ သဒ္ဒါဂုတ္တိန္ရိုက်မိန့်အပ်သည်။ ။အဓိပ္ပါယ်အကျဉ်းကား....ညာဏ်သည် ရှေးဦးစွာဖြစ်၏။ သဒ္ဒါသည်ကား နောက်မှ နာမ်စသောသဒ္ဒါဖြစ်ခြင်း၏ အကြောင်းပါးပါးတို့ထွင် တပါးပါးကြောင့် ဖြစ်၏ဟု ဆိုအပ်၏၊ ဤကား ပဌမဂါထာ၏ အဓိပ္ပါယ်တည်း။

ညာဏ်သည် နာခြင်း, ဆိုခြင်းဟူသော အကြောင်းနှစ်ပါးကြောင့် ဖြစ်သည်ဖြစ်၍ နာသောသူ၏ ညာဏ်၊ ဆိုသောသူ၏ ညာဏ်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ညာဏ်သည် ရှေးဦးစွာဖြစ်၏ ဟူသော ဤစကားနှိုက် ဆိုသောသူ၏ ညာဏ်ကို ပညာရှိ တို့သည် ထိုအပ်သည် ဟူလိုသည်။ ။ဤကား ဒုတိယ ဂါထာ၏ အဓိပ္ပါယ်။

ရှေးဦးစွာ ဖြစ်သော ထိုညာဏ်သည် ဇာတ် အစရှိသော အကြောင်းကြောင့် နောက်မှဖြစ်သော သဒ္ဒါသည် ဇာတ်အစရှိသည်ကို ဟောဦး၍ ဇာတ်၏တည်ရာ ခြေကိုဟော၏ဟုဆိုအပ်၏။ ။ဤကား တတိယဂါထာ၏ အဓိပ္ပါယ်။

ဤနှိုက် "ပဌမံဇာယတေညာဏံ" ဟူသည်နှင့်အညီ ဝဒန္တပုဂ္ဂိုလ်အား ညာဏ်သည် ရှေးဦးဖြစ်၏ ဟူသောစကားကိုသာ ဆိုသည်၊ အနက် ဖြစ်သည်ကို မဆိုတကား ဟူအံ့-မှန်၏။ ထိုသို့သော်ထည်း အနက်ကား အာရုံ, အကြောင်း, ပစ္စည်း၊ နိမိတ်။ ညာဏ်ကား အာရမ္မဏိက, အကျိုး, ပစ္စယုပ္ပန်, နိမိတ္တဝန် ဖြစ်၏။ ထိုတွင် အာရုံကား အာရမ္မဏ ပစ္စည်းတပ်၍ ခွဲးလမ်းရာ အကြောင်း ဖြစ်၏။ အာရမ္မဏိကကား ပစ္စယုပ္ပန်ဖြစ်၍ ခွဲး၍ ဖြစ်တတ်သော အကျိုးတရားတည်း။ ခွဲးလမ်းရာ အာရုံရှိထင့်မှ ခွဲးလမ်းတတ်သော တရားဖြစ်အံ့သည်။ အာရမ္မဏပစ္စည်း တပ်ဟန် ဥပမာ ဆောင်သည်မှာထည်း အာရုံကား တောင်ဌေး, လှံတံသဖွယ်၊ အာရမ္မဏိက တရားကား တောင်ဌေးစွန်းကို ဆွဲကိုင်သော သူ၏သဖွယ် ဟူသည်ကို

၁-သဒ္ဒဂုတ္တိ ၃၂၊၃၃၊၃၄။

ထောက်လျှင်လည်း တောင်ခဲ့၊ လှံတံ ရှိသည်ဖြစ်မှ ဆွဲကိုင်ခြင်း ကြိယာ ဖြစ်နိုင်အံ့သည်။ ထို့ကြောင့် အာရုံ ရှိသည်ဖြစ်မှ အာရမ္မဏိက ဖြစ်နိုင် ရာသည်။ တကြောင်းထည်း ရှုပါရုံစသည်တို့ကား အတိတ်ဘဝင်၏ ဥပါဒ်ကပဇ်ဖြစ်ထင်ရင်း။ ထိုရှုပါရုံစသည်ကို အာရုံပြုသော ပဋ္ဌဒါရာဝဇ္ဇန်းစသော စိတ်တို့ကား နောင်မှ ဖြစ်အံ့သည်။ မနောဒွါရဖြစ်၍ မမ္မာရုံကို အာပြုရာန္ဒိုက်ပင် သော်လည်း ကာလ ဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်မှတပါးပသာဒ သုခုမ-စသောမမ္မာရုံတို့သည် ရှိဦးမှ ထိုကို အာရုံမူသော မနောဒွါရာဝဇ္ဇန်းစသည်တို့သည် နောင်မှဖြစ်အံ့သည်။အတိတ် အနာဂတ်,ပစ္စုပ္ပန် ကာလသုံးပါးလုံး အာရုံဖြစ်၏့ ဟူသော်လည်း အနာဂတ် ပစ္စုပ္ပန်တို့မှာ ထင်လတ္တံ့-ထင်ဆဲးကိုသာရည်သည်။ ထိုအာရုံ၏့ သဘောကိုပင် ဖြစ်လတ္တံ့သည်ဟူ၍့ မဖြစ်သေး အာရုံမရှိသေးသည်ကို မယူလို။ မမ္မာရုံ၏့ သတ္တ ရသာယုကပြည့်သော စိတ္တက္ခဏသည် ပုရိမစိတ္တက္ခဏနှိုက် ဥပါဒ်သော မမ္မာရုံကို အာရုံပြုလသော် မမ္မာရုံကား ရှေးဖြစ်လင့်မှ အသုံးသတ္တရသာယုကစိတ္တက္ခဏသို့ ရောက်ခါ သတ္တရသာယုကဖြစ်နိုင်အံ့သည်။ သတ္တရသာယုက မပြည့်ကောင်းသော ရုပ်တို့မှာပင်သော်လည်း ထိုရုပ်တို့သည် ဖြစ်လတ္တံ့ဟူသော အနာဂတ်အာရုံမရရာ။ ဖြစ်ဆဲးဟူသော ပစ္စုပ္ပန်သာရရာသည်။ စွဲးလမ်းခြင်းကြိယာသည် စွဲးလမ်းရာရှိမှ စွမ်းနိုင်အံ့သည်။ ဤသို့သော အရာများကိုထောက်၍့လည်း အာရုံဖြစ်မှ အာရမ္မဏိကဖြစ်အံ့သည်။ အာရုံ အာရမ္မဏိကတို့သည် အာရုံရှေးရှိသည်ကား ထင်စွာ၏့။ ပြိုင်ဆိုက်သော်လည်းရှိရာ၏့။ အာရုံကား-နောင်၊ အာရမ္မဏိကကား-ရှေး ဟူ၍့ မရှိသင့်လေ။

> ယံ ယံ ဓမ္မံ အာရဗ္ဘ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ။ပ။တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ။[1]

ဟူသောပါဠိတော်ကို ထောက်သော်လည်း ယံယံဓမ္မံ တေတေဓမ္မာ တို့၏့ အရကား အမှတ်မဲ့သောအာရုံ၊ ယေယေဓမ္မာ တေသံတေသံဓမ္မာနံ တို့၏့အရကား ပစ္စုပ္ပန်အာရမ္မဏိကဖြစ်၏့။ ထိုတွင်အာရုံကိုဟောသော ယံယံဓမ္မံဟူသော ကံပုဒ်ကား အာရဗ္ဘဟူသော ပုဋ္ဌကာလကြိယာတွင်သာ ရောက်ကောင်း၏့။ အာရမ္မဏိကကို ဟောသော ယေယေဓမ္မာဟူသော ကတ္တားကား အာရဗ္ဘသို့လည်း ကောင်း ဥပ္ပဇ္ဇန္တိသို့လည်းကောင်း ရောက်ကောင်း၏့။ ဤသို့သောသဒ္ဒန္တရိုက်ကို ထောက်သော် အာရုံမူရာ တရားဖြစ်လင့်သည်သာလည်း ရှိရာ၏့။ ဖြစ်ဆဲးသော်

---

၁ ပဋ္ဌာန်းပါဠိတော်။

လည်းရှိရာ၏။ ဖြစ်ထွေ့ဟူ၍ မရှိရာထေ။ ထိုကြောင့်လည်း အာရမ္မကိကကား ရှေး, အာရုံကား နောက်ဟူ၍မဖြစ်သင့်ထေ။ ထိုသို့မဖြစ်သင့်လျှင် အာရုံဟူသော အနက်ရှိမှ အာရမ္မကိကဟူသော ဉာဏ်သည် ဖြစ်ရာသတည်း။ ဤသို့ယော အရာများကိုထောက်၍, အနက်ကိုအာရုံပြု၍, ဉာဏ်ဖြစ်သည်။ ဉာဏ်ဖြစ်လျှင် နာမ်စသော ပဝတ္ထုနိမိတ်နှင့်ထျော်စွာ သဒ္ဒါဖြစ်၏ဟု သိအပ်၏။ ။ဤကား ဝဒန္တကိုရည်၍, ဆိုလိုက်သည်။

(၁၇) သုဏန္တပုဂ္ဂိုလ်အား အနက်ကိုသိခြင်းနှင့်တကွ သဒ္ဒါ ဖြစ်ပုံ ပျက်ပုံကို ဘေဒ်ပြကြောင်း

သုဏန္တနှိုက်ကား ဆိုခဲ့ပြီးသောအတိုင်း က-စသောအဆံကိုစွဲ၍, နာခံခြင်းကိစ္စ ဖြစ်၏။ နာခံခြင်းရှိမှကြားခြင်း၊ နားသို့ရောက်ခြင်းဖြစ်၏။ ကြားသည် ဖြစ်မှထည်း က-ဟူသော ဝေါဟာရပညတ်ကို သိအံ့သည်။ ပညတ်ကို သိမှထည်း ပညတ်၏ အနက်ကိုသိအံ့သည်။ ပညတ်၏အနက်ကို သိခြင်းသတော ဖြစ်သော်ကား၊ ထို-က စသောအဆံသည် ဟောသည်မည်၏။ အနက်မသိသော သူအား၊ က-စသော သဒ္ဒါသည် ဟောသည်မမည်။ အကျဉ်းအားဖြင့်ကား ဝဒန္တပုဂ္ဂိုလ်အား အနက် ရှေးဖြစ်၏။ အနက်ဖြစ်ဦးမှ အနက်နှင့်ထျော်စွာ က-စသောသဒ္ဒါဖြစ်၏။ အနက် မရှိထင့်သော် သဒ္ဒါကိုထားခြင်းငှာ မတတ်ကောင်း၊ အနက်ရှိထင့်သော် သဒ္ဒါကို ထားခြင်းငှာ တတ်ကောင်း၏။ထိုကြောင့်-

အဝိဇ္ဇာမာဏကေ အတ္ထေ၊နတံသတ္တာ ဌပေတဝေ။
ဝိဇ္ဇမာနေ ပနတ္ထမ်ိ၊ သတ္တာ သဒ္ဒံ ဌပေတဝေ။ [1]

ဟူ၍, ကစ္စာယနပဏ္ဍာနှိုက် မိန့်သည်။ သုဏန္တပုဂ္ဂိုလ်အား၊ က-စသော အက္ခရာတို့၏, အဆံဖြစ်ဦးမှ အက္ခရာအဆံကို ထျောက်၍, အနက်ကို သိသည်။ အနက်ကို သိသော်သား၊ က-စသော အက္ခရာတို့သည် ဟောသည် မည်ကုန်၏။ အနက်ကို မသိသော် ဟောသည်မမည်။ အနက်ကိုမသိသောသူအား အက္ခရာသည် မယွင်းမပျက် မှန်သည်ပင် ဖြစ်သော်လည်း ထိုသူအား အက္ခရာသည် မဟောသည်ပင် မည်၏။ ထိုသို့မည်သောကြောင့်၊ အနက်ကိုသိခြင်းသာထျင် မူထဖြစ်၏။ အနက်ကို သိထျင် အနက်နှင့်ထျော်စွာ အက္ခရာကို ထားနိုင်ထေ၏။ အနက်ကို မသိသော်

---

၁ ကစ္စာယနဝဏ္ဏနာ ၁၀။

အနက်နှင့်ထျော်စွာ အကွရာကို မထားနိုင်သောကြောင့်၊ အနက်ကိုမသိခြင်းသည်လည်း၊ အကွရာကို မသိသည်မည်၏။ အကွရာယွင်းသည် ပျက်သည်ပင်လည်း မည်လေ၏။ ထို့ကြောင့်-

"အကွရ ဝိပ္ပတ္တိယံ အကွရ ဘိဇ္ဇနေ အကွရ အဇာနနေဝါ"

ဟူ၍ နိဒ္ဒေသနိုက် ဖွင့်အပ်သည်။ ။အဓိပ္ပါယ် အကျဉ်းကား....အကွရဝိပ္ပတ္တိယံ ဟူသော်လည်း၊ က-အကွရာ လိုရာနိုက်၊ ခ-အကွရာ ရေးမှား၍ လည်းကောင်း၊ က-အကွရာပင် ကြေပျက်၍ လည်းကောင်း၊ ယွင်းလေ ပျက်လေ သည်ကိုသာ မယူလို။ ။က-အကွရာနိုက်၊ က-အကွရာပင် အမှန်ရေး၍၊ မယွင်း မပျက်သော်လည်း၊ ထို-က-စသော အကွရာ၏ အနက်ကို မသိသော်။ အနက်နှင့်ထျော်စွာ၊ က-စသော အကွရာ ရေးသင့်သည်ကို မသိသည် ဖြစ်၏။ ထို က-စသော အကွရာ ရေးသင့်သည်ကို မသိခြင်းသည်လည်း အကွရာယွင်းသည် ပျက်သည်ပင် မည်လေ၏ ဟူလိုသည်။ ဤနိုက် အကွရာ ရေးသင့်သည်ကို မသိလျှင်၊ မသိသောသူအား သာ အကွရာကိုမသိသည်ဟူ၍ ဆိုသင့်သည်တကား။ အကွရာကို ပျက်လေသည်ဟူ၍ မဆိုကောင်း တကားဟူအံ့။ ဆိုခဲ့ပြီးသော အတိုင်း သိအပ်သောအကွရာ၏ အနက်ကို ထိသူသည် မသိလေသဖြင့် အနက်ကို အကွရာသည် ထိသူအား မသိစေတတ် မဟောတတ်သည်ဖြစ်၍ နိရတ္ထက ဖြစ်လေ၏။ ထိသို့ နိရတ္ထက ဖြစ်လေသဖြင့် ထိအကွရာသည်၊ ထိသူအား ပျက်သည် ယွင်းသည် ကွယ်သည်ပင် ဖြစ်လေ၏။ ဤနိုက်အကွရာ၏ အနက်ကို ကွယ်သည် ပျက်သည် ယွင်းသည်ကို၊ အကွရာကွယ်သည်၊ ပျက်သည်၊ ယွင်းသည်ဟူ၍ ဥပစာအားဖြင့် ဆိုလေသည်။ နာခံသောသူ အနက်ကို မသိတတ်လျှင်၊ အကွရာကို မသိစေတတ်သည်မည်၏။ မသိစေတတ်က၊ မဟောတတ်သည်ပင်၊ မဟောတတ်က၊ အနက်ကွယ်သည် အနက်ပျက်သည်မည်၏။ အနက်ကွယ်သည်၊ အနက်ပျက်သည် ဖြစ်က အကွရာကွယ်သည်၊ အကွရာပျက်သည် မည်လေ၏။ ထို့ကြောင့်- "အကွရ ဘိဇ္ဇနေ အကွရအဇာနနေဝါ" ဟူ၍၊ မိန့်လေသည်။ ။ဤဆိုလျှင် က-စသောသဒ္ဒါဖြစ်မှ သုဏာန္တပုဂ္ဂိုလ်အား အနက်ကို သိသတည်း။ ထို့ကြောင့်၊ က-စသော ဗျည်းသည် သရမရှိ သက်သက်သာဖြစ်မူ အသံမျှသော်လည်းမရ၊ သရကိုမှီသော အခါကား အသံထည်းရ၏။ အသံရသဖြင့် ဆိုခဲ့ပြီးသောအနက်တို့ကိုထည်း ဟောနိုင်သတည်း။ ဗျည်းသက်သက် သရကင်းသည်ဖြစ်မူကား ဆိုခဲ့ပြီးသောအတိုင်း အသံမရသင့်လျက်ကို၊ တံခွန်အရေးဟူသောနိမိတ် မပြချေသော်၊ သရရှိထင်မှတ်၍ ဘတ်မိခဲ့ရာ၏။ ထိသို့ဘတ်မိသည်ရှိသော်၊ သရကင်း, သရရှိထည်း ထွေးရှက်လေအံ့သည်။ ထွေးရှက်

သဖြင့် ဂိုဏ်း၊ မတြာ၊ မစိစစ်သာရှိလေအံ့။ ဗျည်းကိုနိဿိတ၊ သရကိုနိဿယဟူ၍ ထည်း မဆိုကောင်းသည်ထည်း ဖြစ်လေအံ့။ သရကိုသာ "သယံရာဇေန္တိ" မဆိုကောင်းသည် ထည်း ဖြစ်လေအံ့။ ဤသို့သော အရာများကို ထောက်၍ သရကင်းသည် မှန်ဏ္ဍင် "အကာရော့ဉ္စာရကာတ္တော" ဟူ၍ မဆိုကောင်းသည်ထည်း ဖြစ်လေအံ့။ သတ်၍ ရေးရာမှာ သဘောရှိသည်၊ သရရှိတန်, မရှိတန်ကို ဆင်ခြင်နိုင်သည်သာအကြောင်း။

၁၈-ဗျည်းအက္ခရာတို့၏ သရရှိသင့်၊ မရှိသင့်နှင့်တကွ၊ ဝဂ်-ကွဲးသော ဗျည်းတို့၏ သံယုဂ်ဖြစ်ရာနှိုက် အသံမပျောက်သည်ကို ဘော်ပြကြောင်း

သရ-ရှိတန် မရှိတန်နှိုက်ဆင်ခြင်ရမည်ကို အမြွက်မျှရေးလိုက်ဦးအံ့။ အသံမရ ကောင်းသောအဖြစ်ကိုထောက်၍ သံယုဂ်ဖြစ်ရာနှိုက် အောက်အထက်ဆင့်၍ ရှိရာ တွင် အောက်ဟူ၍ ထည်းကောင်း၊ ရွေ့နောက် နှစ်ပါးတွင် နောက်ဟူ၍ ထည်း ကောင်း ဆိုအပ်သော ဗျည်းတလုံးသာလျှင် သရကိုမှီသောကြောင့် သရရှိသည်မည် ၏။ ဆင့်ရာတွင်အထက်ဟူ၍ ထည်းကောင်း၊ ရွေ့နောက်တွင် ရွှေ့ဟူ၍ ထည်းကောင်း ဆိုအပ်သောဗျည်းတို့သည် သရကိုမမှီ။ သရမရှိသည်မည်၏။ ထိုဗျည်းကား တလုံး သော်ထည်း ရှိရာ၏။ နှစ်လုံးသော်ထည်း ရှိရာ၏။ တောန္တုဟူသောပုဒ်နှိုက်၊ န-ဗျည်း ကို ရွှေ့ဟူ၍ ၎င်း၊ အထက်ဟူ၍ ၎င်း မှတ်ရာ၏။ တ-ဗျည်းကို နောက်ဟူ၍ ထည်း ကောင်း၊ အောက်ဟူ၍ ၎င်း မှတ်ရာ၏။ ထိုတွင် အထက်နေသော နဗျည်းနှိုက်ကား သရမရှိ၊ အောက်နေသော တ-ဗျည်းနှိုက်ကား သရရှိ၏။ ထို့ကြောင့် န-၏အသံ မရ။ တ-၏အသံကားရ၏။ ဤကား သံယုဂ်နှစ်လုံးသာဖြစ်၍ သရရှိတလုံး၊သရမရှိ တလုံးဖြစ်၏။ "သ္ဝိဒ" စသည်ဖြင့် သုံးလုံးရှိရာနှိုက်ကား အထက်နေသော ဇ-ဗျည်း, သ-ဗျည်းတို့နှိုက် သရမရှိ။ နောက်နေသော ဂ-ဗျည်းနှိုက်သာ သရရှိ၏။ ဤနှိုက် ဇ-ဗျည်း, သ-ဗျည်းတို့၏ အသံ မပျောက်တကားဟူအံ့။ ဝဂ်ကွဲးသံယုဂ် ဖြစ်ခဲ့ သောကြောင့်ထည်းကောင်း၊ "ဇောစ သောစ ဂေါစ ဇသဂါ" ဟူ၍ ဒွန်ဝါဏုဖြင့် သုံးပုဒ်ချဉ်း၍ အနက်နှင့်ထျော်စွာ သဒ္ဒါမပျောက်သင့်သောကြောင့်ထည်းကောင်း၊ သ ဗျည်း ဇဗျည်းတို့၏အသံကို ထင်စေသည်သာ။ သရ-ရှိလျှင်းသောကြောင့် အသံ ကို ထင်စေသည်မဟုတ်ဟူ၍ ယူရာ၏။ ယင်းသို့သော် "ဆန္ဒ၊ ဟန္ဒ၊ ရန္ဒ" ဓာတ်တို့ ကို ဘတ်ရာနှိုက် ဝဂ်ကွဲးသံယုဂ်ပင်ဖြစ်သင့်ဏျက် အထက်နေသော နှ-ဗျည်း၏အသံ မထင်တကားဟူအံ့။ ဤနှိုက်ကား ယခင်ကလဲသို့ ပုဒ်ချင်းချဉ်း၍ ကဝ်ရသဖြင့် သံယုဂ် ဖြစ်၍ အနက် နှစ်ပါးသုံးပါး ရှိသင့်သည်တွင် တပါးပါး ပျောက်ကောင်းသော အနက်ဟူ၍ မရှိသင့်၊ ဓာတ်ဖြစ်၍ တခုခုသော အနက်တပါးတည်းသာ ဖြစ်၍

ပျောက်ကောင်းသော အနက်တပါးမရှိ။ ဝါကျ ပြုရသော သံယုဂ် မဟုတ်သော ကြောင့် ဝဂ်ကွဲးမျှဖြင့် သရကင်းသော နှ-ဗျည်း၏အသံကိုထင်စေ၍ မဘတ်လေ သည်ဟူ၍ ဖြေအပ်၏။

ယင်းသို့သော် "ပြဟ္မာ၊ ဥဿာ၊ အာယသ္မာ၊ တသ္မာ" အစရှိသော ပုဒ်တို့မှာ ဓာတ်မဟုတ်၊ အနက်နှစ်ပါးစသည်ဖြင့် အကွဲးမရှိတကား ဟူအံ့။ ဤနှိုက်ကား ဓာတ် မဟုတ် အနက်ကွဲးမရှိလေသော်ထည်း ကပ်၍ သံယုဂ်ဖြစ်ကောင်းသော အရာဖြစ် ၏။ ကပ်ရဟန်ကား····အာယသ္မာ ဟူသောပုဒ်ရှိက် အာယုပုဒ်နောင် "မန္တ္ရ" ပစ္စည်း ဆင့်၍ ယုအ-စိတ် ဥ,ကို အသပြုပြီးထျင် သ,နှင့် မ, ဗျည်းကပ်ရသတည်း။ ပြဟ္မာ,ဟူ သည်မှာထည်း ပြ။ဟ, ဓာတ်နောင် မ,ပစ္စည်းဆင့်၍ ကပ်ရသည်ပင်။ ဥဿာ,ဟူ သည်မှာထည်း ဥသ,ဓာတ်နောင် မ,ပစ္စည်းနှင့်ကပ်ရသည်ပင်ဖြစ်၍ အဆံမပျောက် ဘတ်ရလေသည်ဟု ဖြေအပ်၏။ ။ယင်းသို့သော် "ထ္ထေသ၊ ပဒ္မ" ဟူသော ပုဒ်တို့မှာ ပစ္စည်းဆင့်နှင့် မကပ်ရတကား ဟူအံ့။ ဤနှိုက်ထည်း ကိုယိသ, ပဒုမ,ဟူသော နေရင်း ထွင် က-ဗျည်း၊ဒ-ဗျည်းနှိုက် ရှိရင်းသရတို့ကိုခြေ၍ ကပ်ကြရသည်ပင်။ ဤသို့သော အရာများကို ထောက်သဖြင့် ကပ်၍ သံယုဂ်ဖြစ်ရာနှိုက် ဝဂ်ကွဲးသောအသံကို ထင် စေ၏။ ဤသို့ထျင် "ရန္တ၊ ဘန္တ၊ ဟန္တ" ဟူသည်တို့မှာကား သဘောအားဖြင့် ဓာတ် ရင်းကပင် သံယုဂ် ဖြစ်သည်။ ကပ်၍ဖြစ်သော သံယုဂ် မဟုတ်သောကြောင့် ဝဂ်ကွဲးသောအသံကို မထင်စေဝဲး ဆရာမြတ်တို့ ဘတ်လေ ပြုတော်မူကုန်သည်ဟု နှလုံးသွင်းရာ၏။

၁၉-သံယုတ်ဖြစ်သင့်သော ဗျည်းအက္ခရာတို့၏ အက္ခရာကို အကျယ်အဝိပ္ပါယ်နှင့်တကွ ဘော်ပြကြောင်း

သံယုဂ်ဖြစ်ဟန် ထက္ခဏာကား-သဘောအားဖြင့် ဓာတ်ရင်းကဖြစ်သည်။ဝိဘတ် ပစ္စည်းတို့ကပါရုံးဖြစ်သည်။ရွှေနောက်စဉ်သော ဗျည်းကိုကပ်၍ဖြစ်သည်။ဒွေးဘော် ပြု၍ဖြစ်သည်။ ဝဂ္ဂန္တစသော ကာရိယအားဖြင့်ဖြစ်သည်။ ဝဂ်ဗျည်းချင်း ဖြစ်သည်။ အ-ဝဂ်နှင့်ဖြစ်သည်။ ဤသို့စသည်ဖြင့် စိတ်စိတ်ဖြာဖြာ ဆင်ခြင်ရာ၏။ ဤနှိုက် ဉာဏ် သက်ပါသမျှရေးထိုက်အံ့။ -ရန္တဟူ၍ ဝဂ်ကွဲးလျက်၊ အထက် နှ-ဗျည်း၏ အသံကို ဖျောက်၍ ဘတ်လေသည်ကား ကပ်၍ဖြစ်သည်မဟုတ်၊ မူလဓာတ်ရင်းက ပါသော သံယုဂ်ဖြစ်လေသည်။ သ္မာ၊ သ္မိ၊ ဟူ၍ အထက် သ-ဗျည်းအသံမပျောက်သည်ကား

မူဃဝိ ဘတ်ရင်းက ပါသည်ဖြစ်ထျက် အ-ဝဂ်နှင့် ဝဂ်ဗျည်းသံယုဂ်ဖြစ်၍, အသံမပျောက် ဘတ်ရထေသည်။ တွာန၊ တွာ၊မှ၊ မှာ၊မွေ-ဟူသော ပစ္စည်းဝိဘတ်တို့နှိုက်ထည်း အ-ဝဂ်နှင့်ဝဂ်ဗျည်း ထည်းကောင်းဖြစ်၍, အသံမပျောက်သည်ပင်။ ဝွေါ၊ ဝုံ၊ ဝွေ-ဟူသော ဝိဘတ်တို့နှိုက်ကား အဝဂ်အဖြစ်သာတူ၍, သုတိမတူကြသောကြောင့် အသံမပျောက်သည်ပင်ဖြစ်၏။ ဩတိ၊ ဩန္တိ၊ ယျ၊ ယျုံ ဟူသည်တို့နှိုက်ကား၊ အ-ဝဂ်သုတိတူဖြစ်၍, အသံပျောက်ထေသည်။ သုတိတူဖြစ်က ဝဂ်ဖြစ်စေ၊ အ-ဝဂ်ဖြစ်စေ အသံပျောက်၏။ ထ္ထ၊ထ္ထော၊ဟူသောဝိဘတ်တို့နှိုက်ကားသုတိမတူသော်ထည်း။ ဝဂ်တူဖြစ်၍, အသံပျောက်ထေသည်။ ဝဂ်နှိုက်ကား သုတိ မတူသော်ထည်း ဝဂ်တူသော် အသံပျောက်၏။ ထိုကြောင့် ပါရင်း သံယုဂ်သည် ဝဂ်တူသော်ထည်းကောင်း၊ သုတိတူသော် ထည်းကောင်း အသံပျောက်၏။ ဤကား ဓာတ်ပစ္စည်းဝိဘတ်တို့က ပါရင်းသံယုဂ်ကိုဆိုသည်။ အာဒေသ ဒွေးဘော်ဖြစ်သော အရာတို့နှိုက်ထည်း ဤနည်းအတူ အသံပျောက် မပျောက်ကိုဆင်ခြင်ရာ၏။ အာဒေသနှိုက်ကား ဝဂ္ဂန္တပြုခြင်းသည် ဝဂ်ဗျည်းနိမိတ်ရှိကာမျှကို မပြုရ။ နိမိတ်နှင့် ဝဂ္ဂန္တသည် ဌာန်တူသာဖြစ်ကောင်းသောကြောင့် ပဂ်တူသာဖြစ်၍, ဆိုအပ်ပြီးသောအတိုင်း သုတိမတူသော်ထည်း ဝဂ်တူဖြစ်၍, အသံပျောက်၏။ ဒွေးဘော်ပြုရာနှိုက်ကား သန္ဓိစပ်ရာနှိုက် စီရင်ရသောဒွေးဘော်သာ သံယုဂ်ဖြစ်၏။ အာချာတ်နှိုက် ဓာတ်ကို ဒွေးဘော်ပြုရာနှိုက်ကား၊ သရထည်းမကင်း၊ သန္ဓိထည်းမဖြစ်။ သရမကင်းဟန်ကား ဒွေးဘော်ပြုပြီးထျင် အဘာသမှည့်၍, အစိတ်သရကိုရဿပြုခြင်း၊ ဒီဃပြုခြင်း၊ဤပြုခြင်းတို့ကိုထောက်၍, သိရသည်။ သန္ဓိမဖြစ်ဟန်ကား နယေဖြင့် နောက်အက္ခရာသို့ မဆောင်ရသောကြောင့် သိရသည်။ သန္ဓိကျမ်းနှိုက်စီရင်သော ဒွေးဘော်တို့ကား သန္ဓိထည်းဖြစ်၏။ သရထည်းကင်း၏။ သန္ဓိဖြစ်ဟန်ကား နယေဖြင့် နောက်အက္ခရာသို့ ဆောင်ရသောကြောင့် သိရသည်။ သရကင်းဟန်ကား ဒွေးဘော်ပြုရသောဗျည်းကိုခွင်း၍, သရကိုမခြေထေပဲ နောက်ဗျည်းသို့ကပ်ရကာသာဖြစ်၍, သိရ၏။ မူလဗျည်း, ရှေ့ဗျည်းကိုခွင်း၍ ကပ်သောအခါ ရှေ့ဗျည်းကို ဒ္ဂိရင်းသရသို့ကပ်ရသည်တခါ၊ ဒွေးဘော်ပြုလို၍, ထာသောဗျည်းကို ဒွေးဘော်ပြုရာ မူလဗျည်းသို့ကပ်ရသည်တခါ၊ ဒွေးဘော်ပြုပြီးထျင် ဒ္ဂိရင်းသရသို့ ကပ်ရသည်တခါဖြစ်၍, နှစ်ခါခွင်း၊ သုံးခါကပ်ဟူ၍, နန်းကျောင်းအရှင်ဘုရား မှာတော်မူသည်။ "ပုဗ္ဗသရမှာ ပရဿအတ္ထနော သရမှာ ပုဗ္ဗဿဗျဉ္ဇနဿ ဒွေဘာဝေါဟောတိ"[1] ဟူ၍, ချာသ ကစ္စာယနတို့နှိုက်ထာသည်နှင့်အညီ မှာတော်မူသည်။ ယင်းသို့သော် ရှေးဗျည်း မူလဗျည်းတို့ကိုမခွင်းပဲ ဒွေးဘော်ပြုလို၍,

---

၁ ကစ္စာယနဝဏ္ဏနာ ၄၆။

လာသော်ချည်းကိုသာ နောက်အကွာရာသို့ကပ်ပါရလျှင် ပုဗ္ဗသရမှာ- ပါဠိနှင့်မညီပါ ပြီလော်ဟူအံ့၊ ညီ၏။ ထိုသို့သော်လည်း ပုဗ္ဗသရ,ပရသရကို ထင်ပါစေသည်။အကြိမ်များစွာခွင်းရ ကပ်ရသော်လည်း အပြစ်မရှိသောကြောင့် နှစ်ခါခွင်း၊ သုံးခါကပ်ဟူ၍ မှာတော်မူသည်ဟု ဖြေပေအပ်၏။ ဤသို့သောအရာကိုထောက်၍ သင်္ခစဝ်ရာနှိုက် ရောက်သောဒွေးဘော်ချည်းတို့သည် သရကင်း၏။ နောက်သို့ဆောင်ရသောကြောင့် သင်္ခလည်းဖြစ်၏ အာချာတ်နှိုက်ပြုသောဒွေးဘော်ကား.....ဆိုခဲ့ပြီးသောအတိုင်း သရလည်းမကင်း၊ ပုဒ်လည်းမစပ်၊ ထိုကြောင့် ထိုဒွေးဘော်သည် သံယုဂ်မမည်။ သံယုဂ်မည်ရာသည်ကား-သရမခြားသော်ချည်းသည် သံယုဂ်မည်၏။ ထိုကြောင့် "သရာနန္တရိကာနိ ဗျဉ္ဇနာနိ သံယောဂါနာမ" ဟူ၍ ရုပသိဒ္ဓိ, ကစ္စာယနတို့နှိုက် မိန့်အပ်သည်။ ဤသို့သောအရာများကိုထောက်၍ အာချာတ်ဒွေးဘော်မှာ သရမကင်းသောကြောင့် သံယုဂ်မမည်သင့်။ ချည်းနှင့်တကွသောသရကို နိဂ္ဂဟိတ် ဒီရာနှိုက်ကား သရတလုံးတည်းကို နိဂ္ဂဟိတ်တလုံး၊ က-စသော ချည်းတလုံးဟူ၍ ချည်းနှစ်လုံး ရှိလျက်ပင် နိဂ္ဂဟိတ်သည် ဒီရာသရ၏ နောက်မှတည်၍ ဒီလေသောကြောင့် သရနှင့်ခြား၍ ရှိသည်။ထိုကြောင့်လည်း နိဂ္ဂဟိတ်နှင့်တကွချည်းနှစ်လုံးရှိလျက်ပင် သံယုဂ်မမည်ဖြစ်၏။ သဒ်ဒသဒ္ဒေးဘော်ပြုပြီးသော် ချည်းနှိုက် နိဂ္ဂဟိတ်နှင့်သော် သုံးလုံးဖြစ်၍ သုတိတူ ချည်းတလုံးကြေကောင်းလျက်လည်း ဆိုခဲ့ပြီးသောအတိုင်း နိဂ္ဂဟိတ်ကိုမယူမူ၍ သုတိတူထျက်ပင် မခြေရရှိလေ၏။ထိုကြောင့်လည်း နိဂ္ဂဟိတ်သည် သံယုဂ်မမည်သည်သာ ဖြစ်ထေ၏။ ထိုသို့သံယုဂ်မမည်သောအရာကို ဤဥမလိုအပ်။ သံယုဂ်မည်ရာသော ဒွေးဘော်ကား၊ သင်္ခဖြစ်ရာဥသာထင်၏။ထိုကြောင့် သဒ်ဒသဒ္ဒေးတော်ဥ ပဌမကွာရာချင်း, တတိယကွာရာချင်း, ဒ-ဝဂ္ဂန္တမှ တပါးသော ဝဂ္ဂန္တချင်းဖြစ်ရာသောကြောင့် ဝဂ်ချည်းဥ (၁၄)ချက်ရသင့်၏။ အ-ဝဂ်ဥကား ယ,ဃ,ပ,သ,ဟူ၍ ၄ ချက်ထင်၏။ အသဒ်သဒ္ဒေးဘော်ဥကား ဝဂ္ဂေ ဟူသောကြောင့်၊ ဝဂ်ချည်းတွင်သာ ပဌမကွာရာနှင့် ဒုတိယကွာရာ၊ တတိယကွာရာနှင့် စတုတ္ထကွာရာ ဖြစ်သင့် သောကြောင့် ၁၀-ချက်သာရ၏။ သဒ်သတွင် ၁၈-အသဒ်သတွင် ၁၀-အားဖြင့် ဒွေးဘော် ပြုခြင်းသည် ၂၈-ချက်သာဖြစ်သင့်သည်။ ဤသို့လျှင် အာဒေသ ဒွေးဘော်တို့ဥ အထက်နေသော ချည်းသည် ဝဂ္ဂန္တပြုရာဥလည်းကောင်း၊ အသဒ်သဒ္ဒေးတော်ဥ လည်းကောင်း ဝဂ်တူသာ ဖြစ်ခဲ့ရကား အသံပျောက်ရာသည်ဖြစ်၏။ သဒ်သဒ္ဒေးတော်ဥ အ-ဝဂ်မှာ ယ,ဝ,ဍ,သ တို့ကို ဒွေးဘော်ပြုရာဥသော်လည်း အ-ဝဂ်သော်ကား ဖြစ်တော့သည်။ သဒ်သဖြစ်၍ သုတိတူပြန်ခဲ့ရကား အသံပျောက်သည် ၎င်းပင်ဖြစ်၏။ ထိုကြောင့်လည်း ဤသို့သောအရာကို ဆရာမြတ်တို့သည် အထက်ချည်းသံဖျောက်၍ ဘတ်လေ့ပြုတော်မူကုန်သည်။ ဤသို့စသည်ဖြင့် စိတ်စိတ်ပြားပြားဆင်ခြင်ရာ၏။

၂၀-သံယုဂ်ဖြစ်သောဗျည်းတို့ကို အစ, ရှေး, အထက်, အောက်-ဟူ၍ ခေါ်ဝေါ်ခြင်းအဓိပ္ပါယ်ကို အကျယ် နှင့်တကွဘော်ပြကြောင်း

ဤဆိုထျင် သံယုဂ်ဖြစ်ရာ၌၊ အထက် ဟူ၍ ထည်းကောင်း၊ အစ ဟူ၍ လည်း ကောင်း၊ ရှေးဟူ၍ လည်းကောင်း ဆိုအပ်သော တထုံးငင်း၊ ၂-ထုံးငင်း ရှိသော ဗျည်းတို့၌ သရမရှိ။ အောက် ဟူ၍ ငင်း၊ နောက်ဟူ၍ ငင်း၊ အဆုံး ဟူ၍ လည်း ကောင်း ဆိုအပ်သော တထုံးသော ဗျည်းသာထျင် သရရှိ၏။ သံယုဂ်၌ သရ မရှိသောဗျည်းကို, အထက်ဟူ၍ဆိုသည်ကား သုတိတူ ဗျည်းတထုံးကို ခြေဟူရာ၌ "ဥပရိ သရူပလော၁ပဗျဉ္ဇန" [1] ဟူ၍ ဥပရိ သဒ္ဒါဖြင့် ကစ္စာယန ဝဏ္ဏနာ၌ လာသည် ကို ထောက်သည်။ ။အစဟူ၍ ဆိုသည်ကား "အာဒိဿ လော၁်ကတ္တာ" [2] ဟူ၍ ရှာသလာသည်ကို ထောက်သည်။ "နိဂ္ဂဟိတ သံယောဂါဒိနော" ဟူသောဆုတ်ကို ထောက်ထျင်လည်း၊ အထက်ဗျည်းကို အစပြု၍ ၀ဝ် ဆိုသင့်၏။ ရှေးဟူ၍ ဆိုအပ် သည်ကား ဗျည်းတို့သည် သရကိုမှီရာ၌ ရှေ့မှတည်၍ မှီသောကြောင့်၊ ပုဗ္ဗာသရ [3] ဟူ၍ဆိုအပ်သည်။ ဤသံယုဂ် ဗျည်းသည်ကား သရကိုမှီသော မိမိယုဂ်ဘက် ဗျည်းနှင့် ထောက်သော် ရှေးငင်း ဖြစ်ပြန်၏။ ထိုဆို့ရှေးငင်း ဖြစ်ပြန်သော်သာ မိမိ၏နောက်၌ တည်သောဗျည်းသည်၊ ထိုဗျည်း၏ နောက်မှဖြစ်သောသရကို ရှေးအဘို့ပြု၍ မှီရအံ့ သည်။ သရမ့ထောက်ထျင် သရကိုမှီသော နိဂ္ဂဟိတ်မ့ တပါးသော ဗျည်းသည် ရှေးမည်၏။ ထိုဗျည်းမ့ထောက်သော် သံယုဂ်ဗျည်းသည် ရှေးမည်ပြန်၏။ "ဝါပရော အသရ္မပါ။ ပရော၀ါသရော။ ပုဗ္ဗောစ။ ပုဗ္ဗောဘာသော" ဟူသော ဆုတ်တို့၌ ရှေ့ဆိုသည် နောက်ဆိုသည်နှင့်အညီဖြစ်၏။ အကယ်၍ သရကင်းသော သံယုတ် ဗျည်းသည် ရှေ့မဟုတ် နောက်ဖြစ်ငြားအံ့။ တထုံးသော ယှဉ်ရာဖြစ်သော သရကိုမှီ သော မူလဗျည်းသည် ရှေ့မှတည်သည် ဖြစ်လေရာ၏။ ထိုဆို့ဖြစ်ထျင် နောက်၌ ဖြစ်သောသရကို သံယုတ်ဗျည်း ခြား၍ မမှီနိုင်သည် ဖြစ်ခဲ့ရာ၏။ ထိုကြောင့်- "ပုဗ္ဗောစ" အစရှိသောဆုတ်တို့၌ လာသောနည်းဖြင့် သရကင်းသံယုဂ်ဗျည်းကိုရှေးဟူ

---

၁ ကစ္စာယနဝဏ္ဏနာ ၆၂။

၂ ရူပသိ ၆၀။

၃ ပုဗ္ဗာသယ ပရာသယ၊ ဝသာဒုခာစ ဗျဉ္ဇနာ၊
တေဆုဗီန္ဒု ပုဗ္ဗာသယာ၊ ပရာသယာတုသေသကာ။ ဟူသော နိရုတ္တိဘေဒသင်္ဂဟ ပါဠိ ၁၈-ကိုထောက်၍ ပရာသယရှိမှသင့်အံ့သည်။ မှီရာသရက နောက်-ဟုဆိုလိုသည်။ သဒ္ဒါကြီးပုဒ်စစ် ၄-ရွ။

၍ ထည်း ဆိုအပ်ပါ၏။ ဆိုအပ်ငြားသောအတိုင်း အစဟူ၍ ထည်းကောင်း၊ အထက်ဟူ၍ ထည်းကောင်း၊ ဆိုအပ်ပါ၏။ ဤ၌သရကင်းဗျည်းကို အထက်ဟူ၍ ဆိုသည်ကား၊ ဆင့်သည်ကို ရည်၍ ဆိုသောထက္ကဏာရှိ၏။ "ပုဗ္ဗမဓေ" ဟူသောထုတ်မှာကား၊ နောက်၌တည်သော သရကိုပင် အထက်ဟူ၍ ဆိုလေသည်။ "သရဉ္ဉ ဥပရိ ကတွာ" ဟူသည်ထွင် သရမှ ဗျည်းကိုခွင်းလျင် သရကား တည်မြဲအတိုင်း နောက်မှ တည်၏။ ဗျည်းကား ခွင်းသော် ထည်းကောင်း၊ မခွင်းသော် ထည်းကောင်း ရှေ့မှ တည်၏။ ထိုသို့ သရသည် နောက်မှတည်ထွက်ကိုပင် "သရဉ္ဉဥပရိ" ဟူ၍ ဆိုလေသတည်း။ ဤနည်းကား၊ "အထက်မှာမှ၊ အစကို၊ သိမ်း၍ ဆိုပိမ့်" ဟူသကဲ့သို့၊ နောက်မှဆိုအပ်သော အရာဖြစ်ထွက်၊ သစ်ပင်တက်သော နည်းဖြင့် ဆိုလေသည်ဟူသော် သင့်၏။ ဤသို့သောအရာကိုထောက်၍ သံယုဂ်ဖြစ်သောဗျည်းကို အရာသို့ထိုက်၍ အထက်ဟူ၍ ထည်းကောင်း၊ ရှေ့ဟူ၍ ထည်းကောင်း၊ အစဟူ၍ ထည်းကောင်း၊ ဆိုအပ်ပါ၏။

၂၁-ဗျည်းအက္ခရာတို့တွင် ကင်းစီးသောအရာနှိုက် သရကင်းသည်ကို ဟော်ပြကြောင်း

ထိုသံယုတ်ဗျည်းသည်ကား တံခွန်အရေးမပြေသော်ထည်း သရကင်းသည်ဖြစ်၏။ ဟု နှလုံးသွင်းရာ၏။ ဤသို့ သံယုဂ်ဖြစ်ရာ၌ တံခွန်အရေးကိုသုံးဆောင်သည်ကား၊ က-ဝဂ္ဂန္တဖြစ်သော င-အက္ခရာတလုံးနှိုက်သာထင်၏။ ထို-င-ဝဂ္ဂန္တ ရောက်ခဲ့သည်ကို မြမ္မာမှုန့်ိုက် ကင်းစီးသည်ဟူ၍ ခေါ်ဝေါ်ကုန်၏။ ထိုကင်းစီးမှ တပါးသော သံယုတ်တို့နှိုက် အထက် ဗျည်းသည် သရကင်းထွက်ပင် တံခွန် မလွှား။ ကင်းစီးနှိုက်သာ တံခွန်လွှားလေသော အကြောင်းကိုကား ဆရာတို့အမိန့်အမှာကို မတွေ့ဘူးချေ။ သဘောကိုထောက်သော်၊ ထိုကင်းစီးသော အရာသည် ဓာတ်, ဝိဘတ်, ပစ္စည်းတို့မှထာသော အရင်းမူထဟူ၍ ထည်းမထင်။ က-စသော ကဏ္ဌဇဝဂ္ဂ-၄ လုံးတွင်သာ ထင်သောကြောင့်ထည်း ဝဂ္ဂန္တပြု၍ ဖြစ်သောအရာကဲ့သို့သာရှိ၏။ဝဂ္ဂန္တပြုသည် မှာထည်း တံခွန် လွှားရမည်ကို ဆရာတို့ အထူးမဆို။ ထိုကြောင့် ဆရာအဆက်ဆက်တို့ သုံးစွဲသောအစဉ်မျှသာ ဖြစ်ရာသည်။ ထိုသို့အစဉ်အဆက် တံခွန်လွှား၍ သုံးပေသောကြောင့်မူကား၊ ထို ဝဂ္ဂန္တ-ငသည် သရကင်း၍ နှလုံးသွင်းရပေ၏။ င-ဝဂ္ဂန္တ သရကင်းလျင် ကြွင်းသော ဥ-ဝဂ္ဂန္တ စသည် ပြုရာနှိုက်ထည်း သရကင်းသည်ချည်းယူသင့်၏။ ဝဂ္ဂန္တတို့ကို သရကင်းဟု ယူရလျင် သံယုဂ်တို့နှိုက် ဝဂ္ဂန္တကဲ့သို့ အထက်ဗျည်းတို့သည် တံခွန်မလွှားသော်ထည်း သရကင်းဟူ၍ ယူသင့်

၏။ ဤသို့ယူသင့်သောအရာကို အလုံးစုံသော သံယုဂ်နှိုက် မပြေသော်လည်း၊ သရကင်းဟူ၍ နှလုံးသွင်းရသော အကျိုးမူကား ရှိရာပေ၏။ ဤထက်အလွန်ကိုလည်း ဆင်ခြင်ပါ။

၂၂-ဗျည်းအက္ခရာတို့သည် သရကင်း၍ တံခွန်လွှားခြင်း၊ သရနှင့် ယှဉ်တွဲလျက် မတြားခွဲး ရှိခြင်းအကြောင်း

ဤသို့လျှင် ဗျည်းတို့သည် သရကိုမဲ့၊ သက်သက်ဖြစ်လျှင် တံခွန်လွှားသည်မှာ ဘထောရှိသိမည်။ ထို့ကြောင့်လည်း- "နိဿရ ဘာဝဉာပနတ္ထံ" ဟူ၍ ဆိုလေသည်။ သံယုဂ်နှိုက်ကား တံခွန်လွှားရမည်ကို အထူးမဆို။ သရကင်းဟန်ကိုကား ဆိုခဲ့ပြီးသောအတိုင်း သိရာ၏။ သရကင်းလျက် သံယုဂ်နှိုက် တံခွန်မလွှားသည်ကိုကား ဆရာတို့ အထူး မဆိုသောကြောင့် လည်းကောင်း၊ သိသာပါသောကြောင့် လည်းကောင်း၊ သုံးစွဲးစဉ် မရှိသောကြောင့် လည်းကောင်း၊ တံခွန် မလွှားသော် လည်း သရကင်း၏ ဟူ၍ သိအပ်၏။ သံယုဂ် မဟုတ်ရာ နှိုက်ကား သရကင်း ဟူ၍ မသိသာသောကြောင့် လည်းကောင်း "ဥပရိလေခကရဏံ" ဟူသော ပါဠိကို ထောက်၍ လည်းကောင်း- တံခွန်လွှားရာ၏။ ထိုသို့ တံခွန် လွှားသည်ကား သရကင်းဖြစ်၍ အသံမရ, မရွတ်စကောင်းသည်ကို သိစေသတည်း။ ထိုသို့သိစေသဖြင့် ဗျည်းသည် သရကို မှီရမှသာ အသံရကောင်း၏၊ အနက်ကို ဟောနိုင်၏- ဟူသော စကားသည်လည်း ပြီးပါ၏။

ဤသို့လျှင် ဗျည်းတို့သည် အသံရခြင်း, အနက်ကို ဟောနိုင်ခြင်း သည်ကား သရကိုမှီရသော်မဖြစ်၊ မှီရသော်သာ ဖြစ်နိုင်၏။ ထို့ကြောင့် ဗျည်းသည် နိဿိတ မည်၏။ သရတို့သည်ကား ဗျည်းမယှဉ် မိမိချည်း သက်သက်ပင် အသံထည်းရ၏။ အနက်ကိုလည်း ဟောနိုင်၏။ ဗျည်းကိုမှီရပြီ။ ဗျည်း၏မှီရာသာဖြစ်၏။ ထို့ကြောင့် သရသည် နိဿယမည်၏။

ထို ဂ-လုံးသော သရတို့တွင် အ,ဣ,ဥ-ဟူသောသရ သုံးလုံးတို့သည် ဆိုအပ်ပြီးသောအတိုင်း တမတြားမျှ အခန့်ဟူသော တိုသော ကာလဖြင့် ရွတ်အပ်သောကြောင့် ရဿ မည်ကုန်၏။ ။အာ, ဤ, ဦ, ဧ,ဩ-ဟူသောသရ ၅-လုံးတို့သည်ကား နှစ်မတြားမျှသော ရှည်သောကာလဖြင့် ရွတ်အပ်သောကြောင့် ဒီဃ မည်ကုန်၏။ တနည်းကား ရဿသည် ဒီဃအောက် တိုသောကာလဖြင့် ရွတ်အပ်

သောကြောင့် ဒီဃမ္ဍထောက်၍ အဝတ္ထာဘေဒ အားဖြင့် ရဿမည်၏။ ။ ဒီဃသည်လည်း ရဿထက် ရှည်သောကာလဖြင့် ရွတ်အပ်သောကြောင့် ရဿမ္ဍထောက်၍ အဝတ္ထာဘေဒ, ဂေါဓလိဗန္ဓ နည်းအားဖြင့် ဒီဃမည်၏။ ။ထို့ကြောင့် ရဿသည် တမတြာမက၊ တမတြာနှင့်ခွဲးသည်လည်းကောင်း၊ ၂-မတြာသည်လည်းကောင်း ရှိရာ၏။ ဒီဃသည်လည်း ၂-မတြာမက ၂-မတြာခွဲး ၃-မတြာ၊ ၄-မတြာ ပင်သော်လည်း ရရာ၏။ ရဿဟူသော်လည်း အရှည်မ္ဍထောက်သော်သာ တိုသည် ဖြစ်၏။ ထိုရဿအောက် တိုသော ဝတ္ထုမ္ဍ ထောက်သော် ရှည်သည်ပင်ဖြစ်၏။ ဒီဃဟူသော်လည်း အတိုမ္ဍထောက်သော်သာ အရှည်ဖြစ်၏။ ထိုဒီဃထက် အရှည်မ္ဍထောက်သော် အတိုဖြစ်၏။ ယင်းသို့ဖြစ်၍ ဒီဃရဿဟူသော အမည်သည် အခိုက်အတန့်မျှသာဖြစ်၏။ ထိုကြောင့် "ဒီဃရဿာဒိအဝတ္ထာ" [1] ဟူ၍ ကစ္စာယနဘေဒ နှိုက် မိန့်အပ်သတည်း။ ထို့နောက်လည်း–

> ဒီဃ ရဿာဒိ အဝတ္ထာ သဒ္ဒနာမံနာမ၊ အဝတ္ထမတ္ထမေဝ ဥပါဒါယ ပဝတ္ထ နတော ဂေါဓလိဗန္ဓန္ဟာယေန။

ဟူ၍ မိန့်အပ်သည်။ ။ယင်းသို့ရဿလည်း တမတြာမက၊ တမတြာနှင့် ခွဲးသည်ရှိုင်း, ၂-မတြာရှိုင်း, ၂-မတြာခွဲး သည်လည်းကောင်း။ ။ဒီဃသည်လည်း ၂-မတြာမက ၂-မတြာခွဲး ၃-မတြာ ၄-မတြာပင် အသံဖြစ်ခဲ့သည် ရှိသော်- "ကေမတ္ထာ ရဿာနာမ။ ဒွိမတ္ထာ ဒီဃမုစ္စတေ" [2] စသည်ဖြင့် ဆို ခဲ့ပြီး သော အဝိုင်း အခြားသည် အဘယ်သို့ သင့်တော့အံ့နည်း ဟူအံ့။ သင့်၏။ သင့်ဟန်ကား.... "တိမတ္ထာတု ဗျဉ်တာဥ္ဇေယျာ၊ ဗျဉ္ဇနာတုမှု မတ္တိကာ" [3] ဟူသည်ကို ထောက်သော်၊ ၃-မတြာ စဉ်ဖြစ်ခဲ့က ဗျဉ်တာပေါက်၏ဟု ဆရာမြတ်တို့ အဓိန္ဌိသည်။ ဗျဉ်တာပေါက်၏ဟူသော စကားကိုလည်း "ဂိတအသံသို့ရောက်၏" ဟူ၍ မိန့်ကုန်သည်။ထိုသို့ ဂိတအသံသို့ရောက်သော် ၃-မတြာဟူ၍လည်း အသံရရာသည်ပင်။ ရရာသော်လည်း ဂိတအသံရောက်ခဲ့၏။ ဂိတအသံကို မသာယာအပ်သည်ဖြစ်၍ "သွာဒ္ဒိမတ္ထ ဒီဃမုစ္စတေ" ဟူ၍ ဒီဃကို ၂-မတြာဖြင့်သာ ဆုံးစေအပ်ကြောင်းကိုဆိုသည်၊ ၂-မတြာမက ၃-မတြာရောက်ခဲ့သော် ဂိတသံဖြစ်၍ မသာယာအပ်သော အသံရောက်ခဲ့၏ မရွတ်အပ်ပါသည်သာ။ ဒီဃ၏အသံသည် ၃-မတြာရွတ်ခြင်း၄၁ မတတ်ကောင်းသော ကြောင့် ဆိုသည်မဟုတ် ၃-မတြာဟူ၍ အသံမရရာသည်ကိုလည်း တိမတ္ထာ,ဟူ၍ မဆိုတန်ပြီ။ ထို ၃-မတြာသည် ဂိတအသံဖြစ်၏ဟူလျှင် ဂိတနှိုက် ၃-မတြာသော

---

၁ ကစ္စာယနဘေဒ ၃၃။

၂ ဝစနတ္ထဒီပကာ (သဒ္ဒဗျုတ္တာ ၁၀၂)။

အသံရှိလေ၏ဟူသောစကားလည်းပြီး၏။ ထို ၃-မြောရှိသောဂီတ၏ အသံဟူသည်ထည်း ဒီဃ၏အသံပင်ဖြစ်၏။ ထို့ကြောင့် ဒီဃသည် ဂီတအသံရောက်က ၃-မြောထည်းကောင်း, ထိုထက်အလွန်ထည်းကောင်း- ရရာလေသည်။ ဒီဃသရကိုထည်းကောင်း, ဂီတအသံကိုထည်းကောင်း ခပ်သိမ်းသောထူမျိုးတို့၏ ဘာသာတိုင်းပင်ရအံ့သည်။ ထိုသို့ရသည်ဖြစ်ကထည်း ၃-မြော ၄-မြောစသည်ဖြင့် ရှည်စွာဖြစ်မည်ပင်။ ထိုသို့ထျက်ကို ဒီဃကို ၂-မြောရွတ်အင်၏ဟူသည်ကား ဂီတအသံရောက်အံ့သောကြောင့် ၂-မြော အခန့်ကာထဖြင့်ပင် ဒီဃအသံဖြစ်ပြီဟူ၍ ဆိုလိုသည်သာ။ ယင်းမျှသာထျင် ဆိုဘွယ်မဟုတ်။ ဗျည်းဟ္ဠဉ်ထျင် ၂-မြောခွဲးရှိပြီ။ ထိုခွဲးမျှဖြင့် ၃-မြောမပြည့်ခြင်းကြောင့် ဂီတအသံမဆိုပါရသည်သာ။ ၂-မြောမကရှိထင့်ပြီ။ ။ ရဿမှာထည်း ဤနည်းအတူ၊ ဗျည်း၏အသံခွဲးလွန်သော်ထည်း ကေမတ္ထာ,ဟူ၍သာဆိုသည်ပင်။ ဤနှိုက်ထည်း ၃-မြောသို့ မပေါက်၍ ဆာ ဂီတအသံ မဆိုပါရသည်။ ဗျည်း၏အသံနှင့်သော် တမြောမကရှိထင့်ပြီ။ ဤရဿနှိုက်ကား ဂီတမှာထည်း ရဿဟူ၍ရှိမည်ပင်။ ထိုဂီတနှိုက် ရဿသည်ထည်း တမြောထည်းကောင်း,တမြောခွဲးထည်းကောင်း, အသံတိုစွာ ရွတ်သောအရာထည်း ရှိအံ့သည်။ ယင်းသို့ထျင် ပါဠိတော်နှိုက် ရဿ၏တမြောခွဲးအသံနှင့် ဂီတနှိုက် တမြော,တမြောခွဲး အသံတူလေအံ့။ ထိုသို့တူသော်ထည်း ဂီတနှိုက်ကဲ့သို့ မသာယာပါသည် တကြောင်း၊ ၃-မြောလွတ်ပါသည်တကြောင်းဖြစ်၍ ရွတ်အပ်သည်သာဖြစ်၏။ယင်းသို့ထျင် ဂီတသို့ရောက်သောအခါ ရဿထည်း တမြောမကသည်ပင် ဖြစ်သင့်၏။ယင်းမျှသာထည်းမဟုတ် ရဿသည် အရာသို့ထိုက်၍ တမြောလွန်သော အရိပ်ထင်၏။ ထင်ဟန်ကား "ဒုမ္မဂ္ဂ"ဟူ၍ထည်းကောင်း "သံယောဂါဒိစဒိဿော၁၊ နိဂ္ဂဟိတ ပရောစယော၁။ ဂရုဝကော်ပါဒန္တော၁ါ" [1] ဟူ၍ထည်းကောင်း ဆိုရာနှိုက် သံယုဂ်နှောင်းရာ, နိဂ္ဂဟိတ်ဒှိရာ, ပါဒန္တဖြစ်ရာ-ရဿပင်ဖြစ်သော်ထည်း ဂရုမည်၏။ထိုဂရုသည် အရေးကောက်၏ဟူထျင် ဒွေးဟူသော ဂဏန်းခြေပင်ရေးရအံ့။ ထိုဂဏန်းခြေဖြင့်ထည်း ၂-မြောဟူသော သန္ဓိကိုမှတ်ရအံ့။ ထို ၂-မြောကိုယူ၍ထည်း မတ္တာဝုတ္တိမျိုးနှိုက် ၅၇-မြောစသည်ဖြင့် ရေတွက်ရအံ့။ ထိုသို့ ၂-မြောယူရအံ့သောရဿသည် သင်္သက်သော သရဖြစ်၍ သံယုဂ်နှောင်းရာ ပါဒန္တကြိုက်ရာနှိုက် "ကေမတ္ထာ ရဿာ"ဟူသည်နှင့်အညီ တမြောသာဖြစ်ထျင် ဂရုဟူသော ဒွေးသန္ဓိအမှတ်ဖြင့် မြောကိုမယူရရှိအံ့။ ထိုသို့မယူရရှိထျင် ၅၇-မြောစသည်ဖြင့် အရေအတွက် မစွေရာပြီ။ ထိုကြောင့် သံယုတ်နှောင်းရာ၊ပါဒန္တကြိုက်ရာ သင်္သက် ရဿ၏ တမြောအသံတွင်

---

၁ ဝုတ္တောဒယဆန်း၊ပါဠိ ၇။

တမတြာလွန်ဦးမှ၊ ၂-မတြာဖြစ်မည်။ ၂-မတြာရမှ ၅၇-မတြာစသည် အရေအတွက် စေ့မည်။ ဒွေးဟူသော ကောက်သောအရေးဖြင့်လည်း ဂရုဟူ၍ မှတ်ရမည်။ဂရုဟူ၍ မှတ်ရလည်း "ဝိနာဝဏ္ဏောဟိမတ္ထာဂဂါ"[၁] ဟူသော ဂါထာတို့ဖြင့် ဂရု,ဃဟု-စစ်ရာ၌ကဲ့လည်းကောင်း "ပတ္ထာရေသဗ္ဗဂေ"[၂] စသော ဂါထာတို့ဖြင့် ဆပ္ပစ္ဆယနည်းတွက်ရာ၌ကဲ့လည်းကောင်း မှန်နိုင်အံ့သည်။ထို့ကြောင့် ရဿသရသက်သက်သည် ပါဒန္တကြိုက်ရာ ဆံယုဂ်နှောင်းရာ၊ ၂-မတြာရှိသော အရိပ်ထင်၏။ ထိုသို့မဟုတ်၊ က-စသော ဗျည်းနှင့် ယှဉ်သော ရဿသည် ထိုအတူ နိဂ္ဂဟိတ်လည်းကောင်း ဆံယုဂ်လည်းကောင်း နှောင်းရာ၊ပါဒန္တကြိုက်ရာဖြစ်အံ့။ ရဿသရသက်သက်၏တမတြာရင်းတွင်၊ က-စသော ဗျည်း၏ခွဲကိုထည့်လျှင် တမတြာခွဲဖြစ်၏။ ထိုတွင် ဆံယုဂ်နှောင်းခြင်း၊ ပါဒန္တကြိုက်ခြင်းကြောင့် ယခင်ကကဲ့သို့ တမတြာလွန်လျှင် ၂-မတြာခွဲရှိ၏။ ထိုသို့ ၂-မတြာခွဲသည်လည်း ဂရုပင်မည်၏ဟူသော စကားကိုကား "အညော်ဂဟဏံ တိယနုမတ္တိကာနဒ္ဓိ"[၃] ဆည်ဖြင့်ဆိုအပ်ခဲ့ပြီ။နိဂ္ဂဟိတ် ဒိရာန္ဓိက်လည်း ဤနည်းအတူ၊ က-စသော ဗျည်း၏အဆံနှင့် ပေါင်း၍ တမတြာခွဲးတွင် နိဂ္ဂဟိတ်ယှဉ်ခြင်းကြောင့် တမတြာထည့်လျှင် ရှေးအတူ ၂-မတြာခွဲးဖြစ်၏။ ဂရုလည်းမည်လေ၏။ ဤနိဂ္ဂဟိတ်ဒိရာန္ဓိက် က-စသော ဗျည်းနှင့် ရဿ၏ အကံ့ရှိလင့်သည်တွင် နိဂ္ဂဟိတ်လည်း ဗျည်းလည်းကောင်းဖြစ်၍ ခွဲးမျှသာ ထည့်ကောင်း၏ဟူ၍ ခွဲးသာထည့်လျှင် ၂-မတြာသော်ကား ပြည့်တော့အံ့။ အရာတိုင်း မသင့်ချေ။ မသင့်ဟန်ကား ဗျည်းနှင့်မယှဉ် သက်သက်သော ရဿသရန္ဓိက် နိဂ္ဂဟိတ်ဒိခါ၊ ရဿသရသက်သက်၏တမတြာတွင် နိဂ္ဂဟိတ်၏ အဆံခွဲးမျှသာထည့်ချေသော် တမတြာခွဲးသာဖြစ်အံ့။ ထိုသို့ တမတြာခွဲးသာဖြစ်ခဲ့လျှင် "ဃဟုဂ္ဂဟဏံ ဆန္ဒသိ" စသည်ဖြင့် ဆိုအပ်ပြီးသော အတိုင်း ဃဟုသာမည်၍ တမတြာဖြစ်ထေသဖြင့် ၅၇-မတြာ စသည်မစေ့ရှိခဲ့ရာ၏။ ထိုကြောင့် အရာတိုင်း ခွဲးသာလွန်၏ဟူ၍ ယူသော် မသင့်ဖြစ်၏။ မသင့်သော်လည်း နိဂ္ဂဟိတ်နှောင်းရာ၌ကဲ့ ဗျည်းယှဉ်သော ရဿဖြစ်၍ တမတြာခွဲးရှိသည်တွင်နိဂ္ဂဟိတ်၏အဆံခွဲးသာလောင်း၍ ၂-မတြာပြည့်ရုံသာဖြစ်စေတော့အံ့။ သက်သက်သော ရဿဖြစ်၍ တမတြာရှိသည်တွင်ကား-တမတြာလောင်း၍၊ ၂-မတြာပြည့် ဖြစ်စေတော့အံ့ဟု ယူသော် မသင့်ပါဦးလော ဟူအံ့။ ဗျည်းယှဉ်သော ရဿတွင်ကား တမတြာခွဲးရှိသင့်သည်နှင့် နိဂ္ဂဟိတ်လည်း ဗျည်းလည်းကောင်းဖြစ်၍ "ဗျဉ္ဇနာအနုမတ္တိကာ" ဟူသည်နှင့်အညီ ခွဲးထောင်းသည်မှာ ၂-မတြာပြည့်၍ ဂရုချသင့်သောကြောင့် သင့်ပေတော့မည်။ ထိုနှင့်ထျော်စွာ သက်သက်ရဿမှာ ဆိုခဲ့ပြီးသော အတိုင်း၊ ၂-မတြာ မရရာခဲ့သောကြောင့် တမတြာစင်

---

၁ ဒုတ္တောဒယဆန်းပါဠိ ၄၅။
၂ ယင်း ၁၂၉။

လွန်ပြန်ရခဲ့သည်။ "နိဂ္ဂဟိတ်သည် ဗျည်း ဖြစ်သောကြောင့် ခွဲးမျှသာ ရွတ်အပ်၏ ဟူသည်နှင့်အညီ ခွဲးသာထည့်၍ မသင့်ရာသောကြောင့် တမတြာ လွန်ရထေပြီ။ တမတြာလွန်မှ သင့်ရာသည်ကား ဤနိဂ္ဂဟိတ်နောင်းရာနှိုက်သာ မဟုတ်။ သံယုဂ် နောင်းရာ၊ ပါဒန္တကြိုက်ရာတို့နှိုက်ထည်း ရဿသက်သက်၏ တမတြာတွင် တမတြာ ထည်းကောင်း လွန်ဦးမှ ၂-မတြာပြည့်၍ ဂရုဓရုမည်။ ဂရုဓရုမှ ၂-မတြာဟူ၍ တွက်ရမည်။ထိုသို့တွက်ရမှထည်း ပတ္တာရစသော ဆဂ္ဂစ္ဆဟိဘာဂနှိုက် သင့်ရာသည်။

၂၃-ဗျည်းသရတို့၏ အသံဖြစ်ရာနှိုက် ဂိတဖြစ်ခြင်းနှင့်တကွ ဒီဃ-ရဿသရတို့နောင် သံယုဂ် နောင်းရာနှိုက် မတြာဘွဲ့ခြင်းအကြောင်း

ယင်းသို့သော် ရဿနှိုက် သံယုဂ် နောင်းခြင်းကြောင့် တမတြာလွန်၍ ရဿသက်သက်တွင် ၂-မတြာ။ က-စသောဗျည်းယှဉ်ရာနှိုက် ၂-မတြာခွဲးဖြစ်ခဲ့ဖျင် ဤအတူ ဒီဃနှိုက်ထည်း လွန်ပြန်ခဲ့ရကား ဒီဃသက်သက်၏ ၂-မတြာ က-စသော ဗျည်းယှဉ်ကာ ၂-မတြာခွဲး ရှိထင့်သည်တွင် တမတြာလွန်ပြန်သဖြင့် ၃-မတြာထည်းကောင်း၊ ၃-မတြာခွဲးထည်းကောင်း မဖြစ်ခဲ့ပြီထော၀ဟူအံ့။ ဖြစ်ကောင်း၏။ ဂိတအသံရောက်ပါသည်သာဟူ၍ ဖြေပေအပ်၏။ ။ယင်းသို့သော် ထိုသို့သောအရာသည် ပါဠိတော်နှိုက်ထည်း ရှိအံ့သည်ဖြစ်ခဲ့သောကြောင့် ထိုသို့ ဂိတအသံရောက်ခဲ့သည်ကို အသို့မှတ်ကောင်းတော့အံ့နည်းဟူအံ့။ဤသို့ဖြေပေအပ်၏။ ဒီဃနောင်နိဂ္ဂဟိတ်ကား မနှောင်းရာ၊ ရဿသရနောင်သာယှဉ်ရာ၏။ ထို့ကြောင့်-

နိဿာယဂယှတိတိနိဂ္ဂဟိတံ။ ကိံ နိဿံယာတိရဿသရံနိဿာယ။[၁]

ဟူ၍ ချာသဆရာ မိန့်အပ်သည်။ "ရဿသရံ နိဿယ ဂယှတိ ကရဏံ နိဂ္ဂဟိတ္တာ ဂယှတိတိ နိဂ္ဂဟိတံ" [၂] ဟူ၍ ရူပသိဒ္ဓိနှိုက် မိန့်အပ်သည်။ ဤသည်များနှင့်အညီ နိဂ္ဂဟိတ်သည် ရဿနှိုက်သာ ယှဉ်လေသည်ဖြစ်၍ ဒီဃနောင် နိဂ္ဂဟိတ် မနှောင်းရာလေ။ ပါဒန္တကြိုက်ရာနှိုက်ကား ဒီဃ၏အသံဖြစ်၍ ၂-မတြာပြည့်ရင်းဖြစ်သောကြောင့် လွန်ရဘွယ်မရှိပြီ။ သံယုဂ်နောင်းသော ဒီဃနှိုက်သော်ကား "အ,ဣ,ဥ,ဧ,ဩ တေသု သံယောဂပုဗ္ဗာ ရဿာ ပဒိဿန္တိ ဒ္ဝေပနန္တိမာ"ဟူ၍ မောဂ္ဂလာန်နှိုက် မိန့်အပ်သည်ကို ထောက်သော်။ဧ, ဩ ဟူသော ဒီဃ ၂-လုံးနောင်လည်း သံယုဂ်နောင်း

၁ နျာသ ၁၆။
၂ ရူပသိဒ္ဓိ ၆။

ကောင်း၏။ ထိုမောဂ္ဂလာန်ပါဠိ၏အဓိပ္ပါယ်ကား-အ,ဣ,ဥ,ဧ,ဩဟူသော ဒီဃသရတို့တွင် အဆုံးဖြစ်သော ဧ,ဩဟူသော သရ ၂-လုံးကို သံယုဂ်၏ ရှေးရှိသောရဿဟူ၍ ရှုအပ်ကုန်၏ဟူထိုသည်။ ဤနှိုက် အ,ဣ,ဥ, တို့ကား ရဿစပ်စဖြစ်ပြီ။ အာ, ဤစသော ဒီဃတို့တွင် ဧ,ဩဟူသော ဒီဃ ၂-လုံးကိုသာ သံယုဂ်၏ ရှေးရှိသောရဿမည်၏ဟုဆိုသည်။ အာ,ဤ,ဦဟူသောဒီဃတို့ကိုထည်း ဤနည်းအတူ သံယုဂ်၏ရှေးရှိသောရဿမည်၏ဟူ၍ ထည်းကောင်း၊ဒီဃပင်မည်၏ဟူ၍ ထည်းကောင်း မဆို။ထိုသို့အာ,ဤ,ဦတို့နောင် သံယုဂ်ကို မဆိုသောကြောင့် ဧ,ဩတို့နောင်သာ သံယုဂ်နောင်းကောင်း၏ဟူသောစကားသည် ရောက်၏။ "ယထာဂ္ဂမံ၊ ပါဩစဇ္ဇော၊ဗြာဟ္မဏော၊ ဗာဝါ"စသည်ဖြင့် အာကာရန္တနောင်ထည်း သံယုဂ်ရှိသည်ထင်သောကြောင့် ဧ,ဩနောင်သာမဟုတ်၊ အာ ဒီ ဃ နောင် ထည်း နှောင်းကောင်း၏။ 'အာကာကွတ္ထံ၊ သညာက္ခန္ဓော'စသောပါဠိတို့ရှိက်ထည်း အာဒီဃနောင် ဒွေးဘော်ဖြစ်သောကြောင့် သံယုဂ်နောင်းသည်ပင်။ ဒွေးဘော် ဖြစ်ရာသည်ကား ရဿ ၃-လုံးနောင်ထည်းကောင်း၊ အာအက္ခရာနောင်ထည်းကောင်း နှောင်းသောဗျည်းသည် ဒွေးကော်ဖြစ်သင့်သောအရာဖြစ်၏။ ထိုကြောင့်-

> ဌာနေတိ စေတ္ထ ရဿသရတောစ အာကာရတောစ ပရံ ပဿတိ။ ။ဟူ၍ ထည်းကောင်း။ ။အာကာရတော အက္ခာတော၊ တက္ခာက္ခယော၊ အာကာကွတ္ထံ၊ သညာက္ခန္ဓော။ အာစ္ဆာဒယတိ၊အာဏာဝသတိတျာဒိ ဧဝံ ဗဟုပယောဂေါ။ [၁]

ဟူ၍ ကစ္စာယနဋီကာ မိန့်အပ်သည်။ ဤဆိုသော အရာများကို ထောက်၍ အာ,အက္ခရာနောင်ထည်း နှောင်းကောင်းသောကြောင့် အာ,ဧ,ဩဟူသော ဒီဃ ၃-လုံးတို့နောင် သံယုဂ်နောင်းကောင်း၏ဟု ဆိရာ၏။ ။ဃင်းသို့သော်- မောဂ္ဂလာန်ဆရာသည် ဧ,ဩနောင် သံယုဂ်ကိုသာ အဆယ်ကြောင့် မိန့်အပ်သနည်းဟူမူကား ဒွေးဘော်ကား သဒ္ဒါဖြစ်တိုက်ရာသာ ဖြစ်သောကြောင့် သဒ္ဒါ၏သဘောဖြစ်သည်။ သဒ္ဒါ၏သဘောထည်း ဝါစာသိလိဋ္ဌအကျိုးမျှသာ ဟူသောကြောင့် အရာခပ်သိမ်း ဒွေးဘော်မရောက်၊ ဒွေးဘော်ရောက်သော်သာ သံယုတ်ဟုဆိုရအံ့သည်။ အာကာရန္တနောင် သံယုဂ်ထည်း ဒွေးဘော်ရောက်၍ ဖြစ်သည်သာထင်သည်။ ဒွေးဘော် မရောက်ရာ သံယုဂ် မဟူရသောကြောင့် နည်းထည်းနည်းအံ့သည်။ အမြဲးထည်း မဟုတ်လေ။

---

၁ ကစ္စာယန ဝဏ္ဏနာ ၄၇၊ ၅၀။

မူလလည်းမဟုတ်လေ။ ထို့ကြောင့် အာကာရန္တနောင် သံယုဂ်ကို အထူးမဆိုလေသည်ဟုယူသင့်၏။

ယင်းသို့ ဧ,ဩ,တို့နောင် သံယုဂ်ကား သဒ္ဒိစဝ်၍ ရှိသည်မဟုတ်ပါလော ဟူအံ့။ သဒ္ဒိစဝ်၍ ဖြစ်သည်လည်းရှိ၏။ သဟောအားဖြင့် မူလလည်းရှိ၏။ သေယျ, ဧယျ, သေဒ္ဒ,ဧဒ္ဒစသည်ဖြင့် သံယုဂ်နှင့်တကွ တဒ္ဒိတ်ပစ္စည်း။ ကရေယျ, ကရေယျုံ, ဘာဧသာတိ,အာနေသာတိ စသည်ဖြင့် အာချာတ်ဝိဘတ်။ ယောတြံ,သောတြံ စသည်ဖြင့် ကိတ်ပစ္စည်းသက်၍ မူလသံယုဂ်လည်းထင်၏။ သဒ္ဒိစဝ်၍ဖြစ်သော သံယုဂ်လည်းထင်၏။ အာကာရန္တနောင်ကား သဒ္ဒိစဝ်၍ ဖြစ်သောအရာသာများစွာထင်၏။ ယင်းသို့လျှင် အာကာရန္တနောင် သံယုဂ်ဖြစ်သည်ကား သဒ္ဒိစဝ်သောအရာတွင်သာ၊ သဒ္ဒိစဝ်၏ဟူသည်လည်း ဝါစာသိလိဋ္ဌ ဆန္ဒာနုရက္ခဏ အရာတွင်သာဖြစ်၍ မမြဲရာသောကြောင့် နည်းလည်းနည်းအံ့သည်။ ထိုသံယုဂ်နှောင်းသော အာကာရန္တသည် ရဿကဲ့သို့ ဘတ်အဝ်သည်လည်းမြဲအံ့သည်။ ထို့ကြောင့်ဖြစ်၍ လည်း အထူးမဆိုလေသည်ဟုယူသင့်၏။ ။တကြောင်းလည်း ဧ, ဩ, နောင် သံယုဂ်နှောင်းရာ ရဿမည်၏ဟု မောဂ္ဂလာန်ဆရာ မိန့်သည်ကား အစုံအစုံ သဝဏ်ဖြစ်ဟန်ကို ပြလိုသို့ ဧ,ဩကိုသာ အထူးဆိုလေသည်။ အ,အာဟူ၍ အဝဏ်တွင် အစုံရှိပြီ။ ဣ,ဤ,ဥ,ဦ တို့မှာလည်း စုံပြီ။ ဧ-နှင့် ဩ-နှိုက်ကား အစုံမရှိ။ အသဝဏ္ဏဖြစ်ခဲ့၏။ထို့ကြောင့်-

> နတ္ထိ ဧတေသံ သဝဏ္ဏောတိ အသဝဏ္ဏာ၊ ကေတော ကောရောကာရာဝ၊ဣတရေ ပန အာကာရာဒယော သဝဏ္ဏာတိ ဝုစ္စန္တိ။ [1]

ဟူ၍ ချာသန့်ဂိ မိန့်အဝ်သည်။ ဤသို့လာသည်ကိုထောက်၍ ဧ,ဩတို့ကိုသာ အစုံဖြစ်အောင် ဧ,တေ၊ ဩ,ဩတ်ဟူ၍ ရဿ ၅-လုံး၊ ဒီဃ ၅-လုံး ပြလေသည်ဟူ၍ လည်း ယူအပ်၏၊ ယူသင့်၏။ ။တကြောင်းလည်း ထို ဧ,ဩတို့ကို အာအာဂမရာကဲ့သို့ သံယုဂ်နှောင်းတိုင်း တိုသောအသံဖြင့် မရှတ်ရ၊ အချိသဖြင့်သာ ရှုတ်ရသည်၊ ထို့ကြောင့်-

> ကွစိသံယောဂပုဗ္ဗာ ကောရောကာရာ ရဿာ၊ ယထာ ဇ္ဇော, သေယ္ယော, ဩဒ္ဒေါ, သောတ္ထိ၊ ကွစိတိကိ မညွေတ္ထံ နိကွမံဝနေ၊ ပုတ္ထော တျာဟံ မဟာရာဇ။ [2]

ဟူ၍ ရူပသိဒ္ဓိ, သဒ္ဒနီတိတို့ရှိက် မိန့်အဝ်သည်။ ဤသို့သော အရာများကို ထောက်၍ သံယုဂ်နောင် ဧ,ဩတို့ကို အရာခဝ်သိမ်းရဿကဲ့သို့မရှုတ်ရ။ အာကာရန္တကိုကား

---

၁ ချာသ ၂၄။
၂ ရူပသိဒ္ဓိ ၄။ ၃ သဒ္ဒနီတိ ၆။

ဝဂ္ဂန္တ အ,ဝဂ် သံယုဂ်မှတပါး သံယုဂ်နှောင်းတိုင်း ရဿကဲ့သို့ ရွတ်ရ၏။ ရှိ၏။ ထိုသို့ ဧ,ဩဿိုရှိက်သာ သံယုဂ်နှောင်းထွက်ပင် ရဿကဲ့သို့ မဿတ်ရသည် ထည်းရှိ၏။ ဘတ်ရသည်လည်းရှိ၏။ ထိုသို့ အထူးဖြစ်သောကြောင့် ထည်းကောင်း ဧ,ဩဿိုကိုသာ မောဂ္ဂလာန်ရှိက် မိန့်လေသည်ဟူ၍ သော်ထည်း ယူသင့်၏။ ဤထက် အလွန်ကိုထည်း ဆင်ခြင်ပါ။

ထို့ကြောင့် နိဂ္ဂဟိတ်မ့ထောက်၍, နောက်အက္ခရာကို အတ္ထနောဟူ၍, မယူထို။ ရှေးအက္ခရာကိုသာ အတ္ထနောဆိုသည် ဟူ၍,ယူထို၏။ ထိုသို့ နိဂ္ဂဟိတ်မ့ ထောက်၍, ရှေးဖြစ်သော အမှီသရကို အနန္တရဟူ၍, ဆိုသော အရာသော်ကား နည်းအံ့သည်။ မှီရာစပ်ရာဖြစ်၍, အတ္ထနောသော်ကား ဆိုသင့်၏။ ထိုသို့ အတ္ထနောဆိုအပ်သော မှီရာသရမ့ထောက်၍, နောက်အတို့နိုက် အချန်မဲ့ဖြစ်၍,တည်သော နိဂ္ဂဟိတ်သည်ကား အနန္တရ, သမနန္တရဟူရာနိုက် ရှေးရှေးမ့ ထောက်၍, နောက်နောက်သည် အနန္တရ, သမနန္တရ, မည်၏ ဟူသော စကားနှင့် လည်းကောင်း၊ အထပုဋ္ဌာနိ-နိုက်အထသဒ္ဒါကို တဒ္ဓိတ်ကျမ်း၏အချန်မဲ့နိုက်ဟူ၍,တဒ္ဓိတ်ကျမ်းကိုဟောခြင်း ကြိယာနှင့်ပြည့်စုံသောကာလကို ရှေ့ပြု၍, ဟောပြီးသော နောက်ကာလ အာချာတ်ကျမ်းကို ဟောအံ့သည်၏ အစအခါကို နောက်ပြု၍, အနန္တရသဒ္ဒါ၏ အနက်ကို သမ္ဗန်သည်နှင့်ထည်းကောင်းလျော်စွာ အ,သရဟူသော အတ္ထနောသဒ္ဒါ၏ အနက်သည် ရှေးမှတည်၍, နိဂ္ဂဟိတ်သည် နောက်အတို့ဖြစ်သောကြောင့် အနန္တရထည်း မည်လေ၏။ ထိုသရနိုက်မှီသည်, ထိုသရနှင့် စပ်သည်ဖြစ်၍, အတ္ထနောထည်း မည်လေ၏။ ထို့ကြောင့် အမှီ အ,သရကို အတ္ထနောဟူ၍, ဆိုအပ်သတည်း။ အတ္ထနော သဒ္ဒါ၏အရသည် အမှီ အ, သရဖြစ်လေသတည်း။ ဤသို့ထွင် အသရ၏ နောက်မှ အချန်မဲ့ရှိုက်အပ်သော ဗိန္ဒုသည် နိဂ္ဂဟိတ်မည်၏ဟု နှလုံးသွင်းရာ၏။

၃၀– အက္ခရာတို့တွင် ဃောသ, အဃောသ, သိထိလ, ဓနိတ– စသည်ဖြင့် ဌာန်ဖြစ်ရာကို ခွဲ၍ပြခြင်းအကြောင်း

ဤသို့ ဆိုအပ်ပြီးသော က–အစ နိဂ္ဂဟိတ်အဆုံးရှိသော ၃၃-လုံးသော ဗျည်းတို့သည် ဆိုအပ်ပြီးသောအတိုင်း သရတို့ကိုမှီ၍ အသံဖြစ်သောလခါ, ၃၃– လုံးသော ဗျည်းတို့၏ အသံသည် ရဿသရကိုမှီခိုက်, တမထြာခွဲးမျသာ အညီအညွတ်ဖြစ်၏။ ဒီဃသရကိုမှီခိုက် ၂-မထြာခွဲးမျသာ အညီအညွတ် အသံဖြစ်ကြ၍, ထင်သောအသံ, မထင်လွန်းသောအသံ, အပြင်းအညှံ့စသည်ဖြင့် မကွဲးပါဘြီလော ဟူအံ့။ က,ခ,စ,ဆ,ဋ,ဌ,ထ,ပ,ဖ,သ-ဤ ၁၁-လုံးသော ဗျည်းတို့သည် မထင်သောအသံသည်ဖြစ်၍, "အဃောသ"မည်ကုန်၏။ဂ,ဃ,ဇ,ဈ,ဉ,ဠ,ဍ,ဏ,ဒ,ဓ,န,ဗ,ဘ,မ,ယ,ရ,လ,ဝ,ဟ,ဠ-ဤ ၂၁-လုံးတို့ကား ထင်သောအသံရှိသည်ဖြစ်၍, "ဃောသ"မည်ကုန်၏။ ထိုကြောင့်-

> တတ္ထ ဝဂ္ဂါနံ ပဌမ ဒုတိယာစ သကာရောစ အဃောသာ၊ ဝဂ္ဂါနံ တတိယ စတုတ္ထ ပဉ္စမာ ယ,ရ,လ,ဝ,ဟ,ဠာစာတိ ကေဝိသတိဃောသာနာမ။ [၁]

ဟူ၍, ရူပသိဒ္ဓိ ကစ္စာယနဝဏ္ဏနာတို့နှိုက် မိန့်အပ်သည်။ သဒ္ဒိစာကိုယ်တွင်ပင်လည်းရှိ၏။ ဆောင်လွယ်သောပါဠိဖြစ်၍, သွင်းလိုက်သည်။ ။ထိုဃောသ အဃောသ-ဟူသောအမည်ကို "ဃောသော တေသ အတ္ထိ။ နတ္ထိ ဃောသော တေသာတိ"စသော စနတ္ထနှင့်ညီစွာ တိုက်ရိုက်အားဖြင့် အသံရှိသည် မရှိသည်ဟူ၍, မယူလို၊ အဘယ့်ကြောင့်နည်းဟူမူကား....အဃောသပင် ဖြစ်သော်လည်း ရဿနှင့်ယှဉ်ခါတမထြာခွဲး၊ ဒီဃနှင့်ယှဉ်ခါ ၂-မထြာခွဲး စသည်ဖြင့် ဆိုအပ်ပြီးသော အတိုင်း အသံရှိသည်ဖြစ်၏။ ထိုသို့ရှိသော်လည်း ထိုအသံသည် မထင်လွန်းသည် ဖြစ်၏။ *ဃောသကာ*း ထင်သောအသံဖြစ်၏။ ဤသို့ထင်သည် မထင်လွန်းသည်ကိုသာ ယူသင့်၏။ ထိုကြောင့်-

> ဣဿ ပဌမသုဝဂ္ဂေသု၊ ဝဂ္ဂါနံ ပဌမာ ပရာ။
> ဝဂ္ဂါနံ ဒုတိယာယဿ၊ သကာရောစ တထာပရော။
> အဗျတ္တနာဒ ယုတ္တတ္တာ၊ အဃောသိတာ ပကာသိတော။
> ဝဂ္ဂါနံ တတိယာစေဝ၊ စတုတ္ထ ပဉ္စမာ တထာ။
> ယ,ရ,လ,ဝ,ဟ,ဠာစေဝ၊ ကေဝိသတိ ဗျဉ္ဇနာ။
> ဗျတ္တနာဒေန ယုတ္တတ္တာ၊ ဃောသာဇုတိ ပကာသိတာ။ [၂]

---

၁ ရူပသိဒ္ဓိ ၆။ ၂ ကစ္စာယနဝဏ္ဏနာ ၂၂။

ဟူ၍ ဝဏ္ဏနာန္ဒိတ် မိန့်အပ်သည်။ ထိုသို့ မိန့်အပ်သောကြောင့် အဿသ-ဟူသောပုဒ်နှိုက် အ-အက္ခရာသည်-

ပဋိသေဓေ,ဝုဒ္ဓိ, တဿဝေ၊ အညတ္ထေ, သဒိသေဝိစ။
ဝိရုဒ္ဓေ, ဂရဟေ, သုညေ၊ အ,ကာရော ဝိရဟပ္ပကေ။ [၁]

ဟူသော ချာသပါဠိနှင့်အညီ ပဋိသေဓ-စသော ဆယ်ပါးသော အနက်တို့တွင် အ,ကုသလာ-ဟူသည်နှိုက်ကဲ့သို့ ဝိရုဒ္ဓအနက်သော်လည်းကောင်း, အနုဒရကညာ-ဟူသကဲ့သို့ အပ္ပက အနက်သော်လည်းကောင်း ကြံရာ၏။ ထိုတွင် အပ္ပကအနက်သည် အတိယုတ္တကဲ့သို့ရှိ၏။ ဤသို့ဖြင့် ထင်သည် ,မထင်လွန်းသည်ဟူသော အဆံကိုစွဲ၍. ဿသ, အဿသ ဟူသောအမည်ဖြင့် ကွဲးကုန်၏။ ။ထိုမှတပါးလည်း ဖြစ်ရာဌာနအားဖြင့် မတူကြသည်ဖြစ်၍. ဌာန်နှင့်ထျော်စွာ အဆံကွဲးသည်လည်း ဖြစ်၏။ အဘယ်သို့ ဖြစ်ရာဌာန်အားဖြင့် ကွဲးသနည်းဟူမူကား....လည်းချောင်းစသော ဌာန်တပါးဘည်းနှိုက်သာဖြစ်၍. ဌာန်တပါး မရောသော ကေဇအက္ခရာ, လည်ချောင်းအာစောက် စသည်ဖြင့် ဌာန်နှစ်ပါးရောသော ဒွိဇအက္ခရာဟူ၍. ဖြစ်ရာဌာန်နှင့် ထျော်စွာလည်း ကွဲးသည်ဖြစ်၏။ထိုတွင် အ,အာ၊ ဣ,ဤ၊ ဥ, ဦဟူသော သရ ၆-လုံး ဝ-ဗျည်းကြဉ်သောဗျည်း ၃၂-လုံး ဤ ၃၈-လုံးသော အက္ခရာတို့သည် ဌာန်တပါးစီသာဖြစ်၍. "ကေဇ"မည်ကုန်၏။ ဧ,ဩဟူသော သရ ၂-လုံး၊ ဝ-ဗျည်း ဤ ၃-လုံးသော အက္ခရာတို့သည် ဌာန် ၂-ပါးနှိုက်ရော၍. ဖြစ်သောကြောင့် "ဒွိဇ"မည်ကုန်၏။ ။ကေဇအက္ခရာ ၃၈-လုံးတို့တွင် အ၊အာ၊က၊ခ၊ဂ၊ဃ၊င၊ဟ-ဤရှစ်လုံးတို့ကား လည်ခေါင်းဌာန်နှိုက်ဖြစ်၏။ ဣ၊ဤ၊စ၊ဆ၊ဇ၊ဈ၊ည၊ယ-ဤရှစ်လုံးတို့ကား အာစောက်ဌာန်နှိုက်ဖြစ်၏။ ဋ၊ဌ၊ဍ၊ဎ၊ဏ၊ရ၊ဠ ဤ ၇-လုံးတို့ကား ထျာထိပ်ဌာန်နှိုက် ဖြစ်၏။ တ၊ထ၊ဒ၊ဓ၊န၊ထ၊သ ဤ ၇-လုံးတို့ကား သွားဌာန်နှိုက် ဖြစ်၏။ ဥ,ဦ၊ပ၊ဖ၊ဗ၊ဘ၊မ- ဤ ၇-လုံးတို့ကား နှုတ်ခမ်းဌာန်နှိုက် ဖြစ်ကုန်၏။ ထိုကြောင့်-

အဝဏ္ဏ ကဝဂ္ဂ ဟကာရာ ကဏ္ဌဇာ၊ ဧဝဏ္ဏ စဝဂ္ဂ ယကာရာ တာလုဇာ၊
ဥဝဂ္ဂ ယကာရ ဥကာရာ မုဒ္ဓဇာ၊ တဝဂ္ဂ လကာရ သကာရာ ဒန္တဇာ၊ ဥဝဏ္ဏ
ပဝဂ္ဂါ ဩဋ္ဌဇာ။ [၂]

ဟူ၍ ချာသ-ရူပသိဒ္ဓိတို့နှိုက် မိန့်အပ်သည်။

---

၁ ချာသ ၁၃။ ၂ ချာသ ၁၁။ ရူပသိဒ္ဓိ ၂။

အဝဏ္ဏောစေဝ ကဝဂ္ဂေါ၊ ယကာရော ဘျဋ္ဌ ကဏ္ဏဇော။
ဣဝဏ္ဏော စေဝ စဝဂ္ဂေါ၊ ယကာရော ဘျဋ္ဌ တာလုဇော။
ဥဝဂ္ဂ ရဋ္ဌကာရာတိ၊ သတ္ထ မုဒ္ဓဇိ ဇာယရေ။
တဝဂ္ဂ လသကာရာတိ၊ သတ္ထ ဒန္တေသု ဇာယရေ။
ဥဝဏ္ဏောစေဝ ပဝဂ္ဂေါ၊ သတ္ထ ဩဋ္ဌဇေသု ဇာယရေ။

ဟူ၍ နိဒ္ဒေသ,ကစ္စာယနဝဏ္ဏနာတို့၌လည်း မိန့်အပ်သည်။ ဤဆိုလျှင် လည်ချောင်းဟူသော ကဏ္ဌဌာန်, အာစေရက်ဟူသော တာလုဌာန်, လျှာထိပ်ဟူသော မုဒ္ဓဌာန်, သွားဟူသော ဒန္တဌာန်, နှုတ်ခမ်းဟူသော ဩဋ္ဌဌာန်, ဤသို့ ဌာန်, ၅-ပါး၌ သည်ကိုရည်၍ ....“တထာဟိ ပဋ္ဌာနာနိ ကဏ္ဌ တာလု မုဒ္ဓ ဒန္တောဋ္ဌ ဝသေန” ဟူ၍ ချာသန်ရိုက် မိန့်အပ်သည်။

ပဋ္ဌန်ဒပန ဌာနာနံ၊ ပဋိပါဋိဝသာဝိစ။
နိဿယာဒိ ပဘေဒေဟိ၊ ဝုတ္ထော ဇေတသမနုဏ္ဏမော။ [၂]

ဟူ၍ ချာသန်ရိုက်လည်းကောင်း၊ ဝဏ္ဏနာ-နိဒ္ဒေသ၌ လည်းကောင်း မိန့်အပ်သည်။ တခုခုသောပါဋိကိုရေးလျှင် ပြီးကောင်းလျက် ဆန္ဒရှိရာပါဋိကို ဆောင်စေလိုသော ကြောင့် ရေးလိုက်သည်။ ။ဤကဏ္ဌစသောဌာန် ၅-ပါးတို့ရိုက် နိဂ္ဂဟိတ်သည်မဝင်ဃေ။ ထိုနိဂ္ဂဟိတ်သည်ကား....နှာခေါင်းဟု ဆိုအပ်သော နာသိကဌာန်ရိုက် ဖြစ်၏။ ထိုနာသိကဌာန်နှင့်သော် ဌာန် ၆-ပါးဖြစ်၏။ ထိုကြောင့် “တတ္ထ ဆဋ္ဌာနာနိ ကဏ္ဌ တာလု မုဒ္ဓ ဒန္တ နာသိကာနံ ဝသေန” [၃] “ဟူ၍ ရူပသိဒ္ဓိရိုက် မိန့်အပ်သည်။ ။ထို၆-ပါးသော ဌာန်တို့ရိုက် ကဏ္ဌဇဖြစ်သော ဟ-အက္ခရာသည် ဝ,ဥ,ဏ, န,မ,ယ,ဃ,ဝ-ဟူသော ရှစ်လုံးသော ဗျည်းတို့နှင့် ယှဉ်သောအခါ၊ ရင်ဟူသော ဥရ-ဌာန်ရိုက် ဖြစ်၏။ ထိုဗျည်းတို့နှင့် မယှဉ်မူကား မိမိ၏ ကဏ္ဌဌာန်၌ လည်းကောင်း ဖြစ်၏။ ထိုကြောင့်-

ဟကာရံ ယဇ္ဈမေ ဟော၀၊ အန္တဋ္ဌာဟိစ သံယုတ္တံ။
ဩရသန္တိ ဝဒန္တေတ္ထ၊ ကဏ္ဌေ တဇ သံယုတ္တံ။ [၄]

ဟူ၍ ရူပသိဒ္ဓိ၌ မိန့်အပ်သည်။ ။နိဒ္ဒေသကစ္စာယနဝဏ္ဏနာတို့ရိုက်လာသောပါဋိကား....အန္တဋ္ဌာဟိ-အတွက်ကို၊ ယဝဃေဟိ ဟူ၍ ရှိသည်သာထူး၏။ ဤ၌ ယရ

---

၁ ချာသ ၁၁။ ၂ ချာသ ၁၁။ ကစ္စာယနဝဏ္ဏနာ ၁၄။
၃ ရူပသိဒ္ဓိ ၂။ ၄ ရူပသိဒ္ဓိ ၃။

ထဝတ္ထိုကို ကလာဝ်ကျမ်း၌ အန္တ၌, ၊ယ, ရ, လ, ဝါဟု-သုတ်တည်၍. အန္တ၌ မည်လေသည်။ ထိုဥရဒ္ဒာန်နှင့်သော် ဒ္ဒာန ၇-ပါးဖြစ်၏။ ထိုကြောင့်-

သဏ္ဌ ဒ္ဒာနာနိ ဝဏ္ဏာနံ၊ ဥရော ကဏ္ဌောစ တာလုစ။
မုဒ္ဓ ဒန္တာစ ဩဋ္ဌာစ၊ နာသိက ဒ္ဒာန မေဝစ။ [၁]

ဟူ၍. နိဒ္ဒေသန်ိက် မိန့်အပ်သည်။ ။ဤသို့ဣုင် ကေဇအက္ခရာ ၃၈ ထုံးတို့၌ ဒ္ဒာန် သည် ၅-ပါး, ၆-ပါး, ၇-ပါး ပြားသည်ဖြစ်၏။ ဒွိဇဖြစ်သော ဧ, ဩ ဟူသော သရန္ဒစ်ထုံး၊ ဝ-ဗျည်း၊ ဤ ၃-ထုံးတို့ထွင်ကား အေက္ခရာသည် ကဏ္ဌတာလု ဟု ဆိုအပ်သော ထည်ချောင်း, အာစောက် ဟူသော နှစ်ပါးသော ဒ္ဒာန်ိုက်ဖြစ်၏။ ဩ, အက္ခရာသည်ကား-ကဏ္ဌ, ဩဋ္ဌဟုဆိုအပ်သော ထည်ချောင်း, နှုတ်ခမ်းဟူသော ဒ္ဒာန်နှစ်ပါး၌ဖြစ်၏။ ဝ,ဗျည်းသည်ကား-ဒန္တဩဋ္ဌဟု ဆိုအပ်သော် သွား, နှုတ်ခမ်း ဟုဆိုအပ်သော နှစ်ဒ္ဒာန်၌ဖြစ်၏။ ထိုကြောင့်-"ကောရောကဏ္ဌတာလုဇော၊ဩ-ကာရော ကဏ္ဌဩဋ္ဌဇော။ ဝ-ကာရော ဒန္တဩဋ္ဌဇော" [၂] ဟူ၍ ချာသန်ိက်မိန့်အပ်သည်။ ရူပသိဒ္ဓိန်ိက်ထည်း နည်းတူထာ၏။ ကစ္စာယနဝဏ္ဏနာ၌ထည်း-

ကဏ္ဌ, တာလု ဘဝေကာရော၊ ဩ,ကာရော ကဏ္ဌဩဋ္ဌဇော။
ဒန္တောဋ္ဌဇော ဝ, ကာရောတိ၊ သိဒ္ဓေါ တေသမနုက္ကမော။ [၃]

ဟူ၍. မိန့်အပ်၏။ ။ဆိုခဲ့ဦးသော ကေဇအက္ခရာ ၃၈-ထုံးတို့ထွင် ဂ၊ဥ၊ဏ၊န၊ မ၊ ဤဝဂ္ဂန္တအက္ခရာ ၅-ထုံးတို့သည် "ပဋ္ဌမာ နာသိကာ ဇာတာ၊ တေ သကဋ္ဌာန ဇာဝိစ" [၄] ဟူသော နိဒ္ဒေသပါဠိကိုထည်းကောင်း "ဂ၊ဥ၊ဏ၊န၊မာ-သကဋ္ဌာနနာသိကဋ္ဌာနဇာ" [၅] ဟူသော ရူပသိဒ္ဓိပါဠိကိုထည်းသောင်း ထောက်သော် ဝဂ္ဂန္တ ၅-ထုံးတို့သည် မိမိဋ္ဌာန်, နာသိကဋ္ဌာန်အား ဖြင့် နှစ်ဋ္ဌာန်၌ဖြစ်၍. ဒွိဇကဲ့သို့ရှိ၏။ ထင်းသို့ဖြစ်သည်ရှိသော် ကေဇအက္ခရာ ၃၃-ထုံး၊ ဒွိဇအက္ခရာရှစ်ထုံး ဖြစ်ကောင်း၏။ ဤသို့ဣုင် ၃၃-ထုံးသော ဗျည်းတို့သည် ဒ္ဒာန်မတူကြသည် ဖြစ်၍. ထည်း ဒ္ဒာန်နှင့် လျော်စွာ အသံကဲ့ရာသည်ဖြစ်၏။ ကဏ္ဌစသည်ဖြင့် ဒ္ဒာန်တူရာန်ိုက် ထည်းကောင်း၊ ဃောသ, အဃောသ အဖြစ်ဖြင့် ကဲ့းသတည်း။ က,ခ-စသည်ဖြင့် အဃောသ၏ အဖြစ်၊ ဂ,ဃ,ဝ, စသည်ဖြင့် ဃောသ၏ အဖြစ် တူရာ၌ထည်း၊ သိထိလ, ဓနိတ-စသော သဒ္ဒါဆယ်ပါး၏ အသံအားဖြင့်ထည်း ကဲ့ပြန် သတ္တည်း။ ဆယ်ပါး ဟူ

---

၁ နိဒ္ဒေသ။ ၂ ချာသ ၁၁။ ၃ ကစ္စာယနဝဏ္ဏနာ ၁၄။
၄ နိဒ္ဒေသ။ ၅ ရူပသိဒ္ဓိ ၃။

သည်ကား-သိထိလ,ခနိတ, ဒီဈ, ရဿ, ဂရ, လဟု, သမ္မန္တ, ဝဝတ္ထိတ, နိဂ္ဂဟိတ, ဝိမုတ္တ ဟူ၍. ဆယ်ပါးပြား၏။ ထိုကြောင့်-

> သိထိလံ ခနိတဉ္စ ဒီဈရဿံ၊ ဂရကံလဟုကဉ္စ နိဂ္ဂဟိတံ။ သမ္မန္တ ဝဝတ္ထိတံ ဝိမုတ္ထံ။ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဆေဒေါတိဝုတ္ထော အယံ သုဒ္ဓ၊ ဥပလက္ခေ တဗ္ဗော။

ဟူ၍. ဝိနယသင်္ဂဟ၌က် မိန့်အပ်သည်။ ။ထိုဆယ်ပါးသောသဒ္ဒါတို့ထွင် သိထိလ ဟူသည်ကား ဝဂ် ၂၅-လုံးတို့ထွင် ပဌမက္ခရာ, တတိယက္ခရာ, ဝဂ္ဂန္တအား ဖြင့် ကဂဃ၊ စဇဈ၊ ဋဍဏ၊ တဒန၊ ပဗမ၊ ၅၂-လုံးတို့သည် သိထိလ မည်ကုန်၏။ ခ, ဆ၊ ဈ, ဿ၊ ဋ, ဌ၊ ဍ, ဎ၊ ထ, ဓ၊ ဖ, ဘ၊ ၅၂ ဆယ်လုံးသော ဝဂ်တို့သည် ခနိတ မည်ကုန်၏။ ထို့ကြောင့် ရူပသိဒ္ဓိ၌က် "ထွော့စ ဝဂ္ဂ ဒုတိယ စတုတ္ထာ ခနိတာတိဝိ ဝုစ္စတိ။ ဇုတရေ သိထိလာတိ ဝုစ္စန္တိ" ဟူ၍. မိန့်အပ်သည်။ ဝိနယသင်္ဂဟ၌ကား- "ထွေဟိ သိထိလံနာမ ပဋမဆုဝဂ္ဂေဆု ပဌမတတိယံ။ ခနိတံနာမ တေသွေဝ ဒုတိယစတုတ္ထံ" ဟူ၍. သိထိလထွင် ဝဂ္ဂန္တ အဝဂ်တို့ မပါလေ။ ပဌမ, တတိယသာ ဆိုသောကြောင့် က,ဂ,စ,ဇ,ဋ,ဍ,တ,ဒ,ပ,ဗ-ဟူ၍. သိထိလ ဆယ်လုံးသာဖြစ်၍. ဝဂ္ဂန္တအဝဂ် လွတ်အံ့သို့ရှိ၏။ ရူပသိဒ္ဓိ၌ကား- "ဇုတရေသိထိလာ" ဟုသောကြောင့်၊ ခနိတဆယ်လုံးမှတပါး ကြွင်းသော ဝဂ်ချည်းသည် သိထိလ မည်ကောင်း၏။ ထိုကြောင့် ဆိုခဲ့ပြီးသော အတိုင်း သိထိလ ၁၅-လုံး ဟုကောင်း၏။ ဤသို့ယူရမှ ဝဂ္ဂန္တ မလွတ်ရှိအံ့သည်။

ကမ္မဝါစာရွတ်ခါ ဂ-ဝဂ္ဂန္တမှတပါး ဥ,ဏ,န, မ-ဟူသော ဝဂ္ဂန္တ ၄-လုံးကြွက် အံ့သည်မချွတ်။ ထိုကိုသိထိလအဖြစ် ရွတ်ရအံ့လော၊ ခနိတအဖြစ် ရွတ်အံ့လော ဟူ၍. မဆုံးဖြတ်သာ ရှိအံ့သည်။ ထိုကြောင့် ဝဂ္ဂန္တပါယူမှ သင့်အံ့သည်။ ယင်းသို့သော် ဝိနယသင်္ဂဟ၌က် အဘယ့်ကြောင့် ဝဂ္ဂန္တကိုသွင်း၍. မဆိုပါသနည်းဟူမူကား- ထိုဝဂ္ဂန္တသည် ဌာန်တူ ဖြစ်သော တပါးတပါးသော ဝဂ်နှိုက် တလုံးစီသာ ဖြစ်၍. ဩဿ, အဩဿ, လျှင်းတွယ်မရှိ။ ဩဿချည်းဖြစ်၍. ထင်သော အသံဖြင့် ရွတ်အပ်သည်ချည်း ဖြစ်၏။ ထိုသို့ ထင်သော အသံဖြင့် ရွတ်အပ်သည်ချည်း ဖြစ်၍. ထိုဝဂ္ဂန္တ၏ လိုအပ်သောအသံပြည့်စုံပြီ။ ဌာန်အားဖြင့်လည်းကောင်း၊ ဝဂ်အားဖြင့်လည်းကောင်း တူရာ၌ တလုံးသာဖြစ်၍. သိထိလ, ခနိတ မခွဲးသာပြီ။ က,ခ,ဂ,ဃ-ဟူသော ၄-လုံးသော ဗျည်းတို့သည်ကား ဌာန်တူ, ဝဂ်တူသော်ကား ဖြစ်၏။ က, ခ,

---

၁ ရူပသိဒ္ဓိ ၆။

နှစ်လုံးကား အဓေယ္ယသ။ ဂ, ဃ နှစ်လုံးကား ဓေယ္ယသဖြစ်၍, ကွဲး၏။ ထို က, ခ ဟူသော နှစ်လုံးတွင်လည်း က,ဗျည်းကား သိထိလ။ ခ,ဗျည်းကား ဓနိတဖြစ်၏။ ဂ,ဃ ဟူသော နှစ်လုံးထွင်လည်း ဂ, ကား သိထိလ။ ဃ, ကား ဓနိတဖြစ်၏။

ဤသို့လျှင် က-စသော ဗျည်းလေးလုံးတို့၌ အများဖြစ်၍, လျှဉ်းတွယ်ရှိ၏။ ရှိသည်နှင့် လျော်စွာလည်း ဓေယ္ယသနှစ်လုံး, အဓေယ္ယသနှစ်လုံးဖြစ်၍, ကွဲး၏။ ထိုဓေယ္ယသ, အဓေယ္ယသတို့နှိုက်လည်း နှစ်လုံးစီ ဖြစ်၍, သိထိလဗျည်းဟော, ဓနိတဗျည်းဟော။ သိထိလ, ဓနိတ ကွဲးကောင်းအံ့ဟောဟု လျှဉ်းတွယ်ရှိ၏။ ရှိသည်နှင့်လျော်စွာလည်း တလုံး သိထိလ, တလုံးဓနိတဖြစ်၍, ကွဲးလေ၏။ ဤသို့လျှင် က, ခ, ဂ, ဃ-ဟူသော ဗျည်းလေးလုံးတို့သည် ဌာန်တူဖြစ်သော်လည်း ဓေယ္ယသ, အဓေယ္ယသအားဖြင့် နှစ်လုံးစီကွဲးသည်။ ဓေယ္ယသ, အဓေယ္ယသချင်း တူရာ၌ထည်း သိထိလ, ဓနိတအားဖြင့် ကွဲးပြန်သည်။ ထိုကြောင့်-က,ခ,ဂ,ဃ-စသော အစဝဂ်ဗျည်း လေးလုံးကိုသာ သိထိလ, ဓနိတ စစ်လေသည်။ ဝဂ္ဂန္တသညကား- ဌာန်ဝဂ်တူရာ၌ တလုံးတည်းသာ ဖြစ်၍, သုတိတူ မရှိသောကြောင့် အသရူပမည်၏။ ထိုအသရူပမည်သော ဝဂ္ဂန္တ၌ကား- တလုံးသာဖြစ်၍, သိထိလ,ဓနိတဟူ၍, အမည်နှစ်ပါး လျှဉ်းတွယ်မရှိ။ က,ခ-စသော အစလေးလုံးတို့၌ကား-သုတိတူရှိသောကြောင့် သရူပမည်၏။ ထိုသရူပနှိုက်ကား- သုတိတူရှိသည်ဖြစ်၍, သိထိလ, ဓနိတ လျှဉ်းတွယ်ရှိ၏။ ထိုကြောင့် အစလေးလုံး၌သာ သိထိလ, ဓနိတဟူ၍, ကွဲးကောင်း၏။ ဝဂ္ဂန္တနှိုက်ကား တလုံးသာဖြစ်၍, မကွဲးကောင်း။

က-စသော လေးလုံးသည် သရူပ။ ဝဂ္ဂန္တသည် အသရူပမည်၏ဟူရာ၌ ဗျည်းသက်သက်သည် တမတြာခွဲးမျှသာ တညီတညွတ်သော အသံရှိပြီးသည်ကို အသံ ထူးပြန်ကောင်းသကဲ့သို့ သရူပ, အသရူပ မကွဲးကောင်းဦ တကားဟူအံ့ ကွဲး၏။ ကွဲးဟန်ကား-ဗျည်း၏ အသံ တမတြာခွဲးမျှချင်း တူလေသော်လည်း ထင်, မထင် ရွတ်ရသော အစွမ်းဖြင့် ဓေယ္ယသ, အဓေယ္ယသဟူ၍, လည်းကောင်း၊ အတင်းအထျော့ ရွတ်ရသော အစွမ်းဖြင့် ဓနိတ, သိထိလဟူ၍, လည်းကောင်း ကွဲး၏။ ယင်းသို့ ကွဲးသောကြောင့် အသံထူးပြန်သည်ပင် ဖြစ်၏။ ထိုသို့ ထူးသောကြောင့် အသံထင်သည်ကား ဓေယ္ယသ, မထင်သည်ကား အဓေယ္ယသ၊ တင်းတင်း ရွတ်အပ်သည်ကား ဓနိတ၊ ထျော့ထျော့ ရွတ်အပ်သည်ကား သိထိလမည်၏။ ထိုသို့မည်သောကြောင့် က,ခ-စသော ဗျည်းလေးလုံးတို့တွင် ဓေယ္ယသနှစ်လုံး, အဓေယ္ယသနှစ်လုံးဖြစ်၍, ဓေယ္ယသချင်း သုတိတူ, အဓေယ္ယသချင်း သုတိတူ ရှိသည်ဖြစ်၍, ဓနိတ, သိထိလ ခွဲးရာနှိုက်လည်း ဓနိတ နှစ်လုံး၊ သိထိလနှစ်လုံးဖြစ်၍, ဓနိတချင်း သိထိလချင်း သုတိတူရှိသည်ဖြစ်၏။ ထိုသို့

သုတိတူရှိသောကြောင့် အစမထေးလုံးသည် သရူပမည်၏။ ဝဂ္ဂန္တနိုက်ကား ဤကဲ့သို့ သောသဖြင်း, အသောသဖြင်း သုတိတူဟူ၍ လည်းကောင်း၊ သိထိလဖြင်း, ခနိတဖြင်း သုတိတူဟူ၍ကောင်း၊ တလုံးတည်းသာဝဂ်တပါးနိုက်ရှိခြင်းကြောင့် သုတိတူမရှိသည် ဖြစ်၍, အသရူပ မည်၏။ တပါးဝဂ်နိုက် ဝဂ္ဂန္တတို့၌ လည်း ဌာန်ကွဲဖြစ်၍, သုတိ မတူ သည်သာဖြစ်လေ၏။ ထိုကြောင့် ဝဂ္ဂန္တသည် အသရူပ မည်လေသတည်း။

သရ ရှစ်လုံးတို့တွင်လည်း အ, အာ, ဣ, ဤ, ဥ, ဦ- ဟူသော ခြောက်လုံးကို သရူပ။ ဧ-နှင့် ဩ-ကိုကား အသရူပမည်၏။ အ, ဣ, ဥ-ဟူသောရသ ၃-လုံးတို့ကား တမတြာမျသော်အသံ။ အာ, ဤ, ဦ-ဟူသောဒီဃ ၃-လုံးတို့ကား၊ နှစ်မတြာ သောအသံဖြစ်၍, သုတိမတူကြောင်းလျက်၊ အ-နှင့် အာ- သည်ကဏ္ဌဇချင်း၊ ဣ-နှင့် ဤ - သည်တာလုဇချင်း၊ ဥ-နှင့် ဦ-သည်ဩဋ္ဌဇချင်းဖြစ်၍, ဌာန်အားဖြင့် ထည်း ကောင်း၊ ကေဇချင်းဖြစ်၍, ထည်းကောင်း တူကြသည်ဖြစ်၍ နှလုံး အစုံအစုံရှိ သည်ကိုထောက်၍, အ, အာ၊ ဣ, ဤ၊ဥ, ဦ-ဟူသောသရခြောက်လုံးကို သရူပဆိုလေ သည်။ဧ-နှင့် ဩ-ကိုကား ဒီဃချင်းဖြစ်၍, နှစ်မတြာ ရွတ်ကောင်းသော အသံအား ဖြင့်ထည်းကောင်း၊ ဒွိဇချင်းဖြစ်၍, တူကြပါထျက်၊ ဧ,ကား ကဏ္ဌတာလု။ ဩ, ကား ကဏ္ဌဩဋ္ဌဟူ၍, ဌာန်ကွဲးချေသောကြောင့် အသရူပ ဆိုလေသည်။ အစုံမဖြစ် တလုံးစီသာ ဖြစ်လေ၏။ ဤသို့လျှင် အစုံအစုံမရှိသော ဧ, ဩတို့ကို အသရူပ ဆို လေသည်ကိုကား "ဒသမာနာ" ဟူသော ကထာဝ်သုတ်ကို လည်းကောင်း၊ ကွစာ သဝဏ္ဏံသုတ်, ဝါပရောအသရူပါ ဟူသော သုတ်တို့ကိုလည်းကောင်း ထောက်၍, သိရ၏။ ယင်းသို့လျှင် အစုံမဟုတ်သော ဧ,သရ၊ ဩ, သရတို့ကို အသရူပ ဆိုသကဲ့ သို့၊ ဝဂ္ဂန္တအက္ခရာတို့ကိုလည်း မိမိဝဂ်နိုက် အစုံမရှိသောကြောင့် အသရူပ ဟူ၍ ဆိုအပ်၏။ ထို့ကြောင့် နျာသနိုက်.... "ဝဂ္ဂအက္ခရာ ဒုဝိဓာ သရူပါ သရူပဝသေန" ဟူ၍ မိန့်အပ်သည်။ ထို့ကြောင့်-က၊ ခ၊ ဂ၊ ဃ၊ ဟူသော အစလေးလုံးသည် သရူပ မည်၏။ ဝဂ္ဂန္တသည် အသရူပမည်၏။

ထိုသို့အသရူပမည်သော ဝဂ္ဂန္တသည် တခုသောဝဂ်နိုက် တလုံးသာဖြစ်၍, သိထိ လ, ခနိတ, မစစ်။ က၊ ခ၊ ဂ၊ ဃ-ဟူသော အစလေးလုံးကိုသာ ဝိနယသင်္ဂဟနိုက် စစ် စေသည်ဟူကောင်း၏။ ယင်းသို့လျှင် ဝိနယသင်္ဂဟနိုက် ဝဂ္ဂန္တကို သုတိတူမရှိ၍, သိထိလ, ခနိတ မစစ်သည်ရှိသော် .... "သုဏာတု မေ နာဂေါ သော ဥတ္တိ၊ ဟူ သောပါဠိနိုက်၊ ဏာ-အက္ခရာ၊ မေ-အက္ခရာ၊ နာ-အက္ခရာ၊ ဥ-အက္ခရာ ဟူသော

၁-နျာသ ၁ ၂။

ဝဂ္ဂန္တိ၌ တင်းတင်းရွတ်ကောင်း၊ လျော့လျော့ ရွတ်ကောင်းသည်ကို အဘယ်သို့ ပိုင်းခြားသာတော့အံ့နည်း။ အောက်က ဆိုပြီးသော အတိုင်း ကမ္မဝါစာ၌ ဝဂ္ဂန္တ ကြိုက်အံ့သည် မသွတ်ရာတကား။ ထို ဝဂ္ဂန္တကို သိထိလ, ခနိတ မမှတ်ရသဖြင့်၊ သိထိလ ကို ခနိတ, ခနိတ ကို သိထိလ ရွတ်မှားခဲ့သော်-

> သိထိလေ ကတ္တဗ္ဗေ ခနိတံ၊ ခနိတေ ကတ္တဗ္ဗေ သိထိလံ၊ ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတေ ကတ္တဗ္ဗေ ဝိမုတ္တန္တိ ဇုမာနိစတ္တာရိ ဗျဉ္ဇနာနိ အန္တော ကမ္မဝါစာယံ ကမ္မံ ဒုသေန္တိ။

ဟူသော ပါဠိနှင့်အညီ၊ ကံပျက်ရာသော အကြောင်းစဉ်ဖြစ်ခဲ့၏ တကားဟူအံ့။ ဤသို့ ဆိုပေအပ်၏။ ဤဝဂ္ဂန္တ ၅-လုံးတို့သည် ဃော သ, အဃောသမကွဲး။ ဃောသနှင့် နှင်ဖြစ်၍ ထင်သောအသံချည်း ဖြစ်၏။ ထိုထင်သော အသံဖြင့် မိမိတို့၏ ဌာနကို ခိုက်၍ ရွတ်မိသော် ဃောသ၏ အသံပြည့်စုံ၏။ ထိုသို့ပြည့်စုံလျှင် မိမိတို့၏ ဌာန် နှိုက် သိထိလ, ခနိတဟူ၍ ဝဏ္ဏတူ မရှိသောကြောင့် မကွဲးရာ။ ရူပသိဒ္ဓိ လာတိုင်း သိထိလ ဖြစ်သေအံ့သည်။ ရွတ်မှားဘွယ်မရှိသောကြောင့် ဝိနယသင်္ဂဟနိုက် မစစ် သေသည်ဟု ဆိုအပ်၏။

၃၁-ဃောသ, အဃောသ အက္ခရာတို့နှိုက် သိထိလ, ခနိတ အက္ခရာတို့ကို, ဥပမာနှင့်တကွ ဘော်ပြကြောင်း

ယင်းသို့လျှင် မိမိဝဂ်နှိုက် သုတိတူမရှိ၍ အသံမပြားသင့်သည်ရှိသော်၊ အောက် က ဆိုခဲ့ပြီးသောအတိုင်း သိထိလ, ခနိတ လျဉ်းဘွယ် မရှိ သောကြောင့်၊ သိထိလ ဟူ၍ လည်း ဆိုအပ်တော့မည်မဟုတ်။ ထိုသို့လျက်ကို 'ဇုတရာ ထိသိလာ' ဟူသော ရူပသိဒ္ဓိ ပါဠိကိုထောက်၍ ဝဂ္ဂန္တပါ ၁၅-လုံးယူသင့်အံ့သည်ဟူသောရှေးစကားသည် အဘယ်သို့ သင့်တော့အံ့နည်းဟူအံ့။ သင့်၏။ သင့်ဟန်ကား-ထိုဝဂ္ဂန္တသည် ဃောသ မှတပါး အဃောသ ဟူ၍ မိမိဝဂ်၌ သုတိတူမရှိတဲ့လျက်လည်း၊ "ဃောသဝန္တော နာမ၊ ဂဆဝ၊ ဇဈဉ" စသည်ဖြင့် လည်းကောင်း၊ "ဝဂ္ဂါနံ တတိယ စတုတ္ထ ပဉ္စမာ ပ···· ကေဝိသတိဃောသာ" ဟူ၍ လည်းကောင်း၊ ဝဂ္ဂန္တကိုလည်း ဃောသမည်၏ ဟု ဆိုထေသည်။ ဤနှိုက် ဝဂ္ဂန္တသည် ဃောသမှတပါး၊ အဃောသဟူ၍ လျဉ်း ဘွယ်မရှိ။ မဟဂ္ဂတ်သောကုတ္ထရာ စိတ်တို့နှိုက် အ, သောဘဏဟူ၍ လျဉ်းဘွယ် မရှိလျက် "ကုန်သဒ္ဒိ သောဘဏစိတ္တေသု" စသည်ဖြင့် မဟဂ္ဂတ်, သောကုတ္ထရာ စိတ်တို့ကို ဝင်စေလျက် သောဘဏဟူ၍ ဆိုထေသည်။ ဤမဟဂ္ဂတ် သောကုတ္ထရာ

စိတ်တို့နှိုက်လည်း အသောဘဏ ဟူ၍ မရှိဘဲထက် သောဘဏ ဟူ၍ ဆိုလေသည်။ ဤသို့ဆိုသော အရာများမှာ အထူးရှိသောကြောင့် မဟုတ်။ သရုပ်စေ့ရေလိုသော အရာတွင် ဖြစ်၍ သရုပ် သိစေခြင်းငှာ ကျမ်းဆရာတို့ မိန့်ကုန်သည်။ ဤကဲ့သို့ဝင်း၊ ဝဂ္ဂန္တနိုက် ဓောသ, အဓောသ ဟူ၍လည်းကောင်း၊ သိထိလ, ခနိတ ဟူ၍ဝင်း အထူးမရှိလေသော်လည်း သရုပ်ကိုပြခြင်းငှာ မိန့်အပ်သော အရာဖြစ်၍ သရုပ်စေ့ယူလိုလေသော် ရူပသိဒ္ဓိဆရာ မိန့်သောအတိုင်း ဝဂ္ဂန္တပါ ၁၅-လုံးယူမှ သင့်အံ့သည်။

ယင်းသို့သော် ဝိနယသင်္ဂဟနိုက် ကမ္မဘေဒပင် မဖြစ်သင့်သော်လည်း သရုပ်စေ့ရုံ အမည်မျှကို အမိန့်ရှိသင့်ပါလေသည်တကားဟူအံ့။ထိုဝိနယသင်္ဂဟနိုက်ကား ကမ္မဘေဒ ဒုရုတ္တအရာကို ဆုံးဖြတ်သောအရာဖြစ်၍ သိထိလ, ခနိတ,နိဂ္ဂဟိတ,ဝိမုတ္တ ဟူသော သဒ္ဒါထေးပါးတွင် တပါးပါးယွင်းသော် ကမ္မဘေဒဖြစ်၏။ ဒီဃ,ရဿ စသော အကြွင်းခြောက်ပါး တို့တွင် တပါးပါးယွင်းသော် ဒုရုတ္တသာဖြစ်၏။ ကမ္မဘေဒ မဖြစ်၊ ဤသို့ ဒုရုတ္တ ကမ္မဘေဒဖြစ်,မဖြစ်ကို ဆုံးဖြတ်ရသဖြင့် ထိုဆရာလိုအပ်သော "အနုသာဝနံ ဟာပေတိ"ဟူသော ပါဠိ၏အရ ပြည့်စုံပြီ။ဝဂ္ဂန္တကို သိထိလ,ခနိတ မစစ်သော်လည်း သဘောကျကောင်းသော အရာဖြစ်၍ အမိန့်မရှိလေ။ဝဂ္ဂန္တ တို့နိုက် ဆုတိတူရွတ်သံ မှားတတ်မရှိ၊ ဓောသ အသံချည်း ဖြစ်၍ ဒုရုတ္တမျှသော်လည်း မဖြစ်သင့်သောကြောင့် အမိန့်မရှိလေသည်ဟုယူသင့်၏။ညာဏ်လိုက်၍ ဆိုသည်ဆင်ခြင်ပါ။

ဤသို့ယျင် ခနိတ,သိထိလအဖြစ်ဖြင့်လည်း ဓောသ အက္ခရာတွင်လည်းကောင်း အဓောသအက္ခရာတွင်လည်းကောင်း ကွဲပြန်လေသတည်း။ ဒီဃ ရဿ၏အသံဖြင့် ကွဲဟန်ကို အောက်ကဆိုခဲ့ပြီးသောအတိုင်း သိရာ၏။ ဂရုလဟုအားဖြင့် အသံကွဲဟန်ကိုလည်း ဆိုခဲ့ပြီးသောအတိုင်း သံယုတ်နှောင်းရာ, ဒီဃဃ္ဘဉ်ရာ, နိဂ္ဂဟိတ်ဃ္ဘဉ်ရာ, အချို့သောပါဒန္တအရာတို့နိုက် ဂရု၏အသံ နှစ်မြောဘသည်ဖြင့်လည်းကောင်း၊ ရဿသရန္ဒင်ဃ္ဘဉ်၍. နိဂ္ဂဟိတ်မ၌သောအရာ သံယုတ်ကင်းရာ အချို့သော ပါဒန္တအရာတို့နိုက် ထဟု၏အသံ တမြောခွဲး စသည်ဖြင့်လည်းကောင်း ကွဲဟန်ကိုသိရာ၏။

၃၂–သမ္မန္ဒ, ဝဝတ္ထိတ အဖြစ်ဖြင့် အသံကွဲဟန်၊ နိဂ္ဂဟိတ ဝိမုတ္တတို့ကို ပိုင်းခြား၍. တော်ပြခြင်းအကြောင်း

သမ္မန္ဒ, ဝဝတ္ထိတအဖြစ်ဖြင့် အသံကွဲဟန်ကား"သမ္မန္ဒန္တိ ယံ ပရုပဒေန သမ္မန္ဒိတ္ထာ တုက္ခိဿာတိဝါ တုက္ခဿာတိဝါ ဝုစ္စတိ"ဟူ၍ လည်းကောင်း၊ "ဝဝတ္ထိတန္တိ ယံ

ပရပဒေန အသမ္ဘန္ဓံ ကတ္ဝာ ဝိစ္ဆိန္ဒိတ္ဝာ တုဏ္ဍိ အဿာတိ ဝုစ္စတိ”ဟူ၍ ထည်းကောင်း ဝိနယသင်္ဂဟနိုက် မိန့်အပ်သည်နှင့်အညီ တုဏ္ဍိဿ, တုဏ္ဍဿ ဟူ၍ တုဏ္ဍိ-ဟူသော ရှေ့ပုဒ်ကို အဿဟူသော နောက်ပုဒ်နှင့် သန္ဓိစပ်၍ ရွတ်ခြင်းသည် သမ္ဘန္ဓမည်၏။ တုဏ္ဍိအဿ-ဟူ၍ တုဏ္ဍိဟူသောရှေ့ပုဒ်၊ အဿဟူသော နောက်ပုဒ်ကို မစပ်ဘဲ ဖြတ်၍ ရွတ်ခြင်းသည် ဝဝတ္ထိတမည်၏။ ဤသို့စသည်ဖြင့် သန္ဓိစပ်၍ ရွတ်ခြင်းသည် သမ္ဘန္ဓ, သန္ဓိမစပ်ဘဲ ပုဒ်ဖြတ်၍ ရွတ်ခြင်းသည် ဝဝတ္ထိတဟူသော စပ်ခြင်း၊ဖြတ်ခြင်း အသံဖြင့် ကွဲးသတည်း။ ။နိဂ္ဂဟိတ၊ ဝိမုတ္တအဖြစ်ဖြင့် အသံကွဲးဟန်ကား “နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟေတ္ဝာ အဝိသဇ္ဇေတ္ဝာ အဝိဝဋ္ဋေန မုခေန သာနုနာသိကံ ဝတ္ထဗ္ဗံ”ဟူ၍ ထည်းကောင်း၊ “ဝိမုတ္တန္တိ ယံ ကရဏာနိ အနိဂ္ဂဟေတ္ဝာ အဝိသဇ္ဇေတ္ဝာ ဝိဝဋ္ဋေန မုခေန အနုနာသိက မကတ္ဝာဝုစ္စတိ”ဟူ၍ ထည်းကောင်း, ဝိနယသင်္ဂဟနိုက် မိန့်အပ်သည်နှင့်အညီ၊ အောက်က ဆိုခဲ့ပြီးကောအတိုင်း နာသိက ကရိဏ်းကို နှိပ်ထွက် မလွတ်မူ၍ မဘွင့်သောခံတွင်းဖြင့် သေးသေးတင်ဓိန္ဒုနှင့်ယှဉ်၍ ရွတ်ခြင်းသည် နိဂ္ဂဟိတ်မည်၏။ကရိဏ်းကိုမနှိပ်ဘဲ ရွတ်၍ * ဘွင့်သောခံတွင်းဖြင့် သေးသေးတင်ဓိန္ဒုနှင့်မယှဉ်သော ရွတ်ခြင်းသည် ဝိမုတ္တမည်၏။ ။ဤသို့ ဝိမုတ္တအရာနှိုက် ကရိဏ်းကိုမနှိပ်ဘဲ ရွတ်ကာမျှ၊ ခံတွင်းဘွင့်ကာမျှ၊ ဓိန္ဒုမယှဉ်ကာမျှသည် ဝိမုတ္တမမည်။ အာ-စသောဒီဃ၏ အသံဖြင့်ရွတ်သော်သာ ဝိမုတ္တမည်အံ့သည်။ သုဏာတု-ဟူ၍ အာ-ဒီဃယှဉ်သောအရာကို သုဏန္တု-ဟူ၍ နိဂ္ဂဟိတ်၏ အသံရွတ်ခြင်းသည် ဝိမုတ္တကို နိဂ္ဂဟိတ်ရွတ်သည်မည်၏။ ပတ္တကလ္လံ-ဟူ၍ နိဂ္ဂဟိတ်ယှဉ်သော အရာကို ပတ္တကလ္လာဟူ၍ အာ-ဒီဃ၏ အသံရွတ်ခြင်းသည် နိဂ္ဂဟိတ်ကို ဝိမုတ္တရွတ်သည်မည်၏။ ထိုကြောင့် ဝိနယသင်္ဂဟနိုက်-

> သုဏာ တု မေတိ ဝိဝဋ္ဋေန မုခေန ဝတ္ထဗ္ဗေ ပန သုဏံ တု မေကိဝါ, သော ဥတ္တိတိ ဝတ္ထဗ္ဗေ သေံ ဥတ္တိတိဝါ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ဝစနံ ဝိမုတ္တဿနိဂ္ဂဟိတဝစနံနာမ။ ပတ္တကလ္လန္တိ အဝိဝဋ္ဋေနမုခေန အနုနာသိကံ ကတ္ဝာ ဝတ္ထဗ္ဗေ ပတ္တကလ္လာတိ ဝိဝဋ္ဋေန မုခေန အနုနာသိက မကတ္ဝာ ဝစနံ နိဂ္ဂဟိတဿ ဝိမုတ္တ ဝစနံနာမ။

ဟူ၍ မိန့်အပ်သည်။ဤသို့သောအရာများကိုထောက်၍ နိဂ္ဂဟိတ, ဝိမုတ္တ အားဖြင့် ထည်း အသံကွဲးရာလေသည်။ ။ဤသို့လျင် သိထိလ-စသော အားဖြင့် သဒ္ဒါ ဆယ်ပါးဖြစ်သတည်း။

---

* လွတ်၍

ထို သဒ္ဒါဆယ်ပါးတို့ကိုကား၊ မာဂဓဘာသာ ပါဠိပါဠိဋ္ဌသာ ရကောင်းသည် မဟုတ်။ မြန်မာစသော လူမျိုးတို့၏ ဘာသာနှိုက်ထည်း ရအံ့သည်ဝင်။ မြန်မာမှုနှိုက် ရသင့်ဟန်ကား–သိထိလအက္ခရာ ၁၅–လုံးထွင် မုဒ္ဓဇဝဂ် ကိုထည်းကောင်း၊ ဝဂ် တတိယက္ခရာကို ထည်းကောင်း ချန်၍ က၊ ဂ၊ စ၊ ဉ၊ တ၊ န၊ ပ၊ မ–ဟူသောရှစ် လုံးသော သိထိလအက္ခရာကို ရေးမှတ်သုံးစွဲးသည် များ၏။ ဓနိတ အက္ခရာ ဆယ် လုံးထွင်ထည်း ခ၊ ဆ၊ ထ၊ ဖ၊–ဟူသော ဒုတိယက္ခရာ လေးလုံးကို ရေးမှတ်သုံးစွဲး သည်များ၏။ ကြွင်းသော ဓနိတ ၆–လုံးတို့ကို ရေးမှတ် သုံးစွဲးသည်ကား နည်း၏။ အချို့သော သူတို့သည် မုဒ္ဓဇဝဂ် တတိယက္ခရာတို့ကို ရေးမှတ်သော အရာကား–အချို့တွင်ထည်း မြန်မာမှုသက်သက်မဟုတ်။ မာဂဓ–စသော ဘာသာတပါးကိုစွဲးမှိ၍ ရှိသော အရာသည်ထည်း ဖြစ်ရာ၏။ သတိလွတ်၍ ရေးမိသည် သော်ထည်း ဖြစ်ရာ၏။ သဘောအားဖြင့် ရှေးသူဟောင်းတို့ ရေးမှတ် ရာ၌ကား သက်သက် မြန်မာမှု၌ ဆိုခဲ့ပြီးသော သိထိလ အက္ခရာရှစ်လုံး၊ ဓနိတနှိုက် လေးလုံးသာ ထင်၏။ အလျဉ်းသင့်ကာထည်း ရေးဦးအံ့ဖြစ်၍ တော်သင့်ရုံသာ ရေးထိုက်သည်။

၃၃–မြန်မာမှုနှိုက် ဒီဃ, ရဿ, ဂရု, လဟုနှင့်တက္ခ သဒ္ဒါဆယ်ပါးတို့၏ ဖြစ်ပုံကို ဘော်ပြခြင်းအကြောင်း

ဒီဃ ရဿ တို့၏ အဆံဖြစ်ဟန်ကား–ဆိုခဲ့ပြီးသော ဒီဃ ၅–လုံးထွင် အဲ့ဩော် ဟူသော ဒီဃ ၂–လုံးထည်း၍၊ ၇–လုံးသော ဒီဃအဆံကို ဒီဃသဒ္ဒါဟူ၍ သိအပ်၏။ ရဿ ၃–လုံးတို့၏ အဆံကို ထည်းကောင်း, အ–မြစ်ကောင်းသော သေရ,ငသတ်, ဥ–သတ်, န–သတ်, မ–သတ်, ယ–သတ်, ဝ–သတ်, နိဂ္ဂဟိတ်တို့၏ အဆံကို ထည်းကောင်း ရဿသဒ္ဒါဟူ၍ သိအပ်၏။

လဟု, ဂရုအဆံ ဖြစ်ဟန်ကား–ဆိုခဲ့ပြီးသော ရဿသဒ္ဒါသည်ဝင် လဟုအဆံ ဖြစ်၏။ ဆိုခဲ့ပြီးသော ဒီဃအဆံသည် လည်းကောင်း၊ သံယုဂ် မဟုတ်သော်လည်း သံယုတ်ကဲ့သို့ ဘတ်သော အသတ် နှောင်းသော အရာသည် လည်းကောင်း၊ အ–မြစ်သည်ဖြစ်၍ လည်းကောင်း ဘတ်သောအဆံသည် ဂရုဆံမည်၏။

သမ္မန္ဒ, ဝဝတ္ထိတ, အဆံဖြစ်သင့် ဟန်ကား····အချို့သော အရာနှိုက် အက္ခရာ ၂–လုံးကို သန္ဓိစပ်၍၊ မ–အက္ခရာ, ဟ–အက္ခရာ ဘခြား မထင်စေဘဲး 'မဟုတ်' ဆိုအံ့သောအရာကို "မရွာနှင့်ဦး–ခါမှုတ်ဘူး" ဟူ၍ လည်းကောင်း၊ 'မရှိထသော ဝန်' ဟူ၍ ဆိုသင့်သောအရာကိုလည်း၊ ထ–နှင့် ဝ–စပ်၍ "မရှိထွန်"ဟူ၍ လည်း

ကောင်း၊ 'ဘေးဘယမ်း' ဟူ၍ ဆိုအံ့သည်ကို ဘ-နှင့် ယ-အခြား မထင် "ဘေး ဘျမ်း" ဟူ၍ ထည်းကောင်း၊ ယဝနပုပွ-သဒ္ဒါ၏ အနက်ကို ယ-နှင့် ဝ-ကပ်ပြီး ထျင်၊ နဗျည်းကိုသတ်၍ "ယွန်းပန်း" ဟူ၍ မြမွာမှုပြန်ရာနှိုက် စပ်ခြင်းသည်ထည်း ကောင်း၊ ဝဏ္ဏချင်းစပ်သည်ဖြစ်၍, သမ္မန္တအသံဖြစ်၏။။ ။အချို့သော သူတို့ကား ဝဏ္ဏချင်းစပ်၍ မရွတ်ရတဲ့ထျက် ခရီး-ဟူသည်နှိုက်-ခ-နှင့်ရ, ကပ်ထျက် "ခြိုး" ဟူ၍ ထည်းကောင်း၊မယား-ဟူ၍ ထည်းကောင်း၊ ဇယား-ဟူ၍ ထည်းကောင်း၊ဘယက်-ဟူ၍ထည်းကောင်း နှစ်လုံးမခြားဘဲ၊ မ-နှင့်-ယ-ကပ်၍ "များ"ဟူ၍ထည်းကောင်း၊ "ဇျား, ဘျက်" ဟူ၍ထည်းကောင်း။ ဆရာ, တရား ဟူရာနှိုက်ထည်း တလုံးတည်းဖြစ် စေထျက် ရစ်၍ 'ဆ္ဍာ-တြား'ဟူ၍ ကပ်ထျက်ရေးကုန်၏။ ထိုသို့ကပ်သောအတိုင်း လုံး၍တမူကား ဘတ်သည်ထည်း ရှိ၏။ မဘတ်သည်ထည်း ရှိ၏။ ဤသို့သောအရာ နှိုက် စပ်၍ ဘတ်ခြင်း သည်ထည်း သမ္မန္တ အသံ ထည်းကောင်း ဖြစ်၏။ ။ဤကဲ့သို့ ဝဏ္ဏချင်းပင်မစပ်သော်လည်း တလုံးတချက်တည်း ထိုက်ထျောစွာ မရပ်မဖြတ် ထွေးရုက်၍ ဘတ်သင့်သော "အိမ်ရှင်ဇနီး" ဟူ၍ ဘတ်သောအရာ-

"သဇင်မ၌။ တအင်ခြည်မြို့၊ မထင်ရည်တူ"
"စက်ပြာသာဒ်၊ သက်မမှတ်၊ ဘက်အလွတ်" ၁
"မိုးသကြား၊ ယိုးတယား၊ ဝိုးတဝါး" ၂

စသည်ဖြင့် စပ်သောအရာနှိုက်ထည်း မရပ်မဖြတ် ထိုက်ထျော၍, ဘတ်သင့်သော ကြောင့် သမ္မန္တအသံထည်းကောင်း ဖြစ်၏။ ။ဝဝဏ္ဍိတ အသံနှိုက်ကား သန္ဓိစပ် သော ဝဏ္ဏကိုပင် မခွဲးမဖြတ် ရသော်လည်း ခြားခြားနားနား ရပ်ဖြတ်၍, ဘတ် သင့်သော "တန်ဆောင်မိုးလည်း၊ စနိုးစပ်ကာ" ဟူ၍ ထည်းကောင်း-

"မြေကြီးကသာ၊ ၃ မြေကြီးကပင်" ၄
"နေမိုးလဝါ၊ ၅ နေမိုးလသွင်" ၆
"ဘဝဂ်ကပင်၊ ၇ ဘဝဂ်ကသာ"
"နှစ်ဟူလုတ္တယ်၊ ချစ်သူသုနှယ်" ၈

စသည်ဖြင့် စပ်ဆိုသောအရာများသည် ခြားနားရပ်ဖြစ်၍, ဘတ်သင့်သောအရာ ဖြစ်၍, ဝဝဏ္ဍိတ အသံမည်၏။

---

၁ နောင်။ ၂ ဒေး * ၉၂။ မိုးသကြား။ ဝိုးတဝါး။ မျိုးမပြား။
၃ ဒေး ၃၀။ ၄ ဒေး ၂၉။ ၅ နောင် ၂၂။ ၆ ဒေး ၁၇၅။

နိဂ္ဂဟိတ, ဝိမုတ္တ အသံဖြစ်ဟန်ကား.....ဆိုခဲ့ပြီးသောအတိုင်း သေးသေးတင်အသံသည် နိဂ္ဂဟိတ အသံမည်၏။ ဆိုခဲ့ပြီးသောအတိုင်း ဒီဃ အသံသည်လည်းကောင်း, အမြစ်မရှိသော ဂ-သတ်, ဉ-သတ်, ဒ-သတ်, မ-သတ်, ယ-သတ်, ဝ-သတ် အသံသည်လည်းကောင်း, ကရိက်းကို လွှတ်ကောင်းသောကြောင့် ဝိမုတ္တ အသံမည်၏။ ဤသို့ထျင် မြမွာမှန်ကြိုက် သဒ္ဒါဆယ်ပါးဖြစ်သတည်း။သည်ကိုရည်၍.-

"ပုဒ်စပ်ချောမြေ့, သန္ဓေခြားဖြတ်, ဆံလွှတ်တွင့်ဆို။, ရှည်,တို,လေး,ပေါ့, တင်း,ထျော့,နိဂ္ဂဟိတ်, အစိတ်အဖြာ, အင်္ဂါဆယ်ခု...."

ဟူ၍ ကိုးခန်းလင်္ကာနှိုက် စပ်တော်မူလေသည်။ ဤလင်္ကာနှိုက် ပုဒ်စပ်ချောမြေ့, ဟူသည်ကား-သမ္မန္ဓသဒ္ဒါတည်း။သန္ဓေခြားဖြတ်ဟူသည်ကား ဝဝတ္ထိတ သဒ္ဒါတည်း။ ဆံလွှတ်တွင့်ဆို,ဟူဟည်ကား ဝိမုတ္ထတည်း။ ရှည်,ဟူသည်ကား ဒီဃ၊ တို,ဟူသည်ကား ရဿတည်း။ လေး,ဟူသည်ကား ဂရု။ ပေါ့,ဟူသည်ကား လဟုတည်း။ တင်း, ဟူသည်ကား ဓနိတ။ ထျော့,ဟူသည်ကား သိထိလတည်း။ နိဂ္ဂဟိတ်, ဟူသည်ကား သေးသေးတင် ဒိန္နအသံတည်း။ အချို့သောစာတွင်.....ပုဒ်စပ်ချောပြေ၊ သန္ဓေခြားဖြတ်.....ဟူ၍လည်း ရှိကုန်၏။ သဘောမပျက်ကောင်းပေ။

၃၄-သိထိလ,ဓနိတ ဖြစ်သော အက္ခရာတို့၏ ဌာန်ဖြစ်ပုံနှင့်တကွ လ,ဋ္ဌ-အက္ခရာတို့၏, ထူး-မထူးသည်ကို အကျယ်ပြကြောင်း

ဤသဒ္ဒါ ၁၀-ပါးကို ဝေဘန်ရာနှိုက် သရအက္ခရာ၊ အဝဂ်အက္ခရာတို့ကို သိထိလ, ဓနိတအားဖြင့် ဆရာတို့ခွဲဝေသော အရာကိုမတွေ့။ သဘောကို ထောက်သော် သိထိလ,ဓနိတဟူ၍ မဝေဘန်သင့်သော အရာကဲ့သို့ရှိ၏။ ရှိဟန်ကား-သရကို သရူပ,အသရူပခွဲသော် နှစ်စုဖြစ်၏။ ထိုတွင် အစု ၆-လုံးသည် သရူပမည်၏။ ထိုသရူပ ၆-လုံးကို ဌာနအားဖြင့်ခွဲသော် အ,အာ-ကဏ္ဌ၊ ဣ,ဤ-တာလု၊ ဥ,ဦ-ဩဋ္ဌဖြစ်၍ ၃-စုကွဲး၏။ ထိုတွင် အ-ကား ရဿ။ အာ-ကား ဒီဃဟူ၍ ခွဲးပြိန်သော် တလုံးစီရှိ၏။ တလုံးတည်းသာဖြစ်၍ ဓနိတ,သိထိလဟူ၍ လည်းကောင်း၊ ဧသာသ,အဧသာသဟူ၍,,လည်းကောင်း လျှင်းတွယ်မရှိသည်ဖြစ်လေ၏။ အသရူပတွင်လည်း ဧ,ကာ ကဏ္ဌ တာလု။ ဩ,ကား ကဏ္ဌ,ဩဋ္ဌဟူ၍, ဌာန်ကွဲးသောကြောင့် သုတိမတူကြ၊ တလုံးစီသာဖြစ်၍, လျှင်းတွယ်မရှိသည်ဖြစ်လေ၏။

---

၁ ကိုး ၂၃၉။

အဝဂ်အက္ခရာတို့တွင်လည်း ယ,ကား တာလုဇ၊ ရ,ကား မုဒ္ဓဇ၊ လ,ကား ဒန္တဇ၊ ဝ,ကား ဒန္တောဋ္ဌဇ ဟူ၍ ဌာန်အားဖြင့်ပင်ကွဲ၍ တလုံးစီဖြစ်ထေ၏။ သ,နှင့်လ,ကား ဒန္တဇ အဖြစ်တူ၏။ တူသော်လည်း လ,ကား သောသ၊ သ-ကား အသောသဖြစ်၍ ကွဲပြန်သောကြောင့် တလုံးစီဖြစ်ပြန်ထေ၏။ ဟ-ကား ကဏ္ဌဇဖြစ်၍ ဌာန်အားဖြင့်ကွဲ၏။ ဥ-ကြီးအက္ခရာကား ရ-အက္ခရာနှင့် မုဒ္ဓဌာန်အဖြစ်အားဖြင့်လည်းကောင်း ဗျည်း၏အဖြစ်ဖြင့် လည်းကောင်း၊ အဝဂ်အဖြစ်ဖြင့် လည်းကောင်း၊ သောသအဖြစ်ဖြင့်လည်းကောင်း၊ တူသည်သာဖြစ်၏။ ထိုသို့တူလေသော်လည်း ရူပသိဒ္ဓိန်က်-"လဠာနမဝိသေသော" [၁] ဟူသည်နှင့်အညီ -ဥကြီးနှင့် ဃ-ငယ်သည် မထူးသည်သာဖြစ်သောကြောင့် လည်းကောင်း,မးထူဟူသည်နှင့်ဝေါ်စွာလည်း "ယဝမဒနတရလာစာဂမာ, ဒဟာဿ ဒေါဃံ, ဃဇရာနံ-ပါတောဃိ" စသောသုတ်တို့နိုက်လည်း သာမန်သာဆိုသည်ကို ထိသုတ်တို့ဖြင့်ပြီးသော ဆဠာဘိညာ, သဠာယတန, ဒဠ္ဠ, သောဠသ, ပါဠိ-ဟူသော ပြယုဂ်တို့နိုက်ကား ဠကြီး၊သုတ်နိုက်ကား လ,ငယ်ရ၏။ လ,ငယ်ကို ဠ,ကြီးပြု၍ပြီး၏ဟူ၍ အမိန့်ရှိကြသည်လည်း သုတ်ဝိသေသမထင်။ နန်းကျောင်း အရှင်ဘုရားမူကား သုတ်ကြီးဖြင့် စီရင်တော်မူဟန်ရှိ၏။ ထိသုတ်ကြီးတို့နိုက်လည်း တိုက်ရိုက်မထင်။ အမြင်ကိုယိုက်၍ စီရင်တော်မူသကဲ့သို့ရှိ၏။ အချို့ကား-ဒေါဃဿစနိုက် စ,ဖြင့် စီရင်အံ့ ဆိုကုန်၏။ ထိဒေါဃဿစနိုက် စ,ဖြင့် စီရင်ရမည်ကိုလည်း ဉာဿ, နိဒ္ဒေသ, ရူပသိဒ္ဓိ-စသည်တို့နိုက်မထင်။ 'လဠာနမဝိသေသော' ဟူသည်နှင့်အညီ မထူးသည်ပင် ယူရအံ့သကဲ့သို့ ရှိ၏။

ပစ္ဆယေ အာဂမေ လောတု၊ နိဂ္ဂဟိတဿ ကာရိယေ။
ရကာရ, ဒကာရာနဉ္စ၊ ကာရိယေ ဒေဝရာဇိနိ။
ဆန္ဒဂဏေ ဗျဉ္ဇနေစ၊ ဥကာရော ဝါလုကေ သုစ။
လာခေတုယံ အာဒါနေစ၊ ပဝတ္တေ ဂတိယံရဝိ။ [၂]

ဟူသော ကေက္ခရသောသ ပါဠိကို ထောက်မူကား တဒ္ဓိဿိ တတ္ထေ လော-စသောဆုတ်ဖြင့် သက်သော လ,ပစ္စည်း၊ ယဝမဒနတရလာစာဂမာ-စသော သုတ်ဖြင့် ထာသော လ,အာဂုံ၊ ဝဂ္ဂန်ဝါဝဂ္ဂေ၊ လဒရာနံ-စသော သုတ်တို့ဖြင့် ပြုသော လ, ကာရိယ၊ ဤသို့စသောအရာနိုက် လ,ငယ်ဟူ၍ အထူး ဆိုသည်ပင် ဖြစ်၏။ အထူးဆိုသည်ဟူ၍ အဆယ်ကြောင့် သိရသနည်း ဟူမူကား- ဒန္တဇ-လ,ငယ်ကို ဆိုသောအရာကို ထောက်၍သိရ၏။ ထိသို့ သိရ သော်လည်း၊ သဠာယတန, သော

၁ ရူပသိဒ္ဓိ ၁၇။ ၂ ကေက္ခရကောသ ၄၅။

ဥ္စ,-စသော သုတ်တို့၏ ဥဒါဟရဏ်တို့မှာ ဥ္စ,ကြီးရှိကြ၏။ ရှိသင့် ဟန်ကိုလည်း ကောင်း၊ လ,ယ်ကို ဥ္စ,ကြီး ပြုရမည်ကိုလည်းကောင်း ပုဒ်ပါဠိမတွေ့။ ဓာတုမာ လာ, ကေကွရကောသ-စသောကျမ်းတို့၌၊ လ,ယ် ဥ္စ,ကြီး သီးခြား၍ လာသည် ကိုထောက်သော်၊ ဥ္စ, ကြီး လ, ယ်အရာအားဖြင့် ကွဲးအံ့သကဲ့သို့ရှိ၏။ ထိုသို့ကွဲး အံ့သည်ကို "လဥ္စာနမဝိသေသော" ဟူ၍ ဆိုလေ သည်ကား မညီကြသကဲ့သို့ရှိ၏။ ရှိသော်ထည်း ညှ်ိလိုက်၍ ဆိုအံ့။

ဓာတုမာလာ စသည်တို့၌ လာသည်နှင့်အညီ၊ လ, ကာရန္တ၊ ဥ္စ,ကာရန္တ-ဟူ၍ ဓာတ်ကွဲးထည်းကောင်း၊ လ, ယ်ရှိသင့် သောအရာ၊ ဥ္စ,ကြီး ရှိသင့်သော အရာဟူ၍ အနက်အရာကွဲး၍ လည်းကောင်း လာသည်ကို ထောက်သော်၊ သဘောအား ဖြင့်မတူ ကွဲးရာလေသည်။ ထိုသို့ကွဲးလျက်ကို "လဥ္စာနမဝိသေသော" ဟူ၍ ဆိုသည် ကား၊ လဥ္စာနမဝိသေသော-ဟူ၍ သာမန်သာမဆို။ 'ဆသင်္ခါဟိ' ဟူ၍ ပုဒ္ဓနိမိတ် ကိုဆိုသောကြောင့် လည်းကောင်း 'ဆဥ္စာတိညာ၊ ဆဥ္စက်၊ ဆဥ္စာသိတိ၊ ဆဥ်္ဇသာ၊ သဥ္စာယတနံ' ဟူ၍ ပြအပ်သောယုဂ်တို့ကို ထောက်သော် လည်းကောင်း၊ မူလ ဖြစ်သောဓာတ်၊ ဓာတ်၏ အနက် အားဖြင့် မကွဲးဘဲး သဘော အားဖြင့်ပင် အထူး မရှိဟူ၍ မဆိုလို။ အာဂမအရာတွင် ဆိုသောကြောင့်၊ လ, ယ်လာလည်းမထူး၊ ဥ္စ,ကြီးလာလည်းမထူး ဟူ၍ ဆိုလိုသကဲ့သို့ရှိ၏။ ထိုသို့ လာသည်လည်း "သင်္ခါဟိ" ဟူသောသဒ္ဒန္တရကို ထောက်သော် သင်္ခါသဒ္ဒါမှတပါး၊ သင်္ခါမဟုတ်သော သဒ္ဒါ နောင်မလာရဟူ၍လည်း သိစေသည်ပင်ဖြစ်၏။ သင်္ခါသဒ္ဒါနောင်မှ ဟူသော်လည်း ဆ, သ-သဒ္ဒါကိုဆိုသောကြောင့်၊ ဆ,သ မှတပါး၊ ပဉ္စ, စတု, သတ္တ, အဋ္ဌ-စသော သင်္ခါသဒ္ဒါတို့နောင် မလာရ။ ဆ, သ ဟူသောသင်္ခါ သဒ္ဒါနောင်သာ လာရအံ့ ဟူသော အနက်ကိုသိစေ၏။ ဤသို့လျှင် 'လဥ္စာနမဝိသေသော' ဟူ၍ သာမန်သာ မဆို။ ဆ, သ-ဟူသော သင်္ခါ သဒ္ဒါနောင်သာ လ, အက္ခရာလာ၏။ ထိုသို့လာ ခြင်းနှိုက်ကား လ,ယ် ဥ္စ,ကြီး အထူးမရှိ။ လာသင့်သည်ချည်းဖြစ်၏။ သောဠသ, စတ္တာလီသ, ရဋ္ဌ ဟူသောဝုဒ်တို့၌ လ, ပြုခြင်းသည်လည်း ဥ္စ,ကြီး လ,ယ်မထူး။ ထို့ ကြောင့် ရူပသိဒ္ဓိနှိုက် "သင်္ခါနံ ဒကာရ, ရကာရာနံ ဃကာရာဒေသော ဟောတိ ဝါ၊ လဥ္စာနမဝိသေသော" ဟူ၍ လည်းကောင်း၊ "လဥ္စာနမဝိသေသော ရဋ္ဌော ရက္ခော၀ါ" ဟူ၍ လည်းကောင်း မိန့်အပ်သတည်း။ ။နိဒ္ဒေသနှိုက်၌လည်း-"ဇုမ လဥ္စာနံ အဝိသေသော၊ အညတ္ထပန ဥဥ္စာနံ အဝိသေသော ဝုတ္ထော။ ဇဥတ္ထော၊ ဇဥတ္ထော" ဟူ၍ မိန့်အပ်သည်။ ။ဤသည်များကို ထောက်သော် ဥ္စ,ကြီး လ, ယ်သည် သဘောအားဖြင့် မထူးဟူ၏၊ မဆိုလို။ အာဂမ, အာဒေသ-စသည်ဖြင့် သန္ဓိ

ဖြစ်သော အရာတွင်သာ ဥကြိုးထာခြင်း၊ ထငယ်ထာခြင်း၊ ဥကြိုးပြုခြင်း၊ ထ, ငယ်ပြုခြင်းဟူ၍ မထူးဆိုလိုသည် ယူသင့်၏။ ထိုသို့ ထာခြင်း ပြုခြင်း၊ ထာသည် ပြုသည် နှင့်လျော်စွာ ရွတ်မိလေ သော်ထည်း မထူးသည်ပင် ဖြစ်၏။ သဠာယတန, သော ဥသ, ဒဋ္ဌ, ဂုဋ္ဌ-စသည်ဖြင့် ဥ,ကြိုးရှိသော ပြဟုဂ်အရာနှိုက်- "ယဝမဒနတရထာ စာဂမာ၊ ထဒရာနံ၊ ဒဟာဆဒေါဃံ" ဟူ၍ ဆုတ်ကြိုးကို ပြုသော အရှင်ကစ္စည်း ဆရာသည် ထ,ငယ်နှင့်ရွတ်သည်ဖြစ်၏။ ထိုကြောင့်-

> သုတ္တကာရောပန ဥဆဒ္ဒာနေ လကာရမေဝ ပဒ္ဒတိ ဒိဆတိတိ ယဝ ....ပ....ဂမာ၊ ဒဟာဆဒေါလံ ဇုစ္စေဝမာဒိသု။ [၁]

ဟူ၍ ချာသဆရာမိန့်အပ်သည်။ လောကိသဒ္ဒါကျမ်းနှိုက်ကား ဥ, အက္ခရာကိုဆို အပ်ပြီးဖြစ်၍၊ ဥ, အက္ခရာကို အသိမဆိုပြီ။ ထိုဥ, အက္ခရာကို ခပ်သိမ်းသော အရာနှိုက် မခေါ်ဝေါ် ကုန်ပြီ။ အချို့သော ဆရာတို့ကား ထို ဥ,ကြိုး အရာနှိုက် ထ,ငယ်ကိုထည်းကောင်း၊ ဥ,အက္ခရာ ကိုထည်းကောင်း၊ ရွတ်ကုန်၏ ဟူသော အနက်ကို သိစေခြင်းငှာ ထည်းကောင်း၊ ရ နှင့် ဥသည် မုဒ္ဓဇချင်း၊ ဓောသချင်း တူသည်ဖြစ်၍၊ ရ၏ အချုန်မဲ့ ဥကိုဆိုအပ်ထျက် အဆုံးနှိုက် ဥ,ကြိုးကိုဆိုထေသည်။ ထိုကြောင့် ချာသနှိုက်-

> သဒ္ဒသတ္ထေ ပန ဒုကာရဿ ဝုတ္တကာရ မေဝ သန္ဓာယ နာ တဿ ဝိသုံ ဝုတ္တံ။ တံ ဝန နသဒ္ဒေ သဒ္ဒတ္ထဝေါဟာရန္တိ။ ကေစိ ပန ဥဋ္ဌာနေ လကာရံ ပဒ္ဒန္တိ။ ကေစိ ဒုကာရန္တိ ဉာပနတ္ထံ မုဒ္ဓဇတ္တာ ဓောသတ္တာစ ရကာရာနန္တရံ ဝတ္တဗ္ဗေပိ ပန္တိမံ ကတ္တာ ဝုတ္တောတိ ဒဋ္ဌဗ္ဗံ။ [၂]

ဟူ၍ မိန့်အပ်သည်။ ။ယင်းသို့သော အရာများကိုထောက်၍၊ အာဂမ, အာဒေသ အရာနှိုက် ဥ,ကြိုး ထ,ငယ်ရွတ်ခြင်းသည် မထူးသည်ပင် ဖြစ်သင့်၏။ "အညတ္ထ ပန ဒုဥဒ္ဓာနံ အဝိသေသော" ဟူသောနိဒ္ဒေသပါဠိ "ကေစိ ဒုကာရန္တိ" စသော ချာသ ပါဠိတို့ကို ထောက်သော် ဥ,ကြိုးအရာကို ထ,ငယ်ရွတ်ထည်းမှာ။ ဒု,သံကောက် အက္ခရာရွတ်ထည်း မှာပင်ဖြစ်သင့်၏။ ဤစကားနှင့် လျော်စွာထည်း၊ ဂရုဒု-ဂရုဥ၊ ဇဒုတ္တာ-ဇဥတ္တာ-ဟူ၍ ဒု,သံကောက်အက္ခရာ၊ ဥကြိုးအက္ခရာနှင့် ၂-ထွေ ရွတ်သည်လည်း ထင်၏။ ရှိထည်းရှိ၏။ ထို့ကြောင့် ဥ, ကြိုးကို ထ, ငယ်ထည်း ကောင်း၊ ဒု,သံကောက်ထည်းကောင်း ရေးခြင်းရွတ်ခြင်းသည် အထူးမရှိ။ ရေးသင့်

---

၁ ချာသ ၁၂။ ၂ ယင်း ၁၃။

ရွတ်သင့်သည်ချည်း ဖြစ်သင့်၏။ ထိုသို့ အထူး မရှိခြင်းသည်လည်း ၃, ကာရန္တ၊ ထ,ကရန္တ - ဟူ၍ ဓာတ်စဉ်ကို ပြခြင်း၊ ၃, ကာရော၊ ထ, ကာရော၊ ဌ,ကာရော-စသည်ဖြင့် ထိုအက္ခရာတို့ ဟောဟန်အရာကို လည်းကောင်း မှတ်၍ ပြသည်ကို ထောက်လျှင် မူလ သဒ္ဒော အားဖြင့်ကား ထူးသည်ပင်ဖြစ်၏။ အာဂမ, အာဒေသ အရာတွင်သာ မထူးသည်ကို ရည်၍ "လဋ္ဌာနမဝိသေသော" ဟူ၍ဆိုသည်ကိုယူသင့်၏။ အာဂမ အရာတွင် ဆဋ္ဌာယတန-စသည်နှိုက် ဌ, ကြီး။ ဆလံသာ-စသည်နှိုက် ထ, ယော်ရှိသည်များ၏။ အာဒေသအရာတွင် သောဋ္ဌသ-စသည်နှိုက် ဌ,ကြီး၊ စတ္ထာလီသ ပုဂ္ဂလ - စသည်နှိုက် ထ,ယော်ရှိသည် များ၏။ ထ,ဋ္ဌာနမဝိသေသော-ဟူ၍ ယခင်စကားကို ထောက်သော် တညီတညွတ် ဌ, ကြီးလည်းကောင်း၊ ထယော်လည်းကောင်း ရှိသော်လည်း အထူးမဆိုသာသကဲ့သို့ ရှိ၏။ ကာရဏ, ဂဟဏ, ပဏာမ-စသော ပုဒ်တို့နှိုက် နယော်ကို ဏကြီး ပြုရအံ့သည်ကို ဆိုသကဲ့သို့ ထ, ယော်ကို ဌ, ကြီး၊ ဌ,ကြီးကို ထ,ယော်ပြုရအံ့သည် ဆိုသော ပုဒ်ပါဠိမူကား မတွေ့။ ယခင်ဆိုခဲ့ပြီးသောအတိုင်း ပစ္စည်း, အာဂုံ, အာဒေသ ဖြစ်မူကား ဌ, ကြီး ထ, ယော်မထူးသာ, အသင့်ချည်း ဟူကောင်း၏။ ထိုတွင်မူကား သုတ်နှင့်အညီ ရှိကောင်း၏။ ။

အဘယ့်ကြောင့်နည်းဟူမူကား ယခင် ဆိုခဲ့ပြီးသောအတိုင်း ထ,ယော်ကို ဌ,ကြီး ဌ, ကြီးကို ထ, ယော်ပြုအံ့သည်ကို သုတ်ဝိသေသလည်းမထင်။စ ,သဒ္ဒါစသောအစ္ဈမ်း ဖြင့် စီရင်အံ့ဟု ဆိုသောအရာများသော်လည်း မထင်။ မဟာပဒေသ သုတ်တို့နှိုက်လည်း တိုက်ရိုက်မထင်။ ထိုကြောင့် ပစ္စည်း, အာဂုံ, အာဒေသ တို့ဖြင့် ပြီးရင်းအတိုင်းသာ ရှိရအံ့သို့ထင်၏။ ထိုသို့ရှိရအံ့သည် မှာလည်း သုတ်နှိုက် ရှိသည်ကိုသာ အစွဲးမူကောင်း၏။ သုတ်နှိုက် ရှိဟန်းကိုကား "ပစ္စယေအာဂမေ" စသော ယခင် 'ကေက္ခရကောသ' အလိုကို ထောက်သော်၊ ထ, ယော်ကို ဆိုသော အရာဖြစ်၍ ထ, ယော်လိုရင်းကဲ့သို့ရှိ၏။ ထ, ယော် လိုရင်းအတိုင်း ပစ္စည်း, အာဂုံ, အာဒေသ ကို ပြုပြီးလျှင်၊ တဘန် ဌ,ကြီးပြုပြန်အံ့ဟူလျှင် ပြုအံ့သောသုတ်ကို ဆင်ခြင်နိုင်သည်သာ အကြောင်းဖြစ်ရာ၏။ ယင်းသို့မဟုတ် သုတ်နှင့်ဥဒါဟရဏ်ညီစွာ၊ ထ, ဋ္ဌာ,နမဝိသေသော-ဟူသည်ကို သာမနဲယူ၍ ဌ,ကြီးပင် ရေးတော့အံ့ ဟူလျှင်လည်း 'ပစ္စယေအာဂမေ' စသော ယခင် ကေက္ခရကောသပါဠိ 'သုတ္တကာရောပန' စသောယခင်ချာသပါဠိ တို့ကို ပယ်စွန့်နိုင်သည်သာ အကြောင်းဖြစ်ရာ၏။ ပါဠို, သဒ္ဒါကို မောဂ္ဂလာန်နှိုက်ကား "ပါတောသိ" ဟူ၍ ဆို၏။ ဓာတုမာလာနှိုက်ကား "ပါလ ရက္ခဏေပါလိ" ဟူ၍ဆို၏။ဆရာနှစ်ပါးအလို ထ, ယော်ချည်းကဲ့သို့ရှိ၏။ ။တင်းလဲဟော ဂုဇ္ဇသဒ္ဒါကို ဆိုရာနှိုက် 'ထ,ဋ္ဌာ,နမဝိသေသော' ဟူ၍ သဒ္ဒတ္ထဇာလိနီဋီကာဆို၏သို့။ ဂုသဒ္ဒုပ ပဒ,

ဂေါသဒ္ဒုပ ပဒ, လာဓာတ် ကြီသည်ကိုထောက်သော် ပစ္စည်း, ဝိဘက်,အာဂုံ, အာဒေသအားဖြင့် ဖြစ်သည်မဟုတ်။ ဓာတ်ကိုရည်၍ အဝိသေသော ဆိုသည်မဟုတ်ပါလော ဟုအံ့။ ဓာတ်ကိုဆိုသည်ကား ဟုတ်၏။ ထိုလာဓာတ်သည်ပင် ဥ,ကြီး ထ,ယ်နှစ်ထွေရှိ၏။ ထိုကြော်ငှာ "လာဓာတုယံ အာဒါနေစ" ဟူ၍ လည်းကောင်း၊ "ဥ ကာရော ဗျဥနေ ဓာတုယာဒါနေ" ဟူ၍ လည်းကောင်း ကေက္စရကောသန္ဓိက်မိန့်အပ်၏။

ဤသို့ ဒန္တဇ-ထ,မုဒ္ဓဇ-ဥ, ၂-ထွေရှိသော်လည်း, အာဒါန အနက်ချည်းဆိုသင့်သောကြောင့် ဥ,ကြီးထည်း ဤဝိဂြိုဟ် ဤအနက်ပင်။ ထ,ယ်ရှိထည်း ဤဝိဂြိုဟ် ဤအနက်ပင် မထူးပြီဟူ၍, ဆိုလိုသည် ယူသင့်၏။ ထ, ယ်နှင့် ရှိသော ဓာတ်ကို ဥ,ကြီးရေးသော်လည်း မထူးဟူ၍, ဆိုလိုသည့် လက္ခဏာမရှိ။ ဤသို့သော အရာများကို ထောက်၍, "ထ, ဥာ, နမဝိသေသော" ဟူသော်လည်း၊ ဓာတ်ရင်း မူထကို ဆိုလိုသည့် လက္ခဏာမရှိ။ ဓာတ်ရင်းမူထ မထူးသည်ဖြစ်မူ၊ ထကာရန္တ၊ ဥကာရန္တ၊ ဥ,ကြီး ထ,ယ်တို့၏ အနက်အရာခြားဟန်ကို ဓာတုမာထာ, ကေက္စရကောသ-စသောကျမ်းတို့နှိုက် အထူးမဆိုရာ။ တခုခုကိုသာ မှတ်၍ ဆိုကောင်းလေသည်။ ထိုကြော်ငှာ ဓာတ်ရင်းမူထကို မထူးဟူ၍, ဆိုလိုသည့် လက္ခဏာထည်းမရှိ။ အာဂုံ, အာဒေသတို့နှိုက်သာ မထူးသော်လည်း သင့်ဟန်ကို ဆိုလိုသည့် လက္ခဏာရှိသည်။ ထိုပစ္စည်း, အာဂုံတို့နှိုက်လည်း ဆိုခဲ့ပြီးသော ထ, ယ်၏ လက္ခဏာ ရှိသည်ကို သောဥသ, ဆဥ္ဇာဘိည, ဒဇ္ဇ ရုဇ္ဇ-စသည်တို့မှာ ဆရာ အဆက်ဆက် ဥ,ကြီးရေးသည် များ၏။ စတ္ထာလိသ, ဆလံသာ, ပုဂ္ဂထ-*ဤသည်မှာကား ထ, ယ်ပင်ရှိသည်များ၏။ ထိုတွင် ပစ္စည်း, အာဂုံ, အာဒေသကို စိရင်သည့် ကာထ၊ ထ,ယ်ကို ဥ, ကြီး ပြုရအံ့သော ဥပဒေသကား အလွန်ရခက်သည်။ ဒိဋ္ဌာနဂတိ ဖြစ်၍,ထည်း အလွန်ပယ်ခက်သည် ဆင်ခြင်ပါ။

ယင်းသို့လျှင် ဥ,ကြီးအက္ခရာသည် ထ,ယ်နှင့် မထူးသင့်သော အရာဖြစ်၍,ငင်း၊ ပစ္စည်း, အာဂုံ, အာဒေသ-အရာနှိုက် ကေက္စရ, ချာသဆရာတို့ ညွှန်သောအတိုင်း ဓာတ်နှိုက်ရှိသည်နှင့် လျော်စွာ လည်းကောင်း၊ ထ,ယ်သာ ရှိသော်လည်း မသင့်မဆိုသာလျှင် ဓာတ်ရင်းမူထ ဖြစ်သောအရာ၊ ပစ္စည်း, အာဒေသ,အာဂုံတို့နှိုက် ရသင့်သောအရာဖြင့် ထ,ယ်၏အရာကား များသည် ဖြစ်ရာ၏။ ဥ,ကြီး၏အရာကား ဓာတ်မူထဖြစ်သော်သာ ရှိရာ၏။ ထိုကြော်ငှာ ဥ, ကြီး၏အရာကား နည်းသည်သာလည်း ဖြစ်ရာ၏။ 'သဒ္ဒသတ္ထေပန' စသော ချာသပါဠိနှင့်အညီ ၃,အက္ခရာကို ဆိုပြီးဖြစ်၍,

* စသည်

လ,အက္ခရာကို အသီးမဆိုဟူ၍ လည်းကောင်း၊ ထို ဥ,ကြီးအက္ခရာကို ခပ်သိမ်းသော အရာနှိုက် မခေါ်ဝေါ်ကုန်ဟူ၍ လည်းကောင်း၊ အချို့သော ဆရာတို့သည် ဥ,ကြီး အရာကို လ,ငယ်လည်းကောင်း၊ ၃,သံကောက် လည်းကောင်း ရွတ်ကုန်၏ ဟူသည် ကိုထောက်လျှင်လည်း အသီးပင် မရှိသည်ဟူသော်လည်း ယူသင့်၏။ ရှိသော်လည်း ဆိုခဲ့ပြီးသောအတိုင်း အရာနည်းသည်သာလည်း ဖြစ်ရာ၏။ ဤကဲ့သို့ လ,ငယ်အက္ခရာ နှိုက်မူကား မဆိုသောကြောင့် အရာများသည်သာ ဖြစ်ရာ၏။

ဤသို့လျှင် ဥ,ကြီး၏အရာသည် နည်းသော်လည်း နည်းရာ၏။ မရှိသော်လည်း ဖြစ်ရာ၏။ လ, အက္ခရာကိုကား မရှိသည်ဟူ၍ လည်းကောင်း နည်းသည်ဟူ၍ လည်း ကောင်း မဆိုသာ။ ဤသို့အရာအားဖြင့် လ,အက္ခရာ၊ ဥ,ကြီးအက္ခရာသည် ကွဲးသည် သာဖြစ်၏။ လနှင့် ဥသည် မုဒ္ဓဇချင်း, ဧောသချင်း, ဗျည်းချင်း, အဝဏ်ချင်းတူလေ သော်လည်း ဆိုခဲ့ပြီးသောအတိုင်း အရာအားဖြင့် ကွဲး၍ တလုံးစီဖြစ်လျှင် သိထိထ, ဓနိတ-ဟူ၍ အလျဉ်းမရှိသည် ဖြစ်လေ၏။ အလျဉ်းကင်းလျှင် သရ၌လည်းကောင်း အဝဏ်နှိုက်လည်းကောင်း သိထိထ, ဓနိတ-မဝေဘန်သင့်ပြီဖြစ်၍ မဝေဘန်လေသည် ဟူ၍ ယူရအံ့သကဲ့သို့ ရှိ၏။ ဉာဏ်လိုက်ဆိုသည့်-ဆင်ခြင်ပါ။ ။ဤသို့လျှင် သိထိထ, ဓနိတ-စသော သဒ္ဒါဆယ်ပါး၏ အသံအားဖြင့်လည်း ဗျည်းတို့၏အသံသည် ကွဲးပြန် သတည်း။

ဤတွင် ဝေါဟာရတ္ထပကာသနီကျမ်း ပထမပိုင်းပြီး၏။

ဒုတိယပိုင်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

၃၅-ဌာန်သုံးပါးနှိုက် ကရိဏ်း, ပယတ်တို့၏ ကွဲးဟန်ကို ဘော်ပြကြောင်း

ထိုမှတပါးလည်း ကရိဏ်း ပယတ်၏ အစွမ်းအားဖြင့်လည်း ကွဲးပြန်သည်ဖြစ်၏။ ထိုတွင် ကရိဏ်းဟူသည်ကား- ဇဝဿမူလကရိဏ်း, ဇဝေါပဂ္ဂကရိဏ်း, ဇဝဂ္ဂကရိဏ်း- ဟူ၍ သုံးပါးပြား၏။ ထိုကြောင့် ကစ္စာယနဝဏ္ဏနာနှိုက် "ကရဏံ တိဝိဓံ ဇဝဿမဏ္ဍ ဇဝေါပဂ္ဂ ဇဝဂ္ဂ ဝသေန" ဟူ၍ မိန့်အပ်သည်။ ထိုသုံးပါးတို့တွင် တာလုဇဖြစ်သော အက္ခရာတို့၏ ကရိဏ်းသည် ဇဝဿမဏ္ဍကရိဏ်း မည်၏။ မုဒ္ဓဇအက္ခရာတို့၏ ကရိဏ်း သည် ဇဝေါပဂ္ဂ ကရိဏ်းမည်၏။ ဒန္တဇအက္ခရာတို့၏ ကရိဏ်းသည် ဇဝဂ္ဂ ကရိဏ်း မည်၏။ ဤသို့လျှင် တာလုဇ, မုဒ္ဓဇ, ဒန္တဇ-ဟူသော ဌာနသုံးပါးနှိုက် ဖြစ်သော အက္ခရာတို့သည် ကရိဏ်းအားဖြင့်ကွဲး၍ ဌာနတခြား ကရိဏ်းတခြားဖြစ်ကုန်၏။ ထို သုံးပါးမှကြွင်းသော ဌာန်တို့ကား ကရိဏ်းအသီးမရှိ၊ မိမိတို့၏ ဌာန်နှင့်တူကုန်၏။

၃၆-တာလု, မုဒ္ဓ, ဒန္တ-သုံးပါးသော ဌာန်တို့နှိုက် ဌာန်, ကရိဏ်းတို့၏ ဖြစ်ရာမတူသည်နှင့်တကွ၊ ကြွင်းသောဌာန်တို့၏ သကဌာန်, သက ကရိဏ်းမည်သည်ကို ဘော်ပြကြောင်း

တာလုဇနှိုက် ဌာန်နှင့် ကရိဏ်း မတူဟန်ကား- လျှာရင်း၏ အထိဝ်အပြင်သည် တာလုဇဌာန် မည်၏။ ထိုလျှာ၏ အလယ်ရဝ်သည် ဇဝဿမဏ္ဍကရိဏ်းမည်၏။ ခံတွင်း၏ အတွင်းနှိုက် လျှာထိဝ်၏ အတို့သည် မုဒ္ဓဇဌာန် မည်၏။ ထိုခံတွင်း၏အတွင်းနှိုက် လျှာဖျား၏ အနီးသည် ဇဝေါပဂ္ဂ ကရိဏ်း မည်၏။ အထက်နှိုက် သွား ဌာန်၏ အနောင့်အတွင်းသည် ဒန္တဌာန်မည်၏။ ထိုဌာန်၏ လျှာဖျားသည် ဇဝဂ္ဂ ကရိဏ်း မည်၏။ ထိုကြောင့် ကစ္စာယန ဝဏ္ဏနာနှိုက် ထည်းကောင်း-

> ဍေ္ဍစ တာလု, မုဒ္ဓ, ဒန္တဋ္ဌာနေသု ယေဝ ဝိသုံ ဌာနဋ္ဌ ကရဏဋ္ဌ ဘဝတိ။ ကိံ ဘဝတိ တာလုဌာနံ ဇဝဿမူလဿ ဥပရိတလံ တဿ မဏ္ဍဌာနံ ပန ကရဏံ ဘဝတိ၊ မုခဋ္ဌန္တရ မုဒ္ဓိမုဒ္ဓိဌာနံ တဿဇဝဿိယ အဂ္ဂဿ သမီပံ ဥပရိတလံ

ကရဏံ တံ ဇိဂ္ဂေါပဂွန္တိ ဝုတ္တံ။ ဥပရိဒန္တဂ္ဂါနဏ မဏ္ဍိယာ အဿန္တရံ ဒန္တဂ္ဂါနံ တဏဇိဂ္ဂါယ အဂ္ဂံ ကရဏံ ဧဝံ တီသု ဌာနေသု ဌာနဋ္ဌ ကရဏဋ္ဌ ဝိသုံ ဃဋ္ဋတိ။ သေသ ဌာနေသု ကရဏံ ဝိသုံ နာ ဃဋ္ဋတိ။

ဟူ၍ မိန့်အပ်သည်။ ထိုတာလုဇ, မုဒ္ဓ, ဒန္တ-ဟူသော သုံးပါးသော ဌာန်တို့မှ ကြွင်းသော ဩဋ္ဌ စသောဌာန်တို့သည်ကား ကရိုက်းဟူ၍ အသိးမရှိ။ မိမိတို့၏ ဌာန်သည်ပင် မိမိတို့၏ ကရိုက်း မည်သောကြောင့် ထိုဩဋ္ဌဇ စသော အက္ခရာတို့ကား သကဋ္ဌာန ကရိုက်းမည်ကုန်၏။ ထိုကြောင့် ရူပသိဒ္ဓိန်က်-"ကရဏံ ဇိဂ္ဂါမဏ္ဍ တာလုဇာနံ၊ ဇိဂ္ဂေါပဂွံ မုဒ္ဓဇာနံ၊ ဇိဂ္ဂဂွံ ဒန္တဇာနံ၊ သေသာ သကဋ္ဌာနကရဏံ" ဟူ၍ မိန့်အပ်၏။ ထို သကဋ္ဌာန ကရိုက်းနှင့်သော် ကရိုက်းလေးပါး ဟူ၍ ဃည်းဆိုအပ်၏။ ထိုကြောင့်-

"စတုဓာ ကရဏံ တုတ္ထံ၊ ဇိဂ္ဂါ မဏ္ဍံ, ဇိဂ္ဂေါပဂွံ"
ဇိဂ္ဂဂွဋ္ဌ သကဋ္ဌာနံ၊ ကရဏံ ဇန ဟေတုကံ။

ဟူ၍ ဃည်းကောင်း-

ဇိဂ္ဂါမဏ္ဍံ တာလုဇာနံ၊ မုဒ္ဓဇာနံ ဇိဂ္ဂေါပဂွံ။
ဒန္တဇာနဋ္ဌ ဇိဂ္ဂဂွံ၊ သေသာနံ သကဋ္ဌာနိကံ။

ဟူ၍ ဃည်းကောင်း နိဒ္ဒေသန်ိက် မိန့်အပ်သည်။ ဤသို့ဖြင့် ကရိုက်း၏ အစွမ်းဖြင့် ကွဲးသတည်း။

ဤ သက ကရိုက်းဟူရာန်ိက် ဌာန်နှင့် ကရိုက်း မကွဲးသည်ဖြစ်ခဲ့အံ့။ ဌာန်ဟူသည် ကရိုက်းဟူသည်ကား အခေါ်အဝေါ် ပညတ်နာမမျှသာ သဘောမရ ဇိဂ္ဂါမဏ္ဍ စသော အမည်သုံးပါး အသီးရသော ကရိုက်းတို့၌ဃည်း ဤနည်းအတူ မကွဲးကောင်းပြီ။ ဃျာရင်း၏ အထိပ်အပြင်သည် တာလုဇဌာန်၊ ဃျာ၏ အဃယ် အရပ်သည် ဇိဂ္ဂါမူလ ကရိုက်းဆိုရာ၌ ဃျာရင်း၏ အထိပ်အပြင် ဟူသည်ဃည်း ဖြစ်ရပ်ပင်။ ဃျာ၏ အဃယ်အရပ်ဟူသည်ဃည်း ဖြစ်ရာဌာန ဃည်းကောင်း ဖြစ်၍ ဌာန်ဟူ၍ သာဆိုကောင်း၏။ ဇိဂ္ဂါမူလ ကရိုက်း စသည်ဖြင့် အခေါ်အဝေါ် ပညတ်အမည်မျှသာ၊ သဘောကွဲးမရ မထူးကောင်းပြီ တကားဟူအံ့။ ထူး၏။ ထူးဟန်ကား.... ဌာန်ကား အက္ခရာတို့၏ ဖြစ်ရာဖြစ်ရပ်ဌာနတည်း။ ကရိုက်းဟူသည်ကား အက္ခရာတို့၏ ဖြစ်ကြောင်းတည်း။ ဤသို့ဖြင့် ဌာန်ဟူသည်ကား-ဖြစ်ရာ။ ကရိုက်းဟူသည်ကား-ဖြစ်ကြောင်းဖြစ်၍။ ဖြစ်ရာ, ဖြစ်ကြောင်း၏ အစွမ်းဖြင့်ထူး၏။ ဌာန်ဟူသည်

ကိုကား အဓိကရဏသာဓနပြု၍ ဖြစ်ရာအရပ်ကို ယူရအံ့သည်။ ကရိဏ်းဟူသည်ကိုကား ကရဏ သာဓနပြု၍ ဖြစ်ကြောင်းကို ယူရအံ့သည်။ ထိုကြောင့် ရူပသိဒ္ဓိဋီကာ၌က်-

"တိဋ္ဌန္တိ ထွေ ဝဏ္ဏာ တဒါယတ္တ ဝုတ္တိတာယာတိ ဌာနံ ကဏ္ဌာဒိ။ ကရိယန္တေ ဥစ္စာရိယန္တေ ဧတေနာတိ ကရဏံ ဇိဝှာမဇ္ဈာဒိ"

ဟူ၍ မိန့်အပ်သည်။ ။ချာသန္နိက်ထည်း "တိဋ္ဌန္တိ ဥပ္ပဇ္ဇန္တိ ထွေ အက္ခရာနိ ဌာနိတိ ဝုတ္တာနိ" ဟူ၍ ဌာန်မည်ကြောင်းကို အဓိကရဏသာဓနပြု၍ မိန့်အပ်သည်။ ။ ယင်းသို့သောကြောင့် ဌာန်ဟူသည်ကား အက္ခရာတို့၏ ဖြစ်ရာဌာန ဟူသော ထည် ချောင်းစသော အရပ်တည်း။ ကရိဏ်း ဟူသည်ကား "ကရိယန္တေ ဥစ္စာရိယန္တေ ဧတေနာတိ ကရဏံ" ဟူသော ကရဏသာဓနပိဂ္ဂိုဟ်နှင့်အညီ၊ အက္ခရာတို့၏ ဖြစ်ကြောင်းသည် ကရိဏ်းမည်၏။ ထိုကြောင့် ယခင် နိဒ္ဒေသပါဠိ၌က် "ကရဏံ ဇန ဟေတုကံ"ဟုမိန့်အပ်ပြီ။ ။ဤသို့လျှင် ဌာန်, ကရိဏ်းတို့၏ သဘောအရ လက္ခဏာသည် ဖြစ်ရာ, ဖြစ်ကြောင်း၏ အစွမ်းဖြင့် မတူကြ။ ထူးသည်သာဖြစ်၏။

၃၇-(၄၁)လုံးသော အက္ခရာတို့တွင် သရဗျည်းစသော ဌာန်တို့ရှိုက် ကရိဏ်း, ပယတ် အစိတ်အဖြာ ကွဲးပြားဟန်ကို ဘော်ပြကြောင်း

ပယတ်ဟူသည်ကား-သံဝုဠ, ဝိဝဋ, သံဖုဋ, ဤသံဖုဋ-ဟူ၍ လေးပါးပြား၏။ ထိုကြောင့်- "ပယတနံ စတုဒ္ဓိမံ သံဝုဠ, ဝိဝဋ, သံဖုဋ, ဤသံဖုဋ ဝသေန" ဟူ၍ ကစ္စာယနဝဏ္ဏနာ၌က် မိန့်အပ်သည်။ ထိုတွင် အဘယ်အက္ခရာသည် သံဝုဠစသည် မည်သနည်းဟူမူကား အ,အက္ခရာသည် သံဝုဠမည်၏။ ကြွင်းသောသရ, သ-ဗျည်း ဟ-ဗျည်းတို့သည် ဝိဝဋမည်ကုန်၏။ ဝဂ်ဗျည်းတို့သည် သံဖုဋမည်ကုန်၏။ ယ၊ရ၊ လ၊ ဝတို့သည် ဤသံဖုဋမည်ကုန်၏။ ထိုကြောင့် ရူပသိဒ္ဓိ၌ "သံဝုဠံ အကာရသ။ ဝိဝဋံ သရာနံ သကာရ, ဟကာရာနဉ္စ။ သံဖုဋံ ဝဂ္ဂါနံ။ ဤသံဖုဋံ ယရလဝါနဉ္စိ" ဟူ၍ မိန့်အပ်သည်။ ဤ ရူပသိဒ္ဓိ အလိုသော် ဥကြိုးနိဂ္ဂဟိတ်ကြွင်းအံ့သို့ရှိ၏။

သံဝုဠတ္တ မကာရဿ၊ ဝိဝဋဉ္စ သဟာနဉ္စ။
သံဖုဋတ္တဉ္စ ဝဂ္ဂါနံ၊ ဤသံ ယရလဝါနဉ္စ။
ဧဝံ ဌာနကရဏဉ္စ၊ ပယတနေ ဟျက္ခရာ သိယုံ။

ဟူသော ကစ္စာယနဝဏ္ဏနာ အထိသော် အ, အက္ခရာသည် သံဝုဠ, သ,ဟသည် ဝိဝဋ, ဝင်္ဂျည်းသည် သံဖုဋ္ဌ, ယ,ရ,ဃ,ဝ, တို့ကား ဤသံဖုဋ္ဌ ဟူသောကြောင့်၊ အာ-စသောသရ, ဥကြီး နိဂ္ဂဟိတ် ကြွင်းအံ့သို့ရှိ၏။ ။ဤပထတ် ဟူသည်ကား အတတ်သို့သော သဘောကို ဆိုသနည်း ဟူမူ-အက္ခရာတို့၏ ဖြစ်ကြောင်း အားထုတ်ခြင်းဟူသော ကရိုက်းသည်ပင် ပထတ်မည်၏။ ထင်းသို့သော် ကရိုက်းထည်း ဖြစ်ကြောင်း၊ ပထတ်ထည်းဖြစ်ကြောင်း ဖြစ်ခဲ့၏။ ဝေါဟာရ မျှသာကဲ့၍, တစုံတခုသောအကြောင်းဖြင့် မထူးဩဇောဟူအံ့။ ထူး၏။ ထိုကြောင့် "ပထတနံ သံဝုဠာဒိ ကရဏ ဝိသေသော" ဟူ၍, ရူပသိဒ္ဓိန်းက် မိန့်အပ်သည်။ ထင်းသို့ သောကြောင့် ကရိုက်း အထူးသည် ပထတနမည်၏။ ။ကရိုက်း အထူး ဟူသည်ကား အတတ်သို့သော အစွမ်းဖြင့်ထူးသနည်း။ ကရိုက်းချင်းအတူတူတွင် အတတ်သို့ အကြောင်းကဲ့ပြန်သနည်းဟူအံ့၊ ဝိတ်ခြင်း, ဘွင့်ခြင်း, ပြင်းစွာထိခြင်း, စဉ်းငယ် ထိခြင်း-ဟူသောအစွမ်းဖြင့် ဝဏ္ဏကို ရွတ်ခြင်းငှာ အားထုတ်ခြင်းအထူးသည် ပထတနမည်၏။ ထိုကြောင့် "ပထတနံနာမ ဝဏ္ဏ မုစ္စာရဏသာဟော သံဝုဠာဒိယော" ဟူ၍, ကစ္စာယနဝဏ္ဏနာန်းက် မိန့်အပ်သည်။ ထင်းသို့လျှင် ဝိတ်ခြင်း ဘွင့်ခြင်း စသောအစွမ်းဖြင့် ဝဏ္ဏကို ရွတ်ခြင်းငှာ အားထုတ်ခြင်း အထူးဟူသော ဂုဏ်သည်ပင်လျှင် ပထတနမည်၏။ ထိုကြောင့် "ပထတနံ ပန ယထာရဟံ ဌာနကရဏာနံ သံဝုဠာဒိ ဂုဏော တိ ဝုတ္တံ" ဟူ၍, မိန့်အပ်သည်။

ဝိတ်ခြင်းစသော အစွမ်းဖြင့် ဝဏ္ဏကို ရွတ်ခြင်းငှာ အားထုတ်ခြင်း ဟူသော ထူးသောဂုဏ်သည် ပထတနမည်၏ ဟူရာန်းက်၊ အတတ်၏ ဂုဏ်နည်းဟူမူကား ဌာနကရဏာနံ-ဟူသည်နှင့်အညီ၊ ဌာန်ကရိုက်းတို့၏ ဂုဏ်ဟူ၍, သိအပ်၏။ ဤသို့လျှင် အက္ခရာဖြစ်ကြောင်းဟူသော အစွမ်းဖြင့် ကရိုက်း၏ အဖြစ်တူလေသော်ထည်း ရွတ်ခြင်းငှာ အားထုတ်ခြင်းဟူသော ဂုဏ်အားဖြင့် ပထတ်သည် ကရိုက်း အထူး ဖြစ်သတည်း။ ရဲမက်ချင်းအတူတူကို အထူးသဖြင့် အားထုတ်ခြင်း ရဲခြင်းရှိ၍, ရဲစု ရွေးစုဟူပြန်ရသကဲ့သို့ အက္ခရာတို့၏ဖြစ်ကြောင်း ကရိုက်းချင်း အတူတူကို အထူးသဖြင့် ရွတ်ခြင်းငှာ အားထုတ်ခြင်း ဂုဏ်ရှိ၍, ပထတ်ဟူပြန်ရ၏၊ဟူ၍ နှလုံးသွင်းရာ၏။

သဒ္ဒတ္ထဇာလိနီ ဆရာ၏ အထိအားဖြင့်ကား- ကရိုက်းန်းက်ပင် အတွင်းဝင်သည်ဖြစ်၏။ ထိုကြောင့် ပထတ်ကို အသိမဆိုအပ်ပြီ။ ဤသို့သောအနက်ကို သိစေခြင်းငှာ ထိုဋီကာန်းက် "ပထတနံ ကရဏေသွေဝ အန္တောဂဓတာတိ ဝိဆုံ နဝုတ္တံ" ဟူ၍, မိန့်အပ်သည်။ ထိုသို့မိန့်အပ်သည်နှင့် အညီ "စတုဒ္ဓါဓန္တိ ကရဏံ ဖုသဋ္ဌံ အတိ ဖုသဋ္ဌံ" စသည်ဖြင့် ဖုသဋ္ဌစသော ပထတ်ပြားကိုပင် ကရိုက်း၏အဖြစ်လိုလေသည်။

ဖုသဋ္ဌ အတိ ဖုသဋ္ဌံ၊ သံဝုဋ္ဌံဝိ တထေဝစ။
ဝိဝဋ္ဋဘာဝိ ဝဏ္ဏာနံ၊ ကရဏံ တံ စတုဒ္ဒိဓံ။
ဖုသဋ္ဌ ကရဏာ ဝဂ္ဂါ၊ ယရဝဝါတု ဤသကာ။
ဒီဃ ဝိဝဋ္ဋကာ သဒ္ဓေ၊ ရဿာ သံဝဋ္ဋကာ ဇုမေ။

စသည်ဖြင့် ဖုဋ္ဌနီရုတ္တိ လာဟန် ကိုထည်း ညွှန်သည်။ ဤအလိုကို ထောက်သော် ပယတ်ဟူ၍ အသီးမရှ။ ဖုသဋ္ဌစသော အမည်လေးပါးဖြင့် ပြသည်လည်း ကရိုက်း ပင်ဖြစ်၏။ ပယတ်ဟူ၍သော်လည်း ဆိုအပ်၏။ အထူးမရှိ အမည်မျှသာ ကရိုက်း ပယတ်ဟူ၍လည်း ကွဲးလေသည်ဟူသင့်၏၊ ထိုနှင့်လျော်စွာ ပယတန မည်ကြောင်း ကို ဝိဂြိဟ်ပြုသော်-ပကာရေန ယတတိ ဝိရိယံ ကရောတိ ဧတေနာတိ ပယတနံ" ဟူ၍ ကရိုက်းကဲ့သို့ ကရဏသာဓန လည်းကောင်း ပြု၍ ဝဏ္ဏကို အားထုတ်၍ ရွတ်ကြောင်းဖြစ်သော-ဝိတ်ခြင်း, ဘွင့်ခြင်းစသော ကရိုက်းအထူးကို အရယူသော် သင့်အံ့သည်။

ကရိုက်း, ပယတ် အသီးမရှိ ဟူသော ဆရာမြတ်တို့၏ အလိုအားဖြင့် သရုပ် ကား၊ ဝဂ်ဗျည်းကား-သံဖုဋ္ဌ၊ ယရဝဝတို့ကား ဤသံဖုဋ္ဌ၊ ရဿကား-သံဝုဋ္ဋ၊ ဒီဃ ကား-ဝိဝဋ္ဋဖြစ်၏။ ဤအလိုသော် သဟဋ္ဌအံ-ဟူသော အုဝဂ် လေးလုံး ကြွင်းအံ့ သို့ရှိ၏။ ဆရာမြတ်တို့၏ ဝါဒပင် မည်ညွတ်ကြ။ ထိုသို့သော်လည်း ဆိုအပ်ငြား သောအတိုင်း ဂုဏ်းထူးရာသာ အမည်ထူးရကောင်း၏။ ဂုဏ်သာမန်ရှိက် အမည် သာမန် ရကောင်းလေသောကြောင့် ပယတ်ရှိက် မည်မညွတ် ကြွင်းကျန်လေသော် လည်း "သေသာ သကဋ္ဌာနကရဏာ" ဟူသော ရူပသိဒ္ဓိ ပါဋိကိုမှီ၍ သက ကရိုက်း ဟူ၍ ယူအပ်ထျင်၊ ထိုကရိုက်းပင် ပဟတိ မည်သောကြောင့် သက ကရိုက်းကိုပင် သကပယတ်ဟူ၍ပင် ယူသော်လည်း သင့်ရာတော့သည်။ ဉာဏ်လိုက်၍ ဆင်ခြင်ပါ။

ဤသို့ထျင် ကရိုက်း, ပယတ်၏ အစွမ်းဖြင့်လည်း ကွဲးပြန်သည် ဖြစ်၏။ ယင်းသို့ သော အရာများကို နှလုံးသွင်း၍, ကခ-စသော ဗျည်းတို့၏ အသံသည် ရဿ ဃဉ်ခိုက် ဂမတြောခွဲး၊ ဒီဃဃဉ်ခိုက် နှစ်မတြောခွဲး ဟူ၍ ရွတ်သံ ကာလအားဖြင့် တညီ တညွတ်သာ ဖြစ်သင့်သော်လည်း ဌာန်,ကရိုက်း, ပယတ် အစွမ်းဖြင့် ကွဲးပြန် သင့်သတည်း။ ။ဤကိုရည်၍....ကရိုက်းပယတ်၊ ဌာန်မဗျတ်တည်း" [၁] ဟူ၍ စပ်ဆိုတော်မူလေသည်။ ဤသို့ထျင် ၄၁-လုံးသော အက္ခရာတို့ရှိက် သရဗျည်း,

၁ ကိုး ၃၃။

ဒီဃ, ရဿ, ဝဂ်, အဝဂ်, လောသ, အဃောသ,ဌာန်,ကရိုက်းစသော အစိတ်အဖြာ ထက္ခဏာ ကွဲးပြားဟန်ကို ခြားနားရှင်းလင်းအောင် နှလုံးသွင်းရာ၏။

၃၈-က,ခ-စသော (၄၁)လုံးသော အက္ခရာတို့၏ အသံဖြစ်ခြင်းကို ဘော်ပြကြောင်း

ထိုက, ခ - အစရှိသော ၄၁ - လုံးသော အက္ခရာ တို့၏ အသံ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အခြင်း အရာကိုထည်း နှလုံး သွင်းရာ၏။ အသံ ဖြစ်ခြင်း၏ အကြောင်းဖြစ်သောအခြင်းအရာကို အရိပ်မျှ ရေးလိုက်အံ့။ ။က-စသောအက္ခရာ တို့၏ အသံသည် စိတ်, ဥတု ဟူသော အသံဖြစ်ခြင်း၏ အကြောင်းနှစ်ပါးတွင် စိတ် ကြောင့်သာဖြစ်၏။ စိတ်အပြားထွင် ကာမဇော ၂၉-ဝုဋ္ဌော အတိညာဉ်ဒွေးအား ဖြင့် ၃၂-ခုသော စိတ်ကြောင့်ဖြစ်၏။ အဘယ်ဘုံနိုက် ဖြစ်ကောင်းသနည်း ဟူမူကား အသညသတ်, အရူပကြဉ်သော ၂၁-ဘုံနိုက် ဖြစ်ကောင်း၏။ အဘယ်အခါ နိုက် ဖြစ်ကောင်းသနည်း ဟူမူကား ပဝတ္တိ အခါ၌သာ ဖြစ်ကောင်း၏။ အဘယ် ပုဂ္ဂိုလ်နိုက် ဖြစ်ကောင်းသနည်း ဟူမူကား အရိယာ,ပုထုဇဉ်အားဖြင့် အလုံးစုံသော ပုဂ္ဂိုလ်နိုက်ပင် ဖြစ်ကောင်း၏။ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်သနည်း ဟူမူကား-ပထဝီ ဓာတ်ချင်းခပ်မိ၍ ဖြစ်၏။ ပထဝီဓာတ် အများထွင် ကမ္မဇပထဝီ နှင့် စိတ္တဇ ပထဝီ ခပ်မိ၍ ဖြစ်၏။ အဘယ်သို့ ခပ်မိ၍ ဖြစ်သနည်း ဟူမူကား ခွက်ကွင်းနှစ်ခုတို့သည် ခပ်မိ၍ အသံ ဖြစ်သကဲ့သို့ ဖြစ်၏။ ထိုစိတ်ကြောင့် ဖြစ်သော အသံပင် နားသို့ ရောက်သလော ဟူမူကား မရောက်ကောင်း။ အဘယ့်ကြောင့် သိသနည်းဟူမူကား သောတပသာဒရှိရာ သဒ္ဒါရုံမရောက်ဟူသောကြောင့် သိရ၏။

ယင်းသို့သော် ပသာဒနှင့်အာရုံ အတိမုခိဘူတဃဋ္ဋနဖြစ်၏ဟူသည်မဟုတ်ပါလော ဟူအံ့။ အတိမုခိဘူတဃဋ္ဋနဖြစ်သော်ထည်း ခွက်ကွင်းနှစ်ခုခပ်မိ၏သို့ ခပ်မိ၏မယူ လို။ အာဃောက, မနသိကာရ-စသော အင်္ဂါညီ၍, ပသာဒနှင့် အာရုံကြိုသည်ကို သာ ဃဋ္ဋနဆိုသည် ယူကောင်း၏။ ထိုကြောင့်-

"ခြောက်ပါးအာရုံ၊ ကြိုထတ်သောခါ"[၁] ဟူ၍ ထည်းကောင်း။
"စသည်ခြောက်တော်၊ အာရုံတော်က" ဟူ၍ထည်းကောင်း စပ်တော်မူလေသည်။

---

၁ ကိုး ၃၉။

ရှင် ၂၀-ခုတွင် သုခုမရှင် ၁၆-ခုသည် အပွင့်ရှိ၏။ ဩဇဋ္ဌာရိကရှင် ၁၂-ခုသည် သပွင့်ရှိ၏မည်သည်။ ထိုဩဇဋ္ဌာရိကရှင် ၁၂-ခုတွင်လည်း ရှပါရုံတခုသာ ဆနိဒဿန၊ ကြွင်းသော ဩဇဋ္ဌာရိကရှင် ၁၁-ခုကား အနိဒဿနမည်သည်။ ဤနှိုက် ပရိဿဟူသည်ကား ထိပါးခြင်းရှိ၏ဟူသည်။ ထိုသို့ထိပါးခြင်းရှိ၏ဟူသော်ထည်း ဩဇဋ္ဌာရိက ၁၂-လုံးဟူသော အာရုံသည် အာရမ္မဏိက ရှိရာသို့ရောက်၍ ခွက်ကွင်းနှစ်ခု ခပ်မိ၏သို့ ထိသျင်းသည်လည်းမဟုတ်။ အာရုံတော်ပါသည်သာ။ ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗတို့သာရောက်၍ ထိပါးခြင်းဖြစ်သည်။ ရူပ,သဒ္ဒတို့ကား မရောက်။ တော်သည်ကိုသာ ထိပါး၏ဆိုရသည်။ ။ယင်းသို့သျင် သဒ္ဒါရုံသည် နားသို့မရောက်ဘဲထျက်ကို "သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ" ဟူ၍ အဘယ့်ကြောင့် ဟောတော်မူတိသနည်းဟူအံ့။ သဒ္ဒါရုံသည် သောတဝိညာဉ် စိတ္တုပ္ပါဒ်အားအာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုဟန်ကိုသာ ဟောတော်မူသည်။ ရောက်၍ ကျေးဇူးပြု၏ဟုမယူထို။ ယင်းသို့ယူသည်ဖြစ်မှ စတ္ဂါသောတတို့ကား အသမ္ဘတ္တ။ ဃန,ဇိဂ္ဂါ,ကာယတို့ကား သမ္ဘတ္တဟူ၍ ဆိုသောစကား နှင့်ညီအံ့သည်။

အချို့ကား.... စိတ္တဇ အသံကား စိတ်နှင့် အဖြစ်,အချင်းတူလေအံ့ဖြစ်၍ မရောက်ကောင်းသည်ဖြစ်သင့်၏။ စိတ္တဇစွယ ပရံပရ ဥတုဇသဒ္ဒါသည်ကား အဆက်ဆက်အားဖြင့်ဖြစ်၍ ရောက်၏အယူရှိသည်။ အချို့ကား ဥတုဇရုပ်ကို မချုပ်ယူ၍ ရောက်ကောင်း၏အယူရှိသည်။ ထိုအယူကား သင့်အံ့သို့မရှိ။ မရှိဟန်ကား- ဥတုဇသဒ္ဒါရုံသည် အဆက်ဆက်ဖြစ်၍ အာရမ္မဏသတ္တိ စွမ်းနိုင်လေသော်လည်း ဆိုခဲ့ပြီးသော အတိုင်း ရှေရှုတော်ကာသာ ရောက်၏မယူထို။ ဥတုဇရုပ်ကို မချုပ်ယူသည်မှာလည်း မချုပ်သည်မှန်လျင် ဥတုဇရုပ်သည် နိစ္စရူပဖြစ်ရာခဲ့၏။ 'သဒ္ဒေသခ်ိဏာအနိစ္စာ' ဟူသည်မှာလည်း ဥတုဇရုပ်လွတ်လေအံ့။ ရှပွတိဟူသော ဝစနတ္ထနှင့်လည်း ထိုဥတုဇရုပ်သည် မသင့်ရာပြီ။ နိပ္ပန္နရုပ် ၁၈-ခုကို အနိစ္စစသော ဃဏ္ဍဏာဖြင့် သုံးသပ်အပ်သောကြောင့် သမ္မသနရုပ် မည်သည်မှာလည်း မချုပ်မယူက်သည်ကို အနိစ္စစသည်ဖြင့် မသုံးသပ်အပ်ပြီဖြစ်၍ ဥတုဇအဋ္ဌကထာဝါဒသည် သမ္မသနရုပ် မမည်သင့်ပြီ။ အလုံးစုံသောရုပ်ဝင် သခ်ိတဟူသည်မှာလည်း ဥတုဇရုပ် သခ်ိတမမည်သင့်ပြီ၊ ဃဏ္ဍဏာရုပ် ၄-ခု ဝိညတ်ရုပ် ၂-ခုကြဉ်သော ရုပ် ၂၂-ခုတို့၏အသက်ကို သတ္တရသ စိတ္တက္ခဏဟူ၍ ဝိုင်းခြားသည်မှာလည်း ဥတုဇရုပ် ၁၃-ခုကို မယူသင့်ပြီ။ ဤသို့စသည်ဖြင့် ဆန့်ကျင်သည်များအံ့ဖြစ်၍ ဥတုဇရုပ်ကို မချုပ်မယူထို။ ချုပ်သည်ကို ကျန်ဆရာတို့ဆို၏ ထောဟူမူကား တိုက်ရိုက်သော်ကားမထင်။ ချုပ်၏ယူလျင် ယခင် ဆိုခဲ့ပြီးသည်နှင့် မဆန့်ကျင်သည်ဖြစ်၍ သဘောယုတ္တိ သင့်သောကြောင့် အထွာပတ္တိအားဖြင့် ကျန်ဆရာဘို့ ချုပ်၏ဆိုသည်ပင် ယူရအံ့။

အဘယ်သို့ သဘောယုတ္တိ သင့်သနည်းဟူမူကား ဥတုဇရုပ်ချုပ်၏ယူရမှ အနိစ္စအရူပဖြစ်မည်။ အနိစ္စ အရူပဖြစ်သည်မှန်မှ "သဗ္ဗေသင်္ခါရာအနိစ္စာ"ဟူ၍ သုံးသပ်ရာရှိက် ဥတုဇရုပ် ဝင်အံ့သည်။ ဝင်သည်ဖြစ်မှလည်း ထိုဥတုဇရုပ်ကို သမ္မသနရုပ် အမည်ပေးရအံ့သည်။ ထိုဥတုဇရုပ် ချုပ်သည်မှန်မှလည်း ရုပ္ပတိဟူသော ဝစနတ္ထနှင့် သင့်အံ့သည်။ သင့်မှသည်း အနွတ္ထအားဖြင့် ဥတုဇရုပ်သည် ရူပမည်အံ့သည်။ရူပမည်ဟူ၍ အနိစ္စမည်သည်းမည်လေ၏။ အနိစ္စမည်ဟူ၍ ဒိယနတ္ထမည်၏။ ဒိယနတ္ထဟူဟူ၍ ချုပ်တတ်သောအနက်ပင်ဖြစ်၏။ ဤသို့စသည်ဖြင့် အသင့်ဖြစ်ဟန်ကိုလည်းကောင်း။

"မရဏကာလေပန ဗြဟ္မာနံ သရီရနိက္ခေပါဘာဝတော သဗ္ဗေသမွိ တိသမုဋ္ဌာနာနိစ ဒွိသမုဋ္ဌာနာနိစ သဟေဝ နိရုဇ္ဈန္တိ" ဟူ၍ ဋီကာကျော်နှိက် ဓိန့်အပ်သည်ကို ထောက်သော် တိုက်ရိုက်ဆိုသည်လည်း ယူရ၏။ ထိုပါဠိနှိက် အဓိပ္ပါယ်အကျဉ်းကား····ရူပစသောဘုံသား ဗြဟ္မာတို့အား စုတေသောအခါ အလောင်းအကောင်ကို စွန့်ပစ်ရခြင်း မရှိသောကြောင့် အသညသတ်မှ တပါး ၁၅-ဘုံ ဗြဟ္မာတို့နှိက် ကမ္မဇ,စိတ္တဇ,ဥတုဇ-ဟူသော တိသမုဋ္ဌာနိက ရုပ်တို့သည်လည်းကောင်း၊ အသညသတ် ဗြဟ္မာတို့နှိက် ကမ္မဇ, ဥတုဇ-ဟူသော ဒွိသမုဋ္ဌာနိက ရုပ်တို့သည်လည်းကောင်း၊ စုတေသည်နှင့်အမျှ ချုပ်ကုန်၏ ဟူထိုသည်။ တိသမုဋ္ဌာနိက ဟူရာနှိက်လည်းကောင်း၊ ဒွိသမုဋ္ဌာနိက ဟူရာနှိက် ထည်းကောင်း ဥတုဇဝင်သည်ချည်း။ ထိုဥတုဇ ရုပ်သည်ထည်း စုတေသည်နှင့်အမျှ ချုပ်၏ဟူ၍ ဆိုသောကြောင့် ဥတုဇ ရုပ် ချုပ်၏ဟူ၍ တိုက်ရိုက်ဆိုသည်ပင်ဖြစ်၏။ ဤသို့စသည်ဖြင့် ဃသော အရာများကိုထောက်၍ ဥတုဇရုပ် မချုပ်ဟူ၍ သောတရှိရာ ရောက်၏ ယူခြင်းသည်လည်း မသင့်သည်ဖြစ်၏။ သောတရှိရာ သဒ္ဒါရုံမရောက်၊ ဆိုခဲ့ပြီးသော အတိုင်း ရှေးရှုတော်သည်သာ ယူရမှ "စက္ခာဒိဒွယံ အသမ္မတ္ထဝသေန"[1] ဟူသော ဣန်းစကားနှင့် ညော်အံ့သည်။

ဤသို့ဣုင် က,ခ-စသော ၄၁-လုံးသော အက္ခရာတို့၏ အသံသည် စိတ်ဟူသော အကြောင်းကြောင့်ဖြစ်၏။ ထိုစိတ္တဇအသံကို အစွဲးပြု၍ ပရံပရဝတ္ထု အသံ သည်ထည်း အဆက်ဆက်အားဖြင့်စပ်၍ ဖြစ်၏။ ထိုသို့ဖြစ်သော်ထည်း ထိုစိတ္တဇ,ဥတုဇ အသံနှစ်ပါးလုံးပင် ခွက်ကွင်းနှစ်ခု ထိ၏သို့ နားသို့ထိခိုက်၍ ရောက်သည်မဟုတ်။ သဝနကိစ္စဖြစ်ခြင်း၏ အကြောင်း၊ မနသိကာရ စသော အကြောင်းအင်္ဂါ ညီညွတ်ကြိမ်ကြိုက်ကာ တော်ကာမျှသာဖြစ်၏။ ထိုသို့ တော်ရာနှိက်လည်း စိတ္တဇဖြစ်သော

---

၁ အဘိဓမ္မတ္ထသင်္ဂြိဟ် ရုပ်ဝိုင်း။

အသံသည် စိတ်နှင့် အတူ ချုပ်ရ လေသောကြောင့် ထိုအာရုံသည် အလွန် လျင်အံ့သည်၊ နာသောသူ အာရုံယူခြင်းငှာ မခန့်သည်သာဖြစ်ကောင်း၏။ စိတ္တဇကိုစွဲ၍ ပရံပရဥတုဇ အသံတမူကား ဆက်၍ များစွာ ဖြစ်ကောင်းသောကြောင့် အာရုံ ယူခြင်းငှာ တတ်ကောင်း၏။ ဤကိုရည်၍ထည်း-

"....ထိုရော်မဆွ၊ ကြီခဏန္ဒိက်၊ * စိတ္တပစ္စယ၊ ဥတုဇကြောင့်၊ သဒ္ဒမည်ခံ၊ အသံဖြစ်မှု၊ ဆက်ကာပြု၍၊ ချင်းစုအပေါင်း၊ + တသောင်းယူဇနာ၊ ကြားလေရာ၏။...." ၁

ဟူ၍ ပညာရှိတို့ အမိန့်ရှိကုန်သည်။

ယင်းသို့သောကြောင့် စိတ္တပစ္စယ ပရံပရ ဥတုဇဖြစ်သော က,ခ-စသော အသံသည် ခွက်ကွင်းနှစ်ခုထိ၏သို့ မရောက်သော်ထည်း အာရုံတော်သည်ဖြစ်၍ နာသော လူအား ကြားသည်ဖြစ်၏။ ထိုကြားသော အသံကား ပရံပရ ဥတုဇ အသံတည်း။ ထိုဥတုဇအသံကား ဆိုခဲ့ပြီးသောစိတ် ၃၂-ခုကြောင့်ဖြစ်၏။ ဖြစ်သောအခြင်းအရာကား အကြင် သူအား အကြင် စကားကို ဆိုအံ့ ဟူ၍ ကြီသော စိတ်သည် ဖြစ်၏။ ထိုစိတ်သည် ပြုအပ်သော ဝစီဝိညတ္တိ-သဒ္ဒ-ဒသက ကလာပ်, ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ-တေရသက ကလာပ်၊ ဤ နှစ်စည်းသော စိတ္တဇ ကလာပ်ထည်း ထိုစိတ္တဇ ကလာပ်နှိက်ပါသော စိတ္တဇ ပထဝီဓာတ်နှင့် ကာမ,ရူပကုသိုလ်,အကုသိုလ်ဟူသော စိတ် ၂၅-ခုတို့သည် ခဏဆုံးပါးနှိက် ပြုအပ်သော ယထာရဟ ကမ္မဇ ကလာပ်စည်း တို့နှိက်ပါသော ပထဝီဓာတ်သည် ခွက်ကွင်းနှစ်ခု ခပ်မိ၍ အသံဖြစ်၏သို့ အသံဖြစ်၏။ ထိုသို့ ဖြစ်ခြင်း သည်ထည်း ပဝတ္တိနှိက်သာ ဖြစ်၏။ ပဋိသန္ဓေအခါ, မရဏအခါ မဖြစ်။ ဘုံအားဖြင့်ကား အသညသတ်, အရူပမှတပါး ၂၅-ဘုံနှိက်သာ ဖြစ်ကောင်း၏။ ပုဂ္ဂိုလ်အားဖြင့်ကား အလုံးစုံသော အရိယာ, ပုထုဇဉ်တို့အားပင် ဖြစ်ကောင်း၏။ ဖြစ်ဘက်ရာဝ်ကား အဝိနိဗ္ဘောဂရာဝ် ရှစ်ခု, ဃဟုတာဒိတ္တယ, ဝစီဝိညတ်အားဖြင့် ၁၂-ခုတည်း။ ဤသို့စသည်ဖြင့် ၄၁-လုံးသော အကွရာတို့၏ အသံဖြစ်ခြင်း၏ အကြောင်းဖြစ်သော အခြင်းအရာ, ကာလ, ဒေသတို့ကိုလည်း ခွဲခြမ်း၍ နှလုံးသွင်းရာ၏။

---

၁ ရှင်မဟာရဋ္ဌသာရ၏အမေးကို ပြည်မြို့ ဝန်ထောင်ထည်ဘုန်းထော်ကြီးဖြေသည့် ရတုတစ်ဝိဒ်။ ဃက်ဝဲနော်ရထာ ရတုပေါင်းချုပ် ၂၆။

* ဃက်ဝဲနော်ရထာရတုပေါင်းချုပ်၌ 'ထိုရော်စိတ်က၊ ကြီခဏဝယ်' ရှိသည်။

\+ ပုဂံဝန်ထောက်မင်း ဦးတင်၏ ပုရပိုက်မှ မြစ်ကွေ့ဆရာတော် ကူးထားသည့်မူ၌- "ချင့်ထုအပေါင်း" ဟု တွေ့ရသည်။ ကင်းဝန်မင်းကြီး၏ ပေမူ၌ "ချင်းစုအပေါင်း" ဟု ရှိကြောင်း မြစ်ကွေ့ဆရာတော်က မှတ်သားထားသည်။

၃၉-(၄၁) လုံးသောအက္ခရာတို့မှတပါး၊ သင်္ကရိုက်၌လာသော သရတို့ကို မြမှာမှုန်ိုက်သွင်း၍ ရေးသည်ကို တော်ပြကြောင်း

၌ ၄၁-လုံးသော အက္ခရာတို့မှတပါး ရို့ရို့,လို့လိုစသော အက္ခရာတို့သည် သင်္ကရိုက်ထာသာ၌ ရှိကုန်၏။ မာဓဂဘာသာ ပါဠိ၌ကား မရှိ။ ဆိုခဲ့ပြီးသော အက္ခရာ ၄၁-လုံးတို့သာ မဟုတ်မလွန် ရှိကုန်၏။ မြန်မာ ဘာသာနှိုက်ကား ၄၁-လုံးသော အက္ခရာမှတပါး သင်္ကရိုက်ထာသာနှိုက်ရှိသော အဲ, ဩော်, ဝိသဇ္ဇနီ ဟူသော အက္ခရာဆုံးလုံးတို့သည်ထည်း ရှိကုန်၏။ ၌သုံးလုံးနှင့်သော် ၄၄-လုံးဖြစ်၏။ သင်္ကရိုက်ထာသာနှိုက်သော် မာဓဂဘာသာမှ ထူးသော အက္ခရာကား ရို့ရို့, လို့လို့, အဲ, ဩော် ၌ ၆-လုံးကား သရတည်း။ ၌ ၆-လုံးနှင့် အ,အာ စသော ဝိဋ္ဌကတ် မှထာသော သရရှစ်လုံးနှင့်သော် သင်္ကရိုက်နှိုက် သရ ၁၄-လုံးဖြစ်၏။ ရှ, ရှရ, ဥပဓ္ဓာနီယ, ဇိဝှါမူလီယ, ဝိသဇ္ဇနီ ၌ ၅-လုံးကား ဗျည်းတည်း။ ၌ ၅-လုံးနှင့် က-အစ, ဟ-အဆုံးရှိသော ဗျည်း ၃၂-လုံးနှင့်သော် ဗျည်း ၃၇-လုံးဖြစ်၏။ သရ ၁၄-လုံး၊ ဗျည်း ၃၇-လုံးအားဖြင့် သင်္ကရိုက်နှိုက် အက္ခရာကား ၅၁-လုံးဖြစ်၏။ ဆိုခဲ့ပြီးသော ဥ,ကြီးကြဉ်သော အက္ခရာ ၄၀-တွင် ရို့ရို, လို့လို, အဲ,ဩော်, ရှ, ရှရ, ဥပဓ္ဓာနီယ, ဇိဝှါမူလီယ, ဝိသဇ္ဇနီ ၌ ၁၁-လုံးထည့်၍ ၅၁-လုံး ဖြစ်သတည်း။ ထို ၁၁-လုံးတို့တွင် အဲ,ဩော် ဟူသော သရ ၂-လုံး၊ ဝိသဇ္ဇနီဟူသော ဗျည်းတလုံး၊ ၌သုံးလုံးသော အက္ခရာ၊ ဆိုခဲ့ပြီး ၄၁-လုံးသော အက္ခရာအားဖြင့် မြန်မာဘာသာနှိုက် ၄၄-လုံးသော အက္ခရာတို့ကို အသုံးအစွဲးမူကုန်၏။

သင်္ကရိုက်နှိုက်လာသော အက္ခရာတို့၏ သဏ္ဌာန်ကား။ ၁-၌ကား ရို့အက္ခရာ၊ ၂,-၌ကား ရိအက္ခရာ၊ ၅-၌ကား လို့အက္ခရာ၊ ၅, ၌ကား လိုအက္ခရာ၊၆-၌ကား အဲအက္ခရာ၊ ဩော်-၌ကား ဩော်အက္ခရာ။ ၈-၌ကား ရှအက္ခရာ။ ၉-၌ကား ရှရ အက္ခရာ။-၌ကား ဝိသဇ္ဇနီအက္ခရာ၊၀-၌ကား ဥပဓ္ဓာနီယ အက္ခရာ၊ ကိ-၌ကား ဇိဝှါမူလီယအက္ခရာတည်း။ ။၌ ၁၁-လုံးသော အက္ခရာတို့တွင် ရို့ရို၊ လို့လို ဟူသည်ကို အချို့ကား ရိရိ-လိလိဟူ၍ ဆိုကုန်၏။ အဲ,ဟူသော အက္ခရာ ရေးဟန်ကို ခဲဒ၀၊ ခဲဒ၀ံဟူသောပါဠိမှာ သဝေတွင် နောက်ပစ်ရှိသည်ကို ထောက်၍ ရေးလိုက်သည်။ အချို့ကား က,ကြီး အက္ခရာကို ယခင် အချနှင့် ရေးပြီးလျှင် နောက်ပစ်၍ ရေးကုန်၏။ အချို့ကား က,ကြီးမဟုတ်၊ ဥ, အက္ခရာကို နောက်ပစ်၍ ရေးလိုကုန်၏။ အစွဲးမထင်။ ယင်းသို့သော်ကြောင့်၊ ခဲဒ၀ ခဲဒ၀ံ ဟူသောပါဠိရှိဟန်ကို ထောက်၍ သဝေတွင်နောက်ပစ်သော်ထည်းကောင်း၊ လူပြိန်းတတ်နိုင်အောင် အ-တွင်ပင် နောက်ပစ်သော်ထည်းကောင်း ရေးရာမှာ သင့်အံ့သို့ရှိ၏။

ယင်းသို့ သဝေထိုးတွင် ထည်းကောင်း၊ အ-တွင်ထည်းကောင်း နောက်ပစ်သည် ရှိသော်၊ သေရ, အသရတွင်ပင် အဲးထည်း သရထည်းကောင်းဖြစ်ထျက် သရချင်း ချင်း ဒွေးဘော်ကဲ့သို့ မရှိခဲ့ပြီလောဟုအံ့။ အသရ, သေရတွင် မှီလျင်းသည်မဟုတ်။ သင်္ကေတမျှသာဖြစ်ပါသည်၊ "ဓဒဝဓဒံ" ဟူသည်မှာထည်း သေရတွင်ဓဲသရမယှဉ်။ သင်္ကေတအမှတ်သဏ္ဌာန်မျှသာ ဟူ၍, ယူသင့်၏။ အဲး,ဟူ၍, လူပြိန်းထိသာအောင် အ-တွင် နောက်ပစ်သည်ထည်း အ,သရတွင်၊ အဲး, သရယှဉ်သည်ဟူ၍,မမှတ်အပ်။ ရေးထိုရင်းကား အမှိအစွဲးကိုမရေးဘဲး။ နောက်ပစ် သင်္ကသင်္ကကို ထည်းကောင်း။ ဓဒဝဓဒံ ဟူသည်နှင့်အညီ၊ သဝေတွင်နောက်ပစ်၍, ထည်းကောင်း ရေးထိုထျက် သဝေတွင် နောက်ပစ် ၍ ထည်း မြမွာမှန်ကို မထင်ရှိခဲ့။ အမှိအစွဲးမပါ သင်္ကသင်္က ရေးရအံ့သည်ထည်း ကြေပျက်သည်သော်ထည်း ဖြစ်ရာ၏။ ထွေးလုံး ရှက်တင်မသိ မသာ မခြားနားသော်ထည်း ရှိရာ၏။ ထိုကြောင့် က, စသော်ဗျည်းကို အစွဲးမရ။ အဲးသရ သင်္ကသင်္ကိုက် အ-ကို အစွဲးပြု၍, နောက်ပစ် ရေးသည်မှာထည်း သင့်ရာသည်။ အ-သရတွင် အဲးသရယှဉ်သည်ဟူ၍, မမှတ်အပ်။, အဘယ်ကဲ့သို့နည်း ဟူမူကား နိဂ္ဂဟိတ်ဖြစ်သော သေးသေးတင် ဗိန္ဒုအက္ခရာကို စူဠာမဏိကာရော, ဟူ၍, သဏ္ဌာန်ကို ဆရာမြတ်တို့ အဓိန္ဌိုသည်နှင့်အညီ၊ ပတ္တမြား သဘွယ် တလုံးသော အပေါက်မျှသာဖြစ်သော သင်္ကေတဖြင့် ရေးမှတ်ရမည်ကို အသရနှင့်တကွ ရေးလေသကဲ့သို့ အသရနှင့် ရေးသည်ဟူ၍, ယူသင့်၏။

ယင်းသို့သော် နိဂ္ဂဟိတ် နှိုက်ကား ဗျည်းဖြစ်၍, အမှိ သရနှင့် မကင်းရာသော ကြောင့် သရကို အမှိပြု၍, ပြုသည်တကား။ ဤ အဲး,အက္ခရာကား သရပင်တကား။ အမှိကိုပြု၍, မရှိဟူငြားအံ့။, နိဂ္ဂဟိတ်ကား, ဗျည်းဖြစ်၍, အမှိသရနှင့် မကင်းရာဟူသော်လည်း၊ အ,သရတလုံးမျှကိုသာ မှီသည်မဟုတ်။, အ,ဣ, ဥ-ဟူသော သရသုံးလုံးကိုပင်မှီသည်။ ထိုသို့ဖြစ်၍, ဣ,ဥ တို့ကိုသော်လည်း ပြကောင်းထျက် အ,ကိုသာ မှတ်၍, ပြလေသကဲ့သို့ အသရနှင့် ရေးသည်ဟူ၍, ယူသင့်၏။

ယင်းသို့သော် အ,ကိုထည်းကောင်း၊ ဣ,ကိုထည်းကောင်း၊ ဥ,ကိုထည်းကောင်း၊ ပြသင့်သော်လည်း၊ ဥပထက္ခနည်းအားဖြင့် ထည်းကောင်း၊ နိဒဿနနည်းအားဖြင့်ထည်းကောင်း၊ ရဿ သုံးလုံးတွင် အ-သည် အစဖြစ်ပါ၍, ထည်းကောင်း၊ ဝတ္တိစ္ဆာအားဖြင့်ထည်းကောင်း၊ အ-ကိုပြသင့်သည်ပင် တကား။ အ-ကို မပြသော် နိဂ္ဂဟိတ်သည် ဗျည်းဖြစ်ခဲ့၍, ရွတ်ခြင်းငှာ မတတ်ကောင်းသည်။ ရွတ်ရခြင်းအကျိုး ထည်းမရှိအံ့သည်တကား။ အဲး, နှိုက်ကား ဤကဲ့သို့ မရွတ်စကောင်းသည် မဟုတ်။ သရဖြစ်၍, ရွတ်ကောင်းအံ့သည်တကားဟူ၍, နိဂ္ဂဟိတ်နှိုက် အ,ကို ဝတ္တိစ္ဆာ အား

ဖြင့်ပြန်၏ ဟူရာနှိုက် အ,ကိုသာ ထိုအပ်သည်မဟုတ်။ ဣ, ကိုထည်းကောင်း၊ ဥ, ကို ထည်းကောင်း ထိုအပ်သည်ချည်းပင် ဖြစ်ကောင်း၏။ အ, အက္ခရာသာ ရွတ်ရခြင်း အကျိုးရှိမည်မဟုတ်။ဣ,ဥ တို့ကိုပြဿင်ထည်း ရွတ်ရခြင်းအကျိုးရှိမည်ပင်။အစဉ်တည် သည်ဖြစ်၍ အ,ကိုပြု၏ ဟူသည်မှာထည်း အစနှိုက်တည်သော်သာ ပြကောင်းသည် မဟုတ်။ အထယ်,အဆုံးနှိုက် တည်သည်ကိုထည်း-မဇ္ဈေဒီပက,အန္တဒီပကနည်းအား ဖြင့်ပြသော် ပြအပ်သည်ပင်ဖြစ်၏။ ထိုသို့သော်ထည်း ဝတ္တိဿာ အားဖြင့် မှတ်၍ ပြသည်ပင်ဖြစ်၏။ ဤကဲ့သို့ ထည်းကောင်း၊ အဲ,ကိုထည်းမှတ်၍ ပြသည်ပင် ယူသင့်၏။

နိဂ္ဂဟိတ်မှာကဲ့သို့ အခြိသော်ကား မယူအပ်။ ဤကဲ့သို့ မမှတ် ချသော် ဆိုခဲ့ပြီးသောအတိုင်း ပျက်သော်ထည်း ပျက်ရာခဲ့၏။ ထွေးရှက် သော်ထည်း ဖြစ်ရာခဲ့၏။ ထိုကြောင့် အ, သရနှင့် ပြသည်ယူသင့်၏။ ။ဓဒဝ ဓဒံ, ဟူသကဲ့သို့ သဝေနှင့် ပြသော် မသင့်ပါဟောဟူအံ့။ ထိုပါဠ္ဍ ရှိဟန်နှင့်သော်ကား ထျော်၏။ မြန်မာမှုနှိုက် သဝေတွင် နောက်ပစ် ရေးသော အရာမထင်။ ယင်းသို့သောကြောင့်၊ အ,ရေး၍ပင် နောက်ပစ် သော်ထည်း သင့်ရာ တော့သည်။ အ,သရ၊ အဲ,သရ အားဖြင့် နှထုံးမှု၍ကား မယူသာ။ သင်္ကေတမျှသာဟူ၍ နှထုံးသွင်းရာ၏။ ။ အာ,သရကို ရေးသည်နှင့် အတူထည်း ယူသင့်၏။ အာ,သရကို ရေးသည်မှာ အ, သရ တထုံး အချဖြစ်သော အာသရ တထုံးဟူ၍ မယူသင့်ပြီ။ အချဖြစ်သော သရသာထျင် ရေးထိုရင်းဖြစ်၏။ ထိုသို့သော်ထည်း အ, ကို အစွဲးအမှိပြု၍ ရေးထေသည်မှာ၊ အ,ကား ဆိုခဲ့ပြီးသောအတိုင်း မဟုတ်စေခြင်း၊ မရှက်ထွေးစေခြင်းငှာ အမှတ်မျှသာဖြစ်၏။ ။ဩ, ဩော် တို့ကို ရေးသည်နှင့် အတူထည်း ယူသင့်၏။ ဩ,ကိုရေးသည်မှာ သ,ကိုရစ်ခြင်းသည် သ,ဗျည်း ရဗျည်း နှစ်ထုံးကဲ့သို့ ရှိ၏။ ထိုသို့ မယူသင့်ပြီ အမှတ်မျှသာ၊ ဩော်, ဟူသည်မှာထည်း ဤအတူ သ, ဗျည်း ရဗျည်းဟူ၍ မယူသင့်ပြီ။ ဤနှိုက်အချိုကား သ,ကိုရစ်ပြီးထျင် တံခွန်လွှားကာသာ။ အချိုကား သဝေထိုး, အချနှင့်ရေးပြီးမှ တံခွန်လွှားသည်။ ဤသို့ ရေးသော်ထည်း သဝေထိုးခြင်း, ချခြင်း, တံခွန်လွှားခြင်း သည်ထည်း အမှတ်မျှသာ ထည်းကောင်း ဖြစ်၍ တံခွန်လွှားကာမျှဖြစ်သော်ထည်း သင့်ရာသည်ပင်။

ဥ,ဦကိုရေးသည်မှာထည်း ဥ,အက္ခရာကို အချိထည်း ဥ,တွင် ထုံးကြိုးတင်,ဆန်ခပ် ရေးသည်။ အချိကား နောက်ပစ်ရေးသည်။ အချိကား သေးသေးတင် ရေးသည်။ အချိကား ၂-ချောင်းငင်ပင်ငင်ပြန်သည်။ဤသို့ရေးသော်ထည်း အမှတ်မျှသာ၊ထုံးကြိုး တင်ဆန်ခပ်ရေးသည်ဟူ၍ထည်း ဤ,သရ၊ နောက်ပစ်သည်ဟူ၍ထည်း အဲ,သရ၊နှစ်

ချောင်းဝင်သည် ဟူ၍လည်း ဦ,သရ၊ သေးသေးတင်သည်ဟူ၍လည်း နိဂ္ဂဟိတ် ယှဉ်ပြန်သည်ဟူ၍ မယူသင့်ပြီ။ သင်္ကေတအထူးဖြစ်စေလို၍ မှတ်ကာမျှသာဖြစ်၏။ ဤကဲ့သို့ အ, အက္ခရာကို နောက်ပစ်သော်လည်း အ,အက္ခရာတလုံး၊ အဲ,တလုံးဟူ၍ သရန္တစ်လုံးမယူသင့်ပြီဟူ၍ နလုံးသွင်းအပ်၏။

ယင်းသို့သော် အာ,အက္ခရာ ရေးသည်မှာ အ, အက္ခရာကို ချ၍ သင်္ကေတအား ဖြင့် ရေးသည်နှင့်အတူ၊ အဲ, အက္ခရာမှာလည်း အ,ကို နောက်ပစ်၍ ရေးလျှင် အိ,အီ၊ အု,အူ၊ အေ,အော၊ အော် ဟူသည်တို့မှာ အ,အက္ခရာကို လုံးကြိုးတင်၍ လည်း ကောင်း၊ ဆန်ခတ်၍ လည်း ကောင်း၊ တချောင်း ငင်၊ နှစ်ချောင်း ငင်၊ သဝေထိုးအချနှင့်ပင် ရေးသော်လည်း သင့်ကောင်း၏ ဟူငြားအံ့။ သင့်ကောင်း သည်ကား မှန်၏။ ထိုသို့သော်လည်း ဣ,ဤ၊ ဥ,ဦ၊ ဧ,ဩ၊ ဩော်တို့မှာ သင်္ကေတ ဝိသေသကို ဆရာတို့သုံးစွဲသော အရာထင်၍ ရှိထေပြီးသည်။ ဤကဲ့သို့ အ, သရ အဲ,သရတို့မှာ သင်္ကေတ အထူးမထင်၊ အာ, အက္ခရာမှာလည်း အ, ကိုချသည်မှ တပါးမထင်။ အဲ,ဃက္ခရာမှာလည်း၊ က,တွင် ယပင်း အချနှင့် နောက်ပစ်ရောက် သော်လည်း အစွဲးလည်းမရ။ အရာလည်း တွင်ဟန်မရှိ။ လူပြိန်းတို့လည်း မထိ သာရှိခဲ့၏။ သဝေတွင် နောက်ပစ်ရေးသည်မှာလည်း မြမွာမှ သဝေထိုး နောက်ပစ် ရှိသည်မထင်၊ လူပြိန်းလည်း အလွန်သိခက်အံ့သည်။ ယင်းသို့လျှင် သင်္ကေတအထူး မထင်သောကြောင့် အာ,သရကိုရေး၏သို့ အဲ, ကိုလည်း အ, ရေး၍ နောက်ပစ် သော်လည်း သင့်ရာတော့သည်။

သဘောအားဖြင့်မူကား ဗျည်းယှဉ်သောအခါကဲ့သို့ အ, သရကို အပုဒ်အကန့် ကဲ့သို့ အရေးမျှသာ၊ အာ, သရကိုကား ချကာမျှသာ၊ ဣ, သရကိုကား ဝဲ,ကဲ့သို့ အလုံးညီစွာ သေးသေးတင် သောထက် ကြိုးဖွဲ့စေ၍၊ ဤ,သရကိုကား ယခင် ဣ, သရတွင် အဆန်ခတ်ကာမျှသာ၊ ဥ,သရလည်း တချောင်းငင်ကာသာ၊ ဦ, သရလည်း ၂-ချောင်းငင်ကာသာ၊ ဧ,ကိုလည်း သဝေထိုးကာသာ၊ အဲ,ကိုလည်း နောက်ပစ် ကာသာ၊ ဩ,ကိုလည်း သဝေတွင် ချကာသာ။ ဩော်, ကိုလည်း ယခင်ဩတွင် တံခွန်လွှားကာသာ၊ ရေးပို့ရင်း ကဲ့သို့ ရှိ၏။ ။ထိုသို့ရေးမူ၊ ဗျည်းယှဉ်ရာ၌ကိုက် ကား သင့်တော့အံ့။ သက်သက်သရဖြစ်မူ၊ အ, သရလည်း ကြေပျက်သည်သော် လည်းဖြစ်ရာ၏။ ရှေနောက်ဖြစ်သော အက္ခရာတို့နှင့် ထွေးရှက်၍ သော်လည်း ရှိလေအံ့။ အာ,သရလည်း ကြေပျက်သည်သော်လည်း ဖြစ်ရာ၏။ ရှေ၌ရှိရှိသော ဝ,နှင့်စပ်မူ၊ တဝမ်းပူ မှတ်ဖွယ်လည်းရှိလေအံ့။ က-စသော ရှေဗျည်းတို့နှင့် စပ်မူ ကား က-စသောဗျည်းတို့ အမှိုပြုထင်မှတ်၍ သက်သက်သရဟူ၍ မမှတ်ရှိလေအံ့။

ဇာ,သရနှင့် ရွှေရိုက်လည်းကောင်း၊ နောက်ရိုက်လည်းကောင်း ရှိသော ဝ,နှင့်စပ်မှု၊ ထဆင်ထူးမှတ်လေအံ့။ ဤသို့စသည်ဖြင့် ယုံမှားခြင်း,ကြေပျက်ခြင်း ဖြစ်ရှိခဲ့သောကြောင့်၊ ဗျည်းနှင့်စပ်၍ ရေးသကဲ့သို့လည်း မသင့်လေရာ။ ထို့ကြောင့် သင်္ကေတရှိတိုင်း ဇ, ဤ စသည်ဖြင့်ရေးသင့်သည်။

အ, အာကိုရေးရာရိုက် အ,ကား သင်္ကေတရှိပြီ။ အာနှိုက်ကား ထို အ,ကိုပင်ချ၍ ရေးခြင်းသည် ချကာသာ ရေးလျှင် ဆိုခဲ့ပြီးသော အတိုင်း ထွေးရှက် ကြေပျက်ခြင်း ဖြစ်အံ့စိုး၍့ အစွဲးပြုပါ သည်သာ၊ အ,သရတခြား၊ အာ,သရ တခြား ဟူ၍့ မယူသင့်၊ အာ, ဟူသောသရ၏ သင်္ကေတအထူးပင် ဟူ၍သော်ထည်း ယူသင့်၏။ အဆယ်နှင့် တူအံ့နည်း ဟူမူကား .... ဩော်, သရနှိုက် တံခွန် လွှားသည်မှာ သရကင်း ဗျည်းကို သရကင်း၏ဟု အမှတ် တံခွန် လွှား သကဲ့ သို့ သရကင်းဟန် အမှတ် တံခွန်လွှားသည် မဟုတ်။ ဩော်,ထည်း သရပင်ဖြစ်၍့ တံခွန်အမှတ် မပြုကောင်းသော်ထည်း ဩ, သရမှ အသွင် ထူးစေ ခြင်းငှာ မှတ်သည်သာ။ ဤကဲ့သို့ အ,ဟူသောသင်္ကေတမှ ထူးစေခြင်းငှာ ချ၍့ရေးသည်သာ။ အ,တခြား၊ အချတခြား၊ သရနှစ်လုံး မဟုတ်ဟူ၍့ နှလုံးသွင်းရာ၏။ ထိုကြောင့် အ,ကိုချ၍့ ရေးသည်ထည်း အသင့်ပင်ဖြစ်၏။

ဇာသရကို ဝ,ကဲ့သို့ရေးမူကား ဆိုခဲ့ပြီးသောအတိုင်း အသွင်တူရာ အကွရာ ထင်မှတ်အံ့ဖြစ်၍့ ထည်းကောင်း၊ ဇာဟူသော သင်္ကေတ ဝိသေသ ရှိပြီးဖြစ်၍့ ထည်းကောင်း၊ သရသက်သက်ကို သင်္ကေတရှိတိုင်း ရေးရာမှာ သင့်အံ့သည်။ ဗျည်းနှင့် ယှဉ်မူကား ထုံးကြိုးတင်၏ဟူသော ဝေါဟာရနှင့်အညီ၊ ဝ,ကဲ့သို့ အထုံးကြိုးတင်ရာ၏။ ဤနှိုက် အထုံးကြိုးဟူသော်ထည်း တပါးသော အကွရာထက် ကြိုးသော်သာ ဟူ၍့ မယူထို့။ သေးသေးတင် ဟူသည်ကို ထောက်၍့ နိဂ္ဂဟိတ်ထက် ကြိုးပါဏျင် တပါးသော အကွရာထက် ကြိုးသော်ထည်းကောင်း၊ မျသော်ထည်းကောင်း၊ ငယ်သော် ထည်းကောင်း၊ သင့်ရာသည်ပင် ဖြစ်၏။ ထုံးကြိုးတင်၏ ဟူသောကြောင့် ထည်း ယှဉ်တက်ဗျည်း၏ အထက်နှိုက်တည်း၏ ဟူသော စကားထည်း ပြီး၏။ ရွှေ, နောက်,အောက် အဘိုနှိုက် မတည်ဟူ၍့ သိရ၏။ ယှဉ်တက် ဗျည်း၏ အထက်နှိုက်တင်၏ဟူသဖြင့် ယှဉ်တက်မရှိ သက်သက်သရဖြစ်မှ တင်ရာမရှိ။ ဝ,ကဲ့သို့ ရွှေနောက် အကွရာတို့နှင့် အစဉ်ညီစွာ ရေးရအံ့။ ထိုသို့ရေးလျှင် ဆိုခဲ့ပြီးသောအတိုင်း အကွရာတပါးနှင့် စပ်ရှက်၍့ အသွင်တူရာ ဝဏ္ဏတပါး ထင်ဘွယ်ရှိထေသည်တကြောင်း၊ ဇာ, ဟူသောသင်္ကေတ ဝိသေသရှိပြီတကြောင်းဖြစ်၍့ ဇာ, သရ သက်သက်ကို သင်္ကေတ အတိုင်း ရေးသင့်ထေသည်။

ဤသရသက်သက်ကိုထည်း ယခင် ဝ,ကဲ့သို့ရေးသော ဗျ,သရတွင် ဆန်ခပ်ကာသာ ရေးသည်ရှိသော် အသွင်တူ ဝဏ္ဏထင်မှတ်ရသောကြောင့် ထည်းကောင်း၊ ဤ, ဟူသော သင်္ကေတ ဝိသေသ ရှိပြီးဖြစ်၍ ထည်းကောင်း၊ သင်္ကေတအတိုင်းသာ ရေးသင့်လေသည်။ ဗျည်းနှင့်ယှဉ်မူကား ဆန်ခပ်ဟူသည်နှင့်အညီ ယခင် ဝ,ကဲ့သို့ ဗျည်း၏အထက်ရှိက် တည်သော ဝဏ္ဏတွင် ဆန်ခပ်၍ ရေးခြင်းသည်သာ သင့်၏။ ဆန်ခပ်သော အရာရှိက် လုံးကြီးတင်၏ အတွင်းအပဟူ၍ အထူးမဆိုသော်လည်း အဆန်ခပ် ရအံ့ဟူလျှင် အတွင်းဖြစ်၏ဟူသော စကား ပြီး၏။ လုံးကြီးတင်၏ ပြင်လွှင်အပဟူ၍ မယူသာပြီ။

ဥ,ဦတို့ကို တချောင်းငင်ကာသာ၊ နှစ်ချောင်းငင်ကာသာ ရေးသည် ရှိသော်လည်း ဆိုခဲ့ပြီးသော အတိုင်း ကြေပျက် ထွေးရှက်ရာသည် တကြောင်း၊ သင်္ကေတ ဝိသေသ ရှိပြီးတကြောင်းဖြစ်၍ သင်္ကေတရှိတိုင်းသာ ရေးရာသည်။ ဗျည်းနှင့်ယှဉ်မူကား တချောင်းငင်ဟူသော ဝေါဟာရနှင့်အညီ တချောင်းထည်းကောင်း၊ နှစ်ချောင်း ထည်းကောင်း ငင်၍ ရေးသင့်၏။ ဤတချောင်းငင်၊ နှစ်ချောင်းငင် ဟူရာ ရှိက် ရှေ့, နောက်, အောက်, အထက် မမှတ်။ ငင်ထိုရာ ငင်အံ့သကဲ့သို့ရှိ၏။ ထိုသို့သော်လည်း ငင်၏ဟူသော ဝေါဟာရသည် မိမိသို့ ရှေ့ရှ နီးစေခြင်းစသော အရာသာဖြစ်၏။ ထိုသို့ဖြစ်၍ သင်ပုန်း,ပေပြင် စသည်တို့ကို ရှေ့,နောက်,အောက်အထက်ဟူ၍ အရပ်လေးပါး မှတ်သည်တွင် ရေးခဲ့ပြီးသော သင်ပုန်းခေါင်း, ပေခေါင်း စသည်တို့ကား ရှေ့-ရေးထွဋ်သော သင်ပုန်းဖျား, ပေဖျား စသည်တို့ကား နောက် တူရှဖြစ်၍ မြင့်သော အရပ်ကား အထက်၊ ဤဆိုးမျက်နှာသို့ ငင်သည်ကိုကား ငင်၏ဟု မဆိုသာ။ မိမိသို့ နီးစေ, ချဉ်းစေသည် မဟုတ်။ ကွာစေသည်သာ ဖြစ်၍, တွန်းသည် ပယ်သည်သာ ဆိုသင့်၏။ မိမိနေရပ် အောက်အတို့သို့ ငင်သော်သာ မိမိသို့ ရှေ့ရှနီးစေ, ချဉ်းစေသည်ဖြစ်၍, ငင်သည်ဆိုရအံ့။ မိမိနေရပ်မှ အောက်သို့ထွေ၍, ကွာဝေးပြန်စေမူကား တွန်းသည်ထည်းကောင်း မည်ပြန်ကောင်း၏။

ထိုသို့မူကား မိမိအောက်ထွေစေသည်မဟုတ်၊ နီးသည်ထက်နီးစေ,ချဉ်းစေသည်သာ ဖြစ်၍, အောက်အတို့ မိမိသို့ ရှေ့ရှသာ ငင်ရအံ့ဟူသော စကားကျဖြင့် တချောင်းငင်, နှစ်ချောင်းငင် ဟူရာရှိက် အောက်အတို့သို့သာ ငင်ရအံ့ ဟူသော စကားသည် ပြီး၏။ တကြောင်းထည်း ရှေ့သို့ နောက်သို့ ငင်ခြေသော် ရေးပြီးရေးထွဋ်, အကွရာတို့နှင့် ထွေးရှက်ရာခဲ့၏။ အထက်သို့ ငင်ခြေသော်လည်း အသတ်တံခွန်လွှား, နောက်ပစ်တို့နှင့် မထူးသည်ဖြစ်ပြန်အံ့။ ထိုကြောင့်လည်း အောက်သို့သာ ငင်ရအံ့ဟူသော စကားသည် ပြီးပါ၏။ နှစ်ချောင်းငင် ရာရှိက် အမျှ မငင်သင့်ပါလော ဟူအံ့။

နှစ်ချောင်းငင်၏ ထက္ခဏာထင်အောင် ရှည်စေ, ညွှန့်စေသည် ယူသင့်၏။ အမှတ်ခဲ့ ရွှေကိုထည်းကောင်း၊ နောက်ထည်းကောင်း ယှဉ်စေသော် မသင့်ပါလော ဟူအံ့။ ရွှေကို ရှည်စေ ညွှန့်စေသော် နောက်ငင်သည်နှင့် ထွေးရှက်အံ့။ နောက်ကို ရှည်စေ, ညွှန့်စေသည်မှ ကား မထွေးမရှက် ရှင်းလင်း အံ့သည်ဟု ယူသင့်၏။ ရှည်စေကာ သာ မညွတ်သော် မသင့်ပါလောဟူအံ့။ သာရုပ္ပ ရှိပါသည်ဟု ယူသင့်၏။ စကား မခဲသော်ထည်း လူပြိန်းတို့အား ပညာလိုက်စေခြင်းငှာ ရေးလိုက်သည်။

၉-သရသက်သက်ကို သဝေထိုးကာသာ ရေးရာန္ဓိက်ထည်း နောက်ချည်း၏ အမှိ သာ အမှတ်ရှိ၍ ၉-သရသက်သက် မမှတ်ရှိရာခဲ့သောကြောင့်ထည်းကောင်း, သင်္ကေ တ ဝိသေသရှိပြီးဖြစ်၍ထည်းကောင်း သင်္ကေတရှိတိုင်း ရေးသင့်လေသည်။သက်သက် မဟုတ် ချည်းနှင့်ယှဉ်မူကား သဝေထိုးကာသာ ရေးခြင်းသည်သင့်၏။ ။အ-သရ သက်သက်ကို နောက်ပစ်ကာသာရေးထျင်ထည်း ဆိုခဲ့ပြီးသောအတိုင်း ထွေးရှက်, ပျက်စီးခြင်းဖြစ်ရာသောကြောင့်ထည်းကောင်း, သဝေကိုနောက်ပစ်ခြင်း၊ ဇကိုနောက် ပစ်ခြင်း၊ က,ကြီးယပင်းတွင်ချ၍ နောက်ပစ်ခြင်း၊ ဤသို့ အထွေထွေ သင်္ကေတပြု၍ ရေးခြင်းသည်ထည်း အစွဲးမထင်။ သိထည်းသိခက်အံ့ ဖြစ်သောကြောင့်ထည်းကောင်း ဆိုခဲ့ပြီးသောအတိုင်း အ-တွင်နောက်ပစ်၍ ပင် ရေးသော်ထည်း သင့်ရာတော့သည်။

ဩ-ဩော်ဟူသော သရသက်သက်ကို သဝေထိုး၍ ချကာသာ သဝေထိုးအချ ထွင် တံခွန်လွှားကာသာ ရေးရာန္ဓိက်ထည်း သိခဲခြင်းဖြစ်ရာသောကြောင့် တကြောင်း သင်္ကေတ ရှိပြီးဖြစ်၍ တကြောင်း သင်္ကေတရှိတိုင်း ရေးသင့်အံ့သည်။ ဤသို့ထျင် ဝိဋ္ဌ ကတ်ရှိက်လာသော သရရှစ်လုံး သင်္ကရိက်ရှိက်လာသော ရိ,,ရီ,လို့,လို, အဲးဩော်, ဟူသော သရ ၆-လုံး၊နှစ်စုပေါင်း သရ ၁၄-လုံးတို့ကိုဆိုရာန္ဓိက် ရိ,,ရီ,လို့,လိုတို့ကား မြမ္မာမှန္ဓိက် အသုံးမထင်။ သရဝ်စေ့ရံသာ ပြဲထိုက်သည်။ ကြွင်းသော အဲး,ဩော်ဟူ သော သင်္ကရိက်လာ သရနှစ်လုံး၊ အ,အာ-စသောရှစ်လုံး၊ ဤ ၁၀-လုံးသောသရ တို့ကိုသာထျင် မြမ္မာမှန္ဓိက်ထင်သတည်း။

၄၀-ဗျည်းတို့၏ အမှတ်သင်္ကေတတွင် နိဂ္ဂဟိတ်နှင့် ဝိသဇ္ဇနီကို ဘော်ပြခြင်းအကြောင်း

ဗျည်းတို့၏ သင်္ကေတထွင်ကား နိဂ္ဂဟိတ်နှင့် ဝိသဇ္ဇနီကို ရှေးဦးစွာဆိုအံ့။ ထိုတွင် နိဂ္ဂဟိတ်၏သင်္ကေတကား ဆိုခဲ့ပြီးသောအတိုင်း ပတ္တမြားသဏ္ဌာယ် တလုံးတည်းပေါက် သင့်၏။ ထိုသို့ပေါက်ခြင်းသည်ထည်း အလယ်န္ဓိက် လပ်စေ၍ ပေါက်သည်ကိုသာ

ရည်၍ အပေါက်မဆိုလို အပေါက်ဖြစ်စေ အဝိတ်ဖြစ်စေ အစက်မျက်သာ အပေါက်ဆိုသည်ယူသင့်၏။ အဘယ့်ကြောင့်နည်းဟူမူကား....ပတ္ထမြားသဘွယ် ဟူသည်ကို လည်းကောင်း၊ ဗိန္ဒုဟူ၍ ဆိုသည်ကိုလည်းကောင်း ရှုရာ၏။ ပတ္ထမြားဟူသဖြင့် အပေါက်အကွက် လစ်သည်ကိုမယူလို။ တခဲနက်သော အလုံးအဝိတ်ကိုထည်း ယူသင့်သည်။ ဗိန္ဒုဟူရာရှိက်လည်း ဥဒကဗိန္ဒုဆိုရာရှိက် အကွက်လစ်၍ ရှိသည်ကိုသာမယူရ သက်နှံးနှိုက် ကပ္ပဗိန္ဒုထိုးရမည်မှာ ဥဒေါင်းမျက်လုံးပမာဏ, ကြေးဝိုးကျောက်ကုန်း ပမာဏဖြင့် အမှတ်မဲ့သော အရပ်နှိုက် ကြေးညို, အညို့သစ်ရွက်အညို တစုံတခုညို သောအဆင်း ညွှန်ကြစ်တို့ဖြင့် မှတ်ကာမျှသည်ပင် အဝ်၏ဟူသောကြောင့် အလယ်နှိုက် အကွက်လစ်သော် ပေါက်သော်သာဟူ၍ မယူရ။ အစက်အပေါက်ဟူ၍ သာယူရ၏။ ထိုကဲ့သို့ထည်းကောင်း။

နိဂ္ဂဟိတ်ကိုလည်း ဗိန္ဒုဟူ၍ ဆိုသောကြောင့် နိဂ္ဂဟိတ်ပေါက်ဟူရာနှိုက် အပေါက်အကွက်လစ်၍ ရေးသည်ကိုလိုက်၍ အကွက်အလစ် ပေါက်၍ ရှိသည်ကို မယူလို။ ဗိုးပေါက်, ရေပေါက်ဟူသကဲ့သို့ အစက်အပေါက်သာ ယူလို၏။ ကမ္မဝါစာနှိုက် သစ်စေးဖြင့် အပေါက်အစက်ချသကဲ့သို့ အပေါက်အစက် ချသည်ကိုလည်း ယူရာ၏။ တလုံးပေါက်, နှစ်လုံးပေါက် ဟူရာနှိုက်လည်း ဤနည်းအတူလည်းကောင်း ယူရာ၏။ အလယ်အကွက်လစ်၍ ပေါက်သည်ကိုဆိုလျင် ဗိန္ဒုသဒ္ဒါဖြင့် မဆိုမူ၍ ဆိဒ္ဓ သဒ္ဒါဖြင့် ဆိုလေအံ့။ ထို့ကြောင့် ဝိတ်လိုလျင်ဝိတ် ပေါက်လိုလျင်ပေါက် အစက်အပေါက်မျှပင် နိဂ္ဂဟိတ် မည်ပြီ။ ထိုတွင် ထင်မြင်- သိသာစေလို၍ အပေါက် လစ်သည်ပင် ဖြစ်သော်လည်း သင့်၏ပင်ဟူ၍ ယူသင့်၏။

ထိုနိဂ္ဂဟိတ်ပေါက်ခြင်းကို အချို့သောသူတို့သည် လုံးကြီးတင်၍ အလယ်တွင် ပေါက်ကုန်၏။ ထိုသို့ လုံးကြီးတင်၏ အလယ်နှိုက် နိဂ္ဂဟိတ် ပေါက်ခြင်းသည်ကား ဆန်ခပ်လုံးကြီးတင်၏ အလည်, နိဂ္ဂဟိတ်လည်း အလယ်လည်းကောင်း ဖြစ်၍ မထူးရှိရာသောကြောင့် နိဂ္ဂဟိတ်ကို အတွင်းနှိုက်ပေါက်ခြင်းသည် သင့်အံ့သို့မရှိ။ ဆန်ခပ်ရာနှိုက်လည်း နိဂ္ဂဟိတ်မရှိသင့်။ နိဂ္ဂဟိတ်ရှိရာလည်း ဆန်မခပ်သင့်။ အရာကဲ့ဖြစ်သောကြောင့် အတူတူရှိရာသည်မဟုတ်။ အရာထူး၍ ထူးပါကောင်း၏ဟုအံ့။ နိဂ္ဂဟိတ်ရှိသင့်၍ နိဂ္ဂဟိတ်ပေါက်ခြင်း ဆန်ခပ်သင့်၍ ဆန်ခပ်ခြင်းသည် အလယ်နှိုက်ချည်း ဖြစ်ခဲ့သော် ဤကား နိဂ္ဂဟိတ်၊ ဤကားဆန်ခပ်ဟူ၍ အသွင်မထူးသောကြောင့် ယုံမှားရှိရာ၏။ ထိုသို့ ယုံမှားရှိရခြင်းသည်လည်း မထူးသည်ပင်ဖြစ်၏ဟု ဆိုအပ်၏။

ယင်းသို့သော် နိဂ္ဂဟိတ်မှာ အဆန်ခပ်ဟူ၍မဆို။ ပေါက်ဟူ၍ ထည်းကောင်း, သေးသေးတင် ဟူ၍ လည်းကောင်း သာမန်သာ ဆိုသည်။ နိဂ္ဂဟိတ် ထားခြင်း၊

အံဝိဘတ်, မ-အက္ခရာတို့ကို နိဂ္ဂဟိတ်ပြုခြင်း စသည်တို့မှာလည်း လာခြင်း, ပြုခြင်း ကို သာမန်ဆိုသည်။ ထုံးကြိုးတင်၏ အတွင်းအပ ဝိသေသ မဆိုတကား။ပေါက်ထိုရာရာ ပေါက်ရကောင်း၏။ ဆန်ခပ်နှင့်မထူး၊ ယုံမှားဘွယ်ရှိရာ၏ ဟူသည်မှာလည်း အရာကို ရှု၍ သာ ဆင်ခြေရအံ့။ နိဂ္ဂဟိတ်အန္တရှိလျှင် အာဂုံ နိဂ္ဂဟိတ်လည်းရှိ၏။ အံဝိဘတ်လည်းရှိ၏။ အံဝိဘတ်, သဝိဘတ် + စသည်တို့၏ ကာရိယလည်းရှိ၏။ သယံဇာတလည်းရှိကောင်း၏။ ထိုသို့ နိဂ္ဂဟိတ် အန္တအများ အသွင် မထူး သော်လည်း အနက်ကိုရှု၍ သာ ဤကား အာဂုံ, ဤကား ဝိဘတ်, ဤကား ကာရိယ-စသည်ဖြင့် သိရသည်။ ဤအတူ ဆန်ခပ်နှင့်ကာရိယ မထူးသော်လည်း အရာအနက်ကို ရှု၍ သာ ဆုံးဖြတ်ရအံ့သည်။ မထူးသည်တမှုံဟူ၍ မသင့် မဆိုကောင်း။

နိဂ္ဂဟိတ်ကို ထုံးကြိုးတင်၍ အပန္နိက် ပေါက်ကောင်း၏ ဟူသော ဆရာတို့ ဥပဒေသမရှိက ပေါက်ထိုရာ မပေါက်ရချေလော။ ဆန်ခပ်နှင့် မထူးသည်ဟူ၍ သာ ဆိုသဖြင့် သဘောမရှိတကား ဟူအံ့။ နိဂ္ဂဟိတ်ကို ထုံးကြိုးတင်၍ အပန္နိက် ပေါက်သင့်ဟန်ကို ဆရာတို့ ဥပဒေသ အရိပ်ထင်၏၊ ထင်ဟန်ကား.....နိဂ္ဂဟိတ်ကို ပရာသရ * ဆိုသောကြောင့် မိမိမှိသော သရ၏ နောက်နှိုက် တည်သည် ဖြစ်၏။ မိမိမှိသောသရကား ရှေး၊ မိမိကား နောက်ဖြစ်၏ ဟူလျှင် မှိရာဖြစ်သော ထုံးကြိုးတင်ဟူသော သရကား ရှေး၊ နိဂ္ဂဟိတ်ကား နောက်ဖြစ်၏။ ရှေနောက် ဟူ၍ မှတ်ရလျှင် မစပ်မရှက် သီးခြား၍ တည်၏။ အတွင်းသို့မဝင် အပဟူသော စကားပြီး၏။ သရ၏နောက်မှ တည်၏ဟု မိန့်သောကြောင့် ထုံးကြိုးတင် သရ၏ ရှေ့မှ လည်းကောင်း၊ အလယ်မှ လည်းကောင်း၊ အောက်မှ လည်းကောင်း၊ အထက်မှ လည်းကောင်း နိဂ္ဂဟိတ်မပေါက်ရ။ ထုံးကြိုးတင်၏ နောက်အဘို့မှ ပေါက်ရအံ့ ဟူသော အရိပ်ဝိသေသလည်းပြီးပါ၏။ ယင်းသို့သော အရာကိုထောက်၍ နိဂ္ဂဟိတ်ကို မှိရာသရဖြစ်သော ထုံးကြိုးတင်၏ အပဖြစ်သော နောက်အဘို့နှိုက် ပေါက်ခြင်းသည် သင့်သည်သာဖြစ်ရာ၏။

ယင်းသို့သော် နိဂ္ဂဟိတ်ကို မှိရာသရ၏ နောက်နှိုက် တည်၏၊ ဟူသည်နှင့် အညီ အ,ဥ-ဟူသော သရတို့ကို နိဂ္ဂဟိတ်မှိရာ ဤနှိုက်လည်း ဤကဲ့သို့ ထည်းကောင်း၊ အ,ဥတို့၏နောက်မှပင် ပေါက်ရအံ့ထောဟူအံ့။ ဤသို့တမူကား မဆိုသင့်။ အဘယ့်ကြောင့်နည်း ဟူမူကား.....အ,ဥတို့၏ နောက်နှိုက် ပေါက်ချေသော် အက္ခရာစဉ်နှင့်

+ သိဝိဘတိ ရှိမှသင့်အံ့သည်။
* ပုဗ္ဗာသယရှိမှ သင့်အံ့သည်။ ခေါင်းစဉ်(၂၀)မှတ်ချက် ပြန်ရှု။

တည်ပြတ္တတ်ဖြစ်၍, နောက်မှရေးသော အကွာရာတို့နှင့် ထွေးရှက်ခြင်း သည်းထည်းကောင်း, ကြေပျက်ခြင်း သည်းထည်းကောင်း ဖြစ်ရာ၏။ လုံးကြီးတင်၏ နောက်၌ မူကား ဣသရသည် မိမိယှဉ်သောဗျည်း၏ အထက်နှိုက် တည်သည်ဖြစ်၍, အကွာရာစဉ်မှ အထက်သို့လွန်၍, တည်လေသောကြောင့် နောက်အကွာရာတို့နှင့် ထွေးရှက်, ကြေပျက်ခြင်း မရှိရာ။ အ,ဥတို့နှိုက်ကား ဤကဲ့သို့မဟုတ် အကွာရာစဉ်အတိုင်း တည်လေသောကြောင့် ထွေးရှက်,ကြေပျက်ခြင်းဖြစ်ရာ၏။ အ,ဥတို့၏နောက်နှိုက်မပေါက်ရာ၊ အထက်သို့တင်၍, ပေါက်ရာ၏။

ယင်းသို့သော် နိဂ္ဂဟိတ်ကို ပရာသရ * ဟူသောကြောင့် အမှီ အ,သရ၏နောက်နှိုက်သာ ပေါက်အပ်သည်တကား။ ကြေပျက်,ထွေးရှက်ခြင်းကို ထောက်၍, အထက်နှိုက် ပေါက်ရာအံ့ ဟူရာနှိုက် ကြေပျက်, ထွေးရှက်ခြင်း ကင်းစေလိုသော် သတိမူဒဇ်သည်သာ တကား။ နိဂ္ဂဟိတ်ကို ပရာသရ ဟူ၍, မိန့်အပ်သော ဆရာတို့၏ ဥပဒေသကို လွန်သည် မမည်ခဲ့ပြီလော။ အထက်သို့တင်၍, ပေါက်အပ်၏ ဟူသော ဥပဒေသ အထူးရှိပြန်သော်သာ တင်ရေးအံ့သည် တကားဟူအံ့။ ဥပဒေသအထူးရှိသည်ပင်ဖြစ်၏။ ရှိဟန်ကား....

"လှစံနိဂ္ဂဟိတ်၊ လေးလုံးထိပ်ဝယ်"

ဟူ၍ လည်းကောင်း။

"ဝ၏အထိပ်၊ ဦးခေါင်းရိပ်ဝယ်၊ တံဆိပ်ကဲ့သို့"

ဟူ၍ လည်းကောင်း။

ဆိုသောအရာနှိုက် အထိပ်အထွဋ် ဟူသောဝေါဟာရသည် အထက်အရပ်ချည်းဖြစ်၏။ တင်၏ဟူသော ဝေါဟာရသည် အထက်နှိုက် တည်စေသည်ပင် ဖြစ်၏။ ဤအထိပ်, ဟူသောစကား၊ တင်၏, ဟူသောစကားဖြင့်ထည်း နိဂ္ဂဟိတ်ကို အထက်နှိုက် ပေါက်အပ်၏ ဟူသော စကားသည် ပြီးပါ၏။ ထိုကြောင့် သဒ္ဒတ္ထဇာလိနီ၌ကာ နှိုက်ထည်း "နိဂ္ဂဟိတံ ကေဝလ မုပရိ ဋ္ဌိတံ" ဟူ၍, မိန့်အပ်သည်။ ဤဆိုသောအရာများကို ထောက်၍, မသာမယာသော အရာနှိုက် ဆိုခဲ့ပြီးသော အတိုင်း မပေါက်သာသော်ထည်း သာယာသော အရာနှိုက် နိဂ္ဂဟိတ်ပေါက်ခြင်းကို အတန်ငယ် နောက်သို့ ယွန်းစေခြင်း၊ အထက်သို့ကပ်ခြင်းကို ဖြစ်စေသင့်၏။

ယင်းသို့သော် နောက်သို့ယွန်း၍, အထက်နှိုက် နိဂ္ဂဟိတ်ကို ပေါက်ရအံ့ဟူသည်နှင့်အညီ ဣသရနှိုက် နိဂ္ဂဟိတ်ပေါက်သည်မှာထည်း ဤကဲ့သို့ပင် နောက်သို့ယွန်း

* ပဒ္ဓာသယ။

၍ အထက်၌တင်၍ ပေါက်အပ်သည်ပင်လော ဟူအံ့၊ ဤနိုက် နိဂ္ဂဟိတ်ကား မတင်သင့်ပြီ။ အဘယ့်ကြောင့်နည်း ဟူမူကား····လုံးကြီးတင်၏ နောက်အဘို့သည် အက္ခရာစဉ်မှ မြင့်၍ တည်သောကြောင့် နောက်နိုက် ရေးသော အက္ခရာတို့နှင့် ထွေးရှက်ဘွယ်မရှိ။ ရှင်းလွတ်သည် ဖြစ်၍ လုံးကြီးတင်၏ နောက်၌ပင် ပေါက်သော်လည်း သင့်၏။ အထက်နိုက် မတင်သင့်ပြီ။

ယင်းသို့သော် နိဂ္ဂဟိတ်ကို အထက်နိုက် တင်အပ်၏ ဟူသော ဥပဒေသကို လွန်သည် မမည်ခဲ့ပြီလော ဟူအံ့။ လွန်သည် မမည်။ အဘယ့်ကြောင့်နည်း ဟူမူကား "····လွှစံနိဂ္ဂဟိတ်၊ လေးလုံးထိပ်ဝယ်" ဟူသည့်မှာလည်း ဝဂ္ဂန္တမှတပါး ဝဂ်ချည်းလေးလုံး၏ အထိပ်ကို ရည်၍ သာ လေးလုံးထိပ်ဟူ၍ ဆိုသည်။ လုံးကြီးတင်၏အထိပ်ကိုရည်၍ မဆို။ ဝ,၏ အထိပ်ဟူသည်မှာလည်း ဝ,ချည်း၏အထိပ်ဟူ၍ တိုက်ရိုက်ပင် ဆိုသည်၊ ဣကာရန္တဖြစ်သော လုံးကြီးတင်ရာနိုက် မဆို။ က-သေးသေးတင်သော် ဟူ၍ ထည်းကောင်း၊ * ကံတင်-ကုံဝင်ဟူ၍ ထည်းကောင်း အကာရန္တ,ဥကာရန္တ နိုက်သာ သေးသေးတင်ဟူသော ဝေါဟာရကို ဆိုသောအရာ ထင်သည်။ လုံးကြီးတင်နိဂ္ဂဟိတ်သည်ကား မြွာနိုက် ရှိသည်မျှမထင်။ ရေးလွယ်သည်ထို့ ထိုက်၍ သာ အချို့ရေးကုန်သည်။ လုံးကြီးတင်နောက်ကား နှ,သတ်၊ မ,သတ်၊ တ,သတ်၊ ပ,သတ်၊ တချောင်းငင် ပြန်မူကား က,သတ်၊ င,သတ်၊ ဝ,သတ် ဟူသော ဗျဉ်နအန္တ ၇-ချက်သာ ရှိရာသည်။ လုံးကြီးတင်နောင် နိဂ္ဂဟိတ်အန္တ ဟူ၍ မြွာမှနိုက်မထင်။ ထိုကြောင့် လုံးကြီးတင်ရာနိုက် သေးသေးတင် ဟူသော ဝေါဟာရသည် မြွာမှစကား ဖြစ်၍ မြွာမှနိုက် အကာရန္တ, ဥကာရန္တတို့နိုက်သာ နိဂ္ဂဟိတ်ရှိသောကြောင့် အကာရန္တ, ဥကာရန္တနိုက်သာ သေးသေးတင်ဟူ၍ ဆိုရိုးပြုကုန်သည်။ ဣကာရန္တ၌ကား မြွာမှ၌ နိဂ္ဂဟိတ်ရှိသည်မထင်။ ထိုနှင့်ဆော်စွာထည်း လုံးကြီးတင်ရာနိုက် နိဂ္ဂဟိတ်ကို ရည်၍ သေးသေးတင်ဆိုသော ဝေါဟာရ မဖြစ်သင့်။ ဤသို့ယူသဖြင့်လည်း လုံးကြီးတင်မှာကို ရည်၍ သေးသေးတင် မဆိုဟူသော စကားသည် ပြီးပါ၏။

"နိဂ္ဂဟိတံ ကေဝလမုပရိဋ္ဌိတံ" ဟူရာနိုက်လည်း နိဂ္ဂဟိတ်သည် သရသက်သက်ကိုသာ မခို၊ ချည်းနှင့်တကွသော သရကိုလည်းခို၏။ ထိုတွင် ချည်းယှဉ်သော သရနိုက် ချည်းမှထောက်၍ ထည်းကောင်း၊ ရေးစဉ်အမြင်ကို ထောက်၍ ထည်းကောင်း ဥပရိဟူ၍ ဆိုလေသည်။ ဤနိဂ္ဂဟိတ်ကိုသာ ဤကဲ့သို့ ဆိုသည်မဟုတ် သရဟူကပုဒ္ဓာသယချည်း ဖြစ်ထွက်ကို–

---

* ကံဟူ၍ ထည်းကောင်း။ ?

က,ကာ-ဇာတ္ထျဖွေ ဗျဉ္ဇနာ ပုဗ္ဗကာ သရာပရာ။
ကိ,ကီ-ဇာတ္ထျဖွေ ဥဒ္ဒိသရာ။
ကု,ကူ-ဇာတ္ထျဖွေ အဓေသရာ။
ကေ,ကဲ-ဇာတ္ထျဖွေ ပုဗ္ဗကာသရာ။
ကော,ကော်-ဇာတ္ထျဖွေ ဥဘယာ သရာ။
ကံ,ကား-ဇာတ္ထျဖွေ ဗျဉ္ဇနာ ပရာ။

ဟူ၍- ဇ,ဤဟူသောသရတို့ကိုကား အထက်ဦးက် တည်ဟန်၊ ဥ,ဦဟူသောသရတို့ကိုကား အောက်၌တည်ဟန်၊ ဩ,ဩော်ဟူသော သရတို့ကိုကား ရှေနောက် နှစ်ပါး တည်ဟန်ကို ဆိုသည်။ ဤဆို တည်ဟန်ကိုရည်၍- "တတ္ထ အဒ္ဓသရာ ဥပ္ပံ အဓေ ဌိတာ၊ နိဂ္ဂဟိတံ ကေဝထမုပရိဋ္ဌိတံ" ဟူ၍ ဆိုလေသည်။ ။သရ ၁၄-လုံး, နိဂ္ဂဟိတ်, ဝိသဇ္ဇနီတို့၏ သင်္ကေတကို ဆိုသည်ကား ပြီး၏။

၄၁-ကကြီး,ဃကြီး,ဏကြီး,ဠကြီး အက္ခရာတို့၏ သင်္ကေတ ဝေါဟာရနှင့်တကွ ၎င်းတို့၏ သံယုတ်ဖြစ်ပုံကို ဘော်ပြကြောင်း

စူဠဝဂ္ဂကာရော-စသည်ဖြင့် နိဂ္ဂဟိတ်စသည်တို့၏ သင်္ကေတကို ဆိုသကဲ့သို့ က-စသော ကြွေင်းသော်ကျည်းတို့၏ သင်္ကေတကို ဆိုသောအရာနိုင် ဆရာတို့ ဥပဒေသ တိုက်ရိုက်မထင်။ အထွင်အားဖြင့်ကား ထင်ရှား သိသာ၏။ ထိုထို သော်ကျည်း ကွပြန်းတို့ သတိရှိစေခြင်းငှာ ဟူသော ရှေးစကားနှင့်အညီ စိုးစဉ်းမျှသော ဥပဒေသ ကို လည်းကောင်း၊ အထူးထူးသော ဝေါဟာရပညတ် ဖြစ်ဟန်ကို လည်းကောင်း ဟူ၍ ဉာဏ်သက်သမျှ ရေးလိုက်ဦးအံ့။

ကကြီး,ဃကြီး,ဏကြီး,ဠကြီး-ဟူသော ကျည်းတို့၏ သင်္ကေတသည် အကြီးဟူသည် ကို ထိုက်၍ ခပ်ဆိမ်းသော အက္ခရာတို့ထက် ကြီးမြတ်၏ မယူထို။ က,ကြီး ဃ,ကြီး-အက္ခရာတို့သည် ဗိဓိတို့၏ ဝဂ်ချည်းအစုဋ္ဌ ပမာဏ အရာအား ဖြင့် ကျယ်သည့်, ပြန့်သည်ကို သော်သည်း ထူသင့်၏။ ဂ-ဃော်ဟူသည်ကို ထောက်၍, ထို ဂ-ဃော်ဟက် နှစ်ပြန်မျှသော အရာ, ပမာဏကျယ်သည့်, ပြန့်သည်ကိုထောက်၍, ကကြီး,ဃကြီး, ၌ ကကြီး,ဃကြီးမှထောက်၍, ထက်ဝဂ်မျှသော အရာ,ပမာဏ,အပြန့်ကျဉ်းသောကြောင့် ဂ-ဃော်ဟူ၍, စူဠပုဏ်,မဟာပုဏ်, စူဠပန့်, မဟာပန့် စသည်ကဲ့သို့ က,ကြီးဟူသော်

၁ သဒ္ဒသာရတ္ထဇာလိနီဋီကာ * ၂၀၅။ ကစ္စာယနဘေဒဋီကာသစ် ၁၃၅။

ထည်း၊ ခင်သိမ်းစုံထက်မကြီး၊ ဂ-ယော်ဟူသော်ထည်း ခင်သိမ်းစုံအောက် ရေး
တခုမှထောက်၍ သာ တခုကြီး၏၊ တခုဝယ်၏ဟူ၍ ထည်း ယူသင့်၏။

ထိုတွင် က-ကြီးအက္ခရာကို အရေးအသား မကျွမ်းကျင်သောကြောင့် ထည်း
ကောင်း အဖျင်တသော ရေးလွယ်သည်ကိုထိုက်၍ဂင်း သင်္ကေတမပြုမပြင်ရှိသော်
ထည်း 'စိုးစဉ်းမျှသာ အသွင်ကွဲး၏။ အတင့်အတယ် ရှိသာအောင် ရေးမှကား
အပြင် သင်္ကေတ မထူးပြီ။ အထပ်ကြောင့်နည်း ဟူမူကား....ခင်သိမ်းသော ဗျည်း
တို့သည် ဆံယုဂ် ဖြစ်ရာရှိက် အောက် အတို့ နောက် အတို့ရှိက်သာ ဗျည်း တို့
အသွင် ဖောက်၏။ အထက်အတို့ ရှေ့အတို့ တည်သော ဗျည်းတို့၏ အသွင်
ကား မဖောက်။ ဤက-ကြီးအက္ခရာသည်ထည်း ဆံယုဂ်ဖြစ်ခါ အထက်အတို့ ရှေ့
အတို့သာ တည်လေသောကြောင့် အရှေအသာ ရေးရာရှိက် အသွင်မထူးပြီ။ ဤ
က-ကြီး အက္ခရာသည် ဝဂ္ဂန္တမှတပါး ဆံယုတ်ဖြစ်ခါ အထက်အတို့ ရှေ့အတို့ရှိ
သာ အသယ်ကြောင့် တည်လေသနည်းဟူမူကား-က,ကြီးအက္ခရာသည် ကကြီးခုင်း
သဒိသဒွေးတော် သော်ထည်းကောင်း။ ခ,ဒွေးအက္ခရာနှင့် အသဒိသ ဒွေးတော်သော်
ထည်းကောင်းဖြစ်ရာ၏။ထိုထွင် သဒိသရှိက်ကားဆိုဘွယ်မရှိ။အသဒိသဒွေးတော်ရှိက်
ကားအက္ခ,စက္ခ,ထက္ခ,ဘက္ခစသည်ဖြင့် ဒုတိယက္ခရာခ-ဒွေး၏အထက်၌တည်သည်သာ
ဖြစ်၏။ ထိုဆို က-ကြီးအက္ခရာသည် အထက်ရှိက်သာတည်ခြင်းသည်သာ က-ဟူ၍
ဗျည်းစဉ်ရှိသည်နှင့်ထျော်စွာသာ တည်သည်ဖြစ်၏။ အပင့်,အရစ်,ဟသွဲး,ဝသွဲးတို့ရှိက်
ထည်း ဗျည်းတို့၏ရှေနောက်အစဉ်သင့် အောက်,ထက် တည်သည်သာဖြစ်၏။

"သျာစ ဗိခာဒိဟျူရော သွာဂတ ဗဟွာဗာဝ" စသည်ဖြင့်ထည်းကောင်း၊အာသ
သျ,ကထျာဏ စသည်ဖြင့်ထည်းကောင်း၊ ရှေနောက် ဗျည်းစဉ်ပြန်၍ ရှိရာရှိက်ကား
အာဒေသဝဗွည်းတို့၏ တည်ဟန် အစဉ်ညီစွာ ဖြစ်ထေသည်။သွာ,သွိ-စသော ဝိဘတ်
တို့ရှိက် အက္ခရာစဉ် ရှေ-နောက်ပြန်၍ ဆံယုတ်ထင်၏၊ ထိုအရာရှိက်ကား သဘော
အားဖြင့် ဆံယုတ်ဖြစ်၏။ ဒွေးတော် ရောက်ခြင်း, ပစ္စည်း အာဒေသတို့နှင့် ကပ်၍
ဖြစ်ခြင်းမဟုတ်။ မူထဖြစ်၍ထည်း အထူးမသိုသာသည်ဖြစ်၏။ ဤကဲ့သို့ ပစ္စည်း, အာ
ဒေသ,အာဂမအားဖြင့် ဆံယုတ်ဖြစ်ရာ၌ ဗျည်းစဉ် ရှေ့,နောက်ပြန်သောအရာ ထင်
သွ,သွိ-စသည်ဖြင့် မူထဆံယုတ်၌သော်ထည်း အပွကမျှသာ ထင်သည်။ ထိုမှတြင်း
သော ဆံယုတ်တို့၌ကား ဗျည်းစဉ်နှင့်ညီစွာသာ တည်လေသောကြောင့်ဂင်း၊ "အန်ဥ
ဏ,ရ,ဃ,ဝါ" ဟူသည်နှင့်ထျော်စွာ ယ-ရ-လ-ဝတို့သည် ဟ္ဒဉ်ဘက်ဗျည်း၏ အောက်
အတို့၌သာ တည်ရာသောကြောင့်ထည်းကောင်း၊ ကကြီးအက္ခရာသည် ဟ္ဒဉ်ဘက်
ဗျည်း၏ အထက်ရှိက်သာ တည်သည်ဖြစ်၏။ ယင်းသို့သောကြောင့် က-ဗျည်းသည်

ဝဂ္ဂန္တရောက်သည်မှတပါး သံယုတ်ဖြစ်ရာနှိုက် အထက်အတိုင်္ဂသာ ဖြစ်၏ဟု နှလုံးသွင်းရာ၏။

ဝဂ္ဂန္တအရာ၌ဖြစ်၍ အောက်အတိုင်္ဂ တည်သဖြင့်လည်း သရကိုသာ ဒ္ဝိလေသဖြင့် အသွင်မဖောက်သင့်။ သရကို မဒ္ဝိသာသောအရာ၌သာ ဗျည်းတို့၏ အသွင်ထူး၏။ ထူးဟန်ကား....နောက်မှဆိုအံ့သည်။

ဏ-ကြီးအက္ခရာကား....မိမိပင် ဝဂ္ဂန္တဖြစ်၍ ယှဉ်ဘက်ဗျည်း၏ အထက်၌သာ ဆင့်ရလေသည်။ အောက်အတိုင်္ဂ မဆွဲးသင့်သောကြောင့် အရေးမကျွမ်းသောအရာ အထျင်တဆော ရေးသောအရာတွင်မျှသာ ဗိုးစဉ်မပြိုပြင်ရှိရာ၏။ အတင့်အတယ်ရေးမူကား အရာခံသိမ်း အသွင်မဖောက်သင့်။

ဥ-ကြီးအက္ခရာကား....ဆိုခဲ့ပြီးသောအတိုင်း အက္ခရာခံသိမ်းထက် မကြီးသော်လည်း ဒန္တဇ-လကို လငယ်၊ မုဒ္ဓဇ-ဥ-ကို ဥ-ကြီးဟူ၍ တခုကို အငယ်ဆိုသဖြင့် တခုကို အကြီးဟူသော ဝေါဟာရသည် အဝတ္ထုသိဒ္ဓိ နည်းအားဖြင့် မဆိုသော်လည်း ပြီးကောင်းသောကြောင့် ဥ-ကြီးဟူသော ဝေါဟာရဖြစ်၏။ ။ယင်းသို့သော် လငယ်ထက် ဥကြီးသည် ကြီးသည်ပင်လော၀ဟူအံ့၊ ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ သင်္ကေတအားဖြင့် မှတ်လို၍သာ ပညတ်ဖြစ်သည်။ ထိုပညတ်သည် အရာရာတိုင်းသဘော အနက် ရသည်ချည်းမဟုတ်၊ သဘောအနက် ရရာ၌ ပညတ် ခေါ်ဝေါ်သည်ကား အန္ဓတ္ထ၊ အနက်သဘောမရသာထျက် ခေါ်ဝေါ်လွယ်ကာမျှသာ ပညတ်ခြင်းသည်ကား ရုဠှိဟူ၍ အန္ဓတ္ထ,ရုဠှိအားဖြင့် သညာနှစ်ပါးထွင် ရုဠှိသညာဟူ၍ သော်လည်း ယူသင့်၏။

ထို ဥ,ကြီး အက္ခရာသည်လည်း က,ကြီး ဏ,ကြီး တို့ကဲ့သို့လည်းကောင်း သံယုတ်ဖြစ်ခါ အပေါ်နှိုက်သာ တည်ကောင်းသောကြောင့် အသွင်မဖောက်။ ဤ, ဥကြီးသည် သံယုတ်ဖြစ်ခါ အပေါ်၌သာ တည်သင့်ဟန်ကား.... ယပင်,အရစ်, ဝဆွဲကြီးရာနှိုက်လည်း အန္တ,ညာ, ဟူသော ယခင် ကလာဝ်သုတ်နှင့်အညီ - ယပင်း, အရစ်, ဝဆွဲးတို့သည် အောက်အတို့, နောက်အတိုသာ တည်သင့် သောကြောင့်၊ ဥ,ကြီးကား အပေါ်နှိုက်သာတည်ထေ၏။ ဒဠ,ရဠ-စသည်ဖြင့် ဓာတ်ပစ္စည်းအစဉ်သင့်စွာ ဟ, အက္ခရာသည် အထက်နှိုက် နေသင့်ရာ၌ပင် သော်လည်း၊ "ဟဝိပရိယာယော လော၀ါ" ဆုတ်ဖြင့်ရှေ့နောက်ပြန်၍ ဥ,ကြီး အပေါ်နေပြန်လေသည်။ ယင်းသို့သောကြောင့် ဥ,ကြီးအက္ခရာသည် သံယုတ်ဖြစ်ခါ အပေါ်နှိုက်သာ တည်လေသောကြောင့် အရာ ခံသိမ်း အသွင်မဖောက် အရေး မကျွမ်းကျင်သဖြင့်

ထည်းကောင်း, အလေ့အားဖြင့် ထည်းကောင်း, အချို့သော သူတို့သည် ထိပ်အ ပြင်၌ အတန်ငယ်ညွှတ်စေ၍, ရေးရာ၌ စိုးစဉ်းအသွင်ကွဲးသော်ထည်း ကွဲး၏ မဟူ ထောက်သောကြောင့်ငင်း, ထိပ်အပြင်ညွှတ်ကွေးရမည်ကို ဥပဒေသ မထင်သော ကြောင့်ငင်း အရာခပ်သိမ်း အသွင်မဖောက်သည်ပင် ဟူသင့်၏။

၄၂-ခ, အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို မြခြင်း အကြောင်း

ခ, ခွေးအက္ခရာနှိုက် သင်္ကေတကား....သံယုတ်ဖြစ်ခါ ပရဒွေဘာဝေါအရာသာ ထင်သောကြောင့် ထည်းကောင်း၊ ကြီး အက္ခရာနှင့်သာ သံယုတ် ထင်သော ကြောင့်ထည်းကောင်း၊ အက္ခရာ စဉ်အတိုင်း အောက် အတို့နှိုက်သာ တည်သင့် သောကြောင့် ထည်းကောင်း အောက်၌သာ ဆွဲးရသည်ဖြစ်၏။ ထိုသို့ ဆွဲး၍ ဖြစ် သော သံယုတ်အရာ၌ အချို့သဖြင့် အာ-အစရှိသော နောက်သရတို့၌ ဒ့်သော အခြင်းအရာ သိထင်သာအောင် အထက်၌တည်သော က,ကြီး၏ နောက်အတို့မှ အတန်ငယ်ခြားစေ၍, က,ကြီးအထက်စွန်နှင့် မျှရာအရပ်မှသည် အောက်သို့ ငင်၍, ခွေညွှတ်စေလျက် ရေးကြ၏။ အချို့က ထိုသဘောသို့ မရောက်တတ်။ က,ကြီး ၏ နောက်အတို့ အတန်ငယ်ခြား၍, မယူ။ က ကြီး၏ နောက်အတို့အောက်အစွန်မှ တစပ်တည်း ဆက်ကာသာ အောက်သို့ ငင်၍, ခွေညွှတ်စေ၏။ ထိုအရေးကား အာစသော နောက်သရ၌ ဒ့်ဟန်ထည်း မပြုပြင်။ ခ, ခွေး၏ အသွင် ထည်း သာရုပ္ပ မရှိသောကြောင့် မသင့်နိုး။ အချို့သော သူတို့ကား သံယုတ် ဖြစ်ရာနှိုက်ပင် အသွင် မပျက်ရ။ "အက္ခရာညီဝန်း၊ မချန်းမထောင့်" [၁] ဟူသော ဆရာနည်းနှင့် လျော်စွာ ရေးသားကြ၏။

ထိုသို့ မချန်းမထောင့် ညီညွှတ်စွာဆွဲး၍, ရေးရာနှိုက် နောက်သရအဝိုနှင့် မစပ် မနှောဟူ၍ ဆိုပါရသည်သာ။ ထိုသို့သော်ထည်း သံယုတ်ဖြစ်ခါ အောက်မျည်းဟူ သမျှ သရအဝိုနှင့် စပ်နှောသည်ချည်း မဟုတ်ကြသောကြောင့်ထည်းကောင်း "အက္ခရာ ညီဝန်း၊ မချန်းမထောင့်" ဟူသော ဆရာနည်း ရှိပေသောကြောင့် ထည်းကောင်း သင့်သည်ပင် ဟူသင့်၏။ သံယုတ်မရှိသက်သက်၌ကား မချန်းမထောင့်စေရ။ အောက် အစ, အထက်အစ, မစပ်စေဘဲ အတန်ငယ် အထွင်းသို့ ခွေညွှတ်၍ ရေးခြင်းသည် သင့်၏။ ။ဤအရာနှိုက် အထွင်းသို့ခွေညွှတ်သည်ကိုထောက်၍, ဝိသဇ္ဇနီသံ မပါဘဲ ခွေဟူ၍ပင် ဆိုရအံ့သော အရာဖြစ်ထျက် ကဏ္ဍသုခ ဖြစ်စေခြင်းငှာ-

---

၁ ထောင်ဘီလာ ဆရာတော်၏, ဩဝါဒ ရတုဝိဒိဓုံ၊ မြန်မာစာညွှန်ပေါင်း၊ ဒု ၃၆။

"ဆိမ့်ဆိမ့်ချိုးချိုး၊ ကောင်းမွန်နိုးက" ဟူ၍လည်းကောင်း။
"ကျောရေစိုးစိုးစိမ့်စိမ့်တည်း။[၁] တောခြေ ငြိုးငြိုးငြိမ့်ငြိမ့်တည်း။[၂]
ဟောထွေချိုးချိုး ဆိမ့်ဆိမ့်တည်း"[၃] ဟူ၍လည်းကောင်း။
"သူငယ်မျိုးတို့။ ရိုးရိုးသံဝေ"[၄] ဟူ၍လည်းကောင်း။

စပ်ဆိုသော အရာများမှာကဲ့သို့ ဝိသဇ္ဇနီသံနှင့် ခွေးဟူ၍ ဆိုထေသည် ဟူသင့်၏။ အစန္ဒစ်ထက်ကို မရှက်မထင်, မစပ်မနှောာ, ထွေးရော, ပြောင်းညွတ်, ရစ်ပတ်, ရှက်တင်ကာမျ----ကြိမ်ခွေ, လျော်ခွေ, နွယ်ခွေ, ဆံခွေ, လှည်းခွေ စသည်တို့ကဲ့သို့ ခွေညွတ်ကာမျ ကွေးကွေးကောက်ကောက်ရှိကာမျသော အရာနှိုက် ဝိသဇ္ဇနီသံမပါဘဲ ခွေသည်,ညွတ်သည်ဟူ၍သာ ဝေါဟာရထင်၏။ ဆေးအိုးခွေး, ဆေးတံခွေး ဟူသကဲ့သို့၊ ရွှေငွေ,ကြေးသံစသည်တို့ဖြင့် အစအစပ်မထင်၊ သဒ္ဒဗ္ဗ ဖြစ်သောအရာနှိုက်ကား----အခွေးဟူ၍ ဝိသဇ္ဇနီသံနှင့်ဆိုသော အရာသာထင်၏။ ဤသို့ ဝိသဇ္ဇနီသံနှင့်ဆိုသော အရာကား နွယ်ပင် သစ်ပင်၏အမည်, တိရစ္ဆာန်၏အမည် စသော နာမပညတ် အရာနှိုက်သာထင်၏။ ထိုနှိုက်လည်း ထိုသစ်ပင် နွယ်တို့ကို ခွေညွတ်တတ်သောကြောင့် ဟူ၍ အနက်သတော ယူရမည် ထက္ခဏာမရှိ။ ရုဋ္ဌိသညာအားဖြင့် ခေါ်ဝေါ်ရကာမျသာ ယူသင့်၏။

ခွေး တိရစ္ဆာန်နှိုက်မူကား ခွေညွတ်၍ အိပ်နေတတ်သောကြောင့် ဝိသဇ္ဇနီသံမပါဘဲ ခွေဟူ၍ ဆိုအပ်လျက်၊ ယခင် ခွေးအက္ခရာမှာကဲ့သို့ ကဏ္ဌသုခ အကျိုးငှာ ဝိသဇ္ဇနီသံနှင့် ဆိုထေသည်ဟူ၍ ယူသော်လည်းသင့်၏။ ညွတ်ခွေ၏ ဟူသော အနက်သတောရသင့်လျက်-ခွေးဟူ၍ ဝိသဇ္ဇနီသံနှင့် ဆိုရိုးတွင်ရာနှိုက်, ကဏ္ဌသုခ အကျိုးငှာ ဆိုသည်ယူသင့်၏။ ထိုသို့ မရသင့်သော အရာနှိုက်ကား ရုဋ္ဌိသညာ ဟူ၍ ယူသင့်၏။ ။ထိုတွင် ခွေး ဟူသောအမည်သည် ညွတ်ခွေ၏ ဟူသောအနက်ရသင့်လျက် ကဏ္ဌသုခအကျိုးငှာ ခွေးဟူ၍ ဝိသဇ္ဇနီသံနှင့် ဆိုထေသည်။ ဤခွေး ဟူသော ဝေါဟာရသည် ဆေးအိုးခွေး, ဆေးတံခွေးစသော အခွေးမျိုးဝေါဟာရကဲ့သို့ အနက် မရသင့်သည် မဟုတ် သောကြောင့်၊ အန္တဌသညာ ဟူသင့်၏။ သဒ္ဒါနှိုက် အန္တဌ ဖြစ်သင့်သည်ကား ဓာတ်ပစ္စည်းဖြင့် ပြုပြင်ရသော အရာနှိုက်သာ ဖြစ်သင့်၏။ သဒ္ဒနာမ်, ရုဋ္ဌိ, ပါဠိပဒိက သဒ္ဒါတို့၌ မဖြစ်သင့်။ ထိုနှင့်တူစွာ ခွေညွတ်၏ ဟူရာနှိုက် ဓာတ်နက်ကြိယာ ဖြစ်သောကြောင့်၊ ခွေညွတ် တတ်သည်

---

၁ ကိုး * ၂၃၆။ ၂ ကိုး * ၂၃၄။ ၃ ကိုး * ၂၃၅။ ၄ ဘူပေါင်း * ၃၄။

ခွေညွတ်အပ်သည် ခွေညွတ်ကြောင်း ခွေညွတ်ရာ ခွေညွတ်ခြင်း စသည်ဖြင့် သင့်ရာ အနွယ်ထွဖြစ်သင့်၏။

ခွေး၏, ဟူသော ဝိသဇ္ဇနီအသံနှိုက် ဤကဲ့သို့မရ။ တိသာ စသောသဒ္ဒါ အမည်မျှ သာဖြစ်သော သဒ္ဒါကဲ့သို့ဖြစ်၍, ခွေးပင်, ခွေးနွယ်စသော ခြင်္ဂဝတ္ထု၏ အမည်မျှသာ ဖြစ်လေသည်။ မာဂဓဘာသာနှိုက်ထည်း ညွတ်ခွေ၏ ဟူရာနှိုက် ခွေခြင်း အနက်ကို 'ပလ္လင််အာဘုဇိ၊ ဘုဇေန ဂစ္ဆတိ' စသည်တို့နှိုက် ဘုဇသဒ္ဒါ ဟော၏။ ညွတ်ခြင်းအနက်ကို နမန, နဋ္ဌ-စသောသဒ္ဒါ ဟော၏။ ဤကဲ့သို့ ခွေး၏ဟူသော ဝိသဇ္ဇနီအသံ ကြိယာအနက်ကို ဟောသောအရာမထင်။ ခွေး တိရစ္ဆာန်ကို ဟော ရာနှိုက် သုနခ, သောဏ-စသည်ဖြင့် နာခြင်းအနက်ကို ဟောသော သု, ဝတ်ဖြင့် ပြီးသော သဒ္ဒါထင်သည်။ ခွေးခြင်းဟူသော ဝိသဇ္ဇနီ အသံနှင့် မထင်။ ထိုကြောင့် ခွေး, ဟူသော ဝေါဟာရသည် ခြင်္ဂ၏အမည် ရဇ္ဇိသညာမျှသာ အနက် သဘော မရ။ ထိုကြောင့် ညွတ်ခွေ၏ဟူသော အနက်ရသင့်ထျက် ခွေး, ဟူ၍ ဆိုရိုးပြုရာ နှိုက်ကား ကဏ္ဏသုခ ယူသင့်ထေသည်။ ဤခွေး ဟူသော အမည်ကဲ့သို့ ညွတ်ခွေ ၏ဟူသော အနက်ရသင့်ထျက်၊ ဝိသဇ္ဇနီသံနှင့် ခွေးဟူ၍ ခေါ်ဝေါ်သော ဝေါဟာ ရမူကား နည်းပေအံ့သည် ဆင်ခြင်ပါ။

၄၃ ဂ-အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ဂ, ငယ်အက္ခရာနှိုက် သင်္ကေတကား.....သံယုတ် ဒွေးဘော် ဖြစ်လေသော်ထည်း ခဒွေးအက္ခရာကဲ့သို့ ပရဒွေးဘော်အရာသာ ထင်သောကြောင့်ထည်းကောင်း ဃကြီး အက္ခရာနှင့်သာ သံယုတ် ထင်သောကြောင့် ထည်းကောင်း အက္ခရာစဉ် အတိုင်း အထက်အဘို့ နှိုက်သာ တည်သင့် သောကြောင့် အသွင် မဖောက်သင့်ပြီ။ ကကြီး အက္ခရာ၏ ခွဲးမျှ, ထက်ဝက်မျှ အရာပမာဏအားဖြင့် အပြန့်ကျဉ်းသည်, ငယ်သည် ကို ထောက်၍, ဂ,ငယ်ဟူသော ဝေါဟာရနှင့်အညီ ရေးမှတ်လျှင် သဘောပြေ တော့သည်။ အသွင် အထူးဖောက်ပြားသည်မထင်။ အသွင် ဖောက်ရာ သည်ကား၊ သံယုတ်ဖြစ်ရာ အောက်အဘို့နှိုက် တည်သော်သာ ဖောက်ပြန် ရာသည်ဟု နှလုံး သွင်းရာ၏။

ဃကြီး အက္ခရာနှိုက်ထည်း- သံယုတ်မဖြစ် သက်သက်နှိုက် အသွင်မဖောက်၊ သံယုတ်ဖြစ်ရာ ၌ကား ဆိုခဲ့ပြီးသောအတိုင်း ဒွေးဘော်အရာသာ ထည်းကောင်း,

အဿ, အဿာတ-စသည်ဖြင့် ဂ-ငယ် အက္ခရာနှင့်သာ ထည်းကောင်း ထင်သော ကြောင့် အက္ခရာအစဉ်အတိုင်း အောက်အတ္ထိသာ တည်သောကြောင့် ခဒွေး အက္ခရာကဲ့သို့ အာစသော နောက်သရအမှိန့်နှင့် နှောစပ် မိအောင် အထက်၌ တည်သော ဂ-ငယ်၏ နောက်အတ္ထိမှ အတန်ငယ်ခွါ၍, နောက်အမြီးအတ္ထိကို ချိချိကြွကြွ အချိ ရေးကြ၏။ အချိကား သရအမှိကို မငဲ့-မချန်း မထောင့် သာရပ္ပ ရှိအောင်ရေး ကြ၏။ ထိုသို့သော်ထည်း ရှေးနည်းအတူ အရာတိုင်း သရအမှိနှင့် မနှောမစပ် သည်တကြောင်း သာရပ္ပ ရှိပေသည် တကြောင်းဖြစ်၍, မသင့် မဆိုသာ သည်ဝင် ဖြစ်၏။

၄၄-ငွ, အက္ခရာန္ဒိုက် သင်္ကေတနှင့်တကွ ဝေါဟာရကို ဖြခြင်းအကြောင်း

ဂ-အက္ခရာန္ဒိုက်-သင်္ကေတကား..... "ဝန်းရရွှန်းသည် ဝတကား။ ။အရင်းစမူ ငွ,တကား" ဟု၍, ရှေး သူဟောင်းတို့ စကထာ ဆိုသော အရာကို ထောက်၍, ဝ, အက္ခရာကဲ့သို့ ညီဝန်းစွာရေးသည်တွင် နောက်အတ္ထိကို ချေဖျက်၍, ထား၏သို့ ရေး ထိုး၏။ သံယုတ်ဖြစ်သော အခါကား ဝဂ္ဂန္တဖြစ်၍, က-စသော မိမိဝဂ် လေးလုံး၏ အထက်၌သာ တည်၏။ ဝဂ္ဂန္တတို့ကိုကား ရှေးသရ၌ မှိသော နိဂ္ဂဟိတ်သည် ဝဂ် အက္ခရာ နှောင်းလသော် ထိုနှောင်းသော ဝဂ်အက္ခရာန္ဒိုက် မိမိ ဝဂ္ဂန္တ ဖြစ်ဟန်ကို သာ ဥပဒေသထင်သည်။ နှောင်းသောဝဂ်ဗျည်း၏ အထက်အတ္ထိ အောက်အတ္ထိန္ဒိုက် ဝဂ္ဂန္တပြုရအံ့ဟု၍, တမူကား ဥပဒေသ အထူးမထင်။ ထိုသို့သော်လည်း ဂမ,ခန,ဟနာ ဒီနံ-စသော သုတ်တို့ဖြင့် ဓာတွန် မ, စသည်ကို န, ပြုရာ၌ နှောင်းသော ဗျည်း၏ အထက်၌သာ ပြုလေသည်။

ဒွေး သော် ပြုရာ၌လည်း ဆောင်အပ်သော ဗျည်းသည် နှောင်းသော ဗျည်း၏ အထက်၌သာ တည်လေသည်။ ဗေဟဉ်, သုတ်၌ ဟ,နှောင်းရာ နိဂ္ဂဟိတ်ကို ဉ,ပြု သည်မှာလည်း နှောင်းသော ဟ, ဗျည်း၏ အထက်န္ဒိုက် တည်လေသည်။ ဒမ္မိ, ဒမ္မ ဟူသော ပြယုဂ်တို့ဒိုက်လည်း နိဂ္ဂဟိတ် မ,ပြုပြီးလျှင် မိ,ဝိဘတ်-မ, ဝိဘတ်ဟူသော နှောင်းသော မ,ဗျည်း၏ အထက်န္ဒိုက်သာ တည်လေသည်။ ဤသို့လျှင် ပရာသရ * ဖြစ်သော နိဂ္ဂဟိတ်မှတပါး ပုဗ္ဗာသရ + ဖြစ်သော ဆောင်ထိုက်သော ဗျည်းတို့သည် နှောင်းသော ဗျည်း၏ အထက်န္ဒိုက်သာ တည်သည်ကို ထောက်၍, ဝဂ္ဂန္တ ပြုရာန္ဒိုက်

* ပုဗ္ဗာသယ။ + ပရာသယ။

လည်းကောင်း ဒွေးဘော်ပြုရာနှိုက် လည်းကောင်း နှောင်းသော ဗျည်း၏ အထက်၌ သာ တည်သည်ကို သိရ၏။

တကြောင်းလည်း အာဒေသကို လုတ္တဟူ၍ မဆိုကာမျှဖြင့် မတိမတ္တဖြစ်အံ့သည်ကိုရည်၍ "တံဝိ မတိမတ္တမေဝ၊ ကဒါစိဝိ အာဒေသဿ လုတ္တာတိ အဝတ္ထုတ္ထေဝ" ဟူသော ဟိတ်ပါဠိကိုလည်းကောင်း၊ ပဌမပါဒအဆုံးနှင့် ဒုတိယပါဒအစ, တတိယပါဒအဆုံးနှင့် စတုတ္ထပါဒအစ သန္ဓိဖြစ်ဟန် ဝဏ္ဏခြားရာ ယေဘုယျအားဖြင့် သန္ဓိဖြစ်ဟန်ကို မြင်ဘူးကာမျှဖြင့် "သန္ဓိဘူတဿ ဥဒါဟရဏဿ ဒဿနတော" ဟူသော ဟိတ်ပါဠိကိုလည်းကောင်း၊ တပုဒ်တည်းဖြစ်ဟန်ကို မြင်ဘူးကာမျှဖြင့် "ဤဒိသဿ ပယောဂဿ ဒဿနတော" ဟူသော ဟိတ်ပါဠိကို လည်းကောင်း ဦးကာဆရာတို့ မိန့်တော်မူကုန်သကဲ့သို့ ဝဂ္ဂန္တဖြစ်ရာနှိုက် နှောင်းသော ဝဂ်ဗျည်း၏ အောက်၌ တည်သည်ကို မမြင်ဘူးသဖြင့် လည်းကောင်း၊ အထက်၌ တည်သည်ကိုသာ မြင်ဘူးသဖြင့် လည်းကောင်း ဝဂ္ဂန္တဖြစ်ရာ၌ မိမိဝဂ်ဗျည်း၏ အထက်၌သာ တည်၏ဟု သိရ၏။ ဤသို့ ဝဂ္ဂန္တအရာ၌ တံခွန်အရေးပြု၍ ကင်းစီးဟူသော အခေါ်အဝေါ်ကို ပြုကုန်၏။ ။ဤကင်းစီး၌ တံခွန်အရေးပြုတန်ကိုကား အောက်ကဆိုခဲ့ပြီ။ အသင့်အားဖြင့်ကား တံခွန်တမှုံဟူ၍ အသွင်မဖော်ကောင်း။ က-သတ်စသော များစွာသော မြမွာမှုသက်သက် အသတ်, မာဂဓစသည်ကို စွဲမှီသော အသတ် အက္ခရာတို့၌ အသွင် မဖော်သည်သာ ဖြစ်၏။

ဤ ကင်းစီးအရာ၌ကား အရေးမကျမ်းသည် တကြောင်း၊ အထူးထိုသဖြင့် ရေးလွယ်ရာထိုက်၍ တကြောင်း၊ စိုးစဉ်း မညီမဝန်းသော်လည်း ဂ-အက္ခရာ၏ အသွင် အရိပ် အရောင် မပျက်စေသင့်။ ပ-သတ်အက္ခရာကဲ့သို့ အချို့ကင်းစီး ရေးသည်ကား သဘောရောက်အံ့သို့ မရှိ။

၄၅-စ, အက္ခရာ ဆ အက္ခရာတို့၌ သင်္ကေတနှင့်ဘက္ခ ဓေါဟာရကို ပြခြင်းအကြောင်း

စ,လုံး-အက္ခရာ၌သင်္ကေတကား----နိသံယောဂ,သံယောဂဟူ၍ အသွင်မဖော်။ အချို့သော သူတို့သည် ရှေ့အတို့အတွင်း၌ ဝတ်ဆန်ထည့်မည့်အတွက်ကို အတွင်းသို့ အတန်ငယ် အကွေးအညွတ် ဝင်စေလျက် ရေးမှတ်ကုန်၏။ စ-လုံးဟူသော ဓေါဟာရကို ထိုက်လျင် အလုံးညီစွာသာ ရေးရမည်ကို ညွှတ်ပြန် ရိုင်ပြန်သည် ဟူ၍, ဆိုပါ

ရသည်သာ။ ဆရာနည်း အထူး မထင်သောကြောင့် ကျွမ်းကျင် လေ့လာသည်သာ ပမာဏကဲ့သို့ ရှိ၏။

ဆ,လိမ် အက္ခရာ၌လည်း သင်္ကေတအထူးမထင်၊ ရှေးအဘို့၌ အောက်အစွန်းမှ အထွင်းသို့ အတန်ငယ်လိမ်၍ ခွေညွှတ်ဝင်စေထိုက် ရေးလျှင် ဆ,လိမ်ဟူသော ဝေါဟာရနှင့်အညီ သဘောကျရာတော့သည်။

၄၆-ဇ,အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ဇ,ကွဲး-အက္ခရာနှိုက် သင်္ကေတကား.....ယေဘုယျ အားဖြင့် ရှေးစာဟောင်းတို့ နှိုက် အောက် အစွန်းကို အထွင်းသို့ အတန်ငယ်သွင်း၍ အညွှန့် အမြီး ကိုလည်း အတန်ငယ် အောက်သို့ ညွှတ်၍ ဝင်စေသည်။ နောက်နောက်သော သူတို့ကား အထက်အစွန်းကို အထွင်းသို့ ခွေလိပ်ဝင့်၍ ပြင်သို့ အညွှန့် အမြီး ထွက်စေသည်။ မွန်တို့ကား အထက်အစွန်းကို အထွင်းသို့ အတန်ငယ်သွင်း၍ အညွှန့် အမြီးကို အတန်ငယ်အောက်သို့ ညွှတ်စေ,ဆင်းစေသည်။ ။ထိုတွင် ဇ,ကွဲးဟူသော ဝေါဟာရနှင့်အညီ - ကွဲးသော အရိပ်သည် ရှေးဇာဟောင်းတို့နှိုက် အရေး, မွန်တို့၏ အရေးနှိုက် ထင်သောကြောင့် ထည်းကောင်း၊ သုံးစွဲရေးမှတ်သောအစဉ် ရှည်ထျားအံ့ဖြစ်၍ ထည်းကောင်း သင့်နိုးအံ့သည်။ လိမ်၍ထုတ်သော အရေးကား ရှက်လိမ်ရအံ့သော ဥပဒေသ ဝေါဟာရ မထင် သောကြောင့် ထည်းကောင်း, နောက်နောက်သော သူတို့နှိုက်ဖြစ်၍ ပညာ နည်းလျှော့သော အခါ ရောက်ရာခဲ့သောကြောင့် ထည်းကောင်း လိမ်၍ထုတ်သောအရေးသည် သင့်အံ့သို့မထင်။

၄၇-ဈ,မြင်ဆွဲအက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ဈ,မြင်ဆွဲး-*အက္ခရာနှိုက် သင်္ကေတကား .... သံယုတ်ဖြစ်ခါ အောက်အတို့နှိုက် တည်သောကြောင့် အသွင်ဖောက်၏၊ ဗျည်းတို့၏ အသွင်ဖောက်ရာ သည်ကား သံယုတ် ဖြစ်၍ အောက် အတို့နှိုက် ယှဉ်သင့်သော အချို့သော ဗျည်းတို့ သာ နောက်သရအမှိန့် ယှဉ်သော အခြင်းအရာကို ထင်စေထို၍ အချို့သော သူတို့ သည် ဗျည်း၏ အသွင်ကို ကွဲးပြား စေသည်။ သံယုတ်ဖြစ်၍ အောက် အတို့နှိုက်

* ဈမြင်းဆွဲး။

ယှဉ်ထျက်ပင် အဓိသရနှင့် မယှဉ်သာသော်လည်းကောင်း, သံယုတ်ဖြစ်ခါ အထက်အတို်၌ တည်လေသော်လည်းကောင်း,သံယုတ်မယှဉ်သော်လည်းကောင်း, သရကင်းသော်လည်းကောင်း အသွင် မဖောက်ရာ။ အသတ်ဟူသော တံခွန်အရေး ရှိရာ၌ကား သရကင်းသည်ပင်။ သတ်သောဗျည်း သရကင်းဟန်ကို အောက်က ဆိုခဲ့တိုင်း နှလုံးသွင်းရာ၏။ ဆိုထတ်ဆုံသည် များမှာလည်း အသွင်ဖောက်ရာသည်ကို ဤနည်းကိုဖြ်၍ နှလုံးသွင်းရာ၏။ ။ဤစ္ဆ,မြင်ဆွဲး အက္ခရာသည်ကား သံယုတ်ကင်းထျက်ပင် အချို့ကား ဆ, ထိမ်တွင် မ, တင်၏သို့ ရေးကုန်၏။ အချို့ကား စလုံးကို ယပင့်၏သို့ ရေးကုန်၏။ အ ချို့ ကား စလုံး ရေးပြီး ထျင် နောက် အတို်၌ ဥ, ဦးခေါင်းထုတ်သကဲ့သို့၊ သ,အက္ခရာ၌ နောက်ထက်ဝက် အတို့ကဲ့သို့ ရေးကုန်၏။ ထိုသို့ရေးရာ၌ ဆ, ထိမ်ကို မ, အက္ခရာတင်၏သို့ ရေးခြင်းသည် အက္ခရာ နှစ်လုံးကဲ့သို့၊ ဇ,ကွဲး ဆင့်ပြန်ထျင် သုံးလုံးကဲ့သို့ ထင်မှားတွယ် ရှိသောကြောင့် ထည်းကောင်း၊ ရှေးရှေးနှောင်းနှောင်း အသုံးအစွဲး နည်းရာသောကြောင့် ထည်းကောင်း၊ စ္ဆ, မြင်ဆွဲးဟူသော ဝေါဟာရနှင့် ထျော်အံ့သို့ မရှိသောကြောင့် ထည်းကောင်း သင့်နိုးအံ့မထင်။ စ,လုံးကို ယပင့်ရေးသည်မှာထည်း ယပင့်ကြိမ်ထတ်သော် နှစ်ထပ်ပင့်သကဲ့သို့ ရှိခဲ့သောကြောင့် ထည်းကောင်း၊ ရစ်ရသော အရာ၌ ပင့်ထည်းပင့်, ရစ်ထည်းရစ် မရှိရာသောအရာကို ရေးတိသကဲ့သို့ဂင်း ထင်မှားတွယ် ရှိသောကြောင့် မသင့်နိုး။ စ,လုံးရေးပြီးထျင် ဥ,ဦးခေါင်းထုတ်သကဲ့သို့ သ,၏ နောက်ထက်ဝက်ကဲ့သို့ ရေးသည်ကား၊ စ္ဆမြင်ဆွဲးဟူသော ဝေါဟာရ၌ စ,လုံး၏အထွင် ရွှေထက်ဝက်အဝန်းသည်ကား မြင်းဆက်သံကွင်းသဘွယ်၊ဥ,ဦးခေါင်းတင်၏သို့ရေးသောနောက်ထက်ဝက်အတို့သည်ကား မြင်းဆက်သံကွင်းဝယ် အစွဲးပြု၍ ချည်သော ချက်ကြိုးကို ထျော့ထျော့ကျကျ အတင့်အတယ် အဖြည်းအညှင်းဆွဲးကိုင်သောအခါကဲ့သို့ အသွင် တူလေအံ့သည်ကို ထောက်သဖြင့်၊ စ္ဆမြင်ဆွဲးဟူသောဝေါဟာရနှင့် ထျော်အံ့သို့ရှိ၏။ သံယုတ်ဖြစ်ထမူကား-ဇ, ကွဲးအက္ခရာ၊ ဥ,အက္ခရာတို့နှင့်သာ ဖြစ်ရာ၏။ ထိုသံယုတ်ဖြစ်ရာနှိက် စ္ဆမြင်ဆွဲး အက္ခရာသည် နောက် အတို်၌သာ တည်ရာသောကြောင့်၊ ခ,ခွေး ဃကြီး အက္ခရာနှိက် ဆိုသည်နှင့်အတူ ယပင့်ကဲ့သို့ နောက်သရအဓိနှင့် စပ်သာအောင် အချို့ရေးကုန်၏။ ထိုသို့ ရေးခြင်းသည်ထည်း သရနှင့်စပ်ဟန် ထင်ပေသောကြောင့် သင့်သည်ပင်။ အဝန်းညီစွာ ဥ,ဦးခေါင်းထုတ်၏သို့ ရေးသည်မှာထည်း ဆိုခဲ့ပြီးသောအတိုင်း အဓိသရနှင့် စပ်ဟန်မထင်သော်ထည်း သံယုတ်တိုင်း သရနှင့် စပ်ဟန်မရေးသာသေသည် တကြောင်း၊ သာရပ္ပ ရှိသေသည် တကြောင်း၊ စ္ဆမြင်ဆွဲးဟူသောဝေါဟာရနှင့်ထျော်စွာ အသွင်ဖြစ်သေသည်တကြောင်းဖြစ်၍ သင့်သည်ဖြစ်၏။

၄၈-ဥ, အက္ခရာဒ္ဒ သင်္ကေတနှင့်တကွ ဝေဟာရကို ပြခြင်းအကြောင်း

ဥ-အက္ခရာန္ဝိက် သင်္ကေတကား....ဦးခေါင်းရှိ ဦးခေါင်းမဲ့သာ ထူး၏။ ထိုတွင် ပါဠိပါကန်တို့နှိုက်ကား ဦးခေါင်းထုတ်သည် ဆံယုတ်ပင်ဖြစ်သောကြောင့် ဆံယုတ်မထိုရာနှိုက် မသင့်၊ ဥ-ဦးခေါင်းထုတ် ဆံယုတ် ရှိရာသည်ကား-ကညာ, ပညာ, သညာ စသည်တို့ကဲ့သို့ ရွှေနှိုက် တလုံးလုံးသော အက္ခရာရှိ၏၊ စ,ဆ,ဇ,ဈ ဟူသော စဝဂ် -၄လုံး၊ ဟဆွဲး,ဝဆွဲးစသည် မဟုဉ်သော်သာ ဥ-ဦးခေါင်းထုတ်ရာ၏။ဆိုခဲ့ပြီးသော စဝဂ်လေးလုံး၊ ဟဆွဲး,ဝဆွဲးရှိမူကား ဆံယုတ်ဖျည်း ၃-လုံးတွင် သုတိတူတလုံးကြေ၏ဟူသည်နှင့်အညီ ပဋ္ဌ,မုဋ္ဌ,ပုဋ္ဌ သဋ္ဌာယတိ, ဗျဋ္ဌိယာတိ, ပဋ္ဌ-စသည်တို့ကဲ့သို့ ဥ တလုံးကြေ၍ ဦးခေါင်းမဲ့ နိသံယောဂသာရှိလို၏။ ဤကဲ့သို့ သုတိတူဖျည်း ၃-လုံး၊ ဆံယုတ်မရှိသည်ကား မာဂဓောသာ ပါဠိပါကန်နှိုက်သာမဟုတ်၊ မြန်မာဆာသာနှိုက်သော်လည်း ဥာတာသည်, ဥတ်သည်,ဥတ်သည် စသည်ဖြင့် သုတိတူရှိသကဲ့သို့ တပါးသောအရာနှိုက်မထင်။ တုတ်ကွ * သည်,ကျီကြေ, ဝေဌသည်, ကျေးကျွန်, ချိုကြွေသည်နှိပ်နှံသည်, ဝေမျှသည်, မြီးမြောက်သည်ဟူသကဲ့သို့ဝဆွဲး, ယပင့်,အရစ်, တဆွဲး,ပင့်၍,ဝဆွဲး, ရစ်၍,ဝဆွဲး, ဝင့်၍,ဟဆွဲး, ရစ်၍,ဟဆွဲးယဉ်ထွက် သုတိကွဲးနှစ်လုံး သုံးလုံး လေးလုံးရှိသည်မှတပါး၊ စိစွေးရှသည် ဟူသကဲ့သို့ သုတိတူ နှစ်လုံးရှိသော ဆံယုတ်မျှမထင်။ ယုံးမှားသင်္ကာဟူသည်မှာကဲ့သို့ ဝဂ္ဂန္တနှင့် ဆံယုတ်ဖြစ်သော အရာမျှသော်ထည်း မြန်မာမှသက်သက်၌မထင်၊ ယုံမှားသင်္ကာ, မျက်မှောက်ကင်္ကာ စသည်တို့၌ကား မာဂဓကိုစွဲးမှိသော အရာဖြစ်သောကြောင့် သင်္ကာ, ကင်္ကာဟူ၍ ဝဂ္ဂန်ရောက်ထွက် ဆံယုတ်ဖြစ်လေသည်။ ထိုအကြောင်းကိုကား ဂ-ဖျည်း,ဈဖျည်းတို့နှင့် ဃဉ်သော အာကာရန္တကို ဆိုသောအရာမှာ ဆိုလတ္တံ့။ ။မာဂဓ၌ကား ဖျည်းဆုံးလုံးဆံယုတ်ဖြစ်ထွင် သုတိတူ ဖျည်းတလုံးကြေသည်ကားမြင်း၏။မြန်မာမှသက်သက်၌ကား ညာသည်,ညတ်သည် စသောအရာ၌ ည,ဆံယုတ်ရှိ၏သို့ သုတိတူ နှစ်လုံးမျှသည်ထည်းကောင်း၊ ညတ်သည်ဟူသကဲ့သို့ သုတိတူသုံးလုံးသည်ထည်းကောင်း ဆံယုတ်ဖြစ်သည်မထင်၊ ထိုသို့ထွက်ကို *ညာမျှဆင်ရွေ့၊ ညတ်နူးမရွှင်၊ ညတ်ကျော့ကွင်း" စသည်တို့ဖြင့် ဆိုသောအရာများမှာ သုတိတူ ည,အက္ခရာနှင့်တကွ ဆံယုတ်နှစ်လုံးသုံးလုံးရှိသည်ကား ဆံယုတ်မဟူရ၊ သာရပ္ပမင်္ဂလာဟူ၍ ဥ-ဦးခေါင်းတပ်ပါသည်သာ ဆိုသော်ထည်း ဆိုသင့်သည်သာဖြစ်၏။ ဤကဲ့သို့ ညာသည်,ညတ်သည် စသည်ဖြင့် သရနှင့်တကွသော ည-ဖျည်းထွင်သာမဟုတ်၊ သရကင်းသော သတ်သော ည,

* တုဝ်ကွ။

ဗျည်းၦသော်ထည်း ဦးခေါင်းတဝ်သည်ပဝ်၊ ဤ ဥ -သတ်မှာကဲ့သို့ က-စသော သတ်သောဗျည်းတို့ၦ သံယုတ်မရှိ၊ ထိုကြောင့် မြန်မာမှၦ် မင်္ဂလာ သာရပ္ပသို့ထိုက်၍ ခေါင်းတဝ်ပါသည်သာ၊ သံယုတ်မဟုတ်ဟု ဆိုသင့်သည်ဖြစ်၏။ ဦးခေါင်းထုတ်၍ သတ်ရမည်ကို "တသတ်လှည်းစည်၊ လှည့်ပတ်ထည်သော်၊ ဒွေးဘော်သံယုတ်၊ ည-ခေါင်းထုတ်ထော့" * ဟူသောထင်္ဂါ၏အရကို ထောက်၍ သိရ၏။ ထိုထင်္ဂါၦ် လှည်းဟူသောအသံနှင့်တူသော-

ကုထားကျည်း, ကုန်းကြည်း, ထျထျချည်းချည်း, ပြုသည်ချည်း, မူသည်ချည်း, ရုံးစည်းသည်, ကပ်ဆည်းသည်, ပတ်ပတ်ညည်းညည်း, ချုပ်တည်းသည်, ပြုသတည်း, မူသတည်း, တည်းတည်းရင်းရင်း, တည်းထည်းတင်းထင်း, ညစ်ထည်းသည်, ထျော့နည်းသည်, ပေါ့ပည်းသည်, ညင်းပြည်းသည်, နက်မည်းသည်, တင့်ရည်းသည်, ထျော့ထျည်းသည်, ထွန်းလှည်းသည်, ထန်သည်းသည်, အိမ်းအည်း, † ဩအည်းဆိုသည်။

ဤဆို စသည်ဖြင့် ဝိသဇ္ဇနီဆံရှိသော အသံတူရာၦ်ထည်းကောင်း။ ။စည်, ဟူသော အသံနှင့်တူသော-

ခိုင်ကျည်, ဆုံကျည်, ညှတ်ကျည်, အကွင်းအခြည်, ရောင်ခြည်, စည်ပင်သည်, တားဆည်သည်, ကြောက်ညည်သည်, တည်တန့်သည်, ပြုအနည်, မူနည်, ရှာပြည်, အမျိုးအမည်, ပြုမည်, မူမည်, မြည်ထွန်သည်, ခန့်ရည်သည်, ရှည်လံသည်, ထည်ပတ်သည်, အသည်အလာပြုသည်, မူသည်, သည်ထွေ, သည်ခံ။

စသော အရာများမှာကဲ့သို့ ဝိသဇ္ဇနီသံ မပါသောအသံတူရာၦ်ထည်းကောင်း။ ။ လှည့်-ဟူသောအသံနှင့်တူသော-

ရှကြည့်သည်, ပျောင်းချည့်သည်, ထင်းစည့်သည်, အသံညည့်သည်, တော်တည့်သည်, ထည့်စွက်သည်, ပြုထည့်, မူထည့်, ပြည့်ဖြိုးသည်, ဖြည့်တင်းသည်, ရှုမ်းမှည့်သည်, အမည်မှည့်သည်, ဘက်ရှည့်သည်, နိုင်းရှည့်သည်, ပြုလှည့်, မူလှည့်, လှည့်ဖျက်သည်။

---

* "ထလတ်ထည်စဉ်၊ လှည်းပတ် သည်သော်၊ ဒွေဘော်သံယုတ်၊ ခေါင်းပွားထုတ်" ၁၁၀၀ပြည့်ကူး၊ သမ္ဘဉ်ကံ၌ သတ်ပုံ။

† ရောဝတီမူ ၀၂၁-၌ အိန်းအည်းဟု နသတ်တွေ့ရသည်၊ ခေါင်းစဉ် ၄၀၇၊ အိမ့်အခန်းကိုထောက်၍ မသတ်ပြင်သည်။

စသော အရောများမှာ ကဲ့သို့ အ, မြစ်ထျက် အသံတူရာတို့နှိုက် လည်းကောင်း၊ ဦးခေါင်းထုတ်၍ သတ်ရအံ့ဟူသော စကားဟောင်းရှိသည်ပင်ဖြစ်၏။ "ဖျဉ်း, ဖျဉ်, စဉ်ညို၊ ဥ-ကိုချည်းသတ်၊ ခေါင်းမတတ်နှင့်" * ဟူသည်နှင့်အညီ ဖျဉ်းဟူသော အသံနှင့်တူသော–

ဆောင်ကြဉ်းသည်, ကျဉ်းမြောင်းသည်, ကပ်ချဉ်းသည်, ဖြတ်စဉ်းသည်, အစဉ်းအဝါ, ထဉ်းထဉ်းစုတ်စုတ် ပြေးသွားသည်, ပန်းတဉ်း, နွေးဖျဉ်းသည်, ငြိုဖျဉ်းသည်, ဖျဉ်းဖျဉ်းနှာသည်, ပျောင်းမျဉ်းသည်, မျဉ်းခတ်သည်, ခိုင်မျဉ်းသည်, ခေါင်းခဉ့ယဉ်း, လှေထင်းယဉ်း, ကျွယ်ဉ်း နွားယှဉ်း, ရှုးရှုးရှဉ်းရှဉ်း–

စသည်ဖြင့် ဝိသဇ္ဇနီသံ ပါသော အသံတူရာတို့၌ လည်းကောင်း။ ။ဖျဉ်, ဟူသော အသံနှင့် တူသော–

ရှောင်ကြဉ်သည်, ထုံကျဉ်သည်, အချိုအချဉ်, ဖိတ်စဉ်သည်, တံစဉ်, ပြုစဉ်, မှုစဉ်, ဘာဝနာညာဉ်, အခဲအဖျဉ်, တားဖျဉ်သည်, ယဉ်ချေသည်, ရေယဉ်, ဆင်မြင်းယဉ်, စပ်ယှဉ်သည်, အစီအထျဉ်, ကျိုင်းသဉ်, အဉ်ဆဉ်သည်–

စသည်ဖြင့် ဝိသဇ္ဇနီသံ မပါ၊ အသံတူရာနှိုက် လည်းကောင်း။ ။ဥ်, ဟူသော အသံနှင့် တူသော–

ခဝ်ချဉ်ချဉ်ရှိသည်, နွေညဉ်, တိရစ္ဆာန်ရှဉ်, ထိုးယဉ်, သီးသီး ထျဉ်ထျဉ်, ပြတ်ရဉ်သည်–

စသည်ဖြင့် အမြစ်သံတူရာ၌ လည်းကောင်း၊ ဦးခေင်းမပါ သတ်ရအံ့ဟူသော စကားဟောင်း အစဉ်ရှိသည်ဖြစ်၏။ ။ဤကိုထောက်၍ သရကင်းသော ဥ, အက္ခရာနှိုက်ပင်သော်လည်း ဦးခေါင်းထုတ်ရမည်ကို ရှေးသူတောင်းတို့ ဆိုသည်ဖြစ်၏။ ယင်းသို့ထျင် သတ်သော ဥ, ဗျည်းနှိုက်ပင်သော်လည်း ဦးခေါင်းထုတ်ရအံ့ဟူသည်ကို ထောက်၍ ဦးခေါင်း ထုတ်ရေးသော်လည်း မြမ္မာမှုနှိုက် သံယုတ် ဒွေးဘော် မဆိုရ၊ သာရပွမင်္ဂလာ ဖြစ်လို၍ သာ ဦးခေါင်းအညွှန့်တင်ပါသည် ဟူ၍, ယူသင့်၏။ ။ယင်းသို့သော် ထိုလင်္ကာထွင် "ဒွေးဘော်သံယုတ်၊ ဦးခေါင်းထုတ်လော့" ဟူ၍, ဥ, ဦးခေါင်းထုတ်သည်ကို ဒွေးဘော်သံယုတ်ဟူ၍, ဆိုသည်ပင် တကား။ ထိုသို့ထျက်ကို ဒွေးဘော်သံယုတ် မဆိုရဟူ၍, ယူရမည်မဟုတ်တကား ဟူအံ့။ ဤသို့ ဖြေပေအပ်၏။ 'ဦးခေါင်းထုတ်လော့' ဟူသည်တွင် ဥ, ဦးခေါင်း ဟူသည်ကား

* "ဖျဉ်းဖျဉ်စဉ်ညို၊ ဥကိုချည်းသတ်၊ မြနေမှတ်လော" သဒ္ဒဥဏှိသတ်ပုံ။

'သမသီသံ သမပါဒံ' ဟူ၍ လည်းကောင်း 'ခေါင်းလည်းမျှတွေ့၊ ခြေလည်းမျှစွာ' ဟူ၍ လည်းကောင်း ဆိုသည်နှင့်အညီ အက္ခရာတို့၏ဦးခေါင်း, အက္ခရာတို့၏ ခြေ ဟူ၍ လည်းကောင်း၊ တဝမ်းပူ, ဒုရင်ကောက်ဟူသော သညာကိုထောက်၍ အက္ခရာတို့၏ ဝမ်း, အက္ခရာတို့၏ရင် ဟူ၍ လည်းကောင်း၊ ခ,အောက်ချိုက်, ဗထက်ချိုက် ဟူသော သညာကိုထောက်၍ အက္ခရာတို့၏ အောက်, အထက်ဟူ၍ လည်းကောင်း အမှတ် မူသင့်သည်ပင် ဖြစ်၏။ ဌသံဏ္ဍင်းချိတ်ကို ဋ္ဌခြေဆင်းဟူ၍ အချို့ လူဟောင်းတို့ ခေါ်ဝေါ်သည်ကို ထောက်၍ အက္ခရာတို့နှိုက် ခြေဟူ၍ လည်းကောင်း အမှတ် ရှိသင့်သည်ပင် ဖြစ်၏။ ဦးခေါင်းဟူသော အမှတ်ကိုကား အက္ခရာတို့၏ သညာ တိုက်ရိုက်မရှိ။ ထိုသို့သော်လည်း ဒုရင်ကောက် ဟူရာနှိုက် ရင်ဟူသည်မှ အထက် အတိုသည် လည်းကောင်း၊ ဋ္ဌခြေဆင်းဟူသော အမည်နှိုက် ခြေဟူသည်မှ အထက် အတိုသည်လည်းကောင်း၊ ဦးခေါင်းဟူသော ဝေါဟာရဖြစ်ရာသောကြောင့် တိုက် ရိုက် မရှိသော်လည်း အက္ခရာတို့၏ အထက် အတိုကို ဦးခေါင်းဟူ၍ အစွဲး ပြုသင့် သည်နှင့်အညီ ဌဝမ်းဘဲ,နဃ်,ရ,ဠကြီး အက္ခရာတို့နှိုက် အထက်အတိုကို ဦးခေါင်း ဟူ၍ မှတ်သင့်သဖြင့် လည်းကောင်း၊ ထို ဌဝမ်းဘဲစသည်တို့နှိုက် အထက်အတိုကို ဦးခေါင်းဟူ၍ ခေါ်ဝေါ်ရိုး တွင်သဖြင့် လည်းကောင်း၊ အက္ခရာတို့၏ အထက် အတိုကို ဦးခေါင်းဟူ၍ အစွဲးပြုသင့်၏။

ဤနှိုက် အောက်,အထက်အတိုကား အနိမ့်,အမြင့်အား ဖြင့် နှလုံးမသွင်းသာသော် လည်း ဓအောက်ချိုက် အက္ခရာနှိုက် ချိုက်ရာအရပ်သည် အောက်မည်သဖြင့် ထိုချိုက် ရာမှ တူရွတတက်သည် အထက်မည်ရာသဖြင့်ဂင်း၊ ဗထက်ချိုက်အက္ခရာ၌ ချိုက်ရာ အရပ်သည် အထက်မည်သဖြင့် ထိုမှပြန်သောအရပ်သည် အောက်မည်ရာသဖြင့်ဂင်း၊ အောက်အတို, အထက်အတိုကို နှလုံးသွင်းရာ၏။ ထိုအထက်အတိုတို့ကို ဦးခေါင်း ဟူ၍ အစွဲးမူသဖြင့် ဥ, အက္ခရာနှိုက် ဦးခေါင်း ထုတ်ယူလျှင် ထို ဥ, အက္ခရာ၏ အထက်အတိုနှိုက် ဦးခေါင်းထုတ်ရအံ့လော ဟူ၍ သင်္ကာတွယ်ရှိ၏။

"သမသီသံ သမပါဒံ" * ဟူ၍ လည်းကောင်း။
"ခေါင်းလည်းမျှတွေ့၊ ခြေလည်းမျှစွာ" + ဟူ၍ လည်းကောင်း။

---

* "ဇာသင်ပထမ၊ ရေးသားစက၊ ခြင်းထမကျန်၊ ဇာရေးဟန်ကား၊ သမ္မသီသံ၊ သမ္မ ပါဒံ၊ သမ္မအန္တရံ။"

+ "ခေါင်းလည်းမျှစေ၊ ခြေလည်းမျှစွာ၊ အကြားမှာလည်း၊ ညီစွာသမ္မ၊ အမျှမျှလျှင်၊ ညီလွှစွာဆုံး၊ စာလုံးကြီးငယ်၊ ကျဉ်းကျယ်မရှိ၊ သတိပြုထွေ့၊ ရေးထတ်စေလေ့" (ရှင်ရဋ္ဌသာရ၏ စာဟုဆိုသည်)

ဆိုရာရှိုက်ကား ဤကဲ့သို့ အထက်အတိုကို ဦးခေါင်း, အောက် အတိုကို ခြေဟူ၍ မမှတ်သင့်။ ရှေ့အတိုကို ဦးခေါင်း၊ နောက်အတိုကို ခြေဟူ၍ မှတ်သင့်သည် ဖြစ်ရာ၏။ အဘယ်ကြောင့်နည်း ဟူမူကား- ဆိုခဲ့ပြီးသောအတိုင်း အထက် အတို ကို ဦးခေါင်း၊ အောက်အတိုကို ခြေဟူ၍ မှတ်ချေသော် "ခေါင်းခြေမျစ္စာ" ဟူရာ၌ က,ခ-စသော အက္ခရာတို့မှာ ခေါင်း,ခြေဟူ၍ မမှတ်သာဖြစ်ခဲ့၏။ ။အထက် အတိုကို ဦးခေါင်း၊ အောက်အတိုကို ခြေဟူ၍ နငယ်စသည်တို့ကဲ့သို့ပင် မှတ်တော့ ထောဟူအံ့။ နငယ်၏ ခြေဖျားသည် ကကြီး၏ အောက် အစွန်းမှ မပြွန် မထွက် ရေးထိုသည်ဖြစ်ခဲ့၏။ ရေးထိုသည်ပင် ဟူအံ့။ ဌခြေဆင်း ဟူရာရှိုက် အက္ခရာစဉ်မှ ခြေဆင်းသာသည်လည်း ဖြစ်ရာခဲ့၏။ ဝ-စသော အက္ခရာတို့ သည်လည်း နငယ် စသော အက္ခရာတို့၏ အောက်အထက်နှင့် မျှသော အဝန်းရှိ၏၊ ဟူ၍ မရှုသာ။ ကြီးလွန်းသည် ဖြစ်ရာခဲ့၏။ ထိုသို့မဟုတ် နငယ်-ဌဆံလျှင်းချိပ် တို့ရှိုက်သာ ခြေ-ခေါင်း မှတ်သာသည်နှင့် အညီ အောက်, အထက်, ခြေ,ခေါင်း မျှစေတော့အံ့။ ထိုမှကြွင်းသော က-စသော အက္ခရာတို့မှာ ခြေခေါင်းအထူး မမှတ်ပြီ ဟူအံ့။ ထိုသို့ မမှတ်သော် ထို က-စသော အက္ခရာတို့ရှိုက် ရှေ့,နောက်,အောက်,အထက်အတို မညီမျှ ဆိတ်နှင့်ဆင် တွဲ၏သို့ နိမ့်မြင့် ကြီးငယ် ရေးလေ သော်လည်း မဆိုသာ သည် ဖြစ်ရာခဲ့၏။ မဆိုသာသည်ပင် ဟူအံ့။ "အက္ခရာ ညီဝန်း၊ မချွန်း မထောင့်၊ ဖြောင့်ဖြောင့် သားသား" ဟူသည်နှင့် ထျော်စွာ မဖြစ်မူ၍ မညီမဝန်း မဖြောင့် မသား ချွန်ခြင်း, ထောင်ခြင်းရှိရာခဲ့၏။ ဆိတ်နှင့်ဆင် တွဲ၏သို့ ရှေနောက်အတို မမျှ ကြီးငယ်, နိမ့်မြင့် တသီး တသန့်ကဲ့သို့ ရှိလေသော်လည်း မထောင့် မဖွန်း စက်ဖြင့်သား၏သို့ အသွားအဖြတ် ညီညွတ်ပါလျှင် မထောက်မချွန်း ညီဝန်းသည်ပင်။ အထက်အစွန်းမျှသည် လည်းကောင်း, အောက်အစွန်းမျှသည် လည်းကောင်း ညီညွတ်ဖြောင့်သားလျှင် ဖြောင့်သည် ညီသည်ပင်တကား ဟူအံ့။

"စာလုံးကျဉ်းကျယ်၊ ကြီးငယ်မရှိ" * ဟူ၍ လည်းကောင်း။
"ပြေပြစ်ချောမွေ့၊ ရွှေရွှေလုံးညီ၊ ပုလဲသီသို့" + ဟူ၍ လည်းကောင်း။

ဆိုသည်နှင့်အညီ လုံးညီရွေး၍ သိသောပုလဲကဲ့သို့ ပြေပြစ် ချောမွေ့ခြင်း မရှိ၊ အလုံး ကြီးငယ် ကျဉ်းကျယ် ရှိစေလျက် ဆိတ်နှင့်ဆင် တွဲ၏သို့ ရှေနောက်အတို မမျှ၊ နိမ့်မြင့်,ကြီးငယ် ရေးချေသော် ရှုသာတင့်တယ်မရှိ ဖြစ်ခဲ့အံ့သည်။ထိုကြောင့် ရှေနောက်အတို ညီစေမျှစေ သင့်၏။ ထိုသို့ ရှေနောက် ညီစေ သင့်သောကြောင့်

---

* ဇာသင် ပထမရှိ သတ်ပုံထက်ဘ။
+ ထောင်ဖိသာဆရာတော်၏ ဩဝါဒရတု။ ၁ မြန်မာစာဗျွန်ပေါင်း၊ ဒု ၃၆။

က-စသော အက္ခရာတို့မှာ ခြေ,ခေါင်း အထူးမမှတ်ပြီ ဟူ၍ မဆိုသင့်ချေ။ ခြေ, ခေါင်းမှတ်ရအံ့သည်သာဖြစ်၏။ ထိုသို့ ခြေခေါင်း မှတ်ရန်ိုက်လည်း ဌခြေဆင်း နငယ်တို့ကဲ့သို့ အထက်အတို့,အောက်အတို့ကို ဦးခေါင်း,ခြေဟူ၍ မှတ်ချေသော် ဆိုခဲ့ပြီးသောအတိုင်း မရှမသာ ကြိုးလွန်းသည် ဖြစ်ရာခဲ့သောကြောင့် ရှေနောက် အတို့ကိုသာ ခြေခေါင်းဟူ၍ မှတ်ရာ၏။ ။ထိုရှေနောက် နှစ်ပါး တွင်လည်း ရှေဖြစ်သော ဝဏ္ဏကို ခေါင်းဆိုသင့်သည် များ၏။ ခေါင်းတည်း၏-ခေါင်းဆောင် ၏ စသည်ဖြင့် ဆိုသည်များမှာလည်း ရှေဦးတည်သည်ကိုပင် ခေါ်ဝေါ်သောအရာ ဖြစ်သောကြောင့် ရှေအတို့ကို ဦးခေါင်း,နောက်အတို့ကို ခြေဟူ၍ မှတ်သင့်၏။

ထို့ကြောင့် "သမသီသံ, ဃမပါဒံ" စသည်ဖြင့် ဆိုသော အရာနှိုက် ရှေနောက် အတို့ကို ခေါင်းခြေဟူ၍ မှတ်သင့်သည် ဖြစ်ပြန် သတည်း။ ဤနှင့် ထျော်စွာ "ဦး ခေါင်းထုတ်ထော့" ဟူရာနှိုက် ဥ အက္ခရာ၏ ရှေအတို့မှ ထုတ်ရအံ့သော ဟူ၍ သော်လည်း သက်ဘွယ် ရှိ၏။ ယင်းသို့ထျင် ဌခြေဆင်း, ဌဝမ်းဘဲ, နငယ်တို့ မှာကဲ့သို့ အထက်အတို့မှဝင်း "ခေါင်းလည်းမျထွေ, ခြေထည်းမျစွာ" ဟူသည်နှင့် အညီ၊ တဝမ်းပူ, ထဆင်ထူးတို့မှာကဲ့သို့ ရှေအတို့မှဝင်း ဦးခေါင်းထုတ် ရမည်။ အရပ်အနေကိုသော်လည်း အစွဲးမရသာသည် ဖြစ်ခဲ့၏။ ဌခြေဆင်း, ဌဝမ်းဘဲးတို့ မှာကဲ့သို့ နောက်သို့မျက်နှာဝလှည့်၍ဌင်း၊ က,ကြိုးအက္ခရာကဲ့သို့ အောက်သို့မျက် နှာဝ လှည့်၍ဌင်း၊ ယ,အက္ခရာ ကဲ့သို့ အထက်သို့ မျက်နှာဝ လှည့်၍ဌင်း ဥဦး ခေါင်းထုတ်ရန်ိုက် ရှေနောက် အထက် မျက်နှာဝလှစ်ဖွင့်၍ ဦးခေါင်း ထုတ်ရအံ့ သောဟူ၍ သော်လည်း သက်ဘွယ်ရှိ၏။ "ဝ,၏ အထိပ်၊ ဦးခေါင်း ရိပ်တွင်" ဟူ၍ ဝအက္ခရာ၌ပင် အထက်အတို့, ထိပ်အပြင်ကို ဝ,၏ ဦးခေါင်း ဟူသကဲ့သို့ မျက်နှာဝ မလှည့်မဖွင့်သော်လည်း အထက်အတို့ ထိပ်အပြင်မျကိုပင် ဦးခေါင်းဆို သည်ဟူ၍ပင်သော်လည်း သက်ဘွယ်ရှိ၏။

ထို့ကြောင့် ဤ ဥ, အက္ခရာနှိုက် ဦးခေါင်းဟူသည်ကား-ကကြိုးစသော အက္ခရာ တို့ကဲ့သို့ ရှေ့,နောက်, အောက်, အထက် မျက်နှာဝ ဟင်းလင်းပြု၍ ရေးအပ်သော ဦးခေါင်းဟူ၍ဌင်း၊ ဝ,အက္ခရာကဲ့သို့ အထက်အပြင်မျကိုသာ ဦးခေါင်းဟူ၍ဌင်း ဆိုရအံ့သော အခြင်းအရာ အသွင် အပြင်ကို အစွဲးမရသည်ဖြစ်ခဲ့၏။ ယင်းသို့ထျင် "ဦးခေါင်းထုတ်ထော" ဟူရာနှိုက် ဦးခေါင်း ထုတ်ရအံ့သော အရပ်အနေ အသွင် အပြင်ကို အစွဲးမရသာသောကြောင့်၊ ပါဠိဝါကန် တိုနှိုက် ထင်ရှား သိသာသော ဥ,သံယုတ်ဒွေးဘော်၏ အနေအသွင်ကို ညွှန်၍ "ဒွေးဘော်သံယုတ်၊ ညခေါင်း ထုတ်ထော့" ဟူ၍ ဆိုသည်။ ဒွေးဘော် သံယုတ်ကဲ့သို့ "ဦးခေါင်း ထုတ်ထော"

ဆိုရမည်ကို ကဗျာလင်္ကာ၏ ဖွယ်ရာအားဖြင့် ကဲ့သို့သဒ္ဒါကြေး၍ ဒွေးဟော်ဆံဃုတ်၊ ညခေါင်းထုတ်လော” ဟူ၍သာ ဆိုလေသည် ယူသင့်၏။ ။ယင်းသို့သော်“ဝ၏ အထိဝ်၊ ဦးခေါင်းရိဝ်တွင်”ဟုသည်နှင့်အညီ၊ ဥ၏ ထိဝ်အပြင်,အထက်အဘို့ဟူ၍ ဦးခေါင်းထုတ်ရအံ့လော၊ အရဝ်အနေ,ဥပဒေသ အစွဲးရှိ၏တကား၊ အသွင်အပြင်ကိုလည်း ဌဝမ်းဘဲစသည်တို့မှာကဲ့သို့ ရွှေ,နောက်,အောက်,အထက် သင့်ရာမျက်နှာဝတ္တစ်၍ ၎င်း,ဝ-အက္ခရာ၏ အထိဝ်ဦးခေါင်းဟူသကဲ့သို့ ထိဝ်အပြင်မျက်မှတ်၍ ၎င်းယူပါသော် အသွင်အပြင်ကိုလည်း အစွဲးရသည်ပင်တကားဟူအံ့။ဌဝမ်းဘဲ,ဋ္ဌဆံဃျင်းချိဝ်တို့မှာကဲ့သို့ အထက်အဘို့ကို အစွဲးပြု၍ ဥ,အက္ခရာ၏အထက်အဘို့၌ ဌဝမ်းဘဲစသည်တို့၏ ဦးခေါင်းကဲ့သို့ မျက်နှာဝ လှစ်၍ ဦးခေါင်း ထုတ်ချေသော်, ဝ-အက္ခရာဆင့်၏သို့ရှိရာ၏။ ဆကုန်း, သ-အက္ခရာကဲ့သို့ သင်ပုန်းခေါင်း, ပေခေါင်းရှေ့ရှမျက်နှာဝလှစ်၍ ဦးခေါင်းထုတ်ချေသော်, ဒ-ဒွေးအက္ခရာကို တချောင်းငင်၏သို့ဂုဝ်း, ခ-ခွေးအက္ခရာဆင့်၏သို့ဂုဝ်းရှိရာ၏။ ယ-အက္ခရာကဲ့သို့အထက်သို့မျက်နှာဝလှစ်၍ ဦးခေါင်းထုတ်ချေသော်, ပစောက်အက္ခရာ ဆင့်၏သို့ ရှိရာ၏။ သတိမဲ့စဝ်ရှက်၍ ရေးမိမူကား ရွှေ,နောက်, အောက်,အထက် မျက်နှာဝဝိတ်၍ လုံးကြီးတင်၏သို့သော်လည်း ရှိရာ၏။ ယင်းသို့သောကြောင့် ဌဝမ်းဘဲစသော အက္ခရာတို့ကဲ့သို့ အထက်အဘို့ကို မှတ်၍ ရွှေနောက်, ခအောက်အထက် မျက်နှာဝကို လှစ၍ ဥ, ဦးခေါင်းထုတ်ခြင်းသည် မသင့်သည်သာဖြစ်ရာ၏။

ဆကုန်း,သ-စသည်တို့ကဲ့သို့ ရွှေအဘို့ကိုမှတ်၍ဥ ဦးခေါင်းထုတ်ပါသော် မသင့်ပါလောဟူအံ့။ မသင့်။ မသင့်ဟန်ကား-ဥ,အက္ခရာ၏ ရွှေအဘို့မှ ရွှေသို့မျက်နှာလှစ်၍ ဦးခေါင်းထုတ်မူ ဥ၏အခြိုးအညွှန့်သည် ဦးခေါင်းထုတ်သည်နှင့်စပ်သဖြင့် သ,ကို တချောင်းငင်၏သို့ တချောင်းငင်ရာ၌က် ၂-ချောင်းငင်၏သို့ ၂-ချောင်းငင်ရာ၌က် ၃-ချောင်းငင်၏သို့ ရှိအံ့သည်။ပေ,ထန်းရွက်စသည်တို့၏အဖျားတူရွ မျက်နှာလှစ်၍ ဦးခေါင်းထုတ်မူ, ပ,စောက် အက္ခရာ, ယ-အက္ခရာတို့၌က် ၁-ချောင်း ၂-ချောင်းစသည်ဖြင့် ငင်၏သို့ရှိရာ၏။ ပ, စောက်အက္ခရာကဲ့သို့ အထက်သို့မျက်နှာလှစ်မူ ယ-အက္ခရာ၌က် တချောင်းစသည် ငင်၏သို့ရှိရာ၏။ ဂ,အက္ခရာကဲ့သို့ အောက်သို့မျက်နှာလှစ်မူ, လအက္ခရာ၌က် တချောင်းငင်စသည်နှင့် တူလေအံ့။ သတိမဲ့ရှက်စဝ်၍ ရေးမိမူကား ဝ-စသောအက္ခရာကဲ့သို့ရှိရာ၏။ ထို့ကြောင့် ဥ,အက္ခရာ၏ရွှေအဘို့မှ ဦးခေါင်းထုတ်ခြင်းသည်လည်း မသင့်သည်ပင်ဖြစ်၏။

ယင်းသို့သော် ဥ,အက္ခရာ၏ ရွှေ,နောက်, အောက်, အထက် ၄-မျက်နှာထွင် အဘယ်အရဝ်အဘို့မှ ဦးခေါင်းထုတ်ရအံ့နည်း ဟူမူကား ဥ၏ နောက်အဘို့မှထုတ်

ရာ၏။ ယင်းသို့ နောက်အတို့မှ ဦးခေါင်းထုတ်ချသော် "ဝ-၏အထိပ်-ဦးခေါင်းရိုင်" စသည်ဖြင့်ဂုဏ်း၊ "သမသီသံ သမပါဒံ"စသည်ဖြင့်ဂုဏ်း၊ အထက်အတို့ ရှေအတို့ ကို သာ ဦးခေါင်းဆိုသော ဥပဒေသနှင့်ဂုဏ်း၊ ရှေနောက်နှစ်ရပ်တွင် ရှေဖြစ်သော အ ရာကို ခေါင်းတည်၏ ဆိုသော ဝေါဟာရများနှင့်ဂုဏ်း မည်တကား၊ သတ္တဝါအား ဖြင့်ထည်း ဦးခေါင်းဟူသော ဝေါဟာရသည် ရှေအတို့, အထက်အတို့နှိုက်သာ တည်ရာသည်တကား၊ ထိုသို့ထျက် ဥ အက္ခရာ၏ နောက်အတို့နှိုက် ဦးခေါင်းထုတ် ရာ၏ မဆိုသင့် တကားဟူအံ့။မှန်၏။ထိုသို့သော်ထည်း အမြင်ကိုထောက်၍ ဆိုသည်။ ဥပမာကား....

"စက်ပြာသာဒ်ထျင်[1]၊ဖဲ့ပြာသာဒ်ထျင်"စသည်ဖြင့် ထည်းကောင်း။
"ထပြာသာဒ်နှင့်၊ ထရထားထျင်" စသည်ဖြင့် ထည်းကောင်း။
"သူရိယဝိမာန၊ စန္ဒဝိမာန"စသည်ဖြင့် ထည်းကောင်း။

နေထို့၏ ပြာသာဒ်, ရထား, ဒိမာန် တုံဖြစ်ဟန်ကို ဆိုသည်။ ထေးထောင့်, ရှစ်ထောင့်, ခိုနန်းအမြောင့်စသည်ဖြင့် အဆန်းအကြယ် စီရင်သော လူမင်းတို့၏ နန်း ပြာသာဒ် ကဲ့သို့သော နေ ဒိမာန် လ ဒိမာန်တို့သည် ဝေး သော အရပ်မှ မြင်ကုန်သော သူတို့အား လှည်းဘီး စက်ကဲ့သို့ အချပ်အပြား အဝန်း ညီစွာသာ ထင်ကုန်၏။ တောင်ထိပ်၌ ထွန်းပသော မီးပုံကြီးသည် ထေးထောင့်, ရှစ်ထောင့်, အမြောင့်ခိုနန်း စီရင်၍ပြုသော်ထည်း, တောင်အောက် အဝေးမှ မြင်သောသူတို့ အား အဝန်းသာ ထင်တိသကဲ့သို့, နေ, လတို့ကို အဝန်းညီစွာ လှည်းဘီးသဏ္ဌာန် အချပ်အပြားသာ ထင်ကုန်၏ ဟူ၍်ထည်း ဆရာတို့အမိန့်ရှိသည်ပင်။ ထိုသို့ နေ,လ တို့သည် လူမင်းတို့၏ နန်း ဆောင်ကဲ့သို့ ထေးထောင့် စသည် ဖြစ်ငြားသော် ထည်း အဝန်းအပြား လှည်းဘီး ကဲ့သို့ ထင်ကာမျှကို လိုက်၍ "အဝန်းရောင်ပြီး၊ ရှေလှည်းဘီးသို့၊ ညီးညီးထက်ထက်၊ နေစက်ရဲရဲ"ဟူ၍် စပ်တော်မူသကဲ့သို့ ဥ အက္ခရာ၏ ဦးခေါင်းကို ရှေအတို့ဟူ၍် ထည်းကောင်း, အထက်အတို့ဟူ၍် ထည်း ကောင်း ဆိုသင့်ထျက် နောက်အတို့မှ ထုတ်ရာ၏ဟူသည်ကား အမြင်ကိုထောက်၍် သာဆိုသည်။ သတ္တဝါအားဖြင့်ကား ဥ သံယုတ်ကဲ့သို့ ဟူသည်နှင့်အညီ ညသံယုတ် ကိုထောက်သော် ရှေအတို့ပင်ဖြစ်၏။

ဖြစ်ဟန်ကား-ဇညာစသောရုပ်တို့နှိုက် ယျောဗဘတ်၏ ကာရိယဖြစ်သော ဥ အက္ခ ရာ နိဿယောဂသည် ဝဂ်နိမိတ်ဖြစ်၍် ရှိထင့်သည်တွင် နိဂ္ဂဟိတ်၏ ကာရိယဖြစ်

---

၁ နောင် * ၂၆။

သော ဥ အက္ခရာ နိဿယောဂသည် ရှေးအဘိုမှကပ်၍ ဇညာစသော ရှပ်ပြိုး၏။ ကာရဏ်စသော ရှပ်တို့နှိုက်ထည်း ဏသဒ္ဒါ၏ ကာရိယဖြစ်သော နိဿယောဂ ဥ အက္ခရာနှိုက် ဒွေးဘော်ပြုရအံ့သောဌာ လာသောနိဿယောဂ ဥ အက္ခရာသည် ရှေ့အဘိုမှထည်းကောင်း ကပ်၍ ကာရဏ်စသောရှပ်ပြိုး၏။ ထိုရှပ်နှိုက် ဥ အပြုကိုသာ ဆိုသည်။ ဦးခေါင်းမဲ့-ဦးခေါင်းရှိမဆို။ နောက် ဥ သို့ကပ်ဆာဆိုသည်။ နောက် ဥ ၏ရှေ့အဘို နောက်အဘိုစဉ်၍ ကပ်ရအံ့ဟူ၍ ထည်းကောင်း, နောက်ဥ ၏ ရှေ့အဘိုမှဟူ၍ထည်းကောင်း, နောက်အဘိုမှဟူ၍ ထည်းကောင်း မဆို။ နောက်ဥ ၏အထက်အဘို အောက်အဘိုဆင့်၍ ကပ်ရအံ့ဟူ၍ ထည်းကောင်း၊ နောက်ဥ ၏အထက်မှဆင့်ရအံ့အောက်မှ ဆွဲရအံ့ဟူ၍ ထည်းကောင်း အထူးမဆို။ ထိုသို့သော်ထည်း ဥ အပြုနှိုက်ထည်းကောင်း၊ဉဓာတ်ဖြစ်သော မူလ ဥ အက္ခရာနှိုက်ထည်းကောင်း နိဿယောဂသာ အရင်းဖြစ်၏။

ထိုကြောင့် ဉကံ,ဉဏသံ-စသည်ဖြင့် ဝဏ္ဏတပါး ရှေ့နှိုက်မရှိမူ နိဿယောဂသာထိုး၏။ ဥ အက္ခရာ,သအက္ခရာတို့စဉ်၍ သံယုတ်ဖြစ်သည်ကိုထည်းကောင်း,ပဉာသဉာစသည်ဖြင့် ရှေးနှိုက် ဝဏ္ဏရှိမူကား-အာဒေသ,အာဂမအား ဖြင့် ကပ်ထာသော ဥနှင့် မူထအား ဖြင့်ရှိထင့်သော ဥ သည် သံယုတ်ဖြစ်ထေ၍ ဦးခေါင်းတပ်ရှိသည်သာမြိုး၏။ ထိုကြောင့် ဥ အပြုသည်ထည်းကောင်း, မူထဖြစ်သော ဉဓာတ်သည်ထည်းကောင်း ဦးခေါင်းမဲ့နိဿယောဂသာ ဖြစ်သင့်၏။ နောက်ဥ သို့ ကပ်သည်မှာ ရှေ့အဘို နောက်အဘိုစဉ်၍ ကပ်ရအံ့ဟူ၍, အထူးမဆိုသော်ထည်း သံယုတ်ဖြစ်ရာနှိုက် မူထဖြစ်သော ရှိထင့်ရင်းဗျည်းသည် နောက်၌တည်၍ သရကို ဖို့ရင်းဖြစ်၏။ သံယုတ်အလို့ငှာ ဆောင်အပ်သော အာဂမ,အာဒေသဖြစ်သော ဗျည်းကား ရှိထင့်ရင်းဗျည်း၏ ရှေ့အဘို,အထက်အဘိုနှိုက်သာ တည်းမြိုး၊ ထိုထွင် ရှေ့အဘို၌ စပ်ကာသာစဉ်၍ ကပ်လိုရင်းဖြစ်၏။ အဘယ့်ကြောင့်နည်း ဟူမူကား-ရှိထင့်သော နှောင်းသောဗျည်းသာလျင် မိမိ၏နောက်နှိုက် တည်သောသရကို ရှေ့အဘို၌ တည်၍ စပ်ထွက်ဖို့သည်။ အာဂမ-အာဒေသအား ဖြင့် ကပ်ထာသောဗျည်းကား- သရကိုမဖို့သက်သက်သာဖြစ်လေသည်။ ထို့သို့ သရကိုမဖို့သောကြောင့်ထည်း ဝဂ်တူသံယုတ်ဖြစ်ကာ ထိုကပ်ထာသောဗျည်း၏ အသံမရသည်ဖြစ်၏။ ဒွေးဘော်ပြုရာ၌ ပဒ္မဇို့,စသော ရပ်မှာ နှောင်းသော ဗ-ဗျည်းကိုဖို့ရင်း အ-သရသို့ကပ်ပြီးမှ ဒွေးဘော်ပြုခြင်းငှာ ထာသော ဗ-ဗျည်းကိုကား နောက်ဗသို့ကပ်ရသောကြောင့် ဗကို အသို့ကပ်၊ ဗကို ဗသို့ကပ်ဟူ၍ထည်းကောင်း၊ မျာယံ,တျာဟံ, တျဿ-စသော ပြယုဂ်တို့မှာထည်း ယကို အာသို့ကပ်၊ မကို ဟာသို့ကပ်၊ တကို ဟာသို့ကပ်ဟူ၍ထည်းကောင်း၊ ဠဿ,ဿဿ-

စသည် တို့မှာလည်း ဝကိုအသို့၊ ခကို ဝသို့ ကပ်ဟူ၍ ထည်းကောင်း ဆရာတို့ သို့ပြု သည်ပင်ဖြစ်၏။

ဤကိုထောက်၍ အာဂမ-အာဒေသဖြစ်သော ကပ်ထားသောဗျည်းသည် နောက် ဗျည်း၌စပ်၍ သံယုတ်ဖြစ်ထေသည်။ ထိုသို့ နောက်ဗျည်း၌သာ စပ်လေသောကြောင့် ထိုနောက်ဗျည်း၏ နောက်အဘိုး၌တည်သောသရနှင့် မစပ်မမှီ သက်သက်သာဖြစ်သော အသံဓရကောင်းသည်ဖြစ်၏။ ထိုကြောင့် ကပ်ထားသောဗျည်းသည် မူထရိယင့်သော သရကိုမှီသောဗျည်း၏ ရှေးအဘိုး၌ စဉ်ထွက်သာ သံယုတ် ဖြစ်သင့်သည်။ သို့သော် သံယုတ်မဖြစ်သင့်။ဆင့်၍ သံယုတ်ရှိရမည်ကိုလည်း ဆရာနည်းဥပဒေသမတွေ့။ဆင့်၍ ရေးခြင်းသည် "ဝဏ္ဏန္တရိကော သံယောဂေါနာမ" ဟူသည်နှင့်အညီ ဝဏ္ဏခြားသည် မမည်သင့်ထေ။ အဘယ့်ကြောင့်နည်းဟူမူကား-အထက်မှဆင့်ထေသောကြောင့် ခ နောက်ဝဏ္ဏနှစ်လုံး၏အကြား မဆိုသာသည်ဖြစ်၍, ဝဏ္ဏခြား မမည်သင့်သည်ဖြစ်၏။

တကြောင်းထည်း ဆင့်သည်ဖြစ်စေ စဉ်သည်ဖြစ်စေ သရအဖို့ ရောသည်ဖြစ်၍ တံခွန် လွှားသော်ထည်းကောင်း မလွှားသော် လည်းကောင်း သံယုတ်မည်ဟန်ကို သင်္ကရိက် ဣမိုးတို့၌ထည်းဆို၏။ ထိုသို့ သရအဖို့မရှိသောဗျည်းသည် သံယုတ်မည်သောကြောင့် မဆင့်မူ၍, စဉ်ကာမျှဝင် သံယုတ်မည်ဩ။ ဝဏ္ဏခြားထည်းမည်ထေ၏။ ထိုကြောင့် စဉ်၍ ရေးခြင်းသည် သရကိုမှီဟန်နှင့် ထောက်သော် ဆောထည်းရှိ၏။ "နိဂ္ဂဟိတ သံယောဂါ ဒိနော" စသော သုတ်တို့နှိုက် အထက်ဆိုသော နှ,ဗျည်းကိုပင် အထက် ဟူ၍ ကား မဆို၊ အစဟူ၍ ဆိုသည်ကို ထောက်သော် ဆရာနည်းဥပဒေသလည်း ရှိ၏။ ဆင့်၍ ရေးသည်မှာကား သရဒိဟန်နှိုက် သောက်သော် သဘောလည်းမရှိလွန်း, အထက်နှိုက် ဆင့်လေသောကြောင့် ပုဗ္ဗာပရဝဏ္ဏတို့၏အကြား ဆိုရအံ့လိုလည်းမထင်။ ဆင့်ရအံ့သည်ကိုလည်း ဆရာနည်း အမိန့်အမှာ အရိပ်အမြွက် မထင်။ ထိုကြောင့် ရှေ့နောက်စဉ်၍, ရေးသည်မှာ သင့်သည်ပင်ဖြစ်၏။ ။ထိုသို့သင့်သည်နှင့်အညီစဉ်၍,သံယုတ်ဖြစ်သည်ကား-ဤညအဂ္ဂရာနှင့် သ,အဂ္ဂရာနှိုက်သာထင်၏။

သ, အဂ္ဂရာ၌ ထင်ဟန်ကား- ပုဗ္ဗိသာ-စသော ရှင်တို့နှိုက် သဆံယောဂ-သဗျည်းကို ဝိသံယောဂ ဗျည်းပြုခြင်းသည် သံယုတ်ရှိသော သကိုသံယုတ်ခဲ့ ဖြစ်စေသည်ပင်။ ထိုနှိုက် သအဂ္ဂရာသည်ထည်း သာအပြုခြောင်း၍, သ-ထားသောအရာ ဖြစ်သောကြောင့် သ,အဂ္ဂရာနှစ်လုံးထင်အောင် သသ, ဟူ၍ ရေးသကဲ့သို့ ရှေ့နောက်စဉ်ထွက် ထေးစုသောအဘိုးပြု၍, စင်ထွက် ရေထိုရင်းကို ရှေ့အစ တိုက်ကို ချေ၍, ဆုံးစုသောအဘိုးပြု၍,သာ ရေးကုန်၏။ ထိုသို့ဆုံးစုသောအဘိုးဖြင့်သာ ရေး

သည်ကို ဆကြိုးဟူ၍ ထည်း ခေါ်ဝေါ်ကုန်၏။ ထိုသို့ ခေါ်ဝေါ် ရာနှိုက်ထည်း ကကြိုး, ဂငယ်, ဏကြိုး, နငယ်, ဥကြိုး, ထငယ်, ဟူသကဲ့သို့၊ ဆကြိုး, သငယ် ဟူ၍ ဝဏ္ဏကွဲးမရှိ။ ထိုကြောင့် သဘောအားဖြင့် ဆကြိုးဟူ၍ ဝဏ္ဏတခြားမရှိ။ ဆဟူ၍ တလုံးတည်းသော ဝဏ္ဏရှိသည်ကိုထျက် ဆကြိုးဟူ၍ ခေါ်ဝေါ် သည်ကား- ပကတိသော နိဆံယောဂ သအက္ခရာထက် တတို့မျှ အပြန် ကျယ်သည်ကို ထောက်၍ သာ ဆကြိုးခေါ်ဝေါ်သည် ဖြစ်ခဲ့၏။ ထို ဆကြိုးသည် ဆံယုတ်ဒွေး ဘော်ဖြစ်၍ သသ နှစ်လုံးစပ်သည်ပင်ဖြစ်၏။ သနှစ်လုံးဖြစ်ဟန်ကိုကား။ သဝိဘတ် ဆံ့သာ, အာဒေသတို့ကြောင့် သ-ထာရဟန်ကို ထည်းကောင်း, ဘဝိဆန္တိ-စသော အာချာတ် ဝိဘတ်တို့နှိုက် သဘောအားဖြင့် ဆကြိုးအက္ခရာ ရှိသည်မှာ "ဒုမ္မိဂရ" သုတ်နှင့် အညီ-အက္ခရာနှစ်လုံးဖြစ်ဟန် "ဆံယောဂါဒိစ" ဟူသောဆန်းဂါထာ နှင့်အညီ ဆံယုတ် ဖြစ်ဟန်ကိုရှု၍၊ ရှေဝဏ္ဏနှိုက် ဂရှုချသင့်သည်ကို ထောက်၍ ထည်းကောင်း သနှစ်လုံးဖြစ်ဟန်ကို သိရာ၏။ ထိုသို့ သနှစ်လုံးစပ်၍ သာ ရေးသင့်ထျက် ရှေအဘို့အစုကို မရေးလေသည်ကား, သသဟူသကဲ့သို့ နှစ်လုံးထင်စွာရေး ချေသော် ရှေးသအက္ခရာ နှိုက်ထည်း အမှီသရရှိသည် ထင်မှတ်၍ ဘတ်မှားရာခဲ့၏။ ဘတ်သည်သို့ထိုက်၍ ထည်း ဂိုက်း, မတြာစစ်ခြင်း အနက် အထူး ကြီခြင်းကို ပြုမှားရာခဲ့၏။ ထိုကြောင့် ရှေဖြစ်သော သအက္ခရာနှိုက် ရှေထက်ဝက်မျှကို မရေး ဘဲ နောက်ထက်ဝက်မျှကိုသာ နောက်သဗျည်းနှင့်စပ်၍ သုံးဘို့သော အစုမျှသာ ရေး၍ ဆံယုတ်၏ အဖြစ်ကိုထင်စေသည်ဟူ၍ နှလုံးသွင်းရာ၏။

အချို့ကား သအက္ခရာ နှစ်လုံးဆင့်၍ ရေးကုန်၏။ ထိုသို့ အရေးကား, က-ဆံယုတ်, စ-ဆံယုတ် စသည်မှာ ဆင့်ပြီးဖြစ်၍ ထိုနှင့်တူစွာ ဆင့်လေသောကြောင့် အထူးမဆိုသည်သာဖြစ်၏။ ယင်းသို့ထျင် ရှေနောက်စဉ်၍ ရေးသောဆံယုတ်သည် သအက္ခရာ, ဥအက္ခရာတို့ နှိုက်သာ ထင်၏။ ထိုသို့စဉ်၍ ရေးသည် ထွင်ထည်း ရှေအဘို့ မှသာ ဆောင်အပ်သော ဥဗျည်း, သဗျည်းတို့ကို ကပ်လိုရင်း ဖြစ်၏။ ထိုသို့ ညဆံယုတ်နှိုက် ရှေးအဘို့မှလာသော ဗျည်းနှင့် ကပ်လေသည်ကို ထောက်၍ ရှေမှညခေါင်းထုတ် ရအံ့သော သဘောဖြစ်ထျက်၊ ဆိုခဲ့ ပြီးသော အတိုင်း အမြင်ကိုထောက်၍ ထည်းကောင်း ညဆံယုတ် စင်စစ်မဟုတ် ညဆံယုတ် ကဲ့သို့ အသွင်တူစွာ ရေးအပ်သော ဦးခေါင်းထုတ်၏ဟူလော မြန်မာမှဝေါဟာရဖြစ်သည် ကိုထောက်၍ ထည်းကောင်း နောက်အဘို့မှ ဦးခေါင်းထုတ်ရအံ့ဟူ၍ ဆိုပါသည်။

ဤအရာနှိုက် ညအက္ခရာ, သအက္ခရာမှာကဲ့သို့ က-စသော ဆံယုတ်တို့နှိုက် ရှေ နောက်မှ စဉ်ဆင့်၍သာ ဆံယုတ်ဒွေးဘော်ရေးရာနှိုက်ကား ဆိုခဲ့ပြီးသော အတိုင်း

ဆင့်ရမည်ကို သဒ္ဒါကျမ်းတို့နိုက်လည်း အထူးမထင်။ နောက်သရ အခိုနှင့်ထောက် သော်လည်း သတော မရှိလွန်း။ ထိုသို့ဖျက်, က-စသော သံယုတ်တို့မှာ ဆင့်၍, သာ ဆရာတို့ရေးထေသည်ကား ဆိုခဲ့ပြီးသော်အတိုင်း သရရှိသည်ထင်မှတ်ခဲ့အံ့။သရ ရှိထင်မှတ်၍ အနက်ကြီခြင်း၊ ဂိုက်း,မထြာစစ်ခြင်း ပြုမိအံ့စိုး၍ ဆင့်သည်ဟုယူသင့် ၏။ ။ဤညအက္ခရာ, သအက္ခရာ သံယုတ် တို့နိုက် သသော ဥပဒေသ ရှိသည်နှင့် အညီ ရှေနောက် စဉ်ဖျက် သံယုတ်ဖြစ်၏။ မသာမယာသော အရာ နိုက်လည်း ကောင်း, အချိုသော ဆူတို့သည်လည်းကောင်း ဤညအက္ခရာကို ဆင့်၍ ရေးကုန် ၏။ မသာမယာသော အရာနိုက်ကား မသာမယာလေသောကြောင့်လည်းကောင်း, အပွကမျှသာ ဖြစ်သောကြောင့်လည်းကောင်း မဆိုသာသည်ဖြစ်၏။

က-စသည်တို့မှာကဲ့သို့ ဆင့်၍ ချည်းရေးသည်မှာ မသင့်ပါလောဟူအံ့။ မသင့် သည်ပင်ဖြစ်၏။ မသင့်ဟန်ကား က-စသည်တို့မှာ သရရှိ ထင်မှတ်ဘွယ် သက်ာကို ဖျောက်လို၍ဆင့်ထေသည်။ဤညအက္ခရာနိုက်ကား ရှေညှ်၏ အညှန့်အမြီး မပါသဖြင့် တပါးသော အက္ခရာ ထင်ဘွယ် ရှိသည်၊ အမြီးအညှန့် နှစ်ဆင့်ရှိ၍ သာရပွထည်း မရှိ။ အဆင့် မြင့်မား၍ အောက်, အထက် ရေးပြီး, ရေးထတ်ဲ့ စာကြောင်း နှင့်လည်း ထွေးရှက်ဘွယ်ရှိ၏။ ထိုကြောင့် ဆင့်၍ မသင့်သည်ဖြစ်၏။ ။ယင်းသို့ ဖျင် ည အက္ခရာသံယုတ်မှာ ရေး၏သို့၊ လှည်း,စည် စသော မြမ္မာမှုန်က် ညခေါင်း ထုတ်သော အရေးသည် ညသံယုတ်မဟုတ်။ ညသံယုတ်ကဲ့သို့ ဦးခေါင်းထုတ်လော ဟူရမည်ကို "ဒွေးဘော်သံယုတ်၊ ညခေါင်းထုတ်လော" ဟူ၍ လာသကဲ့သို့ သဒ္ဒါ ကြေစေဖျက် လက်ာ၏ ဘွယ်ရာဆိုလေသည်ဟူ၍ ယူသင့်၏။ ထိုကြောင့် ညခေါင်း ထုတ်ခြင်းသည် သာရပွမင်္ဂလာမျှသာ ဖြစ်၍ သံယုတ်မဟုတ်လေ။

တကြောင်းလည်း "ဦးခေါင်းထုတ်လော" ဟူသောစကားနိုက် ဦးခေါင်းဟူသော ဝေါဟာရဖြင့်လည်း ဒွေးဘော်သံယုတ် မဟုတ်သည်ကို သိရ၏။ အဘယ့်ကြောင့် နည်း ဟူမူကား.....ကိုယ်ဟူ၍ ဆိုသော တခုသော အပေါင်းအစုနိုက် အစိတ်စိတ်ဟူ သော အရပ်မျှကိုမှတ်၍ သာ ဦးခေါင်း, ခြေ, လက်, နားရွက်, အမြီး စသော ခေါ် ဝေါ်ခြင်းဖြစ်၏။ အပေါင်းအစု ဟူသော ကိုယ်အပြားကိုရည်၍ တခုသော ကိုယ် ကား-ခေါင်း၊ တခုသောကိုယ်ကား-ခြေ,လက် စသည်ဖြင့် အခေါ်အဝေါ် မဖြစ်။ ထိုကဲ့သို့ ဤညဦးခေါင်းဟူရာနိုက်လည်း ညအက္ခရာဟူသော သင်္ကေတ တခုတည်း နိုက်ပင် ရှေအာ့ို, နောက်အာ့ို စသည်ဖြင့် အရပ်အစိတ်ကိုမှတ်၍ သာ ဦးခေါင်း ကိုရသည်။ ဒွေးဘော်သံယုတ် ဖြစ်တပြီးကား အက္ခရာနှစ်လုံးဖြစ်၍ ကိုယ်နှစ်ခုဖြစ် ၏။ ကိုယ်နှစ်ခုတွင် တခုခေါင်း, တခုအမြီး ဆိုသကဲ့သို့ စကားကျ၏။ ထိုကြောင့်

ညအက္ခရာ၏ ဦးခေါင်းဟူသော ဝေါဟာရဖြင့်လည်း ဒွေးဘော်သံယုတ် မဟုတ်။ မင်္ဂလာသာရပွသို့ ထိုက်၍ ဦးခေါင်းထုတ်ပါသည်သာ။ ဒွေးဘော်သံယုတ် မဟုတ်ဟူ၍ ဆိုရ၏။

ဤသို့လျှင် ညဦးခေါင်းထုတ်သော အရာသည် သံယုတ်ဆုတိတူ ချည်းသုံးလုံးသည် မြမွာမှန်ကိုက်သော်လည်း မထင်သောကြောင့် လည်းကောင်း သတ်သော ချည်းသည် ဒွေးဘော်သံယုတ် မလိုသောကြောင့် လည်းကောင်း ဦးခေါင်းဟူသော ဝေါဟာရကို ထောက်သဖြင့်လည်းကောင်း ဒွေးဘော်မဟုတ် ဦးခေါင်းထုတ်ပါသည်သာ ဖြစ်၏။ ဤညသံယုတ်နှင့်တူစွာသော ညသတ်အရာ ညှာတာသည်,ညှတ်သည် စသည်ဖြင့် ဟဆွဲး, ဝဆွဲးယှဉ်သော အရာ ရှိလေသည်။ ထိုသို့သော အရာသည် သာရပွမင်္ဂလာ မျှသာဟူ၍ ယူသင့်၏။ " ပါဠိ ပါကန်ရိုက်ကား– ဦးခေါင်းထုတ်သော ညသည် ညနှစ်လုံးကပ်သာဖြစ်၏။ ထိုသို့ ညနှစ်လုံးဖြစ်မှသည်း "ဒ္ဝိန္နံဘာဝေါ ဒွေဘာဝေါ" ဟူသည်နှင့်အညီ အက္ခရာနှစ်လုံးဖြစ်မှ ယှဉ်ခြင်းကြိယာ ဖြစ်နိုင်အံ့သည်။ "သံယုဇ္ဇတိတိ သံယောဂေါ" ဟူသည်နှင့်အညီ အက္ခရာနှစ်လုံးရှိမှ ယှဉ်တတ်သော သတ္တိဖြစ်အံ့သည်။ "သံယုဇ္ဇတိ တေနာတိ သံယောဂေါ" ဟူသည်နှင့်အညီ ယှဉ်ကြောင်း ချည်းတပါးကို ရအပ်လေသည်။ "သံယုဇ္ဇတိ ထွောတိ သံယောဂေါ" ဟူသည်နှင့်အညီ ယှဉ်ရာချည်းမူလကိုလည်း ရအပ်လေသည်။ "သံယောဂေါ တေသ အတ္ထိတိ သံယောဂေါ" ဟူသည်နှင့်အညီ ယှဉ်ခြင်းကြိယာ၏ တည်ရာ ချည်းတပါးကို လည်း ရအပ်လေသည်။ ဤနှိုက် သံယုဇ္ဇနံ သံယောဂေါ–ဟူသော ဘာဝသာဓန အရကား ချည်းနှစ်လုံးတို့၏ ယှဉ်ခြင်းကြိယာမျှသည် သံယုတ်မည်၏။ သံယုဇ္ဇတီတိ-ဟူသော ကတ္တုသာဓန နိုက်ကား ချည်းနှစ်လုံးတို့၏ အချင်းချင်း ယှဉ်တတ်သော သတ္တိသည် သံယုတ်မည်၏။ သံယုဇ္ဇတိတေနာတိ-ဟူသော ကရဏသာဓနနိုက် ယှဉ်ကြောင်းဖြစ်သော အာဂန္တုကချည်းသည် သံယုတ်မည်၏။ သံယုဇ္ဇတိထွောဂိ-ဟူသော အဓိကရဏ သာဓနနိုက် ယှဉ်ရာဖြစ်သော ရှိထင်ရင်း မူလချည်းသည် သံယုတ်မည်၏။ သံယောဂေါ တေသ အတ္ထိ-ဟူသော တဒ္ဓိတ်ဝါကျ၌ကား ယှဉ်ခြင်းကြိယာ ရှိသော ကြိယာ ဝန်, ချည်းနှစ်လုံးသည် သံယုတ်မည်၏။ ဤ တဒ္ဓိတ်ဝါကျနိုက် လည်းကောင်း၊ ကတ္တုသာဓနနိုက် လည်းကောင်း ချည်းနှစ်လုံးကိုချည်း ရသောကြောင့် တေသံ-ဟူ၍, လည်းကောင်း၊ သံယုဇ္ဇန္တိတိ-ဟူ၍, လည်းကောင်း ဗဟုဝစနန္တ ဆိုသင့်လျက်- ဇာတျာပေက္ခအားဖြင့် လည်းကောင်း၊ သံယောဂေါဟူသော နိပ္ပန္နအားဖြင့် လည်းကောင်း ကေဝစနန္တ ဆိုထိုက်သည်။

ယင်းသို့လျှင် သံယုတ်ဟူက ယှဉ်မြဲ။ ယှဉ်သည်ဟူက အက္ခရာနှစ်လုံး ရှိမြဲဖြစ်၏။ ဒ္ဝိန္နံဘာဝေါ-ဟူသော ဘာဝတဒ္ဓိတ် ဝါကျနိုက်ကား ချည်းနှစ်လုံးတို့၏ အဖြစ် ဟူ

သောသချိုဟောသည် ဒွေးဘော်မည်၏။ ဤနှိုက်လည်း အကွရာနှစ်လုံးယှဉ်သော်သာ ဒွေးဘော်မည်၏။ ဤနှိုက်သံယောဂေါ-ဟူ၍ လည်းကောင်း၊ ဒွိန္နံ-ဟူ၍ လည်းကောင်း ယှဉ်ခြင်းသာမန်, နှစ်ခုဟူသော သချိုသာမန်ကို ထိုက်၍ ယှဉ်ကာမျှနှစ်ခု ဖြစ်ခါမျှ ကို မယူထင့်။ ချည်းချင်းယှဉ်သော်သာ သံယုတ်, ချည်းနှစ်လုံး ဖြစ်သော်သာ ဒွေးဘော် မည်၏။ ချည်းချင်းယှဉ်၏၊ ချည်းနှစ်လုံးဖြစ်၏ ဟူသော်လည်း နိဂ္ဂဟိတ်မှ တပါး သော ဒွေးဘော် ဖြစ်ထိုက်သော ချည်းကိုသာ သံယုတ် ဒွေးဆော်ဟူ၍ ဆိုအပ်၏။ နိဂ္ဂဟိတ်မှတပါး ဖြစ်ထိုက်သော ချည်းချင်း ယှဉ်သည်ကို သံယုတ်ဟူ၍ ဆိုအပ်၏ ဟူသော်လည်း, သရအမှီပြုားလျက်စပဲကာ, ယှဉ်က , ရေးကာမျှကို သံယုတ်မဆိုသင့်။ ဆိုခဲ့ပြီးသောအတိုင်း နောက်ချည်း၏ အထက်နှိုက် ဆင့်၍ လည်းကောင်း၊ မဆင့်မူ၍ အသတ်တံခွန် ပြသော်လည်းကောင်း သံယုတ်မည်၏။ ဤသံယုတ်ဟူရာနှိုက် နောက် ချည်းနှောင်း၍ ကဝ်ရ, ဆင့်ရသည်ဖြစ်စေ၊ နှောင်းသော ချည်းမရှိ၍ မဆင့် မကဝ်ရ ဘဲ သရကင်းဟန် နိမိတ်တံခွန်လွှားရသည်ဖြစ်စေ သံယုတ်မည်သည်ပင်ဖြစ်၏။ ဤ သရကင်းချည်းကို အောက်နှိုက် ဆိုခဲ့ပြီးသော အတိုင်း သုတ်ကို စီရင်သော အရာ သည်ကရိုက်ဘာသာ, မြန်မာဘာသာ စသည်တို့နှိုက် လည်းကောင်း။

"ကတ္ထာတိ ဝုစ္စတိ သည်ကား၊ သည်ကားစ ပဌမာ ဝုတ္ထာ၊
စစ်ကိုင်း ပင်းယာစ ပုရေသု၊"

ဤသို့စသည်ဖြင့် မြန်မာဘာသာကို ဂါထာစုတ်ယူပြု၍ ဘွဲ့ဆိုသော အရာတို့နှိုက် လည်းကောင်း ထင်၏။ ပါဠိတော်စသည်တို့နှိုက်ကား မထင်။ ဆင့်၍ ရှိသည်သာ ထင်၏။

သုတ်ကို စီရင်သော အရာတို့နှိုက် တံခွန် အရေးပြုခြင်းသည် ချည်းခြင်း မယှဉ်, မကဝ်ရသောကြောင့်, သံယုတ်မဆိုသင့်တကားဟူအံ့။ သုတ်ကို စီရင်သော အရာ မြန်မာဘာသာ, သသ်ကရိုက် ဘာသာတို့နှိုက် ချည်းချင်းမယှဉ်, မကဝ်ရသော် လည်း, သဘ်သောချည်း၏ အသံတစိတ်ယှဉ်၍ ဂရုသံဖြစ်လေသည်။ တစိတ်ယှဉ် ဟန်ကား....သရနှင့်ဟက္ကသော က-အကွရာသည် ကဏ္ဌဌာန်နှိုက် က-ချည်း၏မတြော ခွဲး။ အမှီအသရ၏ တမတြောပေါင်းသော် တမတြောခွဲးရှိ၍ လဟုသံဖြစ်၏။ ထိုတွင် တသတ်ပြန်လသော် တချည်း၏ တမတြောခွဲးယှဉ်၍ နှစ်မတြောပြည့်၍ ဂရုသံဖြစ်လေ၏။ ယင်းသို့ဖျင် အသံဘစိတ် ယှဉ်ပြန်လေသတည်း။ ထိုကြောင့်-

"အကဝ်ဇုတင်၊ ဥဝင်သဝေ၊ ဖြစ်လေသည်မှ၊ ကျန်သမျှကား၊
ဒီဃနှင်နှင်၊ ဂရုဖျင်တည်း။"

ဟူ၍ ရှေးဆရာမြတ်တို့ မိန့်တော်မူကုန်သည်။ ဤကိုထောက်သော် အသရသက် သက်နှိုက်ကား ဆိုခဲ့ပြီးသောအတိုင်း အသရ၏ တမတြာမျှအသံတွင် သတ်သော ဗျည်း၏ အသံခွဲနှင့်သော် တမတြာခွဲးမျှသာရှိသည်ကိုလည်း ဂရုပင်ယူသင့်၏။ဆင့်၍ ရေးသော ဗျည်းကိုရည်၍ ယှဉ်သည်မဆို။ ရှေးနှိုက်တည်သော ဝဏ္ဏ၏ အသံတွင် နောက်၌သတ်၍ ရေးအပ်သော သရကင်းဗျည်း၏ အသံတစိတ် ယှဉ်သည်ကို ထောက်၍ သာ သံယုတ်ဆိုသည်ဟူ၍ လည်းယူသင့်၏။ ထိုသို့သောအရာကား သင်္ကရိုက်ဘာသာ,မြန်မာဘာသာစသော အသတ် တံခွန်ပြု၍ စီရင်သော အရာနှိုက်သာ ထင်သည်။ ထိုသို့သောအရာ၌ကား သတ်သောဗျည်း၏ နောက်နှိုက် ဝဏ္ဏမရှိသော ကြောင့် ဝဏ္ဏခြားသည်လည်း မမည်ရာ။ ထိုကြောင့် ဤကဲ့သို့သော အရာသည် မာဂဓဘာသာမှ ထူးသည်ဖြစ်၏။ မာဂဓ ဘာသာ၌ကား သတ်မည့် အတွက်ကို နောက်အက္ခရာနှိုက် ယှဉ်သည်ဖြစ်၍ ဆင့်သည်သာထင်၏။ ထိုသို့ဆင့်ရသောကြောင့် သံယုတ်ဒွေးဘော်ဟူက နိဂ္ဂဟိတ်မှတပါး ဖြစ်ထိုက်သော ဗျည်းနှစ်လုံးကပ်၍ ယှဉ်ထွက်သာတည်း။

ဒွေးဘော်ဟူသည် သံယုတ်ဟူသည် ထူးအံ့ဖော ဟူမူကား တစိတ်မျှထူး၏။ထူးဟန်ကား....ပရဒွေဘာဝေါဆုတ်, ဝဝွဏောသဆုတ်, ကွစာဒိဝဏ္ဏာနမေက သရာနံ သုတ်တို့ဖြင့် ပြီးသင့်သော အရာသာ ဒွေးဘော်မည်သင့်၏။ ထိုမှတပါး ဗျည်းဆင့်၍ ရှိတိုင်း ဒွေးဘော် မမည်သင့်။ သံယုတ်ဟူသည်ကား ဆိုခဲ့ပြီးသောအတိုင်း ဝဏ္ဏခြား မည်သော သရကင်းသော ဗျည်းနှောင်းသမျှ သံယုတ်မည်သင့်၏။ ထိုကြောင့် ဒွေး ဘော်ဟူသည်ကား ပရဒွေဘာဝေါ-စသောသုတ်တို့၏ အရာနှိုက်သာ မည်သော ကြောင့် အရာကျဉ်း၏။ သံယုတ်ဟူသည်ကား သံယောဂါဒိစ-အစရှိသော ဂါထာ နှင့်လည်းကောင်း, ဝဏ္ဏန္တရိကော သံယောဂေါနာမ ဟူသည်နှင့် လည်းကောင်း ဖျော်စွာ ဒွေးဘော်ဆိုသင့်သောအရာ မဆိုသင့်သော အရာ၌ပင် သော်လည်း သရ ကင်းသော ဗျည်းနှောင်းလေက သံယုတ် မည်သောကြောင့် အရာကျယ်၏။ ဤသို့ အရာကျဉ်း,အရာကျယ် ရှိသည်ကိုထောက်၍ ဒွေးဘော်ဟူသည် သံယုတ်ဟူသည် တစိတ်မျှထူး၏။ ထူးသော်လည်း သံယုတ်ဟူရာနှိုက် ယှဉ်၏ ဟူသော်လည်း ယှဉ် ရာ, ယှဉ်ဘက် နှစ်ရပ်ရှိမှ၊ဒွေးဘော်ဟူသည်လည်း နှစ်ခုဖြစ်သော်သာ ဆိုသင့်သော သဘောတူသည်ကို ထောက်၍ အပြားမဲ့ ဒွေးဘော်သံယုတ် ဟူသည်ကို အတူတူ ယူ၍ ခေါ်ဝေါ်ကုန်၏။ ဤခေါင်းထုတ် အရေးကား ပါဠိတော်နှိုက် ဒွေးဘော် ပြုရသည်လည်း ထင်၏။ အာဂုံ အာဒေသတို့ဖြင့် ကပ်၍ သံယုတ်မျှသာ ဆိုသင့် သည်လည်း ထင်၏။

ထိုကြောင့် ပါဠိတော်နှိုက် ဦးခေါင်းတင်သမျှသည် ဒွေးတော်သံယုတ်ထိုရာနှိုက်သာ ရှိသင့်သောကြောင့် ညနှစ်လုံး ကေန္တဖြစ်၏။ မြန်မာမှုနှိုက်ကား ဆိုခဲ့ပြီးသော အတိုင်း သဒ္ဒိသဒွေးတော် သံယုတ်မထင်သောကြောင့် လည်းကောင်း ဒွေးတော် သံယုတ်မထိုး ကေန္တဖြစ်သော သတ်သောဂျည်းနှင်ငင် ညဦးခေါင်းတင်ရမည်ကို ဆိုသောကြောင့် လည်းကောင်း ညနှစ်လုံးဒွေးတော် သံယုတ်ဖြစ်သည်မဟုတ်။ သာရပ္ပမင်္ဂလာ ဆို ထိုက်၍ ခေါင်းတင်ပါသည်သာဖြစ်၏။

ယင်းဆိုသော် ဂျည်း,ဂျဉ်,စဉ်ဟူသော အရာတို့နှိုက် ဦးခေါင်းမဲ့ သတ်သည်ကား သာရပ္ပမင်္ဂလာကို မထိုအပ်ပါသလော။ အရာခပ်သိမ်းပင် မင်္ဂလာကို ထိုအပ်ပါမည်တကား ဟူအံ့။ ထိုအပ်သည်မှန်၏။ ထိုဆိုသော်လည်း အသံကွဲးမှတ်ထို့၍ ဆိုသည်ဟု ယူသင့်၏။ အဘယ်ဆို အသံကွဲးသနည်းဟူမူကား က-သတ်,စ-သတ်,တ-သတ်,ပ-သတ်တို့နှိုက် အခြင်းခပ်သိမ်း အသံတခုသာရသည်။ ငဃသတ်,ဉ-တ်,နဿတ်,မသတ်, ယ-သတ်, ဝ-သတ်တို့နှိုက်ကား သက်သက်သောအရာ အ,မြစ်သောအရာ ဝိသဇ္ဇနီပေါက်သောအရာအားဖြင့် အသံကွဲးရသင့်သည်။

"မျက်သုန်နှောင်အိမ်၊ တကြိမ်တဆစ်၊ ဤသည်ရှစ်လည်း၊ စင်စစ်မပျောက်၊ တလုံးပေါက်လေ့" *

ဟူသော လင်္ကာ၏အရနှင့်အညီဆိုမူကား၊ တလုံးပေါက်သောအရာ,နှစ်လုံးပေါက်သောအရာ အ,မြစ်သောအရာအားဖြင့် အသံကွဲးရသင့်သည်။ ဤသို့လျှင် ဃ,ဉ,ဿ,မသတ်ရာနှိုက် သက်သက်လည်းကောင်း, တလုံးပေါက်လည်းကောင်း ရေးသောအရာ ဝိသဇ္ဇနီနှစ်လုံးပေါက်သောအရာ,အ,မြစ်သောအရာဟူ၍ အသံသုံးကွဲးရ၏။ ထိုတွင် ဉသတ်သော အရာနှိုက်ကား-ဂျည်းဟူသောအရာကဲ့သို့ ဦးခေါင်းမဲ့ သတ်ရာနှိုက်လည်း တလုံးပေါက် နှစ်လုံးပေါက် အမြစ်သံအားဖြင့် အသံကွဲးသုံးပါး၊ လျှည်းဟူသောအရာကဲ့သို့ ဦးခေါင်းရှိ သတ်ရာနှိုက်လည်း တလုံးပေါက်စသည်ဖြင့် အသံကွဲးသုံးပါး သီးခြားမျှ ရသည်ဖြစ်၏။ ရဟန်ကား-စလုံးအက္ခရာကို ဉဦးခေါင်းမဲ့သတ်၍ အမြစ်ဝိသဇ္ဇနီသံ မထိုရာနှိုက် အစီအစဉ်, တံစဉ်,ဖိတ်စဉ်သည်ဟူသောအသံ။ ဉဦးခေါင်းတင် သတ်မူကား-စည်ပင်သည်, ပတ်စည်ဟူသောအသံ၊ ဤသို့လျှင် အစီအစဉ်ဟူသည်နှင့် ပတ်စည်ဟူသောအသံကွဲး၏။ ဝိသဇ္ဇနီပေါက်ရာနှိုက် ခုတ်စဉ်း၏ ဟူသည်နှင့် ရုံးစည်း၏ဟူသည် အသံကွဲး၏။ အ,မြစ်ရာဌလည်း စဉ်ဖြို့,စဉ်ညိုဟူသည်

* သဒ္ဒဥာဏ်ချီသတ်ပုံ။

နှင့် စည်စည်လင်းဏ်ဟူသည် အသံကွဲးဏ်။ ဤသို့လျှင် အသံကွဲး သုံးပါးစီသိုးခြားရ၏။

ဤသို့လျှင် ဥသတ်သောအရာနှိုက် အမြစ်,ဝိသဇ္ဇနီမပါ သက်သက်ချင်းတူလျက် အသံနှစ်ကွဲး။ အမြစ်ချင်း တူလျက်လည်း အသံနှစ်ကွဲး၊ ဝိသဇ္ဇနီ ပေါက်ရာနှိုက်လည်း အသံနှစ်ကွဲးရသောကြောင့် ခေါင်းရှိ,ခေါင်းမဲ့သတ်၍ အသံကို မှတ်သည်ဟု ယူသင့်ဏ်။ က-သတ်,စ-သတ်,တ-သတ်,ပ-သတ်တို့ကား အခြင်းခပ်သိမ်းအသံကွဲးမရ င-သတ်,န-သတ်,မ-သတ်တို့နှိုက်လည်း တလုံးပေါက်ခြင်း နှစ်လုံးပေါက်ခြင်း အမြစ်ခြင်းတူရာနှိုက် အသံကွဲးမရ၊ ဥသတ်ကား တလုံးပေါက် အမြစ်စသည် တူလျက် အသံကွဲးနှစ်ပါး ရှိသောကြောင့် ဥသတ်နှိုက်သာ ဦးခေါင်းရှိ ဦးခေါင်းမဲ့မှတ်၍ သတ်ထေသည်ဟု ယူသင့်ဏ်။

ယင်းသို့သော်လည်း လှည်း,စည်စသော အသံနှိုက်ကား သာရပ္ပမဂ်ထာကို လိုအပ်သည်နှင့်အညီ ဦးခေါင်းထုတ်၍ သတ်ထေသည်။ ဖျဉ်းဖျဉ်းဟူသော အသံနှိုက် ဦးခေါင်းမဲ့သတ်သည်ကား သာရပ္ပမဂ်ထာကို မလိုအပ်သည် စကားကျဲခဲ့ဏ်ဟူအံ့။ မဂ်ထာကို လိုအပ်သည်မှန်ဏ်။ ထိုသို့သော်လည်း ဖျဉ်းဖျဉ်းစသောအသံသည် ပါဠိပါကန်နှိုက် ဆိုအပ်သောအသံဖြစ်ဏ်။ ဖြစ်ဟန်ကား.....ပါဠိပါကန်နှိုက် စဉ်ဟူသော အသံကဲ့သို့ အမြစ်သံကိုလွှတ်၍ ဖျဉ်းဟူသော အသံကဲ့သို့-

ဇုဒ္ဓဋ္ဌ၊ ဓမ္မဋ္ဌ၊ သံဃဋ္ဌ၊ သမဏာနဋ္ဌ၊ တိကဋ္ဌ၊ စတုကဋ္ဌ၊ သုခဋ္ဌ၊ ဒုက္ခဋ္ဌ၊ သစ္စဋ္ဌ၊ သမ္မဇ္ဇဋ္ဌ၊ သုဝဏ္ဏဋ္ဌ၊ ရဇတဋ္ဌ၊ အနောတ္တပ္ပဋ္ဌ၊ သိပ္ပဋ္ဌ၊ စမ္မဋ္ဌ၊ ဝမ္မဋ္ဌ၊ အဃဋ္ဌ၊ ဒ္ဓါရဋ္ဌ၊ ကုသလဋ္ဌ၊ နဝဋ္ဌ၊ ဒ္ဒါဒသဋ္ဌ၊ အဟဋ္ဌ-

စသည်ဖြင့် ရွတ်သောအသံထင်ဏ်။ ။ဖျဉ်,ဟူသောအသံကဲ့သို့-

ကဋ္ဌန်၊ ခဋ္ဌ၊ ကဟဋ္ဌလီ၊ အာကာသာနဋ္ဌာယတန၊ဝိညာနဋ္ဌာယတန၊ပဋ္ဌသတ၊ ပဋ္ဌဝိဓံ၊ ဝဋ္ဋဋ္ဌန-

စသည်ဖြင့် ရွတ်သောအသံထင်ဏ်။ ။ထိုနှင့်တူစွာ-မဋ္ဌ။,ဟူရာနှိုက် ဖျဉ်,ဟူသည်နှင့် အသံတူဆိုသင့်လျက် သာရမဋ္ဌ။,ဟူ၍ စည်ပတ်ဟူသောအသံနှင့်တူစွာ အချို့ဆိုသည်ကား အပွကမ္မသာ ဖြစ်အံ့သည်။ ယင်းသို့လျှင် ဖျဉ်း,ဖျဉ်ဟူသော အသံနှင့်တူသော အသံကား ပါဠိ ပါကန်နှိုက် ဆိုသောအသံနှင့် တူသည် ဖြစ်ဏ်။ လှည်း, စည် ဟူသော အသံကဲ့သို့ကား ပါဠိပါကန်နှိုက် ရွတ်အပ်သော အသံမထင်။ မြန်မာမှ သက်သက် နှိုက်သာ လှည်း, စည် ဟူသော အသံကဲ့သို့ ထင်ဏ်။ ထိုသို့ ပါဠိပါကန်နှိုက် ရွတ်အပ်သော အသံနှင့်တူသော အသံကို ဥခေါင်းမဲ့၊မြန်မာ

မှသက်သက်အသံကို ဦးခေါင်းရှိသတ်လေသည် ဟူ၍ ယူသင့်၏။ ။ယင်းသို့ ပါဠိပါကန်နှိုက် အသံနှင့်တူသော အသံရှိသည်မှာ မင်္ဂလာကို မလိုက်အပ်သလော ဟူအံ့။ ပါဠိပါကန်နှိုက် မင်္ဂလာ ဟူ၍ အထူးမဆိုသင့်ပြီ။ သဒ္ဒါဆရာတို့ အမိန့်ရှိသည်နှင့် အညီသာ ဆုံးစွဲးသင့်သည်။ ပါဠိတော်နှိုက် ဥ အက္ခရာသည် သံယုတ်မလိုရာနှိုက် ဦးခေါင်းထုတ်သော ဥ ကဲ့သို့မဟုတ်။ ရွှေထက်ဝက် အခန့်မျှသာ ရေးလို၏။ သတ်သော ချည်းဟူကလည်း မူလအတိုင်းသက်သတ် ဥဖြစ်သော ရွှေးထက်ဝက်မျှသာ ရေးလို၏။ သတ်သော ချည်းဟူက ၌ကဲ့သို့ချည်း ချည်းမူလ အတိုင်း တလုံးချည်းသာ ရေးလိုသည်ဖြစ်၏။ နောက်ချည်းနှင့် စပ်၍ လည်းကောင်း ဆင့်၍ လည်းကောင်း သံယုတ် ဖြစ်ရာ နှိုက်ကား မသတ်ပြီ။ ထိုချည်းမူလအတိုင်း စပ်ကာ, ဆင့်ကာသာဖြစ်၏။ ထိုသို့ နောက်ချည်းနှင့် မစပ်မဆင့် သတ်သောချည်းဟူက သရကင်းသည်သာဖြစ်၏။ ထိုသို့သရကင်း ချည်းသည် နောက်ချည်းနှင့် မစပ်မဆင့်ဘဲ သတ်၍သာ ရှိသော်လည်း သံယုတ် မည်သည်ပင်။ ထိုသံယုတ်သည် သတ်သည်ဖြစ်စေ၊ နောက်ချည်းနှင့် စပ်သည်, ဆင့်သည်ဖြစ်စေ မူလအတိုင်း သက်သက်သာထိုး၏။ ထိုသို့လိုသောကြောင့် ဥ သတ် သည်လည်းကောင်း, ချည်းတပါးနှင့် စပ်သော, ဆင့်သော ဥ သည် လည်းကောင်း, သက်သက် မူလ အတိုင်းသာ ပါဠိတော်နှိုက် ရှိသင့်သည်။ ထိုသို့ ရှိသင့်သည်နှင့် အညီ ပါဠိတော်နှိုက် ဥ သတ် အသံ, ဥ ချည်းနှောင်းသော အသံသည် မူလအတိုင်း ဥ သတ် သက်သက် ထိုသည်နှင့်အညီ ဥ သက်သက်သာ သတ်၍ ရေးလေသည်။ ထိုကြောင့် ပါဠိတော်နှိုက် ရွတ်အပ်သော အသံနှင့်တူသော အသံမျိုးတို့ကိုလည်း ပါဠိတော် အသံနှင့် တူပါသောကြောင့် တူရာထိုက်၍ ဥဦးခေါင်းမဲ့ပင် သတ်လေသည်။

ပါဠိတော်သံနှင့် မတူရာနှိုက်ကား၊ လောကအလျောက် အရှအသာ မင်္ဂလာ သို့ထိုက်လေသည်။ ထိုသို့ထိုက်သော်လည်း သံယုတ် မဟုတ်သောကြောင့် သံယုတ် ချည်းကို သတ်ဘိ၏လည်း မဆိုသာ-သုတိတူသုံးလုံး သံယုတ်ဖြစ်၏လည်း မဆိုသာ ဖျဉ်း-ဖျဉ် စသည်၌ ဦးခေါင်းမဲ့ သတ်သည် မှာလည်း အသတ်ဟူက နိသံယောဂ-ချည်းသာ သဘောရှိသောကြောင့်လည်းကောင်း၊ ပါဠိတော်နှိုက် ရွတ်အပ်သော အသံနှင့်တူသည်ဖြစ်၍ ပါဠိတော်နှင့် လျော်စွာ နိသံယောဂ ဥ သတ်၏။ အသတ်ကို ထိုက်သည်ဟူထျင် ဆိုသင့်သည်ပင်ဖြစ်၍ လည်းကောင်း အထူးမဆိုသာသည်ဖြစ်၏။။ ။ယခုရေးမှတ် ကြသည်မှာကား မြန်မာမှုနှိုက် ဥဦးခေါင်း တပ်သည်သာများ၏။ ထိုသို့ တပ်သည် မှာလည်း ပါဠိတော်ပင် ဖြစ်စေကာမူ၊ မြန်မာမှုသို့တင်ပြီးဖြစ်၍ မင်္ဂလာ သာရပ္ပရှိရာ ထိုက်၍ သတ်သည်ဆိုသော် သင့်ရာ၏။ ထိုသို့သော်

ထည်း ဥ ခေါင်းရှိ,ခေါင်းမဲ့ သတ်ရမည်ကို ရှေးဆရာတို့ဆို၍ ရှိပြီး ဖြစ်သော ကြောင့်ထည်းကောင်း၊ ပညာထိုက်စေထို၍ ထည်းကောင်း ဆိုထိုက်သည်။ ယုတ္တိကို ဆင်ခြင်ပါ။

၄၉ ဋ္ဌ-အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ဋ္ဌ-သံလျင်းချိတ်....အက္ခရာ၏ သင်္ကေတကား.....ဋ္ဌခြေစင်းဟူ၍ အချို့သော သူဟောင်းတို့ ခေါ်ဝေါ်သည်ကို ထိုက်၍ ထည်းကောင်း, သံလျင်းချိတ် ဟူသည် ကိုထိုက်၍ ထည်းကောင်း, သံလျင်းချိတ်သတ္တယ် အတ္ထေအညောင်း ရေးပြီးလျှင် ခြေစင်းဟူသည်နှင့်အညီ အမြဲ, အခြေကို ရှေ့သို့ထည်းကောင်း, နောက်သို့ထည်း ကောင်း စင်းစင်း ရေးရအံ့သို့ရှိ၏။ ခြေစင်းဟူသည်တွင် စင်း၏ ဟူသည်ကား.... အစောက်မတ်လတ် ထောင်လျက်ရှိသည်ကို ဆိုသောအရာသည် နည်းအံ့သည်။ ပြန့်ပြန့် ထျားထျားစင်း၏သို့ ထည်းထျက် တည်သော အရာကိုသာ စင်းထျင်းဟူ၍ ဆိုသောအရာများ၏၊ ထိုကိုထောက်၍ ရှေ့နောက် အမှတ်မဲ့ စင်းစင်း ပြန့်ပြန့်, ထျားထျား ရေးရအံ့သို့ ရှိသည်။ ထိုတွင် ရှေ့နောက် အားဖြင့် စင်းထျင်းရေး ချေသော် ရှေ့နောက် အက္ခရာ တို့နှင့် ထွေးရှက်တွယ် ရှိ၏။ ခြေဆင်းဟူ၍ ဆ,လိမ် အက္ခရာဖြင့် ခေါ်ဝေါ်မူကား ကျစေသည်ကို ချသည်၊ ဝ, စေသည်ကို ဌသည် ဟူ၍ ဆိုသော အရာများကဲ့သို့ ခြေစင်းစေသည်ကို ခြေဆင်းသည်ဟူ၍ ဆိုလေသော စကားသည် ကာရိုက်သံမျှသာကွဲး၏။ ကျက်၏, ကျ၏ စသည်တို့နှိုက် သက်သက် သော ကြိယာ ပဌမက္ခရာဖြင့် ဆိုသင့်သော အရာကို ကျက်စေ၏, ကျစေ၏ ဟူ သော ကာရိုက် အသံ ဖြစ်ထိုသော် ချက်၏, ချ၏ ဟူ၍ ဒုတိယက္ခရာဖြင့် ဆိုခြင်း။ ဝ၏, ညံ့၏ စသည်ဖြင့် ဝဂ္ဂန္တအရာ၊ လွတ်၏, လောက်၏ စသည်ဖြင့် အဝဂ်အရာတို့ နှိုက်- ဝ,စေ၏၊ ညံ့စေ၏၊ လွတ်စေ၏၊ လောက်စေ၏ ဟူ၍ ကာရိုက်သံ ထိုသော အခါ-ဌ၏, ညံ့၏,လျော်၏, လွတ်၏ဟူ၍ ဟဿဲ့ အသံကို ဆိုခြင်းဖြစ်၏။ ဤကဲ့သို့ အခြေစင်းထျင်းရှိစေသည်ကို ခြေစင်းဆိုသည်ဟူ၍ ယူသင့်၏။ ထိုခြေကိုစင်းထျင်း ဟူ၍, ရေးခြင်း-ခြေဆင်းဟူ၍, ရေးခြင်းသည် အနိုးနှိုက် တည်သော အက္ခရာတို့နှင့် ထွေးရှက်တွယ်ရှိသည်တကြောင်း၊ ခြေဆင်းဟူသည်တွင် သစ်မြစ်ဆင်းသည် ဟူသကဲ့သို့ နိမ့်ရာအောက်အတိုသို့ ထျောသည် ကျသည်ကို ယူသင့်သောကြောင့်တကြောင်း၊ သာရုပ္ပရှိပါသည် တကြောင်းဖြစ်၍, အောက်သို့ယိမ်းထျက် အခြေထားသည်ဟု ယူသင့်၏။

ထိုနှိုက် ရွှေအတို့ နောက်အတို့ ယိမ်းသည်ကို အစွဲးမရတကားဟူအံ့။ ခြေဆင်း၏ ဆိုသောအရာသည် မျက်နှာမူရာသာဟူ၍့ စကားပြီး၏။ ရွှေနောက်မျက်နှာမူရမည်ကိုကား သဘောသက် ထုံးစံ ရခက်အံ့သည်။ ထိုသို့သော်ထည်း ရေးစဉ် ထင်ရှား၏။ ။ထိုဋ္ဌသံဏ္ဍင်းချိတ် အကျရာ၏ဒေသွင်သည် သံယုတ်ဖြစ်ခါ ကကြီးဟူသော ဝဂ္ဂန္တဝယ် အောက်အတို့နှိုက်တည်သော်ထည်း အသွင်မဘောက်သင့်။ သဒိသဋ္ဌကား ဆိုဘွယ်မရှိ။ သာရပ္ပရှိအောင် အခြေအညွှန့် ထားပါရမည်သာ။ ဒုတိယက္ခရာ ဌဝဓ်းဘဲးနှင့် ဒွေးဘော်ဖြစ်လမူကား အခြေအညွှန့် ရေးခြေးတိုင်း အချိုသူဟောင်းတို့ ရေးမှတ်ကုန်၏။ ထိုသို့ ရေးခြင်းသည် ဋ္ဌသံဏ္ဍင်းချိတ် အခြိုးအညွှန့်ရှိဏ္ဍင် တချောင်းဝင်သကဲ့သို့ တချောင်းဝင်မူ နှစ်ချောင်းဝင်၏သို့ထည်း ရှိ၏။ အဆင့်ပိုခဲ့၍့ သာရပ္ပထည်း မရှိလွန်းဖြင့် ဦးခေါင်း ဖြစ်သော အထက် အတို့ကိုသာ ဋ္ဌသံဏ္ဍင်းချိတ် အရိပ်အသွင်ပြု၍့ အောက်အတို့ကို ဌဝဓ်းဘဲး၏ အခြိုးအခွေ ရေးကုန်၏။ ထိုအရေးသည် သာရပ္ပရှိ၍့ ဒွေးဘော်ထင်သာပြီ ဖြစ်သောကြောင့် သင့်သည်ပင်။

အချိုသောသူကား ဋ္ဌသံဏ္ဍင်းချိတ်၏ အသွင် ကွေးညွတ်သော ထည်ရစ်မဘော်ဘဲး ထိပ်အပြင် အထက် အတို့ကို နိမ့်ညွတ်စေ၍့ ရေးသည်မှာ အလေ့မှသာ ဖြစ်၍့ သဘောသကန် ထုံးစံရှိဟန်မထင်။ ။ဤနှိုက် ထုံးစံဟူသည်မှာ သဘောရ ခက်၍့ အစွဲးအကိုင် မရသာသောအရာကို ပမာဏ မလောက်ဟူ၍့ မဆိုသင့်၊ သဘောမပျက်သော် အစွဲးမူသင့်သည်ပင်။ ဟံသာဝတီရောက် မင်းတရား ခမည်းတော် ဆင်ဖြူသျှင်လက်ထက် "အောင်မြေစံလွှတ်" ဆရာတော်ဘုရားသည် သစ်ာတော်တို့ကို့.... "လူတို့ကိုယ်မှာရှိသည့် အမာရွတ်ကို အစပ်အဟပ် တွေ့စံ့...." မေးတော်မူလျှင်–

"စေ့စေ့ပွတ်ပွတ်၊ အမာရွတ်သည်၊
လွှတ်လိုလက၊ ပြည်ရွှတ်တွေ"

ဟူ၍့ သူဟောင်းတို့ တန္တြထိုက်သောစကားမျှကို ကြားဘူးပါသည်ဟု လျှောက်သည်ကိုအစွဲးပြု၍့သင့်၏ အမိန့်ရှိဘူးသည်။ ၎င်းလက်ထက်တွင် ရာဇဝတ်အလျောက်မျက်နှာကို အိုးမဲးသုတ်၍့ မောင်းလည် ဟူသောစကားတွင် အိုးမဲးဟူသည်ကို ညှ, သတ်,နောက်ပစ် စစ်ကြသော် ဝန့်ရှင်နန္ဒကျော်ထင်က–

"ဆိတ်ခွဲးခင်ခွဲး၊ စဖိထဲးမှာ၊ အိုးမဲးအလူးလူး"

ဟူ၍့ သူကောင်းတို့ တန္တြစကားစဉ်ကို အစွဲးပြု၍့ နောက်ပစ် သင့်ကြောင် ကို ဆိုဘူးသည်။ ၎ါသည်များကို ထောက်၍့ မလောက်သော ဥပဒေသဟူ၍့ မဆိုသင့်။

အစွဲးအကိုင် မရသာထျင် သတောယုတ္တိကို ဆင်ခြင်၍ ဒိဒိုရမည်ပင် ဖြစ်၏။ "ထုံးရှိသော်လည်း စံမျှမှ၊ စံမျှသော်လည်း သတောရမှ" ဟူ၍ ဘုံကျော် တုလွတ် ဆရာတော် အမိန့်ရှိသည်ကိုလည်းကောင်း "ယုတ္တာယုတ္တိ စိန္တယန္တု၊ ယုတ္တဉ္စေဂဏ္ဟန္တု၊ အယုတ္တဉ္စေ ဝိဇဟန္တု" ဟူသော ကျမ်းစကားကို လည်းကောင်း ထောက်၍ ယုတ္တိရှိသည်သာ အရင်းဟု နလုံးသွင်းရာ၏။

၅၀–၄, အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

၄–ဝမ်းဘဲ–အက္ခရာ၏ သင်္ကေတကား····သံယုတ်ဖြစ်ခါ ဋသံထျင်းချိတ် အက္ခရာကဲ့သို့ ဏကြီး၏အောက်နှိပ် တည်သော်လည်း အသွင်မဖောက်သင့်။ ထိုသို့ထျက်ကို အချို့သောသူတို့သည် ဏကြီးကို ဟဆွဲး၏သို့ ရေးသည်ကား မသင့်နိုး။ ၄, ဝမ်းဘဲ၏ အရိပ်အသွင်မျှ ဦးခေါင်းထင်စေသင့်သည်။ ဋသံထျင်းချိတ်၏ အောက်နှိပ် ဆွဲး၍ ဒွေးဆော်ဖြစ်ရာနှိပ်ကား ဆိုခဲ့ပြီးသောအတိုင်း ၄, ဝမ်းဘဲ၏အမြီးအခွေမျှ ရေးသော်လည်း သင့်သည်ပင်ဖြစ်၏။ အချို့သော သူတို့သည် ထိပ်အပြင်နှိပ် အတန်ငယ် နှိမ့်ညွတ်၍ ရေးသည်ကား သတောထုံးစံ မထင်။ အလေ့မျှသာဖြစ်အံ့သည်။ ၄, ဝမ်းဘဲ ဟူသည်နှင့်လျော်စွာ–ဝမ်းဘဲသဏ္ဌာန်သတောရှိထျင် သင့်တော့သည်။

၅၁–၃, အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

၃–သံကောက်, အက္ခရာ၏ သင်္ကေတကား····သံယုတ်ဖြစ်ခါ ဏကြီး၏အောက်နှိပ် တည်သော်လည်း အသွင်မဖောက်သင့်၊ သာရပ္ပရှိအောင် အကွေးအညွတ်ကို ပြုပြင်သော်လည်း ဦးခေါင်းမျက်နှာ နောက်သို့မူသောအသွင်ကို မပျက်စေဘဲး ရေးလို၏။ အချို့သောသူတို့ ဦးခေါင်းမျက်နှာ မထင်စေဘဲး ရေးသည်ကား အလေ့ဖြစ်၍ တကြောင်း, သိသာပြီဖြစ်၍ တကြောင်း ရေးလေသည်။ သတောအားဖြင့်ကား အသွင်မပျက် ရေးသော်လည်း ဆိုတွယ်မရှိ။ ပရေမ္မတ်၏ အထက်နှိပ်ဆင့်၍ ဒွေးဆော်ဖြစ်သော်လည်း အထက်ဆင့်အက္ခရာ ဖြစ်၍ အသွင်မဖောက်ပြီ။ ဤနှိပ် ဒုသံကောက် ဆိုသည်ကို ဒုရင်ကောက်ဟူ၍ အချို့ဆိုကုန်၏။ နောက်သို့ မျက်နှာပြုသော အက္ခရာဖြစ်၍ မျက်နှာမူရာ ညွတ်လာသောအကွေးကို ရင်ဟူ၍ ရင်ကောက်ဆိုသင့်၏။

၅၂-ခ, အကွရာဠ် သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ခ-ရေမှုတ်, အက္ခရာ၏သင်္ကေတကား-ဏကြီးအက္ခရာနှင့် သံယုတ်ဖြစ်သောအခါ အောက်ရှိက် ဆွဲးရသော်ထည်း အသွင် မဖောက်သင့်၊ ထိုသို့ထျက် အချို့သော သူတို့သည် ဏကြီး၏အောက်အစွန်ကို ဆက်၍ အောက်သို့ဝင်ပြီးထျင် ရှေ့သို့ခွေပတ် ခါမျှသာ၊ အချို့ ဟဆွဲး၏သို့ ရေးကုန်သည်ကား မသင့်နိုး၊ နောက်အတို့ အမြီးကို ခွေရစ်သော အသွင်မထင်စေဘဲး ဏကြီး၏နောက်အစွန်းနှင့် မစပ်ထေ့သော်ထည်း ရှေ့အတို့ရှိက် ဦးခေါင်း၏အသွင် ထင်စေသင့်သည်။ ဏ,ကြီးတွင် ခရေမှုတ်ဆွဲး,ဟဆွဲး ဌ,ဝမ်းဘဲးဆွဲးကို အသွင်မတူစေဘဲး အချို့ရေးသည်ကား သဒ္ဒါမှုကို မကျွမ်းသဟူတို့ အလွန်ခြားနားခက်ပေအံ့ဖြစ်၍ အသွင်အရပ် မတိုပြင်လှသော်ထည်း အရိပ်အရောင်မျှ ထင်စေသင့်သည်။ ဥသံကောက်နှင့် ဒွေးဘော်ဖြစ်မူကား အမှီဖြစ်သော နောက်သရ နှင့် စပ်စေလို၍ အမြီးကို ချိုချိုကြွကြွ ရေးပါသည်မျှသာ အသွင်မဖောက် ဟူရ၏။ အောက်အတို့ကို အဂန်ငယ် ညွတ်စေဝင်စေ၍ ရေးကြသည်ကား သဘောထုံးစံ မထင်။ တင့်တယ်စနိုးအံ့ဟူ၍ ထည်းကောင်း အလေ့ဖြစ်၍ ထည်းကောင်း ရေးသည်သာ ဖြစ်၏။

၅၃-ဏ, တ, ထ, အက္ခရာဠ် သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ဏ-ကြီး,အက္ခရာကိုကား အောက်ကဆိုခဲ့ပြီ၊ တဝမ်းပု-အက္ခရာ၏သင်္ကေတကား သံယုတ်ရှိ,သံယုတ်မဲ့မထူး၊ "သမသီသံ သမပါဒံ"ဟူသည်ကိုထည်းကောင်း "အက္ခရာညီဝန်း၊ မဿန်းမထောင့်" ဟူသည်ကိုထည်းကောင်း, ထောက်၍ ရှေ့နောက်ညီမျှ ထျက် မထောင့်မဿန်း ဝန်းစက်,သိသာအောင်ရေးထျင် သဘောရောက်တော့သည်။ ထဆဋ်ထူး-အက္ခရာ၏သင်္ကေတကား.....ထို့အတူ သံယုတ်ရှိ,မဲ့မထူးပြီ၊ဆင်ထူးသတ္တယ် ညီဝန်းစေထျင် သင့်သည်ပင်ဖြစ်၏။

၅၄-ဒ, အက္ခရာဠ် သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ဒ-ဒွေး, အက္ခရာရှိက်ထည်း သံယုတ်ရှိ,မဲ့မထူး၊ အထက်မျက်နှာအစကို ခွေရစ်၍ ရေးကြသည်မှာ အလေ့သာဖြစ်၏။ ကျောက်အတို့ နောက်အပြင်ကိုမညွတ်မချိုးဘဲး ရေးခြင်းသည်ကား သင့်အံ့သို့မထင်၊ဒ-ဒွေးဟူရာရှိက် ဒ-အက္ခရာသည် အထက်အတို့

အောက်အဘို့ အကွေးအငယ် နှစ်ခုဆင့်၍ တည်၏။ သို့နှစ်ဆင့်တည်ဟန် အသွင်ကို ထိုက်၍ ဒ-ဒွေးဆိုသကဲ့သို့ရှိ၏။ ဤကိုထောက်ထွင် မဒွေ့,မည္ဆတ်,မချီး,မတွန့်ရေးကြသည်ကား မသင့်လွန်း၊ ခင်ဘိမ်းသောမြန်မာမှုဝေါဟာရသည် ရုဋ္ဌ,အန္တတ္ထ နှစ်ပါးပင်ရှိသည်ကိုထောက်၍ ဆိုထိုက်သည်။

၅၅-ခ,အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ခ-အောက်ချိုက်....အက္ခရာနှိုက်ထည်း သံယုတ်ရှိ, မဲ့ မထူး။ အချို့သောသူတို့သည် အောက်ချိုက်, ဟူသည်နှင့်လျော်စွာ အောက်အပြင်ကို ညွှတ်ဝင်စေထွက်ချိုက်၍ ရေးကုန်၏။ အချို့သော သူတို့ကား မ,အက္ခရာ၏ မျက်နှာဝအထက်အပြင်ကို ပိတ်စပ်သော အသွင်ဖြင့်သာ ရေးကုန်၏။ ထိုတွင်အောက်အပြင်ကို ဝင်ညွှတ်စေသည်မှာ ခအောက်ချိုက်ဟူသော အမည်နှင့်ထည်း ထွေ၏။ ရှေးသူဟောင်းတို့ အသုံးအစွဲးထည်းများ၏။ မ,၏မျက်နှာဝကို ပိတ်၏သို့ရေးသည်မှာထည်း အမည်နှင့်မလျော် ဆိုပါရသည်သာ။ တပါးအက္ခရာ အသွင်တူမရှိသောကြောင့် ထွေးရှက်ဖွယ်မရှိ။ သိသာထေသောကြောင့် နှစ်သက်သည် ရေးလွယ်သည်သာ အကြောင်းဖြစ်၏။

၅၆-န,အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်း အကြောင်း

န-ငယ် ...အက္ခရာနှိုက်ထည်း သံယုတ်ရှိ, မဲ့မထူးသင့်ပြီ။' အချို့ကား ဦးခေါင်းမဲ့အခွေအလိပ်တွင် အမြီး,အခြေထွက်ကာသာ ရေးကုန်၏။ အချို့ကား နဒွေးဘော်တွင် အောက်ဆွဲသည်ကိုသာ အပိုဆင့် မြင့်မားလွန်းအံ့ထင်၍ ဦးခေါင်းမဲ့ရေးကုန်၏။ ညအက္ခရာ၌ ဆိုခဲ့ပြီးသောအတိုင်း မင်္ဂလာယူရတွယ် ရှိသောကြောင့် ထည်းကောင်း, ရှေးသူဟောင်းတို့ ခေါင်းတပ်၍သာ အသုံးအစွဲးများသောကြောင့်ထည်းကောင်း, သာရပ္ပ ရှိသောကြောင့်ထည်းကောင်း, မသာမယာသောအခါ ရေးရထသော်ထည်း၊ အသာအယာ အတင့်အတယ် ထိရာနှိုက် ဦးခေါင်းရှိရေးရာမှာ သင့်နိုး၏။ ဦးခေါင်းတပ်သောအရာတွင် ဝ,အက္ခရာကဲ့သို့ နောက်သို့မျက်နှာဝ အကွေးအငယ်ထင်စေ၍ ရေးရမည်အတွက်ကို ပဌမ ဒီန္ဒမေဝစ-ဟူသော စကားကိုထိုက်၍ ဝအက္ခရာကဲ့သို့ အချို့ရေးကုန်၏။ ထိုဒီန္ဒကဲ့သို့ ရှေးဦးစ၍ ရေးခြင်းနှိုက် ထိုဆိုတိုင်း ရေးသောကြောင့် အကျိုးမဲ့ ရေးသော်လည်း အပြစ်ကို အထူးမထင်။

အချို့သော သူတို့ကား ပဌမံဓိန္ဒ္ဓမေဝစ-ဟူသောစကားနှင့် မညီသော နဇယ်ကား နာ-ကာန်း၊ ညီမူကား နာ-ကောင်းဟူ၍၊ နာ-ကာန်း, နာ-ကောင်းခွဲး၍ ဆိုကုန်၏။ ထိုစကားလည်း ကာန်းသော အခြင်းအရာ, ကောင်းသော အခြင်းအရာ သဘောအထူးမထင်၊ သဒ္ဒါတတ်သော ဆရာတို့ မိန့်ပါသည်ကား။ နမော-စသော ပုဒ်နှိုက် နာ-ကား နာ-ကာန်း၊ နတ္ထိ-စသောပုဒ်နှိုက် နာ-ကား နာ-ကောင်းဟူ၍ မိန့်ကုန်၏။ ထိုစကား၌ နမော-စသောပုဒ်ဝယ် နကား နမုဓာတ်ဖြစ်၍ ဓာတ်၏အနက် ဖြစ်သော ရှိခိုးခြင်း ကြိယာ ဟူသော နမု ဟူသော နဗျည်း, မဗျည်းပုဒ်လုံး၏ အနက်သာထွက်၍၊ နှစ်၏အနက်ခြားရ၍ မထွက်သောကြောင့် နအက္ခရာနှိုက် အနက်မမြင်ကာန်းလေသည်။ နတ္ထိစသောပုဒ်ဝယ် နကား နတ္ထိကို နအတ္ထိ ပုဒ်ဖြတ်သောအခါ အတ္ထိပုဒ်၏ ရှိခြင်းဟူသော ဓာတ်နက်ကို မရှိဟူ၍ မြစ်နှိုင်သော ပဋိသေဓအနက်သည် နအက္ခရာနှိုက် မြင်သည်ဖြစ်၍ နာ-ကောင်းဖြစ်၏။မကာန်းလေ။ဤသို့နအက္ခရာနှိုက် အနက်မြင်သည်ကို နကောင်း, မမြင်သည်ကို နာ-ကာန်းဟူသော စကားသည် သဘောယုတ္တိ ရှိသည်ဖြစ်၏။

၅၇-ပ, အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ပ-စောက်....အက္ခရာနှိုက်ကား ထံယုတ်ရှိမဲ့ မထူးသည်သာ များ၏။ အချို့သော သူဘို့သည် သဒိသဖြစ်သော ပဒွေးဘော်ထွင် အောက်နှိုက်တည်သော ပကို ခွေး အက္ခရာမှာကဲ့သို့ အထက်ပ၏ နောက်အဘို့ အတန်ခြား၍ အောက်သို့ ငင်ပြီးမှ၊ ရှေ့သို့ခွေပတ်၍ ရေးသည်ကား မသင့်နိုး။ အဘယ့်ကြောင့်နည်းဟူမူကား ပစောက် အက္ခရာ ရှေ့အစွန်းသည် ခွေ၍ ဝင်သည် မဟုတ်သောကြောင့် မသင့်လေ။

၅၈-ဖ, အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ဖ-အုပ်ထုပ်....အက္ခရာနှိုက်ကား ဒွေးဘော်ဖြစ်သောအခါ ပစောက် အက္ခရာ, မအက္ခရာတို့၏အောက်နှိုက်သာ ဆွဲးသင့်သောကြောင့် အချို့သဖြင့် အထွင် ဖောက်ရာ၏။ ထိုပစောက် အက္ခရာ၏ အောက်နှိုက် ဆွဲးသောအခါ ပစောက် အက္ခရာမှာကဲ့သို့ အောက်သို့ငင်၍ ခွေပတ်ခြင်းသည် မသင့်။ မသင့်ဟန်ကား ပစောက် အက္ခရာနှင့်အတူ ရှေ့အစွန်း ခွေပတ်၍ ဝင်လိုသည် မဟုတ်သောကြောင့် မသင့်ဖြစ်၏။ ပစောက် ဆွဲးရာနှိုက်လည်းကောင်း, ဖအုပ်ထုပ် ဆွဲးရာနှိုက်လည်းကောင်း, အထက်ဗျည်း၏ နောက်အဘို့ အတန်ခြား၍ အောက်သို့ငင်မှ ရှေ့သို့ ခွေပတ်၍ ရေးလိုသော ပစောက်၏ ရှေ့အစွန်းကဲ့သို့ အထက်သို့ပတ်မိရုံသာ မခွေမဝင်မှကား

သင့်အံ့သည်။ ထိုတွင် ဖအုပ်ထုပ်ဖြစ်မှု နောက်အဘို့ အတန်ခြင်း၍ ငင်သည်တွင် အစဖြစ်သော အထက်အစွန်းကို ခွေရစ်ဝင်၍ ရေးထိုသည်။

၅၉-ဗ, အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေဟာရကို ပြခြင်းအကြောင်း

ဗ-ထက်ချိုက် အက္ခရာနှိုက်ကား....အချို့သောသူတို့သည် ဗထုံးဟူ၍ ခေါ်ဝေါ်ကုန်၏။ ထိုသို့ခေါ်ဝေါ်ခြင်းသည်ကား ဝအက္ခရာကဲ့သို့ အထုံးတွင် အထက်အဘို့ အတန်ငယ် နိမ့်ညွတ် ရှိက်ဝင်၍ ရေးကာမျှသာ ထုံးသော အသွင် မဖောက်လွှန်းသည်ဖြစ်၍ ထည်းကောင်း၊ ပါဠိပါကန်နှိုက် ကာရီ,ကာရိယ၏ အဖြစ်ဖြင့် ဝနှင့်, ဗသည် အချို့သော အရာနှိုက် မထူးသောကြောင့် ထည်းကောင်း ဗထုံး ဆိုလေသည်ယူသင့်၏။ ။ဝနှင့်, ဗသည်ကား ကာရီ ကာရိယ ဖြစ်ဟန်ကို ဆိုထိုက်ဦးအံ့။ ဗောဝဆ- ဟူသည်ကို ထောက်၍ ထည်းကောင်း, ဝကို ဗပြုသော အရာသာ ထင်၍ ။ ဗထ, ဗဟု စသည်ဖြင့် ဗကို ဝပြုသော အရာမထင်သောကြောင့် ထည်းကောင်း၊ "အနိဋ္ဌိတံ ပဒံ ကာရီ၊ နိဋ္ဌိတံ ကာရိယံ ဘဝေ" ဟူသည်နှင့် အညီ ဝကား ကာရီ၊ ဗကား ကာရိယဖြစ်၏။ ထိုသို့ ဝကို ဗပြု၏ ဟူသော်ထည်း သန္ဓိကား သုခုစ္စာရဏအကျိုးဌာသာ ဟူသောကြောင့်ထည်းကောင်း၊ ဝန, ဗန စသည်ဖြင့် ဝကို ဗပြုသောအရာ မထင်သောကြောင့် ထည်းကောင်း, အချို့ သဖြင့်သာ ဝထိုဗပြု၏ဟု ယူသင့်၏။ ဝေဒ, ဗေဒ, ဒုဝိဓာ, ဒုဗ္ဗိဓ-စသည်ဖြင့် ဝကို ဗပြုသော အရာ များသည်ကို ထိုက်၍ ပါဠိပါကန်နှိုက် ဝနှင့် ဗသည် ကာရီ, ကာရိယ၏ အဖြစ်ဖြင့် တူသည်ဖြစ်၍ ဝအက္ခရာ၏ ထုံးသော အသွင်ကိုယူ၍ ဗထုံးခေါ်သည်ဟူ၍ သော်ထည်း ယူသင့်၏။ ထိုသို့ သော်ထည်း ဗထက်ချိုက် ဟူသည်နှင့်အညီ အထက်နှိုက် ချိုက်၍ ရေးရသောကြောင့် အသွင်အားဖြင့် ဝနှင့်မတူသည်ကို ဗထုံးဟူ၍ ခေါ်ဝေါ်ခြင်းသည် အသွင်မထုံးသောကြောင့် သင့်နိုးအံ့မထင်။ ထိုဗထက်ချိုက်သည် ဒွေးဘော် ဖြစ်သောအခါ အောက်နှိုက် ဆွဲသောဗသည် အချို့သဖြင့် ခွေးအက္ခရာမှာကဲ့သို့ အထက်ဗျည်းမှ အတန်ခြား၍ ဒေအောက်သို့ငင်ပြီးလျှင် ရှေ့သို့ ခွေပတ်၍ ရေးကုန်၏။ ထိုသို့ ရေးခြင်းသည် မသင့်နိုး။ ခွေပတ် သည်တွင် အစကို အတန်ငယ် ချိုက်ခဲ့၍ ဗထက်ချိုက်၏ အသွင်အရိပ် ထင်စေလျက် အထက်ဗျည်းသို့ စပ်ပါလျှင် သင့်နိုးအံ့သည်။

ဤတွင်
ဝေဟာရတ္ထ ပကာသနီ ဒုတိယပိုင်း
ပြီး၏။

တတိယပိုင်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၆၀–ဘ့အကွရာန်၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ဘ-ကုန်း....အက္ခရာန္ကိ သံယုတ်ရှိမဲ့ အသွင်မထူး။ နောက်အသို့ ကုန်းသည်ကို စွဲ၍ ဘကုန်းဆိုသည်ယူသင့်၏။ ယင်းသို့သော်တဝမ်းပူအက္ခရာထည်း ဤကဲ့သို့ နောက်အတို့ ကုန်းပင်တကားဟုအံ့။ ထိုတဝမ်းပူန္ကိ အမည်ထူးရငြီးဖြစ်၍ ဘကုန်းဟူသော အမည်ဖြင့် မမှတ်ငြိဟူ၍ ဆိုသင့်၏။ ထိုတဝမ်းပူဟူရာ၌ ဝမ်း၏သတ္တယ်ဖြစ်သော ရွှေအတို့ အောက်အပြင်သည် ဖူးဖူးပွပွရှိသည်ကို ထိုက်၍ ဝမ်းပူ*ဟူ၍ ထည်းကောင်း, အဂူထွက်၍ မို့မို့ပြည့်ပြည့်ရှိသည်ကို ထိုက်၍ ဝမ်းဟူ၍ ထည်းကောင်း ဆိုသင့်ဟျက် ခရဝမ်းပူဟူ၍ ထည်းကောင်း၊ ယူတို့၏ဝမ်းပြည့်ဖြိုးကြီးဖွံ့သည်ကို ဝမ်းပူဟူ၍ ထည်းကောင်း ဆိုတိဘကဲ့သို့ တဝမ်းပူဆိုသည်ယူသင့်၏။

ယင်းသို့သော ဝမ်း၏သတ္တယ်ဖြစ်သော အရပ်တစိတ်မျှသာ ပြည့်ဖြိုးကြီးဖွံ့သည်ကို နောက်အတို့, ရွှေအတို့,အောက်အထက် အတို့နှင့်တကွ တစုလုံးသော ဗျည်း၏အသွင်ကို ဝမ်းပူမဆိုသင့်တကား ဟုအံ့။ မြင်ကောင်းသော အပေါ် ရေတစိတ်မျှသာဖြူ၍, အရိုးအသွေးမဖြူဘဲးဟျက် ငဖြူ၊ အရိုးအသွေးမမြည်းဘဲးဟျက် ငမြည်းဟူ၍, ယောကျ်ားခြေတကိုယ်လုံးကို ငဖြူ,ငမြည်းခေါ်ဝေါ်ဘိသကဲ့သို့ထည်းကောင်း, မြင်ကောင်းသော အရပ်တစိတ်မျှကိုသာ မြင်သည်ကို သမုဒြာ, ဟိမဝန္တာအလုံးကို မြင်ဘိသကဲ့သို့ သမုဒြာ ဟိမဝန္တာကိုမြင်၏ ဟူဘိသကဲ့သို့ထည်းကောင်း၊ ဝမ်း၏သတ္တယ် ရွှေအတို့, အောက်အပြင်မျှကိုစွဲ၍ တဝမ်းပူ၊ နောက်အတို့မှာ အထက်အပြင်မျှကိုစွဲ၍ ဘကုန်း။ ရင်၏သတ္တယ်ဖြစ်သော အရပ်တစိတ် ကောက်သည်ကို စွဲ၍ တလုံးလုံးကို ဥရင်ကောက်ဟူ၍, ကေဒေသူပစာရ အားဖြင့် ဆိုထေသည်ဟုယူသင့်၏။

---

* ဝမ်းဖူး?

၆၁–မ,အကွရာန္ဒိုက် သကော်တန္ဒဉ်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

မ-အကွရာန္ဒိုက်လည်း သံယုတ်ရှိ, မဲ့အထူးမထင်။ ထိုတွင်အချို့သော သူတို့သည် မ,လိမ်ဟူ၍. ဆဲးကုန်၏။ ထိုမလိမ်ကိုကား ထုံးစံသဘော မထင်။ ပါဠိပ'ါကန်ဒိုက်ကား သွာ,သို့ ဟူသော ဝိဘတ်ဒိုက်လည်း, အထူးမပြုပြင်ရသောကြောင့် မအကွရာဆဲးသော်လည်း မသင့်မဆိုသာ။ အာယသွာ,ဗြဟွာ စသောပုဒ်တို့မှာလည်း အထူးမထင်။ အာယသွာန္ဒိုက် မန္တ,ပစ္စည်း သက်သည်ကား မအကွရာပင် ဗြဟွာ ဟူသည်မှာလည်း မပစ္စည်းပင်။ အာယသွာ နှိုက်ကား တဒ္ဓိတ်ပစ္စည်း၊ ဗြဟွာ နှိုက်ကားကိတ်ပစ္စည်းဖြစ်၍. မအကွရာပင် သက်သည်ကို ရှင်ပြီးအခါသာ အချို့ မ,လိမ်ရေးကြသည်။ ပဒ္ဒ,စသော ပုဒ်တို့မှာလည်း မအကွရာပင်။ ရှင်ပြီးသောအခါသာ အချို့ မ,လိမ်ဆဲးသည်။ ဤကိုထောက်၍. မအကွရာပင် ဝိဝိဆဲးသော်လည်း သင့်ရာသည်ပင်။ ထို မ,လိမ်ကို မရေးကျမ်းသော သူတို့ကိုကား နငယ်ဆဲးဇို့သို့၊ သ,ဇို့နောက်အဘို့, အောက်အဘို့မှ စ၍. ရွှေသို့ ခွေပတ်ဝဲကျက် နောက်သို့အညွှန်ထုတ်၏။ထိုသို့ဆဲးခြင်းသည် နငယ်ဆဲးသည်နှင့် အတူ ဖြစ်ခဲ့ဇို့။ ထို မ,လိမ်ကို ရှေးဆရာတို့ ရေးထေသည်။ အကျိုးကို ဆင်ခြင်သော် အာယသွ,ဗြဟွ, ပဒ္ဒ-စသည်ဖြင့် မအကွရာဆဲးရာန္ဒိုက် အထက်အဘို့သည် အထက်၌တည်သောအရာ၏ အောက်အဘို့နှင့်စပ်သဖြင့်လည်းကောင်း, ခွေဝိုက်လွန်းသဖြင့်လည်းကောင်း, စပ်ရက်ခဲ့သော် ဓအောက်ချိုက်ဆဲးသည်ထင်အံ့သော သံသယကို ပယ်ရခြင်းအကျိုးရှိရာ၏။ ထိုကြောင့်ဆဲးလိုသော် နောက်သရအဓိနှင့် စပ်သာအောင် အတန်ငယ်မျှ နောက်သို့ခွာပြီးလျှင် အောက်တူရှင်၍. ရွှေသို့လည်၍. နောက်သို့ ထာသောအညွှန့်ကို ရွှေသို့တဘန် သာရပ္ပ ရှိအောင် ကွေးညွတ်၍. ရေးရာ၏။ ထိုသို့သော်လည်း မကျမ်း သည်ရေးခက်၏။ ထိုကြောင့် ကျမ်းသည်,မကျမ်းသည်နှစ်ဦးပင်မအကွရာဆဲးသော်လည်း အပြစ်မရှိရာ။

၅၂ မျည်းကား ဓိဓိဝဂ်ဒိုက် ဝဂ္ဂန္တအားဖြင့် သံယုတ် ဖြစ်သည်သာ မဟုတ်။ အာယသွာ, ကသွာ, တသွာ, ဗြဟွာစသည်ဖြင့် မျည်းတပါးနှင့်ထည်း သံယုတ်ဖြစ်၏။ ထိုသို့ ဖြစ်သောအခါ အောက်ဒိုက် ဆဲးရသည်သာထင်၏။ ဝဂ်ကွဲဖြစ်၍.အသံမပျောက်သည်သာထည်း ဖြစ်၏။ ယင်းသို့ အောက်ဒိုက် ဆဲးသော အခါ မ, လိမ် အချို့ရေးကုန်၏။ ထို မ,လိမ်၏ သဘောထုံးစံကား အလွန်ရခက်၏။ အမှတ် နိမိတ် မျှသာကဲ့သို့ ရှိ၏။ မမျည်းမှတပါး ၎, ၏, ဏ, နှ-ဟူသော ဝဂ္ဂန္တ လေးလုံးတို့ကား ဓိဓိတို့ဝဂ်၌သာ ဝဂ္ဂန္တဖြစ်၍. အပေါ်ဒိုက် ဆင့်ရသည့်ချည်း ဖြစ်၏။ ထိုတွင် အထူးကား ၏,ဏ,နှ-ဟူသော ဝဂ္ဂန္တ သုံးလုံးတို့သည် သဒိသဖြစ်သော ၏,ဏ,နှ-ခြောင်း

ရာ ဝဂ္ဂန္တဖြစ်သော အရာထင်၏။ ငအကွရာနှောင်း၍ ငဝဂ္ဂန္တမူကား မရှိရာ။ ပါဠိတော်နှိုက် ဝဂ္ဂန်ရောက်သည်မှ တပါး သရအဓိ ရှိကောင်းသော ငအက္ခရာ မထင်။ မြန်မာမှုန်ိုက်ကား ဝဂ္ဂန္တငါးလုံးပင် သံယုတ်၏ အဖြစ်ဖြင့် ဆင့်၍ ရှိသင့်ကောင်းသည် မထင်။ ဒွေးထော်ပြု၍ ဆင့်ကောင်းသော အရာလည်း မထင်။ ပါဠိတော်နှိုက် သရနှင့်ယှဉ်သော ငအက္ခရာ မရှိကောင်းဆည်ကိုရည်၍ "ဝဂ္ဂန်ငါးကောင်၊ ခြံထဲလှောင်၊ တကောင်ဝင်ကား ဖွဲ့မစား" ဟူ၍ ပညာရှိတို့ မိန့်ကုန်သည်။ အောက်နှိုက် ဆိုခဲ့ပြီးသော စကားတို့နှင့်ညီ၍ နှစ်လုံးသွင်းရာ၏။

၆၂-ယ, အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ယ-အက္ခရာနှိုက်ကား သံယုတ်ဖြစ်ရာ အောက်နှိုက်တည်သော ယ-သည် အသွင်ဖောက်သည်သာ များ၏။ ထိုသို့ ဖောက်ရာ၌ ယ-ပင့်သည်ဟူ၍ လည်း ခေါ်ဝေါ်ကုန်၏။ ထို ယ-ပင့်အသွင် ရေးထိုရင်းကား အထက်နှိုက် တည်သော ပင့်အံ့သော ချည်း၏ အောက်အတိုနှိုက် ဆင့်၏သို့ ရေးပြီးလျှင်၊ ယ-၏နောက်အစွန်းကို နောက်သရနှင့် စပ်သာအောင် အထက်သို့ပင့်၍ အထက်ချည်း၏အတို့ အတန်ငယ် ကွာစေထွက် ထိုအထက်ချည်းနှင့် အထက်အပြင်မျှရုံ ပင့်ထိုး၏။ ထိုသို့ ပင့်ထိုသည်ကို အောက်နှိုက် ယ-ဆွဲး၏သို့ မရေး၊ ယ-၏အသွင် အရိပ်, အကွေးအညွတ်မထင်စေဘဲ၊ ဇ-ကွဲး၏အောက်၌ဆွဲးသော ဈ-မြင်ဆွဲး အက္ခရာနှိုက် ပင့်၏သို့ ပင့်ကုန်၏။ သို့သာမျှမက အထက်ချည်း၏အောက်အစွန်းမှတကြောင်း အတန်ငယ်နောက်သို့ခြား၍ တကြောင်းနှစ်ကြောင်း အောက်သို့ငင်၍ ရေးကုန်၏။ ထိုသို့ ရေးသော်ထည်း သိသာပြီဖြစ်၍ မသင့်မဆိုသာသည် ဖြစ်၏။ ထိုသို့သော်ထည်း သဘောရင်းကို ထူပြန်းတို့ ဆိစေခြင်းငှာ ဆိုထိုက်သည်။

ယ-ဟူသော ဝေါဟာရဖြစ်ဟန်ကိုကား ကြိုးကြာဟူသောအသံဖြင့် တွန့်မည်သောငှက်၏ အမည်ကို ထိုအသံကိုပင်စွဲး၍ ကြိုးကြာဟူသောအမည်, ဖိုးခေါင် ဟူသောငှက်၏အမည်, တောက်တဲ့ဟူသောအမည်, ဤသို့စသော အမည်တို့သည် ထည်းကောင်း၊ တဟုံဟုံပြုတတ်သောသူ၏ အမည်ကို ဟုံဟုံက, ဟူသော ဝေါဟာရ ဖြစ်သကဲ့သို့ ထည်းကောင်း၊ ယ-ဟူ၍, ရွတ်သောချည်း၏ အမည်ထို ဝေါဟာရတပါးမမှည့်ဘဲ ယ-ဟူ၍ ရွတ်အပ်သောအသံကိုပင် စွဲး၍, ယ-ဟူသော အခေါ်အဝေါ်ဖြစ်၏ဟူ၍ ထည်းကောင်း၊ ယုယုယယ, ညှံ့ပျော့, ပျော်ငြားသော အသံဖြင့် ရွတ်အပ်သောကြောင့် ယ-ဟူသော ဝေါဟာရ ဖြစ်၏ဟူ၍, ထည်းကောင်း ယူသင့်၏။

တကြောင်းထည်း မာဂဓနိုက်ထည်းကောင်း မြမွာမှုနိုက် ထည်းကောင်း ခပ်သိမ်း သော သညာတို့သည် အနန္တထွေချည်းမဟုတ် ခေါ်ဝေါ်ရုံမျှသော ရဂို့သညာထည်း ရှိသောကြောင့် ခေါ်ဝေါ်လွယ်ရုံ ပညတ်သော ရဂို့သညာဟူ၍ ထည်း ယူသင့်၏။ ယ, ရ, လ, ဝ, သ, ဟ, ဠ-ဟူသော အဝဂ် ၇-လုံးတို့ကား အနာဓိက၊ အံ့ ဟူသော နိဂ္ဂဟိတ်တို့ကား သနာဓိကဟူ၍ ဆရာတို့မိန့်သည်ကို ထောက်၍ ယ, ရ, လ, ဝ-စသည်တို့ကား အမည်မဟုတ် ရွတ်သံမျှသာဟူ၍ သော်ထည်း ယူသင့်၏။ ထိုရွတ်သံကိုစွဲ၍ အမည်ဖြစ်၏ ဟူ၍ ထည်းကောင်း ယူသင့်၏။

၆၃-ရ,အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

ရ-အက္ခရာနိုက်ကား သံယုတ်ဖြစ်ခါ အောက်၌ အမြဲ တည်သင့်သောကြောင့် အသွင် ဖောက်ပြန်သည်ချည်း ဖြစ်၏။ ယ-အက္ခရာ၌ကား ယ-ချင်း သဒိသ သံယုတ် ရှိ၏။ ဤ ရ-အက္ခရာ၌ကား ရ-ချင်း သဒိသ သံယုတ်မရှိ။ ထို့ ရ-အက္ခရာသည် အက္ခရာ တပါးနှင့် သံယုတ် ဖြစ်လသော် အောက်၌သာ တည်၏။ စိုးစဉ်းသော အက္ခရာတို့၌ အထက်ဆင့်၍ တည်သည် ဖြစ်မူကား ရွှေနောက် တည်သောပုဒ်ကို ထည်းကောင်း, အာဒေသကိုထည်းကောင်း လိုက်၍ စပ်လေသောကြောင့် ရ-အက္ခရာအထက်၌ တည်သည်သာဖြစ်ရာ၏။ ဝုတ္ထောဒယကျမ်း၌ ဝဏ္ဏတမတြာ မလွန်စေခြင်းငှာ ထိ၊မ္မာ,ဘ္မာ,သ္မာ-စသည်ဖြင့် သံယုတ်ဖြစ်သကဲ့သို့ပုဒ်စဉ်, အာဒေသစဉ်, ညီစွာစပ်လေ၍ ဖြစ်သောသံယုတ်မျိုးတို့ကား ရွှေနောက်,အောက်အထက်မမြဲ၊ပုဒ် အာဒေသတို့၏ နေဟန်သာ ပမာဏဖြစ်၏။ သဘောအားဖြင့်ကား "ယ-ရ-လ-ဝါ အန္တသ္ထာ"ဟူသော ကလာပ်သုတ်နှင့်အညီ ဗျည်းတပါးနှင့် သံယုတ်ဖြစ်လေသော် ဤ ယ,ရ,လ,ဝ-တို့သည် အောက်၌ တည်သည်သာဖြစ်၏။

ထို ယ,ရ,လ,ဝ-တို့တွင် လ-အက္ခရာကား သဘောအားဖြင့် လ-ချင်းသဒိသဒွေး ဘော်ဖြစ်သော်သာ အောက်နိုက် ဆွဲရ၏။ ကွေ့သစသည်တို့နိုက်ကား ပုဒ်၌တည်သော အက္ခရာစဉ်တည်း။ ထို ယ,ရ,လ,ဝ-တို့သည် မိမိတို့အချင်းချင်း သံယုတ်ဖြစ်လမူကား ဗျည်းစဉ်အတိုင်း ယ,ရ,လ-ဟူသော ၃-လုံးတို့နိုက် ဝ-အက္ခရာကို ဆွဲသည်ဖြစ်၏။ ယ-နိုက် ရ-အက္ခရာသော်လည်း ဆွဲရာ၏။ ထိုသို့ ယ-နှင့် ရ-စပ်သောအရာ တမူကား မထင်။ ထိုသို့မဟုတ် ယ,ရ,လ,ဝ-တို့၏ အစဉ်သင့်မယှဉ်မူ၍ ဝ-နိုက် ပင့်ခြင်း,ရစ်ခြင်း၊ လနိုက် ပင့်ခြင်း,ရစ်ခြင်း၊ ရ၌ ပင့်ခြင်း,ရစ်ခြင်းစသည်ဖြင့် ကမောက်

ကမသံယုတ်ဖြစ်ရာ၌ကားသဘောရင်းမဟုတ်။ပုဒ်အာဒေသအနေသို့လိုက်၍ဖြစ်သည်သာများအံ့သည်။ ဤ ရ-အက္ခရာဆွဲးရာ၌ ရ-ရစ်သည်ဟူ၍ ခေါ်ဝေါ်ကုန်၏။

ထိုရစ်သောအသွင် ထိုရင်းကား-အထက်၌တည်သော ယှဉ်ဘက်ဖြစ်သော အက္ခရာ၏ နောက်အတို့ အဘန်ငယ်ခြား၍ ရ-အက္ခရာ၏ဦးခေါင်းရေးမြိုး အရစ်အကွေးရေးပြီးလျှင် အောက်သို့ငင်သော အမြီးညွှန့်ကို နောက်သို့ ကွေးညွတ်၍ တက်စေမှ ယှဉ်ဘက်အက္ခရာ၏ နောက်အတို့ဖြင့် ခွေပတ်၍ ရစ်လို၏။ ထို့သို့ ယှဉ်ဘက်အက္ခရာကို ခွေရစ်၍ ရေးသောကြောင့်လည်း ရစ်သည်ဟူ၍ ခေါ်ဝေါ်ကုန်၏။ ဤသို့ရေးထိုထွက် ရစ်ပတ်သည်ကားမှန်၏။ ရ-အက္ခရာ၏ ဦးခေါင်းအသွင် ခွေရစ်၍ တည်ခြင်း၊ ယှဉ်ဘက်အက္ခရာ၏ နောက်အတို့၌ တည်ခြင်းကိုမပြုမူ၍ ယှဉ်ဘက်အက္ခရာ၏ နောက်အတို့ အောက်အစွန်းနှင့်စပ်ထွက် အစထား၍ ရစ်ကုန်၏။ ထိုသို့ထားခြင်းသည် နောက်နှိုက် ယှဉ်ဘက်သရကိုမငဲ့ဘဲ အောက်၌ အစွန်းနှင့်စပ်ထွက်သာယူ၍ ရစ်ခြင်းသည် သဘောမရောက်ချေ။ထိုသို့သော်လည်း ဤနှင့်တူသော အခရးမရှိ သိသာပြီဖြစ်၍ တမူကား-အပြစ်မဆိုသာပြီ။ ရ-ဟူသော ဝေါဟာရ ဖြစ်ဟန်ကိုကား-အရအမိ ရင့်မာကြေတင်းသောအသံဖြင့် ရွတ်အပ်သောကြောင့် ရ-ဟူသောအမည်ဖြစ်၏ဟူ၍ လည်းကောင်း, ယ-အက္ခရာမှာကဲ့သို့ ရုဋ္ဌိဟူ၍ လည်းကောင်း, အသံမျှသာသညာမဟုတ်ဟူ၍ လည်းကောင်း ထိုအသံကိုစွဲ၍ ထိုအမည်ဖြစ်၏ ဟူ၍ လည်းကောင်း ယူသင့်၏။

၆၄-လ, အက္ခရာ၌ သင်္ကေတနှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

လ-အက္ခရာနှိုက်ကား....တပါးသောအက္ခရာနှင့် သံယုတ်ဖြစ်၍ လည်းကောင်း သဒိသဒ္ဒေးဘော်ဖြစ်၍ လည်းကောင်း, အောက်နှိုက် တည်သော်လည်း ဈ-မြင့်ဆွဲးအက္ခရာ, ယ-အက္ခရာကို အောက်နှိုက်ဆွဲးသောအခါ ပင့်၍ရေးသကဲ့သို့ နောက်၌ တည်သော အမှီသရနှင့် စပ်သာအောင် နောက်အမြီးကိုပင့်မျှို၍ ရေးသား၏။ထို့သို့သော်လည်း အတင့်အတယ် သာရုပ်ရှိအောင်သာ ရေးကုန်၏။ အသွင်မဖောက်ပြီ။ ဝေါဟာရဖြစ်ဟန်ကိုကား ယ-အက္ခရာမှာဆိုသကဲ့သို့ နှလုံးသွင်းရာ၏။

၆၅-, ဝ အက္ခရာ၌ သင်္ကေတနှင့်တ ဝေါဟာရကို ပြခြင်းအကြောင်း

ဝ-အက္ခရာနှိုက်ကား....သံယုတ်ဖြစ်ခါ အထက်၌လည်းကောင်း, အောက်နှိုက်လည်းကောင်း ယှဉ်ရာသောကြောင့် အောက်နှိုက်ဆွဲးသောအခါသာ အသွင်ဖောက်

သည်ဖြစ်၏။ "အန္တသ္ဆာ-ရ-ဃ-ဝါ" ဟူသည်နှင့်အညီ ဝ-သည် အောက်နှိက်သာ တည်၏ဟူသော်ဃည်း ဝ-ဆွဲး,ဟဆွဲး,ယပင့်,အရစ်တို့သည် အရာအားဖြင့် ရှိသည် ထင်၏။ ထိုအခါ ဝ-အက္ခရာသည် အထက်နှိက်တည်လေသဖြင့် အသွင်မဖော်။ ထိုဟ-ဆွဲး,ယ-ပင့်,အရစ်မှတပါး က-စသော ကြွင်းသောအက္ခရာတို့နှင့်ယှဉ်မူ ကွဃ ဒွဃ စသည်ဖြင့် ဝ-အက္ခရာကို အောက်နှိက်ဆွဲးသည်သာဖြစ်၏။ ထိုထို့ဆွဲးရာနှိက် အသွင်ဖော်၏။ ထိုထို့ အသွင်ဖော်ခြင်းသည် ပင့်သောအရာများမှာ သရအဓိနှင့် စပ်လို၍ အသွင်ဖော်၏။ ထိုထို့ သရအဓိနှင့် စပ်လို၍ အသွင်ဖော်သည်မဟုတ်၊ သရအဓိနှင့် စပ်လိုသည်တမှံ ဟူ၍ ဃည်း အသွင် မဖော်မပြားသာ။ ထိုသို့ဃျက် ဝ-ဆွဲးသောအရာကို ဝ-အက္ခရာ၏ အသွင် ပီပြင်အောင် အဝန်းညီစွာသာ မရေး ဘဲး အထက်အတိုကို ချန်းစေ, ငယ်စေ၍ ငင်း၊ အောက်အထက် အတန်ငယ်ဃျား ရောင်, ရှည်ရောင်ပြု၍ ငင်း ရေးမှတ်ခြင်းသည် ဝ-အက္ခရာ၏ အသွင်မဟုတ်။ အဝန်း ညီစွာရေးလျှင် အောက်ကြောင်း အက္ခရာနှိက် တင်သော လုံးကြီးတင် အရေးနှင့် ဆွဲးရာခဲ့သောကြောင့် ဃည်းကောင်း၊ ဝဆွဲးမဟုတ် ယိုယွင်းကျန၍, ထည့်သဲ့သို့ ထင်ဘွယ် ရှိသောကြောင့် ဃည်းခကောင်း အတန်ငယ် ဃျားစေခြင်း အထက်အတို ချန်းစေ,ညွှန့်စေခြင်း ထိုအညွှန့်ဖြင့် ယှဉ်တက် ဗျည်းကို စပ်ထိစေ၍, ရေးလေသည် ဟူ၍, ယူသင့်၏။ ဝ-အက္ခရာဟူသော ဝေါဟာရ ဖြစ်ဟန်ကိုကား ပ-အက္ခရာ၌ ကဲ့သို့ နှလုံးသွင်းရာ၏။ ပြည့်ဝ,ညီဝန်းစွာ ရေးအပ်သည်ကိုလိုက်၍, ဝ-ဟူ၍ ဆိုသည် ယူသင့်၏။

၆၆-သ,အက္ခရာ၌ သင်္ကေန်နှင့်တကွ ဝေါဟာရကို ပြခြင်းအကြောင်း

သ-အက္ခရာ နှိက်ကား.....သံယုတ်ရှိ,မဲ့ မထူး။ ဥ-အက္ခရာကို ဆိုရာနှိက် ဆိုပြီး သည်နှင့် ဃျော်စွာ သ-ငယ်ဟူသည်သာ အထူးဖြစ်၏။ ရှေ့နောက်,အောက်အထက် ညီဝန်း၍, မရှက်မထွေး ခြားနားသိသာဃျင် သင့်တော့သည်။ ဝေါဟာရမူကား ယ-အက္ခရာမှာကဲ့သို့ ခေါ်ဝေါ်သော အသံမျှသာဟူ၍, ထည့်ကောင်း၊ ထိုအသံကို စွဲး၍, ထိုအမည်ဖြစ်၏ဟူ၍, ထည့်ကောင်း နှလုံးသွင်းရာ၏။

၆၇-ဟ,အက္ခရာ၌ သင်္ကေန်နှင့်တကွ ဝေါဟာကို ပြခြင်းအကြောင်း

ဟ-အက္ခရာနှိက်ထည့်.....သံယုတ်ဖြစ်ခါ အထက်နှိက်ထည့်ကောင်း၊ အောက် နှိက် ထည့်ကောင်း ယှဉ်ရာ၏။ ထိုတွင် အောက်နှိက်ယှဉ်သောအခါ အသွင်ဖော် ၏။ အချို့ကား အသွင်မဖော်။ ဟ-အက္ခရာ အသွင်ပီအောင် ဆွဲး၏။ အချို့ကား

အသွင်ဖောက်၏။ ထိုသို့ဖောက်သည်ကား နောက်အဓိသရန္ဒင့် စပ်သည်သာ မဟုတ် ဘဲးလျက် ဆွဲးလိုသော အက္ခရာ၏ အနောက်အတို့, အောက်အစွန်းမှ စပ်၍သာ ရှေ့သို့ညွတ်ကွေး၍. ရေးကုန်၏။ ထိုသို့ရေးရာ၌ သဘောအားဖြင့်ကား ဟ-အက္ခရာ၏ အသွင် မဝိပြင်လှသော်လည်း ဟ-၏ နောက်ထက်ဝက် အောက်သို့ကွေးညွတ်သော ကြောင့် အောက်သို့ ကွေးညွတ်သော အသွင်ကို တစိုးတစိမျှ နောက်အတို့၌ ထင်စေ၍. အောက်တူရွင်ပြိုးလျှင် ရှေ့သို့ကွေးညွတ်ပါမူကား- ဟ၏အသွင် စိုးဇဉ်း ထင်သောကြောင့် သဘောရှိ၏။ ထိုသို့သော်လည်း အရေးထွင်သည်တကြောင်း, သိသာ ပြီတကြောင်းဖြစ်၍. အထူးမဆိုသာသာကဲ့သို့ရှိ၏။ ဟ-တွင် ဝ-ဆွဲး, ယ-ပင့်,အရစ်-စသည်ဖြင့် ရှိသည်ကား ဟအက္ခရာဃည် အထက်နှိုက် တည်သည် ဖြစ်၍. အသွင် မဖောက်လေ။

ဟ-ဟူသော ဝေါဟာရဖြစ်ဟန်ကိုကား ယ-အက္ခရာနှိုက် ဆိုအပ်သကဲ့သို့ လည်း ကောင်း၊ ပ-ဝဂ်မှတပါး ခံထွင်းဟ၍. ဆိုအပ်သော အက္ခရာအပေါင်းတို့ထွင် ခံထွင်း ဟသောအသံ အထူးသဖြင့်ထင်သည်ဖြစ်၍ လည်းကောင်း ဟ-ဟူသော ဝေါဟာရ ဖြစ်၏ ဟူ၍. သော်လည်း ယူသင့်၏။ ။ဥကြိုးအက္ခရာ,အံ-ဟူသော နိဂ္ဂဟိတ်အက္ခရာ တို့၏ သင်္ကေတကိုကား အောက်နှိုက် ဆိုခဲ့ပြီ။ ဤအက္ခရာ အပေါင်းတို့ထွင် ရိ,ရီ, လိုလို, ရှ, ရှရ, ဇိဂ္ဂာမူလီယ, ဥပဓ္မာနီယ, ဝိသဇ္ဇနီ-တို့သည် လည်းကောင်း၊ မုဒ္ဓဇ ဖြစ်သော ဋဝဂ်၊ ရ,ဥကြိုးအက္ခရာတို့သည် လည်းကောင်း မြမ္ဘာမှုနှိုက် အသုံးအစွဲးမထင်။ ထိုသို့သော်လည်း အရာရောက်ခါ သတိရှိပါစေခြင်းငှာ လည်းကောင်း သရုပ် အား ဖြင့်မကုန်,မစုံလေရှိအံ့စိုးသောကြောင့် လည်းကောင်း သရုပ်စေ့ဆိုထိုက်သည်။ ယုတ္တိကိုဆင်ခြင်၍. နှလုံးထားရာ၏။

ဤရွေ့ကား ထူပြန်းတို့အား သတိရှိစေခြင်းငှာ အက္ခရာတို့၏. လက္ခဏာတို့ကို ဆိုပေအံ့ ဟူသော ဝန်ခံစကားနှင့်အညီ၊ အက္ခရာတို့၏. ဌာန်,ကရိုက်း,ပယတ်,ရွှတ်အပ်သော ကာလ အပိုင်းအခြား,ဖြစ်ကြောင်း,ဖြစ်ဟန်,အသွင်,အမည်-တို့ကိုစိစစ်၍. ဆိုသည်ကား ပြီးပြည့်စုံပြီ။

၆၈-သရအန္တတို့တွင် အ-ကာရန္တကို ဝေါဟာရနှင့် အကျယ်ပြခြင်းအကြောင်း

ယခုအခါကား အောက်နှိုက်ဆိုအပ်သော သရအန္တ,ဗျဉ္ဇနအန္တတို့ထွင် သရအန္တကို သက်သက် သရအန္တ၊ ဗျည်းနှင့်စပ်သော သရအန္တဟူ၍. ခွဲးခဲ့သည်နှင့် ထွေ်စွာ သက်သက်သော သရအန္တကို ရှေးဦးစွာ ဆိုအံ့။ ထို သက်သက်သော သရအန္တ၌

ထည်း သက်သက်သော မြန္မာဘာသာ, မာဂဓ-စသော ဘာသာတပါးနှင့် ရောသော ဘာသာဟူ၍. ၂-ပါးပြား၏။ ထို ၂-ပါးတို့ထဲ၌ သက်သက်သော မြန္မာဘာသာကို အရင်းတည်၍. ဆိုခဲ့ပြီးသော အန္တိုကို အစဉ်အားထျော်စွာ-"မိဆ်း သည် အစွတ်အခြောက်မရွေး အနှံ့ရှာ၏သို့" ပဇ္ဇုန္နဂတိကနည်း။ ။"မြွေသည် အစဉ်အတိုင်းသွား၏သို့" ယထာနုပုဗ္ဗိကနည်း။ ။"လှေ့,လှည်းတို့သည် အစဉ် အတိုင်းသွား၏သို့" နာဝါသကဋ္ဌနည်း - အားဖြင့် အခဲအလွယ်မဟူ ညက်သက်သမျှ အရ အဓိပ္ပါယ်ကို ဖော်ပြထျက် အညွှန်းအပြသာရာ သတ္တိရှိသမျှသွတ်သွင်း၍. ဆိုအံ့သည်။ ။အ-ဟူသော သက်သက်သော အကာရန္တကား.....သမ္မုတိဖြစ်သော အ, ဟူသော ဝဏ္ဏကိုရည်၍.-

"အ-နှောင်း အာ-ကြေ ရကပ်လေ" ဆိုသောအရာကဲ့သို့၊ အဟူ၍. ဆိုသော ဝေါဟာရတရပ်"ဟခွန်းမဟ၊ အ-တိသောလား" ဟူ၍. လည်းကောင်း၊ "မဝိမသ အ-တလူလူ"ဟူ၍. လည်းကောင်း, ဆိုသောအရာနှိုက်ကဲ့သို့ ဆွန့်အသည် ဆိုသော ဝေါဟာရတရပ် ဤမျှသာ အကာရန္တ ရှိသည်ထင်၏။

ထိုတွင် အ-အက္ခရာကို အ-ဟူ၍. ဆိုသည်ကား အောက်နှိုက် ယအက္ခရာမှာ ဆိုအပ်သကဲ့သို့ ရဒ္ဓိအားဖြင့် သမုတ်အပ်သော တလုံးသော ဝဏ္ဏ၏ အမည်သည်ဟူ၍. လည်းကောင်း၊ ရွတ်ဆံမျှသာ ထိုအဆံဖြင့်ရွတ်ကောင်းသော ဝဏ္ဏ၏ အသွင်ကိုမှတ်၍. ပြကာမျှသာဖြစ်၍. အ-၏အရ အနက်အဓိပ္ပါယ် အထူးမရှိဟူ၍. လည်းကောင်း နှလုံးသွင်းရာ၏။ ။ဆွန့်အသည်ဟူရာနှိုက် အ-၏ အရကားဆိတ်တိတ်၏, စဲးညံ့၏, တိမ်းအောင်း၏-ဟူသော အနက်သဘောတည်း။ ထိုကြောင့်'အ၏'ဟူလျင် အသံမထွက်, ဆိတ်တိတ်သည့်,စဲးညံ့သည့်,တိမ်းအောင်းသည်ပင်ဖြစ်၏။ အသံထွက်ထျက် မဝိကာမျှကို အ-၏ ဆိုရာနှိုက်လည်း ထိုအပ်သော သဘောအနက် တိတ်ဆိတ်,စဲးညံ့, တိမ်းအောင်းသည်ပင် ဖြစ်၏။ ထိုအပ်သော သဘောအနက် မိမိ၏ နှလုံးနှိုက်ရှိထျက်ပင် သူတပါး၏နားနှလုံးသို့ကူးရောက်အောင် မဝိလသော်၊ ထိုထို အပ်သော သဘောအနက်သည် မိမိ၏ နှလုံးနှိုက်သာ တည်၍. သူတပါး၏ နားနှလုံးသို့မရောက်သဖြင့် မိမိ၏စိတ်နှိုက် ထိုသဘောအနက်တည်၍. တိတ်ဆိတ်,စဲးညံ့, တိမ်းအောင်းလေသည် ဖြစ်၍. တိတ်ဆိတ်, စဲးညံ့, တိမ်းအောင်း၏ ဟူသည်လည်း မရှိထျင်းသည်ကို မဆိုရှိသော်သဘောသည် ရှိမြဲတွင်သာတိတ်လေ,ဆိတ်လေသည်၊ စဲးညံ့လေသည်၊ တိမ်းပွေလေသည်၊ အောင်းလေသည်ဟု ဆိုထိုသည်။

---

၁ ကိုး * ၃၄။

ထိုကြောင့် အဓ္ဓါ,ဟူဣဝ် ထိုအဝ်သော သဒ္ဒော မရှိဣုင်းသည် မဟုတ်။ သူတပါး သိစေလိုသည်နှင့် အညီ ဆူတပါး မသိရသဖြင့် မိမိကိုယ်နှိုက်သာ တည်ဣုက်၊ စဲးညံ့, တိတ်ဆိတ်သည်သာ ဟူ၍, နှလုံးသွင်းရာ၏။ ။ခဝ်သိမ်းသော ဝေါဟာရနှိုက် ခေါ်ဝေါ်ပညတ်ခြင်းသည်ကား-

တစုံတခုပညတ်၏ တည်ရာဝတ္ထုခြဒ်ကို အကြောင်းမဲ့ဘဲး ခေါ်ဝေါ်ရံမှု ပညတ်သော ဝေါဟာရမျှဣည်း ရှိသည်။

တစုံတခု အဖြူအညိုစသော ဂုဏ်အနက်မျှကိုခေါ်ဝေါ်သော ဝေါဟာရ။
ထိုဂုဏ်၏ တည်ရာဝတ္ထုခြဒ်ကို ခေါ်ဝေါ်သော ဝေါဟာရ။
သွားခြင်း, စားခြင်း, စသော ကြိယာ အနက်မျှကို ခေါ်ဝေါ်သော ဝေါဟာရ၊

ထိုကြိယာ၏ တည်ရာကြိယာဝန်ခြဒ်ကိုခေါ်ဝေါ်သောဝေါဟာရဣည်း ရှိသည်။

တည်ရာ, အထည်,ဝတ္ထုခြဒ်မရှိဘဲးလျက် အခေါ်အဝေါ်အသံမျှသာရှိ၍, ထိုအသံကို စောင့်ခြင်းငှာ အသွင်သဏ္ဌာန်မှတ်၍, ခြဒ်ဝတ္ထုကို စီရင်ဩဋ္ဌာင်ထိုခြဒ်ကို ထိုစောင့်လိုသော အသံဖြင့် ခေါ်ဝေါ်ကာမျှသော ဝေါဟာရ။

ရှိဣင့်သော ဝတ္ထုခြဒ်နှိုက် ထင်သော အသံမျှကိုစွဲး၍, ထိုအသံဖြင့်သာ ထိုဝတ္ထုခြဒ်ကို ခေါ်ဝေါ်သော ဝေါဟာရ၊ ပြေဖြစ်ရံမှု တက်ဆိုသော ဝေါဟာရ၊ ဤသို့စသည်ဖြင့် စိတ်စိတ်ဖြာဖြာ သဘောရင်းကို ဆင်ခြင်၍, နှလုံးသွင်းရာ၏။ ထိုတွင်....

ပညတ်၏ တည်ရာဝတ္ထုကို အကြောင်းမဲ့ဘဲး ခေါ်ဝေါ်ရံမှု ပညတ်သော ဝေါဟာရ, ဟူသည်ကား ...ကွမ်း,ဟူသော နွယ်ပင်ကို ကွမ်းစသည်ဖြင့် ခေါ်ဝေါ်ရာနှိုက် စားခြင်း, သွားခြင်း ဟူသကဲ့သို့၊ ကွမ်းခြင်းဟူ၍, ကြိယာအနက် ဝေါဟာရသည် မြမ္မာမှုနှိုက်မထင်။ ဖြူ၏, ညို၏ဟူသကဲ့သို့၊ ကွမ်း၏ဟူသော ဂုဏ်အနက် ဝေါဟာရဣည်း မထင်။ ထိုနွယ်ဝတ္ထုခြဒ်ကို ခေါ်ဝေါ်လွယ်ရံမှု ပညတ်သည်သာ ဖြစ်၏။

အဖြူအညိုစသောဂုဏ်အနက်မျှကို ခေါ်ဝေါ်သော ဝေါဟာရကား....ဖြူသည်, ညိုသည်၊ ဖြူကုန်သည်,ညိုကုန်သည်၊ ဖြူသဖြင့်,ညိုသဖြင့်ဟူ၍, ကေဝုစ်, ဗဟုဝုစ်အနက် ထင်စေလျက် ဂုဏ်ဟူသောအနက်မျှကို ခေါ်ဝေါ်ခြင်းဝေါဟာရဖြစ်သတည်း။ ဤဂုဏ်

သဘောမျက်နှာ ခေါ်ဝေါ်ရာ၌ ဝိသေသနအဖြစ်ဖြင့်သာ ခြင်္ဂါဆို့လည်းကောင်း၊ ကြိယာဆို့လည်းကောင်းရောက်၏။ ။ကတ္တား,ကံ-စသော တပါးသော အဖြစ်ဖြင့် မရောက်ကောင်း၊ မရောက်ကောင်းဟန်ကား အဖြေသည် လိုအပ်၏ဟူ၍ ဝုတ္တ,အဝုတ္တကတ္တား အဖြစ် ရှိသင့်သော်လည်း ဖြေသောဝတ္ထုသည်ဖြစ်၏။ဖြေသောဝတ္ထုသည် လိုအပ်၏ဟူ၍ ဝတ္ထုခြင်္ဂါဆို့လည်းကောင်း၊ ဖြေသော အဖြစ်သည်ဖြစ်၏။ဖြေသောအဖြစ်သည် လိုအပ်၏ဟူ၍ ဖြစ်ခြင်း ကြိယာဆို့လည်းကောင်း ဝိသေသနအဖြစ်သာ ကေန္တအားဖြင့် ရောက်ကောင်းသည်။ အဖြေကိုယူ၏၊အဖြေကိုယူအပ်၏ဟူ၍ ဝုတ္တကံ,အဝုတ္တကံဖြစ်သင့်ရာရှိက်လည်း ဖြေသောဝတ္ထုကို အရပ်ကို,ကာလကို,အဆင်းကို,အဖြစ်ကိုဟူ၍ ဝိသေသနအဖြစ်သာ ရောက်ကောင်းအံ့သည်။

အဖြေဖြင့်, ဖြေခြင်းငှာ, အဖြေမှ, အဖြေ၌-စသည်ဖြင့် ကရိုက်း, သမ္ပဒါန်, အပါဒါန်, ဩကာသဖြစ်သင့်ရာ၌လည်း ဖြေသောဝတ္ထုဖြင့်,အရပ်ဖြင့်,ကာလဖြင့်,အဖြစ်ဖြင့်ဟူ၍ လည်းကောင်း၊ ဖြေသော ဖြေခြင်းငှာ၊ ဖြေသောဝတ္ထုမှ, အဖြစ်မှ၊ ဝတ္ထုန်ိုက်,အဖြစ်န်ိုက်ဟူ၍ ဝိသေသန အဖြစ်သာ ရောက်အံ့သည်။

အဖြေ၏,အဖြေနှင့်, အဖြေကြောင့်, အဖြေတို့ထွင်ဟူသော အကာရက အနက်တို့န်ိုက်လည်း ဖြေသောဝတ္ထု၏၊ ဖြေသောဝတ္ထုနှင့်၊ ဖြေသောအဖြစ်နှင့် စသည်ဖြင့် ဝိသေသန အဖြစ်သာ ရောက်ရာသည်။

အိုအဖြေ,ဖြေလသော်ဟူသော အာလုပ်အနက်,ထက္ခဏအနက် ဖြစ်သင့်သော်လည်း အိုဖြေသောဝတ္ထု၊ အိုဖြေသောအဖြစ် စသည်ဖြင့်လည်းကောင်း ဖြေသောအဆင်းဖြစ်လသော် အရပ်အခါ ဖြစ်လသော် စသည်ဖြင့်လည်းကောင်း ဝိသေသန အဖြစ်သာ ရသင့်၏။

အစ္စန္တသံယောဂ တမူကား အဒ္ဓါ, ကာလမဟုတ်သောကြောင့် ဖြေသောကာလ ပတ်လုံး,ဖြေသောအရပ်တိုင်တိုင်ဟူ၍ ကာလန်ိုက်လည်းကောင်း၊ အရပ်န်ိုက်လည်းကောင်း ဂုဏ်၏အဖြစ် ဝိသေသန၏အဖြစ်သာ ရောက်အံ့သည်။ ဤသို့သောအရာများကိုထောက်၍ ဂုဏ်သဘောမျက်နှာ ဆိုသော ဝေါဟာရသည် ကေန္တအားဖြင့် ကတ္တား,ကံ-စသည်မဖြစ် ဝိသေသန အဖြစ်ဖြင့်သာ ခြင်္ဂါဆို့လည်းကောင်း ကြိယာဆို့လည်းကောင်း ရောက်သင့်သည်၊ ထိုဂုဏ်ဟူသောအနက်မျက်နှာကို ဆိုလိုသောအရာန်ိုက် အဖြေအညီစသည်ဖြင့် သက်သက်လိုက်ထွာသည်လည်းကောင်း ဖြေသော,ညီသောဟူ၍, ဝိသေသနထွာသည်ငင်း ဖြစ်ရာသည်သာဖြစ်၏။

ဖြူ၏,ညို၏,ဖြူဆဲ,ညိုဆဲဟူ၍. ပစ္စုပ္ပန်ကာလ၊ဖြူလေ့ရှိ ညိုလေ့ရှိစသည်ဖြင့် အတိတ် ဖြူထတ္တံ့, ညိုထတ္တံ့စသည်ဖြင့် အနာဂတ်ဟူသော ကာလသုံးပါးဖြင့်မှတ်၍. ဖြူ၏, ဖြူကုန်၏စသည်ဖြင့် ကောဝုစ်,ဗဟုဝုစ်ကိုလည်း ထင်စေလျက်၊ ကြိယာ အနက်ကဲ့သို့ ခေါ်ဝေါ်သောအရာနှိုက်လည်း ဖြစ်သော ဖြစ်ခြင်းသည် ဖြစ်ဆဲ,ဖြစ်ဖြီး, ဖြစ်ထတ္တံ့, ဖြစ်ကုန်ဆဲ,ဖြစ်ကုန်ဖြီး, ဖြစ်ကုန်ထတ္တံ့ဟူ၍. ဖြူ၏ဟူသော ဂုဏ်ပုဒ်သည် ဖြူခြင်းဟူသော ကြိယာနှိုက် ဖြူသောဖြစ်ခြင်းဟူ၍. ဝိသေသန အဖြစ်သာ ရောက်ရာသည်။ ကြိယာအဖြစ်သို့ မရောက်နိုင်။ ဤသို့ဖျင် ဂုဏ်ပုဒ်သည် ဝိသေသနအဖြစ်မှတပါး၊ ကာရကအဖြစ်,ကြိယာအဖြစ်သို့ ကေန္တအားဖြင့် မရောက်နိုင်။ အဘယ့်ကြောင့်နည်း ဟူမူကား ကြိယာကိုဖြီးစေတတ်သော သတ္တိကင်း၍. ကာရကအဖြစ်သို့မရောက်နိုင်။

အကာရက ခြောက်ပါးတွင်လည်း အဖြူ၏ဟူသော သာဓိအနက်သည် ဣတ္ထိ,ပုရိသစသောခြေဒ်နှင့် ဆံ,သာဓိစသောသမ္ဗန် သဘောမဖြစ်နိုင်။ ဂုဏသမ္ဗန်ဟူသော်လည်း "ဂုဏာနံအာဓရော"စသည်ဖြင့် ဂုဏသဒ္ဒါနှင့်သာ သမ္ဗန်ဖြစ်သည်။ ဂုဏ်၏အရဖြစ်သော နီထ,ဝိတ-စသည်တို့နှင့် သမ္ဗန်မဖြစ်၊ ဂုဏသမ္ဗန်နှိုက်ကား ဘုရား၏ဂုဏ်ဟူ၍. ဘုရားခြေဒ်သာ သမ္ဗန်ဖြစ်သည်။ အဖြူ၏အဖြစ်,ဟူ၍. သမ္ဗန်အနက်ဖြစ်သင့်သော်လည်း ဖြူသောဖြစ်ခြင်း, ဖြူသောအဖြစ်ဟူ၍. ဝိသေသနလက္ခဏာသာရှိသည်။ သဘောအားဖြင့် သမ္ဗန်ထက္ခဏာမဖြစ်နိုင်။ အဘယ့်ကြောင့်နည်း ဟူမူကား စပ်ခြင်းကြိယာကိုဖြီးစေနိုင်သော သမ္ဗန္ဓီခြေဒ်နှစ်ခုမရသော၊ အဖြူ၏ဟူသောဝုဒ်၏အရတခြား၊ အဖြစ်ဟူသောဝုဒ်၏ အရတခြား မဖြစ်သာ, ဖြူသောဖြစ်ခြင်းဟူ၍. ဖြစ်ခြင်းကြိယာ၏ အဖြူဟူသော ဂုဏ်ပုဒ်ဝိသေသနမျှသာ ဖြစ်နိုင်အံ့သည်။ ထိုကြောင့် ဂုဏ်သဘောမျှသာဖြစ်သော အနက်သမ္ဗန္ဓီခြေဒ် မဖြစ်နိုင်။

အာလုပ်အနက်လည်း ထင်ရှားရှိသော ဝတ္ထုမဟုတ်သည်ဖြစ်၍. ဆိုခဲ့ပြီးသော အတိုင်း ဝတ္ထုအဖြစ် စသည်ဖြင့် ခြေဒ်ဝတ္ထုနှိုက် လည်းကောင်း ကြိယာနှိုက်လည်းကောင်း ဝိသေသန အဖြစ်မျှသော်လည်း ကေန္တအားဖြင့် မရောက်။

လက္ခဏ အနက်နှိုက်လည်း ရွှေကြိယာ, နောက်ကြိယာနှစ်ပါးရ၍. နောက်ကြိယာဖြင့် ရွှေကြိယာကို မှတ်သော်သာ လက္ခဏ အနက်ဖြစ်သင့်သည်။ အဖြူစသော အနက်ကား ကြိယာစသော အနက်မဟုတ်။ ဂုဏ်သဘောသာ ဖြစ်၍. လက္ခဏ အနက်နှိုက်လည်း မဖြစ်နိုင်။

နိဒ္ဓါရဏ အနက် နှိုက်လည်း အပေါင်း, အစိတ်.ထုတ်ခြင်း မဖြစ်သာ အဖြူတို့ တွင်ဟူ၍. နိဒ္ဓါရဏ အနက် ဖြစ်သင့် သော်လည်း အဖြူဟူသောဂုဏ်၏ တည်ရာ

ဝတ္ထုအများကိုရှု၍ နိဗ္ဗါရဏ အနက်ဖြစ်သင့်ထေသည်။ ကဏ္ဍာ ဟူသော နိဗ္ဗါရဏကို ယ ပုဒ်နှိုက်ထည်း နက်သော ဂုဏ်ကို မထို။ နက်သော ဂုဏ်၏တည်ရာ နွားခြေ်ကို သာထိုရင်း။ နက်သောဂုဏ်ကား နိဗ္ဗါရဏဟေတု အဖြစ်ဖြင့် နက်သော နွားမဟူ၍ ဝိသေသန သာဖြစ်နိုင်ထေသည်။

ဟိတ်အနက်နှိုက်ထည်း အဖြူကြောင့်ဟူ၍ ဟိတ်အနက် ဖြစ်သင့် သော်ထည်း ဖြူသောဝတ္ထုကြောင့် အဆင်း,အရုဝ်,အသွင်,အပြင် အဖြစ်ကြောင့်ဟူ၍ စွဲးထမ်းရာ ဝတ္ထုနှိုက် ဝိသေသန အဖြစ်သာ ရောက်နိုင်အံ့သည်။

အစွန်ဆံထောဂ အနက်နှိုက်ကား ဆိုခဲ့တိုင်း အဒ္ဓါ, ကာထ အနက် မဟုတ်။ ဖြူသောဂုဏ် စသော အနက်သာဖြစ်၍, ဖြူသောကာထ, ဖြူသောအရပ်ဟူ၍ ဝိသေသန အဖြစ်သာ ရောက်နိုင် ထေသည်။ ထိုကြောင့် ဂုဏ်သဘောမျက်ို ခေါ်ဝေါ် ရာနှိုက် ခြေ်ဝတ္ထုသို့ ဝိသေသန အဖြစ်သာ ရောက်နိုင်သတည်း။ ဥဏ်သက်သမျ ဆိုထိုက်သည် ယုတ္တိကိုဆင်ခြင်ပါ။ ဤသို့ထျင် ဂုဏ်သဘောရင်းကို ခေါ်ဝေါ်သော ဝေါဟာရထည်း ရှိသတည်း။

အဖြူ, အညို စသော ဂုဏ်၏ တည်ရာခြေ်ကို ပညတ်သော ဝေါဟာရဟူသည် ကား....ဖြူသော, ညိုသော အဆင်း၏ တည်ရာ ထူခြေ်ကို ငဖြူ, ငညို, မိဖြူ, မိညို စသည်ဖြင့် ပညတ်ခြင်းသည် ဂုဏ်ဟူသော သဘောကို စွဲး၍ တည်ရာ ဝတ္ထုကို ခေါ်ဝေါ်သော ဝေါဟာရတည်း။ မဖြူမညိုဘဲးထျက် ခေါ်ဝေါ်ထမူကား ရဉီ၊ ဖြူသည်,ညိုသည် စင်စစ်နှိုက်ကား အန္တတ္ထ ဟူ၍ ထည်း နှထုံးသွင်းရာ၏။ ။ရှည်ခြင်း, တိုခြင်း, ကြီးခြင်း, ငယ်ခြင်း, ယုတ်ခြင်း, မြတ်ခြင်း, တိုးခြင်း, ဆုတ်ခြင်း စသည်ပင် ပဋိပက္ခ ရကောင်းသော ဟခုမ္မထောက်၍, တခုအမည်ရသော အခိုက်အတန့်ကိုစွဲး၍ ခေါ်ဝေါ်သော ဝေါဟာတို့သည်ထည်း အဝတ္ထာသဒ္ဒါဖြစ်၍, အဖြူ,အနီ စသော ဂုဏ်သဘောမှာကဲ့သို့, ထိုသဘောကိုထည်းကောင်း ထိုသဘော၏ တည်ရာ ဝတ္ထုကို အရှည်, အတိုစသည်ဖြင့် ပညတ်ခြင်းဖြစ်၏။ ။ဖြူခြင်း,ညိုခြင်း, တိုခြင်း, ရှည်ခြင်းတို့သည် ဖြူသောဂုဏ်, ညိုသောဂုဏ်, တိုသောဂုဏ်, ရှည်သောဂုဏ် ဟူ၍, ဂုဏ်ပုဒ်ချည်းအတူတူဖြစ်၍, အဝတ္ထာဟူသော သဒ္ဒါအထူးမရှိသကဲ့သို့ ဖြစ်၏။ အဖြူမ ထောက်၍, အညို၊ အညိုမှ ထောက်၍, အဖြူ၊ အတိုမှ ထောက်၍,အရှည်၊ အရှည်မှ ထောက်၍, အတိုဟူ၍, အခိုက်အတန့် အဝတ္ထာသဒ္ဒါချည်း ဖြစ်၍, ဂုဏသဒ္ဒါ ဟူ၍, ထည်း အထူးမရှိသကဲ့သို့ဖြစ်၏။ ထိုသို့တမူကား အထူးမရှိဟူ၍, မယူသင့်။ အဘယ့်ကြောင့်နည်း ဟူမူကား။ ဂုဏသဒ္ဒနာမ်, အဝတ္ထသဒ္ဒနာမ်ဟူ၍, သဒ္ဒနာမ်ဆယ်ပါး

၏ သရုပ်တွင် အထူးပြသောကြောင့် ထူးအောင် ယူရာ၏။ အကယ်၍ မထူးသည် စင်စစ်ဖြစ်ဘိမူ၊ သနဒ္ဒာမ်ဆယ်ပါးဟူ၍ ဆရာတို့ အဓိန္ဓမရှိရာ။ ဤထူးဟန်ကို စွမ်းသမျှ ဆိုလိုက်ဦးအံ့။

ပယောဂ ဝန္တသဒ္ဒနာမ်, ဝစနသဒ္ဒနာမ်, ဂုဏသဒ္ဒနာမ်, ပုဋ္ဌာသဒ္ဒနာမ်, ပမာဏ သဒ္ဒနာမ်, သဒ္ဒသဒ္ဒနာမ်, ဒိသာသဒ္ဒနာမ်, အဝတ္ထာ သဒ္ဒနာမ်, သင်္ခ်ာ သဒ္ဒနာမ်, ကာလ သဒ္ဒနာမ်-ဟူသော ဆယ်ပါးတို့တွင်။ ။ပယောဂဝန္တ သဒ္ဒနာမ်သည် ပယောဂဝန္တအား ဖြင့် တည်ရာဝတ္ထုနှင့်မကင်းရာ။ ထို့အတူ ဝစနသဒ္ဒနာမ် စသည်တို့၌လည်း စွဲသမ်းရာဝတ္ထုနှင့် မကင်းရာသောကြောင့်, ဝိသေသန,ဝိသေသ ဖြစ်ကြအံ့သည်။ စွဲးသမ်းရာနှင့် မကင်းဟန်ကား.....ယ,တ-ဟူသော ပယောဂ ဝန္တပုဒ်သည် သဒ္ဒနာမ်ပုဒ်၏ စွဲးသမ်းရာ ဇာတ်ထို, ပုရိသစသော ဝတ္ထုနှင့် မကင်းရာ။ ယောပုရိသော, ယာဇာတ်ထိစသည်ဖြင့် ဝိသေသန, ဝိသေသ်ထည်းဖြစ်အံ့သည်။

ဝစနသဒ္ဒနာမ်၌လည်း တုမှေသာဓေါ, စသည်ဖြင့် သာဓေါဟူသောစွဲးသမ်း ရာနှင့် မကင်းရာ ဝိသေသန, ဝိသေသ ဖြစ်ကြအံ့သည်။ ၌ တုမှေသာဓေါစသည် နိုက်ကား နိထုပ်လ သဒ္ဒါနိုက် ညိုသောကြော ဟူ၍ လည်းကောင်း, ကြောဖြစ်သော အညို ဟူ၍ လည်းကောင်း, ဝိသေသန, ဝိသေသ ဖြစ်ပြန် ကောင်းသကဲ့သို့၊ "သင် ဖြစ်သော သူကောင်း" ဟူ၍ လည်းကောင်း၊ "သူတော်ကောင်း ဖြစ်သော သင်" ဟူ၍ လည်းကောင်း ပြန်ကောင်း၏။

ဂုဏသဒ္ဒနာမ်၌ကား နိထုပ်လ စသည်ဖြင့် ခြွင်မကင်းဟန် ဝိသေသန, ဝိသေသ ဖြစ်ဟန်သိသာပြီ။ ။ပုဋ္ဌာသဒ္ဒနာမ်၌လည်း ကတရောပုရိသော၊ ကတရာဇာတ်ထို စသည် ဖြင့် စွဲးသမ်းရာမကင်း ဝိသေသန, ဝိသေသ်ဖြစ်ကြ၏။ ။ပမာဏ သဒ္ဒနာမ်၌လည်း အပ္ပဆဝဏ်၊ ထောကံကာလံ စသည်ဖြင့် ဆားဟူသောစွဲးရာ အခါဟူသော စွဲးရာ မကင်းသင့်။ ။သဒ္ဒသဒ္ဒနာ၌လည်း ဇာတရော ပုရိသော၊ ဇာတရာဇာတ်ထို စသည်ဖြင့် လူဟူသော စွဲးရာဝတ္ထုနှင့်မကင်း။ ။ဒိသာသဒ္ဒနာမ်၌လည်း ဒက္ခိဏာဒိသာ၊ ပုဗ္ဗာ ဒိသာ စသည်ဖြင့် အရပ်ဟူသော စွဲးရာဝတ္ထုနှင့် မကင်းရာ။ ။အဝတ္ထာ သဒ္ဒနာမ်၌ လည်း ဒိဈာ သံသာရော၊ ဒိဈာရတ္တိ၊ ဒိဈံယောဇနံ စသည်ဖြင့် သံသရာ, ည၌, ယူဇနာ, အခွန်ဟူသော စွဲးသမ်းရာမကင်းရာ။ ။သင်္ခ်ာသဒ္ဒနာမ်၌လည်း ဒွေဇာတ်ထို ဒွေပုရိသာ စသည်ဖြင့် ယောက်ျား,မိန်းမ စသော ခြွင်နှင့်မကင်း။ ။ကာလသဒ္ဒနာမ် ၌လည်း အတီတောကာလော စသည်ဖြင့် ကာလဟူသောစွဲးရာနှင့် မကင်း။ ထိုစွဲးရာ ပုဒ်နှင့် တူဏာဓိကရဏ ဝိသေသန, ဝိသေသ်ထည်း ဖြစ်ကြအံ့သည်။

ထိုသို့ တုလျာဓိကရဏဝိသေသနဖြစ်သောအခါ စွဲးရာတည်ရာဖြစ်သော ဝိသေသျ ပုဒ်၏ ဂုဏ်ပုဒ်ချည်းမည်ကုန်၏။ မည်ဟန်ကို ထင်သောပုဒ်တွင် ဆိုအံ့။ ။ပမာဏ သဒ္ဒနာမ်၌ အပ်-နည်းသော။ ထဝဏ်-ဆား။ ဗဟု-များသော။ ထဝဏ်-ဆား။ ဤသို့ ထျင် ဆား၏ နည်းသောအဖြစ်,များသောအဖြစ်သည် ဂုဏ်မည်သတည်း။ ထို့ကြောင့် သာမညအားဖြင့် သဒ္ဒနာမ် ၁၀-ပါးလုံးသည် ဂုဏ်ချည်းဖြစ်သင့်သော်ထည်း ရှည်ခြင်း, တိုခြင်း စသည်ဖြင့် ပဋိပက္ခ အနက်ရှိသော ဝေါဟာရသဒ္ဒါ ၂-ပါးရှိရာ၌က် အဝတ္ထာသဒ္ဒါဟူ၍. သိအပ်၏။ အရှည်၏ပဋိပက္ခ အတို၊ အတို၏ ပဋိပက္ခ အရှည်ဟူ၍. ပဋိပက္ခဖြစ်သော ၂-ပါးသော ဝေါဟာရတို့သည် အချင်းချင်း တခုမှ လွတ်သော် တခုသော ဝေါဟာရဖြစ်၏။ ညိုသည်, မညိုသည်။ ဖြူသည်, မဖြူသည်တို့၌က် ပဋိသေဓ အနက်ရှိသော မ-အက္ခရာဖြင့် မြစ်ရ၏သို့ မ-အက္ခရာဖြင့်မမြစ်ရ။ သဘော အားဖြင့် တို၏-ဟူထျင် မရှည်-ဟူသောအနက်၊ ရှည်၏-ဟူထျင် မတို-ဟူသော အနက်ပြီးလင့်၏။ ထိုသို့ပြီးလင့်ခြင်းသည်ထည်း ပဋိပက္ခဖြစ်သော ဝေါဟာရ ၂-ခု ရှိရာ၌က်သာ ပြီးသင့်၏။ ပဋိပက္ခဖြစ်သော ဝေါဟာရ ၂-ပါးမရှိ၊ တပါးတည်းသာ ထည်းကောင်း ၂-ပါးမကသော် လည်းကောင်း ဖြစ်ရာ၌က်ကား ပဋိသေဓ အနက် ရှိသော မ-အက္ခရာဖြင့် မြစ်သည်ဖြစ်၏။ ။ဖြူ၏-ဟူထျင် မညို-ဟူသော အနက်သာ မပြီးမူ၍၊ မနီ,မဝါ,မစိမ်း,မပြာ-ဟူ၍. မဖြူသည်မှတပါး အနက် ၄-ပါးလုံးပြီးရာ ခဲ့သောကြောင့် အထျင်းရှိ၏။ ညို၏-ဟူရာ၌က်ထည်း ဤနည်းအတူ မဖြူ-ဟူသည်မှ တပါး၊ မနီ, မဝါ-စသော အနက် ၄-ပါးလုံး ပြီးထင့်၍. အထျင်းရှိသင့်၏။ မဖြူ-ဟူရာ၌က်ထည်း ညို၏-ဟူသောအနက်မျှသာ မပြီးလင့်။ နီ၏,ဝါ၏-စသော အနက် ၄-ပါး ထျင်းတွယ်ရှိ၏။ မညို-ဟူရာ၌က်ထည်း ဖြူ၏-ဟူ၍. သာ စကားမပြီး။ နီ၏, ဝါ၏-ဟူသော အထျင်းရှိ၏။ နီ၏, ဝါ၏, မနီမဝါ-စသည်တို့၌က်ထည်း ဤအတူ အထျင်းများစွာရှိသောကြောင့် မ-အက္ခရာဖြင့် မြစ်ရ၏။ ဤနည်းကိုမှီ၍. ၂-ပါးမက အထျင်းရှိရာ၌က် မ-အက္ခရာဖြင့် မြစ်ရာ၏။

ပဋိပက္ခ ဝေါဟာရ ၂-ပါး မရှိရာ၌က်ကား သိ၏, မြင်၏-ဟူသော အနက်ကို မသိ, မမြင်-ဟူ၍. မ-အက္ခရာဖြင့်မြစ်သော်သာ ပဋိပက္ခအနက်ဖြစ်သော ဝေါဟာရ ဖြစ်၏။ မ-အက္ခရာဖြင့် မမြစ်မူ၍. ပဋိပက္ခအနက် ရကောင်းသော ဝေါဟာရ ထျင်း တွယ်မရှိ။ ထိုကြောင့် ပဋိပက္ခဖြစ်သော ထျင်းတွယ် ဝေါဟာရ အနက်တခုမျှမရှိ။ သိ၏-ဟူသော အနက် ဝေါဟာရတခုသာရှိ၍. သိ၏-ဟူသောအနက်တခု၊ မသိ-ဟူသော အနက်ရှိသော ဝေါဟာရတခု၊ ဤသို့ ဝေါဟာရ ၂-ပါးမရှိဘဲ၊ တပါး တည်း ရှိရာ၌က်ထည်း မ-အက္ခရာဖြင့်သာ မြစ်ရထေသည်။ ဤသို့ မ-အက္ခရာဖြင့်

မြစ်မှ ပဋိပက္ခအနက်ရကောင်းသည်ကို ဒဇဝတ္ထာဟူ၍ မယူထိုက်။ ရှည်၏,တိုး၏,လေး၏,ပေါ့၏-စသည်ဖြင့် မ-အက္ခရာ မမြစ်ဘဲ ပဋိပက္ခ အနက် ရကောင်းရာရှိက်သာ အဝတ္ထာသဒ္ဒါဟူ၍ ယူသင့်၏။ "အဝတ္ထာ သဗ္ဗနာမံနာမ အဝတ္ထာ သဗ္ဗမေဝ ဥပါဒါယ ပဝတ္ထနတော ဂေါ ဗလိဗဒ္ဒနျာယေန" ဟူသော ဋီကာပါဠိ၏အဓိပ္ပါယ်ကို တခု တည်းသောနွားဖြစ်သည် အမိန့်ရည်ကို ဆုံးဆောင်သည်ကာလ ဝစ္ဆ၊ ဆုံးမလောက်မှု ဒမ္မ၊ တိုက်,ထွန့်,ကောင်း တိုက်ထွန်လောက်မှု ဗလိဗဒ္ဒ-ဟူ၍ အခိုက်အတန့်ဆိုထိုက်၍ ဆို၏ဆို တခုတည်းသော ဝတ္ထုသည် ရှည်သော အခိုက်အတန့် ဒီဃ,ထိုမှ ဖျော့ယွင်း ဆုတ်ယုတ်ပြန်သော် ရဿ,ထိုရဿမှ သာလွန်ပွားတက် ပြန်သော် ဒီဃဟူ၍ အခိုက်အတန့် အားဖြင့်သာ ဒီဃ,ရဿသဒ္ဒါဖြစ်၏ဟု ယူထွယ်ရှိ၏။ ထိုသို့ယူသော် သင့်အံ့သို့မရှိ။ အဘယ့်ကြောင့်နည်း ဟူမူကား နွားတခုတည်းသည် အမိသို့ ချဉ်းကပ်၍ နေတတ်သော အကြောင်းထူးကိုစွဲ၍သာ ငယ်သောကာလ ဝစ္ဆမည်သည်။ ထိုထက် အဘန်ကြီး၍ ဆုံးမလောက်သော အကြောင်းထူး ရောက်ပြန်၍ ဒမ္မမည်သည်။ ထိုထက်ကြီး၍ လူတို့ထုပ်ခွန်ထုပ်နက် စီးပွားကို ဆောင်နိုင်သော အကြောင်းထူး ဂုဏ်ထူးရှိပြန်သော ကာလ ဗလိဗဒ္ဒမည်သည်။ ဤနှိုက် နွားဖြစ်တခုတည်းကား ဟုတ်၏။ ကာလအားဖြင့် ဂုဏ်ထူး၏ အမည်ထူး ဖြစ်သည်။

၁၀-နှစ်ရွယ်လူသည် ပညာနည်းသောကြောင့်-မန္ဒ၊
၂၀-ရွယ်ကား မြူးထူးသောကြောင့်-ခိဋ္ဌ၊
၃၀-ရွယ်ကား အဆင်းကောင်းသောကြောင့်-ဝဏ္ဏ၊
၄၀-ရွယ်ကား ခွန်အားကြီးသောကြောင့်-ဗလ၊
၅၀-ရွယ်ကား သိမြင်နိုင်သောကြောင့်-ပညာ၊
၆၀-ရွယ်ကား အား,အဆင်း,ပညာ, ဖျော့နည်းသောကြောင့်-ဟာနိ၊
၇၀-ရွယ်ကား အရေအသား ထွန့်လိမ်သောကြောင့်-ပဋ္ဌရ၊ *
၈၀-ရွယ်ကား ကျောက်ကုန်းသောကြောင့်-ဝက်၊
၉၀-ရွယ်ကား တွေဝေတတ်သောကြောင့်-မောမူဟ၊
၁၀၀-ရွယ်ကား အိပ်ရာနှိုက် မြဲတတ်သောကြောင့်-သယန-

ဟူ၍ အစဉ်အတိုင်း အကြောင်းထူး၍ တယောက်တည်းသော လူသည်ပင် အမည်ထူး၏ဆို၊ ဝစ္ဆ,ဒမ္မ-စသည်တို့နှိုက်လည်း အကြောင်းထူး၍ အမည်ထူးသည်။

---

* ပဋ္ဌာရ။

ဤသို့ အကြောင်းဂုဏ်ထူး၍ ဝေါဟာရထူး သည်ကို မယူလို။ ဤသို့ ဂုဏ် အကြောင်းထူးသည်ကို ယူသည်ရှိသော်၊ တလုံးတည်းသော သစ်သီးသည် နှသည် အခိုက် စိမ်းသောအဆင်း,ရွှမ်းသည်ကာလ ဝါ၏, မှည့်သည်ကာလ နီ၏။ ဤသို့ အခိုက် အတန့်အား ဖြင့် အစိမ်း, အဝါ, အနီ-ဖြစ်သည်ကိုလည်း အဝတ္ထာဟူ၍ ယူ ရ လတ္တံ့။ ထို့ကြောင့် အကြောင်းဂုဏ်ထူး၍ အမည်ထူးဖြစ်သည်ကို ယူသဖြင့် သင့်အံ့သို့ မရှိ။ ယင်းသို့သော် "ဂေါဗလိဗဒ္ဒ ချာယေန" ဟူသော ဋီကာဆရာ၏ အလိုကို အဘယ်သို့ ယူရအံ့နည်း ဟူမူကား တိုတောဝတ္ထုသည် ထိုအောက် တိုသောဝတ္ထု နှင့်စံသော် အရှည် မည်၏။ ရှည်သောဝတ္ထုသည် ထို့ထက် ရှည်သော ဝတ္ထုနှင့် စံသော် အတိုမည်၏။ ဤသို့ မူလဝတ္ထုအောက် တိုသည်, မူလဝတ္ထုထက်ရှည်သည်နှင့် စံသော် ဝေါဟာရအထူးဖြစ်၏။ ထိုသို့ ဝေါဟာရ အထူးဖြစ်သည်ကား အခိုက် အတန့်ကိုစွဲ၍ နွားခြေတခုတည်းသာထျက် ဝစ္ဆ,ဒမ္မ-စသည်ဖြင့် အခိုက် အတန့် အားဖြင့် အမည်ထူးဖြစ်ဟန်ကို သိသာစေလို၍သာ ဝစ္ဆ,ဒမ္မ-စသော ဝေါဟာရ နည်းဖြစ်ဟန်ဖြင့်ညွှန်ပါသည်။ထိုဝစ္ဆ,ဒမ္မ-ဟူသည်ပင် အဝတ္ထာဖြစ်၍ ဆိုသည်မဟုတ်ဟု ယူသင့်၏။

ယင်းသို့ဤဘင် သဒ္ဒနာမ်ဆယ်ပါးလုံးသည် အရာအားဖြင့် ဂုဏ်ပုဒ်ချည်းဖြစ်သော်လည်း၊ အဝတ္ထာဖြစ်ခကာင်းသော အရာထူး၊ပယောဂဝန္ဓ, ဝစန, ပမာဏ-စသည် ဖြစ်ကောင်းသော အရာအထူး ရှိသောကြောင့် အဝတ္ထာဟူ၍ သဒ္ဒါထူး ရှိသည် မဟုတ်။ အရာထူးရှိ၍သာ သဒ္ဒနာမ် ဆယ်ပါးတွင် ဂုဏသဒ္ဒနာမ်, အဝတ္ထာ သဒ္ဒ နာမ်-ဟူ၍ ဆရာတို့ မိန့်တော်မူအပ်သတည်း။ညာဏ်လိုက်ဆိုသည်-ယုတ္တိကိုဆင်ခြင်ပါ။

သွားခြင်း,စားခြင်း-စသော ကြိယာအနက်မျက်ကို ခေါ်ဝေါ်သော ဝေါဟာရတို့ ကိုကား ဆွန့်အခြင်း ကြိယာကို ဆိုရာ၌ ထင်လတ္တံ့။

သွားခြင်း,စားခြင်းကြိယာအနက်ကို စွဲ၍ ထိုသဘော၏ တည်ရာဝတ္ထုကို ခေါ်ဝေါ်သော ဝေါဟာရ ဟူသည်ကား····ထမင်း, ဟင်း ချက်တတ်သောသူကို ထမင်းချက်,ဟင်းချက်၊ ခရီးသွားတတ်သောသူကို ခရီးသွား၊ ငှက်ကိုစောင့်တတ်, အသက်ကို စောင့်တတ်သော သူကို ငှက်စောင့်, အသက်စောင့်၊ သွားတတ်သော သူကို ဝေါဏ၊ အိပ်တတ်သောသူကိုမတိ သဟူ၍ ချက်ခြင်း,သွားခြင်း,စောင့်ခြင်း,စားခြင်း, အိပ်ခြင်း-ကြိယာအနက်ကိုစွဲ၍ ထိုကြိယာ၏တည်ရာဝတ္ထုကို ခေါ်ဝေါ်သော ဝေါဟာရဖြစ်သတည်း။

တည်ရာဝတ္ထု မရှိတဲ့ထျက် အခေါ်အဝေါ် အသံမျှသာရှိ၍၊ ထိုအသံကိုအသွင်ဖြင့် မှတ်ခြင်းငှာ သင်္ကေတ ဝတ္ထုဖြင်စီရင်၍, ထိုစီရင်သော ခြင်္အသွင်ကို ထိုစောင့်

ထိုသောအဆံဖြင့် ခေါ်ဝေါ်ကာမျှသောဝေါဟာရဟူသည်ကား....အ,အာ-စသော အက္ခရာတို့ကို အ,အာ-စသည်ဖြင့် ခေါ်ဝေါ်ခြင်းတည်း။ ထိုသို့ခေါ်ဝေါ်ခြင်းသည်ကား၊ အ,အာဟူသော ဝတ္ထုမရှိ။ အ,အာဟူသော အဆံမျှသော်ကား ရှိ၏။ထိုအ,အာဟူသော အဆံကို ရွတ်ထိုထသော်၊ ဣဤ-စသော အသွင်မှ တခြား၊အ၏အသွင်, အာ၏အသွင်, အရေးအမှတ်ဝတ္ထုဖြင့်ပြ၍, ထိုပြသော အသွင်သည်ထိုအဝ်သော် အ,အာ-စသောအဆံကို မကွယ်စေရ စောင့်သည်ဖြစ်၏။ထိုစောင့်သောအသွင်ကို ရှု၍, အ,အာ-စသည်ဖြင့် ရွတ်ဘတ်ရခြင်း, ခေါ်ဝေါ်ခြင်း ဖြစ်သတည်း။ ဣဤ-စသော ကြွင်းသောအက္ခရာတို့နှိုက်ထည်း ဤနည်းအတူ အဆံကိုမကွယ်စေရ။စောင့်ထိုသော ဌာ အက္ခရာအသွင် မရောမရှက်ရ အသီးအသီး ထား၍, မှတ်သည်။ ထိုမှတ်သော အသွင်ဖြင့် အထူးထူးသောအဆံတို့ကို စောင့်သည်ဖြစ်၍,မပျောက်မကွယ် ရွတ်ဘတ် ခေါ်ဝေါ်ရခြင်းဖြစ်၏ဟု နှလုံးသွင်းရာ၏။

ရှိထင့်သော တည်ရာဝတ္ထုဖြင့်နှိုက် ထင်သော အဆံမျှကိုစွဲး၍, ထိုအဆံဖြင့် အဆံ၏ တည်ရာဝတ္ထုကို ခေါ်ဝေါ်သော ဝေါဟာရသည်ကား....ကြိုးကြာ-ဟူ၍, တွန်မြည်သော အဆံမျှကိုစွဲး၍, ထိုအဆံဖြင့် ထိုတိရစ္ဆာန်ကို ခေါ်ဝေါ်ခြင်း ဖြစ်၏။ ဤနည်းအတူ ရွှေပြည်စိုး-ဟူ၍, ဌက်၏ အမည်ကို ခေါ်ဝေါ်ခြင်း။ တီးတုတ်-ဟူ၍,ခေါ်ဝေါ်ခြင်း။ မာဂဓန်ိုက်ထည်း ဒုန်ဒုန်-အဆံနှင့် ပြည့်စုံသောကြောင့် ဒုန္ဒုဘိ၊ ဒိန်ဒိန်-အဆံရှိသည်ကို ဒိန္ဒိမ, ဟူသော စည်မျိုး၏ အမည်။ တဟုံဟုံ-အဆံပြုတတ်၍, ဟုံဟုံက,ဟူသော လူ၏ အမည်။ ဤသို့စသော အရာများသည် ရှိထင့်သော တည်ရာဝတ္ထုနှိုက် ထင်သောအဆံဖြင့် အဆံ၏တည်ရာဝတ္ထုကို ခေါ်ဝေါ်ခြင်း ဝေါဟာရဖြစ်သတည်း။

ပြေပြစ်ရံ ဘက်ဆိုသော ဝေါဟာရ သည်ကား...အရအနက် မရှိသော အရာ၊ အရအနက် ရှိသော အရာဟူ၍, ၂-ထွေထင်၏။ "ဂါထောင့် ဂါထာ။ ။သာယောင့် သာယာ။ ။နာသောင့် နာသာ" စသည်ဖြင့် ဂါထောင့်ဟူ၍, အနက်အရမရှိဘဲး ပြေပြစ် ရံမျှသာ ဆိုသည်။ ။အံ့ဩသည့်, အံ့အဲးသည်-ဆန်းကြယ်သည့်, တင့်တယ်သည်-စသောအရာတို့နှိုက်ထည်း အံ့-၏အရကား အထူး အခြားလွန်ကဲစွာဖြစ်၏ဟု အံ့ဩးသော အနက်ရှိအံ့သည်။ အဲး-၏အရ, ဩ၏ အရ အနက်အထူးမထင်။ ။ဆန်းကြယ်ဟူရာနှိုက် ဆန်း၏အရကား ထူးပြားထွေထည်၏ဟူသော အနက်ထင်၏။ ကြယ်၏အရမထင်။ ။တင့်တယ်၏ဟူရာနှိုက်ထည်း တင့်၏ အရကား ကြည်ဘွယ်ရှိ၏ ဟူသော အနက်ထင်၏။ တယ်၏အရ အထူးမထင်။

• ဤသို့ စသော အရာများသည် အနက်အရ မရှိသော်ထည်း ပြေပြစ်ရုံ ထက်ဆို သော ဝေါဟာရ ဖြစ်သတည်း။ ။ပြေပြစ်အောင် ထက်ဆိုရာ၌က် အရအနက်ရှိ သော ဝေါဟာရကား, လွတ်လပ်သည်, ထွေးရှက်သည်, ကုန်ပျောက်သည်, ကင်း ကွာသည်, ကြောက်လန့်သည်- စသည်ဖြင့် ဆိုသော အရာ များသည် လွတ်သည်- ဟူသော စကား၏ အရ၊ လပ်သည်-ဟူသော စကား၏ အရ အနက်ရှိသည်ချည်း။ ထို့အတူ ထွေးသည်, ရှက်သည်, ကုန်သည်, ပျောက်သည်, ကင်းသည်, ကွာသည်, ကြောက်သည်, လန့်သည်-ဟူ၍ အရအနက်ရှိသည်ချည်း ဖြစ်ထျက် ထက်ဆိုသော အရာသည် အပြေ အပြစ်ကို ထို၍, ဆိုသော အရာသာဖြစ်၏၊ မကွဲး မပြား ပရိ ယာယ်တူသာဖြစ်၍, သမာသ်ဝါကျထည်း မဟုတ်ထေ။ ။သမာသ်၏ ထက္ခဏာ ကား "ရှေ့ပုဒ်, နောက်ပုဒ် အရကွဲးမြိုး" ထိုသမာသ်၏ ထက္ခဏာ ကိုကား အရာ ရောက်မှ ဆိုအံ့သည်။

ထိုမှတပါး မြန်မာမှ ဝေါဟာရသည် တခုသော အရ သဘောနှိုက် သရ တလုံး သာ ရှိကောင်းသောအရာ, ၂-လုံး, ၃-လုံး ရှိကောင်းသောအရာ စသည်ဖြင့်ထည်း ဆင်ခြင်ရာ၏။ ထိုတွင် သရ ၃-လုံး ရှိကောင်းသော အရာကား နည်းအံ့သည်။ သရ ၂-လုံး, ၃-လုံးရှိလမူ သမာသ်ဖြစ်သင့်သည်။ ပြေပြစ်ရုံမျှ ထက်သည်ကို ၄လုံး သွင်းရာ၏။ ။မှန်စီ ဆရာတော် ဘုရားကား မာဂဓ ဘာသာနှိုက်ကဲ့သို့ မြန်မာမှ နှိုက် သမာသ် ဖြစ်သင့်သော အရာ၊ တဒ္ဓိတ် ဖြစ်သင့်သော အရာ ဝါကျ ရှိ၏ဟု မိန့်တော်မူသည်။ "ဝတ်ရုံချွတ်ခံ၊ ခား လှံ ရူး ဆောက်" စသည်ဖြင့် ဆိုသည်ကား သမာသ်ဝါကျ။ တံခါးစောင့်, မြို့တော်စောင့်, ဘုရားဥစ္စာ, သံဃာ့ဥစ္စာ-စသည်ဖြင့် ဆိုသည်ကား တဒ္ဓိတ်ဝါကျဟူ၍, ပြတော်မူသည်။ သဘောအားဖြင့် ထင်ပေသည် ကား....သမာသ်ဝါကျ, တဒ္ဓိတ်ဝါကျ, ကိတ်ဝါကျ, ၃-ပါးထွင် တဒ္ဓိတ်ဝါကျ မရ ကောင်း။ အဘယ့်ကြောင့်နည်း ဟူမူကား ပုဒ်နောင် ပစ္စည်း ကျခြင်း, သရှိုင်၏ ဖောက်ပြန်ခြင်း, ကေသိက် ပြုခြင်း စသည်ဖြင့် ခေါ်ဝေါ် ကောင်းသော မြန်မာမှ မထင်။ သံဃာ၏ ဥစ္စာ ဟူသောအနက်ကို 'သံဃာ့သန္တက' ဟူ၍, မာဂဓနှိုက်ရှိ သောအခါ သံဃပုဒ်, သန္တကပုဒ် ချည်းကာမျှသာ။ သန္တကဟူသော ပုဒ်၏အနက် ကို ဟောနိုင်သော ပစ္စည်း မသက်ရ။ သံဃသသန္တကံ ဟူ၍ နောက်ပုဒ် ပြဋ္ဌာန်း ခြင်း ရှိသောကြောင့် ထည်းကောင်း, ရှေးပုဒ်နှိုက် အံ့စသော ဝိဘတ်၏ အနက် ရှိသောကြောင့် ထည်းကောင်း, သဒ္ဒါအနက်အားဖြင့် ပုဒ်ချည်း ချည်းသောကြောင့် ထည်းကောင်း အမာဒိတပ္ပုရိသိ အနက်ရှိ၏။ သံဃိက ဟူသော အခါကား, သံဃသသန္တကံ ဟူ၍, အမာဒိတပ္ပုရိသိ ဝါကျပြု ပြီးထျင် ၂-ပုဒ်အလယ်၌ ကိုက,

ပစ္စည်းထင်၍, ရှေပုဒ်၌ သမ္မန်အနက်ကိုဂင်း, သန္တကဟူသော နောက်ပုဒ်၏ အနက်ကိုဂင်း, ကိုက, ပစ္စည်းဟောဝ်၍, ဆဋ္ဌိဝိဘတ်, ဏ-အနုဗန်, သန္တကပုဒ်တို့ ကြေဖျင်ဆံဆပုဒ်နှင့် ဧကပစ္စည်းချဉ်း၍, စီရင်ရသောကြောင့် တဒ္ဓိတ်ပုဒ်ဖြစ်ထေ၏။

ဤသို့ဖျင် သံဆသန္တကဟူ၍, သမာသ် ဖြစ်လေသော်ဂင်း, သံဆိက ဟူ၍, တဒ္ဓိတ်ဖြစ်ထေသော် ထည်းကောင်း, မြမ္မာမှုန်ိက် အထူးမထင်။ သံဆာ၏ ဥစ္စာဟူသော သမာသ် ဝါကျအနက်သာ ဖြစ်ထေသည်။ ဥစ္စာဟူသော အနက်ကို သန္တက ပုဒ်ဟောသည် ကိုက, ပစ္စည်းဟောသည်ဟူ၍, မခွဲးခြမ်းရ၊ ဥစ္စာဟူသော အနက်ကို ဥစ္စာဟူသော ဝေါဟာရပင် ဟောထေ၍, ပုဒ်ချင်း ချဉ်းသည်သာ မည်သောကြောင့် သမာသ်အနက်သာ မြမ္မာမှုန်ိက် ရကောင်းသည်။ တဒ္ဓိတ်အနက်မရကောင်း။

ယင်းသို့သော် ဥစ္စာဟူသော ဝေါဟာရသည် ပုဒ်ဖြစ်မူကား "ပဒသခ်ေပါသမာသော" ဟူသည်နှင့်အညီ သမာသ်ဟူကောင်း၏။ ပစ္စည်းဖြစ်ခဲ့မူကား "ပဒပစ္ဆယသံဟိတံ တဒ္ဓိတံ" ဟူသည်နှင့်အညီ တဒ္ဓိတ်မမည်ကောင်းခဲ့လော၊ ဥစ္စာဟူသော ဝေါဟာရသည် သန္တကပုဒ်၏အနက်ထည်းဖြစ် ကိုက, ပစ္စည်း၏အနက်ထည်းဖြစ်တကား။ ပုဒ်ဟူ၍သာ အဘယ်ကြောင့် မှတ်ကောင်းအံ့နည်းဟူအံ့။ ပုဒ်နှင့်ပစ္စည်း အနေထူး၏။ ထူးဟန်ကား ပုဒ်သည် ပစ္စည်းနှင့်ကင်း၍, တည်နိုင်၏၊ ထိုအပ်သောအနက်ကိုထည်း ဟောနိုင်၏၊ ပစ္စည်းကား ကိတ်ပစ္စည်းဟူက ဓာတ်နှင့်မကင်း။ တဒ္ဓိတ်ပစ္စည်းဟူက ထည်း ပုဒ်နှင့်မကင်း ဓာတ်၏ နောင် ပုဒ်၏နောင်သာထည်း တည်ခြင်း၊ ထိုဓာတ်၏ အနက်ကိုထည်း အစွဲးပြု၍, ဟောခြင်းဖြစ်၏၊ တဒ္ဓိတ်ပစ္စည်း ပုဒ်နှင့်မကင်းဟန်, ကိတ်ပစ္စည်း ဓာတ်နှင့်မကင်းဟန်ကိုကား-

"ပဒပစ္ဆယ သံဟိတံ တဒ္ဓိတံ။ ဓာတုပစ္ဆယ သံဟိတံ ကိတက်-"

ဟူသော ပါဠိဖြင့် ပြီး၏၊ ပုဒ်နောင်, ဓာတ်နောင်ကိုသာ ပစ္စည်းတည်ဟန်ကိုကား, 'ဓာတုလဒ်ေဟိ ပရာ ပစ္ဆယာ' ဟူသောပါဠိဖြင့်ပြီး၏။ ထိုဓာတ်၏ အနက်, ပုဒ်၏အနက်ကို အစွဲးပြု၍, ဟောဟန်ကား-ကတ္တုဝါစကနိုက် ကိတ်ပစ္စည်း၏အနက်, ကတ္တားသည် ကတ္တုဟူသောပုဒ်နိုက် ကရ, ဓာတ်၏အနက် ပြုခြင်း ကြိယာကိုအစွဲးပြု၍, ဟော၏။ ။ ကမ္မဝါစကနိုက် ကိတ်ပစ္စည်း၏အနက် ကံသည်ထည်း ဤနည်းအတူ ကမ္မဟူသော ပုဒ်နိုက် ပြုခြင်းဟူသောဓာတ်၏အနက်ကို အစွဲးပြု၍, ဟော၏။ ။ကရဏဝါစက, သမ္ပဒါနဝါစက စသည်တို့နိုက်ထည်း ဓာတ်၏အနက်ကိုအစွဲးပြု၍, ဟောသည်ချည်းဖြစ်၏။ ဓာတ်၏အနက်ကိုမလွတ် အမှီအစွဲးပြု၍, ကိတ်ပစ္စည်းဟောသော အခြင်းအရာကို သိသာအောင်ဆိုအံ့။ ဂန္ဆန္တော-ဟူသော ပုဒ်နိုက် ကတ္တုဝါစက အန္တ ပစ္စည်း

သည် သွားတတ်၏ဟူသော သွားခြင်းကြိယာအထူးနှင့် ယှဉ်သော ကတ္တားကိုသာ ဟော၏။နေတတ်၏-ဟူသော နေခြင်းကြိယာအထူးနှင့်ယှဉ်သောကတ္တားကို မဟော။ 'ချက်တတ်၏၊ စားတတ်၏'စသော ကြိယာတခြားနှင့် ယှဉ်သော ကတ္တားကိုလည်း မဟော၊ ဖြစ်တတ်ကာမျှ အစွမ်းသတ္တိဟူသော ကတ္တား၏ အနက်မျှကိုသာလည်း မဟော၊ သွားခြင်းကြိယာနှင့်မကင်း၊ သွားတတ်သော သတ္တိတည်းဟူသော ကတ္တား အထူးကိုသာဟောထေသည်။ ။နိသိန္နောဟူသောပုဒ်၌ တပစ္စည်းလည်း နေတတ်၏-ဟူသော ကတ္တားအထူးကိုသာ ဟော၏။ သွားတတ်၏-ဟူသောကတ္တား ချက်တတ်,စားတတ်၏ စသောကြိယာတခြားနှင့် တကွသော ကတ္တားတပါးကိုမဟော၊ ကတ္တားအနက်မျှကိုသာလည်း မဟော၊ နေခြင်းကြိယာနှင့်ယှဉ်သော နေတတ်သော သတ္တိဟူသော ကတ္တားအထူးကိုသာ ဟော၏။ဤသို့လျှင် ကိတ်ပစ္စည်းတို့သည် ခတ်နက် ကြိယာကိုမလွတ် အစွဲးပြု၍ ဟောသည်ချည်းဖြစ်၏။ ဘာဝဝါစက ဖြစ်မူကား ခတ်၏အနက်ကိုပင် ပစ္စည်းဟောထေ၏။

ပုဒ်၏အနက်ကို တဒ္ဓိတ်ပစ္စည်းစွဲး၍ ဟောဟန်ကား၊ သံဃိက-ဟူသောပုဒ်ရှိက် ကိက,ပစ္စည်းသည် သံဃ-ဟူသော ရှေးပုဒ်၏ သံဃာဟူသောအနက်ကို အစွဲးပြု၍ ကြေထေသော ဆဋ္ဌိဝိဘတ်၏ သမ္ဗန်အနက် သန္တကပုဒ်၏ ဥစ္စာဟူသောအနက်ကို ဟော၏။ ရှေးရှိက်ကြေသော ဆဋ္ဌိဝိဘတ်၏ သမ္ဗန်အနက် သန္တကပုဒ်၏ ဥစ္စာဟူသောအနက်ကို ဟော၏၊ဟူသော်လည်း သံဃပုဒ်၏ သံဃာဟူသောအနက်ကို အစွဲးပြုထေသည်။ ထိုကြောင့် သံဃာမှတပါးသော ဘုရား,တရား၏ဥစ္စာဟူ၍ ဘုရားကိုလည်းကောင်း, တရားကိုလည်းကောင်း အစွဲးပြု၍,မဟော၊ သမ္ဗန်အနက်မျှ ဥစ္စာဟူသောအနက်မျှကိုသာ မရ, သံဃာ့ဥစ္စာဟူသော အနက်ထူးကို ရထေသည်။ ဤသို့လျှင် တဒ္ဓိတ်ပစ္စည်းသည် မိမိ၏ရှေးရှိက်တည်သော ပုဒ်၏အနက်ကိုစွဲး၍ ဟောခြင်းဖြစ်၏။

ထိုကြောင့် ကိတ်ပစ္စည်းကား ခတ်နှင့်, တဒ္ဓိတ်ပစ္စည်းပုဒ်နှင့် မကင်း၊ ခတ်နောင် ပုဒ်နောက်သာတည်မြဲး၊ ခတ်အနက် ပုဒ်အနက်ကိုလည်း အစွဲးပြု၍ ဟောမြဲးဖြစ်၏။ ။ပုဒ်သည်ကား ပစ္စည်းကင်း၍ တည်လည်း တည်နိုင်၏။ အနက်ကိုလည်း ဟောနိုင်၏။ ပစ္စည်းနှင့်ကင်း၍ တည်ဟန် ဟောဟန်ကား....ပ,ပရာ-စသော ဥပသာရပုဒ်၊ ခေါ်, ခထု-စသော နိပါတ်ပုဒ်တို့နှင့် အထား တူသော အနိပ္ဖန္နပါဠိပဒိကပုဒ်တို့ရှိက် လည်းကောင်း၊ ပယောဂဝန္တ-စသော သဒ္ဒနာမ်ပုဒ်တို့ရှိက်လည်းကောင်း ပစ္စည်းကင်းလျက် တည်ဟန်, မိမိတို့အား ထွေပြတ်သော အနက်ကို ဟောဟန်ကို သိရ၏။ ဤသို့သော အရာများကို နှလုံးသွင်း၍ ပုဒ်ကား

ပစ္စည်းနှင့်ကင်း၍ တည်ထည်း တည်၏။ အနက်ကိုထည်း ဟော၏။ ပစ္စည်းနှင့် ယှဉ်သောအခါထည်း ရှေးနှိုက်သာ တည်၏။ ပစ္စည်းတမူကား ပုဒ်နှင့် ကင်း၍ ထည်း မတည်။ ပုဒ်၏အနက်, ဓာတ်၏အနက်ကို လွှတ်၍ ထည်း မဟော။ ပုဒ်၏ရှေ့ ဓာတ် နှိုက်ထည်း မတည်။ နောက်နှိုက်သာ တည်၏။

ဤသို့ထျင် ပုဒ်နှင့်ပစ္စည်း အနေအထား ကွဲပြားဟန်ကို သိရာ၏။ ယင်းသို့ထျင် ပုဒ်နှင့်ပစ္စည်း အနေထူးလေသောကြောင့် ဥစ္စာဟူသော ဝေါဟာရသည် ဥစ္စာမဲ့၊ ဥစ္စာကြွေးငွေ၊ ဥစ္စာများ၏၊ ဥစ္စာနည်း၏၊ ဥစ္စာသည်စွန့်၏၊ ဥစ္စာကိုစွန့်၏၊ ဥစ္စာဖြင့် ပျော်ပါး၏-စသည်ဖြင့် မိမိသည် ရှေရပ်၍ တည်ထေသဖြင့် ထည်းကောင်း၊ မိမိ ချည်း တည်တတ်သဖြင့် ထည်းကောင်း ပစ္စည်းမဟုတ် ပုဒ်ဟူ၍ သိကောင်း၏။ "ဝိဘတ္တုန္တံ ပဒံနာမ" ဟူသည်နှင့်အညီ ပဌမာ, ဒုတိယာ-စသောဝိဘတ်တို့၏ အနက် ဖြစ်သော သည်-ဟူသောသဒ္ဒါ၊ ကို-ဟူသောသဒ္ဒါတို့သည် အဆုံးနှိုက် တည်ကုန်၏။ "ပဇ္ဇတေအတ္ထော တေနာတိ ပဒံ" ဟူသော ဝစနတ္ထနှင့်အညီ ဥစ္စာသည်, ဥစ္စာကို ဟူ၍ ကတ္တား, ကံ အနက်နှင့် ယှဉ်ထျက် ထုံးထုံး ထျောင်းထျောင်းသော ဥစ္စာဖြင် အနက်ကို ဟောလေသောကြောင့်ထည်း ပုဒ်ဟူ၍ သိကောင်း၏။

မြမ္မာမှုန်က် သည်-ဟူသောစကားခွန်း၊ ကို-ဟူသောစကားခွန်းကို ပဌမာစသော ဝိဘတ်တို့၏အနက်,ကာရကဟူ၍ သိရသည်ကား "သည်-ကား-စ-ပဌမာ ဝုတ္တာ၊ ကို-သို့-စ ဒုတိယာ မတာ" [1] စသည်ဖြင့် ထည်းကောင်း "ကတ္တာတိ ဝုစ္စတို့ သည်-ကား၊ ကမ္မံ, ကို-သို့-ဒ္ဌယံ မတံ" [2] ဟူ၍ ထည်းကောင်း မိန့်သော ဆရာမြတ်တို့၏ ဥပဒေသကိုမှီ၍ သိရ၏။ မာဂဓန္ဒိုက် သိ, အံ-စသော ဝိဘတ်တို့သည် ကတ္တားစသော အနက်ကို ဟောကုန်သကဲ့သို့ မြမ္မာမှုန်က် သည်-ဟူ၍ ထည်းကောင်း၊ ကို-ဟူ၍ ထည်းကောင်း ဆိုအပ်သော စကားခွန်းသည် ကတ္တားစသော အနက်ကိုဟော၏။ ထို သိ,အံ-စသည်တို့သည် "ဝိဘဇ္ဇတိအတ္ထော တေနာတိ ဝိဘတ္တိ" ဟူသော ဝစနတ္ထနှင့်အညီ ကတ္တားစသောအနက်ကို ခွဲဝေသကဲ့သို့ သည်-ဟူ၍,, ကို-ဟူ၍ ဆိုအပ်သော စကားခွန်းသည် ကတ္တားစသော အနက်ကို ခွဲဝေ၏။ ခွဲဝေဟန်ကား.... "ယောကျ်ားသည် သားမယားမွေးခြင်းငှာ တောအရပ်နှိုက် ကျွန်းတို့ဖြင့် လယ်ယာ လုပ်သော အမှုကို ပြု၏" ဟူ၍, ရထိုက်သော ကတ္တား, ကံ-စသည်နှင့် တကွ တခုသော ကြိယာသဒ်၍ ဆိုသောအရာနှိုက် ယောကျ်ားဟူ၍သာ မဆို၊ သည်-ဟူ၍ ဆိုသော

---

၁ သည်ကားစ ပဌမာကတ္တာ-သဒ္ဒလက္ခဏ * ၉။
၂ သဒ္ဒဆေဒရာသီ * ၃၀၁၊ သဒ္ဒလက္ခဏ * ၄။

ကြောင့် ပြုတတ်သော ကတ္တား ဟူသောအနက်ကို သည်-ဟူသော စကားခွန်းဖြင့် ထင်စေ၏။ သားမယားမွေးခြင်းဟူ၍သာ မဆို။ ဌာ-ဟူ၍ ဆိုသော စကားခွန်း သည် သမ္ဗန်ါအနက်ကို ထင်စေ၏။ တောအရပ်ဟူသည်မှာထည်း နှိုက်-ဟူသော စကားခွန်းသည် အာဓာရအနက်ကို ထင်စေ၏။ ကျွန်းနွားတို့ဖြင့် ဟူရာနှိုက် ဖြင့်-ဟူသော စကားခွန်းသည် ကရိုက်းကို ထင်စေ၏။ ထယ်ထုပ်အမှုဟူရာနှိုက် ကို-ဟူသော စကားဖြင့် ကံ အနက်ထင်၏။

ဤသို့ထျင် ကတ္တားစသော အထူးထူးသော အနက်ကို သိစေသောဝိဘတ်တို့သည် ထင်စေသကဲ့သို့ သည်-စသော စကားခွန်းသည် အထူးထူးသော ကတ္တား စသော အနက်ကို ထင်စေ၏။ 'တိုက်ခန်း၌ ထားရှိသော ဘဏ္ဍာကို ဆီမီးအထင်းသည် ထင်စေသကဲ့သို့ အထူးထူးသော ပုဒ်၌ရှိသော အနက်ကို ဝိဘတ်သည် ထင်စေ၏ဟူသော ဆရာတို့၏ အမိန့်နှင့်အညီ သည်-စသော စကားခွန်းသည် ကတ္တားစသောအနက်ကို ထင်စေ၏။ ကတ္တားစသောအနက်ကို နာစသော ဝိဘတ်တို့သည် ဟောကုန်၏ ဟူသည်နှင့်အညီ သည်-စသော စကားသည် ကတ္တားအနက် စသည်ကိုဟော၏,ဟူ၍ သော်ထည်း ဆိုသင့်၏။ ဤသို့ထျင် သိ-စသော ဝိဘတ်သည် ကတ္တားစသော အနက်ကို ခွဲဝေ၏သို့ သည်-စသော မြမ္မာမှစကားခွန်းသည်ထည်း ကတ္တားစသော အနက်ကို ခွဲဝေ၏။ ထိုသို့ ခွဲဝေသောကြောင့် သိ-စသော ဝိဘတ်အဆုံးရှိသော ကတ္တားကံ စသော တခုသော အနက်ကို သိကြောင်းဖြစ်သော သဒ္ဒါထည် ပုဒ်မည်၏သို့ သည်-စသော စကားခွန်းအဆုံးရှိသော ကတ္တားစသော အနက်ကို သိကြောင်း ဖြစ်သော တခုသော သဒ္ဒါသည် မြမ္မာမှန်ိုက် ပုဒ်မည်၏။

ထို မြမ္မာမှန်ိုက် ပုဒ်သည်ကား သည်-စသော ဝိဘတ်၏ အနက်ထည်း နှောင်း၏။ ထိုကို ပုဒ်ဧလေးပါးတွင် နာမ်ပုဒ်ဟူ၍ နှလုံးသွင်းအပ်၏။ ထိုနာမ်ပုဒ်ကို သဒ္ဒါဆရာတို့ခွဲဝေ၏သို့၊ ရုဋ္ဌ, အန္တဋ္ဌ ဟူ၍ထည်း ခွဲဝေအပ်၏။ သမာသ် နာမ်, ကိတ် နာမ် ဟူ၍ထည်း ခွဲဝေအပ်၏။ ဓာတ်,ဝိဘတ်ဟူ၍ထည်း ခွဲဝေအပ်၏။ တဒ္ဓိတ် နာမ်,ဟူ၍သော်ကား ဆိုခဲ့ပြီးသောအတိုင်း ခွဲဝေအပ်မည် မထင်။

ဇာတိလိင်,ပုလ္လိင် စသည်ဖြင့်ထည်း ခွဲဝေအပ်မည်မထင်။ ဇာတိလိင် စသည်ဖြင့် မခွဲဝေဟန်ကား ···ယောကျ်ား, မိန်းမ, နပုန်းဟူ၍ တိုက်ရိုက် ဆိုထေ၏သာ။ ထိုမှကြွင်းသော ရက္ခော-ဟူသော ပုလ္လိင်၏အနက်ကို သစ်ပင်။ နဒီ-ဟူသော ဇာတိလိင်၏ အနက်ကို မြစ်။ စိတ္တံ-ဟူသော နပုလ္လိင်၏ အနက်ကို စိတ်ဟူ၍ ဆိုသော အရာနှိုက် လိင်ကိုထိုက်၍ ပစ္စည်းသက်ရခြင်း၊ ဃ, ပ- စသော အမည် ပေးခြင်း၊ ဝိဘတ်တို့ကို အထူးစီရင်ခြင်းစသည်ဖြင့် ရုပ်ကို ဆရာတို့မပြု။ ဇာတိလိင်,ပုလ္လိင် ထင်

စေထိရာန္ဒိုက် ယောက်ျား,မိန်းမဟူ၍ လည်းကောင်း၊ အဖို့,အမ, အထီး,အမ, အမိ အဘ, အဘိုး-အဘွား,အရီး-ဦးရီး၊ သွေးလုထင် - စသည်ဖြင့်အထူးထူးသော ဝေါ ဟာရ ပရိယာယ သဒ္ဒါတို့ဖြင့် ဆိုကာသာ။ပထဝီသဒ္ဒါသည် မာဂဓန္ဒိုက် ဇာတ္တိလိင် မြန္မာမှန္ဒိုက်ကား မြေဟူ၍သာ ဆိုလေခြင်းကြောင့် လိင်ကိုမမှတ်သာ။ ထိုကြောင့် လိင်မခွဲဝေသာသည်ဖြစ်၏။ ကြီ၍ဆိုမှကား လိင်ကိုလိုက်၍ရှင်မစီရင်သော်လည်း ပရိယာယ် ဝေါဟာရကိုမှတ်၍ မိန်းမ,အမိ,အဘွား,အရီး-စသည်ဖြင့် ဇာတ္တိလိင်ကို ဆိုအပ်သော ဝေါဟာရသည် ဇာတ္တိလိင်မည်၏။ ယောက်ျား,အဘ, အဘိုး, ဦးရီး-စသည်ဖြင့် ပုလ္လိင်ကို ဆိုအပ်သောဝေါဟာရသည် ပုလ္လိင်မည်၏။ထိုသို့ယောက်ျား မိန်းမ အထူးမထင်သာသော တစ်,နှစ်,သုံး,လေး-စသောအရေအတွက်၊အဖြူ,အညို-စသောအဆင်း၊ သွား၏,စား၏-စသောကြိယာအနက်၊ ဤသို့စသည်ဖြင့် ယောက်ျား မိန်းမဟူ၍ မမှတ်ရ။ အလွတ်သော ဝေါဟာရကို နပုလ္လိင်မည်၏ ဟူ၍ ဆိုမှကား ဆိုရ၏။ မာဂဓန္ဒိုင် ညြိမှကား-အချို့သောအရာန္ဒိုက် မပြိုင်မိရှိလေအံ့သည်။ ထိုကြောင့် မခွဲဝေအပ်သကဲ့သို့ ထင်၏။

လိင်ကို ခွဲဝေခြင်းသည် မာဂဓန္ဒိုက် အချို့သော ကိတ်ပစ္စည်း, တဒ္ဓိတ်ပစ္စည်း, အာဒေသ, သညာတို့ကြောင့် ထင်၏။ မြန္မာမှန္ဒိုက်ကား လိင်ဇောတက ဖြစ်သော ကိတ်ပစ္စည်း၊ အလုံးစုံသော တဒ္ဓိတ်ပစ္စည်းတို့၏ အနက်သည် မထင်။ ထိုကြောင့် လည်း တဒ္ဓိတ်ဝါကျသည် မြန္မာမှန္ဒိုက် မရေးသင့်သည်သာထင်၏။

ယင်းသို့သော် တဒ္ဓိတ်ပစ္စည်း၏ သဘွယ် မြန္မာမှန္ဒိုက် မရသင့်သော်လည်း,ကော သိသ်ပြုခြင်း သန်္ဓာ၏ဖောက်ခြင်းတို့သည်လည်း တဒ္ဓိတ်မည်ပါအံ့ ဖြစ်သောကြောင့် ထိုသို့သောအရာန္ဒိုက် တဒ္ဓိတ်ဝါကျ မမည်ကောင်းခဲ့လောဟုအံ့။ ထိုသို့ကေသိသ်ပြု သော အနက်ကဲ့သို့လည်းမထင်၊ ကေသိသ်ကိုလည်း ပြုပြင်စီရင်မှ သန်္ဓာ၏ ဖောက် ခြင်းဖြစ်ရာ၏။ ထိုသို့ ပြုပြင်စီရင်ရအံ့သည်လည်း စီရင်ပြုပြင်ကြောင်းအာဒေသသုတ် ဟူ၍ ဆရာတို့မပြသောကြောင့် သန်္ဓာ၏ဖောက်ခြင်း ကေသိသ်ပြုခြင်းလည်း မြန္မာ မှန္ဒိုက်မထင်။

ယင်းသို့သော် ပုဒ်,ဝိဘတ်,ကတ္တား, ကံ, ဓာတ်,နာမ်,ရုဋ္ဌိ,အန္တဏ္ဍ,သမာသ်,ကိတ်-စသောအမည်တို့ရှိန်ိုက်လည်း သညာသုတ်ကို ဆရာတို့မပြသောကြောင့် ထိုအမည်ဖြင့် လည်း မခွဲဝေသင့်တကားဟုအံ့။ထိုအမည်တို့ရှိန်ိုက်ကား သညာသုတ်ဟူ၍ မပြသော် လည်း သဒ္ဒာအနက် နှိုးနှောရာ အမည်ရထိုက်၏။ သညာ၏ စွဲးရာစွဲးကြောင်းကား သဒ္ဒာအနက်သာဖြစ်၍ ထိုသဒ္ဒာအနက်ရှိသော စကားလွန်းသည် ထိုအမည်ကို

ရထိုက်၏။ ထိုကြောင့် "ကတ္တာတိ ဝုစ္စတိသည်ကား၊ ကမ္မံကိုဆို ဒ္ဌယံ မတံ" [၁] စသည်ဖြင့် ထည်းကောင်း၊ "ဝိသေသန၊ ဘေဒကကို၊ အစတည်မြောက်"[၂] ဟူ၍ ဆိုဖြီးလျှင်၊ ဇာတိအားနှင့်ထည်း ပြည့်စုံထသော၊ ထက်ရုံးအားနှင့်ထည်း ပြည့်စုံထသော ဟူ၍ထည်းကောင်း၊ "ထသော-သောစ ဝိသေသနံ"[၃] ဟူသည်နှင့်အညီ ထသော-ဟူသော၊ မြမ္မာမှုစကားခွန်းကို ဝိသေသန အမည်ဖြင့်ထည်းကောင်း၊ "စွန့်အပ်, စွန့်တတ်၊ မှတ်သည်နှစ်ခြား၊ ကံ, ကတ္တား" [၄]ဟူ၍ဂင်း၊ ကိတ်ပစ္စည်း၏ ကံ, ကတ္တား ဟူသော အမည်ကို ယူ၍, စွန့်အပ်, စွန့်တတ်သော, မြမ္မာမှုစကားခွန်းကိုကံ, ကတ္တားဟူသော အမည်ဖြင့်ဆရာမြတ်တို့အမိန့်ရှိကုန်သည်၊ ဤသည္ဘာအရာနှိုက်သဘောအနက် နှိုးနှောသကဲ့သို့ အနက်မျှသော်ထည်း ကေသိသ်အရာ သန္နိဘောက်သော အရာတို့သည် မထင်။ ပုရိသာစသည်တို့နှိုက် ကေသိသ်အနက်ရ၏သို့ ယောကျ်ားတို့ဟူသော မြမ္မာမှုနှိုက် ယောကျ်ားခြင်းအမျှားကို တခုသာ ကြွင်းစေ၍ ခေါ်ဝေါ်သော အနက်မျှ မထင်။ တယောက်မျှဖြစ်၍ ကေဝုစ်အနက်ကိုလိုရာနှိုက် တို့,ကုန်-ဟူ၍ မပါ။ သည်-ဟူသော ဝေါဟာရ၊ ကို-ဟူသော ဝေါဟာရစသည်ဖြင့် ကတ္တားစသော အနက်ကို ထင်စေကာသာ။ နှစ်ယောက်မှစ၍, များထမှုကား တို့-ဟူ၍ ထည်းကောင်း၊ ကုန်-ဟူ၍ ထည်းကောင်း၊ ပါစေလျက် ဗဟုဝုစ်ကို ထင်စေသည်သာ။ ကေသိသ်အနက် မယူသော်ထည်း သင့်သည်သာဖြစ်လေ၏။ အချို့သော ဆရာတို့ကား မြမ္မာမှုနှိုက် ကေသေသနည်း ရကောင်း၏ဟု မိန့်ကုန်၏။ ဆိုဖြီးသည်နှင့် ညှိ၍ ဆင်ခြင်ပါ။

သန္နိဘ၏ ဖောက်ခြင်းနှိုက်ထည်း အနက်သဘောမျှ ရအုံသို့မထင်။ ပညာသ, ပဏ္ဍာသ, သဉ္ဉာယတန, ဆဉ္ဉာယတန စသည်တို့ကဲ့သို့ သန္နိဘသဒ္ဒါ၏ ဖောက်ပြန်ခြင်းကို မစီရင်ရသော်ထည်း အနက်အားဖြင့်တူ၍ ဖောက်ပြန်လျက် ခေါ်ဝေါ်သောအရာမျှမထင်။ ရွေး,ဝဲး,မူး,မတ်, ခွဲး,ကျဝ်-စသည်ဖြင့် ထည်းကောင်း၊ပါဒ်, ဒိဇနာ, ပြန်,ခရာ-စသည်ဖြင့် ထည်းကောင်း၊ ထက်သစ်,ထွာ,ထောင်-စသည်ဖြင့်ထည်းကောင်း၊ စရွတ်,တုံ,ပြည်-စသည်ဖြင့်ထည်းကောင်း၊ ခု,ဆယ်,ရာ,ထောင်-စသည်ဖြင့်ဂင်း၊ အချိန်,အခွန်,ကာလ, ရှိသေထိုက်သောအရာ စသည်ဖြင့် အထူးထူးသောပရိယာယ်ဖြင့် အရာသို့ထိုက်၍ ခေါ်ဝေါ်ကာမျှသာဖြစ်၍ သန္နိဘအနက် ဖောက်ပြန်၏သို့မရှိ။ ထိုကြောင့် မြမ္မာမှုနှိုက် တဒ္ဓိတ်ဝါကျ ရကောင်း၏မထင်။ ထိုသို့ထျက်ကို မြမ္မာမှုနှိုက် တဒ္ဓိတ်ဝါကျရကောင်းဟန် မှန်စီအရှင်ဘုရားအမိန့်ရှိသည်မှာ စုံစမ်းဆင်ခြင်ရာ၏။ ဤသို့ထျင် သရန္ဒစ်လုံး,သုံးလုံးရှိသော ဝေါဟာရနှိုက် သမာသ်ဖြစ်သည်။

---

၁ သဒ္ဒဘေဒရာသီ * ၃၀၁။ သဒ္ဒလက္ခဏ * ၄။ ၃ သဒ္ဒဘေဒရာသီ * ၃၀၃။
၂ ထန်ရ ၁။ သဒ္ဒလက္ခဏ * ၆။ ၄ ကိုး * ၃၅။

ပြေပြစ်အောင်သာ ဘက်ဆိုသည်။ ပြေပြစ်အောင် ဘက်ဆိုရာ၌က် အရအနက်မရှိသည်။ အရအနက်ရှိသော်လည်း မကွဲးမပြား ပရိယာယ်တူဘက်ဆိုသည်။ ပရိယာယ်ကွဲးဘက်ဆိုသည်ဟူ၍့ အရာ အရာသို့ိုက်၍့ စိတ်ဖြာဆင်ခြင်ရာ၏။ ။အ,ကာရန္တ ပြီးပြီ။

၆၉-အာကာရန္တတို့၌ ဝေါဟာရကို အကျယ် ပြခြင်းအကြောင်း

အာ-ကာရန္တ စသည်တို့ိုနှိုက် သမ္မုတိဖြစ်သော အာ,အစရှိသော အက္ခရာကို ဆိုသောအရာကိုလွှတ်၍့ ရကောင်းသော အာကာရန္တစသည်တို့ိုကိုသာ ဆိုအံ့။

တအုတ်တအာ၊ အံ့အာ-ဟူ၍့ ဆိုသော အရာတရပ်,
ကွဲးသည်၊ ပွင့်သည်ကို "အာ၏" ဟူ၍့ ဆိုသောအရာတရပ်,
အာခေါင်-အာစောက်-စသည်ဖြင့် ဆိုသောအရာတရပ်,
ကျိုးအာ-ဟူသော နွယ်ပင်၏ အမည်တရပ်,
ကျိုးငှက် အာသည်ဟူ၍့ ဆိုသောအရာတရပ်,
၍်သို့စသည်ဖြင့် ထင်၏။

အဂ္ဂန္ဓအဂ္ဂါ၊ ရောက်ကုန်လာ၍့၊ အံ့အာသရဲ [၁] ဟူ၍့လည်းကောင်း၊
ထအုတ်တအာ၊ ညိုညွတ်စွာလျှင် [၂] ဟူ၍့လည်းကောင်း၊

အံ့အာ၊ အုတ်အာဟူရာနှိုက် အာ,ဟူသော ဝေါဟာရသည် အနက်အခြားမရှိ၊ အံ့အဲး-ဟူရာနှိုက် အဲး၏အရ တခြားမရှိ။ အံ့၏အရသာ ရှိဃဲ့သို့ အံ့အာ-ဟူရာနှိုက်လည်း အာ,၏အရ အခြားမထင်။

တအုတ်တအာ-ဟူရာနှိုက်လည်း အုတ်အုတ်ကျက်ကျက်၊ အုတ်အုတ် သောင်းသောင်း-ဟူရာနှိုက် အုတ်အုတ်,၏အရကား အသံဖြစ်သော အခြင်းအရာသည် ထင်မြင်သိသာအောင်မရှိ၊ ထွေးထွေးလုံးလုံး ရုံးစုသောအသံမျှကို ဆိုသည်ဟုယူလို၏။ ။ ကျက်ကျက်-ဟူရာနှိုက်ကား ထိုအသံသည် ကြော်ငြာ၍့ ထင်မြင်ကောင်းသော အသံမျှကို ဆိုသည်ဟု ယူလို၏။ ။သောင်းသောင်း-ဟူသည်ကား အသံဖြစ်စေ, ဗိုလ်ထုဖြစ်စေ ရုတ်ရုတ်သဲ့သဲ့ မျှားသည်ကို ဆိုသည်ယူသင့်၏။

၍်ကဲ့သို့ တအုတ်တအာဟူရာနှိုက် အာ,၏ အရ အခြားမထင်၊ အုတ်၏အရကိုကား အုတ်အုတ်ကျက်ကျက်, အုတ်အုတ်သဲ့သဲ့, အုတ်အုတ်သောင်းသောင်းဟူသည် မှာ

---

၁ အဂ္ဂန္ဓအဂ္ဂါ၊ ကိုးကွယ်ရာဖြင့်၊ အံ့အာသရဲ။ သံ * ၁၇၉။ ၂ ဆု * ၁၂၀။

ကဲ့သို့ အသံတအုတ်အုတ်ဟူ၍ တ,သတ်နှင့် အဓိပ္ပါယ်ဆိုသော်ရသင့်၏။ အုပ်ချုပ်, အုပ်မ,အုပ်ဆိမ်းသည် ဟူသကဲ့သို့ ပ,သတ်အဓိပ္ပါယ်ထိုမည်မထင်။ ဤသို့လျှင် အံ့အာ ဟူရာနှိုက် အရမရှိ ပြေပြစ်ရုံမျှ ဆက်ကာသာယူသင့်၏။

ကွဲးသည်,ပွင့်သည်ကို အာ၏ဟူသော ဝေါဟာရနှိုက် "ငါးမည်ကြာထည်း၊ငုံအာလှတင့်"ဟူ၍ ထည်းကောင်း၊ "မေရရာဇာ၊ ကွဲးအာ,အက်ရိုင်" ဟူ၍ ထည်းကောင်း ဆိုသောအရာတို့နှိုက် ကွဲးခြင်း,ပွင့်ခြင်းကိုပင် အာသည်ဟူ၍ ဆိုသည်။ ဤနှိုက် အာ၏ ဟူသော ဝေါဟာရသည် သွားခြင်း,ချက်ခြင်းဟူသကဲ့သို့ ကွဲးခြင်း,ပွင့်ခြင်း ကြိယာအနက်ပင်ဖြစ်၏။ ။ပွင့်၏,အာ၏-ဟူသည်ကား အရတူ ပရိယာယ် သဒ္ဒါဖြစ်၏။ ထို့ကြောင့် ကြာပွင့်သည်ကို 'ငုံအာလှတင့်' ဟူ၍ ဆိုသည်။ မြင့်မိုရ်တောင်ကွဲး၏, ပွင့်၏ ဆိုအံ့သည်ကို ကွဲးအာ,အက်ရိုင်ဟူ၍ ဆိုသည်။ ထိုကြောင့် အိုးအုံ ပွင့်သည်ကို အိုးကွဲးသည်၊ အစပ်အဟပ် အက်သည်,အာသည်ဟူ၍ ဆိုကြသောအရာကား ပရိယာယ်သဒ္ဒါချည်း ဖြစ်၏။ ထိုထွင် အနုအရင့် ကွဲးအောင်ယူမှုကား ကွဲး၏, ကွာ၏, ကင်း၏,လွတ်၏ စသည်ဖြင့် ဆိုခြင်းကား မငြိမကပ် ခြဲဝေထွဲ့နှစ်ခု,နှစ်ပုံ ခြားနားလျက်တည်သည် ယူသင့်၏။ ပွင့်၏,အက်၏,အာ၏ဟူရာနှိုက်ကား မငြိမကပ် အစပ်အစွဲးမှ လွတ်သည်, စင်သည်မဟုတ်၊ အရေးအကြောင်း ထင်လျက် ကွဲးပြားရာသမျှသာ ကွဲးပြားသည်ဟုယူသင့်၏။

အာခေါင်, အာစောက်-စသည်ဖြင့် ဆိုရာ၌ကား ဦးခေါင်း နားပါး ဟူသကဲ့သို့ ကိုယ်အင်္ဂါအစိတ်ကို မှတ်၍ ခေါ်ဝေါ်ခြင်းတည်း။

"ပစ်သည်ဥစ္စာ၊ အာက,စင်လွတ်" [1] ဟူ၍ ထည်းကောင်း,
"ဖျာထိပ်ညီစွာ၊ အာမှာ,နီတွေး" ဟူ၍ ဂင်း,
"မျက်စိထွန်းဝါ၊ အာထည်းနီတောက်"စသည်ဖြင့်ထည်းကောင်း-

ဆိုသော အရာသည် ကိုယ်အင်္ဂါအရပ်ကို မှတ်၍ ခေါ်ဝေါ်သော အရာဖြစ်၏။ ထိုအာ,ဟူသောဝေါဟာရကို အောက်အထက် မေးနှစ်ဘက်တို့ကို ပွင့်စေ,အာစေ၍ စားသောက် ဆိုမြည်ခြင်း ကိစ္စဖြင့် ပြီးသည်ကို ထောက်၍ အာသည်, ပွင့်သည်ပင်ဖြစ်၏။ ထိုကြောင့် အာ,ဟူ၍ ဆိုသည်ယူသော် ယခင် ပွင့်သည်ကို အာ,သည်ဟူ၍ ဆိုသောအရှိုက် ဝင်၏။

ကျီးအာဟူသော နှယ်ပင်၏ အမည်ကို ဆိုသော အရာနှိုက်ထည်း ထိုနှယ်ပင်၏ အသီးသည် ကျီးသဖယ်၏ အာခေါင် အာရင်းကဲ့သို့ နီမြန်းသည်ကို စွဲး၍ ကျီးအာ

---

၁ ကိုး * ၂၅၀။

ဟူလျှင်ထည်း ယခင် ဆိုခဲ့သော အရန္ဓိက်ပင် ဝင်ပြန်၏။ ။"နိမြန်း သန္တာ၊ မှည့်ကျိုးအာနှင့်၊ ပမာတူတိ" ဟူ၍ ဆိုသော အရာန္ဓိက်ကား နှုတ်ခမ်း နှဲခြင်းကို ကျိုးအာမှည့် အသီး၏ အသွင်နှင့်နှိုင်းသည်။ အကြောင်းမှာ....ပညတ် အဝ်သော ဝတ္ထု၊ပညတ်ခြင်း၏ အကြောင်း, ပညတ်ခေါ်ဝေါ်ခြင်း, ဤသုံးပါးတွင် ပညတ်အဝ်သော လူ, သူ, ကျွဲ, နွား, သစ်ပင်, တောင်, ကမ်း-စသော ဝတ္ထုတို့သည် ရှိသင့်၏။ ထိုဝတ္ထုကို စားခြင်း, သွားခြင်းစသော တစုံတခုထင်သော အကြောင်းနှင့်ဖျော်စွာ ပညတ်ခြင်း ဖြစ်သည်ထည်းရှိရာ၏။ ။ပညတ် အဝ်သော ဝတ္ထုမဖြစ်မီ စားခြင်း, သွားခြင်း စသောအကြောင်းကို အစွဲးမရ၊ အမှတ်မထင် ခေါ်ဝေါ်ထင့်၍ ထိုစားခြင်း သွားခြင်း စသောအကြောင်းသည် တစုံတခုပေါ်သာ ဖြစ်ထာသော်, စီရင်အဝ်သော ဝတ္ထုန်ိုက် ထင်စွာပြည့်စုံ လေသောကြောင့် အကြောင်းနှင့် ဖျော်စွာ ပညတ်သည်ထည်း ရှိရာ၏။ ။ပညတ်ခြင်း၏ အကြောင်း တမူကား ပညတ်အဝ်သောဝတ္ထု ပညတ်ခြင်းကြိယာတို့၏ နောက်ဟူ၍ မရှိရာ။ ။ပညတ် အဝ်သော ဝတ္ထုရှိထင့်၍ ပညတ်ခြင်း သည်ကား ပျူ * ဟူသော လူမျိုးခြေ ရှိထင့် သည်တွင် မြန်သည်,မာသည်-ဟူသော အကြောင်းကိုစွဲး၍ မြမ္မာခေါ်ဝေါ်၏ ဟူသောအရာ၊ ကျွန်းကြီး ကျွန်းငယ် ပေါ်ထွန်းထင့်၍ သပြေပင်ရောက်ခြင်း၊ အဘခြေသ့်ကို ယူလေခြင်း အကြောင်းကို စွဲး၍ ဇမ္ဗူဒီပ, သီဟဠဒီပ-ဟူသော အမည်၊ ဤသို့ စသော အမည်တို့သည် ပညတ်အဝ်သော ဝတ္ထုခြေရှိထင့်၍ နောက်မှ ပညတ် ခေါ်ဝေါ်ခြင်းဖြစ်သည်။

ပညတ်ခြင်းသာဖြစ်ထင့်၍ ပညတ်အဝ်သော ဝတ္ထုနောက်မှ ဖြစ်သည်ကား.... ပညတ်အဝ်သော ဝတ္ထုသည် ရှဝ်နာဓဖြစ်၍ အခန့်အားဖျော်စွာ တည်၍ ပျက်ထေ၏။ ထိုဝတ္ထုကိုအစွဲးပြု၍ ခေါ်ဝေါ်ခြင်း ပညတ်ခြင်းသည် အစွဲးဝတ္ထု မရသေးသော်လည်း ခေါ်ဝေါ်ကာမျှ ဖြစ်ထေ၏။ ဘုရား, စကြဝတေး- စသော အမည်တို့သည် ရှေးဖြစ်ဘူးသော ပုဂ္ဂိုလ်တို့၏ အမည်ဖြစ်၏။ ထိုအမည်၏ စွဲးမှိရာ ခန္ဓာငါးပါး ပျက်ခဲ့သော်လည်း, အမည် ပညတ်ခြင်း မပျက်သည် ဖြစ်၍ နောက်လည်း ထိုနှင့် အကြောင်းဂုဏ် တူသော ပုဂ္ဂိုလ် ဖြစ်ထွန်း ပြန်လာသော်, ထိုအမည် ပညတ်သည် အစွဲးရပြန်သည်ဖြစ်၏။ ဤသို့စသော အရာများသည် ပညတ်ခြင်းကား ရှိထင့်ကာသာ။ ပညတ်ခြင်း၏ စွဲးမှိရာ ဝတ္ထုခြေကား နှောင်းသည်မည်၏။

---

* ရောဝတီမူဠ် ပြူဟုအရစ်ရှိသည်။ ခေါင်းစဉ် ၁၀၂ ကိုထောက်၍ အပင့် ပြင်သည်။

ပညတ်ခြင်း အကြောင်း အနက်သော် တမူကား.....ပညတ် အပ်သော ဝတ္ထု ပညတ်ခြင်း ကြိယာတို့၏ ရှေသာ ရှိထင့် ရာ၏။ သွားခြင်း ကြိယာ ဟူသော အကြောင်းသည် ရှိထင့်သည်တွင် ဂေါ်-ဟူသော နွားခြေ့ကို ဂေါ်-ဟူ၍ ခေါ် ဂေါ်ပညတ်ခြင်းသည်ငင်း။ ။သိခြင်း, အောင်ခြင်းအနက်သည် ရှိထင့်ရင်း၊ ထိုသိ ခြင်း, အောင်ခြင်း ကြိယာ၏ စွဲရာ, တည်ရာ, ဘုရားခြေ့သည်ငင်း၊ ထိုဘုရားခြေ့ ကို ဗုဒ္ဓ, ဇိန-ဟူ၍ ခေါ်ဂေါ် ပညတ်ခြင်းသည်ငင်း နောက်မှ ဖြစ်အံ့သည်။ ထိုမှ တပါး သက်စောင့်, ဌက်စောင့်, ကိုယ်ရံ-စသော အခေါ်အဝေါ်တို့၌ အသက်-ဟူ သောခေါ်ဝေါ်ခြင်း၊ ဌက်-ဟူသောခေါ်ဝေါ်ခြင်း၊ ကိုယ်-ဟူသောခေါ်ဝေါ်ခြင်း၊ စောင့်ခြင်း၊ ရံခြင်း ဟူသော အကြောင်း အနက်သည် ရှိထင့်ရင်း-သက်စောင့်, ဌက်စောင့်, ကိုယ်ရံ-ဟူ၍ ခေါ်ဝေါ်သော လူခြေ့ ဝတ္ထုသည် ထည်းကောင်း၊ ဌက်စောင့်, သက်စောင့်, ကိုယ်ရံ-ဟူ၍ ခေါ်ဝေါ်ခြင်း အထူးသည်ထည်းကောင်း နောက်မှဖြစ်ရာ၏။ ဤသို့သော အရာများကိုထောက်၍ ပညတ်ခြင်း၏ အကြောင်း အနက်သည်ကား ရှိထင့်သည်သာ ဖြစ်သင့်၏။

ထိုသို့ပညတ်ခြင်း၏ အကြောင်းအနက် ရှိထင့်သည်ကိုထောက်သော် ကွဲးသည်, ပွင့်သည်, အာသည်-ဟူသော အကြောင်းအနက်သည် ရှိထင့်ရင်း၊ ပွင့်တတ်, အာ တတ်သောဝတ္ထု၊ ထိုဝတ္ထုကို အာ,ဟူ၍ ခေါ်ဝေါ်ပညတ်ခြင်းတို့သည်ကား ထိုအ နက်, ထိုဝတ္ထုကိုစွဲ၍ နောင်မှသာ ဖြစ်ရာ၏။ ထိုသို့ ပွင့်,ခြင်း, အာခြင်း-ရှိသော အာခေါင်,အာရင်း-ဟူသော ကိုယ်အင်္ဂါ တစိတ်ကို အာ, ဟူ၍ ခေါ်ဝေါ်ခြင်း သမုတ်ခြင်းကို ရသည်ကား သတ္တဝါတို့နှိုက်သာ ရကောင်း၏။ ဤနှိုက်ထည်း ကျိုး ယင်စသော သတ္တဝါအခပါင်းနှိုက် ထိုအာ,ဟူသော အမည်ရ၍ ထိုနှင့်တူသော အဆင်းရှိသောသစ်ပင်၏ အသီးသည် နောက်မှကျိုးအာ-ဟူ၍ အခေါ် အဝေါ် ဖြစ်ရာသည်။ ထိုသို့ဝျက် ထိုကျိုးအာမှည့်ကို လူတို့၏ အာနှင့်တူ၏ဟူ၍ နှိုင်းပြန် သည်ကား သတ္တဝါတို့၏ သဏ္ဌာန်ဟူသော သဝိညာဏက ဝတ္ထုမှသည် သစ်ပင် ဟူသော အဝိညာဏကသို့၊ ထိုအဝိညာဏကမှသည် တဘန် သဝိညာဏက ဖြစ် သော လူ၏ သဏ္ဌာန်သို့ ရောက်ပြန်သဖြင့် ပညတ်ခြင်းသည် အထည်ထည် အပတ် ပတ်ကဲ့သို့ရှိ၏။ ထိုသို့သော်လည်း အပြစ် မယူသင့်ချေ။ ပညာ သက်စေ လိုသော ကြောင့်သာ ဖော်၍ ဆိုလိုက်သည်။ ဥပမာ-ဟူက ရှေဖြစ်စေ၊ နောက်ဖြစ်စေ အ ထည်ထည် အပတ်ပတ် ရှိစေကာမူ၊ မထင်သောအရာကို ထင်သောအရာဖြင့် ညွှန်း၍ ထင်ခြင်းအကျိုးရှိလျှင် ဆရာတို့ နှစ်သက်သည်ချည်း ဖြစ်၏ဟု ယူသင့်၏။ ။အာ ကာရန္တပြီး၏။

၇၀-ဣကာရန္တနှိုက် ဝေါဟာရကို အကျယ် ပြခြင်း အကြောင်း

ဣကာရန္တနှိုက်ကား "မအားရင်ဘီ၊ ပျားနှယ်ဣ၏" ဟူ၍ ဆိုသောအရာမှာကဲ့သို့ မငြိမ်မဝပ် အတည်အစွဲး မမြဲးယိမ်းယိုင်သည်ကို ဆိုသောအရာနှိုက်သာ ထင်၏။ ပျောင်းဣသည် ဆိုသောအရာသည်း ရပ်ရပ်တည်တည်, ခိုင်ခံ့ဖြောင့်မတ်စွာ မရှိသည်ကိုပင် ယူရအံ့။ 'ပျားနှယ်ဣ၏' ဟူရာနှိုက်လည်း ပျားတို့အစုအရုံးသည် တောင်တောင် မြောက်မြောက် ပါးရှား ပြောင်းလွှဲ့ လျက် ရှိသည်ပင်ဖြစ်၏။ ယင်းသို့လျှင် ဣကာရန္တ ဆိုသင့်သောအရာကို အချို့သော ဝေါဟာရဒဋ္ဌ 'ဤသည်' ဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်၏။ ထိုအရာကိုကား ဤကာရန္တနှိုက် ဆိုထိုက်၏။ ။ဣကာရန္တပြီး၏။

၇၁-ဤကာရန္တနှိုက် ဝေါဟာရကို အကျယ် ပြခြင်းအကြောင်း

ဤကာရန္တနှိုက်ကား "မာရာဏသီ၊ ဤသည်ပြည်တွင်"[၁] စသည်ဖြင့် ဣမ, သဒ္ဒါ၏အနက် မျက်မှောက်ဖြစ်သော ဝတ္ထုကိုရည်၍ 'ဤ' ဆိုသော အရာလည်းထင်၏။ ။ထိုမှဘပါး "နားမထောင်ဤ"[၂] ဟူ၍ ထည်းကောင်း။ ။"မဤမသာ" ဟူ၍ ထည်းကောင်း ဆိုသော အရာများသည်းထင်၏။ ထိုနှိုက် နားထောင်ခြင်းငှာ ခိုင်ခိုင်ခံ့ခံ့ မတ်မတ်ဖြောင့်ဖြောင့်, စွဲးစွဲးမြဲးမြဲး မတည်မတန့်နိုင် မခံစောက်သည်ပင် ဖြစ်၏။ ယိမ်းယိုင်သည်ဖြစ်၏။ မစား၍ဤ, မနာ၍ဤ-စသည်များကိုထည်း နည်းတူချည်းယူသင့်၏။ ။မဤ,မကျန်း, မဤမသာ-ဟူသည်ထည်း အထိုရှိတိုင်း ဣရိယာပုထ်ကို မမျှနိုင်သည်ပင် ဖြစ်၏။ ။"ဆိမ့်ရိအုန်းဆီ၊ စား၍ဤ နှစ်ထို"[၃] ကာကခွင်သီ၊ရှဤနာဘွယ်"[၄] စသည်ဖြင့် စား၍ဤသည်,နာ၍ဤသည်,ဤကျန်း,ဤသာ-စသည်ဖြင့် မ,အကွာရာမမြစ်ဘဲ ဆိုရာ၌သည်း စားခြင်း,နာခြင်း, ရှခြင်းငှာ မရောင့်ရဲးသည်ဖြစ်၍ မြဲမြံစွာ,တည်တန့်ဖြောင့်မတ်စွာ အာရုံပြုနိုင်သည် ဖြစ်၏။ ။ဤကျန်း,ဤသာ-ဟူသည် မှာထည်း ထိုရာဣရိယာပုထ်ကို မှုနိုင်၍ တောတော ပြောပြော အရာခပ်သိမ်းကိုဆောင်ရွက်နိုင်သည်ဖြစ်၍ သွက်လက်ပေါ့ပါးခြင်း ရှိသည်ပင်ဖြစ်၏။ ထိုကြောင့် ဣသည်, မဣသည်-ဆိုသင့်သော အရာကို ဤသည်,မဤသည်-ဟူ၍ ဆိုသကဲ့သို့ရှိ၏။ ။ဤ၏-ဟူသည်ကား သဘောအားဖြင့် သွက်လက်ပေါ့ပါးခြင်း၊ မထိုင်းမပျဉ်း အထိုရှိရာတိမ်းယိမ်း, ပြောင်းလွှဲနိုင်ခြင်း အနက်ဖြစ်၏။ ။မဤသည်- ဟူသည်ကား ထိုဆိုတိုင်း မပြည့်စုံ

---

၁ ကိုး * ၇၈။ ၂ ကိုး * ၃၄။ ၃ သံ * ၁၆၀။

မပြောင်မလွှဲခြင်း အနက်ရှိ၏။ ။ဇာ-ဟူသည်ကား အရာမှလွှဲခြင်း, မဇ-ဟူသည်ကား အရာနှိုက်မြဲခြင်းသဘောကဲ့သို့ ဤ-ဟူသည်ကား အရာမှလွှဲခြင်း, မဤ-ဟူသည်ကား အရာနှိုက်မြဲခြင်း သဘောရင်းဖြစ်၏။

လှည်းဘီးစက်သည် သွက်လက်စွာ မလည်တည့်။ ထိုင်းပျဉ်းတေးလံ၍ ရှိကြိုက်နွားကျဲရှုန်းလေလျှင် အနှိုင်သာပါ၍ လှည်းဘီးစက် မလည်တည့်နိုင်သဖြင့် လှည်းကြောင်း ထက်ဝဲ,လက်ျာတိမ်းပါး၍ ထည်းကောင်း၊ ပုံတောင်း,ဝင်ရိုးတို့သည် အရာမှတိမ်းပါး၍ လည်းကောင်း၊ လည်မြီး ထိခိုက်မြဲးမှ တိမ်းပါး၍လည်းကောင်း သွားရာသွားကြောင်းကို "လှည်းဤသည်"ဟူ၍ အချိုဆိုကုန်၏။ ထိုစကားလည်း သဘောအားဖြင့် သွက်လက်စွာလည်မြဲးအရပ်မှ တိမ်းပါးသည်ပင်ဖြစ်၍ ဇာခြင်း,ပြောင်းခြင်းရွှေ့ခြင်းအနက်ပင်ဖြစ်၏။ တကြောင်းလည်း လှည်းဘီးမလည်ဘဲ ဖိတွန်းသကဲ့သို့ သွား၍ လှည်းကြောင်းရာ မြေဆိုင်တို့သည် ပြုဇာ၍ရှိသည်ကိုထောက်၍ 'လှည်းဘီးကြောင်းဇာသည်၊ လှည်းဘီးပိသည်'ဆိုအပ်ထျက် 'လှည်းဇာသည်၊ လှည်းဖိသည်'ဟူသည်ကားမဆို၊ 'လှည်းဤသည်'ဟူ၍ဆိုသည်လည်း ယူသင့်၏။ ဤသို့ယူမှသဘောအားဖြင့် ဤ,မဟုတ်၊ဇာ,ဖြစ်၏။ 'လှည်းဤသည်'ဟူ၍ ဆိုသောဝေါဟာရသည်ကား ပျို့ဟောင်း,လင်္ကာဟောင်းတို့နှိုက် မထင်။ ထိုသို့သော်လည်း ဤ,ဟူသော ဝေါဟာရ၏ အရာဖြစ်၍သာဆိုထိုက်သည်။

ဤ,ကာရန္တနှိုက်ကား ဆိုခဲ့ပြီးသော ပြောင်းရွှေ့ခြင်းကြိယာသဘောရင်း တမည်သာထင်၏။ ဇာ,ကာရန္တနှိုက်လည်း ဇာမ,သဒ္ဒါ၏အနက် မျက်မှောက်ကို ညွှန်ခြင်းသဘော တမည်သာထင်၏။သဘောရင်းကိုကား နာဓ်ငါးပါးတွင် သဗ္ဗနာမ်၏အနက်ဖြစ်၍ ဂုဏ်သဘောရင်းဟူ၍ နှလုံးသွင်းရာ၏။ ။ဤကာရန္တပြီး၏။

၇၂–ဥ,ကာရန္တနှိုက် ဝေါဟာရကို အကျယ် မြွှင်းအကြောင်း

ဥ-ကာရန္တနှိုက်ကား "ဝိုင်းခြားလေးခု၊ ပုဂ္ဂိုလ်စုထွင်၊ ကြက်ဥသံချောင်"ဟူ၍ လည်းကောင်း၊ "ပမာနိုင်းကု၊ ကြက်ဥမလောက်၊ ဒေါင်းဥအောက်" ဟူ၍လည်းကောင်း၊ အဏ္ဏသဒ္ဒါ၏အနက် အဥ-ဟူသော ဝေါဟာရ တရပ်သာထင်၏။ ရွှေဥ, ငွေဥ-စသည်ဖြင့် ဆိုသောအရာသည်လည်း ထိုကြောင့်,ဌက်ဥ,ဟူသည်နှင့် သဘောတူဖြစ်၍ ဆိုပြီးသောအရေၚင်း ဖြစ်၏။

ဤ အဥ-ဟူသော ဝေါဟာရသည် စားခြင်း,သွားခြင်းဟူသကဲ့သို့ ကြိယာအနက် သဘောအရင်းလည်း မဟုတ်။ အဖြို့,အညိုဟူသကဲ့သို့ ဂုဏ်အနက် သဘောရင်းလည်း

မဟုတ်၊ တည်ရာဝတ္ထုကို အကြောင်းမဲ့ဘဲ ခေါ်ဝေါ်ရုံမျှ ပညတ်သော ဝေါဟာရ ဖြစ်၏။

သဘောရင်းဟူသည်ကား အညို့အဖြူစသော ဂုဏ်အနက်ထည်းကောင်း၊ သွားခြင်း စားခြင်းစသော ကြိယာအနက်သည် ထည်းကောင်း၊ ခြင်တခုကိုစွဲ၍ ခြင်တခုအမည် ရရာနှိုက် စွဲမှီ၍ ဖြစ်သောခြင်တခုသည်ထည်းကောင်း သဘောရင်းမည်၏ဟု နှလုံး သွင်းရာ၏။ ဤသို့သောအရာများကို ဆိုပြီးသည်နှင့်ထည်းကောင်း ဆိုထတ်ဆံ့သည်နှင့် ထည်းကောင်း ညှိ၍ ဆင်ခြင်ရာ၏။ ။ဥကာရန္တပြီးပြီ။

၇၄-ဦ,ကာရန္တနှိုက် ဝေါဟာရကို အကျယ် ပြခြင်းအကြောင်း

ဦ-ကာရန္တဒ္ဓိကား ဝိသဇ္ဇနီမပါသည်,ပါသည်ဟူ၍ ကွဲးရာ၏။ထိုတွင် "အဆောက် အဦ၊ တံချူသဘွယ်"စသည်ဖြင့် ဒဠသမ္ဘာရ၏အနက်,အဆောက်အဦ ဟူသောအရာ။ "နဂါးရေသူ၊ ငါသည်းဥိကို"စသည်ဖြင့် အသည်းအဦ ဆိုသောအရာ။ ။"ခွဲခွဲထိုးဦ၊ ဝမ်းချက်စူနှင့်"စသည်ဖြင့် ပုပ်စင်ထိုးဦသည်ကိုဆိုသောအရာ။ ။"ကမ္ဘာဦးသူ၊မှောင် ကြီးတူ၍၊ ဦဦသောင်းသောင်း"စသည်ဖြင့် ကြော်ငြာသောအသံကို ဆိုသောအရာ။ "ဝင်စုံထွက်ပြု၊ ဦရရှုဇျင်"စသည်ဖြင့် ထွားညှဲသည်ဟု ဆိုလိုသောအရာ ဤသို့သော အရာတို့နှိုက် ဝိသဇ္ဇနီသံမပါ၊ ဦကာရန္တ ခေါ်ဝေါ်ကုန်၏။

ထိုတွင် အဆောက်အဦ ဟူရာနှိုက် အ,အက္ခရာမပါဘဲ "အိမ်ယာဆောက်ဦ၊ဆီမီး ဟူသား"။ ။"မွှမ်းမျှဆောက်ဦ၊ယူခဲ့မကြွင်း"စသည်ဖြင့် စပ်ဆိုသောအရာများမှာကဲ့ သို့ 'ဆောက်ဦ'ဟူ၍သာ ဆိုလိုရင်းဖြစ်၏။ဆောက်ဦ-ဟူ၍ဆိုသည်ကား အဆောင် အယောင် အခမ်းအနား ပရိက္ခရာဟူသော သုံးဆောင်ရန်ဝတ္ထုအများကို ပေါင်း၍ ခေါ်ဝေါ်ခြင်းတည်း၊ တခုတည်း,တဦးတည်း၏ အမည်မဟုတ်၊ အပေါင်းအစု ဖြစ်သော အသုံးအဆောင်ကို-အခမ်းအနား, ဟူ၍ငင်း၊အဆောက်အဦ, ဟူ၍ငင်း၊ သုံးဆောင်ရန် ဟူ၍ငင်း၊ ပရိယာယ်တူ ဝေါဟာရ ဖြစ်၏။ ။ပရိက္ခရာ-ဟူ ၍ငင်း၊ ဒဠသမ္ဘာရ-ဟူ၍ငင်း ဆိုသည်ကား သုံးဆောင်ရန်ကိုပင် မာဂဓဘာသာ အားဖြင့် ခေါ်ဝေါ်သတည်း။ ဤ ဆောက်ဦ-ဟူသော ဝေါဟာရသည် ခြည်ပင် အများပေါင်း၍ ရက်ပြီးမှ ပုဆိုး၊ မြေမုန့်, မြေညက်ပေါင်း၍ ပြုသည်ကို အိုး၊လှည်း ဘီး, ဝင်ရိုး, အကွပ်, အကန့်ပြည့်စုံ၍ စီးနင်းသော ယာဉ်ကို ရထားဟူ၍ အများ ပေါင်းမှ ရသောအမည်ကဲ့သို့, တခုတည်းသော ဝတ္ထုကို ဆောက်ဦမဆို၊ သုံးဆောင် ရန် ၂-ခု, ၃-ခု စသည်ဖြင့် အပေါင်းကိုဆိုသည်ဟု နှလုံးသွင်းရာ၏။ ဤဆောက်ဦ-

ဟူသော ဝေါဟာရကား ယခင်ကဲ့သို့ ဝတ္ထုခြေမအစုကို အကြောင်းမဲ့ဘဲ ခေါ်ဝေါ်ရုံမျှ ပညတ်သော ဝေါဟာရဖြစ်၏။

၌ဆောက်ဦ-ဟူသော ဝေါဟာရကို 'အဆောက်အဦ' ဟူ၍ အ,အက္ခရာထည့်၍ ဆိုသည်ကား ပဒပူရဏ, ဝါစာသိလိဋ္ဌ ဟူ၍ မှတ်ရာ၏။ ထိုတွင် လေးထုံးတပါဒ စသည်ဖြင့် ပါဒကိုမှတ်၍ ဖွဲ့သော ပျိုကျောတို့နှိုက် 'အတင်အချေ၊ အဖြေအမေး' စသည်ဖြင့် တင်သည်, ချေသည်,ဖြေသည်, မေးသည်ကိုပင် 'အတင်အချေ' ဟူ၍ အ-အက္ခရာထည့်၍ စပ်ဆိုခြင်းသည် ပဒပူရဏမည်၏။ ။ပဒပူရဏဟူသည်ကား ၄-ထုံး တပါဒစသည်ဖြင့် ဖွဲ့သောအရာဖြစ်၍ ၄-ထုံးစသည် ပြည့်မီစေခြင်းငှာသာဆိုသည်။ အရအထူးမရှိ ဆိုလိုသည်။ဝါစာသိလိဋ္ဌ ဟူသည်ကား ပါဒမဖွဲ့ဘဲ စကားပြေမျှသာ ဆိုသောအရာ၌ အသုံးအဆောင်များသည်၊ အသုံးအဖွဲးလိုသည်၊ အကြားအမြင် အလိမ်အမာ ရှိသည်ဟူ၍ အ-အက္ခရာ ထည့်၍ ဆိုသော အရာသည် စကားပြေပြစ်စေခြင်း အကျိုးမျှသာဖြစ်၍ ဝါစာသိလိဋ္ဌ မည်၏။ ဝါစာသိလိဋ္ဌ, ပဒပူရဏအရာနှိုက် အက္ခရာသည်လည်း အရအနက် အထူးမရှိသည်ပင်ဖြစ်၏။ ၌ ပဒပူရဏ,ဝါစာသိလိဋ္ဌအရာ၌ ပုဒ်ကိုပြည့်စေသည်လည်း ပြေပြစ်စေလို၍ပင်၊အပြေအပြစ်ဖြစ်အံ့သည်လည်း ပုဒ်ပြည့်သော်သာ ပြေပြစ်အံ့သည်ဟူ၍ အတူတူသော်လည်း ယူရာ၏။ ။ ၌ဝါစာသိလိဋ္ဌ, ပဒပူရဏအရာနှိုက် အ, ကို အစနှိုက်သာ ဆိုသော စကားခွန်းဖြစ်၍ အန္တမဟုတ်သောကြောင့် အကာရန္တအရာနှိုက် မဆိုခဲ့သည်။

အသည်းအဦကို 'ဦ' ဟူ၍ ဆိုသော ဝေါဟာရကား....အကြောင်းမဲ့ဘဲ ခြေမျှကို ခေါ်ရုံမျှ ခေါ်ဝေါ်သောအရာဟူ၍လည်း ယူသင့်၏။ ပုဝ်နံ့, သိုးဦတတ်သောအင်္ဂါဖြစ်၍, အဦ-ဆိုသည်လည်း ယူသင့်၏။ ၌သို့ ဆိုတွယ်ရှိ၏၊ အသည်း,အဆုပ်, အသွေးအရေ အထုံးစုံပင် သိုးဦတတ်သည်ချည်းကို ဦသာ ပုဝ်နံ့, သိုးဦ တတ်သကဲ့သို့ မဆိုသင့်တကား၊ ဆိုတွယ်ရှိ၏။ ထိုသို့သော်လည်း ဦသောအင်္ဂါသည် အထယ်နှိုက် တည်သောအရာ၊ သိုးဦလွယ်သော အရာအထူး ထင်မြင်သည်ကိုစွဲ၍ ဦကိုသာ ဆိုသင့်သည်လည်း ယူသင့်၏။ အသည်း, အဆုပ်စသည်တို့မှာ အမည်ထူးရပြီးဖြစ်၍, နွားသာ 'ဂေါ်' မည်သကဲ့သို့၊ အဦသာလျှင် ဦ-ဟူသော အမည်ကို ရပါသည်ဟူ၍လည်း ယူသင့်၏။ အရာ တိုင်းလည်း ရုဋ္ဌမဟုတ်။ အရာ တိုင်းလည်း အန္တဋ္ဌမဟုတ်သောကြောင့် သဘောသက် ထုံးစံနှင့်ညီ၍ ယူရာ၏။

၌ 'အဦ' ဟူသောဝေါဟာရသည် ယခင်ဆိုတိုင်း သိုးဦတတ်သောကြောင့်ဟူ၍, ဟူလျှင် ဦ၏, ပုဝ်၏ဟူသော ဂုဏ်သဘောရင်းဖြစ်၏။ ပုဝ်၏, ဦ၏, အောက်၏-ဟူ

သောစကားမျိုးသည် ရိုးရဲ့ဟောင်းမြင်းသော အနှံကို ဆိုသော အရာဖြစ်၏။ သိုးဦ ဟူသော ဝေါဟာရလည်း ပြီးထင့်ပြီ။

ဦဦသောင်းယောင်း, ဟူရာန္ဒိုက် ဦ-ဟူသော ဝေါဟာရကား ကြေငြာဟစ်ကြွေး ခြင်း ကြိယာသဘောရင်းဖြစ်၏။ ဦ-ဟူသော အသံမျက်သာစွဲ၍ -ကြိုးကြော်၏မြည်သံ နှင့် ထျော်စွာ, ကြိုးကြောဟူသော ဝေါဟာရဖြစ်၏ ဟူသကဲ့သို့ ဦ-ဟူသော အသံနှင့် ထျော်စွာသာ ဖြစ်သည်ဟူ၍ လည်း ယူသင့်၏။

ထွားညှံ့သည်ကို 'ဦသည်' ဟူ၍ ဆိုသော အရာကား အထူးသဖြင့် ထွတ်ထွတ် ထွားထွား ရှိသည်ဖြစ်၍ ဂုဏ်မြောက်သော အရာနှိုက် ဆိုသတည်း။ ဤအရာနှိုက် 'ဦသည်' ဟူ၍ လည်းကောင်း 'ဦရရှ' ဟူ၍ လည်းကောင်း ဆိုသော အရာကို အထူးသဖြင့် ဖြူသောဂုဏ်ကို ထင်စေလိုရ၍ ဆိုသော အရာကဲ့သို့ ထင်ဘွယ်ရှိ၏။ ထိုသို့ ဖြူသည်ကိုသာ မယူလို။ ဖြူသည်ဖြစ်စေ, ညိုသည်ဖြစ်စေ ထွားထွား ထွတ် ထွတ် ရှိသောအရာကို 'ဦသည်' ဟူ၍ ယူသင့်၏။ ယူသင့်ဟန်ကား.... "ဝင်စုံထွက် ပြု၊ ဦရရှထျင်၊ မတူမနည်း" စသည်ဖြင့် စင်ဆိုသောအရာ၌ ဖြူသည်ကို မယူသင့်။ အဘယ့်ကြောင့်နည်းဟူမူကား- "လုထင်စမွာယ်၊ ယောကျ်ားး ငယ်တုံ" စသည်ဖြင့် ဖျိုငယ်သော ယောကျ်ားတို့နှိုက် မုတ်ဆိတ်၏ တင့်တယ် ဟန်ကို ဆိုသော အရာ ဖြစ်ခဲ့၏။ ဖြူသော မုတ်ဆိတ်လည်း မတင့်တယ်ရာ။ မုတ်ဆိတ်ဖြူ ပေါက်မည့် အရွယ်, လူကြီးလူအိုကို ဆိုသောအရာလည်း မဟုတ် "နက်မည်းဆံသွယ်၊ လက်ဦး ရွယ်က" ဟူ၍ ငယ်သည့် ကာလ ဆံမည်းကြောင်း။ "ဖြူကြားဆံရောက်၊ အိုရပ် ဖောက်မှ" ဟူ၍ အိုသောအခါ ဆံဖြူကြောင်း များကို ဆိုပြီး ဖြစ်သောကြောင့်- ဆံနှင့်တူစွာ လုထင်အရွယ်နှိုက် မုတ်ဆိတ်မည်းကိုသာ လိုသင့်သောကြောင့် 'ဦရရှ' ဆိုသည် တမှံဟူ၍ ဖြူသည်ကို မယူသင့်သည်ဖြစ်၏။

ဝိသဇ္ဇနီသံပါသော အရာ၌ကား.... "တဦးတဦး၊ ဥဒါန်းကျူးသော်" စသည်ဖြင့် အရှိအသေ ရေတွက်သောအရာ။ "ချစ်ခြင်းလွန်ကြူး၊ ရွှေဆိုဦးသည်၊ ကျေးဇူး သခင်" စသည်ဖြင့် ရွှေကိုမီးဖြင့် လျော်သည့်, ဦးသည်ကို ဆိုသောအရာ။ "အပေါင်းလူများ-ရှေးဦးတည်း" ဟူ၍ အစအဦးကို ဆိုသောအရာ။ "တစုမှူး ၍၊ ခြေဦးတိုက်ပါကုန်လတ္တံ့သော" စသည်ဖြင့် ဦးခေါင်းကို ဦး-ဆိုသောအရာ။ "မဆိတ်ဘူး၊ နားထောင်ဦးလော့" စသည်ဖြင့် တိုက်တွန်းသောအရာ။ "ဆွမ်းဦး, ရေဦး" စသည်ဖြင့် အမြတ်အကောင်းကို ဆိုသောအရာ....ဤသို့သော အရာတို့နှိုက် ဝိသဇ္ဇနီသံပါ၍ ခေါ်ဝေါ်ကုန်၏။

ထိုတွင် 'တဦးတဦး' စသည်ဖြင့် အရှိအသေ ရေတွက်သော အရာကား ရှိသေသောအမှုအရာ ဂုဏ်တစိတ်မျှသာ ယူသင့်၏။ အဘယ့်ကြောင့်နည်းဟူမူကား တစ်, နှစ်, သုံး, လေးစသော-သင်္ချာမှဘပါး အနက်အထူးမထွက်၊ အရာသို့ ထိုက်၍သာ တကောင်, နှစ်ကောင်၊ တခု, နှစ်ခု၊ တယောက်, နှစ်ယောက်၊ တပါး, နှစ်ပါး-စသည်ဖြင့် အထွေထွေခေါ်ဝေါ်ကုန်၏။ ။အချို့ကား တကောင်, နှစ်ကောင် ဆိုသည်ကို အသေအကောင်မဟုတ်တကား၊ ရှင်သောသတ္တဝါတို့ကို တကောင်, နှစ်ကောင်မဆိုသင့်သကဲ့သို့ အယူရှိ၏။ အကြောင်းမှာ မရှိသေလောက်သော ကြက်, ဒွက်စသည်တို့ကို ဆိုသင့်သည်သာ ဖြစ်ရာ၏။ အဘယ့်ကြောင့်နည်း ဟူမူကား.... "ထင်းတ, တကောင်၊ ထက်ဆောင်သဖွယ်" ဟူ၍ စပ်ဆိုသောအရာကို ထောက်သော်၊ ထင်းတအရှင်တို့ကိုပင် ဆိုသည်ယူသင့်၏။

တခု, နှစ်ခု-ဆိုသော အရာကား...."သိပ်ငယ်တခု၊ လူမှုလိမ္မာ" ဟူ၍ မရှိ သေလောက်သော တိရစ္ဆာန်တို့ကို ဆိုသောအရာ။ "အာရုံငါးခု၊ ဝတ်မှုစားရာ" စသည်ဖြင့် အဝိညာဏက ဖြစ်သောအရာ။ စိတ်စေတသိက် စသော သဘော တရားတို့ကို ဆိုသောအရာ။ "ကိုးခု၊ ဆယ်ခု၊ဆယ့်တခု" စသည်တို့နှိုက် လူမင်းတို့ကိုဖျက် အမှတ်မထင်ဆိုသောအရာ။ "အစွန်းငါးခု၊ ဗသျုအဒ္ဓ" စသည်ဖြင့် နှစ်သတ္တရာဇ် ဟူသော ကာလအခန့်ကို ဆိုသောအရာ။ ဤသို့စသည်ဖြင့် ရှိသေသည့်အရာ အထူး မထင်။ အမှတ်မဲ့သော အရာနှိုက်ကား တခု, နှစ်ခု-ဟူ၍ ဆိုသောအရာ ထင်၏။

တယောက်, နှစ်ယောက်-ဟူသည်ကား လူစသော ရှိသေလောက်သော သတ္တဝါနှိုက် ဆိုသောအရာထင်၏။ "ထီးဖြူဆောင်းချည်း၊ မနည်းအံ့လောက်၊ ခုနစ်ယောက်စင်"ဟူ၍ ထည်းကောင်း၊ "မောင်နှင့် နှမ၊ ထိုမျှသုံးယောက်"ဟူ၍ ထည်းကောင်း၊ "လှခေါင်ရောက်သည်၊ ခြေးယောက် ကြွေ့ကြွေ့ ရမ်းရမ်းတည်း"။ ။ကိုးကျိပ် ကိုးယောက်၊ရွှေတောင်ပေါက်သို့"။ ။"မဂ္ဂဒွန်လေးယောက်, ဖလဒွာန်လေးယောက်" စသည်ဖြင့် လူစသော ရှိသေထိုက်သောအရာနှိုက် ဆိုသည်များ၏။

တပါး, နှစ်ပါးဟူသည်ကား အမှတ်မဲ့ သဘောတရားတို့ကိုဆိုသောအရာ၊ အထူးသဖြင့် ရှိသေခြင်းကို ရွှေ့ရှု၍ ဆိုသောအရာနှိုက် ထင်၏။ "ပါယ်လေးပါးသို့၊မလားစေကြောင်း" ဟူ၍ ထည်းကောင်း။ "ငါးပါးဂတိ၊ မှားဘွယ်ရှိလည်း" စသည်ဖြင့် လည်းကောင်း၊ အရပ်အမျိုးကို ရွေးရှု၍ ဆိုသော အရာနှိုက်လည်းကောင်း ထင်၏။ "ရတနာသုံးပါး၊အမြတ်ထားမူ၊လူသုံးပါးနှင့်၊မပြားရောပြွမ်း"စသည်ဖြင့်အထူးသဖြင့် ရှိသေထိုက်သော လူစသောအမြတ်နှိုက်လည်းကောင်း၊ အမှတ်မဲ့သောအမျိုးအဆွေ, အရပ်ဒေသ-စသော သဘော အနက်နှိုက်သာ တပါး, နှစ်ပါး-စသည်ဖြင့် ဆိုသည်

များ၏။ တဆူ,နှစ်ဆူ – စသည်ဖြင့် ဆိုခြင်းသည်လည်း အရှိအသေ ဆိုလိုရာ၌သာ အဆိုများ၏။

ဤသို့လျှင် တခု,နှစ်ခု၊ တယောက်, နှစ်ယောက်၊ တပါး,နှစ်ပါး၊ တဦး,နှစ်ဦး၊ တဆူ,နှစ်ဆူ–ဟူသော စကားများကိုသည် အရာသိုလိုက်၍ ရှိသေ, မရှိသေ သော အခြင်းအရာကို ထင်ပါစေသည်သာ။ တစ်,နှစ်-စသော လိုအပ်သောအနက်မှတပါး အနက် အထူးမထွက် သောကြောင့် ဝါစာသိလိဒ္ဓမျှသာ ဟူ၍, နလုံးသွင်းအပ်၏။

ထိုထွင် တကောင်, နှစ်ကောင် ဆိုမူကား၊ အကောင် ဆိုအပ်သော ဝတ္ထုရှိ၏၊ တရန်,နှစ်ရန်၊ တစုံ,နှစ်စုံ–ဆိုရာနှိုက်လည်း အစုံဟူသောဝေါဟာရ၊ အရန်ဟူသော ဝေါဟာရ ရှိ၏၊ တစီ, နှစ်စီး၊ တခု,နှစ်ခု၊ တပုံ, နှစ်ပုံ,၊ တရက်,နှစ်ရက်၊ တထ, နှစ်ထ–စသည်ဖြင့် ကာလအပိုင်းအခြား။ ။တဆံ့,တမုံညင်း, တနှမ်း, တမုယော, လက်သစ်,မိုက်, ထွာ, တောင်, တာ,ဥသဘ-စသည်ဖြင့် ခရီးအဝွန့် အပိုင်းအခြား။ ရွေး,ဝဲး,မူး,မတ်,ခွဲး,ကျပ်,ပိဿာ-စသော အချိန်အထေး အပိုင်းအခြား။ ။စလယ်, ခွက်,ပြည်-စသော ပမာဏ အပိုင်းအခြားတို့ကို ဆိုရာနှိုက် အစီး,အစုံ,ဒဇုံ-ဆိုအပ် သောအရာ။ ။နှစ်,လ,ရက်, မုံညင်း,ဆံခြည်, ရွေး,ဝဲး-ခေါ်ဝေါ် အပ်သောအရာ လည်းကောင်း ဝတ္ထုလည်းကောင်း၊သိုးသန့်၍ ထင်ရှားသောအနက်ရှိသောကြောင့် ဝါစာသိလိဒ္ဓမျှသာ မဆိုကောင်း၊ ရထိုက်သောအနက် ရှိသည်ပင်ဖြစ်၏။

ဤသို့ တခု,နှစ်ခု-စသည်ဖြင့် ဆိုရာနှိုက် ခု-ဟူ၍,လည်းကောင်း၊ ပါး-ဟူ၍, လည်းကောင်း၊ ဦး-ဟူ၍,ထည်းကောင်း၊ ဆူ-ဟူ၍,လည်းကောင်း ဝိသေသခေါ် ဝေါ်ခြင်းမရှိ။ အနက်အရာသဘောမျှသော်ကား အရာအလျောက် ရှိသေသောအမှု အရာ အမှတ်မဲ့သောအရာသိုလိုက်၍,သာ ခေါ်ဝေါ်ခြင်း ရှိသည်ဖြစ်သောကြောင့် ဂုဏ်တစိတ်မျှ သဘောရင်းကဲ့သို့ရှိ၏။

ရွှေကို ဦး-သည်ဟူ၍,ခေါ်ဝေါ်ရာနှိုက်ကား ရွှေ၏ အရည်အသွေး, အရောင် အဝါကို တိုးတက်စေလို၍, မီးဖြင့်ပြုပြင်ပြန်သော အခြင်းအရာမျှကို သမ္မုတိအား ဖြင့် ခေါ်ဝေါ်ခြင်းဖြစ်၏။ ထိုအခြင်းအရာသည် ချက်၏,လှော်၏-ဟူသကဲ့သို့ မီးဖြင့် သစ်လတ်စေသည်၊ အရောင်အဝါကို ထက်မြက် ပေါ်ထွက်စေပြန်သည် ဟူသော ကြိယာ အထူးမျှသာ။ ဥပမာကား····အိပ်ခြင်းကြိယာမျှကိုသာ လူမင်းတို့နှိုက်စက်၏၊ ရဟန်းတို့နှိုက် ကျိန်း၏၊ လူသာမန်တို့နှိုက် အိပ်၏၊ စားခြင်းကြိယာမျှကို လူတို့နှိုက် စား၏။ ရဟန်းတို့နှိုက်ကား ဘုဉ်းပေး၏-ဟူ၍, အရာအလိုက် အသီးသီးခေါ်ဝေါ် ၏သို့ ရွှေ၏ အသွေးအရည် တက်အောင် ပြုပြင်သည်ကို ဦးသည်-ဟူ၍, ဆိုသည်။

ငွေကိုကား အတိုအတောင်း မကောင်းလွန်းသောအရည်ကို အရှည်ဖြစ်စိမ့်သောငှာ ပြုပြင်ရာ၌ လည်းကောင်း၊ ကောင်းပြီးသော အရည်အရှည်ကို အည့်အတိုးပြုပြင်ရာ၌ လည်းကောင်း မှတ်သည်-ဟုဆို၏။ ။ထမင်းဟင်းတို့ကို ဆန့်ဟင်းရွက်-ရှိကာလ၊ ရသရှိသော ထက်ထက်မြက်မြက် စားသောက်သာအောင် ပြုပြင်ရာနှိုက်ကား ချက်သည်ဆို၏။ ထိုသို့ အထူးထူးခေါ်ဝေါ်ခြင်းသည် ကျက်နပ်စေခြင်း, ကြိယာအထူးမျှသာဖြစ်၏။ ရွှေငွေစသည်ဖြင့် ဝတ္ထုပြားကိုမဆိုထင့်ဦး၊ ရွှေကိုမီးဖြင့် ပြုပြင်ခြင်း,ကျက်နပ်စေခြင်း အထူးထူးဖြစ်ထျက် ရွှေဖြစ်စိမ့်,ရွှေထွက်စိမ့်ဟူ၍, ဖြစ်ထိုက်သောကျောက်၊ ဖြစ်ထိုက်သောဆေးတို့ဖြင့် ကျက်နပ်စေသည်ကာလကား ရွှေချက်သည်။ ။အညစ်အကြေး ရှင်းထင်းရဲ့ အပြားအထျားကောင်းရုံမျှ ကျက်နပ်စေသည်ကို လျော်သည်။ ။ထိုရာအထည်ဖြစ်မြောက်၍, အရောင်အဝါ သာလွန်အောင် ကျက်နပ်စေရာနှိုက်ကား ဦးသည်-ဟု၍, ရွှေကိုကျက်နပ်စေခြင်း,ပြုပြင်ခြင်း, ကြိယာ အထူးမျှကိုစွဲ၍, အထူးထူး ခေါ်ဝေါ်လေသည်။

စားတွယ်ဟင်းမျိုးတို့ကို မီးဖြင့် ကျက်နပ်စေရာနှိုက် အိုးခွက်မပါသက်သက်လည်းကောင်း သစ်ရွက်မြက်မှိုက် စသည်ဖြင့်လည်းကောင်း အငွေ့ခြစ်လွတ်ရုံ မီးနှိုက်ပစ်ချကျက်နပ်စေသည်ကို ဖုတ်၏။ ။တံညှပ်,တံစို့ဖြင့် ကျက်နပ်စေမှု ကင်၏။ ။အိုးခွက်ဖြင့် ကျက်နပ်စေမှု ချက်၏-စသည်ဖြင့် ကျက်နပ်စေခြင်းမျှကို အထူးထူးသော ပြုပြင်ခြင်းနှင့်ဆျော်စွာ အထူးထူးခေါ်ဝေါ်လေသည်။

ထို့ကြောင့် ရွှေကို ကျက်နပ်စေခြင်းကြိယာတူသော်လည်း ပြုပြင်ခြင်းအထူး,နှလုံးသွင်းခြင်း အထူးသို့ထိုက်၍, အထူးခေါ်ဝေါ်သည်သာ။ဦး၏-ဟူသော်လည်း ကျက်စေ၏ချက်၏-ဟူသော အနက်ပင်ဖြစ်၏၊ လျော်၏ဟူသကဲ့သို့ ဦခြင်းကြိယာ ပြုပြင်ခြင်း သဘောမျှသာ အနက်ရင်းဖြစ်၏။

ယင်းမှတပါး "ဦးဖျားမည်၊ ကျတ်ခထိုဟု"။ ။"ဦးစစွန်းစွန်း၊ ပွင့်ခန်းဆောက်ဦး"စသည်ဖြင့် စပ်ဆိုသောအရာနှိုက် အစအရင်းဟူသောအနက်ကို "ဦး"ဟူ၍ဆိုသကဲ့သို့ ရွှေ၏မူလအရည် ကာလရှည်သဖြင့် မပွင့်သောဦးရည်၊ မြူနည်ငြစ်ကြေး ရှက်မှေးသဖြင့် ကြာမြင့်နွမ်းဟောင်းသည်ကို အရည်မူလနှင့် မျှညီစေခြင်း၊ သာလွန်စေခြင်းငှာ ရှေးဦးအစ ထွန်းပသောအရောင်ကဲ့သို့ ရှုပြန်စေသည်၊အဦးအစ,အသစ်ကဲ့သို့ ဖြစ်ပြန်စေသည်ကိုရည်၍, ရွှေကို 'ဦးသည်'ဟူသော ဝေါဟာရဖြစ်၏ယူသော်လည်း ယူသင့်၏။ ဤသို့ယူမှ ဆိုလတ္တံ့သော အစအဦး-ဟူသော စကားနှိုက်ဝင်၏။

အစအဦးကို ဆိုသောအရာနှိုက် အ-အက္ခရာ မပါဘဲ ဦးဟူ၍သာ ဆိုထိုရင်းဖြစ်ထျက် ဆိုအပ်ပြီးသောနည်းဖြင့် ဝါစာသိလိဋ္ဌ,ပဒပူရဏ အရာနှိုက် အဦး-ဟူ၍,

အ-အက္ခရာနှင့် ခေါ်ဝေါ်ခြင်းဖြစ်၏။ ထိုဦး-ဟူသော ဝေါဟာရသည် အစ-ဟူသော အနက်တည်း၊ ထိုအစအဦး ဟူသောအနက်သည် အထည်ခြင်, ဝတ္ထုကို လုံးကောင်း၊ ခြင်ဝတ္ထု၏ ဖြူခြင်း, ညှိခြင်း-ဟူသော ဂုဏ်အနက်ကို လည်းကောင်း ဆိုသော ဝေါဟာရ မဟုတ်။ လျင်စွာဖြစ်၏, နှေးစွာဖြစ်၏ စ-သည်ဖြင့် ဆိုသောအရာနှိုက် လျင်သောဖြစ်ခြင်း, နှေးသောဖြစ်ခြင်း-ဟူ၍ ဖြစ်ခြင်း ကြိယာသာမန်ကို လျင်သော, နှေးသောဟူ၍ အထူး ပြုဘိသကဲ့သို့ ဦးစွာဖြစ်၏။ အစစွာဖြစ်၏။ အဦးအစသော ဖြစ်ခြင်း, သွားခြင်း-စားခြင်း စသော ကြိယာ၏ ဂုဏ်ဝိသေသအနက်မျှတည်း။ ထို'အဦး' ဟူသော ဝေါဟာရကို မြန်မာမှ၌ 'မဆွ' ဟူ၍ လည်းကောင်း၊ 'အစ' ဟူ၍ လည်းကောင်း၊ 'အထွေ' ဟူ၍ ၎င်း၊ 'ရှေး' ဟူ၍ လည်းကောင်း ခေါ်ဝေါ်ခြင်း ပရိယာယ် အထူးထူးရှိကုန်၏။ ။မာဂဓနိုက်လည်း အာဒိ, ပဌမ, တာဝ, ပုဗ္ဗ, ပုရ-စသည်ဖြင့် ပါဠိပါကန် အထူးထူး ကွဲပြားလျက်ရှိ၏၊ ပါဠိကွဲသောအထွေက် မြန်မာ ပြန်ရာနှိုက်လည်း၊ အာဒိ-သဒ္ဒါကိုအစ၊ ပဌမ, တာဝ-သဒ္ဒါကို ရှေးဦး၊ ပုဗ္ဗ, ပုရ-သဒ္ဒါကိုရှေး ဟူ၍. အကွဲကွဲး မြန်မာ ပြန်တော်မူကုန်၏။ဝေါဟာရတို့သည် သဒ္ဒါအထူးထူးကွဲး၍ အနက်သဘောရင်းကား ဆိုခဲ့ပြီးသောအတိုင်း ကြိယာ ဝိသေသန ဖြစ်သော'အစအဦး'ဟူသောအနက်ချည်းတည်း။

ထိုတွင် မြန်မာမှနှိုက် စ,ဟူ၍ လည်းကောင်း၊ ရှေး, ဟူ၍ လည်းကောင်း၊ ဦး,ဟူ၍ လည်းကောင်း၊ သက်သက်ဆိုမိန့်သောအရာ။ အစအဦး, စန-ဟူ၍ အ-အက္ခရာန-အက္ခရာ-စသည်ဖော်၍ ဆိုမိန့်သောအရာ။ ရှေးဦး, ရှေးမဆွ, ဦးမဆွ-စသည်ဖြင့် ပရိယာယ်တူ ဖက်ဆိုသောအရာ။ ပရိယာယ်တူ မဟုတ်သော လက်ဦး, ဦးဖျား-စသည်ဖြင့် ဖက်ဆိုသော အရာတို့ကား များစွာ၏။ ။ထိုတွင် "ဖြူရိုင်ဖြန့်စ၊ နွေဆန်းစတွင်" ။ "မင်းလွင်စသော၊ မရောစချင်" ဟူ၍ စ-အက္ခရာ သက်သက်ဆိုမိန့်သောအရာ။ ။"မင်းဆက်ရှေးက၊ ပြည်ရေးထဲရာ" ။ "ရှေးသော်ကျမ်း ဝင်" ။ "ရှေးခါသော်က" စသည်ဖြင့် ရှေးဟူ၍ သက်သက် ဆိုမိန့်သောအရာ။ "မုလေးညွန့်ဖူး၊ စံပယ်ဦးနှင့်" ။ "မယ်နှင့်ပူး၍၊ နေဦးသရော်" စသည်ဖြင့် ဦး-ဟူ၍ သက်သက် ဆိုမိန့်သော အရာတို့သည် ပျိုကျတို့နှိုက် များစွာ ထင်၏။ "စနရိပ်ချည်၊ မည်သို့သည်မျှ၊ တို့ချင်းတကို၊ အစဖွေရှာ၊ ဆိုသော်ကြာခဲ့" စသည်ဖြင့် အ-အက္ခရာ, န-အက္ခရာ ဖက်၍ ဆိုမိန့်သော အရာတို့ထည်း များစွာ၏။ တွေ့မြင်လွယ်အံ့ဖြစ်၍. မညွှန်းပြီ။ ထိုတွင် စ-ဟူ၍. ဦးဟူ၍ သက်သက်ဆိုမိန့်ခြင်း သာလျှင် စကားခွန်းမူလဖြစ်၏။ အ-အက္ခရာ, န-အက္ခရာတို့ကား ပြေပြစ်ရုံ ဆက်ကာမျှသာ။

ထို စန့်, ရှန့်, အစ့်, အဦး-စသည်ဖြင့် ဆိုမိန့်ရာနှိုက် နှ-အက္ခရာ, အ-အက္ခရာတို့ကိုသာ ပုဒ်ပြည့်ရံ ဆိုသော ဝဏ္ဏမှန်း အဘယ့်ကြောင့် သိအပ်သနည်း ဟူမူကား၊ ထို နှ-အက္ခရာ, အ-အက္ခရာ မပါမူ၍ "ဆောက်နှင့် ထားမ၊ တစဉ်ရှသား" ဟု၍ ၎င်း၊ "ဖြူရိပ်ဖြန့်စ၊ သမ္မတနှင့်" ဟု၍ ၎င်း၊ "လွှတ်ဦးသတင်" ဟု၍ လည်းကောင်း၊ နှ-အက္ခရာ, အ-အက္ခရာမပါဘဲ လိုအပ်သော အနက်ကို ဟောနိုင် ထေသည်ကို တကြောင်း၊ ထို နှ-အက္ခရာ, အ-အက္ခရာချည်း ထိုအနက်ကို မဟောနိုင် ထေသည်ကိုတကြောင်း ထောက်၍ နှ-အက္ခရာ, အ-အက္ခရာတို့ကို ပုဒ်ပြည့်ရံ ဆိုသော ဝဏ္ဏဟု သိအပ်၏။ ဤနည်းကိုခံ၍ အရအနက် မထွက်ဘဲလျက် ဆိုသောအရာ အရအနက်ရှိလျက် ချေ၍ ဆိုသောအရာတို့ကိုထည်း နှလုံးသွင်းရာ၏။ ထိုကြောင့် စ ဟု၍ သက်သက်ဆိုသော အရာသာလျှင် စကားခွန်းမူထဖြစ်၏။ ထိုတွင် မဆွ, အဦး, အလျှင်, ရှေးဦး-ဟု၍ ဆိုသော ဝေါဟာရသည် အစ-ဟူသောအနက်ချည်းဖြစ်၏။

မာဂဓ၌ တလုံး, ၂-လုံး, ၃-လုံး-စသည်ဖြင့် ဝဏ္ဏအများတွင် အစ့, အထယ်, အဆုံး, တလုံးလုံး ကြေကောင်းရာ ဝဏ္ဏ ကြေ၏သို့ လည်းကောင်း၊ ထာသင့်ရာ ထာကောင်းသော ဝဏ္ဏထာရသကဲ့သို့ လည်းကောင်း၊ မြန်မာမှန်ိုက်လည်း ကြေကောင်း, ထာကောင်းသော ဝဏ္ဏတို့ကို ကြေစေ, ထာစေ၍ ဆိုမိန့်သည်ကား များ၏။ ထိုတွင် မာဂဓန်ိုက် အစ့,အထယ်, အဆုံး, အက္ခရာကြေဟန်, ထာဟန်ကို သဒ္ဒါကျမ်းတို့နှိုက် ထင်ရှားစွာ မိန့်အပ်ပြီးဖြစ်၍ မဆိုပြီ။

မြန်မာမှန်ိုက် အစ-အက္ခရာ ကြေဟန်ကား····ဥဒေါင်း,ဥခေါင်း,ဥချို-ဆိုရမည်ကို အစ့,ဥ-အက္ခရာကြေစေ၍ ဒေါင်း-ဟု၍, ခေါင်း-ဟု၍, ချို-ဟု၍ သာဆိုမိန့်ခြင်း။ မုံညှင်းဆန်, လွန်ဆန်, ဆိုဖ်ိသို့၊ ကောက်ဆန်, စပါးဆန်ဆိုအပ်လျက် 'ဆန်' ဟု၍ ဆိုခြင်း။ ။နွားနို့, ကျဲနို့-စသည် ဆိုအပ်လျက် နို့ဆွမ်းဂဏာ-စသည်ဖြင့် ဆိုခြင်း။ ၁၀-တင်းတွင်, ကိုးတင်းတွင်၊ စရွတ်နုတ်, စိတ်နုတ်ဟု၍ အရင်းကိုပယ်၍ ဆိုမိန့်ခြင်း။ ။ယောက်ျားကြီး, ယောက်ျားငယ်၊ မိန်းမကြီး, မိန်းမငယ် ဆိုသင့်လျက် ကျားကြီး,ကျားငယ်၊ မကြီး, မငယ် ဆိုမိန့်ခြင်း၊ ဤသို့စသည်ဖြင့် အစကိုကြေစေ၍ ဆိုမိန့်သောအရာထည်း များစွာ၏။

အထယ်ကြေဟန်ကား····မတတ် မထိမ္မာ ဆိုရမည်ကို မတတ်ထိမ္မာ မချစ်မခင် ဆိုသင့်လျက် မချစ်ခင်၊ မကျေမပွန် ဆိုသင့်လျက် မကျေပွန်၊ စွန့်လက်သည်း ဆိုရမည်ကို စွန့်သည်း။ မျက်စိမမြင် ဆိုရမည်ကို မျက်မမြင်၊ ဤသို့ ဆိုမိန့်ခြင်းသည် အထယ်အက္ခရာကြေ၍ ဆိုမိန့်ခြင်းတည်း။

အဆုံးအက္ခရာကြေဟန်ကား···· သရက်ပင်, သရက်ပွင့် ဆိုသည်နှင့်အတူ အသီးအပင် စသော သဒ္ဒါပုဒ်နှင့် ဆိုအပ်ထျက် "ကြီပြားတင်လဲ၊ ဝိန်းခဲ့သရက်၊ ဖက်လက်, သင့်ရော၊ ငှက်ပျော, ပြုတ်ချို" စသည်ဖြင့်၊ ကြီ, ဝိန်းခဲ့, သရက်, ငှက်ပျော-ဟူ၍၊ အပင်အသီးဟူသော ပုဒ်ကို ကြေစေ၍ ဆိုဗိန္ဓနြခြင်းသည် အဆုံးအက္ခရာ ကြေသည်ဖြစ်၏။

အစ,အက္ခရာလာဟန်ကား····လျှင်သည်, သီသည် ဆိုအပ်ထျက်၊ ကလျှင်, ကသီဟူ၍ အစဒ္ဓ က-အက္ခရာနှင့်ဆိုခြင်း။ ။အုတ်အုတ် ကျက်ကျက် ဟူ၍သာ ဆိုအပ်ထျက်၊ တအုတ်အုတ်,တကျက်ကျက်ဟူ၍ တ-အက္ခရာနှင့် ဆိုခြင်း။ လုံးသည်,ထွေးသည်သာ ဆိုအပ်ထျက်၊ ပလုံးပထွေးဟူ၍ အစန္ဓိက် ပ-အက္ခရာနှင့် ဆိုခြင်း။ ဤသို့စသည်ဖြင့် ဆိုဗိန္ဓနြခြင်းသည် အစန္ဓိက် အက္ခရာလာခြင်းတည်း။

အလယ်နှိက် လာဟန်ကား···· ခုံမင် * ဟူ၍, ဆိုအပ်ထျက်၊ ခုံတမင်ဟူ၍, ဆိုခြင်း။ ။မပြုလည်ဟူ၍, ဆိုအပ်ထျက်၊ မပြုစလည်ဟူ၍, ဆိုခြင်း။ ။မသည်ထောင်ဟူ၍,ဆိုအပ်ထျက်၊ မသည်စထောင်,ဟူ၍, ဆိုဗိန္ဓနြခြင်း-စသည်တို့ကား အလယ်နှိက် လာခြင်းတည်း။

အဆုံးနှိက် လာဟန်ကား····ကျော်စောသည်, ဆန်းကြယ်သည်, ကြမ်းတမ်းသည်, ငြိမ်ဆိမ်သည်, ဆက်လက်သည်-ဤဆို့စသော ဆိုဗိန္ဓနြခြင်းတို့နှိက်၊ ကျော်သည်, ဆန်းသည်, ကြမ်းသည်,ငြိမ်သည်,ဆက်သည်သာ ဆိုထျင် လိုအပ်သော အနက်ရပြီးထျက်၊ အဆုံးနှိက် သဒ္ဒါတပါး ထောင်း၍, ဆိုပြန်ခြင်းသည် အဆုံးနှိက် အက္ခရာ လာသည်ဖြစ်၏။

ဤဆို့ထျင် မြန်မာမှုနှိက် အစ,အလယ်,အဆုံး-တို့နှိက် ကြေသော,လာသော-အရာတို့ကား များစွာ၏။ သတိရရုံသာ ရေးလိုက်သည်။ ။မြန်မာမှုနှိက် ကြေ၏, လာ၏-ဟူ၍,ဆိုသည်ကား၊ ပစ္စည်းစသော အရာတို့ကဲ့သို့ ချေဆုတ်,လာဆုတ်ကို မိန့်သော သူ မရှိ၍, ချေရ,လာရသည် မဟုတ်သော်လည်း လိုအပ်သော အနက် ရပြီးထျက်၊ အက္ခရာပွား ဆိုဗိန္ဓသည်ကို လာ၏။ လိုအပ်သောအနက်ရှိထျက် မဆိုသည်ကို ကြေ၏ဟူ၍, ဆိုလိုက်သည်။

သဒ္ဒါတက်သော ဆရာမြတ်တို့သည် 'သန္ဓိကား သုခုစ္စာရဏအကျိုးသာ' ဟူ၍, ဆိုသည်ကို ထောက်ထျင်လည်း၊ မြန်မာမှုနှိက် ကြေစေခြင်း စသည်ကိုပြု၍, ဝါစာသိလိဒ္ဓ ဖြစ်စေခြင်းသည် သန္ဓိမည်၏။ သန္ဓိ ကျမ်းနှိက်လည်း ကြေခြင်း, လာခြား, ဝဏ္ဏဖောက်ခြင်းသည်ပင် သန္ဓိမည်၏ဆို့ မြန်မာမှုနှိက် ကြေခြင်း,လာခြင်း,ဝဏ္ဏဖောက်

* ခေါင်းစဉ် ၄၃၁-ကိုထောက်၍ သေးသေးထင်ပြင်သည်။

ခြင်းတို့သည် ရှိကုန်၏။ ထိုအရာတို့ကား သန္ဓိချည်း မည်ကုန်၏။ ထိုကြောင့် "ပုဒ်စပ် ချောမြဲ၊ သန္ဓေခြားဖြတ်" စသည်ဖြင့်လည်း ဆရာတို့ မိန့်အပ်ပြီ။ ဤကိုထောက်၍ မြမွာမှုဋ္ဌ သဒ္ဒိ, နာမ်, ကာရက, သမာသ်, ကိတ်-ဟူသော အမည်၊ ပုဒ်, ဝိဘတ်, ဓာတ်, ပစ္စည်း-စသော အမည် ရသင့်သည်ကိုလည်း သိလင့်။ ဤစကားမျိုးကို အောက်က လည်း ဆိုခဲ့ပြီ။ အလျဉ်းသင့်၍ အမြွက်အရိပ် ရေးလိုက်သည်။

ယင်းသို့လျှင် အစ, အလယ်, အဆုံး-တို့နှိုက် လာဟန်ကိုထောက်၍ စကားခွန်း မူလကို နှလုံးသွင်းရာ၏။ အစ, အဦးဟူ၍ ဆိုမိန့်ရာနှိုက် စ-ဟူသည်, ဦး-ဟူသည် ကို ဆိုလျှင်ပင် လိုအပ်သော ရှေး-ဟူသော အနက်ရပြီးလျက်၊ အ-အက္ခရာ အစ နှိုက် လာစေ၍ ဆိုသောကြောင့် စ-ဟူသည် ဦး-ဟူသည်တို့သာ စကားခွန်း မူလဖြစ်၏။ ထိုတွင် ရှေး, အလျင်, မဆွ, အဦး-ဟူ၍ ဆိုမိန့်ခြင်းတို့သည် အစဟူသော အနက်ချည်း ဖြစ်၏။

ဤတွင် အမူးအကြိုး ဆိုသင့်သောအရာကို အချို့သဖြင့် 'အဦး' ဟူ၍ ဆိုမိန့်ရာနှိုက် ဦ-ကာရန္တ လည်းကောင်း ဖြစ်၍ ခွဲးလိုက်အံ့။ အိမ်ဦး, ကျောင်းဦး, ဘုရားဦး, ဘုရားအဦးရှိသော သံဃာ-ဤသို့ စသည်ဖြင့် ဆိုမိန့်ရာနှိုက် ပမုခသဒ္ဒါ၏ အနက် ဖြစ်၍ အမူးဆိုလိုသော အရာလည်း ရှိပေအံ့သည်။ ဒီသာပါမောက္ခ ဟူသည်ကို အရပ်မျက်နှာနှိုက် အမူး, အရပ်မျက်နှာ၏ အကြိုးဟူသကဲ့သို့ ဗုဒ္ဓပမုခ သံဃာ ဟူရာနှိုက် ဘုရားကို အမူးအကြိုး ပြုအပ်သော သံဃာဟူ၍, ပမုခသဒ္ဒါ၏ အနက် ထင်အောင် ဘုရား အမူးရှိသော သံဃာဟူ၍, ဆိုအပ်လျက် ဘုရားအဦးရှိသော သံဃာဟူ၍, အချို့ဆိုကုန်၏။ အိမ်ဦး ဟူရာနှိုက်လည်း ပမုခသဒ္ဒါ၏ အနက်လည်းကောင်း ဖြစ်၍, အိမ်မူး ဆိုလိုရင်း ဖြစ်၏။ ဤ၌ ဘုရားကို အမူး ဆိုအံ့သည်ကို အဦးအဖျား, အဦးအမြတ်-ဟူသော အနက်ကိုယူ၍, 'ဘုရားအဦးရှိသော' ဟူ၍, လည်းကောင်း အိမ်ကျောင်းတို့ကား အမြတ်အကောင်းဖြစ်သော အရပ်တစိတ်ကိုမှတ်၍ အိမ်ဦး, ကျောင်းဦး-ဟူ၍, လည်းကောင်း ဘုရားရှေတော် ရှင်ပြင်နှိုက် စရပ်ကိုကား မှတ်ဝ, မှတ်ထွက်အဦး၌ ဖြစ်သည်ကိုစွဲ၍, မုတ်ဦး, စရပ်ဦး-ဟူ၍, လည်းကောင်း ဆိုမိန့်ထေသည် ယူသင့်၏။

ဤသို့ ယူသင့်သော်လည်း ပမုခသဒ္ဒါကိုထောက်သော် ဘုရားအမူးရှိသောသံဃာ ဟူ၍သာ ဆိုထိုရင်းဖြစ်၏။ အဦး, အစ ဟူသော အနက်ကို ဟောသော ပုဗ္ဗ, ပုရ, တာဝ, အာဒိ-စသောသဒ္ဒါတို့နှင့် မယှဉ်သောကြောင့် အဦး, အစ ဟူသော အနက်နှင့်မထျော်၊ ဘုရားကို အစအဦးပြု၍, အဦးအမြတ်ပြု၍ ဟူသောအနက်သည် သဘော ယုတ္တိကား သင့်၏။ သဒ္ဒါတခြား အနက်တခြား ရှိခဲ့၏။ ယင်းသို့ဖြစ်၍, ဗုဒ္ဓပမုခ

ဟူသည်နှင့်အညီ ဘုရားအမှူးရှိသော ဟူသော်သာလျှင် သဒ္ဒါအနက်လည်း နှီးနှော၏။ သဘောလည်းထွေ၏။

အိမ်ဦး, ကျောင်းဦး-ဟူရာနှိုက်လည်း ထို့အတူ အဦးအစ, အဦးအမြတ်ယူသော် သဘောသင့်၏။ သဒ္ဒါနှင့်မတန်လေ။ ဤနှိုက် အိမ်မှူး, ကျောင်းမှူးဟူ၍ သဒ္ဒါနေ သို့လိုက်၍ ဆိုသဖြင့် အသင့်သော သဘောအနက်မရှိရာ။ အမှူးအကဲး ဆိုရအံ့သော အရာမဟုတ်တကား၊ဟူအံ့။ အိမ်,ကျောင်း-ဟူသော အပေါင်းဖြစ်သော အမည်နှိုက် အိမ်မ,အိမ်ဘီ-စသည်ဖြင့် ထည်းကောင်း၊ ကျောင်းဦး, ကြက်သရေတိုက်-စသည်ဖြင့် ထည်းကောင်း၊ အစိတ်အစိတ်သော အခန်းအများ ရှိသည်ထွင် အကြီး အမ, အမှူးအကဲး သဖွယ်ဖြစ်၍ အိမ်မှူး-စသည်ဖြင့် ဆိုလေသည် ဟူသော် အသင့်သော သဘောအနက်ရှိသည်ပင်ဖြစ်၏။ ထိုထွင် 'ကျောင်းမှူး'ဟူ၍ ဆိုမိန့်သည်ကား တစိုး တစိမျှမထင်။ 'အိမ်မှူး' ဟူ၍ ဆိုမိန့်ရာနှိုက်ကား ဟဆွဲးသံမပါ 'အိမ်မူး' ဟူ၍ ဆိုမိန့်ရေးမှတ်ကြသည်များ၏။ သဘောအားဖြင့်ကား ဟဆွဲးလို၏။ 'အိမ်မူး' ဟူ၍ ဟဆွဲးမပါမူ၍ ဆိုမိန့်ရာနှိုက် မလင့်ဟန်ကို နောက်မှ ဆိုအံ့သည်။ 'အိမ်မှူး'ဆိုသည်ကိုထောက်သော် 'ကျောင်းမှူး' ဟူ၍ လည်းဆိုကောင်းလျက်ပင်၊ အိမ်နှင့် ကျောင်းဖြစ်၍ မကျစ်မလျစ်လွန်း သကဲ့သို့ ထင်မှတ် သဖြင့်သာ ခေါ်မှတ်လေ့ မပြုသည်ယူသင့်၏။

ဘုရားဦးစရပ်ကို တမူကား.....ဗုဒ္ဓပမုခ, စေတိယပမုခ-စသည်ဖြင့် ပမုခသဒ္ဒါနှင့် ယှဉ်၍ရှိသော အရာမထင်သောကြောင့်လည်းကောင်း ဘုရားစေတီဟူသော ဝေါဟာရနှိုက်မဝင်၊ အသီးသောဝေါဟာရ အသီးသောဌာန ဖြစ်သော ကြောင့်လည်းကောင်း၊ အမှူးအကြီးဟူသော အနက်နှင့် စင်စစ်အားဖြင့် မလျော်သောကြောင့်လည်းကောင်း ဘုရားမှူးစရပ်, ဟူ၍ ဆိုသဖြင့် အနက်လည်းမလျော်၊ အခေါ်လည်းမထင်၊ သဒ္ဒါလည်း မမြင်ဖြစ်ခဲ့၏။ ယင်းသို့သောကြောင့် ဘုရားစေတီ ထိုက်မှုတ်၏ အဝ, အထွက်, အဦး-ဟူသော အနက်ဆိုထိုက်၍ ဘုရားဦးစရပ်-စသည်ကို ခေါ်ဝေါ်ရာနှိုက်ကား ယခင် 'အဦးအစ' ဟူသော အနက်လည်းကောင်း ဖြစ်၏။

အိမ်ဦး, ကျောင်းဦး-စသည် ဆိုမိန့်ရာနှိုက်ကား ယခင်ဆိုခဲ့တိုင်း အနက်သဒ္ဒါ မနှီးနှောသော်လည်း အဦးအမြတ်, ဟူသောအနက်၊ အဦးအစ, ဟူသော အနက်ကို ယူ၍ အိမ်ဦး,ကျောင်းဦး-ဆိုသည်ယူရ၏။ ။ထိုထွင် 'အစအဦး' ဟူ၍ ယူရာနှိုက်ကား အစအဦး ရောက်အပ်သည်, ပြုပြင်ဆောက်လုပ်အပ်သည် ဟူ၍ အသင့်ယူရာ၏။ ။အဦးအမြတ် ဟူရာနှိုက်ကား ကြီးမြတ်သောသူတို့နေမှတ်ပြုရာ၊ အမြတ်အကောင်း ပြုပြင်သမုတ်အပ်သော အရာဟူ၍ အသင့်ယူရာ၏။

"တစုဖူး၍၊ ခြေဦးတိုက်ပါကုန်လှည့်ထော" [၁] စသည်ဖြင့် ဥခေါင်းကို 'ဦး' ဆိုရာ နှိုက် ဥခေါင်းဟူ၍၊ ဥရဿအဆံဖြင့် ဆိုရာနှိုက် ဥဒေါင်း, ဥချိုး, အိမ်ဆီး, အိမ်ဆေး, အိမ်ထား-ဟူရာနှိုက် ဥအရ, အိမ်အရ, အခြားမရှိ။ ဒေါင်း, ချိုး-ဟူသော ဌက်၊ စွေး-ထား-ချီး ဟူသောအနက်သာ ရသကဲ့သို့ ဥခေါင်းဟူရာနှိုက် ဥအရမရှိ။ ခေါင်းအရသာ ရှိ၏။

ဦးခေါင်း ဟူရာနှိုက် ခြေဦးတိုက်၏, ရှိဦးခိုက်၏, ခေါင်းဦး ကျော်နင်း၏- စသည်ဖြင့် ဆိုသည်နှင့်အညီ ဦးခေါင်းဟူ၍၊ ဒီဃသရတွင် ဝိသဇ္ဇနီသံနှင့် ဆိုအပ် ဏက် ဖြင်တခုတည်း၏ အမည်ဖြစ်၍၊ အသံစပ်ဏက် နှိုးနှောထိုက်လျောစွာ ရေး ဘတ်ဆိုမိန့်သည် ယူသင့်၏။ ။ထိုတွင် ခြေဦးတိုက်၏, ရှိဦးခိုက်၏- စသည်ဖြင့် ဥခေါင်းကို 'ဦး' ဟူ၍၊ ဆိုရာနှိုက် ကိုယ်ဟူသော အပေါင်းအမည်ကို ခြေ,ထက်, ဥခေါင်း-စသည်ဖြင့် စိတ်၍၊ ခေါ်ဝေါ်ခြင်း အမည်တို့တွင် မြတ်သော အင်္ဂါဖြစ်၍၊ ဥခေါင်းကို 'ဦး' ဆိုသည်ယူသင့်၏။ ပါဠိတော်၌ဏည်း ဥခေါင်းကို 'ဥတ္တမင်္ဂ' ဟူ၍၊ ဆိုသောအရာထင်၏။ ထိုကြောင့် ဦးခေါင်းဟူရာနှိုက် 'ဦး' ဆိုသည်ကား မြတ်၏, ဟူသောအနက်ဖြစ်၏။ ။'ခေါင်း' ဆိုသည်ကား အကြီး အမ ဖြစ်၍၊ ပြဋ္ဌာန်း သောသူကို 'ခေါင်းအကြီး' ဟူ၍၊ ဆိုသကဲ့သို့ အကြီးအမ ဖြစ်၍၊ ဏည်းကောင်း၊ ပြဋ္ဌာန်းသည်ဖြစ်၍၊ ဏည်းကောင်း ခေါင်းဟူ၍၊ ဆိုအပ်၏။ ။ဦး-ဟူသောအနက်, ခေါင်း-ဟူသောအနက် ၂-ပါး၏တည်ရာအင်္ဂါကို ပုဂ္ဂံဂကိဏ္ဏ,စသောပုဒ်တို့ကဲ့သို့ ကမ္မဓာရဏည်းအနက်အားဖြင့် တွဲးယှဉ်၍၊ 'ဦးခေါင်း' ဆိုသည်ယူသင့်၏။ ။ထိုတွင် ဦးခေါင်းသည် ကိုယ်အင်္ဂါနှိုက် အကြီးအမ ဖြစ်ဟန်ကား....နား, မျက်စိ, ဏှာ, နှာခေါင်း-တို့၏တည်ရာ၊ ထိုနား,မျက်စိ-စသည်တို့သည် ထိုဦးခေါင်းနှိုက် ရပ်နေ၍၊ ထက်,ခြေ-စသော အမှုထုပ်ဝယ်သားတို့အား အကြီးအမ စီရင်ဘိသကဲ့သို့ စီရင် တတ်သော အကြီးအမသဘွယ်ဖြစ်သော နား,မျက်စိတို့၏ ရပ်နေရာဖြစ်၍၊ အကြီး အမ ဆိုသင့်သည်ဖြစ်၏။ ဦးခေါင်းဟူသည် ကိုယ်အင်္ဂါနှိုက် ပြဋ္ဌာန်းဟန်ဏည်း ထက်, ခြေ စသည်ဖြင့် ပြုအပ်သောကိစ္စတို့သည် နား,မျက်စိ ပြဋ္ဌာန်းသဖြင့်သာ ဖြစ်၏။

၌တွင် ဆိုဘွယ်ရှိ၏။ စက္ခု,သောတ,ဃာန,ဇိဝှါ တို့သာ ဦးခေါင်းနှိုက်တည်၍၊ ကာယကား တကိုယ်လုံးနှံ့ဏက်တကား။ ဟဒယဏည်း ဟဒယဝတ္ထုနှိုက်သာ မှီသည်တကား၊ ဦးခေါင်းနှိုက်သာ မဟုတ်တကားဟုဆိုဘွယ်ရှိ၏။ ထိုသို့သော်ဏည်း ဝတ္ထု ၆-ပါးဘို့တွင် စက္ခု,သောတ, ဃာန, ဇိဝှါ-ဟူသော ဝတ္ထု ၄-ပါးပင်တည်ရာဖြစ်၍၊ ယေဘုယျဖြစ်၏။ ကာယ, ဟဒယဝတ္ထု တို့ကား ၂-ပါးမျှသာဖြစ်၍၊ အပွကမျှသာ။

---

၁ ကိုး * ၂၂၇။

ထို ၂-ပါးမျှသာ ဟူသည်တွင်ထည်း ကာယသည် ခြောက်သော အရေ,အသား,ဆံ, အမွေး-စသည်တို့ကို လွှတ်၍ စွတ်သောအရပ်ဟူသမျှ ရကောင်း သောကြောင့် ဦးခေါင်းနှိပ်ထည်း တည်သည်ဖြစ်ပြန်ရကား ဟဒယတမည်သာ ဦးခေါင်း၌မတည်သည်ဖြစ်၏။

၅၌နှိပ် ဝတ္ထု ၆-ပါးကိုဆိုသဖြင့် ဝတ္ထုမှိုသောဝိညာဉ်, ထိုဝိညာဉ်၏ ကိစ္စဖြင့် ပြဋ္ဌာန်းသော လက်ခြေတို့ဖြင့် ပြုအပ်သောအမှုတို့သည်ကား စက္ခုဝိညာဉ်-စသည်တို့သာ ပြဋ္ဌာန်း၏။ ယင်းသို့ဖျင် ဦးခေါင်းသည် ကိုယ်အင်္ဂါနှိပ် လက်ခြေတို့ဖြင့်ဖြစ်စေ အပ်သော အမှုတို့ကို ပြဋ္ဌာန်းသည်ဖြစ်၏။

ထိုဦးခေါင်းကို တပေါင်းတည်း မဆိုမူ၍ 'ခြေဦးတိုက်၏' စသည်ဖြင့် ဦး-ဟူသော စကားခွန်းကိုယူ၍ ဆိုသောအရာထည်းရှိ၏။ "ခေါင်းဖျားခပ်မော်၊ ထောင်ထျက် ပေါ်မူ" စသည်ဖြင့် အဆုံးတခွန်းကိုယူ၍ ဆိုသောအရာထည်းရှိ၏။ ၅၌ ဦးခေါင်း-ဟူသည်ကား ဦကာရန္တမဟုတ်သော်ထည်း အလျဉ်းအစပ်ဖြစ်၍ ဆိုလိုက်သည်။

ဦး-ဟူ၍သာ အစတခွန်းကိုယူ၍ ဆိုရာနှိုက်....ခြေဦးတိုက်၏၊ ဦးခိုက်၏၊ဦးတင်၏၊ဦးညွှတ်၏-စသည်ဖြင့်ထည်းကောင်း၊ ဦးချ၏၊ ဦးနှိမ်၏-စသည်ဖြင့်ထည်းကောင်း၊ အထူးထူးစပ်ဟပ် ဆိုမိန့်သည်တို့ကို ဦးသည်, ဦးကို, ဦးဖြင့်-စသော ကတ္တား,ကံ, ကရိဏ်းအနက် သင့်ရာခွဲ၍ ယူရာ၏။ ။ထိုတွင် ဦးတိုက်၏၊ဦးခိုက်၏၊ ဦးညွှတ်၏-ဟူရာနှိုက်တိုက်အပ်,ခိုက်အပ်,ညွှတ်အပ်သော ခြေစသောအရပ်ဟူသောကံပုဒ်တခြား ရသင့်သောကြောင့် ဦးဖြင့်တိုက်၏, ဦးဖြင့်ခိုက်၏,ဦးဖြင့်ညွှတ်၏-ဟူသော ကရိဏ်း အနက်ထည်းကောင်း၊ လူသည် နတ်သည်-စသော ကတ္တားမထာမူ၊ ဦးသည်ပင်တိုက်၏၊ ခိုက်၏၊ညွှတ်၏-ဟူသော ကတ္တားအနက်ထည်းကောင်းထျော်၏။ ။ထိုတွင် ညွှတ်၏ဟု ဟ-ဆွဲးသံဖြစ်မူကား ကာရိဏ်သံဖြစ်၏။ ဦးကိုညွှတ်၏ဟူသော ကံအနက်သာ ရ:ဟင့်အံ့။ ညွှတ်၏ဟူ၍, ဟ-ဆွဲးမပါ၊ သုဒ္ဓကြိယာနှိုက်ကား ညွှတ်အပ်သော ခြေစသော အရပ်ဟူသောဓာတ်ကံတခြား ဖြစ်သင့်သောကြောင့်ထည်းကောင်း၊ ဦးသည် ညွှတ်ကြောင်းကရိဏ်း၊ ညွှတ်တတ်သောကတ္တားမျှသာဖြစ်၍, ကံပုဒ်မဖြစ်သင့်သောကြောင့်ထည်းကောင်း ဆိုခဲ့တိုင်း ကတ္တား,ကရိဏ်းအနက်သာ ထျော်၏။ ။ ဦးချ၏၊ နှိမ်၏-စသည်ကား ကာရိဏ်သံဖြစ်၍, ဦးကို-ဟူသော ကာရိဏ်ကံ၊ ခြေသို့ ဟူသောဓာတ်ကံ၊ ၅၌သို့ ကံ ၂-ခုရှိသင့်သောကြောင့် ဦးကိုချ၏၊ နှိမ်၏-ဟူသော ကံအနက်သာ ထျော်၏။

ချ၏,နှိမ်၏-ဟူသည်ကား ကာရိဏ်သံ ကျ၏ဟူ၍, ပဌမကွရာ က,ကြီးအသံသည်ထည်းကောင်း, နိမ်၏-ဟူသော ဟ-မဆွဲး နသက်သက် အသံသည်ထည်းကောင်း

သုဒ္ဓကြိယာဖြစ်သော အသံတည်း။ ။ထိုသုဒ္ဓကြိယာကို ကာရိုက်သံဆိုလတ်သော် ပဌမကွရာ ဖြစ်သော သုဒ္ဓကြိယာကို ဒုတိယကွရာသံ၊ ဝဂ္ဂန္တအဝဂ် အကွရာဖြစ်မူကား ဟဆွဲး အသံဆိုခြင်း။ ဆိုဟန်ကား·····ကျသည်, ချသည်။ ကျေသည်,ချေသည်။ ကျော သည်,ချောသည်။ ကျက်သည်, ချက်သည်။ ကွင်းသည်,ခွင်းသည်။ကျန်သည်,ချန်သည်။ ကျယ်သည် ချဲသည်။ ကြောက်ကြိန်းသည်,ချောက်ချိန်းသည်။ ကျဉ်းသည်, ချဉ်းသည် ဤသို့ စသည်ဖြင့် ကြွင်းသော ဝဂ်ဗျည်းတို့နှိုက်ထည်း သုဒ္ဓအသံ ပဌမကွရာကို ကာ ရိုက်သံထိုရာ ဒုတိယကွရာဖြင့် ဆိုခြင်းဖြစ်၏။

ဝဂ္ဂန္တနှိုက်ထည်း-ငသည်,ဉဉသည်၊ ညံသည်,ညှံ့သည်၊ နစ်သည်,နှစ်သည်။ မြော် သည်, မြှော်သည်၊ မျောသည်, မျှောသည်-ဤသို့ စသည်ဖြင့် ထည်းကောင်း။ ။ အဝဂ် အကွရာဌကား ···· ပယ်ယားသည်, ယှားသည်၊ လွတ်သည်, လွှတ်သည်။ လောက်သည်,လှောက်သည်။ လွန်သည်, လွှန်သည်-ဤသို့စသည်ဖြင့် သုဒ္ဓကြိယာ အဝဂ်သံသက်သက်နှိုက် ကာရိုက်သံထိုရာ၊ ဟ-ဆွဲး ဆို မိန့်ရာနှိုက်ကား များစွာ၏။ ဤစကားမျိုးကို အောက်ကထည်း ဆိုခဲ့ပေပြီ။ ရှေ့နောက်ညှိ၍ ဆင်ခြင်ရာ၏။

'ဦးတင်၏' ဟူ၍ မိန့်ရာဌကား····ဦးတင်၏, ဦးဖြင့်တင်၏ဟူသော အာဓာရ, ကာရိုက်အနက်တို့နှင့် လျော်၏။ ဦးသည် တင်၏,ဦးကိုတင်၏-ဟူသော ကတ္တား, ကံ အနက် မသင့်ပါသော ဟူမူကား- ဦးသည်ပင် ခြေနှိုက် တင်၏၊ ဦးကိုပင်ခြေနှိုက် တင်၏-ဟူသော အနက်အားဖြင့်သော်ကား သင့်၏။ တင်၏-ဟူသဖြင့် အဝေါ်နှိုက် ဆင့်၏ဟူသော အနက်ဖြစ်သောကြောင့် ရှိသေ၍ ဆိုသောအရာသည် မရှိသေရာ ကျခဲ့အံ့သည်။ ထိုကြောင့် ကတ္တား,ကံအနက်ဟူ၍ မသင့်သည်ဖြစ်၏။ ဤသို့စသည် ဖြင့် ကတ္တား,ကံအနက်စသည်တို့ကိုလည်း ဖြစ်ထိုက်ရာ ခွဲ၍ ယူရာ၏။ ဤသို့ထျင် "ခြေဦးတိုက်ပါ ဖူးသည်လော့" စသည်ဖြင့် ဆိုမိန့်ရာဌ ဦးခေါင်းကို ဦး-ဟူ၍ အစ အကွရာတလုံးဖြင့်သာ ခေါ်ဝေါ်ရာသည်။ ထိုသို့မဟုတ် 'ခြေဦးဖြင့်တိုက်လော' ဟူ၍ အကျောက်အကန် မထင်ယူမိသော် ခြေဦး,ခြေဖျားဖြင့် တိုက်၏ဟူ၍ ထည်းကောင်း၊ ခြေဖြင့်,ဦးဖြင့်တိုက်၏ဟူ၍ ထည်းကောင်း ယူရအံ့သကဲ့သို့ရှိ၏။ ထိုသို့ရှိထျင် ခြေဖြင့် တိုက်ချေသော် ရှိသေသည်ကားမဟုတ် မရှိသေသည်သာ ဖြစ်သင့်ခဲ့သောကြောင့် အကျောက်အကန် တိုက်ရိုက်နှိုက်ကား သိသာတော့သည်။ အကျောက်အကန်မရှိ ရာ၌ လူဖြန်းတို့နှလုံးထွေးအံ့သည်ကို ထောက်၍ အကျောက်အကန်အဆိုက်အသွား နှင့် စပ်သောအရာကို ဖော်လိုက်သည်။

ဤသို့ထျင် ဦးဟူသော စကားခွန်း၏ အရသည် တဦး,နှစ်ဦး-စသည်ဖြင့် အရှိ အ သေရေတွက်သော အနက်, ရှေ့ကိုမီးဖြင့် ဦးသည်ဟူသောအနက်,အစအဦးဟူသော

အနက်,ပြုဦး,မူဦး-စသည်ဖြင့် တိုက်တွန်းသော အနက်, အဖျား-အညွှန် ဟူသော အနက်,အမွှန် အမြတ်ဟူသော အနက်-စသောအားဖြင့် များစွာရှိသည်တွင် အနက် တပါးသင့်၊ ၂-ပါးသင့်၊ ၃-ပါးသင့် ရှိရာ၏။ ရှိဟန်ကား....မိုးဦး ထေဦး- စသည် ဖြင့် ဆိုမိန့်ရာနှိုက် အစအဦး ဟူသော အနက်သာ သင့်ရာသည်။ "ငါ့ ခေါင်းဦးနှိုက်၊ ယူးယူးနင်းလု" စသည်ဖြင့် ဆိုရာ၌ကား၊ ငါ၏ခေါင်း, ငါ၏ဦး၌ နင်းလုလု ဟူ၍, ဦး-၏အရကို ဦးခေါင်း-ဟူ၍ ထည်း တနက်, ငါ့ခေါင်း အဦးအစနှိုက်ဟူ၍ ထည်း တနက်, ငါ့ခေါင်းဖျား-ငါ့ခေါင်းညွှန်ဟူ၍ ထည်း တနက်ရသင့်၏။ ။ထိုတွင် ဦး ခေါင်းကို 'ဦး'ဆိုရာနှိုက်ကား-ဥတ္တမအနက်,အစ-ဟူ၍ ယူသည်ကား-အာဒိအနက်, အညွှန်-ဟူ၍ ယူသည်ကား အကံ်ရသဒ္ဒါ၏ အနက်-ဖြစ်၍, ကွဲးသည်ဖြစ်၏။ ဤဆို စသည်ဖြင့် အရနည်း,များကိုထည်း ဆင်ခြင်ရာ၏။ ။ဦ ကာရန္တဗြိုးပြီ။

၇၃-ဧ,ကာရန္တနှိုက် ဝေါဟာရကို အကျယ် ပြခြင်းအကြောင်း

ဧ,ကာရန္တ၌ထည်း ဝိသဇ္ဇနီသံပါ, မပါကွဲး၏။ ထိုတွင် ဝိသဇ္ဇနီသံမပါ အမှတ် ဲ့ အခါသတိရတည့်သဖြင့် 'ဧ'ဟူ၍, ဆိုမိန့်ကြသောအရာကား ပျိုဟောင်း ထက်ဟောင်းတို့၌ မထင်၊ အနက်အရထည်း အထူးမရှိ၊ သတိရသောအခြင်းအရာမျှသာ ဖြစ်၏။ ။ဘဧ,မဧ-စသည်ဖြင့် ဆိုမိန့်ရာနှိုက်ကား "ပြည်ကြီးထဧ၊ ထူများဆွေ" ဟူ၍ဂင်း။ ။"အမွေဘဧ၊ အဆွေ မြေးသား" ဟူ၍,ဂင်း စိုးစဉ်းမျှ စပ်ဟပ်သော အရာထင်၏။ ။အတိုးဧ,အဘွားဧ-ဟူ၍, ဆိုမိန့်ကြရာ၌ကား အစပ်အဟပ် မထင်။ အခေါ်အဝေါ်မျှသာဖြစ်၏၊ အဘသာ မဆို ဘဆိုသောအရာ ထင်ပြီးဖြစ်၍, တမူကား ဆိုသင့်လေသည်ဖြစ်၏။ ထိုဘဆိုသော အရာ၌ 'ဧ'ဟူသော စကားခွန်း၏ အနက်ကား အထူးမထင်။ စုံမက်မြတ်နိုးသော အမှုအရာမျှသာ ဖြစ်၏။

ဝိသဇ္ဇနီသံဖြင့် 'ချမ်းဧ၏' ဟူသကဲ့သို့ ဆိုမိန့်သောအရာ၌ အနက်အရာကား-သီဘဥတုဟု ဆိုအပ်သော တေဇောဓာတ်၏ သတ္တိကို ဆိုသောအရာဖြစ်၏။ ထို ချမ်းဧ၏ - ဟူရာ၌ ဧခြင်းသည် ထိုအပ်သောအရာ၊ မထိုအပ်သော အရာရှိ၏။ ထိုအကြောင်းကိုကား ဖက်ယှဉ်ဆိုမိန့်သော စကားခွန်းကိုဂင်း၊ ဆိုက်ရာ ကြိယာ ကိုဂင်း နှလုံးသွင်း၍, သိရာ၏။ ။ဖက်ယှဉ်၍, ဆိုမိန့်ရာ၌.... ငြိမ်းဧ, ပျံဧ,ထုံဧ စသည်ဖြင့် ဆိုမိန့်ရာ၌ ခံချိ, ခံသာသောအရာဖြစ်၍, ထိုအပ်သော အနက်ဖြစ်၏၊ တုန်ဧ, ကြောက်ဧ, ထန့်ဧ-စသည်ဖြင့် ဆိုမိန့်ရာ၌ကား မခံချိ, မခံသာသော အရာ မထိုအပ်သောအနက်ဖြစ်၏။

ဆိုက်ရာ ကြိယာဌာနကား ပယ်ဟန်, တားမြစ်ခြင်း-စသော ကြိယာနှင့်ဂဠုံး နောက်ဌလိုက်အပ်သော ကြိယာတပါးနှင့်ဂဠုံး ယှဉ်ပေးနိုက် လိုအပ်သည်ဖြစ်၏။ "မရွှင်မပ၊ မဇေးမြေနှင့်" စသည်ဖြင့် တားမြစ်သောအရာ "မိုးရွာစိမ့်ဇေး၊ ချမ်းကျက်ဘေးဖြင့်" ဟူ၍, ဆိုရာနိုက်ကား "နွေခြင်းအောင်းစက်၊ ပြင်မထွက်သည်" ဟူ၍, ချမ်းကျက်ဘေးဖြင့် ပြင်မထွက်-ဟူသော ပယ်ခြင်းကြိယာသို့ ဆိုက်သင့်သောကြောင့် ထည်းကောင်း၊ အနိဋ္ဌာရုံဖြစ်သော ဘေးဟူသော သဒ္ဒန္တရိုက်ကြောင့် ထည်းကောင်း မလိုအပ်သော အနက်ဖြစ်၏။ "ချမ်းဇေးကုန်ပျောက်၊ နှင်းပေါက်ကျကြွေ" ဟူ၍ ဆိုရာနိုက် "နွေထည်းရောက်စ၊ ဖဂ္ဂုဏ်ဟု၊ မာသပေါ်ထွန်း၊ တပေါင်းဆန်းက၊ ထက်ဝန်းရန်ံ၊ မွေးမွေးပျိုမျ၊ အသို့ပျော်ရာ" ၁ ဟူ၍ ချမ်းဇေးကုန်သည့် နောက် နွေရောက်ခါ ပျော်ရာဖြစ်၏၊ ဟူသော နောက်ကြိယာတပါးနိုက် လိုအပ်သော အနက်နှင့် ယှဉ်သည် ထည်းကောင်း ထောက်၍ လိုအပ်သောအရာ မလိုအပ်သောအရာ အနက်ကို နှလုံးသွင်းရာ၏။

ထိုမှ တပါး ပျံဇေး,တုန်ဇေး-ဟူသကဲ့သို့ ဖက်ဆိုအပ်သော လှိုင်ဇေး, ကြိုင်ဇေး, သင်းဇေး, ညှင်းဇေး, ဇေးညှင်း, ဇေးပျံ, ဇေးရင့်-စသည်ဖြင့်ဖက်ဆိုခြင်း လိုအပ်သော ကြိယာနှင့် ဖက်ဆိုဆိုခြင်းအရ သဘောထူးပြားဟန်ကို ထည်းကောင်း၊ တုန်ဇေး, ကြောက်ဇေး-ဟူသကဲ့သို့ မလိုအပ်သော ပုဒ်ကြိယာတို့နှင့် ယှဉ်ခြင်းအရသဘော ထူးပြားဟန်ကို ထည်းကောင်း ထောက်၍ နှလုံးသွင်းရာ၏။

ဇေးသည်ဟူသော သဘောအနက်ရင်းကား....အပူဟူသောသတ္တိ၏ ပြန်တက် ချမ်းခြင်းဟူသော သီတတေဇော ထွင်တည်း။ ထိုပူခြင်း, ချမ်းခြင်း-ဟူ၍ ဆိုအပ်သော အစွမ်း ၂-ပါးသည် တေဇောဓာတ်၏ သတ္တိချည်းတည်း။ ။ထို ၂-ပါးထွင် ဇေးခြင်းကား ဇာတိ၊ ပူခြင်းကား ပဝတ္တိ၊ ဇေးခြင်းကား ပကတိ၊ ပူခြင်းကား ဝိကတိ၊ ဇေးခြင်းကား မူဃ၊ ပူခြင်းကား ဝိကာရ၊ ဇေးခြင်းကား မိမိသဘောရင်း၊ ပူခြင်းကား ဖောက်ပြန်ခိုက်သာ ယူရအံ့သို့ ရှိ၏။ ရှိဟန်ကား....နေခြည်, မီးရှိန် တွေ့ခြင်း ဟူသော အကြောင်းထူးလသော် ပကတိသော သတ္တိဖောက်၍ အပူရောက်ခြင်း၊ ထိုအပူသည် နေခြည်,မီးရှိန် ညံ့စဲးလျင် ညံ့စဲးခြင်း ထိုအပူ အားကြီးလျင် စွဲငြိခြင်းဖြစ်၍ သန်းမဲးသောအဆင်းရောက်လျင် မူလအသွင်အမည်ကိုစွန့်၍ နက်မည်းသောအသွင် မီးသွေးဟူသောအမည်၊ ဖြူသောအဆင်း,ပြာဟူသော အမည်ဖြစ်၏။ အပူစဲးညံ့လျင် မူလနှင့် တူစွာ ဇေးခြင်း ရောက်ပြန်သည်ကို ထောက်သဖြင့် အပူကား အခိုက်အတန့်, အဇေးကား မူဃ၊ အပူကား အာဂန္တုက၊ အဇေးကား အာဝါသိက မိမိသဘောရင်းကဲ့သို့

၁ ဘူပေါင်း * ၇၇။

ရှိ၏။ ။ဝေါသိတ-မည်သော စန္ဒကူးသည် ပူသောရေကို ဒေးစေ၏ ဟူသော်ထည်း ရေ၏ပူခြင်းဟူသော မိမိသဘောကို ဒေးစေသည်မဟုတ်။ ရေ၏ ဒေးခြင်းသဘောရင်း သည် ဖောက်၍ ရောက်ထားသော အပူရှိန်ကို စန္ဒကူး၏အစွမ်းသည် ပယ်ဖျောက် နိုင်သဖြင့် အာဂန္တုကအခိုက်အတန့် ရောက်ထားသော အပူပျောက်လျင် ဒေးခြင်း ဟူ သော မူလသဘောရင်းသို့ ရောက်ပြန်သည်သာ။ အပူဟူသော သဘောရင်းရှိသည် ကို အံ့ဒေးဖြစ်စေသည်မဟုတ် ဆိုတွယ်ရှိသည်။

တကြောင်းထည်း ထောကန္တရိက်နှိုက် အလွန်ဒေးခြင်းသည် ပြုပြင်သူမရှိ ပကတိ အားဖြင့် အကြောင်းကင်း၍ သဘောရင်းအတိုင်း ဒေးသည်သာဖြစ်၏။ရေထုမထူ ပူဒွေ ရောက်ကောင်းသော ချောင်း, မြောင်း, ဆည်, ကန်တို့နှိုက် ရေကား-နေရှိန်စသော ပူဒွေသင့်ခြင်းအကြောင်း ရောက်ထသော် ဒေးခြင်းမူလကိုစွန့်၍ အပူဟူသော ဖောက် ပြန်ခြင်းဖြစ်၏။ နေရှိန်စသော အပူဒွေအားနည်းလျင် အားနည်းထျောက် အချိန်း ရောက်ခြင်း အပူဒွေစဲပျောက်လျင် အလွန်သော အချိန်းသို့ ရောက်သည်ကို ထောက် ၍ လည်း ဒေးသည်ကား မူလ၊ ပူသည်ကား ဝိကာရ ဆိုတွယ်ရှိ၏။

ဤနည်းအတူ သစ်ပင်, တောင်, ကမ်း-စသော ဗဟိဒ္ဓသန္တာန် သက်သက်သော ဥတုဇ အဒ္ဓကသာဝ်ရုပ်အပေါင်းဝယ်လည်း ဒေးခြင်းဇာတိ ပူခြင်းပဝတ္တိကဲ့သို့သာရှိ၏။ လူစသော သဝိညာဏက အဇ္ဈတ္တသန္တာန်နှိုက် ကမ္မဇစသော ရုပ်ကလာပ် အပေါင်း ဝယ်လည်း ဒေးခြင်းဇာတိ ပူခြင်းပဝတ္တိဖြစ်၏။ ထိုတွင် ဥဏှတေဇောဟူသော အပူဒွေ အားနည်းခဲ့၍ အချိန်းသည်းခဲ့ကထည်း မခံချိဖြစ်၍ သင့်တင့်သော ပယောဂဖြင့် ကုမ္မိဝ်နယ်ရသည်။ ပူဒွေသည်းသဖြင့်လည်း မခံချိ၍ ပူဒွေညံ့ကောင်းသောပယောဂ ဖြင့် နှိပ်ပြန်ရသည်သာ ယူဘွယ်ရှိ၏။

မီးထွက်ကြောင်း သစ်ကျောက် တို့ကို ပွတ်ခြင်း, ခတ်ခြင်း ဟူသော ထုံထဖြင့် အပူအားကြီးလျင် မီးဖြစ်၍ ငြိစွဲဒေါင်းသည်ကို ငြိစွဲ၍ အလွန်ပူခြင်းဖြစ်ပြီးလျင် တဖန်အပူငြိမ်းစဲ၍ မီး၏သတ္တိမရှိလတ်သော်၊ မီးမစွဲးမီ ပကတိကာဃက ဒေးခြင်းဖြစ် သည်နှင့်အတူ၊ ဒေးခြင်းရောက်ပြန်သဖြင့်လည်း အပူသည် အခိုက်အတန့် ပဝတ္တိသာ ဆိုတွယ်ရှိ၏။

ထို ဒေးခြင်း, ပူခြင်းဟူသော အကြောင်း ၂-ပါးသည် သဘောအားဖြင့်တေဇော ဓာတ်ဟူသော ဥတုတည်း။ ထိုဥတုသည် နာမ်တရားမဟုတ်၊ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ-ဟူသော အထုံးစုံသော ရုပ် ၄-စုထုံးနှိုက် ဝင်၏။ သုဒ္ဓဋ္ဌက ကလာပ်-စသော အထုံးစုံသော ၂၁-စည်းသော ကလာပ်စည်းတို့ နှိုက်လည်း ဝင်သည်သာ ဖြစ်၏။ဓာတ် ၄-ပါးတို့နှိုက် အကျုံးဝင်သောတေဇောဓာတ်သည်ပင် ဒေးခြင်း,ပူခြင်း,

ဟူသော အခေါ်အဝေါ်ဖြစ်၏။ ထိုတော်မောတ်ဟူသော ဒေးခြင်း, ပူခြင်း သဘော သည် ရုပ်ဖြစ်သောကြောင့် ရုပ်နိုက်သာ ဒေးခြင်း, ပူခြင်းဟူသော ဆိုဓိန္ဒခြင်းဖြစ်သင့် လျက် စိတ်နှလုံး ချမ်း၏, ပူပင်၏ ဟု ဆိုကုန်သည်ကား ဥပစာရအားဖြင့် တင်စား သောစကားတည်း။

ပကတိ ငြိမ်သက်စွာ တည်သော သစ်,ဝါး-စသည်တို့သည် ငြိမ်းကုန်, ဒေးကုန် သကဲ့သို့, စိတ်နှလုံးသည် အနှောင့်အရှက် မရှိ၊ ပကတိငြိမ်သက်စွာ ကေဝ်တာ ရရ အနေကျသည်ကို စိတ်နှလုံးချမ်းသည်, ဒေးသည် ဆိုသည်။ ထို သစ်, ဝါး-စသည်တို့ သည် မငြိမ်မသက် လှုပ်ရှားထိခိုက်ဖန် များလာ၊ ပူခြင်းရောက်သကဲ့သို့ စိတ်နှလုံး သည် မငြိမ်မသက် နှောင့်ရှက်ခြင်း များ၍, အာရုံတပါးမှ တပါး အဝါးမဝ၊ အနေမကျခြင် ဤမှထိုမှ ကြီစည်ရခြင်း ထူထပ်၍, စိတ်၏ မငြိမ်သက်ခြင်းများသည်နှင့် ရုပ်၏ မငြိမ်မသက်ခြင်း များဟန်တူ၍, ရုပ်ကိုပူ၏ ဟူသကဲ့သို့ စိတ်ပူ၏ဟူလေသည်။ ဤသို့ယူမူ ဥပစာမျိုး ဆယ်ပါးထွင် 'သီဟောဃံ မာဏဝေါ' ဟူသကဲ့သို့ သဒိသူပစာတည်း။

စိတ်၏ငြိမ်သက်, ချမ်းဒေးခြင်း, ပူခြင်း-ဖြစ်သည်ကား အကြောင်း, စိတ် ချမ်းဒေး ခြင်း,ပူခြင်း-ဖြစ်သောကြောင့် စိတ်ပြုသောရုပ်, ထိုရုပ်နှင့် ကလာပ်တူ ကလာပ်ပြား ရုပ်အပေါင်း ချမ်းခြင်း, ပူခြင်းဖြစ်သည်ကား အကျိုးဖြစ်၍, အကျိုး ဖြစ်သောရုပ်၏ ပူခြင်းဟူသော် ဝေါဟာရကို အကြောင်းဖြစ်သော စိတ်နိုက်တင်၍ ဆိုသည်။ ဤသို့ ယူမူ 'သေမ္မော ဂုဠ္ဟော'ဟူသကဲ့သို့ ကာရကူပစာတည်း။

စိတ်၏ငြိမ်သက်ခြင်း, လှုပ်ရှားခြင်းကြောင့် ရုပ်၏ငြိမ်သက်, လှုပ်ရှားခြင်း ဖြစ်၏ ဟူ၍, ငြိမ်သက်,လှုပ်ရှားခြင်းဟူသော အကြောင်း,အကျိုးမျှကိုသာ ဥပစာယူမူ စိတ် ၏ ငြိမ်,မငြိမ်-ဖြစ်ခြင်းဟူသောကြောင်းကို ထိုအကြောင်းကြောင့် ရုပ်ငြိမ်,မငြိမ်ဖြစ်ရ ခြင်းဟူသော အကျိုးနိုက်တင်သောကြောင့် 'ဂုဠ္ဟော သေမ္မော' ဟူသကဲ့သို့ ဖလူပစာ ရတည်း။

ဤ ဖလူပစာရကား ဒေးခြင်း,ပူခြင်းဟူသော အနက်ကို ထိုအပ်သော အရာဖြစ်၍, မလျော်လွန်းသကဲ့သို့ရှိ၏။ ထိုသို့သော်လည်း ဥပစာတို့၏ ထက္ခဏာကို သတိရှိလင့် စေခြင်းငှာ ဆိုထိုက်သည်။ ယင်းသို့လျှင် ဝိသဇ္ဇနီ သံ နှင့် ယှဉ်သော ဒေး-ဟူသော ဝေါဟာရနိုက် အစိတ်အပြားအရသဘောကို ထိုထိုသောယှဉ်အပ်သော ပုဒ်အရိပ်သံ, အသံအရာ အထူးကိုချင့်၍, ထိုအပ် မထိုအပ်သော အနက်ကို နှလုံးသွင်းရာ၏။ ဒေး, ကာရန္တနိုက် ဝိသဇ္ဇနီသံ ပါ, မပါ ဆိုဓိန္ဒသည်မှတပါး အမြစ်သံကို ဓိန္ဒဆိုခြင်းငှာ တတ်ကောင်းလျက် အခေါ်အဝေါ် ဝေါဟာရမထင်။ ။ဒေးကာရန္တပြီးပြီ။

၇၄-အဲ-ကာရန္တန္ဒိုက် ဝေါဟာရကို ပြခြင်းအကြောင်း

အဲကာရန္တန္ဒိုက်ထည်း ဝိသဒ္ဒနိသံပါ, မပါ အမြစ်ဟူသော အသံ ၃-ပါးရတ္ယက် အမြစ်သံ ဝေါဟာရမထင်။ "သစ်ကျား သစ်အယ်" ဟူသကဲ့သို့ အယ်, ဆိုလိုရာ နောက်မပစ်၊ ယ-သတ်ကာသာ အရေးတွင်၏။ ။ငါတို့တပွဲး၊ ခံသည့်အဲး။ ။ "ဟသ်ာကားအဲး၊ဝမ်းဘဲးကားငြင်း" [1] ဟူသည်မှာ မိန်းမတို့ဘွဲ့ဆိုသောသီချင်းမျိုး။ ။ "သခင်အဝဲး၊ ဆွေမိဉ်း၊ ဖအဲးမကောက်ကျစ်။ ။စာနာ လေးတွဲး၊ သုရမွဲးကို၊ ဖအဲး ရောထွေ" စသည်ဖြင့် အရိုအသေ အရှင်သခင် ဆိုမည့်အတွက်ကို ဖအဲး,ဟူ၏. ဝိသဒ္ဒနိသံဖြင့် ဆိုမိန့်သောအရာတို့၌ ထင်၏။

ဤအဲး-အက္ခရာသည် အောက်၌ ဆိုခဲ့ပြီးသည်နှင့် အညီ၊ သင်္ကေတ အရေးအမှတ်အစွဲးမထင်ဖြစ်၍, အ-ကိုနောက်ပစ် ရေးသော်ထည်း ဧးအက္ခရာနှင့်ဒီဃချင်း ဂရသံတူကြသောကြောင့်၊ အမြစ်သံ ဝိသဒ္ဒနိပါ, မပါ အသံ ၃-ပါး ရသင့်သည်ကို ထည်းကောင်း၊ ထိုအသံတို့သည်မြန်မာမှန်၏ ရသင့်သည်ကိုထည်းကောင်း ထောက်သော် အဲး-ဟူ၍ နောက်ပစ်တွင်သာ ဝိသဒ္ဒနိပေါက်ခြင်းစသည်ပြု၍ ထည်းကောင်း၊ မပြုဝဲးသဘောစပ်အင် မျှော်ကာသာထည်းကောင်း ထိုရာရွတ်ဘတ်ရမည်ကို 'သစ်ကျား သစ်အယ်'ဟူသကဲ့သို့ အမြစ်, ဝိသဒ္ဒနိသံမထိုရာ။ ယသတ်လေသည်ကား ထိုအသံ ရသင့်သော ယသတ်ခြင်း အစီအရင်ထူးရှိ၍ ထည်းကောင်း၊ ယသတ်နှင့် ဖက်၍ "သစ်ကျား သစ်အယ်၊ထိုယယ်,စရိ" စသည်ဖြင့် ပျို့ထက်ဂရိဟန်ကို ထည်းကောင်း ထောက်၍, ယသတ်လေသည် ယူသင့်၏။

အမြစ်သံကား 'အဲ့' ဟူသည်တွင် မြစ်ထျင်ပင် သင့်အံ့သည်။ ထိုမြစ်သံကား ဝေါဟာရမထင်။ ဤဧး,အဲး အက္ခရာ ၂-လုံးတွင် ဧ-ကား မာဂဓနိုက်ရှိ၏။ ထိုမာဂဓနိုက် "ပါဠိပါကန်၊ ဖတ်စဟန်ကား၊ တံခွန်ဝိသဒ္ဒနိ၊ မဒ္ဒိမရော" ဟူသည်ကိုထည်းကောင်း, "တံခွန် ဝိသဒ္ဒနိ မနိုင်စေနှင့်၊ ငါးပိဆားပျား မကြိုင်စေနှင့်" ဟူသော သူ့ဟောင်းတို့၏,စကားကိုလင်း ထောက်သော်၊ အငြိမ်း,အဧးဟူသည်မှာကဲ့သို့ ဝိသဒ္ဒနိသံ ဧ-အက္ခရာ မဖတ်လိုသကဲ့သို့ ရှိ၏။ ဖတ်သောအရာ ဟမူကား 'ဧဝံမေသုတံ' ဟူသည်တွင် ဧ-ကား ဝိသဒ္ဒနိသံမပါ။ "ကော်သမယံ" ဟူသည်တွင် ဧ-ကားဝိသဒ္ဒနိသံ။ ဧဝံသဒ္ဒါအတူတူချည်း လိုလျက် "ဧဝံမေသုတံ" ဟူ၏. ပါဠိရွတ်ခါ ဝိသဒ္ဒနိသံ ကင်းလျက်

---

၁ ဝန်ထောင်ထယ် ဘုန်းတော်ကြီးဆို ခေတ္တသရေချီရတု၊ ပဌမပိုဒ်။ ထက်ဝဲနှော်ရထာ ရတုပေါင်းချုပ် ၁၉။

အသံပေါ်၊ ဝံ-ဤသို့ဟူ၍ မြမွာပြန်ခါ ဝိသဇ္ဇနီပါ အသံလေး ဖတ်ရွတ်သည်ထင်၏။ ထိုဝိသဇ္ဇနီသံ, ယသတ်အသံတို့ကိုကား ဗျဉ္ဇနအန္တဖြစ်၍ အရာရောက်ခါထည်း ဆိုဦးအံ့။

အေး-ကား သင်္ကရိက်ဘာသာ, မြမွာဘာသာတို့နှိုက် ယှဉ်၏။ ထိုတွင် မြမွာဘာသာ၌ ဆိုအပ်ပြီးသော အသံသုံးပါးတွင် မိန်းမတို့ သိချင်းမျိုးကို အေး-ဟူ၍ ခေါ်ဝေါ်သမုတ်ရာနှိုက် အေး-ဟူသော စကားခွန်းသည် တဦးတယောက်တည်း ရပ်နေကာကိုငင်း၊ မရပ်မနေ အများ အပေါင်း ဖြစ်ကာကိုငင်း အေး-ဟူ၍မဆို။ အများအပေါင်း ရပ်နေသော်သာ "အေးနေသည်" ဆိုရိုးထင်၏။ အင်၍ နေသည်-ဆိုသည်နှင့်တူ၏။ ထိုသို့ အများအပေါင်း စုဝေးရပ်နေသော မိန်းမတို့သည် "အေးတိုင် အေးခံ၊ အေးထောက်သံနှင့်၊ ခုနပျံ တန်းတက်" ဟူသောထက်ဘနှင့်အညီ၊ အေးတိုင်, အေးခံ အသံတော်သင့်ရာ အလှည့်အလည် ဖွဲ့နွဲ့ဆိုမိန့်ခြင်းသည် အများ အပေါင်း စုဝေးသည်ပင် ဖြစ်၏။ ထိုကြောင့် အေး-ဟူသည်ကား အများအပေါင်း စုဝေးရပ်နေသည်ကို ယူသင့်၏။ ထိုသို့စုဝေးရပ်နေ၍ ဆိုမိန့်သော အရာဖြစ်၍ ထည်း ထိုသိချင်းမျိုးကို 'အေး' ဟူသော အခေါ်အဝေါ် ဖြစ်၏။ ထို အေး-ဟူသော သိုးချင်းမျိုးကို မစုမဝေး တယောက်ချင်း အေးတိုင်အေးခံ မစုံမလင် သွားလာ ထျက်ပင်ဖွဲ့နွဲ့ဆိုမိန့်ရာနှိုက်ကား 'အထင်ဆိုစခြင်း'ဟူ၍ ယူသင့်၏။

ဤတွင် အထင်, အတွင်, အတင်-ဟူသော စကား ၃-ကွဲကို ဆိုထိုက်အံ့.... "ပကော်ဇာတံ ပက်ဇံ"ဟူသည်နှင့်အညီ၊ ဟင်းရန့်, ကံတောက်-စသည်တို့သည် ညွှန်နှိုက် ပေါက်ရောက်သော်ထည်း ပက်ဇ မမည်း၊ ကြာသာထျင် ပက်ဇ မည်သည်။ ကြက်-စသော တိရစ္ဆာန် အိမ်နှိုက် ပေါင်မြောင်သော်ထည်း အိမ်မြောင် မမည်၊ အိမ်မြောင်သာထျင် အိမ်မြောင်မည်သည်။ ဤဆိုစသော ခေါ်ဝေါ် ခြင်းကိုကား ကြာထည်း ညွှန်နှိုက်ရောက်သော အရာထင်သည်။ အိမ်မြောင်ထည်း ဤအတူ ထင်သည်ဖြစ်၍ 'အထင်,ခေါ်စခြင်း'မည်၏။

သင်္ဂါမေ အဝစရတိတိ သင်္ဂါမာဝစရံ-ဟူသည်နှင့်အညီ,စစ်မြေမှတပါး တော နှိုက်ငင်း မြို့ရွာနှိုက်ငင်း သွားသောအရာ ထင်သော်ထည်း စစ်မြေနှိုက် သွားတတ်ခြင်းဟူသော အရာကိုသာ အတွင်အားဖြင့်ခေါ်ဝေါ်ခြင်း။ ။ရှပါဒိသု သဉ္ဇန္တိတိ သတ္တာ-ဟူသည်နှင့်အညီ အာရုံနှိုက် ငြိစွန်းတပ်မက်ခြင်းသည် ပထုဇဉ် အဖြစ်နှိုက်သာ ရှိ၏။ ရဟန္တာဖြစ်ထျင် ထိုတပ်မက်ခြင်း သဘောကင်း၍ ဆရာဝါသမှ ခွာသောအရာ ထင်သော်ထည်း, အတွင်အားဖြင့် ရဟန္တာကိုထျက် သတ္တဝါ-ဟူ၍ ခေါ်ဝေါ်ခြင်း။ ။စိုးမင်း,အခွင့်ပိုင် ဖြစ်သည်ကာလ စာရေး,စာချီစသောအရာထူး

ရှိတူးသော သူကို ထိုအခွင့်အရာမှ လွှတ်ထပ်၍ အမှတ်မဲ့သော အသက် မွေးခြင်း ထင်လေသော်ထည်း စာရေး,စာချီစသော တွင်ဟောင်းတိုင်းသာ ခေါ်ဝေါ်ကုန် သည်ကား 'အတွင်,ခေါ်စခြင်း' မည်၏။ ။အတင်,ဟူသည်ကား ဥပစာ ၁၀-ပါး တည်း။ ဥပစာ ၁၀-ပါးတို့၏ သရုပ် လက္ခဏာတို့ကိုကား နောက်မှဆိုအံ့။

၅၅ အဲး-ဟူသော ခေါ်ဝေါ်ခြင်းနှိုက် မစုမဝေးဘဲး သွားလာ၍ တယောက် ချင်းဆိုသည်ကိုထွက် အဲး-ဟူ၍ ခေါ်ဝေါ်ရာနှိုက် စုဝေးရပ်တန့်၍ အများအပေါင်း ဆိုဖိန့်ရသော အရာထင်၍ ခေါ်ဝေါ်လေသည်ဟူသင့်၏။ ထိုအမည် တွင်ပြီးဖြစ်၍ မစု မဝေး သွားလာကြိုက် တယောက်ချင်း ဆို ဖိန့် သော်ထည်း- တွင်ဟောင်း တိုင်းသာ ခေါ်ဝေါ်လေသည်ထည်း ဟူသင့်၏။ အများအပေါင်း စုဝေးရပ်နေ သည်ကား အကြောင်း၊ ထိုသီချင်းမျိုးဖြစ်သည်ကား အကျိုး၊ အကြောင်း၏အမည် အဲး-ဟူသည်ကို အကျိုးသီချင်းနှိုက်တင်၍ ဖထူပစာ * အားဖြင့် ခေါ်ဝေါ်သည် ထည်း ဟူသင့်၏။ ။၅၅သို့သင့်ရာ အထင် ခေါ်ဝေါ်ခြင်း,အတွင် ခေါ်ဝေါ်ခြင်း, အတင်ခေါ်ဝေါ်ခြင်း, အထင်-အတွင် စသည်ဖြင့် ၂-ပါး ၃-ပါး သင့် အကြောင်း တော်ရာ စိတ်ဖြာ၍ နှလုံးသွင်းရာ၏။

ဖအဲး-ဟူသော ဝေါဟာရကား ပါရမီတော်ခက်းစသော ရှင်မဟာသီဃဝံသ စိရင်တော်မူသော ထက်ာတို့တွင်သာ များစွာထင်သည်။ ကိုးခက်း, ဘူရိဒတ်ထက်ာ သံဝရဇာတ်ပေါင်း,ပုံတောင်တွဲ,တံတားဦးတည်,ပြည်စုန်,ဂန္ဓိသာရ, ထောကသာရ, ဆေးပြန်,မနော်,နိဂ္ဂမခက်း, ဘုံခက်း,ဝရဲခက်း, အရှင်အဂ္ဂသမာဓိဆို ထုဝဏ္ဏသျှံပျို့. အရှင်ကရဝိကဆို ငင်းပျို့,ထိုမှတပါး-တေမိပျို့,, ပညာဇဉပျို့,,မဏိခက်, ဝေဿန္တ ရာ,ဇနကပျို့,, ဒေးချင်း,မောင်ကွန်း, ရတုကဗျာ-ပွဲဆိုကုန်သော အရှင်ရဋ္ဌသာရ, အရှင် အဂ္ဂသမာဓိ-စသောပျို့ဆရာ ရဟန်းပညာရှိ၊ ထောင်သင်း, သံကို, မိညို, အုန်းညို စသော လူပညာရှိတို့၏ဆိုသော စကားနှိုက် မထင်သောကြောင့် ဒေသအထျောက် သုံးစွဲးခေါ်ဝေါ်သောအရာကဲ့သို့ရှိ၏။ ။အဲးကာရန္တပြီးပြီ။

၃၅-ဩကာရန္တနှိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ဩ,ကာရန္တလည်း အမြစ် ဝိသဇ္ဇနီပါ,မပါ အသံရသင့်လျက် ဩော်-ဟူသော တံခွန်လွှားအက္ခရာတူး ရှိပြီးဖြစ်၍ အမြစ်သံ ဝိသဇ္ဇနီသံဟူသောအသံ ၂-ပါးသာ ဖြစ်သင့်၏။ ထိုတွင် အမြစ်သံကား.... "စားပြီးထွေးအော့၊ ဝမ်းနက်ပေါ့၍၊ ရှင်း

* ကာရဏပစာ?။

ကြော့ဖြုန်းဖြုန်း"စသည်ဖြင့် စပ်ဆိုသောအရာကဲ့သို့ အော့အန်သည်ဟူသော အရာ ရှိက်သင်္ဂ်။ ဝိသင်္ဂနိသံကား.....ဥဩ-ဟူသောဌက်၏အမည် အသံဩဩ-ရှိသည်ဆို သောအရာ, အည်းအည်းဩဩ-ဆိုသောအရာ, အုံဩသည် ဆိုသော အရာတို့ရှိက် ထင်၏။

ထိုတွင် အမြစ်သံ 'အော့အန်သည်' ဆိုသောစကားခွန်း၏ အရသည် အပသို့ထွေ သည် ထွက်သည်ချည်းဖြစ်၍ အော့သည်, အန်သည်အနက်အရ မထူးသကဲ့သို့ရှိ၏။ ထိုသို့တမူကား တစိတ်မျှထူး၏။ ထူးဟန်ကား.....အန်သည်-ဟူရာရှိက် ဝိညာဉ်ရှိ, ဝိညာဉ်မဲ့ သဏ္ဌာန် ၂-ပါးရှိက်ပင် အမှတ်မဲ့ဆန္ဒကင်းထွက် ထွေ်ထွက်သော အရာဖြစ် ၏။ အော့သည်-ဟူရာရှိက်ကား ဝိညာဉ်ရှိဖြစ်သော သတ္တဝါတို့သဏ္ဌာန်ရှိက်သာ ထည်းထင်၏။ အော့ထိုသောဆန္ဒရှိသောအရာထည်း ထင်၏။ ။ဤဆိုထွေင် ထွေ်ထွက် ခြင်းသဘော တူသော်ထည်း တစိတ်မျှကွဲး၏။ ထိုကြောင့်-

"ချောင်းထွေ်, ဆည်ကန်, ရေပြည့်အန်သို့" ၁ ဟူ၍ ဥဒါး
"ဆိပ်ပေါက် အန်ထွက်, အထွန်ကြောက်စွာ" ၂ ဟူ၍ ဥဒါး-

ဝိညာဉ်မဲ့, ဝိညာဉ်ရှိ ၂-ပါးလုံးရှိက်ပင် အန်သည်ဆိုသော အရာထင်၏။ ။ အော့သည်-ဆိုသောအရာရှိက်ကား ယခင်ဆိုခဲ့ပြီးသောအတိုင်း "စားပြီးထွေးအော့, ဝမ်းနက်ပေါ့၍."စသည်ဖြင့် ဝိညာဉ်ရှိနှိက်သာ ဆိုသောအရာထင်၏။ဤသည်များကို ထောက်၍ ကွဲးဟန်ကိုသိရာ၏။

ဝိသင်္ဂနိသံနှင့် ဥဩ-ဟူသောဝေါဟာရကား ... ဌက်၏အမည် ခေါ်ဝေါ်ကာမျှ သာ ဖြစ်သော ရုဋ္ဌိသညာသာဟူ၍ ထည်း ယူသင့်၏။ အသံဩဩ မောင်းမောင်း ထွန်, မြည်ဘတ်သောကြောင့် ဩ-ဟူ၍ သာဆိုရမည်ကို 'ဥဒေါင်း၊ဥချိုး'ဟူသကဲ့သို့ ဥ-အက္ခရာအစနှိက်ထောင်း၍ ဥဩ-ဆိုသည်ထည်း ယူသင့်၏။ဤသို့ယူမူ ရုဋ္ဌိမျှသာ မဟုတ် အနုတ္တသညာထည်းဖြစ်၏။ ဩ-ဟူသော စကားသည် ဆိုထွတ်သော်အသံ ဩဩရှိသည် ဟူသောဝေါဟာရနှိက်ထည်း ဝင်၏။

အသံဩဩ-ဟူရာရှိက် အသံမောင်း, အသံလွင်ဟူသည်တွင် အသံမောင်းဖြစ်၏။ အဆင်းအားဖြင့် ထင်ထင်မြင်မြင်ရှိသည်ကို "လွင်၏"၊ မှိုင်းမှိုင်းမိုက်မိုက် ရှိသည်ကို "မောင်း၏"ဆိုသည်။ ဤအတူ ထက်မြက်သဖြင့် အဝေးလွှင့်သောအသံကို လွင်၏၊

၁ ဆု * ၁၃၉။ ၂ ဘုပေါင်း * ၄။

မထက်မမြက် ဖြည်းညှဲ့လေးပင်သော အသံအိုင့်, အသံကြီး, ဇးရင့်သော အသံကို မောင်းသောအသံယူသည်။ ထိုမောင်းသောအသံကိုပင် အသံဩ-ဆိုသည်ယူသင့်၏။

အည်းအည်းဩဩ စကား၏အရကား မတုံ့မချေ,လိုက်လံဝန်ခံ စကားဖြစ်၏။ ပြောဆိုသည်ကို နားထည်ဩဟူ၍ ဝန်ခံသောအခြင်းအရာ။ ဦးထည်လှုပ်ခြင်း စသည် ဖြင့်ထည်း ဝန်ခံသည်ကို ထင်မြင်စေ၏။ "ရွှေဖျားအနည်း၊တွန်းတည်းလျက်၊အည်း အည်းဩဩ၊ နင်ငါလောဟု" စသည်ဖြင့် အည်းအည်း ဟူ၍ ငင်း ဩဩ ဟူ၍ ငင်း ထင်၍ ဆိုသည်လည်း ရှိ၏။ "မရောမရည်း၊ ဩအည်းမလိုက်" ဟူ၍ မထင်ဘဲ ဆိုသည်လည်း ရှိ၏။ ထိုတွင် ဆိုလိုရင်းကား "အည်း" ဟူ၍ ငင်း "ဩ" ဟူ၍ ငင်း တွန်းတည်းသော ဆိုလိုရင်း ဖြစ်၏။

အချို့သောအရာရှိက်ကား "အိမ်း" ဟူ၍ ငင်း ဆိုကုန်၏။ ထိုအိမ်း-ဟူသည် ဩ-ဟူသည် စကားခွန်းတို့လည်း လိုက်လံဝန်ခံသောစကားတည်း။ ။ထိုတွင် "အော့ တောင့်ညီးတည်း၊ ပုတ်ခတ်သည်းလည်း၊ အိန်းအည်းမရွတ်" ဟူ၍ ငင်း "နည်းသီး ထုံးဖွဲ့၊ အိမ်းအည်းမဲ့ဩ်၊ တင်းပြဲ့ကိုယ်ပူ" ဟူ၍ ငင်း အိမ်း-ဟူ၍ ရှိသော အရာထင်၏။ အိမ်း-ဟူ၍ စင်အင်္ဂနှင့်မတွေ့သော်လည်း အရေးတွင်လွှစ္ခ၊ ဤ အိမ်း,အည်း,ဩ ဟူသောစကားသည် တွန်းတည်းသာ ဆိုလိုရင်းကို ထင်၍ ဆိုထေသည်ကား-

ဆယေ ကောဓေ ပသံသာယံ၊ တုရိတေ ကောတုဟလ္လရေ။
ဟာသေ သောကေ ပသာဒေစ၊ ကရေ အာမေဋိတံ ဗုဓော။

ဟူသည်နှင့် အညီ ကြောက်ခြင်း, အမျက်ထွက်ခြင်း စသော အခွင့်ကြိမ်လေသော် အာမေဋိတ် အနက်ဖြစ်၏။ ထိုအာမေဋိတ်အနက်ဖြစ်က နှစ်ကြိမ်, သုံးကြိမ်ထပ်၍ ဆိုမြဲ။ ဤ၌ အည်းအည်း, ဩဩ-ဟု ထပ်၍ဆိုသည်ကား မွှေတခုတည်းကိုဖျက် ကြောက်သောအရာ၌ "မွှေ-မွှေ" ဟူ၍ နှစ်ကြိမ်ဆို၏သို့ ကြောက်သောအရာလည်း ရှိသင့်၏။ အမျက်ထွက်သောအရာ, ချီးမွမ်းသောအရာ, အဆောတလျင် ပြုထိုသော အရာ စသည်တို့လည်း ရှိသင့်ကုန်၏။

ဤနိုက် ဩ-ဟူသည်ကို ဝိသဇ္ဇနီဆံ,မြစ်ဆံဟူ၍ ခွဲးသည်ကား···အဲး-အက္ခရာနှိုက် မြစ်သံရှိ၏သို့ ဩအက္ခရာနှိုက် မြစ်သံရှိသည်နှင့်အညီ အချို့အမြစ်ရေးကုန်၏။ အချို့ကား အမြစ်မရေး ဆိုမိန့်သည်သာ။ ။ဇး-အက္ခရာနှိုက် "အငြိမ်းအဇး" ဟူသော့်သို့

ဝိသဇ္ဇနီ ကျောက်သောအသံ "ကေန္တ"ဟူသကဲ့သို့ ဝိသဇ္ဇနီ မကျောက်သောအသံရှိ၏သို့၊ ဩ-အက္ခရာနှိုက်ထည်း ဝိသဇ္ဇနီရှိ,ဝိသဇ္ဇနီလွတ်အသံရှိသည်။ ရှိသည်နှင့်အညီ အငြိမ်းအဝေး-ဟူသည်ကို ဝိသဇ္ဇနီသံဟူသကဲ့သို့၊ ဥဩ,အံ့ဩ-ဟူသည်ကို ဝိသဇ္ဇနီသံကေန္တ-ဟူသည်ကို ဝိသဇ္ဇနီလွတ်အသံ ဟူသကဲ့သို့၊ အူသည်,ဩော်သည်-စသည်တို့နှိုက် ဩော်-အက္ခရာ၏အသံကို ဝိသဇ္ဇနီလွတ်သောအသံဟူသင့်၏။ ။ထိုတွင်ဝိသဇ္ဇနီလွတ်သံကား ဆိုခဲ့ပြီးသောအတိုင်း ဩော်-ဟူသော အက္ခရာသင်္ကေတ ဝိသေသရှိပြီ။ဥဩ-စသည်တို့နှိုက် ဩ-ဟူသောအသံကဲ့သို့ ဝိသဇ္ဇနီရှိအသံထည်း မူလအသံဖြစ်၍ ဝိသဇ္ဇနီပေါက်စုမရှိပြီ။ မြစ်သံလိုရာတမူကား မြစ်သင့်သေး၏။ ဤအမြစ် ဝိသဇ္ဇနီတို့၏ ထက္ခဏာသဘောကို အထက်ဝိသဇ္ဇနီ အနန္တမှာ ဆိုထတ်ပြီ။

အံ့ဩ-ဟူသော ဆိုရာနှိုက်ကား....အံ့၏အရကား မြီးမွှမ်းခြင်းစသောအနက်ရသင့်၏။ ဩ-၏အရကား မရှိ၊ပြေပြစ်ရုံမျှသာ ဖက်ဆိုသည်ဟူ၍ ယူသင့်၏၊ယခင်"အည်း-ဩ"ဟူသည်မှာကဲ့သို့ ဝန်ခံစကားထည်း ယူသင့်၏။ အံ့၏အရကို မြီးမွှမ်းခြင်းအနက်ယူ၍ ထိုမြီးမွှမ်းခြင်းဖြင့် မြီးမွှမ်းအပ်သောဂုဏ်ရှိသည်ကား စင်စစ်မှန်၏ဟု အည်း-ဩဟူသော လိုက်လံ ဝန်ခံစကားဖြစ်၏။ ဤသို့ယူမူ ဩ၏အနက်ထွက်၏။ ညွှက်လိုက်ခွဲးသည်၊ ရွှေနောက်ညှိ၍ ဆင်ခြင်။ ။ဩကာရန္တပြီးပြီ။

၇၆-ဩော်ကာရန္တနှိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ဩော်-ကာရန္တဌကား "နေပြီးသရော်၊ သူနီးဆော်မှ၊ ဩော်ဩော်ဟုတ်တည့်" ဟူရာနှိုက် ဩော်-ဆိုသောအရာ၊ အူသည်,ဩော်သည် ဆိုသောအရာ၊ အုတ်ဩော်သောင်းသဲး ဆိုသောအရာတို့၌ထင်၏။ ။ထိုတွင် "ဩော်ဩော် ဟုတ်တည့်"ဆိုသောအရာနှိုက် ဩော်-ဟူသောစကားခွန်း၏အရကား ဆိုခဲ့ပြီးသောအတိုင်း အိန်း,(အိမ်း)အည်း,ဩ ဟူသော ဝန်ခံစကားဂုဏ်း၊ ထိုတွင် ဩဆိုသည် ဩော်ဆိုသည် အရမထူး။ အရာတမူကား သတိရသော အခြင်းအရာ ခန့်ငြားရိုသေသော အခြင်းအရာတို့နှိုက် ဩော်-ဟူ၍ တံခွန်လွှားသံ ဆိုကုန်သည်သာထူး၏။ ဥသည်, ဩော်သည်-ဟူရာ၌ ဩော်သည်-ဟူသောစကားခွန်း၏အရကား ကြော်ငြာသောအသံ၊ အားပြု၍ အသံဖြစ်စေသည်ကို ယူရာ၏။

ထိုတွင် ကြော်ငြာသည်, ဦးသည်, ဩော်သည် - ဟူသော စကားခွန်းတို့သည် အားပြု အသံဖြစ်စေသဖြင့် တူသော်လည်း အရာကွဲးအံ့သည်။ ကြော်ငြာသည်,

အူသည်, ဟစ်သည်-ဟူရာ၌ ခံချိသောအရာ၊ မခံချိသောအရာ နှစ်ပါးဖြစ်သင့်၏။ ဩဇော်-သည်ဟူရာ၌ကား မခံချိသောအရာ၊ ကြောက်လန့်သော အရာ၌သာ ထင်၏။ ။အုတ်ဩဇော် သောင်းသဲ-ဟူရာ၌ အုတ်-ဟူသော စကား၏ အရကို တ, သတ်နှင့် အဓိပ္ပါယ်ယူသင့်၏။ တ, သတ်အလိုသော် အသံတအုတ်အုတ်, တရုတ်ရုတ်ရှိ၏။ ဤ၌ တအုတ်အုတ် ဟူသည်ကား မည်သည့်အသံဟူ၍, မခြားနားမရှင်းလင်းထွေးလုံးစုရုံး၍, ရုတ်ရုတ်သဲ့သဲ့သော အသံမျှရှိသည်ကို တအုတ်အုတ်-ဆိုသည်။ ထိုတအုတ်အုတ်သော အသံသည် အားပြု၍, အဝေးသို့လွှင့်ကြားအောင် ဖြစ်စေသော အသံဖြစ်သော အရာဖြစ်၍, ဩဇော်သည်-ဟူသော စကားဖက်ပြန်သည် ယူသင့်၏။ ဤသို့ယူမူ အုတ်ဟူသည်နှိုက်လည်း တ, သတ်။ ဩဇော် ဟူသည့်စကားလည်း ယခင် ဦဩဇော်သည် ဟူသော စကားနှိုက်ဝင်၏။ ။အုတ်ဟူသည်၌ ပ-သတ်ကား ဤ၌မရာ မသင့်လွန်း။ စပ်အင်ကိုကား ရလွယ်အံ့တကြောင်း၊ ဩဇော်ဟူသည်၌ အသံတူအရေးကွဲး မရှိပြီတကြောင်း၊ ကျယ်အံ့စိုးသည် တကြောင်းဖြစ်၍, မဆိုလိုက်သည်။

အကာရန္တအစ ဩဇော်ကာရန္တ အဆုံးရှိသောသက်သက်သော
သရတဆယ်ကို ဆိုသည်ကားပြီး၏။

ဤတွင်
ဝေါဟာရတ္ထ ပကာသနီကျမ်း တတိယပိုင်း
ပြီး၏။

စတုတ္ထပိုင်း

နဓမာ တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

က

၇၇-ဗျဥ္ဇန သရအန္တတို့တွင် က-ဗျည်းသက်သက်နှိုက် ဝေါဟာရကို မြခြင်းအကြောင်း

ဗျည်းယှဉ်သော သရအန္တတို့ထွင် က-ဗျည်းယှဉ်သော အကာရန္တ၌ က-သက်သက်ငင်း ယဝင့်,ဝဆွဲးငင်း ရစ်၍, ဝဆွဲးငင်း ရသင့်၏။ ဤထွင်ကသက်သက် အကာရန္တကား....ခုန်ကသည်, ထွည်းကသည်,ဆင်မြင်းကသည်-ဟူသော ဆိုမိန့်ခြင်း။ ။ ကြိုးဝက-ဟူသော ခေါ်ဝေါ်ခြင်း။ ။တောကထာသည်, ရွာကထာသည်-ဆိုမိန့်ခြင်း။ ။တခုမက နှစ်ခုမက ဆိုမိန့်ခြင်း။ ။စကောစက, အသီးအသက - ဟူ၍, ဆိုမိန့်ခြင်းတို့နှိုက် ထင်၏။

ထိုထွင် ခုန်ကသည်ဟူရာနှိုက် က-ဟူသော ဝေါဟာရထည်း ထက်ခြေစသည်ကို ကြွကြွချီချီ, ကားကား ပြန့်ပြန့်ရှိစေသည်ကို ထောက်၍, "ကားသည်"ဆိုလိုရင်းကဲ့သို့ ရှိ၏။ ဥဒေါင်းသည် အမြီးအတောင်ကားစေ၍, ရွှင်လန်းသော အမူအရာရှိသည်ကိုငင်း မြွေတို့သည် ဦး,ထည်ချီကြွထျက် ပြန့်ကားသော ပါးပျဉ်းရှိစေသည်ကိုငင်း ဥဒေါင်းကသည်, မြွေကသည် ဆိုကုန်သည်။ "ဦးသည်ချီ၍, အမြီး, နားရွက် ပြန့်ကား,လှုပ်ရှားစေသည်ကို "တိုးကသည်" ဆိုသည်။ ဤသို့စသော ဆိုမိန့်ခြင်းတို့နှိုက်ထည်း "ကားသည်"ဆိုလိုရင်းဖြစ်၏။

ကား-သည်ဟူ၍, ဆိုရမည်ကို ကသည်ဟူ၍, တိုလောအသံဖြင့် ဆိုမိန့်ကုန်သကဲ့သို့ တိုသောအသံဖြင့်ဆိုမိန့်ကုန်သည်ကားများ၏။ ။ပါးပါးရှိသည်-ဆိုရမည်ကို ပပ-ရှိသည်။သားသား-ရှိသည်ကို သသရှိသည်။ ချိုချိုချဉ်ချဉ်ဟူ၍,-မြစ်သံမပါဆိုရမည်ကို အမြစ်သံနှင့် ချိုချို-ရှိ၏, ချဉ်ချဉ်-ရှိ၏ ဆိုသည်။ ဤသို့စသည်ဖြင့် ဆိုမိန့်ကုန်သည်ကားများစွ။ ။အချို့သောအရာတွင်ကား ဝိသဇ္ဇနီအမြစ်သံထိုရင်း။အချို့ကား အမြစ်ဝိသဇ္ဇနီမထိုဟူ၍, စစ်ရမည်သာ ပြန်ကာ,လှန်ကာ ဆိုမိန့်ဟန်ကိုထည်း နှလုံးသွင်းရာ၏။ ။

ကြွားကြွားရှိသည်၊ ကြွကြွရှိသည်၊ ဆိုးရွားသည်၊ ရွရွရှိသည် ဆိုမိန့်ခြင်း တို့၌လည်း မည်သည့်အသံ ထိုရင်းဟူ၍ နှလုံးသွင်းရမည်သာ။ မူထထိုရင်းအသံမှ ရွေ့သည်ကား များ၏။

၌ ခုနှက-သည် ဟူသော အနက်ကို မာဂဓ၌ နဒ္ဒ-သဒ္ဒါဟောသည်။ ထိုနဒ္ဒ သဒ္ဒါအထိုသည် ညွတ်သည်ဟူထို၏။ ခြေ, ထက်, ဦး, ထည် တို့ကို တောင်တိမ်း မြောက်ပါး ညွတ်ကွေးစေသည်ပင် ဖြစ်၏။ ၌၌ ကွေးညွတ်စေသည်ပင် ဟူသော စကားနှင့် မြန်မာဘာသာ၌ ပြန်စေ့ကားစေသည် ဟူသော စကားမှာ လိုးလွဲးကဲ့သို့ ဆိုတွယ်ရှိ၏။ အကြောင်းမှာ ညွတ်ကွေးဦးမှ ပြန်ကား စေရမည်။ ပြန်ကားဦးမှ ညွတ်ကွေးစေရမည်ဖြစ်၍ လိုးလွဲးရှိသော်ထည်း သဘောထွေသည်ချည်း ဖြစ်၏။

လှည်းနွား က-သည်ဟူရာ၌က်ထည်း လှည်းဦး ချီကြွသည်, ကျဲနွားတို့ ဦးထည် ချီကြွသည်ကိုပင် ကားသည် ပြန်သည်ယူမှ ယခင်အနက် ၎င်းဖြစ်၏။ အချို့ကား 'နွားကောက်သည်၊ လှည်း ကောက်သည်' ဆိုစကုန်၏။ ထိုစကားကား နွားလှည်း အလွတ် နေသည်ကို သုံးဆောင်ထို၍ ကောက်ယူသည်ဆိုထိုသည်ယူမှ ရ၏။ အဆို အဓိန့်ကား နည်းအံ့သည်။ အစပ်အဟပ်-မတွေ့။ ။ကသည်ဆိုရာ၌က်ကား "မြင်း အာဇာည၊ ကသည်ရထား" ဟူ၍ စပ်အင်ရှိလေထည်။ မာဂဓန့်က်ကား .... "ရထံ ယောဇေတွာ" ဟူ၍.ရှိသည်။ ယောဇေတွာ ကို က၍-ဟု မြန်မာပြန်တော်မူကုန်သည် များ၏။ ယောဇေတွာ နှိက် ယုဇ-ဓာတ်ကားယှဉ်ခြင်းအနက်ကို ဟောသောကြောင့် ယှဉ်၍-ဟုဆိုထိုရင်းဖြစ်ထျက် ဝေါဟာရများရာ ထင်ရာ မြန်မာပြန်တော် မူကုန်သည် ယူသင့်၏။

ဆင်က, မြင်းက-ဟူသော ဝေါဟာရန့်က်ထည်း "ကားသည်'ဟူသော အနက် ၎င်း ယူသင့်၏။ ဆင်မြင်းတို့၏ ကျောက်ကုန်းနှိက် အဘင့်အတယ် စီးနင်းနေထိုင် သာအောင် ကားကား ပြန့်ပြန့် ရှိစေ သည်ပင် ယူတွယ် ရှိ၏။ အကြောင်း မဲ့ဝဲ ခေါ်ဝေါ်ကာမျှသာ ယူထည်း သင့်၏။ ။မြန်မာမှ၌ထည်း အနွယ်ထွ, ရုဋ္ဌ ရှိသည်ကို တကြောင်း၊ ပညာထိုက်စေသည်တကြောင်းဖြစ်၍ ဆိုထိုက်သည်။ ယေဘုယျ အား ဖြင့်ကား မြန်မာမှနှိက်သော်ထည်း အနွယ်ထွများဘိမည်။ အချို့ကား တိမ်သည် အချို့ ကား နက်သည် အချို့ကား အခေါ်ရွေသည်ဖြစ်၍ မဖောက်ထွင်းနိုင်ထျင် အနက် ရင်းမူထကို မသိ၍ ခေါ်ဝေါ်ကာမျှကဲ့သို့သာ ထင်တွယ်ရှိပေသည်။

ကြိုးဝက-ဟူ၍ ဆိုမိန့်ရာနှိက် အချို့ကား.... "ကြိုးဝက်က" ဆိုကုန်၏။ သဘော ကိုထောက်သော် ဝါးကို ကားကားပြန့်ပြန့် ရှိစေသည်ကို ထောက်၍ "ဝါးကား"

ဟု ဆိုအပ်ထျက် ကားသည် ဆိုမည့်အတွက်ကို ဆိုမိန့်လွယ်သည်ဟု ပြေပြစ်သည်ကို ထိုက်၍ "ဝက" ဆိုလေသည်ဟုယူသင့်၏။ ယခင် ကားကားပြန့်ပြန့်-ဟူသောအနက် ထည်းကောင်း ဖြစ်၏။ ဝါးမှတပါး သစ်ကို ပြန့်ကားစေရာရှိက်ကား ဥပဒေကျဏ္ဍ နိဒဿန, ယေဘုယျ သင့်ရာ ယူကောင်း၏။ ။တကြောင်းထည်း ဝါးသစ်မဟု ဝက်က-ဟူ၍ ထည်းကောင်း ဝါးက-ဟူ၍ ထည်းကောင်း အမှတ်မထင် ဆိုသော်လည်း အမည်မျှသာ ဟူ၍သော်ထည်းယူ။

မြို့ကလာသည်၊ တောက လာသည်- ဟူသော ဆိုမိန့်ခြင်းရှိက်, က-ဟူသော စကားခွန်းသည် အပါဒါန် အနက်ဖြစ်၍ မြို့ရွာမှလာသည် တောမှလာသည်ဆိုသည်နှင့် အတူယူရအံ့။

"ပစ်သည် ဥစ္စာ၊ အာကစဉ်လွတ်" [၁] ဟူ၍ ထည်းကောင်း
"အထက်မှာမှ၊ အစက" [၂] ဟူ၍ ထည်းကောင်း-

စပ်သော အရာတို့ရှိက် "အာမှစဉ်လွတ်" "အစမှ"ကို မဆိုမူ၍၊ က-အက္ခရာဖြင့် ဆိုထေသည်။ ၎က-အက္ခရာဖြင့် အပါဒါန် အနက်ဖြစ်သော် * မှ-ဟူသော အရာကိုသာ က-ဟူ၍ ဆိုသည်မဟုတ်။ အာဓာရ အနက်,ထက္ခဏအနက်, ကတ္တား အနက်-တို့ရှိက်ထည်း ထင်၏။ ထင်ဟန်ကား-

"ရောင်းရင်းတူကွ၊ ငယ်သော်ကလျှင်" [၃] ဟူ၍ ထည်းကောင်း။
"အာကစဉ်လွတ်၊ ထမင်းဖတ်ကို"ဟူ၍ ထည်းကောင်း-

ဆိုသော အရာတို့ရှိက် မှ--ဟူသော အပါဒါန် အနက် ယူသင့်၏။ အတူ တက္ခ ရောင်းရင်းတော် ဖြစ်သော ငယ်သော အခါမှစ၍ အခေါင်အထွတ် ဖြစ်သော ရွှေနန်းစည်းစိမ်ကို စိုးချုပ်သည်ကိုင်အောင်ထည်း ချစ်ခြင်း မေတ္တာဖြင့်သာ မွေ့မွေ့ လျော်လျော် အကျွမ်းဝင်ဝင် တိုင်ပင်ကြဖော်ဖြစ်၍ အဆွေ ခင်ပွန်းစစ် ထေးပါး တွင် အနုကမ္မက-မည်သော ပရောဟိတ်ပုန်ကားဟူ၍ အဓိပ္ပါယ် ဖြောင့်ရာ၏။ ။ ၎ရှိက် "ငယ်သော်ကလျှင်" ဟူ၍သာ ထက်ံရှိသည်ကို စ၍-ဟူသော စကားကို ထည့်သည်ကား "ယတော ပဌာယ-ယတောပဘုတိ" စသည်ဖြင့် အပါဒါန်ဆိုက်ရာ ပဘုတိ, ပဌာယ-သဒ္ဒါတို့ကို ယှဉ်သကဲ့သို့ ငယ်သော အခါမှဟူ၍ ဆိုသော ကြောင့် စ၍-ဟူသော ကြိယာနှင့် မကင်းသာ ထည့်သင့်ထေသည်။ အခေါင် အထွတ် နန်းစည်းစိမ်ကို စိုးချုပ်သည် တိုင်အောင်ဟူသော စကားကို ထည့်သည်

---

၁ ကိုး * ၂၅၁။ ၂ ဘူဝေါင်း * ၂၃၄။ * သော ?။ ၃ ကိုး * ၆။

ကား ယခင် စ၍-ဟူသော စကားနှိုက် ငယ်သည်မှစ၍ အလယ်သော အရွယ် တိုင်အောင် ကြီးသော အရွယ် တိုင်အောင် သေလွန်သည် တိုင်အောင် တဘဝ ခြား, နှစ်ဘဝခြား တိုင်အောင် နိဗ္ဗာန်ယူသည် တိုင်အောင်-ဟူ၍ အဆုံးသော ကာလအဝိုင်းအခြားကို ပြသင့်ပေရကား, နန်းကိုစိုးအုပ်သည်တိုင်အောင် ဟူသော အဝိုင်းအခြားကို ပြထို၍ ထည့်သင့်လေသည်။ ထိုကာလ အဝိုင်းအခြား ကိုလည်း အရွယ်ထက် တိုင်အောင်-စသည်ဖြင့် ထည့်သင့်လျက် ရွှေနန်းစိုးသည် တိုင်အောင် ဟူ၍သာ ထည့်လေသည်ကား "ရွှေနန်း ထွတ်ခေါင်၊ စိုးချုပ် အောင်ထည်း" [၁] ဟူ၍ နောက်နှိုက် ဆိုထွဋ်ယည်ကိုရှု၍ ထည့်သင့်လေသည်။ ။အဆွေခင်ပွန်းစစ် လေးပါးတွင် အနုကမ္မက-မည်သော ဟူ၍ ထည့်လေသည်ကား "ဝိယသဟာ" ဟူသော အရိပ်ကြောင့် ထည့်သင့်လေသည်။ ဤကား ပညာဝန္ဒန ဖြစ်စေခြင်းငှာ ထည့်ရေးလိုက်သည်။ ။ငယ်သေက်လျင် ဟူသည်၌ က-ဟူသော စကားသည် မှ-ဟူ၍ ဆိုသည်နှင့် မတူသည်ကို နှလုံးသွင်းရာ၏။ ငယ်သေ-ဟူ၍ ဆိုရာ၌ သေ-ဟူသော စကားသည်း ထက္ခဏာ အနက် မဟုတ် ဝိသေသ အနက်တည်း။ ဤစကား၏ အရကား စကားချပ်များအံ့ စိုး၍ အရာရောက်မှ ဆိုအံ့သည်။ ငယ်သေအခါ-ဟူ၍ ယူ။

က-ဟူသော စကားသည် အာဓာရအနက် ထင်ဟန်ကား.... "အငယ်တည်းက၊ မဆုံးမသေ၊ မိဘတထည်၊ ရန်သူမည်၏" [၂] ဟူ၍ ထည်းကောင်း။ ။"သည်းကားငယ်က၊ သည်ကြီးမှဟု၊ နှစ်-ထပေါင်းခြို" [၃] ဟူ၍ ထည်းကောင်း။ ။"ငယ်ရွယ်သေက်က၊ သိပ္ပခေါင်အား" [၄] ဟူ၍ ထည်းကောင်း စပ်ဆိုသော အရာတို့နှိုက် မှ-ဟူ၍ ထည်းကောင်း၊ က-ဟူ၍ ထည်းကောင်း ဆိုသော်ထည်း အပါဒါန် အနက်မဟုတ်၊ အာဓာရ အနက်ထင်အောင် ၌-ဟူသော အနက် အမိပ္ပါယ်ဖြင့် ငယ်သောအခါနှိုက် သားကို မိဘတို့ မဆုံးမသော် ထိုမိဘတို့သည် သား၏အဆွေ ကားမမည်၊ တထည်တဖန် ရန်သူပင်မည်ပြန်၏ဟူ၍ ထည်းကောင်း၊ ဤသူသည်ကား ငယ်သောအခါနှိုက် ဤသူသည်ကား ကြီးသောအခါနှိုက်ဟူ၍ နှစ်-ထအပေါင်းအခြို နေ့ရက်အပုံအစုဖြင့် "တစုံတရာ၊ ထက်ခြေမှာနှိုက်၊ သေစာသေဘိတ်၊ နိမိတ်တင်း ထင်း၊မူမရှိလျှင်းခဲ့" [၅] ဟူ၍ ထည်းကောင်း၊ ငယ်သောအခါနှိုက် အတတ်ပညာခေါင် အား မြောက်မြားတတ်ပွန်ပါမမူဟူ၍ ထည်းကောင်း နှိုက် ဟူသောအာဓာရအနက် ယူရာ၏။

---

၁ ကိုး * ၇။
၂ သံ * ၂၃။
၃ ကိုး * ၁၁၇။
၄ ကိုး * ၂၇။
၅ ကိုး * ၁၁၇။ "နိမိတ်ထင်ထင်း"။

ထိုတွင် သားကိုငယ်က-ဟူသည်တွင် ငယ်သောအခါက, အခါမှ-ဟူ၍ ရှိတိုင်း အပါဒါန်အနက်ဟူ၍ မသင့်ပါလောဟူအံ့။ မသင့်။ အကယ်၍ အပါဒါန်အနက်ယူမူ ဆိုက်ရာကြိယာမဲ့ဖြစ်၍ ယခင်ကဲ့သို့ စ၍-ဟူသောကြိယာထည့်ရအံ့၊ ထည့်သော် မသင့်ပါလောဟူအံ့၊ ထည့်ချေသော် စ၍-ဟူသောကြိယာသည် ရှေကြိယာဖြစ်၍ ဆိုက်ရာနောက်ကြိယာ မရှိခဲ့ဖြစ်၍ မသင့်၊ အရွယ်ထက်,အရွယ်ကြီး သေလွန်သည်တိုင်အောင်ဟူ၍ ဆိုက်ရာနောက်ကြိယာ သင့်အောင်ထည့်သော် မသင့်ပါလောဟူအံ့၊ အဓိပ္ပါယ်မသင့်။ မသင့်ဟန်ကား····သားတို့အရွယ် ငယ်နသည်မှစ၍ အရွယ်အထက်,အရွယ်ကြီး,သေလွန်သည်တိုင်အောင် မဆုံးမချေသောကြောင့် မိဘတို့သည် သား၏ရန်သူမည်၏ဟု စကားကျလေအံ့၊ ကျသော် မသင့်လောဟူအံ့။ မွေးဖွားသည်မှ သေလွန်သည်တိုင်အောင် မိဘ-ဟူသောအမည်, သားဟူသောအမည် ဖြစ်သင့်သည်နှင့်အညီ ဆုံးမရမည်ကို သားတို့၏အလျင် မိဘသေလွန်ခဲ့၍, သားတို့ အရွယ်အထက်, အကြီး, သေလွန်သည်တိုင်အောင် စောင့်၍ ဆုံးမရသဖြင့် အလျင်သေလွန်သည့် မိဘတို့သော်လည်း သား၏ရန်သူမည်၏ဟု စကားကျ၏။ ကျစေတော့ဟူအံ့။

ယင်းသို့သော စကားကျချေသော် ဘုရားသခင်မယ်တော်သည် ဘုရားလောင်းဖွား၍, ၇-ရက်ရှိလျှင် နတ်ရွာလားရကား ဘုရားလောင်း ဘုရားဖြစ်၍, နိဗ္ဗာန်ယူသည်တိုင်အောင် မဆုံးမချေသောကြောင့် မယ်တော်သည် ဘုရားရန်သူမည်ပေအံ့၊ ယင်းသို့ထည်း မယ်တော်သည် ဘုရားရန်သူမည်ကြောင်းကို ဆိုသောအရာ တစိုးတစိမထင်၊ ဤသို့လျှင် အဓိပ္ပါယ်မသင့်သည်ဖြစ်၏။ထိုကြောင့် 'ငယ်သောအခါနှိုက် မဆုံးမသော်'ဟူ၍ ကာလအာဓာရအနက် ယူသင့်၏။

ဤကား ငယ်က,ဤကား ကြီးမှ-ဟူသည်တွင်သည်း ဤသူသည် ငယ်သောအခါကြီးသောအခါက,အခါမှ-စ၍ဟု အဓိပ္ပါယ်ယူချေသော် ယခင်ကဲ့သို့ ထိုအခါမှစ၍, မည်သည့်အခါတိုင်အောင်-ဟူသော နောက်ကြိယာဆိုက်ရာမဲ့ဖြစ်အံ့သည်ပင်။ ငယ်သောအခါမှစ၍ ကြီးသည့်အခါတိုင်,ကြီးသည်မှစ၍ သေလွန်သည်တိုင်အောင် တဘဝ,နှစ်ဘဝခရောက်သည်တိုင်အောင်ဟူ၍, ထည့်ချေသဖြင့်လည်း အဓိပ္ပါယ်မသင့်။ မသင့်ဟန်ကား····ငယ်သည်မှ ကြီးသည်တိုင်အောင်သာ၊ ကြီးသည်မှ သေလွန်သည် တဘဝ,နှစ်ဘဝခရောက်သည်တိုင်အောင်သာ သေစာ,သေဟိတ်,နိမိတ်ဘင်းလင်း မရှိသည်၊ ထိုကာလထက်အလွန်နှိုက် သေစာ,သေဟိတ်,နိမိတ်ဘင်းလင်းရှိ၏။ ထိုကာလမခရောက်မီ ပဋိသန္ဓေအခါ ထို၏ရှေ လွန်ခဲ့ပြီးသော ဘဝတို့နှိုက်လည်း သေစာ,သေဟိတ်,နိမိတ်ဘင်းလင်းရှိ၏။ဟူသော စကားရောက်ခဲ့အံ့။ ရောက်စေတော့ဟူအံ့။ သေစာ,သေဟိတ်,နိမိတ်သည် မည်သည့်ကာလ မည်သည့်ဘဝနှိုက်ရှိ၏။မဆိုသာသော အရာဖြစ်ခဲ့၍, အဓိပ္ပါယ်မသင့်ဖြစ်၏။ထိုကြောင့်ငယ်သော"အခါနှိုက်"လည်းကောင်း

ကြီးသော "အခါ၌" ထည်းကောင်း သေစာ, သေဟိတ်, နိမိတ်တင်းထင်း မရှိဟူ၍. ကာလအာခရအနက် ယူသင့်၏။ ။"ယ်ရွယ်သော်က၊ သိပ္ပခေါင်အား" ဟူသည် ၌ထည်း ယ်သောအခါက, အခါမှ-ဟူ၍. ယူသဖြင့် "ထိုယ်သော အခါမှစ၍. အထက်,အကြီး ဖြစ်သည်တိုင်အောင် တတ်မြောက်မြားမူ" ဟူ၍. အဓိပ္ပါယ် ကျသေ သဖြင့် မသင့်ဟန်ကို ရှေးနည်းတူသိသာပြီ။

က-ဟူသော စကားခွန်းသည် အပါဒါနိအနက်မဟုတ် လက္ခဏအနက်ထင်ဟန် ကား-

"မောဓိမဏ္ဍိုင်၊ ခန်းဝါဝိုင်က" [၁] ဟူ၍. ထည်းကောင်း
"တမည်သာလျှင်၊ ရှိကမြင်၏" [၂] ဟူ၍. ထည်းကောင်း
"ကြည့်ကထင်ထင်၊ ရှိတိုင်းမြင်၏"
"ပြိမိထက၊ မဆုံးဆတည်"
"ထျင်မြင်းမှထည်း၊ ထိုက်ကမိအောင်"
"စေတိုင်းရောက်က၊ ဝမ်းမြောက်စွာမှ"
"ပြုထိုပါက၊ ပြုရာရောက်အောင်"
"ဆိုကဖောက်ထွင်း၊ ထဲးနက်ခြင်းဖြင့်"
"ရွှေဝန်းရီည၊ ခါရောက်ကမူ၊ ရွှေမျာ့းအထယ်၊ သနားဘွယ်တည်"။

ဤသို့ စသည်ဖြင့် စပ်ဆိုရာ၌ကို က-ဟူသောစကားခွန်းသည် အပါဒါနိ အနက် မသင့်။ သော်-ဟူသော ထက္ခဏအနက်သာသင့်၏။ သင့်ဟန်ကား-

မောဓိမဏ္ဍိုင် အခန်းအဝါကို ဝိုင်သော်၊ချက်ရိုင်ပြည့်စုံ၏ဟူ၍. ထည်းကောင်း
ရှိသော်မြင်၏ ဟူ၍.ထည်းကောင်း
ကြည့်သော်ထင်ထင်၊ ရှိတိုင်းမြင်၏ ဟူ၍.ထည်းကောင်း
ပြိမိထသော်၊ မဆုံးဆဟူ၍. ထည်းကောင်း
ထိုက်သော် မိအောင် ဟူ၍.ထည်းကောင်း
စေတိုင်းရောက်သော်၊ ဝမ်းမြောင်စွာမှ
ပြုထိုပါသော် ပြုရာရောက်အောင်
ဆိုသော်ဖောက်ထွင်း
ရီညခါရောက်သော် သနားဘွယ်ရှိ၏၊

---

၁ ပါဒိ * ၁။
၂ ပါဒိ * ၇။ "မရှိအဝ်သည်၊ ထမည်သာလျှင်၊ ကြည့်မမြင်ဆို" ဟံသာဝတီမူ။ "မရှိအံ့သည်၊ ထမည်သာလျှင်၊ ကြည့်ကမြင်ဆို"။ သမန္တစက္ခု ဒီပနီ၊ ပ ၆၁။
၃ ပါဒိ * ၁၀၃။

ဤသို့စသည်ဖြင့်မှတ်ကြောင်းဖြစ်သော ရွှေကြိယာ၊ မှတ်အပ်သောနောက်ကြိယာ စုံထင်စွာ ထက္ခဏအနက် ယူသင့်၏။ စာရိုတိုင်း က-ဟူသော စကားခွန်းကို အပါဒါန်အနက်ယူ၍ မသင့်ဟန်ကား ရှေးနည်းကိုမှီ၍ ဆိသာလေအံ့သည်။

ကတ္တားအနက်ဖြစ်သင့်ဟန်ကား....“ကျည်းကရက်သည်၊ ကျည်းက ဆက်သည်” ၁ ဟူ၍ ထည်းကောင်း။ ။ချိုးက ကူ၍,, ဝက်ကရုတ်၍ စသည်ဖြင့် ဆိုသောအရာတို့နှိုက် ကျည်းသည်ပင် ရက်တတ်သော်သူ၊ ချိုးသည်ပင်ကူတတ်သော်သူ၊ ဝက်သည်ပင် ရုတ်တတ်သော်သူဟူ၍ ကတ္တားအနက် ဖြစ်သင့်သောကြောင့်ထည်းကောင်း၊ “ကျည်းမှရက်၏”ဟူဤသို့ရက်တတ်သော်သူဟူသော ကတ္တားအနက်မကင်းသင့်သောကြောင့် ကျည်းသည် အပါဒါန်ဖြစ်ခဲ့ဤသို့ ရက်တတ်သော်သူ ကျည်းမဟုတ်၊ အမျိုးတပါးကို ယူပြန်ရအံ့။ထိုသို့တမူကား ကျည်းသည်ပင်ရက်တတ်သော်သူဖြစ်ခဲ့၏။ထိုကြောင့် ကတ္တားအနက် ဖြစ်သင့်လေသည်။

အပါဒါန်အနက်မသင့်ဟန်ကား....ကျည်းမှရက်သည်သာ, ရက်သူကျည်းမဟုတ်ဟူ၍ ထည်းကောင်း၊ ကျည်းမှ - ဟူသော အပဒါန်သည် ဆိုက်ရာမဲ့ ဖြစ် ခဲ့ သော ကြောင့်ထည်းကောင်း မသင့်။ ရက်ခြင်း ကြိယာဝယ် ဆိုက်သော် မသင့်လော ဟူအံ့။ ဖဲးခွာခြင်း,ပြောင်းလွှဲလွတ်ကွာခြင်း, ဝိုင်းခြားခြင်းကြိယာ မရသင့်သောကြောင့် ရက်ခြင်းကြိယာဝယ် မဆိုက်သင့်။ထိုကြောင့် အပါဒါန်အနက်မသင့်ထေ။ကျည်းသည်ပင် ရက်သည်၊ ကျည်းသည်ပင် မလိုအပ်သော အနှံ့ကို လိုအပ်သဖြင့် သင်းပျံ့သော အနံ့ဖြင့် ဖျန်းသတ်သည်ဟူ၍ ကတ္တားအနက်ဖြစ်သင့်လေသည်။

အလွတ်ပြောဆိုရာနှိုက်ထည်း “မြို့ရွာက ခွာ၍,,တောရပ်က ခွာ၍,” စသည်ဖြင့် အပါဒါန်အနက် ထင်အောင် မှ-ဆိုရမည်ကို က-ဟူ၍ ဆိုမိန့်ခြင်း။ ။နောက်က နေသည်, ရွှေကနေသည်-စသည်ဖြင့် နောက်၌ ရွှေ၌ နေသည်ဟူ၍ အာဓာရအနက် ဆိုရမည်ကို က-ဟူ၍ ဆိုမိန့်ခြင်း။ ။သွားကရောက်၏၊ ပေးကယူ၏-စသည်ဖြင့် သွားသော် ရောက်၏၊ ပေးသော်ယူ၏ဟူ၍ ထက္ခဏအနက်ဆိုရမည်ကို က-ဟူ၍ ဆိုမိန့်ခြင်းတို့ကား များစွာ၏။

ယင်းမှတပါးထည်း“သုဒ္ဓါဒိဠ္ဟ၊ဘောဇနကို၊ ငါကနှစ်ထို့၊ယခုပို့စိမ့်” ၂ ဟူ၍ ထည်းကောင်း။ ။“တယောက်ကကမ်း၊ တယောက်လှမ်း”ဟူ၍ ထည်းကောင်း စပ်ဆိုခြင်း စသည်တို့နှိုက်ကား ထက်ဘရိုတိုင်း ငါက-ဟူသည်ကို ပို့ခြင်းဟူသော ကြိယာနှိုက် ဆိုက်၍ ထက်မှကွာလေသောကြောင့် အပါဒါန်အနက်ယူ၍ သင့်သောအရာထည်း

---

၁ ရှင်သံခို ဆိုရတု၊ ရှေးကဗျာ ၇၇။ ၂ သံ * ဂ၁။

ရှိ၏။ ပို့ခြင်းကြိယာသည် ပို့တတ်သော သူဟူသော ကတ္တားရသင့်သည်သာ ဖြစ်၍ "ငါသည် ထမင်းပို့စိမ့်" ဟူ၍ ကတ္တားအနက်လည်း ယူသင့်၏။ "ပို့စိမ့်-ဟူသည်ကို ပို့စေအံ့-ဟူ၍ ကာရိုက်အနက်လည်း ထင်စေသင့်သည်။ မာတလိနတ်သားကို-ဟူ၍ ကာရိုက် ကံ လည်းလာ၊ နတ်၏ဘောဇဉ်ကို-ဟူ၍ ခတ်ကံကာရှိပြီ။ ကောသိယ ရသွေ့သို့-ဟူသော အကထိတ ကံလည်း လိုသည်ပင်။ ထိုကြောင့်-

ငါသည် မာတလိနတ်သားကို ဘောဇဉ်ကို ကောသိယ ရသွေ့သို့ ပို့စေအံ့သည်-

ဟူ၍၊ ကံသုံးချက်ပါအောင် အဓိပ္ပါယ်ယူရ၏။ ငါက-ဟူသော စကားခွန်းသည် ကတ္တားစင်စစ် ဖြစ်သေသည်။ ထိုအခါ အပါဒါန်ကား 'တာဝတိန်သာ နတ်ပြည်မှ' ဟူ၍ ဆိုသင့်လေ၏။ "တယောက်ကကမ်း၊ တယောက်လှမ်း၍" ဟူသည် နှိုက်လည်း တယောက်မှ ဆံတော်ကို ကမ်းလျှင် တယောက်လှမ်း၍-ဟု-ထင်ရှိတိုင်း အပါဒါန်အနက်ယူ၍ ကမ်းသည်-ဟူသောကြိယာနှိုက် ဆိုက်လျှင် ထင်မှတ်သာသည် လည်းကောင်းဖြစ်၍ အပါဒါန်အနက်လည်း ရသင့်၏။ ယခင်ကဲ့သို့ ကတ္တားအနက်လည်း ဖြစ်သင့်၏။ ဖြစ်သင့်ဟန်ကား-

တယောက်သည် တယောက်ထံသို့ ဆံတော်ကို ကမ်းလျှင်၊ တယောက်သည်လည်း လှမ်း၏-

ဟူ၍ ကြိယာကာရက စုံထင်အောင် အဓိပ္ပါယ်ယူ။ ဤ၌ ဆံတော်ကိုဟူသည်ကား ကထိဘ ကံ၊ ထံသို့ ဟူသည်ကား အကထိတကံ၊ တယောက်သည် ကမ်းလျှင် တယောက်လှမ်း၏ဟူ၍ ကတ္တားနှစ်ချက်ဆိုသည်ကား သတောမတူကြ။ ရှေ့ကတ္တားကား ကမ်းတတ်သော သူဖြစ်၍ ကမ်းခြင်း-ဟူသော ရှေ့ကြိယာ၏သာ ကတ္တား၊ နောက်ကား လှမ်းတတ်သော သူဖြစ်၍ လှမ်းခြင်း-ဟူသော နောက်ကြိယာ၏ ကတ္တားဖြစ်သင့်၏။ ဤ နောက်ကတ္တားသည် ကမ်းခြင်း-ဟူသော ရှေ့ကြိယာဝယ် ကံဖြစ်ဘူးသည်ပင်၊ ထိုကံသည် နောက်ကြိယာဝယ် ကတ္တားဖြစ်လာသည်။ ဤသို့သော အရာတို့ကို ပညာရှိတို့အား စောကြော၍၊ နှလုံးသွင်းရာ၏။

ယင်းသို့လျှင် က-ဟူသော စကား၏ အရသည် အပါဒါန်အနက်သာ ဖြစ်သင့်သည်။ အာဓာရအနက်သာ၊ ကတ္တားအနက်သာ-စသည်ဖြင့် သင့်ရာအနက်တပါးသာဖြစ်သင့်ဟန်။ ကတ္တားသင့်၊ အပါဒါန်သင့် စသည်ဖြင့် အနက်နှစ်ပါး၊ သုံးပါး ဖြစ်သင့်ဟန်ကို ဆင်ခြင်ရာ၏။

အနက်နှစ်ပါး၊ သုံးပါး-စသည် ရသင့်ရာနှိုက် တခုတည်းသောခြင်းသည် ကြိယာတခုတည်းသို့ ကေကွဏအားဖြင့် တမူကား မရောက်သင့်။ "ဝလာဟကာ၊ ဝိဇ္ဇော

တတော" ဟူရာ၌ကား အပါဒါန် ဖြစ်၏။ "ဝလာဟကံ" ဟူသည်၌ကား ကံဖြစ်၏။ "ဝလာဟကေ" ဟူရာ၌ကား အာဓာရ၊ "ဝလာဟကေန" ဟူသည်၌ကား ကရိုက်းဖြစ်၏ ဟူသော်လည်း ဒြပ်ပြားထေအံ့သည်။ ကောဏ္ဍအားဖြင့် ဒြပ်မပြိုင်သင့်ထေ။ ။ ကတ္တားကိုငဲ့ခိုက် ကံစသောအနက်ကို, ကံကိုငဲ့ခိုက် ကတ္တားစသော အနက်ကိုလည်း ကောင်း၊ သွားခြင်းသတ္တိရှိခိုက် နေခြင်းသတ္တိရှိသည်ကို, နေခြင်းသတ္တိရှိခိုက် သွားခြင်း သတ္တိ ရှိသည်ကို လည်းကောင်း မပြီးစေနိုင်။ ထိုကြောင့် "ကေသတ္တိ ကေကြိယာ၊ နာနာသတ္တိ နာနာကြိယာ" ဟု၍ ဆရာတို့မိန့်ကုန်သည်။ ဤကဲ့သို့သော အရာတို့၌က် မည်သည့်အနက်ထျော်အံ့၊ မည်သည့် ကြိယာသို့ ရောက်ကောင်းအံ့ဟု နှလုံးသွင်း၍, က-ဟူသောစကားကို ကတ္တား,ကံ-စသည်ဖြင့် အနက်နှစ်ပါး,သုံးပါး ဖြစ်ထိုက်သည်တွင် သင့်ရာယူ၍, အဓိပ္ပါယ် ဆိုရာ၏။ ယင်းသို့ထျင် က-ဟူသော စကားခွန်းသည် အပါဒါန်စသော အနက်ဖြစ်သင့်သည်ကို နှလုံးသွင်းရာ၏။

တခုမက နှစ်ခုမက စသည်ဖြင့် ဆိုသော အရာနှိုက်ကား ဆိုခဲ့ပြီးသော "ခုန်က ၏" ဟူသောအနက်၊ အပါဒါန်စသော အနက်မဟုတ်။ တခုထက်အလွန် နှစ်ခုထက်အလွန် ဟူသော အနက်ကို ယူသင့်၏။ ထိုအနက် ကိုကား ကျမ်းဆရာတို့ မြွှာပြန်ရာနှိုက်မထင်။ "တခုမက နှစ်ခုမက" ဆိုမည့်အရာကို "နှစ်ညဉ့် သုံးညဉ့် ထက်အလွန်"။ ။ကဟာပနသည် နိက္ခထက် လွန်၏၊" ။"စရွတ်သည် တင်းထက် လွန်၏"- စသည်ဖြင့် အပါဒါန် အနက်နှင့်တကွ ကြိယာဝိသေသန အနက် ဆိုသည်သာ ထင်သည်။ ထို နှစ်ညဉ့် သုံးညဉ့်ထက် အလွန် စသည်ဖြင့် ဆိုသော အနက်သည် "နှစ်ညဉ့် သုံးညဉ့်မက" ဆိုမည့်အတွက်ပင်ဖြစ်၍, အရသဘောမထူး၊ အထံသာ ထူးအံ့သည်။ ပျိုထက်ဂ အလွတ် ပြောဆိုရာနှိုက်ကား "မက" ဆိုသော အရာ ထင်ရှားများစွာ၏။

"အနှစ် အလ၊ မက ဝေးနိုး"
"ဆယ်ထက် မက၊ မြောက်မြားလှသည်"
"တနေ့တည်၊ သာကိုမျှထျက်၊ မကသောင်းနှစ်"
"မြင့်မိုရ်ထက်မျှ၊ လွန်မကဟု"

စသည်ဖြင့် စပ်ဟပ်သော အရာသည် လည်းကောင်း။ ။ဂင်္ဂါသဲလုံးမက, ငါးနှစ်မက, ခြောက်နှစ် မက-စသည်ဖြင့် အလွတ် ပြောဆို ခြင်းသည် လည်းကောင်း များစွာ၏။

ထို မက-ဟူသော စကားနှိုက် မ-အက္ခရာ၊ "မသိမမြင်" စသည်ဖြင့် ဆိုရာနှိုက် မ-အက္ခရာ၊ "သူတော်မဟုတ် သူယုတ်မဟုတ်" စသည်ဖြင့်ဆိုရာနှိုက် မ-အက္ခရာတို့

သည် ပဋိသေဓ အနက်ဟူသော မြစ်ခြင်းသဘောကားတူ၏။ အကြောင်း တစိတ်ကွဲးသည်ချည်းဖြစ်၏။ ကွဲးဟန်ကား·····မသိမမြင်-ဟူရာနှိုက် သိခြင်းမြင်ခြင်းသဘောကို အလုံးမြစ်၍ မသိမမြင်-ဟူသောအနက်ကိုဖြစ်စေ၏။ ။"သူတော်မဟုတ်,သူယုတ်မဟုတ်"ဟူရာနှိုက်ကား သူတော် သူယုတ်နှင့် အရပ်အသွင် တူကာသော၊ သူတော် သူယုတ်မဟုတ်ဟူ၍ အသွင် တူကို ယူရသဖြင့် နှိုင်းယှဉ်ခြင်း အနက် တစိတ်ရှိ၏။ ဤအကြောင်းကို သဒ္ဒါဆရာတို့ ထင်ရှားစွာ ပြသည်ပင် ဖြစ်၏။

ဤ မက-ဟူရာနှိုက် မ-အက္ခရာကား အယုတ်, အညံ့, အလျော့, အနည်းကို မြစ်၍ အကောင်း, အမြတ်, အကြီး, အလွန်-ကိုသာ ယူသင့်သည်ဖြစ်၍ တစိတ်သာ မြစ်သည်လည်းဖြစ်၏။ တပါးသောအရာနှိုက် မ-အက္ခရာသည် ဒြိဇ်ကိုလည်း ကောင်း ဂုဏ်ကိုလည်းကောင်း ကြိယာကိုလည်းကောင်း မြစ်ထေ သောကြောင့် ထို မ-အက္ခရာဖြင့် မမြစ်ရသော ဒြိဇ်, ဂုဏ်, ကြိယာ အနက်သက်သက် ရှိထင်သည်ဖြစ်၍ မသူတော်-ဟူလျှဲ သူတော်ကောင်း-ဟူသော သတ္တဝါဒြိဇ်၊ မဖြူ မညို-ဟူလျှင် အဖြူ, အညို-ဟူသောဂုဏ်၊ မသိမမြင်ဟူလျှင် သိမြင်ခြင်း-ဟူသောကြိယာ၊ ဤအနက်တို့သည် ရှိဘိသကဲ့သို့ မက-ဟူရာနှိုက် က-ဟူသော အနက် မရှိထေ။ က-ဟူ၍ ရှိရာနှိုက်လည်း ခုနကဓ်၏ ဟူသောအနက် တခြားသာဖြစ်ခဲ့ဓ်၏။ ထို ခုနကဓ်၏ ဟူသောအနက်ကို မြစ်ရာနှိုက် "မကမခုန်" ဆိုသကဲ့သို့ မကမခုန်-ဆိုလိုသော အရာမဟုတ်၊ "အလွန်" ဆိုလိုသောအရာသာဖြစ်၏။ ထို့ကြောင့် ဤ မက-ဟူသော အရာကဲ့သို့ ပဋိသေဓရှိသော အရာသာရှိ၍ ပဋိသေဓ ကင်းသောအရာ မရှိသည်ဟူ၍ ကျမ်းဂန်အနက်တွင်မထင်။ "ပဋိသေဓရှိသောအခါ ကင်းသောအခါ"ဟူ၍ အစုံအစုံသော အနက်သာ ရသင့်သည် ထင်သည်။

မြန်မာဘာသာဌ်ကား မက-ဆိုသောအရာ မကန်ဆိုသောအရာတို့တွင် "ကသည် ကန်သည်"ဟူ၍ ပဋိသေဓအနက် ကင်းလျက်မထင်။ ကသည်-ဟူရာဌ်သည်း ခုနကသည်, ကန်သည်-ဟူရာဌ် ကျောက်ကန်သည်ဟူ၍ အနက် တခြားသာ ဖြစ်အံ့ထင်သည်။ ။မကန်-ဟူသည်တွင် ကြီ၍ ယူမူကား တစုံတခုသော ဝတ္ထုသည် တည်ရပ်တွင် နံပါးအရပ်ကို ထည့်ခိုက်၍ တိုးဝှေ့ ကျောက်ကန်လျက် မတည်သာသည်ကို ထောက်၍ "မကန်နိုင်" ဆန့်ဝင်သာ မူကား ကျောက်ကန်၍ တည်နိုင် သည်ကို ထောက်၍ "ကန်သည်-မကန်သည်"ဟူသောစကားအစုံသည် ဖြစ်သင့်၏ဟု ယူသင့်၏။ ထိုသို့သော်လည်း ညက်သက် စေခြင်းငှာသာ ရေးလိုက်သည်။ မက-ဟူရာနှိုက် အစုံမရသာသည်သာ ဖြစ်အံ့သို့ရှိ၏။

စကောစက, အသီးအသက-ဟူ၍ ပြောဆိုရာ နှိုက်ကား အလွတ် ဆိုမိန့်သည် သာထင်၏။ ပျိုဟောင်း, လက်ဟောင်းတို့နှိုက် မထင်။ အရကား စကောစက-ဟူသည်ကား ရှေ့မရောက် နောက်မကျ အလတ် အလယ်မျှသာ ဖြစ်သည်ကို ဆိုထိုသောအရာဖြစ်၏။ အသီးအသက-ဟူရာနှိုက်ကား ပြေပြစ် စေလိုရှိသော အသက-ဟူသော စကားခွန်းကိုထပ်သည်၊ အသီးအခြားဆိုသောအရာပင်ဖြစ်၏။

ကကြီးသက်သက်ပြီးပြီ။

ကျ

၇၈-ကကြီးယပင့် အာကာရန္တနိုက် ဝေါဟာရကို အကျယ်ပြခြင်းအကြောင်း

ယပင့်သော အရာကား "ထျောကျ၏" ဟူသော အရာမျှသာ ထင်၏။ ထိုထျောကျ၏ ဟူသောစကား၏အရသည် "နေရာသို့ထိခိုက်၍ ရောက်၏"ဟူသောသဘော အနက်ရင်းဖြစ်၏။ နေရာသို့မရောက် ရှေ့ထျောကာမျှသော အနက်လည်း ရှိသင့်၏။ ထို "ကျ၏"ဟူသော အနက်သည် အယုတ်, အနိမ့်သို့ ထျောသက်သည်ကို ဆိုသော အရာကား များ၏။ ထို့ကြောင့် နိမ့်၏, ထျော့၏, သက်၏, ဆင်း၏-စသော အယုတ် အနိမ့်သို့ရောက်သော စကားခွန်းအတူ ဖက်၍ ပင် မပါသော်လည်း-

စည်ကျိုးတိန္ဒ၊ မြစ်သို့ကျ၍။ [၁] လိုရာမတ၊ နတ်ပြည်ကျသို့။
အနှံသိလှ၊ ပျံလကျ၍။ ။ဖက်ဖက်မောမျှ၊ ဝိုက်ထွင်ကျသည် [၂]

ဟူ၍ စပ်ဟပ်သောအရာတို့နှိုက်ငင်း။ ။သစ်ပင်တောင်ကမ်းမှကျ၏၊ အရာဌာနမှကျ၏ စသည်ဖြင့် အလွတ်ပြောဆိုရာနှိုက်ငင်း နိမ့်၏, ထျောကျ၏, ဆင်း၏, သက်၏-စသည်ဖြင့် အနိမ့်အယုတ်သို့ ရောက်သည်ကို ထင်စေသော စကားခွန်း အတူဖက်၍ မပါသော်လည်း အနိမ့် အယုတ်သို့ ရောက်၏ဟူသော အနက်ကိုသာ ယူရ၏။ နိမ့်ကျ၏, ထျောကျ၏-စသည်ဖြင့် အယုတ်အညံ့သို့ရောက်သော စကားခွန်းအတူဖက်၍ ဆိုလမူကား ကေန္တအားဖြင့် အနိမ့်, အညံ့, အဆုတ်, အယုတ်ကိုသာ ယူရ၏။

ကျ၏-ဟူ၍ ဆိုသောအရာ၌ နေရာသို့ထိခိုက်၍ ရောက်ခြင်း သဘောမျှသာယူသင့်သော အရာကား....အိမ်ထောင် ကျ၏၊ စာသင် ပေသင် ကျ၏။ ကုန်သည်တို့

---

၁ ဘူပေါင်း - ၇၂။ ၂ ကိုး * ၂၄၉။

ကျ၏၊ အထုပ်အကိုင် အဆိုအမိန့်ကျသည်၊ စာပေကျသည်၊ အယူဝါဒကျသည်-စသည် ဖြင့် ဆိုမိန့်သောအရာတို့နှိုက် နေရာသို့ထိခိုက်၍ ရောက်ကာမျှသာ ဟူသောအနက် ကိုယူရာ၏။ အထုပ်အကိုင် အဆိုအမိန့် အယူဝါဒသည် ထိုရာသို့ ထိခိုက်သည် ရောက်သည်ကိုပင် အထုပ်အကိုင် အဆိုအမိန့် အယူဝါဒ "ကျသည်" ဆိုသည်။ ။ စာပေကျ၏-ဟူရာ နှိုက်ထည်း ထိုရာ အနက်သို့ဝင်း အက္ခရာ အရေး အသားသို့ ဝင်း ထိခိုက် ပေါက်ရောက်အောင် ဖတ်ရွတ်နိုင်သည် ကိုပင် ဆိုသည်။ ။မိဘ အထံမှဝင်း ကိုယ်တိုးနေရာမှဝင်း အိမ်ရာကိုဝင်း အလုပ်အကြံ အဆုံးအစားကိုဝင်း သိုးသန့် ထောင်ထား၍ မိမိကံနှင့်လျော်စွာ ချမ်းသာဆင်းရဲးကို ခံလျက် ဖြစ်ထိုက် သောအနေထို့ရောက်သည်ကိုပင် "အိမ်ထောင်ကျ၏" ဆိုသည်။ ။စာပေသင်ထိုသ သူ တို့သည်ဝင်း ကုန်သည်တို့သည်ဝင်း မိမိတို့လိုရာအရပ်သို့ ရောက်သည်ကိုပင် "စာသင် ပေသင်ကျသည်-ကုန်သည် ကျသည်" ဆိုသည်။ထိုကြောင့် အနေသို့ထိခိုက်သည်ရောက် သည်ကိုပင် "ကျသည်" ဆိုသောအရာဖြစ်၏။

တက်သောစက်မီးအိမ်ပျံတို့ကို 'ကျ၏' ဟူရာနှိုက်ကား နေရာသို့ မထိရောက်သေး ထည်ကာမျှကိုပင် 'ကျ၏' ဆိုသည်။ ထိုနှိုက်ကား ကေန္တနေရာသို့ ရောက်ထတ်ဖြစ်၍ ဖျာ,ရိုင်,ချင်း, တောင်း-ဖြစ်ထတ်ပါကိုထျက် မဖြစ်မီ ရက်စဉ်ကပင် ကေန္တအားဖြင့် ဖြစ်ထတ်ကို မြော်၍ ဖျာ,ရိုင်-ရက်သည်,ချင်းရက်သည်,တောင်းရက်သည် ဆို၏သို့ တည်ရပ်အံ့သော အရပ်သို့ ရောက်ထတ်ကေန္တကိုမြော်၍ ထည်ကာမျှကိုပင် "ကျ၏" ဆိုထေသည်ယူသော်ထည်း သင့်ပါ၏။ အနေသို့မရောက် ရှေ့၍ထျောကာမျှကိုပင် "ကျသည်" ဆိုသည်ထည်း ယူသင့်၏။

ချောင်းမြစ်တို့နှိုက် ရေသစ် အားမကြီး၍ လျော့သည်ကို "ကျ၏" ဟူရာနှိုက်စီးထေ သွားထေသောရေသည် ကေန္တအားဖြင့် နေရာသို့ ရောက်ထတ်ကို ယူထျင်ထည်း အတိုးမဟူ အဆုတ်မဟူ စီးသမျှသော ရေကိုပင် 'ကျသည်ချည်း' ဆိုကောင်းအံ့၊ ထို သို့မဟုတ် ရေသည် မြင့်ရာကမ်းနှိုက် ထိခိုက်ရာမှသည် နိမ့်ပြန်ထျော၍ မတက်မတိုး သည်ကာလ ပကတိ ရှိမြဲတိုင်းသော ရေဖြင့် မြေပြင်အနေသို့ ရောက်ထတ်ကို ဟူ၍ ယူထျင် ထိုရေသည်တဖန်တိုးပြန် တက်ပြန်သည်ကာလ ယခင်ရှိမြဲတိုင်းသို့ မရောက် ဝဲး တက်ပြန်၍ ထိခိုက်မြဲး မြင့်ရာကမ်းသို့ဝင်း ထိုထက်အလွန်သို့ဝင်း ရောက်ရာဖြင့် အနေရေဖြင့် မြေပြင်သို့ ရောက်ထတ်သာ ကေန္တမဆိုကောင်းသည် ဖြစ်ခဲ့၏ဟူငြား အံ့၊ ထိုနှိုက်ကား တိုးပြန်တက်ပြန်သော ရေသည် အသစ်ဖောက်ပြန်ထေသည်သာ၊ ရှိထင်ရင်း ရေဟောင်းကား ငုပ်ထျိုးထေအံ့သည်သာ။ ထင်ဆင်သော ရေသစ်ကား အထက်အပေါ်မှ လွှမ်းထျက် စီးအံ့သည်၊ ထိုလွှမ်းသော ရေကား အသစ်အခြားဖြစ်

၏။ရေဟောင်းကား အစဲ့အနေသို့မရောက်မချင်းနိုင်၍ အခံအနေရှိရာရောက်အံ့သည်သာဖြစ်၍ "ကျသည်"ဆိုသည်ဟူ၍ ယူသော်လည်းသင့်၏။ သဘော အားဖြင့်ကား အနိမ့်သို့ထွေသက်ခြင်း,အထက်အမြင့်သို့ပျံတက်ခြင်း ဤနှစ်ပါးတွင် အနိမ့်သို့ထွေသက်ခြင်းကား ပကတိသဘောခင်း, အမြင့်သို့ ပျံတက်ခြင်းကား ဖောက်ပြန်သော ဝိကတိ, ပဝတ္တိ-သဘောကဲ့သို့ရှိ၏။

ထိုအကြောင်းကို ဆိုလိုက်ဦးအံ့....အပူအေး နှစ်ပါးတွင် အေးသည်သဘောရင်းဖြစ်၏ဟု အောက်နိုက်ဆိုအပ်သကဲ့သို့ ဤနိုက်လည်း ထွေသက်ခြင်း, ပျံတက်ခြင်းသဘောနှစ်ပါးတွင် ထွေသက်ခြင်းကား....သဘောရင်း, ပျံတက်ခြင်းကား ဝိကတိ, ပဝတ္တိ ဖြစ်သင့်၏။ ဖြစ်သင့်ကန်ကား- ခပ်သိမ်းသော သစ်, ဝါး, လှံကန်, အုတ်ကျောက်-တို့သည် တည်ရာဌာန လူတို့လုံ့ထစသော အကြောင်းကင်းလေက အသစ်တည်ရပ်ရာ မရမချင်း ထွေသက်သည်သာ။ပျံတက်ခြင်းဖြစ်မည်ကိုထား၍ နံပါးဖြစ်သော လက်ဝဲ,ထက်ဘ,ရွှေ,နောက်စသော တည်ရာအရပ်ဒွန် အနိမ့်အမြင့် အပြင်မျှညီရုံသို့မျှ မသွားမရွှေ့ အောက်အဘို့ နိမ့်ရာသို့သာ သက်ဆင်းမြဲ။ ထေ-စသော ပယောဂ ထောက်မူကား ရပ်ရုံမျှသောအဝ ပျံတက်ကောင်းသော အင်္ဂနှင့် လျော်စွာဖြစ်၏။ ထိုပယောဂသည် ရပ်ရုံမျှမစွမ်းသော်၎င်း မရှိသော်၎င်း နိမ့်ရာသို့သာဆင်းမြဲ။ လဲ့,ဝါ-စသည်တို့ကဲ့သို့ သိမ်မွေ့ပေါ့ပါးလှမှု ထေစသော ပယောဂ ထောက်နိုင်လွယ်သည်ဖြစ်၍, ပျံတက်ခြင်းရက်ရက် မလျော်သက်စေခြင်းငှာ ကျေးဇူး ပြုထေသောကြောင့် နေရာအစဲ့ရှိသည်သို့ ရောက်ခဲ့ပါသည်သာ ဖြစ်၏။

ထိုနှင့်လျော်စွာ သတ္တဝါတို့အားလည်း ဇာဋ္ဌာရုံကား အထက်-အမြင့်, အနိဋ္ဌာရုံကား အောက်-အနိမ့်, သုစရိုက်ကား ပျံတက်ထေသောအကြောင်း, ဒုစရိုက်ကား ထွေသက်စေသော အကြောင်းဖြစ်၏။ ထိုတွင်ထည်း အနိဋ္ဌာရုံကိုကား ဒုစရိုက်အကြောင်း, ဇာဋ္ဌာရုံကိုကား သုစရိုက် အကြောင်း ရ၏။ ထိုတွင် ဒုစရိုက်ကား-ဇာတိ, သုစရိုက်ကား- ပဝတ္တိဖြစ်၏။ အဘယ့်ကြောင့်နည်း ဟူမူကား....လောဘစသော အကုသိုလ်တို့သည် အာရုံ၌ ငြိသဖြင့် ဖွဲ့မြဲခြင်း အနေဖြစ်၏။ ထိုလောဘစသည်တို့ကို တရုံတဆစ်မျှ ခွာသောအခါကား သုစရိုက်ဖြစ်၏။ ထိုတွင် လောဘစသည် ဖြစ်ခြင်း အနေခွာခြင်းကား ထျပ်ရောင်ဖြင့် လင်းသော အခါ မှုကဲ့သို့ တဒင်္ဂသာဖြစ်၏။ ထိုကြောင့် မဟာကုသိုလ်ဖြင့် အကုသိုလ်ကို ခွာခြင်းကို တဒင်္ဂပဟာန် ဆိုလေသည်။ "ပါပသို့ ရမတိ မနော"စသည်ဖြင့်ဟောတော်မူရာနိုက်လည်း မကောင်းမှုဌာ စိတ်၏မွေ့ခြင်းဖြစ်၏ဟုလိုသည်။ ထိုကြောင့် ဗျို့ကဗျာ ဆရာတို့သည်လည်း-

"သုဘကိုဏ်အောက်၊ ဘုံတလျောက်ကို၊ ထင်းပျောက် နိုင်အောင်၊ ပြည့်လျှမ်းဆောင်သည်၊ ရေတောင်မောက်ဖြိုး၊ ရွာသည့် မိုးစင်းထက်၊ ထံပိုးလှင်ကန်၊ အပြန်ပြန်တိ၊ သည်းထန်လှစွာ၊ ကိလေသာ" [၁] ဟူ၍ဂုဏ်း

"အာရုံငါးပါး၊ အောက်မေ့ချစ်ဟုန်၊ တဖွဉ့်ဆုန်လျှင်၊ ကျမုန်ပြင်းလှ၊ စိတ်နာဝကို" [၂] ဟူ၍ဂုဏ်း

"မိန္ဒာဝန်တို၊ ကုသိုလ်ရက်ရှာ၊ လူ့အိဝ်များကို" [၃] ဟူ၍ဂုဏ်း

"လူတို့ထုံးကား၊ အဆုံးအစဲ့၊ သိသာခဲစွ၊ လိုလကလျှင်၊ ရမျှရစေ၊ မှတ်ကြထွေဖြင့်၊ ရွှေ့ငွေ့ကြေးမက်၊ လာဘ်တည်းထွက်မူ၊ နွေရက်မစစ်၊ ဝင်ထစ်သောတိုင်၊ ကောင်းနိုင်လေကာ၊ ကုသိုလ်မှာကား၊ ကြာကြာနေးနေး၊ အခါမေးထျက်၊ ထွေးထွေးဆာ၊ ထိုင်းပျဉ်းလှသည်....မောဟမှေးတုံ တုံသတည်း" [၄] ဟူ၍ဂုဏ်း

"အလှကောင်းမှု၊ မပြုခင်လှည့်၊ နောင်တပြည့်လျှင်၊ ကိုယ်၏သတော၊ လွန်နှမြောသည်....မျက်ဇောရှေးတုံတုံသတည်း" [၅] ဟူ၍ဂုဏ်း

"ပဉ္စကာမာ၊ ယစ်မူးရှာထျက်၊ လူ့ရွာပျော်မိန်း၊ တဘိန်းဘိန်းတည့်၊ စက်ကိန်းဖန်များ" [၆] ဟူ၍ဂုဏ်း

"ပျော်ပါးစဖော်၊ လာလှည့်ခေါ်မူ၊ သွေချော်မဆို၊ ညီညွတ်လိုရှင့်၊ ကုသိုလ်ကောင်းမှု၊ ပြုစိမ့်သောငှာ၊ ညီညွတ်ပါက၊ ထျင်စွာရခဲး၊ နွေးစမြဲထျက်" [၇] ဟူ၍ဂုဏ်း

"လောဘ,ဒေါသ၊ မောဟသူပျက်၊ နေ့တိုင်းဖျက်၍၊ အပျက်သည်လွန်" [၈] ဟူ၍ဂုဏ်း

"ချစ်သော်ချစ်နှန်း၊ မုန်းသော်မုန်းတုံ့၊ ယုံ့သော်ယုံ့ခြင်း၊ တဖွဉ့်ယွင်းလျှင်း" [၉] ဟူ၍ဂုဏ်း

သုဘကိုဏ်အောက် တပြင် စက္ကဝဠာကုဋေတသိန်းနှံ့၍ ရွာလောမိုးထက် လောဘစသော ကိလေသာသည်းထန်ကြောင်း, အောက်မေ့ကို ချစ်သောအဟုန်ဖြင့် မုန်ကျသောဆင်ကဲ့သို့ လောဘစသော အကုသိုလ်စိတ်ကို ဆုံးမခက်ကြောင်း, မိန္ဒာဒိဋ္ဌိ

---

၁ ကိုး * ၄။
၂ ကိုး * ၂၃၅။
၃ ကိုး * ၂၀၀။
၄ ကိုး * ၁၀၃။
၅ ကိုး * ၁၀၄။
၆ ကိုး * ၁၀။
၇ ကိုး * ၂၃၄။
၈ လောသာ * ၁၁။
၉ ကိုး * ၂၇၃။

မဏ္ဍရိယစသော အကုသိုလ်တရား ပွားများသောရက်သာ များ၍ ကုသိုလ်ဖြစ်သော ရက်ကား ပါးရှား၍ လောဘစသော အကုသိုလ်တို့ဖြင့် ပျော်မွေ့မွေ့ကျန်ခြင်းဟူသော အိပ်ခြင်းဖြင့် အိပ်ကုန်သော လူအများကို ယခင် ပါဝင်ဆို ရမတိ-စသော ဂါထာဖြင့် နှိုးလှုံ့ဆော်လှော်ကြောင်း၊ လူတို့၏ထုံးသည် ကောင်းနိုင်သောကုသိုလ် အရာမှာ ကြာကြာနေးနေး တွေးတွေးဆဆ ထိုင်းပျင်းသဖြင့် မောဟမှေးတုံတုံ့အလျှင် ကောင်းမှု မပြုခင်ဝဲ့ မေ့ကျန်သောကိုယ်သဘောကို နှမြောသဖြင့် စိုးရိမ်ပြည့်လျက် ဒေါမနဿဇော တည်းဟူသော အမျက်ဇောသည် အကြိမ်များစွာ ဖြစ်တုံတုံဖြစ်ကြောင်း၊ ကာမဂုဏ်ငါးပါးဖြင့် ထစ်မူးရှာလျက် လူ့ရွာပျော်မိန်း တဘိန်းဘိန်း စက်ကျိန်းပျော်မွေ့ဟန် အဖန်များကြောင်းကို စဝ်ဆိုတော်မူကုန်သည်။

ဤသို့သောအရာများကိုထောက်၍ လောဘစသော ဒုစရိုက်တို့သာ လူတို့နှိုက် ပွားများကြောင်း အာရုံနှိုက်သာ ငြိ၍စွဲမြဲကြောင်း အလောဘစသော ကုသိုလ်တရားကား တရံတခါမျှသာဖြစ်၍ ထွပ်ရောင် အလင်းမျှသာဖြစ်သော မဟာကုသိုလ်ပညာဖြင့် ခွါကြောင်းကို နှလုံးသွင်းအပ်၏။ထိုသို့ တရံတခါမျှသာ လောဘစသော တရားကိုခွါ၏ဟူထျင် ထိုလောဘစသောတရားကား အစွဲးအမြဲးအနေဖြစ်၍ 'ဇာတိ'၊ လောဘစသောတရားကို ခွါသည်ကား အခိုက်အတန့်သာဖြစ်၍ သုစရိုက်ကား "ပဝတ္တိ"ဖြစ်၏။

ထိုဇာတိဖြစ်သော လောဘစသော အကုသိုလ်တရားကြောင့်ကား ပါဏာတိပါတ်စသော ဒုစရိုက်တရားပွားများ၍ မလိုအပ်သော ဆင်းရဲဟူသော အနိဋ္ဌာရုံကိုရ၏။ ထိုလောဘစသည်ကို ခွါခြင်းဟူသော ပဝတ္တိဖြစ်သော ကုသိုလ် စိတ်ကြောင့်ကား ဒါနစသော သုစရိုက်တရား ပွားများ၍ လိုအပ်သော ချမ်းသာဟူသော ဣဋ္ဌာရုံကို ရသည်ဖြစ်၏။ ထိုသို့ရသော ဣဋ္ဌာရုံ,အနိဋ္ဌာရုံတို့တွင်လည်း ဣဋ္ဌာရုံကား အကောင်းအမြတ်ဖြစ်၍ ထိုအပ်သည်နှင့်အညီ စိတ်ကိုချီးပင့်ခြင်းဖြင့် အားထုတ်ရသောကုသိုလ်ကြောင့်သာ ရအပ်သည်ဖြစ်၍ လေခတ်ခြင်း လုံ့လပြုခြင်း ပယောဂရှိမှ အုတ်ကျောက်လှန်ကန်တို့ ပျံတက်သကဲ့သို့ လုံ့လရှိမှသာ ရရာသောကြောင့် ဣဋ္ဌာရုံသည် "အထက်အမြင့်"ဖြစ်၏။အနိဋ္ဌာရုံကား စိတ်ကို မချီးပင့်ရသောအလျောက် ဖြစ်လွယ်သောအကုသိုလ်ကြောင့် ရသည်ဖြစ်၍ အခိုအစွဲးရသော အုတ်ကျောက်စသော လေးသောဝတ္ထုတို့သည် ကျလျော်သကဲ့သို့ ဆင်းရဲခြင်းဟူသောအလိုမရှိအပ်သော အနိဋ္ဌာရုံကျလျော်၍ ဖြစ်သဖြင့် အနိမ့်ဖြစ်၏။

ဤကိုထောက်၍ ရအပ်သော ချမ်းသာဟူသော ဣဋ္ဌာရုံကား စိတ်ကိုချီးပင့်အားထုတ်မှရသည်ဖြစ်၍ အမြင့်၊ ဆင်းရဲဟူသော အနိဋ္ဌာရုံကား လောဘစသော

အပင်းအသင်း ခံထျက်ဖြစ်၍ စိတ်ကိုမချိုးပင့်ရ ဖြစ်လွယ်သောကြောင့် အနိမ့် ဖြစ်၏။ ထိုအမြင့်ကို ပျံတက်ခြင်းကား လုံးထအစွမ်းတည်ရာစသော ပယောဂဖြင့် ပြုပြင်မှ ပျံတက်ခြင်းဖြစ်သောကြောင့် "ပဝတ္တိ"။ အနိမ့်သို့ ကျထျောခြင်း သည်ကား တစုံတခု သော ပယောဂဖြင့် မပြုရ။ထိုပယောဂကင်းသော်ကျထျောထေ၏။ ပယောဂမကင်း ဝဲးထျက် အားနည်းကာမျှကိုသော်ထည်း ကျထျောလေသည်သာဖြစ်၍ ကျထျော ခြင်းကား "ဇာတိ"ဖြစ်၏။

ထို့ကြောင့် ကျထျောခြင်း သဘောကား ပကတိ သဘောရင်း-ဇာတိ၊ ပျံတက် ခြင်းကား ပယောဂပြုပြင်မှသာ ဖြစ်ရာသောကြောင့် ပဝတ္တိဖြစ်၍ "ဝိကတိသဘော" ဖြစ်၏။ ဤကိုထောက်၍ "ကျ၏" ဟူသောစကားသည် နေရာအစွဲးသို့ ရောက်၏ ဟူသော သဘောရင်းဖြစ်၏။ ထိုသဘောနှင့်အညီ "ရေကျ၏"ဟူရာ၌က် ရှိမြဲးတိုင်း သော ရေပြင် မြေပြင် အစွဲးရှိရာ ရောက်အံ့သည်သာဖြစ်၍ ထျော့သော ရေကို ကျသည် ဆိုသည်၊ ရှိမြဲးတိုင်းသို့ရောက်အောင် မကျ။ တိုးပြန်သော်ထည်း တိုးသော ရေကား တခြား, ကျသောရေကား အစွဲးရှိရာအောက်သို့ ထျော့လေသည်သာဖြစ်၏။ ထိုသို့ ထျော့ခြင်းသည်ထည်း နိမ့်ရာသို့သက်သည်ဖြစ်၍ ပယောဂမပြုပြင်ရ၊ ရေသစ် ထပ်ခြင်းဟူသော ပယောဂ၌ထျင် သဘောအထျောက် နိမ့်ရာရောက်သည်ပင်ဖြစ်၏။

ထို့ကြောင့် "ကျ၏" ဟူသောစကားကို အောက် အထက် ထက်ဝဲ ထက်ျာမဟု အစွဲးနေရာသို့ ထိက်ရောက်သမျှကို ယူကောင်းထျက် ပယောဂ ကင်းသမျှ နိမ့်ရာ အစွဲးသို့သာ ဆင်းသက်မြဲး ဖြစ်ထေ၏, "ကျ၏"ဟူထျင်ပင် အထက်မျက်နှာ နံပါး အရပ်ကို မယူမူ၏, အောက်သို့ ရွှေထျော သက်ဆင်း သည်ကိုသာ ယူကုန်၏။ ။ ထိုသို့ယူခြင်းသည် အထင်အား၊ဖြင့် ယူသည်ထည်းရှိ၏၊ တော်, ဒူး-စသောနေရာ ဖြင့် အရည် အထျောက် နေမြဲးထက် သာ၍, ကြီးမြင့်သော နေရာသို့ တင်သဖြင့် အရှင်စိုးမင်း ချီးမြှင့်ပါသည်ကိုထျက် "နေရာကျသည်, ဒူးသို့ ကျသည်, တော်သို့ကျ သည်" ဟူ၍, ပြောဆိုခြင်း။ အိမ်ထောင်ကျသည်, စာပေကျသည်, စာသင်ပေသင်ကျ သည်, အညာသို့ဆန်တက်သော လှေကိုထျက် မည်သည့်အရပ် မြေညီသို့ဇင်း မြင့်ရာ သို့ဇင်း ရောက်ကာမျှ ကိုထျက် မည်သည်သို့ ကျသည်-စသည်ဖြင့် ပြောဆို ခြင်းတို့ နှိုက် သဘောရင်းအတိုင်း အရပ်တခုခုသို့ ရောက်သည်ကိုပင် ယူရအံ့သည်၊ ထျော သက်သည်ကိုသာ မယူရ။ ထို့ကြောင့် အထက်နံပါးအရပ်ကို မယူပဲး အောက်နိမ့် ရာကိုသာ ယူခြင်းသည် "အထင်" သာဖြစ်၏။ အိမ်၌ မြောင်သည်ကိုသာ ထင်သော ကြောင့် အိမ်မြောင်ဟူ၏သို့ "ကျ၏" ဟူထျင် သက်ဆင်းသော အရာကို ဆိုသည် သာထင်၍, ယူထေသည်ဖြစ်၏။ ထိုကြောင့် "ကျ၏" ဟူရာ၌က် အရာသို့ လိုက်၍, အောက်, အထက် နံပါးတို့ကိုထည်း ယူသင့်သည်ဖြစ်၏။

အောက်အနိမ့်ကိုသာ စူးစူးယူသင့် သည်ကား....နိမ့်ကျသည်, ကျဆေးသည်, ယုတ်ကျသည်, ဆက်သည်, ဆင်းသည်-စသော စကားခွန်းဖက်ရောနှိက်သော ယူသင့်၏။ နိမ့်၏, ဆေး၏, ယုတ်၏, သက်၏, ဆင်း၏-စသော စကားခွန်းတို့ ၌ကား အထက်နံပါးတို့ကို မယူမူ၍. အောက်အနိမ့်အရပ်ကို စူးစူးယူလိုသတည်း။

ကျန်၏, ကျပျောက်၏, ကျယိုး၏, စဉ်ကျ၏-စသည်ဖြင့် ဖက်ဆိုရာနှိက် "ကျန်၏" ဟူသည်တွင်ကား နှစ်၏အရ အထူးမရှိ၊ ရှန်၏, စန်၏-စသည်ဖြင့် ဆိုရာနှိက် န-အက္ခရာသို့ဖြစ်၏။ ဤစကားကို န-အက္ခရာမှာမှ ထုတ်၍ ဆိုအံ့။ "ကျပျောက်၏"စသည်ဖြင့် ဖက်ရာနှိက်ကား ပျောက်၏, ယိုး၏, စဉ်၏-ဟူသော စကား၏ အရရှိ၏။ ထိုကြောင့် ပျောက်သည်ကိုပင် ကျပျောက်၏၊ ယိုသည်ကိုပင် ကျယိုး၏၊ စဉ်သည်ကိုပင် စဉ်ကျ၏ စသည်ဖြင့်အကွဲးမယူ ပြေပြစ်ရုံမျှဟူ၍. ယူတန်သော်သာ ယူသင့်သည်။ ။ကျသော ကြောင့်ပျောက်၏ ဟူ၍. ကျခြင်းကားအကြောင်း ပျောက်ခြင်းကား အကျိုး၏ အဖြစ်ဖြင့် အကြောင်းအကျိုးယူတန်သည်။ ။ကျပြီး၍. ပျောက်၏ဟု ကျခြင်းကား ရှေကြိယာ ပျောက်ခြင်းကား နောက် ကြိယာ အားဖြင့် ပုဒ္ဓကာလ, ပရကာလ, ဝိသေသန, ဝိသေသ္ယ ယူတန်သည်။ ။ကျလည်းကျ ပျောက်လည်းပျောက် ကာလ ပြိုင်ဆိုက် ထိုဝတ္ထုသည် ကျသည်လည်း ဖြစ်၏, ပျောက်သည်လည်း ဖြစ်၏ဟု ကမ္မဓာရည်း အနက် ယူတန် သည်ကိုလည်း ယူလို၏။ ။ယိုသည်, စဉ်သည်-ဟူရာနှိက်လည်း ဤကဲ့သို့ အကြောင်း, အကျိုး၊ ကာလပြား, ကာလတူ ယူတန်သည်ကို နှလုံးသွင်းရာ၏။ ယိုခြင်း, စဉ်ခြင်း စသော စကား၏ အရကဲ့းဟန်ကိုကား အရာရောက်မှ ဆိုအံ့သည်။

စာရေးသူတို့ သတိလွတ်၍. မရေးမိ ကျန်ရစ် သည်ကို "စာကျ၏" ဟူသော စကားကား-ကျန်သည်ပင် ဆိုသင့်သော အရာဖြစ်၏။ အဘယ့်ကြောင့်းနည်း ဟူမူကား-ကျသည်ဆိုသောအရာသည် ယခင်ဆိုခဲ့ပြီးသောအတိုင်း "အစွဲးအနေသို့ရောက်၏"ဟူသော သဘောရင်းအတိုင်း ယူ၍ ထည်းမသင့်။ "အောက်အနိမ့်သို့ကျော၏" ဟုယူ၍. ထည်း မသင့်သည်သာဖြစ်သောကြောင့် ထည်းကောင်း "မကျမန"ဟူ၍. ပဋိသေဓနှင့် ဆိုသောအခါထည်း 'မကျ'ဆိုသည်ကို ယခင်ဆိုခဲ့ပြီးသော အနေအစွဲးသို့ မရောက်၊ အောက်သို့မကျော်ဟူသော အနက်မဖြစ်မူ၍. "မကျန်မကြွင်း" ဟူသော အနက်သာ ဖြစ်သင့်သောကြောင့် ထည်းကောင်း မကျန်-ဆိုသင့်လျက် မကျ-ဆိုလေသည်။

နောက်ကျ-ဟူရာနှိက်လည်း ဤနည်းအတူ အဖော်အရွေနှင့် ထက်ကြပ်မမီ ကျန်ကြွင်းရစ်သည်ကို "ကျ၏"ဟုဆိုလေသည်။ ဤ'နောက်ကျ၏ စာကျ၏" ဟူရာနှိက်

"အရာဌာနကျ၏ စာသင်ပေသင်ကျ၏" ဟူသကဲ့သို့ ရောက်ကာမျှ သဘောထည်း မသင့်။ 'သစ်ပင်တောင်ကမ်းမှကျ၏' ဟူသကဲ့သို့ ထျောသက်ခြင်း အနက်ထည်း မသင့်။ စာထုံးကျန်ကြွင်းပါသည် ခရီးဟိုရ့် အဖော်အရွေမှ ကျန်ကြွင်းပါသည်သာ။ အနေအစွဲးသို့ မရောက်ဟူရ့်ထည်း မယူသင့်။ အောက်အဘို့သို့ ထျောသက်သည်ထည်း မယူသင့်။ ရှေသို့သွားထျက်ပင် အထျင်မမျသောကြောင့်ထည်းကောင်း တည်ရပ်တွင် မြဲးထျက်ဘိုပင် ထည်းကောင်း 'နောက်ကျ၏' ဆိုခြင်းသည် ထျင်သောသူမှ ထည်းကောင်း သွားကာမျှသော သူမှထည်းကောင်း ကျန်ရစ်ပါသည်သာ ဖြစ်သော ကြောင့် 'ကျန်၏' သာဆိုရအံ့သည်ကို 'စာကျ၏ နောက်ကျ၏' ဟူ၍ ဆိုထေသည်။ ဤကဲ့သို့ ဆိုလိုသော စကားခွန်းမှ တိမ်းကာသာ ဆိုမိန့်ကြသောအရာကား များစွာ၏။

ကကြီးယပင့် ငြိးငြိ။

ကြ

၇၀–ကကြီးရရစ် အကာရန္တန်ိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ကကြီးအရစ်နိုက်ကား·····ပြုကြ, မူကြ-စသည်ဖြင့် ဆိုသောအရာ 'စဲ့-ကျီ-တိုက်-ကြ' ဆိုသော အရာနိုက်သာ ထင်၏။ ထိုတွင် ပြုကြမူကြ- ဆိုသောအရာနိုက် ကြ-ဟူသော စကားခွန်းသည် ဗဟုဝုစ်အများ ဆိုလိုရာနိုက် 'ပြုကြကုန်၏' ဟူ၍, ကုန်-ဟူသော စကားတခွန်းပါထျက်ထည်းကောင်း 'ပြုကြ၏' ဟူ၍, ကုန်-ဟူသောစကား ခွန်းမပါဝဲးထည်းကောင်း ဆိုမိန့်ကြ၏။ ထက်ဘဆရာတို့ထည်း–

"အကြောင်းကြားက၊ ဆိုကုန်ကြ၏" [၁] ဟူ၍ ထည်းကောင်း

"စောတရားကို၊ မတ်များမေးကုန်ကြသတည်း" [၂] ဟူ၍ ထည်းကောင်း

ကုန်-ပါထျက် စဝ်တော်မူကုန်သည်။

"မျက်မှတ်ဝဝ၊ မြင်ခဏနိုက်၊ တောင်းကြသောခါ" [၃]

"နှစ်ခြိုက်တူကွ၊ ရွှင်ပျော်ပထျက်၊ နေကြသရော်" [၄]

စသည်ဖြင့် ကုန်-မပါဝဲးထည်းကောင်း အမှတ်မထင် စဝ်တော်မူကုန်သည်။

---

၁ သံ * ၉၂။

၂ သံ * ၇၉။ မြင်ထတ်ကုန်ထ၊ ထိုခဏဝယ်၊ တောင်းကြသောခါ။

၃ သံ * ၇၃။မေးကြကုန်ထတ်ထည်း။

၄ ကိုး * ၇။

ထိုကြောင့် ကြ-ဟူသော စကားခွန်းသည် ဗဟုဝုစ်အများ ဖြစ်သည်ကိုရည်၍ ဆိုလိုသော အရာဖြစ်၏။ ကုန်-ဟူ၍ ထည်းကောင်း ကြ-ဟူ၍ ထည်းကောင်း ပါထမူကား အများကို ဆိုသောအရာချည်း၊ ကုန်သဒ္ဒါ,ကြသဒ္ဒါ-နှစ်ပါးလုံး ပါသော်ထည်း မထူး၊ ဝါစာသိလိဋ္ဌ,ပဒပူရဏ မျှသာ ဖြစ်လေသည်။

စဲ့ကျိ,တိုက်ကြ-ဟူရာနှိုက် ကြ-ဟူသော စကားကား စပါးစသည်ကို ထိုဒိုးရာကျိ,ကဲ့ထိုင်း၊ အသုံးအစွဲးမူသောအိမ်၏ အမည်မျှသာဖြစ်၏။ ဤနှိုက် ပင့်ရစ်သင့်သဘောကိုကား အထက်မှာမှ ဆိုအံ့သည်။

ရစ်သောအရာ ပြီးပြီ။

ကွ

၃၉-ကကြီး-ဝဆဲး အကာရန္တနှိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ဝ-ခွဲးရာနှိုက်ကား.....ဆုံးကွ (ဆုန်းကွ?) ဆိုသောအရာ၊ သဒ္ဒိ, သဟ-သဒ္ဒါတို့၏ အနက်ဖြစ်သော "တကွ-တူကွ-အကွ" ဆိုသော အရာတို့နှိုက် ထင်၏။ ။ ထိုထွင် အရွှတ် အသက်နှင့် မဖက်မလိုက် ကြန်နှင့် မလျောက် မ ရှ သာ သော ကွ ခြင်းကိုကား ကွ သည်ဟူ၍ ထည်းကောင်း ပုသည်-ဟူ၍ ထည်းကောင်း ဆိုထေသည်။ စုံမက်ချစ်ခင် စကားဆိုရာနှိုက်ကား 'ဆုံးကွ' ဟူ၍ ဆိုထေသည်။ ထိုကြောင့် "ရှင်ခြောင်းဆုံးကွ၊ သားထွေးလှကို" [၁] ဟူ၍ စပ်လေသည်။ ထို "ဆုံးကွ" ဟူရာ၌ထင်း "ဆုန်းဆည်း" ဟူရာ၌ထင်း ဆုံး(ဆုန်း)ဟူသော စကား၏အရကို အရန်သင့်ဆုံးဖြတ်၍ *အရန်သင့် သုံးစွဲးခန့်ရန်သည်ကို ယူရာ၏။

ဆည်း-ဟူသော စကားကို သိမ်းသိမ်းဆည်းဆည်း သိပ်သည်းကျစ်လစ်စွာ မဖိတ်မယိုရ စေ့စပ်စွာ ပြုသည်ကို ယူရာ၏၊ ထိုစကား နှစ်ရပ်ကို ပေါင်း၍ ဆုန်းဆုန်းဆည်းဆည်းပြုသည်, ဆုန်းဆုန်းဆည်းဆည်း သုံးစွဲးသည်-ဟူ၍ ဆိုကုန်၏။ ထိုနှင့် တူစွာ "ဆုံးကွ" (ဆုန်းကွ)ဟူရာနှိုက်လည်း သိပ်သိပ်သည်းသည်း, ကျစ်ကျစ် လျစ် လျစ်, စုစုပုံပုံ,ထိုက်ထိုက် မြိုက်မြိုက်ရှိသည်၊ ဖရိဖရဲး မကျစ်မလစ်မရှိ ဆိုလိုသည် ယူရာ၏။ ယင်းသို့ ယူစေလိုသော အရာတွင် ကွသည်သာမဆို "ဆုံးကွ"(ဆုန်းကွ) ဟူ၍ ဆိုထေသည်။

---

၁ ကိုး * ၁၁၄။ * ခေါင်းစဉ် ၄၃၅ တွင် ဆုန်းဖြတ်ဟု နသတ်ဆိုသည်။

"နိမ့်ခြင်းကွဝ်ကွဝ်၊ ပျဝ်ထည်းပျဝ်လွန်း" [၁] ဟူ၍ ထည်းကောင်း "ငါတို့ကိုင်းခန်း၊ ရွှေအိမ်နန်းကား၊ ယွန်းနိမ့်မကွဝ်" ဟူ၍ ထည်းကောင်း-ဆိုရာ၌က် 'ကွဝ်ကွဝ်' ဆိုသည့် စကားထည်း ကွသည်ကိုပင် ဆိုသည်။ ထိုကြောင့် "ကွဝ်သည်, ကွသည်" ဆိုသောအရာ၌က် မရွှသာသော နိမ့်ခြင်း,ပုခြင်းကို ဆိုသည်ဖြစ်၏။ ။ဆုံးကွ-ဟူ၍ ထည်းကောင်း သိဝ်သိဝ် ကွဝ်ကွဝ်-ဟူ၍ ထည်းကောင်း ဆိုရာ၌ကား သိဝ်သည်းစွာ အရံသင့် အဆုံးအဆ အတော် အလျောက် ဖြစ်သည်ကိုယူသင့်၏။ "သိဝ်သိဝ်ကွဝ်ကွဝ်" ဟူရာ၌က် သိဝ်သိဝ်သည်းသည်း သူတပါး ထည်းကောင်း မိမိအလိုလိုထည်းကောင်း ကွဝ်မ၏ ယူသော်ထည်း ယူသင့်၏။ ကွသည်, ကွဝ်သည်, နိမ့်သည်, ပျဝ်သည်, ပုသည်, တိုသည်-စသော စကားခွန်းတို့သည် ပရိဟာယ်တူချည်းဖြစ်၏။ ထိုကြောင့် "အတိရဿာယ ဇုတ္ထိယာ" ဟူသော ပါဠိကို "အလွန်တိုသော မိန်းမ" ဟူ၍ အနက်သမ္မန်သင့်ဟုက် 'အလွန်နိမ့်သော' ဟူ၍ သမ္မန်တော်မူကုန်သည်။ ပရိယာယ်တူသော်ထည်း နိမ့်သည်,ပျဝ်သည်,ကွဝ်သည်,ကွသည်, ပုသည်,တိုသည်,-စသည်ဖြင့် ဆိုအပ်သော ဝတ္ထုနှင့် လျော်စွာ အထူးထူးသော မြွာမှုဖြစ်သည်။ ပါဠိတော်နှိုက်ထည်း နိမ့်သည်ကို 'နီစ' ဟူ၍ ထည်းကောင်း 'နိန္န' ဟူ၍ ထည်းကောင်းရှိ၏။ တိုသည်ကို ရဿ,ကွသည်ကို ဂေါဓဟူ၍ ရှိ၏။ ထင်းထိုစသည်ဖြင့် မြွာဘာသာကဲ့သို့ ဝတ္ထုအလျောက်အထူးထူးရှိ၏။ ထိုသို့ရှိသောကြောင့် ဝတ္ထုအလျောက် ကဏ္ဍသုခရှိရာ မြွာပြန်ကုန်သည်။

သဘောအားဖြင့်ကား ကွသည်,ပျဝ်သည်, ပုသည်, တိုသည်, နိမ့်သည်, ကျဉ်းသည်, ကျုံ့သည်-စသော စကားမျိုးတို့သည် ပရိယာယ်တူချည်း။ ထိုသို့သော်ထည်း ဝတ္ထုအလျောက် ပါဠိတော်နှိုက်ထည်း ရှိစေသည်။ ပညာရှိတို့ထည်း ဆိုမိန့်ကုန်သည်ဖြစ်၍ ဝတ္ထု အလျောက်မဆို အမှတ်မဲ့သာ အရာမဟုတ်ဝဲးလျက် အနက် သဘောတူ၏ဟူ၍ ဆိုချေသော် လောကဝတ် မကျေ မချေမငံ မကျစ်မလစ်ဟူ၍ ဘူအပြစ်တင် ခံရအံ့သည်ကို ထောက်၍ အလျောက်အပတ် ဆိုထုံးဆိုစံကိုထောက်၍ ဆိုမိန့်အပ်ချေသည်။

သဘောအနက်တူလျက် အရာသို့ဇိုက်၍ အဆိုကွဲးဟန်ကား... သတ္တဝါ တို့၏ အရပ်,မတ်လတ်,အချင်းနိမ့်သည်ကို 'ကွသည်,ပုသည်,နိမ့်သည်' ဟူ၍ ဆိုကုန်၏။ ။ သတ္တဝါမဟုတ် ကျောင်း,အိမ်,နန်း,ပြာသာဒ်ဖြစ်မူကား "ပျဝ်ပျဝ်ရှိ၏၊ သဲ-ဝဲးရှိ၏၊ နိမ့်နိမ့် ကွဝ်ကွဝ်ရှိ၏" ဟူ၍ ဆိုကုန်၏။ ။မတ်လတ်မဟုတ် နွား,ကျွး,ခွေး,ဝက်, မြေစသော စင်းလင်းပမာဏဖြစ်မူကား 'တိုသည်' ဟူ၍ ဆိုကုန်၏။

---

၁ ကိုး * ၁၃၄။

မာဂဓဒ္ဒဏည်း စင်းလင်းပမာဏ တိုသည်ကို ရဿ၊ ရှည်သည်ကို ဒီဃ၊ မတ်လတ် ပမာဏ မြင့်သည်ကို ဥစ္စ၊ နိမ့်သည်ကို နီစ, နိန္နစသည်ဖြင့် ရှိလေသည်။ ။ ထို ဝတ္ထုသည် ခရီးအဝွန့်စသည်ကို ခန့်သောအခါ ယခင်ကဲ့သို့မရှည်လျှင် 'တို၏' ဟူ၍့ သာမဆို 'နိုး၏' ဆိုသည်၊ရှည်သည်ကိုဆည်း "ဝေး၏" ဆိုပြန်လေသည်။ ။ထိုနှင့်လျော် စွာ မာဂဓန္ဒိက်ဆည်း 'နိုးသည်' ကို သမီပ,အာသန္န၊ "ဝေးသည်"ကို ဒူရ, အာရက-စသည်ဖြင့် သဒ္ဒါကွဲးဆိုပြန်လေသည်။ ။ထိုနှင့်လျော်စွာကာဆကိုချင့်ရာန္ဒိက်ဆည်း 'နေ့တို ရက်တို' ဟူ၍့ဆိုသည်။ နာရီရှည်၏- နာရီများ၏၊ နှစ်သက္ကရာဇ် တို၏, ရှည်၏ နှစ်သက္ကရာဇ် များ၏-နည်း၏၊ နှစ်သက္ကရာဇ် နေ့ရက် ကြီးမြင့်၏ - ငယ်၏ စသည်ဖြင့်ကာဆကို ချင့်ရာန္ဒိက်ဆည်း အထူးထူးခေါ်ဝေါ်ကုန်၏။ အထူးထူးစပ်ဆို ကုန်၏။

ထိုမှတပါး အဣား-ဟူ၍့ ထည်းကောင်း အနံ, အပြန်-ဟူ၍့ ထည်းကောင်း စောက် - ဟူ၍့ထည်းကောင်း ထု-ဟူ၍့ ထည်းကောင်း ထောက်-ဟူ၍့ ထည်း ကောင်း အနိမ့်,အမြင့်၊ အကျဉ်း,အကျယ်၊ အကြီး, အငယ်၊ အတို, အရှည်၊ အနည်း, အများတို့ကို ချင့်ရာန္ဒိက် အထူးထူး ဆိုမိန့်စပ်ဟပ်ကုန်၏။ ထိုသို့သော်ဆည်း သဘော ထူး-မထူးကို ထည်းကောင်း ဝတ္ထုအလျောက်ကို ထည်းကောင်း ဆင်ခြင်ရာ၏။

သဘောအားဖြင့်ကား တပင်တည်းသော သစ်ဝါးတို့၏ အချင့်ကို မတ်လတ် တည်စဉ်က နိမ့်သည်,မြင့်သည် ဆိုကုန်၏။ မြေန္ဒိက်ဆည်း၍့ စင်းလင်း တည်သော အခါ ယခင်နိမ့်၏-ဆိုမည်အတွက်ကို "တို၏"။ မြင့်၏-ဆိုမည်အတွက်ကိုကား "ရှည် ၏" ဟု ဆိုကုန်၏။ ။အဝွန့်ပမာဏသည် ထက်သစ်မျှသာ ဖြစ်မူကား ထက်ချောင်း ကြီးငယ်သို့လိုက်၍့ ထက်သစ်ကြီး,ထက်သစ်ငယ်-ဟူ၍့သာဆိုသည်။ထိုထက် အထွာ, အတောင် များစွာဖြစ်လသော် အတို, အရှည် ဆိုပြန်သည်။ ထိုထက် တာ, တိုင်, ဂါဝုတ်,ယူဇနာအားဖြင့် ဖြစ်ပြန်လသော် အနီး,အဝေး ဆိုပြန်လေသည်။

ထိုအဝွန့်သည် ထောင်လျက်* ဖြစ်မူကား အမြင့်,အနိမ့်ဆိုလေသည်။ ထိုအဝွန့် သည် ရွေ့နောက်တူရ အဣားလိုက်ကိုကား အတို,အရှည် အနီး, အဝေး ဆိုသည်။ ထက်ဝဲထက်ယာနံပါးအပြန်ကိုကား ကျဉ်း၏,ကျုံ့၏,ကျယ်၏-စသည်ဖြင့်ဆိုသည်။ ။ ကဗျာဆရာတို့ထည်း အထူးထူးစပ်ဟပ်ကုန်သည်။ စပ်ဟပ်ဟန် အရိပ်ကား-နှစ်,ထ, ရက်တို့ကိုပင်-

---

* ရောဝတီမူ ၂၂၀-၌ ထောက်လျက် ဟု ရှိသည်။ 'အမြင့် အနိမ့် ဆိုလေသည်' ဟူသော စကားကို ထောက်၍ ထောင်လျက်ဟုရှိလျှင် သင့်အံ့သည်။ ခေါင်း စဉ် (၇၉) ကွ အခန်း 'မတ်လတ်ဖြစ်မူကား' ဟူသည်နှင့်လည်း နှိုင်း ရှည့်။

"နှစ်မြင့် ကြိုးဟန်" [၁] ဟူ၍ ထည်းကောင်း
"ရာထောင်နှစ်မြင့် စံမည်သော" ဟူ၍ ထည်းကောင်း
"ချစ်မှုနည်ဖြင့်၊ ရက်ရှည်သို့စင်" [၂] ဟူ၍ ထည်းကောင်း
"ရက်ကြွင်းရှည်သည်၊ ထွေထည်နိုးလွှဉ်" [၃] ဟူ၍ ထည်းကောင်း
"ထျင်တောက်တဝို၊ ရက်ကြွင်းတို့၏" [၄] ဟူ၍ ထည်းကောင်း
"တရာ့တရာ၊ နှစ်ကြာလွန်ဆုံး" [၅] ဟူ၍ ထည်းကောင်း။
"ကျင့်ခန်းကုံထံ၊ နှစ်များပုံဖြင့်" ဟူ၍ ထည်းကောင်း

လနှစ်တို့ကိုပင် ရှည်၏၊ ကြာ၏၊ တို့၏၊ မြင့်၏၊ စသည်ဖြင့် စင်ဟင်ကုန်သည် အလွတ် ပြောဆို ခြင်းနှိုက်ထည်း နှစ်ကြိုး, ထကြိုး၊ နှစ်ငယ်, ထငယ်၊ နှစ်ထပ်ကား၏, များ၏၊ စသည်ဖြင့် အနက်သဘော အတူတူ ဖြစ်သော်ထည်း အထူးထူးသော ဝေါဟာရဖြစ်၏။ ထိုတွင် သဘောရင်းကား···· တို့၏၊ နိမ့်၏၊ ပုံ၏၊ ကွာ၏၊ ကျဉ်း၏၊ ကျုံ့၏၊ ငယ်၏၊ ပျဝ်၏၊ ငဲ့၏၊ ကွဝ်၏···· ဆိုသော စကားခွန်းတို့သည် ပရိယာယ်တူကြ၏။ အားနည်းသောအထျောက် ညံ့နည်းပါးသော အနက်ချည်း ဖြစ်၏။ ။ ကြိုး၏၊ ကျယ်၏၊ မြင့်၏၊ များ၏၊ ရှည်ကျား၏-စသည်ဖြင့် ဆိုခြင်းကား ပရိယာယ်တူကြ၏။ အားရှိသောအနက်, သာလွန်ပွားများသောအနက်, မြတ်စွန်းသောအနက်ချည်း ဖြစ်၏။

ထိုတွင် အထူးကား နှစ်-ထ-ရက် စသော ကာလကို အတို့, အရှည်၊ အကြိုး, အငယ်၊ အနိမ့်, အမြင့်-စသည် မဆိုမူ၍, အနည်းအများ ဟူ၍ သာ ဆိုလိုရင်းကဲ့သို့ ရှိ၏။ အဘယ့်ကြောင့်နည်း ဟူမူကား-နှစ်ဟူက ခုဓ၅-ရက်နှင့် ၁၅-နာရီ ၂-ပါဒ ၁-ပြန်ခန့်သော ကာလကြာသည်။ တနဂ်္ဂနွေဂြိုဟ်ဟု ဆိုအပ်သော နေမင်းသည် အသဝကိနက္ခတ်၏ တပါဒ်သို့ ရောက်သဖြင့် မိဿရာသီကိုကူး၍, အစဉ်အတိုင်း နှစ်ထုံး တပါဒ်သော နက္ခတ်တို့၏ အဝိဝိးအခြားဟု ဆိုအပ်သော ရာသီစက်ဖြင့် ငြိဿ, မေဗုန် စသော ရာသီခွင် အစဉ်အတိုင်း တရာသီတွင် ရက်ပေါင်း ၃၀-သောကာလကို လွန်စေ၍, အဆုံးမိန်ရာသီမှသည် မိဿရာသီဟုဆိုအပ်သော အသဝကိနက္ခတ်၏ တပါဒ်သို့ ရောက်ကာမျှသော ကာလကိုသာ 'နှစ်' ဟူ၍, ခေါ်သည်။ ထိုနှစ်-ဟူသော ကာလအခန့်ကား-ရက်ပေါင်း ခုဓ၅-ရက်နှင့် ၁၅-နာရီ နှစ်ပါဒ် တပြန်ခန့်သာ အညီအညွတ်ရှိသည်။ နှစ်ရှည် နှစ်တိုဟူ၍, ထိုအခန့်ကာလထက်အလွန်အလျော့ မရှိသင့်သောကြောင့် အတို့, အရှည် အနှေး, အလျင် အမြင့်, အကြာဟူ၍, မဆိုသာ

---

၁ ဒေး * ၉၃ (၂) ၄ ကိုး * ၁၀။
၂ ဘူဃင် * ၁၁၀။
၃ ဒေး * ၁၇၅ (ထ) ၅ ကိုး * ၂၄။

သကဲ့သို့ ရှိ၏၊ အတိုင်းအရှည် ပမာဏ အတည်မရသော ကာလမျှသာ ဖြစ်သော ကြောင့် အကြီး,အငယ် အနိမ့်,အမြင့် အတို,အရှည် မဆိုသာသကဲ့သို့လည်း ရှိ၏။

ထိုနှစ်သည် တနှစ်,နှစ်နှစ်-စသည်ဖြင့် ပွားများမူကား နှစ်ထပ်ပွားများသည်ဟူ၍ ဆိုကောင်းသည်။ တနှစ်ထက် နှစ်နှစ်,သုံးနှစ်-စသည်ဖြင့်လည်းကောင်း နှစ်နှစ်ထက် ထေးနှစ်,ငါးနှစ်-စသည်ဖြင့် လည်းကောင်း ရေတွက်အပ်သောသဏ္ဌာ တိုးပွား များ၍ ရှိထေသည်ကို ထောက်၍ "နှစ်ထပ်ပွားများသည် ဟူ၍ ဆိုထိုရင်းကဲ့သို့ ရှိ၏။ "တဆင့်တဆင့်၊ နေ့နှစ်မြင့်၍" ဟူသည် မှာကား စာတုမဟာရာဇ နတ်တို့၏ နေ့နှစ်ထက်, တာဝတိံသာ စသောနတ်တို့၏ နေ့ နှစ် သည် ကာလမတူ သာလွန်၍ ရှည်ကြာထေသည်ကို ထောက်၍ 'နေ့ နှစ် မြင့်၏' ဟူသော စကားသည် သင့်အံ့သကဲ့သို့ရှိ၏၊ ထိုသို့ သာလွန်သော်လည်း ကာလအလွန်မှသာဖြစ်၍ အနေး, အကြာ အလျင်,အမြန်သာ ဆိုသင့်အံ့သည်။ အမြင့်, အနိမ့်ဟူ၍ အရပ်တောင်ထွာကို ခန့်၏သို့ မဆိုသင့်သကဲ့သို့ ရှိ၏။ ထိုသို့ဖျက် ဒီဃကိုရှည်သောကာလ,ရဿကိုတိုသော ကာလဟူ၍ ကာလကိုပင် 'အတိုအရှည်'ဟူ၍ ဆိုသောအရာသည်လည်း ရှိ၏။ စိရ-သဒ္ဒါ၏အနက်ကို ကာလဖြစ်သောကြောင့် ကြာ၏သာမဆို "ကြာမြင့်၏" ဆိုသောအရာလည်းရှိ၏။

ဤသို့ ရှိသည်ကို ထောက်၍ လည်းကောင်း၊ ခရီးအလွန်နီးကျင်မြန်သောကာလ ဖြင့်ရောက်မူ ခရီးတိုသည်ကိုထောက်၍ လျင်မြန်သောကာလကိုပင် တိုသည်၊ ကြာ နှေးသောကာလဖြင့် ရောက်သော ခရီးရှည်သည်ကိုထောက်၍ ကြာနှေးသောကာ လကိုပင် ရှည်သည်ဟူ၍လည်း ဆိုသကဲ့သို့ ကာလကိုပင် အတို, အရှည်, အမြင့်-ဆိုထေသည်ဟူ၍လည်း ယူသင့်၏။

မဟန္တ-သဒ္ဒါသည် မဟာသတ္ထ-စသောပုဒ်နှိုက်'ကြီးသော သတ္ထဝါ' ဟူသော အနက်ကိုမထို။ "မဟန္တော သဒ္ဒညုတညာဏော လဂ္ဂေါ သတ္ထော မဟာသတ္ထော" ဟူ သည်နှင့်အညီ မြတ်သော သဒ္ဒညုတ ညာဏ်နှိုက် တပ်စွန်းသော သတ္တဝါ-ဟူသော အနက်ကို ထိုအပ်သောကြောင့် မဟန္တ-သဒ္ဒါဖြင့် မြတ်သောအနက်ကို ယူထို၏။ ။ စူဠဝါ, မဟာဝါ-စသည်တို့နှိုက်ကား မုဂ္ဂပါဠိတော်ချည်း ဆုတ္ထန်ဝေါဟာရ ဒေ သနာတော်ချည်း ဝိနည်းအာဏာ ဒေသနာချည်း ဖြစ်၍ တကျမ်းထက် တကျမ်း မြတ်၏ဟု မြတ်သောအနက်ကို မယူထို။ ကျမ်းကြီး ကျမ်းငယ်ဟူ၍ မဟန္တ သဒ္ဒါ၏ အနက်ကို အကြီးသာယူထိုသည်။ ။စူဠဋီကာဒရ, မဟာဒရ - စသည်တို့နှိုက်ကား တယောက်ထက် တယောက်ကိုဖျက်၊ ပမာဏကြီး၏ ငယ်၏လည်းမယူထို၊အယုတ်,

၁ ကိုး * ၇၀။

အမြတ်ထည်း မယူလို၊ ရှေးနှောင်းဖြစ်၍့ အလျင်ဖြစ်သူကို 'မဟန္တ'၊ နှောင်းဖြစ်သူကို "စူဠ"ဟူ၍့ ငကြီး ငယ်-ဟူသော ညီနောင်ကဲ့သို့ အလျင်ဖွားမြင်ဖြစ်ထွန်းသည်ကို မဟန္တသဒ္ဒါ၏ အနက်ယူလိုသည်။ ။ဤနိုက်မြတ်သည်လိုလျက် ဥတ္တမ, ဝရ,ပရမ-စသော ဝိသေသဖြင့် * မဆိုမူ၍့ မဟန္တ သဒ္ဒါဖြင့် ဆိုသည်။ ကြီးသည်ကိုလိုလျက် ဝုဒ္ဓ-စသော သဒ္ဒါဖြင့်မဆို၊ မဟန္တသဒ္ဒါဖြင့် ထည်းကောင်းဆိုသည်။ ရှေးဖြစ်သော အနက်ကိုလိုလျက် ပုဗ္ဗ-စသောသဒ္ဒါထူးဖြင့်ကား မဆို၊မဟန္တသဒ္ဒါဖြင့်ထည်းကောင်း ဆိုခဲ့သည်။

ဤသို့ ဆိုသဖြင့် မဟန္တသဒ္ဒါဝင် အရာရာအားဖြင့် 'မြတ်သည်'ကိုထည်းဟော၏၊ 'ကြီးသည်'ကိုထည်းဟော၏၊'ရှေးဖြစ်သည်'ကိုထည်းဟော၏။ ။ထိုမှသပါး မဟာ ဇန-စသည်တို့နိုက်ထည်း လူကြီး, လူမြတ်,ရှေးလူ-ဟူသောအနက်မှတပါး 'လူများ' ဟူသော အနက်ကို ဟောလေ၏။ ထိုနိုက်ထည်း များသည်ကို ဟောသော ဗဟု-သဒ္ဒါဖြင့် မဆိုလေ။ ။ဤသို့စသည်ဖြင့်မဟန္တသဒ္ဒါတခုတည်းကိုမြတ်သောအနက်, ကြီးသော အနက်-စသောများစွာသော အနက်တို့ဖြင့် ယူအပ်သကဲ့သို့ ဤဒီဃ,ရဿ ဟူသောပုဒ်တို့ကိုထည်း အရာအရာဖြင့် ဒီဃသဒ္ဒါသည်ရှည်၏၊ကျယ်၏၊မြင့်၏၊ကြာ၏၊ နှေး၏-စသော အနက်ကို ဟောသည်ဟု ယူအပ်၏။ ။ထို့အတူ ရဿသဒ္ဒါထည်း တို့၏၊ နိမ့်၏၊ ပု၏၊ ကွ၏၊ ကွပ်၏၊ထျေ၏၊ကျဉ်း၏၊ ကျုံ့၏-စသော အနက်ကို ဟော သည်။ထိုကြောင့် 'ဒီဃံယောဇနံ'ဟု ရာနိုက် ခရီးဝေး၏၊ ရှည်၏- ဟူသော အနက်၊ "ဒီဃော သံသာရော၊ ဒီဃာရတ္တိ"ဟူရာနိုက် သံသရာသည်,ညဉ့်သည် ကြာ၏,နှေး၏-ဟူသောအနက်ကို ယူသင့်လေသည်။

ဒီဃ,ရဿ-ဟူသော သရတို့၏ အမည်နိုက်ထည်း ဒီဃသဒ္ဒါ၏ အနက်သည် 'ရှည်၏' ဟူသောအနက်ကိုသာ မဟော၊ ကြာ၏, မြင့်၏-ဟူသော အနက်ကိုထည်း ဟော၏။ ရဿသဒ္ဒါထည်း "တို၏"ဟူသော အနက်ကိုသာ မဟော၊ ထျေ၏, နိမ့်၏, ပု၏, ကွ၏-ဟူသောအနက်ကိုထည်း ဟောသည်။ ။ထိုသို့ ဒီဃသဒ္ဒါသည်ရှည်ခြင်း အနက်နှင့်-ပရိယာယ်တူ ကြာခြင်း,မြင့်ခြင်း-ကိုထည်းဟောသည် ဖြစ်၍့ 'ကာလရှည်၏'ဟူသည်ကို ကာလကြာ၏-မြင့်၏-ဟူ၍့ ပင်ယူသော်လည်း သင့်၏။

ဤသို့သောအရာများကို ထောက်၍့ ကြာသောကာလ, နှေးသောကာလ-ကိုပင် ဒီဃဟူ၍့ ဆိုထေသည် ယူသင့်၏။ ဤသို့ ပရိယာယ်တူထည်းကောင်း အကြောင်း အကျိုး ဌာန ဌာနီ သင့်ရာ ဥပစာနည်းအားဖြင့် ထည်းကောင်း ဆိုမူကား ကာလ-ကိုပင် ရှည်သည်,မြင့်သည် ဆိုကောင်း၏။ သဘော အားဖြင့်ကား ဆိုခဲ့ပြီးသော

* သဒ္ဒါဝိသေသဖြင့်?

အတိုင်း ကာလကို အလျင်,အမြန်,အကြာ,အနှေး-ဟူ၍သာ ချင့်တွက် ကောင်းအံ့သကဲ့သို့ ရှိ၏။ ထိုကာလကို မြင့်သည်, စွင့်သည်,ကြီးသည် များသည်,ရှည်လံ်သည် တိုသည်,ပုသည်, ကွသည်,ကွပ်သည် ပျဝ်သည်,ဝဲ့သည်-ဟူ၍ သဘောအားဖြင့် မဆိုသင့်သကဲ့သို့ ရှိ၏။

ထိုကြောင့် နှစ်,ထ,ရက်- ဟူသောကာလအခန်းကို 'နှစ်မြင့် ကြီးဟန်' စသည်ဖြင့် ဆိုခြင်းသည် ပရိယာယ်တူ ဖြစ်ပါသည်သာ။ သဘောအားဖြင့်ကား ထိုနှစ်သည် တနှစ်, နှစ်နှစ်-စသည်ဖြင့် အရေအတွက်သာ်ရာ များပါသောကြောင့် "နှစ်များကြီးဟန်"ဟူ၍သာ ဆိုထိုရင်းဖြစ်၏။ ထိုကာလသည် မြင့်စွင့်သည်ထည်း မဟုတ်၊ ကြီးသည် ငယ်သည်ထည်း မဟုတ်သောကြောင့် များသည်,နည်းသည်,ပွားသည်-ဟူ၍သာ ဆိုထိုရင်း ဖြစ်၏။ မြင့်စွင့်, ကြီးမား၏ ဟူသည်ကိုကား အထည်ခြဲ၍မရှိသာ ဆိုထိုရင်း ဖြစ်သည်။ နှစ်, ထ, ရက်-ဟူ၍ ခေါ်ဝေါ်သော အဝိုင်းအခြားအရေ အထွက် များသည် ဖြစ်မူကား သန်းများပထေသောကြောင့် အများဟူ၍ တမူကား ဆိုသင့်သည်ဖြစ်၏။ ထိုကြောင့် "နှစ်များ,ထများ"ဟူ၍သာ ဆိုသင့်သော သဘောကိုသာ မှတ်အပ်၏။

ဤဆိုသော သဘောကိုရှု၍ ခရီးအဝွန်ဖြစ်မူကား.....နိး၏ ဝေး၏,ရှည်၏ တိုး၏-ဟူ၍ ဆိုထိုရင်း၊ ကြာ၏ နှေး၏,ကြီး၏ ငယ်၏-ဟုဆိုထိုရင်းမဟုတ်။ ကာလကိုကား ထျင်မြန်၏,ကြာနှေး၏သာဆိုထိုရင်း။ ။အဝွန်ခရီးရှေ့နောက်တူရှုကား အလျား၊ထိုအလျားကိုကား အနိး,အဝေး အတို,အရှည်ဆိုထိုရင်း။ နံပါးအဝွန်ကား အပြန်၊ ထိုအပြန်ကိုကား အကျယ်,အကျဉ်း,အပြန်-စသည်သာ ဆိုထိုရင်း။ ။မတ်လတ်ဖြစ်မူကား ယခင်ရှည်၏ ဟူသည်ကိုပင် အမြင့်,အစွင့် ဆိုထိုရင်း။ ။တိုသည်ကိုကား နိမ့်သည်,ကွပ်သည်, ပျဝ်သည်, ဝဲ့သည်, ပုသည် ဆိုထိုရင်း။ အလျားအနံအင်တန်၏ အတိုင်းအရှည် အလုံးစုံလောက်လွှမ်းသည်ကိုကြီးသည်၊ ထိုအောက်လျော့မူကား အငယ်-စသည်ဖြင့် အရာ အရာသို့ ထိုက်၍ဆိုထိုရင်း။

ထိုနှင့်လျော်စွာ ပါဠိတော်နိုက်ထည်းကြာသည်ကိုကား စိရ၊ ထျင်သည်ကိုကား ဇဝနသဒ္ဒါ သီဃသဒ္ဒါ ခိပ္ပသဒ္ဒါ တုရိတသဒ္ဒါ ဟောင်း။ ။နုံ့သည်,နှေးသည်ကို ဒန္ဓ,မန္ဒ။ ။နည်းသည်ကို အပ္ပ,အပ္ပက,မန္ဒသဒ္ဒါတို့ဟောင်း။ ။ထိုတွင် နှေးသည်ကို ရှေးသူဟောင်းတို့ကား "နုံ့သည်"ဆို၏။ ထိုနုံ့ခြင်းကို ဒန္ဓ,မန္ဒ သဒ္ဒါဟောင်း။ ထိုတွင် မန္ဒကား နည်းသည်ကိုထည်းဟောင်း။ ။ဗဟုသဒ္ဒါ ယေဘုယျသဒ္ဒါ ဗဟုထသဒ္ဒါ ပစုရသဒ္ဒါတို့ကား များသည်ကိုဟောကုန်၏။ ။ကြီးသည်ကို ဝုဒ္ဓ,မဟန္တ၊ငယ်သည်ကိုကား စူဠ,ခုဒ္ဒက သဒ္ဒါ။ ။မြင့်သည်ကိုကား ဥဒ္ဓ၊ နိမ့်သည်ကိုကား နိမ,နိန္န။ ။

ရှည်သည်ကိုကား ဒီဃ၊ တိုသည်ကိုကား ရဿ။ ။လေးသည်ကိုကား ဂရု၊ပေါ့သည်ကိုကား လဟု။ ။မြတ်သည်ကိုကား ဥတ္တမ, ဝရ, ပရမ၊ ယုတ်သည်ကိုကား ဟိန-စသည်ဖြင့် ပါဠိတော်လည်း အထူးထူးရှိသည်ပင်ဖြစ်၏။ ။ထိုတွင် အချို့ကား ပရိယာယ်ဟူ၍ လှယ်ကာ လှန်ကာ၊ အချို့ကား ဌာနဌာနီ အကြောင်းအကျိုး ဥပစာသင့်ရာတင်၍ အချို့ကား နှစ်နက်,သုံးနက် စသည်ဖြင့် အများဆက်ဆံ၏။ အချို့ကား တိုက်ရိုက်ပင် ဟောသည်ဖြစ်၏။

မြန်မာဘာသာန္ဒိက်လည်း ဤကဲ့သို့ဇင်း အထူးထူးရှိကုန်၏၊ ထိုသို့သော်လည်း ဆိုခဲ့ပြီးသောအတိုင်း ဆိုလိုရင်းသဘော မူလအနက် နှလုံးသွင်း၍ အရာရာဖြင့် မချေမငံ မကျစ်မလျစ်ခန့် ထင်ရာန္ဒိက်ကား ကျစ်လျစ်,ချောင်ရာ, ပရိယာယ်တူဖက်၍ ဇင်း ပရိယာယ်တူရာ စကားခွန်းမျှကိုဇင်း ဆိုမိန့်ကုန်၏။ ။ကမ္ဘာဆရာတို့ကား သိသာကျစ်လျစ်ခြင်းရှိလျှင် စပ်အင်သင့်ရာ ဆိုမိန့်ကုန်၏။ သို့သော်လည်း သဘောရင်းကို နှလုံးသွင်း၍ မှ အဓိပ္ပါယ်ထင်သာမည်ကိုထောက်၍ ရေးလိုက်သည်။

သဒ္ဒိ,သဟ-စသော သဒ္ဒါတို့၏ အနက် အကွ-ဟူသော စကားခွန်းကိုကား ယခုကာလကား တကွ, တူကွ-ဟူ၍ ဆိုမိန့်ကုန်သည်သာ ထင်၏။ရှေးစာဟောင်းတို့နှိုက်ကား "အကွ"ဟူ၍ ဆိုသည်သာများ၏။ ထိုတွင် အကွ,တကွ,တူကွ-ဟူ၍ ဆိုခြင်းသည် ထူးသလော ဟူမူကား တစိတ်မျှ ထူးသင့်၏။ ထူးဟန်ကား....အကွ-ဆိုရာန္ဒိက် အ-အကွရာသည် အကြီး, အငယ် အမြတ်, အယုတ် အဖြူ, အမည်း, အသွား, အနေ-ဟူသည်က အ-အကွရာကဲ့သို့လည်း မဟုတ်။ အကြိမ်အဖန်, အရံအဝိုင်း-ဟူသည်က အ-အကွရာသို့လည်း မဟုတ်။ အချို့, အကယ်-ဟူရာန္ဒိက် အ-အကွရာနှင့်တူ၏၊ အဘယ်ကြောင့် အကြီး,အငယ် စသည်ဖြင့် ဆိုရာန္ဒိက် အ-အကွရာကဲ့သို့ မဟုတ်သနည်းဟူမူကား အကြီး, အငယ် အမြတ်, အယုတ်-စသည်န္ဒိက် အ-အကွရာ မဝါဝဲး ကြီး၏၊ ငယ်၏၊ မြတ်၏၊ ယုတ်၏-ဟူ၍ ဆိုထိုရင်းဖြစ်၏။ ကြီး၏ ငယ်၏ မြတ်၏ ယုတ်၏-စသော "ကတ္တား" အနက်သည် ဌင်း။ ဖြူ၏၊ မည်း၏-ဟူသော "ဂုဏ်" အနက်သည်ဌင်း၊ သွား၏ ဟူသော "ကြိယာ"အနက်သည်ဌင်းရှိ၏။ အနက်ရှိသောကြောင့် ထိုအနက်ကို ဟောသောသဒ္ဒါလည်း ရှိ၏။ ဤသို့လျှင် ဝစ္စ, ဝါစက စုံ၏။ စုံသည်နှင့်အညီ အ-အကွရာမဝါဝဲး ဆိုသင့်သည်လည်း များ၏။ ဆိုသင့်သည်နှင့် အညီ ဆိုသည်လည်း များ၏။ စပ်ဟန်သည်လည်း များ၏။ကြီး၏၊ငယ်၏၊ ဖြူ၏၊ မည်း၏၊ သွား၏၊ နေ၏-စသည်ဖြင့် အ-အကွရာမဝါဝဲး ဆိုမိန့်သော အရာကား-

"ကာဃတန်ပြီး၊ အသက်ကြီးလျက်" [၁] ဟူ၍ ၎င်း
"ကြီးသားအရွယ်၊ ဖြူကြိုးကြယ်မှ" [၂]
"ငယ်ကားငယ်၏၊ နက်ကျယ်ပညာ" [၃]
"စိမ်းပြာမည်းဖြူ၊ ဝတ်စားဟူသား" [၄]
"သွားရှိ့ရွှေသီး၊ ခရိုးဦးကြို" [၅]
"ကိုယ်ထီးနေသည်၊ စိမ်းချေရပ်သွင်-"

ဤသို့ စသည်ဖြင့် များစွာထင်၏။ "အကြိမ် အဖန်၊ အရန် အဝိုင်း" ဟူသည်မှာ အ-အက္ခရာကား တကြိမ်, နှစ်ကြိမ် တဖန်,နှစ်ဖန် စသည်ဖြင့် သင်္ချာကို မမှတ်လို၊ အကြိမ် အဖန် မရေတွက်နိုင် များစွာဖြစ်သည်ကို နှံ့စေလိုသော "ဂဏဝိဆွာ" အနက် ဖြစ်သင့်သည်တွင်ဆိုသော အ-အက္ခရာဖြစ်၍. တစ်,နှစ်စသော သင်္ချာကို မှတ်ရာလို ရာ၌ တကြိမ်,နှစ်ကြိမ် တဖန်, နှစ်ဖန်-စသည်ဖြင့် သင်္ချာတပ်ရှိ့သို့ အက္ခ-ဆိုသော အရာ၌ တက္ခ, နှစ်က္ခ-စသည်ဖြင့် သင်္ချာတပ်သင့်သော အရာမဟုတ် သောကြောင့် အကြိမ်အဖန် ဆိုသည်၌ အ-အက္ခရာ ကဲ့သို့လည်း မဟုတ်လေ၊ ယခင် အကြိမ်,အငယ် ဟူသည်မှာ အ-အက္ခရာမပါဝဲ့ လိုရာအနက်ရှိ၍. ကြိမ်၏ ငယ်၏ဟု ဆိုသင့် သကဲ့သို့ တက္ခ * ဟူရာ၌ အ,မပါဝဲ့ က္ခ၏, က္ခခြင်း,က္ခသည်-စသည်ဖြင့် ဆိုသင့်သည်မဟုတ် သောကြောင့်လည်း အကြိမ် အငယ် ဟူရာ၌ အ-အက္ခရာကဲ့သို့လည်း မဟုတ်လေ။

အ၌, အကယ်-ဟူရာနှိုက် အ-အက္ခရာနှင့် တူဟန်ကား....အ၌,အကယ်-ဟူရာ နှိုက် အ-အက္ခရာ, အက္ခ-ဟူရာနှိုက် အ-အက္ခရာ တို့သည်၊ အကြိမ် အငယ်-ဟူသည် မှာကဲ့သို့ ၌၏၊ ကယ်၏၊ က္ခ၏-စသည်ဖြင့် အနက်ထူးမရှိသင့်။ ။၌၏-ဆိုရာ၌ကား ၌တဲ့ခြင်း အနက်သာ၊ ကယ်၏-ဟူရာ၌လည်း ကယ်ဆယ်ခြင်းအနက်၊ "အညာသို့ကယ်၏" သော အနက်တခြားသာ။ က္ခ၏ ဟူရာ နှိုက်လည်း ပုံ၏၊ နိမ့်၏၊ က္ခ၏-စသော အနက်သာဖြစ်လေ၏၊ လိုရာအနက်မရှိလေ။ ဤသို့ လိုရာအနက်သည် အ-အက္ခရာ နှင့်ကင်း၍. မရှိသည်သာ ဖြစ်ကုန်၍.လည်း ထူးသည်ဖြစ်၏။ ။အကြိမ်အဖန်- ဟူသည်နှိုက် တစ်, နှစ်-စသော လိုရာ သင်္ချာတပ်၏သို့ တ၌ နှစ်၌စသည်ဖြင့် လိုရာ တပ်သင့်သော အရာမဟုတ်သည်ချည်းဖြစ်၍.လည်း အ၌, အကယ်, အက္ခ-ဟူသော စကားခွန်းနှိုက် အ-အက္ခရာတို့သည် တူကုန်သတည်း။

---

၁ ဘူပေါဝိ၊ * ၃၅။
၂ ကိုး * ၂၀။
၃ ကိုး * ၁၀၉
၄ ကိုး * ၂၁၂။
၅ ကိုး * ၁၆၁။
* အက္ခ?

ထို့ကြောင့် အချို့, အကယ်, အက္ခ-ဟူသည်၌ အ-အက္ခရာနှင့် မကင်း သည်သာ ဖြစ်သင့်ထျက် အချို့သောအရာ၌ ထက်ဘဆရာတို့သည် အပြေအပြစ် ဖြစ်စေ ခြင်းငှာ အ-အက္ခရာကိုချေ၍, "တူတည်းရှေးရှု၊ ကယ်မှန်မူကား" စသည်ဖြင့် အကယ်ဆိုရာ တွင် ကယ်-ဟူ၍, အ-မပါဝဲး စပ်သည်ကား ထက်ဘအားဖြင့် ချေ၍, စပ်သည်သာဖြစ် ၏၊ ဤသို့သောအရာထည်း နည်းအံ့သည်။ "အချို" ဟူရာ၌ကား ချို-ဟူ၍, အ-မပါဝဲး စပ်ဆိုသည်ကား မထင်။ အက္ခ-ဟူရာနှိုက်ထည်း ပျို့ဟောင်း ထက်ဘဟောင်းတို့နှိုက် မထင်။ နောက်နောက်သော ထက်ဘဆရာတို့ကား "မင်းမာနှင့်ကွ၊ တမျှစိတ်နေ" စသည်ဖြင့် အ-မပါဝဲး ဆိုမိန့်ကြ၏။ ထိုသို့သော်ထည်း အ-အက္ခရာကိုချေ၍, ထက်ဘ အားဖြင့် စပ်ပါသည်သာ။ ဤသို့စပ်ဟပ်သောအရာကား နည်းထည်း နည်းအံ့သည်။ နောက်နောက်မှ စပ်ဆိုသော အရာသာထည်း ထင်သည်ဖြစ်၍, အ-အက္ခရာကိုချေ၍, ဆိုပါသည်သာယူသင့်၏။

နောက်နောက်ဖြစ်သော ပျိုကဗျာတို့သည် အချို့ကား အနက်ရကိုသာ၊ အချို့ကား အခပြအပြစ်ကိုသာ၊ အချို့ကား အသွင်ကိုသာ၊ အချို့ကား အသတ်ကာရန် မှန်ရဲ့ ကိုသာ အထူးနှလုံး မူလေသောကြောင့်ငင်း အစဉ်အတိုင်း ပညာနုံ့သော ကာလ ရောက်ပေ သောကြောင့်ငင်း အရာအတိုင်း သတိမမူနိုင်သောကြောင့်ငင်း ပမာဏ မူရာသောအရာထည်း ရှိအံ့သည်ဖြစ်၍, ဆိုခဲ့ပြီးသော သဘောရင်းကို နှလုံးသွင်း၍, အဓိပ္ပါယ်ကို ဆင်ခြင်ရာ၏။

တူကွ-ဆိုသောအရာနှင့် ကွဲးဟန်ကား····တူ-ဟူသော စကားခွန်း၏ အရသည် "မထူးမခြား" ဟူသောအနက်ရှိ၏။ ထိုကြောင့် "ကွ" ဟူသော စကားခွန်း မပါဝဲး ငင်း ပါထျက်ငင်း ရှိ၏။

"ရှေးဟန်မတူ၊ ယခုမူကား" ဟူ၍ငင်း
"တကွအတူ၊ ထိပ်ကိုယူ၍" ဟူ၍ငင်း
"တို့ရှင်သည်းဦ၊ နတ်နှင့်တူကို" ဟူ၍ငင်း
"အတူသွား၏၊ အတူနေ၏၊ တူမျှ၏၊ တူတန်၏၊ မတူမတန်၊ မတူမမျှ" ဟူ၍ငင်း

ကွ-ဟူသောစကားခွန်းမပါဝဲး စပ်ဟပ်ဆိုမိန့်သည်ထည်းများ၏။

"သရဏာဖြူဆွ ဆောင်နေကျ၊ ရတနာပူရ အောင်မြေက၊ ပဌနာ တူကွ ညောင်ရေမြေ" ဟူ၍ငင်း
"ပူရရတနာ၊ တူကွပဌနာ" ဟူ၍ငင်း

စပ်ဆိုသောအရာထင်၏။ တူကွ-ဟူ၍, ဆိုမိန့်သည်ကား ရှေးငင်း ယခုငင်းနည်းအံ့သည်။ ဤသို့ "တူကွ" ဟူရာ၌ တူ-ဟူသော စကား၏ အရ မထူးမခြား, တူသော

အနက်ရှိသကဲ့သို့ အက္ခ-ဟူရာန္ဒိုက် အ-ဇ်၏အရ အခြားမရှိ၊ အက္ခ-ဟူသော ပုဒ်လုံး ဇ်၏ အနက်သာ ရှိသည်။ ထိုအနက်ထည်း သဟ-အနက်သာ ဖြစ်၍ "မကွဲးမကွာ ယှဉ်ဇ်၏" ဟူသော အနက်သာရှိသည်၊ ဝတ္ထုတခုနှင့်တခု "တူဇ်၏" ဟု၍ နှိုင်းသော အနက်မဟုတ်ထေ ။ထိုကြောင့် "တူက္ခ" ဟူသည်နှင့်လည်း "အက္ခ" ဟူသောစကား သည် မတူကြ ကွဲးကြသတည်း။

ဤသဒ္ဒါတို့၏အနက် အက္ခ-ဟူသော စကားကို "တက္ခ" ဟူ၍ ၎င်း ဆိုခြင်းသည် ဆိုခဲ့ပြီးသောအတိုင်း သဘောကွဲးရာသောကြောင့် "တက္ခ" ဟူ၍ ၎င်း မဆိုသင့်သကဲ့သို့ရှိ၏။ "ပဌနာတူက္ခ၊ ညောင်ရေမြေ" ဟူ၍ တက္ခ ဆိုရာ၌ "အတူအက္ခ" ဆိုသင့်ဟု အ-အက္ခရာ နှစ်လုံးကြေစေ၍ လက်ာအားဖြင့် ဆိုပါ သည်သာ ဟူသော်ထည်းသင့်ဇ်၏။ အဘယ့်ကြောင့်နည်း ဟူမူကား– ဆိုခဲ့ပြီးသော အတိုင်း အက္ခ-ဟူသော သဟတ္ထ-အနက်သည် အ-မပါဝဲး "က္ခ" ဟူ၍ သာ ဆိုသော အရာမထင်ထေ။ "က္ခ" ဟူ၍ ရှိသည်မှာထည်း သဟတ္ထအနက်မှလွတ်၍ ပုဇ်၊ နိုဝ်ဇ်-ဟူသောအနက်သာရှိခဲ့ဇ်၏။ ထိုကြောင့် အက္ခဟူသည်ထွင်"က္ခ"ဟူ၍ သာရေးဆိုသော ပျိုဟောင်းမထင်။ ထင်သည် မှာထည်း ချေ၍ ဆိုသည်သာဟု နှလုံးသွင်းအပ်ဇ်၏။ ဤသို့ထျင် သဟတ္ထအရာ၌ "အက္ခ"ဆိုသောအရာသည် ရှေးသူဟောင်းတို့ ဆိုထေ သည်ကို ထောက်၍ ၎င်း ယခင်သဟောကိုထောက်၍ ၎င်း သင့်ရာပေသည်။ ထိုသို့ သော်ထည်း မြမွာ၌ မာဂဓဘာသာ, သကဋ ဘာသာတို့မှာကဲ့သို့ ပုဒ်အက္ခရာတို့ကို ပြုပြင်ရသောဆုတ်ကို ဆရာတို့ မစီရင်သောကြောင့် ပြေဖြစ် သည်သာထျင်။ အပြစ် မဆိုသာသည် ဖြစ်ဇ်၏။ အဓိပ္ပါယ်တမူကား သဘောရင်းကို မသိထျင် ရခက်အံ့ တကြောင်း ပညာဝဓုန ဖြစ်စိမ့်သည် တကြောင်း ထောက်၍ ညက် သက်သမျ ရေးလိုက်သည်။

ဝ-ခွဲးပြီးပြီ။

က္ခ-က္ခ

၈ဝ–ကအက္ခရာ အပင့်,အရစ်,ဝဆွဲး-ကာရန္တန္ဒိုက် ဝေါဟာရကို ပြခြင်းအကြောင်း

က္ခ-ဟူ၍ ယပင့် ဝဆွဲးကား မထင်။ က္ခ-ဟူ၍ ရစ်ထျက် ဝဆွဲးသောအရာကား "ထက္ခြဇ်၏" ဆိုသောအရာတွင်သာ ထင်ဇ်၏။ ထို"က္ခြဇ်၏"ဆိုသောစကား၏ အရသည် အထက်သို့ ချီပင့်ပြောင်းလွှဲခြင်း အနက်ပင်ဖြစ်ဇ်၏။ ထိုသဘောကို ထောက်သော်

နှင်နှင်သော မရိသေ လောက်သော ကျေးကျွန် သူတောင်းစား စသော သူတို့ကို သော်လည်း "သွားပါ-ထားပါ" ဆိုအံ့သည်တွင် "ကြွပါ" ဆိုသော်လည်း သတော မပျက်သည်ပင်ဖြစ်၏။ လူယောကျ်ား, လူမိန်းမ-တို့ကို ရဟန်းတို့က "သွားတော့" ဆိုအံ့သည်ကို "ကြွတော့" ဟူ၍ပင် ဆိုမိသော်လည်း သတော်မပျက် ဆိုသင့်အံ့ ယူဘွယ်ရှိ၏။ ထိုသို့တမူကား အရှိအသေ ဆိုလိုရာ၌သာ "ကြွ" ဟူသောစကား ထင်လေသောကြောင့် ကိုယ်ကိုနှိမ့်ချကြို့ငဲ့၍ လောကဝတ်အလျောက်ဆိုလေသကဲ့သို့ ထင်မှတ်တွယ်ရှိသည်သာ။ သတော်အနက်ရင်းကား မပျက်လေ။ အပြစ်ရှိမဲ့ကိုကား ယောနိသောသာ အရင်းဖြစ်ကောင်းသည်။ ကြွ၏-ဟူသော စကားကိုကား မြေဆိုင် မြေခဲးကိုကြွ၏၊အုတ်ကျောက်ကို ကြွ၏-စသည်ဖြင့်အာဓာရအနက်မဟုတ်ရာ၌ဆိုသည်လည်း များစွာထင်သည်ပင် ဖြစ်၏။

ရစ်၍ဝဆွဲပြီးပြီ။

ကာ-ကျာ-ကြာ-ကွာ

ဂ၁-ဗျဥ္ဇနသရအန္တိုတွင် ကပျည်း အာကာရန္တနှိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ကာ-ဟူသော အာကာရန္တ၌ကား-သက်သက်ငင်း, ယပင့်ငင်း, ရရစ်ငင်း ဝဆွဲငင်း ထင်၏။ ထိုတွင် "ကာ" ဟူ၍ သက်သက်ဆိုသော အရာကား..... ကွယ်ကာ၏-ဟူသောအရာ၊ ဒါယကာ၊ ထန်းလျက်သကာ၊ ပူဇော်သကာ၊ အများတကာ၊ ရကာမတ္ထ၊ စားကာ အိပ်ကာ-ဟူသော အရာထင်၏။ ။ထိုတွင် "ကွယ်ကာ၏" ဟူသောဝေါဟာရသည်ကား ဆီးကန့်ခြင်း, ဆို့ဝိတ်ခြင်းဟူသော ကြိယာအနက်ဖြစ်၏။ အနှစ်အကာ, လွှားကာ-ဟူသော ဝေါဟာရသည်လည်း ထိုနိုင်းဝင်ကောင်း၏။

စကော-စကာ-ဟူသော အမည်ကိုကား ရှေးစာဟောင်းတို့၌မတွေ့၊ သတော အားဖြင့်ကား-စပါး၏အဆန်၊ ပြောင်း, ဝဲ, လူး, ဆဝ-စသည် တို့၏ အစေ့အဆန် စသော သေးငယ်သော ဝတ္ထုကို လွှင်သို့ ထွက်စေသည်ဖြင့်ငင်း ထိုထိုအဝ်သော အဆန်တို့၌ မသန့်မရှင်းထွေးရှက်သော ဖွဲဖြူစသော မလိုအပ်သည်တို့ကိုငင်း ခါထွက်ကြောင်း အသုံးအဆောင် မလိုအပ်သည်ကို ခါထွက်ရာအဖြစ်ဖြင့် "ခါ" ဟု၊ နှ-သတ် ဒုတိယကွရာ "ဆ" နှင့် "ဆန်ခါ" ဟူ၍ သော်လည်း ဆိုသင့်၏။ ထိုရာပြောင်းဝဲ, လူး, ဆဝ-စသည်တို့၏ အဆန်နှင့်မလိုအပ်သောဖွဲဖြူတို့သည် ထွေးရှက်၍ ရှိသည်တွင် မလို

ရာ လွင်သို့ ထွက်စေသဖြင့် ခါထွက်ခြင်း၌ ဆန-၍ အသာအယာခါထွက်ကြောင်း ခါထွက်ရာဖြစ်၍ "ဆခါ" ဟုဆ, အကွရာသက်သက်ဖြင့်ဆိုသင့်သည်ထည်းဖြစ်၏။အဓိ အထောက်ရသည်သာ အရင်းဖြစ်၏။

ဒါယကာ၊ ထန်းထွက်သကာ၊ ပူဇော်သကာ-ဟူ၍ ဆိုရာ၌တ်ကား····မြမွာမှ သက်သက်မဟုတ်၊ ဒါယကာ-ဟူရာ၌က် ဒါယကော, ဒါယကံ။ ထန်းထွက်သကာ ဟူရာ၌က် သကာ-ဟူသည်ကိုထည်း သက္ကာရော,သက္ကာရံ။ပူဇော်သကာ-ဟူရာ၌က် ထည်း ပူဇာသက္ကာရော, ပူဇာသက္ကာရံ - စသည်ဖြင့် မာဂဓဘာသာ ပါဠိပါကန် ထင်သည်ထည်းဖြစ်၍ မြမွာဘာသာမစစ်ထေ။ ပါဠိပါကန်ကိုကား သဒ္ဒါတတ်သော ဆရာတို့၌တ် ဆွေးနွေးလျှင် သိထေအုံ့ ဖြစ်၍ မရေးသည်။

သက်သက်မြမွာမှကား····ယခင်ဆိုခဲ့ပြီးသော အကွယ်အကာ, အများတကာ, စားကာ,အိပ်ကာ-ဟူသော အရာတွင်သာထင်သည်။အနှစ်အကာ-ဟူသော စကား ခွန်းသည် ထိုအကွယ်အကာ ဟူသောစကားခွန်းနှိုက် ဝင်ကောင်းဟန်ကား··· ရှား, မန်ကျည်း-စသော သစ်ပင်တို့သည် ရင့်မာလသော် အလယ်၏အတွင်၌ တည်သော အသားသည် တစပ်တည်းဖြစ်ထျက် အထူးသဖြင့် ခိုင်ကျန့်ခြင်း၊ အနံ့ဩဇာသာလွန်ခြင်း၊ အဆင်းအသွေး ကဲ့ပြားခြင်းဖြစ်သော အတွိုတစိတ်ကိုမှတ်၍, အနှစ်- ခေါ်ဝေါ်ခြင်းဖြစ်၏။ ထိုအနှစ်၏ အပမှရံကာ၍ဖြစ်သော အသားကိုကား အရံအကာမျှသာဖြစ်သည်ကိုထောက်၍, အကာ-ဆိုသည်ဟု ယူသော် အရံအကာ - ဟူသော စကားနှိုက် ဝင်သည်ဖြစ်၏။ ဤအနှစ်အကာ-ဟူသော ခေါ်ဝေါ် ခြင်းကိုကား-သစ်၌သာမဟုတ်၊ ပုလဲနှစ်, ဥစ္စာနှစ်, ပညာနှစ်, နိဗ္ဗာန်ဟူသော အနှစ်-စသည်ဖြင့် အမြတ်အမွှန် သာလွန်သော ဂုဏ်သဘော အထွမူထဖြစ်သော အရာကို အနှစ်။ ထို့အောက် ထျောဉ်၍, အရံအကာမျှ ဖြစ်သော အရာကို အကာ-ဟူ၍ ဆိုသော အရာထည်းများ၏။ ထိုသို့ဆိုခြင်းသည်ထည်း သစ်နှိုက်ဖြစ်သော အခေါ်အဝေါ်ကို စွဲ၍, တစိတ်တူကာမျှကိုသော်ထည်း အနှစ်အကာ ဆိုထေသည်ယူသင့်၏။

အပမှ ဖုံးလွှမ်းထျက်တည်သော အခေါက် အခွံကိုထည်း အကာပင် ဆိုကောင်း၏။ ကာရံထျက်တည်သည်ပင်တကား ဟူအုံ့။ ထိုအခေါက်အခွံကိုကား အခေါက်စသောအမည်ထူးရပြီးဖြစ်၍, အကာ--မဆိုပါသည်။အိမ်မြှောင်မှတပါး ကြွက်စသည် တို့သည် အိမ်နှိုက်မြှောင်ပါသော်ထည်း ကြွက်ဟူသော အမည်ထူးကို ရပြီးဖြစ်၍, အိမ်မြှောင်ဟူ၍, မဆိုပါရသကဲ့သို့ထည်း ယူသင့်၏။ ကြာမှတပါးဟင်းရွံ့ကတော်က စသည်တို့သည် ညွှန်နှိုက် ရောက်သော်ထည်း ဟင်းရွံ့စသော အမည်ထူးကိုရပြီး တကြောင်း ကြာသာထျင် ညွှန်နှိုက်ရောက်ခြင်းထင်၍, တကြောင်း ဟင်းရွံ့ စသည်ကို

ပင်္ဂီ မဆိုပါနှင့်သို့လည်း ယူသင့်၏။ ကိုယ်ရံတော်-ဟူသော်လူစုမှတပါး မျူးတော်မတ်တော် မောင်းမမိသံမှစ၍ အရံအခြေပြုကောင်းသည်မျှားတို့သည် မင်းကောဇနှင့် ရံပါသော်လည်း အမျူး အမတ်စသော အရာထူး အမည်ထူး ရပြီးတကြောင်း ကိုယ်ရံတော် လူစုကိုသာ ရံသော အခြင်း အရာထင်၍ တကြောင်း ကိုယ်ရံ လူစုတို့ကိုသာ ကိုယ်ရံတော်ဆိုရပါ၏၊ သို့ဖြင်း အခေါက်အခံ စသည်တို့သည် အနှစ်ကို ရံကာပါသော်လည်း အခေါက်အခံဟူသော အမည်ထူးရပြီး တကြောင်း အကာသာလျှင် ရံသောအခြင်းအရာထင်သည်တကြောင်းဖြစ်၍ အကာကိုသာ အကာဆိုရပါသည်ဖြစ်၏။

တကြောင်းလည်း ခြွင်ဝတ္ထုတို့သည် အကြောင်းဂုဏ် ထူးကြဲထေသော် တစိုးတစိ သာလွန်ရာ ထင်ရာ နီးစပ်ရာဂုဏ်း ခေါ်ဝေါ် လွယ်ကာမျှ အကျိုးရ၍ ပညတ်ကွဲးပြားရုံမျှဂုဏ်း ခေါ်ဝေါ်သည်မျှား၏။ အနှစ် အကာ-ဟူရာနှိုက် အနှစ်ကို အခံ့ အခေါက်တို့သည် ရံကာခြင်း တူသော်လည်း ခိုင်ကျန့်ခြင်း ရင့်မာခြင်း သဘောလွန်သည် ရံကာခြင်းနှိုက်ထင်သည် နီးစပ်သည်ဖြစ်၍လည်း အထူးသဖြင့် အကာကိုသာ အကာ-ဆိုသည်လည်း ယူသင့်၏။

တကြောင်းလည်း အနှစ်အကာ-ဟူသော ဝေါဟာရသည် တခုမှထောက်၍ တခုသောဝေါဟာရဖြစ်သောကြောင့် အရှည်,အတို၊ အလေး,အပေါ့- ဟူသကဲ့သို့ ပဋိပက္ခအနက်ဖြစ်၏။ ထိုကြောင့် အနှစ်ဟူသောဝေါဟာရရှိသင့်ရာနှိုက်သာ အကာ။ အကာ-ဟူသော ဝေါဟာရ ရှိသင့်ရာနှိုက်သာ အနှစ်-ဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်၏။ လက်ပံ,ကုတ်ဘဲစသော သစ်ပင်တို့နှိုက် အနှစ်ဟူသော အခေါ်အဝေါ် မရှိသောကြောင့် အသားကို လက်ပံသားစသည်ဖြင့်သာ အခေါ်အဝေါ်ဖြစ်၏။ အခေါက်အခံမှ ထောက်၍ အသားကို အနှစ်ဟူ၍ ခေါ်ဝေါ်ခြင်း မရှိသောကြောင့်လည်း အခေါက်အခံကို အကာ-ဟူသော ခေါ်ဝေါ်ခြင်းမဖြစ်ထေ။ ဤသို့သောအရာများကိုထောက်၍ အနှစ်အကာ-ဟူသောဝေါဟာရသည် အကြီးအငယ်ဟူသကဲ့သို့ ပြန်ကာ လှယ်ကာသာ ဖြစ်သင့်၏။ ထိုကြောင့်-

> "ဖေဂ္ဂုပြန်ဘက်၊ထိုအနှက်ကို၊ ပြက်ပြက်သိလွယ်၊ဝေါဟာသွယ်သည်၊အဘယ်ပါဠိ ဘာသာနည်း" [1]

ဟူ၍ အကာ၏ ပြန်ဘက်အနှစ်၊ အနှစ်ကိုဟောသောသဒ္ဒါကား သာရ-ဟူ၍ ဖြေစိမ့်သောဌာ ဝိတက်နည်းကို မိန့်တော်မူသည်။

---

၁ ကိုး * နိဂုံး။

ဤနှိုက် အနှစ်မှပြန်သော် အကာ၊ အကာမှပြန်သော် အနှစ်ဟူ၍္ လှယ်ကာပြန်ကာဖြစ်ရာနှိုက် အကာ၏အရကား ရံကာ၏-ဟူသောအနက် ရသင့်သကဲ့သို့ အနှစ်၏အရ အနက် မရှိတကားဟူအံ့....အလှန်အပြန်ရသော ခေါ်ဝေါ်ခြင်း တို့သည် တည်ခြင်းရွှေ့ခြင်းဟူသော ကြိယာအနက်အားဖြင့် မရွှေ့သော် တည်ခြင်း, မတည်သော် ရွှေ့ခြင်း-ဟူသော ကြိယာအနက်ဖြစ်၍္ ပြန်သည်လည်းရှိ၏။ ဖြူ၏-ဟူလျှင် မမည်း၊ မည်း၏-ဟူလျှင် မဖြူ-ဟူသော မည်းသည်,ဖြူသည်-စသော ဂုဏ်အနက်ထွင် ပြန်သည်လည်းရှိ၏။ တော-မဟုတ်သော် လွင်၊ လွင်မဟုတ်သော် တော-ဟူသော သစ်ပင်ချုံငိတ်ပေါင်းတို့၏ ရှင်း မရှင်းသောအခြင်းအရာဖြင့် မှတ်၍္ မြေပြင်ဟူသော ဌာန်ဖြင်ကို တော,လွင်-ဟူ၍္ ခေါ်ဝေါ်ရာ၌ တော၏ပြန်ဘက် လွင်,လွင်၏ပြန်ဘက် တော-ဟု၍္ အထည်ခြင်ထွင် ပြန်လှန်သည်လည်းရှိ၏။ ဤသို့ ပဋိပက္ခထွင် ပြန်လှန်သည်လည်းရှိ၏။ ဆရာမဟုတ်သော် တပည့်, တပည့်မဟုတ်သော် ဆရာ၊ သစ်မဟုတ်သော် ဝါး, ဝါးမဟုတ်သော် သစ်ဟူ၍္ ပြန်လှန်သကဲ့သို့ သဘာဂ အနက်အားဖြင့် သဟောတူရာ နီးနှောရာ ပြန်လှန်သည်လည်းရှိ၏။

ထိုသို့ ပြန်လှန်ရာနှိုက် ဆိုအပ်ပြီးသောအတိုင်း သွားခြင်း,ရွှေ့ခြင်း-စသောကြိယာအနက် အဖြူ,အမည်း-စသော ဂုဏ်အနက်ဖြစ်မူကား မည်းသည်, ဖြူသည်-ဟူ၍္ စစ်သင့်၏။ တော,လွင်-ဟူရာ၌ တောခြင်း,လွင်ခြင်း-ဟူ၍္ ကြိယာအနက်လည်း မထင်။ ဂုဏ်အနက်လည်းမသင့်။ သွားခြင်း,စားခြင်း-ဟူသကဲ့သို့ တောခြင်း,လွင်ခြင်းဟူသော ကြိယာအနက်မတွေ့။ တောဂ်သည်ကို တောသည်။ ရှင်သည်ကို လွင်သည်-ဟူ၍္ ခေါ်ဝေါ်ခြင်း၌ ပြုခြင်း,ဖြစ်ခြင်း ကြိယာကို အထူးမူသောအနက်ဂုဏ်မျှသာ ဖြစ်သင့်၏။ ထိုဂုဏ်အနက်ဟူ၍္ ထည်းမသင့်ရာသောကြောင့် တော,လွင်-ဟူရာ၌ အနက်မစစ်သာ။ ဤကဲ့သို့ အနက်ရှိလျက် အရာမသင့်သောကြောင့်ဂုဏ်း မစစ်သာသည်ထည်း ရှိ၏။

ထိုအတူ အနှစ်၏အရ အကာ၏အရ အနက်မရှိဟူ၍္ ဂုဏ်း အကာ၏ အရသာ အနက်ရှိ၍္ အနှစ်၏အရ အနက်မရှိဟူ၍္ ဂုဏ်း အနှစ်အကာ၏အရ ရှိသည်ချည်းပင် အရာမသင့်၍္ မစစ်သင့်ဟူ၍္ ဂုဏ်း နှလုံးသွင်းရာ၏။

အရာသင့်၍္ စစ်သော်ရသင့်ဟန်ကား....နှစ်နှစ်သက်သက် မြတ်နိုးအပ်သောအရာဖြစ်၍္ အနှစ်-ဟုဆိုသည်။ ထိုနှင့်လျော်စွာ သစ်မှာသာမဟုတ်၊ နှစ်သက်လောက်သော ဂုဏ်ဝိသေသရှိရာ ပုလဲးနှစ်, ဥစ္စာနှစ်, အမွေနှစ်, နိဗ္ဗာန်ဟူသောအနှစ်, နှံ့သာနှစ်,သဒ္ဒါသာရ, အတ္ထသာရ-စသည်ဖြင့် မြတ်နိုးနှစ်သက်လောက်ရာကို အနှစ်ဆိုသည်ကား များစွာ၏။ ထိုအနှစ်၌ အရံအကာမျှသာ ဖြစ်ထိုက်သော အနှစ်အောက်လျော့ညံ့သောအရာကို အကာ-ဟူ၍္ ဆိုသည်ထည်းများစွာ၏။ နိဗ္ဗာန်ကို အနှစ်ဆိုသော

အခါ လောကီစည်းစိမ်သည် အကာဖြစ်၏။ လောကီစည်းစိမ်ထွင်လည်း ပုလဲသန္တာကို အနှစ်ဆိုမူ အဘိုးမထိုက်သောအဆုံးအဆောင်တို့သည် အကာဖြစ်၏။ ဤသို့လျှင် အရံအကာမျှသာ ခေါ်ဝေါ်ထိုက်သည်ကိုထောက်၍ "အကာ"ဟူသော ဝေါဟာရဖြစ်၏၊ယူလျှင် အကာဟူသော ခေါ်ဝေါ်ခြင်းသည် အရံအကာ-ဟူသည်နှိုက်ပင် ဝင်သည်ဖြစ်၏။

လွှားကာ-ဟူရာနှိုက် "ကာ" ဟူသော စကားခွန်းသည်လည်း အရံအကာဟူသည်နှိုက် ဝင်ဟန်ကား----မြားစသော အန္တရာယ်ကို ကာ၏-ယူလျှင် ဝင်သည်ပင်ဖြစ်၏။ ဤ၌ မြားစသည်ကို ကာတတ်သောကြောင့် "ကာ"ဟူသော အမည်ဖြစ်၏၊ ဟူလျှင် ဒိုင်းလွှားတို့သည် ဤကဲ့သို့ ကာတတ်ပါသည်ဖြစ်၍့ "ကာ"ဟု၍့ဆိုကောင်းလေ၏၊ဟူအံ့။ ယခင်ဆိုခဲ့ပြီးသော အမည်ထူးကို ရပါထေပြီဖြစ်၍့ အသီးသီးခေါ်ဝေါ်ခြင်းဖြစ်၏၊ဟု၍့ ဆိုအပ်၏။

တကြောင်းလည်း အနှစ်အကာ, လွှားကာ-ဟူသော ဝေါဟာရ နှစ်ပါးလုံးပင် ကာသည်ဖြစ်စေ မကာသည်ဖြစ်စေ ရှိသည်ဟုဖြစ်သော ခြင်္ဂဝတ္ထု၏အမည်မျှသာဟု၍့သော်လည်း ယူသင့်၏။ အနည်းနည်း ဆိုထိုက်သည်ကား ခပ်သိမ်းသော ဝေါဟာရသည် ရှိ၌ချည်းလည်း မဟုတ်၊ အနတ္ထချည်းလည်းမဟုတ်။ မာဂဓနိုက်သော်လည်း ရှိ၌တချို့ အနတ္ထတချို့ရှိသည်ပင်၊ ဤမြမွာဘာသာနှိုက်လည်း ထိုအတူ အနတ္ထရသင့်သည်လည်းရှိသည်၊ရှိ၌မျှသာလည်းရှိသည်ဖြစ်၍့ သဘောသင့်ရာ ပညာထိုက်စေခြင်းငှာ ဆိုထိုက်သည်။ လူပြိန်းတို့အား သိသာစေခြင်းငှာ အခဲအလွယ်မဟူ ညက်သက်သမျှဆိုအံ့ဟူသည်နှင့်အညီ တထုံးတပုံဖြင့်ပြီးကောင်းသော်လည်း နှစ်နည်းသုံးနည်း-စသည်ဖြင့် သင့်ရာညွှန်းထိုက်ပေသည်။

အများတကာ ဟူရာနှိုက် "တကာ"ဟူသောစကားခွန်း၏ အရကား အနက်ထူးမရှိ၊တို့-ဟူသည်, ကုန်-ဟူသည်, ကြ-ဟူသည်တို့၌ များ၏-ဟူသော ဗဟုဗ္ဗအနက်ကိုထွန်းစေသကဲ့သို့ ဗဟုဗ္ဗထိုထွန်းပါစေသည်သာ။ထိုကြောင့် တို့-ဟူသောအရာ မပါသော်လည်း အများ-ဟူသော အနက်သည် ပြီးပါ၏။ ပြီးဟန်ကား-

"တလွန်ရှုံရှာ၊ လူတကာသည်၊ ရံခါမမှီဝဲဘူးတည်း" [၁]
"လူတကာကို၊ သံသာချီချီ၊ ချစ်ဖွယ်ဆို၍့" [၂]
"သားတကာနှင့်၊ တရာနှစ်ကဲး၊ လည်ချင်းနှဲ့းလည်း"-[၃]

ဟူ၍့ တို့-ဟူသော စကားခွန်းမပါသော်လည်း များ၏-ဟူသော ဗဟုဗ္ဗအနက်ယူသင့်သည်ဖြစ်၏။ "တလွန်ရှုံရှာ၊လူတကာတို့"ဟူ၍့ စာအချို့ရှိ၏။တို့မပါသော်လည်း

---

၁ ဘူပေါင်း * ၅၇။ ၂ လောသာ * ၂၁။ ၃ ကိုး * ၄၄။

ဗဟုတ္ထ အနက် ယူသင့်သောကြောင့် "လူတကာသည်" ဟူ၍ပင် ဆိုသော်လည်း အသင့်ဖြစ်ရာ၏။

၌ဗဟုတ္ထဖြစ်သော ကုန်-ဟူ၍ ထည်းကောင်း တို့-ဟူ၍ ထည်းကောင်း ကြ-ဟူ၍ ထည်းကောင်း တကာ-ဟူ၍ ထည်းကောင်း ဆိုသောစကားခွန်းတို့တွင် ကုန်ဟူသော၊ ကြ-ဟူသော စကားခွန်းကား နာမ်ပုဒ်၊ အာချာတ်ပုဒ်တို့နှိုက် ဖြစ်သင့်၏။ ထိုတွင် သွားကုန်,စားကုန်သည်-စသည်ဖြင့် ကြိယာဖြစ်ထျက် သွားကုန်သည်ဖြစ်၏၊ စားကုန်သည်ဖြစ်၏ဟူ၍ "ဖြစ်ခြင်း"ဟူသော နောက်ကြိယာတပါးကိုငဲ့၍ ကတ္တား ဖြစ်ထေသောကြောင့် ကိတ်ပုဒ်ဖြစ်ထေ၏။ ။၌ကိတ်ပုဒ်ဖြစ်ရာနှိုက်ထည်း ကတ္တား အနက်မှတပါး၊ ကံအနက် မသင့်ထေ။ ။အာချာတ်နှိုက်ကား ဖြစ်ကုန်၏,စားကုန်၏ ဖြစ်ကုန်လတ္တံ့ စားကုန်လတ္တံ့၊ ဖြစ်ကုန်ပြီ,စားကုန်ပြီ-ဟူ၍ ကာလ သုံးပါးလုံးသင့်၏။ ။စားအပ်ကုန်၏,စားတတ်ကုန်၏ဟူ၍ ကံ,ကတ္တား နှစ်ပါးလည်းသင့်၏။ ။ စားခြင်း,သွားခြင်း-ဟူသောဘောအနက်ကား မသင့်ထေ။သဒ္ဒါဆရာတို့ထည်း ဘော ဟော ကြိယာအနက်သက်သက်သည် ကေဝုစ်သာဟူ၍ မိန့်ကုန်၏။

၌သို့ထျင် ကြိယာအနက်ဖြစ်သော အာချာတ်ပုဒ်နှိုက် ကုန်ဟူသောစကားဖြစ်သင့်၏။ ၌အတူ ကြ-ဟူသောစကားခွန်းသည် သွားကြသည်, စားကြသည်-စသည်ဖြင့် ကတ္တားအနက်ဖြစ်သော နာမ်ပုဒ်၌ထည်းကောင်း သွားကြ၏,သွားကြထတ္တံ့,သွားကြပြီ, သွားတတ်ကြ၏, သွားအပ်ကြ၏-စသည်ဖြင့် အာချာတ်ပုဒ်နှိုက် ထည်းကောင်း ဖြစ်သင့်၏။ ယင်းသို့ထျင် ကုန်-ဟူသည်,ကြ-ဟူသည်တို့ကား ကိတ်ပုဒ်,အာချာတ်ပုဒ် တို့နှိုက် ဖြစ်သင့်သတည်း။

တကာ-ဟူသော တို့-ဟူသော စကားခွန်းကား နာမ်ပုဒ်၌သာ ဖြစ်သင့်၏။ထိုနာမ်ပုဒ်တွင်ထည်း တို့-ဟူသော စကားခွန်းကား ကာရက မဟု,အကာရက မဟုဖြစ်သင့်၏။ ထိုကြောင့် လူတို့သည်, လူတို့ကို, လူတို့ဖြင့်,လူတို့အား,လူတို့မှ, လူတို့နှိုက် စသည်ဖြင့် ကတ္တားစသော ကာရကခြောက်ပါးအနက်နှိုက် ထင်ရှင်းစွာ အခေါ်အဝေါ်ဖြစ်၏။ ။လူတို့နှင့်,လူတို့တွင်,အိုလူတို့-ဟူ၍ထည်းကောင်း သမ္ဓန်စသော အကာရကသေးပါး အနက်သည်ကား လူစသော ဗြဒ္ဓတ္ထုကို ခေါ်ဝေါ်ရာနှိုက်ထင်၏။ ။ သုံးနှစ်တို့ပတ်လုံး စသည်ဖြင့် ကာလအစ္ဆန္တသံယောဂအနက်သည်ကား အပ္ပကမျသာ ခေါ်ဝေါ်အံ့သကဲ့သို့ရှိ၏။ လေးယူဇနာတိုင်တိုင် ငါးယူဇနာတိုင်တိုင် စသည်ဖြင့် အဒ္ဓအစ္ဆန္တသံယောဂအနက်ကို တမူကား ဗဟုဝုစ်အနက်ဖြင့် ခေါ်ဝေါ်သောအရာ မထင်။ မာဂဓနိုက်ထည်း အစ္ဆန္တသံယောဂနှစ်ပါးလုံး၏ အနက်သည် ကေဝုစ်သာ ရှိသည်များ၏။

သရဒံ ရမ္ဘကိယာ နဒီ၊ မာဆံ မံသောဒနံ၊ ကေဒိဝသံ ဝိမံသန္တာဝိ၊ ဆာရတ္တံ ယာစာမိ၊သတ္တာဟံ ဘုဥ္ဇတိ....စသည်ဖြင့်ကာလအစွန်း သံယောဇဉ်နှိုက်လည်းကောင်း "ယောဇနံ ဒိဒေသာ ပဒ္ဓတော၊ ယောဇနံ ဝနရာဇိ"စသည်ဖြင့် အဒ္ဓအစွန်း သံယောဇဉ်နှိုက်လည်းကောင်း ကေဝုစ်သာ ထင်သည်။ ဤအစွန်းသံယောဇဉ်အရာနှိုက် ဒုတိယာ ဝိဘတ် သက်ရမည်ကိုသာ ဆို၍ ကေဝုစ်သာ အသင့်ဟူ၍ တမူကား ဆရာတို့ အမိန့် မတွေ့။ ဗဟုဝုစ် နေဟန်ကိုလည်း ပါဠိမတွေ့။ သတ္တောအားဖြင့်ကား "ယောဇနာနိ၊ ယောဇနေဟိ၊ ယောဇနာနံ၊ ယောဇနေသု" စသည်ဖြင့် အဒ္ဓါ အနက်ဖြစ်သော ကတ္တားစသည်တို့နှိုက် ဗဟုဝုစ်ထင်သောကြောင့် အဒ္ဓအစွန်းနှိုက်လည်း ဗဟုဝုစ်ရှိရာလေ၏။ကာလအနက်ကား ကတ္တား, ကံစသော အနက်တပါးဖြစ်သော်လည်း ကေဝုစ်သာများအံ့သကဲ့သို့ရှိ၏။ ထိုသို့သော်လည်း ဆရာနည်းအထောက် မတွေ့ချေ။

တကာ-ဟူသော စကားခွန်းကား ဆိုခဲ့ပြီးသော ကာရက, အကာရက ၂ပဝ် ထင်၏။ ထင်ဟန်ကား....လူတကာသည်, လူတကာကို-စသည်ဖြင့် ကာရကခြောက် ပါး နှိုက်လည်း ဆိုသည်များ၏။ ။အကာရကနှိုက်လည်း လူတကာ၏, လူတကာတွင်-စသည်ဖြင့် အစွန်းသံယောဇဉ်လက္ခဏာမှ တပါးသောအနက်တို့နှိုက် ခေါ်ဝေါ်ဆိုမိန့်သည်ကား များစွာ၏။

ထိုလက္ခဏာအနက်, အစွန်းသံယောဇဉ် အနက်နှိုက် "တကာ"ဟူသောစကားခွန်းသည် မသင့်သည်သာ ဖြစ်ရာ၏။ အဆယ်ကြောင့်နည်းဟူမူကား....ရှေးကြိယာဖြင့် နောက်ကြိယာကို မှတ်သောသော ရှေးကြိယာဟူသော ကိတ်ပုဒ်နှိုက်သာ ဖြစ်သင့်၏၊ ထိုကိတ်ပုဒ်နှိုက် ခြင်္ကိုမတော၊ ဆိုခြင်း, ပြုခြင်းစသော ကြိယာကို လည်းကောင်း ကတ္တုသတ္တိ,ကမ္မသတ္တိမျှကိုလည်းကောင်း ဟောအံ့သည်သာဖြစ်၏။တကာ-ဟူသော စကားခွန်းသည်ကား ခြင်္ကို ဟောရာနှိုက်သာ မြဲရာသည်။ ထိုကြောင့် လက္ခဏာအနက် မသင့်သောကောင်း။ ။အစွန်း သံယောဇဉ်နှိုက်လည်း အဒ္ဓါကာလ အနက်ဖြစ်ကြောင်း ခဲသောကြောင့် ခြင်္ကိုနှိုက်သာ မြဲကောင်းသော "တကာ" ဟူသော စကားခွန်းသည် မထင်။ ဤသို့ဖျင် တကာ-ဟူသော စကားခွန်း၊ တို့ - ဟူသော စကားခွန်း၊ ကုန်-ဟူသည့်, ကြ-ဟူသည့်စကားခွန်းတို့ကား ဗတ္ထုတ္ထကိုထွန်းစေသည်ကား တူ၏။ အရာအားဖြင့်ကား ဆိုခဲ့ပြီးသောအတိုင်း ကွဲပြားကုန်၏။

ရကာမတ္ထ-ဟူသည်နှိုက်လည်း "ကာ"ဟူသော စကားခွန်းသည် မတ္ထသဒ္ဒါ၏ အနက် ယူသင့်၏။ ထိုအနက်ကို အိဝ်ကာ, စားကာ - စသည်ဖြင့် ဆိုမိန့်ခြင်း၊ အိဝ်ကာမတ္ထ, စားကာမတ္ထ-စသည်ဖြင့် မတ္ထသဒ္ဒါဖက်၍ ဆိုမိန့်ခြင်း ဝေါဟာရဖြစ်၏။ ထိုအနက်ကား အိဝ်ခြင်း သာမန်,စားခြင်းသာမန်-ဟူ၍, သာမညအနက်ကို

ထင်စေ၍ ခေါ်ဝေါ်ကာမျှသာ၊ ဒြဗ်ဝတ္ထုအထည်မရကောင်းသော မြွာမှု သက်သက် စကားခွန်းဖြစ်၏။

ယပင့်သော အရာကား....“စီစီကျာကျာ”ဟူ၍ ဆိုအပ်သောအရာဝယ် ထင်၏။ ဤ“ကျာကျာ”ဟူသော စကားခွန်းကား ပညတ်မျှသာဖြစ်သော မြွာမှု သက်သက်တည်း။ ။ကျူကျူကျာကျာ-ဟူသည်လည်း နည်းတူပင်။ ။အချို့ကား“ကြွေးကြော်ရင့်ကျူး”ဟူရာနှိုက်ကဲ့သို့ စီစီကြာကြာ, ကြွကြွကြာကြာ-ဟူသည်မှာလည်း သဘောတူ ရစ်ထိုသည်ဟူကုန်၏။ “ကျာ”ဟူ၍ ယပင့်ရေးထိုသော အရာကား နည်းအံ့သည်။

ကြာ-ဟူသော အန္တကား ကြာပန်းဟူသောအရာ, ရှည်ကြာဟူသော အရာတို့နှိုက်ထင်၏။ ။အချို့ကား ကြာပန်းဟူသည်ကို ပင့်ထိုသည်ဟူကုန်၏။ ပင့်ဟန်, ရစ်ဟန်စကားကို အရာရောက်မှ ဆိုအံ့သည်။ ဦးခေါင်းနှိုက် ဆံကို ဆံကြာ, ကြာခြည် ဟူ၍ ခေါ်ဝေါ်ရာနှိုက် ဥပမာဖြစ်၍ ယခင် ကြာပန်းဟူသည်နှင့် မထူး။ ကြာပန်း-ဟူသည်နှိုက် ကြာ - ဟူသည်ကား ဥပုလ သဒ္ဒါ၏အနက် ပန်း၏အမည်တည်း။ ။ရှည်ကြာ၏-ဟူသည်နှိုက် ကြာဟူသည်ကား စိရသဒ္ဒါ၏အနက် ကာလရှည်ခြင်းတည်း။ ဤသို့သဘောတမူကား ကဲ့ယေ၏။ အရေးအခေါ်ကားမထူး။ ။စကြာမင်း, စကြာရတနာ, ယာဉ်စကြာ, ထက်နက်စကြာ, မီးပုံစကြာ-စသည်ဖြင့် ဆိုမိန့်ရာနှိုက်ကား စက္ကာဟူသော မာဂဓ, စကြ-ဟူသော သံသကရိုက် ဤဘာသာ နှစ်ပါးထွင် စကြ-ဟူသော သံသကရိုက် ဘာသာကို စွဲးမှီ၍, ဆိုသင့်သောကြောင့် မြွာမှု သက်သက် မဟူရ။

ကွာ-ဟူသော အန္တကား ကွင်းကွာ, ကွေကွာ-ဟူ၍, ဆိုမိန့်သည်၌ ထင်သည်။ ဤ-ကွာ-ဟူသော စကားခွန်းသည်ကား ကွင်းသည်, ခွင်းသည်၊ ကွဲးသည်, ခွဲးသည်-ဟူသကဲ့သို့ ကွာသည်, ခွာသည်-ဟူ၍, သုဒ္ဓအနက်, ကာရိုက်အနက်-အစုံရသင့်၏။ ထိုထွင် ပဌမကွရာကနှင့် ကွင်းသည်, ကွဲးသည်, ကွာသည်-ဟူရာ၌ သုဒ္ဓအနက်ဖြစ်၍, ပယောဂ မထောက် အထိုထို ဖြစ်ခြင်းသဘောဟူ၍, ယူရာ၏။ ။ခွင်းသည်, ခွဲးသည်, ခွာသည်-ဟူရာ၌ ဒုတိယကွရာခနှင့် ဆိုရာနှိုက်ကား ကာရိုက်အနက်ဖြစ်၍, ပယောဂ ထောက်၏။ ဖြစ်စေခြင်း အနက် ဟူ၍, ယူရာ၏။ ဤနှိုက် အထိုထို ဖြစ်ကာမျှကို သုဒ္ဓအနက်, ဖြစ်စေခြင်းအနက်ကို ကာရိုက်အနက် ဆိုသည်။ ဤစကားမျိုးကို ဆိုခဲ့ပြီးသည်နှင့်ညီ၍, နှထုံးသွင်း။ နောက်လည်း အရာရောက်ခါ ဆိုဦးအံ့။ ဤကွာသည်ဟူသော အနက်ကား ကွဲးခြင်း, ကွင်းခြင်း, အရာမှ လွှတ်ခြင်း-ဟူသော မြွာမှု ဝေါဟာရတည်း။ ။“ကျာ”ဟူ၍, ယပင့်ဝဆွဲး၊ “ကြာ”ယူ၍, အရစ် ဝဆွဲးတို့ကား မြွာမှုမထင်။ ကာ-ဟူသော အန္တ ပြီးပြီ။

ကိ-ကျိ-ကြို

၇၂-ဗျဥ္ဇနသရအန္တတို့တွင် ကဗျည်း ဣကာရန္တနှိုက်ဝေါဟာရကို မြခြင်းအကြောင်း

ပင့်ခြင်း, ရစ်ခြင်း, ဝဆွဲးမရှိ သက်သက်သော ကိ,ကိ-ဟူသော မြမွာဘာသာသည် မထင်။ ။ယပင့်လျက် ကျိ-ဟူသော ဝေါဟာရကား·····အခဲ, အကျိ-ဆိုသောအရာ၊ ညစ်ကျိ-ဆိုသောအရာနှိုက် ထင်၏၊ ထိုတွင်-

"အခဲးအကျိ၊ ကံကျွးရှိမှ၊ တော်ညီသာဖျည်း၊ ပေးသည့်နည်းတိ" ၁
"မိုးဖျားထိမျှ၊ အကျိအခဲး" ၂
"ထက်မျှမထိ၊ မြးသိကျိသား၊ ငွေတိကြွေးကြွေး" ၃

စသည်ဖြင့် စပ်ဆိုသော အရာတို့နှိုက် အခဲးအကျိ-ဟူသည်ကား များသည်၊ ပုံပုံစုစု ရှိသည်ကို ဆိုသည်။ ။ညစ်ကျိ-ဟူသည်ကား ညစ်ကျု-ဟူသည်နှင့် တူအံ့သည်။ ယခင် အခဲးအကျိ-ဟူသည်မှာကဲ့သို့ မြမွှန့်အနှစ် ရောနည်ခြင်း များထသော် မကြဲး, ခဲးခဲး ဖျည်ဖျည်, အကျည် အထု ဖြစ်လိုသဖြင့် ပုံပုံစုစုရှိသည် ထည်းကောင်း ဖြစ်၍ ညစ်သည်သာမဆို ကျိသည်ဟူ၍ ဖက်ဆိုခြင်းဖြစ်၏ဟူလျှင် ယခင် အခဲးအကျိဟူသော အနက်ထည်းကောင်းတည်း။ ဤ အခဲးအကျိဟူသည်ထည်း ရုံးစည်း စုပုံကောင်းသော အရာဝတ္ထုကို ခေါ်ဝေါ်ခြင်းဟူသော မြမွာမှသက်သက်တည်း။ ။အချို့သောသူတို့ကား ရွှေကျိသည်-ဆိုသော အရာနှိုက် ဆံခတ်သော အသံဖြင့် 'ကျိသည်' ဟူ၍ ခေါ်ဝေါ်ကုန်၏။ သဘော အားဖြင့်ကား ရွှေကို လိုရာအခဲး အလျက် အစုအပုံ ဖြစ်စေခြင်းငှာ မီးဖြင့် ပြုပြင်သည်ကို ထောက်သော် ယခင် အခဲးအကျိ ဟူသည်နှင့် မထူးသင့်ဖြစ်ပြီ။ ခွဲခွဲကျိကျိ-ဟူ၍ ထည်းကောင်း ကျိကျိကျွတ်ကျွတ်-ဟူ၍ ထည်းကောင်း အခဲးအကျိ, အကျိအနှက်စသည်ဖြင့် အထူးထူးဖက်ဆိုသည်သာ။ ဤအနက် ထည်းကောင်း ယူသင့်၏။ ။"ကြို" ဟူ၍ ရစ်လျက် လုံးကြီးတင်ကား မြမွာမှမထင်။

ကိ-ဟူသော အန္တ ပြီးပြီ။

---

၁ သံ * ၄၁။ ၂ ဘူပေါင်း၊ နိဂုံး * ၃။ ၃ ကိုး * ၁၄၅။

ကီ-ကျီ-ကျိုး-ကြိုး

၈၃-ဗျဥ်းနသရအန္တိမတွင် ကဗျည်း-ဣကာရန္တနှိုက်
ဝေါဟာရကို ပြခြင်းအကြောင်း

ကီ-ဟူသော အန္တနှိုက်....သက်သက်ငင်း ဝဆွဲးငင်း မထင်။ ။ကျီ-ဟူ၍ ယပင့် ဏျက် လုံးကြိုးတင် ဆံခတ်ဆိုမိန့်သော အရာကား ဝိသဇ္ဇနီသံပါ, မပါ နှစ်ကွဲးရှိ၏။

ကျိုးကန်း-ဟူသည်တွင် 'ကျိုး' ဟူ၍ ဆိုမိန့်ခြင်း။
"ရှားမိုးကျိုးသို့၊ ညိုးညိုးဝါဝါ"
"အကျိုးတောက်ပွား၊ မိုးပုံထားသို့"
စသည်ဖြင့် စဝ်ဆိုသော အရာတို့နှိုက် ဝိသဇ္ဇနီသံ ထင်၏။ ။'ကျိုကြ' ဟူသည်တွင် 'ကျိ' ဟူ၍ ဝိသဇ္ဇနီသံ မပါသောအရာလည်း ထင်၏။

ထိုတွင် ကျိုးကန်း-ဟူသည်နှိုက် 'ကျိုး' ကို အချို ယမပင့်သက်သက် ရေးဖတ်ကုန်၏။ ကျေးဌက်,ကျေးရွာ-ဟူသည်မှာကဲ့သို့ ယပင့်၍ ရေးရာမှာ ဆင့်တိမည်။ အချို ကား 'ကိန်းခန်း' ဆိုသည် 'ကိစ္စ' ဆိုသည်မှာကဲ့သို့ သက်သက်ရေးသော်လည်း ပင့်ဆံ ဖတ်လိုသည် ဆိုကုန်၏။ သဆောကိုထောက်သော် ကျိုးကန်း-ဟူသည်နှိုက် ကျိုး-ဟူသောအမည်ကား မြမွာမှသက်သက်။ ကိန်းခန်း-ဟူသည်မှာ ကိန်းကို ကိန္ဒြ၊ ခန်းကို ခန္ဓ (ခက္ခ-) ဟူ၍ ပါဠိ ရှိသည်။ ကိစ္စ-ဟူသည် မှာဃည်း 'ကရမှာရိစ္စ' ဟူသော သုတ်ဖြင့် ဘော, ကံ အနက်နှိုက် ကရဓာတ်, ရိစ္စ-ပစ္စည်းသက်၍ 'ကိစ္စ' ဟုရှင်ပြီးသည်။ ထိုကြောင့် ကိန်း,ခန်း,ကိစ္စ-ဟူသောအရာကား မြမွာမှသက်သက်မဟုတ်။ ကျိုး-တိရစ္ဆာန်၏အမည်ကား မြမွာမှ သက်သက်ဖြစ်၍ ယပင့်ရေးသော်လည်း သင့်အံ့သည်ပင်။

မြမွာမှနှိုက် သက်သက် မာဂဓဋ္ဌ ပင့်,ရစ်ခြင်း မရေးသင့်ပါသော်ဟူအံ့။ မာဂဓဋ္ဌ ပင့်ရစ်သည်ကား အချို့သော အာဂုံ,အာဒေသပစ္စည်းတို့ဋ္ဌသာထင်၍ မပင့်မရစ် သက်သက်သာ များသည်။ ထိုကိုမှီသော ဝေါဟာရထည်း ပါဠိနှင့်ထျော်စွာ သက်သက်သာ ဖြစ်၏။ ။ဖဦးထုတ်, ခဒွေးအက္ခရာတို့ကို ရစ်သော်လည်း ပင့်သံဖတ်လိုသည် အချို့ဆိုကုန်၏။ ထိုနှိုက်ကား ရစ်သံ နားမချမ်းရှိ၍ ဆိုသင့်ပေသည်။ ထိုမှကြွင်းသော မြမွာမှနှိုက်ကား ပင့်ရာနှိုက် ပင့်သံ, ရစ်ရာနှိုက် ရစ်သံ ဖတ်သည်ကို အထူး မဆိုသာသည် ဖြစ်၏။

"အကျိုးတောက်ပွား" ဟူ၍ လည်းကောင်း
"ပင်ရှားမိုးကျိုး" ဟူ၍ လည်းကောင်း-
ဆိုသောအရာရှိက်ကား မိုး၏အလျှံအရောင် အရှိန်အစေ့် အာနုဘော်ကိုပင် 'မိုးကျိုး' ဆိုသည်လည်း ယူသင့်၏။ ဤကား ရှေးစာဟောင်းတို့ နှိုက်သာ ပင့်၍ မြင်သည်။ အချို့ကား 'မိုးကြိုး' ဟူ၍ ရစ်ဝှက်ရေးကုန်၏။ ကြိုးကျယ်သောမိုး-ဆိုလိုသည် ယူရအံ့ ဖြစ်၏။ ။ဝိသဇ္ဇနီဆံမပါသော 'ကြကျိ' ဟူသော ဝေါဟာရ၌လည်း မြမှာမှသက်သက် လည်းကောင်း ဖြစ်၍ ဖတ်ဆံနှင့်ဝေျာ်စွာ ပင့်ရအံ့။ ဤနှိုက် "ရေးကာသက်သက်၊ ဖတ်ကာပရိုက်" မဖတ်သည်ပင်ဖြစ်၏။ ။ကြိုး, ဟူ၍ ရစ်ဝှက် လုံးကြိုးတင်ဆံခတ်ကား ယခင်ကြိုးကျယ်သည် ဟူသော ဝိသဇ္ဇနီဆံ တမည်သာ ထင်၏။

ကိ-ဟူသော အန္တကား ပြီး၍။

ကု-ကျူ-ကြူ

၈၄-ဗျဥ္ဇနသရအန္တတို့တွင် ကဗျည်း ဥကာရန္တနှိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ကု-ဟူသော တချောင်းငင် အန္တကိုကား.....သက်သက် ယပင့်သာထင်၏။ ထိုတွင် ကု-ဟူသော သက်သက်အန္တနှိုက် ကုမ-သည်ဟူသောအရာထင်၏။ ။မြို့စကု-ဟူသော ဝေါဟာရနှိုက်လည်း 'မင်းသားညီနောင်တို့ကို စ၍ ကုသည်' ဟူသော စကားကို ထောက်သော် ကုမခြင်းအနက်ပင်ဖြစ်၏။ ဤနှိုက် ကု၏ဟူသောစကားသည် ဆေးမန္တန်စသော ပယောဂထောက်ကူပြုန်သည်ပင်ဖြစ်၍ နှစ်ချောင်းငင်ဝျက် 'ကူသည်' ဟူသောအနက်သော်လည်း ဖြစ်သင့်၏။

ယပင့် ကျူ-ဟူသော ဝေါဟာရကိုကား ယခင် ညစ်ကျိ-ဟူသောအနက်လည်း ကောင်း ဖြစ်သင့်သော 'ညစ်ကျူ' ဟူသော 'မာလာကျိကျူ' ဟူသော အမည်တို့နှိုက် ထင်၏။ ထိုတွင် ညစ်ကျူဟူရာနှိုက်-

"စကားညစ်ကျူ၊ ရယ်မှုကိုမျှ။ ။ညစ်ညစ်ကျူကျူ၊ သူ့ထမင်းစား"
စသည်ဖြင့် 'ညစ်ကျူ' ရှိတုံ၊
"နှစ်မွန်းတတ်ဘိ၊ ချင်းသတ္တိဖြင့်၊ ညစ်ကျိမပြတ်-" [၁]
စသည်ဖြင့် ညစ်ကျိရှိတုံ-စပ်ဟပ်သည်ကို လည်းကောင်း သဘောအားဖြင့် မည္ဆတ်မကြည် အနည် မြွှန်စ် ရောနည်ခြင်းရှိ၍ ယခင် ဆိုခဲ့ပြီးသော အတိုင်း အခဲအဖျဉ်

---

၁ ကိုး * ၈၃။

ဖြစ်အံ့သည်ကို ကျိသည်-ဆိုသော အရာ ထည်းကောင်း ဖြစ်သည်။ ထိုကို ထောက်သော် 'ညစ်ကျိ,ညစ်ကျု' ဟူသော စကားခွန်းသည် သဘောမထူး။ ထိုတွင် အရာအားဖြင့်မူကား တစိတ်ထူး၏။ ။ကျိသည်-ဆိုသောအရာကား ညစ်နွမ်းခြင်းကိုသာ မထို၊ အကျိအခဲးဖြစ်ကာမျှကိုသာ ယူသင့်သော အရာထည်း ရှိသည်။

"အခဲးအကျိ၊ ကံကျွေးရှိမျှ"
"မိုးဖျားရှိမျှ၊ အကျိအခဲး"
"မြေးသိုကျိသား၊ ငွေတိကြွေးကြွေ"

စသည်ဖြင့် ညစ်နွမ်းသောအရာ မဟုတ်သည်၌ ထင်သည်။

"ချင်းသတ္တိဖြင့်၊ ညစ်ကျိမပြတ်"
"သွေးပြည်ကျိကျိ၊ ရိရိခဲခဲ"

စသည်ဖြင့် ညစ်နွမ်းသော အရာ၌လည်း ထင်သည်။

ကျု-ဟူသော စကားခွန်းကား-

"စကားညစ်ကျု၊ ရယ်မှကိုမျှ"
"ညစ်ညစ်ကျုကျု၊ သူ့ထမင်းစား"
"မထနောက်ကျု၊ မကောင်းမှုကို"

စသည်ဖြင့် ညစ်နွမ်းသောအရာ၌သာ များသောအားဖြင့် ထင်သည်။ အခဲးအကျိ ဖြစ်ကာမျှ ညစ်နွမ်းသောအရာမဟုတ်သည်၌ ဆိုမိန့်ခြင်းနည်းအံ့သည်။ ဤသို့မူကား တစိတ်ထူးသင့်၏။ ။မာလာကျိကျု-ဟူသည်၌ကား ခေါ်ဝေါ်ရုံမျှပညတ်ကာသာ အနက်ထူး မရှိမူ၍ ထည်းကောင်း ယခင်ဆိုခဲ့သည်နှင့်အညီ ကောင်းသော အနှံအခဲးအကျိ အပုံအစု-ဟူသောအနက်ကို ထည်းကောင်း ယူသင့်၏။ ကြွ,ဟူ၍, ရစ်၍, ရှိကောင်းသော မြမွာမှုကားမထင်။

ကု-ဟူသော အနှစ်ပြီးပြီ။

ကု-ကု။၊ ကျု-ကြ။၊ ကျူး-ကြ။း

၈၅-ဗျည်နှ သရအန္တတို့တွင် ကဗျည်း ဥကာရန္တနှိုက် ဝေါဟာရကို မြခြင်းအကြောင်း

ကူ-ဟူသော ဝေါဟာရနှိုက်ကား---သက်သက်လည်းကောင်း ယပင့်လည်းကောင်း အရစ်လည်းကောင်း ထင်၏။ ထိုတွင် သက်သက် "ကူ"ဟူသော ဝေါဟာရနှိုက် ဝိသဇ္ဇနီဆံပါ,မပါ ကွဲးသည်။ ထောက်ကူသည်,လွယ်ကူ, ကုံကူ-ဆိုသော

အရာ။ ဥချိုးငှက် ထွန်မြှုးသည်ကို ကူသည်-ဆိုသော အရာတို့နှိုက် ထင်၏။ ။ဝိသဇ္ဇနီ သံပါသောအရာကား....ကူးသန်းသည်,ဆိုသောအရာနှိုက် ထင်၏။ ထိုတွင် ထောက်ကူ၏-ဟူသည်နှိုက် ကူ-ဟူသော စကားခွန်းသည် မူလကိုမရောင့်ရဲ၍ ထောင်းစွက်ထပ်လောက်ခြင်း, ထောက်ပံ့စောင့်မခြင်း အနက်ဖြစ်၍ မူလရှိသင့်သည်တွင် ဆင့်ပွားခြင်းသဘောဖြစ်၏။ ထိုကြောင့် 'ကူ၏' ဟူလျှင် မူလရှိထင့်ငြိုးတို့တွင် ထောင်းပြန်သည်ကို ကူမသည်,ကူရန်သည်,ထောက်ကူသည်, လောက်ကူသည်, နွားမြီးကူသည်-ဟူသော ခေါ်ဝေါ်ခြင်းတို့သည် ဖြစ်၏။ ထောင်းစွက်ထပ်ပွားခြင်း အနက်ချည်းဖြစ်၏။ ။ယခင် ဆေးကုသည်- ဟူသော အနက်လည်း ဤနှိုက်ဝင်၍ ကူ-ဟူသော တချောင်းငင် အရာမှ လွတ်အံ့သို့ရှိ၏။

လွယ်ကူ-ဟူရာနှိုက် ကူ-ဟူသောစကားခွန်းသည် ပြေပြစ်ရံဖက်ကာမျှ အရအထူးမရှိ၊ လွယ်သည်ဟူသောအနက်မျှသာဟူ၍ လည်း ယူရာ၏။ ထိုသို့မဟုတ် အရင်းမူလအစသာ အခက်အခဲတို့တွင် ထောက်ကူသည်ကား အလွယ်သာဟူသော အနက်ကို ယူ၍ အလွယ်သာ,အကူမျှသာ ဆိုမည့်အတွက်ကို 'လွယ်ကူ' ဆိုသည်ဟူ၍ လည်းကောင်း အလွယ်သာဖြစ်သော ထောက်ကူခြင်းဟူ၍ လည်းကောင်း ယူမူ ယခင် အထောက်အကူ ဟူသောအနက်လည်းကောင်း ဖြစ်သင့်၏။

တံကူ-ဟူရာနှိုက် တံကို သေးသေးတင်လျက် ပန်းသီတံဟူသကဲ့သို့ အချောင်းအတံယူ၍ ကူ-ဟူသည်ကို ပြေပြစ်ရံ ဖက်ကာမျှဟူ၍ လည်း ယူသင့်၏။ ထိုသို့မဟုတ် ထိုအချောင်းအတံဖြင့် ခိုင်ခဲ့စေ့စပ်ကြောင်း ထပ်လောင်းကူမသည်ပင်ဖြစ်၍ "တံကူ"ဆိုသည်ယူလျှင် ယခင်ထောက်ကူခြင်းအနက် လည်းကောင်းတည်း။ ။ဤတံကူ-ဟူသော အနက်မည်သည် "တံစုန်း"ဟူသည်နှင့်တူအံ့။ဆေးတံ, ပန်းသီတံ ဟူသကဲ့သို့ အချောင်းအတံ ဆိုသင့်သည်တွင် ရေမှပေါ်သည်ကို စွဲ၍ "စုန်း"ဟူ၍ ဆိုသင့်ပြန်ရကား ထို 'တံ'ဟူသည့် "စုန်း"ဟူသည့် အမည်နှစ်ပါး ပေါင်း၍ "တံစုန်း" ဆိုအပ်သကဲ့သို့ အချောင်းအတံ ဖြစ်သည်။ ကူမသည်-ဟူသော အမည်နှစ်ပါးပေါင်း၍ "တံကူး"ဟူသည်ကား "တံစုန်း"ဟူသည်နှင့် တူစွာ၏။ ။ကံ့ကူ-ဆိုသော အရာနှိုက် ကံ့တခြား, ကူတခြား မခွဲခဲ့နှင့် နှစ်ခွန်းသောအဆံရှိသောဖြင့်တခု၏ အမည်ပညတ်မျှသာဟူ၍ လည်း ယူသင့်၏။

ဤနှစ်ခွန်းသောအဆံသည် ခြင်္ဂတခု၏ အမည်ဟူသည်ကို ခွဲးလိုက်အံ့-

နှန်း,အိမ့်,မြို့,ရွာ-ဟူသကဲ့သို့ သရ တလုံးကိုသာ မှီ၍ တခွန်းတည်းသော ဝေါဟာရ၊

စရဝ်,စဆွံ-ဟူသကဲ့သို့ သရန္ဓစ်လုံးရှိ၍, နှစ်ခွန်းသော ဝေါဟာရ၊ သရဖိ, ဇထဏာ-စသော အမှည်းကဲ့သို့ သရသုံးလုံးဖြင့် သုံးခွန်းသော ဝေါဟာရ-

ဤသို့စသည်ဖြင့် အရနက် အထူးမထွက်။ ဝတ္ထုတခုတည်းကို ခေါ်ဝေါ်သော ဝေါဟာရဖြစ်ဟန်ကို နှလုံးသွင်းရာ၏။ ဤနှင့်အတူ သရလေးလုံး, ငါးလုံးစသည်ဖြင့် လေးခွန်း ငါးခွန်းစသည် ခေါ်ဝေါ်ကောင်းသော တခုတည်းသော ဝတ္ထုအရ အနက်မထွက်ကောင်းသော အရာကား နည်းအံ့သည်။ ။ဆေးတံ, ဆေးအိုး-ဟူသကဲ့သို့ ဆေးအရ အိုးအရ ရှိကောင်းသည်ကိုထည်း သရန္ဓစ်လုံးမဆိုသာ၊ပန်းသီတံ-ဟူသကဲ့သို့ ပန်းအရ,သီအရ, တံအရ ရှိအံ့သည်ကိုထည်း သရသုံးလုံးမဆိုသာ။ အရအထူးမထွက်ဝဲး နှစ်ခွန်း,သုံးခွန်း ဆိုကောင်းသည်ကိုသာ ဤဒိတခုတည်း၏ အမည်ဟု ဟူရာ၏။

ထိုထွင် ဤ"ကံ့ကူ"ဟူသော ဝေါဟာရသည် အရမကွဲးလျက်နှစ်ခွန်း ဆိုကောင်းသောအရာဖြစ်၏။ ကံ့-အရ ကူ-အရကွဲး၍, ထွက်မူကား သရန္ဓစ်လုံးဖြင့် နှစ်ခွန်းဆိုသော်လည်း အရကွဲးရှိ၍, နှစ်ခွန်းဆိုကောင်းသောအရာ မဆိုသာသည် ဖြစ်၏။ ထိုသို့တမူကား အရကွဲး မယူသာသကဲ့သို့ရှိ၏။ အရကွဲး ရှိသင့်ရာနှိက် သမာသ်ဖြစ်သင့်မဖြစ်သင့်ကိုလည်းကောင်း သမာသ်ဖြစ်သင့်ရာနှိက် ဒွန်,တပ္ပုရိသ် စသည်တို့ထွင်သင့်ရာ အနက်ကိုလည်းကောင်း နှလုံးသွင်းရာ၏။ ။ဥမျိုးငှက် ထွန်မြည်သည်ကို ကူသည်-ဟူ၍ ဆိုသောဝေါဟာရကား-

"ဘုတ်ကအိန်းဟူ၊ ချိုးကကူထျက်၊ တယူသမ်းဖျောင်း"[၁]

ဟူ၍, တောလားထွင် ထင်၏။ ထိုအခေါ်အဝေါ်ကား ထိုငှက်၏ ထွန်သံတစိတ်မျှကိုစွဲး၍, ခေါ်ဝေါ်သကဲ့သို့ရှိ၏။ ။ပဉ္စကူဆိုသော အရာ, စန္ဒကူ-ဆိုသောအရာတို့ကား မြမ္မာသက်သက်မဟုတ်၊ ပဉ္စကူသ, စန္ဒကူသ-ဟူ၍, ဆိုသင့်သည်ထွင် သ-အက္ခရာကြောဆိုသကဲ့သို့ရှိ၏။ ပဉ္စကူသ-ဟူသည်၌"ငါးပါးသောအမျိုး"ဟူလို။ စန္ဒကူ-ဆိုသည်၌ထည်း ထိုဆေးနှင့် သ-၏ ဒေးမြခြင်းတူသည်ကိုစွဲး၍, "သ-၏အမျိုး"ဟူလို၍, ဆိုလိုရင်းရှိ၏။ ။ဆင်ခြင်ပါ။

ဝိသဇ္ဇနီသံပါလျက်"ကူးသန်းသည်"ဟူသော ဝေါဟာရနှိက် ကူး၏-ဟူသည်ကား မူလတည်ရင်မှ ပြောင်းရွေ့ခြင်းအနက်ဖြစ်၏။ ထိုအနက်ကို ကူးသွားသည်၊ ကူးသန်းသည်၊ ကူးဆန်သည်၊ ကူးခပ်သည်၊ ကူးရောက်သည် - စသည်ဖြင့် ဖက်ဆိုရာနှိက် အရကွဲး အရတူ ဆင်ခြင်ရာ၏။

---

၁ ဒေး * ၈၆ (၃)။

ကူးသွားသည် ဟူရာရှိက် ကူးသည်-တခြား၊ သွားသည် တခြားမဟုတ်။ ပြောင်းရွေ့ခြင်း အနက်ချည်းပင် ဖြစ်၏။ ကူးသန်းသည် ဟူရာရှိက်ကား ပြောင်းရွေ့ကာ မျှမဟုတ်၊ ခရီးအဓွန့်, လွေ့, ရေ့, ယာဉ် - စသည်တို့၏ အထူဉ်ကိုဖြတ်ချင်း၍, သွားသည် ဟူသော အနက်ဖြစ်၏။ ။ကူးဆန်သည်-ဟူရာရှိက်ကား အောက်အကြောဆို ထည်းကောင်း တူရုဖြတ်ချင်း၍, ထည်းကောင်း မကူး။ အမြင့်အညာသို့ဆန်တက်၍, ကူးသည်ဟူသောအနက်ဖြစ်၏။ ။ကူးခပ်, ကူးရောက် - ဟူရာရှိက်ကား ကူးသော ကြောင့် ထိုရာခပ်ရောက်သည်ဖြစ်၍, ကူးခြင်းကားအကြောင်း, ခပ်ရောက်ခြင်းကား အကျိုးဟု၍, ယူသင့်၏။ ယင်းသို့သောကြောင့် ဖက်ဆိုသည်နှင့်လျော်အောင် အရတူရှိ မရှိကို နှလုံးသွင်းရာ၏။

ကျူ-ဟူ၍, ယပင့် အရာရှိက်ထည်း ဝိသဇ္ဇနီသံပါ, မပါရှိ၏။ ဝါးကျူ-ဆိုသော အရာ၊ ကျာကျာကျူကျူ-ဆိုသော အရာတို့ကား ဝိသဇ္ဇနီမပါဆံ ဖြစ်၏။ ထိုတွင် ဝါးကျူ-ဟူသည်ရှိက် အချို့ရစ်ကုန်၏။ အစွဲးကိုနှလုံးသွင်းရာ၏။ ပညတ်သံ ဖြစ်၍, တမူကား ရစ်သင့်အံ့သို့ရှိ၏။ ။ကျူကျူကျာကျာ-ဟူသည်ရှိက်ကား-

"မျက်နှာထိသူ၊ ဖောက်ခဲ့မူကား၊ ငိုကျူညှိုးထွေ" ၁

ဟူ၍, ပါရမီခန်းထွင်စပ်၏။ အချို့စာကား "ငိုရူ"ရှိ၏။ "မြည်တမ်း ကျိကျိ၊ ငွဲချိုး ငိုသည်"ဟူ၍, ဘူရိဒတ်ဃ်ာတွင် ကျိုကျိုစပ်သည်။ အရအနက်ကွဲးမည်မထင်။ အချို့ကား-ကြွကြွ, ကြိုကြို-ဟူ၍, ရစ်ကုန်၏။ "ကျူကျူကျာကျာ၊ ကျည်ကျည်ကျစ်ကျစ်" ဟူသည်နှင့် အထားတူအံ့သည်။ အသံထင်စွာ နားသို့ရောက်သည်ကိုဆိုသောစကား မျိုးချည်းဖြစ်၏။

ဝိသဇ္ဇနီသံပါသောအရာကား အလွန်အကျူး-ဟူ၍, ဆိုသော အရာထင်၏။ ထို အနက်ကား မူသထက် သာလွန် တိုးကဲးသော အနက်ဖြစ်၍, မူထရှိထင့်ပြီးတွင် သာလွန်ပြန်သည်ကို ကျူးသည်, ကျော်သည်, လွန်ကဲးသည်, တိုးပွားသည်-ဟူသော ဝေါဟာရဖြစ်၏။

ကြွ-ဟူ၍, ရစ်သောအရာရှိက်ထည်း ဝိသဇ္ဇနီသံပါ, မပါကွဲး၏။ ပျံကြွ, လှိုင်ကြွ-စသည် ဖြင့် ဆိုသော အရာကား ဝိသဇ္ဇနီသံမပါ။ ထိုတွင် ပျံကြွ-ဟူသည်တွင် ပျံ၏-အရကား ခံသာခံချိသော အနှံ့ရှိသည်ဟူသော အနက်၊ ကြွ၏-အရကား ထိုနှံ့သည် ပေါက်ရောက်နှံ့ပြား ထင်ရှားစွာ ဖြစ်ခြင်းဟူသောအနက်၊ ဤအနက်နှစ်ပါး ပေါင်း၍, ပျံကြွ-ဟူသော ဝေါဟာရဖြစ်၏။ ထိုနှင့်လျော်စွာ ဧးပျံ၊ သင်းပျံ၊ လှိုင်ပျံ၊ ကြိုင်ပျံ-ဟူသည်တို့၌ ပျံ ပျံပျပျ-ဟူသော စကားခွန်းသည် မထင်လွန်း သိမ်မွေ့

၁ ပါဒိ * ၁၃၆။

နူးညံ့သော အခြင်းအရာချည်းဖြစ်၏။ ။ထိုတွင် ကြူဟူသော စကားအရ ပေါက်ရောက်, နှံပြား, ထင်ရှား သိသာစွာ ဖြစ်ခြင်းအနက် ယှဉ်ပြိုင်၍ ခံချိခံသာစွာသော ထိုအနှံသည် ထင်ရှားနှံပြား၏ဟူသော ထိုအနက်ကို ရပြန်၏။ ။ဤနည်းအတူ လှိုင်ကြူ,မွေးကြူ-ဟူရာနှိုက် လှိုင်၏-အရ များပြားသည်။ မွေး၏-အရ အနှံကောင်းသည်။ ကြူ၏-အရ ပေါက်ရောက်သည် ဟူသောအနက်ကို ယူသင့်၏။ ထိုတွင် လှိုင်သည်-ဟူရာနှိုက်ကား အထည်ငွေ၀ယ်ထွေ များပြားသည်ကို ယူသင့်သော အရာလည်း ရှိအံ့သည်။ ကြူ၏-အရာတမူကား အထည်မဟုတ် အနှံမျှကိုသာ ယူသင့်အံ့သို့ရှိ၏။ ထိုကြောင့် ပေါက်ကြူသည်-ဟူရာနှိုက် အမြင်၀ယ်ထွေမထင်။ အနီးသာ ဖြစ်သော်လည်း အနှံအရ ပေါက်လွန်ချေသော် "ကြူ၏" ဆိုထေသည်။

ဝိသဇ္ဇနီသံပါဏိက် ရင့်ကြူး, ခြီးကြူး-စသည်ဖြင့် ဆိုသောအရာ၌ကား.....ရင့်ရွသောအဆံဖြင့် ကြွေးကြော်သည်ကို 'ရင့်ကြူးသည်, ကြူးရင့်သည်'ဆို၏။ ခြီးကြူး-ဟူသည်နှိုက်လည်း ခြီးမွမ်းခြင်းအသံဖြင့် ကြူးရင့်သည်ပင်ဖြစ်၏။ ဤအနက်ကိုရည်၍-

"ရွှင်ရွှင်ဖြူးဖြူး၊ ဖားသံကြူးထျက်" ၁
"သားအားဝိုက်ဖြူး၊ မိဘကြူးသို့၊ ကျေးဇူးကိုသာ" ၂
"ချစ်သံပေါ်ထူး၊ ရင့်ကြူး၀မ်းပါး၊ သနားဖွယ်မှ-" ၃

ဤသို့စသော အစပ်အဟပ်တို့နှိုက် ရွှင်သံ,ချစ်သံဖြင့် ကြူးရင့်ခြင်း အနက်ဖြစ်၏။ ။ အချို့ကား-ကျူးကျော်-ဟူသည်မှာကဲ့သို့ ပင့်၍ ရေးကုန်သည်၊ ဆင်ခြင်။

ကူ-ဟူသော အန္တဗြိုဗြို။

ကေ၊ကျေ-ကြေ၊ ကျေး-ကြေး၊ ကွေ-ကွေး -ကျွေး
ကြွေ-ကြွေ့-ကြွေး

၈၆-ဗျဥ္ဇနသရအန္တတို့တွင် ကဗျည်း ကောရန္တနှိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ကေ-ဟူသော အန္တကား သက်သက်မထင်။ ။ယပင့်၊ဝဆွဲး၊ ပင့်၍ ့ဝဆွဲး၊ ရစ်၍ ့ဝဆွဲးတို့ကား ထင်၏၊ထိုတွင် ယပင့်နှိုက် ဝိသဇ္ဇနီသံပါ,မပါကွဲး၏။ ပျက်ကျေသည်,ကျေပွန်သည်,ကျေပွေ့-ဆိုသောအရာတို့ကား ဝိသဇ္ဇနီသံမပါ။ထိုနှိုက် 'ကျေ'ဟူသော စကား၏အရာသည် မကြွင်းမကျန် ကုံပျောက်ခြင်းအနက် ဖြစ်သင့်၏။

---

၁ ဘူထင် * ၃၅၂။ ၂ ကိုး * ၁၅၀။ ၃ နောင် ၅၆။

ထိုသို့ဖျက် ရိပ္ပဝိန္ဒမ်းနယ်ကာမျှ အထည့်မပျောက်ရှိဖျက်ကိုပင် ကျေထွားသည့်,ကျေမွသည်-ဆိုသောအရာထင်၍, တစိုးတစိ အထည့်ကြွင်းသော်လည်း အနေယိုယွင်း, နွမ်းနယ်,ပါးရှားကာမျှကိုပင် ကျေသည်ဆိုသည် ယူဘွယ်ရှိ၏။

သဘောအားဖြင့်ကား "သရကျေ,ဗျည်းကျေ" ဟူရာရှိက် နွမ်းနယ်ရိပ္ပဝ်ကာမျှသာ မဟုတ်၊ မကြွင်းမကျန် ပျောက်သည်မရှိစေသည်ပင် ဖြစ်ခဲ့၏။ ဤနှင့်လျော်စွာ အရာဆိုလိုက်၍, ကုံပျောက်ခြင်းအနက် ရောက်အောင် ယူသင့်ရာသည်။ ။ကျေထွားသည် ဟူရာရှိက် ကွဲးပျက်စဉ်လွှင့်၍, အစုအခဲးပျောက်သည်ပင် အစိတ်အကွဲးသာ ကျန်၍, အခဲးအပုံ မရှိသည်ပင်ဖြစ်၏။ ထွားသည်-ဟူသောစကား၏အရကား မုန့်မုန့်ညက်ညက်သေးဖွဲး၍, တည်သည်ဟူသော ဝေါဟာရဖြစ်၏။ ကျေမွ-ဟူသည်ရှိက်ထည်း အခဲးအစုပျောက်၍, မခိုင်မကျန်း မွမွရွရွသာဖြစ်၏ဟူ၍, ယူလျင် ကျေသည်-ဟူသောစကား၏အရသည် ကုံပျောက်သောအနက်ချည်းကျ၏။ဤနည်းအတူ ပျက်ကျေသည်ဟူရာရှိက်ထည်း အခဲအစုပျောက်သည်ပင်။ကျေပွန်ဟူရာရှိက်ထည်း ပွန်းတီးကျင်ထည် သောကြောင့် နှောင့်ရှက်ငြိစွန်းခြင်း မရှိသည်ပင်ဖြစ်၏။

ကျေပွေ ဟူရာရှိက် ကျေ-ဟူသည်ကို ကျေပျောက်ခြင်းဟူသော အနက်ထည်း ကောင်း ယူ၍, အဓိပ္ပါယ်ဆိုအံ့····ဆုံ-ဟူသောတည်ရာ အခွက်၏ပတ်ထည် နံပါးနှင့် ဝိုက်ပွေထျက် မထွက်မရွေ့တည်သော ကြက်သွန်,ဂရတ်,စပါး, ပြောင်း,ဝဲး-စသည်တို့ကို ကျေစေတတ်သော အသုံးအဆောင်ဖြစ်၍, ကျေပွေ-ဆိုသည် ယူသင့်၏။ ။ ဤသို့ယူမူ ကျေပွေ-ဟူသည်တွင် ကျေ၏အရ ယခင်ကျေပျောက်ခြင်း အနက် ဖြစ်၏။ ဤကျေပွေ ဟူသော ဝေါဟာရသည် အမည်မျှသာဟူ၍, ဆိုသော်လည်း သင့်ရာ၏။ ပ-ဗျည်းနှင့်စပ်သည်ဖြစ်၍,ထည်း အရာမဟုတ်လွန်း၊ ထိုသို့သော်လည်း စူးစားစေထို၍, ဆိုထိုက်သည်။

ကျေးသီး,စည်းစိမ်, ကျေးဇူက်-ဟူသည်တို့ရှိက်ကား ဝိသဇ္ဇနီသံ ထင်၏။ ထိုတွင် ကျေးသီး, စည်းစိမ် ဟူရာရှိက် ရွာကိုပင် "ကျေး"ဆိုသည်။ မြို့ထက် ရွာကိုကား 'ကျေးလက်'၊ မြို့ထက်မဟုတ်မူ "ကျေးသီး"ဆိုပါသည်သာ။ မြို့ကိုမဆို ရွာကိုဆိုသော အရာသာထင်၏။

ကျေးဇူက်-ဟူရာရှိက်ကား ကြက်တော, ဖောင်းကား, ကုလား, တမာ-စသော အမည်ဖြင့် ထင်သောဇူက်အထူးကို ဆိုသောအရာထည်း ထင်၏။ ဝမ်းဘဲး, ဟင်းသာ, ကြိုးကြာ,သောင်တင်း, ဝိန်ညင်း,ဝဲးထွေး-စသောဇူက်တို့ကိုပင် 'ကျေး'ဆိုသောအရာထည်း ထင်၏။ ထိုတွင်-

"ပေါက်နှင့်ကျေးသို့၊ ကြီတွေးလှည့်ကာ၊ မသိသာ" [၁] ဟူ၍ ထည်းကောင်း
"ပေါက်ဝဲးကျေးနေ၊ သိခဲးထွေ" [၂] ဟူ၍ ထည်းကောင်း-
ဆိုသောအရာတို့နှိုက်ကား ယခင်ကြိုက်တော၊ ဖောင်းကား-စသော ဌက်အထူးတို့ကို "ကျေး" ဆိုသည်ယူသင့်၏။

အဘယ်ကြောင့်နည်း ဟူမူကား....ကြိုက်တော၊ ဖောင်းကား-စသော ဌက်တို့၏ ကိုယ်နှင့် ပေါက်ရှက် စိမ်းသောအဆင်း တူသည်၊ နှုတ်သီး, ထည်ရစ်, တောင်ပန့်, တို့နှင့် ပေါက်ပွင့် ပေါက်ငုံ နီမြန်းသော အဆင်း တူသည်ဖြစ်၍, ကျေးနားလျှင် သိမြင်ခဲးရကား "ကျေးကား-အဘယ်နည်း" မေးကောင်းသောကြောင့် ပေါက်ပင်ကို "ကိ ံသုက" ဟူ၍ မာဂဓရှိသည်။ သုကော၊ ကျေးသည်။ ကိ ံ - အဘယ်နည်း။ "ကိ ံ-အဘယ်သည်လျှင်၊ သုကော- ကျေးနည်း။ ။ဤသို့အနက်ယူ။ ယင်းသို့လျှင် ပေါက်ပင်နှိုက် ကျေးကို ကြီတွေးသိမြင်ခက်သည်ကို ထောက်၍, "ပေါက်ပင်ကျေးသို့၊ ကြီတွေးလှည့်ကာ၊ မသိသာ" ဟူသော စကားကို မိန့်ကုန်၏။ ဤနှိုက်ပေါက်ပွင့်ခိုက်ကိုထည်းကောင်း ပေါက်သည် ပင်စည်, အန္ဓယ် နှစ်ပါးထွင် ပေါက်နှယ်ကိုထည်းကောင်း စဉ်စေလို၍, "ပင်လုံး ကျွတ်လျှင်၊ နီတွတ်လှတင့်၊ အပွင့်ရဲးရဲး" [၃] ဟူသော စကားကို မိန့်ထေသည်။ ထိုထွင် ပင်လုံးကျွတ် ဆိုသဖြင့် ပေါက်နှယ်စဉ်၏။ "အပွင့်ရဲးရဲး" ဆိုသဖြင့် မပွင့်ခိုက်ကာထ စဉ်၏ဟု နှလုံးသွင်းရာ၏။ အထျဉ်းတော်၍, ဖော်လိုက်သည်။

ဤနှိုက် ကျေး-ဟူသည်ကား ကြိုက်တော, ဖောင်းကား-စသော ဌက်အထူးကို ယူသင့်၏။ ထိုမှတပါး-

"တုက္ကန်းလွတ်ပြိုင်၊ ကျေးမြိုင်" [၄] ဟူ၍ ထည်းကောင်း
"မြသွင်ကိုမွေး၊ စိန္ဒပြည်ကျေး" ဟူ၍ ထည်းကောင်း
"ကိုယ်လုံးမြတွေ၊ မြနန်းနေ၍၊ တတ်ထွေပညာ၊ ကျေးတကာထွင်" ဟူ၍ ထည်းကောင်း

"မြကိုယ်လုံးဝယ်၊ ကိုးမည်ချယ်သား" [၅] ဟူ၍ ထည်းကောင်း
"မြဆိုင်မြရောင်၊ ကိုယ်လုံးပြောင်မျှ" [၆] ဟူ၍ ထည်းကောင်း-

---

၁ ထောသာ * ၂၆။
၂ အတွင်း ဝိဋကနာထ မေတ္တာစာမှ ရှင်မဟာရဋ္ဌသာရဆိုထက်ာ (၀)၈၌ ၅၅၁။
၃ အတွင်း ဝိဋကနာထ မေတ္တာစာမှ ရှင်မဟာရဋ္ဌသာရဆို ထက်ာ (၀)။ ၈၌ ၅၅၂။
၄ နောင် နဝမျက်ခြည် ၏ ကျေးစေရတု၊၀။
၅ ဒေး * ၁၁၀ (၁)
၆ ရှင်သံခိုဆို လွတ်စံ,စံရာ ၏ ရတု။

စိမ်းသောအဆင်းရှိဟန် သဒ္ဒန္တရိတ်ပါဏက် မြ-ဟူသော စကားခွန်းကို တော်က သဖြင့် ကြက်တော၊ ဖောင်းကား-စသော ဌက်အထူးကို ထည်းကောင်း ယူသင့်၏။

ဝမ်းဘဲ့ဟင်း သာ-စသောဌက်တို့ကိုပင် ကျေး-ဆိုသော အရာကား....“ကျေးဌက် စုံစုံ၊ ကင်းငုံခြွေဆွတ်။ [၁] ။ကျေးဌက်ထည်ခွေ၊စုံစုံနေ၏။ [၂] ။ကျေးဌက်သိုက်ထွင်၊ ထည်ချင်းတင်၍။ [၃] ။ကျေးဌက်နွန်းပုံ၊ ပျော်ခြင်းတုံထည်း။ ။ကျေးဌက်လွမ်းဖော်ညှို့၏သို့” [၄] စသည်ဖြင့် စဝ်ဆိုသောအရာတို့ရှိက် ထင်၏။ ထိုရှိက်‘ကျေးဌက်စုံစုံ’ဟူသည်ကား ဖိုမအစုံအစုံရှိသော ဝမ်းဘဲ့ဟင်းသာ-စသောအမှတ်မရှိသော ဌက်တို့တည်း။

တနည်းကား....စုံစုံစိစိ ဌက်အမျိုးတို့သည် အကင်းအငုံကို ခြွေဆွတ်သည်ဟူ၍ ထည်းကောင်း ထည်ချင်းခွေရှက်ကာ နေသည်ဟူ၍ ထည်းကောင်း ထိုအမှတ်မဲ့သော ဌက်တို့၏ ပုံစံကို တန္ဒန်းပြု၍ ပျော်မွေ့ချင်သော်ထည်း ဟူ၍ ထည်းကောင်း ထိုဌက်တို့၏ လွမ်းဆွတ်ဖော်ညှို့၏ ဆိုဟူ၍ ထည်းကောင်း မြင်မြင်သော ဌက်တို့ကိုပင် ယူသင့်သောအရာနှိက်ထည်း ‘ကျေး’ဆိုသော အရာထင်၏။

ဤနှိက်“ကျေးဌက်”ဆိုသောကြောင့်၊ကျေး-ဟူသည်ကို ကြက်တော၊ဖောင်းကား-စသော ဌက်အထူးကို ယူ၍ ဌက်-ဟူသည်ကို ထိုမှကျန်သမျှ*ယူလျှင် ကျေး-၏ အရ မြင်သမျှဌက် မဟုတ်သင့်ဘကားဟူအံ့။ဌက်-ဟူသည်တွင် ကျေး-ဝင်ငြိုးဖြစ်၍ ကျေးကို အထူးဆိုစုမရှိဖြစ်ခဲ့၏။ ။ဌက် - ဟူသည်တွင် ကျေးဝင်သော်ထည်း ဥပလက္ခဏနည်းအားဖြင့်မှတ်၍ ပြပါသည်။ “ပူးပေါင်းကိုက်ဆွဲ၊ ကျီးဌက် ခွဲ၍” ဟူရာနှိက် ဌက်ဟူသည်တွင် ကျီးဝင်လျက် ‘ကျီးဌက်’ဟု ဆိုပြန်၏သို့ မဆိုသင့်ပါသောဟူအံ့။ မထင်သည်ကို ထင်စေလို၍ ထင်သော ဝတ္ထုဖြင့် ပြသည်သာ ဥပလက္ခဏနည်း။ “ထီးဖြူကိုရ၏”ဟူရာနှိက် သံလျက်၊ သင်းကျပ်၊ သားမြီးယပ်-စသော မင်းမြောက်တန်းဆာ ငါးပါးတို့တွင် ထင်သော ထီးဖြူကို ဆိုသဖြင့် မထင်သော ခြေနင်း၊ သင်းကျပ်-စသည်တို့ကိုလည်း ရသင့်သည်။ ဤနှင့်အတူ “ကျီးဌက်ခွပ်၍” ဟူသည်တွင် ကျီးသည် ထိုးခွပ်တတ်သော အခြင်းအရာထင်သည်ကို မှတ်၍ ယူသင့်သည်။ ထိုကဲ့သို့ ကျေးနှိက်သာ ဖိုမအစုံနေခြင်းမထင်။ ထည်ရှက်, ထည်တင်, လွမ်းဆွတ်ဖော်ညှို့၏သို့သောအမူအရာသည်ထည်းကျေးနှိက်သာမထင်၊ဝမ်းဘဲ့ဟင်းသာ-စသော တပါးဌက်တို့၌လည်း ထင်သည်ချည်းဖြစ်ခဲ့၍ ဥပလက္ခဏနည်း မဟုကောင်း။

---

၁ နောင် မှာခဲ့ရက်ဖျင် ချီရတု၊ ဒု။
၂ နောင် ကြာမည်ရက်ထည်း ချီ ရတု၊ထ။
၃ နောင် ထာဆဲ့နှစ်ခွင် ချီရတု၊ ဒု။
၄ နောင် ထာရက်ထကို ချီ ရတု၊ ထ။
* ကျန်သမျှ ဌက်တို့ကို?

ယင်းသို့သော် "တိရစ္ဆာန်ကျေးငှက်၊ ချဉ်ပိုးရွက်နှင့်၊ ဆိတ် ဝက် ကျွဲ နွား" ဟူသည် မှာကဲ့သို့ တစိတ်မျှ ပြသော နိဒဿန နည်းအားဖြင့် ကျေး-ဟူသော ငှက်အထူးကို တစိတ်မျှပြပါသည် မယူသင့်ပါဟော်ဟူအံ့၊ ဤသည်းမသင့်။ မသင့်ဟန်ကား-

> "တိရစ္ဆာန် ကျေးငှက်၊ ချဉ်ပိုးရွက်နှင့်၊ ဆိတ်, ဝက်,ကျွဲ,နွား၊ သစ်ကျား, မြင်း,ဆင်၊ သမင်,ကြွေ, စိုင်၊ ဖော်ရိုင် ချေ, ဆင်၊ လိပ်, ဖွပ်, တက်တူ။ ပင့်ကူ, အိမ်မြွေဝဲ၊ လူအယောင်ဆို-[1]

ဟူ၍ စပ်ဆိုရာ၌က် ချဉ်ပိုးရွက်, ဆိတ်,ဝက်-စသော သရုပ်များစွာဆိုသည်ထွင် မကုန်ကြွင်းကျန်အံ့သည်ကို ထောက်၍ သာ နိဒဿနနည်းဆိုသည်။ သရုပ်များစွာမဆို၊တခုနှစ်ခုမျှဆို၍ အများကျန်သည်ကို ထည်းကောင်း ယူသင့်သော်သာ နိဒဿနနည်းဆိုကောင်း၏။

ဤနိုက်ကား ကျေးတခု,ငှက်တခု-ဟူ၍ သရုပ်ကိုဖော်သည်မဟုတ်။ ကျေး-ဟူသည်ကား အမည်ထူး၊ငှက်ဟူသည်ကား အမည်ထူးမဟုတ်၊သရုပ်ကိုမဖော် သာမည အနက်ဖြစ်ခဲ့၏။ ကျေးကိုသာထည်းကောင်း ဝမ်းဘဲ,ဟင်းသာ-စသော သရုပ်တခုနှစ်ခု ထောင်းပြန်၍ ထည်းကောင်း ဆိုရာ၏။ ယင်းသို့ဆို၍ မဝင်မပါကျန်သည့် ငှက်တို့ကို ယူသင့်သော်သာ နိဒဿနနည်း ဖြစ်သင့်အံ့သည်။ ယင်းသို့သောကြောင့် နိဒဿနနည်းလည်း မသင့်။ ကျေး-ဟူသည်လည်း ငှက်ပင်၊ငှက်-ဟူသည်လည်း ကျေးပင် ပြေပြစ်စေလို၍ ဖက်သည်ဖြစ်၍ ငှက်မြင်မြင်သမျှကို "ကျေး" ဆိုသောအရာဖြစ်သည်ဟု နှလုံးသွင်းရာ၏။

ကြေ-ဟူ၍ ရစ်သောအရာနှိုက်လည်း ဝိသဇ္ဇနိပါ,မပါအသံကွဲး၏အညာ,အကြေ ဟူသည်နှိုက် ဝိသဇ္ဇနိမပါဘဲ ထင်၏။ ထိုနှိုက် အညာဟူသည်နှင့် အထက်အကြေဟူသည်နှင့် အောက်-ဟူသော စကားခွန်းသည် တစိတ်မျှကွဲး၏။ ။အထက်ဟူသည်,အောက်ဟူသည်ကား....မြင့်ခြင်း,နိမ့်ခြင်း, အရပ်ဟူသမျှနှိုက် ထင်၏။ ။ အညာ,အကြေ-ဟူသည်ကား....လေရေတို့၏ လာရာအရပ်တို့ကိုမှတ်၍ အနိမ့်,အမြင့်မဟူရ အညာ,အကြေ-ဆိုသောအရာ ထင်သောကြောင့် တစိတ်မျှကွဲး၏။ထိုကြောင့် 'အကြေအညာ' ဟူသော စကားခွန်းသည် လေရေကို ရည်ရာနှိုက်သာသင့်၏။ ။ အထက်,အောက်-ဟူသော စကားခွန်းကား နိမ့်မြင့်ရှိသည်ကို ရဏ္ဍင်ပင် ဆိုသင့်သည်ဖြစ်၏။

---

၁ ဘူပေါင်း * ၃၆။

ဤနှိုက် "လွတ်ဦးသဘင်၊ စံညာခွင်က" [၁] ဟူ၍လည်းကောင်း "ပယ်ဝေညာကူး ပုံမထူး" ဟူ၍လည်းကောင်း ဆိုသောအရာများကိုထောက်၍ လေရေနှင့်မစပ်သော အရာနှိုက်ပင် မြင့်မြတ်ရာကို 'အညာ' ဆိုသည်တကားဟူအံ့။ ထိုအညာအကြောကို ဆို ထိုသည်မဟုတ်။ ပယ်,ညာ-ဆိုလိုသောအရာဖြစ်၏။ လွတ်ဦးသဘင်မှ လက်ျာဟူ၍ ဆိုလိုသည်တွင် လက်ျာကို "ညာ" ဆိုသောအရာဖြစ်သည်။ 'ပယ်ဝေညာကူး' ဟူသည် မှာလည်း ပယ်-ဟူသော စကားခွန်း ဖက်ထွက်ပင် အထက်,အောက်၊ အမြင့်,အနိမ့် အမြတ်,အယုတ် မစစ်သာ။ ထိုကြောင့်-

"ခြွေရွေများတောင်၊ မုနောဆောင်သည်၊ ညာတောင်ထွတ်ထား" [၂]
"တောင်ကယ် လက်ျာ၊ ညာက နေတန်" [၃]

ဟူ၍ ဆိုသောအရာတို့တွင် 'ညာတောင် ထွတ်ထား' ဟူသည်နှိုက် သေကာရီမင်းကြီး ထက် မိဖုရား အရာသည် သာလွန်မြင့်မြတ်၏မယူသာ။ 'ညာကနေတန်' ဟူသည်မှာ သည်း ဘုရားသခင်ထက် အရှင်သာရိပုတ္တရာသည် အရာမြင့်၏မယူသာ။ ယုတ်,မြတ် နိမ့်,မြင့် အောက်,အထက် မစစ်သာ။ လက်ျာဘက်ကို 'ညာ' ဟူ၍ ဆိုသောအရာသာ ဖြစ်၏။ ဤအညာ,အကြော-ဟူသည်မှာကဲ့သို့ အ-အက္ခရာမပါ။ ညာ-ဟူ၍ ဆိုသင့် သော အရာသာထည်းဖြစ်၏။ ထိုကြောင့် လေရေတို့သွားလာရာမျက်ိုသာ 'အညာ အကြော' ဆိုသင့်သည်ဖြစ်၏။ ဤအကြော-ဟူသောဝေါဟာရကား လေရေတို့၏စီးသွား ရာအရပ်ကို ခေါ်ဝေါ်ကာမျှသော မြမွာမှုသက်သက်တည်း။

အညစ်အကြေး,ကြေးငွေ-ဟူ၍ ဝိသဇ္ဇနီသံ ဆိုသောအရာထည်းထင်၏။ ထိုတွင် အညစ်,အကြေး-ဟူသည် မထူး၊ အရောင်အဝါ နွမ်းစေသောအကြောင်းချည်းဖြစ်၏။ ကြေးငွေ-ဟူသည်နှိုက် ကြေး-ဟူသော ဝေါဟာရသည် ခေါ်ဝေါ်ရံမျှသော မြမွာမှု သက်သက်ဖြစ်၏။ ယခင် အညစ်အကြေးဟူသော အနက်ကိုယူ၍ ငွေစသည်တို့နှိုက် မွေးရက်တတ်သော အညစ်အကြေးဟူ၍ ကြေး-ဟူသော ဝေါဟာရ ဖြစ်သည်ဟူ၍ ထည်း ယူသင့်၏။ ။ဝါး၏အကြေး၊ ဝါးကြေးကြေး- ဟူသည်နှိုက်ထည်း ဤနည်း အတူ ရစ်ထွက် သဝေထိုးရေးဖတ်ကုန်၏။ ယပင့်ညသတ် လိုဟန်ထင်သည်၊ ဆင်ခြင်ထင့်။ ဤသဝေထိုး ယပင့် အရစ်တို့နှိုက် မြစ်ဆံရသင့်ထွက် ဝေါဟာရမထင်။

ကွေ-ဟူ၍. ဝဆွဲးအရာနှိုက် ဝိသဇ္ဇနီ ပါဆံ, မပါဆံ, အမြစ်ဆံ-ဆုံးပါးလုံး ဝေါ ဟာရထင်၏။ထိုကွင်ကွင်းကွေသည်-ဟူသောအရာသည်ဝိသဇ္ဇနီမပါ ဆံဖြစ်၏။ထိုနှိုက် ကွေသည်-ဟူသော စကားခွန်းသည် ကွာသည်,ကွဲးသည်,ကွင်းသည်

---

၁ နောင်၊ လွတ်ဦးသဘင်ချီရတု။ ၂ ကိုး * ၅၁။ ၃ ဆု * ၁၃၈။

ဟူသော စကားတို့နှင့် အရင့်အနု တစိတ်မျှကွဲးသင့်၏။ကွဲးသင့်ဟန်ကား.....ကွာသည်, ကွဲးသည်ဟူလျှင် မဝေးမလံ အနီးအပါး ကွဲးပြားကာမျှကိုလည်း ဆိုသောအရာထင်၏။ ကွင်းသည်,ကွေသည်-ဟူလျှင် အနီးအပါးမဟုတ်၊ ဝေးသည်,လံသည်ကို ယူသင့်သော အရာထင်၏။

အချို့ကား "ကွေ့" ဟူသောလူမျိုးကို အမြစ်သံမပါ "ကွေ"ဟူ၍ ခေါ်ဝေါ်ကုန်သည်ကား အနည်းသာဖြစ်ရာသည်၊ ထိုလူမျိုးကို "ကွေ့"ဟူ၍ခေါ်ဝေါ်သော ဝေါဟာရကား ခေါ်ဝေါ်ကာမျှဟူ၍ လည်းကောင်း ကွေ့လည်တတ်သည်ဟူသော် အနက်အားဖြင့် အနွတ္ထဟူ၍ လည်းကောင်း ယူသင့်၏။

"မျိုးဆွေတဝေး၊ ရိည္ဆတ်ကွေးသည်၊ ညီထွေးနောင်များဘခင်တည်း-"[၁]

ဟူသည်မှာကဲ့သို့၊ ည္ဆတ်ကွေးသည် ဟူသောအရာကား ဝိသဒ္ဒနိသံတည်း။ ထိုနှိုက်ကား ကွေကွင်းသည်ဟူသော အနက်အရင်းထွင် ခွေပတ်ပျောင်းည္ဆတ်၍ နီးချဉ်းပြန်သကဲ့သို့ရှိ၏။

ဤနှိုက် အနု,အရင့်, တစိတ်တဒေသ အရကွဲးဟန်ကား.....ကွဲးသည်-ဆိုရာနှိုက် အရေးအကြောင်း ထင်မြင်ကာမျှ ကပ်ငြိလျက်ကိုပင် ကွဲးသည်-ဆိုသော အရာထင်၏။ ။ကွာသည်-ဆိုသောအရာကား နှစ်ခုနှစ်ဖြာ ခြားနားလျက် မကပ်မငြိသည်ကို ဆိုသောအရာထင်၏။ ။ကွင်းကွေသည်-ဆိုရာနှိုက်ကား နှစ်ခုနှစ်ဖြာ ခြားနားလျက် အနီးအပါး တည်ရပ်ကာ မက အဝေးအလံ စဉ်လွှင့်သည်ကို ကွေကွင်းသည်-ဆိုသောအရာထင်၏။ ။ကွေးည္ဆတ်သည် -ဟူသော ဝိသဒ္ဒနိသံပါသော အသံကား အဝေးအလံ စဉ်လွှင့်ကာမရပ်၊ ခွေပတ်နီးချဉ်း ပြန်သည်ကို ဆိုသောအရာထင်၏။ ယင်းသို့လျှင် အနု,အရင့်,တစိတ်တဒေသခွဲ၍-ယူကောင်းအံ့သို့ရှိ၏။ ဆင်ခြင်။ ။ ကွေ့လည်သည်-ဟူသောအရာနှိုက် အမြစ်သံကား ဆိုခဲ့ပြီ။

ကွေး-ဟူ၍ အပင့် ဝဆွဲးအရာကား... လုပ်ကွေးသည်၊အကွေးအငန်း၊ကွေးမြို၊ ကံကွေးခံသည်၊ကွေးပင်၏အမည်ဟူသော ဝေါဟာရ ဝိသဒ္ဒနိ အသံသာထင်၏။ ။ဝိသဒ္ဒနိမပါသံ အမြစ်သံတို့ကား ရသင့်လျက်ဝေါဟာရမထင်။ ။ ထိုတွင် လုပ်ကွေးသည်, တည်ကွေးသည်, ကွေးမွေးသည်-စသည်ဖြင့် ဖက်ဆိုသော် လည်း "ကွေးသည်"ဟူသောအနက်သည် 'စားစေခြင်း' ဟူသောအနက်သာဖြစ်သင့်၏။ လုပ်ကွေးသည်-ဟူရာ၌ လုပ်၍ကွေးသည်။ တည်ကွေးသည်-ဟူရာနှိုက် စားပွဲး တည်၍ကွေးသည်။ ဤသို့ လုပ်ခြင်း, တည်ခြင်း ကြိယာတခြား၊ ကွေးခြင်း ကြိယာ

၁ သံ * ၁၇၆။

တခြားယူသင့်၏။ ။ကျွေးမွေးသည်-ဟူရာ၌က် 'မွေးသည်' ဟူသောစကား၏အရသည် စားစေကာ မဟုတ်၊ သောက်စေခြင်း, အဝတ်ပေးခြင်း, ချမ်းသာသဖြင့် ကြီးမြင့်ပွား များကြောင်း ထောက်မခြင်းနှင့်တကွ ထုံထပြုခြင်း အမူအရာဖြစ်၏။ ကျွေးသည်၏-အရကား ဆိုခဲ့ပြီးသော အတိုင်း စားစေခြင်း အနက်သာတည်း။ ဤသို့အရကွဲး ဟန်ကို နှလုံးသွင်းရာ၏။ ။အကျွေးအငန်း-ဟူသည်ကား အစားအတို့ မပြန်မတို့၊ ထောက်မပေးကမ်းနှင့် ရသည်ကို ဆိုသော အရာတည်း။ ။ကျွေးမြီ-ဟူသည်နှိုက်လည်း ထောက်မ ပေးကမ်းနှင့်ရခြင်းဟူသော အနက်လည်းကောင်းတည်း။ ။ကံကျွေး-ဟူသည်နှိုက်လည်း ဤအနက်လည်းကောင်းတည်း။

ဤနှိုက် ကုသိုလ်ကံ, အကုသိုလ်ကံ, ဝတ္ထုကံ, ပုဗ္ဗကံ-ဟူသည်ကဲ့သို့ ပြုခြင်းကိစ္စ ပြုအပ်သောအမှုကို ကမ္မသဒ္ဒါဟော၏။ ထိုကမ္မသဒ္ဒါကို 'ကံ' ဟူ၍ ခေါ်ဝေါ်ခြင်း ဖြစ်၏။ ထိုကံ-ဟူသော စကားခွန်းဖက်၍ 'ကံကျွေး' ဟူသည်နှိုက် အစားအတို့ မတို့မပြန်ထောက်မကူပံ့ရသောအရာဖြစ်၍ ကံကျွေး-ဆိုသည်ယူသင့်၏။ ။ကျွေးပင်၏ အမည်နှိုက်ကား ခေါ်ဝေါ်ရုံမျှ ပညတ်သောအမည်သာဟူ၍ လည်းကောင်း မွတ်သိပ် ပါးရှားသည်ကာလ မျှတင်းရုံ ကောက်ပဲပြထ်ကြိုက် ကျွေးထင့်သည် ဟူသော အနက်ယူလျှင် ယခင်စားစေခြင်း အနက်လည်းကောင်း ဖြစ်၏။

ကြွေ-ဟူ၍. ရစ်ဝဏ် ဝဆဲ့းအရာနှိုက်ကား ·· ဝိသဇ္ဇနီပါဌ်, မပါဌ်,အမြစ်ဆိ-ဆုံး ကွဲးလုံးဝေါဟာရထင်၏။ထိုထွင်သစ်သီးကြွေသည်,ကြွေအန်-ဟူသော အရာနှိုက် ဝိသဇ္ဇနီ မပါသောအဆဲ့ဖြစ်၏။ ထိုနှိုက် သစ်သီးသစ်ပွင့်ကြွေသည်, ကြွေကျသည်, ကြွေလွတ်သည်, ကြွေပဲ့သည်-စသည်ဖြင့် ဖက်ဆိုခြင်းတို့နှိုက် အရတူ, အရကွဲး ရှေးနည်းဒို့၍ ယူရာ၏။

ကြွေသည် - ဟူသော စကားခွန်း၏ အရသည် ကွဲးကွာသည်၊ ကွေကွင်းသည်၊ ကင်းလွတ်သည်-ဟူသော စကားခွန်းတို့နှင့် တစိတ်မျှထူးသင့်၏။ ထူးဟန်းကား···· တည်ရပ်မှ ကင်းကွာခြင်းအနက် တူသော်လည်း များသောတည်ရာမှ အနည်းသာ စဉ်ကျခြင်းကို ရည်သောအရာနှိုက်သာ ထင်သောကြောင့် တစိတ်မျှထူးသင့်၏။

ကြွေအန်-ဟူသည်နှိုက် ကြွေ-ဟူသောတိရစ္ဆာန်၏အမည် ခေါ်ဝေါ်ရုံမျှပညတ် သောအရာဟူ၍ လည်းကောင်း ထိုကြွေကို ကစားခြင်းဖြင့် စည်းစိမ် ကြက်သရေ ကြွေလွတ်သည် ဟူသောအနက်၊ ဝါးလက် ကရို့တိုင်အတွင်းသို့ သွတ်သွင်းပစ်ချ၍ သာသာယောက်ယောက် ကြွေကျစေခြင်း၊ မြောက်လွင့်ကာမျှ သစ်သီးပွင့်ကြွေ၏ ဆို ကြွေလွတ်စေခြင်းအနက်ကြောင့် ကြွေ-ဟူသော ဝေါဟာရအနက်ဖြစ်၏ဟူလျှင် ယခင် ကြွေလွတ်ခြင်း အနက်လည်းကောင်းတည်း။

ကြွေအုပ်, ကြွေပန်းကံ, ကြွေအိုး, ကြွေခွက်-ဟူသည်တို့ကို ကြွေအုပ် စသည်ဖြင့် ခေါ်ဝေါ်ခြင်းသည် ကြွေကိုပင် ထုပ်သည်ဟူ၍ အချို့ဆိုကုန်သည်ကား မယုတ္တိလွန်း။ ကြွေအဆင်းကဲ့သို့ သန့်ရှင်းဖြူစင်သည် ဖြစ်၍ သာ ထိုအမည်တွင်သည်ဟူကောင်း၏။

ဟစ်ကြွေးသည်, ရင့်ကြွေးသည်, ကြွေးကြော်သည်, ငိုကြွေးသည်-ဟူသည် တို့နှိုက်ကား ဝိသဇ္ဇနီအဆံဖြစ်၏။ ထို၌ အချို့ကား လုပ်ကျွေး ဟူသည်မှာကဲ့သို့ ယပင့်ကုန်၏။ ရင့်ကြွေးသည်၊ ရင့်ကြွေးသည်တို့ သဘောတူဖြစ်သင့်၏။ ဆိုအပ်ပြီးသည်ကိုထည်း ကောင်း သဘောတူကို ထည်းကောင်း သဘောအရကို ထည်းကောင်း ဆင်ခြင်၍ ယူရာ၏။

ကြွေ့ကြွေ့ရမ်းရမ်း-ဆိုသော အရာကား အမြစ်သံဖြစ်၏။ ထိုနှိုက် များလျား ထောက်လှေ့သည်ကို ကြွေ့ကြွေ့-ဆို၏၊ ဤနှိုက် ရစ်သင့်ဟန်ကိုကား....“ဤမျှ ရွှေ့ငွေ့၊ ကြွေ့ထည်းဝဆွဲး” [၁] ဟူသော ထက်ကို ထောက်၍ သိရာ၏။ ဤထက်ထွင် အချို့စာနှိုက် “ဤမျှရွှေ့ငွေ့”ဟု ရှိသည်ကား အရေးပျက်ရာသည်။ “ဟ,ရ(ယ ?)မထို၊ ဝကိုချည်းသာ” [၂] ဆိုခြင်းကြောင့် ကြွေ့ ဟူသည်နှိုက် ရစ်ထိုကြောင်း ‘ရွှေ့ငွေ့’ ဟူ၍ မထိုကြောင်းကို နှလုံးသွင်းရာ၏။

“လွဲသွေ့ မကောက် ကွေ့သတည်း” [၂]
“စိတ်ပျော့ယဉ်ပျူးခွေ့သတည်း” [၃]

စသည်ဖြင့် အမြစ်ဝျက်သာ တည်တည်ညွတ်ရှိဟန်ကိုထောက်၍ ထည်း“ရွှေ့၊ငွေ့၊ကြွေ့” ဟူ၍ အ-မမြစ်သံ မသင့်၊ မြစ်သံသာ သင့်ရာသဖြင့်ထည်း “ရွှေ့ငွေ့” ရှိစာ အရေးပျက်အံ့သည်ကို သတိရှိသင့်၏။

ကေ-ဟူသော အန္တပြီးပြီ။

ကဲ-ကဲ့၊ ကြဲ-ကွဲ-ကျဲ

၈၇-ဗျည္ဇန သရအန္တတို့တွင် ကဗျည်း အဲးကာရန္တနှိုက်
ဝေါဟာရကို မြခြင်းအကြောင်း

ကဲး-ဟူသော အန္တကား ...သက်သက် ထည်းကောင်း အရစ်ထည်းကောင်း ဝဆွဲး ထည်းကောင်း ယပင့်ဝဆွဲးထည်းကောင်းဝေါဟာရထင်၏။ ထိုနောက် ပစ် အန္တနှိုက်ဝိသဇ္ဇနီပါသောအသံ, မပါသောအသံ, အမြစ်သံ-သုံးပါးဖြစ်သင့်ဝျက် ဝိသဇ္ဇနီ မပါသော ယ-သတ်အသံဖြစ်သင့်ဟန်ကို အောက်နှိုက် ဆိုခဲ့သည်နှင့် အညီ

---

၁ သံ * ၁၆၅။ ၂ သံ * ၁၅၇။ ၃ သံ * ၁၆၀။

လွှတ်၍ ဝိသဇ္ဇနီအသံ,အမြစ်သံသာ ဖြစ်သင့်သောကြောင့် အ-မမြစ်သံ,မြစ်သံ-ဟူ၍ နှစ်ပါးစီသာ ခွဲအံ့။

ထိုတွင် သက်သက်နှိုက် "အလွန်အကဲး" ဟူသော စကားခွန်းသည် အ-မမြစ်သောအရာတည်း။ ထိုနှိုက် "အလွန်အကဲး" ဟူသည်ကား- သာလွန်သည် ဟူသော အနက်တည်း။ ထိုအနက်ကို အဝိအကဲး, အသာ အကဲး, အထူး အကဲး-စသည်ဖြင့် ဖက်ဆိုသည်သာ အရမထူး။ ။တံကဲး-ဟူသည်ကား ဒ်ရာ ဖြစ်ထိုက်သည်ကို ခေါ် ဝေါ်ရုံမျှ ပညတ်ခြင်းတည်း၊ အချိုကား တံခဲး-ဟူ၍ ခခွေးနှင့်ရေးကုန်၏၊ ဤအထိ သော် ဒ်တတ်သောဝဏ္ဏနှင့် ညီမျှရုံထည်းကောင်း သာလွန်၍ ထည်းကောင်း ခိုင်ကျန့် သဖြင့် ဒ်ခြင်းငှာ ခန့်သော အကျဉ်းအခဲး, အချောင်းအတံ-ဆိုသင့်သော အရာဖြစ်၍ "တံခဲး" ဆိုသည် ယူသင့်၏။ အနက်ရကောင်းသည် ဖြစ်လေ၏။

သယ်ကဲ့သည်, ဝှက်ကဲ့သည်-ဟူသည်တို့ကား အမြစ်သော အရာတည်း။ ထိုနှိုက် သယ်ကဲ့-ဟူသော စကားသည် သဘောအားဖြင့် သယ်သည်သာ မဟုတ် လွှတ်ရာကယ်ဆယ်၏-ဟူသော အနက် ဖြစ်သင့်၏။ ထိုကယ်ဆယ်-ဟူသော အနက် ယူ၍ ယ-သတ်တွင် မြစ်၍ ရေးထိုလျက် "ဆွမ်းပန်းချိုတဲ့၊ ရိက္ခာမဲ့ကို၊ သယ်ကဲ့ ဥစ္စာ" ဟူ၍ စင်အင်္ဂါသည်ကို ထည်းကောင်း ယ-သတ်, နောက်ပစ် တို့သည် အမြစ်ခါ အသံမထူးပြီ ဖြစ်၍ ထည်းကောင်း နောက်ပစ် လေသည် ယူသင့်၏။ အချိုကား ယ-သတ်ထိုသည်အရာကို မြစ်သည်တမှံဟူ၍ နောက်မပစ် ယ-သတ်၍ပင် မြစ်သည်။ ထိုသို့သော်ထည်း စင်အင် မဟုတ်ရာနှိုက် အရေး မကျယ်၊ အသံပြည့်စုံပြီး ဖြစ်၍ နောက်ပစ်က မသင့်မဆိုသာပြီ။ စင်အင်ဖြစ်ရာနှိုက်ကား စင်အင်ညီအောင်ရေးသင့်အံ့သည်။

ဤ၌ဆိုဘွယ်ကား.....သယ်ကဲ့သည်-ဟူရာနှိုက် သယ်၍ အတန်တန် စုထားသည်ကို "ကဲ့သည်" ဆိုသည်၊ မသိစေထိုး၍ လွှတ်ရာထားသည်ကို "ကဲ့သည်" ဆိုသည်။ ကယ်ဆယ်ခြင်းအနက်မဟုတ်။ ဝေါဟာရအထူး တကားဟူအံ့။ မထူးသင့်။ သဘော အားဖြင့် သယ်ကဲ့သည်-ဟူရာနှိုက် မထိုရာအရပ်မှ ထိုရာအရပ်သို့ ကယ်ဆယ် သယ်ပို့သည်ပင်။ ဝှက်ကဲ့-ဟူသည် မှာထည်း ဝှက်သည်-ဟူသော စကားဖြင့်ပင် မမြင်မသိစေထိုးခြင်း အနက်ပြီးပြီ။ ထိုမမြင်မသိ စေထိုသည်နှင့်အညီ သိမြင် ကောင်းသော အရာမှ လွှတ်ရာ ကယ်ဆယ် သယ်သည်ပင်။ ချိုသည်,ချဉ်သည်-စသည်ဖြင့် မြစ်သံထိုလျက် "ချိုချိုရှိသည်၊ ချဉ်ချဉ် ရှိသည်" စသည်ဖြင့် မြစ်သံဆိုသကဲ့သို့ "ကဲ့သည်"ဟူ၍

---

၁ သောသာ * ၉။

မြစ်သံမထိလျက် မြစ်သံဆိုသည်ကား ဂုဏ်နည်းသော အရာကို ထင်စေသည်ဖြစ်၏။ ဂုဏ်နည်းသော အရာဟူသည်ကား-ထက်မြက် အားကြီးစွာ မချိမချဉ် (တော်သင့်ရုံသာ ချိသည်ချဉ်သည်) ဆိုလိုသောအရာဖြစ်၏။ ဤနှင့်ထွေပြားစွာ ကယ်ဆယ်၏-ဟူရာ၌က "ကယ်၏" ဟူသည်ကား မြင့်မြတ်ရာ အညာသို့ ဝိုတင်ခြင်း အနက်ဖြစ်၏။ ထိုကြောင့် ကယ်၏-ဟူလျှင် အကြေမှသည် အညာသို့၊ အောက်မှသည် အထက်၊ မထိရာမှ ထိရာသို့ တင်ပို့သည်ကိုသာ ကယ်သည် ဆိုရင်းဖြစ်၏။ ။သယ်ကဲ့သည်, ဂ္ဂက်ကဲ့သည်-ဟူသော စကားခွန်းနှိုက်ထည်း မြင့်မြတ်ရာ အညာမယူသင့်၊ မိမိထိရာသို့သာ ဝိုတင်ခြင်းသည် ဂုဏ်နည်းသည်ပင် ယူသင့်ရာအံ့။ ဤကိုထောက်လျှင် "ကဲ့" ဟူသောဝေါဟာရ မူလမဟုတ်သည်ဖြစ်၏။

ကြဲ-ဟူ၏. ရစ်သော အရာကား....စိပ်သည်, ကြဲသည်, ပစ်ကြဲသည်-စသည်ဖြင့် အ-မြစ်သော အရာသာထင်၏။ထိုတွင် စိပ်သည်,ကြဲသည်-ဟူရာ၌ "ကြဲသည်" ဟူသောစကား၏အရကို "မစိပ်မကြဲ၊ စိလုံးရွဲးသို့၊ မကွဲးမတော်" ဟူသော ထက်ဘ နှင့်အညီ စိပ်သည်ဟူသော စကားကို ထောက်၍. သိပ်သိပ် စိပ်စိပ်မရှိ အကြား အကြား ထင်ရှားသိသာသောအရာကိုသာ ကြဲသည်ဆိုရာ၏ သို့ ထင်ဖွယ်ရှိ၏။ ။ သဘောအားဖြင့်ကား ကြားသည်,ကြဲသည်-ဟူသောစကား အရ မထူးကြ။ သိပ်သိပ် စိပ်စိပ်ရှိသည်မှ ထောက်၍. ကြဲသည်, ကြားသည်၊ ကြဲကြဲ ကြားကြားမှ ထောက်၍. မကြဲမကြားသည်ကို စိပ်သည်, သိပ်သည်ဆိုသော အရာဖြစ်၏။ အတို, အရှည် ဟူသကဲ့သို့ အခိုက်အတန့်မျှသာ ရကောင်းသော ဝေါဟာရသာဖြစ်၍. အကြားထင်ကာမျှသည်ပင် "ကြဲသည်"ကြဲသောဝေါဟာရဖြစ်၏။

ပစ်ကြဲသည်-ဟူသော စကား၏ အရကား ပစ်ကာမဟုတ်၊ ဖြန့်သည် ဟူသော အနက်ဖြစ်၏။ စွန့်ကြဲ,မြှောက်ကြဲ,သွန်ကြဲ-စသည်ဖြင့် ဖက်ဆိုရာနှိုက်ထည်း စွန့်ကာ, မြှောက်ကာ, သွန်ကာသာ မဟုတ်၊ ဖြန့်ခြင်း အနက်ချည်း ယူသင့်၏။ ဤ၌ "ဖြန့်၏" ဟူသည်ထည်း မပူးမကပ် မထိမခိုက်စေဝဲး အတန်အရာ အကြားရှိစေခြင်း, ကွဲးပြားစေခြင်း, အစုအပုံပျက်စေခြင်း အနက်ထည်းကောင်း ဖြစ်၍. ယခင် ကြဲသည်, ကြားသည်-ဟူသော သဘောရင်းမူထအနက်မှ တိမ်သည်, မြဲးသည်-ကို သတိသွင်းစေထို၍. အထျဉ်းသင့်ကြိုက် ဖော်ထိုက်သည်။

ကွဲး-ဟူသော ဝဆွဲးအရာနှိုက်ထည်း.... အ-မြစ်သော အရာသာ ထင်၏။ ထို စကား၏အရသဘောကို ကွာ-ဟူသည်, ကွေ-ဟူသည်ကိုဆိုသော အရာနှိုက် ဆိုခဲ့တိုင်း နှလုံးသွင်းရာ၏။

ကျွ-ဟူသော် ယပင့်ဝဲသွဲးအရာနှိုက်ထည်း-နွားကျွဲ,တံကျွ-စသည်ဖြင့် အ-မမြစ်သောအရာသာ ထင်၏။ ထိုအမည်ကိုကား ခေါ်ဝေါ်ရုံမျှ ပညတ်သော အရာသာ ယူသင့်၏။ ခေါ်ဝေါ်ရုံမျှ ပညတ်သောရုံဦး၊ အကြောင်းရသင့်သော အန္တဏ္ဍဟူ၍ နှလုံးသွင်းရာသော ထက္ခကာကား-စားခြင်း,သွားခြင်း-စသော ကြိယာအနက်၊ ဖြူသည်, ညိုသည်-စသော ဂုဏ်အနက်၊ အကြောင်းအစွဲး ရထိုက်သော တစုံတခုသော အနက်မဖြစ်သင့်ရာ ရုံဦး၊ ဖြစ်သင့်ရာ အန္တဏ္ဍဟူ၍ နှလုံးသွင်းရာ၏။

ကဲ-ဟူသော် အန္တကား ပြီး၏။

ကော-ကော့၊ ကျော-ကျော့၊ ကြော-ကြော့

၈၈-ဗျဥ္ဇနသရအန္တတို့တွင် ကဗျည်း သြကာရန္တနှိုက် ဝေါဟာရကို မြခြင်းအကြောင်း

ကော-ဟူသော် အန္တနှိုက်ကား.....သက်သက်, ယပင့်, အရစ်ရသင့်၏။ ထိုကော ဟူသောအန္တဌာနထည်း ဝိသဇ္ဇနီ မပါသောအသံသည် တံခွန်လွှားသော အသံ သြော်ကာရန္တဖြစ်၏။ ဝိသဇ္ဇနီအသံကား-မူလအသံဖြစ်၏။ ထိုမူလထွင် အမြစ်သံ,မမြစ်သံ နှစ်ပါးသာ ရသင့်၏။

ထိုထွင် အဂ္ဂမ်းအကော, ထက်သုတ်စဉ်းကော,လွှေပျဉ်းကော, သစ်သီးကျွဲးကော, စကာစကော-ဟူသော ဝေါဟာရတို့သည် အ-မမြစ်၊ မူလအသံဖြစ်၏။ ။ထိုနှိုက် အဂ္ဂမ်းအကော-ဟူသည်ကား မညီမမျှ မြင့်မားသော အရပ်ကိုဆိုသောအရာဖြစ်၏။ ထိုမှထော်၍ လူတို့၏ စိတ်နှလုံး မြင့်စွင့်ထောင်လွှားသည်ကို "ကောသည်"၊ နှိမ့်ချကြို့ငဲ့သည်ကို "ဂှမ်းသည်" ဆိုသည်။ ဤနှိုက် ကောသည်-ဟူသော ဝေါဟာရကား မညီမမျှ မြင့်မားခြင်းအနက်ဟူသော မြမွာမှုသက်သက်တည်း။

ထက်သုတ် ဟင်းလျာကို "စဉ်းကော" ဟူရာနှိုက်ကား.....အစိမ်းကို ပြုပြင်သော အရာနှိုက်သာ ထိုအမည် ထင်သောကြောင့် "စိမ်းကော" ဟူ၍လည်း ဆိုသင့်၏။ စဉ်းခုတ် ပစ်နယ်၍ ပြုအပ်သောကြောင့် "စဉ်းကော"ထည်း ဆိုသင့်၏။ ထိုထွင် မချက်မပြုတ် အစိမ်းသုတ်ဖြစ်သော်သာ ထိုအမည်ထင်၏။ ချက်ပြုတ်၍ သုတ်နယ်ရာနှိုက် ထိုအမည် မထင်သည်ကို ထောက်သော် "စိမ်းကော" ဆိုသည်မှာ သဘော သင့်အံ့သည်။ မချက်ပြုတ် စကာမူ မစဉ်းမခုတ် မသုတ် မနယ်သော် ထိုအမည် မဖြစ်သင့်။ စဉ်းခုတ် ပစ်နယ် သော်သာ ထိုအမည် ဖြစ်အံ့သည် တကား ဟူအံ့။

'ကောသည်'ဟူသော စကားကို စဉ်းခုတ်ပစ်နယ်ခြင်း အနက်ယူသော် သင့်အံ့ဖြစ်၍့ ထိုအနက် ရှိပြီ။ ဤနှိုက် ကောသည်-ဟူသော စကားအရကို စဉ်းခုတ် ပစ်နယ်ခြင်း အနက်ယူသင့်သည်ကို ဆင်ခြင်လင့်။

ထွေပျဉ်းကော-ဟူသည်နှိုက်… ခေါ်ဝေါ်ရုံမျှ ပညတ်သော အမည် ဟူ၍့ ထည်း ယူသင့်၏။ သစ်ပျဉ် အကျဉ်အထူ ထောက်သည်ကို ဦးပဲ့မတင်မထပ် မစပ်မသွေ့ ကြုပတွေ့သော သစ်လုံးတွင် ဦးစ-ပဲ့စ နံပါး ချန်ထားခြင်း၊ အတန်မျှသာ ခန့်ရည် ဝိုင်းခြား၍့ ဝမ်းရိုးတလျောက် ခုတ်နုတ်ဖြတ်စဉ်းကာ လှေရုပ်ဖန်၍့ ဖြစ်စေသည် ဟူသော အနက်ကို ယူလျှင် ယခင် စဉ်းခုတ် ပစ်နယ်ခြင်း အနက်၌ပင် ဝင်၏။ ။ ပျဉ်းကောင်း, သစ်ကောင်းကိုသာ မစပ်မသွေ့ လုပ်သည်ကို ထောက်၍့ ဝ-သတ်နှင့် ဆိုသင့်ဟုက် ရွှေထျောင်၍့ 'ပျဉ်းကော' ဆိုသည် ယူသင့်၏။ ။အချို့ကား 'ဝိန်း ကော' ဆိုကုန်၏။ ထိုနှိုက်ကား ထောင်း,ထက်သင်,စင်တင်တို့ကဲ့သို့ ဦးပဲ့ကွေးညွတ် ခြင်း, ပဖျဉ်းစကားရှက် ပြန်ထွက်စေခြင်း မရှိ၊ သတိသာ, ဝိန်းသာလျင်မျှသာဖြစ်၍့ 'ဝိန်းကော' ဆိုသည် ယူသင့်၏။

သစ်သီးကျဲးကော-ဟူသည်နှိုက်ကား…ခေါ်ဝေါ်ရုံမျှ ပညတ်သော အမည်ဟူ၍့ ယူသင့်၏။ ။စကော,စကော-ဟူသည်နှိုက်ကား 'စင်ကော' ဟူ၍့ ဝ-သတ်နှင့် အချို ခေါ်ဝေါ် ကုန်၏။ ဝ-သတ် အထိုကား… စကော်ဒ္ဓက--ဟူသော ပါဠိရှိသည်ကို ထောက်ဟန်ထင်၏။ ဤအထိုသော် မြွာမှုသက်သက် မဟုတ်။ ထို 'စကော်ဒ္ဓက' ဟူသော ပါဠိ၏အနက်ကိုကား ပန်းပုံတောင်း, ပန်းကပ်ဟူ၍့ ဆရာတို့ မိန့်ကုန်သည်။ ပန်းကိုပုံစုရာတောင်း၊ပန်းထည့်၍့ ဆက်ကပ်သော အဆုံးအဆောင် ဆိုသည် ယူရအံ့။ ထိုနှင့် ဤ 'စကော' ဟူသော အဆုံးအဆောင်သည် ထျော်အံ့သို့ မထင်။ ပန်းပုံ တောင်း, ပန်းကပ်-ဟူသည်ကား သူကောင်းစိုးမင်းတို့၏ အဆုံးအဆောင် ကထပ် ဒေါင်းပေါင် စသည်ကိုသာ ယူသင့်အံ့သည်။ စကော-ဟူသော အဆုံး အဆောင် ကား စပါးဆန် တီးပြာ လှန်ပြက်သော ဆင်းရဲသားတို့ အဆုံးအဆောင်သာ ထင် သည်။ ထို စကောကို သူကောင်းစိုးမင်းတို့ထံ ကျင်းပဟန်မရှိ။ ။ဤနှိုက် ဆိုဖွယ် ကား….ပန်းမျိုးတို့ကဲ့သို့ မြတ်နိုးအပ်သည်ဖြစ်၍့ စပါးဆန်တို့ကိုပင် 'ပန်း' ဆိုသည်။ ထိုပန်းကို ပုံစုရာ ဖြစ်၍့ စကောသည် စကော်ဒ္ဓက သဒ္ဒါ၏ အနက် ဖြစ်သင့်သည် ဟူအံ့။ သာမညအားဖြင့် ဖြစ်သင့်သော်ထည်း ဝိသေသအားဖြင့် ရကောင်းသော ကထပ်, ဒေါင်းပေါင်-စသည်တို့နှင့် အရာအားဖြင့်သာ ထျော်လေသည်။

ညွတ်ကော့သည်-ဟူသော အ-မြစ်အရာကား…. အဝ်မ်း အကော-ဟူသည်တွင် 'အဝ်မ်း' ဟူသောစကား၏အရ နိမ့်ညွတ်ခြင်းအနက် ဖြစ်၏။ ထိုတွင် 'ကော၏' ဟူ

သော မူထအဆံကား ခြင့်မားခြင်း၊ 'ကော့၏' ဟူသော အမြစ်ဆံကား နိမ့်ကျခြင်း ဖြစ်၍ သဘောအားဖြင့် အပြန်အလှန်ဖြစ်သော မြမွာမှုသက်သက်တည်း။

ကျော-ဟူ၍ ယပင့် အရာနှိုက်ထည်း.... အ-မမြစ်ဆံ, မြစ်ဆံ နှစ်ပါးကွဲး၏။ ထိုတွင် နက်ကျော, မည်းကျော, သန်ကျော, မာကျော, ဦးကျော, ဆံကျော-စသည်ဖြင့် အထွေထွေဖက်၍ ဆိုသော်လည်း သဘောအားဖြင့် မငြိမစွန်းပြေပြစ်သောအနက်ချည်း။ ။ထိုတွင် မည်းကျော, နက်ကျောဟူသည်နှိုက် နက်မည်းသည်ကားတပါး၊ အဆင်းမပြောက် မနှောင့်မစွန်း မငြိ သဘောကျကျ နက်မည်းသည် ဟူလိုခြင်း။ ။မာကျော, သန်ကျော-ဟူသည်နှိုက်ထည်း ဤနည်းအတူ သန်မာခြင်းသည် အငြိ အစွန်း မရှိ ဟူသော အနက် ထည်းကောင်း ဖြစ်၏။ ။ဦးကျော, ဆံကျော ဟူသည်တို့နှိုက်ထည်း ဖွားရရာမထ မကျမဖိတ် သိပ်သည်းစွာသဖြင့် ပြေပြစ်ခြင်း, မငြိမစွန်းခြင်း အနက်နှိုက် ထည်းကောင်း ဖြစ်၏။

ကျော့-ဟူ၍ အ-မြစ်သော အရာကား.....ညွှတ်ကျော့ကွင်း ဟူသော အရာနှိုက် ထင်၏။ ထိုနှိုက် ကျော့သည်ဟူသော စကားအရကား ဖွဲ့နှောင်ပတ်ရစ် တားမြစ်ခြင်း အနက်တည်း။ ထိုဖွဲ့နှောင်ခြင်းငှာ စီရင်သော ကြိုးငယ်၏ အမည်သည်ထည်း 'ကျော့ကွင်း' ဟူသော ဝေါဟာရ ဖြစ်၏။

ကြော-ဟူ၍ ရစ်သော အရာ၌ထည်း.... အ-မမြစ်ဆံ, မြစ်ဆံ ကွဲး၏။ အခြင်အကြော, ဆေးကြော, စစ်ကြော, စောကြော-ဟူသော အရာတို့၌ အ-မမြစ်သောအဆံတည်း။ ထိုတွင် အခြင်အကြော-ဟူသည်ကား ခေါ်ဝေါ်ရုံမျှ ပညတ်သောအရာဟူ၍ ယူသင့်၏။ ဤနှိုက် ယခင် 'ကျော့ကွင်း' ဟူသည်မှာ ဖွဲ့နှောင်ပတ်ရစ်ခြင်းအနက်ကို ဆိုသကဲ့သို့ ဤ အကြော-ဟူသည်ထည်း ဖွဲ့နှောင်ပတ်ရစ်ခြင်းအနက်တူဖြစ်သင့်၍ ပင့်ခြင်း, ရစ်ခြင်း-တူသင့်သည် တကား ဟုအံ့။ တစိတ်မျှသာ တူသင့်၏။ ယပင့် 'ကျော့ကွင်း' ဟူသည်၌ 'ကျော့သည်' ဟူသော ဝေါဟာရကား ဖမ်းခြင်းအနက် ဖြစ်သင့်၏၊ 'အကြော' ဟူသည်ကား ဖမ်းခြင်းမဟုတ်, မိခြင်းမဟုတ်, မိခြင်းသဘောကဲ့သို့ ရစ်ပတ်ဖျက် တည်ခြင်း အနက် ဖြစ်သင့်၍ တစိတ်မျှ ထူး၏။ သဘောကို စစ်လေ့ရှိစေခြင်းငှာ ဆိုလိုက်သည်။ 'အကြော'ဟူသည် ခေါ်ဝေါ်ရုံမျှသော အမည်သာတည်း။

ဆေးကြော, စစ်ကြော-ဟူရာ၌ထည်း.....ဆေးသည်, စစ်သည်-ဆိုဤငါလိုရာအနက် ဖြိုးဖျက် ပြေပြစ်စေလို၍ ဖက်ကာမျှသာ ဆိုသည် ယူသင့်သောကြောင့် ခေါ်ဝေါ်ရုံမျှသာ ဟူ၍ ထည်း ယူသင့်၏။ ဆေးဖြိုး, စစ်ဖြိုး-ကို ဆေးပြန်စစ်သည်ဟူ၍ ထည်း

ယူသင့်၏။ ။စောကြော-ဟူရာ၌လည်း "စော" ဟူသော စကား၏အရကို စောဇနာသည်-ဟူသောအနက်ယူ၍ ထပ်၍ မေးသည်ကို "စောကြော" ဆိုသည် ယူသင့်၏၊ ၌ စောဇနာ ဟူသည်တွင် ပထမကွရာ, တတိယကွရာ လွယ်၍ အရေး ထွင်သည် ထင်ပေသည်ကား ... "ဇောတနာ" ဟူ၍ တတိယကွရာ-ဇ, ပထမကွရာ-တ ထိုအံ့သည်။ ထိုနှင့်လျော်စွာ "ဇောကြောသည်" ဟူ၍ ထိုရင်းဖြစ်သင့်၏။

ကြမ်းကြော-ကိုလည်း အ၌ရစ်ကုန်၏။ သဘောအားဖြင့်ကား....ထော်လော်မထမကြွသဖြင့် ညီညွတ်ပြေပြစ်စေခြင်း အငြိအစွန်းမရှိစေခြင်း အနက်ဖြစ်သင့်သော ကြောင့် ယခင် "ဦးကျော-ဆံကျော" ဟူသည်ကို ဆိုသောအရာ၌ ဝင်အံ့သည်။ ဆေးကြောသည်-ဟူသောအရာကဲ့သို့ ထပ်ဆင့်ခြင်းအနက်လည်း မသင့်။ ခေါ်ဝေါ်ကာမျှသော အနက်လည်း မထင်လေ။

ကြော့-ဟူ၍ အ-မြစ်သော အရာကား....ကြော့မော့သည်, ကြော့လွှဲ, လူကြော့-စသည်ဖြင့်ခေါ်ဝေါ်ရာ၌ထင်၏။ ။ထိုတွင်ကြော့မော့-ဟူရာ၌ကြော့သည်ဟူသောစကားခွန်းသည် 'တင့်တယ်၏' ဟူသောအနက်တည်း၊ ထိုကိုစွဲ၍ လူကြော့, လွှဲကြော့, လှည်းကြော့-စသည်ဖြင့် လူဖြစ်, လွှဲဖြစ် လိုရာဖက်သည်သာ။ ။ကြော့လွှဲဟူသည်နှိုက်ကား ကြော့သော လွှဲဟူသော အနက်ပင် အမည်ဝိသေသဖြစ်သည်ယူသင့်၏။ ။ကြော့မော့-ဟူ၍ 'မော့' ဟူသောစကားခွန်း ဖက်သည်ကား ချောသည်သာမဆို၊ ချောမောသည်ဟူ၍ မော-ဟူသောစကားခွန်းကိုပြေပြစ်ရုံ ဖက်သကဲ့သို့ "ကြော့မော့" ဟူ၍ ပြေပြစ်ရုံ ဖက်သည်သာဟူ၍ လည်းယူသင့်၏။ ထိုသို့မဟုတ် ချောမော, တင့်မော-ဟူသည်တို့နှိုက် မော-၏အရကို အလွန်အကဲးဟူသော အနက်ယူ၍ အလွန် ချောမြေ့၏ အလွန် တင့်တယ်၏ ဆိုအံ့သည်ကို ချောမော, တင့်မော-သည်ဆိုသကဲ့သို့ အလွန်ကြော့၏-ဟူသော အနက်ကိုသော်လည်း ယူသင့်၏။ မော့မော့, ချိချိ, ကြွကြွ, ထောင်ထောင်ရှိ၏ ဟူသော အနက်ကိုသော်လည်း ယူသင့်၏။

လူကြော့-ဟူသည်၌ကား.... ကြော့သည်-ဟူသော စကားကို "လွန်တင်း, လွန်ထျာ့၊ လူကြော့သန်မာ၊ လူးလာပြန်ခေါက်၊ ရှဉ့်နယ်ထျောက်၏" ဟူသောလက်ာနှိုက် တင့်တယ်သည်-ဟူသောအနက်၊ ကြော့ကြမ်းသောအနက်၊ ဆော့ကြော့သော အနက် ယူသင့်သော အရာနှစ်ပါးသင့်, သုံးပါးသင့်-ကော်ထျော်ရာ ယူရအံ့သည်။ ။ ၌နှိုက် ကြမ်းကြော့, ဆော့ကြော့-ဟူသည်တို့နှိုက် ကြော့ဟူသောစကားအရ အထူးမရှိ။ ဆော့သည်ကိုဆော့ကြော့၊ ကြမ်းသည်ကိုပင် ကြမ်းကြော့ဟူ၍ ပြေပြစ်ရုံ ဖက်ကာသာတည်း။

ကော-ဟူသော အန္တကား ပြီး၏။

ကော်-ကျော်-ကြော်

၁၉-ဗျည်းနသရ အန္တိတ္ထိတုင် ကဗျည်း ဩဇာကာရန္တနိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ကော်-ဟူသော အန္တနိုက်....သက်သက်, ယပင့်, အရစ်-ရှိသင့်၏။ ထိုတွင် သက်သက်နိုက် ကြွသည် ကော်သည်-ဆိုသောအရာ၊ တမာစေးစသော အစေးကို ကော်-ဆိုသောအရာတို့၌ ထင်၏။ ထိုတွင် "ထျင်ပြင်းဖုးမြွေ၊ချိုဖြင့်ကော်၍၊ ပူဇော်ကြွေးမြွောက်" စသည်ဖြင့် ကြွခြင်း, ပင့်ခြင်း-ကို 'ကော်သည်' ဆိုသောအရာ ထင်၏။ ကုတ်ဖြင့်ကော်သည် စသောစကားလည်း အရတူဖြစ်၏။

တမာစေး စသော အစေးမျိုးကို ကော်-ဟူ၍ ဆိုသောအရာကား....ဥရုစ်ကော်, ဆင်စွယ်ကော်, ထမင်းကော်, ကျွဲရေကော်-စသည်ဖြင့် ဆိုဝိန်သောအရာများစွာ၏။ ဤနိုက်ချိကြွသည်ကို ကော်သည်-ဟူ၍, ဆိုခြင်းသည် ကိုင်ယူခြင်းအနက်ဖြစ်၍, ကိုင်သည်ကို ဆိုသောစကားခွန်းနှင့် အရတူဖြစ်သင့်၏။ တမာကော် စသည်တို့လည်း ကိုင်ယူခြင်း ဆွဲခြင်းငှာစွမ်းနိုင်၍, 'ကော်'ဟူသော ဝေါဟာရဖြစ်၏၊ ယူလျှင် ယခင်အနက်လည်းကောင်း ဝင်၏။ ။ဤ ကော်-ဟူသော စကား၏အရကို ကိုင်သည်ဟူ၍, အနက်ထူး ကြီစုမရှိ။ ဝေါဟာရ အထူးတကား၊ စကားပွားများတွယ် မရှိဟူအံ့။ ပါဠိတော်တို့နိုက် ဂဟဓာတ်အရကိုအရာသို့လိုက်၍, မြမွာမှုနိုက် ကိုင်သည်, ယူသည်, စွဲသည်, နေသည်, တည်သည်-စသည်ဖြင့် မရေတွက်နိုင်သော ဝေါဟာရဖြစ်သည်။ ဤနည်းအတူ ကရဓာတ်စသည်တို့၏ အရကိုသည်း မြမွာမှု ဝေါဟာရများစွာဖြစ်သည်။

မြင်သည်, မြော်သည်-အရမကွဲး။ ထွေသည်, ထူးသည်-အရမကွဲး။ ထောင်းသည်, ထုသည် - အရမကွဲး။ ယင်းသို့အရမကွဲး အကွာရာတူထျက် ဇ-သတ်သော အန္တကွဲး အသံကွဲးဝေါဟာရဖြစ်၏။ ရွှေ့သည်, ရှားသည် အရမကွဲး။ ပျောင်းသည်, ဆွဲးသည်, လွန်သည်, ကဲးသည်, ကုန်သည်, ခမ်းသည် အရမကွဲးထျက် အကွာရာကွဲး, အန္တကွဲး, အသံကွဲးဝေါဟာရဖြစ်၏။ ဤသည်များကိုထောက်၍, အရတူထျက် ဝေါဟာရကွဲးသောအရာများ ရှိသည်ကိုထောက်၍, ကော်သည်-ဟူသောစကားသည် ကိုင်သည်, ယူသည်-ဟူသော အနက်ဖြစ်သင့်ဟန်ကို ကြိုလိုက်သည်။သဒ္ဒါအနက် ထွက်ဟန်သဘောကို စောကြောလေ့ရှိခြင်းငှာ ဖော်လိုက်သည်။

ကျော်-ဟူ၍. ယပင့်သော အရာနှိုက်ကား.... ကျူးကျော်သည်, ခုန်ကျော်သည်, အကျော်အစောဟူသော အရာတို့နှိုက် ထင်၏။ ထိုတွင် ကျူးကျော်သည်ဟူရာနှိုက် ကျူးသည် လွန်သည်ကိုပင် "ကျော်သည်" ဆိုသည်။ ။ခုန်ကျော်-ဟူရာနှိုက်လည်း ကျူးသည် လွန်သည်ကိုပင် ယူသင့်၏။ ။ကျော်စော-ဟူသည်၌လည်း ကျူးသည် လွန်သည်-ဟူသော အနက်လည်းကောင်း ဖြစ်သင့်၏။

ထိုတွင် အထူးကား....ကျူးကျော်သည်-ဟူ၍.လည်းကောင်း ကျော်သည်-ဟူ၍.လည်းကောင်း ဆိုရာနှိုက် အရပ်အမှတ်လွန်ကာ ကျူးကာမျှကိုပင် ကျူးသည် ကျော်သည် ဆိုသင့်၏။ ။ခုန်ကျော်သည်,နင်းကျော်သည် ဆိုမူကား ခုန်သည် နင်းသည် ဟူသောစကားကြောင့် အထက်အတိုင်းဖြင့် ကျူးသည် လွန်သည်ဟူသော အနက်ကို ယူသင့်၏။ ။ကျော်စောသည်-ဟူ၍. "စော"ဟူသော စကားခွန်း ဖက်၍.လည်းကောင်း မဖက်ပဲးလည်းကောင်း ဆိုသောအရာ၌ကား ကိတ္တိသဒ္ဒါ၏အနက် အထက်အောက်မမှတ် အရပ်ဟူသမျှသို့ ကျေးဇူးကို အံ့ခြီးသောအသံ ပျံ့နှံ့ပေါက်ရောက်ခြင်းအနက်ကို ယူသင့်၏။ထိုအနက်သည်လည်း မိမိတည်ရာဝတ္ထုနှိုက်သာ မတည်မရပ်မူ၍. တည်ရာဖြစ်မှ ကျူးပြန် လွန်ပြန်သည်ပင်ဖြစ်၏။

ကြော်-ဟူ၍. ရစ်သော အရာကား....ကြွေးကြော်သည်,ကြော်ငြာသည်-ဟူသော အရာတို့နှိုက်ထင်၏။ ထိုတွင် ကြွေးကြော်-ဟူသောအရာကို ရင့်ကြွေးဟူသောအရာ,ရင့်ကြွေး-ဟူသောအရာတို့နှိုက် ဆိုအပ်ပြီးသည်နှင့်အညီ အသံကြော်ငြာခြင်းအနက်တည်း။ ။ငါးသားကြော်သည်-ဟူရာနှိုက်လည်း ချက်သည် ပြုတ်သည် ကြော်သည်-ဟူ၍. ကျက်နပ်စေခြင်း အထူးပြုပြင်ခြင်းသို့ ထိုက်၍. ခေါ်ဝေါ်ရုံမျှ ပညတ်သော မြွာမှုတည်း။ ။ကော်ဟူသော အန္တိုးပြီ။

ဤတွင် ကျည်းယှဉ်သော သရအန္တ တဆယ်ကို
ဆိုသည်ကား ပြည့်စုံပြီ။

ဤ၌ ချပ်၍. မှာဦးအံ့။ ။အကာရန္တစသော သရအန္တတဆယ်တို့သည် ဆိုအပ်ပြီးသော သက်သက်သရအန္တ,က-စသောဗျည်းနှင့်ယှဉ်သော သရအန္တ-ဟူ၍. တဆယ်စီရှိသည်တွင် ဝိသဇ္ဇနီ,အ-မြစ်ဖြစ်ထိုက်ရာ,မူလအသံတွင် ထပါလည်းကောင်း နှစ်ပါးလည်းကောင်း ပွား၍. အသံတပါးရ,နှစ်ပါးရ,သုံးပါးရ-ရှိသင့်၏.။

အ-ကာရန္တ,ဇ-ကာရန္တ,ဥကာရန္တ,ဩ-ကာရန္တဟူသော အန္တလေးရပ်၌ကား မူလအသံတပါးသာ ရသင့်၏။ ။အာကာရန္တ,ဤကာရန္တ,ဦကာရန္တ-ဟူသော အန္တသုံးရပ်၌ကား မူလအသံတွင် ဝိသဇ္ဇနီသံထည့်၍ အသံနှစ်ပါးရသင့်၏။ ။အဲ-ကာရန္တ ဩကာရန္တဟူသောနှစ်ရပ်၌ကား မူလအသံတွင် အ-မြစ်သံထည့်၍ အသံနှစ်ပါးရသင့်၏။ ။ဧကာရန္တ၌ကား မူလအသံတွင် ဝိသဇ္ဇနီသံ,အမြစ်သံထည့်၍ အသံသုံးပါးရသင့်၏။

ထိုတွင် အဲ-ကာရန္တ၌ အယ်-ဟူသော ယ-သတ်အသံကို မူလအသံ၊ အဲ-ဟူသော နောက်ပစ်အသံကို ဝိသဇ္ဇနီသံဟူ၍ အ-မြစ်သံလောင်းသော် အသံသုံးပါးဆိုသင့်လျက် အယ်-ဟူသောအသံသည် ယ-သတ်အရာ အ-မြစ်လေ၏။ အဲ-ဟူသောအသံကိုသာ နောက်ပစ်၏၊ မူလအသံဟူ၍၊ အမြစ်သံလောင်းသဖြင့် အသံနှစ်ပါးသာဆိုသည်။

ဩ-ကာရန္တနှိုက်လည်း ဩ-ဟူသောအသံကို မူလအသံ၊ ဩ-ဟူသောအသံကို ဝိသဇ္ဇနီသံ၊ ထိုတွင် အ-မြစ်သံလောင်း၍၊ အသံသုံးပါး ဆိုသင့်ဣက် ဩ-ဟူသော အသံသည် သရထူးအန္တထူးဖြစ်၍၊ မသွင်းသာ။ အမြစ်သံလည်း ထိုဩကာရန္တနှိုက်သာ ယှဉ်ဃေ၍၊ အမြစ်သံမရသဖြင့် ဩ-ဟူသောအသံ ထပါးမျှသာ ဖြစ်လေသည်။

အဲ-ကာရန္တနှိုက်အယ်ဟူသောယ-သတ်အသံကိုမူလအသံဟူသည်ကား ဧကာရန္တ ဦကာရန္တတို့၌ ဝေကန်သည်, ကေန်သည်, ဦဦသဲသဲ-စသည်ကို ဆိုရာနှိုက်ကဲ့သို့ ပေါ့ပေါ့လွင့်လွင့်ဆိုရသောအသံကို မူလအသံ။အငြိမ့်အဧး,ရှေးဦး-ဆိုသောအရာနှိုက်ကဲ့သို့ လေးလေးချချ ဆိုရသောအသံကို ဝိသဇ္ဇနီ ကျောက်သောအသံ ယူသည်နှင့်တူစွာ အယ်ဟူသော ယ-သတ်အသံကို ပေါ့လွင့်သောကြောင့် မူလအသံရင်း အဲ-ဟူသောနောက်ပစ်သံကိုကား လေးလေးချချ ဆိုရသောကြောင့် ဝိသဇ္ဇနီသံဟူသည်။

ထိုသို့မဟုတ် အဲ-ဟူသောနောက်ပစ်သံကို မူလယူလျှင် အယ်-ဟူသော ယ-သတ်အသံကို အထက်မှဝဒန္တုတလုံးပေါက်သော အသံယူသင့်၏။ ဤသို့ယူ၍ ဆိုမူ ထိုဝဒန္တုတလုံးပေါက်သောအရာ မထင်ရှားသည်တကြောင်း။ အာကာရန္တ, ဦကာရန္တ, ဧးကာရန္တတို့နှိုက် ပေါ့လွင့်စွာ ဆိုသောအသံသာ မူလအသံ ထင်ရှားသည်တကြောင်း ဖြစ်ခဲ့၍၊ *အယ်-ဟူသော ယ-သတ်အသံကို မူလအသံဟူသည်။*

ဤသရအန္တအရာနှိုက်ဝိသဇ္ဇနီသည် ဗျည်းဖြစ်၍၊ အရာမဟုတ်။ဗျဉ္ဇနအန္တအရာနှိုက်သာ ဆိုသင့်လျက် သရအန္တ အတွင်းဝယ် သွင်း၍၊ ဆိုသည်ကား ထိုဝိသဇ္ဇနီသည် ဂ-သတ်,ည-သတ်,န-သတ်ဟူသော ဗျည်းသက်သက်၌ဂင်း အာ,ဤ,ဦ,ဧ-ဟူသော သရသက်သက်၌ဂင်း ကာ,ကိ,ကူ,ကေ-ဟူသော က-စသောဗျည်းနှင့် အာ-စသော သရယှဉ်ရာ၌ဂင်း ယှဉ်သင့်သောကြောင့် သရအန္တဝယ်ထည့်သး ဝိသဇ္ဇနီယှဉ်ခါ အသံထူးရသည်။ ထိုအသံဘူးကို သိစေလိုရှိ၍ ဆိုထိုက်သည်။ ဆိုလတ္တံ့သော အန္တတို့နှိုက်ကား အသံရလျက် ဝေါဟာရမထင်သည်ကိုဂင်း မြမွာမှုနှိုက် အသုံးနည်းသောအရာ အက္ခရာတို့ကိုဂင်း လွှတ်တား၍၊ ဝေါဟာရထင်ရာ အသုံးမူသောအက္ခရာတို့၏၊ အန္တကိုသာ ဆိုအံ့သည်။

ခ-ချ-ဠ

၉၀-ဗျဥ္ဇနသရ အန္တိတ္ထိတ္ထင် ခဗျည်း အကာရန္တိုက် ဝေါဟာရကို ပြခြင်း အကြောင်း

ခ-ဟူသော အန္တိုက်....သက်သက်ငင်း ယပင့်ငင်း ဝဆွဲးငင်း-ဝေါဟာရထင်၏။ အဘိုးအခ,ညွှတ်ခသည်, သစ်ပင်၏အမည် ပင်ခဟူသည်တို့ဠိုက် ခ-ဗျည်းသက်သက်တည်း။ ။ထိုဠ် အခ-ဟူသည်ကား ပြုသောအခွင့်နှင့် ထျော်စွာရသော ကျေးဇူးတုံ့တည်း။ ။အဘိုး-ဟူသည်ကား ရောင်းအပ်သော၀တ္ထုကိုရည်၍, ပေးသော ဥစ္စာတည်း။ အဘို-ဟုမြစ်ဆံဆိုမူကား ဝစုဥစ္စာတည်း-ဤသို့ သဘောကွဲရာသည်။ မခဲးလွန်းသော်ထည်း လူပြိန်းတို့ ခြားနားယူငင်လွယ်ဖြစ်စေလိုရ်၍, ဆိုလိုက်သည်။ ။ကိုယ်ခ ထက်ခ လှည်းခ လှေခ-စသည်တို့ဠိုက် ဤအနက်ချည်း။

ညွှတ်ခ-ဟူသည်ဠိုက်ကား....ညွှတ်သည်-ဟူသောစကားအရ ကိုယ်ငင်း စိတ်ငင်း နှစ်ပါးစုံငင်း ပျောင်းညွှတ်ခြင်း အနက် ခသည်-ဟူသော စကား၏ အရ ကိုယ်ဖြင့် ပျ၀်၀ပ်ကျိုးနွံခြင်းအနက်၊ ဤအနက်နှစ်ပါးပေါင်း၍, ဝေါဟာရဖြစ်၏ဟု သဘော ကွဲးအောင် ယူရာ၏။ ။ခဃင်းသည်, ခ၀ပ်သည်, ခယသည်-စသည်တို့ဠိုက်ထည်း ဤနည်းတူ ပျ၀်၀ပ်ကျိုးနွံခြင်းအနက်ငင်းတည်း။ ။သစ်ပင်၏အမည် ပင်ခ-ဟူထည်ကား ခေါ်ဝေါ်ရုံမျှ ပညတ်ခြင်းတည်း။ ပင်ခကြီး, ပင်ခငယ်, မဠိပင်ခ, ထိန်ပင်ခ, နွောပင်ခ-ဗျည်းပင်ခဟူ၍, အခထွခထွ ပညတ်ကာမျှသာတည်း။

ချ-ဟူ၍. ယပင့်သော အရာကား....အတင်အချဆိုသောအရာ၊ ချ - ဟူသော တိရစ္ဆာန်၏ အမည် တို့ဠိုက် ထင်၏။ ထိုတွင် အတင် အ ချ-ဟူသည်ဠိုက် ချ၏-ဟူသည်ကား ကျစေခြင်း အနက်တည်း။ ကျစေခြင်း ဟူသည်ကား နိမ့်ရာ ညံ့ရာသို့ထျော်သက်စေခြင်းတည်း။ ။တနည်းကား....အနိမ့် အမြင့်မဟူ ကူရောက်စေကာမျှကိုပင် ချသည် ဆိုသောအရာထည်း ရှိသင့်၏။ ထိုတွင် နိမ့်ရာထျော်သက်စေသည်ကို "ချသည်" ဆိုသောအရာကား အောက်သို့ချသည်,နိမ့်ရာသို့ ချသည်-ဟူ၍, တိုက်ရိုက်ဆိုသော အရာထည်းရှိသည်။ ။နေရာမှ ချသည်, သူကြီး မူးမတ် အရာမှချသည်, အညာကချသည်, သစ်ပင်တောင်ကမ်းမှ ချသည်-စသည်ဖြင့် နိမ့်ရာ အောက်အဘို့ဟူ၍, တိုက်ရိုက်မပါသော အရာထည်းရှိသည်။ထိုသို့သော်ထည်း သူကြီး မူးမတ်အရာ သစ်ပင်တောင်ကမ်း အညာဟူသော မြင့်ရာအရပ်ကိုထောက်၍, နိမ့်ရာ အောက်အဘို့သို့ ချသည်ဟူသော အနက်ကို သိရ၏။

အနိမ့်အမြင့်မဟူ ကူရောက်ကာမျှကို ချသည်-ဆိုသော အရာကား ..... ကျွေးမြီ ချသည်၊ အိပ်ခန်းနေရာချသည်၊ အရာဌာနချသည်-ဆိုသော အရာတို့ရှိက် ဖြစ်သင့်၏။ ထိုတွင် ကျွေးမြီချသည်ဟူရာရှိက် မိမိထက် မြင့်မြတ်သော အစိုးရမင်းအရာရှိတို့ သော်လည်း မသောက်မငံ့ကြိုက် ချေးငှားလျှင် ပေးပို့နှင့် ရသည်ကို ထောက်သဖြင့် အမြင့်အနိမ့် မစစ်သာ ဥစ္စာကူရောက်ကာမျှကဲ့သို့ ရှိ၏။ ။အိပ်ခန်းနေရာချသည်-ဟူရာရှိက်လည်း မြေမှၚင်း ယုတ်ညံ့ရာမှၚင်း မြင့်မြတ်ရာ တင်ထားအိပ်နေစေသည်ကိုထျက် အိပ်ခန်းနေရာချသည်ဆိုသည်။ နိမ့်မြင့်မစစ်သာသည်ဖြစ်၏။ ။အရာဌာနချသည်-ဆိုရာရှိက်လည်း အရာရှိထျက် အခွင့်မပြေ ထစ်ဟင်းခြေသဖြင့် မြင့်မြတ်ရာမှ နိမ့်ရာသို့ ထျောသက်စေသည်ကို အရာချထားသည် ဆိုသည်။ ။တဖန်တုံ ငယ်နိမ့်သောအရာမှ ဂုဏ်အရည်နှင့် သင့်တင့်ထျောက်ပတ်မြင့်မြတ်သောအရာသို့ တင်ထားသည်ကိုလည်း အရာဌာနချသည်, နေရာချသည် ဆိုပြန်သည်။ ဤသည်ကို ထောက်၍ အရာဌာနချသည်ဆိုရာရှိက်လည်း နိမ့်မြင့်မဟူ ကူရောက်ပြောင်းလဲးကာမျှကို 'ချသည်' ဆိုသောအရာ ယူသင့်၏။

ထိုမှတပါး စာပေချသည်-ဟူရာရှိက်လည်း ငယ်နိမ့်သောသူရှိက် မြင့်မြတ်သော သူ ပညာယူသည်ကို ထောက်သဖြင့် မြင့်မြတ်သောသူသို့ ပညာ ကူရောက်သည်ပင်။ ခြည်ဝါချ၏-ဟူရာရှိက်လည်း မလိုရာခြည်ခင်ကို တိမ်ညင်းတို့မှ ထိုရာ ယက်ဖောက်စသည်တို့ထို့ ကူရောက်စေကာသာ၊ မည်သည်မှာ အနိမ့်အမြင့်မစစ်သာသကဲ့သို့ရှိ၏။ ဤသည်မျှားကို ထောက်၍ 'ချသည်' ဟူသော စကား၏အရကို ယူသင့်၏။ ။ချ-ဟူသော တိရစ္ဆာန်၏အမည်ကား ခေါ်ဝေါ်ရုံမျှ ပညတ်သောအမည်ဟူ၍ ထည်းယူသင့်၏။ သစ်ဝါးတို့ကို ကြွေကျစေတတ်သည် ချတတ်သည်ဖြစ်၍ ထို့အမည်ဖြစ်၏ ဟူ၍ ထည်း ယူသင့်၏။ ပညတ်ဟူသမျှအကြောင်းအစွဲးထင်သည်တိမ်သည်သာ။ အကြောင်းစွဲးကင်းခဲ့အံ့ဟူ၍ ဆိုလိုက်သည်-ဆင်ခြင်ဦး။ ။ချသည်-ဟူ၍ ဆိုသောစကား၏အရာကား ခိုမကို တင်သဖြင့် ခိုဖိုသည် တွန်မြည်ထျက် အပါးအနီး ရှေ ဆီးနောက်မ ခယသောအမူအရာဖြစ်၍ ခို-ခယသည်ဟု ခ-တခြား ယ-တခြား ဆိုသင့်ထျက် ခ-နှင့် ယ-စပ်၍ ယပင့်သံဆိုသည်ဖြစ်ရာ၏။ ဤကဲ့သို့-သန္ဓိစပ်ထျက် မြန်မာမှဖြစ်သင့်ဟန်ကို အောက်နိုက်ထည်း ဆိုအပ်ပြီ၊ ညှိ၍ နှလုံးသွင်း။

ဝဆွဲးသောအရာကား..... နှစ်ဖြာနှစ်စိတ်ခွဲးသည် ဟူသောအရာနိုက်ထင်ခွ-ဟူ၍. ၏။ ထိုနိုက် ခွ၏-ဟူသည်ကား သစ်ခွ,မြစ်ခွ,ထမ်းခွ, စိတ်နှလုံးခွသည်-ဟူသောအရာတို့၌ အလိုအထျောက် သစ်ပင်စသည်တို့၏ နှစ်ဖြာနှစ်စိတ် ကွဲးခြင်းဖြစ်သည်ကိုထင်၍. သုဒ္ဓအသံကဲ့သို့ ယူတွယ်ရှိ၏။ သတောအားဖြင့်ကား "သုဒ္ဓအသံ

ပဌမကွရာသည် ကာရိုက်သံလိုခါ ဒုတိယကွရာဆိုခြင်း" ဟူသည်နှင့်အညီ ဤနိုက်လည်း ကာရိုက်သံ ကာရိုက်အနက်လည်း ရသင့်၏။ ရသင့်ဟန်ကား ကွာစေသည်ကို ခွာသည်၊ ညှတ်ကွေးစေသည်ကို ခွေသည်၊ ကွဲစေသည်ကို ခွဲသည်-ဟူသကဲ့သို့ ကွစေသည်တို့ ခွသည်-ယူသင့်၏။ ဤနိုက် "ကွစေ၏" ဟူသည်ကား သစ်ပင်စသည်တို့သည် နှစ်စိတ်နှစ်ဖြာမခွ တဝတလုံးတည်း ဖြစ်ခြင်းသည် ရှည်မြင့်ရာသော အစွမ်းရှိလျက် ခွလမူကား ထိုအစွမ်းညံ့သဖြင့် မမြင့်မရှည် ဆုံးပျောက်လွယ်သည် ဖြစ်၍ ကွစေ ပုစေသည်ပင်။ ထို့သို့ "ကွစေ" ဟူသော ကာရိုက်အနက်သည် 'ခွ၏' ဟူသော ဒုတိယကွရာဖြင့် ဆိုအပ်သည်ဖြစ်၏။

ထမ်းခွ-ဟူသည်နိုက်လည်း အများဆက်ဆံ၍ အားကြီးစွာ ထင်သည့် တွင်သည့် ထမ်းသည် သွားသူတို့ကို လိုရာမတူသောကြောင့် ခွသည်, ကွဲးသည်။ ထို့သို့ အသွားကွဲးပြား၍ ထမ်းခွများလသော် သွားသူတို့လိုရာ ကုန်၍ ဆုံးပျောက် လွယ်သဖြင့် ခွခြင်းသည် ထမ်းကို ကွစေ, တိုစေသည်ပင် ကျ၏။ ယင်းသို့သဘောကို စဉ်လျှင် ကာရိုက်သံ ဖြစ်သင့်၏။ ။ဆင်ခြင်။

ခါ၊ ချာ၊ ခြာ၊ ခွာ

ဇ၁-ဗျဥ္ဇနသရ အန္တတို့တွင် ခ-ဗျည်းအာကာရန္တဒ္ဒ ဝေါဟာရကို ပြခြင်းအကြောင်း

ခါ-ဟူသော အန္တနိုက်....သက်သက်,ယပင့်,အရစ်,ဝဆွဲးထင်၏။လှုပ်သည့်, ခါသည် အခါနိုအခါ၊ တိရစ္ဆာန်ခါ-ဟူသည်တို့နိုက် သက်သက်ဖြစ်၏။ ။ထိုတွင် လှုပ်သည့်,ခါသည်-ဟူသောစကားနိုက် ခါသည်-ဟူသော စကားသည် ကပ်ငြိသည်ကို စဉ်လွှင့်စေခြင်းအနက်တည်း။ ။လှုပ်သည်-ဟူသည်ကား ထုပ်စေခြင်းမျှသာ။ ။တွက်သည်-ဟူသည်ကား ထွန်းဖယ်ထိစေခြင်းမျှသာ။ ခါသည်- ဟူသောအရကား ကပ်ငြိသည်ကို စဉ်လွှင့်ကွာဝေးစေခြင်း အနက်ဖြစ်၍ အရကဲ့ဆျက် လှုပ်ခြင်း,တွက်ခြင်းသည် ခါခြင်း-သဘောနှင့် အမူအရာ ယှဉ်စပ်ဆျက်သာ ဖြစ်ရာသောကြောင့် ဖက်ဆိုထေသည်။ ဆင်ကုန်းခါသည်, ဖြူခါသည်-စသောအရာတို့နိုက် ဤအနက်ဖြစ်၏။

အခိုန်အခါ-ဟူသည်၌ကား သမယသဒ္ဒါ ကာလသဒ္ဒါတို့၏ အနက်တည်း။ဤအနက်ကို တခါ,နှစ်ခါ,သုံးခါ,ထေးခါ-စသည်ဖြင့် သင်္ချာတပ်၍ ငင်း နွေခါ,မိုးခါ,

လုပ်ခါ,ဆောင်ခါ-စသည်ဖြင့် အရာသို့လိုက်၍ ဖက်ဆိုရာနှိုက် အ-အက္ခရာမပါ။ ။ အခါအခက်-စသည်ဖြင့် အမှတ်တမဲ့ဆိုမူကား ပြေပြစ်စေလို၍ အ-အက္ခရာ ဖက်ဆိုသည်။ ဤကဲ့သို့ ပြေပြစ်စေလိုရာနှိုက် အ-အက္ခရာဖက်ဆိုသည်ကား အနှစ်,အလ အကြီး,အငယ်၊ အမည်း,အဖြူ၊ အထွေ,အပြား၊ အထူး,အဆန်း-စသည်ဖြင့် များစွာ၏။ တိရစ္ဆာန်ခါ-ဟူသည်နှိုက်ကား ၄က်၏အမည်ထူး ခေါ်ဝေါ်ကာမျှ ပညတ်ခြင်းတည်း။

ချာ-ဟူ၍. ယပင့်အရာကား… အချက်အချာ,သည်းချာ,ဦးချာ,အသေအချာ, ပတ်ပတ်ချာ-ဆိုသောအရာတို့နှိုက် ထင်၏။ ထိုတွင် အချက်အချာ, အချုပ်အချာ-ဟူသည်တို့နှိုက် 'အချာ'ဟူသည်ကား ချုပ်ကိုင်၏သို့ အလယ်အချက် အကြီးအမ မူလဖြစ်ထိုက်သည်ကို အချာ-ဆိုသည်ယူသင့်၏။ ။သည်းချာ, ဦချာ-ဟူသည်လည်း အသည်း,အဦ-တို့၏ အချုပ်အမ အချက်အချာ ဆိုလိုသည်ပင်ဖြစ်၏။

သေချာ-ဟူသည်လည်း အမှုအခွင့်သေဝပ်၍ အချက်အချာသို့ ရောက်သည်ယူမှု ထိုအနက်ငင်းတည်း။ ဤ၌ သေ-တခြား ချာ-တခြား ခွဲ၍ ယူသည်ကား သေသတ်သေဝပ် သေခွေ-စသည်ဖြင့် 'ချာ'ဟူသော စကားခွန်းမပါဝဲးငင်း မိုးရပ်ချာ,မြင့်မိုရ်ချာ,အောင်မြေချာ,တချာတစုရုံး-စသည်ဖြင့် သေ-ဟူသော စကားခွန်းမပါဝဲးငင်း သေသေချာချာ, အသေအချာ-ဟူ၍ ခြားနားဖြတ်ပိုင်း၍ငင်း ဆိုသောအရာများကို ထောက်၍ ခွဲးလိုက်သည်။ ။ပတ်ပတ်ချာ-ဟူသည်ကား မြန်သန်စွာ လည်ပတ်ခြင်းကို ဆိုသောအရာမျှသာတည်း။

ခြာ-ဟူ၍. ရစ်သောအရာကား…. "တရက်မခြာ၊ ထိုအခါကြိုက်"။ ။ပုတ္ထရတနာ၊ သားဖြစ်လာ၍၊ မခြာတရက်။ ။နွေရေမခြာမခြာတည်း" ဟူ၍ ဝိသဇ္ဇနီ မကျောက်သောအသံ။ ။"ချစ်စိတ်မပြား၊ မင်းမြတ် ဖျားကား၊ ရက်ခြားမရှိ၊ ဇာတ်ထို့အား၊ အတွင်ထား၍၊ မခြားထို့နောက်။ ။အကြားအကြား၊ ခြား၍စိတ်သား" ဟူ၍ ဝိသဇ္ဇနီ ကျောက်သောအသံဖြင့် စပ်ဟပ်ဆိုမိန့်ခြင်းတို့သည် အကြား ဖြစ်စေသည်ကိုပင် 'ခြားသည်'ဟူ၍ ဝိသဇ္ဇနီသံငင်း 'ခြာသည်'ဟူ၍ ဝိသဇ္ဇနီ မကျောက်သောအသံငင်း မိန့်ဆိုခြင်းဖြစ်၏။ သသောအားဖြင့်ကား ကွဲးစေသည် အကြားရှိစေသည် ဟူသော ကာရိုက်အနက်ချည်း ဖြစ်သင့်၏။

ခွာ-ဟူ၍. ဝခွဲးသောအရာကား….ခွဲးသည် ခွာသည်,ကွဲး,နွား စသည်တို့၏ခွာ-ဟူသည်တို့နှိုက် ထင်၏။ ထိုတွင် ကွာစေသည် ဟူသော ကာရိုက်အနက်ကို 'ခွာသည်'ဟူ၍ ဒုတိယကွာရာဖြင့်ဆိုသည် ယူသင့်၏။ ကွဲး နွားတို့၏ ခွာ-ဟူသည်ကား

ခေါ်ဝေါ်ရုံမျှ ပညတ်ခြင်း ဖြစ်၏။ ။ကတိုးတခွာ-ဟူ၍ ဆိုမိန့်ရာ၌ကား အချက်အချာ, တချာတရုံ-ဟူသကဲ့သို့ တမြှာ, တခြာ, ဆိုသင့်ဝျက် တခွာ-ဟူ၍ အခေါ် အဝေါ် ရွှေလေသည် ယူသင့်၏။ ခွာနှိုက် ယူအပ်သည်ပင်ဟူ၍ ထည်း ယူထင့်၏။

ခါ-ဟူသော အာကာရန္တကား ပြီး၍ပြီ။

ခြ-ချ

၉၂-ဗျဥ္ဇနသရ အန္တတို့တွင် ခဗျည်း-ဇကာရန္တနှိုက်
ဝေါဟာရကို ပြခြင်းအကြောင်း

ခြ-ဟူသော အန္တနှိုက်ကား....အပင့်ထင်သည်။ ဖြန့်ချိသည်, ခံချိသည်,ချိချွသည်,ချိချိရယ်သည်-စသည်ဖြင့် ယပင့်သောအရာသာ ထင်၏။ထိုတွင်ဖြန့်ချိသည်-ဟူရာနှိုက် ဖြန့်ခြင်းသဘောကိုပင် ဖြန့်ချိသည်ဟူ၍ အရတူဖက်ဆိုသည်။ ။ခံချိသည်-ဟူသည်ကား ခံသာသည် ခံနိုင်သည်ဆိုသော အရာတည်း။ ဖြာနှံဖြန့်ချိဝျက် ထိခိုက်သောအရာ အကျသာ၍ မနာလွန်း ခံချိသည်ပင်ဟူသော ယခင် ချိခြင်း အနက်ဝင်းတည်း။ ။ချိချွ-ဟူရာနှိုက်ကား ပြေပြစ်ဖက်ကာသာ၊ ချွသည်-ဟူသော အနက်မျှသာတည်း။ ။ချိချိရယ်၏ ဟူသည်ကား အဆိုအမိန့် နည်းအံ့သည်။သဘော အားဖြင့်ကား ရယ်အားကြီးသည်ကို ဆိုသောအရာဖြစ်၏။

ခြ-ဟူသော ဇကာရန္တကား ပြီး၍ပြီ။

ခြ-ချ-ခြိုး

၉၃-ဗျဥ္ဇနသရအန္တတို့တွင် ခဗျည်း ဤကာရန္တနှိုက်
ဝေါဟာရကို ပြခြင်းအကြောင်း

ခြ-ဟူသော အန္တနှိုက်ကား ... အပင့်,အရစ်ထင်၏။ထိုတွင် ယပင့်နှိုက် ဝိသဇ္ဇနိသံပါ, မပါ အသံကွဲးရသင့်ဝျက် ကြွချိသည်-ဟူသော ဝိသဇ္ဇနိမကျောက်သော ဝေါဟာရသာထင်၏။ ထို၌ ကြွချိသည်ဟူသောဝေါဟာရသည် အထက်သို့ပင့်ခြင်း မြောက်ခြင်းအနက်တည်း။ ထိုအနက်ကိုစွဲး၍ အထိန်းအချို့,စာရေးစာချို-စသောခေါ်

ဝေါခြင်းဖြစ်၏။ "ရှင်မွန်ဝိဝိ၊ လှ်းချိညှင်းညှင်း" စသည်ဖြင့် စပ်ဟပ်သည်လည်း ဤအနက် ၎င်းတည်း။

ခြိ-ဟု ၍. ရစ်သောအရာနှိုက်လည်း....အုံခြိုးသည်,ခြိုးမွှမ်းသည်,ငုံးခြိုးသည်,ခြိုးရန်-စသည်ဖြင့် ဝိဇ္ဇနီကျောက်သော အသံဝေါဟာရ ထင်၏။ ထိုတွင်အုံခြိုးသည်-ဟူသော စကားကို အုံဩသည်, ခြိုးကြိုးသည်-ဟု၍, ရင့်ကြိုးသည်-ဟူသော စကားကိုခွဲ၍, ယူသင့်၏။ ။ဤနည်းတူ ခြိုးမွှမ်းသည် ဟူသည်နှိုက်လည်း ခြိုးကြိုးသည်ဟူသောအနက်၊မွှမ်းသည်-ဟူသောစကား၏အရကို မွှမ်းမံသည်,ပြည့်မွှမ်းသည်ဟုရာနှိုက်ကဲ့သို့ ပြည့်ဖြိုး ဖုံးလွှမ်းခြင်းအနက်၊ ဤသို့အနက်နှစ်ပါး ခွဲ၍သော်လည်း ယူသင့်၏။တလုံးတဝတည်း အုံဩသည်ကို ဆိုသောအနက်သာဟူ၍လည်းယူသင့်၏။

ငုံးခြိုးသည်-ဟူရာနှိုက်လည်း နည်းတူအနက်နှစ်ပါး ခွဲးသင့်၏။ ငုံးသည်-ဟူသော စကား၏အရကို နိမ့်သည်,ပျဝ်သည်,ပုသည်,ကွသည်သာ မဆိုလို၊ အောက်ခြေမဟင်းမထပ် စေ့စပ်ရှသာသည်ဖြစ်၍, တင့်တယ်နိုးသော ပျဝ်ပျဝ်ငုံးငုံးရှိသော တန်ဆောင်း, မဏ္ဍပ်, စရပ်,ကျောင်း,အိမ်တို့ကိုသာ-'ငုံးငုံး'ဟူသော အဆိုအမိန့်ထင်သည်နှင့်အညီ မဟင်းမထပ်စေ့စပ်ခြင်း အနက်ကိုစွဲး၍, အရကွဲးသော်လည်းယူသင့်၏။ တဝထည်း ခြိုးမွှမ်းခြင်းအနက်ဟူ၍ သော်လည်းယူသင့်၏။ ။ခြိုးရန်း-ဟူသည်ဌကား-အမည်ထူး ပညတ်မျှသာ ဟူ၍ လည်း ယူသင့်၏။ ယခင်နည်းတူ တင့်တယ်သဖြင့် ခြိုးမွှမ်းဖွယ်ဖြစ်စေခြင်းငှာ ရနံတားလျက် စီဆင်အပ်သောကျောင်းအိမ်တို့၏ တန်းဆာအထူးဟူ၍ သော်လည်း အရထင်အောင် ယူရာ၏။ ပညတ်ခြင်းကား တစိတ်တဒေသ အရကိုပင် စွဲးတတ်သည်ဖြစ်၍, ထုတ်ထိုက်သည်။ ဆင်ခြင်။

ခိ-ဟူသော ဤကာရန္တကား ပြီး၍ပြီ။

ခု

၉၄-ဗျည္ဇနသရ အန္တတို့တွင် ခ-ဗျည်း ဥကာရန္တနှိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ခု-ဟူသော အန္တနှိုက်ကား....အပင့်, အရစ်, ဝဆွဲးမပါ သက်သက်အားဖြင့် အခံအခု,တခု, နှစ်ခု-စသည်ဖြင့် ဆိုသောအရာတို့နှိုက်သာ ထင်၏။ထိုတွင် အခံအခု-ဟူသည်ကား အရမကွဲးသင့်။ အခံဟူသည် အခုဟူသည်, အခင်းဟူသည်, အနှီးဟူသည်-စသည်ဖြင့် အပေါ်နှိုက်တည်သော ဝတ္ထုတခုကို ငြိမ်ဝပ်သာယာသက်

သာ တည်ရပ်စေလို၍ အောက်အဘိုန်ိုက် ဝတ္ထုတခုကို ထားခြင်းအနက်တည်း။ထို အနက်ရှိသော ဝတ္ထုကိုလည်း 'အခု'ဟူသော ဝေါဟာရဖြစ်၏။ ထင်သောအားဖြင့် ကား မြင့်မြင့်စွင့်စွင့် မညီမညွတ် ထင်မြင်လောက်သော ဝတ္ထုကို ဆိုသည်များ၏။ ထိုကြောင့် ရှေးရှုရိုးမတ် ထက်ထက်မြက်မြက် ရွက်ဆောင်သောသူကို 'ခုခုမမ'ပြုသည် 'ခုခုမမ'ရှိသည်စသည်ဖြင့် ခေါ်ဝေါ်ခြင်းဖြစ်၏။ ။တခုနှစ်ခု-စသည်ဖြင့် ဆိုမိန့်ရာ နှိုက်ကား အောက်နှိုက် ဆိုခဲ့ပြီးသည်နှင့်အညီ တစ်နှစ်စသော အရေအတွက်ကိုဝတ္ထု အထွေထွေက် တခုနှစ်ခု,တပါး နှစ်ပါး-စသည်ဖြင့် မရှိသေခြင်းပရိယာယ်ဝေါဟာရ မျှသာတည်း။

ခု-ဟူသော ဥကာရန္တကား ပြီးပြီ။

ခူ၊ ခူး၊ ချ။၊ ခြ။၊ ခြ။း

၉၅-ဗျဥ္ဇနသရ အန္တတို့တွင် ခဗျည်း ဥကာရန္တနှိုက် ဝေါဟာရကို ပြခြင်းအကြောင်း

ခူ-ဟူသော အန္တ၌ကား....သက်သက်ငင်း ယပင့်, အရစ်ငင်းရှိသင့်၏။ ထိုတွင် သက်သက်၌ ဝိသဇ္ဇနိပါသည်,မပါသည် ကွဲးသင့်၏။ ထက်ကန်းသည်, ထယ်ထုပ်တို့၏ အဆောက်အဦဖြစ်သော ခူ၊ တိရစ္ဆာန်ခူ၊ ငါးခူ၊ ပင့်ခူ၊ ရောဂါခူ-ဟူသောအရာတို့နှိုက်ထင်၏။ ထိုဝေါဟာရတို့ကား ခေါ်ဝေါ်ရုံမျှ ပညတ်သောအရာသာ၊ အနက်မရသင့်။ စားခြင်း သွားခြင်းကြိယာအနက်ကဲ့သို့ ခူ-ဟူသော ဝေါဟာရသည် ကြိယာအနက် မထင်သောကြောင့် ရုဠိသညာမျှသာ ဖြစ်သင့်၏။ပင့်ခူကို အချို့က-ကြီးနှင့် ရေးကုန်သည်။

ဝိသဇ္ဇနိပါသောအသံကား ...ဆွတ်ခူးသည့်,ထတန်ခူး-ဟူသောအရာနှိုက်ထင်၏။ ထိုဝေါဟာရကား ယူခြင်းအနက် ဖြစ်သော်ထည်း ကြည်သာ ရွှင်လန်းစွာ အလွယ်တကူ အညွှန့်အဖျားကို ယူသောအရာနှိုက်သာ ထင်၏။ ထိုကြောင့် ပန်း,သစ်ရွက်, အညွှန့်တို့ကို ခူးသည်၊ ဆွမ်းခူးသည်-ဟူသော စကားခွန်းတို့ကိုရည်၍-

"သွတ်သွတ်ပွင့်ဖူး၊ ပန်းနွယ်ခူး၍"
"ရပ်ကြိုက် သင်းကူး၊ ပန်းနွယ်ခူး၍"
"ပခုန်းညွှန့်ခူး၊ စစ်မြေမှူးဆို"
"ပွင့်ချင်ကြမူး၊ အထူးထူးတိ၊ ဆွတ်ခူးရင့်ကျန်"

စသည်ဖြင့် 'အညွှန့်အဖျား'ကို ယူသောအရာ-

"မျိုးသူလှခေါင်၊ တောင်မိဖုရား၊ ထက်ဝါးညှံနှုး၊ ဆွမ်းတော်ခူးသော်၊ ရန်ငူးမင်းခေါင်၊ ထက်တော်ထောင်၏-"

စသည်ဖြင့် 'ဆွမ်းခူးသည်' ဟူသောအရာတို့နှိုက် စင်ဟပ်ဆိုမိန့်ကုန်၏။ ။ဆွမ်းပန်းခူးသည်, သစ်ရွက်ခူးသည်မှတပါး ခူးသည်-ဆိုသောအရာ မထင်။ သစ်သီးစသည်တို့ကိုကား ချေသည်, ဆွတ်သည် စသည်ဖြင့်သာ အထူးဆိုလေသည်ဖြစ်၍, ဆွမ်းပန်းသစ်ညွှန့်တို့နှိုက်သာ 'ခူးသည်' ဟူသော ဝေါဟာရထင်သည်။

ထိုတန်ခူး-ဟူသည်နှိုက်ကား ခေါ်ဝေါ်ကာမျှသာ ဖြစ်သင့်၏။အချို့ကား အတာကူးသည်ကိုထောက်၍, ကြိုးအကွာရာဖြင့် အနက်ယူကုန်၏။ "တန်ခူးလဆြဲ၊ဆန်းထူးမြသွင်" စသည်ဖြင့် တ-တွင် န-သတ်စင်အင်ရှိလျက် ဆိုမိန့်သောအရာ ထင်ရှားရှည်မြင့်ပြီးဖြစ်၍, ဆင်ခြင်ရန်ရှိသည်။ တန်ခူး-ဟူသည်ကို တန်-တခြား, ခူး-တခြားခွဲ၍, ယူသင့်ဟန်မထင်၊ နယုန်, ကဆုန်စသည်တို့နှိုက်ကဲ့သို့ တလုံးတည်းသော ဝေါဟာရလက္ခဏာရှိသည်။ တန်ခူး, ကဆုန်လတို့၏အမည် န-သတ်သာယူ၍, ရှေ့သူတောင်းတို့ ဆိုလေ့ရှိသည်။ ထိုကိုထောက်သော် တန်တွင် န-သတ်သာ ယူကောင်းခဲ့။ န-သတ်နှင့် တန်-ဟူသည်ကို 'တာကူး' ဟူ၍, အနက်ယူလျှင် ဝေါဟာရရှေ့သည် ရှည်ပြဆိုရအံ့ဖြစ်၍,တကြောင်း ပညတ်တိုင်း အနက်မထွက်သင့်ဖြစ်၍, တကြောင်း ဆင်ခြင်ရန်ရှိသည်။

ယပင့်အရာနှိုက် ဝိသဇ္ဇနီသံ မပါသောအရာသာထင်၏.....သစ်သီးချူသည်, ရွယ်ချူသည်, တံချူ-ဟူသောအရာတို့နှိုက် ဝိသဇ္ဇနီမပါသံဖြစ်၏။ ထိုနှိုက် သစ်သီးချူသည်၊ ရွယ်ချူသည်၊ အရဲချူသည်။ တံချူ-ဟူသော စကားခွန်းတို့သည် ယခင်နည်းတူ ယူခြင်းအနက် ဖြစ်သော်လည်း ပညာထက်နက်ဖြင့် ရွယ်တောခြင်းထောက်၍, ယူသောအရာထင်၏။ ။ထိုတွင် ရွယ်ရွယ်ချူချူ၊ လွယ်လွယ်ကူကူ-စသည်ဖြင့် ရွယ်ချူဟူ၍, ဆိုသောအရာနှိုက် ရွယ်တော၍,ချူသည် ဟူသော အနက်ဖြစ်၏။ ။ အရဲချူသည်-ဟူရာနှိုက်ထည်း ရကြောင်းချူသည်ဟူသော အနက်ပင်။ ။တံချူ-ဟူသည်နှိုက်ထည်း တံ၏အရ ဝါးချောင်းစသော အတံဟူသော အနက်ယူ၍, ချူသော အတံ ချူတံဟူ၍, ချူဟူသော ဝိသေသနပုဒ်ရှေ့ရပ်၍, မျဉ်းခက်သောအတံကို မျဉ်းတံဟူ၍, ဆို၏သို့ တံမျဉ်း-ဆိုအဝ်လျက်ကို ဖြူသောဆင်ကို ဖြူဆင်, မည်းသောဆင်ကို မည်းဆင်-စသည်မဆိုမူ၍, ဆင်ဖြူ, ဆင်မည်း-စသည်ဖြင့် ဆို၏သို့ ဝိသေသနပုဒ်ကို နောက်နှိုက်တည်စေ၍, 'တံချူ' ဟူသောဝေါဟာရဖြစ်၏။

ထိုနှင့်တူစွာ မာဂဓနှိုက် ဝိသေသနပုဒ် ရှေ့တည်ဟန်, နောက်နေဟန်, ရှေ့ပုဒ်နောက်ပုဒ် ဝိသေသန ဖြစ်ဟန်ကို သဒ္ဒါဆရာတို့ များစွာ မိန့်ကုန်ပြီ။ အလျဉ်းသင့်

ရာရေးဘူးပြီ၊ ရေးလတ္တံ့ဖြစ်၍ လည်းကောင်း သဒ္ဒါကျမ်းတို့ဌိက် ထင်ရှားပြီဖြစ်၍ လည်းကောင်း ထိုရာစကား ကြန့်ကြာအံ့စိုး၍ လည်းကောင်း များစွာ မရေးထိုက်သည်။

ခြူ-ဟူ၍ ရစ်သော အရာနှိက်ကား....ဝိသဇ္ဇနီပါဌံ, မပါဌံ နှစ်ပါးကွဲးထင်၏။ခြူ ဆည်းလည်း, လူမည်ရွှေခြူ-ဟူသည်တို့နှိက် ဝိသဇ္ဇနီမပါဌံဖြစ်၏။ ထို၌ကား ပညတ်မျှသာ အရအနက် မထွက်သင့်။ ရှဋ္ဌိသညာဖြစ်၍ ရစ်ခြင်းသာ သင့်ရာသည်ကို အချို့သူတို့ အမှတ်မထင် ပင့်၍ ရေးကုန်သည်ကား ဆင်ခြင်သင့်၏။

ခြူးပန်း, ခြူးနွယ်, ခြူးသူ-စသော ဝေါဟာရတို့ကား ဝိသဇ္ဇနီသံတည်း။ ထိုနှိက်လည်း ထွေးယှက်ရစ်ပတ်ခွေညွှတ်သော ပန်းနွယ်ပန်းခက်တို့ကို ခေါ်ဝေါ်ကာ မျှသော ပညတ်သာဖြစ်၏။ ။ခြူးသူ, ခြူးရုပ်, ခြူးကောင်-ဟူသည်တို့နှိက်လည်း သတ္တဝါဝိသေသ ရှိသင့်သည်ဖြစ်စေ မရှိသင့်သည်ဖြစ်စေ ယှက်ခွေ ရစ်ပတ်သော အခြင်းအရာဖြင့် ကိုယ်နှိက် များစွာထင်၍, ခြူးပန်းခြူးနွယ် အတူဖြစ်ရကား ဥပစာအားဖြင့် ဝေါဟာရဖြစ်သည်ယူသင့်၏။ ။ဤနှိက်လည်း ယပင့် အချို ရေးသည်။ ပညတ်အရာ ပင့်သည်နည်းအံ့။ ။ဆင်ခြင်ရန်။

ခူ-ဟူသောဦကာရန္တကား ပြီးပြီ။

ခေ၊ ချေ—ချေး—ခြေ၊ ခွေ—ခွေ့—ခွေး၊ ချွေး—ခြွေ—ခြွေး

၉၆—ဗျဥ္ဇနသရ အန္တတို့တွင် ခဗျည်း ကောရန္တနှိက် ဝေါဟာရကို ပြခြင်းအကြောင်း

ခေ-ဟူသော အန္တ၌ သက်သက် ခေ-ဟူသောဝေါဟာရ စကားဟောင်း မထင်။ ယပင့်,အရစ်,ဝဆွဲး၊ပင့်၍ ဝဆွဲး၊ရစ်၍, ဝဆွဲးထင်၏။ထိုတွင်ယပင့်နှိက် ဝိသဇ္ဇနီပါသည် မပါသည် ကွဲး၏။ ချေဖျက်သည်, ချေဆတ်သည်-ဟူသောအရာ၊ ချေ-ဟူသော တောသားအမည်တို့နှိက် ဝိသဇ္ဇနီမပါဌံ ထင်၏။ ။ထိုတွင် ချေဖျက်သည်-ဟူ၍ ခခွေး, ဖဦးထုတ်ဟူသော ဒုတိယကွရာဖြင့် ရေးဖတ်သည်ကား ကာရိက်ဆံ၊ ကျေပျက်သည်ဟူ၍ ကကြီး,ပ-စောက်ဟူသော ပဌမကွရာ ရေးဖတ်ခြင်းကား သုဒ္ဓအဆံ၊ ဤသို့ ကာရိက်, သုဒ္ဓမျှသာ ကွဲးသောကြောင့် ကျေစေသည်ကို ချေသည်-ဟူသော အနက်ဖြစ်၏။

ချေဆတ်သည်-ဟူရာရှိက်ကား....“ဆတ်ဆတ် ထည်းချေ၊ သောက်သည့်ရေဖြင့်” ဟူ၍ စင်အင်ရှိသည်ကို ထည်းကောင်း ထိုင်းမှိုင်းသော သွေးထေမကျေမကွဲး စုခဲး ထေသဖြင့် မနေမသာ မခံချိရှိကြိုက် စုခဲးသောသွေးထေ ကျေကွဲးနှံပြားစေသောအမှု အရာဖြစ်၍ ထည်းကောင်း ကျေစေသည်ကို ချေသည်-ဆိုသော အရာဖြစ်၍ ထခင် ချေဖျက်သည် ဟူသော အနက်ပင်ဟူ၍ သော်ထည်း ယူသင့်၏။ ခေါ်ဝေါ် ရုံမျှ ဟူ၍ ထည်း ယူသင့်၏။ ။ချေ-ဟူသော တောသား အမည်ရှိက်ထည်း ပညတ်မျှသာ ဟူ၍ ထည်း ယူသင့်၏။ ထိုတိရစ္ဆာန်၏ မြည်သံကြားသဖြင့် စွန့်အင်သော ဝတ္ထုကို သင်္ကေတအထေျာက် စွန့်ပစ်ကုန်သဖြင့် စီးပွားကိုချေတတ်သည် ဟူသောအနက် ယူ ထျင် ထခင် ချေဖျက်ခြင်းအနက်ထည်းကောင်း ဖြစ်၏။ ဆင်ခြင်။

ဝိသဇ္ဇနီပါသည်ကား....ချေးငှားသည်၊ သံချေး၊ ချေးသီး၊ သစ်စေးကို ချေးဆိုသောအရာ၊ ယဉ်ချေးသည်၊ ချေးချေးပျပျ-ဆိုသော အရာတို့ရှိက် ထင်၏။ ထိုထွင် ချေးငှားသည်-ဟူသော စကားခွန်းသည် အခိုက်အတန့် ပေးနှင့်ခြင်း သဘောတူ သော်ထည်း ချေးသည်ကား အတိုးအပွား ရသင့်သည်။ ငှားသည်ကား ဝတ္ထုရင်း အစား အခမျှသာ ရသင့်သည် ဖြစ်၍ တစိတ်မျှ ကွဲးသင့်၏။ သဘော အားဖြင့် ကား ပေးနှင့်ခြင်းအနက်တည်း။ “သူ့သံသူ့ကြေး၊ ငါမချေး။ ။ရသေ့ကျေးကို၊ ချေးချေး ငှားငှား”-စသော စင်အင်ကိုရှု၍ သဝေထိုး ရေးဖတ် ခေါ်ခေါ်သော ချေး-ဟူသော ကြိယာအနက်ကား မရှိ။ ထိုသို့သော်ထည်း ပေးသည်ကိုပင် ချေးသည်, ငှားသည်-စသည်ဖြင့် အရာအထေျာက် ဆိုမိန့်ခြင်းတည်း။

အိုးခွက်ကို စောင်းငဲ့သည်-ဟူ၍ ဟသွဲးဆိုမိန့်ရာရှိက်ကား-ယခင်တစိတ်ရှုဟူသည် အနက်တွင် ဟသွဲးပြန်သဖြင့် ငဲ့စေသည်ဟူသော ကာရိက်အနက်ဖြစ်သင့်၏။ဖြစ်ဟန်ကား····ထမင်းစသည်တို့သည် စောင့်ငဲ့သည် ဟူရာရှိက်ကား အလိုအလျောက် စောင့်ငဲ့သည်-ဟူသော သုဒ္ဓအသံ။ ။ငဲ့သည်ဟူသော ဟ-သွဲးသံ၌ကား····''စဖိုသည်သည် ထမင်းအိုးကို ငဲ့သည်''ဟူ၍၊ အိုးသည်ဟူသော ဓာတ်ကတ္တားပင် ထမင်းအိုးကို-ဟူ၍ ကာရိက်ကံဖြစ်သေသည်။''စဖိုသည်သည် (ထမင်းအိုးကို)စောင်းငဲ့စေ၏ဟူသော ကာရိက်ကတ္တား တခြားလာသင့်၏။ ဤသို့ကာရိက်အသံထင်အောင်ယူ။ ။အိုးကိုငဲ့၏ဟူ၍ကား မဆို၊ထမင်းအိုးငဲ့၏။ဆိုထောပတ်တို့ကိုငဲ့၏ဟူ၍ ဆိုထမူကား အိုးကိုဌာန, ထမင်းစသည်တို့ကို ဌာနီယူ၍ ဥပစာနည်းဆိုရာ၏။ ထမင်းစသည်တို့သည် တည်ရာအိုးခွက်မှ တရပ်တစိတ် တဒေသ ဌာနသို့ ဖိတ်ယိုစောင်းငဲ့သည်ဟူသော မုချအနက်ထည်း ရသင့်၏။

ငဲ-အန္တဗြိုးပြီ။

ငေါ-ငေါ့

၁၀၉-ငဗျည်း ဩကာရန္တဒွ် ဝေါဟာရကို မြွခြင်း

ငေါ-အန္တဒွ်ကား 'ကိုးထပ်ငေါနှင့်၊ ဆင်တောဟူက'စသည်ဖြင့် စပ်သော အရာတို့နှိုက် ထင်၏။ ထိုနှိုက် အကြောင်းကို အောက်၌ဆိုအပ်ပြီးသည်နှင့်အညီ ကိုးထပ်သော'အဂ္ဂ'ဆိုထိုသည်ဖြစ်၏။ ။အမြစ်ထျက်'ငေါ့သည်'ဟူသော စကားခွန်းကား-မကျစ်မထစ်အံ့ထင်၍ အဆိုအမိန့်နည်းသည် ဖြစ်ရာ၏။ သဘော အနက်ထည်း'အဂ္ဂ-အငေါ'ဟူသည်နှင့် ထူးဟန်မထပ်။

ငေါ-အန္တဗြိုးပြီ။

ငေါ

၁၁၀-ငဗျည်း ခြော်ကာရန္တနိုက် ဝေါဟာရကို ပြခြင်း

ငေါ-အန္တနိုက်လည်း ဤအနက်ပင် - "ချီးချီးငေါငေါ၊ သမိုက် ခေါသည်။ ။ သံဒုက်ကြော်ကြော်၊ ငေါထည်းမထူး။ ။အငေါထူးနှင့်၊ ဆူးဆူးရားရား။ ။ကြောင်းစတွေငေါ၊ လျောက်သည်သော်မူ-" စသည်ဖြင့် စင်ဟင်ဆိုမိန့်သည်ကား ထင်ရှားစွ။ ထင်သော အမူအရာကို "ငေါသည်" ဆိုသည်။

ငေါ-အန္တပြီးပြီ။

က-ဝက်နိုက် သရအန္တ ဆယ်ပါးစီရှိဟန် ပြီးပြီ။

စ-ဓ္ဓ

၁၁၁-စဗျည်းအကာရန္တနိုက် ဝေါဟာရကိုပြခြင်း

စ-ကာရန္တနိုက် သက်သက်လည်းကောင်း ဝဆွဲလည်းကောင်း ဆိုမိန့်သောအရာထင်၏။အဦးအစ,မစသည်-ဟူသောဆိုမိန့်ခြင်းတို့သည် သက်သက်သောစ-အက္ခရာဖြစ်၏။ ။ထိုနိုက် အဦးအစဟူသည်ကား-ကာလအဓွန့်ကိုမှတ်၍, ဆိုမိန့်သောစကားခွန်းတည်း။ရှေးဦးမဆွ ကာလကို 'အစ' ဟူ၍, ဆိုမိန့်ခြင်းသည် ကာလကိုမှတ်၍, ဆိုမိန့်ခြင်းဖြစ်၏။ အရင်းမူလကို လည်းကောင်း အစွန်းအနား အဖြိတ်အဆာမျှကိုလည်းကောင်း 'အစ' ဟူ၍, ဆိုမိန့်ခြင်းသည် 'အဓွန့်' ကိုမှတ်၍, ဆိုမိန့်ခြင်းဖြစ်၏။

ထိုနိုက်ကာလအဓွန့်-ဟူသည်လည်း သွားခြင်း စားခြင်းစသောအမူအရာကြိယာနှင့် ယှဉ်သော အဓွန့်ကာလကိုသာ ယူသင့်၏။ အဘယ့်ကြောင့်ဟူမူကား-

"လက်ဦးမဆွ၊ ချစ်ကျွမ်းစဖြင့်....[ဟတ္ထိပါလ]
"တယောက် စက၊ လိုက်ကြ နောက်ထပ်-"

ဟူ၍, စင်ဆိုသော အရာတို့နိုက် ချစ်ကျွမ်းစ ကာလ,ဟတ္ထိပါလ တောထွက်စကာလတို့၏ ရှေးအတိုတို့နိုက် လွန်ပြီးတိတ်ပြီးသောကာလ နှေ့,ည,လ,နှစ် ကင်ကမ္ဘာသင်္ခာမည်မျှ မထွက်ဆကောင်းသော အတိတ်ကာလကို ရည်၍, အစ-မဆို။ ဟတ္ထိပါလ

---

၁ ဆ * ၁၀။

တောတွက်ခြင်း, မင်းမိဖုရားတို့ ချစ်ကျွမ်းဝင်ခြင်း အမှုအရာ ကြိယာနှင့် ယှဉ်သော ကာလအစမျှကိုသာ 'တောတွက်စ၊ ချစ်ကျွမ်းစ' ဟူ၍ ဆိုသည်ဖြစ်၏။

အရင်းမူလကို လည်းကောင်း အစွန်းအနား အမြိတ်အဆာမျှကို လည်းကောင်း 'အစ' ဟူ၍ အဓွန့်ကို ဝိုင်းခြားမှတ်သား၍ ခေါ်ဝေါ်ရာ၌က်ကား–

"တောစတောင်ခြေ၊ နေသည်တစု။ ။ဂင်္ဂါမြစ်စ၊ နေတဲ့းချသော်"
"မသေဝံ့ကြ၊ ရေမရ၍။ တောစခိုခို"
"ညစ်ညူးရွာစ၊ တည်ရွှံရွာ။ ။ကြိုးစလွန်စ၊ သိလ္ပသောထွေ-"

စသည်ဖြင့် တောစ,မြစ်စ,ရွာစ,ကြိုးစ,လွန်စ,သစ်စ,ဝါးစ, အတိုအစ-ဟူ၍ ဆိုမိန့်ခြင်းသည် အစွန်းအနား အမြိတ်အဆာမျှဟူသော တစိတ်တဒေသ ဌာနကို မှတ်၍ ခေါ်ဝေါ်ခြင်းဖြစ်၏။

ထိုနှိုက် စားခြင်း, သွားခြင်း-စသော အမှုအရာ ကြိယာနှင့် ယှဉ်ဟန်ကား.... တောစ,မြစ်စနှိုက်နေခြင်း၊ ကြိုးစ လွန်စကိုသိခြင်း အမှုအရာ ကြိယာ၊ ရွာစလယ်စသို့ ပေါက်ရောက်ခြင်း၊ သစ်စ ဝါးစကို ရခြင်း,သိမ်းဆည်း တွေ့မြင်ခြင်း-စသော အမှုအရာ ကြိယာတို့နှင့် ယှဉ်သည်ဖြစ်၏။ ။ထိုကြိယာနှင့်ယှဉ်သော အရပ်ကိုသာ အစ-ဟူ၍ ဆိုမိန့်ခြင်းဖြစ်ဟန်ကား.....ထိုကြိယာနှင့်မယှဉ်သော တောတောင်, ယာထယ် အရပ်ဒေသများစွာရှိထျက် ပေါက်ရောက်သိမ်းဆည်းရခြင်းစသော ဌာနတစိတ်မျှကို 'အစ' ဟူ၍ ယူသင့်သည်ကို ထောက်သဖြင့် ပေါက်ရောက်ခြင်း စသော ကြိယာနှင့် ယှဉ်သော အရပ်ကိုသာ 'အစ' ဟူ၍ ဆိုမိန့်ခြင်းဖြစ်၏။

ရှေးဦးကာလကို 'အစ' ဟူ၍ ဆိုမိန့်ရာနှိုက် တောစ, တောင်စ, သစ်စ, ဝါးစ-ဟူသကဲ့သို့ အစွန်းအမြိတ်တစိတ်တဒေသ အစဟုတ်သည် မဟုတ်သည်မဟူသာ၊ ဆိုခဲ့ပြီးသော ကြိယာနှင့်ယှဉ်သော အရပ်တစိတ်မျှကိုပင် 'အစ' ဟူ၍ ဆိုမိန့်ခြင်း ဖြစ်သည်။ တောစ,တောင်စ, သစ်စ, ဝါးစဟူ၍ အစွန်းအမြိတ်ကို 'အစ' ဆိုမိန့် ရာနှိုက်ကား ရှေးဦးကာလ ဟုတ်သည်,မဟုတ်သည် မဟူသာ၊ ဆိုခဲ့ပြီးသော ကြိယာနှင့် ယှဉ်သော အရပ်တစိတ်မျှကိုပင် 'အစ' ဟူ၍ ဆိုမိန့်ခြင်းဖြစ်၏။

၌်သို့လျှင် 'အစ' ဟူ၍ ဆိုမိန့်ခြင်းသည် ရှေးနောက် ကာလကိုမှတ်၍ ဆိုမိန့်သောအရာ, အစွန်းအမြိတ်မျှကို အစအလယ်မှတ်၍ ဆိုမိန့်သောအရာ-ဟူ၍ ကွဲးသင့်သကဲ့သို့ရှိ၏။ ။မစသည်-ဟူသော အရာနှိုက်ကား ထောက်မခြင်းဟူသော အနက်ကို ပြေပြစ်စေလိုသို့, မ-သည်သာမဆို။ "ကုံလုံ မမစစတည်း။ ။ပြီးအောင်မစ၊ သင်တတ်လှသည်"စသည်ဖြင့် စဝ်ယှက်ဖက်ယှဉ်၍, ဆိုမိန့်ခြင်းဖြစ်၏။

ဝဆွဲး ဆိုမိန့်ရာရှိက်ကား ...“ကိုဝယ်ဖြစ်က၊ သိခဲးစွဲဟု။ ။နတ်ကျော် မာဃ၊ ကောင်းစွဲငဲးခြီး။ ။သည်လေ,စွဲလေ။ ။သာစွဲလေ” စသည်ဖြင့် စဝ်ဟဝ်သော အရာထင်၏။ ။ထိုနှိုက် သိခဲးစွ-အစရှိသဖြင့် ရဿအသံ ဆိုသောအရာနှင့်-

“ကြွေ့ကြွေ့များစွာ-ကြီးငယ်လာသား”
“ဗိုလ်စုညီညာ-စည်းဝေးရာသား၊ ကျယ်စွာဝဲးထင့်။ ။ရဟန်ချင်းသာ။ ပြည့်ဖြိုးစွာ၏။ ။ထျင်စွာထျင်စွာ၊ ပြုရာသည်ချည်း”

စသည်ဖြင့် ကျယ်စွာ,ထျင်စွာ စသည်ဖြင့် ဒီဃအသံ ဆိုမိန့်ခြင်းသည် အရသဆော တူအံ့သည်။ ဒီဃသရ အသံကား ရှည်သည်။ ရဿသရအသံကား တိုပါသည်မျှသာ ဆိုသင့်၏။

မာဂဓန်ိုက် အတိ, အတိ-စသော ဥပသာရ ပုဒ်တို့သည် မိမိတို့နှင့် ယှဉ်သော ဝတ်နက် ကြိယာကို အထူးဖြစ်စေသကဲ့သို့ သိခဲးစွ-ဟူသည်နှိုက် အလွန် သိခဲး၏။ များစွာဟူသည်နှိုက်-အလွန်များး၏ဟူသော အထူးဖြစ်သင့်၏။ ထိုနှိုက်များစွာ-ဟူ၍ ထည်းကောင်း များစွ- ဟူ၍ ထည်းကောင်း ဒီဃရှိတုံ,ရဿရှိတုံ ရေးဖတ်ဆိုမိန့်ခြင်းကား ‘မုနိစရေ, ဘောဝါဒိ’ စသောပုဒ်တို့ကဲ့သို့ ပြေပြစ်စေလိုသ့ ဒီဃရဿ သင့်ရာ ဆိုမိန့်သည် ယူသင့်၏။

စ-ကာရန္တ ပြီးပြီ။

စာ-စွာ

၁၁၂-စဗျည်း အာကာရန္တနှိုက် ဝေါဟာရကို ပြခြင်း

စာ-ကာရန္တနှိုက်ထည်း သက်သက်, ဝဆွဲးမျှသာ ထင်၏။ ထိုတွင် သက်သက်နှိုက် ထောက်စာသည်ဟူသောအရာ၊ ကျဲးဂန်ပေစာ၊ ရစုရစာ၊ စားသောအစာ၊တံစာဟူသောအိတ်ဝယ်၊စာသူငယ်တို့အမည်၊တစိစိတစာစာဟူသော အရာ ဤသည်များထင်၏။ ။ထိုတွင် ထောက်စာ၏ ဟူရာနှိုက် သဘောအားဖြင့် မိမိ ကိုယ်-စိတ်နှင့်ချင့်၍ ထောက်ထားသည် ဟူသော အနက်တည်း။ ထိုအနက်ကို ထောက်စာသည်၊ ထောက်ချင့်သည်၊ စာနာသည်-ဟူ၍ ဆိုမိန့်ခြင်းဖြစ်၏။

“ကုန်စယ်ရင်းချာ၊ ကျိုးနဝ်ရာဟု၊ စာနာထသော်” [၁] ဟူသော စကားနှိုက် မိမိ ကိုယ်စိတ်နှင့် ထောက်ချင့်ခြင်းအနက် တိုက်ရိုက်မထင်။ လျှည့်ဝတ် ပျောင်းညွတ်၍

---

၁ ပါမိ * ၁။

ယူမှုကား "ဝဋ်နှိုက်ကျင်လည်ကုန်သောသတ္တဝါတို့၏ ပင်ပန်းဟန်တို့ကို စိတ်တော် ပင်ပန်းဟန်နှင့် ထောက်ချင့်ဆင်ခြင်လသော် ဘုရားဆုကို ယူသဖြင့် ကယ်ဆယ်တော် မူနိုင်အံ့သော တရေးတကြောင်းကိုမြော်၍." ဤသို့သော အဓိပ္ပါယ် ထွက်၏။ ဤသို့ ယူမှု အဓိပ္ပါယ်လျှို့ဝှက်လှလေသည်။

ထောက်စာ၏-ဟူသော စကား၏အရသည် ဆိုခဲ့ပြီးသောအတိုင်း မိမိကိုယ်စိတ် နှိုက် ထင်သော အခြင်းအရာနှင့် သူတပါး၌ ဖြစ်အံ့သော အခြင်း အရာကို နှိုင်း၍ ချင့်ထောက်ခြင်းအနက် ဖြစ်သင့်သောကြောင့် မိမိ၌ထင်သောအခြင်းအရာ သူတပါး၌ ထင်အံ့သော အခြင်းအရာဟူ၍ အစွန်းနှစ်ပါးရှိသင့်၏။ ထိုကြောင့် 'ကိုယ်တော် ပင်ပန်းသော အခြင်းအရာနှင့် သတ္တဝါတို့၏ ပင်ပန်းသော အခြင်း အရာကို ချင့်ထောက်ရှုမြော်လသော်၊ ဘုရားဆုယူသော တရေးတခွင့်ကိုမြော်၍.' ဤသို့လျှင် ကိုယ်တော်နှိုက်ထင်သော ပင်ပန်းခြင်း, သတ္တဝါတို့နှိုက် ထင်သော ပင်ပန်းခြင်း-ဟူသော အစွန်းနှစ်ပါး ပေါ်အောင်ယူသင့်သည်ဖြစ်၏။

ဇာနာလသော် ဟူ၍ ဇကွဲး ရှိမှုကား-မာဂဓဘာသာ သိခြင်း အနက် ဖြစ်၏။ "တောင်းပန်၍ ဝယ်သော ကုန်စည်အရင်း အချာသည် အကျိုးနပ်ရာသကဲ့သို့ ကိုယ် နှင့်ဖလယ်၍ ဘုရားဆုကို ယူသော် ရအံ့သော တရေးတကြောင်းကို သိမြော်၍." ဤသို့ သိခြင်းအနက်ပေါ်အောင် ယူသင့်၏။ ဤကား ဇကွဲး ရှိလေသည်ကို လိုက်၍ ယူသည်။

ကျမ်းဂန်ပေစာ-ဟူသောအရာနှိုက်လည်း ပညာဖြင့်နှိုင်း၍ ဆင်ခြင်ထောက်ရာ ဟူသော အနက်ရသင့်သောကြောင့် ယခင်ထောက်စာသည်-ဟူသော အနက်လည်း ကောင်း ဖြစ်သင့်၏။ ဤနှိုက်လည်း 'ပေဇာ' ဟူ၍ ဇကွဲးနှင့် အချို ရေးကုန်၏။ ထို ဇကွဲးအရကို ယခင် 'ဇာနာလသော်' ဟူသည်မှာကဲ့သို့ မာဂဓဘာသာသိခြင်းအနက် ကိုလိုက်၍ သိမြင်ကြောင်းဖြစ်သော ကျမ်းဂန်ဟူ၍ ယူရအံ့သည်၊ ထိုသို့ 'ဇာနာသည်, ဇာပေ' ဟူ၍ ဇကွဲးရေးရာနှိုက် သိခြင်းအနက်ကို ဟောစွမ်းသော ဉာဓာတ်ကို ဇာပြု သည် ယူရိုင်ရှိ၏။ ထိုသို့ယူမှု မြမွာမှုသက်သက်လည်း မဟူရ။ အဓိပ္ပါယ်လည်း ကွယ်လွှ၏။ ဥကို ဇပြုသည်လည်း အရာတိုင်း မသင့် ဖြစ်ခဲ့သောကြောင့် ဆင်ခြင်ရာ၏။ ကျမ်းပေစာဟူသည်ကို ခေါ်ဝေါ်ကာမျှသာလည်း ယူသင့်၏။

ရစုရစာ-ဟူသည်ကား ရထိုက်သောအစု၊ ရတန်သောအတိုအရာကို 'ရစာ' ဟူ၍ ဆိုလိုရ်။ "သင်၏ရစာ၊ ပဒုမာနှင့်၊ ပါစဖွယ်ဖွယ်" ဟူ၍ စပ်သည်မှာ အညွှန်းသည်

တို့ဝတ် ထွက်နှပ်ဖွယ်ဖွယ် ကြာစွယ် ပဒုမာ အတို့အရာ ရစာပါစဖွယ်-ဟူသော အနက်ယူသင့်၏။ ။စားသောအစာ-ဟူသည်ထည်း ရထိုက် သုံးဆောင်ထိုက်သော အတို့အစုထည်းကောင်း ဖြစ်သင့်သောကြောင့် 'ရစာ' ဟူသောစကားအရှေ့၌ တူအံ့သည်။ ခားစာ,လွှစာ, တစည်းစူးဆောက်စာ, ပွတ်စာ-ဟူသည်ထည်း နည်းတူအနက် ချည်းယူသော် သင့်ရာသည်ပင်။ ခား-လွှ-တစည်း-စူးဆောက်-တို့သည် စားအပ်သော အစာ-ဟူ၍ ထည်းကောင်း ထိုခားလွှ စသည် တို့ကြောင့် ရထိုက် ဖြစ်ထိုက်သော 'ရစုရစာ' ဟူ၍ ထည်းကောင်း အစာဟူသော အနက်ပေါ်အောင်ယူသင့်၏။

တံစာ-ဟူသောအိတ်၏အမည်ကိုကား-စာဟောင်းပေဟောင်းမတွေ့။ ''ရေစက်ယိုဖိတ်၊ ကုသိုလ်စိတ်ဖြင့်၊ အိတ်စထည်ကြီး'' ဟူ၍ စပ်သော အရာ၌ထည်း ရွှေ့ရွေ့ရတနာ ထည့်သောအိတ်ကိုပင် ယူသင့်သည်ဖြစ်၍ 'တံစာအိတ်' ဟူသည်ကိုပင် ယူသင့်သကဲ့သို့ရှိ၏။ ဤတံစာအိတ်ဟူသော အသုံးအဆောင်တမူကား ကြိုးငယ်ဖြင့် ကြားကြားကြိုးကြိုးပြုသောအရာ များစွာထင်သဖြင့် သိမ်မွေ့သော ရွှေခဲး ငွေခဲး မထည့်ကောင်းအံ့၏သို့ ရှိ၏။ ထိုသို့သော်ထည်း အမည်မျှသာတူ၍ အမူကွဲးအံ့သည်ကို ထည်းကောင်း နောက်နောက် ကာလ အသုံးအဆောင် ထူးပြားသော အမည်အထည် ဖြစ်သည်ကို ထည်းကောင်း စုံစမ်းရာ၏။ ဤ တံစာ-ဟူသော အမည်ကား ခေါ်ဝေါ်ကာမျှထည်း ယူသင့်၏။ မိမိ၌ တည့်သွင်းအပ်သော ဥစ္စာဟူသော အစာပြည့်ဝသဖြင့် အချောင်းအတံကဲ့သို့ ရှိသည်ဟု၍ အနက်ယူမှ ရသင့်အံ့သို့ထည်းရှိ၏၊ တ-၌ကား သေးသေးတင်ဖြစ်၏။ နှ-သတ် ဟူမှ ထိုက်တန်ပြည့်ဝသော အစာရှိသည်ဟု၍ ယူသင့်၏။ များသော အားဖြင့် အမြိတ် အဆာ ထင်သည့်, အမြိတ် အဆာကို ပြုအပ်သည် ဟူသော အနက်ကို ယူမှ ဆ-လိမ် ရှိသင့်၏၊ တ-နှိုက် သေးသေးတင် နှ-သတ်ကိုကား ယခင်နည်းတူ ယူသင့်၏။

ဌက်၏အမည် စာ-ဟူသည်ထည်း ခေါ်ဝေါ်ကာမျှ ဖြစ်သင့်၏။ တစိစိတစာစာ ပြုတတ်သည်ဟူသော အနက်ကိုစွဲ၍ 'စာ' ဟူသည်ထည်း ဆိုသင့်၏။ ဤ 'တစာစာ' ဟူသော ဝေါဟာရထည်း စာဟောင်း ပေဟောင်းမထင်၊ အတွင်မျှသာ။ 'တကျာကျာ' ဟူသည်နှင့် တူကောင်း၏။

စွာ-ဟူ၍ ဝဆွဲး ဆိုမိန့်ရာနှိုက်ကား.....ယခင် ထျင်စွာ, များစွာ, ကြီးကျယ်စွာ-ဟူသောအရာ၊ ပန်စွာ-ဟူသောအရပ်မည်၊ ဝါစွာ-သည် ဟူသောအရာတို့နှိုက် ထင်၏။ ထိုတွင် ထျင်စွာ, များစွာ-ဟူသည်တို့ကား ဆိုခဲ့ပြီ။ ။ပန်စွာ-ဟူသောအမည်,ဝါစွာ

ဟူသောစကားခွန်းတို့ကို စာဟောင်းမတွေ့။ ။ဝါစွာသည်-ဟူသောစကားခွန်းနှိုက် စွာ-ဟူသည်ကို 'စာ-ဝါ' ဟူ၍ ပုဒ်ခွဲပြီးဖျင် စာ၏အရကို ယခင် ဆိုခဲ့ပြီးသည်နှင့် အညီ ချင့်ထောက်ခြင်းအနက်, ဝါ၏အရကို နှိုင်းယှဉ်ခြင်းအနက်ယူ၍ သဘောတူဖက် ယှဉ်ဖျက် 'စာဝါသည်' ဆိုမည်အတွက်ကို စနှင့်-ဝကပ်ဖျက် 'စွာသည်' ဟူသော ဆိုမိန့်ခြင်းဖြစ်၏ ဟူ၍ သော်ထည်း ယူသင့်၏။ ဆင်ခြင်။

စာ-ကာရန် ပြီး၏။

စ

၁၁၃-စဗျည်း ဣကာရန်နှိုက် ဝေါဟာရကို ပြခြင်း

စ-ကာရန်နှိုက် ကြဝ်ကြဝ်စိစိ, ထည်စိ ထည်ရင်း, တိုးတစ်, မျက်စိ-ဆိုသော အရာတို့နှိုက် ထင်၏။ ထိုထွင် ကြဝ်ကြဝ်စိစိ-ဆိုသည်ကား ရင်ရင်ကြဝ်ကြဝ် ကပ်စွဲးသည်ကို ဆိုသောအရာတည်း။ ။ထည်စိထည်ရင်း-ဟူသည်နှိုက်ထည်း ထည်ဟူသော ကိုယ်အင်္ဂါ တစိတ်တွင် အရင်းဖြစ်၍ ထည်း 'ထည်ရင်း' ဟူသည်။ ထိုထည်ရင်းသည်ပင် စိစိကြဝ်ကြဝ် ဆုပ်ကိုင်အစဉ်သော အရာဖြစ်၍ 'ထည်စိ' ဆိုသည် ယူသင့်၏။ မြွေစသည်တို့ကို ဖမ်းယူခြင်းနှိုက် ထင်၏။ ထိုကိုစွဲး၍ 'စကားထည်စိဆုပ်၊ ပြက္ခဒိန်ထည်စိဆုပ်' ဟူ၍ ဆိုမိန့်ကုန်သည်။ "လန့်ကြောက်မရှိ၊ ငါးဟုဓိဏ်၊ ထည်စိထည်းဆုပ်။ ။ရှောင်ရှားမရှိ၊ ထည်စိကိုင်ညှစ်" စသည်ဖြင့် စဝ်ဟဝ်သောအရာ ထင်၏။

တစိုးတစိ-ဟူသည်နှိုက် တစိုး-ဟူသည်ကား ပြေပြစ်ရုံ ဖက်ကာသာ၊ တစိ-ဟူသည်ကား အနည်းငယ်မျဟူ၍ ဆိုထိုသောအရာဖြစ်၏။ ။တစိတ်တဒေသ ဟူသည်ထွင် တစိတ်-ဆိုမည် အတွက်ကို တစိ-ဆိုလေသည် ဟူ၍ ထည်း ယူသင့်၏။

"တစိုးတစိ၊ ခွန်းပြဲမဲ့ရွှီ"
"ငတွင်တစိ၊ အခွင့်ရှိမှု၊ ဆိုတိပွင်းပွင်း"
"ပညာသတ္တိ၊ ရှိ-မရှိကို၊ တစိမြင်ရလွယ်၏တည်း-"

စသည်ဖြင့် 'တစိ'ဟူ၍ စဝ်ဆိုသောအရာထင်၏။ ။အစိ အစစ်-ဟူသည်နှိုက် အစစ်-ဟူသော စကားခွန်းသာ အရရှိ၍, အစိ-ဟူသော စကားခွန်းကား ပြေပြစ်ရုံဖက်ကာသာတည်း။

မျက်စိ-ဟူသောအရကား-ကိုယ်အင်္ဂါတစိတ်၏ အမည်တည်း။ ဤ၌ အရသဆော ကို ဉာဏ်ထိုက်ဆိုအံ့။ ပက်ပါတူရှ ရှေးရှုဖြစ်သော အင်္ဂါတစိတ်ကို **မျက်နှာ** ဟူ၏။ ။ ထိုနှင့်ထျော်စွာ ရေမျက်နှာ၊ မြေမျက်နှာ၊ စည်မျက်နှာ၊ အိုးမျက်နှာ၊ ဗူးမျက်နှာ-စသည်ဖြင့် သက်မဲ့ရှိက် **ခေါ်ဝေါ်**ခြင်း, လူသူ ကျွန်နား ဆင်မြင်းတို့၏ မျက်နှာ-စသည် ဖြင့် သက်ရှိရှိက် **ခေါ်ဝေါ်**ခြင်းထင်၏။ ။ထိုမျက်နှာအပြင်ရှိက် နှာရည်ယိုစီးသော အခေါင်းကို **နှာခေါင်း**။ ။အစာကိုခံယူရာ တွင်းငယ်ကို **ခံတွင်း**။ ။ထိုမျက်နှာပြင်ရှိက် ငှက်၏အတောင်အမွေးကဲ့သို့ တလျှပ်လျှပ် ခပ်သည်းကို **မျက်တောင်, မျက်မွေး**။ ။ ထိုရှိက် မို့မို့ပိုပိုရှိသော ကုန်းငယ်ကို **မျက်ကုန်း** ဟူသင့်ကျက် ကုန်းသောပန်းငယ်ကို 'ပန်းခုန်း' ဟူ၏သို့ မျက်ခုန်းတို့ရှိက် ကုန်းကုန်းကွေးကွေးရှိစေသည်ဟူသော ကာရိက် သံအားဖြင့် ပဌမကွာရာကို ဒုတိယကွာရာ ဆိုမိန့်သည်ထည်းသင့်၏။ ။ထိုမျက်နှာပြင်ရှိက် မိုက်မှောင်မိုသန်းစွာ ထင်သည်ကို **မျက်မှောင်**၊ တနည်းကား····ဝက်မှင်,မြင်းမှင်-ဟူ သကဲ့သို့ **မျက်မှင်** ဟူသင့်သည်ကို 'မျက်မှောင်'၊ ထိုရှိက် အခွံအသား အရေအရည်တို့ ကို **မျက်ခွံ, မျက်သား, မျက်ရေ, မျက်ရည်** ။ထိုရှိတ် အရိုးထည်းကောင်း၊ အရည်မျ ထည်းကောင်း၊ ခဲးလုံးထျက်ရှိသည်ကို **မျက်လုံး**။ ။ထိုမျက်လုံးတည်ရာ ကွေးကွေး ကွင်းကွင်း တွင်းငယ်ခွက်ငယ်ကို **မျက်ကွင်း, မျက်တွင်း, မျက်ခွက်**။ ။ထိုဤတည်သော ယခင် မျက်လုံးဟူသည်ကိုပင် သစ်သီး၏ အစေ့ဟူသကဲ့သို့ အစေ့သဖွယ် ဖြစ်၍ 'မျက်စေ့'ဟူသင့်ထျက် သဝေထိုး သေရန္ဒင့် လုံးကြိုးတင် ဇာသရကိုအပြားခဲ့ 'ဘုန်း ဟွေ့-ဘုန်းရှိ၊ သန္ဓေ့-သန္ဓိ၊ မုန္ဒေ့-မုန္ဒိ"ဟူသည်ကဲ့သို့ မျက်စေ့ဟူသင့်ထျက် **မျက်စိ** ဆို ထေသည် ယူကောင်းအံ့သို့ထင်၏။ ဤ၌ စဝ်အင်ကား-

"သားမှာမျက်စိ၊ နှလုံးရှိထျက်၊ သားမိတို့ဝမ်း"
"အံ့ဩဖွယ်လိ၊ ငြိုးပြက်ညိမှ၊ မျက်စိတမူ-"

စသည်ဖြင့် ဇာကာရန်တွ စဝ်သည်သာ ထင်၏။ ။ဘုန်းဟွေ့-ဘုန်းရှိ၊ သန္ဓေ့-သန္ဓိ၊ မုန္ဒေ့-မုန္ဒိ ဟူသည်တို့ဤကား-

"စောဘုန်းဟွေ့ကို၊ ရသွေ့ရှင့်သမြှော်ထတည်း"
"ထေရိကျော်ဘုန်းဟွေ့၊ ဆရာရှေဝယ်"
"သားဘုန်းရှိကား၊ ဝိတိမရှင် မြှုးလှည့်ထေ့"
"ခမည်းတော်မိ၊ မျိုးဘုန်းရှိကို-"

ဟူ၍, ဘုန်းဟွေ့-ဘုန်းရှိ စဝ်သည်။

"ပုဒ်စပ်ချောမြဲ၊ သန္ဓေခြားဖြတ်" ၁
"တသန္ဓေ၀၊ တပေထျဉ်ထျဉ်" ၂
"ဖြစ်စအာဒိ၊ ထေးထွေရှိသည်၊ သန္ဓိတည်သောအခါတည်း"

ဟူ၍ သန္ဓေ-သန္ဓိစပ်သည်။

"အမြဲးရသော့၊ မုန့်မည်ဆန်း။ ။ရှင်တို့မိပတိ၊ ငါမုန်ကား"

ဟူ၍ မုန့်-မုန်စပ်သည်။

ဤနှင့်ထျော်စွာ ဇကာရန္တ, ကောရန္တ မပြားဖြစ်သင့်လေသည်ကို ထည်းကောင်းနာခေါင်းခံတွင်း, မျက်တွင်း, မျက်တောင်-စသည်တို့၌ ဆိုအပ်ပြီးသည်နှင့် ထျော်စွာ ဝေါဟာရဖြစ်သင့်လေသည်ကိုဝင်း 'စိ-ဟူသောစကားခွန်းသည် ကြပ်ကြပ်စိစိဟူသော အနက်မှတပါး၊ တခြားအနက်မထင်'။ ။ထိုကြပ်ကြပ်စိစိ-ဟူသော အနက်ကိုစွဲ၍ 'မျက်စိ'ဟူသည်၌ ယူ၍ အနက်မသင့်သာသည်ကို ထည်းကောင်း ထောက်သဖြင့် သစ်စေ့ဟူသကဲ့သို့ ကောရန္တသဘောရင်းကို ဇကာရန္တယူ၍ 'မျက်စိ'ဟူ၍ ဆိုထေသည် ယူရအံ့သို့ရှိ၏။ ဆင်ခြင်။

စိ-ကာရန္တပြီး၏။

စီ-စီး

၁၁၄-စဗျည်း ဤကာရန္တနှီက် ဝေါဟာရကို ပြခြင်း

စီ-ကာရန္တနှီက် စ-အက္ခရာသက်သက်တွင် ဝိသဇ္ဇနီသံပါ, မပါ ကွဲး၏။ ထိုတွင် ဝိသဇ္ဇနီ မပါသံကား....ကုံးစီသည် ဆိုသောအရာ, ကြွေကစား သောအရာနှီက် 'စီ'ဟူသော ခေါ်ဝေါ်ခြင်း, အသံတစီစီ, စုံစီသည်-ဟူသောအရာတို့ နှီက် ဝိသဇ္ဇနီမပါသံတည်း။ ။တက်စီးသည် တစီး-ခွစ်စီးစသည်ဖြင့် ဆိုမိန့်သော အရာ, ဘိစီးသကဲ့သို့ ဆိုသောအရာတို့ကား ဝိသဇ္ဇနီသံတည်း။ ။ထိုတွင် ကုံးစီသည် ဟူသော စကားခွန်းကား သင့်ထျော်ရာဟုဉ်ဖက်စပ်ဟုက်သည်ကို 'ကုံးသည်-စီသည်' ဟူ၍ သဘောတူအနက် ဖက်ဆိုသောအရာဖြစ်၏။ "ရွေး၍ လုံးညီ၊ ပုလဲစီသို့။ ။ ထွန်းဝင်းအညီ၊ ရွှေကြယ်စီသို့" စသည်ဖြင့် စပ်ဟပ်ကုန်၏။

---

၁ ကိုး * ၂၃၉။ ၂ ကိုး * ၃၉။

ကြွေကစားခြင်းနှိုက် 'စီ'ဟူသော အခေါ်အဝေါ်ကား ပညတ်ခေါ်ဝေါ်ကာ မျှထည်း ယူသင့်၏။ အထုံးစုံမှောက်လှန်သဖြင့် ကုံးသီစီထျဉ်စွာ ရှိသည်ကိုဖွဲ့၍ စီ-ဟူသော ခေါ်ဝေါ်ခြင်းဖြစ်သည်ဟူ၍ ယူထည်းသင့်ရာ၏။ ထုံးထုံးမှောက်သည်ကို ထုံး၊ လေးထုံးမှောက်သည်ကို လေး-ခေါ်ဝေါ်သောအရာတို့နှိုက် အနက်ရကြီသာသည်ကို ထောက်ထျင် ကုံးသီစီထျဉ်စွာရှိ၍ 'စီ'ဟူသော အမည် ဖြစ်၏ဟု အနက်ရကြီသင့်သကဲ့သို့ရှိ၏။ ။ထွတ်-ဟူသည် ပါ-ဟူသည်တို့၌ ထွတ်ဟူသည်ကား တစ်ဟူ၍ တခုသခ်ၢာအနက်ကြီ၍ ထုံးထုံးမှောက်သည်ကို ထုံး၊ လေးထုံးမှောက်ရာလေး-ဟူသည်နှင့်အညီ တထုံးမှောက်သည်ကို ရည်၍ တစ်ဟူသင့်ထျက်စကားရွှေသည်။ ပါ-ဟူသည်၌ မွန်လိုနှစ်ခု သခ်ၢာအနက်ကြီ၍ နှစ်ထုံးမှောက်သဖြင့် ပါ-ဟူသောအမည်။ ဤသို့အသီးသီး အနက်ယူသင့်သည်ချည်း ကြီသော်ထည်း ရရာသည်ဖြစ်၏။ ထိုသို့မဟုတ် အထုံးစုံအနက်ရ ကြီသင့်သည်ချည်းမဆိုသာသောကြောင့် ထွတ်-ဟူသည် ပါ-ဟူသည်တို့၌ ပညတ်ကာမျှထည်း ယူသင့်၏။

အသံတစီစီ-ဟူသည်၌ကား စီစီကျာကျာ,စီစီကျက်ကျက်-စသည်ဖြင့် အသံများစွာထင်သည်ကို ဆိုမိန့်သော အရာထည်း 'ယခင်ကုံးစီ-ဟူသောအနက်ကိုယူ၍ အသံစီစီစဉ်စဉ်,အထျဉ်မပြတ်ထင်သည်ကို တစီစီဆိုသည်ဟူသည်ထည်း ယူသင့်၏။ အသံတစီစီဟူသော စကားခွန်းကား ပျိုဟောင်းလက်ာဟောင်း အဆိုအမိန့် နည်းအံ့၊ အလွတ်ဆိုမိန့်ခြင်းကား ထင်စွ။

စုံစီသည်-ဟူသောအရာ၌ စုံသည်-ဟူသောစကားသာအရရှိ၍,စီ-ဟူသောစကားခွန်း၌ အရမရှိ၊ ပြေပြစ်ရံ ဖက်ကာမျှထည်း ယူသင့်၏။ စုံထင်သောကြောင့် စီကုံး၏သို့ ရှိသည်ဟူသော ယခင်အနက်ရထည်း ကြီသာသည်ဖြစ်၏။ "ဗာရာဏသီ၊ စုံစီပြော ဝ" စသည်ဖြင့် စပ်အင်ထင်လျစွ။

ဝိသဇ္ဇနီသံဖြစ်သော တက်စီးသည်-ဟူသော စကားခွန်းကား နိမ့်သောအရာကို နှိမ့်နင်းထျက် မြင့်မားစွာဖြစ်ခြင်းအနက်တည်း။ ထိုဒ္ဒတက်-၏အရကို နှိမ့်နင်းထျက် မြင့်မားသော အရာသို့ရွှေခြင်း၊ စီး-၏အရကို မြင့်မားသောအရာသို့ ရောက်သဖြင့် နှိမ့်နင်းထျက်ဖြစ်ခြင်း ဤသို့အနက်ခွဲ၍ သော်ထည်းယူသင့်၏။ ထိုအနက်ကိုတက်စီးသည်,စီးနင်းသည်, စီးမိုးသည်-စသည်ဖြင့် ဖက်ယှဉ်ဆိုမိန့်သည်ကား များစွာ၏။ ။ တစီး,နှစ်စီး-စသည်ဖြင့်ဆိုသော အရာ၌ထည်း စီးနင်းတက်စီးအဝ်သည်ဖြစ်၍,လှည်း,ရထား, ကျွဲ,နွား,ဆင်,မြင်းစသည်တို့ကို တစီး နှစ်စီးဖြင့် မိန့်ဆိုသော အရာထင်၏။ လှေ,ဖောင်,ထမ်းစင်,သံလျင်းစသည်တို့ကိုကား တစင်း နှစ်စင်းစသည်ဖြင့် ထျော်ရာ

ဝေါဟာရအထူးထင်ပြီးဖြစ်၍ စီးနင်းအပ်သောအရာဖြစ်လျက် တစီးနှစ်စီး စသော ဆိုမိန့်ခြင်းမဖြစ်သည် ယူသင့်၏။

ယိုစီးသည်-ဟူသောအရာ၌ ရေစသည် အရည်ထင်သော အရာ၊ သိမ်မွေစွာ သဖြင့် မရပ်မတည်စွမ်း ၅မ်းရာရှိင်းရာ ထျောရ်၍ သက်ဆင်းသည်ကို 'ယိုစီးသည်' ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ယခင်တက်စီးသည်-ဟူသောအနက်ကိုယူ၍ နိမ့်သော အရပ်သို့ စီးနင်းလွှမ်းမိုးလျက် သွားသည်ဟူ၍လည်း ယူသင့်အံ့သို့ရှိ၏။

သင့်ကြိုစုံပြီး၊ တက်စီးကမ္ဘဉာန်း။
ဆင်တက်မြင်းစီး၊ လေးကြီးပစ်ငင်။
မျက်ရည်ဖြင်ညီး၊ ရေသို့စီး၏-စသည်ဖြင့် စပ်အင် ထင်စွာ၏။

စီ-ကာရန္တပြီးပြီ။

စု

၁၁၅-စမျည်း ဥကာရန္တနှိုက် ဝေါဟာရကို ပြခြင်း

စု-ကာရန္တဌကား ရုံးစုံသည်ဟူသော ဝေါဟာရ စ-အက္ခရာ သက်သက် သာ ထင်၏။ ထို၌ စု၏-ဟူသည်ကား မကွဲးမပြားဝေါင်းရုံး၏ ဟူသောအနက်တည်း။ထိုအနက်ကို ပေါင်းသည်,ဆုံသည်,ပုံသည်-စသည်ဖြင့် ပရိယာယ်တူ များစွာ၏။

"ထက်ဝန်းဇန္တု၊ ထူထုံးစုကို၊ အနုသာသန"
"ဝိုင်းခြားလေးခု၊ ပုဂ္ဂိုလ်စုတွင်"

စသည်ဖြင့် စပ်ဟပ်ဆိုမိန့်သောအရာများ၏။

စု-ကာရန္တပြီးပြီ။

စူ-စူး

၁၁၆-စဗျည်း ဥကာရန္တနှိုက် ဝေါဟာရကို ဖြခြင်း

စူ-ကာရန္တဒွိလည်း စသက်သက်မျှသာထင်၏။ ထိုတွင် ဝိသဇ္ဇနီဆံ ပါ,မပါကွဲး၏၊ အငေါ်အဂူထွက်ပြုသည်ကိုစူစူထွက်သည်ဆိုသောအရာ, ငြူစူသည် ဆိုသောအရာတို့ကား ဝိသဇ္ဇနီမပါသောအဆံတည်း။ ပေါက်စူးသည်၊ သောက်စူး ဟူသော စကားခွန်းတို့ကား ဝိသဇ္ဇနီအဆံတည်း။ ထိုတွင် စူစူထွက်၏ ဟူသည် ဒွိကား ဆိုခဲ့ပြီးသော ထွက်ပြုခြင်းအနက်ပင်တည်း။

"မီးခဲးတမူ၊ ချက်စူမျက်ကောင်း။ ။ဝမ်းချက်စူနှင့်၊ မဆူငသန်-"

စသည်ဖြင့် စဝ်ဟဝ်သည် ထင်၏။

ငြူစူသည် ဆိုမိန့်သော အရာကား-ဇာသာဟူသော တခုသော ပရမတ္ထဖြစ်၏။ သူ၏ဂုဏ်ကို မထိုသောအနက်တည်း။ ထို၌ ငြူ-အရ စူ-အရမပြား၊ တထုံးတည်းသော ဝေါဟာရ မြန်မာမှဘာသာ၊ ဇာသာ-သဒ္ဒါ၏အနက်ထည်း ဟူသင့်၏။ ငြူ-၏အရကို သေက်သက် အမော် အဂူ ဟူသည်မှာကဲ့သို့၊ ဂူသည်-ဟူသော စကားခွန်း။ စူ၏-အရကိုထည်း ထွက်ပြုသည်ကို စူသည်-ဆိုသော အရာကဲ့သို့ စူသည်-ဟူသော စကားခွန်းဖက်၍ ဒေါသအားဖြင့် လူ၏ဂုဏ်ကို အာရုံပြု၍ မကောင်းသော နှထုံးပြူထွက်ခြင်းအနက်ရသင့်၏။ ဂူသည်,စူသည်ဟူသော သဘောတူ အနက် ဖက်ဟုဉ် ၍ 'ဂူစူ' ဆိုသင့်ထျက် ငကိုရစ်၍ ဆိုထေသည်။ ဤသို့ထည်း ယူကောင်းအံ့သို့ရှိ၏။

"မငြူမစူ၊ သဘောဖြူထျက်။ ။သူအားငြူစူ၊ စိတ်စင်ဖြူ၏"

စသည်ဖြင့် အဝ်အင်ထင်၏။

ပေါက်စူးသည်-ဟူသော ဝိသဇ္ဇနီဆံ ဆိုမိန့်ရာန္ဒိုက်ကား မကောက်မယွန်း ဖြောင့်တန်းစွာ ရှေးရှုဖြစ်ခြင်းအနက်တည်း။ ထိုအနက်နှင့် ထျော်စွာ မကောက်မယွန်း စူးတတ် ဝင်တတ်သည်ကိုစွဲး၍ စူး-ဟူသောအမည်။ သိမြင် ဆုံးဖြတ်ခက်သောအရာ၌ သိမြင်စူးပေါက်သော ပညာအစွမ်း ရှိသသူကို ပညာစူးပေါက်သည်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။သိက္ခမ်းသည် သဘောဝင်သည်ကိုစွဲး၍ မည်သူသည်စူးပေါက်သည်-ဆိုမိန့်ရာ၌ထည်း သူ၏နှထုံးအထိုကို ဖြောင့်မှန် တည့်မတ်စွာ သိသဖြင့် မကောက်မယွန်း ဖြောင့်တန်းစွာ ဖြစ်ခြင်းအနက်ငင်းတည်း။

ဘောင်စူးစူး, မြောက်စူးစူး - ဆိုမိန့် ရာ၌ထည်း ဘောင်မြောက်မယွန်း ဖြောင့်တန်းစွာ ဖြစ်ခြင်းအနက် ထည်းကောင်းတည်း။ ။စူးစူးသွားသည်,ထာရောက်သည်-

ဟူသည်၌လည်း မယိမ်းမဖီ မငဲ့မကွက် နှောင့်ရှက် ဝင်ထွက်ခြင်းမရှိ၊ ဖြောင့်မတ်စွာ သွားခြင်း ထာရောက်ခြင်းအနက်ဖြစ်၏။ ။စူးတိုက်သည်-ဆိုရာ၌လည်း ငဲ့ကွက်ဆုတ်နစ်ခြင်း မရှိ၊ ထိရာဖြောင့်မတ်စွာ ထိုက်လံစေခြင်းငှာ တိုက်တွန်းသောအနက်ဖြစ်၏။ ။ဆင်တို့သည် ဝံ့ရဲးစွာဝေ့သည်ကို 'ဝေ့စူးသည်' ဆိုမိန့်ရာ၌လည်း မဆုတ်မနစ် ငဲ့ကွက်ခြင်းမရှိ၊ရည်မှတ်ရာထိုးဝေ့သည်ကို ဝေ့စူးသည်-ဟူသင့်၏။ "စွယ်စုံဗျို့လူး၊ ဝေ့စူးရဲးမာန်" စသည်ဖြင့် စပ်ဟပ်သည် ဖြစ်၏။

စူ-ကာရန္တပြီး။

စေ—စေ့—စေး၊ စွေ—စွေ့—စွေး

• ၁၁၇-စ,ဗျည်း ကောရန္တန္ဒိုက် ဝေါဟာရကို ပြခြင်း

စေ-ကာရန္တ၌ကား စသက်သက် ထည်းကောင်း, ဝဆွဲးထည်းကောင်း ထင်၏။ ထိုတွင် စသက်သက်၌ အမြစ်သံ,ဝိဆဇ္ဇနီသံ,ထိုမှလွဟ်သောအသံဟူ၍သုံးပါးရှိ၏။ ထိုတွင် အမြစ်ဝိသဇ္ဇနီ လွဟ်သောအသံကား သွားစေ, ထာစေ-စသည်ဖြင့် ဆိုသောအရာ, တစေ-ဟူ၍ဆိုသောအရာတို့၌ ထင်၏။ ထိုတွင် သွားစေ-ထာစေစသည်ဖြင့် ဆိုမိန့်သောအရာ၌ အာဏတ္တိကအနက်, အာသိဋ္ဌအနက်, ဝေသနအနက်, ကာရိတအနက်-အားဖြင့် ထေးပါးခဲ့သင့်၏။ ထိုတွင် အာဏတ္တိကအနက်ဟူသည်ကား-

"လိုက်ထျောညီထွေ၊ ကျင့်တတ်စေ။ ။ခြိုးမြှင့်မြောက်ထွေ၊ပင့်တတ်စေ" စသည်ဖြင့် လိုက်ထျောစွာ ကျင့်လော၊ ခြိုးပင့်လောဟူ၍ တိုက်တွန်းခြင်းအနက်ဖြစ်သည်ကို **အာဏတ္တိက** အနက်ဟူသတည်း။

"ဘုရားအကျင့်၊ ပြီးချိန်သင့်ဝယ်၊ ပွင့်စေသတည်း"
"ကျင့်ဆယ်တို့ကို ဖြည့်စေသတည်း"
"ဓြေဗောဓိဝယ် သိစေသတည်း။"
"စက်တရားကို ကြားစေသတည်း-"

ဤသို့စသည်ဖြင့် ပွင့်စေသတည်း, ဖြည့်စေသတည်း, သိစေ,ကြားစေသတည်း-ဟူ၍ တောင့်တခြင်းအနက် ဖြစ်သည်ကို **အာသိဋ္ဌအနက်** ဟူသည်တည်း။

"စေမျှမစေ၊ မွေရက်လေစွ"
"စေစေပါးပါး၊ ရက်မခြားလျှင်"
"ခစားရိသေ၊ ပြုကောင်းပေလျက်၊ မစေမပါ-"

စသည်ဖြင့် ခိုင်းပယ်, စေလွှတ်ခြင်းအနက်ဖြစ်သည်ကို **ပေသနအနက်** ဟူသတည်း။

"ဤစကားလည်း၊ တခြားမှတ်စေဩိုးသတည်း"
"ရှင်လူဆွတ်စေဩိုးသတည်း"

စသည်ဖြင့် မိမိ ဆွတ်ယူမှတ်သားခြင်းမဟုတ်၊ ရှင်လူကို ဆွတ်ယူမှတ်သားစေခြင်းဟူသော အနက်ဖြစ်သည်ကို **ကာရိုက်အနက်** ဟူသတည်း။ ဤသို့အားဖြင့် လေးပါးသော အနက် ရသင့်သည်တွင် အာဏတ္တိ, အာသိဋ္ဌ, ပေသနအနက်တို့၌ ဓာတ်ကံမှတပါး ကံပုဒ်ရအံ့မထင်၊ ကာရိုက်အနက်၌ကား ဓာတ်ကံမှတပါး ကာရိုက်ကံ ရအံ့ဖြစ်၍, အာဏတ္တိ, အာသိဋ္ဌ, ပေသန အနက်တို့နှင့် ကာရိတအနက်ကွဲးသည်။

အာဏတ္တိ, အာသိဋ္ဌအနက်တို့၌ အာဒရအနက်သာလည်း ထင်သည်။ အာချာတ်ပုဒ်၌လည်း ရအံ့သည်။ ပေသနအနက်ကား ကျွန်အမှုလုပ်စသည်တို့ကို ခိုင်းပယ်စေခြင်းဟူသော အနာဒရအနက်၌သော်လည်း ထင်သည်၊ ကိတ်ပုဒ်၌လည်း ရသင့်အံ့ဖြစ်၍ အာဏတ္တိ, အာသိဋ္ဌ-အနက်တို့နှင့် ပေသနအနက် ကွဲးသည်။ ။အာဏတ္တိအနက်ကား မျက်မှောက်သာ, အာသိဋ္ဌအနက်ကား မျက်ကွယ်သော်လည်း ရသင့်အံ့ဖြစ်၍, လည်းကောင်း အာဏတ္တိနှင့် အာသိဋ္ဌလည်း ကွဲးအံ့သည်။ ။ဤသို့ခွဲဝေပိုက်သည်ကား သဒ္ဒါမှ၌ အခြေခွဲးရန်, မြမွာမှု၌ အနေကွဲးဟန်ကို သိစေခြင်းငှာ ညွှန်ပိုက်စိတ်သည်။ ဆင်ခြင်။

တစေ-ဟူသောစကားကား ပျို့ဟောင်း ထက်ဘဟောင်း စပ်ဟပ်သည်နည်းအံ့။တို့တစေဟူသော စကားခွန်းကို 'စတေ'တူ၍, အက္ခရာရှေ့နောက်ပြန်လျက် ဆိုမိန့်ကုန်သည်ကား....'စန္ဒကူး-ဒန်စကူး၊ ပြကတိ-ကြဲပတိ'ဟူ၍, အက္ခရာရှေ့နောက်ပြန်လျက် ဆိုမိန့်သည်နှင့် တူ၏။ 'မသက-မကသ၊ ကယိရာ-ကရိယာ'ဟူ၍, အက္ခရာရှေ့နောက်ပြန်ရှိဟန်ကို သဒ္ဒါကျမ်းတို့၌လည်း မိန့်အပ်၏။ ။ထိုးဝွေသည်-ဟူ၍, ဝ-ကို ဟ-ဆွဲး၊ ထိုးဟွေသည်-ဟူ၍, ဟ-ကို ဝဆွဲး၊ အမြင်အားဖြင့် ထက်အောက်ပြန်သည်၊ ထိုနှင့် တူစွာ မာဂဓ၌လည်း 'ဇိဂ္ဂာ-ဇိဟ္ဂာ၊ ဗဂ္ဂာဗာဓ-ဗဟ္ဂာဗာဓ'ဟူသည်တို့၌ ဝနှင့်-ဟ ထက်အောက်ပြန်ရှိသည်ပင်ဖြစ်၏၊ အနက်မရှိ သည်ချည်းဖြစ်၍, သင့်သည်သာဟူ၏။ မြမွာမှု၌ ပညာရှိတို့ မိန့်သောအရာ သာဓကရသည်သာအရင်း။ ။'တစေ-စတေ'

ဟူ၍ ပြန်ကာလှန်ကာ ဆိုမိန့်သောစကားခွန်း၏အရကား ဝတ္ထုသဘောတူစွာဖြစ်၏ ဟူသောအနက်တည်း။ ထိုနှင့်လျော်စွာ-

"ရွှေငွေတစေ မွန်းမံသည်။ ။ပုလဲးသန္တာ တစေစီနစ်သည်"

စသည်ဖြင့် ဆိုမိန့်ရာရှိက် ရွှေငွေသန္တာ ပုလဲးဟူသော သဘောဝတ္ထုတူကိုသာ မွန်းမံစီနစ်သည်ဟူသော အနက်ဖြစ်၏။ ထိုထို့သော ဟို့ထက်ဂ စာဟောင်းတို့၌ အရသဘောထွက်ဟန် စပ်အင်ရှိဟန်နှင့် ရှေနောက်ထောတ်ညှိ၍ ဆင်ခြင်။

အမြစ်သံကား.....စေ့စပ်သည်,စေ့စုံသည်, သစ်စေ့,မျိုးစေ့-ဟူသော စကားခွန်းတို့၌ ထင်၏။ ထိုတွင် စေ့စပ်သည်ဟူရာ၌ မထပ်မထပ် စပ်ဖျက်ဖြစ်သော အခြင်းအရာတည်း၊ ထိုနှင့်လျော်စွာ ထိုရာဝတ္ထုနှစ်ပါးကို မခြားမထပ် စပ်သောအရာ,ခွဲးဝေခြင်း၌ မဟင်းမထပ် စေ့စပ်သောအရာတို့ကို 'စေ့သည်' ဟူ၍ ဆိုမိန့်ကုန်သည်ကား ထင်ရှားစွ။ စေ့စုံ၏ဟူသည်လည်း မဟင်းမထပ် စေ့စပ်သည်ပင်တည်း။ ။မျိုးစေ့-ဟူသည်၌လည်း ဖြစ်ပြီးသစ်ပင်နှင့် ဖြစ်လတ္တံ့သစ်ပင်စပ်ဖျက် မထပ်မခြား ဖြစ်ခြင်းသတ္တိထင်စွ။

စေ့ရှာ, စေ့ရေ,စေ့မြေ, တစေ့စေ့-ဟူသည်တို့၌လည်း စေ့စပ်စွာ ဖွေရှာကြီစည်သည်ကို 'စေ့ရှာ'။ ။စေ့စပ်စွာ ရေတွက်ဆင်ခြင်သည်ကို 'စေ့ရေ'။ ။စေ့စပ်စွာ သာသာထျောက်ထျောက်ဖြစ်သည်ကို 'စေ့မြေ့'ဆိုသည်။ ။ဤနှိုက်ဖြည်းညှင်းသာယာစွာ ဖြစ်သည်ကို 'မြေ့'ဟူ၍ဆိုသည်။ ။တစေ့စေ့-ဟူသည်နှိုက် စေ့စေ့-ဟူ၍ ထပ်ဖျက်ဆိုသည်ကား စေ့စပ်စွာဆင်ခြင်သည်ကား တကြိမ်မျှသာမဟုတ် အကြိမ်များစွာဟူ၍ ယူစေလိုသော ဝိစ္ဆာစကားတည်း။ကြောက်ခြင်း,အမျက်ထွက်ခြင်း,ခြီးမွမ်းခြင်းစသော အနက်ထျော်ရာ အာမေဋိတ်အနက်ထည်း ကြီသော် ရကောင်း၏။ ထိုတွင် ဝိစ္ဆာအနက်သာ အဘိယုတ္တယူရတွယ်ရှိ၏။ ဝိစ္ဆာ,အာမေဋိတ်ထက္ခဏာ ရတန်သည်ကို နှထုံးသွင်း၍ ဤစေ့သည်-ဟူသော စကားခွန်း၏အရကို ဆိုခဲ့ပြီးသည်နှင့်အညီ မဟင်းမထပ် စေ့စပ်ခြင်းအနက် ထွက်အောင်ယူ။

ဝိသဇ္ဇနီဆံကား—အညီအစေး စိစွေးရှသည်-ဟူသောအရာတို့နှိုက်ထင်၏။ ထိုတွင် အညီအစေး-ဟူသည်ကား အာပေါဓာတ်၏ဗလဝသတ္တိဖြစ်သော ကပ်ငြိတတ်သော အစွမ်းတည်း။ ထိုအစွမ်းရှိသော ထမင်းစသော ဝတ္ထုငြိမ်ကို ထင်စေဖျက် ထမင်းစေး,တမာစေး,ဥသျစ်စေး, ရှားစေး-စသည်ဖြင့် စွဲးမြိုးရာအမည်ထူးစပ်ယှဉ်၍ ဆိုမိန့်ခြင်းဖြစ်၏။ ။သစ်စေး-ဟူသည်၌ကား သစ်-ဟူသော အမည်သာမည အားဖြင့် တမာ,ဥသျစ်-စသော သစ်ပင်ဟူသမျှတို့၏ အစေးကိုပင် 'သစ်စေး' ဟူသင့်ဖျက်

တမာဥသျှစ်စသော သစ်ပင်တို့ဝယ်ကား အစေးမျှသာ သုံးဆောင်ရာ မဟုတ်၊ အသီးအပွင့်စသည်တို့လည်း သုံးဆောင်ရာ များစွာထိုက်သည်ဖြစ်၍ လည်းကောင်း ဥသျှစ်တမာစသော နာမအထူးကိုစွဲ၍ ဥသျှစ်စေး, တမာစေး, စသည်ဖြင့် အမည်ထူးကို ဆိုမိန့်ဂိုးဖြစ်၍ ၎င်း ဥသျှစ်, တမာစသည်တို့၏ အစေးကို 'သစ်စေး' မဟူသင့်သည်ဖြစ်၏။ ။သစ်စေးမည်သော သစ်ပင်၌ကား အသီးအရွက်စသည်တို့သည် အသုံးမရလွန်း။ အစေးမျှသာ သုံးဆောင်ရာ များစွာ ထိုက်သောကြောင့်လည်းကောင်း ဥသျှစ်, တမာစသည်တို့ကဲ့သို့ အမည်ထူးစွဲးမှတ်ရာမရ, သစ်ဟူသောသာမည အမည်သာ စွဲးမှီရာဖြစ်သောကြောင့်လည်းကောင်း သစ်စေးပင်၏ အစေးကိုသာ 'သစ်စေး' ဟူသင့်သည်ဖြစ်၏။ ။ထိုသစ်ပင်သည်လည်း အစေးသုံးဆောင်ခြင်းမျှသာ ထင်သည်ဖြစ်၍ 'သစ်စေး' ပင်ဟူသောအမည်ဝိသေသရပြန်လေသည်ဟုသင့်၏။ ။ကျွဲကော်, ထမင်းကော်, ဥသျှစ်ကော်, တမာကော်-စသည်ဖြင့် ဝေါဟာရအထူး ဆိုမိန့်ကုန်သည်လည်း ဤအစေးလည်းကောင်းတည်း။အစေးဟူသောစကား၏အရကို ဆိုခဲ့ပြီးသောအတိုင်း ကဝ်ဗြိတတ်သော အစွမ်းကို အရယူ။

အဓည်း-ဟူ၍ ည-သတ်ဆိုသည်ကိုကား စေးသောကြောင့် စည်းနှောလျက်ရှိသည်ဟူ၍ အကြောင်း-အကျိုး ခွဲးသင့်၏။

"မခက်မစေး၊ ရွှင်ဖွယ်ရေးနှိုက်၊ နက်လေးလေအောင်"
"ရွှင်သန်းခြည်မြေး၊ ပင့်ကူးစေးနှင့်၊ နှိုင်းသွေးဖွယ်ရာ"

စသော စပ်အင်တို့ကို ရှုရာ၏။

စိစွေးရှသည်-ဟူသော စကားခွန်းကား 'နှစ်သက်စွာရှသည်' ဟူသော အနက်ကို ရှေးသူဟောင်းတို့သည် 'စိစွေးရှသည်' ဟူ၍ ဆိုသည်ဟုသင့်၏။ ထိုစိစွေးဟူသည်၌ စိတ်-ဟူသည်ကို တ-သတ်, ပ-သတ် အချို့ရေးကုန်သည်ကားအနက်ကွဲးရသင့်သကဲ့သို့ရှိ၏။တသတ်သည်နှင့်အညီ စိတ်-ဟူသည်ကိုစိတ်နှလုံးဟူသောအနက် ခွဲးစိတ်သည်ဟူသောအနက် ယူ၍ စေးဟူသည်ကို အစေးဟူသောအနက် ယှဉ်ဖက်၍ လည်း အနက်မရ။ စိတ်-ဟူသည်နှိုက် ပ-သတ်နှင့်အညီ စေ့စပ်သည်ဟူသောအနက်ယူ၍ ဖက်ယှဉ်သော်လည်း အနက်မရ။ နိရတ္တကသာ ဖြစ်အံ့သို့ရှိ၏။

စိစွေးရှသည် ဟူသော ဝေါဟာရကို "နှစ်သက်စွာရှသည်" ဟူသော အနက်အရ တဝတလုံးတည်း ယူသင့်သည်ကိုလည်းကောင်း စာဟောင်း စာမှန်တို့၌ စလုံးဆင့်ရေးသောအရာ များစွာထင်သည်ကိုလည်းကောင်း မြမွာမှု၌ ဝဂ်သံယုတ်နေခဲ့သော်လည်း အနည်းမျှရှိရာသည်ကိုလည်းကောင်း ထောက်၍ စလုံးဆင့်ရေးသော်လည်း သင့်ရာသည်ပင် စပ်ဆိုသောအရာကား-

"ကွယ်ထောင့်တကွေး၊ မနီးဝေး၌၊ စိစ္ဆေးပုန်းအောင်း"
"နာလောစိစ္ဆေး၊ ရှေးသရောခါ။ [၁] ။စိစ္ဆေးရှမှ၊ ဘိက္ခုဆံဿ" [၂]
"စိစ္ဆေးကြည့်သော်၊ တဝ်လှည့်အာသာ"

ဤသို့ စသည်ဖြင့် ထင်၏။ ထို စိစ္ဆေးဟူသော ဝေါဟာရသည် ရှာကြည့်ခြင်း, နာခြင်း, ကြိယာအဟုဠ်သာလည်းထင်၏။ ။ထိုတွင် 'စိစ္ဆေးပုန်းအောင်း'ဟူသော လက်ာ၌ တောချုံကို စိစ္ဆေးဟူ၍ ယူမူ 'စိဝ်သည်-သိဝ်သည်-အစေးအရွက်ရှိသည်' ဟူသော အနက်ကိုရ၍ ယူသင့်အံ့သို့ရှိ၏။ စလုံးဆင့်သည်နှင့်အညီ ယူလည်း ရမည်ပင်ဖြစ်၏။

စွေ-ဟူသော ဝဆွဲးအန္တ၌လည်း ဆိုအပ်ပြီးသည်နှင့်တူစွာ အမြစ်ဆံ, ဝိသဇ္ဇနီဆံ, ထိုမှလွတ်သော အဆံ-အားဖြင့် ဆုံးကွဲးလည်းကောင်းရ၏။ ထိုတွင် အမြစ်ဝိသဇ္ဇနီလွတ်သောအဆံကား မိုးစွေသည်,မျက်စိစွေသည်, အစွေအစောက်နေသည်-စသည်ဖြင့် ဆိုမိန့်ရာ၌ထင်၏။ ။ထိုနှိုက် စွေသည်-ဟူသည်ကား 'ကြာမြင့်စွာ၏'ဟု ဆိုလိုသောစကားခွန်းတည်း။ ထိုနှင့်ထျော်စွာ ရွာသောမိုး တရက် နှစ်ရက်မျှကို လည်း 'စွေသည်'မဆို၊ ရက်ဆက်-ရက်ထည် မြင့်စွာ ရွာသည်ကို 'စွေသည်'ဆိုသော အရာထင်၏။ ။အစွေအစောက်နေ၏-ဟူသည်နှိုက်လည်း ကြာမြင့်စွာနေစောက်၏ ဆိုလိုသောအရာတည်း။ ။မျက်စိစွေ၏-ဟူသောအရာကား အမြစ်ဆံရွေ့၏သို့ရှိ၏။'စွေ့၏'ဟူ၍ အမြစ်ဆံအားဖြင့် မျက်ခွက်ကျဉ်းသည် ကျုံ့သည် ဆိုလိုသောအရာဖြစ်အံ့သည်။

ရှဉ်စွေ့ ဌက်အမည် စွေ့ဟူသည်တို့နှိုက်လည်း မိမိတို့အောက်ငယ်သော စွေ့သော သတ္တဝါရှိထျက် နာခေါင်းမျက်နှာ ကိုယ်အင်္ဂါ ငယ်ထျသော စွေ့သော အရာသည် ထိုတိရစ္ဆာန်တို့၌ ထင်သည်ကိုစွဲး၍ ကြာမှတပါး ညွှန်နှိုက်ရောက်သည် များထျက် ကြာကိုသာ 'ပင်ဇ' ဟူ၏သို့၊ ရှဉ်စွေ့ဌက်စွေ့-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ။မျက်စိအာရုံမှနိုင်သော တစိတ်မျသောရေပြင်ကို မြင်သည်ကိုထျက် အဝိုင်းအခြား ကမ်းပါးရောက်အောင် သမုဒြာမြစ်အကုန်ကို မြင်ဘိသကဲ့သို့ သမုဒြာတစိတ်ကို မြင်သည်ကားမဆို၊ သမုဒြာကိုမြင်၏ ဟူ၍သာ အပေါင်း၌ တင်ယင်ပြောဆိုသကဲ့သို့ မျက်ခွက် မျက်နှာသာ စွေ့ငယ်သည်ကိုထျက် တကိုယ်လုံး စွေ့ငယ်၏သို့ ရှဉ်စွေ့ဌက်စွေ့ ဟူသော ဆိုမိန့်ခြင်းဖြစ်သည်။ ဤသို့သော ဥပစာ စကားမျိုးကို အောက်၌ ဆိုအပ်ပြီ။ ညွှန့်နှလုံးသွင်း။

---

၁ ကိုး * ၄။ ၂ ဘုထဝ * ၃။

မိုးစွေ၏ဟူသော စကားခွန်း၌စပ်အင်ကား-

"ကျတဝေဝေ၊ စွေတသေးသေး။ ။စွေပြည်ရွာမြို့၊ နွေလည်ခါဦး"
"စွေစ ထစ်မြည်-နေထရစ်လည်"

စသည်ဖြင့်ထင်၏။ ဤ 'စွေ၏' ဟူသော ဝေါဟာရသည် မိုးရွာခြင်း ရက်ဆက်ရှည်လျားစွာ ဖြစ်သည်ကိုသာ ဆိုလိုသကဲ့သို့ရှိ၏။ ထိုကိုအစွဲးမူ၍သာ-

"ဥစွာတိမိုး၊ ရွာကြိုးနေ့ရေ၊ သည်းသည်းစွေထျက်"
"ဘုန်းမိုးစွေထျက်၊ ပဒေသာပင်"

ဤသို့ စသည်ဖြင့် မိုး၏ရွာခြင်းကို ရှုပကပ္ပြ၍ စပ်ဟပ်သည်သာ များသည်။ ဤကို ထောက်လျှင် မိုးရွာခြင်း ရက်ရှည်သည်ကိုသာ 'စွေသည်' ဆိုလိုရင်း။ တပါးသော အရာ၌ကား တင်ယင်သည်သာဟူ၍ ယူအပ်၏။

အမြစ်သံအားဖြင့် "စွေ့သည်,ငယ်သည်"ဆိုမိန့်ရာ၌ကား သတော်အနက် ဆိုခဲ့ပြီ။

"မျက်နှာ ရှင့်နှယ် စွေ့သတည်း။ ၁ မီးပွားမခုန် ဆွေသတည်း" ၂

စသော စပ်အင်ထင်၏။

ဝိသဇ္ဇနီအသံကား....အရောင်စွေးစွေးစွတ်စွတ် ရှိသည်ဟူသော အရာ၌ထင်၏။ ထို၌ စွေးစွေး-ဟူသည်ကား နီမြန်းသောအဆင်းကိုဆိုသကဲ့သို့ရှိ၏။သတော်အားဖြင့်ကား အရောင်အဝါထင်ကာမျှကို 'စွေးစွေး' ဆိုသည် ယူသင့်၏။

"နှတ်သီးစွေးစွေး၊ ကွမ်းသွေးမောင်းမောင်း" ၃
"ပတ္တမြားယုန်သွေး၊ စွေးရရွေးလျှင်"

ဟူ၍ စပ်သော အရာတို့၌ နီမြန်းသည်ကို 'စွေးစွေး' ဆိုသကဲ့သို့ရှိ၏။ ဤ၌ နီမြန်းသည်ကို ကွမ်းသွေး-ယုန်သွေး ဟူသောစကားဖြင့် ထင်ပြီ။ စွေးစွေး-ဟူသောစကား ခွန်း မထောက်ပဲ အနက်ပြည့်စုံလေသည်။

"မိုးကောင်းဖွေးဖွေး၊ စွေးရရွေးလျှင်၊ ထွေးထွေးဝါနို"

ဟူ၍ စပ်သောအရာနှိုက်လည်း 'ဝါနို' ဟူသော တိုက်ရိုက်စကားရှိပြီ။ ဤသို့ တိုက်ရိုက်လည်းကောင်း အရိပ်လည်းကောင်း နီမြန်းသောအနက် ထင်စေလျက် စပ်ဟပ်ကုန်သည်ကိုလည်းကောင်း-

---

၁ သံ * ၁၆၃။ ၂ ထံ * ၁၅၈။ ၃ ဘူလင် * ၃၀၈။

"စွတ်စွတ်စွေးစွေး၊ မြရိပ်ပြေးလျက်" ၁
စသည်ဖြင့် နိမြန်းသည်မဟုတ်၊စိမ်းညိုသော မြရောင်မြရိပ်ကိုထည်း'စွေးစွေး'ဆိုသော အရာကိုထည်းကောင်း-

"စွေးစွေးရောင်သည်။ စွေးစွေးထသည်"

ဟူသောအရာတို့၌ အမာအရာ ထင်ကာမျှ နိမြန်းခြင်း မရှိသော်လည်း စွေးစွေး ထသည် စသည်ဖြင့် ဆိုမိန့်သောအရာကိုထည်းကောင်း ထောက်၍ နိမြန်းသည်သာ မယူရ။ ထင်မြင်သော အရာမျှကိုပင် 'စွေးစွေး' ဆိုသည် ယူကောင်းအံ့ဆို့ရှိ၏။ ဆင်ခြင်။ စပ်အင်ကား ဆိုခဲ့ပြီ။

စေ-ကာရန္တ ပြီးပြီ။

စဲး(စည်း)-စဲ့-စွဲး

၁၁၈-စဗျည်း အဲ့ကာရန္တန္ဒိုက် ဝေါဟာရကိုပြခြင်း

စဲ-ကာရန္တ၌ ဝဆွဲးငင်း, သက်သက်ငင်း ထင်၏။ ဤ နောက်ပစ်အန္တ၌ အမြစ်သံ, မမြစ်သံ နှစ်ပါးသာရသင့်သည်ကို အောက်၌ဆိုအပ်ပြီ။ ထိုတွင် စ-သက်သက် အ-မမြစ်သောအသံကား ပြတ်စဲးသည်, စဲးစဲးကြွကြွ-ဆိုမိန့်သော အရာတို့၌ ထင်၏။ ထိုတွင် ပြတ်စဲး၏ဟူသည်ကား ဆက်လက်၍ မဖြစ်ခြင်းအနက်တည်း။

"လာဘ်ဝင်မစဲး၊ ထပိုးကဲးလျက်၊ ဆင်းရဲးဖုံးဝိတ်"
"မဖြစ်လျင်းဝဲး၊ ဘုန်းဌေစဲးအံ့၊ မျိုးကွဲးတပါး"

စသည်ဖြင့် စပ်အင် ထင်စ္ဆ။

ရေနေနည်းပါး ရွှေရှားသဖြင့် သောင်သဲးကျန်း ထွန်းထုနိုးအခါ ရေပြင်သဲး ပွက် ကွက်ကွက်ရေးရေးထင်သည်ကို 'စဲး'ဟူ၍ ခေါ်ဝေါ်သော အရာကား ရေ ယဉ်ပြတ်စဲးအံ့သည်ကို ထောက်၍ 'စဲး'ခေါ်သည် ယူသင့်၏။ ထိုဌာနည်း စဲးပြတ် ခြင်း အနက်ထည်းကောင်းရ၏။ထို စူးဥအပြင်သည် ခုံပလွင်မြွင့်၏သို့ စွင့်စွင့်မားမား ဖြစ်သည်ကို 'စဲးခုံ'ဟူ၍ ခေါ်ဝေါ်ခြင်းသည်လည်း ထင်၏။ ။ထိုစဲးခုံနှင့်တစိတ် မျှတူစေလျက် တည်ထုပ်သည်ကိုထောက်၍ ဘုရား စေတီတို့ကို 'စည်းခုံတည်'ဟူ၍ ဆိုမိန့်ရာ၌လည်း ဤ'စဲးခုံ'ဟူသည်ကိုထောက်၍ နောက်ပစ်လိုသဖွဲ့ဆို့ရှိ၏။'စေယျခုံ'

---

၁ ဘူထင် * ၃၇။

ဟူ၍ ကျောက်စာ ရေးသည်ကို ထောက်မူကား စေယျ-သည် မာဂဓဘာသာ 'စိ အင်္ဂသော ခုံအပြင်'ဟူ၍ အနက် ယူရအံ့သို့ရှိ၏။ 'ဇေယျခုံ'ဟူ၍ အချို့ဇကွဲးရေး ကုန်သည်ကား အောင်ခြင်းဟူသော ဇေယျ-သဒ္ဒါ၏အနက်, ဇေယျသဒ္ဒါတို့သည် ထင်သည် တကြောင်း၊ ကျောက်စာရှိကို သတိလွတ်သည် တကြောင်း ဖြစ်၍ ရေးဖိသကဲ့သို့ရှိ၏။ ။ဤ ဇေယျ-ဟူသော ပါဠိနှင့်အညီ ယသတ်လိုဏ် ရေးဖတ် လွယ်သည်၊ နောက်ပစ်ယသတ်သည် ဝိသဇ္ဇနီသံလိုခါ အသံတူသည်ကိုစွဲ၍ ကစ္စာ ယနကို ကစွဲးဟူ၏သို့ နောက်ပစ်ရေးသည် ယူသင့်၏။ ဝိနယကို ဝိနည်း, ပစ္စယကို ပစ္စည်း, သိဋ္ဌယကို သိဋ္ဌည်းဟူ၍ ယသတ်အရာကို ဉ သတ်၏သို့ "စည်းခုံ" ဟူ၍ ဉ သတ်လည်း ယူသင့်၏။ ။တနည်းလည်း ····ရေပြင် ဆဲပွက်သည် တိမ်သောအရာ ကို ဆီးကန့်ဝိုင်းခြားထျက် ပြက်ပြက်ထင်ထင် ရိုးရိုးတန်းတန်း စည်းစောင်းရန်းနှင့်တူ သည်ကိုစွဲ၍ 'စည်း'ဟူသည်ကို ညသတ်၊ ထိုစည်းသည် စွင့်စွင့် မြင့်မား သည်ကို 'စည်းခုံ'၊ထိုစည်းခုံနှင့်တူစွာ တည်ထုပ်သည်ကို 'စည်းခုံတည်'ဟူ၍ ဉ-သတ်ယူသော်လည်း ရသင့်လေသည်။ စပ်အင်္ဂကိုရှု။

စဲစဲးကြွကြွ-ဆိုမိန့်သောအရာကား····"ညောင်ရွှေမိုးနဲ့၊စဲးစဲးကြွကြွ" [၁]ဟူသည်၌ ညောင်ရွှေ-မိုးနဲ့းစားတို့ ထောင်ထားသည်, နှလုံးကြွသည်ကို စဲးစဲးဆိုသည်။ ။ "ရှင်ဘမင်းရဲး၊ ကိုယ်တော်ကဲး၍ ၊စဲးစဲးကြိမ်းဝါး၊လွှတ်တည့်လွှားက"ဟူသည်၌လည်း 'တည်ကြည်ရဲးရင့်သော ခမည်းတော်သည် ကိုယ်တော် ဆော်ဖန် ကွပ်ကဲး၍ ကြွကြွ စားစား ထောင်ထားလျက် လွှားတည့်လွှတ်တည့်က'ဟူ၍ ဆိုသည်။ ။"ငုံလိုက် စဲးစဲး၊ ပုလဲးသန္တာ"ဟူသည်၌လည်း ပန်းငုံသည်း ပန်းငုံအလိုက် ကြွကြွ စားစား ထောင်ထားထန်းလူစွာ တင့်တယ်၏ ဆိုသည်။ ။"မပစ်လျှင်ပဲး၊ ဆောင်သုံးစွဲး၏၊ စဲးစဲးရိပ်ထင်၊ တံလျှပ်မြင်သော်" [၂] ဟူသည်၌လည်းကြွကြွစားစား ပြည့်ဖြိုးစွာသော ရေရှိသော မြစ်ကဲ့သို့ အရိပ်အယောင်ထင်သော တံလျှပ်ကို မြင်သော်ဟူ၍ ဆိုသည် ယူသင့်၏။ ဤ၌ စဲးစဲး-ဟူသည်ကား 'ထောင်ထောင်ကြွကြွရှိသည်' ဟူသောအနက် တည်း။

စွဲကျိ-ဟူသော အရာနှိုက်ကား အ မြစ်သံတည်း။ ထိုစွဲ-ဟူသော အမည်ကား အနက်မရ ရုဋ္ဌမျှသာ ဖြစ်သင့်သည်။ ။ဝဆွဲးအမမြစ်သံကား ကပ်စွဲးသည် ဟူသော အရာနှိုက်ထင်၏။ ဤနှိုက်စွဲး၏-ဟူသည်ကား ကပ်ငြိခြင်းအနက်တည်း။ ထိုနှင့်လျော် စွာ ရတနာသုံးပါးထံ မြဲးစွဲးသည်, စိုးမင်းတို့ထံမြဲးစွဲးသည်၊ဃက်နက်စွဲးသည်၊ပျားအုံစွဲး သည်၊မီးလျှံငြိစွဲးသည်၊ စွဲးလွှမ်းသည်-ဟူသော အရာတို့၌ 'ကပ်ငြိခြင်း' အနက်ထည့်း

၁ မင်းဒိဝ * ၁၄။ ၂ ဘုဝေါဒ * ၅၉။

ကောင်းတည်း။ သုံးစွဲးသည် ဆိုရာ၌လည်း မြီးစွဲးစွာ သုံးဆောင်သည်ပင်ဖြစ်၍ 'ကပ်ငြိခြင်း'အနက် လည်းကောင်းတည်း။ ။မုသားစွဲး၏၊ ဘုရားကျမ်းသစ္စာစွဲး၏-စသည် ဖြင့်ဆိုမိန့်ရာ၌လည်း မုသား,ဘုရား,ကျမ်း,သစ္စာ-တို့၌ 'ကပ်ငြိသည်' ဟူသောအနက် လည်းကောင်းရသင့်လေသည်။ ။ငုတ်စွဲးခြင်းဆိုရာ၌လည်း ရပ်နေမိရာ မခွာမကြွသဖြင့် 'နေမိနေရာ ကပ်ငြိသည်' ဟူသော အနက် လည်းကောင်း ဖြစ်၏။ ဤနည်းအတူ စွဲးသည်-ဟူသော စကားခွန်း၏အနက်ကို ကပ်ငြိခြင်းအနက် ပေါ်အောင်ယူရာ၏။

"မပစ်ဣန္ဒြေး၀ဲး၊ ဆောင်သုံးစွဲး၏"
"မထာဝရ်းထဲး၊ မုသားစွဲးဣတ်"
"စားခွက်ကိုင်စွဲး၊ ထက်တွဲးနံမြှောင်-" ၁

စသည်ဖြင့် စဝ်အင်ကား ထင်ရှားစွ။ ။ဝဆွဲးအမြစ်သံကား ဝေါဟာရမထင်။

စဲ-ကာရန္တပြီးပြီ။

စော-စော့

၁၁၉-စ,ဗျည်း သြကာရန္တနှိုက် ဝေါဟာရကို ပြခြင်း

စော-ကာရန္တ၌ကား စလက်သက်သာ။ထို၌အ-မမြစ်သံ,မြစ်သံ,နှစ်ကွဲးထင်၏၊ထိုတွင် အ-မမြစ်သံကား မူလအသံတည်း။ထိုမူလအသံ၌ အချိန်အခါ စောသည်၊ ကျော်စောသည်၊ ရှင်စော-စသည်ဖြင့်ဆိုမိန့်သော အရာထင်၏။ ။ထို၌ အချိန်အခါ စော၏ ဟူသည်ကား လိုအပ်သော အချိန်မရောက်မီ မဆွကာလကို ဆိုသောအရာတည်း။ထိုနှင့်ထျော်စွာ အခါမရောက်မီ လာရောက်သည်ကို စောစော လာသည် ရောက်သည်-ဆိုမိန့်သောအရာထင်၏။

"လွှမ်းစိမ့်သောဟု၊ စောစောမြွေမြွေ"
"နံနက်စောစော၊ ရိတရောက"
"တိမ်ခိုးခြွေလွှင့်-စောတော့၏"
"နွေရက်မမှတ်၊ စောစောဆွတ်သည်"

စသည်ဖြင့်စဝ်ဆိုရာ၌ အချိန်မရောက်မီ မဆွကာလကို စောသည်ဆိုသောအရာဖြစ်၏။

---

၁ ကိုး * ဂ။

ကျော်စောသည်-ဟူသော ဆိုမိန့်ခြင်း၌ကား ဆိုခဲ့ပြီးယောအတိုင်း ကိတ္တိသဒ္ဒါ၏ အနက်,အံ့ခြီးသံပေါက်ရောက်ခြင်းအနက်တည်း။ထို၌ ကျော်-ဟူသည်ကို ကျူးသည်, လွန်သည်-ဟူသော အနက်ယူ၍ စော-ဟူသည်ကို ဖက်ကာမျှဟူ၍ ထည်းယူသင့်၏။ အရှိန်အစော်-ဟူသည်မှာကဲ့သို့ ကျော်လွန်ကြားသော အရှိန်အစော်-ဟူ၍ တံခွန်လွှားသံ ဆိုသင့်ထျက် ပြေပြစ်စေခြင်းငှာ တံခွန်လွှားသံမပါ ဆိုမိန့်ကုန် သည်ထည်း ယူသင့်၏။

"အကျော် အစော၊ အတိတ်တောသား၊ ဖိန္နောမာလာ"
"ကျော်စောမြေပြင်....မော်ဓောမွေရှင်"

စသည်ဖြင့် စပ်ဆိုသော အရာထင်၏။

ရှင်စော-စသည်ဖြင့်ဆိုမိန့်ရာ၌ကား.....အရှိအသေ ဆိုမိန့်သောအရာမျှသာတည်း။

"တောထွက်အံ့သော၊ နှုတ်လွတ်ဆောက၊ မိစောတသွန်"
"စင်ကြယ်သင်းချော(ကျော ?)-သေားစော"
"ပြည်မစွန့်ဆော၊ တောထွက်သောဟု၊ ညီစောပျိုထွတ်"
"စွန့်လွယ်အံ့သော၊ မှန်ထွေးတော၍၊ နောင်စောဆုံးဆင့်"
"ပုပ္ပါပြန့်ပြော၊ အင်ကြင်းတောဝယ်၊ ရှင်စောဘုရား"
"အဏ္ဍင်တဆော၊ ဆန်တော်ဩဟု၊ မယ်စောအသာ"

ဟူ၍ မယ်စော, မိစော, သားစော, နောင်စော, ဦးစော, ရှင်စော-စသည်ဖြင့် စပ်ဟပ်ဆိုမိန့်သည်ကား မျှားစွ။ အရကား ဆိုအပ်ပြီးသော အရှိအသေ ခေါ်ဝေါ်သော အရာမျှသာထင်၏။

အမြစ်သံကား....ကဋ္ဌိကစော့၊ မှန်သော့မှန်လာ-စသည်ဖြင့် စပ်ဟပ် ဆိုမိန့်သော ကစော့-ဟူသော သစ်ပင်၏အမည်၊ ဝစော့-ဟူ၍ ခေါ်ဝေါ်သော အမည်မျှသာ ထင်၏။ ထိုအမည်ကား အနက်မရ ပညတ်မျှသာ ဟူကောင်း၏။

စော-ကာရန္တ ပြီးပြီ။

စော်

၁၂၀-စဗျည်း ဩဇ်ကာရန္တဒ္ဒ် စေါဟာရကို ပြခြင်း

စော်-ကာရန္တဒ္ဒကား အရှိန်အစော်၊ လွှာ်စာ ကစော်-ဟူသောအရာမျှသာထင်၏။ ဤဒ္ဒ် ဩဇ်ကာရန္တဖြစ်၍ မူလအသံ တပါးမျှသာ ရသင့်သည်ကို အောက်ဒ္ဒ ဆိုအပ်ပြီးသည်နှင့်အညီ နှလုံးသွင်း။ ။အရှိန်အစော်-ဟူသော စကားဇ်၏ အရကား အဂုန် အဝါ ကျေးဇူးအင္ဂေ ထင်ပေါ်ကြောင်း ဂုဏ်တစိတ် တည်း။ ထိုနှင့်လျော်စွာ-

"ရှိန်စော်ကျေးဇူး အင္ဂေတည်း"
"အရှိန်အစော်၊ အကျော်အစော"

စသည်ဖြင့် စပ်ဟပ်ဆိုမိန့်ရာ၌ ထင်ပေါ်ကြောင်း ဂုဏ်တစိတ်မျှကို 'အစော်'ဆိုသည်ယူသင့်၏။

"ညီဌေဂ်နံစော်၊ ရေအိမ်သော်လည်း"
"ပြည်မကျောင်းတော်၊သွားရေးပေါ်အံ့၊ ညီစော်ကိုယ်နှံ့ သင်းကွဲးတည်း"

စသည်ဖြင့် စပ်ဟပ်သည်ကို ထည်းကောင်း အနှံမကောင်းရာ၌သာ ညီစော်, စိန်းစော်-ဆိုသော အရာကို ထည်းကောင်း ထောက်၍ အစော်ဆိုလျှင် အနှံမကောင်းသည်ကိုသာ ဆိုသောအရာကဲ့သို့ ထင်ဖွယ်ရှိ၏။ ။သတောအားဖြင့်ကား ကောင်း, မကောင်း-မဟူ ဆိုခဲ့ပြီးသော ဂုဏ်တစိတ်ကိုသာ 'အစော်' ဆိုသည်ယူသင့်၏။ ။ "လူစော်နံကာ၊ ဖြစ်ပေလှာငြား" ဆိုသောအရာထည်း လူဘော်ဝင်ကာ ဆိုလိုသော အရာဖြစ်၍ လူဘော်ဝင်ခြင်းသည် မကောင်းမဟူရ။ ။အရှိန်အစော်-ဟူသည် ထည်းကောင်း ဂုဏ်တစိတ်ပင်ဖြစ်၏။ ။စော်ကားသည်-ဟူသောစကားခွန်းဒ္ဒထည်း အရှိန်အစော်ဖြင့် ကားဝါးသည် ဆိုလိုသောအရာဖြစ်၏။

စော်-ကာရန္တ ပြီးပြီ။

ဆ–ဆွ

၁၂၁–ဆဗျည်း အကာရန္တန္ဒိုက် ဝေါဟာရကို ပြခြင်း

ဆ-ကာရန္တဒ္ဒကား သက်သက်ငင်း, ဝဆွဲး ထည်းကောင်း – ထင်၏။ ထိုတွင် သက်သက်၌ နိုင်းဆသည်, တွေးဆသည်, ကြီဆသည်-စသည် ဖြင့် ဆိုမိန့်သောအရာ၊ ငဆ, သင်, နင်-ဆိုမိန့်သောအရာ၊ ဆဝမသိ၊ ဆနမတော်-ဟူ၍ ဆိုမိန့်သောအရာ-တို့၌ ထင်၏။ ။ထိုတွင် တွေးဆသည်-စသည်ဖြင့် ဆိုမိန့်သောအရာတို့၌ ဆ၏-ဟူသည်ကား ချင့်ထောက်ခြင်းအနက်တည်း။ ထို ဆသည်-ဟူသော စကားခွန်းကို အရ အနက် တူရာ စကားခွန်း ဖက်ယှဉ်၍ နိုင်းဆသည်-တွေးဆသည်-စသည်ဖြင့် ဆိုမိန့်သောအရာ များစွာ၏။ ထိုတွင် နိုင်း၏-ဟူသည်ကား ယှဉ်ဖက်ခြင်း၊ တွေး၏-ဟူသည်ကား ဆင်ခြင်ခြင်း ဤသို့ အရကွဲးဖော်၍ ယူတန်သည်။ ဆသည်-ဟူသောစကား၏ အရနှင့် သဘော၏ ယူတန်သည်ကို နှလုံးသွင်းရာ၏။

"ရတော်ငြားလှ၊ ချင်းတို့ဘကား၊ တွေးဆမသိ"
"အယူကြီဆ၊ ကျင့်အပ်လှလျက်၊ စေမျှမစေ"
"အခါတန်လှ၊ ချိန်ဆုန်းဆ၍, နှမငယ်ထင်"
"အထွာနတ္တ၊ နားပါးဝသည်၊ တွက်ဆစိတ်ဖြာ-"

စသည်ဖြင့် တွေးဆ, ကြီဆ, ဆုန်းဆ, တွက်ဆ-ဟူသော စပ်ဟပ် ဆိုမိန့်ခြင်းတို့ကား ထင်စွာ၏။

ငဆ, နင်, သင်-ဟူသော စကားခွန်း၌ 'ငဆ' ဟူသော ဆိုမိန့်ခြင်းကား မရိုသေ ထိုက်သော သတ္တဝါကို ဆိုမိန့်သော ရှေး သူဟောင်း တို့၏ ဝေါဟာရမျှသာ ယူကောင်း၏။

"ယခုငြိုးမှ၊ စိတ်လောဘဖြင့်၊ ငဆ ယောကျ်ား"
"ဘီလူး ငဆ၊ ထိုယက္ခကို"

စသည်ဖြင့် စပ်ဟပ်သောအရာ ထင်၏။

ဆဝ-မသိ ဟူ၍ ဆိုမိန့်သောအရာကား..... "ခွးသည်ကိုမျှ၊ ဆဝ-မသိ" ဟူ၍ စပ်သောအရာထင်၏။ ထို၌ ဆဝါး-ဟူ၍ ဝ၌ ချ-ထွက် ဝိသဇ္ဇနီ ကျောက်သော အသံ ဆိုလိုရင်း ဖြစ်သင့်၏။ ထို၌ ဆ-၏အရကို ယခင်ကဲ့သို့ ချင့်ထောက်ခြင်းအနက် ယူ၍ ဝါး-၏အရကို ပိုးဝါးရှိသည် ဆိုမည်အတွက်ကို 'ဝါးဝါးရှိသည်၊ ဆဝါး

ရှိသည်' စသည်ဖြင့် ဆိုမိန့်သကဲ့သို့ 'ဝိုးဝါးရှိသည်' ဟူသော အနက်ယူ၍ အဓိပ္ပါယ် ဖော်အံ့။ 'ထမင်းဖြစ်ရာ၊ ရွှေခွက်သာဟု၊ မှန်စွာယုံကြည်၊ အမှတ်တည်၍,' ချက်ခြင်း ပေါင်းခြင်း စသည်ကို သိမည် ထား၏၊ ခူးသည် ဆွသည်ကိုမျှ ချင့်ထောက်ခြင်း ဝိုးဝါးရှိ၍ မသိလေ၊ ဤသို့ အဓိပ္ပါယ် ယူရာ၏။

တနည်းကား....ဝ-ဟူသော စကားအရကို "မျက်ဝါး ဝဝ၊ ကြည့်ပြီးမှ ထျင်။ ။ စဉ်းသိ ဝါးဝ၊ နိမ့်ကျချေတင်။ ။အဝါးလည်း ဝ၊ ကျမ်းမိလှ၍." စသည်ဖြင့် စဝ်ဟဝ် သောအရာတို့၌ အကြောင်းအရာ အစဉ်းအဝါးကို ပြည့်ဝစွာ သိမြင်သည်ဟူ၍. ယူသင့်သောအရာဖြစ်၏။ ထို၌ ဝါး-ဟူသော စကား၏အရကို အကြောင်းအရာဟူ၍. ယူသင့်သကဲ့သို့ ခူးသည်ကိုမျှ ချင့်ထောက်ခြင်းအကြောင်းအရာကိုမသိလေဟူ၍.သော်လည်း ယူသင့်၏။ ရှေနောက် သဘောသွားတန်သည်ကို ချင့်၍. နှလုံးသွင်းရာ၏။

ဆန မတော်-ဟူ၍. ဆိုမိန့်သောအရာကား...."မတော် ဆန၊ မောင်နှမသို့၊ တလွဲစကား။ ° ။ခဲးအိုခယ်မ၊ ဆ မတော်ဆက်" စသည်ဖြင့် စဝ်ဟဝ် ဆိုမိန့်သောအရာထင်၏။ ထို၌ 'ဆန' ဟူသည်တွင် န-အက္ခရာကို 'စန' ဟူသည်တွင် န-အက္ခရာကို ပြောပြစ်ရုံမျှသာ ဟူသကဲ့သို့ ပြောပြစ်ရုံမျှသာ ယူသင့်၏။ "မတော် ဆန၊ မောင်နှမသို့" ဟူသော လင်္ကာ၏အရကို ဆန ဟူသည်တွင် ဆ၏-အရ ချင့်ထောက်ခြင်း အနက် ယူ၍. အဓိပ္ပါယ် ဖော်လိုက်အံ့။ အိမ်ထောင်ဆက် ဖြစ်ကြလျက် အချင့် အထောက် မတော်ညစ်ညမ်းသောစကားကို မောင်နှမကဲ့သို့ ကြဉ်ရှောင်သည် ဟူ၍. အဓိပ္ပါယ် ယူရာ၏။ ။ဆ မတော် ဆက်-ဟူသည်၌လည်း အချင့်အထောက် အဆက်အလျဉ်း မတော်ဟူ၍. အဓိပ္ပါယ်ယူရာ၏၊ ဤသို့ယူမူ ဆ-ဟူသော စကားအရ ချင့်ထောက်ခြင်းအနက် ဖြစ်၏။

ဆွ-ဟူ၍. ဝဆွဲး ဆိုမိန့်သော အရာကား....တူးဆွသည်၊ ဆိတ်ဆွသည်-ဆိုသော အရာ, ဖြူဆွသည်ဆိုသောအရာတို့၌ ထင်၏။ ထို၌ တူးဆွ, ဆိတ်ဆွ, ထိုးဆွ-ဆိုသော စကားခွန်းသည် သဘောတူ ယှဉ်ဖက်သည်သာ။ ဆွသည်-ဟူသော စကား၏အရကား လှုပ်ရှားခြင်း အနက်တည်း။ ထိုနှင့်လျော်စွာ တူးကာ ဆိတ်ကာ ထိုးကာမဟုတ်၊ လှုပ်ရှားသည်ကို တူးဆွ, ဆိတ်ဆွ, ထိုးဆွ ဆိုသောအရာ ထင်၏။ ။ ကွေးညွှတ်သော အဖျားရှိသော ဝါးချောင်းသစ်ချောင်းကို **ကောက်ဆွ** ခေါ်ဝေါ်သည်သည်း ကောက်လိုင်းကောက်ဆုပ်ကို လှုပ်ရှားလျက် အောက်အထက်လက်ျာ လက်ဝဲ ပြန်လှန်သော အဆောင်အဉီ ဖြစ်၍. ကောက်ဆွ ဆိုသည်ပင်ဖြစ်၏။

---

၁ ကိုး * ၂၁၉။

ဖြူဆွ-ဆိုသော အရာကား အဖြူဂုဏ်ကို အထူးထင်စေကာသာ၊ အရကွဲး မရှိ။ အစိမ်းဂုဏ် ထင်စေလို သည်ကို **လဲ့လဲ့** ဆိုသည်။ အနီဂုဏ် ထင်စေ လိုသည်ကို **တွေးတွေး ချင်းချင်း** ဆိုသည်။ ထို၌ လဲ့လဲ့, တွေးတွေး, ဟူသော စကား၏ အရကွဲး မထွက်။ အစိမ်းအနီဂုဏ်ကို အထူးထင်စေကာမျှသာ ယူသင့်သကဲ့သို့ အဖြူဂုဏ်ကို အထူးထင်စေလို၍ **ဖွေးဖွေး, ဆွတ်ဆွတ်** ဆိုသော အရာမျှသာ ဖြစ်၏။

ဆ-ကာရန္တ ပြီး၏။

ဆာ

၁၂၂–ဆဗျည်း အာကာရန္တ၌ ဝေါဟာရကို ပြခြင်း

ဆာ-ကာရန္တ၌ သက်သက် လည်းကောင်း ဝဲသွဲး လည်းကောင်း ထင်၏။ ထိုတွင် အမြတ်အဆာ၊ အပြစ်အဆာ၊ နေရောင်ဆည်းဆာ၊ နေဆာ၊ တန်ဆာ၊ မွတ်ဆာသည်၊ ခြေဆာသည်-ဟူသော စကားခွန်းတို့၌ ဆ-လိမ်သက်သက် ချထျက် ဆိုမိန့်သော အရာဖြစ်၏။ ထို၌ အမြတ်အဆာဟူသည်ကား မူလမှ အစအမြတ် ပြန်ထွက်သည်ကို အဆာ-ဆိုသော အရာဖြစ်၏။ ထိုနှင့်လျော်စွာ "အဆာထည်းထိမ်၊ အအိမ်နားဝတ်" ဟူ၍ စပ်ဟပ်သော အရာတို့ရှိ၏ သင်္ကန်းဟူသော မူလအထည်၏ အစွန်း, အမြတ်, အဆာ ဖြစ်၏။ ။ယင်းကန်းသည် တို့သည် အဝတ်ထည် မယူသော်က် မယက်သာ၍ ချန်ထားသော အစ အစွန်းကို မြိတ်ဆာ ဟူသည်ထည်း အဝတ်ထည်မှ ပြန်ထွက်သော အမြတ်အဆာ လည်းကောင်း ဖြစ်၏။

အပြစ်အဆာ-ဟူသည်၌လည်း တစုံတခုသော မူလဝတ္ထုဥ်ထင်သော အစအရိပ် ပြန်ထွက်သော အမူအရာလည်းကောင်း ဖြစ်၏။ ထို၌ မြီးမွမ်းအပ်သော ဂုဏ် အစ အရိပ် ပြန်ထွက်သည်ကို အဆာမဆိုတကား ဟူအံ့။ မြီးမွမ်းအပ်သော ဂုဏ်ကို အစွန်း အစ အမြတ်အရိပ် အရောင်မျှဟူသဖြင့် သုတိ မသာအံ့ဖြစ်၍ အဆာအမြတ်ဟူသော ဝေါဟာရကို မဖြစ်စေ။ ကဲ့ရဲ့အပ်သော အဖြစ်ကိုကား များစွာ ထင်သော်လည်း အနည်းကဲ့သို့ ရွတ်ချသော အခြင်းအရာဖြစ်သော အဆာအမြတ်ဟူသော ဝေါဟာရဖြင့် သုတိတူစွာ ဖြစ်စေလို၍ အပြစ်ကိုသာ 'အဆာ' ဟူသောဆိုမိန့်ခြင်းဖြစ်သည် ယူသင့်၏။

ဆည်းဆာ, နေဆာ-ဟူသည်၌လည်း နေ၏ အရောင်အရိပ်, အမြတ် အဆာ ဟူသော အနက်ယူမှ သင့်ရာဝင်ဖြစ်၏။ 'နေစာ' ဟူ၍ အချို့ စလုံးနှင့်ရေးကုန်သည်ကား

သဘောရအံ့သို့မထင်။ ။ဆည်းဆာ-ဟူသည်၌ ဆည်း-ဟူသည်ကား နေရောင်သည် တက်နေ သကဲ့သို့ အားမကြီး မွန်းယိမ်း သည်မှ စ၍ ချုပ်ဝင်သည် တိုင်အောင် တွေ့တွေ့ လျော့နည်း ညံ့ပြေသည်ကို ရည်၍ ဆုန့်ဆည်းသောအရောင်ရှိသည်၊ ထက်မြက်သော အရှိန်အဝါကို သိမ်းဆည်းသော အရောင်ရှိသည်-ဟူသောအနက်ကို ယူ၍ ဆုန့်ဆည်း, သိမ်းဆည်းသော အရောင် အဖြတ် အဆာ ဟူသင့်သော အရာကို 'ဆည်းဆာ' ဟူ၍ ဆိုသည် ယူသင့်၏။ ။ဤ၌ ဆည်းဟူသော စကားအရကို နေ၏အရှိန်အဝါကို သိမ်းဆည်းခြင်း, နေရှိန်နေဝါ ဆုန့်ဆည်းခြင်းအနက် ယူထိုက်သည်ကား ဆည်းဆာဟူသော ဝေါဟာရသည် နေရောင်ကို ဆိုသော အရာသာ ထည်း ထင်သည်၊ ညချမ်း နေရောင်ညံ့စဲးသော အခါကိုသာ ဆိုသော အရာသာ ထည်း ထင်သည်ဖြစ်၍, နေရောင်ညံ့စဲးသည်ကို ယူထိုက်သည်။ ဆင်ခြင်။

တန်ဆာ-ဟူသည်၌ကား···· ခေါ်ဝေါ် ကာမျှထည်း ယူသင့်၏။ ကိုယ်နှင့် တန်သော အဆာမြတ်ဟူ၍, အနက်ရယူထည်း သင့်အံ့သည်။ ကိုယ်နှင့် မတန်လျက် တန်ဆာကိုဆိုသောအရာကို ဥပစာနယ သင့်ရာချ၍, ယူရာ၏။ ။မွတ်ဆာသည်-ဟူသော ဝေါဟာရ၌ကား မွတ်တေ်ခြင်းကြောင့် မသန်မစွမ်း ညှိုးနွမ်းပန်းရိခြင်း ဖြစ်သည်ကို 'ဆာသည်' ဟူသော ဝေါဟာရဖြစ်၏။ ထိုနှင့်လျော်စွာ ရင်ဆာသည်, စိတ်ဆာသည်-ဟူ၍, အထူးထင်သောအရာကို စွဲး၍, ဆိုမိန့်ခြင်း ဖြစ်၏။ ။ထမင်းဆာသည်-ဆိုသော အရာ၌ကား ထမင်းကြောင့် ဆာသည်ဟူ၍, ထမင်းဆာခြင်း၏ အကြောင်းပေါ်အောင် ယူရာ၏။ ။မွတ်ဆာသည်-ဟူသော ဝေါဟာရ၌ထည်း မွတ်သည်ကား အကြောင်း၊ ဆာသည်ကား အကျိုး ဟူ၍, ယူရာအံ့သို့ ရှိ၏။ ။ဆာမွတ်သည်ကို "ဆာတ"ဟူ၍, မာဂဝထင်သောကြောင့် မာဂဓဆာသာမူထတွင် တ-အက္ခရာ ကျေပါသည်ထည်း ဆိုသင့်၏။ ။ခြေထက်ဆာသည် - ဟူသော ဝေါဟာရ၌ထည်း မသန်မစွမ်း နွမ်းရိခြင်းဟူသော ထခင်အနက် ထည်းကောင်းရသင့်၏။ ။ဆွာ-ဟူ၍, ဝဆွဲး ဆိုမိန့်သည်ကား ဆွာချောင်း-ဟူသောအမည်မျှသာ ထင်၏။ ထိုအမည်ထည်း အနက်မရ ရဥ်မျှသာ ဖြစ်သင့်၏။

ဆာ-ကာရန္တပြီးပြီ။

ဆိ-ဆီ-ဆီး

၁၂၃-ဆဗျည်း ဣ-ကာရန္တ, ဤ-ကာရန္တတို့၌
ဝေါဟာရကို ပြခြင်း

[ဆိ-ကာရန္တကား....ဝေါဟာရမထင်]။

ဆိ-ကာရန္တ၌ကား ဆထိမ် သက်သက်တွင် ဝိသဇ္ဇနီသံ မပါသည်, ပါသည်မျှ ကွဲး၏။ နှမ်းဆီစသောအဆီ၊ အဆီအထျော်-ဟူသော ဆိုမိန့်ခြင်း သည်ဝိသဇ္ဇနီမပါသံတည်း။ တားဆီးသည်, ဆီးနှင်း ဟူသောစကားခွန်းတို့ကား ဝိသဇ္ဇနီ ပါ အသံတည်း။ ထိုင်တွင် နှမ်းဆီ စသော ဝေါဟာရ၌ ကျက်ဆူဆီ, မုံညင်းဆီ, နွား, ကျွဲ, ခွေး, ဝက်တို့၏အဆီ-စသည်ဖြင့် တည်ရာဝတ္ထုလွယ်ကာ ဆိုမိန့်သည်ဖြစ်၏။ ။ ချင်ဆီ-ဟူသည်၌ကား အရိုးအချင်၌ ဖြစ်သည်ဟူ၍ လည်းကောင်း၊ အရိုးကို ချင်းနင်း ထွင်းဖောက်၍ တည်သည်ဟူသောအနက်အား ဖြင့် ဇ-သတ်ဝိသဇ္ဇနီသံဆိုသင့်ထျက် "ချင်ဆီ" ဆိုသည်ဟူ၍ လည်းကောင်း အရိုး၏ အတွင်းအခေါင်းကို ပြည့်စေထျက် စပါး, ဝဲး, ပြောင်းတို့ကို ချင်၏ ဆိုဖြစ်သည်ဟူ၍ ဟူသင့်၏။ ဤ၌ ဆီ-ဟူသော ဝေါ ဟာရထည်း ခေါ်ဝေါ်ကာမျှသာ ဖြစ်သင့်၏။ ။အထျော်အဆီ ဟူသည်၌ကား ဆိုင်ရှိုင်သင့်ထျော်သည်ကို ဆိုင်သည်သာ မဆို "ဆီဆိုင်သည်" ဟူ၍ ပြေပြစ်ရံဖက်ဆို ကာမျှကဲ့သို့ထည်း ရှိ၏။ ဆိုင်၏-ဟူသည်ကား သင့်ထျော် တော်တည့်ခြင်း ဝိသေသ၊ ဆီ၏-ဟူသည်ကား သင့်ထျော် တော်တည့်ကာ မတ္ထဟူ၍ လည်း ယူသင့်၏။

တားဆီးသည်-ဟူသော ဝိသဇ္ဇနီအသံ၌ကား ဟန့်တားခြင်း အနက်တည်း။ ထို အနက်ကို ဆီးကာသည်၊ ဆီးကန့်သည်၊ ဆီးဆိုသည်၊ ဆီးတားသည်၊ ဆီးကြိုသည်- စသည်ဖြင့် အနက်သဘော ထိုက်ထျောသော စကားခွန်းဖက်ယှဉ်၍ ဆိုမိန့်သည် ကား ခရီးမကျူးမလွန် ထက်ငါထက်ဝဲ မထွဲး စေရ စောင့်မထျက် ထိုရာဆိုက်ရောက် သည်ဖြစ်၍၊ မထိုအပ်သော အရပ်မှ ဟန့်တားခြင်း အနက်လည်းကောင်း ရသင့် သည်ဖြစ်၏။ ။ပုဆိုးအဝတ်ကို ခါးထွင်ပတ်ဆီးသည် ဟူရာ၌လည်း မကျစ်မလစ် သော အမူအရာကို ကာကွယ်ဝိတ်ဆီးသည်ဖြစ်၍ ဟန့်တားခြင်းအနက်လည်းကောင်း တည်း။ ။ဆီးအောင့်သည်, ဆီးစနာကျင်သည်, ဆီးချိုက်-ဟူ၍ ခေါ်ဝေါ်သော အရာတို့၌လည်း ထိုပုဆိုး အထည် ဆီးဝတ်သော ကိုယ်အရပ်၌ ကျင်စသော မသန့် ရှင်းသော အညစ်အကြေးတို့သည် ယိုစီးထွက်သွားခြင်းကို မယိုမထွက် အောင်းစက် လေသည်, ထိမ်းအောင်းလေသည်ကို စွဲ၍, 'ဆီးအောင်းသည်' ဟူ၍, ဝိသဇ္ဇနီသံ

ဆိုသင့်လျက် အမြစ်သံဆိုသည်ထည်း ဟူသင့်၏။ ။ဆီးအရပ်မှ အညစ်အကြေး အောင့်စက်သောကြောင့် အောင့်တောင့် ညည်းတည်းရှိသည်ကို ထည်းကောင်း-

"ငင်ပစ်ချီဆောင့်၊ အောင့်တောင့်ညည်းတည်း-"

ဟူသော စဝ်အင်ကို ထည်းကောင်း အညစ် အကြေး အောင့်စက် သောကြောင့် တောင့်မာသည် ဟူသောအနက်ကို 'အောင့်တောင့်'ဟူ၍ အောင့်ဟူသောစကား, ခွန်းဖက်ဆိုကာမျှ ဖြစ်ရာသည်ကို ထည်းကောင်း ထောက်၍ 'ဆီးအောင့်သည်' ဟူသော အမြစ်သံမူထဟူ၍ ထည်းယူသင့်၏။ ဤနှင့်လျော်စွာ ဆီးစနားတွင်နာကျင်သည်၊ဆီးအရပ်သည်ချိုက်လျက် ရှိုက်ငင်လျက်ရှိသည် ဟူသောအနက်စွဲးထင်သာပြီ။

ဆီးနှင်း-ဟူသည်၌ထည်း တောင် ကမ်းသစ်ပင်မြင်စေရ၊ကွယ်ကာလျက်သွားရာသွားကြောင်းကို ဆီးသို့ကျလျော်တတ်သည်ကို စွဲး၍ ဆီး-ဟူသော ဝေါဟာရဖြစ်၏ ဟူသဖြင့် ယခင် ဟန်တားခြင်းအနက်ထည်းကောင်းရ၏။ စဝ်အင်ကား ထင်သာသည်တကြောင်း ကျယ်အံ့တကြောင်း ထောက်၍ မည္ဆနိုးပြီ။

ဆီ-ကာရန်ပြီးပြီ။

ဆု

၁၂၄-ဆ,ဗျည်း ဥကာရန္တ၌ ဝေါဟာရကို မြဲခြင်း

ဆု-ကာရန်ဿကား ဆလိမ်သက်သက်ဆုထာဘ်-ဟူသော ဝေါဟာရမျှသာထင်၏။ ထိုဝေါဟာရကား ထိုက်သောဂုဏ်နှင့် လျော်စွာရသည်ကိုဆိုမိန့်ခြင်းတည်း။ ဤနှင့်လျော်စွာ ဘုရားဆု,ပစ္စေကဗုဒ္ဓါဆု, သာဝကဆု,အရှင်စိုးမင်းပေးသောဆု, သားဆု-စသည်ဖြင့် ရအပ်သောဝတ္ထုအလျောက် ဆိုမိန့်ဟန်ထင်သာပြီ။

ဆု-ကာရန်ပြီးပြီး။

ဆူ-ဆူး

၁၂၅-ဆဗျည်း ဥကာရန္တ၌ ဝေါဟာရကို မြဲခြင်း

ဆူ-ကာရန်ဿကား ဝိသဇ္ဇနီသံ ပါသည်,မပါသည်မျှသာကွဲး၏။ပွက်ဆူသည်, ဆူဖြိုးသည်ဟူသော ဝေါဟာရတို့ကား ဝိသဇ္ဇနီ မပါသံတည်း။ ငြောင့်ဆူးဟူသောအရာ၊ ဆူးဆူးရောရော၊ ချဉ်ဆူးသည်-ဟူသော ဝေါဟာရတို့ကား

ဝိသဇ္ဇနီသံတည်း။ ။ထိုတွင် ပွက်ဆူ၏ဟူသည်၌ ဆူ-ဟူသောစကားခွန်းသည် **ဝှန်တက်** သည်-ဟူသော အနက်တည်း။ဤနှင့်ထျော်စွာ မီးရှိန်စသောအစွမ်းကြောင့် ရေစသည်တို့ ဝှန်တက်သည်ကို ပွက်ဆူသည်၊ ပင်လယ်ရေ ဝှန်တက်သည်ကို ပင်လယ်ဆူသည်၊ အသွေးအသား ပြန့်ပွားဝှန်တက်သည်ကို ကိုယ်လက်ဆူဖြိုးသည်၊ အသွေးအသားရှား ထျက်ပင် အဆီအပျားများသည်၊ ဩဇာပြန့်ပွား ဝှန်တက်သည်ကိုရည်၍ မည်သည့် တိရစ္ဆာန်တို့၏ အသားဆူသည်ကိုဟူသော ဆိုမိန့်ခြင်းဖြစ်သည် ယူသင့်၏။

ဝိသဇ္ဇနီပါအသံ ဆူးငြောင့်-ဟူသော ဝေါဟာရကား ခေါ်ဝေါ်ကာမျှသာဖြစ်သင့်၏။ ။ချဉ်ဆူးသည်-ဟူရာ၌ကား ယခင် ဝှန်တက်သည်ဟူသောအနက်ကိုယူ၍ ချဉ်သောရသသည် ထက်မြက်စွာသဖြင့် နှုံ့ပြားဝှန်တက်သည် ဟူသော အနက်ထည်း ကောင်း ဖြစ်သင့်သောကြောင့် ချဉ်သောရသ ဆူတက်သည်ဟူ၍ ဝိသဇ္ဇနီသံမပါ ဆိုသင့်ထျက် ဝိသဇ္ဇနီသံကို ဆိုမိန့်ကုန်သကဲ့သို့ရှိ၏။ ဆူးငြောင့်အတူ စူးဝင်ထျက် ပသာဒနှင့် ထိပါးခြင်းဖြစ်သည် ဟူ၍ သော်ထည်း ယူသင့်၏။ ထိုချဉ်ဆူးသည်-ဟူသော ဝေါဟာရကို အစွဲးပြု၍ ရသာရုံမဟုတ် ဓမ္မာရုံ၌သော်ထည်း 'စိတ်နှလုံး ချဉ်ဆူးသည်'ဟု ဝေါဟာရဖြစ်၏။

ဆူးဆူးရောရော-[၁] ဟူသော ဝေါဟာရ၌ထည်း ပွားများဝှန်တက်သော ဒေါသကို စွဲး၍ ထက်မြက်လျင်ထျားစွာ ဆိုမိန့်သည်ကို ဆူးဆူးရောရော ဆိုမိန့်သောအရာဖြစ်၍ ယခင် ဝှန်တက်ခြင်းအနက်ငင်း ရသင့်၏။ ။ဟူးဟူးရားရား-ဟူသည်နှင့် ဆူးဆူးရားရား ဟူသော စကားခွန်းကား တစိတ်မျကွဲးသင့်၏။ ဟူးဟူးရားရား-ဟူသည်ကား ဝစီကံ သော်ထည်း ယူသင့်သောကြောင့် တစိတ်မျကွဲးရာသည်။

ဆူ-ကာရန္တပြီးပြီ။

ဆေ-ဆေး၊ ဆွဲး-ဆွဲ

၁၂၆-ဆဗျည်း ကောရန္တ၌ ဝေါဟာရကို မြဲခြင်း

ဆေ-ကာရန္တ၌ကား… သက်သက် ထည်းကောင်း ဝဆွဲးထည်းကောင်း ထင်၏။ ထိုတွင် သက်သက်၌ ဝိသဇ္ဇနီမပါသံ့ပါသံကွဲး၏။

"ဥပါစဿွေ၊ မြော်ကာနေထျက်၊ ထက်ခြေထျော်အောင်" ၂
"မရှိတတ်လေ၊ အထွေထွေကား၊ စဿွေဘုတ်ပြိတ်"

---

၁ ဘူထင် * ၈၈၊ ကိုး * ၁၆၆။ ၂ တုံ * ၅၀။

စသည်ဖြင့် စဏ္ဍေ-ဟူသော စပ်ဟပ်ခြင်းသည် ဝိသဒ္ဒနီ မဝါသံဖြစ်၏။ ထို စဏ္ဍေဟူသော ဝေါဟာရသည် အမည်မျှသာ၊ အနက်ရအံ့မထင်။ ဤ၌ စဝဂ်သံယုတ်ရေးသော်လည်း မာဂဓဟုတ်ဖွယ်မရှိ။ မြန်မာမှ သက်သက်၌ အဂ္ဂကာမျှ ဝဂ်သံယုတ်ထင်ဟန်ကို အောက်၌ ဆိုခဲ့ပြီ။

စဏ္ဍေးသည်၊ အနာလွတ်ကြောင်းဆေး၊ ပန်းချီဆေး၊ တဆေး-ဟူသောအမည်တို့၌ ဝိသဒ္ဒနီသံဖြစ်၏။ ထို၌ သန့်ရှင်းစေခြင်းငှာ ပညာလုံ့ဃသည်ကို စဏ္ဍေးသည်, စောကြောသည် ဟူသော ဝေါဟာရဖြစ်၏။ ထိုနှင့်လျော်ညီစွာ ကိုယ်အင်္ဂါ မသန့်ရှင်းသည်ကိုရေဖြင့်ဆေးသည်၊အကြောင်းအရာမထင်မလင်းသန့်ရှင်းစွာမမှတ်ရသည်ကို ပညာဖြင့် ပွစ်ဆေးမေးမြန်းသည်ဟူသော ဝေါဟာရဖြစ်၏။။အနာလွတ်ကြောင်းဆေးဟူသည်၌ ထိရာအစွမ်းရှိစေခြင်းငှာပညာဖြင့်ဖက်ယှဉ်စိရင်အင်သောအဆောက်အဦကို ဆေး-ဟူသော ခေါ်ဝေါ်ခြင်းသည် အမည်မျှကဲ့သို့ရှိ၏။ အမည်နှင့်လျော်စွာ ဝေါဟာရဖြစ်ဟန်ကို ကြံ၍ ယူမူကား ရောဂါကြောင့် ကိုယ်စိတ်မလန်း မကျင်းခန့် မသန့်ရှင်းသည်ကို သန့်ရှင်းကြောင်း ဆေးကြောသည်နှင့်အတူဖြစ်၍ ယခင် သန့်ရှင်းစေခြင်းငှာ ပညာလုံ့ဃသည်ဟူသော အနက်ကိုထည်းကောင်း ရသင့်၏။ အန္တရာယ်ဖြစ်စေခြင်းငှာ အားထုတ်သောဆေးသည် သန့်ရှင်းစေခြင်းအနက် မသင့်သကဲ့သို့ရှိ၏ဟူအံ့။ ထို၌ကား လုံ့ဃထုတ်သူ၏ ထိရာဆန္ဒမရောက်သဖြင့် စိတ်မလန်းမခန့်သည်ကို ထိရာရောက်ကြောင်း လုံ့ဃမူသည်ဟူလျှင် ယခင် သန့်ရှင်း စေခြင်းအနက် ရကောင်း၏။

ပန်းချီ-ဆေးဟူသော ဝေါဟာရ၌လည်း အနာလွတ်ကြောင်းဆေးကဲ့သို့ ထိရာဖြစ်စေခြင်းငှာ ပညာဖြင့် ဖက်ယှဉ် စိရင်အင်သော အဆောက်အဦ၏ အမည်ခေါ်ဝေါ်ကာမျှကဲ့သို့သည်း ရှိ၏။ ယခင်နည်းတူ ဆေးဟူသောအမည်နှင့်အနက်သင့်ကြံ၍ ယူမူကား အဆင်းအားဖြင့် မတင့်နိုး၍ စိတ်နှလုံးကြည်ထင် ရွှင်လန်းခြင်းမဖြစ်သည်ကို အရည်အရောင်တက်အောင်ဖက်ယှဉ်ခြင်း၊ထိရာဝိညာဉ်ရှိ,ဝိညာဉ်မဲ့-အသွင်ထင်စေခြင်းဖြင့် တင့်တယ်နိုး၍ စိတ်၏ကြည်ထင်ခြင်း သန့်ရှင်းစေသည် ဟူသော အနက်ရသင့်၏။ ညက်လိုက်ဆိုသည်။ ယုတ္တိကို ဆင်ခြင်။

ဤပန်းချီဆေး-ဟူသော ဝေါဟာရ၌ ဩသဓဒ္ဒါ.ဆေးဒဏ္ဍဒ္ဒါ-တို့၏အနက်မထင်။ ဩသဓကို 'ဥသမံ ဓာရေတီတိ ဩသဓံ'ဟု ဝိဂြိုဟ်ဆို၍ ဒေးခြင်း,ပူခြင်းဟူသော အရှိန်အဝွေဖြင့် သွေး,သည်းခြေ, ဆေ,သလိပ်-တို့ကို ပျောက်နိုင်စေခြင်း, ဗန်တက်စေခြင်း ဆတ္တိရှိသော သစ်သီး သစ်မြစ်စသည်တို့ကို ယူရဖွယ်ရှိ၏။ ။ဆေးဒဏ္ဍကို "ဘိသဂ္ဃဆ ဒ္ဍဒံ ဆေးဒဏ္ဍံ"ဟုဝိဂြိုဟ်ဆို၍ ဆေးသမား၏ ဥစ္စာ၊ သူနာ၏အထောက်

အပုံဖြစ်သော ဆေးဟုဆိုအပ်သော ယခင်သစ်သီးသစ်မြစ်စသည်တို့ကိုလည်းကောင်း ယူရဖွယ်ရှိ၏။ ယင်းသည့်အရာ သူနာကုဆေးသည် သွေး, ထေ, သည်းခြေ, သလိပ်--ကို ပျောက်နိုင်စေသည်။ဆေးသမားဥစ္စာဟူသည်နှင့် ပန်းချီဆေး၏သဘော တူဖွယ်မရှိ။ ဆေးဟူသောအမည်မျှသာ ပြိုင်၍, အရသဘောကွဲးအုံသို့ရှိ၏။ ။တဆေး-ဟူသော ဝေါဟာရကို အမည်မျှသာ ဟူ၍ထည်း ယူသင့်၏။ ကစေဝ် လှော်စာ-စသော ယစ်မျိုး၏ အယ္ဂဉ်အဖက် ထည့်စွက်အပ်သော ဆေးတပါးဖြစ်သည်ဟူသော အနက် ကိုသော်လည်း ယူသင့်၏။

ဝဆွဲးသောအရာ၌ကား....ဝိသဇ္ဇနီပါဌံ, မဝါဌံ,အမြစ်ဆံ-အား ဖြင့် ဆုံးပါးကွဲး၏။ ထိုတွင် ခင်ပွန်းမိတ်ဆွေဟူသော ဝေါဟာရသည် ဝိသဇ္ဇနီ မဝါဆံတည်း။ ဤအဆွေ-ဟူသော ဝေါဟာရသည်လည်း ပညတ်ကာမျှသာ ဖြစ်သင့်၏။

"ကျေးဇူးထွေ၍, မိတ်ဆွေငယ်က"
"သုံးလူ့ဆွေကား၊ ဟုတ်ပေသလော့"
"ဤသည့်ရေကား၊ အဆွေခင်ပွန်း"

စသည်ဖြင့် စပ်အင်ထင်စွ။

ဝိသဇ္ဇနီ ကျောက်သော အသံကား....ဆွေးမြည့်သည်, ပူဆွေးသည်, ဆွေးနွေးသည်-ဟူသော အရာတို့၌ထင်၏။ ထိုတွင် ဆွေးမြည့်၏ – ဟူသည်ကား ရုပ်၏ရည်မြင့် နွမ်းဟောင်း မခိုင်ကျန့်ခြင်း, ရိပ္ပဝိဆိုးရွားခြင်း အနက်တည်း။ ထိုအနက်ကို နာမ်တရား၌ ဆွေးသည် အိုသည်-ဟူသော ဆိုမိန့်ခြင်း နည်းအံ့သည်။ မာဂဓ၌ကား ရုပ်၏ ဒြိဓဏကို ရုပ်၏ဇရာ၊ နာမ်၏ ဒြိဓဏကို နာမ်၏ဇရာ-ဟူ၍ ဆိုမိန့်သည် ထင်၏။ ။ပူဆွေးသည်၊ ပုပ်ဆွေးသည်၊ ဦးဆွေးဆံမြည့်-ဆိုသောအရာထည်း ဤအနက်ထည်းကောင်း ယူသင့်၏။ပူပင်သောနှစ်လုံး ရှည်မြင့်စွာဖြစ်၍, စာစေ့ငုအောက်မေ့တ,ယူခြင်ဝ ရှိသည်ကို "ပူဆွေးသည်"ဆိုသည်။ ။ပုပ်ဆွေးသည်- ဟူရာ၌ကား ထင်သာ၏။

ဦးဆွေးဆံမြည့်-ဟူသည်ရှိက်ကား ဦးဆံမဆွေးသော်လည်း ဆွေးသည် ဟူသော စကားခွန်းဖြင့် ရှည်မြင့်သော ကာလကို ထင်စေသည်ဖြစ်၍, ထိုနှင့်ထျော်စွာ ဆွေးဆွေး မြည့်မြည့်ပြောဟောနေထိုင်သည်ဟူသော ဆိုမိန့်ခြင်းထည်း ထင်၏။ ။ဆွေးနွေးသည်-ဟူရာ၌ ဆွေးသည်, နွေးသည်-ဟူ၍အရကွဲးမထွက်။ မေးမြန်းဆေးကြော်ခြင်းအနက်မျှသာ ဖြစ်သင့်၏။ ဤ၌ ဆေးကြော်မေးမြန်းခြင်းအနက်ကို ဆွေးသည်သာမဆို "ဆွေးနွေးသည်"ဟူ၍ ယဉ်ဖက်ထျက် ဆိုမိန့်သည်သာ ထင်သောကြော်ငှ် ယခင် ပုပ်ဆွေးသည်-ဟူသောအနက် မဟုတ်သည် ဖြစ်၏။

အမြစ်ထွက် ဆိုမိန့်သောအရာကား-

"မီးပွားမခုန် ဆွေ့သတည်း"[၁]

"ကြောက်၏ ဆွေ့ဆွေ့ခုန်သတည်း-"[၂]

စသည်ဖြင့် စပ်ဟပ်သော "ခုန်ဆွေ့သည်"ဟူသော ဝေါဟာရထင်၏။ ထိုဝေါဟာရကား ခုန်သည်-ဟူသော အနက်လည်းကောင်း ဖြစ်သင့်၏။

ဆေ-ကာရန္တပြီးပြီ။

ဆဲး-ဆဲ့-ဆွဲး

၁၂၇-ဆဗျည်း အဲးကာရန္တန္ဒိုက် ဝေါဟာရကိုပြခြင်း

ဆဲး-ကာရန္တကား သက်သက်ထည်းကောင်း ဝဆွဲးထည်းကောင်း ထင်၏။ထိုတွင် သက်သက်၌ ကျိန်ဆဲးသည်၊ ညှဉ်းဆဲးသည်၊ ပြုဆဲးမူဆဲး-ဟူသော စကားခွန်းတို့သည် ထင်၏။ ထို၌ ကျိန်ဆဲး၏-ဟူသည်တွင် ကျိန်၏-ဟူသည်ကား 'မယ္ဒံသပတေ၊ တုယ္ဒံ သပတေ'ဟူသောပါဠိ၌ သပ-ဓာတ်၏ အနက်တည်း။ ထိုသပတေ-ဟူသောပါဠိကို 'သစ္စကိရိယံ ကရောတိ'ဟူသည်ကိုထောက်လျှင် မယုံသည်ကို ယုံကြောင်း သစ္စာပန်နက်ပြုခြင်းအနက်တည်း။ဤအနက်၌ ဆဲးသည်ဟူသော ဝေါဟာရ ဖက်ယှဉ်ခြင်းသည် သဘောမထွေ။ ။ဆဲးသည်-ဟူသော ဝေါဟာရကား မရှိသေလောက်သောသူ၌ မျက်အိုက်ထည့်ပါး မခံညားသော ဆိုမိန့်ခြင်းဖြစ်ခဲ့၏။ ။ကျိန်သည်-ဟူသော ဝေါဟာရကား ရှိသေထိုက်သောသူ၌ မျက်အိုက်မပါ ခံညားစွာသဖြင့် ယုံကြောင်းသစ္စာမူသော စကားခွန်းဖြစ်ခဲ့၍ သဘောမထွေ၊ ထိုကြောင့် 'ကျိန်၏'ဟူသောစကားခွန်းသည် သစ္စာမူသောအနက်မှတပါး စိုးပွားခဲ့ကို တောင့်တသဖြင့် ဒေါသအထွေက် ပွက်ဆိုခြင်းအနက်ရှိသော အရာထည်း ရှိသည်။ ထိုအနက်ရှိသော ကျိန်သည်-ဟူသော စကားခွန်းနှင့် ဆဲးသည်-ဟူသော ဝေါဟာရ ဖက်ယှဉ်သော်သာ သဘောသင့်ရာသည် ဖြစ်၏။ ဤကား ကျိန်သည်-ဟူသောစကားခွန်း၏ အရအနက်ကဲ့ဟန်၊ သင့်ရာအနက် ဖက်ယှဉ်၍ ယူထိုဟန်ကို ထူပြန်းတို့ နှလုံးသွင်းစေခြင်းငှာ ဆိုထိုက်သည်။ ။ပြုဆဲးမူဆဲး-ဟူသော ဝေါဟာရကား မျက်မှောက်ဖြစ်ခြင်း ကြိယာအနက်ကို ထင်စေသောဝေါဟာရမျှသာ ဖြစ်၏။ စပ်အင်ကားး ထင်စွ။

---

၁ သံ * ၁၅၀။ ၂ ဘူထင် * ၁၆၄။

အမြစ်သံကား····တဆယ့်နှစ်ခွင်၊ တဆယ့်နှစ်ခွေ-စသည်ဖြင့် စပ်ဟန်ဆိုမိန့်သော အရာတို့၌ကား တဆယ် နှစ်ဆယ် စသည်ဖြင့် ယ-သတ်ထိုရင်းကို မြစ်သံကြောက်ခါ နောက်ပစ်အသံနှင့်တူသည်၊ ရေးမှတ်လွယ်သည်ကိုစွဲ၍ နောက်ပစ်ကုန်သကဲ့သို့ရှိ၏။ ဤစကားမျိုးကို အောက်၌ * ဆိုအပ်ပြီ။

ဝဆွဲသောအရာကား····ဆွဲကိုင်သည့်, တဝှိဆွဲသ-ဟူသော အရာတို့၌ထင်၏။ ထို၌ ဝဆွဲ၏ဟူသည်ကား အောက်၌ထည်းကောင်း နောက်၌ထည်းကောင်း ဒိုးတွဲခြင်းအနက်တည်း။

"အမြီးမြဲမြဲ၊ ငဆန်ဆွဲစိမ့်၊ ဥတဲ့ရင်တား"
"အတွေအခဲ၊ ကွဲရရွဲထျင်၊ ကြိုးဆွဲငင်ချ"
"ချမ်းကျက်လွန်ကဲ၊ တဝှိဆွဲဟု၊ မြူးရွဲရောင်ပ၊ပြည့်သည့်ထဝယ်"

စသည်ဖြင့် စပ်အင်ထင်စွ။ ထို၌ တဝှိတွဲ-ဟူ၍, အချို့ရေးဖတ်ကုန်၏။ ယာထယ် လုပ်သားတို့သည် ထမ်ဝိုးကို ဆွဲထားသည်၊ တွဲထျားရှိစေသည် ဟူသောအနက် သင့်ရာသည်ချည်းဖြစ်၍, သဘောရကောင်းသကဲ့သို့ရှိ၏။ စပ်အင်သာ ပမာဏဖြစ်၏။ ဆင်ခြင်။

ဆဲး-ကာရန် ပြီးပြီ။

ဆော-ဆော့

၁၂၀-ဆဗျည်း ဩကာရန္တနှိုက် ဝေါဟာရကို မြွေခြင်း

ဝဆော-ကာရန္တ၌ကား သက်သက် ဆလိမ်တွင် အ-မမြစ်သံ, မြစ်သံမျှသာကွဲး၏။ ထိုတွင် "အထျင်တဆော၊ဆံတော်ဩဟု" စသည်ဖြင့်အထျင် တဆော-ဟူ၍, အ-မမြစ် စပ်ဟပ် ဆိုမိန့်သောအရာထင်၏။ ထို၌ အထျင်ဟူသော စကား၏အရ တဆော-ဟူသည်တွင် ဆော-ဟူသောစကား၏အရသည် 'ရှေးဦးမဆွ' ဟူသော အနက်ချည်းတည်း။ တ-ဟူသော စကားခွန်းကား ပြေပြစ်ရုံ ဖက်ယှဉ်ကာ မျှသာတည်း။ ထိုနှင့်ထျော်စွာ-

"တောထွက်အံ့သော၊ နှုတ်လွတ်ဆောက"
"ပြည်မ စွန့်ဆော၊ တောထွက်သောဟု"
"ဆုံးဖြတ်စိမ့်သော၊ ကြီလဆောတည်း-"

---

* ခေါင်းစဉ် (၈၇) ကဲးအခန်း။

စသည်ဖြင့် တ-အက္ခရာမဝါ၊ ဆော-ဟူ၍ စပ်ဟပ်သောအရာ။ ။"ဤသို့အထျင်၊ ကြီဦးချင်မှ" စသည်ဖြင့် အထျင်-ဟူ၍ စပ်ဟပ်ဆိုမိန့်သောအရာတို့သည် ထင်ကုန်၏။ ထို၌ တ-အက္ခရာကား ပြေပြစ်ရုံမျှဖြစ်၍ မပါလေ။

အမြစ်သောအရာကား···· ဆော့ကြော့သည်-ဟူသောအရာ၌ထင်၏။ ဤ၌ ဆော့၏-ဟူသည်ကား မငြိမ်မသက် ထျပ်ပေါ်ခြင်းအနက်တည်း။ ထို၌ ကြော့-ဟူသော စကားခွန်းကို ပြေပြစ်ရုံဖက်ကာမျှသည်း ယူသင့်၏။ အကြော့အမော့ပြုသည်-ဟူ၍ ဆိုမိန့်သောအရာ၌ကဲ့သို့ ကြော့နိုး့တင့်နိုး ထင်မှတ်၍ ဆော့သည်-ဟူသောအနက် ကိုယူသော် ရကောင်း၏။ ။အချို့ကား"ဆော့လော့"ဟူ၍ ဆိုမိန့်ကုန်၏။ ထို၌ကား ပြေပြစ်ရုံဖက်ကာမျှ အနက်မရသည်သာ ဖြစ်သင့်၏။ ။ဆော့ကြွပ်သည်-ဆိုရာ၌ကား ကြွပ်သည်ဟူသော စကားအရာကား ကြွပ်ဆတ်သည်-ဟူသောအနက် ယှဉ်ဖက်၍ ယူရာ၏။ ။ဤ၌ဆော့ကျွတ်-ဟူ၍ ယခုင့် တ-သတ်အချို ရေးကုန်သည်ကား အောင့်ကျွတ်သည်-ဆိုသောအရာနှင့် နည်းတူ ယူသင့်သကဲ့သို့ရှိ၏။

ဆော-ကာရန္တပြီး၏။

ဆော်

၁၂၉-ဆမျည်း ဩဇ်ကာရန္တနှိုက် ဝေါဟာရကို မြခြင်း

ဆော်-ကာရန္တ၌ကား စွဲဆော်သည်, နှိုးဆော်သည်-ဟူသောအရာ၌သာထင်၏။ ထို၌ ဆော်၏-ဟူသည်ကား စွဲစပ်စေခြင်းငှာမြှီးပင့်ခြင်း အနက်တည်း။ ထိုနှင့် လျော်စွာ လှုန့်ဆော်သည်, နိုးဆော်သည်, ဂဟေဆော်သည်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။

"နေပြီးသရော်၊ သူနှိုးဆော်မှ"
"ကြေးနှင့်ရွှေလော်၊ ဂဟေဆော်သို့" ၁

စသည်ဖြင့် စပ်သည်ထင်၏။ ဤ၌ ဆော်ခြင်းကြိယာသည် ကံရသင့်သည်ဖြစ်၍ ယော်သားတို့ကို ဆော်သည်၊ ကြေးပြား ကြေးထျက်တို့ကို ဆော်သည်ဟူ၍ ကံရမှန်၍ စေ-ဟူသော ကာရိုက်အနက်ယှဉ်ကာ 'လူကြီးလူဆော်တို့ကို ယော်သားတို့ကို ဆော်စေသည်။' 'ပန်းထိမ်သည်တို့ကို ကြေးပြား ကြေးထျက်တို့ကို ဆော်စေသည်'····ဟူ၍

---

၁ ဘူထင် * ၁၃၂။

ကာရိကံ့ မာတိကံ-ဖော်၍ ယူ။ ဤစကားမျိုးကို အောက်၌ များစွာဆိုအပ်ပြီ၊ ညီအောင်ညှိ၍ နှလုံးသွင်း။

ဇ–ဗျည်း, ဈ–ဗျည်းတို့၏ အသုံးကို ပြခြင်း

ဤစ-ဝဂ်အရာရှိက်ဃည်း က-ဝဂ်မှာကဲ့သို့ တတိယက္ခရာ, စတုတ္ထက္ခရာ အသုံးနည်းအံ့ဖြစ်၍ ဇကွဲး, ဈမြင်ဆွဲးအက္ခရာတို့ကို ထုတ်ဖွယ်မထင်။ ။ဇာပေ-ဟူသည် ၌ထည်းကောင်း ဂေါ်သဇင်-ဟူသည်၌ထည်းကောင်းဇကွဲးရေးကုန်သည့်အကြောင်းကို အောက်၌ဆိုခဲ့ပြီ။

ပန်းမဠ္ဍ-ကိုဇကွဲးရေးသည်ကား-မဠ္ဍသကသစ်ပင်ကို ရည်၍၊ 'ပန်းတွင် မဠ္ဍ' စသည်ဖြင့် ဆိုမိန့်သည်ဖြစ်မူကား မဠ္ဍသကော, မဠ္ဍသကံ, စသောမာဂဓကိုစွဲးသော အရာဖြစ်၍၊ မြမွာဘာသာ သက်သက်မယူရ။ ။ယခုမျက်မြင် သုံးစွဲးကြရသော ပန်းပင်ငယ်ကို မဠ္ဍ-ဆိုမိန့်ရာရှိက်ကား ထိုပန်းပင်ငယ်ကို မဲးနည်အရည်၌ပစ်ချထေသော် ဆူဝေတတ်သည်ဟု၍ ရှေးဆူဟောင်းတို့ဆိုသည်။ ထိုကိုထောက်လျှင် မဲးကို ဆူစေတတ်သည်-ဟူသော ပဝတ္ထုနိမိတ်ကို စွဲးသဖြင့် မ-ထွင် နောက်ပစ်၊ ဆလိမ် နှစ်ချောင်းဝင် (မဲးဆူ)ရေးထိုသည်ဖြစ်၏။

ကျေးဇူးကို ဇကွဲးရေးသည်၌ကား အနက်ထွက်ဖွယ်မရှိ။ ဤ၌ ကျေး-၏အရကို ကျေးရွာ, ကျေးငှက်, ကျေးပျက်သည်-ဟူသောအနက်။ ဇူး-ဟူသည်ကို အနက်ယူထိုသော် စလုံးရေး၍-

"ဓိးခဲးတမူ၊ ချက်စူမျက်ကောင်း"
"ဝမ်းချက်စူနှင့်၊ မဆူသေန်-"

စသည်ဖြင့် စဝ်ဟဝ်သောအရာကဲ့သို့ စူသည်-ဟူသော အနက်။ စူးရှသည်, စူးဝင်သည်-ဟူသော အနက်ယူ၍၊ ဖက်ယှဉ်သဖြင့် သဘောမရ။ ။အချို့စာဟောင်းတို့၌ ကျည်း-ဟူ၍၊ ညသတ် ထည်းကောင်, စတွင် ညဆင့်၍၊ ထည်းကောင်း ရှိကုန်၏။ ထို၌ ကျည်း၏ အရကို ကျည်းကျည်း နာသည်၊ ကျည်းဟီးသည်၊ နာကျည်းသည်ဟူသောအနက်၊ မြည်သောအသံ ကျစ်ကျစ်ကျည်းကျည်းဟူသော အနက်၊ အကျယ်အကျဉ်း ဟူသောအနက်၊ အခဲအကျည် ဟူသော အနက် ထွက်အံ့သည် တို့တွင် အခဲးအကျည်ဟူသော အနက်နှင့် ချက်စူမျက်ကောင်း ဟူသည်၌ စူစူထွက်သည်-ဟူသောအနက် ဖက်ယှဉ်၍၊ ထည်းကောင်း စူးရှသည် စူးဝင်သည် ဟူသော အနက် ဖက်ယှဉ်၍၊ ထည်းကောင်း မြောက်စူးစူး တောင်စူးစူး ဟူသကဲ့သို့ စူးစူး မတ်မတ် ဟူသောအနက် ယှဉ်ဖက်၍၊ ထည်းကောင်း အနက်ယူသော် ရအံ့သို့ရှိ၏။ ။စူ-ဟူ

သည်၌ တချောင်းငင်ကာမျှ အပုံအစုဟူသော အနက်ယူ၍ အခဲကျည်း အစု အပုံ ဖြစ်သည်၊ ဤသို့အနက်ယူသော်လည်း ရအံ့သို့ရှိ၏။ထို၌ အပြစ်ဒေါသ အခဲအကျည်း စုပုံသည်ကို ဝေါဟာရ မဖြစ်တကား ဟူအံ့။ အောက်၌ ဆိုအပ်ပြီးသည့်နှင့်အညီ၊ အပြစ်၌ အကျည်းအစုဖြစ်သော်လည်း သုတိမသာအံ့ဖြစ်၍ ထိုဝေါဟာရဖြင့် ဆိုမိန့်ခြင်း မဖြစ်ကောင်းသောကြောင့် ဂုဏ်ကိုသာ သုတိသာရာသို့သိုက်၍ ဆိုမိန့်ခြင်းဖြစ်သည်ဟူ၍ ချေအပ်၏။ ဤ၌ ဇကွဲးအကွရာဖြင့် အနက်မထွက်, စလုံးအကွရာသာ မြွာမှု၌ အနက်ထွက်ရသည်ကို ထောက်၍ စလုံးအကွရာဖြင့် အနက်ယူလိုက်သည်။

ထိဝေါဟာရကား မာဂဓ၌ ဂုဏသဒ္ဒါ,ဝတ္ထုသဒ္ဒါထင်၏။ထိုတွင်ဂုဏ-သဒ္ဒါကိုစွဲး၍ ဂုဏ်ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ထိုဂုဏသဒ္ဒါ,ဝတ္ထုသဒ္ဒါတို့ကို မဂဓိမစွဲး 'ကျေးဇူး' ဟူသော မြွာဘာသာသက်သက်လည်း ဖြစ်၏။ စိတ္တသဒ္ဒါ, မနသဒ္ဒါ ရှိသည်တွင် စိတ္တသဒ္ဒါကိုစွဲး၍ စိတ်ဟူသော ဆိုမိန့်ခြင်း၊ ထိုစိတ္တသဒ္ဒါ, မနသဒ္ဒါတို့ကို မဂဓိမစွဲး နှလုံးဟူသော ဆိုမိန့်ခြင်းထည်းဖြစ်၏။ ထိုနှင့်တူစွာ မာဂဓကို စွဲးဓိသော ဝေါဟာရ၊ မစွဲးဓိသော ဝေါဟာရကား များစွာ၏။ ဤ၌ကား အနက်မထုတ်မူ၍ ဂုဏ်ဟူသော ဝေါဟာရကို ခေါ်ဝေါ်ကာမျှသော အရာဟူ၍ သော်လည်း ယူသင့်၏။ ထိုသို့သော်လည်း ပညာလိုက်စေ၍ ဖော်လိုက်သည်။ အနက်ရ, အနက်မရ နှစ်ပါး၌ပင် ဇကွဲးအသုံးနည်းသည်ကိုထောက်လျှင် ဤ၌လည်း ဇကွဲးလိုအံ့သို့ မရှိသည်ဖြစ်၏။

အိမ်ဗျိး, အိမ်ဓျေးဟူ၍ အချို ရေးကုန်သည်၌လည်း စတုတ္ထကွရာ၌ အနက်မရသည်ကိုလည်းကောင်း မြွာမှု၌ အသုံး နည်းသည်ကို လည်းကောင်း မာဂဓ၌ အဓို အစွဲး မရသည်ကိုလည်းကောင်း ထောက်၍ ဆလိမ်ပင်ရေးသော်လည်းသင့်ဘိမည်။ ထိုသို့ဖျက် ဈမြင်ဆွဲးရေးကုန်သည်ကား အသံမျှကိုစွဲး၏-သို့ရှိ၏။ ။**အသံလိုက်မရေး၊ ရေးလိုက် မဖတ်** သောအရာ များစွာထင်သဖြင့်၊ အသံမျှကိုမစွဲးရာသည်ဖြစ်၏။ ။ဤ၌ အိမ်ဆီး,အိမ်ဆေး-ဟူသော အမည်သည် ခေါ်ဝေါ်ကာမျှ သော်လည်း ဟူသင့်၏။ အိမ်ဆီး ဟူသည်၌ ဆူးအန္တရာယ်ကြောင့် ထူသူ ကျွဲနွား မသွား မထွက်သာ ဆီး ကာတတ်သော အစွမ်းကိုစွဲး၍ "အိမ်ဆီး" ဟူသည်လည်း ဆိုသင့်၏။ ထို၌ အိမ်-ဟူသောစကားခွန်းကား တောရပ်သစ်ပင်လုံးလုံး မဟူရ၊ အိမ်နီးအိမ်ပါး၌ သော်လည်း ပေါက်ရောက်တတ်သည်၊ ရိုင်းမျိုးသောသစ်ပင်မဟူရ၊ ယဉ်ကျေးသောသစ်ပင် ဆိုထိုက်၏။ ထိုအရိပ်ပါစေ၍ ရှေးသူဟောင်းတို့ ဆိုမိန့်သကဲ့သို့ရှိ၏။

အိမ်ဆေး-ဟူသည်၌ ဆေး-ဟူသော စကား၏ အရကား ဆေးသမား တို့သည် အမည် အမျိုးများစွာ ရှာကြံစုရုံ အပ်သော ဆေးနှင့်အတူ သုံးဆောင်ဖွယ် များစွာ

ကျင်းထားရာဖြစ်၍ 'အိမ်ဆေး' ဆိုသည်ယူသင့်၏။ အိမ်-ဟူသော စကားအရကို ကား ယခင်နည်းတူ အိမ်၏အနီးအပါး၌ လည်းကောင်း အိမ်ဝယ်ဝင်း ကျင်းပသည် ဟူသော အနက်ဝိသေသ ဖော်၍ ယူရာ၏။ ။အိမ်ခား-ဟူသည်၌လည်း ထက်နက်ဟူ လောက်သဖြင့် ကျောင်းရဝဝယ်မထင်၊ အိမ်၏ အဆုံးအဆောင်သာ ဆိုလိုရိပ်ရှိ၏။ ဤအသိသော် ခားလွှဲသစော ထက်နက် အရာထင်သော ခားကို ယူရအံ့သို့ ရှိ၏။ ဤ၌လည်း ပညတ်ခါမျှသာယူထျင် ပြီးသင့်ထျက် မြမွာမှု၌ အနက်ရသင့်သော အရာ ရှိသည်ကိုလည်းကောင်း ပညာဝဓုနအကျိုးကိုလည်းကောင်း ထောက်၍ ဖော်လိုက် သည်။ ။အတ္ထနော မတိ ဖြစ်သည်မဟူရ။ ယုတ္တိသာအကြောင်း။

ည

၁၃၀-ညမျည်း အကာရန္တ၌ ဝေါဟာရကိုပြခြင်း

ည ကာရန္တ၌ ညဉ်ညအခါ ကညသည်ဆိုမိန့်သော အရာတို့၌ထင်၏။ ထို၌ညဉ်ညဟူသည့် အရကား နေဝင်ပြီး၍ နေရောင်နေရှိန် ပျောက်စဲးသည်မှ နံနက်နေအရက် မြင်သောအခါသည် 'ညဉ်ညဲ' မည်၏။ နေဝင်သည်မှ နေထွက်ရုံ အခါဟူ၍ လည်းဆိုသင့်၏။ နေဝင်အခါ နေဝန်းထက်ဝက် မြင်သည်မှ နေထွက် အခါ နေဝန်းထက်ဝက်မြင်တိုင်ရုံသည် ညဉ်ညမည်၏လည်းဆိုသင့်၏။ နေဝင်တိုင် အနာဂတ်နရီ အဦးအစမှသည် နေထွက်တိုင် အတိတ်နရီ အဆုံးအကုန်သည် ညဉ်ညမည်၏လည်းဟူသင့်၏။ ဤကိုထောက်ထျင် ညဉ်ဟူသည်၊ ညဟူသည် အရမကွဲး။

"မွန်းလွဲးခြည်ငြိမ်း၊ ညဉ်ညယိမ်းက"[1]
"ညနေချမ်းခါ၊ သင်းမြူတာနှင့်"
"သဒ္ဓါကြည်ဆွ၊ သွန်းမည် ညဝယ်"

စသည်ဖြင့် မွန်းလွဲးကြီး ၃-ချက်တီးကျော် နေရှိန်နေဝါ နည်းညံ့ခါမျှ နေနရီအထွင်း အကြွင်းရှိသေးထျက်ကို 'ည' ဆိုလိုရိပ် တစိတ်မျှထင်သဖြင့် ည-ဟူသောဝေါဟာရ ကား လတစိုးတစိ ရှိခန့်ထင်၏။ ။ကညသည်-ဟူသော ဝေါဟာရကား ပျိုထက်ဘ စာဟောင်းပေဟောင်း မထင်၊ ထောက်မသည်-ဟူသောအနက်ကို ဆိုသောအရာမျှ သာ ယူသင့်၏။

ည-ကာရန္တ ပြီးပြီ။

---

၁ နောင်၊ ယခုကစင်-ချိရတု၊ ဒု။ "မွန်းလွဲးနေယိမ်း၊ ညချမ်း–ငြိမ်းက"

ညာ-ညာ

၁၃၁-ညဗျည်း အာကာရန္တန္နိုက် ဝေါဟာရကိုပြခြင်း

ညာ-ကာရန္တ၌ကား သက်သက်ဂင်း ဟဆွဲးဂင်း ထင်၏။ထိုတွင် သက်သက်၌အကြေ အညာ, ပယ်ညာ ညီညာသည်-ဟူသော ဝေါဟာရတို့၌ထင်၏။ ထိုတွင် အကြေအညာ, ပယ်ညာဟူသည်တို့ကို အောက်၌ဆိုအပ်ပြီ။ ။ညီညာသည်-ဟူရာ၌ ညီ-ဟူသောစကား၏အရ ညီနောင်-ညီအမ၊ ညီမျှသည်-ဟူသော အနက်သာရ၏။ညာ-ဟူသော စကားအရမထွက်၊ ယှဉ်ဖက်ကာမျှ ပြေပြစ်ရုံ ဖြစ်စေခြင်း အကျိုးသာဖြစ်၏။

ညာ-ဟူ၍ ဟဆွဲးဆိုမိန့်ရာ၌ကား ... ထောက်ညာသည်, အခိုင်အညာဟူသောဆို မိန့်ခြင်းတို့၌ ထင်၏။ ထိုတွင် ထောက်ညာသည်-ဟူသော ဝေါဟာရကား ကိုယ်နှင့်ဂင်း ကိုယ်နှင့်စပ်သည်ကိုထည်းကောင်း ထောက်ရှု၍, စာနာခြင်းဟူသော အနက်တည်း။

"အများသဏ္ဌဝါ၊ သင်တို့မှာသည်၊ မညာခန့်ငြား"
"တစိမညာ၊ ရက်ရောစွာသား၊ ဇရာခမ္ဘ"

စသည်ဖြင့် စပ်ဟပ်သောအရာထင်၏။ ။အခိုင်အညာ-ဟူသည်၌ကား အသီး,အပွင့်, အခက်,အရွက်တို့ကို ထောက်ညာ၏သို့ ခုခံလျက်တည်သည်ကိုစွဲး၍, အညာဆိုသည်ထည်း ယူသင့်၏။ ခေါ်ဝေါ်ကာမျှထည်း ယူသင့်၏။

"ညာမျှဆင်းရွေ၊ ဖြစ်ခက်ပေသား"
"အခြေဝယ်သာ၊ နှစ်စုံမြွာနှင့်၊ အညာမြွေလား"

စသည်ဖြင့် စပ်ဟပ်ဆိုမိန့်ခြင်းထင်၏။

ညာ-ကာရန္တ ပြီးပြီ။

ညိ-ညို

၁၃၂-ညှဉ်း ဣကာရန္တနှိုက် ဝေါဟာရကို ပြခြင်း

ညိ-ကာရန္တ၌လည်း သက်သက်လည်းကောင်း ဟဆွဲးလည်းကောင်း ထင်၏။ထိုတွင် သက်သက်၌ ဝိ-ကာရန္တအရာဝယ် ဆိုခဲ့ပြီးသော အရောင် ညီးညီးထက်ထက် ဟူသောအနက်ကိုရည်၍-

"ရောင်ထျံဝင်းညိ၊ မျိုးဘုန်းရှိကို"
"သမ္ဘာရင်္ဂါ၊ ရဲရဲညိသား-"

စသည်ဖြင့် စင်ဟင်ဆိုမိန့်သောအရာသာ ထင်၏။

ဟဆွဲးသောအရာကား မီးညှိသည်၊ ညှိအောင်ညှိသည်-ဟူသောအရာတို့၌ထင်၏။ ထိုတွင် မီးညှိသည်-ဟူသော ဝေါဟာရသည် စွဲးကဝ် ညှိထွယ်စေသည် ဟူသော ကာရိုက်အနက်ဖြစ်၏။ စွဲးငြိ,ကဝ်ငြိ-ဟူသော သုဒ္ဓအသံ၌ ငကိုရစ်သည်နှင့် ထျော်စွာ ငကိုရစ်သည်တွင် ဟဆွဲးလိုရင်း၊ ထိုသို့သော်လည်း ရေးခက်ဖတ်ခက်ရှိသည်။ သုတိ မသာမည်ကို ထောက်၍ ညတွင် ဟဆွဲးရေးသော်လည်း သင့်ရာတော့သည်။ ။ ညှိအောင်ညှိသည်-ဟူရာ၌လည်း ညှိစေသည်ဟူသော ကာရိုက်အနက်ဖြစ်၏။ထို၌ ကား ညှိသည်-ဟူသော သုဒ္ဓအသံနှင့် ညှိသည်-ဟူသော ကာရိုက်ဆံ၌ ညရေးသော အရာ ထျော်သည်ဖြစ်၏။

ညိ-ကာရန္တပြီးပြီ။

ညီ-ညီး-ညို

၁၃၃-ညှဉ်း ဤကာရန္တနှိုက် ဝေါဟာရကို ပြခြင်း

ညီ-ကာရန္တ၌လည်း သက်သက်လည်းကောင်း ဟဆွဲးလည်းကောင်း ထင်၏။ထိုတွင် သက်သက်၌ ဝိသဒ္ဒနိမဝါဆံ, ပါဆံကွဲး၏။ညီမျှသည်,ညီနှောင် ညီအမဟူသော အရာတို့၌ ဝိသဒ္ဒနိမပါသံတည်း။ ထို၌ ညီမျှသည်-ဟူသော စကား ခွန်းသည် မလွန်မယုတ်ဟူသောအနက်တည်း။ "မုတ္တာလုံးညီ၊ သီ၍ထုတ်ဆို" စသည် ဖြင့် စင်အင် ထင်ရှားစွ။ ။ညီနှောင်ညီမ-ဟူသည်၌ အခွင့်ထွက်ခါ ညီတတ်သည် ဟူသောအနက်ကိုထည်း ယူသင့်၏။

အရောင်လက်လက် ညီးညီး-ဟူသော ဆိုမိန့်ခြင်းသည် ဝိသဇ္ဇနီ ပါသောအနက်တည်း။ "ရှာမီးကျီးသို့၊ ညီးညီးဝါဝါ။ ။ရွှေထည်းဝိုးသို့၊ ညီးညီးလက်လက်" စသည်ဖြင့် စပ်ဟပ်သည်ထင်စွ။ ။ဟဆွဲးသောအရာကား ပုပ်ညှီသည် ဆိုသော အရာမျှသာထင်၏။

"ပြည်ခွန်ဆီကို၊ ပုပ်ညှီမွှတ်အုံး"
အညစ်ကြေးညှီ၊ မသန့်သား"
"လူပစ်စော်ညှီ၊ ဒုဿီနှင့်"
"ညှီဒွေးကန်နံစော်၊ ရေအိမ်သော်လည်း"

စသည်ဖြင့် စပ်ဟပ် ဆိုမိန့်သောအရာထင်၏။

ညီ-ကာရန် ပြီးပြီ။

ညူ-ညူ-ညူး

၁၃၄-ညဗျည်း ဥကာရန္တ၌ ဝေါဟာရကို ပြခြင်း

ညူ-ကာရန္တ၌ ဝေါဟာရကား မထင်။ ။ညူ-ကာရန္တ၌ကား ညစ်ညူးသည်-ဟူသော သက်သက် ညအက္ခရာ၌ ဝိသဇ္ဇနီသံမျှသာ ထင်၏။ ထို၌ ညစ်သည်ဟူသောစကားအရ မသန့်မရှင်း မြူကြေးညှင်း လိမ်းကျံသည်ဟူသော အနက်သာရ၍ ညူးသည်ဟူသော စကားအရမထွက်၊ ယှဉ်ဖက်ကာသာ ဖြစ်၏။ "ယုဝန်ဉီး၌၊ ညစ်ညူးတိမ်ပုပ်။ ။သတင်းညစ်ညူး၊ ဝက်ညွန်လူးသို့၊ ကျေးဇူးတစိ" စသည်ဖြင့် စပ်ဟပ်စပ်အင် ထင်စွာ၏။

ညူ-ကာရန် ပြီးပြီ။

ညေ-ညဲ

၁၃၅-ညမျည်း အဲးကာရန္တ၌ ဝေါဟာရကို ပြခြင်း

ညေ-ကာရန္တ၌လည်း ဝေါဟာရမထင်။ ။ညဲ-ကာရန္တ၌ကား "လွမ်းကြေလွမ်းကွဲ၊ ဤဆင်းရဲထက်၊ မိညဲလတ်လတ်။ ။ရှည်လျားမြင့်မြိုး၊ တလဲလဲလျင်၊ မိညဲမယ်ပွား" စသည်ဖြင့် စပ်ဟပ်သောအရာ ထင်၏။ ။ညဲ-ဟူသော ဤစကားခွန်းသည် မိန်းမတို့၌ အသာအယာ ဆိုမိန့်ခြင်းမျှသာ။ အရအနက်မထင်။

ညဲ-ကာရန္တ ပြီး၏။

ညော-ညော်-ညော်

၁၃၆-ညမျည်း ဩကာရန္တ၌ ဝေါဟာကို ပြခြင်း

ညော-ကာရန္တ၌ကား ညက်ညောသည်-ဟူသော အရာမျှသာ ထင်၏။ ထို၌လည်း ညက်သည် ဟူသော စကားအရ သိမ်မွေ့နူးညံ့ခြင်း ဟူသော အနက်သာရ၍ ညော-ဟူသောစကား အရမထွက်၊ ယှဉ်ဖက်ကာသာတည်း။

ညော်-ကာရန္တ၌ကား အနှံ့ညော်သည်-ဟူသော ဟဆွဲး ဆိုမိန့်သံမှာသာ ထင်၏။ ထိုဝေါဟာရကား မျိုးထက်စာဟောင်း မထင်၊ အနက်အား ဖြင့်ကား တူးချစ်သောအနှံ့ ထင်စွာပေါက်ရောက်သည်ကို ဆိုခြင်းတည်း။

ညော-ကာရန္တ ပြီး၏။

စ-ဝဂ်၌ သရအန္တ ၁၀-ကို ထုတ်ဆိုခြင်း ပြီး၏။

တ-တွ

၁၃၇-တမျည်း အကာရန္တ၌ ဝေါဟာရကို ပြခြင်း

မုဒ္ဓဇ ဋ-ဝဂ်၌ကား မြမွှာမှုသက်သက် အသုံးမထင်။ ။ဒန္တဇ တ-ဝဂ်၌ တကာရန္တကား....သက်သက်လည်းကောင်း ဝဆွဲးလည်းကောင်းထင်၏။ တောင့်တသည်, ယူတသည်, ထင်းတဟူသော ဌက်၏အမည်တို့၌ တသက်သက် ထင်၏။ ထို၌ တ၏-ဟူသည်ကား အောက်မေ့ခြင်းအနက်တည်း။ တောင့်တသည်, ယူတသည်စသည်ဖြင့်

ယှဉ်ဖက်သော စကားခွန်းတို့ကား အရတူ အရကွဲးရှိရာ၏။ တောင့်တ-ဟူသည်၌ တောင့်-ဟူ၍ မြစ်သံမပါစေဝဲး အခွင့်ပြည့်စုံကြောင်း တောင်းဆိုလျက် တ-သည်ဟူသော အနက်ထွက်သင့်၏။

ယူတ-ဟူသည်၌လည်း ယူကျုံးယူဆ၍ တ-သည်ဟူသော အနက် ထွက်သင့်၏။ ဤနှင့်ထျော်စွာ လွမ်းတသည်, ဆိုတသည်-စသည်ဖြင့် ဖက်ဆိုရာ၌လည်း အရအနက် အသီးထွက်တန်, မထွက်တန်-ကို နှလုံးသွင်းရာ၏။

"မတောင့်မတ၊ မကြောင့်ကြတည်း"
"စီးပွားဘောင့်တ၊ အောက်မေ့ကြ၍"
"တီးတုံးဆိုကြ၊ အိမ်ကိုတခဲ့။ ။အိပ်ချင်အိပ်ရ၊ လွမ်းတအိပ်ရာ"
"သွယ်ရွှမ်းဆိုတ၊ ယိုကျရွှမ်းသွယ်။ ။ညည်နေ့မဟူ၊ ငိုတယူထျက်"

စသည်ဖြင့် စပ်ဟပ်ဆိုမိန့်သည် ထင်စွ။ ။ထိုတွင် တယူသည်, ယူတသည်-ဆိုသော အရာ၌ တရှသည်, ရှတသည်-ဟူ၍ ရ-နှင့်ရှိမူကား ရင့်သော အသံဖြင့် တ-သည်ဟူသော အနက်ဖြစ်သင့်၏။ ရှ-ဟူသော စကားခွန်းသည် တွန်မြည်ခြင်း အနက်ကို ဟောသော မာဂဓ သဒ္ဒါထင်၏။ ထိုသဒ္ဒါကို စွဲး၍ မာဂဓ ဘာသာ မူလတွင် နှစ်ချောင်းငင် ဒီဃသံ ဆိုပါသည်မျှသာ ယူရအံ့သို့ ရှိ၏။

ထင်းတ-ဟူသောအမည်၌လည်း နေအရက် အထင်းကို ရထျင်ရခြင်း အစာ၌ တ-သည်ဖြစ်၍ 'ထင်းတ'ဆိုသည်ယူထျင် ယခင် တ-ခြင်း အနက် ထည်းကောင်းတည်း။ ။ထင်းတ-ကို မာဂဓ၌ ဂိဏ္ဍသဒ္ဒါဟော၏။ ဂိဏ္ဍသဒ္ဒါသည် ဂိဓဓာတ်တည်း။ မက်မောခြင်းအနက်ကိုပင် ဟော၏။ မက်မောခြင်းအနက်ကိုပင် တ,ခြင်းအနက်ယူထျင် မာဂဓအနက်နှင့်ထျော်၏။

ဝဆွဲးသော အရာကား....တွသည် ဆိုသောအရာထင်၏။ ထိုတွ၏-ဟူသည်ကား တွဲး၏ဟူသည်နှင့်မထူး၊ ယှဉ်ပူးခြင်းအနက်တည်း။ ထိုတွင် တွဲး၏-ဟူသည်ကား မြဲးစေခြင်း ဆန္ဒအားကြီးရာ၊ တွ၏ဟူသည်ကား ထိုဆန္ဒအားမကြီးရာ ဆိုမိန့်သည် ယူသင့်၏။ ထိုနှင့်ထျော်စွာ-

"သရက်ပင်က၊ တိုင်မှာတွ၍။ ။ဆိုင်းဆိုင်းတွတွ၊ ဆုံးမထိုဌာ"
"မတည်းမတွ၊ ပြည်မကျော်ထင်-"

စသည်ဖြင့် စပ်ဟပ်ဆိုမိန့်ခြင်း ထင်၏။ ဤ တွ၏-ဟူသော စကားခွန်းနှင့် တွဲး၏ ဟူသည်,တွယ်၏ဟူသည် စကားခွန်းတို့သည် ယှဉ်ပူးခြင်းအနက်ချည်း။ ထိုအန္တရောက် ခါထည်း အင်တန်ရံ ဆိုထတ္တံ့။

တ-ကာရန္တပြီးပြီ။

တာ-တျာ

၁၃၀-တ ဗျည်း အာကာရန္တန်ိုက် ဝေါဟာရကို ဖြေခြင်း

တာ-ကာရန္တ၌လည်း သက်သက်လည်းကောင်းယပင့်လည်းကောင်းထင်၏။ထိုတွင် သက်သက်၌ တိုင်းတာသည်၊ အလှည့်အတာ၊ညှာတာသည်၊ ခြွေတာသည်၊ ထွယ်တာသည်၊ သင်္ကြန်အတာ၊ ရာခိုင်းလယ်တာ၊ လုပ်ငန်းဆောင်တာ, တံတားဝိုးပူတာ၊ တိုက်တာတည်သည်၊ အိုးဝယ်အမည်မြူတာ၊ ပန်းပင် ငယ်၏ အမည်ခတ္တာ၊ ပုလဲသန္တာ-စသည်ဖြင့် ဆိုမိန့်သော အရာထင်၏။ ဤတာ- ဟူသော စကားခွန်းသည် နှိုင်းရှည့်ခြင်းအနက်, ရောက်သောအဘို့အလှည့် ဟူသော အနက်, ဤမျှသော အနက်ရင်းဖြစ်ထွက် အဆင့်အဆင့် စွဲးမှိ၍ ဆိုခြင်းမိန့်ခြင်း အများထင်သည် ယူသင့်၏။ ။ထိုတွင် တိုင်းတာသည်-ဟူသည်၌ တိုင်းသည်ဟူသောအနက် စကားအရ နှိုင်းရှည့်ခြင်းအနက်သာရ၍ တာသည်-ဟူသော စကားအရမရှိ၊ပြေပြစ်ရုံဖက်ကာ မျှသာတည်းယူသင့်၏။ တာသည်-ဟူသော စကားအရကိုလည်း နှိုင်းရှည့်ခြင်းအနက်လည်းကောင်းယူ၍ အနက်တူထွက် ယှဉ်ဖက်၍ ဆိုသည်ထည်း ယူသင့်၏။ ။အလှည့်အတာ-ဟူသည်၌ရောက်သောအဘို့ကို အလှည့်ဟူ၍ လည်းကောင်း အတာဟူ၍ လည် ကောင်း ဆိုသည်ဖြစ်၏။ ရောက်သောအဘို့ အလှည့်ကို နှိုင်းရှည့်ခြင်း၊ ဤဆိုသော အနက်သော်လည်း ယူသင့်၏။

ဤနှိုင်းရှည့်ခြင်းအနက်ကို တာ-ဟူ၍ ဆိုမိန့်ရာ၌ အဆင့်အဆင့်စွဲးမှိ၍ဖြစ်ဟန်ကို ဆိုဦးအံ့....သစ်သား၊ ဝါးချောင်းငယ်သည် လုံ၏ အရိုး အတံမဟုတ်သော်လည်း။ လုံရိုး လုံတံပမာဏ ရှိသည်ဖြစ်၍၊ လုံတံ မည်၏။ ။နွားကျွဲးရန်သူတို့ကို နှင်ဖြို ခြံမြောင်းသော အချောင်းအတံဖြစ်၍ နှင်တံ ထည်း ဆိုသင့်၏။ ။နွားကျွဲးရန်တို့ကို ဖဲးခွာစေသဖြင့် ထွန်းလှန်ကျောက်ကန်လိုက်ခြင်း အနက်ကိုစွဲး၍ လုံကန် ထည်းဆိုသင့်၏။ ဤဆိုသော သဘောကျ အနက်ရနှင့်အညီ၊ လုံတံ-ဟူ၍ လည်းကောင်း၊ နှင်တံ, လုံကန်-ဟူ၍ လည်းကောင်း ဆိုအပ်သော၁၀ါးချောင်းစသောအတံကို မာဂဓ၌ ဒဏ္ဍသဒ္ဒါတော၏။ဒဏ္ဍသဒ္ဒါ၏ အနက်လည်းယခင်နှင်ဖြို ခြံမြောင်းခြင်းဟူသောအာဏာကို ဖြစ်စေကြောင်း အဆောက်အဦဟူသော အနက်တည်း။ ထိုအနက်နှင့် ထျော်စွာ အာဏာပြုကြောင်း ဖြစ်သော အချောင်းအတံသည် တတောင် နှစ်တောင်မျှ ဖြစ်သော်လည်း ဒဏ္ဍမည်ရင်းဖြစ်၏။နှိုင်းရှည့်တိုင်းတာခြင်းအနက်ကိုထိုသောအခါကား-

"ဝါးတောင်ထွာမြတ်၊ အစွန်းလွတ်သား၊ ကိုင်းညွတ်ကွေးကွေး၊ ကုလားတာ-"ဟူသည်နှင့်အညီ၊ ဝါးတောင်ပမာဏ၊

"သတ္ထဟတ္ထာ၊ မြင့်မိုရ်တာ-"ဟူသည်နှင့် အညီ **ခုနှစ်တောင်ပမာဏ၊**
"ဝိဒတ္ထာမိက၊ ဒဿရတနံ - " ဟူသည်နှင့် အညီ **ဆယ်တောင် ပမာဏ-**

ရှိသော်သာ ဒဏ္ဍာသဒ္ဒါ၏ အနက်ဖြစ်၏။ ထို ဒဏ္ဍာသဒ္ဒါ၏ အနက်ကို တာ-ဟူ၍ မြမွာဘာသာ ဆိုမိန့်ခြင်း ဖြစ်၏။ ထိုတာ-ဟူသော မြမွာဘာသာသည် နှိုင်းရည်ညွှန်ကိုင်းတာခြင်းအနက်တည်း။ ထို ကိုင်းတာကြောင်း ဝါးချောင်းကို တာ-ဟူသော ဆိုမိန့်ခြင်းကိုစွဲ၍ ဝါးချောင်းမှတပါး ကိုင်းတာအပ်သော ကြိုးကိုလည်း တာကြိုး။ ။ ထို တာဝါး, တာကြိုးတို့ဖြင့် ကိုင်းတာအပ်သော အခွန်မြေပြင် စသည်တို့ကိုလည်း တတာ၊ နှစ်တာ-စသည်ဖြင့် **အဆင့်အဆင့်** စွဲးမှိ၍ ဆိုမိန့်ခြင်း များစွာထင်ကုန်သည် ဖြစ်၏။

ညာတာ-ဟူသည်၌ ညာ-ဟူသောစကားအရကို အောက်၌ ဆိုအပ်ပြီးသည်နှင့် အညီ ကိုယ်နှင့်လည်းကောင်း၊ကိုယ်နှင့်စပ်သည်ကိုလည်းကောင်း နှိုင်းရည်ညွှန်ခြင်းအနက် တာ-ဟူသည်ကိုလည်း ဤအနက်ဂုဏ်းယူ၍ တူ-သောအနက် ယှဉ်ဖက်၍ ဆိုမိန့်ခြင်း ဖြစ်သည် ယူသင့်၏။ ယခင်နည်းတူ 'ရောက်သောအတ္ထိတာဝန်' ဟူသောအနက်ယူ၍ 'ထောက်ရှုနိုင်းရည်ညွှန်အပ်သော အတ္ထိတာဝန်' ဆိုသည်ဟူ၍လည်း ယူသင့်၏။

ခွေတာသည်-ဟူသည်၌လည်း ခွေဖဲ့ရွေးချန်အပ်သော အတ္ထိတာဝန်၊ ခွေဖဲ့၍ ချန်သဖြင့် ထောက်ရှုနိုင်းရည်ညွှန်ခြင်းဖြစ်သည်ဟူ၍ တာ-ဟူသောစကား၏အနက်ပေါ် အောင်ယူသင့်၏။ ။ထွယ်တာသည်-ဟူသည်၌လည်း ငြိတွယ်သဖြင့် ထောက်ရှုနိုင်းရည်ညွှန်ခြင်းငြိတွယ်အပ်သောတာဝန်ဖြစ်သည်။ ဤဆိုသောအနက်ကို ဖော်၍ယူသော်ရသင့်၏။ ဤ ထွယ်တာ၊ ခွေတာ၊ ညာတာဟူသောစကားခွန်း၌ ထွယ်ခြင်း၊ခွေခြင်း၊ ညာခြင်းအနက်သာရ၍ ပြေပြစ်ရုံမျှ တာ-ဟူသောစကားခွန်း ဖက်ဆိုသည်ဟူ၍ လည်း ယူသင့်၏။

သကြိန်အတာ-ဟူသည်၌ကား ရောက်သောအတ္ထိ တာဝန်ဟူသောအနက်ယူသင့်၏။ ဤ၌ သဘောအားဖြင့် နှစ်သစ်နှစ်ဦးဆန်းခြင်းသည် တနင်္ခန္ဒ,တနင်းလာစသည်ဖြင့် အလှည့်အလှည့်ရောက်သော အတ္ထိတာဝန်ဖြစ်၍ တနင်္ခန္ဒအတာ၊ တနင်းလာအတာစသော ဆိုမိန့်ခြင်းဖြစ်၏။ ။သကြိန်-ဟူသော ဝေါဟာရကား မာဂဓ၌ သင်္ကန္တ, သံသကရိက်၌ သင်္ကြန္တရှိသည်တွင် သင်္ကြန္တ၌ တ-အက္ခရာကျေ၍ နဝယ် တံခွန်လွှားသဖြင့် 'သကြိန်'ဟူသော ဝေါဟာရဖြစ်၍ မြမွာမှသက်သက်မဆိုရ၊ ထို သင်္ကြန္တဟူသည်၌ သံပုဒ္ဓ၊ ကမုဓာတ်ကြို၍ 'ပြောင်းရွှေ့ခြင်း'ဟူသောအနက်ကို ယူရာ၏။ ထိုနှင့်ထွေ၌စွာ တနင်းလာ,အင်္ဂါစသော ဂြိုဟ်တို့၏ ပြောင်းရွှေ့ခြင်းကိုလည်း သကြိန် ဆိုသင့်ထွက် ကြောကိုသာ ပင်္ဂဟူ၏ဆို တနင်္ခန္ဒဂြိုဟ်၏ ပြောင်းရွှေ့ခြင်း

ကိုသာ 'သင်္ကြန်' ဟူသော ဆိုမိန့်ခြင်းထင်၏။ ထိုတနင်္လာနေ့၏ ပြောင်းခြင်းဌာနသည်း မိန်ရာသီမှသည် မိဿရာသီသို့ ပြောင်းသည်ကိုသာ 'အတာ' ဟူ၍ ရင်း, သင်္ကြန်ဟူ၍ ရင်း ဆိုမိန့်ခြင်းထင်၏။ ဤသာ မေဓုန်စသော ရာသီသို့ ပြောင်းရာဌာနကား 'သင်္ကြန်ပြောင်း' ဟူ၍ သာ မိန့်ဆိုခြင်း၊ ဤသို့အထူး ဆိုမိန့်ခြင်းထင်၏။

ရာခင်းထယ်တာ-ဟူသည်ဌာနသည်း ကိုင်းတာအပ်သော ထယ်ရာအခင်းအကျင်း ဟူသောအနက်, ထိုရာခင်း ထယ်ခင်းသည် ပြုစုသိမ်းဆည်းအပ်သော အတို့တာဝန် ဤသို့သဘောအနက်ကို ယူသင့်၏။ ။လုပ်ငန်းဆောင်တာ-ဟူသည်ဌာနသည်း နည်းတူ။ လုပ်ဆောင်ငန်း, လုပ်ဆောင်စဉ်, အတို့တာဝန်၊ ဤသို့သော အနက်ကို ယူသင့်၏။ နှိုင်းရှည်ကိုင်းတာအပ်သော လုပ်ဆောင်ငန်း လုပ်ဆောင်စဉ်ဟူ၍ တာ-ဟူသော စကားခွန်း၏ အနက်ကိုဖော်၍ ယူသင့်၏။

တံတင်း, ပူတာ-ဟူသည်ဌာ တံတင်းဟူသည်, တာ-ဟူသည်ကား အမည်မျှသာ။ ပူ-ဟူသည်ကား အမည်အသွင်မျှသာကွဲး၍ မွန်မြတ်သော အဆုံးအဆောင် သိမ့်ရာဟူသော သဘောအား ဖြင့် ဟူသည်ဖြစ်၏။ ထို့ဌာ တံတင်း-ဟူသည်ကား သူဟောင်းတို့ ဝေါဟာရသာ။ တာ-ဟူသည်ကား ယခုကာလဌာသော်လည်း ခေါ်ဝေါ်ခြင်းထင်၏။ ထိုနှင့်ထျော်စွာ-

"မမိုးမထင်း၊ စိတ်တံတင်းကို"
"တံဆိပ်ပြောက်ကွင်း၊ ရွှေတံတင်းထျင်"

စသည်ဖြင့် စပ်ဆိုရာဌာ တာကိုပင် တံတင်းဆိုသည်ယူသင့်၏။ ။"ထမ်းထောက်ဥစ္စာ ပြည့်နှက်ပါသား၊ ရွှေတာတံတင်း" ဟူ၍ စပ်ဆိုသောအရာဌာ တာဟူသည်၊ တံတင်း ဟူသည် ယှဉ်တွဲရှက်စပ်သော အရာလည်းထင်၏။ ။ပူ-ဟူသည်ကား နိရက်ဘဏ္ဍာ အထုံးအဝန်းသာ ထင်သောကြောင့် အသွင်ကွဲး ဖြစ်သင့်၏။ ဤ တာ-ဟူသည်ဌာ သစ်ဖြစ်၍ သစ်တာ၊ ထိုဌာ ရွှေငွေစသည် သိမ့်လိမ်းကျံလေ၍ ထည်းကောင်း, ရွှေငွေကိုပင် ပြုလေ၍ ထည်းကောင်း ရွှေတာ၊ ငွေတာ-စသည်ဖြင့် အထူးထူးသော ဝေါဟာရထင်ကုန်၏။ ထို တာ-ဟူသည်ကို ခေါ်ဝေါ်ကာမျှထည်း ယူသင့်၏။ ယခင် နှိုင်းရှည်ခြင်းအနက်ရောက်သော အတို့တာဝန်ဟူသော အနက်ကိုစွဲး၍ ဥစ္စာသိမ့်ရာဖြစ်၍ အစိုးရထိုက်သော ဥစ္စာကိုနှိုင်းရှည်ခြင်း ထွက်၏သို့ ဖြစ်သည်ဟူသောအနက်၊ ဥစ္စာကို သိမ့်သဖြင့် ထိန်းခြင်းစောင့်ခြင်း အတို့တာဝန်ဖြစ်သည်ဟူသော အနက်ကိုစွဲး၍ အနက်ရကြောင်းသော်လည်း သင့်ရာသည်ပင်ဖြစ်၏။

တိုက်တာ-ဟူသည်ဌာလည်း တိုက်-ဟူသော စကားအရ ဝိုင်းခြား ဆီးကန့်သော အခန်းကိုသာရ၍ တာ-ဟူသော စကားအရမထွက်၊ ယှဉ်ဖက် ကာမျှသာလည်း

ယူသင့်၏။ ယခင် သစ်တာ-ဟူသည်မှာ ကဲ့သို့ သိမ်းပိုက် အင်သော အတို့ တာဝန် တိုင်းတာ နှိုင်းရှုခြင်းဖြစ်ထိုက်သော အရပ်ဖြစ်သည်ဟူ၍ အနက်ရကြောင်းသည်း ရသင့်အံ့သည် လည်းကောင်း ဖြစ်၏။

အိုးဝယ်၏အမည် မြွေတာ-ဟူသည်၌ကား အနက်မရ၊ ပညတ်မျဉ်းဆိုသင့် သည်ပင်။ "သင်းမြွေကြိုင်စွာ၊ ရေသီတာ-" ဟူသည်၌ သင်းပျံဆိုမည်အရာကို သင်းမြွေ-ဆိုသည်။ ထိုနှင့်ထျော်စွာ သင်းမြွေကြိုင်ပျံသော အနုံရှိသော ရေ၏ ထိုဒိုးရာ အတို့ တာဝန်ဟူသောအနက်, ထိုသင်းမြွေကြိုင်ပျံသောရေကို နှိုင်းရှည်ခြင်း ထွက်အံ့သို့ ထည့်သွတ်ရာဖြစ်သည် ဟူသောအနက် ယူသော်လည်း သင့်ကောင်း၏။ ။မြွေအိုး-ဟူသော ဝေါဟာရနှိုက် သင်းကြိုင်ပျံစွာ ပြုပြင်အပ်သည် ဟူသော အနက်ကို လည်းကောင်း ယူ၍ မြွေအိုး-ဟူသော ဝေါဟာရ,ထိုမြွေအိုးဖြင့် ချင့်တွက် အင်သော ရေစသည်တို့ကို တမြွေ, နှစ်မြွေ စသည်တို့ဖြင့် ခေါ်ဝေါ်ခြင်း, ထို တမြွေခန့်သော ရေ စသည်တို့ ဆံ့ဝင် ကောင်းသည်ဖြစ်၍. မြွေ-ဟူသော အမည်, ထို တမြွေခန့် ဆံ့ဝင်သောရေကို ချင့်တွက် နှိုင်းရှည့်ခြင်းဟူသော အနက်, ထို တမြွေခန့်ရေကို ထည့်သွင်း အင်သဖြင့် ထိန်းစောင့် ခြင်း အတို့တာဝန်ဖြစ်သည်ဟူသော အနက်-ဤသို့ အနက်ရကြောင်းသည်း သင့်အံ့သို့ ရှိ၏။

ခတ္တာ-ဟူသော ပန်းပင်ငယ်၏ အမည်, သန္တာ-ဟူသော အမည်တို့ကား-ခေါ် ဝေါ်ကာမျှ၊ အနက် မရသည်သာ ဖြစ်သင့်၏။ ။သဘောအနက် ရကောင်းသော မြွာမှု ဝေါဟာရတို့၌ ယောဘုယျအားဖြင့် ပ-သတ်, မ-သတ်။ ။အနက်မရ ပညတ် ခေါ်ဝေါ်ကာမျှသော အရာ၌ တ-သတ်, န-သတ်-ရှိသော အရာထင်၏။ ထိုနှင့် ထျော်စွာ ခတ်တာ, သန်တာ-ဟူ၍. တ-သတ်, န-သတ် ရေးထိုသည်ကို ဆင့်ထေ သည်ကား မာဂဓ၌ ကေသရပုဒ်, အနေကသရပုဒ်-ပြား၏သို့ မြွာမှု၌လည်း ပြား သည်တွင် ဝတ္ထုသဘောကွဲးမရ၊ တဝတထုံးတည်းသော အရာဖြစ်ထျက် သရန္တစ်လုံး, သုံးလုံးစသည် ထင်သောအရာကို အနေကသရ၊ ခံတ်-တွင် အသရ၊ တာ-တွင် အာ သရ ဤသို့ သရန္တစ်လုံးရှိသောကြောင့် အနေကသရမည်၏။ ထို အနေကသရသည် အရအနက်ကွဲးမထင်။ ပန်းပင် တခုတည်း၏အမည် ခတ္တာဟူသော ဝေါဟာရဖြစ်၏။ ထိုသို့ အသီးအခြား ကွဲးပြား၍. မရ၊ တဝတထုံးတည်းသော ဝေါဟာရကို ဆင့်၍. ရေးထေသည်။ဤနှင့်ထျော်စွာ ကတ္တရိဟူသော ပန်း၏အမည်၊ ဝိန္ဒေးဟူသော သစ်ပင် ၏အမည်၊ သန္တာဟူသော အမည်-ဤသို့ စသော အရာတို့ကို သဘောဝတ္ထု တစု တပြားတည်းသာ စိတ်ဖြာ ကွဲးပြား၍. အရအနက် မထွက်ကောင်းသဖြင့် ဆင့်၍. ရှေးသူဟောင်းတို့ ရေးလေ့ ပြုကုန်သည်။ ထုံးရရာ သဘောကျရာ ပမာဏယူရာသည်။

"ဝေးရန်ခွါရှောင်း-ကျေးသန္တာမောင်း" ဟူ၍ ထည်းကောင်း
"ချုန်းလျက်ရင့်ကာ၊ ပုန်းညက်ပွင့်ခါ" ဟူ၍ ထည်းကောင်း

စပ်အင်ပြုသည်မှာ....ဝေးရန်ဟူသည်တွင် နာ-သတ်နှင့်အညီ သန္တာဟူသည်တွင် နာ-သတ်။ ချုန်းလျက်ဟူသည်တွင် နာ-သတ်နှင့်အညီ ပုန်းညက်ဟူသည်တွင် နာ-သတ် စပ်သည်မှာ နာ-သတ်အရာဖြစ်၍ စပ်သင့်သည်ပင်ဖြစ်၏။ စပ်သည်ကိုလိုက်၍ သန္တာဟူသည် ပုန်းညက်ဟူသည် နာ-သတ်ဘီမူကား ဝတ္ထုသဘောအရ အနက် သီးခြား၍ ထွက်ကောင်းသကဲ့သို့လည်း ရှိအံ့သည်။ ကတ္ထရိ, ခတ္ထာ, ဥပါစဋ္ဌေ, စိစ္ဆေးရှုသည်-ဟူသော အရာတို့ကဲ့သို့ အရအနက် သီးခြား၍ မထွက်ရာ။ ဆင့်၍ ရေးသော သူဟောင်းတို့၏ထုံးကို လွန်၏သို့လည်း ရအံ့သည်။

"သိခံရစ်လျှင်....ချိန်အသစ်လျှင်" [1]
"သဇင်မဠ္ဌ....တအင်ခြည်မြူ-"

စသည်တို့၌ ချိန်အသစ် ဟူသည်တွင် နာ-သတ်နှင့်အညီ သိခံရစ် ဟူသည်မှာလည်း နာ-သတ်လျက် ခြည်မြူ ဟူသည်မှာ ညာ-သတ်၏သို့ မဠ္ဌ ဟူသည်မှာ ညာ-သတ်ရေးရအံ့။ ထိုသို့သော အရာတို့၌သော်လည်း မပျက်တန် ပျက်ထေအံ့သည်။ ဤသို့အရာတိုင်း စပ်အင်ရှိတိုင်း ရေး၍ မတော်အံ့သည် ဖြစ်၍ ပါဠိ ပါဠိဖြစ်သော အရာ, သူဟောင်းတို့ ရေးထုံးရှိသောအရာကို ပမာဏပြု၍ စွဲးသုံးရာသည်ဖြစ်၏။

တျာ-ဟူ၍ ယပင့်သောအရာကား.... တေးတျာ စသော စောင်းညှင်းတို့၏ အသံ၊ တွတ်တွတ်တျာတျာဝီသည်, တွေးတွေးတျာတျာနီသည် စသည်ဖြင့် ဆိုမိန့်သောအရာတို့၌သာ ထင်၏။ ထို၌ စောင်းညှင်းတို့၏ အသံသည်ကား စောင်းသံအရိပ်မျှကိုဖမ်း၍ လူတို့ ဆိုမိန့်သောအရာ, စောင်းသံနှင့် အငေါ်အချ ထပ်ကာမျှ ဝဏ္ဏတပါးကွဲးပြားလျက်ပင် အသံလွင် အသံရှင် ထင်စေလျက် ယှဉ်ဖက်၍ လိုရာ ဖွဲကုံး၍ သီချင်းကိုလည်း တေးသံ, တျာသံ ဟူ၍ ဆိုမိန့်သောအရာတို့၌ ထင်စေ၏။

"ထံတျံ-တေးတျာ၊ အချင်းများကို၊ မကြားစဘူး-"

ဟူ၍ တောလားတွင် ဝိသဇ္ဇနီသံဖြင့် စပ်ဟပ်သည်ကား 'အချင်းများကို' ဟူသော နောက်စပ်အင်ကို မြော်ပါသည်သာ။ တေးတျာ ဟူသော စကားခွန်းပင်တည်း။

တွတ်တွတ်တျာတျာ ဝီသည်-ဆိုသောအရာကား တွတ်တွတ် ဝီသည်သာ ဆိုလိုရင်းကို အသံဝီဟန် ထင်စေလို၍ ဖက်ဆိုကာမျှသာ ဖြစ်၏။ ။တွေးတွေးတျာတျာ

---

၁ နောင်။

နိသည်-ဆိုသောအရာကား နိသောအဆင်းကို ထင်စေလို၍ တွေးတွေး တွတ်တွတ် ရဲးရဲး,ချင်းချင်းဆိုသောအရာကဲ့သို့ ထင်စေလို၍ ဆိုသောအရာမျှသာတည်း။

"နားခွေ့ခင်းသိဂ်၊ ဆင်ပြိုးစွာမှ၊ နိတျာရိုးသွယ်-"

စသည်ဖြင့်စပ်ဟပ်သောအရာထင်၏။

တာ-ကာရန္တပြီးပြီ။

တိ

၁၃၉-တမျည်း ဣကာရန္တနှိုက် ဝေါဟာရကို ပြခြင်း

တိ-ကာရန္တ၌ ညီမျှသည်ကို "တိတိ"ဆိုသောအရာ၊ များသည်ကိုရည်၍ "အတိ"ဆိုသောအရာ၊ ကြီးထာအနက်မျှသာကို "တိ"ဟူ၍ ဆိုသောအရာ၊ ရွေ့အတိစသည်ဖြင့် ဆိုမိန့်သောအရာ၊ သ၌တိဟူသော ဒွေမျိုး၏အမည်-ဤသို့ စသည်ဖြင့် တ-သက်သက် ဆိုမိန့်သော အရာသာထင်၏။ ။ထိုတွင် ညီမျှသည်ကို တိတိ-ဆိုသော အရာကား-

"ဤသာတိတိ၊ ဂုဏ်ကြီးချိသည်၊ တစိမဟုတ်ရာသေးတည်း"
"မချယ်စိုးစိ၊ မမွေးငြိသည်၊ တိတိလက္ခဏာ"[၁]
"သဘောထိထိ၊ ဆိုရိုးမိဏျက်၊ တိတိမြေပြင်"[၂]
"ကျေးဇူးမသိ၊ တိရရိဏျင်၊ ထိထိပါးပါး"[၃]
"ရဲးရဲးမျက်စိ၊ တိတိနဘူး"[၄]
"တံသုတ်ခတ်ထိ၊ လက်ဖြင့်တိသို့၊ မာတလိနတ်-"

ဤသို့စသည်ဖြင့် စပ်ဟပ်သောအရာတို့၌ မယွန်း၍ မယိုမထွက်ညီမျှဏျက်တည်သော အရာထင်အောင်ယူရာ၏။ ။ဂုဏ်ကြီးသည်ဤသာတိတိညီမျှသည်ယူ၍ ငင်း,စကြာရ စာကြွန်လက္ခဏာတို့သည် အယိုအယွန်းမရှိ တိတိညီမျှသည်ဟူ၍ ငင်း, မြေပြင်စယွန်း စတို့(ယို?)[၅] မရှိ၊ တိတိညီမျှသည်ဟူ၍ ငင်း, သူ့ကျေးဇူးကို ထောက်ချင့်ငဲ့ကွက်ခြင်း မရှိ၊ တိတိစင်မျှ ခြေဖျောက်လေ၍ မြွေသမားအား ချေ့စားလေသည်ဟူ၍ ငင်း, တံသုတ်ဝါးဖြင့် ထိခတ်စေဏျက် ညှိညွတ်သောအရာ၊ လက်ဖြင့် ဆုပ်ကိုင်၍ မယို

---

၁ ပါမိ * ၄၅။
၂ ကိုး * ၂၇။
၃ * ဘူပေါင်း * ၆၇။
၄ ဘူထင် * ၃၀၀။
၅ ဘုံ * ၁၅။ တိတိဝန်း၍၊ စယွန်းစတို့၊ သဓ်းခို့မထင်။

မယွန်းရ ညီမျစွာ တိသောအရာဟူ၍ ၎င်း-တိတို့အရည်မျခြင်းအနက် ပေါ်အောင်ယူရာ၏။

များသည်ကိုရည်၍ အတိဆိုသောအရာကား "မီးသာအတိ၊ ပြောင်ပြောင် ညီခဲ့။ ။မြေးသို့ကျိသား၊ ငွေတိကြွေ့ကြွေ့"စသည်ဖြင့် စပ်ဟပ်သောအရာတို့၌ နတ်ဘုံ မြတ္တာဘုံ အလုံး မီးသာပွားများ ဝှန်တက်၍ ပြောင်ပြောင်ညီးညီး ရှိလေသည်။ 'ပြောင်ပြောင်ငြိမ့်'ဟူ၍ ၎-ကိုရစ်ထွက်ရှိမှု ပြောင်ပြောင် လက်လက် ငြိစွဲးလေသည်ဟူ၍ လည်းကောင်း, အမြဲးသိမ့်းသောငွေသည် အကျိအခဲး အများရှိသည်ကိုရည်၍ 'ငွေအတိ'ဆိုသင့်ထွက် အ-အက္ခရာကျေ စပ်လေသည် ဟူ၍ လည်းကောင်း-ယူသင့်သောအရာဖြစ်၏။ ဤ၌ မြားမြောင်သည်၊ တပါးမရော ရွှေငွေ ပုလဲးသန္ဓာ စသည်ကို 'ရွှေငွေအတိ လိမ်းကျံမွမ်းမံသည်၊ ပုလဲးသန္ဓာအတိ စီနစ်သည်' ဟူ၍ အ-အက္ခရာပါဆိုသင့်သည်တွင် လက်ံာအားဖြင့် အ-အက္ခရာကျေစပ်လေသော အရာထည်း ရှိသည်ဖြစ်၏။

ကြိယာအနက်မျကို 'တိ'ဆိုသော အရာကား-"မတတ်ချည်းသာ၊ ဆိုကုန်ကာတိ၊ ကြီရာမရ"ဟူ၍ 'တည်း'ဆိုမည်အတွက်ကို 'တိ'ဟူ၍ ဆိုသော အရာဆင်၏။ ဤ၌ ဆိုကုန်ကာဖြင့်-ဟူ၍ လည်း အချို့စာထင်၏။

"အသနှိတိ၊ လနေရောင်ဝင်း။ ။သားသမီးတိ၊ ပွားစီလဗြိုး"
"တုကင်းစည်တိ၊ တီးမြည်ကြီကြီ-"

စသည်ဖြင့် ကြိယာအနက်မျကိုရည်၍ 'တိ'ဟူသော ဆိုမိန့်ခြင်းထင်၏။ ဤ၌လည်း အသနှိတိ၊ သားသမီးအတိ-ဟူ၍ များပြားသော အနက်ကိုရည်၍ အတိ-ဆိုသော အရာဖြစ်သည် ယူထျင် သင့်အံ့သည်ပင် ဖြစ်၏။ ထိုသို့သော်လည်း တိ-ဟူသည်, တည်း-ဟူသည်, သော- ဟူသည်-စသောအားဖြင့် ကြိယာ ခြောက်ဆယ် ဟူသည်တွင် တိ- ဟူသော အရာထင်သည်ကို လည်းကောင်း, အရာတိုင်း အကျောက်အကန် မပြင်သာသည်ကိုလည်းကောင်း, 'မြားမြောင်သည်၊ တပါးမရောသည်'ဟူသောအနက် မသင့်သောအရာ ရှိအံ့သည်ကိုလည်းကောင်း ထောက်၍ ကြိယာအနက်မျကို တိ-ဟူ၍ ဆိုသော်အရာရှိသည်သာ ဖြစ်၏။

ရွှေသတိ-စသည်ဖြင့် ဆိုမိန့်သောအရာကား ကြေး, ခတ်ပြာ-စသည်မရော၊အတွင်း အခေါင်းမျသော်လည်း မလပ်၊ တစပ်တရက်တည်း ရွှေသား ငွေသားအတိဖြစ်သည်ဟူသော အနက်ယူသော်လည်း သင့်ရာ၏။ ဤ၌ 'ရွှေသားအတိ'ဆိုလိုသည်ကို အက္ခရာအချို့ကိုချေ၍ ဆိုသင့်သကဲ့သို့ရှိ၏။ ရွှေငွေတို့၏အစွမ်းသတ္တိဟူ၍ လည်းကောင်း,

ရွှေပကတိ ငွေပကတိဟူ၍ ထည်းကောင်း ဆိုလိုသည်ဟူမူ မာဂဓဘာသာမူထဖြစ်၏။ 'ရွှေသတိတွင်၊ မကိုမောင်းစွာ၊ မျက်ကောင်းမြောထျက်' စသည်ဖြင့် စပ်ဟပ်သောအရာထင်၏။

ထိုမှတပါး သတိရှိသည့်,သတိရသည်-စသည်ဖြင့် အောက်မေ့ခြင်း အစွဲးအမှတ်ထင်ခြင်းကို 'သတိ' ဆိုသောအရာထည်း မာဂဓဘာသာထည်းကောင်းတည်း။ ဤသတိ-ဟူသောပုဒ်သည် သရ-ဓာတ်ဖြင့်ပြီးသောအရာ၊အသ-ဓာတ်ဖြင့်ပြီးသောအရာ၊ ရှိသည်တွင် အောက်မေ့ခြင်းအနက်ကို သတိဟူ၍ ဆိုသောအရာ၌ ပရမတ္ထ,ပညတ်မျှ အရကွဲးယူသင့်၏။ သုစရိုက်အရာ၌ 'သတိ'ဟူ၍ ဆိုသောအရာကား ပရမတ္ထ၊ ဒုစရိုက်၌ကား ပညတ်မျှဟူ၍ ခွဲးသင့်၏။ ဤကား သတိဟူသည်၌ အသံတူထျက်အနက်ကွဲးကို စိတ်ဖြာစေခြင်းငှာ မှာလိုက်သည်။

ပကတိ-ဟူသော ဝေါဟာရ၌ထည်း မာဂဓဘာသာငင်း ဖြစ်၏။ ဤ၌ကား 'ပကတိဝေလံ၊ ပကတိမျှဉ့နေ' စသည်ဖြင့် ထင်သောပါဠိကိုရှုသာ၍။ မာဂဓ၌ အနက်အရ ပုဒ်ပြီးဟန် အခြင်းအရာကို ဆရာတို့မှ နည်းရ လွယ်အံ့သည်ကိုထည်းကောင်း, ကျယ်ဝန်းစွာဆိုသဖြင့် ထူပြီန်း နားရှက်အံ့သည်ကို ထည်းကောင်း ထောက်သဖြင့် ရိုဝ်မြွက်ကာမျှ အထျင်းသင့်၍ ရေးလိုက်သည်။

သရုံတိ-ဟူသော ငွေ၏အမည်ကား မွန်တို့အထို ငွေကို 'သရုံ' မြေကို 'တိ' ဆိုသည်။ မြေမှထွက်သော ငွေ၊မြေကို ပြုပြင်အပ်သော ငွေ-ဆိုထို၏သို့ရှိ၏။ သရုံ-ဟူသည်ကို ငွေယူ၍, ငွေအတိဖြစ်သည်၊ အညစ်အကြေးတေးခတ်ပြာစသော ဓာတ်တပါးမရော၊ ငွေသားအတိဟူ၍ အ-အက္ခရာပါ မြွာမှုစပ်နှော၍, ယူရအံ့သို့ထည်းရှိ၏။

တိ-ကာရန္တပြီးပြီ။

တီ-တီး

၁၄၀-တမျည်း ဤကာရန္တနှိုက် ဝေါဟာရကိုပြခြင်း

တီ-ကာရန္တ၌ကား တ-သက်သက်တွင် ဝိသဇ္ဇနီသံပါသည့်,မပါသည်မျှ ကွဲး၏။ ထိုတွင် ဝိသဇ္ဇနီ မပါသံကား တီတွင်သည်၊ တီရ၌ဘန်၏ အမည် တီ၊ ဖန်တီဟူ၍ ဆိုမိန့်သောအရာ၊ သတ္တတ်သတီ-ဟူသောသစ်ပင်၏အမည် ခတီ-ဟူသော ကြွေခွက်၏အမည်- စသည်တို့၌ထင်၏။ ထိုတွင် တီတွင် (တီထွင်?)

သည်ဟူသောအရာ၌ ထွင်သည်-ဟူသောစကားသာ အရရှိ၍့ တိ-ဟူသော စကား အရမထွက်၊ ယှဉ်ဖက်ကာမျှလည်း ယူသင့်၏။ မူဟောင်းတိမ်မြုပ်သည်ကို ချင်းနင်း ဆုတ်သင်သည့် ဟူသော အနက်ကို 'တီသည်'ဟူ၍့ လည်းကောင်း, ထွင်သည့် (ထွင်သည့်?)ဟူ၍့လည်းကောင်း ဆိုလေသည်။ ဤသို့လည်း အနက်တူသည်ယူသင့်၏။ "ကျမ်းကြီးကျမ်းငယ်၊ လယ်နှယ်တီထွင်-" ဟူ၍့ စပ်ဟပ်သောအရာ၊ လယ်တီသည့်, ရာ (ယာ?) တီသည့်, မုရင်းကောက်တိ-ဟူ၍့ ဆိုမိန့်သောအရာထင်၏။

တိရစ္ဆာန်၏အမည်-တီ၊ မှုံတီ-ဟူ၍့ ဆိုမိန့်သောအရာကား ဆင့်၍့ စွဲးမှတ်ခေါ်ဝေါ်သောဝေါဟာရဖြစ်၏။ မြေကို ချင်းနင်းတီထွင်၍့ သွားတတ် စားတတ်သဖြင့် တိ-ဟူသော တိရစ္ဆာန်၏အမည်၊ ထိုတိရစ္ဆာန်နှင့် သဏ္ဌာန်တူ ဖန်းယူ၍့ လုပ်လေသဖြင့် မှုံတီ-ဟူသောအမည်၊ ဤသို့ အဆင့်ဆင့်စွဲး၍့ ဆိုမိန့်ခြင်းဖြစ်သည်ယူသင့်၏။ တိရစ္ဆာန်၏အမည် တိ-ဟူသည်ကား ပညတ်ကာမျှလည်း ယူသင့်၏။

ဖန်တီ-ဟူ၍့ ဆိုမိန့်သောအရာ၌ကား "များခြင်းစုံစီ၊ ဖန်တီဝယ်ရောင်း" ဟူ၍့ စပ်သောအရာ၌ များစွာစုံစုံစီစီရှိသောဥစ္စာကို ဝေဖန်တီထွင် (ထွင်?)၍့ ဝယ်သည်ရောင်းသည်ဟူသော အနက်ဖြစ်၍့ တီထွင်သည်ဟူသော ယခင် အနက်၎င်းတည်း။

"မဟာမေဓနီ၊ ပြိုခွဲပြိုဟု၊ ဖန်တီဖန်တွတ်"

ဤသို့ စပ်သောအရာ၌ကား အဖန်ဖန် တီတီထွတ်ထွတ် ထန့်ဖျပ်ကြောက်ရွံ့ဖွယ် ယုန်သငယ် ရေရွတ်ပြောဆိုသည်-ဟူသောအနက်ဖြစ်၏။ ။"ရမြောက်ထေပြီး၊ ထမ်းခရီးခဲ၌၊ တတီးထွတ်ထွတ်-"ဟူ၍့ ဝိသဇ္ဇနီဆံ စပ်သည်လည်း ဤအနက်လည်းကောင်းတည်း။ ။သထွတ်သတီ-ဟူသော သစ်ပင်၏အမည်ကား ခေါ်ဝေါ် ကာမျှသာ ယူသင့်၏။

ခတီ-ဟူသော ကြွေခွက်ငယ်၏အမည်ကိုကား ပညတ်ကာမျှလည်း ယူသင့်၏။ ထို ခတီ-ဟူသော ဝေါဟာရသည် ကုထားတို့မှ မူလအမည်ဖြစ်အံ့သည်။ ကုထားတို့ဘာသာကား ဆံသကရိုင်္ဂကို စွဲးမြဲသောအရာလည်းထင်သည်။ ဤဆံသကရိုင်္ဂနှင့် မာဂဓလည်း ကွဲးရာမျှသာ အရာတိုင်းမကွဲး။ စွေစပ်အပ်သောအနက်ကြောင့် အိုးကို 'ဈဋ္ဌ'ဟူသည်နှင့်အတူယူ၍့ စတုတ္ထကွရာ-ဈ၊ မုဒ္ဓဇပဌမကွရာ-ဋ္ဌ,တို့ကို နိရုတ္တိ နည်းအားဖြင့်-ဈဋ္ဌိ၊ ရေးဖတ်လွယ်ဆို့လိုက်၍့ ခတီ-ဟူ၏ဆို့ရှိ၏။

ဝိသဇ္ဇနီအဆံကား… မှုတ်တီးသည်၊ တီးပြာသည်၊ တံ့တီးရှိသည်၊ ကန်းတီးသည်၊ ပြုန်းတီးသည်၊ ပွန်း၍့ တီး၍့ ရှိသည်ဆိုသောအရာတို့၌ထင်၏။ ထိုထွင် မှုတ်တီးသည်ဟူသည်ကား စည်မျက်နှာစသည်တို့ကို ရိုက်ခတ်သည်ကို ဆိုမိန့်ခြင်းတည်း။

---

၁ ဆံ * ၂။"ကျမ်းကြီးကျမ်းငယ်၊ အသွယ်သွယ်ကို၊ လယ်နှယ်တီထွင်"

"ရွှေစည်းတီးတီး၊ ရွှေထီးဆောင်းဆောင်း"၁
"ဖျဖျဆော်ပြီး၊ စည်မောင်းတီး၍"
စသည်ဖြင့် စပ်ဆိုသော အရာထင်စွ။ ။တီးပြာသည်-ဟူရာ၌လည်း မန်း,စကော စသည်တို့၏ အကွပ်အနားကို တီးခတ်သော အမူအရာထင်၏။ ။တံ့တီးရှိသည်-ဟူရာ၌ တံ့-ဟူသည်ကို သေးသေးတင်မူ တည်တံ့ခြင်းအနက်, နသတ်မူ အတန်တန်ဟူ စသောအနက်ကိုယူ၍ တီး-ဟူသောစကား အရမထွက်၊ ယှဉ်ဖက်ကာသာယူသင့်၏။ ကန်းတီး ဟူရာ၌လည်း ကန်းသည်ဟူသော စကားအရ မမြင်ခြင်း,ကွယ်ခြင်းဟူသော အနက်သာရ၍ တီးသည်-ဟူသောစကားအရ-မထွက်သည်လည်းကောင်းဖြစ်သင့်၏။

ပွန်းတီးသည်, ပြွန်းတီးသည်,မွန်းတီးသည်-ဟူသော အရာတို့၌လဲလည်း ပွန်းသည်, ပြွန်းသည်,မွန်းသည်-ဟူသော စကားတို့၌သာ အရအနက် အသီးသီးထွက်၍ တီးသည်-ဟူသောစကားအရ အနက်မထွက်၊ ယှဉ်ဖက်ကာမျှသာဟူ၍ ယူသင့်၏။ ။ ။ ယခင် ပတ်စည်တို့ကို တီးသည်ဆိုသောအရာ၌ အကြိမ်များစွာ တီးခတ်ခြင်းဖြစ်၏သို့ အကြိမ်များစွာ ပွန်းခြင်း,ပြွန်းခြင်း, မွန်းခြင်းဖြစ်သည်ဟူ၍ ဆိုလိုသော အရာဖြစ်၍ တီး-ဟူသောစကားခွန်း ယှဉ်ဖက်ထေသည်လည်း ယူကောင်းအံ့သို့ရှိ၏။ ။တင့်သည်သာမဆို-တင့်တယ်သည်။ ဆန်းသည်သာမဆို-ဆန်းကြယ်သည်ဟူ၍ အထူးထင်စေလိုသောအရာတို့၌ စကားခွန်းဆင့်ပွားပြန်သကဲ့သို့ အထူးထင်စေလို၍ ဆိုသောအရာများသာဟူ၍လည်း ယူကောင်း၏။

တီ-ကာရန္တ ပြီးပြီ။

တု

၁၄၁-တဗျည်း ဥကာရန္တတို့၌ ဝေါဟာရကို ပြခြင်း

တု-ကာရန္တ၌ကား အတန္တု-ဟူ၍ ဆိုသောအရာ၊ အယောင်အတုဟူ၍ ဆိုသော အရာတို့၌သာ ထင်၏။ ထို၌ အတန္တု-ဟူသည်ကား ရှေးသူဟောင်းတို့၏ ဝေါဟာရတည်း။အနက်အားဖြင့်ကား "ဥပမာပြုအံ့"ဟူ၍ ဆိုလိုသော စကားခွန်းတည်း။

"အတန္တုကား၊ ကျောက်စုအတိ။ ။အတန္တုကား၊ လျင်ခုရက်ရက်"
"အတန္တုကား၊ ရောရုန္ဒတ်။ ။အတန္တုကား၊ မြစ်ဖုကုန်လေ"

---

၁ ကိုး * ၁၃၆။

"အတန္တကား၊ သူ့မယားကို။ ။စကားတန္တ၊ ပမာပြုဝိမှ်၊ မရှ
မကြည်"
"တရားမရှ၊ ပြစ်မှားပြုသော်၊ တန္တပမာ၊ ထေညာရှေရှ၊ လွှင့်သည့်
မြို့ထျင်-"

စသည်ဖြင့် အစပ်အဟပ် အဆိုအမိန့်ထင်စွ။ ။ဤ၌လည်း အောက်၌ ဆိုအပ်ပြီး သည်နှင့်အညီ စိတ်ဖြာ၍ အရအနက်မထွက်၊ တလုံးတည်းသော အရအနက်သာ ရှိသောကြောင့် နှ-ဆင့်ထျက်ရေးသည်ဖြစ်၏။ ဤ၌ အရကွဲးကြီ၍ ယူမူကား 'အတန် အထျော်ကို တုခိုက် (ခိုင်း ?) သည်'ဟူ၍ ယူသင့်၏။ ညက်လိုက် စေခြင်းငှာသာ ရရာသော သဘောအနက်ကွဲးကို ဆိုလိုက်သည်။ 'အတန်တု'ဟူ၍ နှ-သတ်ရေးချေ သော် ရေးထုံးကို လွန်ရာကျအံ့၊ မသင့်နိုး။

အယောင်အတု-ဟူသည်၌ တုသည့်တူသည်ဟူသော စကားနှစ်ရပ်သည် နှိုင်းရည်တူ တုဘက်ခြင်း အနက်အားဖြင့်ကား တူ၏။ သုဒ္ဓအနက်,ကာရိုက်အနက်အားဖြင့်ကွဲး၏။ ဤ၌ တူဟန်ကား တုသည့်တူသည်-ဟူသော စကားနှစ်ရပ်သည် နှစ်ခုသောဝတ္ထုကို နှိုင်းရည်ခြင်း အနက်ချည်းဖြစ်၍ တူသည်ဖြစ်၏။ ။ကွဲးဟန်ကား-တူ၏ဟူသော စကားခွန်းသည် သယံဇာတ အထိုအထျောက်တူမျှသည်၊ တူတန်သည်၊ တူသည်၊ တူထျော်သည်-ဟူ၍ စေခြင်းအနက်မယှဉ် သက်သက်တူမျှခြင်းသဘောဖြစ်၍ သုဒ္ဓ အနက်ဆိုသည်။ ထိုသုဒ္ဓ အနက်သည် ကံပုဒ် ရ-မရရှိသည်တွင် မရအပ်သည်နှင့် အညီ-

"နတ်ရှင့်သည်းဦ၊ နတ်နှင့်တူကို"
"ငါနှင့်တူသည်၊ ဘယ်သူယောကျ်ား"
"ဤနှင့်အတူ၊ မင်းဒဏ်ဟူသည်"

ဤသို့စသော စပ်ဟပ်ခြင်း၊ နတ်နှင့်တူသည်, ထူနှင့်တူသည်-စသည်ဖြင့် အလွတ် ပြောဆိုခြင်းတို့၌လည်း ကံပုဒ်မရသည်ထင်စွ။

တူ၏-ဟူသော စကားခွန်းကား တူစေသည်ဟူသော စေခြင်းအနက် ဖြစ်သင့် သောကြောင့် ကာရိုက်အနက်တည်း။ ထိုနှင့်ထျော်စွာ-

"ငကို တူ၍၊ ငါးခုသီလ။ ။ငကို တူ၍၊ ယခုအခါ"
"ငကိုနည်းယူ၊ စံတူမူ၍-"

စသည်ဖြင့် ကို-ဟူသော ကံပုဒ်တင်းလင်းသွင်း၍ စပ်ဟပ်သော အရာ၊ သူဌေး သူကြွယ်ကိုတုသည်၊ ရဟန်းပုဏ္ဏားကို တုသည်-ဟူ၍ အလွတ်ပြောဆိုခြင်းတို့၌ကံပုဒ်

ထင်သည်သာဖြစ်၏။ ဤသို့ ကာရိုက်ကံ ရသင့်သည်နှင့်အညီ ကာရိုက်အနက် ဖြစ်သတည်း။ ။ယင်းသို့လျှင် တုသည်, တူသည်ဟူသော စကားနှစ်ရပ် တူဟန်-မတူဟန်ကို နှလုံးသွင်း။ ဤ၌ 'ရဟန်း ပုဏ္ဏားနှင့် တူသည် ဟူသော စကားခွန်း ဝယ် 'ရဟန်းပုဏ္ဏားနှင့်' ဟူသော သဟာဒိယောဂ-အနက်သည် တူစေသည်ဟူသော ကာရိုက်အနက် ရှိလသော် ရဟန်း ပုဏ္ဏားတို့ကို တူစေသည်ဟု၍ ကာရိုက်ကံဖြစ်လေသည်။ ဤကိုထောက်၍ ကာရိုက်အနက်ဝယ်သာ ကာရိုက်ကံမျှ ရသင့်သည်။ သုဒ္ဓ၌ကား ကံဆိတ်သင့်သည်ကို နှလုံးမသွင်းမိ၍ အဘကိုတူသည်, အဓိကိုတူသည် ဟု၍ အလွတ်ပြောဆိုခြင်းသည် တူသည် ဟူသော အနက်ကို ရောက်ခြင်း အနက်ယောင်၍ ဆိုကုန်သကဲ့သို့ရှိ၏။ "နေကိုတူသည်၊ မဉ္ဇူကဲ့သို့ ညွတ်လိမ့်မည်-" ဟု၍ စပ်သောအရာ၌ နေသို့တူ၍ မျက်နှာမူသော ပန်းကဲ့သို့ ညွတ်လိမ့်ဟု၍ အဓိပ္ပါယ်ယူရအံ့။ ။ဤ၌ နေသို့မျက်နှာပြုသော ပန်းဟူသည်ကား တိုက်ရိုက်အားဖြင့် နေရောင် တူရုံကျောက်သော ပန်းသည် ညှိုးပြန်ခွေညွတ်သကဲ့သို့ငင်း, ရွှေကြာပန်းသည် နေရှိရာ အညာမျက်နှာညွတ်သကဲ့သို့ဟု၍ လည်းကောင်း ယူထိုက်၏။ ထိုပန်းကို နေရှိရာ ညွတ်သည်ကိုစိုး၍ 'နေကြာ' ဟု၍ လည်း အချို့ခေါ်ကုန်သည်။ သူရိယာဝဋ္ဋပန်း' ဟု၍ ကျမ်းဂန်ထင်သည်လည်း ထိုပန်းကို လည်းကောင်း ဆရာတို့ယူကုန်သည်။ [ယံပုပ္ပံ-သည်၊ သူရိယံ-နေသို့၊ အဘိမုခံ-ရှေးရှု၊ ဝဋ္ဋတိ-ထည်တတ်ဖြစ်တတ်၏၊ ဇုတိ-ထိုကြောင့်၊ တံပုပ္ပံ--ထိုပန်းသည်၊ သူရိယာဝဋ်-မည်၏။] ဤသို့ ဝိဂြိုဟ်ဆိုရာ၏။ ထိုပန်းသည် နေရှိရာ ပွင့်ညာမျက်နှာ ထွည့်ညွတ်၏သို့ ညွတ်လိမ့်ဟူသော အဓိပ္ပါယ်ကို ထောက်၍ 'နေကိုတူသည်' ဆိုသောအရာ၌ တူသည်ဟူသော စကားသည် တူမျှသည်ဟူသော အနက်မဟုတ်၊ တူရုံဆိုအံ့သည်တွင် ထက်ဘားဖြင့်သာ 'ရု'မဝါဆိုထေသည် ယူထိုက်၏။ ဤသို့လျှင် တူသည်ဟူသော စကားခွန်း, တုသည်ဟူသော စကားတို့၏ အရထကွဏကို စိတ်ဖြာ၍ နှလုံးသွင်းရာ၏။ ။ထိုမှတပါး-

"ရတုသုံးခါ၊ ရွှင်ပြုံးစွာထွင်။ ။သုံးရတုထွင်....ရုံးတစုထွင်" ၁
"မြစ်ရတုထွင်....ချစ်စမှုထွင်" ၂
"သဘင်ပျော်မှု၊ နတ်ရတုထွင်၊ ရောင်နုဆင်းရွယ်"

စသည်ဖြင့် ကာထဉတုကို 'ရတု' ဆိုသောအရာ။

"ရထ်စမှုဖြင့်၊ ရတုကဗျာ။ ။သီချင်းရတု၊ ဆိုမှုတသီး"

စသည်ဖြင့် သီချင်းမျိုးကို 'ရတု' ဆိုသော အရာထည်း ထင်၏။ ။ထို၌ [ရမန္တိသဏ္ဌာ ထွေ တေနာကိ ဝါ ရတု။ ။ထွေ-ဤကာထ၌၊ သီးချင်း၌၊ ဝါ-တနည်းကား၊

---

၁ ဒေး * ၂၂၀။ ၂ ဒေး * ၂၀၄။

တေန-ထိုကာလဖြင့်၊ သီချင်းဖြင့်၊ သတ္တာ-သတ္တဝါတို့သည်၊ ရမန္တိ-မွေ့လျော်တတ်ကုန်၏၊ ဣတိတသ္မာ- တိုသို့ မွေ့လျော်ရာ မွေ့လျော်ကြောင်း ဖြစ်သော ကြောင့်၊ ရတု-ရတုမည်၏]....ဤသို့ ဝစနတ္ထပြု၍ ရမုဓာတ်၊ တုပစ္စည်းဖြင့် ရုပ်ပြီးဟန် ဆိုကုန်သည်ကား သဒ္ဒါမှက္ခမ်းဟန် အရ ထက္ခဏာတမူကား ထင်၏။ သီးချင်းဟော ကာလဟော ရတုဟူသော ပါဠိပါဠိမထင်။ ဆိုခဲ့တိုင်း မြန်မာဆာသာ ပျိုထက်ဘသာ ထင်သောကြောင့် ဆင်ခြင်ဖွယ်ရှိ၏။

တူ-ကာရန်ကပြီးပြီ။

တူ-တူး

၁၄၂-တဗျည်း ဦကာရန္တ၌ ဝေါဟာရကို မြခြင်း

တူ-ကာရန်ကား ဝိသဇ္ဇနီသံပါ, မပါကွဲး၏။ထိုတွင် ဝိသဇ္ဇနီ မပါသံကား ထခင် တသည်, တူသည်ဆိုသောအရာ၊ တူ ဦးရီးဆိုသော အရာ၊ တူ, ပေ, တန်ဆာ၊ ခွေးတူ-ဝက်တူ၊ ဆိတ်တူ-မြင်းတူ၊ မိတူ-ဖတူ၊ ပျားမျိုးပျားတူ၊ အစို့မည်တက်တူရန်နောင်၊ တိရစ္ဆာန်တက်တူ၊ လေ့မျိုးကတ္တူ။ လူမျိုးရှိန်တူ၊ ဝါးကျည်ပတူ-ဟူသောအရာတို့၌ ထင်၏။ ။ဝိသဇ္ဇနီပါအသံကား တူးဆွသည်၊တူးနှံသည်၊အဝေါ်တူးသည်၊ ပုဆစ်တူး၊ လူမျိုးကန်တူး၊ မြို့မြေတူး-ဟူသော အမည်တို့၌ ထင်၏။

ထိုတွင် တူသည်-ဟူသော စကားကို ဆိုခဲ့ပြီ။ ။တူ ဦးရီး၊ တူ, ပေ, တန်ဆာ ဟူသည်တို့ကို အမည်မှသာလည်း ဟူကောင်း၏။ မိမျိုးဖမျိုးတို့နှင့် အကျင့်အချင်းအဆင်းသဏာ တူလျော်စွာ ဖြစ်တတ်သည်ဟူသော အနက်ကိုကြ၍, ယူမူ၊ တူ-ဟူသောအမည်နှင့် သင့်အံ့သို့ရှိ၏။ ။တူ, ပေ, တန်ဆာ-ဟူသည်၌လည်း ရိုက်ခတ်အပ်သော ရွှေဒွေကြေးလျက်တို့ကို အပြန့်အလျားတူမှစေသည်၊စေ့စပ်အပ်သောသစ်ပျဉ်တို့ကို တစပ်တရက်တည်း တူမှစွာ ဖြစ်စေသည် ဟူသော အနက်ကို ကြဆ၍, ယူမူစိုးစဉ်းလျော်အံ့သို့ရှိ၏။

ခွေးတူ-ဝက်တူ၊ ဆိတ်တူ-မြင်းတူ၊ မိတူ-ဖတူ၊ ပျားမျိုးပျားတူ-ဟူသည် တို့၌ကား ထင်သာ၏။ ခွေးနှင့်လည်းတူ၊ ဝက်နှင့်လည်းတူ ဖြစ်သည်၊ ဆိတ်နှင့်လည်းကောင်း, မြင်းနှင့်ထည်းကောင်း တူသည်။ ။မိတူ-ဖတူ ဟူသည်၌ကား တိုက်ရိုက် အားဖြင့် မိဖဆိုကောင်းသောသတ္တဝါတို့ကိုသာ မဆို။ ကမ္ဘတ်ကြီးငယ် မသတ်, အတွင်း အပြင်ညီမျှစေသည်ကိုလျက် 'မိတူ-ဖတူ' ဆိုမိန့်သောအရာ ထင်၏။ ။ပျားမျိုးပျားတူ-ဟူ

သည်၌ ပျားနှင့်အသွင်တူသည်။ ဤသို့လျှင် တူမျှသည်ဟူသောအနက်ကိုစွဲ၍ ရသင့်သည်ချည်းဖြစ်၏။

အစ္ဆိမည် တက်တူရန်နောင်၊ တိရစ္ဆာန်၏ အမည် တက်တူ-ဟူသည် ကိုကား အမည်မျှသာလည်း ဖြစ်သင့်၏။ အစွမ်းတက်တိုးခြင်း အရည်တူမျှသည်ဟူ၍ အနက်ရ ကြီကောင်းအံ့သို့လည်း ရှိ၏။ တိရစ္ဆာန်မျိုး တက်တူကိုလည်း မိမိကိုက်သည်နှင့် အမျှ တက်ဝှန်တတ်သော အဆိပ်အစွမ်းရှိ၍ 'တက်တူ' ဆိုသည် ယူသင့်ကောင်း၏။ လှေမျိုးကတ္တူ၊ ထူမျိုးရှိန်တူ၊ ဝါးကျည်ပတူ-ဟူသည်တို့ကား ပညတ်မျှသာဖြစ်သင့်၏။ ဝိသဇ္ဇနိပါအသံ၌ တူးဆွသည်ဟူသော စကား၏အရကို အောက်၌ဆိုအပ်ပြီးသည်နှင့် အညီ မြေကို ဖောက်ထွင်းခြင်းအနက်ကို 'တူးသည်' ဟူသော ဆိုမိန့်ခြင်း အထူးဖြစ်၏။ ။တူးနံသည်-ဟူရာ၌ကား မီးရှိန်သင့်၍ ပြင်းပြစွာမခံသာ၊ တူးတွင်း သကဲ့သို့ ပေါက်ရောက်လှသော အနှံကိုစွဲ၍ တူးသည်, ခြစ်သည်ဟူသော ဆိုမိန့်ခြင်းဖြစ်သည် ယူသင့်၏။ "အငေါ်တူးနှင့်၊ ဆူးဆူးရားရား" ဟူ၍ စပ်ဟပ်ဆိုမိန့်သည်၌ ငေါ်သောအသံသည် မခံသာပြင်းပြစွာနာသို့ခိုက်ရောက်ခြင်းတူးဆွ၏သို့ဖြစ်သည်ဟူသော အနက်ကို ယူကောင်း၏။ ။ပုဆစ်တူး၊ ထူမျိုးကန်တူး-ဟူသည်ကား အမည်မျှသာ ဟူသင့်၏။ ထို၌ ကန္တူး-ဟူ၍ နဆင့်ရေးသည်ကား မပြားသော အရကိုထောက်၍ အောက်၌ ဆိုခဲ့ပြီးသည်နှင့်အညီ သင့်နိုင်အံ့သို့ရှိ၏။ မြို့မြေတူး-ဟူသည်၌ တူးဆွခြင်း အနက် ထင်သာပြီ။

တူ-ကာရန္တ ပြီးပြီ။

တေ-တေး-တေ့၊ တွေ-တွေး-တွေ့

၁၄၃-တမျည်း ကောရန္တ၌ ဝေါဟာရကို ပြခြင်း

တေ-ကာရန္တ၌ သက်သက် ထည်းကောင်း, ဝဆွဲး ထည်းကောင်း ထင်၏။ ထိုတွင် သက်သက်၌ ဝိသဇ္ဇနိပါဆံ့,မပါဆံ့,အမြစ်သံ့-အား ဖြင့် ဆုံးပါးကွဲးသင့်၏။ ထုသည်တေသည်၊ ကောင်းတေ၊ အမြဲတေ၊ အခွဲအတေ-ဆိုသော အရာတို့ကား ဝိသဇ္ဇနိမပါဆံ့တည်း။ ထိုတွင် ထုသည်-တေသည် ဟူသော ဝေါဟာရသည် ခတ်ပုတ်ခြင်းအနက်တည်း။ ထုသည်-ဟူသော ဝေါဟာရကား တကြိမ်မျှ ရိုက်ပုတ်ခြင်းကိုသော်လည်း ဆိုသောအရာ၊ တေသည်-ဟူသောဝေါဟာရကား အကြိမ်များကိုသာ ဆိုသောအရာထင်၍ တစိတ်မျှကွဲး၏။ ဆေးဝါးတေသည်,ရှော်တေ-ဟူသော အရာ၌ အကြိမ်များစွာ ရိုက်ခတ်ခြင်းထင်၏။ ကောင်းတေဟူသည်ကား-

"နတ်မင်းကောင်းတော၊ မြင်တုံလေသည်.... နွေရေမခြား-မခြားတည်း"
"စောင့်သည့်ဇာန္ဓေ၊ ဆွမ်းရလ်ထွေသည်....ကောင်းတော- ငြိမ့်လေးကုံ
ဇ်၏တည်း"
"တပါးရင်မြေ၊ ကျိန်းဝပ်လေသည်၊ ကောင်းတေမူထား"

စသည်ဖြင့် စာတောင်းတို့၌ အဆိုအမိန့်ထင်စွ။ နောက်ကာလလူတို့ကား ဆိုမိန့်သည်နည်းအံ့။ သဘောအားဖြင့်ကား 'ကောင်းသောအခြင်းအရာ သိပ်သည်း မြဲမြံသည်' ဟူ၍ မြီးမွှမ်း ဆိုမိန့်သော အရာကဲ့သို့ရှိ၏။

အမြဲတေ-ဟူသည်ကား....

"ပတ္တမြားကြက်သရေ၊ သွင်းလျက်နေသည်၊ မြဲတေထွန်းဝင်း ကိုယ်
ရောင်တည်း"
ထွန်းဝင်းမြဲတေ၊ ကြက်သရေဖြင့်"
"အမြဲတေသည်၊ သပြေကျွန်းခွင်"

စသည်ဖြင့် ဆိုမိန့်သောအရာ၌ တန်ခိုးအာဏာ မင်္ဂလာထူးရှိသော ကျောက်မျိုးဇ်၏ အမည်တည်း။ ထိုကျောက်မျိုးကား သတ္တဝါတို့၌လည်းကောင်း, သစ်ပင်စသည်တို့၌ လည်းကောင်း စွဲးမှီ၍ ဖြစ်ဇ်၏။ မိမိတည်ရင်ကိုလည်း များသောအားဖြင့် အစွမ်းထင်စေဇ်၏။ ထိုကျောက်မျိုးကို 'အမြဲတေ' ဟူ၍ ခေါ်ဝေါ်ခြင်းသည်ကား သူဟောင်းတို့ဇ်၏ ဝေါဟာရဖြစ်ဇ်၏။ ကျမ်းဂန်၌ မုတ္တသဒ္ဒါဇ်၏အနက် ပုလဲးမျိုးရှစ်ပါးထွင် ဝင်သင့်ဇ်၏။ ။မွဲးသည့်တေသည်-ဆိုသောအရာကား ပစ္စည်းနည်းပါးသည်ကိုသာ မဆို။ တေဇ်၏-ဟူသော စကားဆင့်ပွားပြန်သည်ကား အလွန်ပါးဇ်၏ဟု ပစ္စည်းနွမ်းနယ်ခြင်းထင်စေလို၍ ထပ်ဆိုပြန်သောအရာ ဖြစ်သင့်ဇ်၏။ဤစကားကား ဗျို့လင်္ကာစာတောင်းတို့၌ အဆိုအမိန့်နည်းအံ့။

ဝိသဇ္ဇနီသံကား တေးခတ်ပြာ,တေးတျာ-ဟူသော ဆိုမိန့်ခြင်းတို့၌ထင်ဇ်၏။ ထိုတွင် တေးခတ်ပြာဟူသည် ခတ်ဇ်၏အမည်မျှသာ အရမထင်။ ။တေးတျာဟူသည်၌ကား ဆိုမိန့်အပ်ပြီးသည်နှင့်အညီ စောင်းညှင်းတို့ဇ်၏ အသံအရိပ်မျှကို ဆိုမိန့်သောအရာဖြစ်ဇ်၏။

အ,မြစ်သောအရာကား တွဲသည်၊စုတွဲသည်-ဆိုသောအရာတို့၌ ထင်ဇ်၏။ထိုတွင် တွဲဇ်၏-ဟူသည်ကား တွဲကာသာဆက်သည်၊ တွဲကာသာထားသည်၊ လက်ဝန်းတို့ တွဲသည်-ဆိုင်သည်-ဟူသောအရာတို့၌ တွဲဇ်၏-ဟူသည်နှင့် သဘောအားဖြင့် မျက်မှောက်တူရှ ဖြစ်ခြင်းအနက်မျှသာ တူ၍, အနိုးအဝေး တစိတ်ထူးဇ်၏။ ။တွေဇ်၏-ဟူ

သည်ကား မထိမခိုက် ရှေးရှုပက်ပါ ဖြစ်ကာမျှကိုသော်ထည်း 'တွေ့၏' ဆိုသောအရာ ထင်သည်။ တွေ့၏-ဟူသည်ကား ထိုးစင်ခိုက်တိုက်ထွက် တည်သော်သာ 'တွေ့သည်' ဆိုသောအရာ ထင်သောကြောင့် တစိတ်ကွဲ၏။ ။စုတွေ့၏-ဟူသည်ကား မြမွာ ဘာသာ မူထမဟုတ်၊ သန္ဓိ-သန္ဓေ၊ မုနိ-မုနေဟူသကဲ့သို့ စုတိ-စုတေဟူ၍ ဧကာရန် ကောရန် မပြား ဆိုဓိန့်သော မာဂဓဘာသာ မူထတည်း။

ဝဆွဲးသောအရာ၌ထည်း ဝိသဇ္ဇနီဆံစသည်ဖြင့် သုံးပါးထင်၏။ ထိုတွင် ခဲးတွေသည်,အယဉ်တွေတွေစီးသည်-ဆိုသော အရာတို့၌ကား ဝိသဇ္ဇနီမပါသံတည်း။ ။ထောက်တွေးသည်၊ ချင်းချင်းတွေးတွေး၊ ပိန်း,သတွေး၊ တံတွေး-ဆိုသောအရာတို့ကား ဝိသဇ္ဇနီသံတည်း။ ။ကြိမ်သည် တွေသည်-ဆိုသော အရာကား အမြစ်သံတည်း။ ။ထိုတွင် ခဲးတွေသည်,အယဉ်တွေတွေ-ဟူသည်တို့ကို အောက်၌ဆိုခဲ့ပြီးသည်နှင့်အညီ စုပုံခြင်းအနက်ယူသင့်၏။ ထိုတွင် အယဉ်တွေတွေ ဟူသည်၌ ခဲးတွေ၍ စီးသည်ကိုသာမဆို၊ ပြန့်ပြားထွက်ပင် ရေယဉ်မြန်သန်စွာ စီးသည်ကို တွေတွေစီးသည်ဆိုသကဲ့သို့ရှိ၏။ ထိုသို့သော်ထည်း ခဲးတွေခြင်းဖြစ်မှ ရေအားကြီး၍ စီးသောအယဉ် တွေတွေ-ဆိုကောင်းခံ့သည် ဖြစ်၏။ ။ထောက်တွေးသည်၊ ချင်းချင်းတွေးတွေး-ဆိုသောစကား အရကိုထည်း ဆိုခဲ့ပြီ။ ။ပိန်း,သတွေး၊ တံတွေး-ဆိုသော ဝေါဟာရတို့ကား ပညတ်မျှသာ ဟူသင့်၏။

ကြိမ်သည် တွေသည်-ဟူသော ဝေါဟာရကား ဝတ္ထုနှစ်ခုတို့၏ မျက်မှောက်ပက်ပါ ကြိမ်ကြိုက်ခြင်းအနက်တည်း။ ။ဤ၌ ဆိုဖွယ်ကား ပရမတ္ထအားဖြင့် ဖောဋ္ဌဗ္ဗာရုံသာ ဖုသနကိစ္စတပ်သည်ကိုထောက်၍ ထိပါးကောင်းသော ရုပ်တရားတို့၏ ထိပါးခြင်းကိုသာ တွေသည်-ဟုကောင်းထွက်၊ မမြင်မတွေကောင်းသော အရွှေအနောက်စသော ဒိသာပညတ်မျှကိုထည်း "အနောက်အရွှေ၊ မတွေတိမှာ" ဟူ၍ စပ်ဟပ်ခြင်း, တရားဖြစ်ကြသည်ကို တရားတွေသည်၊ အနုံအသက်တွေသည်၊ ချိသော အရသာကို တွေသည်ဟူ၍ အလွတ်ပြောဆိုခြင်းတို့ဘည် ထင်၏။ ။ထို၌ အရွှေအနောက်ဟူသည်ကား ဒိသာပညတ်မျှဖြစ်၍ မမြာရုံဖြစ်သည်ကို သိသည်သာ မုချအားဖြင့်ဆိုကောင်းသည်။ တရားတွေ၏ဟူသည်၌ထည်း ငြင်းခုံကြသောအသံသည် သဒ္ဒါရုံဖြစ်၍ ကြားသည် နာသည်သာ မုချအားဖြင့်ဆိုကောင်း၏။ အနုံအသက်-ဟူသည်ထည်း ဂန္ဓာရုံဖြစ်၍ နုံသည်သာ မုချဆိုထိုရင်း။ ချိသောအရသာ စသည်တို့ထည်း ရသာရုံဖြစ်၍ စားသည်,မျိုသည်,ထွက်သည်သာ မုချဆိုထိုရင်း၊ ထိုသို့ထွက် 'တွေ့၏' ဆိုခြင်းကား ဥပစာမျှသာ ယူသင့်၏။

တေ-ကာရန္တ ပြီးပြီ။

တဲး-တဲ့၊ တွဲး-တွဲ့

၁၄၄-တ,ဗျည်း အဲးကာရန္တတို့၌ ဝေါဟာရကို မြခြင်း

တဲး-ကာရန္တ၌ကား သက်သက်ထည်းကောင်း, ဝဆွဲးထည်းကောင်း ထင်၏။နောက်ပစ်အန္တဟူသမျှ အမြစ်သံ, မမြစ်သံသာရသင့်ဟန်ကို အောက်၌ဆိုအပ်ပြီ။ ရပ်တဲးသည်၊ ကြက်တဲးသည်၊ ပြည်တဲးပြည်ထာ-ဆိုသော အရာတို့ကား မမြစ်သံတည်း။ ။ထိုတွင် ရပ်တဲးသည်ဟူသည်ကား အင်တန်ရုံမျှရပ်နေသည်ကို "ရပ်တဲးသည်' ဆိုသောအရာဖြစ်၏။ "မငြိးငွေ့ပဲး၊ သွေးတဲးပေါက်ပြ" ဟူ၍ စပ်သောအရာထည်း ဖြိုသောသွေးသည် ထွက်ဝမရခြင်းကြောင့် အသားထွင်း၌ ရပ်တဲးသည်ကို 'သွေးစိမ်းတဲးသည် သွေးတဲးသည်' ဆိုသောအရာဖြစ်၏ "ထက်ဂထက်ဝဲး၊ အုံတဲးဝင်တဝ်"ဟူသည်၌ထည်း အခွင့်ရှိကြိုက် ရပ်တဲးသောအုံကိုပင် 'တဲး' ဟူ၍ ဆိုသောအရာဖြစ်၏။ ဤနှင့်လျော်စွာ အခွင့်ပြေရုံ စပ်ကာတဲးကာဖြစ်၍ 'တဲးစပ်' ဟူ၍ထည်းကောင်း, အပ်-နှင့်သဘောတူယူ၍ "တဲးအပ်"ဟူ၍ ထည်းကောင်း နောက်ပစ်သံဆိုသော်ထည်း သင့်အုံသို့ရှိ၏။ တီးတွသည်ဟူသော အနက်ကိုယူ၍ တည်းစပ်ဆိုသော်ထည်း သင့်ရာပေသည်။

ကြက်တဲး-ဟူရာ၌ထည်း ကြက်တို့သည် တခုကိုတခု အရိပ်ကြည့်ကာ မခွပ်မဖြစ်ထည့်ပဲး အတန်ငယ်ရပ်တဲးသည် ဖြစ်၏။

"တစောင်းကြက်နှယ်၊ တဲးလေကုန်"
"သောင်းသောင်း လွန်ခြိမ့်-ဓဲးလေကုန်"
"မဝေးကြဲပဲး၊ ကြက်နှယ်တဲးထျက်" [၁]
"ရှကြမရဲး၊ ကြက်နှယ်တဲးထျက်၊ သဲးသဲးအုံအုံ"

စသည်ဖြင့် စပ်အင်ထင်စွ။

ပြည်တဲး-ဟူသည်၌ထည်း ပြည်ရွာမြို့ပြတည်၍ ရပ်နေသည် ဆိုလိုသော အရာဖြစ်၏။ ဤ၌ အမြဲးအစဲး ရပ်တဲးသကဲ့သို့ရှိ၏။ ထိုသို့သော်လည်းနားနေသည့်အခိုက် အတန့် အခန့်အသက်ကဲ့သို့ မယူမူ၍ ပြည်ရွာ မြို့ပြတို့၏ အခန့်အသက်ကိုအင်တန် အောင်ထောက်သော် အနှစ်ငါးဆယ်, တရာ,နှစ်ရာ, တထောင်-စသည်ဖြင့် ပြည်ရွာတို့၏ အခန့် အသက် အဝိုင်းအခြားမျှ ရပ်တဲးသည်ကိုဖွဲး၍ ဆိုသော အရာယူသော်သင့်အုံသည်ဖြစ်၏။ "သွယ်ချနှစ်ကွဲး၊ ပြည်တဲး ပြည်ထာ" စသည်ဖြင့် စပ်အင်ထင်၏။ "မဖြိုမကွဲး၊ ဖြိုင်တဲးမခွပ်" [၂] ဟူသည်၌ထည်း ထူတို့ဖြိုဟ်ထည်း ကွဲးဖြိုခြင်းမရှိ၊

---

၁ သျှိသျှားကန်တွဲ * ၇။ ၂ ပါဒိ * ၃၁။

မထိမခွဝ် ရှင်းထဝ်၏ဟု ယခင်ကြက်တဲးသည်ဟူသကဲ့သို့၊ ပြိုင်တဲးသည်မျှ မရှိဟူ၍. ယူမူသင့်ကောင်း၏။ ပြိုင်တဲးမခွဝ်-ဟူ၍. အချို့ရှိသည်နှင့်အညီ မပူးမတွဲး မပြိုင်ဟူ၍. ယူသော်ထည်း သင့်ရာ၏။ မပြိုမကွဲး ဟူသောကြောင့် တမူကား တရာသည်တည်း ထည်းကောင်း, တခွင် နှစ်ခွင် ခြားကာမျှထည်းကောင်း တည်၍. ပူးယှဉ်ကြသည်ဝင်။ ထိခြင်း, ခွဝ်ခြင်း, ထဝ်ရှင်းပါသည်သာယူ၍. မပြိုင် မတဲး ဆိုပါလျှင် ရန်မူထိုသော ကြက်ကဲ့သို့ တဲးရုံမျှမရှိ ယူသင့်သောကြောင့် 'ပြိုင်တဲးမခွဝ်' ဟူ၍. ရှိသည်မှာ သင့်နိုး အံ့သို့ရှိ၏။

နောက်ပစ်အမြစ်အရာကား နည်းအံ့သည်၊ "ဇမ္ဗူနင်းခဲ့၊ ဤမင်းတဲ့ဟု၊ ပြဲ့ပြဲ့ဖြင် ပြွမ်း။ ။နေမိမင်းတဲ့၊ စောရန်ဖဲ့ကို၊ ငရဲပြည်ရွာ" စသည်ဖြင့် နေမိမင်းတဲ့-ဟူ၍. ဘုံခက်းဆရာစဝ်၏သို့၊ ပျိုတပါးစဝ်သည်မထင်။ ။တောက်တဲ့-ဟူသော တိရစ္ဆာန်၏ အမည်ကိုထည်း တောက်တည့်ဟူသောစကားခွန်းကိုစွဲး၍. တွင်သည်-ဟူသည်ကို ထောက်လျှင် ည-သတ်ရေးထိုရင်းကဲ့သို့ရှိ၏။ဤကိုထောက်၍. တ-သက်သက် နောက်ပစ် အမြစ်ထံကား နည်းအံ့သည်။

ဝဆွဲးသော အရာ၌ထည်း အ-မမြစ်သံ, မြစ်သံ, ကွဲးသည်တွင် ယှဉ်တွဲးသည်၊ တွဲးထဝ်၊ တွဲးလျားဆွဲးသည် - ဟူသော အရာတို့သည် အ-မမြစ်သံတည်း။ ထိုတွင် တွဲး၏-ဟူသည်ကား အောက်၌ ဆိုခဲ့ပြီးသည်နှင့်အညီ ယှဉ်ပူးခြင်း အနက်တည်း။ တွဲးထဝ်, တွဲးလျား-ဟူသည်နှင့် တစိတ်ထူး၏။ တွဲး၏-ဟူသည်, တွဲးထဝ်-တွဲးလျား ဟူသည့်စကားခွန်းတို့သည် ဓိရာဝတ္ထုနှင့် စပ်ယှဉ်ပူတွဲးခြင်း အနက်အားဖြင့်ကား တူ၏။ ထိုတွင် တွဲး၏ ဟူသည်ကား ထက်ပါ ထက်ဝဲး ထက်အောက်မမှတ် အရပ် သင့်ရာယှဉ်တွဲးသည်ကို တွဲးသည်သာ ဆိုမိန့်ခြင်းဖြစ်၏။ ထိုနှင့်လျော်စွာ တွဲးဝိုးသည်-ဟူရာ၌ အထက်အတို့မှ ပူးယှဉ်ခြင်း။ နွားကျွဲးတွဲးသည်ဟူရာ၌ ထက်ပါ ထက်ဝဲး ယှဉ်ပူခြင်း၊ အိုးခွက်စသည်ကို တွဲးသည်ဆိုရာ၌ ထက်ပါ ထက်ဝဲး ထက်အောက်မမှတ် ဆောင်ရွက်သာအောင် ပူးတွဲးခြင်း၊ ဤသို့လျှင် တွဲး၏-ဟူသည်၌ အရပ်မမှတ်သာ ဖြစ်၏။ တွဲးထဝ် တွဲးလျား ဟူသည်ကား ဆွဲးသည်ဟူသော ဝေါဟာရနှင့် အညီ အောက်အတို့မှ ယှဉ်ပူးသည်သာ ဖြစ်၏။

"ကဝ်ထဝ်တွဲးလွဲး ဆွဲးလေကုန်"
"ဦးစောက်တွဲးထင်း၊ မြီးရင်း ကိုင်ဆုဝ်"
"နွားခြီမကြွင်း၊ ကြည့်မိလျင်းက၊ တွဲးထင်း ထည်းဆွဲး"
"ရှည်လျားတွဲးလွဲး၊ ဆိုင်းဆိုင်းဆွဲးသည်၊ ဖြင်ပြဲးရှစ်ရဝ်မျက်နှာတည်း-"
"ဘဝါးကြိုးခြင်း၊ တွဲးထင်းဝန်းဝိုက်-"

ဤသို့စသော စပ်ဟပ်ဆိုမိန့်ဟန်ကို နှလုံး သွင်း၍ တွေးလင်း, တွေးထျား, တွေးလွဲး-ဟူသည်တို့ကား အောက်အတိုမှ ဆွဲးသော စကားခွန်းဖြစ်၏။ ဤသို့ထျင် တွေးသည်ဟူသော စကားခွန်းနှင့် တွေးလင်း, တွေးထျား, တွေးလွဲး-ဟူသောစကားအရ တစိတ်ကွဲးဟန်ကို နှလုံးသွင်းရာ၏။

အမြစ်သောအရာကား နည်းအံ့သည်....“ရည်သွားရှိမဲ့၊ပြိုင်နိုင်းရဲ့၍့၊ လေးတွဲ့စာနာ။ ။ဂုဏ်လေးတွဲ့ကို၊ နိုင်းရဲ့စူးစမ်း”....ဟူ၍ စပ်သောအရာထင်၏။ ထို၌ထည်း လေးတွဲ့ဟူသော စကားခွန်းကို လေးလေးပင်ပင်၊ တွဲးတွဲးတွတွ၊ ထောက်ချင့်စာနာသည်ဟူသော အဓိပ္ပါယ်,လေးပင် တွဲးတွ၍့ ယူသင့်သောဂုဏ်ကို နိုင်းရဲ့စူးစမ်း ရှာမှီးလှမ်းသည်-ဟူသော အဓိပ္ပါယ် ရသင့်သောကြောင့် အ-မမြစ်သံ တွဲးတွဲးတွတွ ဟူသောအရ ဖြစ်သင့်၏။ အမြစ်သံ ဆိုလေသည်ကား ပြုံးသည်သာမဆို ပြုံ့သည်၊ ချဉ်သည်, ချိုသည်သာမဆို၊ ချဉ်ချဉ်ရှိသည်, ချိုချိုရှိသည် ဆိုဆို၏ အားမကြိုးလွန်းသောအရာ ထင်စေလိုခါ အမြစ်သံဆိုသည် ယူသင့်၏။ ။တကြောင်းထည်း မြစ်သံမူလကို အမြစ်ချေထျက် အမြစ်သံမူလမဟုတ်သည်ကို အမြစ်သံ၊ ဝိသဇ္ဇနီသံမူလကို ဝိသဇ္ဇနီသံမပါ၊ ဝိသဇ္ဇနီသံ မပါရင်းကို ပါစေထျက် ဆိုမိန့်ကုန်သည်ကား များစွ။ ထိုအရာကား စပ်အင်္ဂလိပ်ထည်းကောင်း သုတိသာရာသို့ငင်း ထိုက်ကုန်သကဲ့သို့ ရှိ၏။ ထိုသို့သော်ထည်း မူလအသံကိုဖော်၍့ အဓိပ္ပါယ်ယူရာ၏၊ ဤသည်ကို ထောက်၍့ တ-တွင်ဝ-ဆွဲးနောက်ပစ် အမြစ်သောအရာ နည်းအံ့သည်။

တဲ-ကာရန္တ ပြီးပြီ။

တော-တော့

၁၄၅-တမျည်း ဩကာရန္တဒ္ဒ ဓေါဟာရကို မြွေမြင်း

တော-ကာရန္တဒ္ဒကား သက်သက်တွင် အ-မမြစ်သံ, မြစ်သံမျှ ကွဲး၏။ ထိုတွင် အ-မမြစ်သံကား- တွေးတောသည်၊ သစ်သီးတော၊ ပန်းတော-စသည်။ ရွယ်တောသည်၊ ထောက်တောသည်-ဟူသော အရာတို့၌ ထင်၏။ ထိုတွင် တွေးတောသည် ဟူသည်၌ တွေးသည်-ဟူသော စကားသာ အရရှိ၍့၊ တောသည်-ဟူသောစကား အရမရှိ။ တော၏-ဟူသည်ကို အမြစ်သံအားဖြင့် တွေးထည်းတွေး၏။ တောထည်းတော၏ ဟူ၍့ ယူမူ အနက်ရကောင်း၏။ ဤ၌ တော၏-ဟူသည်ကား အချုပ်အထိုင်မဲ့ အလွတ်မထွေး ဆိုင်းတွသည်ကို တောသည်-ဆိုသည် ယူသင့်၏။ ဤတောအန္တ၌ အမြစ်သံသာ အရတွက်အံ့သို့ရှိ၏။

သစ်သီးတော၊ ပန်းတော-ဟူသည် တို့ဦးကား တောဟော ဝနံသဒ္ဒါ, အရည သဒ္ဒါ-စသည်ဖြင့် မာဂဓထင်သည်ဖြစ်၍ သစ်ပင်များစွာရောက်သော မြေအရပ်ကို ဝန, အရည-သဒ္ဒါတို့ဟော၏။ ထိုသဒ္ဒါတို့၏ အနက်ကို မြန္မာဘာသာ၌ 'တော' ဟူ၏။ ဤကိုထောက်လျှင် ဝေါကို နွား၊ မဟိသကို ကျွဲ-ဟူ၍ ခေါ်၏ဆို ခေါ်ဝေါကာမျှသော အမည်ထည်းယူသင့်၏။ အရထုတ်ထိုလျှင် အမြစ်သံယူ၍ ထူတို့ အား အသွားအထာ ထိုရာမရောက်ထည့် မြစ်တား၏သို့ ဆိုင်းတွစေသည်, တော့ စေသည်-ဟူသောအနက်ကိုယူလျှင် ရသင့်အံ့သို့ရှိ၏။ ။ရွယ်တောသည်, ထောက် တောသည် ဟူရာ၌လည်း ရွယ်သည်, ထောက်သည်ဟူသော စကားသာ အရရှိ၍ တောသည်-ဟူသောစကား အရမထွက်။ ပေါ်စေထိုသော် ယခင်ကဲ့သို့ အမြစ်သံ အားဖြင့် ရွယ်ထည်းရွယ်၏၊ ရွယ်တိုင်းမပြု။ ဆိုင်းသည်, တွသည်, တော့သည်-ဟူ သောအနက်၊ ထောက်သည်, ဆိုင်းတွသည်-ဟူသောအနက်။ ဤသို့ အမြစ်သံကြီ၍ အသင့်ယူမှု ရကောင်းအံ့သို့ရှိ၏။

ကန်တော့သည်, ပြုတော့, မူတော့-စသည်ဖြင့် တိုက်တွန်းသောအရာမှန်တော့ ဟူသော သစ်ပင်၏အမည် စသည်တို့ကား အမြစ်သံတည်း။ ။ကန်တော့သည်ဟူ သည်ကား အရှေ့ဘက် အရှင်ဥက္ကံသမာဃာ ဆရာတော်အကျော်သည် 'ကန်တော့' ဟူသည်ထွင် ကန်ကို န-သတ်ယူတော်မူ၍ လျှောကို ထို ဝါး, တက်, ထက်ဖြင့် ကျောက် ကန်ထွန်းလှန်၏သို့ အကုသိုလ်ကံကို ကန်၍ ကုသိုလ်ကံကို တော့သည်, တည်ရပ်စေ သည်-ဟူသော အရကို ယူတော်မူသည်။ * ဤ၌ ကန်-သည်ကား အကုသိုလ်၊ တော့သည်ကား ကုသိုလ်ကံဖြစ်၏။ ကန်ခြင်းကြိယာ၏ ကံပုဒ် အကုသိုလ်ကံ ဟူ၍, ထောင်းသည်။တော့ခြင်းကြိယာ၏ကံပုဒ်ကိုကုသိုလ်ကံဟူ၍, ထောင်းသည်။ကန်ခြင်း-တော့ခြင်း ကြိယာနှစ်ပါး ကံရချည်း။ အသီးအသီး ထျော်ရာကြီတော်မူသည်။

ကံတော့သည်-ဟူ၍, ကံကို သေးသေးတင် ယူလည်း သင့်ရာ၏။ ကံ၏အရကို ကုသိုလ်ကံယူလျှင် ပူဇော်ကံတော့ခြင်းကြောင့်ဖြစ်သော ထိုကုသိုလ်ကံကို မိမိ၌မြဲ စေသည်, တော့သည်-ဟူ၍, ယူသင့်၏။ အကုသိုလ်ကံယူလျှင် ပဒုဋ္ဌစိတ်ဖြင့် ပြစ်မှား ချေ၍, ဖြစ်သော အကုသိုလ်ကံသည် ဖြစ်ပြီးစေဘနာသာ ကံမည်၏။ထိုနောက်ထပ် ပွားခြင်းမရှိ၊ ရပ်တန့်စေသည်၊ အလျဉ်းမပြတ် ဖြစ်အံ့သော အကုသိုလ်ကို တော့သည် ဟူ၍,ယူမှု သင့်အံ့သို့ရှိ၏။

---

* မကျည်းကန်စား ဂဇဃ မင်းကြီး အမေး၊ ရှင်ဥက္ကံသမာဃာ အဖြေ ပေစာ။
ထျောက်ထုံး (ဂဇဃ မင်းကြီး ဒါ၊ ဝမ်း။

အလှူခံလာသော ရဟန်းတို့အား မလှူ၍ 'ကံတော့၏' ဆိုသည်မှာ အတိဿထ-ဟူ၍ ပါဠိရှိသည်။ ထိုပါဠိကို 'ဣတော အတိတ္တမိတ္တာ အည့်ဌာနံ ဣဿထ'ဟု အနက်ထင်အောင် ဆို၍ 'ဤအရပ်မှ လွန်၍ တပါးအရပ်ကို အလိုရှိပါ' ဟူသော အမိပ္ပါယ်ကိုဖော်ရာ၏။ ထိုအနက်ထည်း 'ကံတော့' ၏ ဟူသည်နှင့် အရအဆို ကွာဝေးသည်၊ အဓိအစွဲးမပြုသာ။

ဤ၌ အလှူခံလာသည်ကို မလှူရ၍ "ကံတော့ပါ၏" ဟူရာ၌ အဆိုနှင့်အရ ထျော်အောင် ဖော်လိုက်အံ့။ အလှူပေးသူ၏ နှလုံးသွင်းသည် အလှူခံလာသည်ကို မလှူရ ဃသော် မိမိအထံ အလှူခံခြင်းငှာ လာရသဖြင့်ငင်း ရပ်သဖြင့်ငင်း, ပန်းညောင်း လှည့်ကာ ဖြစ်ပေလေသည်။ ညောင်စေ့မျှသော ဒါနသည် ညောင်ပင်ခန့်သော ကောင်းကျိုးကို ရအံ့သည်ကို ထည်းကောင်း, ပစ္စည်းဥစ္စာ သေရာမလိုက် ဝိုက်၍ မလှူ အလုံးစုံ စုပုံလျက် ရှိရစ်ကာ ဖြစ်အံ့သည်ကို ထည်းကောင်း သတိမရ။ စားကာ ဝတ်ကာ ပျော်မြူးမွေ့လျှန်သော ငါ့အား၊ ကောင်းကျိုးဖြစ်အံ့သည်ကို ဆော်နိုးလို၍, အပန်းအညောင်းခံလျက် ငါ့အထံ ရပ်ခံပေသည်ကား ငါ့အား စီးပွားနှင်းပေးသူ ဖြစ်၏။ ထိုသို့လျက် မပေးမလှူရချေသဖြင့် ပေးသင့်ပေးအပ်သော် ညှော်သည်ဝတ်မှ သော်ထည်း မကျေ၊ စီးပွားနှင်းပေးသည်ကိုထည်း မျက်နှာ လွဲလိုက်၏ဟို့ ဖြစ်ခဲ့၏။ ငါ့အား စီးပွားနှင်းပေးအံ့သောသူသည် ငါ့စီးပွားကြောင့် ပန်းညောင်းကာဖြစ်သည်မှာ ငါ့အတာ ငါ့အခွင့်ဖြစ်ပေသည်ဟူ၍ မလှူရသော်လည်း အလိုက်သိစွာ 'ကံတော့ပါ၏' ဆိုခြင်းသည် မိမိကြောင့်ဖြစ်သော ပန်းညောင်းခြင်းကို အားနာသဖြင့် ထည်းကောင်း, ငါ့ကြောင့်ဖြစ်သော ပန်းညောင်းခြင်းသည် ငါ၌သော်ထည်း အပြစ်ရှိရာခဲ့အံ့ဟူသော နှလုံးရှိ၍ 'ကံတော့ပါ၏' ဟူသော ဆိုမိန့်ခြင်းဖြစ်သည် ယူသော်သင့်အံ့သို့ ရှိ၏။ အလှူပေးဟူသမျှ ဤကဲ့သို့ နှလုံးထားနှင့်မဆိုသော်ထည်း ထားသူထားရပေသည်ကို ထည်းကောင်း, စကား ရောက်ရှိဟန်ကို ထည်းကောင်း ဖော်ထိုက်သည်။

ပြိတ္တာ, မူတော့-ဟူ၍ ဆိုသော အရာကား 'ပြိလော' ဟူ၍ ဆိုသည်နှင့် မထူး။

"ပျက်ပြယ်ဆော့ကြော့၊ စောင့်ရှောက်တော့အံ့"
"မယ်ဖွားလျော့လျော့၊ သွားလေတော့ဟု"
"သခင်ပြည်လုံး-ချုပ်တော့လော....ရှင်မတို့ကို-အုပ်တော့လော-"

စသည်ဖြင့် စပ်ဟပ်သောအရာ ထင်၏။

မှန်တော့-ဟူသော သစ်ပင်၏ အမည်ကား....ပညတ်မျှသာတည်း။ "မှန်လျှင်မှန်ကူ၊ မှန်တော့ဟူသား၊ နံတူရင်းတည်-သီးသုံးမည်"....ဟူ၍ စပ်သည်မှာ အရှင်ရဋ္ဌ

သာရ ဆရာတော်သည် 'မှန်' ဟူသော စကားသုံးရပ် နံတူ အရင်းတည်နှင့် အညီ "ဖြောင့်တန်းတော့နေ မြဲမြံစေ" ဟူ၍ မှန်ကန် တော်ဖြောင့်ခြင်း အနက်ကို ရိပ်၍ အမိန့်တော်ရှိသည်ကား အကြောင်းတော်၍သာ မိန့်တော်မူသည်။ သဘောအား ဖြင့်ကား မှန်တော့ မှန်ထော့-ဟူ၍ တိုက်တွန်း ဆိုလိုသော အနက်ရင်း ဟုတ်ဖွယ် မထင်။

တော-ကာရန္တပြီးပြီ။

တော်

၁၄၆-တဗျည်း သြော်ကာရန္တ၌ ဝေါဟာရကို ပြခြင်း

တော်-ကာရန္တ၌ကား အတော်အသင့်ဆိုသော အရာ၊ အမိန့်တော် အမှာတော် စသည်ဖြင့် ဆိုသောအရာ၊ တိရစ္ဆာန်၏အမည်, တော်ဟူသောအရာ၊ နေရာ၏အမည် တော်-ဟူသောအရာ၊ မိန်းမတို့ အရိအသေ စကား တုံ့သော အရာ-ဤသို့ စသည်ဖြင့် တ-သက်သက် ဆိုမိန့်သော အရာသာ ထင်၏။ ထိုထွင် အတော် အသင့် ဆိုသော အရာကား နည်းမှတော်သည်, မတော်ကျင့်သည်, မတော်သစ္စာ, သူတော်-သူမတော် စသည်ဖြင့် ဆိုသောအရာ၌ မသင့်မမှန် ဆိုလိုသည်ကို မတော်၊ အသင့်အမှန်ဆိုလိုသည်ကို တော် စသည်ဖြင့် ဆိုသောအရာ ထင်သာပြီ။ ။အမိန့်တော် အမှာတော်-ဟူသည်၌ကား အရိအသေ ခေါ်ဝေါ်ကာမှ အရထူးမထွက်။ ထိုနှင့်ထျော်စွာ သာသနာတော်, တရားတော်,သင်္ဃာတော်,ရွှေမြို့တော်, ရွှေနန်းတော်-စသည်ဖြင့် ဆိုမိန့်ခြင်း ထင်၏။

တိရစ္ဆာန်၏အမည် တော်-ဟူသည်ကို အမည်မှသာ ဟူသင့်၏။ တော်မိ ရည်မိရာ သွားတတ်သည်၊ သစ်ဝါးဖီလာ ရှိသည်ကိုထျက် မလွဲးမယွင် ဥချိုဖြင့် လှန်၍ နောက်သို့ ပစ်ချတတ်သည့် အလေ့ဟူသည်ကို ထောက်ထျင် **တော်မိရာ** သွားတတ်သော အကြောင်းကို စွဲးရအံ့သို့ ရှိ၏။ ဤ၌ တော်၏-ဟူသည်ကား တည့်သည်-ဟူသော အနက်တည်း။ မတ်စွာသွားတတ်သည်၊ မယိမ်းမဖိတတ် ဆိုရဖွယ်ရှိ၏။

တော်-ကာရန္တ ပြီးပြီ။

ထ

၁၄၇–ထဗျည်း အကာရန္တ၌ ဝေါဟာရကို မြခြင်း

ထ-ကာရန္တဋ္ဌကား ထသက်သက်အားဖြင့် ထိုင်သည်, ထသည် ဆိုသောအရာ၊ အထုအထဆိုသောအရာ၊ အနှာအထ ယူသည် ဆိုသောအရာ၊ ခြင်ထောင်စသည်တို့ဝယ် အထ-ဆိုသောအရာ ဤသို့စသည်တို့၌ ထင်၏။ ။ထိုထွင် ထိုင်သည်၊ ထသည်-ဆိုသောအရာကို ဌာဓာတ်၏ အနက် ရပ်ခြင်းသဘောကို စွဲ၍ ဝါဋ္ဌနှင့်ထျော်စွာ ဌဝမ်းဘဲး အသ္ဌိရေးကုန်၏။ သသောအားဖြင့်ကား တော်မိသည်သာ။ ဌာဓာတ်အနက်သည် ရပ်ခြင်း, ထိုင်ခြင်း, နေခြင်း, တည်ခြင်း-ဟူ၍ အသီးအသီး မြမွာမှုများလတ္တ။ ထိုင်သည်ကိုလည်း ဌဝမ်းဘဲး။ တည်သည်ကိုလည်း ဌဝမ်းဘဲ ရေးရလေအံ့သို့လည်း ရှိသည်။ မြမွာမှု၌ ထဆင်ထူးသာ အသုံးထင်သည်။ ဝါဋ္ဌထျောက် ဌဝမ်းဘဲးရေး၍ မကျွမ်းသူ ရေးခက် ဖတ်ခက်လည်း ရှိပလေသည်။ ထဆင်ထူးရေးသည်မှာ မသင့်ဆိုကောင်းအံ့သော အရာလည်း မထင်။ အတွင်လည်း ရှိထေသည်။ ဤကိုထောက်၍ ထဆင်ထူးအရကိုပင် နှစ်သက်ပေသည်။

အထုအထ-ဟူသည်၌ကား အထု-ဟူသော စကားသာ အရရှိ၍၊ အထ-ဟူသည်ကား ယှဉ်ဖက်ကာမျှကဲ့သို့ ရှိ၏။ ။အနှာ အထ ယူသည်-ဆိုသော အရာ၌ကား အပြစ်အဆာကို ဖွေနည်း၍ အရအကျဖမ်း၍ ယူတတ်သည်ကို ဆိုသောအရာဖြစ်၏။ ထို အရ အကျဖမ်း၍ ရသော အချင်းအရာသည် အရအနက်ပင်၊ ထိုအရအနက်ကို အထွဋ္ဌဒေါဟာသည်ဖြစ်၍ မာဂဓဘာသာနှင့် မြမွာဘာသာယှဉ်တွဲ၍ အထ ဟူသည်ကား မာဂဓ, အနှာဟူသည်ကား မြမွာဘာသာ ဖက်ယှဉ် ဆိုမိန့်သကဲ့သို့ ရှိ၏။ လုံထဟူသည်ကား မြမွာမှ, ဝိရိယ ဟူသည်ကား မာဂဓ, ထိုကိုဖက်၍ လုံထ ဝိရိယ ဟူ၍ ဆိုမိန့် သည်နှင့် တူတုံ၏။ ဤကို ထောက်ထျင် အထ္ထဟူ၍ 'တ-စီးထျက်' ရေးထိုရင်း၊ ရေးလွယ်ဖတ်လွယ် တ-စီးကျေ၏သို့ ရှိ၏။

ခြင်ထောင် စသည်တို့၏ အထ-ဟူသည်၌ ပညတ်ကာမျှလည်း ဟူသင့်၏။ ခြင်ထောင်စသည်တို့၏ အထောင့် အယွန်းသည် ဝိဝိပျပ်ပျပ် ဝပ်ထျက် ရှိသည်ကို ယွန်းယွန်းစားစား၊ မားမား ကြွကြွ၊ အထောင့် အယွန်း၊ ပြက်ပြက် ထင်ထင် ပေါ်စေ ထစေသော ဝါဆောင်းယော်၏ အမည်ဖြစ်သည်ကို ထောက်ထျင် ထစေတတ်သော ကြောင့် 'အထ' ဆိုသည်ပင် ယူကောင်း၏။

ထ-ကာရန္တ ပြီး၏။

ထာ-ထွာ

၁၄၈-ထမျည်း အာကာရန္တဋ္ဌ ဝေါဟာရကို ပြခြင်း

ထာ-ကာရန္တဋ္ဌကား သက်သက်ထည်းကောင်း, ဝဆွဲးထည်းကောင်းထင်၏။ ထိုတွင် သက်သက်ကား စကထာ၊ စထထာ-ဟူသော ဝေါဟာရတို့ဋ္ဌ ထင်၏။ ထိုတွင် စကထာ-ဟူသည်ဋ္ဌ စကား၏အရအနက်ဟူ၍, ဆိုထိုသော အရာကဲ့သို့ ရှိ၏။ ထာ-ဟူသော ဝေါဟာရကား မြွာမှုဋ္ဌ အရမထွက်။ ထိုကြောင့် အရအနက်ကို ဟောစွမ်းနိုင်သော အတ္ထသဒ္ဒါဟူ၍, တ-စီးထျက် ရေးထိုရင်းကို ယခင်ကဲ့သို့ ကျေထေသည်။ စကားဟူသည် မြွာမှု, အတ္ထဟူသည် မာဂဓစပ်နှောဂ်၍, ဆိုမိန့်ကုန်သည် ထည်းကောင်း ယူသင့်၏။

စထထာ-ဟူသည်ထည်း သစ်ပင်၏အမည်မျှသာ ဖြစ်သင့်၏။ "စထထာကို၊ သူ့မှာအထို၊ ခေါ်ဆိုသာမော၊ စထထော-" ဟူသည်ကို ထောက်ထျင် မွန်မျိုးတို့မှာ စထထော် မည်ရင်းကဲ့သို့ ရှိ၏။ မွန်တို့ကား ရွှေကို ထော-ဟူ၍, ဆိုသည်။ ထိုပန်းသည် ဝတ်ဆံမျှသော်ထည်း ရွှေရောင်စွန်းသည် ယူဖွယ်ရှိ၏။ စထ-သဒ္ဒါကား လှပ်ရှားခြင်းအနက်၊ ထိုနှင့်လျော်စွာ ပွင့်ချပ်နူးညံ့သဖြင့် လေညှင်းခတ်ထျင် တုန်လှုပ်လွယ်သည်သော်ထည်း ဖြစ်ရာ၏။ ပန်း၏လက္ခဏာနှင့် ချင့်၍, ဆင်ခြင်။

ဝဆွဲးသောအရာကား ပန်ထွာသည်၊ အတောင်အထွာ ဟူသည်ဋ္ဌထင်၏။ ထိုတွင် ပန်ထွာသည်-ဟူသည်ကား သူဟောင်းတို့၏ ဝေါဟာရတည်း။ အခွင့်ကို ပန်သည်ဟူသောအနက်ပင်။ ။ထိုကိုပန်ထွာသည်ဟူ၍, ထွာ-ဟူသောစကားခွန်း ပွားကာမျှသာ အရထူးမထင်။ ထို ထွာ-ဟူသော ဝေါဟာရသည် အခွန့်ကို နှိုင်းရည်ရာဋ္ဌ တဆယ့် နှစ်လက်သစ်အခန့်, အတောင်၏ ထက်ဝက်ခန့် ပမာဏကို ခေါ်ဝေါ်ပညတ်ကာမျှသာ ဖြစ်သင့်၏။

ထာ-ကာရန္တ ပြီးပြီ။

———

ထိ

၁၄၉–ထပျည်း ဣကာရန္တဒ္ဒ ဝေါဟာရကို ပြခြင်း

ထိ-ကာရန္တဒ္ဒကား ထိခိုက်သည်ဟူသော အရာမျှသာထင်၏။ "လက်မျှမထိ၊ မြေးသို့ ကျိသား။ ။သဘောထိထိ၊ ဆိုရိုးမိလျက်။ ။ကာလမထိ၊ ထိုသို့ရှိလျက်၊ မထိဖျားနာ"....စသည်ဖြင့် အဆိုအမိန့်ထင်စွ။ ဤဒ္ဒ ထိခြင်း ဟူသည်ကား ခိုက်ခြင်း, စပ်မိခြင်း အနက်တည်း။ ။

ထိ-ကာရန္တ ပြီး၏။

ထီ–ထီး

၁၅၀–ထပျည်း ဤကာရန္တနိုက် ဝေါဟာရကို ပြခြင်း

ထီ-ကာရန္တဒ္ဒကား ဝိသဇ္ဇနီ မပါသံ, ပါသံမျှကွဲး၏....."ဗာရာဏသီ၊ပြည်ပုရိကို၊မထီရုံစိုး။ ။ကရဲကသီ၊မထီမဲ့မြင်"စသည်ဖြင့်လည်းကောင်း၊" ရှစ်ဆယ်ကုဋေ၊ မျက်ရွေဒွေကို၊ မထေလေးစား။ ။ပလ္လင်ဝန်းခွေ၊ ရှင်တော်နေသို့၊ မထေအောက်ခွေ။ ။ထံတော်မကွေ၊နေရပေ၏၊ မထေမဲ့မြင်"....စသည်ဖြင့်လည်းကောင်း မလေးမခန့် မခိုင်းမနိုင်း ဟူသောအနက်ကို 'မထီ' ဟူသောအရာ၊ 'မထေ' ဆိုသော အရာထင်၏။ ထိုသို့သော်လည်း အသံမျှသာ၊ အရမထူး။ ရေကိုပင် ရီ-ဆိုသကဲ့သို့ ကောရန္တ,ဤကာရန္တ မပြားဆိုသည် ယူသင့်၏။

ဝိသဇ္ဇနီအသံကား အထီးကျန်သည် ဆိုသောအရာ၊ အမအထီး ဆိုသောအရာ၊ ထီးယမားဆိုသောအရာတို့၌ ထင်၏။ ထိုတွင် အထီးကျန်၏-ဟူသည်ကား-အဖော်မဲ့ တယောက်အထီး ဆိုလိုသော အရာတည်း။ ကိုယ်ထီးကျန်သည်, ကိုယ်ထူးကျန်သည်ဟူ၍, မပြားဆိုမိန့်သည်ထင်၏။

"ထင်လည်းမနီး၊ ချစ်အားကြီးသည်၊ မယ်ထီး တလွမ်းလွမ်း တကား"
"မူဆိုးမကြီး၊ ဖြစ်ခဲ့ပြီးလျက်၊အထီးကျန်စွာ"
"ငုံကြလည်ဦး၊ ကိုယ်လိုထူးဖြင့်၊ စူးစူးခုံမင်"
"ရှိခိုင်ရပ်ထူး၊ ဝဲကူးတဝက်"
"ပျဆောင်ကိုယ်ထူး၊ ဖော်မဖူးတည်း၊ တိမ်ဦးရှာစား"

"ထစ်ရွာမမြူး၊ တန်ပါဦးလော၊ ကိုယ်ထူးဖော်နည်း"
"မယ်လည်းမယ်ထူး၊ ပျောင်းတိမ်းမူး၏-"

ဤသို့စသည်ဖြင့် မယ်ထီး-ဟူ၍ လည်းကောင်း, ကိုယ်ထူး-ဟူ၍ လည်းကောင်း စပ်သည်လည်း ထင်၏။ ထိုသို့သော်လည်း အရမကဲ့သင့်, ကဲ့သင့် နှစ်ထွေထင်၏။ ။ကိုယ်ထီး-ဆိုသောအရာကား အဖော်မဲ့ အထီးကျန်သည်ကို ဆိုသောအရာ၌သာထင်၏။ ကိုယ်ထူး-ဆိုသောအရာကား ကိုယ်ထူးကိုယ်ချန်၊ အထူးအခြား၊အထူးအဆန်းပြုသည်ကို ဆိုသောအရာလည်း ထင်သည်။ ပျိုလက်ပိုင် အရသဘောကို ဆင်ခြင်လျှင် သိသာလေအံ့။

အမအထီး-ဆိုသောအရာ၌လည်းတန္ဓယ်မပွားတတ်။ကိုယ်ထီးဆိုသောစကားအရှင့် မကဲ့သင့်သည်ပင်ဖြစ်၏။ ။ထီးယမား-ဆိုသောအရာ၌ကား မိုးအစ, ဆောင်းအစသော ဝတ္ထု၏ အမည်ပညတ်မျှသာလည်း ဟူကောင်း၏။ အရိုးအတံ တချောင်းတည်းဖြင့် အထီးတည်း အမိုးဖြစ်သည်ကိုစွဲ၍ အနက်ယူလျှင် ရကောင်းအံ့သို့ရှိ၏။ စပ်အင်ကား တွေ့မြင်လွယ်အံ့သည်။

ထီ-ကာရန္တပြီး၌။

ထု

၁၅၁-ထဗျည်း ဥကာရန္တနှိုက် ဝေါဟာရကိုပြခြင်း

ထု-ကာရန္တ၌ကား ထုပစ်သည်, ထောင်းထုသည် ဆိုသောအရာ၊ အနံ အထု ဆိုသောအရာ၊ အထုအထ ဆိုသောအရာ-ဤသို့ စသည်တို့၌ ထင်၏။ ထိုတွင် ထောင်းထုသည်-ဟူသောအရာ၌ ထုအပ်သော ဝတ္ထုကို ကျေပျက်နာကျင်စေလို၍ -ချင်း၊ ငြုတ်စသည်တို့ကို ထောင်းထုသည်၊ အရှပ်အသွင်ဖမ်းလို၍ ဆောက်,လက်သည်းစောင်းစသည်တို့ဖြင့် သစ်ပျဉ်စသည်တို့ကို အရှပ်ထုသည်၊ ဤသို့ ကျေပျက်နာကျင်စေလို၍ ထုခြင်း,အရှပ်အသွင်ဖြစ်စေခြင်းငှာ ထုခြင်းဟူ၍ ကဲ့သေသော်လည်း မထိုအပ်သော ဆောက်စာတို့ကိုကျေပျက်စေသည်ပင်ဖြစ်၍ ထုပစ်ခြင်းသဘောတူ၏။ ။အနံအထု-ဆိုသောအရာကား စောက်အမြင့်ချင့်ထို၍ ဆိုသောစကားခွန်းမျှသာတည်း။ ။မြေထု၊ ရေထု၊သစ်ထု၊ပျဉ်ထုထုပ်လျောက်အထု-စသည်ဖြင့် အဆိုအဓိန္ဓထင်စွ။

အထုအထ-ဆိုသော အရာ၌ကား များသည်ကိုရည်၍ ဆိုသောအရာ ဖြစ်၏။ ဤ၌-

"ကြီးငယ်ဗိုလ်ထု၊ ပြိုင်ဆွယ်ပြုသော်"
"ထေရေမြေထု၊ မေရုဟို"
"မြေထုနဂိုရိ....ဝေဠုအညိ"

စသည်ဖြင့် စပ်ဟပ်ရာ၌၊ ဗိုလ်အထု ဟူသကို 'များသောဗိုလ်' ဟူ၍ ယူ ရအံ့သို့ရှိ၏။ ။ထေရေမြေထု-ဟူသည်၌ကား အထုထူသဖြင့် များသည်ကိုထောက်၍ ထေရေမြေအထုအထရှိသည်ဟူ၍ ထည်းကောင်း၊ စောက်အမြင့်အားဖြင့်ယူဇနာနှစ်သိန်း ထေးသောင်းသော မြေအထု၊ ထေးသိန်း ရှစ်သောင်းသော ရေအထု၊ ကိုးသိန်း ခြောက်သောင်းသော လေအထု-ဟူ၍ စောက်အမြင့် အထုကိုဝင်ယူလည်း သင့်အံ့သည်ဖြစ်၏။ ဤသို့ထျင် အထု-ဟူသော စကားခွန်းကို များသောအနက်, အမြင့်အစောက်ဟူသောအနက်-သင့်ရာယူထိုက်၏။ ပျိုကျာတို့၌ အရကိုထောက်၍ အနက်တပါးသင့်, နှစ်ပါးသင့် ထင်သာလေအံ့။ ကျယ်အံ့စိုး၍ မဖော်ထိုက်သည်။

ထု-ကာရန္တပြီးပြီ။

ထူ-ထူး

၁၅၂-ထမျည်း ဦကာရန္တ၌ ဝေါဟာရကိုပြခြင်း

ထူ-ကာရန္တ၌ကား ဝိသဇ္ဇနီပါသံ, မပါသံကဲ့၏။ ထူထောင်သည်၊ ထူထဲးသည်-ဆိုသော စကားခွန်းသည် ဝိသဇ္ဇနီမပါသံတည်း။ ဤ၌ ထူ၏ ဟူသည်ကား လည်းသော၀တ္ထုကို ထစေခြင်း အနက်တည်း။ ထိုကြောင့် သစ်ကို ထူသည်, သစ်ကိုထစေသည်-ဟူသောအနက်အားဖြင့် ကာရိုက်ကံ ရသင့်သည်သာ ဖြစ်၏။ တောင်သို့ထူသည်, မြောက်သို့ထူသည်ဟူ၍ ဓာတ်ကံရမူ-သစ်ကို တောင်သို့ ထူသည်ဟူသော ကာရိုက်ကံနှင့်သော် ကံနှစ်ခုဖြစ်လေ၏။ ထိုကြောင့် ထစေခြင်း ဟူသောကာရိုက်အနက်တည်း။ "ထိုသို့သထူ၊ ချီထူသာသနာ" စသည်ဖြင့် စပ်အင်ကား ထင်၏။ ။ထူထဲးသည်-ဆိုသောအရာကား အထုအားကြီးသည်ကို ဆိုသော အရာတည်း။

"ဖြင်ပည်းပြောထူ၊ လူအဂ္ဂန်းနှင့်"
"ရှင်မ တမူ၊ ကုသိုလ်ထူ၍၊ မပူမဆာ"
"စည်းစိမ်ထူပြော၊ နတ်နှင့်လျော်သာ-"

စသည်ဖြင့် အစစ်အဟပ်ထင်စွ။ ထိုဥအရင်းအမြစ် (အချင့်အမြင့်?) အားကြိုးသည်၊ အထူထူသည်ဟူသော အနက်ရသင့်၏။

ဝိသဇ္ဇနီပါသောအသံကား ယခင် ကိုယ်ထူးဆိုသောအရာ၊အဆန်းအထူးဆိုသော အရာ၊ ဆင်တိုအား နှောင်ဖွဲ့သောကြိုးကွင်း၏အမည်ထူးဆိုသောအရာ၊ ထူးတွင်း,ထူးပေါက်ဆိုသောအရာတို့၌ ထင်၏။ ။ထိုတွင် ကိုယ်ထူး,အဆန်းထူး ဟူသည့်စကားခွန်းတို့ကို ဆိုခဲ့ပြီ (ထီး-မှာ ပြန်ကြည့်လေ)။ ။ကြိုးကွင်း၏အမည်ကို ထူး-ဆိုသော အရာကား ဆင်တိုအား နှောင်ဖွဲ့သောကြိုးကွင်း၏အမည်၊ ဆင်၌စွဲးရင်း ဝေါဟာရ ဖြစ်၏။ ထိုနှင့်တူစွာ တချက်တည်း ရစ်ပတ်သည်တွင် တင်းကြပ်စေလို၍ အထပ်၌ ကန့်၍ ပတ်ပြန်သည်ကို "ထူးသတ်သည်၊ ထူးထည့်သည်-" ဟူသော ဆိုမိန့်ခြင်းဖြစ်ပြန်၏။ ထိုနှင့်တူစွာ အထပ်၌ခြား၍ ဝ-နှစ်လုံးပူးယှဉ်၏သို့ ရေးသောဝဏ္ဏကိုထည်း အရိပ်အသွင်မျှကိုစွဲး၍ ထ-ဆင်ထူးဟူသောအမည်၊ အထပ်ကို သန်း၍ ဆင်ထူးသဖွယ်ကွင်းပတ်၍ စီးသောမြင်းသည်တို့၏ စီးနည်းကိုထည်း ဆင်ထူး-ဟူ၍ ဆိုမိန့်ခြင်းဖြစ်ပြန်၏။ ဤသို့ ဆင့်ကဲစွဲးမှတ် ခေါ်ဝေါ်သောအရာကား များလေအံ့။ဆိုပြီး ဆိုလတ္တံ့သည်တို့၌ ဝေါဟာရမူလကိုထောက်၍ ကုန်တန်သည်, ကျန်တန်သည်ကို နှလုံးသွင်းရာ၏။

ထူးတွင်းထူးပေါက် ဆိုသောအရာ၌ကား ထူး-မည်သော တိရစ္ဆာန် ရှိသည် ထူးတိရစ္ဆာန်၏ တွင်းဖြစ်၍ ပွေးတွင်း,ကြွက်တွင်းဟူသကဲ့သို့ 'ထူးတွင်း' ဆိုသည်ဟူ၍ အချို့ယူကုန်သည်ကား အကယ်၍ ထူး-တိရစ္ဆာန် ရှိသည်မှန်လျှင် ထိုတွင်းထည်း လူစနိုးရာ အများထင်သည်။ ထိုတိရစ္ဆာန်၏ အသွင်ကို တွေ့မြင် ဘူးသူ အများရှိသင့်ဆည်။ မြင်ဘူးသည်ဟူ၍မှ မကြားစဖူး၍။ ထိုကြောင့် ယူပေသည်ကား....ကြွက်ပွေးစသော တိရစ္ဆာန်တို့ တွင်းဖောက်လေသည်ဖြစ်၍ ငင်း၊ မြေညှံရာ ရေကျုံးစားလေ၍ ငင်း တွင်းဖြစ်လေလျှင် ရေယဉ်ထပ်တိုး၍ ကျလေ တွင်းဖောက်ထေဖြစ်၍ တွင်းငယ် ကျင်းငယ်ဖြစ်လေလျှင် ကြွက်တွင်းထည်း မဟူကောင်း၊ပွေးတွင်းထည်း မဟူကောင်း၊ ဟောင်းမြင်းသော တွင်း၏အမည်ကို "ထူးတွင်း" ဟူ၍ သူဟောင်းတို့ ဆိုရိုးပြုလေသည်သာ ဖြစ်သင့်၏။

ထူ-ကာရန္တပြီးပြီ။

ထေ-ထေး-ထေ၊ ထွေ-ထွေး

၁၅၃-ထမျည်း ကောရန္တ၌ ဝေါဟာရကိုပြခြင်း

ထေ-ကာရန္တ၌ကား ထ-သက်သက်၊ ဝဲသွဲးထင်၏။ ထိုတွင်သက်သက်၌ ဝိသဇ္ဇနီမပါသံ့, ပါသံ့အမြစ်သံ့ ရသင့်၏။ ထိုတွင်ယခင် မထေလေးစား-ဟူသောအရကား ဝိသဇ္ဇနီမပါသံ့တည်း။ ထို၌အရကိုဆိုခဲ့ပြီ။ "တော်လည်း ဤမြေ၊ ကမ္ဘာဝေ၌၊ မထေထောင်ထား" ဟူ၍ စပ်သောအရာလည်း ဤမထေလေးစားဟူသော အနက်ပင်ဖြစ်သင့်၏။ ဤမှတပါး ထေ-ဟူသော ဝေါဟာရ နည်းအံ့သည်။

ဖာထေးသည်-ဟူသော ဝေါဟာရကား ဝိသဇ္ဇနီသံ့တည်း။ ထို၌ အမြစ်သံ့ မူလကဲ့သို့ရှိ၏။

"တထေ့ထေ့လျှင်၊ ကျင့်လေ့စေချင်" ဟူ၍ဂုဏ်း။
"တစမရွှေ၊ သံ့ကျည်းထေ့သို့၊ စေ့စေ့စိပ်စိပ်"

ဟူ၍, မြစ်သံ့ဆိုမိန့်သောအရာကိုလိုက်၍, သဘောယူအံ့။ ကျည်းစသော ဝတ္ထုနှစ်ခုတို့၏ အစေ့အစပ်ဖြစ်သည်ကို တွေ့သည်၊တွေ့သည်ဟူသောဝေါဟာရကို တွေ့စေသည်ဟူသော ကာရိုက်အနက် ထင်စေလိုခါ ထေ့သည်၊ ဤကိုရည်၍ "သံ့ကျည်းထေ့သို့၊ စေ့စေ့စိပ်စိပ်" ဟူ၍ဂုဏ်း၊ မပြတ်မလပ် စသည်ကိုရည်၍ တထေ့ထေ့လျှင်၊ ကျင့်လေ့စေချင်" ဟူ၍ဂုဏ်း ဆိုမိန့်ခြင်းဖြစ်သည်။ ထိုအမြစ်သံ့ကို စပ်အင်္ဂါဂုဏ်း သုတိသာရာဂုဏ်း လိုက်၍, မြစ်သံ့မဆို ဖာထေးသည်ကို 'လေ့ကိုလည်းထေး' စသည်ဖြင့် စပ်ဟပ်ဆိုမိန့်ကုန်သကဲ့သို့ရှိ၏။ ဆင်ခြင်ပါ။

ဝဲသွဲးသောအရာ၌ကား....အထူးအထွေဆိုသောအရာ၊ အကြောင်းအရာ ထွေဆိုသောအရာ၊ ကစားခြင်း၌ ထွေ-ဟူသောအမည်၊ ငထွေဟူသော ငါး၏အမည်တို့၌ ဝိသဇ္ဇနီသံ့မပါထင်၏။ ရှက်ထွေးသည်ဆိုသောအရာ၊ သားထွေး,သမီးငယ်ထွ ဆိုသောအရာတို့ကား ဝိသဇ္ဇနီပါသောအသံ့တည်း။ ထိုတွင် အထူးအထွေဆိုသောအရာကား ထူးသည် ထွေသည်-ဟူသော စကားအရ မကွဲး-

"မိုးက ထွေထည်တိသောကြောင့်"
"ရွှေးနှင့် မထူးထွေသောကြောင့်။ ။ထွေဆန်းတဖျင့်"

စသည်ဖြင့် စပ်ဟပ်ဆိုမိန့်သောအရာတို့၌ တထွေတထူးဆိုလိုသောအရာဖြစ်၏။အထွေထွေ အပြားပြား၊ ထွေထွေထာလာ၊ အထွေအရာဟူ၍ ဆိုမိန့်သည်များလည်း အထူးတထွေ ဆိုသောအရာချည်းဖြစ်၏။

အကြောင်းအရာကို ထွေ-ဆိုသောအရာကား....

"မိန့်တော်ထွေကို၊ ရိုသေရှုံကြောက်"
"နှုတ်နာက်ကြောက်သရေ၊ မိန့်တော်ထွေဖြင့်၊ ရေ၌အရာ"
"ထွေသံမဆန်မငြင်းတည်း။ ။လိုက်လျောညီထွေ-ကျင့်တတ်စေ"

၌သို့စသည်ဖြင့် ထွေ-ဟူ၍ စပ်ဟပ်ဆိုမိန့်သောအရာတို့၌ကား ထူးသည်,ထွေသည် ယူသင့်အံ့သို့ မရှိ၊ အကြောင်းအရာမျှကိုပင် အထွေ-ဆိုသည် ယူရအံ့သို့ရှိ၏။ ။ ကစားသော-ထွေ၊ ငထွေဟူသောငါး၏အမည်တို့ကား ပညတ်မျှသာဖြစ်သင့်၏။

ဝိသဇ္ဇနိသံ၌ ရုက်ထွေးသည်ဆိုသောအရာကား လုံးမိ-စုမိသည်ဟူသော အနက်တည်း။ ၌ ထွေးသည်ဟူသောအနက်ကိုစွဲ၍ ဗိုင်းထွေး, ချည်ထွေးစသည်ဖြင့် ဆိုခြင်း မိန့်ခြင်းဖြစ်၏။ ချည်ထွေးနှင့်အသွင်တူကာမျှကိုစွဲ၍ အုန်းဆန်,အုန်းညောက်မျှကိုလည်း 'ဆန်ချည်ထွေး'ဆိုမိန့်ခြင်းထင်၏။ ။တံတွေးထွေးသည်-ဆိုသော အရာလည်း ခံတွင်းမှအလုံးအထွေးဖြစ်စေ၍ စွန့်အပ်သောအရာပင်ဖြစ်၏။ထိုသို့ တံတွေးကို ခံတွင်းမှလွှင့်သို့ထုတ်ခြင်းအမှုကိုလည်း သုတိသာရာလိုက်၍ ထွေးသည်ပင် ဆိုမိန့်ခြင်းဖြစ်၏။

လူမည် ငထွေး-စံထွေးဟူ၍ မှည့်ဆိုသောအရာလည်း ထွေးလုံး စုပုံခြင်းအနက်ကိုပင် ရည်သည်ဖြစ်၏။ သားထွေး, သမီးထွေး, မိထွေး, ဖထွေး-ဟူသည်တို့၌ကား အဝယ်အနှောင်းဖြစ်သော သားသမီးတို့၏အမည် အမိ အဖမှထောက်၍ အရာအားဖြင့် အဝယ်အနှောင်းဖြစ်သောသူတို့၏ အမည်မျှသာ ယူသင့်၏။ သားချင်းတို့ကို ထွေးမိ လုံးမိစေသည်ဟူသောအရကိုစွဲး၍ ယူကောင်းအံ့သို့လည်းရှိ၏။ စပ်အင်ကား တွေ့မြင်လွယ်အံ့။

ထေ-ကာရန္တ ပြီးပြီ။

ထဲး-ထွဲး

၁၅၄-ထဗျည်း အဲးကာရန္တ၌ ဝေါဟာရကိုပြခြင်း

ထဲး-ကာရန္တ၌ကား သက်သက်ဂုဝ်း, ဝဆွဲးဂုဝ်း ထင်၏။အဖော်အထဲဆိုသောအရာကား သက်သက်ဖြစ်၏။ မထွဲး-ဟူသောအရပ်၏ အမည်ကား ဝ-ဆွဲးသောအရာတည်း။ ဤ၌ နောက်ပစ် အမြစ်သံမထင်၊ သိသာပြီ။

ထဲး-ကာရန္တ ပြီးပြီ။

ထော-ထော်

၁၅၅-ထဗျည်း ဩော်ကာရန္တ၌ ဝေါဟာရကို ပြခြင်း

[ထော-ကာရန္တ၌ကား ဝေါဟာရမထင်]။

ထော်-ကာရန္တ၌ကား "အစထော်လော်၊မြော်သာအကြိုက်။ [1] ။ထိုဝယ်မလျော်အဖြစ်မြော်သား၊ ထော်လော်လုံးစုံ" စသည်ဖြင့် အစထော်သည်, ထော်လော်ထသည်ဟူ၍ စပ်ဆိုသော အရာတို့၌ ထင်၏။ ထို၌ ထော်၏-ဟူသည်ကား အငေါ် အဂု ထသည်, ထွက်သည်ဆိုသောအရာပင်ဖြစ်၏။

ထော်-ကာရန္တပြီးပြီ။

နဲ

၁၅၆-နဗျည်း အကာရန္တ၌ ဝေါဟာရကို ပြခြင်း

နဲ-ကာရန္တ၌ကား စနဲသည်၊ ရှနဲသည်၊ ဝါး၏အမည် သန-စသည်ဖြင့် နဲ-သက်သက်သာထင်၏။ ထိုတွင် စန-သည်၊ရှန-သည်ဆိုသောအရာတို့သည် အောက်၌ဆိုခဲ့သည်နှင့်အညီ၊ စသည်-ရှသည်-ဟူသောစကားသာအရှိ၍

---

၁ လောသာ * ၃၉။ "အစထော်လော်၊ ပေါ်သည်အကြိုက် (ပေါ်သည်အခိုက်)။"

နှ-၏ အရမရှိ၊ ပြေပြစ်ရုံဖက်ကာမျှထည်း ယူသင့်၏။ ရှနာ-၏ ဟူ၍ ရှသည်၊ နာသည်ဟူသောအနက်ကို ယူသင့်သကဲ့သို့ထည်းရှိ၏။ ။ဝါး၏အမည် သနှ-ဟူသည်ကား ပညတ်ကာမျှတည်း။

နှ-ကာရန္တ ပြီးပြီ။

နာ

၁၅၇-နမျည်း အာကာရန္တဒ္ဒ ဝေါဟာရကို ပြခြင်း

နာ-ကာရန္တဒ္ဒကား ကြင်နာသည်, နာကျင်သည်,နာခံသည်-စသည်ဖြင့် နသက် သက်မျှသာထင်၏။ ထိုတွင် ကြင်နာသည်, နာကျင်သည်-ဆိုသော စကားအရသည် တစိတ်မျှကွဲးသင့်၏။ ။ကြင်နာ၏-ဟူသည်ထည်း နှထုံး ပင်ပန်းခြင်း၊ နာကျင်၏- ဟူသည်ထည်း ကိုယ်စိတ် ပင်ပန်းခြင်းဖြစ်၍ ပင်ပန်းခြင်းသဘောအားဖြင့် တူအံ့သို့ရှိ၏။ ။ကြင်နာ၏-ဟူသည်ကား စိတ်၏ ပင်ပန်းခြင်းမျှသာ၊ စိတ်ရှိသော သတ္တဝါတို့၏ သဏ္ဌာန်၌သာ ထင်သည်။ နာ၏-ကျင်၏- ဟူသည်ကား သစ်ဝါး လုံကန်စသော စိတ်မဲ့၌သော်ထည်း လျှနာသည်, လှည်းနာသည်-စသည်ဖြင့် ဆိုသောအရာထင်သည်။

တကြောင်းထည်း ကြင်နာ၏-ဟူသည်ကား၊ ချစ်ခင်စုံမက်ခြင်းသဘော၊ နာကျင်၏-ဟူသည်ကား မခံသာသော ဆင်းရဲခြင်းသဘော ဤဆိုထည်း ကွဲးအံ့သည်။ ။ တကြောင်းထည်း ကြင်နာ၏-ဟူသည်၌ ကြင်သည်-ဟူသော စကားခွန်းဖက်ထျက်သာ၊ နာ၏ဟူ၍ သက်သက် ဆိုမိန့်သည်မထင်။ ကြင်၏-ဟူသည်၌ထည်း ချစ်သည်, ကြင်သည်ဟူသော အနက်အားဖြင့် ရစ်၍ ရေးလိုသည်။ နာကျင်သည်-ဟူရာ၌ကား ကျင်သည်ဟူသော စကားခွန်းမဖက်၊ နာသည်-ဟူ၍ သက်သက် ဆိုမိန့်သည်ထည်း ထင်၏။ ကျင်၏-ဟူသည်၌ထည်း နှံသည်, ကျင်သည်-ဟူသောအနက်အားဖြင့် ပင့်၍ ရေးလိုသည်။ ဤဆိုထည်းကွဲးအံ့သည်။ တကြောင်းထည်း-

ချစ်ခင်စုံမက်သော အရာကိုကား "ကြင်နာသည်"။
ဆင်းရဲခြင်း မခံသာခြင်းသဘောကိုကား "နာသည်-ကျင်သည်-"

ဟူ၍ ဝေါဟာရ ရှေ့နောက်ပြန်ထျက် ဆိုမိန့်ခြင်းဖြစ်သည်။ ဤဆိုထည်းကွဲးအံ့သည်။ နာခံသည်-ဆိုသောအရာကား သဒ္ဒါရုံကို နားဖြင့် ခံယူခြင်းအနက်တည်း။သိသာပြီ။

နာ-ကာရန္တပြီးပြီ။

နိ-နိုး-နှိုး

၁၅၈-နမျည်း ဤကာရန္တ၌ ဝေါဟာရကိုပြခြင်း

* [နိ-ကာရန္တ၌ကား မြမွာမှဝေါဟာရမထင်]။

နိ-ကာရန္တ၌ကား နသက်သက်ထည်းကောင်း, ဟဆွဲးထည်းကောင်း ထင်၏။ ထို ထွင် နသက်သက်၌ ဝိသဇ္ဇနိပါဌ်, မပါဌ်ကွဲး၏။ ဖြူသည်, နိသည်-ဟူသော အဆင်းဂုဏ်၏ အမည်မျှသည် ဝိသဇ္ဇနိမပါဌ်တည်း။ ဝေးသည်, နိုးသည်ဟူသော အဓွန့်ကိုမှတ်၍ အခိုက်အတန့်ခေါ်ဝေါ်ခြင်း, နိုးနွယ်ဟူသော အရာတို့သည် ဝိသဇ္ဇနိပါအသံတည်း။ ထို၌ အခိုက်အတန့်-ဟူသည်ကား ဗိမိထက်ဝေးသည့် အဓွန့်မှထောက်သော်သာ နိုးသည်ယူရာ၏။ ထိုအောက်နိုးပြန်သည်မှ ထောက်သော် ဝေးသည်ဟူသော ဝေါဟာရဖြစ်၏။ဤစကားမျိုးကိုအောက်၌ * ဆိုအပ်၏။ ။နိုးနွယ်ဟူသောအရာသည် အမည်မျှသာထည်း ဟူသင့်၏။ ချည်နှောင် ရစ်ပတ်အပ်သော ဝတ္ထုကို နိုးချဉ်းစေသည်ကိုစွဲး၍ အနက်ယူထည်း ရအံ့သို့ရှိ၏။

ဟ-ဆွဲးသောအရာကား နှိုးခံသည်၊ နှိုးရင်းသည်၊ နှိုးနှိုးနွယ်နွယ်- ဆိုသောအရာ၊ ဝိသဇ္ဇနိပါသော အသံသာထင်၏။ ထို၌နှိုး၏-ဟူသည်ကား မူထခံသောဝတ္ထုကိုစွဲး၍ ဆိုသောအရာဖြစ်၏။ ထိုနှင့်လျော်စွာ အနှိုးအရင်းရှိသည်၊ နှိုးခံသည်၊နှိုး၍ ထားသည်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။

"ဖျက်ဖျက်ဆီးဆီး၊ သူ့အားကြိုးလည်း၊ နှိုးနှိုးနွယ်နွယ်" ဟူ၍ ငင်း
"သားများမယ်ကား၊ နှိုးနွယ်တရားလျော်သတည်း"
"ညီတော်နာဖွယ်၊ အသွယ်သွယ်လျှင်၊ နှိုးနွယ်ခမွ-ဟောဝေထတည်း"

စသည်ဖြင့်း'နှိုးနွယ်'ဟူ၍ စပ်ဟပ်ဆိုမိန့်ရာ၌လည်း နှိုးခံသည်,နွယ်စပ်သည် ဟူသော အနက်ထည်းကောင်း ဖြစ်သင့်သောကြောင့် ယခင် မူလခံသည်ကို နှိုးသည်ဆိုသော အရ ထည်းကောင်း ဖြစ်၏။

နိ-ကာရန္တ ပြီး၏။

နဲ့

၁၅၉-နဗျည်း ဥကာရန္တဒ္ဒိ ဝေါဟာရကိုပြခြင်း

နဲ-ကာရန္တကား ဝယ်နသည်, ဗျိုနသည်-စသည်ဖြင့်မကြီးမရင့် သည်ကို ဆိုသော အရာ နဲ-သက်သက်မျှသာ ထင်၏။ ထိုဒ္ဒထည်း ယခင်နီးသည်, ဝေးသည်ဆိုသောအရာကဲ့သို့ မိမိထက်ကြီးရင့်သည်မှ ထောက်သော်သာ နုသည်ဟူရ၏။ ထိုအောက် နုပြန်သည်မှ ထောက်သော် ကြီးသည်,ရင့်သည်ဟူသော ဆိုမိန့်ခြင်း ဖြစ်၍, အခိုက်အတန့်မျှသော ဝေါဟာရထည်းကောင်းတည်း။

နဲ-ကာရန္တပြီးပြီ။

နူ-နူး-နှုံး

၁၆၀-နဗျည်း ဥကာရန္တဒ္ဒိ ဝေါဟာရကို ပြခြင်း

နူ-ကာရန္တဒ္ဒိကား သက်သက် ထည်းကောင်း, ဟ-ဆွဲးထည်းကောင်း ထင်၏။ ထိုထွင် သက်သက်ဒ္ဒိ ဝိသဇ္ဇနီမဝါသံ,ဝါသံကွဲး၏။ ကုဋ္ဌ-သဒ္ဒါ၏အနက် အနာထူးကား ဝိသဇ္ဇနီမဝါသံတည်း။ ထိုအမည်ကား ပညတ်ကာမျှသာ ဟူသင့်၏။ ။နူးနပ်သည်,နူးညွတ်သည် ဟူသောအရာတို့ကား ဝိသဇ္ဇနီဝါသံတည်း။ ထို့ဝေါဟာရကား အစိမ်းရသဖြင့် ကျက်နပ်ခြင်း သဘောတည်း။ နူးညွတ်သည်ဟူသောအရာထည်း သဘောကိုသိ၍, အစိမ်းရသဖြင့် နှလုံး၏ ကျက်နပ်ခြင်းပင်ဖြစ်၏။ ဟ-ဆွဲးသောအရာဒ္ဒိကား····ယခင် နူးနပ်၏-ဟူသော သုဒ္ဓအသံသည် နူးစေနပ်စေသည်ဟူသော ကာရိုက်အနက်ရောက်ခါ ဟ-ဆွဲးပါသည်သာဖြစ်၏။

နူ-ကာရန္တပြီးပြီ။

နေ—နေ့၊ နွေ—နွေး နှေး—နှွေး

၁၆၁-နဗျည်း ကောရန္တဒ္ဒိ ဝေါဟာရကို ပြခြင်း

နေ-ကာရန္တဒ္ဒိကား သက်သက်ထည်းကောင်း, ဝဆွဲးထည်းကောင်း, ဟဆွဲးငင်း ဟဆွဲး-ဝဆွဲးထည်းကောင်း ထင်၏။ထိုထွင် သက်သက်ဒ္ဒိ အ

မမြစ်ဆံ့,မြစ်ဆံ့မျက္ခဲ့၏။ ရပ်နေသည်၊ ထ-နေ-ဟူသောအရာတို့ကား အ-မမြစ်သော အသံတည်း။ ညဉ့်နေ့- ဟူသောအရာကား အမြစ်သံတည်း။ ။ထိုဌ် ရပ်နေသည့်, ထိုင်နေသည့်- ဟူသည်ကား ရပ်တံ့ထိုင်နေသော ကြိယာဟူသော ဇာရိယာပုတ် အထူးကို ဆိုမိန့်သောအရာဖြစ်၏။ရပ်ခြင်း,သွားခြင်း,ထိုင်ခြင်း, လျောင်းခြင်းဟူသော ဇာရိယာပုတ် လေးပါးကိုရည်၍, 'ဧတဝဝနေ ဝိဟရတိ' ဟူသော ပါဠိထင်၏။ ဤဌ် ဝိဟရတိကို 'နေ၏' ဟူ၍သာ မြန်မာပြန်သော်လည်း ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်း, လျောင်းခြင်း-ဟူသော ဇာရိယာပုတ်လေးပါးလုံးကို ယူသင့်သည်ဖြစ်၏။

ထ-နေဟူသည်ဌ်ကား ဒိဝါကရော-ဟူသောပါဠိကိုထောက်လျှင် နေ့ကိုပြုတတ်သည်၊ အထင်းကိုပြုတတ်သည်- ဟူသောအကြောင်းကို စွဲးသင့်အံ့သို့ရှိ၏။ ထိုထွင် အထင်းကို ပြုတတ်၏ဟူသည်ဌ် အထင်းဟူသည်ဌ်လည်း နေ့အခါဌ်သာ အထူးထင်သည်ဖြစ်၍, နေ့ကိုပြုတတ်၏ ဟူသည်နှင့် သဘောတူဖြစ်၏။ထိုသို့ နေ့ကိုပြုတတ်သည်ဟူသော အနက်ကိုထည်းကောင်း, နေရှိန်ရှိသည်၊ နေရှိသည့် ကာလကိုသာ 'နေ့' ဟူသောအမည်ရသည်ကို လည်းကောင်း ထောက်၍, နေ့ကို ပြုတတ်သည်ဟူသော အမြစ်သံအနက်ကိုယူလျှင် ရအံ့သို့ရှိ၏။ ဤ ထ-နေ-ဟူသည်ကား အမည်မျှယူလျှင် ပြီးသင့်လျက် ဉာဏ်ထိုက်ဆိုသည်။ ။ညဉ့်နေ့ဟူသော အမြစ်သံကိုလည်း အခည်မျှသာထည်း ယူသင့်၏။ "နေ့၏ကာလ"ဟူ၍ ယခင်နည်းကို လှန်၍သော်ထည်း စွဲးသင့်၏။ ညဉ့်အခါကဲ့သို့ မထျောင်းမစက် ရပ်နေကောင်းသောကာလဟူ၍, သော်ထည်း အရယူသင့်၏။

ဝဆွဲးသောအရာဌ်ကား....ဝိသဇ္ဇနီမပါသံ,ပါသံမျက္ခဲ့၏။ ဆောင်း,နွေ-ဟူသော အရာကား ဝိသဇ္ဇနီမပါသံတည်း၊ အငြိမ်းအနွေး- ဟူသောအရာကား ဝိသဇ္ဇနီသံတည်း။ ထိုဌ် ဆောင်းနွေဟူသည်ကား လရက်ကိုမှတ်၍, ပညတ်ကာမျှသော ဥတုကာလ၏အမည်တည်း၊ အရမထွက်။ ။အငြိမ်းအနွေး-ဟူသည်ဌ်လည်း ပူသောဥတုသည် ခံသာရုံမျှသော အစွမ်းရှိဘည်ကိုရည်၍ အသာအယာ ဆိုမိန့်ခြင်းမျှသာ အရမထွက်။

ဟဆွဲးသောအရာကား....လျင်သည်-နှေးသည်ဟူသော ဝိသဇ္ဇနီသံမျှသာထင်၏။ ထိုဌ် ဆောင်ရွက်သော အခွင့်ပြေထည်ခဲ့၍, ကြာမြင့်သောအခါကို စွဲးရင်း,ထိုကိုစွဲး၍, အလုပ်နှေးသည်၊ အစားနှေးသည်၊ နှေးသောသူ၊ လျင်သောသူ-ဟူ၍, လူကိုထည်းကောင်း, အမှုကိုထည်းကောင်း စွဲးပြန်လေသော ဝေါဟာရမျှကိုသာတည်း။လေးဖင့်သည်,ကြာမြင့်သည်၊ တာရှည်သည်-ဆိုသော စကားမျိုးနှင့် သဘောတူ၏။

နွေးကာယူသည်၊ နွေးကာစားသည်-စသည်ဖြင့် ဆိုမိန့်သောအရာကား နတ္ထင် ဝဆွဲး-ဟဆွဲး ဆိုမိန့်သောအရာတည်း။ ထိုဌ်ဃည်း ဝိသဇ္ဇနီသံမျှသာထင်၏။ ။ထိုဌ် နွေး၏-ဟူသည်ကား အလွယ်တကူ မပင်မပန်းဖြစ်သော အခြင်းအရာတည်း။ ။ သစ်သီးသစ်ပင်တို့ကို နွေး၏ဟူသည်ဃည်း အခံအခေါက်ကို ခွာချန်ကာမျှ အပန်း မကြီးလွန်းသောအခွင့်ကို ဆိုလိုသည်ပင်၊ ထိုကိုစွဲ၍ လွယ်လွယ်ကူကူ ဖြစ်သည်ကို 'နွေးကာသာ' ဟူ၍ ဆိုမိန့်ခြင်းထင်၏။

နေ-ကာရန္တ ပြီး၏။

နဲ-နဲ့-၊ နဲ့-နှဲ-နဲ့

၁၆၂-နဗျည်း အဲကာရန္တဌ် ဝေါဟာရကို ပြခြင်း

နဲ-ကာရန္တဌ်ကား သက်သက်ဃည်းကောင်း, ဝဆွဲးဃည်းကောင်း, ဟဆွဲးဃည်း ကောင်း,ဟဆွဲးဝဆွဲးဃည်းကောင်းထင်၏။ထိုတွင် နသက်သက် ဌ် အမမြစ်သံ,မြစ်သံကွဲး၏။ ပျော့နဲးသည်၊ အစေအနဲး၊ဝိန္ဒိး-ဟူသော အရာကား နသက်သက် အ-မမြစ်သံတည်း။ ။ဝန်တိုကျိတ်ခက် ပစ္စည်းကိုမက်၍ မစွန့်မပေးရက် သည်ကိုလည်းကောင်း, မဖြောင့်မမတ် ရှိုကပ်ပြုကျင့် တတ်သည်ကိုလည်းကောင်း, "စဉ်းလဲး" သည်ဆိုသောအရာဖြစ်၏။ ထိုစဉ်းလဲး၏-ဟူသည်ကိုလည်း အစေး-ဟူသကဲ့ သို့ စေးနဲးသည်-ဟူ၍ ဆိုခြင်းသည်ကား အမှတ်မထင် ဆိုမိန့်သည်သာ ဖြစ်ရာ၏။ သဘောအားဖြင့် ပျော့နဲးပျော့ညံ့သောအရနှင့် မလျော်၊စေးသည်,နဲးသည်-ဟူသော အနက်မဟုတ်၊ မပေးမစွန့်ရက်သည်ကား ဥစ္စာကို ဝှက်သိုကျိတ်ခက်ခြင်း သဘော သာ၊ မဖြောင့်မမတ် ရှိုကပ်ခြင်းသည်ဃည်း ကိုယ့်စီးပွားမျှကိုသာရှု၍ ဆူပစ္စည်းကို ရအောင် ချောင်းနောင်းလှည့်ပတ်ခြင်း၊ ဗဟုတ္တာရလုယက်ခြင်း၊ ခိုးဝှက်ခြင်း၊ ချိန် မဖြောင့်၊ အသပြာမဖြောင့်၊နှုတ်မဖြောင့်၊လှည့်ပတ်ခြင်းစသော ဤဆိုသောသဘော နှင့် ပျော့နဲးခြင်း သဘောသည် ကွဲးပြားလေအံ့သည်။ စဉ်းလဲ-ဟူသည်၌ ဥသတ်၊ စေးနဲး-ဟူသည်၌ သဝေထိုးဖြစ်၍ အရေးအသံဃည်း ကွဲးလေအံ့သည်ဖြစ်၏။

ဝိန္ဒိးဟူသည်ကား သစ်ပင်၏အမည်သာ၊ ထိုဌ် နဆင့်သည်ကို အောက်ဌ * ဆိုခဲ့ သည်နှင့်အညီ အရပြားမရှိ၊ တလုံးတဝတည်းသော ဝေါဟာရဖြစ်၍, ဆင့်လျက်

---

* ခေါင်းစဉ် (၁၃၀) မြန်မာ ၂-လုံးဆင့်အခန်း။

ရေးလေသည်ဖြစ်၏။ ။ဘုရားဝိနိုးတိုင် ဆိုသော အရာသည်ထည်း အမှတ်မထင် ဆိုမိန့်သောအရာသာဖြစ်သင့်၏။ပန်းထည်တိုင်-ဟူ၍ ဆိုလိုရင်းကိုသွေ့လျော်၍ဆိုသည်သာလည်းဖြစ်ရာ၏။ ။ထမင်းနုံး-ဟူ၍ ခေါ်ဝေါ်ဆိုမိန့်သော အရာသည်ထည်းပျော့နုံးသည်-ဟူသော အနက်လည်းကောင်း ဖြစ်သင့်၏။ [ဤ၌ စဉ်းလဲးသည်, ပန်းထည်တိုင်-ဟူသည်တို့ကို ထ-အက္ခရာရောက်ခါ ဆိုဦးအံ့။]

ကျင်သည်,နွံသည်- ဟူသောအရကား အမြစ်သံတည်း "ကြောက်ညောင်းတုန်လဲ့၊ မြေကြီးနွံမျှ လေးဆယ့်ငါးယူဇနာ။ ။ထိတ်လန့်နွံနွဲ့၊ ကြွင်းမဲ့ပြည်တွင်...." စသည်ဖြင့် ဆိုမိန့်သော အရာတို့၌နွံ၏-ဟူသည်ကား မခိုင်မခံတုန်လှုပ်ခြင်း အနက်တည်း။

ဝဆွဲးသောအရာကား....ပျောင်းနွဲသည်ဆိုသော အမြစ်သံမျှသာထင်၏။ "သားထည်းစွန့်ခဲ့၊ ထင်ထည်းမဲ့ဟု၊ ပျောင်းနွဲလွှမ်းကျော"....စသည်ဖြင့် ဆိုမိန့်သော အရာတို့၌ နွဲ၏-ဟူသည်ကား မသန်မထန်းညှိုးမြန်း ပျောင်းပျခြင်း အနက်တည်း။ ယခင်နွဲသည်-ဟူသော စကားနှင့် တစိတ်ကွဲး၏။ ။နွဲ၏-ဟူသည်ကား တိုင်စသော၀ဏ္ဏ၂ခိုင်ကြို့ထျက် တည်ရပ်မစွေ့မစပ် လှုပ်ရှားသည်ကိုဆိုသောအရာ။ နွဲ၏-ဟူသည်ကား ဖောင်း, ပန်းဖျား,ကြိမ်နွယ်-စသည်တို့သည် ဝဏ္ဏ၂အားနည်းခြင်း မခိုင်ကြို့ခြင်း၊လူငယ်စသော နှလုံးညှိုးနွမ်းသော သူတို့၏ နှလုံးမခိုင်ကြို့ခြင်း ဖြစ်သည်ကို ဆိုသောအရာ၊ ဤသို့အရာအား၌ ကွဲးသည်။ လှုပ်ရှားခြင်းသဘောမျှသော်ကား တူအံ့သည်ဖြစ်၏။

ဟဆွဲးသောအရောကား....အ-မမြစ်သံ, မြစ်သံရသင့်၏။ မျောက်နွဲးစေး ဟူသော အရာ။ နွဲးခရာဟူသော အရာတို့ကား အ-မမြစ်သံတည်း၊ ထိုတွင် မျောက်နွဲးစေး ဟူသောအရာ၌ မျောက်-ဟူသော ဝေါဟာရ ဖက်သည်ကား သဘောထင်ခက်အံ့၊ ကြို့၍ယူမူကား မဏ္ဍူသဒ္ဒါကို ['မာ ကရောတိတိ မဏ္ဍူဒ္ဓော' .... ယော-အကြင် တိရစ္ဆာန်သည်၊ မာ-ထျပ်ပေါ်ခြင်းကို၊ ကရောတိ-ပြုတတ်၏။ဇုတိတသ္ဓာ-ထိုကြောင့်၊ မဏ္ဍူဒ္ဓော- မဏ္ဍူမည်၏] ကိတ်ဝိဂြိဟ် ကတ္တုသာဓန၊ မာသဒ္ဒူပပဒ ကရဓာတ်၊ အပစ္စည်း၊ အရကား ထျပ်ပေါ်တတ်သောမျောက်ကို, ပဉ်ကူကိုရ၏။ ဤဝိဂ္ဂဟနှင့် ပျော်စွာ မဏ္ဍူသဒ္ဒါ မျောက်ကို, ပဉ်ကူကို ဟောသည်တွင် ပဉ်ကူဌ်ကား နွဲးစေးထင်၏။ မျောက်ဌ်မထင်၊မထင်သော်လည်း ထျပ်ပေါ်ခြင်းသတ္တိတူသည်၊မဏ္ဍူသဒ္ဒါ၏ အနက်တူသည်ဖြစ်၍, အပြားမဲ့'မျောက်နွဲးစေး' ဟူ၍ ဆိုထေသကဲ့သို့ရှိ၏။ ထိုသို့မဟုတ် မျောက်တိရစ္ဆာန်တို့ကို အစမူ၍ ဖမ်းယူခြင်း, ငြိတွယ်စေခြင်း-အကြောင်းခံသည်သော်လည်းဖြစ်ရာ၏။

နှဲး-ဟူသော စကား၏အရကား မိမိ၌ ကပ်ငြိသော အစေးသည် ထိပါးမိသော သူတို့ကိုလည်း ကပ်ငြိစေသည်, အပျော်ငြးအနွဲ့ ဖြစ်စေသည်-ဟူသော အနက်ကို ယူသော် ရကောင်းအံ့သို့ရှိ၏။ အမည်မျှသာ အရမရှိ ဟူ၍လည်း ဆိုကောင်း၏။ "ကာမာ မျောက်နှဲး၊ စေးခွာခဲးမှ။ ။ဤသို့ဒိဋ္ဌိ၊ နှဲးဖြင့် ငြိသား"....စသည်ဖြင့်ကား ဆိုမိန့်သော်အရာထင်၏။

နှဲးခရာ-ဟူသည်ကား တူရိယာ၏အမည်ထူးတည်း။ထိုအမည်ထည်းပညတ်မျှသာ ဟူသင့်၏။ ယခင်နည်းတူ ကြီ၍ယူမူကား၊ စေးစေးနဲးနဲး ပျော်ငြးပျသော အသံကို ဖြစ်စေသည်ဟူ၍ အရယူသင့်၏။ ။ဤအရာ၌လည်း စေးစေးနဲးနဲး ပျော့နဲးသည်-ဟူသော ဟဆွဲးသံ အနက်ယူသော်သာ ရကောင်း၏။ ထိုအသံကား သုဒ္ဓဖြစ်၍ ဟဆွဲးသော အသံရောက်ခါ ကာရိက်အနက် ပေါ်အောင် ယူ၍ဆိုသော် အနက်ထွက်နိုင်အံ့သည်။ ထိုကြောင့် နှ-သက်သက် နောက်ပစ် သုဒ္ဓအသံကိုစွဲး၍ ယူထိုက်သည်။ ခြင်ဆင်။

ဤ၌ နှဲးခရာ-ဟူသည်ကို 'နရည်းစရာ' ဟူသည်နှင့် မကွဲးမပြား အချို့ဆိုမိန့်ကုန်သည်ကား အမှတ်မဲ့ ဆိုမိန့်သည်သာ ဖြစ်ရာ၏။ သဘောအားဖြင့် "နရည်းစရာ" ဟူသည်ကား နောက်သားတို့ "ကြေးနောင်နင်း" ခေါ်ကုန်သည်။ ခေါ်သည်နှင့် အညီ နောင်နင်း ခတ်တီးရသည်။ တီးသောအခါ မငြိမ်ဝပ် နောင်နင်း ခပ်လှုပ်ရှားသည်။ ကြေးဝန်းကြေးခွက်ကြီးငယ်,အဝန်းစိစဉ်၍ အချောင်းအတံဖြင့် တီးရသည်ကို ထောက်၍ ကြေးတီးသည်ဆိုသည်။ မှတ်သောအရာမဟုတ်။

နှဲး-ဟူသည်ကား အခေါင်းအပေါက်ဖြင့် ဝိတ်ဆို့လှုပ်ရှား၍ ပြီပြင်စွာ အသံဖြစ်အောင် မှတ်သောအရာဖြစ်၍ သဘောအားဖြင့်လည်း ကွဲးအံ့သည်။ထိုကြောင့် မာဂဓ၌ နှဲးပြောသော အခေါင်းရှိသည်ကို 'ဆုသီရ'၊ ကြေးသံတို့ကိုကား အသံတခဲးနက်ရှိ၍ 'ဃန'-ဆိုသည်။ ဤသို့ တူရိယာအမျိုးကွဲးဖြစ်သည်။ ဤနှင့်ထျော်စွာ-

"အာဝိအစ၊ တတဆုံးထွေ၊ နှဲးပြေဝံသ၊ ဆုသီရနှင့်၊ ဃနထည့်သော်၊ ပြည့်သည်ငါးပါး၊ အပြားထင်စွာ၊ တူရိယာလည်း"

ဟူ၍ မိန့်တော်မူသည်။ ဤ၌ တော်သင့်ရုံ အဓိပ္ပါယ်ဖော်အံ့။

အာဝိအစ၊ တတဆုံးထွေ....ဟူသည်ကား အာတတတူရိယာ, ဝိတတတူရိယာ, အာတတ ဝိတတတူရိယာ-ဤဆုံးထွေနှင့်၊ နှဲးပြေ အဝင်အပါ အခေါင်း ရှိသော ဆုသီရဟူသော တူရိယာ, ကြေးစည်စသော အသံတခဲးနက်ရှိသော ဃန-ဟူသော

တူရိယာကိုထည့်သော် ပြည့်သည်ငါးပါး အပြားအကွဲး ထင်စွာသော တူရိယာဖြစ်၏ဟူလိုသည်။ ။ဤ၌ တဖက်သာ အဝိတ်ရှိသည်ကား "အာတတ"၊ နှစ်ဖက်စုံဝိတ်သည်ကား "ဝိတတ" အလုံးစုံ တံရှယ်ဝင်၍ ဝိတ်သည်ကား "အာတတ ဝိတတ" အခေါင်းရှိသည်ကား "ဆုသိရ"၊ ကြေးစည်စသော ကြေးမျိုးတူရိယာတို့ကား အဆံတခဲနက်ဖြစ်၍ 'ဃန' ဟူသည်၌ ဝင်၏၊ နွဲးကား သုသိရ၌-ဝင်၏။ ဤသို့ထည်းကွဲးသည်။

နွဲးကား နှုတ်ဖြင့် ငုံရမှုတ်ရသည်။ နရည်းစရာကား အချောင်းအတံဖြင့် တီးခတ်ရသည်။ ထို့ကြောင့် ရှေးရှေးနောက်နောက်ဖြစ်သော အခြင်းအရာမျှကိုသော်လည်း 'နရည်းစရာခတ်' ဟူ၍ ဆိုသည်။ ဤသို့ မှုတ်ခြင်း, တီးခတ်ရခြင်းထည်း ကွဲးသည်။ "သံသာ နရည်းဖြင့် မသည်းစစ် တဲး၊ ပ္လြေနွဲး ကြူးရိုက်ထစ်" ဟူ၍ ညသတ်နောက်ပစ် အရေးအသံထည်း ကွဲးလေသည်။ ဤသို့မတူဟန်ကို နှလုံးသွင်းရာ၏။

ဟဆွဲး-ဝဆွဲး ဆိုမိန့်သောအရာကား ဖင့်နွဲးသည်ဟူသော အရာ,ကိုယ်ကိုနွဲးသည်-ဆိုသော အရာ၌ ထင်၏။ ထို၌ ဖင့်နွဲးသည် ဟူသည်ကား အလိုမပါ နှလုံးလေး၍, အရှည်သွေးသည်ကို ဆိုသောအရာ၊ ကိုယ်ကိုနွဲးသည်-ဆိုသော အရာကား ယိမ်းစေ, နွဲ့စေသည်, ကိုယ်ကို ကိုင်းညွတ်စေသည်ဟူသော အရာဖြစ်၍, တစိတ်မျှကွဲး၏။ ။ ဖင့်နွဲး၏-ဟူသည်ကား မယိမ်းမနွဲ့ဲး မြင့်မြဲအောင် ဖင့်ကာသာ။ ကိုယ်ကိုနွဲး၏-ဟူသည်ကား မြင့်မြဲအောင် မဖင့် ကိုယ်ကို ယိမ်းနွဲ့းလှုပ်ရှား ကိုင်းညွတ်ကာသာ။ ဤသို့ကွဲးဟန်ထင်အောင်ယူ။ "မသင့်ဖြင့်ဲး၊ မဖင့်နွဲးထင့်"စသည်ဖြင့် ဆိုမိန့်ခြင်း၊ "ဘယ်လွဲး ညာလွဲး၊ ကိုယ်ကိုနွဲ့းလျက်" စသည်ဖြင့် ဆိုမိန့်ခြင်းတို့၌ သဘောအထူးကို နှလုံးသွင်းရာ၏။

နဲး-ကာရန္တ ပြီးပြီ။

နော-နှော

၁၆၃-နဗျည်း ဩကာရန္တနှိုက် ဝေါဟာရကို မြခြင်း

နော-ကာရန္တ၌ကား နှ-သက်သက်ငင်း, ဟဆွဲးငင်း ထင်၏။ ထိုတွင် နှစ်နော-ဟူသော စကားခွန်းသည် နှ-သက်သက်ဖြစ်၏။ စပ်နော်သည်-ဟူသောစကားခွန်းသည် ဟဆွဲး ဆိုမိန့်ခြင်းဖြစ်၏။ ထို၌ နှစ်နော-ဟူသည်တွင် နှစ်နှစ်

စူးသည်၊ နစ်နစ်ညက်ညက်၊ အနစ်အနယ်၊ နစ်မွန်းသည်-ဟူသော အနက်အား * ဖြစ်၏။ထိုရာဒိုရ်ရောက်အောင် ပြောဆိုကြိုစည်ခြင်းဟူသော အနက်ကိုအရကြီသော် နစ်-ဟူသော စကားသာ အရရှိ၍ နော-ဟူသောစကား အရမထွက်၊ ပြေပြစ်ရုံ ဖက်ကာမျှသာ ယူသင့်၏။ နစ်-ကား အစ၊ နော-ကားအဆုံး၊ အစအဆုံး ဆိုလိုသည်။ "နစ်နောကုံအောင်၊ ယခေါင်ကမ္ဘာ" ဟူသည်၌ အစအဆုံး ကုံအောင်ဆိုလိုသည်။ ။ နစ်နော-ဟူသည်ကား ရှေးစကားဟောင်း ဖြစ်သည်ဟူ၍ အချို့ဆိုကုန် သည်ကား သင့်အံ့သို့မရှိ။ "အနာဂတဝင်၊ စဉ်တိုင်းပင်ကို" ဟူ၍ ထည်းကောင်း, 'ယခေါင်ကမ္ဘာ' ဟူ၍ ထည်းကောင်း, အနာဂတ် ဘဒ္ဒကပ်ကမ္ဘာကို မြော်ငဲ့သော အရာသာ ဖြစ်သင့် သည်ကို ထည်းကောင်း ထောက်သော် အတိတ်ကာလ, ပစ္စုပ္ပန်ကာလကို ဆိုသော အရာမထင်ဖြစ်၍ နစ်-ဟူသော စကားအရ အစ-ဟူသော အနက်မပါ၊ မထိုသင့် သော အရာကဲ့သို့ထည်းရှိသည်။ ဤမှတပါး ယုတ္တိမရှိသော အရာ ထင်သည်လည်း များစွ။ ထိုကြောင့် "နစ်နော" ဟူသည်ကို နစ်နစ်နောနော သိမ်းကျုံး ဖွေနည်း၍ သဘောသကန် ကုန်စင်ထိခိုက်အောင် ပြောဆိုကြီသည်ဟူသော အရာကိုသာ နှစ် သက်ပေသည်။ ။စင်နောသည်-ဟူသော ဟဆွဲး ဝေါဟာရ၌ကား ထွေးလုံးခြင်း အနက်တည်း။ "ကာကအလျော၊ ငှက်ဥညြတို့၊ ဖော်နောတက္ခ။ ။မေထွာရှည်နော၊ ဆွေဒီစောတို့"....စသည်ဖြင့် စင်ဟင်ဆိုမိန့်ခြင်းတို့၌ ထွေးလုံးခြင်းအနက်ဖြစ်၏။

နော-ကာရန္တ ပြီး၏။

နော်

၁၆၄-နဗျည်း ဩဒ်ကာရန္တ၌ ဝေါဟာရကို ပြခြင်း

နော်-ကာရန္တ၌ကား ဝေါဟာရမထင်။ ။မနော်-ဟူသည်ကား 'မနောဟရိ' ဟူသောမာဂဓ၌ မနော-ဟူသော အစပုဒ်မျှကိုသာ သုတိသာရာ သို့ထိုက်၍ တံခွန်လွှားသံ ဆိုမိန့်ကုန်သည် "နှောင်းအောက် မနော်၊ ဟရိခေါ်ရှင့်၊ ကျောင်းတော်ကမ္ဘီ"....ဟူ၍ ထည်း တံခွန်လွှားသံ စင်အင်ပြုလေသည်ဖြစ်၏။ ဤ၌ 'ပရေသံ မနံ ဟရတိတိ မနောဟရိ".... ယာဇုတ္တိ-အကြောင် မိန်းမသည်၊ ပရေသံ-သူတပါးတို့၏၊ မနံ-စိတ်ကို၊ အတ္ထနိ-မိမိ၌၊ နမန ဝသေန-ညွှတ်စေသော အစွမ်းဖြင့်၊ ဟရတိ-ဆောင်တတ်၏၊ ဇုတိ-ထိုကြောင့်၊ သာဇုတ္တိ-ထိုမိန်းမသည်၊ မနောဟရိ-မနော

---

* အနက် ?

ဟရီမည်၏]ကိတန္တ တပ္ပရိသ်သမာသ်ဝိဂြိဟ်၊ မနသဋ္ဌပ-ပဒ-ဟရဓာတ်၊ အပစ္စည်း၊ မနကား-မနောဂိဏ်းဖြစ်၍ ဩကာရန္တ၊ ဣတ္ထိလိင်ဇောတက ဤ-ပစ္စည်း အဆုံးကျပြန်၍ 'မနောဟရီ' ဟူသော ရုပ်ပြီးဖြစ်၏။ ဤကိုထောက်၍ မြမွာမှ မယူရ။မာဂဓဖြစ်၏။ ။နော်စာ-ဟူသော ပန်းအမည်ကား အန္တ မဟုတ်၊ အရာရောက်မှ ချုပ်၍ ဆိုအံ့။

နော်-ကာရန္တ ပြီးပြီ။

ထ–ဝဂ်၌ သရအန္တ ၁၀-လုံး ထုတ်သည် ပြီးပြီ။

ဤတွင်

ဝေါဟာရတ္ထ ပကာသနီ ပဥ္စမပိုင်း

ပြီး၏။

* * *

ဆဋ္ဌမဝိုင်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပ-ပျ-ပြ-ပွ

၁၆၅-ပဗျည်း အကာရန္တဒ္ဒ ဝေါဟာရကို ပြခြင်း

ပ-ဝဂ်၌ ပ-ကာရန္တကား သက်သက်ငင်း, ယပင့်ငင်း, အရစ်ငင်း, ဝ-ခွဲးငင်း ထင်၏။ ထိုတွင် သက်သက်၌ အတွင်းအပ ဆိုသော အရာ, ရှင်ပသည်, လွင်ပသည်ဆိုသောအရာ, ပျောက်ပသည် ဆိုသောအရာ, ကြီးဝါး သံပသည်, စံပသည်ဆိုသောအရာ၊ ပါးပါးပပဆိုသောအရာ၊ ပရပ၊ ယပ-ဟူသော အမည် စသည်တို့၌ ထင်၏။

ထိုတွင် အတွင်းအပ-ဟူသည်၌ အပ-ဟူသော စကားခွန်းသည် ဝိုင်းခြားသည်မှ ပြင်လွင်ဟူသော ဗဟိသဒ္ဒါ၏ အနက်တည်း။ ။ရှင်ပသည်, လွင်ပသည်-ဟူသော ဝေါဟာရ၌ ပ-ဟူသောစကားအရကားထင်မြင်စွာဖြစ်ခြင်းအနက်တည်း။ရှင်ပျသည် လွင်ပျသည်-ဟူ၍, ယပင့် ရေးဖတ်ကုန်သည်ကား သတောအနက် မထွက်။လွင့်သည် ပျသည်-ဟူ၍, အမြစ်သံကို မိန့်ရာ၌လည်း ထေလွင့် ပျောက်ပသည်-ဟူ၍, ပ-သက် သက်သာ အနက်ရဖြစ်အံ့သည်။ ရှင်ပသည်, လွင်ပသည်-ဟူသောအရာကို ရှင်သည်, လွင့်သည်ဖြစ်၍, သမာဓိမရ၊ သူကောင်း၏အရာကို မဝင်၊ ပြင်လွင်အပ ဖြစ်သည် ဟူသောအနက် ယူလည်းရသင့်၏။ဤ၌ အတွင်းအပဟူသော ဆိုမိန့်ခြင်း ထင်မြင်စွာဖြစ် သည်ကို ပ-သည် ဟူသောဆိုမိန့်ခြင်း။ ဤမျှသာ ပ-သည် ဟူသောစကားအရ မူလ အနက်ဖြစ်သင့်၏။ ထိုအနက်ကို စံပ-သည်၊ ကြိမ်းပသည်၊ တောက်ပ-သည်၊ ထွန်း ပသည်၊ တည်ပသည်၊ ချီးပသည်၊ ပပ-သသ၊ လွှားလွှားပပ-စသည်ဖြင့် ယှဉ်ဖက် ၍, များစွာသော စကားခွန်းထင်သည်သာ။ ဆိုခဲ့ပြီးသော မူလအနက်မှ အရမကွဲး သည်သာဖြစ်သင့်၏။ ထိုနှင့်ထျော်စွာ တောက်ထွန်းသည်, တည်ကြည်ခြင်း ထင်မြင် စွာဖြစ်သည်ကို တောက်ပသည်, ထွန်းပသည်, တည်ပသည်။ ကြိမ်းဝါး ရှင်စံ အား သန်ခြင်း ထင်မြင်စွာဖြစ်သည်ကို ကြိမ်းပသည်၊ ကြီးပသည်၊ ရှင်ပသည်၊ စံပသည်၊ သံပသည်-ဤသို့သော ဆိုမိန့်ခြင်းဖြစ်သည်။

ပျောက်ပသည်, အပပြုသည်-ဆိုမိန့်သော အရာတို့ကား အတွင်းအပ ဟူသော အနက်နှင့်ထျော်၏။ ထိုတွင်ပျောက်ပသည်-ဟူရာ၌ အဝဖြစ်ခဂါ မဟူရ၊ ကျေပျောက်

သည်ကို အပဖြစ်ခါ မဟူရ၊ ကျေပျော်က သည်ကိုပင် ဆိုသောအရာ ရအံ့သို့ရှိ၏။ ထိုသို့သော်လည်း ကျေပျော်က်သည်ဖြစ်စေ အတွင်းမဝင်၊ ပြင်လွှင်ဖြစ်ခြင်းကိုရည်၍ ပျော်က် ပသည်-ဟူသော ဆိုမိန့်ခြင်း ဖြစ်သည် ယူရာ၏။ သူယောင်တို့ ကစားသော အခါ ပ-သည်ဟူသော ဆိုမိန့်ခြင်းသည်လည်း ကဲသည့်,အောက်သည်၊အရပ်မမှတ်နိုးဝေးမျှစေသည်၊ ကဲခြင်း အောက်ခြင်း ကိုကား ရောက်ရာအရပ်ကို ပျော်ပစေသည် ဟူသော အနက် ရသင့်၏။ ။ပါးပါးပပ-ဆိုသော အရာ၌ကား ပါးသည် ဟူသောအရာကိုပင် ပပ-ဟူ၍ ဆိုသည်ဖြစ်၏။ ထင်မြင်စွာ မကာမသာနာသည်ကို က-က ရှိသည်၊ သ-သ ရှိသည် ဆိုသည်နှင့်တူ၏။ ။ပရပ-ဟူသော တိရစ္ဆာန်၏ အမည်၊ စကောယပ-ဟူသောအမည်တို့ကား ခေါ်ဝေါ်ကာမျှသာ ဖြစ်သင့်၏။

ယပင့်သောအရာကား ကြိုင်ပျ၊ သင်းပျ၊ မွှေးပျ၊ ပျောင်းပျ၊ ပြုပျ၊ ပြည်ပျ-ဆိုသောအရာ, နေရောင်ပျပျဆိုသော အရာတို့၌ထင်၏။ ဤ၌ ယပင့်အသံကား နူးညံ့နည်းပါးသောအရာ၊ အားနည်းသောအရာကို ဆိုသော စကားခွန်းတည်း။ ထိုနှင့် ပျော်စွာ ကြိုင်ပျ, သင်းပျ, မွှေးပျ-ဟူသည်တို့ကို အောက်၌ ဆိုအပ် ပြီးသည်နှင့် အညီ အားမကြီးလွန်း နူးညံ့ခံသာသော အနံ့ကိုဆိုသောအရာ ဖြစ်၏။ ဤ၌ ကြိုင်ပျံ, သင်းပျံ,မွှေးပျံ-စသည်ဖြင့် သေးသေးတင် အမြစ် ဆိုမိန့်ခြင်း သည်လည်း အရမထူးသင့်ပြီ။

ရစ်သေ့အရာကား....ဖော်ပြသည်, ပြတန်းဆောင်း-ဟူသောအရာတို့၌ ထင်၏။ ထို၌ ဖော်ပြသည်ဟူသော် မြင်စေခြင်းအနက်တည်း၊ ဤ၌ ကံပုဒ် ရတန်-မရတန်ညှိ၍ ဆိုလိုက်အံ့။ ထင်သည်ဟူသော စကားခွန်းကား ကံပုဒ်မရ၊ 'အကျိုးစီးပွားတို့သည် ဖြစ်၏, ထင်ကုန်၏' ဟူသည်၌ ကံပုဒ်မရသည်ဖြစ်၏။ မြင်သည်ဟူသော စကားခွန်းကား ကံပုဒ်ရ၏။ 'အလှူပေးဒါယကာသည် အကျိုးစီးပွားတို့ကိုမြင်၏' ဟု၍ အကျိုးစီးပွားတို့သည် ဟူသော ယခင်ကတ္တားပုဒ်ပင် ကံပုဒ်ဖြစ်လေသည်။ ကတ္တားပုဒ်ကား အလှူပေး ဒါယကာသည်ဟူ၍ အခြားရသည်။ ကာရိုက်အနက် မယှဉ်သော်လည်း ကံပုဒ်ရအပ်သော အနက်ဖြစ်၍ ကာရိုက်အနက်ကဲ့သို့ဂုဏ်း 'ကာရိုက်ကံကား ခာတ်ကတ္တား' ဟူသော စကားနှင့် ချော်လေသည်။

ဖော်ပြသည်-ဟူသော စကားခွန်း၌ကား ရဟန်းတို့သည် အလှူပေး ဒါယကာကို အကျိုးစီးပွား တို့ကို ဖော်ပြ၏-ဟု၍ အလှူပေး ဒါယကာသည် ဟူသော ယခင်ကတ္တားပုဒ်ဖြင့်ပင် ကံပုဒ် ဖြစ်လေသည်။ ။ကတ္တားပုဒ်ကား ရဟန်းတို့သည် ဟူ၍ အခြားထာရသည်။ ဤ၌လည်း ယခင်နည်းတူ ကာရိုက် အနက်ကဲ့သို့ဂုဏ်း, ကာရိုက်

ကံကား ဓာတ်ကတ္တားဖြစ်လေသည်။ ဤ၌ အလှူပေးဒါယကာအား-ဟူ၍ သမ္ဗန္ဓါန် အနက်လည်း ထွေ်၏။ ထိုသို့ သော်လည်း အကထိတကံ ဖြစ်သည်ပင်။ ။ဤ၌ အကျဉ်းအားဖြင့် ထင်သည်-ဟူသော အနက်ကား-အကမ္မက၊ မြင်သည်-ဟူသော အနက်ကား-ကေကမ္မက၊ ပြသည်-ဟူသောအနက်ကား ဒွိကမ္မက။ ထိုတွင် ကာရိုက် အနက် 'စေ' ဟူသော စကားခွန်းယှဉ်ထသော် အကမ္မကဌ် ကံတခု ရအပ်သည်နှင့် အညီ အကျိုးစီးပွားတို့သည် ထင်၏-ဟူ၍ ကံပုဒ်ကင်းလျက်ပင် အကျိုးစီးပွားတို့ကို ထင်စေ၏-ဟူ၍ ယခင်ကတ္တားပုဒ်ဖြစ်လေသည်၊ အလှူပေးဒါယကာတို့သည်-ဟူ၍ ကတ္တားတခြား လာလေသည်။ မြင်သည်ဟူသော ကေကမ္မကအနက်၌လည်း ကာရိုက် အနက်ယှဉ်ခါ ကံနှစ်ခုရအပ်သည်နှင့် အညီ အလှူပေးဒါယကာတို့ကို အကျိုးစီးပွား တို့ကို သိမြင်စေ၏-ဟူ၍ ယခင် အလှူပေးတို့သည်-ဟူသော ကတ္တားပုဒ်ပင် ကံပုဒ် ဖြစ်လေသည်။ ရဟန်းတို့သည်ဟူ၍ ကတ္တားအခြားလာလေသည်။ ပြ-သည်ဟူသော ဒွိကမ္မကအနက်လည်း ကာရိုက်အနက်ယှဉ်ခါ ကံသုံးခု ရအပ်သည်နှင့်အညီ ရဟန်း တို့ကို အလှူပေးဒါယကာတို့ကို အကျိုး စီးပွားတို့ကို ဖော်ပြစေသည်ဟူ၍ ယခင် ရဟန်းတို့သည် ဟူသော ကတ္တားပုဒ်ပင် ကံပုဒ် ဖြစ်လေသည်။ ဘုရား မြတ်စွာသည် ဟူသော ကတ္တားတခြား လာရလေသည်။ ဤစကားမျိုးကို အောက်၌ ထည်း များစွာဆိုအပ်ပြီ၊ သတိရစေခြင်းငှာ အလျဉ်းသင့်၍ ထပ်ဆိုပြန်သည်။

ပြ့တန်းဆောင်း-ဟူသော ဝေါဟာရကား ပညတ်ကာမျလည်း ယူသင့်၏။ ယခင် ဖော်ပြသည်-ဟူသော အနက်ကိုစွဲ၍ မြို့၏အင်္ဂါထက္ခဏာ တင့်တယ်ဟန်ကို ဖော်ပြ ၏သို့ စီရင်အပ်သောအရာ ဖြစ်၍ 'ပြ' ဟူသည် ယူလည်း သင့်ရာ၏။ ။'အနိုင်အပြ၊ မရှုနှတည်း' စသည်ဖြင့် နိုင်သည့်, ပြသည် ဆိုမိန့်သော အရာကား မာဂဓဘာသာ မူထဲ့သို့ရှိ၏။ ။ဥစ်ဂြိုဟ် သမသတ်ပြန်ထျက်နေသည်ကို နိုင်သည်-ဟူရာ၌ ဥစ်ဂြိုဟ် ဥစ်အိမ် နေသည်ကို မြင့်မြတ်သော ကောင်းကျိုးသင့်ရာ ဟောကိန်းလာသည်ကို ထောက်ထျင် မြင့်စွင့်စေတတ်သည်-ဟူသောအနက်ကိုစွဲ၍ 'ဥစ်' ဟူသော ဝေါဟာရ ဖြစ်သည်။ ဥစ္စသဒ္ဒါ မြင့်ခြင်းအနက်ကို ဟောသည်။ ဥစ္စသဒ္ဒါနှင့်အညီ ဥစ်-ဟူသည်ကို စ-အက္ခရာသတ်လည်း သင့်ရာ၏။ စ်အင်္ဂရာ သတ်လည်း သင့်ရာ၏။

နိုင်သည်-ဟူရာ၌ကား ဥစ်ဂြိုဟ်သမသတ်ပြန်၍ နေသည်ကို နိုင်ကျသောအကျိုး သင့်ရာ ဟောကိန်းလာသည်ဖြစ်၍ နိုင်ကျစေတတ်သော အနက်ကိုစွဲ၍ နိုင်သည်-ဟူသော ဝေါဟာရဖြစ်သည်။ နိုစ-သဒ္ဒါနိုင်္သည်ကိုဟော၏။ နိုစ-သဒ္ဒါနှင့်အညီ နိုစ်သည်-ဟူ၍ စ-သတ်လည်း သင့်ရာ၏။ စ်အင်္ဂရာ သတ်လည်း သင့်ရာ၏။ "ဖြင်ညီးရိုင်ရိုင်၊ ကောင်းကင်ထိပ်ဝယ်၊ အနိုင်အပြ"....ဟူ၍ ရေးထုံး စ်အင်

တွင်ရာ ပ-သတ်၍ ကျလျှောသည်ကို နိဝ်သည်-ဆိုသည်ဟူ၍ ပ-သတ်လည်း သင့်ရာ၏။

ပြသည်-ဟူရာ၌ကား ကသစ်ဂြိဟ် ကသစ်အိမ်မှ သမသတ်ပြန်ထွက် ဤမှာတက် မှသည် ထိုမှာတက်ကန်းသို့ တတက်သောရာသီ၌ နေသည်ကိုထောက်၍ ပရ-ဆိုသင့်သော အရာကို ပ-နှင့် ရ-ကဝ်၍ 'ပြသည်' ဟူသော ဝေါဟာရဖြစ်သည်ဟူရာအံ့သို့ ရှိ၏။ ဤသို့သော အရာကိုထောက်၍ မာဂဓဘာသာ မူလကဲ့သို့ရှိ၏။ ဆင်ခြင်။

ဝ-ဆွဲးသောအရာကား····ကြွကြွပွပွ ဆိုသောအရာ၌ ထင်၏။ ထို၌ ပွ-သည် ဟူသော စကားအရကား သိဝ်သိဝ်ကြဝ်ကြဝ်မရှိ, ကြွကြွပျော့ပျော့ ရှိသည် ဟူသော အနက်ဖြစ်၏။ ဤ၌ ပွ-သည်, ပွာ-သည် ဟူသော ဝေါဟာရသည် တစိတ်မျှ ကွဲးသင့်၏။ ပွ-သည်ဟူသော စကားအရကား ဝါးလုံးခေါင်းစသည်တို့ကဲ့သို့ အခေါင်းအပေါက် မထင်သော်လည်း ဖော့, သစ်ဥစ-စသည်တို့ ကဲ့သို့ ပွပွရွရွ မသိဝ် မကြဝ် ပျော့လျော့ကာမျှကို ပွသည်ဆိုသောအရာ ထင်သည်။ ပွာ-သည်ဟူသော ဝေါဟာရကား အခေါင်းပွာသည်ဟူသော စကားနှင့်အညီ ဝါးလုံးခေါင်း စသည်တို့ကဲ့သို့ ထင်သော အခေါင်းအပေါက်တို့ကို ဆိုသောအရာသာ ဖြစ်သင့်သောကြောင့် တစိတ်မျှ ကွဲး၏သို့ ရှိ၏။

ပ-ကာရန္တ ပြီး၍။

ပါ-(ပျာ) ပြာ-ပွာ

၁၆၆-ပမျည်း အာကာရန္တန္ဒိုက် ဝေါဟာရကို ပြခြင်း

ပါ-ကာရန္တ၌သည်း သက်သက်, ယပင့်, အရစ်, ဝဆွဲး ထည်းကောင်း ထင်၏။ ထိုတွင် နေပါ, သွားပါ-စသည်ဖြင့် အရိုအသေဆိုမိန့်သော အရာ၊ 'အန်ကစားခါ၊ သောင်းစားရာဟု၊ ပါထေဆောင်ရွက်၊ ခေါက်၍ ပါသည်' စသည်ဖြင့် ဆိုမိန့်သောအရာ၊ ကြွေကစားရာ မှတ်သားခေါ်ဝေါ်တတ်သော ပါ-ဟူသော ဝေါဟာရတို့၌ထင်၏။ ဤ၌ကား သိသာထင်ရှားပြီ။

ယပင့်သော ဝေါဟာရကား မထင်။ ။ပျာမီးသွေး၊ ဆား-ဆပ်ပျာ၊ ထိပ်ပျာ-ဟူသည်တို့၌ အချို့ယပင့်ရေးကုန်သည်ကား အနက်မထွက်။ ပြာမီးသွေး-ဟု၍ အရစ်ရေးမူကား မီးလောင်သော အမှုအရာ အသွေးအဆင်း ထင်၍ မီးသွေး ဟူသော

ဝေါဟာရဖြစ်သည် ဟူသော အနက်ကို ရသင့်သကဲ့သို့ မီးသွေးနှင့် ရောနှောလျက် ဖျော့တော့သောအဆင်းသာ များသောအားဖြင့် ထင်သည်ကိုစွဲ၍ ပြာ-ဟူသော ဝေါဟာရဖြစ်သည်ဟူသော အနက်ကို ယူသော် ရသင့်၏။ ။ဆားဆင်ပြာဟူသည် ၌ထည်း နည်းတူ၊ ကြွင်ဆတ်မဖြူ မညိုဖျော့တော့သော အဆင်း ပြာသောအဆင်း ထင်သည်ဟူ၍ အနက်ရသင့်၏။

ထိုင်ပြာ-ဟူသည်၌ထည်း များသောအားဖြင့် ပြာညိုသော အဆင်း ထင်သည်ကို အစွဲးမူ၍ ဤဝေါဟာရ ဖြစ်သည်ဟူမူ အနက်ရသင့်၏။ အနက်မရ ပညတ်မျှသာ ဖြစ်သော ဝေါဟာရ၌ထည်း ရစ်သောအရာသာ များသောအားဖြင့် ထင်သည်။ ဤကိုထောက်၍ အနက်ရကြီထည်း ရစ်သော်သာ အနက်ထွက်အံ့သည်။ အနက်မရ ပညတ်မျှသာ ဆိုသော်ထည်း ရစ်သော အရာသာ များစွာ ထင်သောကြောင့် ယခင်ဝေါဟာရ မထင်ဟူ၍ ဆိုအပ်ပြီ။ ရစ်သောအရာကား အညိုအပြာ၊ တီးပြာသည်-ဟူသော အရာတို့၌ ထင်၏။ ။ထို၌ အညိုအပြာ-ဟူသည်ကား အဖြူ,အညို၊ အနီ,အဝါ၊ အစိမ်း, အပြာ-ဟူသော အဆင်းခြောက်ပါး၌ အကျုံးဝင်သော ဂုဏ်ဝိသေသ၏ အမည်မျှသာတည်း။ ။တီးပြာသည်-ဟူသော ဝေါဟာရသည် ခေါ် ဝေါ်ကာမျှသာ ယူသင့်၏။ ။ဝ-ဆွဲးသောအရာကား ယခင် ဆိုအပ်ပြီးသော ဝါးလုံး စသည်တို့ အခေါင်းပွာသည်တို့ကို အခေါင်း ပွသည်-ဟု ဆိုမိန့်သော အရာသာ ထင်၏။

ပါ-ကာရန္တ ပြီးပြီ။

ဝိ-ပြို

၁၆၇-ပဗျည်း ဣကာရန္တ၌ ဝေါဟာရကို ပြခြင်း

ဝိ-ကာရန္တ၌ သက်သက်ငင်း, အရစ်ငင်း ထင်၏။ "လောင်ကြေမချိ၊ တဝိဝိသည်၊ အဓိလွမ်းတို့စွတကား"....စသည်ဖြင့် ဆိုမိန့်သောအရာတို့၌ ထင်၏။ ဤ၌ ဝိ-သည် ကတ္တား, ကံ မရကောင်းသောအနက်၊ ဖိ-သည်ကား ကံရကောင်းသောအနက်ဖြစ်ဟန်ကို ဆိုပြီးသည်နှင့်ညီ၍, သိသာပြီ။ ။ရစ်သောအရာကား....

"ထိုမတုံပြို၊ ဗောဓိသစ်ပင်"
"ထိုမမောဘိ၊ ဆိုပြိမင်းခေါင်"

စသည်ဖြင့် ဆိုမိန့်သောအရာတို့၌ ထင်၏။ ။ဤ၌ကား ဆိုပြီးဟူ၍ ဆန့်ခတ်ဝိသဇ္ဇနီသံ ထိုရင်းကို စင်အင်္ဂလည်းကောင်း, သုတိသာသို့ လည်းကောင်း လိုက်၍ ဆိုသော အရာသာ။ ။ပြီ-ဟူသော ဝေါဟာရမထင်။

ဝိ-ကာရန္တ ပြီးပြီ။

ဒိ-ပြီ-ပြီး

၁၆၇-ပဗျည်း ဤကာရန္တနှိုက် ဝေါဟာရကို မြခြင်း

ဝိ-ကာရန္တ၌လည်း သက်သက်၎င်း, အရစ်၎င်း ထင်၏။ ထိုတွင် သက်သက်၌ ဝိသဇ္ဇနီမပါဆံ့,ပါသံကွဲး၏။စကားဝိသည်-ဟူသောအရာကား ပ-သက်သက် ဝိသဇ္ဇနီမပါသံ့တည်း။ ။လျှည်းဝိုးဟူသော အရာကဲ့သို့ အထျောက်အပိုး၊"ထမင်း သစ်သီး၊ မုံဝိုးပဲးထျက်"ဟူ၍ ဆိုမိန့်သောအရာတို့ကား ပ-သက်သက် ဝိသဇ္ဇနီပါဆံ့တည်း။

ရစ်သော အရာ၌လည်း ဝိသဇ္ဇနီမပါဆံ့,ပါသံ့ ကွဲး၏၊"မနည်းကုန်သည်၊ များလေပြီတည်း" ဆိုသည်နှင့်အညီ၊ ရောက်တန်ပြီထျက်- စသည်ဖြင့် အတိတ် ကာလနှင့်ယှဉ်သော ကြိယာအနက်ကိုရည်၍ များပြီ၊ ရောက်ပြီ-စသည်ဖြင့် ဆိုမိန့်သော အရာ။"နှစ်ဆူပြီပြီ၊ကမ္ဘူးသီထျက်။ ။ခိုင်တုလော်ညီ၊ လေ့ချင်းပြီဆို"....စသည်ဖြင့် ပြိုင်သည်ဟူသောအနက်ကိုပင် ပွဲးပြီသည်,လေ့ချင်း ပြီသည်-စသည်ဖြင့် ဆိုမိန့်သော အရာတို့၌ထင်၏။

အမှုအခွင့်ပြီးသည်, ဓားထက်နက်မရှ ပြီးသည်ဟူသော အရာတို့ကား ဝိသဇ္ဇနီသံတည်း။ "မြေတူးမြို့ဝယ်၊ ပြီး၏တည်း....ရှင်လူနာမငြီး၏တည်း။ ။ဇာတ်ပေါင်းအပြီး၊ ရွှေထီးထွတ်တင်။ ။ဆုံးဖြတ်အပြီး၊ဓားထက်လိုသို့"စသည်ဆိုမိန့်သောအရာတို့၌ကား အမှုအခွင့် ပြီးသည်ဟူသောအနက်တည်း။ ဓားထက်နက်မစူးမရှပြီးသည်ဟူသော ဝေါဟာရကား ပျိုထက်ဘ အဆိုအမိန့် နည်းအံ့သည်။ ထိုဝေါဟာရကား ထက်နက်ဟော မဖြစ်။ ထိုအပ်သောအခွင့်ပြီးသည် ဟူသော ယခင် အနက်သည်လည်းကောင်း ဖြစ်သင့်၏။ ။"ရှင်လူဆွတ်စေပြီး သတည်း....တခြားမှတ်စေ ပြီးသတည်း"....စသည်ဖြင့် ဆိုမိန့်သောအရာကား အတိတ်ကြိယာအနက်ကို ရည်၍ များပြီ, ရောက်ပြီ-စသော အနက်ကဲ့သို့ နားတန်ခြ။ဖြင့် ရှင်လူတို့ကို ဆွတ်ယူစေပြီ၊

ဤစကားကို တခြားတနား မှတ်သားစေပြီ ဟူ၍ ဝိသဇ္ဇနီမပါဆံထည်း သင့်၏။ ဇာတ် ပေါင်းအပြီး, ဆုံးဖြတ် အပြီး-ဟူသည်မှာကဲ့သို့ ရှင်လူတို့ကို ဆွတ်ယူစေခြင်းကိစ္စ ပြီး၏။ မှတ်စေခြင်း ကိစ္စပြီး၏-ဟူ၍ အမှုအခွင့်ပြီးသည်ဟူသောဝိသဇ္ဇနီပါဆံအနက် ယူထည်းသင့်၏။

"ဗျာနက္ခန်ပြီး၊ နေတုံဦးသည်" .... စသည်ဖြင့် စပ်ဟပ်သောအရာ၊ ရှိခိုးဦး၍.-စသည်ဖြင့် ဆိုမိန့်သောအရာတို့၌ နေတုံပြီး၍.,ရှိခိုးပြီး၍.-ဟူသောစကားခွန်းတို့ကို ဆိုသကဲ့သို့ ရှင်လူဆွတ်စေဦး၍., တခြားမှတ်စေဦး၍.-ဆိုမည့် အတွက်ကို ဆွတ်စေ ပြီး မှတ်စေပြီး-ဆိုသော အရာဟူ၍.ထည်း ယူသင့်၏။ ဤ၌ဆွတ်စေဦး၍. ဆိုထျင် ဆွတ်ခြင်းကိစ္စကို ဦးစေသည်၊ ဆွတ်စေပြီး၍.-ဆိုထျင် ဆွတ်စေခြင်း ကိစ္စပြီးသည် ဟူ၍. ယခင်အခွင့်ပြီးသည်ဟူသောအနက်တွင်ဝင်ထျက် ထပ်၍.မှာပြန်သကဲ့သို့ရှိ၏။ ပြီး၍.-ပုဗ္ဗကာလကြိယာ မထား'၍.-ရကား-ကြိယာဝိသိသ်'ဟူသောသဒ္ဒါနည်းထွက် ဟန်ကို နှလုံးသွင်း၍.မှာသည်။ ဤ၌အကျင်းဆိုလိုက်အံ့။ ပုဗ္ဗကာလကြိယာအနက်၌ ရွှေသာမဆို၊ 'ဦး၍.ပြီး၍.'ဟူသောစကားခွန်းဖက်ထျက် ပါရင်း။ '၍.'ဟူသည်ကား ကြိယာ ဝိသေသနဟူ၍. အထူးဆိုပြန်သည်။ ဤဆိုသဒ္ဒါနည်းထွက်ဟန်ကို ဆင်ခြင် ထျင် သိသာအံ့သည်။

ဝိ-ကာရန္တပြီး၏။

ပု-ပြု

၁၆၉-ပဗျည်း ဥကာရန္တ၌ ဝေါဟာရကိုပြခြင်း

ပု-ကာရန္တ၌ကား သက်သက် ထည်းကောင်း, ရစ်ထျက်ထည်းကောင်း ထင်၏။ ထိုတွင်ပ-သက်သက်၌ နိမ့်သည်၊ ပုသည်-ဟူသော ဝေါဟာရ ထင်၏။ ထိုဝေါဟာရကား အရာဆိုလိုက်၍. နိမ့်သည်၊ကွသည်၊ ပျဝ်သည်၊ ဝဲးသည်၊ နည်းသည်၊ ကျဉ်းသည်၊ ကျုံ့သည်၊ ငယ်သည်-စသည်ဖြင့် အထူးထူးဆိုမိန့်ခြင်းဖြစ်သည်။ သဘောအားဖြင့်ကား နည်းသည်ဟူသောအနက်မူထ ဖြစ်သင့်၏။ ။အရာဆိုလိုက်၍. ဆိုမိန့်ဟန်ကား သစ်ပင်, ဧကောင်, ကမ်း, လူတို့၏ အရပ် စသည်ကို ကား ပုသည်၊ ကွသည်၊ ပျဝ်သည်၊ ဝဲးသည်၊ နိမ့်သည်-ဆိုသောအရာထင်၏။ကျောင်း အိမ် စသည်တို့ကိုကား ကွသည်, ပုသည် ဆိုမိန့်ခြင်းနည်း၏။ ပျဝ်သည်, နိမ့်သည်, ဝဲးသည်-ဆိုသော အရာထင်၏။ ။သစ်ဝါးစသည်တို့၏အရပ် မတ်လတ်သောအခါ

နိမ့်သည်-ဟူသော အရာကိုဖိလာအဏျား ထားလသော် တိုသည်-ဟူသော ဆိုမိန့်ခြင်း ဖြစ်ပြန်၏။ ။အဏျားအနံ့ ဆိုကောင်းသော အရာ၌ အဏျားကိုကား တိုသည်၊ အနံ့ကိုကား ဏျဉ်းသည်, ဏျုံ့သည်, ငယ်သည်-ဟူသော ဆိုမိန့်ခြင်း ဖြစ်၏။

ဤသို့လျှင် အရာသို့လိုက်၍ အထူးထူးသော ဝေါဟာရထင်၏။ မာဂဓ၌လည်း တိုသည်ကို ရဿ၊ ကွသည်ကို ဂေါ၊ နိမ့်သည်ကို နီစ၊ နီးသည်ကို သမီပ, အာသန္န၊ ဏျဉ်းသည်ကို သမ္မာဓ၊ ငယ်သည်ကို အနု,ခုဒ္ဒ, စုလ္လ၊ နည်းသည်ကို အပ္ပ, သဒ္ဒါတို့ ဟောကုန်သည်ဖြစ်၍ မာဂဓလည်း အရာသို့လိုက်၍ အထူးထူးထင်၏။ ဆရာမြတ်တို့လည်း အရာသို့လိုက်၍ "အတိရဿာယ ဇဏ္ဍိယာ"ကို တိုသောမိန်းမဟူ၍ အနက်မဆို။ "နိမ့်သောမိန်းမ"ဟူ၍ သမ္မန်တော်မူကုန်သည်။ ဇရသဒ္ဒါကို ကျောင်းအိမ်စသည်၌ ဆွေးမြည့်ခြင်းအနက်၊ လူစသော ဝိညာဉ်ရှိ၌ အိုသည်-ဟူသောအနက် ဆိုသင့်သကဲ့သို့ သဿောမပျက်သော်ထည်း အရာမလျော်ချေသော် ဝေါဟာရ၌ မလိမ္မာသုတိမသာ ဖြစ်လေအံ့။ ထိုကြောင့် အရာနှင့်လျော်စွာ ဝေါဟာရကို ဖြစ်စေသင့်သည်။ ဤကား အဏျဉ်းသင့်၍ ဆိုလိုက်သည်။ ။ပုသည်-ဟူသော ဝေါဟာရကို ပုသည်သာမဆို၊ ပုလု-ဟူ၍ ဆိုရာ၌ကား စုံမက်မြတ်နိုးသော အခြင်းအရာ ထင်စေကာမျှသာ အရထူးမထွက်။ "လူလိုလူပု၊ မရှစသာ"ဟူ၍ ပုသည်သာ ဆိုသောအရာကား မမြတ်နိုးသောအရာ၌လည်း ထင်သည်။ "ပုထုက္ကေးလွေး၊ သေးထွေးမျှ"ဟူ၍ ပုလု-ဆိုသောအရာကား စုံမက်မြတ်နိုးသဖြင့် ဆိုမိန့်သောအရာ၌ ထင်သည်များ၏။

ရစ်သောအရာကား....ပြုသည်ဟူသော ဝေါဟာရထင်၏။ ထိုပြုခြင်း ဟူသော အနက်ကို ကရစာတ်ဟော၏။ ကရစာတ်, အသစာတ်, ဘူစာတ်, ဟူစာတ်တို့သည် စာတ်ခပ်သိမ်းတို့၏အနက်နှင့် ဆက်ဆံသည်ဟူ၍ ဆရာတို့မိန့်ကုန်၏။ထိုနှင့်လျော်စွာ မြန်မာမူဝေါဟာရ၌ ပြုသည်-ဟူသော ဝေါဟာရသည် နေခြင်း၊ ရပ်ခြင်း၊ သွားခြင်း၊ စားခြင်း-စသော မရေတွက်နိုင်သော ကြိယာအနက်တို့နှင့် ဆက်ဆံ၏။ ထိုမရေတွက်နိုင်သော ကြိယာအနက်တို့၏ စုဝေးရာ,ဆိုက်ရောက်ရာ, စပ်ယှဉ်ရာဖြစ်၏။

ဖြစ်ဟန်ကား....နေခြင်း,သွားခြင်း,စားခြင်းစသော ကြိယာအနက်အထူးကိုမသိလျှင် 'အဘယ်နည်း'ဟူ၍သာ အမှတ်မထင် မေးမြန်း ဆိုမိန့်ရမည်ကို 'အဘယ်ပြုသနည်း၊ အဘယ်ပြု၍ ကြာမြင့်သနည်း'စသည်ဖြင့် ပြုခြင်းကြိယာကိုဖော်၍ ဆိုမိန့်ခြင်းတို့သည် နေခြင်း,သွားခြင်း,စားခြင်း-စသော ကြိယာသည် ပြုခြင်းကြိယာလည်း ကောင်း ဖြစ်သည်။ ပြုခြင်းကြိယာနှင့်သာ ဆက်ဆံလေသည်ဖြစ်၍ အဘယ်ပြုသနည်း၊ အဘယ်ပြု၍ ကြာမြင့်သနည်း-ဟူ၍ ပြုခြင်းကြိယာကို ဖော်၍ ဆိုမိန့်ခြင်းဖြစ်၏။ ။ မရေတွက်နိုင်သော ကြိယာအနက်တို့သည် ပြုခြင်းကြိယာ၌ ဆိုက်ရောက် စုဝေးရာ

စပ်ယှဉ်ရာဖြစ်ဟန်ကား....နေခြင်းကိုပြုသည်၊ သွားခြင်းကိုပြုသည်၊ အိပ်ခြင်းစားခြင်းကိုပြုသည်၊ ရပ်ခြင်း-ထျောင်းခြင်းကိုပြုသည်၊ မေးမြန်းခြင်း, သင်ကြားခြင်း, ပို့သခြင်းကိုပြုသည်၊ ဤသို့စသည်ဖြင့် မရေမတွက်နိုင်သော ကြိယာအနက်တို့၏ ဆိုက်ရာရောက်ရာ၊ စပ်ရာ ယှဉ်ရာ စုဝေးရာ၊ တည်ရာ ရပ်ရာဖြစ်၏။ ။အသဒၵတ်, ဟူဒၵတ်, ဘူဒၵတ်တို့၏ အနက်၌ ဒၵတ်ခပ်သိမ်းတို့၏အနက် စုဝေးဆိုက်ရောက်ရာ၊ စပ်ယှဉ်တည်ရပ်ရာဖြစ်ဟန်ထည်း နည်းမှီ၍ သိရာ၏။ကျယ်အံ့စိုး၍ အရိပ်မျှ သတိရစေခြင်းငှာ ဆိုလိုက်သည်။

ပု-ကာရန္တ ပြီး၏။

ပူ-ပူး၊ ပြူ-ပြူး

၁၇၀-ပဗျည်း ဥကာရန္တ၌ ဝေါဟာရကိုပြခြင်း

ပူ-ကာရန္တ၌ကား သက်သက်ထည်းကောင်း, အရစ်ထည်းကောင်း ထင်၏။ထိုတွင် သက်သက်၌ ဝိသဇ္ဇနီမပါသံ,ပါသံကဲ့၏။ ဧးသည်, ပူသည်-ဟူသောအရာ တံတင်းပူတာဟူသောအရာ တဝမ်းပူ,ခရုဝမ်းပူ-စသည်ဖြင့် ဆိုသောအရာကား ပသက်သက် ဝိသဇ္ဇနီမပါသံတည်း။ ။ယှဉ်ပူးသည်,တိရစ္ဆာန်၏ အမည်ပူးကောင်တို့သည်ကား ဝိသဇ္ဇနီသံတည်း။ ။ထို၌ ဧးသည်,ပူသည်ဟူသော ဝေါဟာရကို အောက်၌ ဆိုခဲ့သည်နှင့်အညီ သိတဥတု,ဥဏှဥတု-ဟူသော တေဇောဒၵတ်၏သတ္တိ ဧးခြင်းသဘော၏ပြန်ဘက်ရာ ဂုဏ်အနက်မျှသာတည်း။

တံတင်း, ပူတာဟူသည်၌ထည်း အောက်၌ ဆိုခဲ့ပြီးသည်နှင့်အညီ တံတင်းဟူသည်တာ-ဟူသည်,ပူ-ဟူသည်တို့ကား ဥစ္စာသိဒ္ဓိရာ သစ်ဘဏ္ဍာ,နီးဘဏ္ဍာတို့၏ အမည်မျှသာတည်း။ အောက်အထက် ဆင့်ထျက်တည်သော အိုးကဲ့သို့ နှစ်ဌာနသိဒ္ဓိရာ ခြားနားထျက် အောက်အထက် ပူးတွဲစပ်ယှဉ်၍ လုပ်အပ်သောကြောင့် ပူး-ဟူ၍ ဝိသဇ္ဇနီသံ ဆိုလိုရင်းကို စကားလွှေ့လေသည်ဟူ၍ ထည်းကောင်း, ရွာထက်သားတို့သည်ကိုယ်တို့၌ မင်းခွင့်စိုးရာ ရောက်အံ့သည်ကို ကြောက်ထန့် တုန်လှုပ်သည်။ * ထိုတွင် မင်းချင်းတို့ ဆောင်ရွက်မြဲဝန်ပူကို လွှေ့မြင်ထျင် မင်းခွင့် မင်းအာဏာပူ၍ ရောက်ပြီ ဟူ၍, စိတ်၏ ပူဆာခြင်းကို ဖြစ်စေသည်ဟူသော အနက်ကိုစွဲ၍ ဆိုမိန့်ခြင်းဖြစ်သည်

* တုန်လှုပ်ခြင်းများသည်။

ဟူ၍လည်းကောင်း အနက်ရကြောင်း သင့်ရာ၏။ ။မြန်မာမှု၌ အနက်ရသင့်လျက် ရွှေလျောတိမ်ယွင်းသောအရာ များစွာထင်သည်ကိုလည်းကောင်း, ပညာ ထိုက်စေခြင်းငှာလည်းကောင်း အနက်ရယူလိုက်သည်။ "ယုတ္တာ ယုတ္တိ စိန္တယန္တော်၊ ယုတ္တိဉ္စေ ဂဏှန္တော်၊အယုတ္တိဉ္စေ ပဇဟန္တော်" စသောစကားကို ဆရာမြတ်တို့ မိန့်တော်မူကုန် သကဲ့သို့ သဘောယုတ္တိ ထုံးစံညီ၍ ယူသင့် စွန့်သင့်သည်ကို ဆင်ခြင်ကုန်ရာ၏။

ဝိသဇ္ဇနိသံ၌ ဟုဉ်ပူးသည်-ဟူသော ဝေါဟာရကား စပ်နှောခြင်း အနက်တည်း။ ပူး-ဟူသော တိရစ္ဆာန်၏အမည်ကား ပညတ်မျှသာ ယူသင့်၏။ အနက်ရသာသည်ကိုလည်း ယုတ္တိထုံးစံကို ပမာဏပြု၍ စုံစမ်းရာ၏။ ။ရစ်သောအခါ၌ကား ဝိသဇ္ဇနီ မပါသံ, ပါသံကဲ့သို့။ ထွက်ပြူသည်-ဟူသောအရာကား ဝိသဇ္ဇနီ မပါသံတည်း။ ။ပြူးပြူးထွက်သည်,မျက်လုံး ပြူးထူး, အစွယ်ပြူးထူး-ဆိုမိန့်သောအရာကား ဝိသဇ္ဇနီပါသံတည်း။ ဤအသံနှစ်ပါးသည် အရသဘောမထူး။ ပြန်ထွက်ကာမျှကို 'ထွက်ပြူးသည်' ဆိုသည်။ ပြန်ထွက်ခြင်း မရှိမသာ ထင်မြင်စွာရှိသည်ကို မျက်လုံးပြူးထူး, အစွယ်ပြူးထူး-ဆိုလေသည်ဖြစ်၏။ ပြန်ထွက်ခြင်း-အရသဘောတူကြ၏။

ပူ-ကာရန္တပြီး၏။

ပေ—ပေး၊ ဖြေ-ဖြေး၊ မွေ-မွေး-မွေ့၊ ဖွေ့

၁၇၁-ပဗျည်း ကောရန္တပြဋ္ဌ ဝေါဟာရကိုပြခြင်း

ပေ-ကာရန္တဋ္ဌကား သက်သက် လည်းကောင်း, အရစ်လည်းကောင်း, ဝဆွဲးလည်းကောင်း, ရစ်၍,ဝဆွဲးလည်းကောင်းထင်၏။ ထိုတွင်သက်သက်၌ ဝိသဇ္ဇနီမပါသံ, ပါသံကဲ့သို့။ တုံးသည်ပေသည် ဆိုသောအရာ၊ တန်ဆာတူပေ, သစ်ပင်၏အမည် ပေ-ဟူသောအရာ၊ပြုပေသည်,မှုပေသည်-စသည်ဖြင့် ဆိုမိန့်သောအရာ၊အလေးအပေါ့ မညီမျှ၍ ချိန်ခွင်ကိုပေသည်-ဆိုမိန့်သောအရာ၊စပေ-ဟူသောအရပ်အမည်တို့ကား ဝိသဇ္ဇနီမပါသံတည်း။ ။ပေးကမ်းသည်ဟူသော အရာကား ဝိသဇ္ဇနီသံတည်း။

ထိုတွင် တုံးပေသည်-ဟူသော အရာကား ပွန်းတည်းခြင်း အနက်တည်း။ ။တန်ဆာတူပေ-ဟူသည်၌ ပေဟူသည်လည်း အကြိမ်များစွာ ခတ်ပုတ်ခြင်းကြောင့် တုံးပေပွန်းတည်းခြင်းဖြစ်သည်ဟူသော သဘောကိုစွဲ၍ အနက်ရကြောင်းသင့်ရာ၏။

ပညတ်မျှသာထည်း သင့်ရာ၏။ ။သစ်ပင်၏အမည် ပေ-ဟူသည်ကား အမည်မျှသာဖြစ်သင့်၏။ ။ရွှေပေ,ငွေပေ,အဝတ်ပေ-စသည်ဖြင့် သစ်ပင်၏အမည်မဟုတ်သည်၌ကား ပေ-ထန်းရွက်တို့၌ ရေးခြစ်သော အရာထင်၍, ရေးခြစ်ကောင်းသမျှ ရွှေငွေမဟူ သဘောတူ သုံးဆောင်သည်ကို ပေ-ဟူသောဝေါဟာရဖြစ်သည် ယူသင့်၏။ ဤနှင့်ထျော်စွာ ပေါဠက-သဒ္ဒါ၏အနက်ကိုပေရွက်ကိုသာမယူ,ရေးခြစ်ကောင်းသော ပုရပိုက်, သင်ပုန်း,ပုဆိုးထည်-စသော ဝတ္ထုတို့ကိုပင် ယူရအံ့ဟု ဆရာကျော်တို့ မိန့်တော် မူကုန်သည်။

ပြုပေ, မူပေ-ဆိုမိန့်သောအရာကား ပြုပါ-မူပါ-ဟူသောအရာကဲ့သို့ အရှိ အသေ ဆိုမိန့်သောအရာဖြစ်၏။ ထိုတွင် တစိတ်မျှ ထူးကောင်း၏။ပြုပါ,မူပါ-ဟူသော အသံကား ပြုမူသည်,ပြုမူပါတိုက်တွန်းသည်တို့သည် မိမိကိုယ်ကို ကြိုဆဲနှိမ့်ချသံဖြစ်၏။ ပြုပေ, မူပေ-ဟူသောအသံကား ပြုမူသည် တိုက်တွန်းသူတို့သည် မိမိဂုဏ် သူ့ဂုဏ်ကို တစိတ်ဆဲ၍ မြွှင့်သံဖြစ်၏။ ဆင်ခြေ။ ။အထေး အပေါ်မည်၍ ချိန်ခွင်ကို ပေ၏-ဆိုသော အရာ၊ အရပ်၏အမည် စပေ-ဟူသည်တို့ကား ခေါ်ဝေါ်ကာမျှသာ ယူသင့်၏။

ဝိသဇ္ဇနီသံ၌ ပေးကမ်းသည် ဟူသော အရာကား အတို့ကို သူအား ရောက်စေခြင်းအနက်တည်း။ ထိုနှင့်ထျော်စွာ ဥစ္စာပစ္စည်းကို ပေးသည်, အလှူကို ပေးသည်, ဒဏ်ပေးသည်-ဟူသော ဆိုမိန့်ခြင်းထင်၏။ ။ရစ်သော အရာ၌လည်း ဝိသဇ္ဇနီမပါသံ,ပါသံကဲ့သို့၏။ ပျောက်ပြေသည် ဟူသောအရာ၊ သစ်ပင်၏ အမည် သပြေ, တတုံတပြေ-ဆိုသော အရာတို့ကား ဝိသဇ္ဇနီမပါသံတည်း။ ပြေးလွှားသည်ဆိုသော အရာကား ဝိသဇ္ဇနီသံတည်း။ ။ထို၌ ပျောက်ပြေသည်၊ ပြစ်ပြေသည်၊ ချောပြေသည်၊ ခမ္မဝတ်ပြေသည်၊ ရာဇဝတ်--လောကဝတ် ပြေသည် စသည်ဖြင့် အထူးထူးယှဉ်ဖက်သည်သာ။ အရကား နှောင့်ရှက်ငြိစွန်းခြင်း အပြစ်မထင်၊ လွင်ကင်းခြင်းအနက်တည်း။ ။သစ်ပင်၏အမည် သပြေ-ဟူသည်ကား အမည်မျှသာထည်းယူသင့်၏။ ပြေသည်-ဟူသောစကားခွန်းကို ထောက်သဖြင့် အပြစ်အဆာ တရံမရောက်ပြေပျောက်သည်ဟူသော သုတိသာမင်္ဂလာကိုလိုက်၍, 'သစ်ပြေ' ဟူလိုလျက်၊ အဆိုအမိန့်လွယ်ရာ သပြေ-ဟူသောအမည်တွင်ထေသည် ယူသော်ထည်း သင့်ရာ၏။

တတုံတပြေ-ဟူသော ချင့်တွက် ခေါ်ဝေါ်ခြင်းကား အမည်မျှသာ ယူသင့်၏။ ဤ၌ "ပတ္တမြားတခြည်၊ ဆန်တပြည်သို့၊ ကြီစည်စတတ်"....ဟူ၍, ဘုံခက်း၌ စပ်သည်နှင့်အညီ ညသတ်ရေးသော်ထည်း သင့်ရာ၏။ ပျိုထက်ဘတပါးတို့၌ထည်း မထင်။ အရာသဘောထည်း ညသတ်အရေး၌ ထင်ခက်အံ့ဖြစ်၍, သဝေထိုး အရာတွင် ဆို

လိုက်သည်။ ။တပြေ-ဟူသောအရကို ဆင်ခြင်မှုကား "လေးစထယ်သော် တပြေ၊ လေးပြေသော် တစိတ်၊ လေးစိတ်သော် တတင်း၊ လေးတင်းသော် တတို" ဟူ၍ လေးဆတက်စီ ဝိုင်းခြားသည်တွင် တကြိမ်တွက်ရေပြေပြီး-ဟူသောအနက်ကို စွဲးသာ အံ့သို့ရှိ၍ ထုတ်လိုက်သည်။ စပ်အင်ရေးထုံး ခိုင်ခံ့ရာဆင်ခြင်။ ။ပြေးလွှားသည်-ဟူသော ဝိသဇ္ဇနီသံဒ်ကား လျင်မြန်စွာသွားခြင်းအနက်တည်း။

ဝဆွဲးသောအရာဒ်ကား ဝိသဇ္ဇနီမပါသံ့ ပါသံ့ အမြစ်သံကွဲး၏။ လေပွေ့ ထိပ်ပွေ့ အချာ-စသည်ဖြင့် ဆိုမိန့်သောအရာတို့ကား ဝိသဇ္ဇနီမပါသံတည်း။ ။အခေါက် အပွေး့ တိရစ္ဆာန်၏အမည် ပွေး-ဟူသည်တို့ကား ဝိသဇ္ဇနီသံတည်း။ ။ဝိုက်ပွေ့ သည်ဆိုသောအရာကား အမြစ်သံတည်း။ ။ထိုတွင် လေပွေ့ ထိပ်ပွေ့အချာ-ဟူသည် တို့ကို ဗထက်ချိုက် အချို့ရေးကုန်သည်ကား အသံကိုစွဲး၍ ရေးကုန်သကဲ့သို့ ရှိ၏။ ပွေ့၍ ရက်သည်ဆိုသော အရာလည်း အချာထိပ်ပွေ-ဟူသော ဝေါဟာရလည်း ကောင်းဖြစ်၏။ ဤဒ္ဒ အရကား အလယ်ဌာနအချက်အချာ စွဲးရာမှတ်ရာ အကြောင်း မူလကို ပွေ-ဟူ၍ မိန့်ဆိုသောအရာဖြစ်၏။ ဆင်ပွေ့,မြင်းပွေ့, နွားတ်ပွေ့,ပွေလက္ခဏာ-ဟူသည်ဒ္ဒကား အလယ်ဖြစ်စေ အစွန်းအနားဖြစ်စေ ကောင်း- မကောင်းသော အကြောင်းမူလမှာ အချာအချက်စွဲးမှတ်ရာ လက္ခဏာဖြစ်၍ 'ပွေ' ဟူသော ဆိုမိန့် ခြင်းဖြစ်သည် ယူသင့်၏။

ပွေ၍ ရက်သည်-ဟူသော ဝေါဟာရဒ္ဒ 'အလယ်ဌာန အချက်အချာမှ အစမူ၍ ရက်သည်' ဟူသောအနက်တည်း။ ။လေပွေ-ဟူသောဝေါဟာရဒ္ဒ ပွေ၍ ရက်သော နိုးပြေးနိုးသွားသည် ခွေဝင်လည်ပတ်သကဲ့သို့ ခွေဝင်လည်ပတ်၍ ဖြစ်တတ်သော ကြောင့် 'လေပွေ့' ဆိုသည်ဖြစ်၏။ မျောက်လေပွေ့, မှုံလေပွေ့-ဟူသည်တို့ကား ထို လေပွေ့ဒ္ဒ ပါကောင်းသော အစွမ်းပေါ်ပါးခြင်း ရှိအံ့သည်ကိုစွဲး၍ ရည်၍ ဆိုမိန့် ခြင်းဖြစ်၏။ ဤဒ္ဒသည်း အဆင့်ဆင့်စွဲးမှတ်၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်ပင် ယူသင့်၏။ ပွေ-ဟူသော ဝေါဟာရဒ္ဒ 'ပွေ'၏အနက်ရင်းကား ဆိုအပ်ပြီးသော အလယ်အချက် အကြောင်းမူလကို ဆိုသောအရာသာတည်း။

ဝိသဇ္ဇနီသံဒ္ဒ ...အခေါက်အပွေး-ဟူသောဝေါဟာရကား အမြစ်ခဲဖွယ်၊ ပင်စည် ခဲဖွယ်၊ အခေါက်ခဲဖွယ်၊ အပွေးခဲဖွယ်စသည်ဖြင့် ဝိနည်းတော်ဒ္ဒ လာသော ခဲဖွယ် ၁၀-ပါးတို့တွင်ဝင်သော အပွေ့ ဟူသည်ကား အခေါက်ကိုလွှမ်းမျက် သွေ့ခြောက် သော် အစွဲးမခိုင်သော အခေါက်၏အမည်တည်း။ ဤဒ္ဒ ရှား,မန်ကျည်းစသော ထင် သာသောသစ်ပင်တို့ဒ္ဒ အတွင်းအထယ်ကား အနှစ်၊ ထိုမှအပကား အကာ၊ ထိုကို လွှမ်းသည်ကား အခေါက်-အခွံ၊ထိုကိုလွှမ်းသည်ကား သွေ့ခြောက်သော အခေါက်

အခွံထည်းကောင်း ဆိုအပ်သော အပ္ပေးတည်း။ ပ္ပေးအနာ-ဟူသည်၌ဃည်း သစ်ပင်၏အပ္ပေးကဲ့သို့ အရေ၏အပဋ္ဌ သွေ့ခြောက်သော အသွင်ကိုစွဲး၍ ပ္ပေး-ဟူသော ဝေါဟာရဖြစ်သည် ယူသင့်၏။

ဝိုက်ပ္ပွေသည်-ဟူသော အမြစ်သံဒ်၌ကား ထက်ပ္ပွေ့တင်သည်၊ ထက်ပ္ပွေသတ်သည်၊ ကျေပ္ပွေဟူသော အမည်တို့၌ ထင်၏။ ထို၌ ပ္ပွေ၏ဟူသည်ကား ဝိုက်ခြင်း-သိမ်းခြင်း အနက်တည်း။ ထိုနှင့်လျော်စွာ ထက်ဖြင့်ပ္ပွေသည်, နာမောင်းဖြင့် ပ္ပွေသည်, ဥချိုဖြင့် ပ္ပွေသည်-စသည်ဖြစ်သော ဝေါဟာရထင်၏။ ။ကျေပ္ပွေဟူသည်၌ အကြောင်းကို အောက်၌ဆိုအပ်ပြီ။

ရစ်ထျက် ဝဆွဲးသောအရာ၌ထည်း ဝိသဇ္ဇနီမပါသံ့ပါသံ၊ အမြစ်သံကွဲး၏။ နှဲး-ပ္ပြေ-ဟူသောအရာကား ဝိသဇ္ဇနီမပါသံတည်း။ မ္ပြေပ္ပြေးဆိုသောအရာကား ဝိသဇ္ဇနီပါသံတည်း၊ တဝ်ပ္ပြေ့သည်-ဆိုသော အရာကား အမြစ်သံတည်း။ ။ထို၌ နှဲးပ္ပြေဟူသည်ကား တူရိယာမျိုး၏ အမည်မျှသာတည်း။။မ္ပြေပ္ပြေး-ဟူသော အမည်၌ကား ယခင် အခေါက်အပ္ပေးဟူသောဝေါဟာရကိုစွဲး၍ မိမိကိုယ်နှိုက်သွေ့ခြောက်သော သစ်ပ္ပေး သစ်ခွံပ္ပေးက အနာကဲ့သို့ ပြာမွဲးသော အသွင်ရှိသည်ကို ထောက်၍ ပ-ကို ဝဆွဲးသောရေးခြင်းသည် အနက်ရကောင်းအံ့သို့ရှိ၏။

တဝ်ပ္ပြေ့သည်- ဆိုသောအရာကား တဝ်မက်သည်ဟူသော စကားကို ရှေးသူဟောင်းတို့သည် 'တဝ်ပ္ပြေ့သည်' ဆိုသောအရာဖြစ်၏။

"တဝ်ပ္ပြေ့ချစ်ဖွယ်၊ ရူပကာယ်ဖြင့်"
"တဝ်ပ္ပြေ့ညွတ်တိမ်းမတ်သတည်း"
"တောင့်ဘတဝ်ပ္ပြေ့၊ မရှိမြွေသည်"
"ဝမ်းမျပ္ပြေ့တဝ်၊ ရှိအဝ်သထော"

စသည်ဖြင့် ပျိုလက်ာရှိသည် ထင်၏။

ပေ-ကာရန္တပြီးပြီ။

ပဲး-ပဲ့၊ ပြိုး-ပြို့၊ ပွဲ

၁၇၂-ပမျည်း အဲးကာရန္တ၌ ဝေါဟာရကို ပြခြင်း

ပဲး-ကာရန္တ၌ကား သက်သက်လည်းကောင်း, ရစ်၍ထည်းကောင်း, ဝဲသွဲးထည်းကောင်း ထင်၏။ထိုတွင် သက်သက်၌ အမြစ်သံ့မြစ်သံကွဲး၏။ ပြောင်းပဲး-ရွှေးပဲး ဆိုသည့်အရာ, ခပဲးဆိုသောအရာတို့ကား အ-မြစ်သံတည်း။ ပဲ့မသည်။ဦးပဲ့ဆိုသောအရာကားအမြစ်သံတည်း။ထို၌ပြောင်းပဲး၊ ချင်ရွှေးပဲးဟူသည်ကား နွယ်မြက်ပင်တို့၏ အမည်ရင်း ဖြစ်သင့်၏။ ထိုပဲးပင် ချင်ရွှေးပင်တို့၏ အသီးအစေ့နှင့် အလေးမျှစွာ ချိန်အပ်သော ရွှေငွေ စသည်တို့ကို တပဲးတရွေး စသည်ဖြင့် ဆိုမိန့်ခြင်းဖြစ်၏။ ဤသို့ယူသော် ချင်ရွှေး-မူးပဲးစသည်ကား ပဲးပင်၊ ချင်ရွှေးပင်၊ မူးပင်-တို့၏ အမည်ရင်း၊ ချင်ရွှေး,မူး,ပဲး-ဟူသော အချိန်အလေး၏ အမည်ကား မူး, ပဲး,ချင်ရွှေးပင်တို့ကိုစွဲး၍ ဆိုသည်ဖြစ်၏။ ထိုသို့မဟုတ် အချိန်အလေး တချင်ရွှေးခန့်သော အဆန်အစေ့ရှိသည်ကို ထောက်၍သာ ချင်ရွှေးပင်၊ မူးပင်း၊ ပဲးပင်-ဆိုထေသည်ယူမူ တမတ်တကျပ်ဟူသကဲ့သို့ အချိန်အလေး၏ အမည်ရင်းကဲ့သို့ ရှိ၏။ ဤ၌ ချင်ရွှေးပင်၊ ပဲးပင်တို့၏ အမည်ရင်းဟူသောရွှေးစကားကိုအသင့်ယူသော်ကောင်း၏။

တမုန်ညင်း၊ တနှမ်း၊ တဆံ၊ တမုယော၊ တသစ်ဆိမ့်-ဟူသည်တို့၌ မုန်ညင်းပင်၊ နှမ်းပင်တို့၏ အမည်ထင်သာသည်။ တဆံခြည်၊ တလက်သစ်၊ တထွာ၊ တတောင်ဟူသည်တို့၌ထည်း အဓွန့်ခရီး၏ အမည်ရင်းမဟုတ်။ဆံခြည်လက်ချောင်းတို့၏အမည်ရင်းထင်သာသည်။ ဤသို့လျှင် သစ်ပင် ကိုယ်အင်္ဂါတို့၏ အမည်ရင်း ထင်သည်ကို ထောက်သော် နောက်စကား မယူတို့လွန်းဖြစ်၏။ ဆင်ခြင်။

ခပဲး-ဆိုသောအရာကား "နတ်ခပဲးတို့၊ ငပွဲးတို့ဝယ်" စသည်ဖြင့် ဆိုမိန့်သော အရာထင်၏။ ထိုဝေါဟာရကား ရှေးသူဟောင်း တို့၏ စကားတည်း။ နတ်ခပဲးဟူသည်ကား နတ်ခပ်သိမ်းဆိုလိုသောအရာတည်း။

ပွဲ့မသည်-ဟူသော အမြစ်သံကား လေတို့ကို ထက်ယာထက်ပဲး တိမ်းလွှဲစေခြင်း၊ တည့်မတ်စွာ သွားစေခြင်းငှာ တက်ဖြင့်ခိုင်းမက်သည်ကို 'ပွဲ့သည်' ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ထိုနှင့်လျော်စွာ လေမှတပါး လိုရာသွားစေခြင်းငှာ နွားကျဲးတို့ကိုထည်းကောင်း, မသိမလိမ္မာသော သူတို့ကိုထည်းကောင်း စီးပွားကို ရှာဖွေဆောင်ရွက်ခြင်း မြေမြင်မောင်းခြင်း ပြသသွန်သင်ခြင်းတို့ကိုထည်း'ပွဲ့ပြင်သည်၊ ပွဲ့မသည်'ဟူသော ဆိုမိန့်ခြင်း

ဖြစ်၏။ ။အထင်အားဖြင့်ကား တက်မဖြင့်ခိုင်းမက်ဖြောင့်မတ်သည်ကိုသာ ဝဲသည်-ဆိုသော အရာကဲ့သို့ရှိ၏။ သဘောအားဖြင့်ကား ထိုဝါးစသော တစုံ တခုသော သစ်ဝါး၊ လုံကန်၊ ကြိုးလွန်တို့ဖြင့် လည်းကောင်း, ထက်ဝါးပြက်ဖြင့် လည်းကောင်း ထိုရာသွားစေခြင်းငှာ လုံ့ဆပြုခြင်းကို 'ဝဲသည်' ပင်ဆိုလိုအံ့သို့ရှိ၏။ ။ဦးဝဲ-ဟူသည်ကား ဝဲမ,ရာအရပ်ဖြစ်သည်ကိုစွဲ၍, ဆိုမိန့်သောအရာဖြစ်၏။

ရစ်သော အရာဌသည်း....အ-မမြစ်သံ, မြစ်သံကွဲး၏။ ထိုတွင် ပေါက်ပြားသည်၊ ဖြင်ပြား-ဟူ၍, ဆိုမိန့်သောအရာကား အ-မမြစ်သံတည်း။ ပြဲ့ပြဲ့မြင်သည်-ဆိုမိန့်သော အရာကား အမြစ်သံတည်း။ 'မကုလိုက်ဝဲး၊ခါမြဲ့မြဲးသော်၊ပေါက်ပြားခုတ်တွင်း' စသည်ဖြင့် ဆိုမိန့်သည် ထင်၏။ ထိုဌပေါက်ပြားဟူသည်ကား ကွဲးခြင်း, ပွင့်ခြင်းအနက်တည်း။

ဖြင်ပြား-ဟူသော ဝေါဟာရကား သူဟောင်းတို့၏ စကားတည်း။ ထိဝေါဟာရကား များသည်ကို ဆိုသောအရာဖြစ်၏။ ပသက်သက်ဌ 'ဖြင်ပည်း၊ ပေါပည်း၊ပည်းမျှ' ဟူ၍ညသတ်ရှိ၏။ ရစ်ရာဌကား 'ဖြင်ပြား၊ ပေါပြား,ဟူ၍, နောက်ပစ်ရှိ၏။ အရကား မထူး။ များသည်ကို ဆိုသောအရာသာတည်း။

"အစိုင်အခဲး၊ ကောက်ဆုပ်ကြွးထို့၊ ဖြင်ပြားပြောထူ"
"ရှည်ထျားတွဲးလွဲး၊ အိမ်တိုင်ဆွဲးသည်၊ ဖြင်ပြားရှစ်ရပ် မျက်နှာတည်း-"
"ပေါပည်းဖြင်ပြား၊ ပေးထျောက်ကဲးထည်း၊ ရောင့်ရဲးနှစ်ထို-"

စသည်ဖြင့် ပ-ကိုရစ်ထျက် နောက်ပစ်စပ်အင်ထင်၏။

"ထက်ရင်းဝယ်ချည်း၊ ပေါပည်းထပ်မျှ"
"ခန်းနှားပစ္စည်း၊ အလှည်းလှည်းတိ၊ပေါပည်းဖြင်ဲး-"

စသည်ဖြင့် ပသက်သက်ထွင် ညသတ်စပ်အင်ထင်၏။ ။အမြစ်သံပြဲ့ပြဲ့မြင်သည်-ဆိုသော အရာဌကား ပြက်ပြက်မြင်သည် ဆိုသောအရာနှင့်တူ၏။

"တုန်တုန်လဲ့လဲ့၊ ကြက်သီးပြဲ့သည်၊ ခွဲခွဲခြေခါထက်ခါတည်း"
"အကာပြဲ့ပြဲ့၊ အနှစ်မဲ့တည်း။ ။စီးပွားရှိမဲ့၊ ပြဲ့ပြဲ့မြင်ထွေ-"

စသည်ဖြင့် ဆိုမိန့်သောအရာထင်၏။ စပ်အင်ထင်လွယ်အံ့။ ကျယ်အံ့စိုး၍, ကြိုးကြားသာ ညွှန်သည်၊ နောက်ဌ ကြိုးကြားသာညွှန်အံ့။

ဝဆွဲးသော အရာဌကား....ပွဲးသဘင်ဟူသော အ-မမြစ်သံ ဝေါဟာရ ထင်၏။ ထိုဌ သဘင်-ဟူသည်ကား သဘာ- ဟူသော ပါဠိကိုစွဲးမှိ၍, ဆိုမိန့်သောအရာ ဖြစ်

သောကြောင့် မြန်မာမှုသက်သက် မဟုရာ၊ မာဂဓဘာသာ မှုထဖြစ်၏။ ပဲ့း-ဟူသည်ကား မြန်မာမှုသက်သက်၊ ဤသို့ ဘာသာကွဲးကာသာ အရသဘောအားဖြင့်ကား ပရိသတ်တို့၏ စည်းဝေးခြင်းကိစ္စအားဖြင့် မထူးသည်ဖြစ်၏။

ပဲ့း-ကာရန်ကြီးပြီ။

ပေါ်-ပေါ့-၊ပျော-ပျော့၊ပြော

၁၇၃-ပဗျည်း သြကာရန္တ၌ ဝေါဟာရကို ပြခြင်း

ပေါ်-ကာရန္တ၌ကား သက်သက် ထည်းကောင်း, ယပင့်လည်းကောင်း, အရစ်လည်းကောင်းထင်၏။ ထိုတွင် သက်သက်၌ အ-မမြစ်သံ, မြစ်သံကွဲး၏။ များသည် ပေါသည် ဆိုမိန့်သောအရာ, လှေပေါသော၊ တက်ပေါသော၊ ပေါပေါပေါ်သည် ဆိုမိန့်သောအရာတို့ကား အ-မမြစ်သံ၊ ထေးသည်, ပေါ့သည်ဆိုမိန့်ခြင်းကား အမြစ်သံတည်း။ ။ထိုတွင်များသည်၊ပေါသည် ဆိုမိန့်ခြင်းကား ထူထပ်ပြည့်ဖြိုးခြင်းအနက်တည်း။ ။လှေတက်ပေါသော၊ ပေါပေါပေါ်သည် ဆိုမိန့်သောအရာကား ပေါ့သည်ဟူသောအမြစ်သံ၊ ပေါ်သည်ဟူသော တံခွန်လွှားသံတို့နှင့် အရသဘော နီးနှောလျဉ်းစပ်သည့်အကြောင်းအကျိုးယူသင့်၏သို့ရှိသည်။

ရှိဟန်ကား···· လှေတက်ပေါသောဟူသည်၌ လှော-ဟူသော စကားခွန်းကား ပြေပြစ်ရုံမျှ ယှဉ်ဖက်ကာသာ၊ ပေါပေါ-ဟူသောစကားခွန်းကား ပေါ်ပေါ်ထင်ထင်ရှိသည် ဟူသောအရာဖြစ်၏။ပေါ့သည်-ဟူသောအမြစ်သံကား ဝန်မနှိပ်စက် မလေးမထိုင်း သွက်လက်သည် ဆိုမိန့်သောအရာဖြစ်၏။ ။ထို၌ အကြောင်းအကျိုး ရှုသင့်ဟန်ကား လှေစသည်တို့ ပေါ့ပါးသည်ကား အကြောင်း၊ ပေါ့ပါး သောကြောင့် ရေမှပေါ်သည်ကား အကျိုး၊ ရေမှပေါ်သောကြောင့် ပေါ်ပေါ်ထင်ထင်မြင်သည်ကား အကျိုး၊ ဤသို့ အကြောင်းအကျိုး ယူသင့်အံ့သို့ရှိ၏။ ပေါ့ပါးသောကြောင့် ရေမှပေါ်သည်။ ဤမျှသာ အကြောင်းအကျိုးယူ၍ ပေါပေါဟူသည်ကို ပေါ်ပေါ်ထင်ထင်ရှိသော ပေါ့ခြင်းဟူ၍ ပေါ်ခြင်းကြိယာ၏ ဝိသေသနသော်လည်း ယူရာ၏။ ဤသို့ထျင် အရသဘော နီးနှောလျဉ်းစပ်သည့်အကြောင်းအကျိုး ယူသင့်သည်ထင်၏။ ဆင်ခြင်။

ယပင့်သောအရာ၌ထည်း····အ-မမြစ်သံ, မြစ်သံကွဲး၏။ ပျောပျော မြော်သည်၊ ပျောပျောမိန်းသည်-စသည်ဖြင့် ဆိုမိန့်သောအရာ,ဌက်ပျောဟူသော အမည်တို့ကား

အ-မမြစ်သံ။ ။ပျောင်းပျော့၊ ညှံ့ပျော့ဆိုသော အရာကား အမြစ်သံတည်း။ ။ ဤဌာနထည်း ညှံ့ပျော့သည်ဟူသောအမြစ်သံ၊ ပျောပျောမိန်းသည် စသည်ဖြင့် ဆိုမိန့်သော အ-မမြစ်သံ၊ မှည့်သည် ပျော်သည်ဟူသော တံခွန်လွှားသံ ဤအသံသုံးပါးသည် အရမပြားသကဲ့သို့ရှိ၏။ ။ထိုဌ ပျော့၏-ဟူသော အမြစ်သံအရကား မခိုင်မကျန်း နွမ်းရိပျောင်းညှံ့ခြင်း အနက်တည်း၊ ပျောပျောမိန်းသည် စသည်ဖြင့် ဆိုမိန့်သောအရာထည်း ပျောင်းပျော့ထွက် မိန်းမိုင်သည်၊ ပျောင်းပျော့ထွက် မြော်ကြည့်သည် ယူအံ့သောအရာဖြစ်၍ ပျော့ညှံ့သည်ဟူသော အနက်ကိုပင် ပျောပျောဆိုမိန့်ခြင်းဖြစ်၏။ ။သစ်သီးမှည့်ပျော် ဆိုသောအရာဌထည်း အမှည့်လွန်၍ မခိုင်မကျန်း နွမ်းရိပျောင်းညှံ့သော အနက်ထည်းကောင်းဖြစ်၏။ ဤသို့ထွင် အရမပြားသကဲ့သို့ရှိ၏။ ။ဌက်ပျောဟူသောအမည်ကား ခေါ်ဝေါ်ကာမျှသာဖြစ်သင့်၏။ပျောင်းပျော့ခြင်းဟူသော ယခင် အနက်ကိုစွဲ၍ ကြီသော် အနက်ရကောင်းအံ့သို့ထည်း ရှိ၏။

ရစ်သောအရာဌကား.... အ-မမြစ်သံဖြစ်သော ဟောပြောသည်၊ ဝပြောသည်၊ စည်ပြောပတ်သာ၊ အပြောကြယ်သည်- စသောဆိုမိန့်ခြင်းသာ ထင်၏။ ထိုထွင် ဟောပြောသည်-ဆိုမိန့်သောအရာဌကား ဟောသည်ဟူသောစကား, ပြောသည်-ဟူသောစကား အရမထူး။ ဆိုမိန့်ခြင်းကြိယာအနက်အားဖြင့်ကား ထူး၏။ရိသေသော အရာ အမှတ်မဲ့သော အရာအားဖြင့်ကား တစိတ်ကွဲး၏။ ဘုရားစသော ပညာရှိသူတော်ကောင်းအပေါင်းတို့၏ စကားကို ဆိုမိန့်ခြင်း, ထိုဘုရားစသော ပညာရှိသူတော်ကောင်းတို့သည် ဆိုမိန့်ခြင်း, ဓမ္မဒင်ကြောင်းစသော ထောကိစီးပွားကို ဆိုမိန့်ခြင်း ဤသို့စသည်ဖြင့် ရိသေကောင်းသောအရာဌ 'မိန့်သည်၊ဟောသည်' ဟူသော ဝေါဟာရဌထင်၏။ ။လယ်လုပ်ကုန်သွယ် ရောင်းဝယ်ဖောက်ကား သောက်စား ရွှင်ပခြင်းစသော မရိသေထောက်သော အမှတ်မဲ့သော စကားဌကား 'ဆိုသည်၊ ပြောသည်' ဟူသော ဝေါဟာရဌထင်၏။ဤသို့အရာအားဖြင့် တစိတ်ကွဲး၏။အရကား ဆိုသည်၊ ပြောသည်၊ မိန့်သည်၊ ဟောသည်၊ ရွတ်သည်၊ ဖတ်သည်-ဟူသောဝေါဟာရ၊ နှုတ်မြွက်ခြင်း ဝစီဘေဒ၊ ဝစီဝိညတ်သာဌပြင်တည်း။ ထိုကြောင့် ပါဠိတော်ဌကထေသိ၊ အဘာသိ၊ ဘာသတိ၊ဝဒတိ၊ ဝုစ္စတိ၊ အာဟ'စသော ပုဒ်တို့၏အနက်ကို ရိသေကောင်းသော အရာဌကား'မိန့်သည်၊ ဟောသည်' အမှတ်မဲ့သောအရာဌကား 'ဆိုသည်၊ပြောသည်၊ရွတ်ဖတ်သည်'ဟူ၍ အနက်ယောဇနာတော်မူကုန်သည်ဖြစ်၏။

ပေါ်-ကာရန္တပြီးပြီ။

ပေါ်-ပျော်

၁၃၄-ပဗျည်း သြော်ကာရန္တဋ္ဌ ဝေါဟာရကို ပြခြင်း

ပေါ်-ကာရန္တဋ္ဌကား အထဲးအပေါ်၊ ထင်ပေါ်သည်ဟူ၍္ သက်သက် ဆိုမိန့်သော အရာ, ရွှင်ပျော်သည်၊ မှည့်ပျော်သည်ဟူ၍္ ယပင့် ဆိုမိန့်သော အရာထင်၏။ ဤ၌ အထဲးအပေါ်၊ ထင်ပေါ်သည်ဟူသော ဝေါဟာရသည် ယခင် ပေါပေါပေါ်သည်-ဆိုသော အရထည်းကောင်းတည်း။ ။ရွှင်ပျော်သည်ဟူသော ဝေါဟာရကား နှလုံးမွေ့လျော်သည် ဆိုသော အရောဖြစ်၏။ ။မှည့်ပျော်သည်-ဟူသောအရာကို ဆိုခဲ့ပြီ။

ပေါ်-ကာရန္တပြီးပြီ။

ဖ-ဗျ-ဖြ-ပ္ဘ

၁၃၅-ဖဗျည်း အကာရန္တဋ္ဌ ဝေါဟာရကို ပြခြင်း

ဖ-ကာရန္တဋ္ဌကား ဖသက်သက် ထည်းကောင်း, ယပင့် ထည်းကောင်း, ဝဆွဲးထည်း ကောင်း ထင်၏၊ စကားဖသည်၊ ချေဖသည်၊ မိဖ၊ ကြက်ဖ-စသည် ဖြင့် ဆိုမိန့်သောအရာ, ဝတ်လဲးစဖ ဆိုမိန့်သောအရာတို့ကား ဖသက်သက်တည်း။ ။ ဗျဗျလိုက်လံသည်၊ကြမ်းပိုးသန်းဗျ-ဆိုသောအရာတို့ဋ္ဌကား ယပင့်တည်း။ ။ဝဆွဲးသော အရာကား မန်းမှတ်သောသူတို့၏ ဗွဗွ-ဟူ၍္ ဆိုမိန့်ခြင်းမျှသာထင်၏။ ထိုဝေါဟာရ ကား စာဟောင်းဆိုခဲ့အံ့သည်။ * ထိုကြောင့် စကားဖသည်၊ ချေဖသည်-ဆိုသော အရာတို့သည် ထေးဖာခြင်းအနက် ဖြစ်သင့်၍္ ဖာ-ဟူသော ဝေါဟာရ မူလကဲ့သို့ ရှိ၏။ ။အဓိအဖကြက်ဖ၊ရစ်ဖ-စသော ဆိုမိန့်ခြင်းတို့ကား ပညတ်မျှသာဖြစ်သင့်၏။

ဝတ်လဲးစဖ-ဟူသည်၌ ဝတ်လဲးစာဖာ, ဝတ်လဲးစံပ-ဟူ၍္ မူလအနက် ဖြစ်သင့်အံ့ သို့ရှိ၏။ ထိုသို့ရှိသော်သာ အရထုတ်သာ၏။ ဝတ်လဲးစဖ-ဟူ၍္ ရှိမူ ပညတ်မျှသာ ဖြစ်သင့်၏။ ။ဗျဗျလိုက်သည်၊ ကြမ်းပိုးသမ်းဗျဟူ၍္ ယပင့်ဆိုမိန့်သော အရာဋ္ဌကား မငြိမသက် ရောက်ရက်သောင်းသဲးရှိခြင်းအနက်တည်း။ ထိုနှင့်လျော်စွာ-

"ဝေဝေငှင့်၊ မင်းသားလတို့၊ ဗျဗျဆော်ပြီး"
"အနေမကျ၊ ရန်စစ်ထသော်၊ ဗျဗျလိုက်လံ"

---

* ဆိုခဲ့အံ့သည်။

စသည်ဖြင့် ဆိုမိန့်သော အရာတို့၌ ဆိုခဲ့ပြီးသော အနက်နှင့် လျော်၏။ ။ကြမ်းဝိုး သန်းဖျ-ဟူသည်၌လည်း ဖျဖျရွရွပြုတတ်သည်ဟူသော အနက်ကိုစွဲ၍ ယူသော်ရသင့်၏။ ပညတ်မျှသာဟူ၍ လည်းဆိုသင့်၏။ ။ဤ၌ ဖြဖြ-ဟူ၍ ရစ်ချက် အချိုရေးကုန်သည်ကား အရထည်း မထင်၊ ရေးထုံးလည်း မတွင်၊ 'ဖဦးထုပ်၌ ရစ်သော်လည်း ပင့်သံဖတ်သင့်လေသည်' ဟူသောစကားကိုသာ အစွဲမူ၏သို့ရှိ၏။ ထိုသို့သော်လည်း အရထုံးစံကို ဆင်ခြင်သင့်၏။

ဖ-ကာရန္တ ပြီးပြီ။

ဖဘ-ဖျာ-ဖြာ-ဖွာ

၁၇၁-ဖဗျည်း အာကာရန္တ၌ ဝေါဟာရကို ပြခြင်း

ဖဘ-ကာရန္တ၌ကား ထေးဖာသည်၊ စွေ့ရေနဖာ၊ နား၏ အညစ်အကြေးနဖာ၊ ဖာပချုပ်-စသည်ဖြင့် သက်သက်ဆိုမိန့်မြင်း, စိတ်ဖျာသည်၊ဖျာသင်ဖြူး၊စိစိဖျာဖျာ-စသည်ဖြင့် ယပင့်ဆိုမိန့်ခြင်း, အမြီးအတောင် ဖွာသည်၊အမြိတ်အစဖွာသည်-စသည်ဖြင့် ဝဆဲးဆိုမိန့်ခြင်းထင်၏။ ။ထိုတွင် ထေးဖာသည်၊ ဟူသောစကား အရကား၊ မစွေ့မစပ် ဟင်းလင်းသည်ကို ဆိုပိတ်ခြင်း အနက်တည်း။ ။စွေ့ရေနဖာ-ဟူသည်၌လည်း စွေ့စပ်စွာ ရေရွတ်ပြောဆို နားနှလုံး၌ မဟင်းမလင်း စွေ့ရေထေးဖာခြင်း အနက် လည်းကောင်း ယူသင့်အံ့သို့ရှိ၏။ ။နား အညစ်အကြေးကို နဖာ-ဟူသည်၌လည်း နားတွင်းအဝကို ထေးဖာလျက် ဖြစ်သည် ဟူသော အနက်ရသင့်၏။ဤကိုထောက်လျှင် စွေ့ရေနဖာ၊ နား၏ အညစ် အကြေးကိုလည်း 'နားဖာ' ဆိုသင့်လျက် ပြေပြစ်ရုံ ဆိုမိန့်လှယ်ရာ ဆိုသည်ဖြစ်သင့်၏။ ။ဖာပချုပ်-ဟူသည်၌လည်း ထေးဖာအပ်သော အသုံးအဆောင်ဟူ၍ အနက်ရကြီရာ၏။ ပညတ်ကာမျှလည်း ယူသင့်၏။

စိတ်ဖျာသည်-ဟူ၍ ယပင့် ဆိုမိန့်ရာ၌ကား ကွဲပြားခြင်း အနက်၊ နီးဖျာသည်, စိစိဖျာသည်-ဟူသော ဝေါဟာရသည်လည်း စိစိစဉ်စဉ် ကွဲပြားလျက် ထင်သော အရာပင်တည်း၊ စိတ်ဖျာသည်-ဟူသည်၌လည်း အစိတ်အစိတ် ဖျာသည် ဟူသော အနက်, ကွဲပြားခြင်းအနက် လည်းကောင်းတည်း။ ။ဤ၌လည်း အချိုရစ်ကုန်၏။ ဆိုခဲ့ပြီးသောအတိုင်း သဘောသက် ထုံးစံထင်သည်သာ ပမာဏတည်း။ ။အမြီးအတောင်ဖွာသည်-စသည်ဖြင့် ဝဆဲးဆိုမိန့်သောအရာကား ဖာဖာစိစိ၊ အသုံးအစား

ဖာသည် ဆိုသောအရာကဲ့သို့၊ ဖရိုဖရဲး သွန်ကြဲးသကဲ့သို့ ဖြစ်သည် ဟူသော အနက်။ ဝိသဇ္ဇနီအသံ မူလကဲ့သို့ရှိ၏။

ဖာ-ကာရန္တ ပြီးပြီ။

ဖိ

၁၇၇-ဖဗျည်း ဣကာရန္တ၌ ဝေါဟာရကိုပြခြင်း

ဖိ-ကာရန္တ၌ကား လွှမ်းသည်၊ဖိသည်၊ ပြုဖိ၊ မူဖိ စသည်ဖြင့် သက်သက်ဆိုမိန့်သော အရာ ထင်၏။ ထိုတွင် လွှမ်းသည်၊ ဖိသည်-ဆိုမိန့်သော အရာ၌ ဖိစေသည်ဟူသော ကာရိုက်အနက်တည်း။ ဖိသည်ကား သုဒ္ဓအသံ၊ ဖိစေသည်ကား ကာရိုက်သံဟူ၍ အောက်၌ ဆိုပြီးသည်နှင့်ညီ၍ နှလုံးသွင်း။ ပြုဖိ,မူဖိ-ဆိုသောအရာကား တိုက်တွန်းခြင်း အနက်ရှိ၏။ ပြုလော၊ မူလော-ဆိုမိန့်ခြင်းနှင့်တူ၏။ ပြုဖိသည်၊ မူဖိသည်-ဆိုသော မိန့်သောအရာကို ထောက်မူကား ယုခင် လွှမ်းသည် ဖိသည်-ဟူသောအနက်ကိုစွဲ၍ ပြုမူခြင်း၊ လွှမ်းဖိခြင်း အရအနက်ကိုသော်လည်း ယူသင့်၏။ ။ ဤသို့သော အရအနက်ဖြစ်ထိုက်ရာ ကြီသာသည်ကိုဂင်း၊ ဤအရာ၌ ရှေးသူဟောင်းတို့သည် ဖဦးထုပ်အကွရာ ရေးမှတ် သုံးစွဲသည် များသည်ကို လည်းကောင်း၊ဖျော်ဖြည့်သည်၊ ဖြေဖြည့်သည်၊ ဖျောက်ဖျက်သည်-စသော တပါးသော အရာတို့၌ ရှေးရှေးနှောင်းနှောင်း ဖဦးထုပ်သာ အရေးများသည်ကို လည်းကောင်း၊ က-ဝဂ်,စ-ဝဂ် စသည်တို့၌လည်း ဆိုအပ်ပြီးသည်နှင့်အညီ စတုတ္ထကွရာ အသုံးနည်းသည်ကို လည်းကောင်း ထောက်၍ ပါဠိပါဠိအစွဲးအမှိ မထင်ရာ မြန်မာမှသက်သက်၌ စတုတ္ထကွရာ မလိုဇ်သို့ရှိ၍ ဒုတိယကွရာဖြင့်သာ ဝေါဟာရကို ဖော်သည်။ ။ဆင်ခြင်။

ဖိ-ကာရန္တ ပြီးပြီ။

ဖီ-ဖီး-ဖျိုး-ဖြိုး

၁၇၈-ဖဗျည်း ဣကာရန္တနိုက် ဝေါဟာရကို ပြခြင်း

ဖီ-ကာရန္တ၌ကား သက်သက် လည်းကောင်း၊ ယပင့် လည်းကောင်း၊ အရစ်လည်း ကောင်းထင်၏။ထိုတွင်ဖသက်သက်၌ဝိသဇ္ဇနီပါသံ,မပါသံကွဲးဇ်၏။

တားဖိသည်၊ဖိရင်နှံတောင်းစသည်ဖြင့်ဆိုမိန့်သောအရာတို့ကားဝိသဇ္ဇနီမပါသံတည်း။ အခိုင်အဖိုး၊ ခေါင်းဖိုး-စသော ဆိုမိန့်ခြင်း သည်ကား ဝိသဇ္ဇနီပါသံတည်း။ ။ ထို၌ တားဖိသည်-ဟူသောအရာကား မြစ်ထားဟန့်ဆီးခြင်း အနက်တည်း။ ။ဖိရင်နှံတောင်း-ဟူသည်၌ကား ကြက်ငှက် စသည်တို့၏ အတောင်အဖို၊ အိမ်ဖို၊ တောင်ယံတောင်ဖို-စသော ဝေါဟာရတို့သည် တစိတ်သောအင်္ဂါ နံပါးနှံတောင်း အရပ်၌တည်သော အခက်အထက် အရံအကာ ဖြစ်ထိုက်သည်ကို ဆိုသောအရာ ဖြစ်၏။ ထိုအရံအကာ ဖြစ်ထိုက်သောအရာသည် အိမ်မှမူလ၊ ကြက်ငှက်တို့၏ ကိုယ်ဟူသောမူလ၊ တောင်ကမ်း နဂိုရှိမူလသို့ ဆိုက်ရောက်အပ်သော ထေစသောရန်ကို ဆီးခံဖိတားသကဲ့သို့ ဖြစ်သည်ဟူသော အနက်ကို အရအစွဲယူသော် ရသင့်၏။ ။ဖိရင်ဆိုသည့် နှံတောင်းနံပါး-ဆိုသည်တို့ကား ပညတ်ကာမျှ အရအနက်မထွက်ဟူ၍ ထည်းဆိုသင့်၏။ ဤ၌အိမ်ဖိဟူသည်ကို ပစောက်ထည်းကောင်း၊ ဗထက်ချိုက်ထည်းကောင်း အမှတ်မထင် ရေးမှတ်ကုန်၏။ အစွဲးရဟန် မထင်။

အခိုင်အဖိုး-ဟူ၍ ဝိသဇ္ဇနီသံဆိုမိန့်ရာ၌ကား အခိုင်အပ္ပြတ် တခက်တလက်ထည်း၌ စုပုံ၏သို့ဖြစ်သော အမူအရာကို ဆိုမိန့်ခြင်းတည်း။ ထိုနှင့်ထျော်စွာ ဌက်ပျောဖိုး၊ ချင်းဖိုးဟူသည်တို့၌ ထင်၏။ ။ခေါင်းဖိုးသည်-ဆိုမိန့်သော အရာ၌ထည်း ဆံကိုဖရိဖရဲး မရှိစေရ။ တပစ်တဖိုးစုတည်း စုရုံးညီညွတ်စွာ ဖြစ်စေခြင်းဟူသော ယခင်အနက်ထည်းကောင်း ထျော်၏။ ခေါင်းဖိုးဟူသော အသုံးအဆောင်ထည်း ထိုအမူအရာ ဖြစ်စေကြောင်းဟူသော အနက်ကိုစွဲးသင့်၏။

ယပင့်သောအရာကား....ဖြင်မျှဖိုးမျှ-ဆိုသော အရာ၌ ယပင့်အ၌ ရေးကုန်၏။ အပုံအဖြိုးဖြိုးမျှ-ဟူ၍ ရစ်သောအရေးထင်သည်။ရစ်ခြင်း၌ မသင့်ရိပ်၊ ပင့်ခြင်း၌သာ သင့်ရိပ်အထူး မထင်သောကြောင့် ရစ်သော်ထည်း သင့်ရာသည်ပင်။ ဆင်ခြင်။ ။ ရစ်သောအရာကား-

"အဖြိုးဖြိုးလျှင်၊ ပွဲးကြိုးယင်ဖြင်"
"အလိုင်တကြိုး၊ အဖြိုးအခိုင်"
"တယောက်တသီး၊ အဖြိုးဖြိုးလျှင်-"

ဟူသည့် တို့၌ထည်း များသည်ဟူသော အနက်ထည်းကောင်းတည်း၊ ယခင်အပုံအဖြိုးဖြိုးမျှ-ဟူသကဲ့သို့ ယူသင့်၏။ ဤဖဦးထုပ်အကွရာ၌ ရစ်သော်ထည်း ပင့်သံသာဟူသည်ကိုစွဲး၍ ပင့်လိုပင့်,ရစ်လိုရစ်, သက်သက် ရေးလိုရေး-အမှတ်မထင် ရေးကုန်

၏။ သဿောအစွဲးရရာ ပါဠိပါကန် အမှိအထောက်ကိုရှု၍, သင့်ရာ ရေးသော်သာ ပညာရှိအရာ ရောက်အံ့သည်ဖြစ်၏။

ဖိ-ကာရန္တပြီးပြီ။

ဖု

၁၇၉-ဖဗျည်း ဥကာရန္တနှိုက် ဝေါဟာရကို မြခြင်း

ဖု-ကာရန္တဒ္ဒကား ဆစ်ဖုသည်-ဟုဆိုမိန့်ခြင်း သက်သက်မျှသာ ထင်၏။ထိုဒ္ဒ ဖု၏-ဟူသည်ကား ဖောသည်,ဖောင်းသည်,ဖုသည်-ဟူသောစကားနှင့် အရသွေ့ပျော်၏။ ထိုနှင့်သွေ့ပျော်စွာ 'ကြာငုံကြာဖူး၊ အပွင့်အဖူး' ဟူသည်ထည်း အညာ အထက်နှင့်မမျှ ကြွကြွပွပွ ဖုဆစ်ထျက် ထင်သည်ဝင်ဖြစ်၏။ ။ဖောင်သည်, ဖော သည်, ဖောင်းသည်-ဟူရာဒ္ဒထည်း ပကတိသော ခြေလက်အင်္ဂါမက ကြွကြွပွပွဖုဆစ် သည်ထည်းကောင်းဖြစ်၏။ ယင်းထို့ကျင် အရသွေ့ပျော်သည်ဖြစ်၏။ ဤ ဖု၏-ဟူသော ဝေါဟာရသည် မာဂဓဒ္ဒ ဖုဋ္ဌ-ရှိသောကြောင့်ထည်းကောင်း, တွေ့ခြင်း အနက်ကို ဖုဋ္ဌ,ဖုသ-သဒ္ဒါဟောသည်၊ ဖု၏-ဟူသည်ထည်း ကိုယ်လက်မျက်စိဖြင့်ထင်မြင်ထိပါး တွေ့ခိုက်လွယ်သည်ကို ထောက်၍, ဖုဋ္ဌ-သဒ္ဒါ၏ အနက် ဖြစ်သင့်သည်ကို ထည်း ကောင်း ယူ၍, ဖုဋ္ဌဒ္ဒ-ဋ္ဌကို, ဖုသ သဒ္ဒါဒ္ဒ သ-ကိုကျေစေ၍, 'ဖုသည်' ဆိုသည်ယူ မူ မြန်မာမှုသက်သက် မဟုရ။ မာဂဓဘာသာမူထဖြစ်၏။

ဖု-ကာရန္တပြီးပြီ။

ဖူ-ဖြူ-ဖြူး

၁၈၀-ဖဗျည်း ဦကာရန္တဒ္ဒ ဝေါဟာရကို မြခြင်း

ဖူ-ကာရန္တဒ္ဒကား သက်သက်ထည်းကောင်း, အရစ်ထည်းကောင်းထင်၏။ထိုတွင် သက်သက်ဒ္ဒ အညွှန့်အဖူး၊ ကြာငုံကြာဖူး ဆိုမိန့်သော အရာ, ဖူးတွေ့သည် ဆိုမိန့်သောအရာ,ဖူး-ဟူသော အနွယ်ပင်၏အမည်,မပြုမကြင်ဖူး-စသည် ဖြင့် ဆိုမိန့်သောအရာတို့ဒ္ဒ ထင်၏။ ။ထိုတွင် အညွှန့်အဖူး၊ အငုံအဖူး ဟူသော စကားအရကိုဆိုခဲ့ပြီး၊ဖူးတွေ့သည်-ဟူသောစကားအရကား ကြိမ်ကြိုက်သည်ဟူသော

အနက်တည်း။ ထိုအနက်ကို ရိသေထိုက်သော ရတနာဆုံးပါး စသည်၌ တွေ့သည် မဆို 'ဖူးသည်' ဆို၏။ မရိမသေထောက် အမှတ်မဲ့သောအရာ၌ကား 'တွေ့သည်, ကြိမ်ကြိုက်သည်' စသည်ဖြင့် ဆို၏။ ရိသေသဖြင့် ဆိုမိန့်ခြင်းအထူးဟူ၍ ယူသင့်၏။

ဖူး-ဟူသောအနွယ်ပင်၏အမည်ကား ခေါ်ဝေါ်ကာမျှသာ ဖြစ်သင့်၏။ ထိုကို ရှေးသူတောင်းတို့ကား အိမ်ဖူး-ဟူကုန်၏။ ။မပြုမကြင်ဖူး ဆိုသော အရာကား အရထူးမထွက်။ မပြုမကြင်ဟူ၍ ပယ်သောအနက်မျှသာ ဖြစ်သင့်သည်ထည်း ရှိ၏။ "ရှေးရှေးကပင်၊ မကြင်စဖူး" ဟူ၍ အတိတ်ကို ထင်စေထို၍ ဆိုသောအရာလည်း ရှိ၏။ 'ဖြစ်ခဲ့ဖူး၍, နေခဲ့ဖူး၍' စသောစကားခွန်းတို့သည် အတိတ်ကို ထင်စေသော စကားခွန်းတို့ဖြစ်၏။

ရစ်သော အရာ၌ကား....ဝိသဇ္ဇနီသံ မပါသည်, ပါသည် ကွဲ၏။ ဖြူ-ဟူသော တိရစ္ဆာန်၏အမည်၊ အမည်းအဖြူ-ဆိုသောအရာတို့ကား ဝိသဇ္ဇနီမပါသံတည်း။ ။ ပြည့်ဖြူးသည်၊ ဝိုက်ဖြူးသည်၊ ထေညင်းဖြူးသည်၊ ဖြူးဖြူး ပျံတက်သည် စသည်ဖြင့် ဆိုမိန့်သော အရာကား ဝိသဇ္ဇနီအသံတည်း။ ။ထို၌ အမည်းအဖြူ ဟူသည်ကား ဆိုအပ်ပြီးသော အစိမ်း, အပြာ, အမည်း, အဖြူ-ဟူသော အဆင်းခြောက်ပါး၌ အကျုံးဝင်သော ဝိသေသဂုဏ်ဟူသော အနက်တည်း။

တိရစ္ဆာန်၏အမည် ဖြူ-ဟူသည်ကား ဖြူသောအဆင်း ထင်သည်ကိုစွဲ၍ ယူမှ အနက်ရ၏။။မည်းသည်ဖြစ်စေ ဖြူသည်ဖြစ်စေချင်းအမည်မျှသာယူမှ ရုဇ္ဇိသညာပညတ် မျှသာ ယူသင့်၏။ အကြောင်းစွဲးရန် ဂုဏ်ဟူသော ပဝတ္ထုနိမိတ်ထင်၍ ဝိသေသစွဲး လိုက်သည်။ ဂုဏ်, ခြေ့,ကြိယာ-ဟူသော ပဝတ္ထုနိမိတ် အထူးမထင်ခဲ့။ သာမညသာ ဖြစ်မူကား နာမ်ဇာတ်သင့်ရာစွဲးသင့်ထေသည်။ ဖြူ-ဟူသော အမည်မျှကိုစွဲးသည်ကား 'နာမ်ပဝတ္ထုနိမိတ်', ဖြူ-ဟူသော တိရစ္ဆာန်အမျိုးမျှကို စွဲးသည်ကား 'ဇာတ်ပဝတ္ထုနိမိတ်',ဖြူဟူသော ဂုဏ်ကိုစွဲးသည်ကား 'ဂုဏ်ပဝတ္ထုနိမိတ်', ခြေ့ကြိယာတို့ကား ဤ၌ မထွေ၏၊ ပဝတ္ထုနိမိတ်ငါးပါး, သကတ် ခုနစ်ပါးတို့ကို နှလုံးသွင်းထျင် ပညတ်အရာ ထင်သာထေအံ့သည်။

ပြည့်ဖြူးသည်၊ ဝိုက်ဖြူးသည်၊ ထေညင်းဖြူးသည်၊ ဖြူးဖြူးသွယ်သွယ် တက်သည် ဆိုမိန့်သော ဝိသဇ္ဇနီသံ၌ ဖြူးသည်ဟူသော စကားခွန်းသည် ထင်မြင်ပြင်းပြစွာမဟုတ် ညံ့ညံ့ဖြေးဖြေး သာသာထျောက်ထျောက် ဖြည်းညင်းသိမ်မွေစွာ လာခြင်း,တက်ခြင်း ဟူသော အနက်တည်း။ ထိုအနက်ကိုကား တက်ခြင်း, ပျံခြင်း,လာခြင်း, သွားခြင်း, ဝိုက်မ-ဖြည့်တင်းခြင်း ကြိယာကို အထူးပြုသော စကားခွန်းတည်း။ ။ထိုနှင့်ထျော်စွာ

ပြည့်ဖြူး၏, ဝိုက်ဖြူး၏-ဟူသည်၌လည်း လျော်လျော်သာသာ ပြည့်တင်းသည်၊ ဝိုက်ထုတ်မစသည်၊ လျော်လျော်သာသာ ထေညင်းလာသည်၊ ဆားနှမ်းစသည်တို့ကိုခြွေခွဲ၍, အနည်းအဘန် ဖြည်းညင်းမွှေသက်စွာကျစေသည်ကို 'ဆားဖြူးသည် နှမ်းဖြူးသည်' ဆိုသည်။ ပြာသာဒ်စေတီ စသည်တို့သည် ထင်မြင်သာအောင် ပြင်းစွာ မလျော့ ပြေပြည့်ညီညွတ်လျော်နည်းစေ၍, မထင်ရှားသော ဆုတ်ယုတ်ခြင်းဖြင့် ဆုတ်ယုတ်၍, လိုက်လိုက်သပ်သပ် တည့်မတ်စွာတက်သည်ကို 'ဖြူးဖြူးသွယ်သွယ်တက်သည်' ဆိုမိန့်ခြင်းဖြစ်၏။

ဖြူးဖြူးပျံသည်-ဆိုရာ၌လည်း ရတ်တရက် ထျင်ထံန်ပြင်းပြစွာ တောင်တိမ်းမြောက်ပါး ပျံသွားသောအခြင်းအရာမျှ မထင်ရှားရ၊ တစတစသာ ကွာဝေးစေ၍, မျက်စိအာရုံ ဖြည်းညင်းစွာသာသာလျော်လျော်ကွယ်ပျောက်စေခြင်းဖြင့် တက်ပျံသည်ကို 'ဖြူးဖြူးပျံ' သည်ဆိုသင့်၏။ ။ဤ၌ သစ်ပင်ဖြူးဖြူးတက်၏-ဟူသည်ကို အရင်းအဖျား ညီမျသော်လည်း တည့်မတ်သော တက်ခြင်းကိုပင် 'ဖြူးဖြူးတက်သည်' ဆိုသော အရာကဲ့သို့ ထင်ဖွယ်ရှိ၏။ ။ကျေးငှက်ဖြူးဖြူးပျံ၏-ဟူသည်၌လည်း အရင်းအဖျား ညီ-မညီ မစစ်သာ၊ တည့်မတ်ဖြောင့်တန်းစွာ ထင်မြင်ပြင်းပြ ထျင်မြန်လှသော ပျံတက်ခြင်းကိုပင် 'ဖြူးဖြူးပျံသည်' ဆိုသောအရာကဲ့သို့ ထင်ဖွယ်ရှိ၏။ သဘောအားဖြင့်ကား ပြင်းပြသောအနက်ကိုယူလျှင် ထေညင်းဖြူးဖြူး၊ ဝိုက်ဖြူးသည်-ဆိုသောအရာ၌ လျော်အံ့မထင် တည့်မတ်ဖြောင့်တန်းစွာဟူသောအနက်ကိုယူလျှင်နှမ်းဖြူးသည့်, ဆားဖြူးသည်ဟူသော အရာ၌ တည့်မတ်စွာမကျ။ သိမ်မွေ့သဖြင့် လွင့်ပါးကောက်ယွန်းသော ကျရောက်ခြင်းဖြစ်သည်ကို နှမ်းဖြူးသည့်, ဆားဖြူးသည်-ဆိုမိန့်သောအရာ၌လျော်အံ့မထင်။ ထို့ကြောင့် ဆိုခဲ့ပြီးသော ဖြည်းညင်းသိမ်မွေ့သဖြင့် ပြက်ပြက်မထင်သောအရာကို 'ဖြူးဖြူး' ဆိုသည်ဟူ၍, ယူသော်သာ အရာခပ်သိမ်း လျော်အံ့သို့ရှိ၏။ ဆင်ခြင်။

ပူ-ကာရန်ပြီးပြီ။

ဖေး-ဖြေ၊ ဖွေး

၁၈၁-ဖဗျည်း ကောရန္တ၌ ဝေါဟာရကို ပြခြင်း

ဖေ-ကာရန္တ၌ကား သက်သက်လည်းကောင်း, အရစ်ငင်း, ဝဆွဲးလည်းကောင်း ထင်၏။ ထိုတွင် သက်သက်၌ အဖိုးအဖေးဟူသော ဆိုမိန့်ခြင်း, လက်ဖြင့်ဖေးမသည် ဆိုမိန့်ခြင်း, အမာဖေးသည်၊ နောက်ဖယ် နောက်ဖေးဟူ

သော ဆိုမိန့်ခြင်း ဤသို့စသည်ဖြင့် ဝိသဇ္ဇနိကျောက်သံသာ ထင်၏။ ဖ-ဆိုမည့်အရာကို ဖေ-ဟူ၍ ဆိုကုန်သည်ကား ရှေးစာဟောင်းတို့၌ထည်း မထင်။ ဖ-ဟူသော နှစ်ခွန်းသောအသံစပ်နှောခြင်း အဆောတလျင် ဆိုမိန့်သည်တွင် ထင်သောအရာမျှ ကဲ့သို့ထည်းရှိ၏။ ဤမှတပါးထည်း ဤအသံကဲ့သို့ မထင်သည်ဖြစ်၍ ဝိသဇ္ဇနိမပါသောအသံသည်ထည်းကောင်း, အမြစ်သံထည်းကောင်း ဝေါဟာရ နည်းအံ့သည်။ အဖိုးအဖေး-ဟူသောဝေါဟာရ၌ အဖ,အဖိုး,အဖေး-စသော ဆိုမိန့်ခြင်းတို့ကား အမျိုးဆက်တို့၏အမည်မျှသာတည်း။

ထက်ဖြင့်ဖေးသည်- ဆိုသောအရာကား မ-ကြွထက်ဖေး စသော ဆိုမိန့်ခြင်း၌ ထင်၏။ ထိုဝေါဟာရကား မ-စသည်- ဟူသောအနက်ယူသင့်၏။ ဆင့်မဖေးကာ-ဆိုမိန့်ရာ၌ မ-စသည်ဟူသော ဤအနက်ကိုထည်း ယူသင့်၏။ ဘေးရောက်အံ့သည်ကို ကာသည်-ဟူ၍ သော်ထည်း ယူသင့်၏။

အမာဖေးသည်-ဆိုမိန့်သောအရာကား အမာလွတ်လို၍ ခြောက်သွေ့ ပုပ်ဆွေးသော အသွေးအသား စုရုံးလျက် မွေးယှက်သော အရာဖြစ်၍ "အမာမွေး" ဆိုလိုရင်း စကားရွေလျော်လေသကဲ့သို့ရှိ၏။ ။ခရုဖေး,နွာခေါင်းဖေး-ဟူသောဆိုမိန့်ခြင်းသည် နည်းတူအနက် မွေးယှက်ခြင်းအရထွေသည်ပင် ဖြစ်၏။

နောက်ဖယ်နောက်ဖေး-ဟူသောအရာ၌ကား...."ဥကင်နောက်ဖေး၊ နာမွေးမုတ်ဆိတ်။ ။မထင်ပြစ်ဝေး၊ နောက်ဖေးဘိနဝ်"....စသည်ဖြင့် ဆိုမိန့်သော အရာထင်၏။ ထို၌ နောက်ဖေး-ဟူသည်ကား ပညတ်မျှသာ ဟူသင့်၏။ နံဖေးဟူသည်ထည်း နည်းတူ၊ အမည်မျှသာဖြစ်သင့်၏။ နံပါးနံတောင်း-ဟူသည်တို့၌ နံ-ဟူသောစကား ခွန်းအရသာထင်၍၊ ပါး-ဟူသည်,တောင်း-ဟူသည်တို့၏အရ အရာတိုင်း မထွက်သင့်သည်နှင့် တူအံ့သည်။ ဤ၌နောက်အဘို့, နံ-ဟူသောကိုအင်္ဂါအဘို့၌ မွေးယှက်၍ တည်သည် ဟူသော ယခင်အနက် ကြိုလိုအံ့သို့ထည်းရှိ၏။ ။ရန်ဘေး-ဟူသည်၌ကား ဘိ-ဓာတ်အနက်ဖြစ်၍ အစိတ် ဇာသရကို ဧ-ပြုကာသာ၊ မာဂဓဘာသာမူလဖြစ်၏။ ပါဠိနှင့်အညီ စတုတ္ထကွရာရေးထည်းသင့်ရာ၏။လောကဝတ်အလျောက် ဒုတိယကွရာ ရေးထည်း သင့်ရာ၏။

ရစ်သောအရာ၌....အထွေးအယှက်ကို ဖြေသည်ဟူသောအရာ၊မူလအသံသာထင်၏။ ဤ၌ ပြေစေသည်-ဟူသော ကာရိုက်အသံကို ဖြေသည်-ဆိုမိန့်ခြင်းဖြစ်၏။ ပြေပျောက်၊ ပျက်ပြုန်း၊ ပွင့်ပြဲ၊ ကျိုးပဲ့၏-ဟူသော ပဌမကွရာ အသံကား သုဒ္ဓ။ ဖြေဖျောက်ဖျက်ဖြုန်း၊ဖွင့်ဖြဲ၊ ချိုးဖဲ့၏-ဟူသော ဒုတိယကွရာအသံကား ကာရိုက်အနက်တည်း။ ဤစကားမျိုးကို ဆိုခဲ့ထပြီ။

ဝဆွဲးသောအရာ၌....ရှာဖွေသည် ဟူသော မူလအဆံ၊ ဖွေးဖွေး ဆွဆွ-ဟူသော ဝိသဇ္ဇနီအဆံသာ ထင်၏။ ထိုတွင် ရှာဖွေသည်-ဟူသော ဆိုမိန့်ခြင်းကား မွေ့နှောက်ခြင်း အနက်တည်း။ထိုအနက်ကို ဖွေနည်သည့်,ဖွေရှာသည့်,မွေ့နှောက်သည်-စသော ဝေါဟာရ ဖြစ်၏၊ ဖွေးဖွေးဆွဆွ-ဟူသော ဝိသဇ္ဇနီဆံ၌ကား ဖြူစင်သော အဆင်းဂုဏ်ကို အထူးထင်စေလို၍ ဆိုသောအရာမျှသာတည်း။

ဖေ-ကာရန္တပြီး၏။

ဖဲး–ဖဲ့၊ ဖြဲး၊ ဖွဲး–ဖွဲ့

၁၈၂–ဖဗျည်း အဲးကာရန္တ၌ ဝေါဟာရကို ပြခြင်း

ဖဲး-ကာရန္တ၌ကား သက်သက်လည်းကောင်း, အရစ်လည်းကောင်း, ဝဆွဲးလည်းကောင်းထင်၏။ ထိုတွင် သက်သက်၌ ကြဉ်ဖဲးသည်၊ ပန်းဖဲး၊ ပထိမ်မဖဲး-ဟူသောအရပ်မည်။ ဖဲး-ဟူသော ဝိုးထည်၏အမည်၊ ကစားခြင်းအမည်-စသည်ဖြင့် မူသအသံ။ ။ချိုးဖဲ့သည်ဟူသော အမြစ်သံထင်၏။ ။ထို၌ ကြဉ်ဖဲး၏-ဟူသည်ကား ရှောင်လွှဲးခြင်းအနက်တည်း။ ထိုအနက်ကို ရှောင်သည်၊လွှဲးသည်၊ ကြဉ်သည်၊ ဖဲးသည်-စသော ဝေါဟာရဖြစ်၏။

ပန်းဖဲး-ဟူသည်ကား သံအမှုလုပ်ပညာသည်၏ အမည်မျှသာ ဖြစ်သင့်၏။ ။ ပထိမ်မဖဲး-ဟူသော အရပ်အမည်ကား 'ရှေးသောအခါ ပန်းထိမ် ပန်းဖဲး အမှုကို နတ်တို့လုပ်ဖူးသည်' ဟူသောစကားဟောင်းကို စွဲ၍၊ "ပန်းထိမ် ပန်းဖဲး" ဆိုလိုရင်းစကားမှ ရွှေထွေ့ာသဖြင့် 'ပထိမ်မဖဲး ဟုကုန်၏။

"ထောက်ပင့်ဖျားထိမ်း၊ နိုင်ငံငြိမ်းလျက်၊ မတိမ်းမဖဲး"
"မြရောင်ရှိမ်းရှိမ်း၊ တောလုံးစိမ်းသား၊ မတိမ်းမဖဲး-"

ဤဆို စသော အစပ်အဟပ်တို့ကား မ-သတ်ထင်၏။ ။ဖဲး-ဟူသော ဝိုးထည်၏အမည်၊ ဖဲးထပ်သည်ဟူသော ကစားခြင်း အမည်တို့ကား မြန်မာဘာသာ မူလမဟုတ်၊ ရှမ်း,တရုပ်တို့၏ ဘာသာဖြစ်ရာ၏။

ချိုးဖဲ့သည်-ဟူသော အမြစ်သံကား ဝဲ့စေသည်ဟူသော ကာရိက်သံကို ချိုးဖဲ့သည်ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ယခင်ဆိုခဲ့ပြီးသည်ကို၌။ ရစ်သောအရာ၌ 'ငတို့တဖွဲး၊ ခံသည်-အဲး၊ ဖွင့်ဖြဲးအညီဟစ်'ဟူ၍ ဆိုမိန့်သောအရာ မူလအဆံသာထင်၏။"သဘင်

မဖြို့၊ ခံထွင်းမဲ့ဆို့"ဟူ၍့ ဖဦးထုပ်အကွရာ ရစ်ထွက် အမြစ်သံ အချို ရေးဖတ်ကုန်သည်ကား သဘောထည်းမထင်။ ဝေါဟာရထည်း မမြင်ခဲ့။ ပြိုပြိုထင်ထင်-ဟူသော သဘောအရကိုထောက်၍့ ပစောက်ရေးသည်မှာ ဝေါဟာရထည်းထင်၊ သဘော မြင်ဖြစ်၍့ သင့်နိုးအံ့သို့ရှိ၏။ ပွင့်ပြဲ-ဟူသော မူလသံကား ပွင့်စေ ပြဲစေသည်-ဟူသော ကာရိုက်သံကို ဖွင့်သည်, ဖြဲသည်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။

ဝဆွဲးသောအရာ၌....သေးသေးဖွဲဖွဲ၊ မိုးဖွဲးသည်၊ တဖွဲးဖွဲး၊ ဖွဲးနှ၊ ဖွဲကြမ်း-စသည်ဖြင့် ဆိုမိန့်သော မူလအသံ, ဖွဲနွဲသည်၊နှောင်ဖွဲသည်၊ ပန်းဖွဲ-ဟူသော်အမည် စသည်ဖြင့် အမြစ်သံထင်၏။ ။ထိုတွင် သေးသေးဖွဲးဖွဲး-ဟူသည်ကား အစိတ်စိတ် အနုတ်နုတ် သေးငယ်စွာ ဖြစ်ခြင်းအနက်တည်း။ထိုအနက်ကို သေးသည်၊ ဖွဲးသည်၊သိမ်သည် ငယ်သည်-စသော ဝေါဟာရဖြစ်၏။ ထိုနှင့်ထွေစွာ အစက်အပေါက် သိမ်ဖျင်းငယ်နုစွာ မိုးရွာသည်ကို မိုးဖွဲးသည်၊ တဖွဲးဖွဲးရွာသည်၊ နှင်းတဖွဲးဖွဲးကျသည်၊ တဖွဲးဖွဲးလာရောက်သည်-ပေးကမ်းသည် စသည်ဖြင့် ဆိုမိန့်ရာ၌လည်း စုစုပုံပုံထင်မြင်ထောက်အောင် မထာရောက်မပေးကမ်း၊ အနည်းသာ ထာရောက်ပေးကမ်းသည် ဟူသော အနက် လည်းကောင်းတည်း။ ။ဖွဲးနှ,ဖွဲးကြမ်း-ဟူသည်၌လည်း စပါးလုံးမှ ကွဲးပျက်၍့ အစိတ်စိတ်အနုတ်နုတ် သိမ်ဖျင်းသည်ဟူသော အနက်လည်းကောင်း ထွေသည်ဖြစ်၍့ အနက်ရလည်း ဟူသင့်၏။ အမည်မျှသာထည်းဟူသင့်၏။

ဖွဲနွဲသည်-ဟူသောအမြစ်သံ၌ ဂုဏ်နှင့်ထွေစွာ ဂါထာထည်းကောင်း, စုဏ္ဏိယထည်းကောင်း, ပျိုလက်ာထည်းကောင်း, မြမွာစသော ထူမျိုးတို့၏ ဆာသာစကား ပြေမျှသည် လည်းကောင်း သိကုံးခြင်း၊ဖရိုဖရဲမရှိစေရ ရွှေနောက် အရောက်အဆိုက် တော်ထွေစေလျက် ဆိုကျူးဆိုယုတ်မထင်၊မြင်သာထော်အနက် နှစ်သက်မွေထွေ့ ဖွယ်ဖြစ်အောင် စကားခွန်းကို ယှဉ်ပေါင်းနှောစပ်စေခြင်းသည် ပန်းခက် ပန်းခိုင်ကို ကြိုးဖြင့် ဖွဲစည်းသည်နှင့်အတူဖြစ်၍့ စည်းခြင်း,ဖွဲခြင်းအနက်ယူသင့်၏။ဤ၌ အထက်ာနည်း,သဒ္ဒါနည်း,ဆန်းနည်း စသော သဘောမရ၊ စိုးစဉ်းမျှ လစ်ဟင်း သော်လည်း စကားအစု အခဲး အစည်းအဖွဲဆိုသင့်သည်ပင် ဖြစ်၏။ ။နှောင်ဖွဲသည်ဟူရာ၌လည်း စည်းခြင်း, ဖွဲခြင်း-ဟူသော အနက် လည်းကောင်းတည်း။ ။ပန်းဖွဲ ဟူသည်ကား ထွန်၏ အဆောက်အဦ ဖြစ်သော အမည်မျှသာတည်း။ ထိုအဆောက်အဦသည် ထွန်ကို ပန်း၍့ ဖွဲခြင်း, စည်းခြင်းအနက် ထင်သည်ကိုယူ၍့ 'ပန်းဖွဲ' ဆိုသည်ယူမှုအနက်ရသင့်၏။

ဖဲး-ကာရန်ပြီးပြီ။

ဖော-ဖော့၊ ဖျော-ဖျော့

၁၈၃-ဖဗျည်း ဩကာရနန္တဋ္ဌ ဝေါဟာရကို ပြခြင်း

ဖော-ကာရန္တဋ္ဌကား သက်သက်လည်းကောင်း, ယပင့်လည်းကောင်း ထင်၏။ ထိုတွင် သက်သက်၌ ဖုသည်, ဖောသည် ဆိုမိန့်သောအရာ၊ မြစ်ဆ ကို ဖောသည် စသည်ဖြင့် ဆိုမိန့်သောအရာ၊ လျှောင်းတော ဆိုမိန့်သော အရာတို့ကား မူလအသံ,ဖော့ဟူသောအမည်ကား အမြစ်သံ, ဤသို့ကွဲး၏။ ။ထိုတွင် ဖုသည်,ဖောသည်-ဟူသော စကားအရကို ဆိုခဲ့ပြီး။ ။မြစ်ထယ်ကိုဖောသည် စသော ဝေါဟာရသည်လည်း ပေါ်ပေါ်ထင်ထင် ဖြစ်စေသည်ဟူသော ဆိုခဲ့ပြီးသောစကား၌ ဝင်ပြီ။

လျှောင်းတောဆိုသောအရာကား ကုထားတို့မှ မူလအမည်ဖြစ်သင့်၏၊ထိုကုထားတို့ဘာသာကား ဆိုအပ်ခဲ့ပြီးသည်နှင့်အညီ မာဂဓသံကရိုင့် ဘာသာတို့ကိုစွဲမှီသည်များ၏။ ရှမ်း,တရုပ်,ကုထားစသော လူမျိုးတို့မှဖြစ်သော ဝေါဟာရသည် အထူးရှိထေသော်လည်း မလေ့မကျွမ်းသောကြောင့် မထင်ရှားထေသဖြင့် စွဲမှီရာမြို့ရွာဌာနလူစသည်တို့၏ အမည်ကို အဆင့်ဆင့်မှီထောက်၍ ဆိုသည်လည်းများ၏။ ထိုနှင့် ထျော်စွာ လျှောကိုသာ သင်းတောမဆို၊ သင်းတောထည်၊သင်းတောပြည်၊ သင်းတော စက္ကူ၊ သင်းတောသား-စသော ဝေါဟာရထင်၏။ပြည်၏အမည်မူထ လျှော်၏အမည်မူထ ဆင်ခြင်ဖွယ်ရှိ၏။ မာဂဓ သံကရိုင့်နှင့် ချင့်ထောက်၍ စတုတ္ထကွရာရေးထေသည်။ အသံမျှကိုသာ စွဲးထေသည်ဟူ၍ ဆင်ခြင်အပ်၏။ မြန်မာဘာသာ သက်သက်ဟုတ်ဖွယ်မထင်သောကြောင့် 'ဘ' ကုန်းရေးသည်ကို မဆိုသာဖြစ်၏။

ဖော့ဟူသော အမြစ်သံ ဝေါဟာရကား ဖော့ဟူသော သစ်ပင်ငယ်၏ အမည်တည်း။ ထိုအမည်ကား ခေါ်ဝေါ်ကာမျှလည်း ဖြစ်သင့်၏။ ဆောင်ရွက်သူတို့ကို ပေါ့ပါးစွာဖြစ်စေသည်ဟူသော ကာရိုက်သံအနက်ကိုစွဲး၍ အရကြီလည်း သင့်ရာ၏။ ဖော့နှင့်အတူ လျှောကို ပေါ့ပေါ့ကြွကြွ ဝန်ရွက်ခြင်း ငြိခ်သက်ခြင်း ဖြစ်အံ့သည်ကို ရည်၍ တွဲးမြောင်ထွက်ဆွဲးသော သစ်ဝါးတို့ကိုလည်း "ဖော့"ဟူသော အမည်ဖြင့် ဆိုမိန့်ခြင်းထင်၏။

ယပင့်သောအရာတား.... ပြုတ်ဖျော်သည်၊ ဖျော်ရေတက်သည်-ဟူသော မူလအသံ,အဆင်းအဝါ ဖျော့သည်-ဟူသောအမြစ်သံထင်၏။ ။ဤ၌ ပြုတ်ဖျော်သည်

ဟူသောစကားသည် ပြုတ်သဖြင့် နွမ်းနယ်စေသည်, အညစ်အကြေး သန့်ရှင်း စေသည်-ဟူသော အနက် ဖြစ်သင့်၏။ ။ဖျော်ရေ-ဟူသည်ကား ပင်လယ်ဆားငန်ရေကို သူဟောင်းတို့သည် "ဖျားရေ"ဟူ၍ ထည်းကောင်း, "ဖျော်ရေ"ဟူ၍ ထည်းကောင်း ဆိုသောအရာယူသင့်၏။ ထခုမူကား ဖျားရေ, ဖျော်ရေ မဆို, "ဒီရေ" ဟူသော အမည်ထင်၏။ "ကျထျော ဖျားရေ၊ မှုန်ဆန်ပြေ၍" စသော အဆိုအမိန့်တို့ကို ထောက်၍ နှလုံးသွင်းရာ၏။

အဆင်းအဝါဖျော့သည်, ဖျော့တော့သော အဆင်း-ဟူသော အမြစ်သံ၌ကား အဖြူနှင့် အဝါထည်းကောင်း, အဖြူနှင့် အနီထည်းကောင်း, အဝါနှင့် အနီထည်း ကောင်း နှောယှက်၍, မဖြူမဝါ မနီလွန်းသော အဆင်းကို 'ဖျော့ [တော့] သော အဆင်း' ဟူ၏။ ။ဤ၌ ပြုတ်ဖျော်သည်, ဖျော်ရေ,ဖျားရေ,ဖျော့သောအဆင်းရှိသည်ကို ရစ်ယှက် အချိုရေးကုန်၏။ ။ဆင်ခြင်။

ဖော-ကာရန္တပြီးပြီ။

ဖော်-ဖျော်

၁၀၄-ဖဗျည်း ဩဇ်ကာရန္တ၌ ဝေါဟာရကို ပြခြင်း

ဖော်ကာရန္တ၌ကား သက်သက်လည်းကောင်း, ယပင့်လည်းကောင်းထင်၏။ ပေါင်း ဖော်သည်, ထုတ်ဖော်သည်ဟူသောဝေါဟာရတို့ကား ဖသက်သက်ဆိုမိန့်ခြင်း။ ။ရေစသည်တို့နှင့်ဖျော်သည်, ပျော်အောင် ဖျော်သည်-ဟူသော ဝေါဟာရတို့ကား ယပင့်ဆိုခြင်းတည်း။ ။ထိုတွင် ပေါင်းဖော်သည်-ဟူသော ဝေါဟာရသည် နှောစပ်ခြင်းအနက်တည်း။ ထိုအနက်ကို နှောသည်, ရောသည်, ပေါင်းသည်, ဖော်သည်, ဖက်သည်, ယှဉ်သည်-စသော ဆိုမိန့်ခြင်းဖြစ်၏။ အပေါင်း အဖော်, အဖော်အဖက်, အဖော်အလော်, ဆေးဝါးဖော်သည်-ဟူ၍ အထွေထွေ ယှဉ်ဖက် ဆိုမိန့်ခြင်းများစွာရှိ၏။ ။ထုတ်ဖော်သည် ဟူသော ဝေါဟာရကား ထင်မြင်စေခြင်း အနက်တည်း။ ထိုအနက်ကို လှစ်သည်, ဖွင့်သည်, ဖော်သည်, လှပ်သည်-စသည်ဖြင့် ဆိုမိန့်ခြင်းထင်၏။ ရေစသောဖုံးလွှမ်းခြင်းကို လှစ်ဖွင့်၍ ထွေစသည်တို့ကို ဖော်၏ ဟူသည်၌ ထင်မြင်စေခြင်းအနက်တည်း။ ။ဆေးဝါးဖော်၏-ဟူသည်ကား နှောစပ်ခြင်းအနက်ဟူ၍ ခွဲးအပ်၏။

ရေစသည်တို့နှင့် ဖျော်၏-ဟူသော ယပင့်အသံကား ယခင် ဆေးဖော်သည်ဆို သော အရာကဲ့သို့ နှောစပ်ခြင်း အနက်လည်းကောင်း ဖြစ်သင့်၏။ ဆီ, ထောပတ် နှင့်ဖျော်သည်၊ ပျား, တင်လဲးနှင့် ဖျော်သည်၊ သကာ, သကြား, ဆေးဝါးနှင့် ဖျော် သည်-ဟူသော ဝေါဟာရတို့၌ စပ်နှောခြင်းအနက်သာထင်၏။ ။ဖျော်အောင်ဖျော် သည်-ဟူသော ဝေါဟာရ၌ကား ပျော်စေသည်ကို ဖျော်သည်ဟူသော ကာရိုက်သံ ယူသင့်၏။ ယခင် ထောပတ်, ပျား, တင်လဲး-တို့နှင့် ဖျော်သည်ဟူသော အနက်ကဲ့သို့ စိတ်နှလုံးသာ၍, အစွန်းအငြိမထင် ရှင်းလန်းခြင်းသည် အပေါင်းအဖော် နေရာဌာန တို့နှင့် သင့်တင့်နှောစပ်မိခြင်း အနက်လည်းကောင်း ယူသင့်သောကြောင့် အရမပြား သည်ကို ဆိုသင့်၏။

၌၌ သဘောအားဖြင့်, အရမူလကို ထုတ်ဦးအံ့....ဖျော်သည်ဟူသော ဝေါဟာ ရသည်ကား မှည့်သည်, ဖျော်သည်ဟူသော အရာကဲ့သို့ ကြေနပ် ပျောင်းပျော့ခြင်း ဟူသော အမြစ်သံမူထ။ ထိုအသံကို မှည့်သည်, ဖျော်သည်ဟူ၍, တံခွန်လွှားသံဆို သည်။ ထိုအသံသည် ကြေနပ်ခြင်း အနက်ရှိသည်နှင့်အညီ အပေါင်းအဖော်အရပ် ဌာန၌ နှစ်ခြိုက်မွေ့လျော်ခြင်းသည် နှလုံးမခွ ကြေနပ်ခြင်းဖြစ်သည် ဟူသော အနက် ထည်းကောင်းတည်း။ ။ယင်းသို့လျှင်မှည့်သည်, ဖျော်သည်, စိတ်နှလုံးရှင်ဖျော်သည်-ဟူသော စကားအရ ကြေနပ်ခြင်းအနက်ချည်းဖြစ်၏။ ထိုဖျော်သည်-ဟူသော အနက်ကို ဖျော်စေသည်-ဟူ၍, ကာရိုက်သံထိုခါ ဖျော်သည်-ဟူသော ဝေါဟာရဖြစ်၏။ ထောပတ်စသည်တို့နှင့် ဖျော်သည်ဟူသော ဝေါဟာရ၌ထည်း နှောစပ်ခြင်းအနက် သည် အပြားမထင် ရောနှောကြေနပ်သည်ပင်ဖြစ်၍, ဖျော်သည်ဟူသောအနက်၊ဆန္ဒ အထွောက် စေခြင်းကာရိုက်သံအားဖြင့် ဖျော်သည် ဟူသော အနက် ၌သို့သော သဘောကိုရ၍, အရမူလမပြား ဆိုသင့်အံ့သို့ ထင်၏။ ဆင်ခြင်။

ဖော်-ကာရန္တပြီးပြီ။

မ-မြ-မွ-မှ-မျ

၁၀၅-မမျည်း အကာရန္တနှိုက် ဝေါဟာရကို မြွခြင်း

မ-ကာရန္တ၌ကား သက်သက်ထည်းကောင်း, အရစ် ထည်းကောင်း, ဝဆွဲးထည်း ကောင်း, ဟဆွဲးငင်းထင်၏။ ။မစသည်၊ အကြီးအမ၊ ခုခုမမ၊ ယောကျ်ားမိန်းမ၊အဖို့,အမ၊ညီမ,အစ်မ၊ယောက်မ၊ခြေမ,လက်မ၊ပျဉ်းကောမ၊စုံသည်,

မသည်-စသော ဆိုမိန့်ခြင်းတို့ကား မသက်သက်တည်း။ ။ဧးမြ၊ချမ်းမြ၊ချိုမြသည်၊မြမြ ထက်သည်-စသော ဆိုမိန့်ခြင်းတို့ကား ရစ်သောအဆံတည်း။ ။ကျေမွသည်၊ရွှရွှမွမွ ဆိုမိန့်သော အရာကား ဝဆွဲးသံတည်း။ ။မြို့မှလာသည်, ရွာမှလာသည်-စသော ဝေါဟာရကား ဟဆွဲးသောအရာတည်း။ ။ဤမျှ၊ သည်မျှ၊ မျှတင်သည်၊ ညီမျှသည်-စသော ဆိုမိန့်ခြင်းကား ယပင့် ဟ-ဆွဲးဝေါဟာရတည်း။

ထိုတွင် မစ-သည်ဟူသော ဝေါဟာရ၌ စ-အက္ခရာကား ပြေပြစ်ရုံမျှသာတည်း။ မ-သည်ဟူသော စကားအရကား ထောက်ပံ့ခြင်းအနက်တည်း။ ထိုအနက်ကို ပေးမသည်၊ ဝိုက်မသည်၊ စောင်မသည်၊ အုပ်မသည်၊ ထောက်မသည်-စသည်ဖြင့် အထူးထူး ဖက်ယှဉ်၍ ဆိုမိန့်ခြင်းထင်၏။ ။အကြီးအမ-ဟူသည်၌ ကြီးသည်ကိုပင် အမ-ဆိုသည်ထည်းယူသင့်၏။ယခင် ထောက်မခြင်းအနက်ကိုယူ၍ ကြီးသူတို့သည် ငယ်သားတို့အား ထောက်မ စွမ်းသည်ကိုရည်၍ "အကြီးအမ"ဆိုသည်ထည်း ယူသင့်၏။ ဤ၌ အ-အက္ခရာတို့ထည်း ပြေပြစ်ခြင်း အကျိုးမျှသာတည်း။ ။ခုခုမမ-ဟူသည်၌ထည်း ခုခုခံခံ၊ ထောက်မသည်ဟူသော ယခင်အနက်ထည်းကောင်း ထျော်၏။

ယောကျ်ား,မိန်းမဟူသည်၌ကား ကန္တာဦးဖြစ်စအခါ သတ္တဝါဟူသော သာမည အမည်ဖြင့် နှစ်ရှည်ထများ မကွဲးပြားကြထျက် နှောင်းသောအခါ မြေသင်းနွယ်ချို စသည်တွင်ထည်း မကွဲးမပြားသေး၊ သလေးဆန်စားကြမှ ရသကြမ်း၍ ထွက်ထမ်း ကျင်ကြောင်းပေါ်ထျင် အချင်းချင်းတစ်ခြင်း၊ ပုရိသနိမိတ်,ဣတ္ထိနိမိတ်ကို အစွဲးပြု၍ ယောကျ်ား,မိန်းမဟူသော ဆိုမိန့်ခြင်းဖြစ်၏။

ထို၌ မိန်းမ-ဟူသော ဆိုမိန့်ပညတ်ခြင်း၏ အရအနက်ကား....မီးလောင်သော အမာအရာကဲ့သို့သော ဣတ္ထိနိမိတ်ကိုစွဲး၍ တွင်သည်ဟူသောစကားကို ပြောဆိုကုန်သည်။ စာငယ် ပေငယ်တို့၌ ထင်သည်ကား ယုတ္တိမတန်၊ သလေးဆန်စားသည်တွင် ယောကျ်ား-မိန်းမဝေါဟာရဖြစ်၏ဟူသည်ကား....

> "သာလိဘတ္တ၊ ရွှရရွှကို၊ စားကြသောအား၊ ရမွှက်ပွား၍၊ ယောကျ်ား မိန်းမ၊ ဖြစ်ထထိုရော်" [၁]

ဟူသော ဇာတ်ပေါင်း ထက်ာအားဖြင့်ပင် ထင်သည်ဖြစ်၏။ ယောကျ်ား-မိန်းမဟူသော ဝေါဟာရကို ကမ္ဘာဦးသူတို့၏ စကားဟူသည်၌ ယုတ္တိမတန်ဟန်ကား မာဂဓဘာသာကို ကမ္ဘာဦးသူတို့၏ စကားဆိုသည်၊ ထိုနှင့်ထျော်စွာ ဣတ္ထိ-ပုရိသဟူသော

---

၁ ဘူပေါင်း * ၆၄။

အမည်သာ ကမ္ဘာဦးထူတို့၏ စကားဖြစ်ရာသည်။ယောက်ျား,မိန်းမ-ဟူသောစကား သည် မြန်မာဝေါဟာရသာ ဖြစ်ရာသည်။ ထိုနှင့်ထျော်စွာ မာဂဓဒ္ဒသည်းကောင်း, တလိုင်း,ကုလား-စသောလူမျိုးတို့ ဘာသာဒ္ဒသည်းကောင်း ယောက်ျား,မိန်းမ-ဟူသော ဆိုမိန့်ခြင်းမထင်၊ မြန်မာဘာသာဒ္ဒသာ ထင်၏။ ဤကိုထောက်၍ ယုတ္တိမရှိသကဲ့သို့ ထင်၏။ ။ဆင်ခြင်။

မိန်းမ-ဟူသော စကား၏အရကို ကြံဆ၍ ဆိုသည်ကား … ယောက်ျားကဲ့သို့ သွက်လက်ထျင်မြန် စွမ်းသန်ခြင်းနည်း၍ မိန်းမိန်းမောမော ပျော့ညံ့သောသွား ခြင်း,စားခြင်း-စသောအမူအရာထင်၍ 'မိန်း'ဟူသော စကားခွန်း၊အိမ်ထောင်ဘက် ယောက်ျား သမီးသားစသော ဆွေမျိုးတို့ကို အုပ်မ-တတ်သော အမူအရာထင်၍ 'မ'ဟူသောစကားခွန်း၊ ဤကိုပေါင်း၍ "မိန်းမ"ဆိုသည်။ ဤ၌ နှ-မသတ်ပဲ 'မိမ္ဘ'ဟု ၍ မ-ဆင့်ရေးသည်ကား အရခြင်မပြား၊ တလုံးတဝတည်းဖြစ်၍ ဆင့်လေသည် ယူသင့်၏။ မြန်သည်-မာသည်-ဟူသောအရကို ထောက်သော် န-သတ်ရေးလိုဏျက် မအက္ခရာဆင့်၍ ရေးသည်နှင့်တူအံ့သည်။မြန်မာမှ၌ အက္ခရာရေးဆင့်ဟန်ကိုအောက် ၌ * ဆိုခဲ့ပြီ။

အဖိုအမ-ဟူသည်၌ကား….တိရစ္ဆာန်ဖြစ်၍ အရာအားဖြင့်အဖိုအမ၊အထီးအမ၊ အဖအမ-စသည်ဖြင့် ဆိုမိန့်ခြင်းဖြစ်သည်။ မိန်းမဟူသည်နှင့် အရတူရာ၏။ ။ညီမ, အစ်မ-ဟူသည်တို့၌ ညီမိမ္ဘ၊ အစ်ကိုမိမ္ဘ-ဆိုလိုသောအရာကဲ့သို့ရှိ၏။ ။ယောက်မဟူ သည်၌ထည်း 'ယောက်ဖဖြစ်သော မိန်းမ'ဟူ၍ ဆိုလိုသကဲ့သို့ရှိ၏။ ။ယောက္ခမဟူ သည်၌ကား ပညတ်မျှသာဖြစ်သင့်၏။ ။ယောက်မ၊ ချွေးမ၊ ယောက်ဖ၊ အရီး,ဦးရီး-စသောအမည်တို့သည် တော်စပ်ခြင်းအမျိုးတို့၏ အမည်ပညတ်မျှသာ ယူရအံ့သို့ရှိ၏။ ဆင်ခြင်။ ။ခြေမ,ထက်မ-ဟူသည်၌ကား မအုပ်-မမသော်ထည်း ကြီးသည်ကိုပင် 'အမ'ဆိုသောအရာ ထင်၏ဟူ၍ ယူသင့်၏။

ပျဉ်းကောမ-ဟူသည်၌ကား…. ကြီးသည်ထည်းမဟုတ်, အုပ်မ-တတ်သည်ထည်း မဟူသင့်ဏျက် လွေမျိုးဖိုမ အစုံမတ်လို၍ အသွင်ထည်း ခြားစေသည်၊ အမည်ထည်း ပြားစေသည်ဟူ၍ ယူထည်းသင့်၏။ မိမ္ဘနှင့်အတူ ထျင်မြန်ခြင်း နည်းသည်ဟူသော အနက်ကိုစွဲ၍ ယူထည်း သင့်၏။အချို့ကား ထောင်း,ပျဉ်းကော-ဤမျှသာဆိုမိန့်သည် ထိုသို့ဆိုသော်ထည်း ခေါ်ဝေါ်သောသူတို့၏ စကားခွန်းမျှကို အရအမိ သတိရှိစေ လိုသည်။ စဉ်းစားသော အလွေရှိစေလိုသည်ဖြစ်၍ ရေးလိုက်သည်။

---

* ခေါင်းစဉ် (၁၃၀) မြန်မာ ၂-ထုံးဆင့်အခန်း။

စုံသည့်,မသည်-ဟူသော ဆိုမိန့်ခြင်းတို့၌ကား ခေါက်ချိုး သန္ဓာမျှသည်ကို ထည်း ကောင်း, ရေတွက်အပ်သော အင်္ဂါ ပြည့်စုံသည်ကိုဂုဏ်း 'စုံသည်' ဟူသော ဆိုမိန့် ခြင်းဖြစ်၏။ ထိုတွင် သန္ဓာခေါက်ချိုး မျှသည်ကို စုံသည်၊ မမျှသည်ကို မစုံသည် ဆိုသင့်ထျက် မ-သည်ဟူ၍ သာ ဆိုမိန့်ခြင်းဖြစ်၏။ ။ထို၌ မ-၏အနက်ကား မစုံမမျှ မညီမသင့်-စသည်ဖြင့် မြစ်ထာခြင်းအနက်ရှိ၏။ သဒ္ဒါမှ၌ကား နှ-သဒ္ဒါ၊နော-သဒ္ဒါ၊ နို-သဒ္ဒါစသော နိပါတ်ပုဒ်ထင်၏။ ထိုပုဒ်တို့သည် မညီမမျှ မစုံမစ့ေ မစပ် မနှော-စသော မရေတွက်နိုင်သော ဝေါဟာရတို့၌ မြစ်ထာခြင်း အနက်ကို ဟောသော ကြောင့် ထိုပုဒ်တို့၏အနက်ကို ပဋိသေဓအနက် ဟူ၏။

ဒေးမြေ ချမ်းမြသည်၊ စိမ်းစိမ်းမြမြ၊ ပြာပြာမြမြ၊ ချိုမြသည်၊ ကျောက်မျိုး၏ အမည် မြ၊ မြမြထက်သည်၊ မြမြသွယ်သည်၊ သူဌေးမမြ-စသော မိန့်ဆိုခြင်း တို့ကား ရစ်၍ ဆိုမိန့်သောအရာတည်း။ ။ထိုတွင် ဒေးမြချမ်းမြ-ဟူသော ဝေါဟာရ၌ မြ-ဟူသော စကားအရကား ဒေးသည့်, ချမ်းသည့်-ဟူသော ဂုဏ်အထူးကို ထင်စေကာမျှသာဖြစ် ၏။ ထိုနှင့်ထျော်စွာ ပူသည့်, နွေးသည့်-ဟူသော ဂုဏ်အထူး၌ မြသည့်-ဆိုမိန့်သော အရာမထင်။ စိမ်းစိမ်း မြမြ၊ ပြာပြာ မြမြ-ဆိုမိန့်သော အရာ၌ထည်း စိမ်းပြာခြင်း ဂုဏ်အထူးကို ထင်စေသော ဝေါဟာရတည်း။ ထိုနှင့်ထျော်စွာ နို့,ဝါ,မည်း,ဖြူ-သော အဆင်း ဂုဏ်အထူး၌ မြသည့်-ဆိုမိန့်ခြင်း မထင်။ ။ချိုမြသည့်-ဆိုမိန့်သော အရာ ကား ယခင်ကဲ့သို့ ချိုခြင်းဂုဏ်အထူးကို ထင်စေလိုမူ 'ချိုမြသည်' ဆိုမိန့်ခြင်း၊ အချို ဂုဏ်ထက်မြက်သည်ကို ဆိုလိုမူ 'ချိုမြက်သည်' ဆိုမိန့်ခြင်းထင်၏။

ကျောက်၏အမည် မြ-ဟူသည်ကား ပတ္ထမြား သာမန်၏ အမည်မျှသာထည်း ယူသင့်၏။ မည်း,ဖြူ,နို့,ဝါ-သော အဆင်းလေးပါး၌ ဆိုအပ်ဖြိုးသည်နှင့် အညီ မြ-ဟူ သော ဆိုမိန့်ခြင်းမထင်။ စိမ်းပြာသော အဆင်းနှစ်ပါး၌သာ 'မြ' ဟူသော ဆိုမိန့် ခြင်း ထင်သောကြောင့် စိမ်းပြာသော အဆင်းရှိ၍ မြ-ဆိုသည်ထည်း ယူသင့်၏။

မြမြထက်သည်၊ မြမြသွယ်သည်-ဆိုမိန့်သောအရာ၌ထည်း ယခင်ကဲ့သို့ ထက်ခြင်း, သွယ်ခြင်း အထူးထင်စေသော အရာမျှသာ ယူသင့်၏။ ဤ၌ မြမြထက်သည်ဟူသော အရာသည် ပျိုလက်ဝစာဟောင်း အဆိုအမိန့်နည်းအံ့။

"မြိုက်ချွန်းအသွား၊ သံထျက်ခဝးကို"
"မတုံးမြိုက်စက်၊ ခဝးသံထျက်ဖြင့်၊ မြက်မြက်ခုတ်လိုး"
"စိုးပွားပြက်ပြက်၊ မြင်ခေါက်ရက်တည့်၊ မြက်မြက်အသွား၊ထက်သည် ခဝးဆို"

စသည်ဖြင့် မြိုက်မြိုက်, မြက်မြက်ထက်-ဟူ၍ ဆိုမိန့်သော အရာသာ များအံ့သည်။ ထိုသို့သော်လည်း "မြမြသွယ်သွယ်၊ ချစ်ဖွယ်လည်ယောက်" စသည်ဖြင့် သွယ်သွယ်သပ်သပ်ရှိသည်ကို 'မြမြသွယ်သွယ်' ဆိုသော အရာထင်ပြီ။ ခေးသွားထက်၏-ဟူသောအရာလည်း တစတစ ခေးသွားပါး၍, သွယ်သွယ်သပ်သပ်ရှိသောအရာလည်း ကောင်းဖြစ်၍, ဆိုသင့်အံ့သို့ရှိ၏။

သူခိုးဓမြ-ဆိုသော အရာ၌ကား 'ဓပြ' ဟူ၍လည်း အချို့ဆိုကုန်သည်။ ခေးလုံ လက်နက်ကိုပြထွက် ခြိမ်းချောက်၍, လုယက်သည် ဟူသော အရအနက်ထင်သော ကြောင့် ဆိုကောင်းအံ့သို့ရှိ၏။ ဤ၌ ခေးကိုသာမယူမူ၍ ကျေပွေ့, ဆောက်ပုတ်, ဒုတ်, အုတ်, ခက်ရင်း, လေးမြား, သေနတ်-စသော လက်နက်များသည် ဘေးကိုဖြစ်စေခြင်း သဘောတူ၍ 'ခေး' ဟူသောအမည်ဖြင့် ယူသင့်သည်ဖြစ်၍ လည်းကောင်း, ဥပလက္ခဏာနည်း, နိဒဿနနည်းအားဖြင့်လည်း ဆိုလေသည် ယူသင့်၏။ မြဟူသည်၌ မြ၏ အနက်ရသာအံ့သို့ မရှိသည်ကိုလည်းကောင်း၊ လက်နက်ကို ပြသည်ဟူသော အနက် ထင်သာသည်ကိုလည်းကောင်း ထောက်သော် နောက်စကားဝင် သင့်အံ့သို့ရှိ၏။ နောက်စကား အသင့်ဖြစ်ထွက် စကားရွှေသည်လည်း ဆိုသင့်၏။

ဝဆွဲးသောအရာကား.....ကျေမွသည်၊ မွမွရွရွ-ဆိုသော အရာတို့၌ ထင်၏။ ထိုတွင် ကျေမွသည်-ဟူသော စကားအရကား သေးသေးဖွဲးဖွဲး ကွဲးပျက်ခြင်း အနက် ရှိ၏တည်း။ ထိုအနက်ကို ကျေညက်သည်၊ ကျေထွားသည်-စသော ဆိုမိန့်ခြင်းဖြစ်၏။ မွမွရွရွဟူသော ဆိုမိန့်ခြင်းကား မခိုင်မခံ့ နွမ်းရိခြင်း အနက်ထင်၍, တစိတ်ကွဲးသည်။ ထိုနှင့်ထွေ်စွာ မကွဲးမပျက်ရှိထွက် နွမ်းရိကျက်နပ်သဖြင့် ပျော့ပျော့ရွရွ ရှိကာမှ ကို မွသည်-ဆိုမိန့်ခြင်း ထင်၏။

တဆွဲးသော အရာကား.....မြွိမ့လာသည်၊ ရွာမ့လာသည်-ဟူသော "အပါဒါန် အနက်"၌ ယေဘုယျအားဖြင့် ထင်၏။ အပွကအားဖြင့်ကား ပေါ်မှမြင်သည်, ကျက်နပ်မှစားသည်, တွေ့မြင်မှ သိသည်-စသော ဆိုမိန့်ခြင်းတို့၌ ပေါ်သော် မြင်သည်၊ ကျက်နပ်သော် စားသည်၊ တွေ့မြင်သော် သိသည်ဟူ၍, "လက္ခဏ အနက်" သည်လည်းကောင်း, ပေါ်သောအခါ၌ မြင်သည်၊ ကျက်နပ်သော အခါ၌ စားသည်၊ တွေ့မြင်သောအခါ၌ သိသည်ဟူ၍, "အာဓာရအနက်"သည်လည်းကောင်း ထင်၏။ ဤသို့သောအရာ၌ ဆိုအပ်သော မှ-ဟူသော စကားခွန်းကို က-ဟူ၍, ဆိုမိန့်သည်လည်း ထင်၏။ ဤစကားများကို အောက်၌လည်း * ဆိုအပ်ပြီ။

---

* ခေါင်းစဉ် (၇၇) ကအခန်း။

ယပင့်ဟဆွဲး ဆိုမိန့်သောအရာကား····ဤမျှ၊ သည်မျှ၊ ညီမျှသည်၊ မျှတင်သည်၊ မျှတသည်-ဆိုမိန့်သောအရာတို့၌ ထင်၏။ ထိုတွင် ဤမျှ၊ သည်မျှ-ဟူ၍, ဆိုမိန့်ခြင်းကား ပမာဏကို မှတ်သားခြင်း အနက်တည်း။ ထိုအနက်ကို ဤမျှခန့်, သည်မျှခန့်, ဤမျှလောက်, သည်မျှလောက်-စသည်ဖြင့် အထူးကို * ဆိုမိန့်ခြင်းထင်၏။ ညီမျှသည် ဆိုမိန့်ခြင်းကား မသာမထျော့ ညီညွတ်ခြင်း အနက်တည်း။ ထိုအနက်ကို ညီသည်, မျှသည်-ဟူသော ဆိုမိန့်ခြင်း ဖြစ်၏။ ။မျှတင်သည်-ဟူသော ဝေါဟာရကား အစွမ်းကိုပြည့်စုံစေသည် ဟူသော အနက်တည်း။ ထိုနှင့်ထျော်စွာ ပစ္စည်းလေးပါး ဖြင့် မျှတင်းသည်၊ သောက်ရေ သုံးရေဖြင့် မျှတင်းသည်ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ မျှဘင်းသည်-ဟူသော ဝေါဟာရထည်း ထင်၏။ အင်အားပြည့်တင်းသည် ဟူသော အနက်ချည်း ဖြစ်၏။ ။မျှတသည်-ဟူသောဆိုမိန့်ခြင်းကား ဝေဌခြင်းအနက်တည်း။ ထိုအနက်ကို ဝေမျှသည်, အမျှဝေသည်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။

မ-ကာရန္တပြီးပြီ။

မာ-မျာ-မြာ

၁၈၆-မဗျည်း အာကာရန္တ၌ ဝေါဟာရကိုပြခြင်း

မာ-ကာရန္တ၌ကား သက်သက်ဂင်း, ယပင့်ဂင်း, ရစ်ဃ်က်ဝဆွဲးဂင်း ထင်၏။ ထိုတွင် ကျန်းမာသည်၊ သန်မာသည်၊ မောင့်မာသည်၊ လူမျိုးမြမ်မာ၊ လိမ္မာသည်၊ သစ်ပင်၏ အမည်, ကျေးသား၏ အမည် တမာ၊ မြစ်၏အမည် စမာ၊ ကိုယ်၌ပေါက်သော အမာ-စသော ဝေါဟာရတို့ကား မ-သက်သက်တည်း။ ။ရွာ၏အမည် ငမျာ-စသော ဝေါဟာရကား ယပင့်တည်း။ ။အခွ အမြာ-ဟူသော ဝေါဟာရကား ရစ်ဃ်က် ဝ-ဆွဲး ဆိုမိန့်ခြင်းတည်း။

ထိုတွင် ကျန်းမာ, မောင့်မာ-ဟူသော ဆိုမိန့်ခြင်းကား မပျောင်းမည့် ခိုင်ခံ့ခြင်း အနက်တည်း။ ထိုအနက်ကို မောင့်မာသည်, မာမြင်းသည်, မာကျောသည်-စသည် ဖြင့် ဆိုမိန့်ခြင်းဖြစ်၏။ ။လူမျိုးမြမ်မာ ဟူသည်၌လည်း မြန်သည်, မာသည်-ဟူသော ဝေါဟာရကို ထောက်လျှင် ဤအနက်ဂင်းတည်း။

လိမ်မာ-ဟူသော စကားအရကို ကွေ့လိမ်မာမြင်းသည်-ဟူ၍, အနက်ကြီကုန်သည်ကား သင့်နိုးအံ့သို့မရှိ။ "လိမ်မောင့် လိမ်မာ၊ မောင့်ခြင်းရာကား" ဟူသော

---

* အထူးထူး ?

စကား၏အရ ကုသလာ-လိမ္မာသော သူ၏ဥစ္စာ ဖြစ်ကုန်သောဟူ၍ အနက် ယောဇနာသည့်အရာတို့သည် ကောက်ကျစ်ကွေ့လိမ်၊ မာမြင်းသောသူ-ဟူ၍ အနက်သွား ရှိခြင်းကြောင့် အဇပါလမင်းသားသည် ကောက်ကွေ့လိမ်သည်ဟူသော စကားကျရှိ၍ မယုတ္တိ။ အနဝဇ္ဇသုခဝိပါက ဃက္ခဏာ ရှိသော ကုသိုလ် စိတ္တုပ္ပါဒ်သည် ကောက်ကျစ် ကွေ့လိမ်သောသူနှင့် သံ-သာဓိအဖြစ် မယုတ္တိထင်ပေသည်။ ဆင်ခြင်။

သစ်ပင်, ကျေးသားတို့၏ အမည်-တမာ၊ မြစ်၏အမည်-စမာ ဟူသည် တို့ကား ခေါ်ဝေါ်ကာမျှသာဖြစ်၏။ ကျေးသား၏အမည် တမာ-ဟူသည်တို့ကား များသော အားဖြင့် တမာပင်၌ ပေါက်ဖွားတတ်သည်၊ မွေးတတ်သည်၊ တမာရွက်နှင့် တူစွာ စိမ်းသောအဆင်း အထူးထင်သည်ဟူ၍ အကြောင်းနိမိတ်သင့်ရာ ကြီကောင်းအံ့သို့ လည်းရှိ၏။ ။ကိုယ်၌ဖြစ်သော ပေါက်သောအမာ-ဟူသည်ကား အနာဟူ၍ လည်းကောင်း, အရာဟူ၍ လည်းကောင်း, အဆာဟူ၍ လည်းကောင်း ဆိုသင့်သောအရာကို သုတိသာသို့လိုက်၍ အမာ-ဆိုသည်ဖြစ်၏။

ယပင့် ဆိုမိန့်သော အရာ၌-ငမျာ-ဟူသောရွာ၏၊ အမည်သည် မြွေငန်းအများထိုအရပ်တွင် တွေ့မြင်ဘူးသည်ဟူသော အကြောင်းကိုထောက်မူ 'ငန်းများ'ဟူ၍ ဝိသဇ္ဇနိသံ လိုရင်းတည်း။ ။မယ်များဟူသော မိမ္မ၏အမည်ကား အရအထူး မရှိသော်လည်း မိမ္မတို့၏အမည်ကို များသောအားဖြင့် ပင့်သံဆိုမိန့်ခြင်းသာထင်သောကြောင့် ယပင့်ရေးလို၏။ ထိုမအက္ခရာ ယပင့်ကား ယခင်များသည်ဟူသော ဝိသဇ္ဇနီသံ၊ ငမျာသည်-ဟူသော အန္တတို့၌သာ အရထွက်သောကြောင့် များသည်၌ အရမထွက်သင့်သည်ဖြစ်၏။

ရစ်ဝျက်-ဝ-ဆွဲးသော အရာ၌....အမြွာ-ဟူသည်ကား တခုတည်းသော မူလမှစိတ်ဖျက်ပြားခြင်းဟူသောအနက်တည်း။ "ကာယစိတ်မြွာ၊ ဓာတ်တော်ရှာသား။ ။ အခြေဝယ်သာ၊ နှစ်စုံမြွာနှင့်" စသော စပ်ဟပ် ဆိုမိန့်ခြင်းတို့၌ထင်၏။

မာ-ကာရန္တ ပြီး၍။

မိ

၁၈၇-မဗျည်း ဣကာရန္တ၌ ဝေါဟာရကိုပြခြင်း

မိ-ကာရန္တ၌ကား အရအမိ၊ ဖမ်းကိုင်မိသည်၊ အဖအမိ-စသည်ဖြင့် မ-အက္ခရာသက်သက်သာ ထင်၏။ ။ထိုထွင် အရအမိ,ဖမ်းကိုင်မိသည်

ဟူသည်၌ မိသည်-ဟူသော စကားအရကား သိမ်းဆည်းရခြင်းအနက်တည်း။ ညွှတ်ကျော့ကွင်း၌မိသည်၊ ပိုက်ကွန်,မြဲုံးစသည်တို့၌ မိသည်၊ စီးစီးမိမိဆိုမြည်သည်၊အရိပ်အခြည် ဖမ်းမိသည်-စသော ဆိုမိန့်ခြင်းတို့သည် သိမ်းဆည်းရခြင်း အနက်ချည်းတည်း။ စွဲးလမ်းကပ်ငြိသည် ဟူသောအရကိုစွဲး၍ ညွှတ်ကျော့ကွင်း စသည်တို့၌ ငြိသည်-ဟူသော ဝေါဟာရနှင့် သဘောမကွဲး။ အသံနှင့်ထျော်စွာ အက္ခရာသာကွဲး၏ဆို့ရှိ၏။

အမိအဖ-ဟူသော ဝေါဟာရကား ပညတ်မျှသာထည်း ဆိုသင့်၏။ အထီးအမ, အဖိုအမ-အဖအမ ဟူသည်နှင့်အတူ 'အမ'ဟူသင့်ထျက် အမိဆိုသည်ထည်း ယူ၏။

မိ-ကာရန္တပြီးပြီ။

မိ-မီး၊ မြီ-မြီး၊ မှိ-မှိး

၁၀၈-မဗျည်း ဤကာရန္တ၌ ဝေါဟာရကို မြခြင်း

မိ-ကာရန္တ၌ကား သက်သက်ငင်း, ဟ-ဆွဲးငင်း ထင်၏။ ထိုတွင် သက်သက်၌ ဝိသဇ္ဇနီမပါသံ့,ပါဆံကွဲး၏။ "ရွှရွှထိုက်မိ၊ ထစ်ထစ်ဝိသည်" စသည်ဖြင့် ဆိုမိန့်သောအရာတို့ကဲ့သို့ မီအောင်ဆိုသည်,မီအောင်ထိုက်သည်-ဆိုသောအရာတို့ကား မ-သက်သက် ဝိသဇ္ဇနီမပါဆံတည်း။ ။"ဤသို့သည်မီး၊အထိုကြီးကို" စသည်ဖြင့်ဆိုမိန့်သောအရာတို့၌ မီး-ဟူသော ဝေါဟာရ,သားသမီးဟူသောဝေါဟာရတို့သည် ဝိသဇ္ဇနီအဆံတည်း။

ရစ်သောအရာ၌ထည်း ·· ဝိသဇ္ဇနီမပါသံ့,ပါဆံကွဲး၏။ ကြွေးမြီ-ဟူသော ဆိုမိန့်ခြင်းကား ဝိသဇ္ဇနီမပါဆံတည်း။ ခေါင်အမြီး-ဟူသော ဝေါဟာရကား ဝိသဇ္ဇနီပါသည်ဖြစ်၏။ ဟ-ဆွဲးရာ၌ထည်း ကပ်မှိသည်-ဟူသော ဆိုမိန့်ခြင်းကား ဝိသဇ္ဇနီမပါသံ့။ "ရွာခရီးသို့၊ မှိးထေတဖန်။ ။လုံ့ရြိမပြီး၊ မမှိးကျမ်းဂန်" စသည်ဖြင့် စပ်ဟပ်ဆိုမိန့်သောအရာတို့ကား ဝိသဇ္ဇနီပါဆံတည်း။

ထိုတွင် ရွှရွှထိုက်မီ-စသည်ဖြင့် ဆိုမိန့်ခြင်းတို့၌ မီ-ဟူသောစကားအရကား သွားခြင်းစသော ကြိယာနောက်ကျန်ထျက် ထျင်မြန်သဖြင့် ညီမျှခြင်းအနက်တည်း။ ။ မီး-ဟူသော ဝိသဇ္ဇနီအဆံကား တေဇောဓာတ်၏ ပူခြင်းသတ္တိကြောင့် အလျှံအဝါထင်စွာဖြစ်ခြင်းမျှကို ခေါ်ဝေါ်သော အရာမျှသာတည်း။ မီးပန်း,မီးပျံ-စသည်ဖြင့် ထိုအကြောင်းမထင်၊ မီး-ဆိုမိန့်ခြင်းကား အကြောင်းအကျိုးထင်ခြင်းစသော ဥပစာ

နည်းချ၍ ယူသင့်၏။ ။သားသမီး-ဟူသည်လည်း အမျိုးအမည် ခေါ်ဝေါ်ကာ မျှသာတည်း။

ရစ်သောအရာ၌ သူ့ကြွေးသူ့မြီ၊ ခေါင်းအမြီး-ဟူသည်တို့ကား အမည်မျှသာ တည်း။ ။ဟ-ဆွဲးသောအရာ၌ ကပ်မှီသည်၊ မမှီးကျန်းဂန်-စသည်ဖြင့် ဝိသဇ္ဇနီသံဝါ, မဝါ,ဆိုမိန့်ကာမျှသာ၊ အရာမထူး-အထောက်အမ အစွဲးမူလ ဖြစ်စေခြင်းအနက် ချည်းတည်း။

မိ-ကာရန္တပြီးပြီ။

မု-မှု

၁၈၉-မဗျည်း ဥကာရန္တ၌ ဝေါဟာရကိုပြခြင်း

မု-ကာရန္တ၌ကား....အခွင့်အမှုဟူသော ဟ-ဆွဲးအသံမျှသာမြွမ်းမှုဝေါဟာရထင်၏။ ထို၌ ပြုအပ်သောအခွင့်ကိုပင် အမှုဟူသော ပညတ်ခေါ်ဝေါ်ခြင်းဖြစ်၏။

မု-ကာရန္တပြီးပြီ။

မူ-မူး၊ မြို-မြိုး၊ မှ။း

၁၉၀-မဗျည်း ဦကာရန္တနှိုက် ဝေါဟာရကိုပြခြင်း

မူ-ကာရန္တ၌ကား သက်သက်ငင်း, အရစ်ငင်း, ဟ-ဆွဲးငင်း ထင်၏။ ထိုတွင် သက်သက်၌ ပြုသည်မူသည်၊နေတော်မူသည်၊လာတော်မူသည်, ဟူသောဆိုမိန့်ခြင်း။မူဟောင်း၊မူသစ်-စသည်ဖြင့် ဆိုမိန့်ခြင်းတို့သည် ဝိသဇ္ဇနီမဝါသံတည်း။ ။တိခ်းမူးသည်၊မူးမြစ်-ဟူသောအမည်။ ရွေး,ဝဲး,မူး-ဟူသောအမည်တို့ကား ဝိသဇ္ဇနီဝါသံထင်၏။ ။ရစ်သောအရာ၌လည်း တမြို, နှစ်မြို-ဟူသော ဝိသဇ္ဇနီမဝါသံ၊ ရွှင်မြူးသည်-ဟူသော ဝိသဇ္ဇနီဝါသံထင်၏။ ။ဟ-ဆွဲးသော အရာ၌ကား အကြိုးအမူး-ဟူသော ဝိသဇ္ဇနီအသံမျှသာထင်၏။

ထို၌ ပြုသည်, မူသည်-ဟူသော ဆိုမိန့်ခြင်းကား ပြုခြင်းကြိယာ အနက်မျှသာ တည်း။ နေတော်မူသည်, လာတော်မူသည်-စသော ဆိုမိန့်ခြင်းတို့ကား ယခင်ပြုသည်-ဟူသော ကြိယာအနက်မဟုတ်။ ရှိသေသဖြင့် ဆိုမိန့်ခြင်းစသော အရာမျှသာ

ဖြစ်၏။ မူ-ဟူသော စကားခွန်းမျှသာ မဆို၊ တော်-ဟူသော စကားခွန်းယှဉ်ဖက် လေသည်ကိုလည်းကောင်း, နေခြင်း ထားခြင်း ကြိယာအထူး ပြီးသည်ကို လည်း ကောင်း ထောက်၍ ပြုခြင်းအနက် မဟုတ်၊ ရှိသေခြင်းအရာမျှသာ ဖြစ်သင့်၏။ ။ မူဟောင်းမူသစ်-စသည်ဖြင့် ဆိုမိန့်ခြင်းကား အစွဲးအဓိ ပြုအပ်သော စာဟောင်း ပေဟောင်း အကြောင်းမူလ ဟူသည်တွင် ထ-အက္ခရာကျေ ဆိုမိန့်သော မာဂဓ ဘာသာ ဖြစ်သင့်၏။

တိမ်းမူးသည်-ဟူရာ၌ မူးသည်-ဟူသော စကားအရကား ယစ်မေ့ခြင်း အနက် တည်း။ ။မူးမြစ်-ဟူသောအမည်ကား ခေါ်ဝေါ်ကာမျှထည်းဟူသင့်၏။ ရေယဉ် လျင်မြန်သောအဟုန်ကြောင့် တိမ်းမူး မှိုင်းဆိုင်းခြင်း ဖြစ်တတ်သည့် ဟူသောအနက် ကိုစွဲးယူ၍ အနက်အရကြီထည်း သင့်ရာ၏။ မြစ်ဟူသမျှကိုပင် 'မူး' ဆိုသည်ယူထည်း သင့်ရာ၏။ ရွေး, ဝဲး, မူး-ဟူသောဝေါဟာရကို ရွေးဝဲးဟူသော ဝေါဟာရ၌ * ဆိုခဲ့ သည်နှင့်အတူ၊ 'မူး' အမည်ရှိသော သစ်စေ့နှင့် အလေးမျှသည် ဟူသောအနက်ကို စွဲးလျင် မူးပင်၏ အမည်မူထဖြစ်သင့်၏။ ။အိမ်ဦး-ဟူ၍ ၎င်း, အိမ်မူး-ဟူ၍ ၎င်း ဆိုသင့်သည်ကို 'အိမ်မူး' ဟူ၍ ဆိုမိန့်ကုန်သည်တို့ကား မူးဝေခြင်းဟူသော အနက် အရမထျော်၊ ခေါ်ဝေါ်ကာမျှသာဖြစ်၏။အောက်၌ဆိုအပ်သည်ကိုညွှန့် နှလုံးသွင်း။

ရစ်သောအရာ၌....တမြို့, နှစ်မြို့-ဟူသောဝေါဟာရ၊ သင်းမြို့-ဟူသော ဝေါဟာရ တို့ကိုအောက်၌ဆိုအပ်ပြီ။ကြေးမြို့-ဟူသည်၌ မြို့ဟူသောဝေါဟာရကား ပရမာဏုမြို့, အဏုမြို့-စသည်ဖြင့် ချင့်တွက်ခြင်း အမည်မျှသာတည်း။ ။ရွှင်မြူးသည်-ဟူသော ဝေါဟာရကား မွေ့လျော်ခြင်းကြောင့် ကိုယ်နှုတ် မငြိမသက်ခြင်းအနက်တည်း။ ။ ဟဆွဲးသော အရာ၌ "အကြီးအမှူး" ဟူသော ဝေါဟာရကား အထိန်းအကွပ် အကြင်အမ ဟူသောအနက်တည်း။ အမှူးအမတ်, ဆင်မှူး, မြင်းမှူး-ဟူသည်တို့၌လည်း ဤအနက်ဝင်းတည်း။

မူ-ကာရန္တပြီးပြီ။

---

* ခေါင်းစဉ် (၁၇၂) ဝဲးအခန်း။

မေး—မေ့၊ မြေ—မြေး-မြေ့၊ မွေ—မွေး—မွေ့၊ မြွေ—မွေး—မြွေး
မွေ့—မွေး—မွေ့

၁၉၀-မဗျည်း ကောရန္တ၌ ဝေါဟာရကို မြခြင်း

မေ-ကာရန္တ၌ကား သက်သက်၎င်း, ရစ်လျက်၎င်း, ဝဲသွေးဝင်း, ဟသွေးဝင်း, အရစ်ဟသွေးဝင်း, ဝဲသွေး ဟ-သွေးဝင်း ထင်၏။ ထိုတွင် သက်သက်၌ မေးမြန်းသည်၊ မေးနှုတ်ခမ်း-စသော ဝိသဇ္ဇနီအသံ, အောက်မေ့သည်၊ လျော့မေ့သည်-စသော အမြစ်သံ ထင်၏။ ။ရစ်သောအရာ၌ ရေမြေ-ဟူသော မူလအသံ, သားမြေး-ဟူသောဝိသဇ္ဇနီအသံ,ချောမြေ့၊ကောင်းမြေ့-ဟူသောအမြစ်သံထင်၏။ ။ ဝဲသွေးသောအရာ၌ အမွေအနှစ်-ဟူသောမူလအသံ, ကျွေးမွေးသည်၊အမှင်အမွေး-ဟူသော ဝိသဇ္ဇနီသံ, သိမ်မွေ့သည်-ဟူသောအမြစ်သံ ထင်၏။ ။ဟသွေးအရာ၌ကား အဝိတ်အမွှေး ဟူသော ဝိသဇ္ဇနီအသံသာထင်၏။ ။ရစ်လျက် ဝဲသွေးရာ၌ကား မြွေ-ဟူသော မူလအသံသာထင်၏။ ။ရစ်လျက် ဟ-သွေးရာ၌ကား ယှက်မြွေးသည်-ဟူသော ဝိသဇ္ဇနီအသံသာထင်၏။ ။ဝဲသွေး ဟသွေးယှဉ်ရာ၌ကား မွေ့နှောက်သည်-ဟူသောမူလအသံ,မွေးပျံ့သည်-ဟူသောဝိသဇ္ဇနီသံ, ထိုးမွေ့သည်၊မွေ့ချောက်သည်-ဟူသော အမြစ်သံသာ ထင်၏။

ထိုတွင် မေးမြန်း၏-ဟူသည်ကား စစ်ဆေးခြင်း အနက်တည်း။ထိုအနက်ကို မြန်းသည်-မေးသည်၊ ဆွေးနွေးသည်,စုံစမ်းသည်-စသော ဆိုမိန့်ခြင်းဖြစ်၏။ ။မေးနှုတ်ခမ်း-ဟူသည်၌ကား ခံတွင်း နှာခေါင်းစသော မျက်နှာအင်္ဂါ တစိတ်၏အမည်မျှသာ လည်း ဟူသင့်၏။ ခံတွင်း နှာခေါင်းစသည်တို့ကို အသီးအသီး အောက်၌ * အရဆိုခဲ့သည်နှင့်အတူ ဆိုသင့်သည်ကို လည်းကောင်း, နှုတ်ခွန်းပေါ့ပါးလျင်မြန်ခြင်းရှိသည်၊ မေးတတ်-ဆိုတတ်သော အလေ့ရှိသည်ကို "မေးဆော့သည်"ဟူ၍ ဆိုရိုးပြုကုန်သည်ကိုလည်းကောင်း ထောက်မူ မေးမြန်း ပြောဆိုကြောင်း အင်္ဂါဖြစ်၍ မေးဆိုသည်ဟူလည်းသင့်ရာ၏။ သညာ၏သဘောသည် စွဲမိစွဲရာ တစိုးတစိသော အကြောင်းနိမိတ်ကို သော်လည်း စွဲးသည်ပင်ဖြစ်၍ ဆိုလိုက်သည်။ ဆင်ခြင်။

အောက်မေ့သည်-ဟူရာ၌ကား သတိ မလွတ်ခြင်း အနက်တည်း။ ထိုနှင့်လျော်စွာ အလိုရှိသည်ကို သတိရသောအခါ၌ ဆရာမိဖစသော ထေးမြတ် ချစ်ခင်သော

* ခေါင်းစဉ် (၁၀၃) စိအခန်း။

သူတို့ကို "အောက်မေ့သည်" သူသော ဆိုမိန့်ခြင်းထင်၏။ အထိမရှိသည်ကို သတိရသောအခါ၌ ကျေးဇူးမပြုလေသည်ကို အောက်မေ့၍ "ဒေါသရှိသည်" ဟူသောဆိုမိန့်ခြင်းထင်၏။

"အောက်မေ့ချေသော်.....နောက်ရွှေဝေမြော်" ၁

စသည်ဖြင့် စပ်ဟပ်သောအရာတို့ကား 'အထိရှိရာ သတိရခြင်း' အနက်တည်း။

"ပြစ်မှား အကြောင်း၊ အောက်မေ့ ရှောင်းသော်၊
ချောင်းချောင်းမျက်ဟုန်"

စသည်ဖြင့် စပ်ဟပ်သောအရာတို့ကား 'အထိမရှိရာ သတိရခြင်း' အနက်တည်း။ ။ ဤ၌ အောက်မေ့သည်-ဟူသောစကားကို လေးမြတ်ချစ်ခင်သော သူတို့အား လွမ်းဆွတ်ယူတသော အရာ၌သာ ထင်ဖွယ်ရှိ၍ ခွဲးထိုက်သည်။ မေ့သည်- ဟူသော ဆိုလတ္တံ့စကား၌ကား သတိလွတ်ခြင်းအနက်၊ အောက်မေ့သည်-ဟူသောစကားခွန်း၌ကား သတိရခြင်းအနက်၊ ဤသို့လည်း ခွဲ၍ ယူလိုး၏။

မေ့သည်-ဟူသော စကားခွန်း၌ကား တခွန်းတည်းသော ဝေါဟာရဖြစ်၏။ ထျော့မေ့သည်-စသည်ဖြင့် ယှဉ်ဖက်ဆိုမိန့်သော်လည်း အနက်ထူး ပေါ်စေလိုသည်၊ ပြေပြစ်စေလိုသည်ဖြစ်၍ ယှဉ်ဖက်သည်သာ။ မေ့သည်-ဟူသော တခွန်းတည်းသော ဝေါဟာရပင် 'သတိလွတ်ခြင်း' အနက်ဖြစ်၏။ ။အောက်မေ့သည်-ဟူသော စကားခွန်း၌ကား အောက်-ဟူသောစကား ဖက်ယှဉ်ထျက် 'အောက်မေ့သည်' ဟူသော နှစ်ခွန်းသော ဝေါဟာရဖြင့် ဆိုမိန့်သော်သာ ဆိုခဲ့ပြီးသောအတိုင်း သတိရခြင်း အနက်ထင်၏။ ဤလည်း ခွဲးလိုး၏။ ဆင်ခြင်။

ရစ်သောအရာ၌.....ရေမြေဟူသည်ကား ပထဝီ, ဝသုန္ဓရာ, ဆမာ, ပံသု-စသော သဒ္ဒါအနက် ပကတိသောမြေကို ဆိုမိန့်သောအရာ။ ကျောက်, အုတ်, ရွှေ, ငွေ-စသော အမည်တပါ ရပြီးသော၀တ္ထုကိုတည်ရပ်ရာသတ္တိထူး၍ကျောက်မြေ၊အုတ်မြေ၊ရွှေမြေ၊ ငွေမြေ-စသည်ဖြင့် ဆိုမိန့်သောအရာတို့၌ ထင်၏။ ။သားမြေး-ဟူသော ဝိသဒ္ဒနိသံ၌ကား အောက်ဖြစ်သော သားမြေးမြစ်-ဟူသော အမျိုးဆက်၏ အမည်မျှသာတည်း။ ။ချောမြေ့, ကောင်းမြေ့-ဟူသည်၌ကား အောက်၌ * ဆိုအပ်ပြီးသည်နှင့် အညီ လွန်သောအနက်ကို အထူးထင်စေကာမျှသာတည်း။ ချောမြေ့၊ ကောင်းမြေ့၊ လှမြေ့၊ ယဉ်မြေ့၊ စေ့မြေ့-စသော ဆိုမိန့်ခြင်းတို့၌ အလွန်ကောင်းသည်, ချောသည် စသော အနက်ချည်း ရသည်ဖြစ်၏။

---

၁ ဗေး * ၁၇၁ (ပ) (ထ)။ * ခေါင်းစဉ် (၁၀၅) မြ-အခန်း။

ဝဆွဲးသောအရာ၌ အမွေအနှစ်-ဟူသော မူလအသံကား ဆက်ခံအပ်သောဥစ္စာ၏ အမည်မျှသာတည်း။ ခတ်တော်မွေတော်-ဟူသည်၌လည်း မိမွေ့ဖမွေ့- ဟူသကဲ့သို့ ကိုးကွယ်ဆက်ခံအပ်သော ဝတ္ထု၏အမည်လည်းကောင်းတည်း။ ထိုထွင် ဘုရားသခင်ကိုယ်တော်မှ ဖြစ်သည်ကို 'မွေတော်'၊ ရဟန္တာ သာဝကတို့မှ ဖြစ်သည်ကိုကား 'ခတ်တော်'ဟူ၍ ခွဲခြမ်း၍ ဆိုကုန်သည်ကား ဘုရားသခင်ကိုယ်တော်မှ ဖြစ်သည်ကိုထျက် 'ခတ်ပေါင်းရှစ်စရွတ်'ဟူ၍ဆိုပြန်ခဲ့သောကြောင့် ဝေါဟာရမခြားသည်ကို ၎င်း, မာဂဓ၌ ခတ်တော ခတုသဒ္ဒါမျှသာ ထင်သည်ကို လည်းကောင်း ထောက်သော် ခွဲးစုမရှိ။ ခတုသဒ္ဒါနှင့်အညီ "ခတ်တော်"၊ ထိုခတ်တော်ကိုပင် ကိုးကွယ်ဆက်ခံအပ်သော အမွေအနှစ်ဖြစ်၍ "မွေတော်"ဆိုသည်သာဟု ယူကောင်းအံ့သို့ရှိ၏။

ကျွေးမွေးသည်-ဟူသော ဝိသဇ္ဇနီသံ၌ကား အောက်၌ * ဆိုအပ်သည်နှင့်အညီ ကျွေးသည်၏အရ, မွေးသည်၏-အရ, ကွဲးအောင်ယူသင့်၏။ ။အမှင်အမွေး-ဟူသည်၌ သတ္တဝါတို့သဏ္ဌာန်၌ ရောက်သော အမျှင်သာမည၏ အမည်ခေါ်ဝေါ်ကာမျှဖြစ်သင့်၏။ ထိုနှင့်လျော်စွာ ထိုအမျှင်သည် ရင်, နှုတ်ခမ်း-စသည်တို့၌ ပေါက်ရောက်ခြင်း၊ ရင့်ကြမ်းဖွံ့သန် ရှည်ထံခြင်းကိုအစွဲးပြု၍ "အမှင်"ဟုခေါ်ဝေါ်ခြင်း အထူးထင်၏။ ။လူ ဘိုဉီးခေါင်းထက် ရောက်သည်ကိုကား "ဆံ"ဟူသော ဆိုမိန့်ခြင်းအထူးထင်ပြန်၏။ မျက်ခုံးရင်ညွန့်စသော အမှတ်မဲ့သောအရပ်တို့၌ ရောက်သည်ကိုကား "မျက်ခုံးမွေး,မျက်မွေး,ရင်မွေး,နားမွေး" စသည်ဖြင့် ဌာနအမည်စွဲးမှတ်၍ ပညတ်ထူးထင်ပြန်၏။ သဘောအားဖြင့်ကား ဆိုခဲ့ပြီးသောအတိုင်း သတ္တဝါတို့ သဏ္ဌာန်၌ ရောက်သော 'အမျှင်'ဟူသောပညတ်သာ မူလဖြစ်၏။ ထို့ကြောင့် "ဆံမျှင်ထုံးခွဲး၊မရှန်းပဲးထျင်။ ။ဆံမျှင်ခြမ်းမျှ၊ မကြောင့်ကြနှင့်" စသည်ဖြင့် အမျှင်-ဟူသော မူလအမည်ကို ဖော်၍, စပ်ဟပ်ဆိုမိန့်ကုန်သည်ကား များစွ။

သိမ်မွေ့သည်-ဟူသော အမြစ်သံ၌ကား နူးညံ့ခြင်းအထူး ထင်စေသောစကားခွန်းမျှသာ ဖြစ်သင့်၏။ထိုနှင့်လျော်စွာ သိမ်မွေ့သည်၊မွေ့မွေ့ညက်ညက်၊မွေ့မွေ့ထွားထွားဟူသည်တို့၌ နူးညံ့ခြင်း အနက်ချည်းယူရာ၏။ ယှဉ်ဖက်သောစကားခွန်းတို့၌သာ အရရှိ,မရှိ၊ တူ,မတူကို x ဆင်ခြင်ရာ၏။

---

* ခေါင်းစဉ် (၈၆) ကျွေး–အခန်း။

x ထူး, မဆူးကို?

ဟ-ဆွဲးရာ၌ အဝိတ်အမှေး-ဟူသော ဝိသဇ္ဇနီဆံ အရကား ခရမှေး၊ ပင့်ကူမှေး၊ တမှေးမှေး အိပ်ပျော်သည်-စသည်ဖြင့် ဆိုမိန့်ခြင်းထင်၏။ ထို၌ အရကား ဝိတ်သည်ကို ဒွိတ်သည်-မှေးသည် ဆိုသောအရာ ယူသင့်၏။ ။အချို့ကား 'ယွက်မြွေးသည်' ဟူသော အနက်မျှကိုသာယူ၍-

"အိမ်ထောင်အရေး၊ ချုနယ်မြွေး၏၊ လူရေးကျယ်စွာ" [1]
"ပတ်ထည်မြွေးမြွေး၊ နိမ့်ထျက်ပြေး၏၊ ဟစ်ကြွေးပြင်းစွာ"
"ပြည်ထဲးအရေး၊ ပေါက်ပင် ကျေးနှင့်၊ တိမ်မြွေးပင်တူ"
"မချယ်စိုးစိ၊ မမြွေးငြိတည်း-"

စသည်ဖြင့် စပ်ဟပ်ဆိုမိန့်သောအရာတို့၌ ရစ်၍ ဟ-ဆွဲးထျက်သော မကွဲးမပြား ရေးမှတ် ဆိုမိန့်ကုန်၏။ ဤ၌ အရတစိတ်ကွဲးဘိမည်။ မှေးသည် ဟူသော ဟဆွဲးကာမျှကား တမှိတ်မှိတ်, တမှေးမှေး,ခရမှေး-ဟူသော အရာတို့ကဲ့သို့ဝိတ်သည်, မှိတ်သည် ဟူသောအရတည်း။

ဟဆွဲးအရစ်၌ကား ယွက်သည် ထွေးသည်၊ ရစ်ပတ်မြွေးယွက်သည် ဟူသောအရ၊ ယင်းသို့ အရ တစိတ်ကွဲးသင့်သည်ကို ထောက်သဖြင့် ဟသာဆွဲးသင့်သည်၊ ရစ်ထည်း ရစ်သင့်သည်၊ နှစ်ပါးစုံသင့်သည်ကို ဆင်ခြင်၍ ရေးမှတ် သုံးဆောင်သင့်သည် ဖြစ်၏။ ။ရစ်ထျက်ဝဆွဲးသော အရာ၌ မွေ-ဟူသော ဝေါဟာရကား တိရစ္ဆာန်၏ အမည်မျှသာ ယူသင့်၏။ ။ရစ်ထျက်ဟဆွဲးအသံ၌ ယွက်မြွေးသည်-ဟူသော စကားခွန်းကား ဆိုခဲ့ပြီ။

ဟဆွဲးဝဆွဲးယှဉ်ထျက် မွေနှောက်သည်-ဟူသော မူထအသံကား လှုပ်ရှားခြင်း အနက်တည်း။ ထိုနှင့်လျော်စွာ-

"အညာအကြေ၊ ပတ်ပတ်မွေ၏"
"တောင်တောင်ရေရေ၊ မီးနှယ်မွေသည်-"

စသော ဆိုမိန့်ခြင်းတို့၌ မီးကို လှုပ်ရှားသကဲ့သို့ အညာအကြေပတ်မျှ လှုပ်ရှား၏ ဟူသော အနက်အရဖြစ်၏။ ။မွေးမျိုသည်-ဟူသော ဝိသဇ္ဇနီဆံ၌ကား ကောင်းသောအနံ့ ပေါက်ရောက်သည်ကို ဆိုသော စကားခွန်းမျှသာတည်း။ ထိုအနံ့ ထင်စွာ ဖြစ်သည်ကို 'ကြိုင်ကြိုင်'ဟု ဆိုမိန့်ခြင်းဖြစ်၏။ ဤစကားမျိုးကို အောက်၌ထည်း* ဆိုခဲ့ပြီ။ ညွှန့်၏ နှလုံးသွင်းရာ၏။

---

၁ လောသာ * ၁၆။ * ခေါင်းစဉ် (၁၆၅) ပျ-အခန်း။

ထိုးကို မွေ့သည်-စသည်ဖြင့် အမြစ်သံ ဆိုမိန့်သော အရာကား····မွေ့ညက်စွာ ဖြစ်စေသည် ဟူသော ကာရိုက်သံရောရ၍ ဟဆွဲးသည်သာ။ မွေ့၏-ဟူသည်ကား သယံဇာတ ပယောဂမထောက်၊ အလျောက်သာ မွေ့ခြင်း-ဟူသော ကံဓဲ့အနက်။ မွေ့့၏-ဟူသည်ကား ပယောဂကူသဖြင့် မွေ့စေခြင်းဟူသော ကံရိုအနက်ဖြစ်၏။ထိုကံလည်း ကာရိုက်ကံမျှသာဖြစ်၏။ထို့ကြောင့် ထိုးသည်ပင် မွေ့မွေ့ဖြစ်၏ဟူ၍ ကထွား မျှသာကို ဟဆွဲးအခါ ယခင်ကထွားပင် ကံပုဒ်ဖြစ်၍ 'ထိုးကိုမွေ့့၏' ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ဤစကားမျိုးကို သတိရစေလိုရ၍ ထပ်ဆိုလိုက်သည်။ ။မွေ့ချောက်သည်-ဟူသော ဝေါဟာရကား ယခင်မွေ့နှောက်သည် ဟူသော မူလအသံအရနှင့် မပြား အမြစ်သံဆိုကာမျှသာတည်း။

မေ-ကာရန္တဖြီးပြီ။

ဓဲး-ဓဲ့၊ မြဲ-မွဲး၊ မွဲ

၁၉၂-မဗျည်း အဲးကာရန္တ၌ ဝေါဟာရကိုပြခြင်း

ဓဲး-ကာရန္တ၌ကား သက်သက် ထည်းကောင်း, အရစ် ထည်းကောင်း, ဝဆွဲးထည်းကောင်း,ဟဆွဲးထည်းကောင်းထင်၏။ ထိုတွင်သက်သက်၌ မူလအသံ,အမြစ်သံကွဲး၏။ သမ်းဓဲးသည်၊ မောင်းဓဲးသည်၊ ခြိမ်းဓဲးသည်၊ ရိပ်ဓဲးသည်-စသော အရာတို့ကား သက်သက်၌ မူလအသံတည်း။ ။သားမွဲ့၊ မြေမွဲ့၊ ငိုမွဲ့သည်-စသော ဆိုမိန့်ခြင်းတို့ကား အမြစ်သံတည်း။ ။ရစ်သောအရာ၌ မြဲးသည်ဟူသော မူလအသံမျှသာ။ ။ဝဆွဲး၌ထည်း မွဲးသည်-ဟူသောမူလအသံ။ ။ဟဆွဲး၌ကား လူ့ဘို့ကိုယ်၌ စွန်းပြောက်သော 'မွဲ့' ဟူသော ဝေါဟာရ အမြစ်သံမျှသာ ထင်၏။

ထိုတွင် သက်သက်၌ သမ်းဓဲးသည်-ဟူသော မူလအသံကား ကွက်ကျား ညစ်နွမ်းသည်-ဟူသော အနက်တည်း။ ထိုနှင့်လျော်စွာ-

"ညိုပြာသမ်းဓဲး၊ မရောဝဲးလျှင်"
"ရောက်လာခဲ့၍့၊ သမ်းဓဲးပြောင်းခွေ့-"

စသည်ဖြင့် စပ်ဟပ်သောအရာတို့၌ ညစ်နွမ်းသမ်းဓဲးခြင်း, နှောင့်ရှက်ကွက်ကျားခြင်း အနက်ဖြစ်၏။ ထမင်းအိုးစသည်၌ ကပ်စွဲးသော အဆင်းမည်းနက်သည်ကိုထောက်မူ 'အိုးမည်း' ဟူသင့်လျက် 'အိုးဓဲး' ဟူ၍ ဆိုမိန့်သည်ကား မီးငွေ့မီးလျှံ ထိခိုက်၍့

မူထအဆင်း ကွက်ကျား ညစ်နွမ်း သမ်းမဲးလေသည်ကို ထောက်၍ ဆိုမိန့်သည်ယူသင့်၏။

စားမဲးစပါး*ဟူသည်၌လည်း စွတ်သောသွေးရည်၏ အဆင်းသည် သွေ့ခြောက်သောအခါ သမ်းမဲးခြင်း ဖြစ်သည်ကို ထောက်၍ သွေးခဲး, သွေးရည် ကိုသာ အမဲး ဟူ၍ ထည်းကောင်း, စားမဲး ဟူ၍ ထည်းကောင်း ဆိုမိန့် သင့်ကျက် သွေးရည် လိမ်းကျံသော အသားစိုင် အရိုး အကြော တို့ကိုလည်း သွေ့ခြောက်ကျက်နပ်သည်တိုင်အောင် ဆိုမိန့်ခြင်း ဖြစ်သည် ယူသင့်၏။ ငါးဟင်းချို ဟင်းသီးဟင်းရွက်ဟူသမျှ ထမင်းနှင့်ယှဉ်ဖက်ခြင်း အထူးထင်သော ရသမျိုးကိုပင် ထမင်း၌ခဲးမဲးအပ်သော အထောက်အကူဖြစ်၍ "စားမဲး"ဆိုသည်ထည်း ယူသင့်၏။ ။ မောင်မဲးသည်၊ ခြိမ်းမဲးသည်၊ ရိပ်မဲးသည်-ဟူသော စကားခွန်း၌လည်း သမ်းမဲးခြင်း အနက်ထည်းကောင်းယူသင့်၏။ခြိမ်းမောင်းရိပ်မဲးသောအခါ မျက်နှာကွက်ကျားခြင်း သမ်းမဲးခြင်းဖြစ်သည်ပင် ယူရာ၏။

သား,မဲ့မြေးမဲ့-စသော ဆိုမိန့်ခြင်းကား မရှိ-ဟူသောဝေါဟာရနှင့် မကွဲး။ဥစ္စာမဲ့ မျက်နှာမဲ့,ပညာမဲ့,သတင်းမဲ့, သီလမဲ့-စသည်ဖြင့် အဆိုအဓိန့်ထင်စွ။ ။ငိုမဲ့သည်-ဟူသောအရာ၌လည်း ငိုသောအခါ မျက်နှာမို့သမ်းကွက်ကျားသည်ပင်၊ယခင်အနက်ယူသင့်၏။ ငိုသောအခါ မျက်နှာခံတွင်း တိမ်းရဲ့ခြင်း ဖြစ်တတ်သည်ကိုစွဲ၍ 'ငိုရဲ့' သည်ဆိုသင့်ကျက် စကားလွှဲသည်ထည်း ဆိုသင့်၏။ထိုနှင့်လျော်စွာ ပလွေမဲ့၊သစ်ဝါးတို့ကိုမဲ့သည်၊ တိသည်-ဆိုမိန့်ရာ၌လည်း မျက်နှာညီစွာ ဖြတ်ရင်းသည်ကို "တိသည်"၊ မျက်နှာဝမည် တိမ်းရဲ့စေလျက် တဖက်ကျ ခွန်ဖြတ်ရင်းသည်ကို "မဲ့သည်" ဆိုသော အရာထင်၏။

ရစ်သောအရာ၌ မြီးသည်ဟူသော ဝေါဟာရကား မကွဲးမကွာခြင်းအနက်တည်း။ ထိုအနက်ကို မြီးစွဲးသည်,မြီးမြီသည်-ဟူ၍, ယှဉ်ဖက်ဆိုမိန့်ရာ၌ စွဲးသည်, မြီးသည်-ဟူသော ဝေါဟာရကား နီးစပ်သောသဘောအရရှိ၍, ယှဉ်ဖက်လေသည်။ မြီးမြီသည်ဟူ၍, ယှဉ်ဖက်ရာ၌ကား မြီ-ဟူသောစကား အရမထွက်၊ ပြေပြစ်ရုံမျှသာ ဖြစ်၏။ အရာမဟုတ်လျက် အရအဓိကို သတိရှိသင့်ရုံဆိုလိုက်သည်။

ဝဆွဲးအရာ၌ မွဲး-ဟူသောဝေါဟာရကား အရောင်အဝါ ညစ်နွမ်းခြင်း အနက်တည်း။ ဥစ္စာမဲ့သူကိုမွဲး၏-ဟူသည်ထည်း ဥစ္စာမဲ့လျှင် မျက်နှာမပွင့်၊အရောင်အဝါ၊ ညစ်နွမ်းခြင်းဖြစ်တတ်သည်ကိုစွဲး၍ "မွဲးသည်"ဟူသော ဆိုမိန့်ခြင်းဖြစ်သည် ယူရာ၏။

---

* စမဲးစပါး။

ဟဆွဲး အမြစ်သံ မွဲ-ဟူသော ဝေါဟာရကား အမည်မျှသာ ဖြစ်သင့်၏။ "ညှိပြာလဲ့လဲ့၊ မွဲမျှမစွန်း"[1] စသည်ဖြင့် အဆိုအမိန့်ထင်၏။ အစဝ်အဟပ်တို့ကား များစွာသွင်းလျှင် ကျယ်အံ့သည်ကိုထောက်၍ ဖိုးစဉ်းသာသွင်းသည်။ ခိုင်ခံ့သည့် ပျို့ထက်ဘို့ကို ထောက်၍ ယူရာ၏။

မဲ-ကာရန်ပြီးပြီ။

မော-မော့၊ မျော-မြော၊ မျော-မျော့

၁၉၃-မမျည်း ဩကာရန္တနှိုက် ဝေါဟာရကို ပြခြင်း

မော-ကာရန္တ၌ကား သက်သက်ထည်းကောင်း, ယပင့်ထည်းကောင်း, အရစ်ထည်းကောင်း, ယပင့်ဟဆွဲးထည်းကောင်း ထင်၏။ ထိုတွင် သက်သက်၌ မိန်းမောသည်၊ မော-ဟူသော အရဝ်မည် စသည်တို့ကား သက်သက်၌ မူလအသံတည်း။ ။ဦးမော့၊ ပွဲမော့၊ တမော့မော့၊ ကြော့မော့သည်-စသောဆိုမိန့်ခြင်းတို့ကား အမြစ်သံတည်း။ ။ယပင့်ရာ၌ မျောပါသည်။ ။ရစ်သောအရာ၌ ထည်း နှမြောသည်-ဟူသော မူလအသံသာထင်၏။ ။ယပင့်ဟဆွဲး၌ကား လွှတ်စသည်တို့ကို မျှောသည်ဟူသော မူလအသံ။ ။မျော့-ဟူသောအမည်၌ အမြစ်သံထင်၏။

ထိုတွင် မိန်းမောသည်-ဟူသော ဝေါဟာရ၌ မိန်းသည်-ဟူသော စကားအရ နှင့်မထူး၊ နွမ်းရိခြင်းအနက်ချည်း ယူသင့်၏။ ထိုနှင့်လျော်စွာ ပန်းမောသည်၊ ဖတ်ဖတ်မောသည်-စသော ဆိုမိန့်ခြင်းတို့သည် နွမ်းရိခြင်းအနက်ဖြစ်သင့်၏။ ချောမောသည်ဟူသောအရာကဲ့သို့ အထူးထင်စေလိုသော အရာမျှသာဟူ၍လည်း ယူသင့်၏။ ထိုနှင့်လျော်စွာ ကောင်းမော၊ တင့်မောသည်၊ သာမော၊ လှမောသည်--စသည်ဖြင့် ဆိုမိန့်သောအရာလည်း ထင်စွ။ ဤစကားမျိုးကိုလည်း အောက်၌ * ဆိုအပ်ခဲ့ပြီ။ ညှို့၍ နှလုံးသွင်း။ ။မော-ဟူသော အရဝ်မည်ကား မောခွင်၊ မိုင်းမော-မောကိုးခွင်- စသည်ဖြင့် ရှမ်းယွန်းတို့၏ ဌာန၌သာ ထင်သောကြောင့် ရှမ်းယွန်းတို့၏ ဝေါဟာရ မူဇ ဖြစ်သင့်၏။ ။ဆင်ခြင်။

---

၁ ဘုံခန်း *

* ခေါင်းစဉ် (၈၈)ကြော့-အခန်း။

ဦးမေ့-ပဲ့မေ့၊ တမေ့မေ့-ဟူသော အမြစ်သံဝေါဟာရကို ဆိုလတ္တံ့သော ရေမော်၊ အင္ဂအမော်၊ လူမော်-စတည်ဖြင့် ဆိုမိန့်ခြင်း ဝေါဟာရတို့သည် စကား ရွှေ့၏သို့ရှိ၏။ ။ရှိဟန်ကား····မူလမှထွက်ပြူသည်ကို အင္ဂ-အင်္ဂေါ်ဆိုသောစကား ခွန်းသည် မူလဖြစ်သင့်၏။ အသံင်္ဂေါ်သည်, အင်္ဂေါ်တူးသည် ဆိုသောအရာ၌ အသံ မည်ကာ မဟုတ်၊ အသံခပ်သိမ်းမှ ပြူထွက်ခြင်း, ထင်ပြင်စူးဖောက်ခြင်းရှိသည်ဟူသော အနက်ဖြစ်၏။ထိုအနက်နှင့်ထျော်စွာ ဦးစ-ပဲ့စ၊ကြွကြွချီချီ ရှိသောအရာသည် ထင်ပြင် ဘိသာလွန်းသည်။ နေမြိုး ထားမြိုးမက သာလွန်ပြန်ထွက်သည်ကို အသံင်္ဂေါ် ဆို၏သို့ ငေါ်သည် ဆိုလိုရင်းမူလ ဖြစ်သင့်၏။ ။တမော့မော့- ဆိုသည်၌ လည်း ဦးထည်မျက်နှာ နေထားမြိုးမက ချီကြွသည် လည်းကောင်း ဖြစ်၍, ယခင် ငေါ်သည်ဟူသောဝေါဟာရ မူလကဲ့သို့ရှိ၏။ အင္ဂ,အမော်,ရေမော်, သောင်မော်, လူမော်-ဟူသည်၌လည်း မူလမှ ပြန်ထွက်သည် လည်းကောင်းဖြစ်၍, မြေင္ဂ,သဲင္ဂ, သောင်ဂူကို အင်္ဂေါ်ဆိုသင့်သည်ဖြစ်၏။

လူမော်ဆိုသောအရာ၌လည်း လူခပ်သိမ်းထက် သာလွန်ပြန်ထွက်သော ဆိုမိန့် ခြင်းသည် ဝတ်စားပလှားခြင်း ထင်သည်လည်းကောင်းဖြစ်၍, ယခင်နည်းတူ "ငေါ် သည်" ဟူသော ဝေါဟာရမူလ ဖြစ်သင့်၏။ မော့သည်-ဟူသော ဝေါဟာရထင် ထျက်ကို ကြီဆ၍, ငေါ်သည်-ဟူသောစကားခွန်းမူလဖြစ်ဟန် မျဉ်းဖြောင့်*သွေးငင် ၍, ဆို၏သို့ ထင်ဖွယ်ရှိ၏။ ။သဘောအားဖြင့် မောသည်,မော့သည်,မော်သည်, ငေါ် သည်,ငေါ်သည်,ဂူသည်, အစွယ်ငေါငေါ, ငေါဟူသော တောင်မည်, ငေါက်သည်, မောက်သည်-စသော စကားမျိုးတို့သည် မူလမှ ထွက်ပြူ ထင်ပြင်ခြင်း အရသတော တူသဲ့သည်ကို လည်းကောင်း, ငေါ်သည်ဟူသော ဝေါဟာရဖြင့် မူလမှ ပြန်ထွက်ခြင်း အနက်ထင်လွယ်သည်ကိုလည်းကောင်း,မဟာသာရောဟူသော ရ-အက္ခရာမူလသည် မဟာသာဃော-ဟူ၍, လအက္ခရာ ပြန်ခြင်းစသော အက္ခရာ ဝိပုလ္လာသမျိုးသည် မာ ဂခ၌ထင်၏သို့ မြမ္မာမှ၌သည်း အက္ခရာပြန်ရှိရာသည်ကိုလည်းကောင်း ထောက်၍, ဆိုလိုက်သည်။ ဆင်ခြင်။

ယဝင့်အရာ၌ မျောပါသည်-ဟူသောအရာကိုအချို့ရစ်ကုန်သည်ကား မျောသည်-ဟူသော ဟဆွဲးအသံနှင့် သုဒ္ဓသံ, ကာရိက်သံမျှသာ ကွဲးသည်။ အရအနက် အားဖြင့် စဉ်လွှင့်ရွှေ့ထျောခြင်း အနက်တည်း။ အလိုအထျောက် ထျောရွှေ့သည်ကို **မျော သည်**၊ မျောစေသည်ကိုကား **မျောသည်** ဟူ၍, သုဒ္ဓ အသံသည် ကာရိက် အနက်

---

* မျဉ်းဖျောင်း။

လို၍ ဟဆွဲးသည်သာ၊ မျောသည်-ဟူရာ၌ ယပင့်သည်နှင့်အညီ မျှောသည်-ဟူရာ၌လည်း ယပင့်ကောင်းအံ့သို့ ရှိ၏။ ပျက်သည်, ဖျက်သည်၊ ကျက်သည်, ချက်သည် စသည်ဖြင့် ယပင့်အ,ာ၊ ပြေသည်, ဖြေသည်၊ ကြွေသည်, ခွေသည် စသည်ဖြင့် ရစ်သောအရာတို့၌ ပင့်ရစ်ခြင်းတူ၏ဆို မျောဟူသည်၌ ယပင့်အရေးထင်သည်နှင့်အညီ မျောသည်-ဟူသော အရာကိုလည်း ယပင့်ဟူ၍ ဆိုလိုက်သည်။ မိန်းမောသည်ကိုပင် မျောသည်ဆိုသော အရာလည်းထင်၏။ ဤ၌လည်း ယခင်မျောပါသည်ဟူသောအနက်ကိုစွဲး၍ အားခွန်သတ္တိရှိမြဲးတိုင်းမှ ရွှေ့လျောနည်းညံ့ခြင်း, ဆုတ်ယုတ်ခြင်း အနက်ဝင်းဖြစ်၍ မျောသည်ဆိုသော အရာလည်းသင့်၏။ မိန်းမောသည်-ဟူသောအရာကဲ့သို့ 'မောသည်'ကိုသာ ဆိုသင့်ဏျက် ပင့်သံဆိုသည်သာ ဟူ၍လည်း ယူသင့်၏။

နှမြောသည်-ဟူ၍ ရစ်သံဆိုမိန့်သောအရာကား စုံမက်မြတ်နိုးခြင်းအနက်တည်း။ ယခင်မျောသည် ဟူသော ဝေါဟာရနှင့် ယပင့်အရစ်မျှသာမကွဲး။ သဘောအားဖြင့်လည်း မျောသည်-ဟူသော ယပင့်သံ၌ ကောသရဖြစ်၍ တခွန်းတည်းဖြင့် အရထွက်သည်။ နှမြောသည်-ဟူရာ၌ကား အနေကသရဖြစ်၍ နှစ်ခွန်းသောအသံဆိုမှ အရထွက်သည်။ ဤသို့ထည်း ကွဲးသည်။ ။မျော၏-ဟူသည်ကား ပရမတ်သံနှင့်,နှမြော၏-ဟူသည်ကား ပညတ်သံ-ဤသို့ထည်း ကွဲးသည်ကို ထောက်၍ ရစ်သင့်-ပင့်သင့်ကို နှလုံးသွင်း၍ ရစ်တန်,ပင့်တန်ကို အထျဉ်းသင့်ရာ ဆိုဦးအံ့ဖြစ်၍ ထည်းကောင်း, ဏျယ်အံ့စိုး၍ထည်းကောင်း သတိရှိထင့်ရံ ဆိုလိုက်သည်။ ဆင်ခြင်။

ယပင့် ဟဆွဲးအရာ၌ မျောသည် ဟူသော မူလအသံကား ဆိုခဲ့ပြီ။ ။မျော့-ဟူသော အမြစ်သံကား တိရစ္ဆာန်၏ အမည်မျှသာတည်း။ သံပြားကိုဏျက် 'မျော့' ဆိုသည်ကား မျော့နှင့်အတူ စွဲးသည်ဟူ၍ ဥပစာ နည်းချလေ။

မော-ကာရန္တပြီးပြီ။

မော်-မြော်-မျော်

၁၉၄-မဗျည်း ဩဇော်ကာရန္တ၌ ဝေါဟာရကို ပြခြင်း

မော်-ကာရန္တ၌ကား သက်သက်ထည်းကောင်း, အရစ်ထည်းကောင်း, ပင့်ဏျက် ဟဆွဲး ထည်းကောင်း ထင်၏။ ယခင် ရေမော်, သောင်မော်-စသည် ဆိုမိန့်ခြင်း၊ ဗန်းမော်-ဟူသောအရပ်မည်၊ လိမ်မော်-ဟူသော သစ်ပင်အမည်

တို့ကား သက်သက် ဆိုမိန့်ခြင်းတည်း။ ။မြင်မြော်သည်-ဟူသော ဆိုမိန့်ခြင်းကား ရစ်သောအရာတည်း။ ။ကြည့်မျှော်သည်-ဟူသောအရာကား ယပင့် ဟဆွဲးဆိုမိန့်သောအရာဖြစ်၏။ ။ထိုတွင် သက်သက်၌ ရေမော်စသောစကားအရကား ဆိုခဲ့ပြီ။

ဗန်းမော်-ဟူသော အရပ်အမည်ကား ရှမ်းယွန်းတို့၏ ဝေါဟာရ မူလပညတ်မျှသာ ဖြစ်သင့်၏။ ။လိမ်မော်-ဟူသော သစ်ပင်အမည်လည်း ပညတ်မျှသာ ဟူသင့်၏။ ။မြင်မြော်သည်-ဆိုသော ဝေါဟာရကား မျက်စိနှင့် အသင့်ကြိုက်တော်ခြင်း အနက်ကို ဆိုသောအရာ များသောအားဖြင့် ထင်၏။ အချို့သော အရာတို့၌ကား စိတ်နှလုံးဖြင့် ဆုံးဖြတ်ခြင်း ထောက်စွမ်းသောအရာကိုလျက် 'မြင်မြော်သည်' ဆိုသော အရာထင်၏။ ထင်ဟန်ကား....အတိတ်, အနာဂတ်ကို မြင်မြော်သည်၊အကျိုး, အပြစ်ကို မြင်မြော်သည်၊ ရှေ့သို့ဖြစ်မည်ကို မြင်သည်၊ ဖြစ်ဖူးသည်ကိုမြင်သည်-စသည်ဖြင့် မျက်စိထင်ထင်မမြင်ရ၊ တွေးဆ၍ သိကာမျှကို "မြင်မြော်သည်" ဆိုသောအရာထင်၏။ဤကိုထောက်ထျင် မြင်မြော်သည်-ဟူသောဝေါဟာရသည် ရူပါရုံ ဓမ္မာရုံ၌ပင် ဆိုသောစကားခွန်းဖြစ်၏။

ဤ၌ အာရုံ ခြောက်ပါးနှင့် ဝိညာဏ်ခြောက်ပါး ကြိုက်တော်မိ၍ ဖြစ်သည်ကို အသီးအသီး မြမွာမူဝေါဟာရထင်ဟန်ကို ဆိုအံ့....အဖြို့, အမည်းစသော အဆင်းအရောင်ကိုကား,မြင်သည်,မြော်သည်၊အသံကိုကား ကြားသည်,နာသည်,နားထောင်သည်၊အနံ့ကိုကားနမ်းသည်၊ခဲးဖွယ်,စားဖွယ်,သောက်ဖွယ်ကိုကား စားသည်, သောက်သည်, ထျက်သည်, မျိုသည်၊ ထိပါးအပ်သော လဲးအုံး မွေ့ရာစသည်ကိုကား တွေ့သည်,ထိသည်,ခိုက်သည်၊ သိအပ်သော သဘောကိုကား သိသည်။ ဤသို့သော ဝေါဟာရကား အသီးအသီးထင်သော ဆိုမိန့်ခြင်းဖြစ်၏။ ထိုတွင် မြင်မြော်သည်-ဟူသော စကားခွန်းသည် အဆင်းခြောက်ပါး၌ဌင်း, သိအပ်သော သဘော၌လည်း ကောင်း ဆိုမိန့်ခြင်းထင်၏။ တွေ့သည်, ကြိုကြိုက်တော်ငြားသည်-ဟူသော စကားခွန်းကား အရအားဖြင့် အာရုံခြောက်ပါးလုံး၌ပင် ဆိုသည်ဖြစ်၏။ ဤသို့ဝေါဟာရအသီးအသီးဖြစ်၍, မကွဲးမပြား ဆိုမိန့်ဟန်ကို နှလုံးသွင်းရာ၏။ 'ထူပြိန်းတို့ သိသာစေခြင်းငှာ'ဟူသော ဝန်ခံစကားနှင့်အညီ မခဲးသော်လည်း ဝေါဟာရ မခြားနားတန်သည်, ကွဲးပြားတန်သည်ကို သတိရှိစေခြင်းငှာ ဆိုလိုက်သည်။

ယပင့်ဟဆွဲး ဆိုမိန့်သော အရာကား....ကြည့်မျှော်သည်-ဟူသောအရာ၌ထင်၏။ ထို၌ မြော်စေသည်ကို မျှော်သည်-ဟူ၍, ကာရိုက်သံကိုလျက် ပင့်ရစ်ခြင်းမတူ၊မြော်သည်-ဟူရာ၌ အရစ်၊မျှော်သည်-ဟူရာ၌ ယပင့်မဖြစ်သင့်ဆိုဘွယ်ထင်၏။ဤ၌ 'မြော်

သည်,မြော်သည်'ဟူ၍့ ရစ်ဝျက်ချည်း ရေးသင့်လျက် ဟဆွဲးရာ၌ ရစ်သံဆိုမိန့်ခက်၍့ သုတိမသာသဖြင့် သုတိသာရာလိုက်၍့ ယပင့်သည်။ယပင့်သည်နှင့်အညီ ရွှတ်ဖတ်သည်သာဖြစ်သင့်၏။

မော်-ကာရန္တပြီးပြီ။

ဝဂ်ဗျည်းတို့၌ သရအန္တ တဆယ်စီ ဖြစ်ဟန်ထုတ်သည် ပြီးပြီ။

ယ

၁၉၅-ယဗျည်း အကာရန္တနှိုက် ဝေါဟာရကို ပြခြင်း

အဝဂ်ဗျည်းတို့တွင် ယ-ကာရန္တကား....ယုယသည်-ဟူသော်ဆိုမိန့်ခြင်း ယသက်သက် ဝေါဟာရသာ ထင်၏။ ထို ယုယသည်-ဟူသော်ဝေါဟာရကား ဖြည်းညှင်းသာယာ ပျော်ပျည်သံသက်စွာ ပြုမူခြင်းအနက်တည်း။ ထိုယုယ-ဟူသော ဆိုမိန့်ခြင်းကိုကား ယုယသည်၊ ယုယုယယ-ဟူ၍့ ဖက်ယှဉ်ဆိုမိန့်သည် များ၏။

"သာဆောင်သိမ်းပြု၊ သားနှယ်ယုလျက်၊ ဆင်ဖြူသခင်"
ဟူ၍-'ယု'ဟူသော စကားခွန်းကိုငင်း,
"အရှိအယ၊ အထိန်းစသား။ ။ရှမြင်နေကြ၊ ပါချင်လှ၍့၊ ထိန်းယ
ရွှေဘော်"

စသည်ဖြင့် 'ယ' ဟူသော စကားခွန်းမျှကိုလည်းကောင်း ထက်ံာအားဖြင့် ဆိုသော အရာလည်းထင်၏။

ယ-ကာရန္တပြီးပြီ။

ယာ

၁၉၆-ယဗျည်း အာကာရန္တ၌ ဝေါဟာရကို ပြခြင်း

ယာ-ကာရန္တ၌ကား သာယာသည် ဆိုမိန့်သောအရာထင်၏။ ထို၌ သာသည်-ဟူသော စကား၏အရ မွှေလျော်ဘွယ်ရှိသည် ဟူသော အနက်သာရ၏။ ယာ-ဟူသော စကားအရမထွက်၊ ပြေပြစ်ရုံ ဖက်ကာမျှသာ ဖြစ်သင့်၏။

ကွမ်းယာ, စံယာ, ငယာ-ဟူသော လူမည်တို့ကို ယ-အက္ခရာရေးဖတ်ကုန်သည်ကား ပျော်ပျည်သံသက်စွာ ဆိုမိန့်ခြင်း အဆံမျှကိုသာ အစွဲးမူ၏သို့ရှိ၏။ ။သဘောအား ဖြင့်ကား ကွမ်းယာဟူသည်၌ ရှားစေး,ထုံးစသော အဆောက်အဦ စုံညီစွာ ရာထားသည်ကို ထောက်ထျင် 'ကွမ်းရာ' ဟူ၍, ရ-အက္ခရာထိုရင်းဖြစ်၏။ ။စံယာ,ငယာ-ဟူသည်၌လည်း ဖက်စံခြင်းငှာ ရာထားသည်၊ ပျော်စံခြင်းငှာ ရာထားသည်။ ဖက်စံအဝ်သောအရာ၊ ပျော်စံအဝ်သောအရာ။ ဤသို့စသည်ဖြင့် ရ-အက္ခရာ၌သာ အနက်အရထွက်အံ့သည်ဖြစ်၍, ရအက္ခရာ၌ ဆိုထိုရင်းဖြစ်၏။

ယာ-ကာရန္တပြီးပြီ။

ယိ-ယီ

၁၉၇-ယဗျည်း ဤကာရန္တ၌ ဝေါဟာရကိုပြခြင်း

ယိ-ကာရန္တ, ယီ-ကာရန္တတို့ကား····ဝေါဟာရမထင်။ အယီး-ဟူသည်ကို ယ-အက္ခရာအချို ရေးကုန်သည်ကား မိမွတို့၌ ဆိုမိန့်ခြင်းသည် ဖြည်းညှင်း ညံ့သံသက်စွာ ယ-အက္ခရာ ဆိုမိန့်သံများ၍, အသံနှင့်လျော်စွာ ရေးဖတ်ကုန်၏သို့ ရှိ၏။ ဦးရီး အရီး-ဟူသော ဝေါဟာရတူသင့်သည်ဖြစ်၍, ရ-အက္ခရာရေးထည်း သင့်ဘိ၏။

ယီ-ကာရန္တ ပြီးပြီ။

ယု

၁၉၈-ယဗျည်း ဥကာရန္တ၌ ဝေါဟာရကိုပြခြင်း

ယု-ကာရန္တ၌ကား····ယခင် ယုယသည်-ဟူသောအရာ၌ ယု-ဟူသော စကား ခွန်းမျှသာထင်၏။ ။[ယ-ကာရန္တမှာ ပြန်ကြည့်]။ ။ယု-ကာရန္တပြီးပြီ။

ယူ-ယူး

၁၉၉-ယဗျည်း ဥကာရန္တ၌ ဝေါဟာရကို ပြခြင်း

ယူ-ကာရန္တ၌ကား တယူသည်-ဝင်ယူသည်ဟူသော မူထအသံ၊ "ထိဆိုက်ယူးယူး၊ မိုးညွန့်ဦးဝယ်။ [၁] ။ငါ့ခေါင်းဦး၌၊ ယူးယူးနင်းလု" စသည်ဖြင့် ယူးယူးဟူသော ဝိသဇ္ဇနီသံထင်၏။ ထိုတွင် "တ-ယူသည်"ဟူသော ဝေါဟာရကို "ယူတသည်"ဟု၍ ရွှေနောက်လှန်၍ အရဆိုမူ အနက်ထင်သာ၏။ ယူကျုံးလျက် တသည်၊ ယူကျုံး၍ တသည်၊ ယူငင်လျက် တသည်-စသည်ဖြင့် ကျေးဇူးဂုဏ်ကို အာရုံထင်ထင် ဆင်ခြင်ယူကျုံး၍ နှလုံးဝိုက်လျက် တောင့်တ လွမ်းဆွတ်သည်-ဟူသော သဘောအနက် ထင်သာသည်ဖြစ်၏။ ယူ-သည်ကား ရှေး၊ တ-သည်ကား နှောင်း။ ယူ-သည်ကား အကြောင်း၊ တ-သည်ကား အကျိုးဖြစ်အောင်ယူလျှင် ထင်အံ့ဖြစ်၍ ရွှေနောက်လှန်ထိုက်သည်။ 'တယူသည်'ဟု၍ ရွှေနောက်မလှန်ရာ၌ ကြီ၍ ယူသည်ထည်း သင့်မည်ပင်။ ထင်ခက်အံ့စိုး၍သာ မဆိုထိုက်သည်။ ။(ရှု-မှာ ကြည့်ဦး။)

ထို၌ ယူသည်-ဟူသော ဝေါဟာရကား သိမ်းဆည်းရခြင်းအနက်တည်း၊ သိသာပြီ။ ။ထိဆိုက်ယူးယူး-စသည်ဖြင့် ဝိသဇ္ဇနီသံဆိုမိန့်ရာ၌ကား ထိစိုက်ခြင်းငှာ အနီးအစပ်ဖြစ်၏-ဟူသောအနက်တည်း။ ထိုကို ထိမူးမူး,ထိယူးယူး, ထိလုလု, ထိမတတ်, ထိခိုက်ဖွယ်ရှိ၏-စသည်ဖြင့် ဆိုမိန့်ခြင်းများစွာ ထင်၏။

ယူ-ကာရန္တ ပြီးပြီ။

ယေး

၂၀၀-ယဗျည်း ကာရန္တ၌ ဝေါဟာရကိုပြခြင်း

ယေ-ကာရန္တ၌ကား ဝေါဟာရမထင်။ ။ယေး,တဝယ်-ဟု၍ ယ-အက္ခရာရေး ကုန်သည်လည်း ဆိုလေ့မိန့်လေ့ရှိတိုင်း ရေးသည်ဖြစ်ရာ၏။ ရေးမြို့,တဝယ်မြို့-ဟု၍ ရ-အက္ခရာရေးသော်သာ မြမွာမှု၌ အရအနက် ထွက်အံ့သည်။ ထိတွင် 'တဝယ်'ဟူသည်ကား လူမျိုးအမည်၊ 'ရေး' ဟူသည်ကား အရပ်

---

၁ နောင်၊ ခေါင်ထွတ်ဆက်ကာရီရတု (ပ)။

အမည်မျှသာ ဖြစ်သင့်၏။ အရကို ထုံးစံမတွေ့၊ ကြို၍ဆိုသော်လည်း မြွမ္မာဘာသာရင်း မဟုတ်မူ ယုတ္တိမတန်အံ့စိုး၍ မဆိုလိုက်သည်။

ယော-ကာရန္တ ပြီးပြီ။

ယဲး

၂၀၁-ယဗျည်း အဲးကာရန္တဒ္ဒ ဝေါဟာရကို ပြခြင်း

ယဲး-ကာရန္တဒ္ဒကား "ရေရွှတ်ကျိုးမဲ့၊ သူကဲ့ရဲ့၏၊ ယဲ့ယဲ့ဆိုဦး" စသည်ဖြင့် 'ယဲ့ယဲ့' ဟူ၍ အစပ်အဟပ် ဆိုမိန့်ခြင်း အမြစ်သောအဆံမျှသာ ထင်၏။ ဤယဲ့ယဲ့ဟူသော ဝေါဟာရကား အားနည်းသဖြင့် ပျော်ငြိုးညံ့သည် ဟူသော အနက်တည်း။ ။'များသောအားဖြင့် ယအက္ခရာ ဆိုမိန့်သော စကားခွန်းတို့သည် အားနည်းသဖြင့် ပျော်ငြိုးညံ့နွဲ့ပါးသောအဆံကို လိုရာ၌ ဆိုမိန့်သည်ထင်၏'။ထင်ဟန်ကား-ယုယသည်၊ စံယ့ငယ၊ စံယာ့ငယာ-ဟူသောအမည်၊ ကွမ်းယာ၊ အယီး၊ယဲ့ယဲ့ယိမ်းယိုင်သည်၊ ယွန်းသည်၊ ညှိုးယော်သည်၊ ယားယံသည်၊ ယစ်ဝသည်၊ ဦးယဉ်းခေါင်းခဲ၊ ယိုယွင်းသည်-စသည်ဖြင့် အားနည်း ပျော်ငြိုးညံ့ခြင်းအမူအရာ သာသာထွေပြားထွေပြား ဆိုမိန့်လိုသော အရာတို့၌ ထင်သည်ဖြစ်၏။ ။(ယွဲ့-ကို ရဲ-မှာ ကြည့်ပါ)။

ယဲး-ကာရန္တ ပြီးပြီ။

ယော

၂၀၂-ယဗျည်း ခြောကာရန္တဒ္ဒ ဝေါဟာရကို ပြခြင်း

ယော-ကာရန္တဒ္ဒကား....ယောဆော-ဟူသောအရဝ်၏အမည်။ ယော-ဟူသော အရဝ်အမည်မျှသာထင်၏၊ ထိုအမည်တို့ကား လူမျိုးအမည် မဟုတ်၊ အရဝ်အမည် ပညတ်မျှသာဖြစ်၏။ ။ယော-ကာရန္တ ပြီးပြီ။

ယော်

၂၀၃-ယဗျည်း ခြော်ကာရန္တ၌ ဝေါဟာရကို ပြခြင်း

ယော်-ကာရန္တ၌ကား....ယခင်ဆိုအပ်ပြီးသော ဤယော်သည်-ဟူသောအရာ မျှသာ ထင်၏။ ထို၌ ယော်၏-ဟူသည်ကား ဆိုခဲ့ပြီးသောအတိုင်း အားနည်းသဖြင့် ပျောင်းညွှံသည် ဟူသောအနက်တည်း။ ။ယော်-ကာရန္တ ပြီးပြီ။

ယ-ဗျည်း၌ သရအန္တပြီးပြီ။

ရ-ရွ-ရှ

၂၀၄-ရဗျည်း အကာရန္တ၌ ဝေါဟာရကို ပြခြင်း

ရ-ကာရန္တ၌ကား သက်သက်ထည်းကောင်း, ဝဆွဲးထည်းကောင်း, ဟဆွဲးထည်းကောင်းထင်၏။ ထိုတွင် ဆုထာဘိရသည်၊ မိမိရရ-ဟူသော စကားခွန်းတို့ကား ရသက်သက်တည်း။ ။ကြွကြွရွရွ၊ တလုပ်လုပ် တရွရွ၊ ပိုးရွ-ဟူသော ဝေါဟာရတို့ကား ဝဆွဲးတည်း။ ။စူးရှသည်-ဟူသော ဝေါဟာရကား ဟဆွဲးတည်း။ ။ထိုတွင် ဆုထာဘိရသည် စသော ဆိုမိန့်ခြင်း၌ ရသည်-ဟူသော စကား၏အရကားကိုယ်စိတ်သို့ရောက်ခြင်း, ဝင်ခြင်းအနက်တည်း။ထိုနှင့်လျော်စွာ ရွှေဌေစသော ဥစ္စာထက်သို့ရောက်သည်ကို "ထက်ရောက်လက်ရ" ဆိုသည်။ စိတ်သို့တရား ရောက်သည်ကို 'တရားရသည်' စကားရသည်၊ ဈာန်မဂ်ဖိုလ်ရသည်၊ အနာအဖျားရသည်၊ ဘေးဒဏ်ရသည်-စသည်ဖြင့် ကိုယ်စိတ်သို့ ရောက်ခြင်း, ဝင်ခြင်း အနက်ကို ဆိုသော အရာထင်၏။ ။မိမိရရ-ဟူသည်၌ထည်း သဘော သကန်ဆိုမိန့်ခြင်းသည် နားနှလုံးသို့ရောက်ခြင်း, ဝင်ခြင်း အနက်တည်း။

ကြွကြွရွရွ-ဟူ၏ ဝဆွဲးဆိုမိန့်သော အရာကား....ဆိုအပ်ပြီးသည်နှင့်အညီ နွှမ်းနယ်ခြင်းအနက်တည်း။ ထိုတွင် 'ရွ' သည်ကား ရှေးအကြောင်း၊ 'ကြွ' သည်ကား နှောင်းအကျိုးယူမူထင်သာ၏။ ရွသည်-ကို ရှေး-အကြောင်း ဟူသည်ကား မခန့် မကျန်း နွှမ်းရိခြင်းဖြစ်သည်ကို 'ရွသည်' ဆိုသည်။ ရွရွနွှမ်းနွှမ်း မခိုင်မခံ့ ဖြစ်သောကြောင့် သိဝ်သည်းစွာ မတည်စွမ်း ကြွကြွပွပွရှိအံ့သည်။ ယင်းသို့သော သဘောကို ထောက်၍ 'ရွသည်'ကား အကြောင်း 'ကြွသည်'ကား အကျိုး။ 'ရွသည်'ကား ရွှေ၊ 'ကြွသည်'ကား နှောင်းဖြစ်၏။ အကျိုးအကြောင်း ရှေးနှောင်းမပြန် ကြို၍, ဆိုထည်း

ရသင့်အံ့သည်။ အကျိုးအကြောင်း ရှေးနှောင်းစစ်ဆေးလေ့ရှိစေခြင်းငှာ ထင်သာရာ ဆိုလိုက်သည်။

တလုပ်လုပ်တရွရွ-ဟူသည်၌လည်း····ယခင်နည်းတူရပ်တည်မြဲမြဲခြင်းမရှိ၊တောင်ပါး မြောက်ပါး လွှဲလျောသဖြင့် ခိုင်ခံ့စွာ မရှိခြင်းအနက်ထည်းကောင်းဖြစ်၏။ ။ ပိုးရွှ-ဟူသည်ထည်း ရပ်တည်မမြဲး၊ တောင်ပါး မြောက်ပါး လွှဲရှား တတ်သဖြင့် ခိုင်ခံ့စွာမတည်ဟူသော အနက်ကိုထည်းကောင်း စွဲးမှီ၍ 'ပိုးရွှ' ဆိုသည် ယူမှု အနွယ်သညာတည်း။ ချင်းအမည်မျှသာယူမှုကား ရင့်သည်ာဖြစ်၍ သဘောရောက်သည်သာ ပမာဏဖြစ်၏။ ဆင်ခြင်။

စူးရှသည်-ဟူ၍ ဟဆွဲးဆိုမိန့်ရာ၌ ရှ၏ဟူသည်ကား ကွဲးဖြတ်ခြင်း အနက်တည်း။ ထိုနှင့်လျော်စွာ ဓားတစည်းရှသည်-ဟုရာ၌ ထင်သာပြီ။ "အနိဝ်အပြ၊ မရှနတည်း" ဟူသည်၌ နိဝ်ခြင်း ပြခြင်း၌ မထိုအဝ်သော အကျိုးဖြစ်အံ့သည်ကို 'ရှနသည်' ဆိုသည် ယူသင့်၏။ ဤမှတပါးသော အရာတို့၌ထည်း လျော်ရာကြီ၍ ယူရာ၏။

ရ-ကာရန္တပြီးပြီ။

ရာ-ရွာ-ရွား-ရှာ

၂၀၅-ရဗျည်း အာကာရန္တ၌ ဝေါဟာရကို ပြခြင်း

ရာ-ကာရန္တ၌ကား သက်သက်ထည်းကောင်း, ဝဆွဲးထည်းကောင်း, ဟဆွဲးထည်းကောင်း ထင်၏။ ပြုရာမူရာသည်၊ နေခင်းနေရာ၊ လုပ်ခင်းလယ်ရာ၊ ရာထားသည်၊ ကွမ်းရာ၊ ထိုက်သည်ရာသည်၊ ခု,ဆယ့်ရာ၊ သံမရာ၊ မကျရာ-ဟူသောအမည် စသည်တို့ကား ရသက်သက် ဆိုမိန့်ခြင်းတည်း။ ။မိုးရွာသည်၊ ပြည်ရွာ-ဟူသော ဆိုမိန့်ခြင်းတို့ကား ဝဆွဲးဝေါဟာရတည်း။ ။ဖွေရှာသည် ဟူသော ဝေါဟာရကား ဟဆွဲး ဆိုမိန့်ခြင်းတည်း။

ထိုတွင် သက်သက်၌ ပြုရာသည်,မူရာသည်-ဟူသော ဆိုမိန့်ခြင်းသည် အချို့ကား အနုမတိအနက်၊ အချို့ကား ပရိကပ္ပအနက်၊အချို့ကား ကံအနက်၊အချို့ကား ကတ္တားအနက်၊ အချို့ကား ဘောအနက်-ဖြစ်သင့်၏။ ဖြစ်ဟန်ကား····ကစ္စည်းကျမ်း၌ထည်း ထင်၏။ မြမ္မာမှုထည်းထင်၏။ ။ထင်ဟန်ကို အရိဝ်မျှဆိုအံ့။ အနုမတိပရိကပ္ပအနက် ဖြစ်ဟန်ကို "အနုမကိ ပရိကပ္ပတ္ထေသု သတ္တမီ" ဟူသော သုတ်ကိုထောက်။ ဘော,ကံ အနက်ဖြစ်သင့်ဟန်ကို ထိုသတ္တမီဝိဘတ် အတ္ထနောပုဒ်၏ ဝိသယထင်စွာ 'အတ္ထနော

ပဒါနိ ဘာဝေစ ကမ္မနိ' ဟူ၍ ကစ္စညီးသုတ်ရှိဟန်ကိုထောက်။ကတ္တားအနက်ဖြစ်သင့်ဟန်ကိုလည်း သတ္တမီဝိဘတ် ပရဿပုဒ်၏ ဝိသယထင်စွာ 'ကတ္တရိ ပရဿပဒံ' ဟူ၍ ကစ္စညီးသုတ်ရှိဟန်ကိုထောက်။ ပြုရာသည်,မှုရာသည်-ဟူသောအနက်ထည်း သတ္တမီဝိဘတ်၏အနက်ဖြစ်သင့်ဟန်ကို 'ကရေယျ၊ ကရေယျုံ' စသော သတ္တမီ ဝိဘတ္တိနာမ်ပုဒ်ကို 'ပြုရာ၏၊ပြုကုန်ရာ၏' ဟူ၍ ဆရာမြတ်တို့ အနက်ယောဇနာတော် မူကုန်သည်ကို ထောက်။ ဤစကားသည်ကား သဒ္ဒါကျမ်းတို့၌ ထင်ရှားစွ။ စကားပြည့်စုံရုံသာ ဆိုထိုက်သည်။

မြမ္မာမှု၌ထင်ဟန်ကား....ပြုရာပေသည်,သွားရာပေသည်-စသည်ဖြင့် မိမိထင်မှတ်သည်နှင့်လျော်စွာ တိုက်တွန်း နှိုးဆော်သံ ဆိုမိန့်သောအရာကို အနုမတိအနက်။ ပြုတန်ရာ၏,သွားတန်ရာ၏-စသည်ဖြင့် အတပ်အကြပ်မဆုံးမဖြတ်နိုင်သောအရာ, ကြံဆ၍ ဆိုသောအရာကို ပရိကပ္ပအနက်။ ထိုအနက်တို့သည် ပြုခြင်း-သွားခြင်းကြိယာမှုကိုရသောအခါ ဘော-အနက်။ပြုအပ် သွားအပ်သောအမှုအခွင့်ကို ရသောအခါ ကံအနက်။ ပြုတတ်သောသူကို ရသောအခါ ကတ္တားအနက်ဖြစ်၏။

ဘော,ကံ,ကတ္တားအနက်ထွက်ဟန် အရုဏကာကို စိတ်ဖျာဦးအံ့....ကံရှိကြိယာ၌ ဘော,ကံ,ကတ္တား-ဟူသောအနက်သုံးပါး၊ ကံမဲ့ကြိယာ၌ ဘော,ကတ္တား-ဟူသောအနက်နှစ်ပါး ရထိုက်သည်တွင် ရသင့်ရာအနက်ကို ရသည်ဖြစ်၏။ ပြုရာ ကျင့်ရာ၏ဟူသော ကံကြိယာ၌ သူကြီးထည်းကောင်း, ငယ်သားထည်းကောင်း, တစုံတယောက်သောသူသည် ကြီးသောအမှု ငယ်သောအမှု တခုခုကို ပြုရာကျင့်ရာသည်-စသည်ဖြင့် ကံ,ကတ္တားကိုမငဲ့၊ ပြုခြင်းကျင့်ခြင်း ကြိယာအမှုအရာမျှကို ငဲ့၍ ဆိုမိန့်သောအခါ 'ဘောအနက်'ဖြစ်၏။ သူခပ်သိမ်းတို့ပင် ကောင်းသောအမှုကိုသာ ပြုရာကျင့်ရာ၏-စသည်ဖြင့် ပြုအပ်ကျင့်အပ်သော ကောင်းမှုကိုသာ ယူသင့်သောအခါ 'ကံအနက်' ဖြစ်၏။ပညာရှိသူတော်ကောင်းတို့သာ ပြုရာကျင့်ရာ၏-စသည်ဖြင့် ပြုတတ် ကျင့်တတ်သော သူတို့ကိုသာ ယူသင့်သောအခါ'ကတ္တားအနက်'ဖြစ်၏။ ဤကား ကံရှိကြိယာ၌ ဘော,ကံ,ကတ္တား-အနက်သုံးပါးတွင် ရထိုက်ရာရဟန်တည်း။

ကံမဲ့ကြိယာ၌ ဘော,ကတ္တား-အနက်နှစ်ပါးရထိုက်ရာ ရဟန်ကား အိပ်နေတည်ရပ်ရာ၏-ဟူသော ကံမဲ့ကြိယာ၌ ကြီးသူငယ်သား တစုံတယောက်သော သူသည် အိပ်နေတည်ရပ်ရာ၏ စသည်ဖြင့်ကတ္တားကိုမငဲ့၊အိပ်နေတည်ရပ်ခြင်းကြိယာအမှုအရာမျှကိုသာငဲ့၍ ဆိုမိန့်ခါ 'ဘောအနက်' ဖြစ်၏။ ပညာရှိ သူတော်ကောင်းတို့သာ အိပ်အိပ်နေတည်ရပ်ရာ၏-စသည်ဖြင့် အိပ်နေတည်ရပ်တတ်သော သူတို့ကိုသာ ယူသင့်

သောအခါ "ကတ္တားအနက်" ဖြစ်၏။ ဤကား ကံမဲ့ကြိယာ၌ ဘော, ကတ္တား ဟူသော အနက်နှစ်ပါးထွင် ရထိုက်ရာ ရဟန်တည်း။ ။ကံမဲ့ကြိယာ၌ ဘော,ကတ္တား ဟူသော အနက်နှစ်ပါး၊ ကံရှိကြိယာ၌သာ ကံ-နှင့်ဆုံးပါးရဟန်ကို ဆိုသည်ကား-

ယံ တိကာလံ တိပုရိသံ၊ ကြိယာဝါစိ တိကာရကံ။
အတိလိင်္ဂံ ဒ္ဝိဝစနံ၊ တဒါချာတန္တိ ဝုစ္စတိ- [၁]

ဟူသော ဆရာမြတ်တို့၏ အမိန့်သည် အာချာတ်ပုဒ်တိုင်း တိကာရက မရဟန်ထင်၏။ မြမွာမှု၌ကား များသောအားဖြင့် ပြုရာမူရာ၏-စသည်ဖြင့် ဆိုသော စကားခွန်းတို့ ပြုရာပြုအပ်သော အမှုအခွင့်ဟူသော ကံအနက်သာထင်၏။ အချို့သဖြင့်ကား "ပညာ ရှိသူတော်ကောင်းတို့သာ ပြုရာ၏။ ပညာမဲ့မသူတော်တို့ကား မပြုရာ"ဟူ၍ ကတ္တား အနက် တစိုးတစိ ထင်ဖွယ်ရှိ၏။ ဘော-ဟူသော ကြိယာအနက် ရကောင်းသည် ကိုကား ထင်ခက်အံ့သို့ရှိ၏။ အတ္ထနောမတိ ဖြစ်သည်။ ဆင်ခြင်။

နေခင်းနေရာ-ဟူသည်၌ကား နေရပ်ဌာနကိုပင် 'နေရာ' ဆိုသောအရာ။ နေတူး သဖြင့် အမှတ်အရာ ထင်ကောင်း သည်ကို 'နေရာ' ဆိုသောအရာ။ နေခြင်းဌာ ရာထားကာမျက်ိုပင် 'နေရာ'ဆိုသောအရာဟူ၍ စိတ်ဖျာ ကောင်းအံ့သို့ရှိ၏။ ။ **လယ်ရာ**-ဟူသည်၌ ရာ-ဟူသောစကားခွန်းကား ချင်းအမည် ရှိ၌သညာ မျှသာလည်း ဟူကောင်း၏။ ယခင်အနက်မျက်ိုစွဲ၍ လုပ်ဆောင်ရာ ဌာနဖြစ်၍ လည်းကောင်း, လုပ်ဆောင်ဘူးသော အရာ အမှတ်ထင်သည်ကို စွဲ၍လည်းကောင်း,လုပ်ဆောင်ခြင်းဌာ ရာထားသည်ဟူသော အနက်ကို စွဲ၍ လည်းကောင်း, လုပ်ဆောင်သော သူတို့ကား ထိုက်လျောက်ပတ်သည်ကို ရာသည်ဟူ၍ ဆိုမိန့်ခြင်းဟူသော ဆိုလတ္တံ့ သော စကားကို စွဲ၍လည်းကောင်း "ရာ"ဟူသော ဝေါဟာရဖြစ်သည်ယူမူ အန္တဏ္ဍ သညာဖြစ်၏။ "ရာသည်" ဟူသောအနက်လည်း ဆိုအပ်သည်၌ဝင်ပြီ။ ။ကွမ်းရာ ဟူသည်၌လည်း အောက်၌ * ဆိုပြီးသည်နှင့်အညီ ရာထားသည် ဟူသော ယခင် အနက်ဖြစ်၏။

ထိုက်သည် ရာသည်-ဟူသော စကားခွန်းကား လျောက်ပတ် တော်လျော်ခြင်း ဟူသောအနက်တည်း။ ထိုအနက်ကို ရည်၍ 'မင်းနှင့်သာ ရာသည်၊ စိုးနှင့်သာ ရာသည်၊ ရဟန်းပုဏ္ဏားတို့နှင့်သာ ရာသည်' ဟူသောဆိုမိန့်ခြင်းထင်စွ။ ။ခု,ဆယ်, ရာ-ဟူသည်၌ကား ရေတွက်ခြင်း သင်္ချာအမည်မျှသာတည်း။ ။သံမရာ-ဟူသည်ကို

---

၁ ရူပသိဒ္ဓိ၊ အာချာတ်ဝိုင်း။ * ခေါင်းစဉ် (၁၉၆) ယာအခန်း။

သံနှင့် မအပ်မရာ ဟူသောအနက်၊ သမ္ဘ-မည်သောသူ၏ ရာခင်းဝယ် အစဖြစ်၍ "သမ္ဘရာ" ဟူသော အနက်ကို အချို့ဆိုကုန်၏။ ပမာဏသာ အရင်း၊ ချင်းအမည် သာထည်း ဟူသင့်၏။ ။မက္ခရာ-ဟူသည်ကား အရပ်အမည်သာ ဖြစ်သင့်၏။

ဝဆွဲးသောအရာ၌ .. မိုးရွာ သည်-ဟူသော ဆိုမိန့်ခြင်းကား စကားရွေ့၏ဆိုရှိ၏။ ရှိဟန်ကား.....မြေငွေ့ မီးခိုးမြူမှုန်တို့သည် ထေဟုန်ခတ်သဖြင့်တည်ရပ်မရ အနည်းမျှ ကာ ပျောက်ရှ လွင့်ပါးထေရကား အခဲးအပျဉ် အကျဉ်းအထု အစုအားကြီးမူကား ထေဟုန်ခွဲးခြင်းငှာ မတတ်စွမ်းတည်း။ ပူအိုက်ကာမျှသာ ဖြစ်၍ အငွေ့သင့်ထေလျှင် ရွေးရေဖြစ်သဖြင့် ထျောသက်ထေသည်။ အရက်ချက်သော အိုးမှ ဝှန်တတ်သော အငွေ့သည် စေ့စပ်စွာ ဖုံးအုပ်ခြင်းကြောင့် ရွေးရေဖြစ်၍ ထျောသက် ထေသကဲ့သို့ ထျောသက်ထေသည်ဟူ၍ ဥပမာဆိုသည်ကား ယုတ္တိတော်သည်ဖြစ်၏။ပူအိုက်သဖြင့် ရွေး ရေစီးထွက်ဟန်ကား လူတို့ကိုယ်၌သော်ထည်း ထင်လှစွာ၏။ ထိုမီးခိုး မြေငွေ့ မြူမှုန် အပုံအစု ဖြစ်သော အရာသည် အထက်အဖို့၌ ဖုံးအုပ်လွှမ်းမိုးထျက် အမိုး အကာကဲ့သို့ ထင်ရှား ဖြစ်ထွန်းသည်ကို စွဲး၍ "မိုး" ဟူသော ဆိုမိန့်ခြင်း ဖြစ်၏။ ထိုမိုး-ဟူသော အစုအခဲးသည် ဆို့ခဲပြီးသောအတိုင်း ပူအိုက်ထေထျင် အစုအခဲး မခြေးမခိုင် ပြိုယိုင်ခြင်း၊နွမ်းရိကြေနပ်ရွကြွပ်ခြင်းဖြစ်၍ ကျထျောသည်ဟူသောအနက် ကိုစွဲးမူ "မိုးရွာသည်" ဟူ၍ ဆိုထိုရင်း မူထဖြစ်၏။ မိုး-ဟူသော အစုသည် ကစို ကရွား ဆိုးရွားကျေနပ်၍ ကျထျောသည်ဟူသော အနက်ကိုယူမူ 'မိုးရွာသည်' ဟူ၍ ဝိသဇ္ဇနီဆံ ဆိုထိုရင်းဖြစ်၏။ ဤ၌ အနိုင်အထက် ကြီစည်ခိုင်းမျဉ်း၍ ဆို၏သို့ရှိ၏။ ။ သဘောအားဖြင့်ကား ရွာသည်-ဟူသော စကားခွန်းသည် ရှမ်း, ယွန်း, ယိုဒယား, ကုထား-စသော လူမျိုးတို့၏ ဝေါဟာရ မာဂဓ စကားထည်း မဟုတ်၊ မြန်မာမှ ဝေါဟာရသာ ဖြစ်သင့်သည်။ ထိုမြန်မာမှသည်ထည်း သွားခြင်း, ချက်ခြင်း-စသော ကြိယာအနက်။ ဖြူသည်, မည်းသည်၊ တို, ရှည်၊ နီးဝေး၊ နှေးသည်, ထျင်သည်၊ ကောင်းမြတ်သည်-ဟူသော ဂုဏ်အနက်စသော များစွာသော အနက်တို့ကို စွဲးမှိ၍ ဆိုမိန့်သောအရာသာ ထင်၏။ အနက်မရ ရုဇ္ဇမျှဟူသော်ထည်း ဒြဗ်ဝတ္ထု ထင်ရာ၌ သညာမျှဖြစ်သင့်သည်ကိုသာ ရုဇ္ဇမျှဟူသင့်သည်။ မိုးရွာသည်ဟူသော စကားခွန်း၌ ရွာသည်-ဟူသော စကားခွန်းသည် ဒြဗ်ဝတ္ထု မထင်သဖြင့် ရုဇ္ဇမျှသာဟူ၍ မဆိုသင့်။ အကြောင်းနှင့်ထျော်ရာ ကြိယာအနက်, ဂုဏ်အနက် ထွက်အောင် ကြီဆောင် သင့်သည်။ ခန့်ရည်၍ စိတ်ဖျာထိုက်သည်။ ယုတ္တိအာဂုံညီ၍သာ ဆင်ခြင်။

ပြည်ရွာ-ဟူသည်၌ အိမ်စုဟူသော ထင်ရှားရှိသော ဒြဗ်ဝတ္ထု၏အမည် သမူဟ ပညတ်ကည်း။ လုပ်လုပ်ရွရွကြွကြွရွရွရှိခြင်းဟူသောအနက်၊ ကစိုးကရွားဆိုးရွားခြင်း

ဟူသော အနက်နှင့် ဆက်ဆံသည်ဖြစ်၍ 'ရွာ' ဟူသောဝေါဟာရ၊ "ရွား"ဟူသော ဝိသဇ္ဇနီသံ ဝေါဟာရမူလဖြစ်၏ ယူလျှင် အနွတ္ထသညာဖြစ်၏။ မာဂဓခွ် ဂါမသဒ္ဒါ-ရွာကိုဟော်၏။ ယင်းသည့် ဂါမသဒ္ဒါ၏ အနက်ကား "အပေါင်း"ဟူလို၏။ ထိုနှင့် လျော်စွာ မြမ္မာမှုခွ် အပေါင်းဟူ၍ ကား မဆို၊ရွာ-ဟူ၍ ဆိုတိသည်ကိုလည်းကောင်း, ဆိုခဲ့သည်နှင့်အညီ ကြွရွာသည်၊ ကစိုးကရွား၊ဆိုးရွားသည်-ဟူသော အနက်ရသင့်သည် ကိုလည်းကောင်း, ဆိုအပ်ပြီးသည်နှင့်အညီ ရွာ-ဟူသော ဝေါဟာရ အနွတ္ထ မဖြစ်သင့်သေသည်ကိုဂင်း ထောက်၍ ဆိုလိုက်သည်။ ။ဖွေရွာသည်-ဟူသော ဟဆွဲး ဝေါဟာရခွ် စုံစမ်းခြင်းအနက် ယူသင့်၏။

ရာ-ကာရန္တပြီးပြီ။

ရိ-ရီ

၂၀၆-ရဗျည်း ဣကာရန္တခွ် ဝေါဟာရကို ပြခြင်း

ရိ-ကာရန္တခွ်ကား သက်သက်လည်းကောင်း,ဟဆွဲးလည်းကောင်း ထင်၏။ထိုထွင် ပျော်ပျန်မှုမ်းရိသည်၊ ပန်းရိသည်-ဆိုသောအရာကား ရသက်သက်တည်း။ ။တရိတရွယ်-ဆိုသောအရာကား ဟဆွဲးဆိုမိန့်ခြင်းတည်း။ ထိုထွင် နွမ်းရိ-ပန်းရိဟူသည်ခွ် ရိ၏-ဟူသည်ကား မခိုင်မခံ့ခြင်းအနက်တည်း။သိသာပြီ။

တရိတရွယ်-ဟူသော ဟဆွဲးဆိုမိန့်ခြင်းကား တူမျှသည်ကို 'တရိ'ဆိုသော အရာဖြစ်၏။ ဤခွ် ရှိသည်-မရှိသည် ဟူသော အရာကိုလည်း ရ-ကို ဟဆွဲးရေးကုန်၏။ ထိုခွ်ကား-

"တောင်မင်းမြင့်မိုရ်....တရိတည်း"
"နှစ်ပါးခိုင်းထောက်....မရိတည်း"

ဟူ၍ စင်အင်အကွရာတူ မထင်ရာထေသည်ကိုထည်းကောင်း,

"မဟဲ့မဟိ၊ ရင်ဆီရိသို့"
"ဟင်ဟင်မဟဲ့၊ ဟာပျောက်ခဲ့ဟု"

စသည်ဖြင့် မဟိ-သည်ကိုပင် မဟဲ့-ဟူ၍ ဟ-အကွရာဆိုမိန့်ခြင်း,

"မခြေးကိုင်မြေ၊ စောဘုန်းတော့ကို"

စသည်ဖြင့် ဘုန်းဟိ-ဆိုလိုသည်ကို ဘုန်းဟော့-ဟူ၍ ဟ-အက္ခရာဆိုမိန့်ခြင်းထင်သည်ကိုဂုဏ်း ဟိသည်,မဟိသည်ဟူရာ၌ ရှေးသူဟောင်းတို့ ဟ-အက္ခရာ၌ရေးကုန်သည်ကို ထည်းကောင်း ထောက်သော် ရကို ဟဆွဲးမလို၏ဆိုရှိ၏။ ရကို ဟဆွဲးရေးမှတ်လေ့ထင်သည်ဖြစ်၍ တမူကား ဆိုမိန့်ခက်၏။

ရိ-ကာရန္တပြီးပြီ။

ရီ-ရီး

၂၀၇-ရဗျည်း ဤကာရန္တနှိုက် ဝေါဟာရကို ပြခြင်း

ရီ-ကာရန္တ၌ကား ရသက်သက်တွင် ဝိသဇ္ဇနီသံမပါသည်, ပါသည်ကဲ့၏။ ဗွိုင်းရီသည်-ဟူသောအရာကား ဝိသဇ္ဇနီမပါ မူထအသံတည်း။ ။ အရီး၊ ဦးရီး-ဟူသော ဆိုမိန့်ခြင်းကား ဝိသဇ္ဇနီအသံတည်း။ ။ထိုတွင် ဗွိုင်းရီသည်ဟူသော ဝေါဟာရကား မျက်စိအာရုံ မထင်းမရှင်းခြင်းအနက်တည်း။ထိုနှင့်ထျော်စွာနေစသောအရောင် အားနည်းသောအခါ ရီရီဗွိုင်းဗွိုင်းရှိသည်-ဟူသော ဆိုမိန့်ခြင်းထင်စွ။ ။အရီး,ဦးရီးဟူသော ဝိသဇ္ဇနီသံကား ဆိုခဲ့ပြီးသည်နှင့်အညီ အမျိုးအမည်မျှသာ ဖြစ်သင့်၏။ ဤ၌ "တရီးရီး"ဟူသော အသံရှိသည်-ဟူ၍ ဆိုမိန့်ကုန်သော အရာ စိုးစဉ်မျှရှိ၏။ ထိုဝေါဟာရသည် ပျိုဟောင်း စာပေထည်းမထင်၊အထွင်ထည်းမရှိလွန်း၊ မြင်းဟီသည်ဆိုသောအရာကဲ့သို့ ဟ-အက္ခရာလိုသောအရာထည်း ဖြစ်အံ့သည်။ ဤကိုထောက်၍ မထုတ်ထိုက်ပြီ။

ရီ-ကာရန္တပြီးပြီ။

ရ-ရှ

၂၀၀-ရဗျည်း ဥကာရန္တ၌ ဝေါဟာရကိုပြခြင်း

ရ-ကာရန္တ၌ကား သက်သက်ထည်းကောင်း, ဟဆွဲးထည်းကောင်းထင်၏။ ရောရှသည်၊ တရှရှ၊ ခရ-ဆိုသောအရာတို့ကား ရသက်သက်တည်း။ ကြည့်ရှုသည် ဟူသောအရာကား ဟဆွဲးဆိုမိန့်ခြင်းတည်း။ ။ထိုတွင် ရောရှသည်-ဆိုမိန့်ခြင်း၌ ရောသည်-ဟူသော စကားခွန်းသာ နောသည်, ဖျော်သည်-ဟူသော အနက်ရှိ၍, ရသည်ဟူသောစကားအရမထွက် ပြေပြစ်ရုံဖက်ကာမျှထည်း ယူသင့်၏။

"လူမှုရှင်မှု၊ နှစ်ပါးရလျက်"
"သောင်းသောင်းရရ၊ နတ်ပြည်လုဆို"

၈

သည်ဖြင့် စင်ဟန်ကိုထောက်၍ ရ-ဟူသော စကားခွန်းပင် 'ရောသည်' ဟူသော အနက်ထွက်၏ဟူ၍ သော်ထည်း ယူသင့်၏။

တရ္ဂရ-ဟူသည်ကား တရွတ်ရွတ်တရက်ရက် မငြိမ်သက်ဟူ၍ ဆိုလိုသောအနက် တည်း။ ထိုအနက်ကို တရွတ်ရွတ်,တရက်ရက်,တရ္ဂရ-ဟူ၍ ဆိုသည်ထည်း ယူသင့်၏။ တရွတ်ရွတ်-ဟူသည်တွင် တသတ်ကိုချေ၍ ဆိုသည်သာထည်းယူသင့်၏။

ခရ္ဂ-ဟူသည်ကား ချင်းအမည်မျှသာထည်း ယူသင့်၏။ ခရသဒ္ဒါကြြမ်းခြင်းအနက် ကို ဟောသည်။ သမုဒ္ဒရောပင်ထယ်တို့၌ အိုးစရည်းတရှိ ဆင်ရှိမက ဆူးအခွံစေ့စပ်စွာ ဖုံးလွှမ်းထျက် ရုံ့ကြြမ်းခိုင်ခံ့စွာ ဖြစ်သောဟူသည်ကိုထောက်ထျင် ခရသဒ္ဒါကိုစွဲး၍ 'ခရ' ဟူသော ဝေါဟာရဖြစ်၏ဆို့ရှိ၏။ မာဂဓဒ္ဒမူကား ခရသဒ္ဒါဖြင့် ခရ္ဂ-ဟော မာဂဓမထင်၊ထိုသို့သော်ထည်း ဥစ္စာသဒ္ဒါဖြင့် ဥစ္စာဟော မာဂဓ မထင်ထျက် ဥစ္စာ သဒ္ဒါ မြင့်ခြင်းအနက်ကိုဟောသည်၊ ဥစ္စာသည့် ဥစ္စာရှင်ကို မြင့်စေတတ်သည်ဟူသော အနက်ကို ကြီသည်နှင့်တူ၏။

ကြြည့်ရှသည်-ဟူ၍ ဟဆွဲးဆိုမိန့်သောအရာ၌ 'ကြြည့်၏' ဟူသည်ကား များသော အားဖြင့် စက္ခုဝိညာဏ်ဖြင့် အာရုံယူခြင်း၌သာ။ 'ရှ၏'-ဟူသည်ကား မနောဝိညာဏ် ဖြင့် အာရုံယူခြင်း၌သော်ထည်း ဆိုမိန့်ခြင်းဖြင့်မြင်၏။ * နှလုံးသွင်း၍ ယူ။သိသာ၌။

ရ္ဂ-ကာရန္တ၌ပြီး၏။

ရ္ဂ-ရ္ဂး၊ ရ္ဂ္ဂ-ရ္ဂ္ဂး

၂၀၉-ရဗျည်း ဥကာရန္တနှီက် ဝေါဟာရကိုပြခြင်း

ရ္ဂ-ကာရန္တ၌ကား သက်သက်ထည်းကောင်း,ဟဆွဲးထည်းကောင်း ထင်၏။ထိုတွင် ရသက်သက်၌ မူထအသံ,ဝိသဇ္ဇနီအသံ ကွဲး၏။ ။ရင့်ရှသည်၊ တရ္ဂသည်၊ တူရ္ဂ-ဟူသောဆိုမိန့်ခြင်းတို့ကား မူထအသံတည်း။ ။အရ္ဂးအခါ၊ရွဲးသွင်

---

* ဆိုမိန့်ခြင်းထင်၏ ?

သည်-ဟူသော ဆိုမိန့်ခြင်းတို့ကား ဝိသဇ္ဇနီသံတည်း။ ။ဟဆွဲးရာ၌လည်း နည်းတူ မူလအသံ,ဝိသဇ္ဇနီသံကွဲး၏။အသက်ရှူသည်-ဟူသောဆိုမိန့်ခြင်းကား မူလအသံတည်း။ ကြွယ်သောက်ရှူး,စိုင်ရှူးရှူး၊ ရှူးရှူးရှည်းရှည်း၊တရှူးရှူးအသံပြုသည်-ဟူသောဆိုမိန့်ခြင်း တို့ကား ဝိသဇ္ဇနီသံတည်း။

ထိုထွင် ရင့်ရှုသည့်,တရှုသည်-ဟူသော ဆိုမိန့်ခြင်းတို့၌ ရှု-ဟူသောစကားအရကို အောက်၌ * ဆိုအပ်ပြီးသည်နှင့်အညီ 'ရင့်ရော်ကြွေးကြော်ခြင်း' အနက်ယူသင့်၏။ ထိုအနက်တို့ကို ရင့်ရှုသည်၊ ရင့်ရော်သည်-ဟူသော ဝေါဟာရဖြစ်၏။ ။တူရှု-ဟူသော ဝေါဟာရကား မျက်နှာမူရာ မယွန်းမကောက် တည့်မတ်သည်ဟူသောအနက်တည်း။ သရန္ဒစ်လုံးဖြင့် နှစ်ခွန်းဆိုအပ်သော ဝေါဟာရဖြစ်သင့်၏။

အရူးအခါ,ရူးသွပ်သည်-ဟူသော ဝိသဇ္ဇနီသံ၌ကား.....အခန့်အရန့် အဆုံးအဆ မရှိ၊ မိမိနှင့် အင်မတန်လွန်သော အမူအရာထင်သည်ကို 'ရူးသည်'ဟူသော ဆိုမိန့်ခြင်း ဖြစ်သည်ယူသင့်၏။ထိုနှင့်ထျော်စွာ အင်မတန်သော တန်းဆာဝတ်စားကို ဆုံးဆောင်ခြင်း,မပြောတော်ခြင်း အမူအရာရှိသူကိုလည်း 'သူရူး'ဆိုသင့်၏။ ယင်းထက်လွန်စွာ မတည်မခန့် လည်ပတ်မြဲသွတမ်းထျက် အမှန်အရာမသိဖြစ်မူကား သူရူး၏ထက္ခဏာထင်စွာဖြစ်သည် ယူသင့်၏။တက်ဂှန်မြီးမက ဆထက်မောက်ထျမ်း၍ အလွန်အကျူး ဆူဝေဂှန်တက်သော ရေကိုလည်း 'ရေရူး'ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ခွေးရူး,နွားရူး စသည်ဖြင့် ဒြဗ်ထွယ်ကာ မိန့်ဆိုသော်လည်း အခန့်အရန့် အဆုံးအဆ မရှိခြင်းဟူသော အနက်နှင့်ထျော်သည်သာဖြစ်လေ၏။

ဟဆွဲးဆိုမိန့်ရာ၌.....အသက်ရှူသည်-ဟူသော ဝေါဟာရကား အတွင်းသို့လေကို ယူခြင်းအနက်တည်း။ ထွက်သက်,ဝင်သက် နှစ်ဖျားတွင် ဝင်သောလေကို ရည်၍ ဆိုသည်လည်း ယူသင့်၏။ ။မီးရှူး-ဟူသည်၌ကား နားခဲ့ အရူးရူးထင်ကာမျှသာ၊ထိုခဲ့ထွက်သက်ဝင်သက်မမှတ်ရ၊ အသံမျက်စွဲ၍ ဆိုမိန့်သောအရာဖြစ်သင့်၏။ ။ကြွယ်သောက်ရှူး-ဟူသော ဝေါဟာရကို အမည်မျှသာထည်း ယူသင့်၏။ သောက်ရောင် အချိန်တွင် ထွန်းမြှူးသောအရောင်ထင်သည်ကိုစွဲ၍ 'သောက်မြှူး'ဟူသင့်ထျက် အကျရာရှေ့သည်လည်း ဆိုသင့်၏။ ။စိုင်ရှူး,စိုင်မြှူး-ဟူသည်လည်း နည်းတူ၊ စိုင်တိရစ္ဆာန်တို့ကို ရှင်မြှူးစေသည်ဟူသော အနက်ယူထျင် အနွယ်သဏ္ဌာန်လည်းကောင်း ဖြစ်သင့်၏။

---

* ခေါင်းစဉ် (၁၃၇) တအခန်း၊ (၁၉၉) ယူအခန်း။

ရှုးရှုးရှည်းရှည်း, တရှုးရှုးသောအသံ-ဟူ၍ ဆိုမိန့်ရာ၌ကား နားဦ ထင်သော အသံ၊ တရှုရှုဟူ၍ ဝိသဇ္ဇနီမပါဆံတို့ကို စပ်အင်မရှိ။ သုတိသာသို့ လိုက်၍ ဝိသဇ္ဇနီ သံ ဆိုမိန့်သည်ဟူ၍ ထည်းကောင်း, နားဦထင်သောအသံသည်ပင် ဝိသဇ္ဇနီသံဖြစ်၍ ထိုနှင့်ထျော်စွာ ဆိုမိန့်ကာမျှ ဟူ၍ ထည်းကောင်း ယူသင့်၏။ ရှုးရှုးရှည်းရှည်း-ဟူသည်၌ထည်း နည်းတူ၊ ထင်သောအသံမျှကိုစွဲး၍ ဆိုမိန့်သောအရာသာ ဖြစ်သင့်၏။

ရ-ကာရန္တ ပြီးပြီ။

ရေ-ရေး၊ ရှေ-ရှေး၊ ရွေ-ရွေ

၂၁၀-ရမျည်း ကောရန္တ၌ ဝေါဟာရကို မြခြင်း

ရေ-ကာရန္တ၌ကား သက်သက်ထည် ကောင်း, ဝဆွဲးထည်းကောင်း, ဟဆွဲးထည်းကောင်း, ဝဆွဲးဟဆွဲးယှဉ်ထျက်ထည်းကောင်း ထင်၏။ ထိုတွင် သက်သက်၌ မူထအသံ, ဝိသဇ္ဇနီသံ ကွဲး၏။ ။ထေရေ၊ တွက်ရေသည်၊အသားအရေ၊ မရာမရေ၊ကြက်သရေ-ဟူသည်တို့ကား ရသက်သက်၌ မူထအသံတည်း။ ။ရေးရေးထင်သည်၊အရေးအသား၊အကြောင်းအရေး၊အိပ်ရေးဝသည်-စသောဆိုမိန့်ခြင်းကား ဝိသဇ္ဇနီသံတည်း။ ။ဟဆွဲးရာ၌ကား ရှေးနှောင်းဟူသောဝိသဇ္ဇနီအသံ, ရွှေနှောက်ဟူသောအမြစ်သံထင်၏။ ။ဟဆွဲးဝဆွဲး ယှဉ်ရာ၌ကား ရွှေငွေဟူသောမူထအသံ၊ဤရွှေသည်ရွှေ၊ ထိုရွှေ-ဟူသောအမြစ်သံထင်၏။

ထိုတွင် ရေလေ-ဟူသည်၌ ရေ-ဟူသည်ကား အာပေါဓာတ်လွန်သော စတုဇရုပ်၏ အမည်တည်း။ ထို၌ တစုံတခုသော အစွဲးအမှတ် ရုပ်ရာမှ စီးထွက်သည်ကို 'အရည်'ဟူ၍ ည-သတ် ခေါ်ဝေါ်ခြင်းတည်း။ရုပ်ရာမထင် သက်သက်သောရေကို သာ သဝေထိုးအထူး ဖတ်ရေးခြင်း အယူထင်၏။

"သမုဒ္ဒါရေ၊ နှစ်ပခေ့၍၊သိဒေဠ္ဍဟွာ" [၁]
"အမြဲးတည်လေ၊ နှစ်သည့်ရေဟု"
"နက်ကျယ်ရည်တွေ၊ ဤသည်ရေကား၊ အဆွေခင်ပွန်း-"

စသည်ဖြင့် သဝေထိုးစပ်အင်-

---

၁ ဘူးဝေါဒိုး * ၅၇။

"မိုးပေါက်ရေကြည်၊ ကျနှင်းလည်သို့၊ မျက်ရည်ရွှမ်းရွှမ်း"
"ဒေးမြေချမ်းကြည်၊ နှင်းရည်မွေးဖျော်"
"တရားငြိမ်းကြည်၊ သုဒ္ဓါရည်ဖြင့်၊ ညှော်သည်တို့ဝယ်" ၁
"ရေသွန်းသာကြည်၊ ဖျော်ရမည်ကို၊ မြရည်သက်မှတ်"
"မြစ်ထက်ဝည်းကြည်၊ ချမ်းငြိမ်းတည်သား၊ မိုးရည်မထင်" ၂
"စိတ္တတာဝည်၊ နွေပြန်သည်ဟု၊ ရွှေရည်ကာတော"
"ထွက်မြဲနေခြည်၊ နေ့လုံးတည်မှ၊ ငွေရည်လျံဝါ-"

စသည်ဖြင့် ညွှ-သတ်စပ်အင်၊ ဤသို့ သဝေထိုး, ညွှသတ်ကွဲးထျက် စပ်သည်ကား ဆိုပြီးသောအတိုင်း အစွဲးအမှတ်တစုံတခုမှ ယိုစီးထွက်ပြန်သည်ကို 'ညွှ-သတ်'၊အစွဲး မရ အမှတ်မဲ့သက်သက်ရေကို 'သဝေထိုး'ရေးဖတ်သည် ယူသင့်၏။

အရည်အဖတ် ဆိုကောင်းသည်တွင် ညွှ-သတ်, မဆိုကောင်းသည်တွင် သဝေထိုး ရေးဖတ်လိုသည်ဟူ၍. ဆိုကုန်သည်ကား-

"ဒေးမြေချမ်းကြည်၊ နှင်းရည်မွေးဖျော်"
"ချမ်းငြိမ်းတည်သား၊ မိုးရည်မထင်-"

ဟူ၍. နှင်းရည်မိုးရည်ကို ညွှ-သတ်စပ်သည်၌နှင်းမိုးဘို၏အရည်အဖတ် ထင်ခက်အံ့။

"ပရိတ်တော်ရေ၊ ချိုးထိမ်းစေ၍."
"လှည့်ခေါက်သပြေ၊ နန်းရွှေမြေသို့၊ ညောင်ရေချိန်သင့်"
"ရတုညောင်ရေ၊ ခါလိုက်နွေဝယ်-" ၃

စသည်ဖြင့် ပရိတ်ရေ, ညောင်ရေတို့ကို သဝေထိုးစပ်သည်ကား အရည်အဖတ် ခွဲးဝေကောင်းသောအရာထည်း မဟုတ်၊ ညောင် ပရိတ်တို့သည် တည်ရာရပ် ဖြစ်၍. ထိုတည်ရာရပ်မှစီးယိုထွက်ပြန်သည်ထည်း မဆိုသာ၊ သက်သက်ရေဟူ၍. ဆိုကောင်းသောအရာပင်ဖြစ်၍. 'သဝေထိုး' စပ်ဆိုသည် ယူသင့်၏။

ငွေရည် ရွှေရည်-စသည်ဖြင့် ဆိုမိန့်ရာ၌ထည်း ရွှေငွေတိုင်းမှာ အရည် အဖတ် သီးသန့်၍. မယူသာ၊ အခဲးပင် အရည်ဖြစ်တုံ၊ အရည်ပင် အခဲးဖြစ်တုံ၊ ဖောက်ပြန်ကာမျှသာ ဖြစ်သည်။ အရည်အဖတ် အသီးမခြားကောင်း ဖြစ်ခဲ့၏။ ထိုကြောင့် ဆိုခဲ့ပြီးသည်နှင့်အညီ ရွှေငွေဟူသော ဝေါဟာရမျှကိုပင် အစွဲးအမှတ် ယူ၍. ထိုမှ

---

၁ ကိုး * ၂၇၇။ ၂ သံ၊ နိဂုံး * ၂။ ၃ ဒေး * ၉၇ (၀)။

စီးယိုထွက်ပြန်သည်ဟူသော သဘောကို ယူသော်သာ သင့်ရာသည်။ ဤနည်းအတူ သုဒ္ဓါရည်နှင့် မိုးရည် * ဟူသည်တို့၌ထည်း သုဒ္ဓါနှင့် x မိုးဟူသော ဝေါဟာရမျှ ကိုပင် အစွဲးအမှတ် ယူသင့်၏။ ပရိတ်ရေ, ညောင်ရေ-ဟူသည်တို့၌ကား ဆိုခဲ့သည် နှင့်အညီ ညောင်,ပရိတ်တို့မှ စီးထွက်သည်မဟုတ်၊ ညောင်ပရိတ် အရခြင်း, ရေခြင်း အခြားဖြစ်၍, ခြင်းဝတ္ထုတူသည်ထည်းမဟုတ်၊ဤသို့သဘော မတူသည်ကို နှလုံးသွင်း ရာ၏။

ဤ၌ သဘောအကြောင်း ခွဲဝေဖြိုးအံ့....သဝေထိုးသည်ကား ပကတိသော ရေစင် စစ်၊ ညွှ-သတ်၌ ရေထူး-ဟူသော ခြင်းရေဟူသော အမည်ပင် မဟုတ်၊ အရည်အသွေး ဟူသော ဂုဏ်အစွမ်းကိုဆိုသောအရာဖြစ်၏။ထိုနှင့်ထျော်စွာ ရွှေ,ငွေ,မြ,ဖလ် စသည် တို့၌ထည်းကောင်း၊ ရွှေ, ငွေ,မြ,ဖလ်-မဟုတ်ဝျက် ဖက်စံနှိုင်းခိုင်း လိုသော ဝတ္ထုဖြ၌ ထည်းကောင်း အရည်အသွေး ဂုဏ်အစွမ်းထင်သည်ကို ရည်၍, ရွှေ,ငွေ, မြ,ဖလ်-စသည်တို့၏ အရည်၊ သုဒ္ဓါနှင့် x မိုးတို့၏အရည် ဆိုသည်ထည်း ယူသင့်၏။ ။ ဤ၌ "အရည်" ဟူသည်ကို အဆင်းအဝါမျှကိုသာ မယူသင့်၊ ဂုဏ်အစွမ်းကိုပင်ထည်း ယူလို၏။

"တအင်ရည်တူ....မထင်ကြည်ဖြူ"
"ယိုးဒယားပြည်....မိုးသကြားရည်" ၁
"လက်ရုံးခိုင်ကြည်၊ ရဲစွမ်းမည်ဟု၊ ထူရည်ထူသွား-"

စသည်ဖြင့် စပ်ဆိုသောအရာတို့၌ မိုးသီကြားရည်, ထူရည်-ဟူသော စကားအရကို အရည်အဆင်း တင့်တယ်ကာမျှကိုသာ မယူမူ၍, ဂုဏ်အစွမ်းကို ယူသင့်သကဲ့သို့ ရွှေ, ငွေ, မြ, ဖလ်,နှင်း,မိုး,သုဒ္ဓါတုတ်-တို့၏ ဂုဏ်အစွမ်းကိုပင် အရည်ဆိုသည်။ ။ရွှေ ငွေတို့၏ အဆင်း, မြဖလ်တို့၏အဆင်းသည် ရွှေ, ငွေ,မြ,ဖလ်-တို့အရည်၊ထန်းရည်၊ အုန်းရည်၊ ဟင်းရွက်ရည်၊ နို့ရည်, ကြိုပျားဝိန်း-စသည်တို့၏ အရည် ဟူသည်၌ထည်း ဆိုခဲ့ပြီးသောအတိုင်း ရသဟူသော ဂုဏ်အထူးအရည်သည် ရေပကတိနှင့် ရောနှော ဖျော်ဖက်သော်ထည်း ရသဩဇာဟူသော ဂုဏ်အစွမ်း၏ အရည်ဟူသော အမည် ထင်ရှားဆိုမိန့်လေသည်ဖြစ်၏။ ဤထည်းအကြောင်းတနည်း။

ကျမ်းဆရာတို့ကား အချို့သော အရာ၌ နှလုံးသွင်းရာ စပ်ပါသည်သာ၊ ဝါဒ မကွဲး။ အချို့သောအရာကား ဝါဒပင် ကွဲး၏သို့ ရှိ၏။ ရှိဟန်အရိပ်ကား-

---

* နှင်းရည် မိုးရည်? x နှင်း ? ၁ ဒေး * ၁၆၀ (၁၊၃)။

"ရွာမြို့စတွေ့၊ ထက် တိမ်ခြေ က၊ မြရေ ဆွတ်ဖျန်း"
"မိုးစွန် တိမ်ခြည်၊ အိမ်သို့ရည်ထော၊ ငါမည်ကြွန်သင့်"
"ပျော်ရမည်ကို၊ မြရည် သက်မှတ်-"

ဤသို့စသည်ဖြင့် တိမ်ခြည်-တိမ်ခြေ၊ မြရည်-မြရေဟူ၍ သဝေထိုး, ည-သတ်အစဝ်ကွဲးသည်။

"တောင်မြောက် ကျော်သဲ၊ ပညာပြိုးနှင့်"
"ရှမ်းမြေ ကျော်သဲ၊ ပြည်မိုးနဲးသို့"
"ကြတ်ခေါက် ကျော်သည်း.....နတ်အောက်သော်လည်း"

ဤသို့စသည်ဖြင့် ကျော်သဲ-ကျော်သည်းဟူ၍ နောက်ပစ် ည-သတ် အစဝ်ကွဲးသည်။ ဤ၌ ဝါဒမကွဲး၊ နှလုံးသွင်းမှုသာ ကွဲးသည်ဖြစ်ရာ၏။

တိမ်ခြေ-ဟူ၍ သဝေထိုးစဝ်သည်ကား 'တိမ်အရင်းအခြေ' ဟူ၍ နှလုံးသွင်းရှိသည်။ တိမ်ခြည်-ဟူ၍ ထည်း ညသတ်စဝ်သည်ကား 'တိမ်ဟူသော အမြွှင်အခြည်' ဟူ၍ နှလုံးသွင်းသည်။ ။မြရေ-ဟူ၍ သဝေထိုးစဝ်သည်ကား 'မြအဆင်းကဲ့သို့ ဧးမြစေတတ်သောရေ' ဟူ၍ နှလုံးသွင်းရှိသည်။ မြရည်-စဝ်သည်ကား 'မြ၏ အဆင်းအရည်' ဟူ၍ နှလုံးသွင်းရှိသည်။ ဤသို့အဓိပ္ပါယ်မပျက် အနက်သွားသင့်ရာပေသော်ကြောင့် နှလုံးသွင်းရာ စဝ်သည်သာ၊ ဝါဒမကွဲးသည်ဖြစ်၏။ ။ဝါဒကွဲးဟန်ကား....

"သဲဖြူ မြစ်ဆိပ်၊ ညဉ့်ဝယ် အိပ်ဖွင့်၊ မှိုပ် ပျော် မိန်းမိန်း"
"မျက်စိဝိတ်ဝိတ်၊ အသေ မှိတ် ၍၊ အဓိဋ္ဌာန" [၁]
"ခွန်အားကိုကုန်၊ ငှက်ဂဠုန်၊ ဆူကြွန် ဖြစ်ပြန်ရော်"
"မဆုမ ကြုံ၊ ဖြစ်တုံရကား" [၂]

ဤသို့စသည်ဖြင့် မျက်စိမှိတ်သည်ကို တသတ်,ပသတ်၊ အဆူအကြုံကို နသတ်, မသတ်စဝ်သည်၊ ဝါဒကွဲး ယင်းကဲ့သို့ ရှိ၏။ ဤမှတပါး ကေလဒ္ဒ, ဒ္ဒိလဒ္ဓ-ဟူ၍ တချက်သာ အရေးသင့်,နှစ်ချက်သင့်, သုံးချက်သင့်ရှိဟန်ကိုလည်း ဆရာမြတ်တို့ မိန့်ကုန်၏။ အရာအနက်ကို တွက်ချင့် ထောက်မြော်၍ နှလုံးသွင်း၊ အရာ ရောက်ခါ ဆိုဦးအံ့။ ကျယ်အံ့စိုး၍ ဘော်သင့်ရုံရေးလိုက်သည်။

တွက်ရေသည်-ဟူသော ဝေါဟာရကား ချင့်တွက် ဝိုင်းခြားခြင်း အနက်မျှသာ တည်း။ ။အသားအရေ-ဟူသည်၌ကား သတ္တဝါတို့၏ ကိုယ်၌ အသားအရိုးတို့ကို

---

၁ ဘူထင် * ၄၂၂။ ၂ ကိုး * ၁၉။

ဖုံးလွှမ်းသော ဒွတ္တိသကာယ အစုဋ္ဌ အကျုံးဝင်သော ကိုယ်အင်္ဂါ၏ အမည်မျှသာ တည်း။ ။ထိုအရေကား-အရေပါး, အရေထူ နှစ်ပါးရှိသောဟူ၏။ သတ္တဝါတို့မှ တပါး သစ်ဝါးစသည်တို့၌ကား အရေဆိုအံ့သော အရာကို 'အခွံ,အခေါက်' စသည် ဖြင့် ဝေါဟာရကွဲးသည်ဖြစ်၏။

"မြည့်မြည့်လည်းကျေ၊ သားရိုးရေ"
"ကြိမ်းစက်မျက်ရေ၊ ငိုရစ်စေဟု"
"ဝင်းဝင်းရွှေရွှေ၊ သားရေလျစ်လျူ-"

စသည်ဖြင့် အသားအရေ-ဟူသည်၌ စပ်အင်,

"ယခုဖော်ဖွေ၊ ဘုံစဉ်ရေမူ၊ သနှေ့စိတက်"
"အကြားအဖွေ၊ စွေ့စွေ့ရေမူ-"

စသည်ဖြင့် ထွက်ရေသည်-ဟူရာ၌ စပ်အင်တို့ကား ထင်စွ။

မရာမရေ-ဟူသည်၌ကား မရာ-ဟူသော စကားခွန်းသာ မသင့်မထျော် မထိုက် မတန်ဟူသော အနက်ထွက်၍, မရေ-ဟူသောစကား အရမထွက်၊ ပြေပြစ်ရုံမျှ ဟုဉ် ဖက်ကာသာဖြစ်၏။ မရသောကြောင့် မရေထွက်လောက် ဆိုအံ့သည်ကို 'မရာမရေ' ဆိုသည်ဟူ၍, အရကွဲးသည်း ဟူသင့်၏။ ။ကြက်သရေ-ဟူသည်ကား ဆိရီသဒ္ဒါဆို ထိုက်၍, 'သရေ'သာဟူသင့်ဏျက် ပြေပြစ်ရုံမျှ အ-အက္ခရာထောင်း၍, "အသရေ"ဟူ၍, ထည်းကောင်း, ကြက်၌ အစွဲးထင်ဘူးသည်ကိုထောက်၍, 'ကြက်သရေ'ဟူ၍, ၎င်း မြွာဘာသာ ထင်ပွားကာသာ ဖြစ်သည်ဟူသင့်၏။

ရေးရေး ထင်သည်-ဟူသော ဝိသဒ္ဒနိဆံ၌ကား မျက်စိဖြင့် ထင်ကောင်း သော အကြောင်းရေးရေးမျှကိုသာမယူသင့်။စိတ်၌ ရေးရေးထင်သည်စသည်ဖြင့်အကြောင်း အချင်း ထင်ကာမျှကိုပင် 'ရေးရေး' ဆိုသည်ဟူသင့်၏။ ။အရေးအသားဟူသည်၌ ကား မျက်စိဖြင့် ထင်ကောင်းသောကြောင့် ရေးရေးကို 'အရေး'ဆိုသည် ဖြစ်၏။

လူရေးလူရာ-ဟူသည်၌ကား ယခင် အကြောင်းအရေးယူသော အနက်ကိုယူ၍, လူဘို့၏ အကြောင်းအချင်း အရေးကို ထည်းကောင်း, အရာ အထိုက်ကို ထည်း ကောင်း သိမြင် ပွန်းတီးသည်ကိုစွဲး၍, 'လူရေးလူရာ သိမြင်ပွန်းတီးသည်ကို'ယူထည်း သင့်၏။ လူဘို့၏ အကြောင်းအချင်း အရေးဟူသော အနက်မျှကိုသာ အရယူ၍, လူရေးကိုသာ ယူသင့်ဏျက် လူရာပြေပြစ်ရုံဖက်ကာမျှ ဆိမိန့်သည်ထည်း ယူသင့်၏၊

လူတို့၌ အရာအထိုက်ဟူသော အနက်မျှသာရစေ၍ လူရေး-ဟူသော စကားခွန်း ကား ပြေပြစ်ရံဖက်ကာသာလည်း ယူသင့်၏။

အိပ်ရေးဝသည်-ဟူသည်၌ကား အိပ်ခြင်းဟူသော အကြောင်းအခွင့်သည် ဝထွင့် ပြီဆိုသော အရာဖြစ်၍ အကြောင်းအရေးဟူသော ဃဒင် အနက်လည်းကောင်း ဖြစ်သင့်၏။ တရေးရပြီ,နှစ်ရေးရပြီ-စသည်ဖြင့် ဆိုမိန့်သည်၌ကား အိပ်ခြင်းကရိယာ ကို နိုးခြင်းကရိယာဖြင့် ဝိုင်းခြားပြန်သောအရာမျှသာ ဟူသင့်၏။

ဟဆွဲးသောအရာ၌ ရွှေနောက်-ဟူသောအမြစ်သံအရ တစိတ်ထူး၏။ ။ရှေးဟူ သော ဝိသဇ္ဇနီသံကားအတိတ် ပြီးသောကာလကိုသာ ရသည်။ ရွှေနောက်ဟူသည်၌ ရွှေ-ဟူသောအမြစ်သံကား ပစ္စုပ္ပန် ကာလကိုသာ ရည်သည်၊ မျက်မှောက်လည်း ဖြစ်သင့်သည်၊ ဤသို့လည်း တစိတ်ကွဲ၏။ ရှေး-ဟူသော ဝိသဇ္ဇနီသံကား အတိတ် ပြီးသော ကြိယာအနက်မျှသာထင်၏။ ရွှေ-ဟူသောအမြစ်သံကား အရွှေအနောက် ဟူသောအရပ်ဝိသေသ၊ ရွှေအဘို့,နောက်အဘို့-ဟူသော ဖြဇ်ဝတ္ထု၏ အခန့်အဝိုင်း အခြား အနက်၌လည်း ထင်၏။ ဤသို့လည်း တစိတ်ကွဲ၏။ ထိုထိုသော အရာတို့၌ အရအနက် ထွက်သင့်သည်ကို ချင့်ထောက်၍ နှလုံးသွင်းရာ၏။

ဟဆွဲး, ဝဆွဲးယှဉ်ထျက် ရွှေ,ငွေ-ဟူသော မူလအသံကား ရတနာမျိုး၏အမည်မျှ သာတည်း။ ။ဤရွှေ၊ သည်ရွှေ၊ ထိုရွှေ-ဟူသောအမြစ်သံ ဝေါဟာရကား ဝိုင်းခြား ခြင်းအနက်မျှသာတည်း။ ထိုအနက်ကို ဤမျှရွှေ၊ သည်မျှရွှေ-စသည်ဖြင့် မျှဟူသော စကားခွန်းလောင်းသော်လည်း အရမထူး၊ ဝိုင်းခြားခြင်းအနက်ကို ထင်ပြန်သည်သာ ဖြစ်၏။

"ဤမျှချောမြွေ၊ ပြီးစုံစေ့၏၊ ဤရွှေနိဒါန်း"
"သင့်ယူကြီလေ့၊ ပညာမွေ့လော၊ ဤရွှေမှည့်မည်" ဝ

စသည်ဖြင့် စပ်အပ်ထင်၏။

ဤ၌ သတိနည်းဆူတို့ကား-ဟမဆွဲးပဲး ဤရွှေ၊ထိုရွှေ-စသည်ဖြင့် ပြုရွှေ၊ မူရွှေ-ဟူ သောအရာ ကြိယာအနက်ကဲ့သို့ ဆိုမိန့် ရေးသားကုန်သည်ကား ထိုသူတို့ဝန်သာ တည်း။

---

၁ ကိုး နိဂုံး * ၁။

"ဤမျှရွှေ-မွေ၊ ကြွေ့ လည်းဝဆွဲး၊ အံ့မြိုးငွေတူ၊ ဟူလင့်ကစား၊ နှစ်ပါး ယှဉ်ထ၊ ဟ-ရမလို"[၁]

ဆိုသောစကားဖြင့် ထင်ရှားသိသာ၏။ ။ဤမျှရွှေ-ဟူသည်,မွေ့-ဟူသည်တို့၌ 'ပေးထ မငြီးငွေသတည်း' ဟူသည်မှာ ငွေ-ဟူသည်နှင့်အတူ ကောရန္တ ဝဆွဲးတူ၏၊ ဟူလင့်က စား ဟဆွဲးဝဆွဲးနှစ်ပါး ယှဉ်ခဲ့လေသောကြောင့် မလို၊ "ရမ်းရမ်းကြွေ့ကြွေ့" ဟူသည် ၌ 'လွဲးသွေမကောက်ကွေ့သတည်း' ဟူသည်မှာ ကွေ့သည်-ဟူသည်နှင့်အတူ ကော ရန္တ ဝဆွဲးတူ၏၊ ဟူလင့်ကစား၊ ရရစ်ဝဆွဲးနှစ်ပါး ယှဉ်ခဲ့သောကြောင့် မလို။ ဤဆို-ဟအက္ခရာ ရအက္ခရာနှစ်ပါးတွင် တပါး ပါးမျှ ယှဉ်သည်ကိုမလို၊ 'ပြည်ထဲးပြည်လာ၊ ဝစိမ်ဒ္ဂဗျင်၊ ဝ-သာဃည်းဆွဲး'[၂] ဟူသောစကားဖြင့် ဝ-သာဆွဲးသည်ကိုထိုသည်၊ ဤဆို အဓိပ္ပါယ်ထွက်၏။ ။ဤ၌ 'နှစ်ပါးယှဉ်ထ၊ ဟ-ရမလို' ဟူသည်ထွင် ဟနှင့်, ရကိုရည်၏ဆိုထည်းရှိ၏။ သဘောအားဖြင့်ကား ဝ-သာဃည်းဆွဲးဟူသောကြောင့် ဟနှင့်ရကိုရည်၍ နှစ်ပါးမဆိုထို၊ ဝဆွဲးထွင် ဟဆွဲးယှဉ်ဖက်၍ ထည်းကောင်း, အရစ် ယှဉ်၍ ထည်းကောင်း မထိုအပ်၊ ဝ-သာဃည်းဆွဲးဟူ၍ ဧဝအနက် ထင်အောင်ယူ ထျင် ယုံမှားမရှိရာပြီ။ ဤစကားချပ်ကို အထျဉ်းကြိုက်၍ ဆိုထိုက်သည်။

ရေ-ကာရန္တပြီးပြီ။

ရဲး-ခဲ့၊ ရွဲး-ရွဲ့၊ ဒဲး-ဒဲ့၊ ရွဲး

၂၁၁-ရဗျည်း အဲးကာရန္တ၌ ဝေါဟာရကိုပြခြင်း

ရဲး-ကာရန္တ၌ကား သက်သက်လည်းကောင်း, ဝဆွဲးလည်းကောင်း, ဟဆွဲးလည်း ကောင်း,ဟဆွဲးဝဆွဲးလည်းကောင်း ထင်၏။ထိုထွင် သက်သက် ၌ ဝံ့ရဲးသည်၊ ဧကာင့်ရဲးသည်၊ ညီးညီးရဲးရဲး၊ ဖရိုဖရဲး၊ ငရဲးပြိတ္တာ၊ သစ်ပင်၏အမည် ဖရဲး၊ယင်ရဲး၊ အံ့သွယ်သရဲး၊ ကရဲးကသီ-စသည်ဖြင့် မူလအသံသာ များသောအား ဖြင့်ထင်၏။ ။အမြစ်သံကား "မချိုမတွဲ့၊ မွေးစရဲ့သို့၊ အိုကဲ့သားများ။ ။လုပ်ခြေ စောင်းပဲ့၊ ခိုင်းစရဲ့သို့၊ သုံးဆဲ့ခြောက်ယူဇနာ" ဤဆိုစသဖြင့် အမြစ်သံထင်သော်လည်း

---

၁ သံ * ၁၆၅။ "ဤမှရွှေ့မွေ့၊ကြွေ့ လည်းဝဆွဲး၊ မကွဲးငွေ့ဟူ၊ ဟူလင့် ကစား၊ နှစ်ပါးယှဉ်ထ၊ အရမလို"။ "ထိုမှလွေ့မွေ့၊ကွေ့လည်းဝဆွဲး-ဟု ရှိထိုသည်။ ယခုစာများတွင် ထိုမှရွှေငွေ့၊ ကြွေလည်း ဝဆွဲး-ဟု ရှိသည်" မုံရွေး မှတ်စု * ၁၀၂ (၄၀)။

၂ သံ * ၁၆၅။

မူလအသံကို စွဲးရင်းကဲ့သို့ရှိ၏။ ။ဝဆွဲးသောအရာကား ဖောက်ဖောက်ရွဲးရွဲး၊စိသည့် ရွဲး၊ ကျောက်မျက်ရွဲး-စသည်ဖြင့် မူလအသံ၊ ရုံသည်ရွဲ့သည်ဟူသော အမြစ်သံထင်၏။ ။ဟဆွဲးရာ၌ကား ရဲးခွာသည်-ဟူသောမူလအသံ၊ နှိုင်းခဲ့သည်-ဟူသောအမြစ်သံထင်၏။ ။ဟဆွဲးဝဆွဲးယှဉ်ရာ၌ကား ဖတ်ဖတ်ရွဲးရွဲး- ဟူသော ဆိုမိန့်ခြင်းမူလအသံမျှသာထင်၏။

ထိုတွင် သက်သက်၌ ဝံသည်ရဲးသည်-ဟူသော ဝေါဟာရကား ထိတ်လန့် ရွံကြောက်ခြင်းမရှိဟူသော အနက်တည်း။ ။ရောင့်ရဲးသည်-ဟူသော ဝေါဟာရကား ခံစားသော အာရုံ၌သာ နှလုံးချခြင်းအနက်တည်း။ ။ညီးညီးရဲးရဲး-ဟူသော ဝေါဟာရကား အရောင်အဝါ သန့်ရှင်းခြင်း အနက်တည်း။ ။ဖရိဖရဲး-ဟူသော ဝေါဟာရကား ကစဉ့်ကထျား နှံ့ပြားခြင်း အနက်တည်း။ အချို့ကား ဖရသဒ္ဒါ-နှံ့ခြင်း အနက်ကိုဟောသည်။ ထိုဖရသဒ္ဒါကိုစွဲး၍ "ဖရိဖရဲး" ဆိုကုန်သည်ဟူ၏။ သဒ္ဒါအနေ ပျက်လွှန်း၏သို့ ရှိ၏။

ဝရဲး-ဟူသည်ကား အမည်မျှသာဖြစ်သင့်၏။ ။ဖရဲး, ယင်ရဲး-ဟူသည်ကိုလည်း ကောင်း ယူသင့်၏။ ။အံ့ဖွယ်သရဲး-ဟူသည်၌ အံ့ဖွယ်-ဟူသော စကားသာ အရ ရှိ၏၊ သရဲး-ဟူသော စကားခွန်းအရမထွက်။ "ကြောက်ကြိမ်သရဲး၊လွန်စွာမြီးထျက်"-ဟူ၍ စပ်သောအရာ၌လည်း သရဲး-ဟူသောစကားအရမထွက်။

ကရဲးကသီ-ဟူသည်ကား ယခင် ဖရိဖရဲး-ဟူသည်နှင့် အရတူသည်တွင် တစိတ်ကွဲးသင့်၏။ ဤ၌ ဖရိဖရဲး-ဟူသည်ကို ဖရသဒ္ဒါ မယူမူ၍ မြမွာဘာသာသက်သက် အရ ထွက်အောင် ဆိုဦးအံ့ .... ဖြိုစေသည်ကို ဖြိုသည်။ ပြိုစေသည်ကို ပြိုးသည်ဟူ၍ ဖဦးထုပ်ကို ရစ်သောအရေးအသံ။ တထွေးတလုံးတည်း ဖြိုသည်-ပြိုးသည် ဆိုလိုထျက် "ဖရိဖရဲး"ဆိုလေသည်။ ထိုဖရိဖရဲးဟူသော စကားအရထည်း ဖြိုလေ-ပြိုးလေသောကြောင့် ကစဉ့်ကထျား နှံ့ပြားသည်ဟူသောအနက်ဝင်းဖြစ်၏။ ။ဤ၌ ကရဲးကသီ-ဟူသည်နှင့် အရတစိတ်ကွဲးဟန်ကား.... ဖရိဖရဲးဟူသည်၌ 'အကွဲးအပြားအများဖြစ်၍ ပြန့်နှံ့သည်'။ ဤ၌ ကရဲးကသီ-ဟူသည်ကား အများမဟုတ်၊ နှစ်ခုနှစ်ရပ် ကွဲးပြတ် ခြားနားကာမျှကိုသော်လည်း ကရဲးကသီ-ဟူသင့်သောကြောင့် တစိတ်ကွဲးသင့်၏။

မွေးစရဲ့သို့ဟူ၍ အမြစ်သံသည် မူလအသံကို စွဲးရင်းကဲ့သို့ ရှိဟန်ကား မွေးစားသည်၊ ပြောစားသည်၊ လောင်းစားသည်၊ချော့စားသည်၊ ဖျက်စား-ဆီးစား၊ ကစားခုန်စား၊ ပြုစား-မူစား စသည်ဖြင့် 'စားသည်' ဟူသော စကားခွန်း လောင်းစွက်၍

ဆိုမိန့်သည်၌ အရမပြား။ ပြောသည်ကိုပင် ပြောစားသည်၊ လောင်းသည် ကိုပင် လောင်းစားသည် စသည်ဖြင့် ဆိုသည်ဟူသင့်၏။ ထိုနှင့်ထျော်စွာ မွေးသည်ကိုပင် မွေးစားသည်ဟူ၍ အရမပြား ဆိုသည်ယူသင့်၏။ ထိုသို့မွေးစားသည်ကား အထွေအရာမသင့် ဖြစ်အံ့သည်ကို တစိုးတစိမ့်မထောက်၊ ကြောက်လန့်ခြင်းမရှိ ရဲရဲဝံ့ဝံ့စွာ ရွှင်လန်းသော နှလုံးတချောင်းတည်းဖြင့် မွေးမြူခေါက်ရက် မွေးမြူကျိုး ထင်မြင်၏ ဟူ၍ ဆိုလိုသောအရာဖြစ်၏။ ။ခိုင်းစရဲ့သို့ ဟူသည်၌လည်းနည်းတူ၊ ခိုင်းပယ်ခြင်း၌ အထွေအရာ မထွေး အမှုကုန်သည်သာ ရဲရဲဝံ့ဝံ့စွာသောနှလုံးတချောင်းတည်း ခိုင်းပယ်သည်၊ ခိုင်းပယ်ခြင်း၌ ရဲခေါက်ရက် အမှုကုန်ထွင်၏ ဟူ၍ ဆိုလိုသောအရာဖြစ်၏။

ဤ၌ မွေးစရဲ့သို့-ဟူ၍ 'သို့' ဟူသောစကားခွန်းကို ဆိုရာ၌ 'သို့' ဟူသော စကားအရသည် မြို့သို့ ရွာသို့ ဆိုသောအရာ၌ကဲ့သို့ ကံအနက်၊ ကဲ့သို့, ဤသို့-ဟူသော ဥပမာအနက်ကို ကဲ့-ဟူသော ပုဒ်မပါမူ၍ ငါသို့သူ၊ ထိုသို့သူ၊ ရှင်သို့သူ၊ နတ်သို့လူသား-စသည်ဖြင့် ငါကဲ့သို့၊ ရှင်ကဲ့သို့၊ ထိုသူကဲ့သို့၊ နတ်ကဲ့သို့-ဟူ၍ကား မဆို၊ သို့-ဟူ၍သာ ဆိုမိန့်ခြင်း ဥပမာအနက်ဟူ၍ ခွဲးသင့်၏။ ။ထိုတွင် မွေးစရဲ့သို့ ဟူသည်၌ သို့-ဟူသော စကားခွန်းသည် ဥပမာအနက် ဖြစ်သင့်၏။ ဖြစ်သင့်ဟန်ကား.....မွေးစားခိုင်းပယ်ခြင်း၌ မသင့်ဖြစ်အံ့သည်ကိုမျှ မထောက်မထွေး မထေးမခံ ရဲရဲဝံ့ခေါက်ရက် အကျိုးထင်မြင်ဘူးသူကဲ့သို့ ငါ၌လည်း ရဲခေါက်ရက်ဖြစ်၏ဟူ၍ ဥပမာ အနက်ပေါ်အောင် ယူရာ၏။ ဤ၌ ခိုင်းမျဉ်းပျောင်းညွှတ်၍ ယူ၏သို့ ရှိ၏။ သသောအားဖြင့်ကား ရွာ-ဟူသော စကားအရ၌ ဆိုအပ်သကဲ့သို့၊ ရဲ-ဟူသော အဖြစ်သည် မာဂဓလည်းမဟုတ်၊ ရှမ်းယွန်းစသော လူမျိုးတို့ဘာသာလည်းမဟုတ်ရာ၊ မြန်မာမှသာ ဖြစ်ရာ၏။ သည်မြန်မာမှ၌သည်း သင့်ရာစွဲဒ်ရာ အနက်ရသင့်သည်ကို ထောက်၍ စိတ်ဖျာလိုက်သည်။ သဘောယုတ္တိကို ဆင်ခြင်ရာ၏။

ဝဆွဲးသောအရာ၌ ဖောက်ဖောက်ရွဲးရွဲး-ဟူသော ဝေါဟာရကား အလုံးအဖန် ဖွဲ့သန်ပြည့်ဝသည်၊ မညစ်မနွမ်း သန့်ရှင်းသော အမှုအရာရှိသည်ကို ရွဲးရွဲး-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ။စိသည့် ရွဲး ဟူသည်၌ တန်ဆာအထူး၏ အမည်မျှသာ ဖြစ်သင့်၏။ ထို ရွဲး-ဟူသော တန်ဆာကား ပုလဲ,သန္တာ,နီလာ,ဥဿဘယား, ပြယား,ဝေဠိတ်-စသော ကျောက်မျိုး၏ အမည်ဝိသေသလည်း မထင်။ ထည်ရွဲးတန်ဆာ ရွဲးပုတီး စသည်ဖြင့် အမည်မျှသာ ဆိုမိန့်ခြင်းထင်၏။

"မခေါမကြေး၊ စိလုံးရွဲးသို့၊ မတွဲးမထော်"
"မိစ္ဆာစိုးကဲး၊ ယွင်းသွတ်လွဲးမူ။ မျက်ရွဲးလည်ဝယ်-"

စသည်ဖြင့် အစဝ်အဟာဝ်ထည်း ထင်စွ။ ။ကျောက်မျက်ရွဲး-ဟူသည်ကား ကျောက်မျိုးအမည် ဝိသေသတည်း။ ဤ၌ ဖောက်ဖောက်ရွဲးရွဲး-ဟူသည်၌ 'ရွဲးရွဲး' ဟူသော ဟဆွဲးအသံနှင့် ထွေးယှက်တတ်၏။ 'ရွဲး' ဟူသည်ကား ဆိုအဂ်ခဲ့ပြီးသည် အတိုင်း ရွဲးတန်ဆာကဲ့သို့ အထုံးအဖန် ဖွဲ့သန်ပြည့်ဝသည်၊ သန့်ရှင်း ညီညွတ်သည် ဟူသော အနက်။ "ရွဲး"ဟူ၍ ဟဆွဲးအသံကား စိုဖတ်ရွမ်းစက်သည် ဟူသော အနက်။ဤဆို ကွဲးအောင်ယူသင့်၏။

ရုံသည် ရွဲ့သည်-ဟူသော အမြစ်ဆံ၌ထည်း ယိုင်သည်ယွဲ့သည်-ဟူသော စကား ခွန်းနှင့် ထွေးယှက်တတ်၏။ ရွဲ့သည်ဟူသော ဆိုမိန့်ခြင်းကား ဆိုးသွမ်းပျက်ချော် သည်ဟူသောအနက်၊ ယိုင်သည်ယွဲ့သည်ဟူသော အရာသည်ကား ယိမ်းယိုင်ခြင်း အနက်၊ ဤဆိုခွဲးသင့်၏။ အိုးယွဲ့၊ စလောင်းယွဲ့၊ နွားချိုယွဲ့၊ ကယွဲ့ကတည် ပြုကျင့် သည်ဟူသော ဝေါဟာရတို့ကား ယိမ်းယိုင်ခြင်း အနက်ချည်းဖြစ်၍ ယ-အက္ခရာ ဆိုလိုရင်းမူလဖြစ်၏။ ထိုမူလအက္ခရာကို သတိမရသူတို့အား သတိရှိစေခြင်းငှာ ဆိုလိုက်သည်။ မူလအက္ခရာကို သတိရှိထွက်ပင် အတွင်သို့လိုက်၍ ရေးဖတ်ကုန်သည် ထည်းရှိ၏။

ဟ-ဆွဲးသောအရာ၌ထည်း ရဲးသည်-ဟူသော ဝေါဟာရကား ရှောင်ခွာခြင်း အနက်တည်း။ နှိုင်းရဲ့သည်- ဟူသည်ကား အမြစ်ဆံ၌ နှိုင်းရှည့်သည် ဟူသော ညသတ်အသံနှင့် ထွေးယှက်တတ်၏။ နှိုင်းရဲ့ဟူသော နောက်ပစ်အသံကား ဥပမာ အနက်။ နှိုင်းရှည့်ဟူသော ညသတ်အသံကား ပမာဏအနက်ဟူ၍ ခွဲးသင့်၏။ထိုနှင့် လျော်စွာ ပျိုကျာတို့၌ထည်း-

"ပေါ်သစ်လဲ့လဲ့၊ အာနိကဲ့သို့၊ နှိုင်းရဲ့မမြော်"
"ထိုကြောင့်နှိုင်းရဲ့၊ ပမာငဲ့မူ၊ သုံးဆဲ့သုံးဖန်"

ဤသို့ စသည်ဖြင့် နောက်ပစ်ရာ၌ ဥပမာအနက်ထင်၏။

"နှစ်ပါးနှိုင်းရှည့်၊ နှုန်းထောလှည့်၌ထည်း၊ ပြိုပြည့်၌ထွဲ့"
"ထောက်ထားနှိုင်းရှည့်၊ မင်းရိပ်ကြည့်၍၊ မင်း၏စိတ်ညာဉ်"

ဤသို့စသည်ဖြင့် ညသတ်ရာ၌ ပမာဏအနက်ထင်၏။

ဟဆွဲး,ဝဆွဲးယှဉ်သော အရာ၌ကား ယခင်ဆိုအဂ်ပြီးသော စိုဖတ်ရွမ်းစက်သည် ကို 'ရွဲးသည်'ဆိုသောအရာသာ ထင်၏။ ဤ၌ ရွဲးရွဲး,ရွမ်းရွမ်း-ဟူသော ဝေါဟာရ တို့သည် စိုစွတ်သည်ဟူသော အနက်ချည်းတည်း။ စဝ်အင်ကား မြင်သာလေအံ့ သည်။

ရဲး-ကာရန်ပြီးပြီ

ရော

၂၁၂-ရဗျည်း ဩကာရန္တဒ္ဒ ဝေါဟာရကိုပြခြင်း

ရော-ကာရန္တဒ္ဒကား....ထွေးရောသည်-ဟူသော သက်သက် မူလအသံမျှသာထင်၏။ သိသာပြီ။ ။ရော-ကာရန္တပြီးပြီ။

ရော်-ရော်

၂၁၃-ရဗျည်း ဩော်ကာရန္တဒ္ဒ ဝေါဟာရကိုပြခြင်း

ရော်-ကာရန္တဒ္ဒကား သက်သက်လည်းကောင်း, ဟဆွဲးလည်းကောင်း ထင်၏။ ထွေးရော်သည်၊ ရည်ရော်သည်၊ တရော်၊ ရင့်ရော်သည်၊ စင်ရော်၊ သရော်-ဟူသော ဝေါဟာရတို့ကား ရသက်သက်တည်း။ ။ရော်တော-ဟူသော ဝေါဟာရကား ဟဆွဲးတည်း။

ထိုတွင် ထွေးရော်သည်၊ ရည်ရော်သည်-ဟူသောအရာ၌ ရော်၏-ဟူသည်ကား ခန့်တွက်ခြင်းအနက်တည်း။ ။တရော်-ဟူသောဝေါဟာရကား အမည်မျှသာလည်း ဟူသင့်၏။ သဘောအနက်ထွက်အောင် ကြီ၍ ဆိုမူကား ဘေးဒဏ်ပျောက်ကြောင်း ရော်၍-ပြုသောအသုံးအဆောင်ဖြစ်၍ 'တန်ရော်'ဟု နာသတ်အဓိပ္ပါယ်သော်လည်း ဖော်ရာ၏။ ဘေးဒဏ်ပျောက်ကြောင်း ဆေးထျော်သော အသုံးအဆောင် ဖြစ်၍ 'တန်ထျော်'ဟူသော လအက္ခရာ ယပင့်ဟဆွဲးအဓိပ္ပါယ်ကိုလည်း ဖော်ရာ၏။ ညွှန်ထိုက်ဆိုသော်လည်း ဆင်ခြင်။

ရင့်ရော်သည်-ဟူသော ဝေါဟာရကား အောက်၌ * ဆိုအပ်ပြီးသည်နှင့် အညီကြွေးကြော်ခြင်း အနက်တည်း။ ။တျက်ရော်သည်, ကျေးဇူးရော်သည်-ဟူသော ဝေါဟာရသည်လည်း ရင့်ရော်သည်- ဟူသော-အနက်လည်းကောင်းတည်း။ ။ စင်ရော်-ဟူသော ဝေါဟာရကား အမည်မျှသာဟူသင့်၏။ ။ယခင် ရင့်ရော်သည်-ဟူသော အရကိုစွဲး၍ 'ရင့်ရော်ကြွေးကြော်တတ်သည်'ဟူသောအနက်ကိုလည်း ယူသင့်၏။ ။အချို့ ဇင်ယော်-ဟူ၍ ပျော့ညံ့သောရေးဖတ်ခြင်းကိုပြုကုန်၏။ ။သရော်-ဟူ

---

* ခေါင်းစဉ် (၂၀၉) ရှု-အခန်း။

သည်ကား ညစ်ညမ်းသည်ဟူသော အနက်တည်း။ထိုဝေါဟာရကား ရှေးသူဟောင်းတို့ စကားဟူ၏။ "လူပျက်လူချော်၊လူသရော်နှင့်၊ ပေါင်းဖော်တုံ့ထျက်" စသည်ဖြင့် စပ်ဟပ်သောအရာ ထင်၏။

ဟဆွဲးသောအရာ၌ ရှော်တေ-ဟူသည်ကား သစ်ခေါက်သစ်ခွံကို တေထုအပ်သော အထည်တည်း။ ဤနှင့်ထျော်စွာ ရှော်ဖြူ၊ ဝိုက်ဆန်ရှော်၊ ချဉ်ပေါင်ရှော်၊ထန်းရှော်-စသည်ဖြင့် မကွဲးမပြား ရေးဖတ်သင့်ထျက် ထန်းထျော်-ဟူ၍. လအက္ခရာ ရေးဖတ်ကုန်သည်ကား ကွဲးပြားကောင်းအံ့မထင်။

ရော်-ကာရန္တပြီးပြီ။

လ-လျ-လွ-လှ-လွှ

၂၁၄-လဗျည်း အကာရန္တ၌ ဝေါဟာရကို ပြခြင်း

လ-ကာရန္တ၌ကား သက်သက်လည်းကောင်း, ယပင့်လည်းကောင်း, ဝဆွဲးလည်းကောင်း, ဟဆွဲးလည်းကောင်း, ဝဆွဲးဟဆွဲး ယှဉ်ထျက်လည်းကောင်း ထင်၏။ တလထပြုသည်၊ စန္ဒသဒ္ဒါ၏အနက်-ထ၊ မာသသဒ္ဒါ၏အနက်-ထ၊ ထိတ်ထသည်၊ ညှိုးထသည်၊ ယုတ်မာတလွှသည်-စသော ဝေါဟာရတို့ကား လ-သက်သက်ဆိုမိန့်ခြင်းတည်း။ ။ငယ်ထျသည်၊နွမ်းထျသည်-ဟူသော ဆိုမိန့်ခြင်းကား ယပင့်ဝေါဟာရတည်း။ ။ဖြူလွှလွှ၊ တလွှလွှ-ဟူသော ဝေါဟာရကား ဝဆွဲးဆိုမိန့်ခြင်းတည်း။ အဆင်းလှသည်၊ တတ်လှ၊ လိမ္မာလှသည်-ဟူသော ဆိုမိန့်ခြင်းကား ဟဆွဲ ဝေါဟာရတည်း။ လွှ-ဟူသော ဝေါဟာရအမည်ကား ဝဆွဲးဟဆွဲး ဆိုမိန့်ခြင်းတည်း။

ထိုတွင် တလထပြုသည်-ဟူသော ဝေါဟာရကား မိမိကိုယ်ကို တကျင်းကျင်း တပပပြုသည်ဟူသောအနက်တည်း။ ။စန္ဒသဒ္ဒါ၏အနက် လ-ဟူသည်ကား အမည်မျှထည်း ဟူသင့်၏။ တလထင်မြင်သောအခြင်းအရာကိုစွဲး၍. လ-ဟူသောအမည်ဖြစ်၏ဟူ၍. သော်လည်း ဆိုသင့်၏။ ။မာသသဒ္ဒါ၏အနက် လ-ဟူသည်ကို ယခင်နည်းတူ အမည်မျှလည်း ယူသင့်၏။ လဒိမာန်၏ ပြည့်ခြင်း ကွယ်ခြင်းကိုစွဲး၍. ဝိုင်းခြားအပ်သော ရက်အစုဖြစ်၍. လ-ဟူသော ခေါ်ဝေါ်ခြင်းဖြစ်သည်လည်း ဟူသင့်၏။

ထိတ်ထသည်-ဟူသော ဝေါဟာရ၌ကား 'ထိတ်လန့်သည်'ဟူသော နှ-သတ် အသံ၌ဖြစ်သို့ရှိ၏။ ညှိုးထသည်-ဟူသော အရာ၌ထည်း နည်းတူဖြစ်သင့်၏။ ထိုတွင် ထိတ်လန့်၏-ဟူသည်ကား ထိတ်သည်-လန့်သည်အနက်မထူး၊ ကြောက်ခြင်းသဘော ချည်းရသင့်၏။ ညှိုးထ-ဟူသည်၌ကား လန့်သည်ဟူသော အနက်ယူ၍ လန့်သည်ကား အကြောင်း၊ ညှိုးသည်ကား အကျိုးဟူ၍ အကြောင်းအကျိုး ယူသင့်သည်သာ ထူးကောင်း၏။ ။ယုတ်မာ တလွဿည်-ဟူသော ဝေါဟာရကား တန်းခိုးကြက်သရေ နွမ်းနယ်ခြင်းကိုရည်၍ ရှေ့ဆူဟောင်းတို့ ဆိုမိန့်သောအရာမျှသာဖြစ်၏။

ယော်ဣသည်,နွမ်းဣသည်-ဟူသော ဝေါဟာရကား အားနည်းခြင်း ဆိမ်ငယ်ခြင်းအနက်မျှသာတည်း။ ။ဖြူဖြူလွလွ၊ တလွလွ-ဟူသော ဝေါဟာရကား ဂုဏ်အထူးထင်သော အခြင်းအရာမျှကို ဆိုသောစကားခွန်းသာယူသင့်၏။

အဆင်းလွသည်၊ တတ်လွ၊ လိမ္မာလွသည်-ဟူသော ဝေါဟာရတို့ကား တစိတ်မျှကွဲးသင့်၏။ အဆင်းလွသည်-ဟူသော ဝေါဟာရ၌ လွ၏-ဟူသည်ကား မျက်စိအာရုံတော်သင့်ကောင်းမွန်ခြင်း အနက်မျှသာတည်း။ တတ်လွ-လိမ္မာလွသည်-ဟူသော ဝေါဟာရတို့ကား အတတ်လိမ္မာလွန်၏ဟူ၍ လွန်သောအရာ၌သာ ဆိုခြင်းအနက်ထင်သောကြောင့် တစိတ်မျှကွဲးကောင်း၏။ ။လွ-ဟူသောအမည်ကား ခေါ်ဝေါ်ကာမျှသာတည်း။

လ-ကာရန္တ ပြီး၍။

လာ-လျှာ-လွာ

၂၁၅-လဗျည်း အာကာရန္တ၌ ဝေါဟာရကို ပြခြင်း

လာ-ကာရန္တ၌ကား သက် သက် လည်း ကောင်း, ယပဉ်ဟဆွဲး လည်းကောင်း, ဟဆွဲးဝဆွဲး လည်းကောင်း ထင်၏။ လာရောက်သည်-ဟူသော ဝေါဟာရကား လသက်သက်တည်း။ ။အလောင်းအလျှာ၊ နှုတ်လျှာ-ဟူသော ဝေါဟာရကား ယပဉ်ဟဆွဲးတည်း။ ။ခေါင်းဖြင့်လွှာသည်၊ ပါးပါးလွှာလွှာ-ဟူသော ဝေါဟာရကား ဟဆွဲးဝဆွဲးတည်း။

ထိုတွင် လာ၏ဟူသည်ကား မိမိသို့ ရှေးရှုရောက်ခြင်းအနက်တည်း။ ရောက်ခြင်းဟူသည်ကား မိမိသို့ လည်းကောင်း, သူတပါးသို့ လည်းကောင်း, ရှေးရှု လည်း

ကောင်း, နောက်ပေးလျက် လည်းကောင်း ရောက်ကာမျှ အနက်တည်း။ ဤသို့ ကွဲးကောင်းအံ့သို့ရှိ၏။ ။မျက်စိ၌ သဏာရှိသည်-ဆိုသော အရာကား မာဂဓ ဘာသာအားဖြင့် 'သူလာ' ဟူ၍ ဆိုသောအရာ ဖြစ်သင့်၏။ သူလာ-သဒ္ဒါကား တံကျင်ကိုဟော၏။ တံကျင်သဖွယ် မျက်နက် အဝန်းလယ်တွင် ကန့်လန့် ထင်သော အရာကိုစွဲ၍ ဆိုသကဲ့သို့ရှိ၏။ ။ပုဆိုးအနားမဲ့ကို 'ပထာ' ဟူ၍ ဆိုမိန့်ခြင်းကား ကုလားတို့မှရသော အမည်ဖြစ်သင့်၏။ ထိုကို အစွဲးမူ၍ အဝတ်တန်ဆာ များစွာ မဆင်ဘော်သင့်ရုံမျှကို ပထာဟူ၍ ဆိုမိန့်ခြင်းစသောဝေါဟာရကား များစွာရှိ၏။

အလောင်းအလျာ-ဟူသော ဝေါဟာရကား မပြီး မပြေသေး, ပြုပြုပြင်ပြင် ဖြစ်ထွန်းဆဲးမျှကို ဆိုသောစကားခွန်းတည်း။ ။နွှတ်လျာ-ဟူသော ဝေါဟာရကား ထင်မြင်ကောင်းသော ဖြစ်ဖက်ရပ်နှင့်တကွ ဇီဝ္ဂါပသာဒ၏အမည်မျှသာတည်း။

ခားဖြင့် လွှာသည်-ဟူသော ဝေါဟာရကား ပါးပါးဖျာလိုရှိ၍ လိုးဖြတ်သော အမူအရာကို ဆိုသောစကားခွန်းတည်း။ ။ပါးပါးလွှာလွှာဟူသည်၌ လွှာသည်ကား အကြောင်း၊ ပါးသည်ကား အကျိုးဟူ၍ ခွဲးသင့်ထေ၏။

"ပါးပါးလွှာလွှာ၊ ကြိုထူးစွာ၍"
"တွင်းခေါင်းလွှာလွှာ၊ အကာပြု့ပြု့"
"အရေလွှာလွှာ၊ သုံးထွာရှည့်ရှည့်"

ဤသို့စသော ဆိုမိန့်ခြင်းတို့၌ 'လွှာလွှာ'ဟူ၍ ဟဆွဲးမျှသာ စာအချို့ရှိကုန်သည်ကား 'လွှာ'၏အရ အနက်မထင်။

လာ-ကာရန္တပြီးပြီ။

လိ–လီ၊ လို–လိုး

၂၁၆–ဃဗျည်း ဤကာရန္တ၌ ဝေါဟာရကို ပြခြင်း

လိ-လို့ကာရန္တတို့တွင် လိကာရန္တ၌ ဝေါဟာရမထင်။ ။လို့ ကာရန္တ၌ကား····· သက်သက်၌"ရောင်ဝန်တက္ကို၊ နှစ်ပါးလိသော်၊ မမိဂဏ္ဍ"ဟူ၍ ချင်းသည်, လိသည်-ဟူသော ဝေါဟာရထင်၏။ ထိုနှင့်လျော်စွာ တလို, နှစ်လို-စသည်ဖြင့် ဆိုမိန့်သည်ကား များ၏။ ။ဟဆွဲးသောအရာ၌ ကြိုလိုသည်-ဟူသော မူလအသံ။ ဖြတ်လိုးသည်-ဟူသော ဝိသဇ္ဇနီအသံထင်၏။ ။လို-ကာရန္တပြီးပြီ။

လု-လှူ

၂၁၇-လမျည်း ဥကာရန္တဒ္ဒ ဝေါဟာရကိုပြခြင်း

လု-ကာရန္တဒ္ဒကား လုယက်သည်၊ ရောက်လုလု၊ ရလုလု-ဟူသော လသက်သက် ဆိုမိန့်ခြင်း။ ။"သဒ္ဓါလှူလှူ၊ တောထွက်မှုကို။ ။ရချင်လှူလှူ၊ တောင်းသည့် ဆုဖြင့်"....ဤသို့စသော ဆိုမိန့်ခြင်းတို့၌ ဟဆွဲးထင်၏။ ။ထိုထွင် လုယက်သည်-ဟူရာ၌ လုသည်--ဟူသော စကားခွန်းကား အနိုင်အထက် သိမ်းယူခြင်း အနက်တည်း။ ။ရောက်လုလု,ရလုလု-စသည်ဖြင့်ဆိုမိန့်ရာ၌ကား ရောက်အံ့ ရအံ့သည် ကိုနိုးငြိဟူ၍ ဆိုသောစကားခွန်းတည်း။ ။သဒ္ဓါလှူလှူ၊ ရချင်လှူလှူ-ဟူ၍ ဟဆွဲး ဆိုမိန့်သောအရာ၌ကား အားကြိုးစွာ ခင်မင်စွာဖြစ်သောအခြင်းအရာအနက်တည်း။ ။"ခါလည်လှူလှူ၊ ရတုသစ်သစ်"ဟူ၍ ဆိုမိန့်သော အရာ၌ကား ခါလည်ငြိုး၍ နိုးစပ်ကာဆိုထိုသောအရာဖြစ်၏။ ။"သားရှင် ယခု၊ရောက်လုလုဟု၊ရွှေထင့်ကာကာ"စသည်ဖြင့် စပ်ဆိုသော အရာ၌ကား ရောက်လတ္တံ့ အနိုးခါလည်။ လှူလှူ-ဟူ၍ ဟဆွဲး ဆိုမိန့်သော အရာကား ခါလည်ငြိုး အနိုး ဤသို့ကဲ့းထေသည်။ ။ခါလည် လှူလှူ-ဟူသောအရာကဲ့သို့ ဖြစ်ငြိုးအနိုးကို 'လှူလှူ' ဆိုမိန့်သော အရာကား တွေ့ခဲ့၏။ ဤ၌ ခါလည် လုလုကို ရောက်လှူဟူသကဲ့သို့ ရောက်လတ္တံ့အနိုးယူချေသော်-

"လ ကဆုန်သည်၊ ပဇ္ဇုန်ရိုက်မြည် ချုန်းချုန်းတည်း"
"စကားကြွေမည့်၊ သော်တာပြည့်ဝယ်၊ နတ်၏ရထား၊ တင်ထာဝြားသည်"

စသည်ဖြင့် ကဆုန်လကို ဆိုသောအရာဖြစ်၏။ က ဆုန်လဟူသည်ထည်း ဝေါဟာရမျှသာ။ ရံခါနှစ်ကြွင်း ဂေါဇာရောက်သောအားဖြင့်ကား ခါလည်ငြိုးသာ ကေန္တ၊ ဝေါဟာရမျှသည်ထည်း ခါလည်ငြိုးသာ ယောဘုယျ၊ ဤသို့ထျင် ကဆုန်ဟူက ခါလည်ငြိုးသာ ယူသင့်သောကြောင့် ရောက်လတ္တံ့ဟူ၍ မယူသာဖြစ်၏။ "သဒ္ဓါလှူလှူ, ရချင်လှူလှူ" ဟူသကဲ့သို့ အားကြိုးခြင်းအနက်, ခင်မင်စွာ ဖြစ်ခြင်းအနက်,ဟူ၍ လည်း သဘောမသင့်သည်သာ ဖြစ်၏။ ဆင်ခြင်။

လု-ကာရန္တ ပြီး၍။

လူ-လူး-လှူ

၂၁၈-သဗ္ဗညူး ဦကာရန္တဋ္ဌ ဝေါဟာရကို ပြခြင်း

လူ-ကာရန္တဋ္ဌကား လ သက်သက် လည်းကောင်း၊ ဟဆွဲးငင်း ထင်၏။ ထိုတွင် လသက်သက်၌ ထန်းလူသည်-ဟူသော်ဆိုမိန့်ခြင်း၊လူသတ္တဝါ-ဟူသော ဆိုမိန့်ခြင်း၊ပရွက်ပလူ-ဟူသော တိရိစ္ဆာန်အမည်၊သလူ-ဟူသောသစ်ပင်ငယ်၏အမည်၊ သာလူ-ဟူသော အုတ်မျိုး-ထည်မျိုး၏အမည်။ဤမှတပါးမထင်ရှားသော ဆိုမိန့်ခြင်းတို့၌ကား ခေါ်ဝေါ်ကာမျှသာ၊များလေအံ့ဖြစ်၍ မထုတ်ပြ။ ။လူးလည်းသည်၊ လူးဆတ်ဟူသော စပါးမျိုးအမည်၊ နတ်ဘီလူးဟူသော ဝေါဟာရ၊ ရွှယ်လူးဟူသော ဝေါဟာရတို့ကား ဝိသဇ္ဇနီသံတည်း။ ။ဟဆွဲးရာ၌ကား ပေးလူသည်-ဟူသော မူလအသံမျှသာထင်၏။

ထိုတွင် ထန်းလူသည်-ဟူသော ဝေါဟာရ၌ ထန်းသည်-ဟူသောစကားသာအရှိ၍ လူသည်-ဟူသောစကားအရမရှိ။ ဖက်ကာမျှလည်း ဟူသင့်၏။ လူးသည်-ဟူသော စကားအရ ကြွကြွထောင်ထောင် ဟူသောအနက်ကိုလည်း ယူသင့်၏။

လူသတ္တဝါ ဟူသည်၌ကား ထုစ-သဒ္ဒါ၏အစိတ် စ-ကျေ၍ ထုအစိတ်-ဥကို ဒီဃအသံဖြင့် ဆိုမိန့်သည်လည်း ဟူကုန်၏။ ထိုဆိုယူလျှင် မာဂဓကို စွဲးဗြိသောအရာဖြစ်၏။ ထန်းလူစွာ ဖြတ်တတ်သောကြောင့် 'လူမည်၏' ဆိုသော်လည်း သင့်၏။ ။ ထို လူ-ဟူသော ဝေါဟာရသည် ဘုံနှင့်တကွ သတ္တဝါအလုံးစုံကိုပင် 'လူ'ဟူသော ဝေါဟာရလည်း ထင်၏။ ဩကာသလောကဟူသည်တွင် ဘုံလည်း လောကမည်ဟန်, လောကသဒ္ဒါကား လူစ-ဓာတ်ဖြင့် ထိုလူစသဒ္ဒါကိုစွဲး၍ လူ-ဟူသော ဝေါဟာရဖြစ်ဟန်ကို လည်းကောင်း, ထိုလောကသည် ဇာတိဟူသော ထန်းလူစွာအည္ဆန့်ရှိ၍ ဖြစ်ပြန်တုံတုံ ဖြစ်တတ်ဟန်ကို လည်းကောင်း နှလုံးသွင်းထင့်။ ။ဘုံကိုလွှတ်၍ ဘုံနေသတ္တဝါကိုရည်၍ လူ-ဟူသော ဝေါဟာရလည်းထင်၏။

"လူသုံးပါးကို၊ မသွားခေါက်ရက်၊ ကြည့်ငဲ့ကွက်၍"
"သုံးပါးလူကို၊ ဆယ်ယူကယ်ရထိုက်တည်း-"

စသည်ဖြင့် ဆိုမိန့်သောအရာတို့၌ ဗဟိဒ္ဓဖြစ်သော တော, တောင်, ရေ, မြေ-ဟူသော လူဘို့နေရပ်ဘုံကို ကြည့်ငဲ့၍ မသွားခေါက်ရက်ဟူ၍, လည်းကောင်း, ထိုတောတောင် ရေ, မြေတို့ကို ဆယ်ယူကယ်တင်ထိုက်၏ဟူ၍ ၎င်း သဘောမသင့်သောကြောင့် ဘုံနေသတ္တဝါမျှကိုရည်၍ သာ 'လူ'ဟူသော ဝေါဟာရဖြစ်၏။ ။ဘုံနေသတ္တဝါတို့တွင်လည်း မနုဿဘုံနေ သတ္တဝါမျှကိုသာရည်၍, လူ-ဟူသောဝေါဟာရလည်းထင်၏။

"လူကိုထားဘိ၊ သိကြားသော်မြို့၊ ဦးဖြင့်တို့၏"
"ဤလူတို့အား၊နတ်သိကြားလျှင်၊ ဟန့်တားပါထင့်"

ဤသို့စသော အဆိုအဓိန့်တို့၌ မနုဿဘုံနေမျှကိုရည်၍ 'လူ' ဆိုသောအရာ ဖြစ်၏။ မနုဿဘုံတွင်ထည်း ဆရာဝါသ၌ ကျင်လည်သော သူကိုသာရည်၍.....လူဟူသော ဆိုဓိန္ဒခြင်းထည်း ထင်၏။

"နားတံချူဖြင့်၊ ရှင်လူဆွတ်စေပြီးသတည်း"
"ဟိုက်မျက်ရှင်လူ၊ နာသောသူတို့၊ ယူကာသောက်က"

ဤသို့စသော အဆိုအဓိန့်တို့၌ ရှင်လူဟူသော စကားခွန်းဖက်လျက် ဆိုသောကြောင့် ရဟန်းလွတ်၍ ဂိဟိဘာဝဖြစ်သော ဆရာဝါသ၌ ကျင်လည်သောသူကို ရည်၍ 'လူ'ဟူသော ဝေါဟာရဖြစ်၏။ ဤသို့လျှင် လူ-ဟူသော စကားခွန်း၏အရာနည်းများ အကျဉ်းအကျယ်ကိုထည်း ခွဲသင့်၏။

ယင်းမှတပါး လူသုံးပါးဟူလျှင် နတ်လူဗြဟ္မာ ယူသင့်သောအရာ၊ ကိုယ့်ထက်, ကိုယ့်တူ, ကိုယ့်အောက်၌ဟူ၍, ယူသင့်သောအရာ၊ ချစ်ဆူ,မုန်းဆူ, လျစ်လျူဟူ၍, ယူသင့်သော အရာတို့ကိုထည်း အရာသို့လိုက်၍ ခွဲသင့်၏။ "သုံးပါးလူကို၊ ဆယ်ယူကယ်ရလို၏တည်း"စသော ဆိုဓိန္ဒခြင်း၌ လူနတ်ဗြဟ္မာ-ဟူသည်ကိုယူ။"လူသုံးပါးနှင့်၊ မပြားရောပြွမ်း" ဟူသည်၌ကား ကိုယ့်ထက်,ကိုယ့်တူ,ကိုယ့်အောက်-ဟူသည်ကိုယူ။ "မုန်းချစ်လျစ်လျူ၊ သုံးပါးလူကို" ဟူသည်၌ကား ထက်ဂရိုတိုင်း မုန်းဆူ, ချစ်ဆူ, လျစ်လျူမျှသောသူ-ဟူသည်ကိုယူ။ ဤသို့ အရာအလိုက် နှလုံးသွင်းရာ၏။ မခဲးလွန်းသော်သည်း အလျဉ်းသင့်ကြိုက်သည်။ သတိမဲ့တို့ သတိရှိစေလို၍, ရေးထိုက်သည်။

ပရွက်ပလူ၊ သလူ-ဟူသော အမည်တို့ကား ခေါ်ဝေါ်ကာမျှသာ ဖြစ်သင့်၏။ ထိုတွင် သာလူ-ဟူသည်ကား ကျည်းတို့မှဖြစ်သော အဝတ်အထည်သာ ထင်သောကြောင့် ကုသားတို့၏ ဝေါဟာရမူလဖြစ်သင့်၏။

လူးလည်းသည်-ဟူသော ဝိသဇ္ဇနီဆံ၌ လူးသည်-ဟူသော ဆိုဓိန္ဒခြင်းကား ထိမ်းကျံသည်ဟူသော အနက်တည်း။ လည်းသည်-ဟူသော ဆိုဓိန္ဒခြင်းကား မထောက်မကြွေမြေစသော တည်ရပ်၌ စင်းလင်းတည်သောအခြင်းအရာဟူသော အနက်တည်း။ထိုကို ထောက်လျှင် လည်းသည်အကြောင်း,လူးသည် အကျိုးဟူ၍,လည်းကောင်း,လူးသည်ကား အကြောင်း,လည်းသည်ကား အကျိုးဟူ၍,လည်းကောင်း အကြောင်းအကျိုး ပြန်ကာလှန်ကာ ယူကောင်းအံ့သို့ရှိ၏။

လူး-ဟူသော စပါးမျိုး၏အမည်၊ နတ်ဘီးလူး ဟူသည်တို့ကား အမည်မျှသာ ဖြစ်သင့်၏။ နတ်ဘီလူးဟူသည်ကိုကား ဘီရု-ဟူသော မာဂဓ၌ ရ-ကို လ-အသံ ဖြင့် ဆိုမိန့်လေသည်။ ဘီရုသဒ္ဒါ၏ အနက် ကား ကြောက်လန့်ခြင်းကို ဟော၏။ ကြောက်ဖွယ် လန့်ဖွယ်သော အရုပ်အဆင်း အချင်းရှိ၍ 'ဘီလူး' ဆိုသည်ထည်း ဟူကုန်၏။ဆိုသို့ယူမူကား မာဂဓဘာသာမူလဖြစ်၏။ ။'ဘျလူး' ဟူ၍ ယပင့်ရေး ဖတ်ကုန်သည်ကား ဗ္ဗ-ကို ယပြုကာသာ ဟူ၏။

ရွှယ်လူးဟူသည်ကား ပျိုငယ်သော အရွှယ်ကို ဆိုသောအရာ သူဟောင်းတို့၏ ဝေါဟာရတည်း။ "သည်းချာရွှယ်လူး နာဘိဉီး။ ။ကာလရှည်ကျူး၊ပျိုရွှယ်လူးက" စသည်ဖြင့် အဆိုအမိန့်ကား ထင်စွ။

ပေးလှူသည်ဟူသော ဝေါဟာရ၌လည်း လှူ၏ဟူသည်ကား ပေးခြင်းအနက်ကို ပင် သံသရာကျိုးကို ငဲ့ခြင်းသဘောမျှကိုစွဲး၍ 'လှူသည်' ဟူသောဆိုမိန့်ခြင်းဖြစ်၏။ ထိုနှင့်ထျော်စွာ မာဂဓ၌ 'ရဇ်ဒေထ' စသည်၌ သံသရာကျိုးကို ငဲ့သောအရာမဟုတ် သည်ဖြစ်၍ ဒေထကို"ပေးလော"ဟူ၍ ယောဇနာကုန်သည်။ ဒါနံဒေထ-စသည် ၌ကား လှူလော့-ဟူ၍ အနက်ယောဇနာတော်မူကုန်သည်။ ။သဘောအားဖြင့် လည်း ပေးခြင်းအနက်၊ သဒ္ဒါအားဖြင့်လည်း ဒါဓာတ်အဖြစ်တူထျက်ပင် ဆိုအပ် ပြီးသောအတိုင်း သံသရာကျိုးကို ငဲ့-မငဲ့မျှသာ ကွဲးသင့်သည်ဖြစ်၏။ထိုကြောင့် ရဟန်း ပုဏ္ဏား သူတောင်းစားတို့ကို လှူသည်၊ ကျေးကျွန်အမှုထုပ် စသည်တို့ကိုကား ပေး သည်-ဟူသော ဆိုမိန့်ခြင်းထင်၏။

"အသက်ဟူသည်၊ အလှူခံလာ"
"ဝိတ်ပိုးချည်ဖြူ၊ နတ်ထျင်လှူသည်၊ ဟူဟူသမျှ"
"အိမ်ရာဆောက်ဦ၊ ဆီမီးဟူသား၊ အလှူဝတ္ထု-"

စသည်ဖြင့် သံသရာကျိုးကို ငဲ့သောအရာ၌ **လှူသည်** ဟူ၍ စပ်ဟပ်သောအရာ။

"ထီးဖြူပေးလေ ကောင်းအံ့နည်း"
"အင်္ဂင့်မပေး၊ အရေးကန်ကန်"
"ထီးသော်လည်းပေး၊ အရေးမမြော်"

စသည်ဖြင့် သံသရာကို ငဲ့သည်နှင့် မစပ်သောအရာ၌ **ပေးသည်** ဟူ၍သာ စပ်ဟပ် သော အရာတို့သည်လည်း ထင်စွ။

လူ-ကာရန်ပြီးပြီ။

လေ–လေး–လွှဲ၊ လွှေ–လွှေး–လွှဲ၊လွှေ့–လွှေ့

၂၁၉–လမျည်း ကောရန္တနိုက် ဝေါဟာရကို ပြခြင်း

လေ-ကာရန္တ၌ကား သက်သက်လည်းကောင်း, ဟစ္ဆဲးလည်းကောင်း, ဝစ္ဆဲးလည်းကောင်း ထင်၏။ ထိုတွင် သက်သက်၌ လေရေဟူသောအရာ၊ ပြုလေမူလေသည်၊ ပလေပစာ-ဆိုမိန့်သောအရာတို့ကား မူလအဆံ။ ။လေးလံသည်၊ ချိန်ခွင်အလေး၊ လက်နက်လေးမြားဟူသော အရာတို့ကား ဝိသဇ္ဇနီသံ။ ။အလွှေအဃာ, ဝက်တိရစ္ဆာန်ကို ခေါ်ဝေါ်သောအရာ၌ 'လွှေ' ဟူ၍ ဆိုမိန့်သော အရာတို့ကား အမြစ်သံတည်း။ ။လွှဲသည်းလွှေ-ဟူသော အရာ၌ကား ဟစ္ဆဲးသည်၌ မူလအဆံတည်း။ ။ကွက္ကလွှေးလွှေး၊အမ္ဘားအလွှေး-ဟူသောအရာတို့ကား ဟစ္ဆဲး ဝိသဇ္ဇနီသံတည်း။ ။လွှင့်သည်-လွှေ့သည် ဟူသောအရာကား ဟစ္ဆဲးအမြစ်သံတည်း။ ။ဝစ္ဆဲးသော အရာ၌ကား မူထကိုအားဖြင့် သောက်လွှေ့သည်၊ ငြီးလွှေ့သည်၊ ရန်းလွှေ့သည် ဟူသော အမြစ်သံသာထင်၏။

ထိုတွင် လေရေ ဟူသည်၌ လေ-ဟူသည်ကား စတုဇရုပ် ဝါယောဓာတ် အမည်မျှသာတည်း။ ထိုလေသည် အတည်အရပ် မနေ တောင်တောင် မြောက်မြောက် ပေါက်ရောက်ရွှေသွားခြင်းသာ ထင်သကဲ့သို့ အတည်အရပ်မနေ တောင်တောင် မြောက်မြောက် သွားလာလည်ပတ်ခြင်း များသည်ကိုစွဲ၍ လေလွင့်သူ, လူလေ, လူပင်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ။ပြုလေမူလေသည်-ဟူသောအရာ၌ လေ-ဟူသော စကား အရအထူးမထွက်၊ ပြုခြင်းမူခြင်း ကြိယာကို လေးလေးဖင့်ဖင့် ထင်စေသော အခြင်းအရာ မျှသာတည်း။

ပလေပစာ-ဟူသည်လည်း အရထူးမထင်၊ ကြီး၍, ယူမူကား ပလုံးပထွေးဟူသည်၌ ပအက္ခရာတို့ကား ပြေပြစ်ရုံ ဖက်ကာမျှသာ ဟူသကဲ့သို့ ဖက်ကာမျှသာ ယူ၍, လေ၏-အရ, စာ၏-အရကို ယူသင့်၏။ ။ယူသင့်ဟန်ကား.....ပြောဆို ပြုကျင့်သော အနာသည် အစွဲးရရ အဖတ်တင်တင် မထင်မမှတ်ရ၊ ပြောဆို ပြုကျင့်သော အမူအရာ မျှသာဖြစ်၍, နာခံသော သူတို့၏ နားနှလုံး၌ မကပ်မငြိ မစွဲးမထင်။ လေခတ်လျှင် ပါရှာလေသော ပေါ့သော အမှိုက်သည် လေကိုသာ ပါလေသည်။ လေ၏အစာ အဖိုသာ ဖြစ်လေသည်။ ထိုအမှိုက်သည် လေ၏အစာမျှသာ ဖြစ်လေသကဲ့သို့၊ ထိုသူ အမူအကျင့် ပြောဆိုခြင်းတို့သည် သဘော သြဇာမရှိ၊လေတွင်ပါလေ၍, လေစာသာ ဖြစ်လေသည် ဟူသောအနက်ကို ပြေပြစ်ရုံ ပ-အက္ခရာယှဉ်ဖက်၍, ဆိုသည် ယူရအံ့သို့

သို့ရှိ၏။ မီးထွင်ပျောက်သည်ကို မီးစာ၊ လှ, ခား, ပုဆိန်-စသည်တို့ထွင် ပျောက်သည်ကို လှစာ၊ ခားစာ၊ ပုဆိန်စာဟူသကဲ့သို့ ထေထွင် ပျောက်လေအံ့- ဟူသည်ကို 'ထေစာ' ဆိုသည်ဟူ၍ ယူသည်။ ဆင်ခြင်။

ထေးလံသည်ဟူသည်၌ ထေးသည်-ဟူသော ဝိသဇ္ဇနီသံကား ပေါ့သည် ဟူသော ဂုဏ်အနက်၏ ပြန်ဘက် အားကြီးသည်,ခိုင်ခံ့သည်ဟူသော ဂုဏ်အနက်မျှသာတည်း။ ထိုနှင့်ထျော်စွာ ဝန်ထေးသည်၊ အထေးအမြတ် ပြုသည်-စသော ဆိုဝိန်ခြင်းတို့၌ အားကြီးခြင်း, ခိုင်ခံ့ခြင်း အနက်ထင်၏။

ချိန်ခွင် အထေး-ဟူသည်၌ကား မူးထေး၊ ကျဝ်ထေး၊ ငါးကျဝ်ထေး၊ တဆယ် ထေး-စသည်ဖြင့်ပမာဏကို ခန့်၍ ခေါ်ဝေါ်ကာမျှသာထည်းဟူသင့်၏။ အပေါ့ကို ၎င်း, အထေးကိုဂင်း ချင့်တွက်ကြောင်းဖြစ်၍ "အပေါ့" ဟူ၍ထည်း ဆိုသင့်ထျက် သုတိသာရာသို့လိုက်၍ 'အထေး'ဆိုသည်ယူမူ အနက်ရသင့်၏။ ။လက်နက်အမည် ထေး-ဟူသည်ကို ခေါ်ဝေါ်ကာမျှထည်း ယူသင့်၏။ မိမိသွားသောမြားကို ထေးထေး တစ်တစ် စူးနှစ် ပေါက်ရောက်စေသည်ဟူ၍ ယူမူ အနက်ရ၏။

အလေ့အထာ-ဟူသော အမြစ်သံ၌ လေ့သည်-ဟူသော စကားအရကား ကျင်ထျင်ပွန်းတီးစေခြင်းအနက်တည်း။ ။ဝက်တိရစ္ဆာန်ကို ခေါ်ဝေါ်သော အရာ၌ လေ့-ဟူသော ဆိုမိန့်ခြင်းကား စာပေမထင်၊ ခေါ်ဝေါ်ကာမျှသာဖြစ်သင့်၏။

လှည်းလေ့-ဟူသော ဟဆွဲးအသံ၌ လှည်းဟူသည်ကား ကြည်း၌ဖာင်၊ လေ့ဟူသည်ကား ရေ၌ဖာင်ဖြစ်၏-မျှသာတည်း။ ။ကွကွလေးလေး-ဟူသော ဝိသဇ္ဇနီသံ၌ လေး၏-ဟူသည်ကား သိမ်ငယ်ခြင်း အနက်တည်း။ ကွ၏-ဟူသည်ကား အောက်၌ * ဆိုအပ်သည်နှင့်အညီ အရပ်နိမ့်သည်, ပုသည်-ဟူသော အနက်သာ။ လေး၏-ဟူသည်ကား သိမ်ငယ်ခြင်း အနက်ဖြစ်၍ တစိတ် တူတန်သည်ကို နှဆုံးသွင်းရာ၏။ အမှားအလေး-ဟူသည်ကို အမည်မျှထည်း ယူသင့်၏။ ငယ်သောအရာ၌ တည်သည်, ထင်သည်ကိုစွဲး၍ 'အလေး' ဆိုသည်ယူမူ အနက်ရဖြစ်၏။ "ညဉ့်နေ ရွာလေး၊သန့်ဆေးစင်ကြယ်"... စသည်ဖြင့် စပ်ဟပ်အင်ကား ထင်သာလေအံ့သည်။

လွှင့်လေ့သည်-ဟူသော အမြစ်သံ၌ လေ့၏-ဟူသည်ကား ပျောက် လွင့် ခြင်း အနက်တည်း။ ထိုအနက်ကား စပါး၌ အဖျင်းအမှိုက်ထွက်သွားစေခြင်းငှာ လေညှင်း ခံ၍ လွှင့်ချသောအရာ၌ ဆိုမိန့်ခြင်း မူလကဲ့သို့ ရှိ၏။ "စွမ်းအနှမက်ငွေ၊ ဖျောက်

* ခေါင်းစဉ် (၇၉) ကွအခန်း။

လွှင့် လွှေ့ လျက်” စသည်ဖြင့် စပ်ဆိုသော အရာ၌ ငြိုးထားရန်ကိုပင် ‘လွှေ့ သည်’ ဟူ၍ ဆိုမိန့်ခြင်းကား စပါးလွှေ့သည်နှင့် အတူ ရန်ဟူသော အဖျင်း အမှိုက်ကို ဖျောက်လွှေ့သည်-ဟူ၍ ဥပစာနည်းယူရအံ့သို့ရှိ၏။ ။ရှိဟန်ကား….လွှေ့သည်-ဟူသော ဝေါဟာရကား စပါး၌သာထင်သည်။ စပါးမှ တပါးသောအရာ၌ ဖျောက်လွှင့်စေသည်ကို ဖျောက်သည်, လွှင့်သည်, ခွင်းသည်-စသည်ဖြင့် အထူးထူးသော ဆိုမိန့်ခြင်းသာထင်သည်။ စပါး၌ထည်း မလိုအပ်သော ဖွဲးအမှိုက်ကို ကွာဝေးစေလိုခြင်း တူလျက်ပင် ပြာသည်, တီးသည်, ဆင့်သည်-စသည်ဖြင့် အထူးထူး ဆိုမိန့်ထေသည်ကား ထေညွှင်းခံလျက် လွှင့်ချခြင်းအမူအရာ၌သာ ‘လွှေ့သည်’ ဟူသော ဝေါဟာရ ထင်ဘိသောကြောင့် စပါးမှ တပါးသောအရာ, လွှေ့သည်မှ တပါးတီးပြာခြင်းစသော အရာတို့ကိုသော်ထည်း လွှေ့သည်-ဟူသော ဆိုမိန့်ခြင်းကိုဖြစ်စေမှုကား မှချခေါ်ဝေါ်ခြင်း ဟူသင့်၏။ ထိုသို့မထင် ခြင်းကြောင့် ဥပစာ နည်းသာယူသင့်အံ့သို့ရှိ၏။

ဝဆွဲးသောအရာ၌ ထောက်လွှေ့သည်၊ ငြိုးလွှေ့သည်၊ ရန်းလွှေ့သည်-ဟူသော အမြစ်သံသာမူထဖြစ်သင့်ဟန်ကား-အထုပ်အလွေး ပြုတတ်သည်ဟူ၍ ထည်းကောင်း, အထုပ်ကြီးစွာ စားသည်ကို ‘လွေးသည်’ ဟူ၍ ထည်းကောင်း ဝိသဇ္ဇနီသံ ဆိုမိန့်ခြင်း တို့သည် ထောက်ထားငြိုးသည်, ရန်းရန်းလွှေ့လွှေ့-ဆိုထိုသောအနက်ပင် ဖြစ်သင့်သောကြောင့် အမြစ်သံ မူထကဲ့သို့ရှိ၏။ “ရွှတ်ရွှတ်ချီပြေး၊ တစ်တစ်လွေးသား” စသည်ဖြင့် ဆိုမိန့်သော အရာထည်းထင်၏။ ။ပလွေ-ဟူ၍ ဆိုမိန့်သောအရာကား စာပေ၌ မြွေဟူ၍ ဆိုမိန့်သော အရာသာ ထင်သည်။

လေ-ကာရန္တဗြိုးဗြိုး။

လဲး—လဲ့၊ လွဲး—လွဲ

၂၂၀-လဗျည်း အဲးကာရန္တ၌ ဝေါဟာရကို မြခြင်း

လဲး-ကာရန္တ၌ကား သက်သက်လည်းကောင်း, ဟဆွဲးငင်း, ဝဆွဲးငင်း, ဝဆွဲး ဟဆွဲးငင်း ထင်၏။ ထိုတွင် သက်သက်၌ လဲးလှယ်သည်၊ အဖန်တလဲးလဲး၊ ချေသည်လဲးသည်၊ ထက်ပံဝါလဲး-စသော ဆိုမိန့်ခြင်းကို့ကား မူလအသံတည်း။ ။စိမ်းစိမ်းလဲ့လဲ့ဆိုသောအရာ၊လဲ့ကစားသည်ဆိုသောအရာတို့ကား အမြစ်သံတည်း။ ။ဝဆွဲးသောအရာ၌ကား အရာမှလွဲးသည်ဟူသောမူလအသံသာထင်၏။ ။ ဝဆွဲးဟဆွဲး၌ထည်း အရာမှလွဲးသည် ဟူသော ကာရိုက်သံမျှသာထင်၏။

ထိုတွင် လသက်သက်၌ လဲးသည်,လှယ်သည် ဟူသော စကားအရကား အတူအစား ညှိထျော်သော အသစ်အသစ်ဖြစ်စေခြင်းအနက်တည်း။ ။အဖန်တလဲးလဲး, အထပ်တလဲးလဲး,တဩော်လဲးလဲး,တလဲးလဲး-ဟူ၍ ဆိုမိန့်ခြင်းကားအကြိမ်များစွာဖြစ်ခြင်းအနက်တည်း။ ဤအနက်ကို 'တလဲးလဲး'ဟူ၍ လဲး-ဟူသော စကားခွန်းနှစ်ထပ်ကို ဆိုလိုရင်းကဲ့သို့ရှိ၏။ ရှိဟန်ကား.....လဲးသည်-ဟူသော စကားအရသည် အတူအစား ညှိထျော်သော အသစ်ဖြစ်စေခြင်းအနက်တည်း။ထိုအသစ်ဖြစ်စေခြင်း အကြိမ်များစွာဖြစ်၏ဟူ၍ ဖြစ်ခြင်းကိရိယာကို နှံ့စေသော ဝိစ္ဆာအနက်ဖြစ်သင့်၏။ထိုဝိစ္ဆာအနက်ကား စကားခွန်းထပ်မြီး။

ဤ၌ ဝိစ္ဆာအနက်ကို အရိပ်မျှဆိုအံ့။

"အနတ်နတ်တို့၊ ရိုညွတ်ကျိုးနွံ"
"အဗြဟ္မာမာ၊ ဆယ်ခြောက်ရွာသား"

ဤသို့စသည်ဖြင့် 'အနတ်နတ်၊ ဗြဟ္မာမာ'ဟူ၍ စကားထပ်ခြင်းသည် နတ်အများ ဗြဟ္မာအများနှံ့သောအနက်ဖြစ်၍ ဝိစ္ဆာအနက် မည်၏။ နတ်ဗြဟ္မာဟူသောခြင်းအများကို နှံ့သောအရာဖြစ်၍ ဒဗ္ဗဝိစ္ဆာ မည်၏။ "ရအုံ့နောက်နှောင်း၊ အကောင်းကောင်းဟုလုံးပေါင်းစိတ်ဖျာ" ဤသို့စသော ဆိုမိန့်ခြင်း၌ နှောင်းသည်,ကောင်းသည်-ဟူသော ဂုဏ်အများ နှံ့သည်ဖြစ်၍ ဂုဏဝိစ္ဆာ မည်၏။ "သွားသွားသမျှ၊ ကောင်းကင်ဝဝယ်၊ ဖြစ်လျှင်ဖြစ်လျှင်၊ သို့ပင်ပင်တိ" စသည်ဖြင့် ဆိုမိန့်သော အရာတို့ကား သွားခြင်း, ဖြစ်ခြင်း ကိရိယာကို နှံ့စေလို၍ ထပ်ဆိုသောအရာ ဖြစ်သောကြောင့် ကြိယာဝိစ္ဆာ မည်၏။ ဤသို့လျှင် ဒြဗ်အများနှံ့စေလို၍ ထပ်ဆိုသည်ကား ဒဗ္ဗဝိစ္ဆာ, ဂုဏ်အများနှံ့စေလို၍ ထပ်ဆိုသည်ကား ဂုဏဝိစ္ဆာ,ကြိယာအများ နှံ့စေလို၍ ထပ်ဆိုသည်ကား ကြိယာဝိစ္ဆာဟူ၍ သဘောထက္ခဏာကဲ့ပြီးကဲ့ဟန်တို့ကို ထိုထိုသောပျို့ဃ်ာမြမွာမှုစကားပြေတို့၌ ဆင်ခြင်၍ယူ။သိသာပြီ၊ ။ထိုဝိစ္ဆာအနက်တို့တွင် တလဲးလဲး-ဟူသောစကားခွန်းသည် တလဲးလဲးဖြစ်၏, တလဲးလဲးသွား၏-စား၏-စသည်ဖြင့် သွားခြင်း,စားခြင်း စသောကြိယာအများနှံ့စေလို၍ ထပ်ဆိုသောအရာဖြစ်သောကြောင့် 'ကြိယာဝိစ္ဆာ'မည်၏။ ထို၌ စကားခွန်းအလျောက် အသီးအသီး အရထုတ်ဦးအံ့။

တလဲးလဲး-ဟူသည်တွင် တ-ဟူသော စကားခွန်းအရကား တကြိမ်,တခါ,တရွာ တို့ကို-စသည်ဖြင့် တစ်-ဟူသော သန္ဓိဿအနက်ကို 'တ'ဟူ၍သာ ဆိုအိသကဲ့သို့ တစ်ဟူသောသန္ဓိဿအနက်ဖြစ်၏။ လဲး-ဟူသော စကားအရကား တစ်-ဟူသော ယခင်သန္ဓိဿ၏အရ သွားခြင်း, စားခြင်း-စသော ကြိယာပင် တလဲးတလှည့် ထပ်ပွား၍

ဖြစ်ပြန်သည်ဟူသော အနက်ဖြစ်၏။ တလဲးလဲး-ဟူ၍ လဲး-ဟူသော ဒုတိယစကား ခွန်း ထပ်ပြန်သည်၌ အရကား ယခင်တလဲးတလှည့် ထပ်ပွား ဖြစ်ပြန်ခြင်းသည် တကြိမ်မျှသာမက အကြိမ်များစွာ ဟူသောအနက်ကို ခဲ့စေသော ဝိစ္ဆာအနက်ဖြစ်၏။ အဖန်တလဲးလဲး,အထပ်တလဲးလဲး'အဖန်အထပ်ဟူသော စကားခွန်း ယှဉ်ဖက်သည်၌ ကား ထင်သာအံ့သည်။

တဩော်လဲးလဲး-ဟူသောစကားခွန်းလည်း အနက်အရမကွဲး။ ရှေးသူဟောင်း တို့၏ ဆိုမိန့်ခြင်းသာတည်း။ ထို၌ တ-အရကို ယခင်နည်းတူ တစ်-သန္နိဘင် ယူဆင့်၏။ ဩော်-အရကား အထူးမထင်။ ဩော်တလဲးလဲး-ဟူ၍ တ-ဟူသောပုဒ်၊လဲ-ဟူသောပုဒ် ယှဉ်သင့်ဟူက် အဆိုအမိန့်သာသည်ဆိုလိုက်၍ အစအဦး ဆိုလေသကဲ့သို့ ရှိ၏။ ဝိစ္ဆာအနက်ဖြစ်၍ တလဲးလဲး-ဟု နှစ်ထပ်ဆိုသင့်ဟူက "ကြူးသီရင့်ပွဲး၊ဝင်ထာနဲ့း၍၊ ဖန်လဲးတဆို"....စသည်ဖြင့် ဖန်လဲး-ဟူ၍ မထပ်ဲးစပ်သည်ကား ထက်ံာ၏ ဖွယ်ရာ ဆိုသည်ဟူသင့်၏။

ချေသည်လဲးသည်-ဟူသော ဆိုမိန့်ခြင်း၌ လဲးသည်-ဟူသောစကားအရကား ထင်သောအပြစ်ကို ကျေဖျောက်အောင် ချေဖျက်၍ ဆိုသောအရာ ဖြစ်သောကြောင့် လဲးလှသ်သည်- ဟူသောစကားအရနှင့်အတူ၊ အစားအသစ် ဖြစ်စေခြင်းဟူသော အနက်မျှကား တူ၏။ ထင်သောစကားခွန်းနှင့် သဘောအရ ကွဲးလွဲးလေအောင် အဖြူအမည်းစသည်ဖြင့် ထူးပြားသောစကားခွန်းကိုသာဆိုသင့်သောအရာဖြစ်၍ ထျော်ညီသောအနက်သည်ထျင် တစိတ်ကွဲးသင့်၏။ဤချေးလဲးသည်-ဟူသော အနက်နှင့်ထျော်စွာ ထော်လဲးသည်,ထျောက်လဲးသည်-ဟူသော စကားခွန်းဖြစ်၏။ ။လက်ံပံဝါလဲး ဆသော ဝေါဟာရကား အမည်မျှသာဟူထင့်၏။

စိမ်းလဲ့သည်-ဟူ၍ အမြစ်သံဆိုသောအရာ၌ကား စိမ်းသည်-ဟူသော စကား အရကား စိမ်းသောအဆင်းဂုဏ် ဝိသေသအနက်သာရ၍ လဲ့-ဟူသော စကားအရ အထူးမထွက်၊ စိမ်းသောအဆင်းဂုဏ်ကို အထူးထင်စေကာမျှသာ ဖြစ်သင့်၏။ ။လဲ့ကစားသည်-ဟူသော ဝေါဟာရကား အမည်မျှသာဖြစ်သင့်၏။ တလိုင်းတို့၏ကစားခြင်းသာ ထင်သောကြောင့် ထိုသူတို့အာသာသော်လည်း ယူသင့်၏။

ဝဆွဲးသောအရာ၌.... လွဲးသည်၊ လွဲးသည်-ဟူသော အသံတို့ကား သုဒ္ဓအသံ, ကာရိုက်အသံမျှသာကွဲး၏။ ထိုတွင် လွဲး၏ဟူသည်ကား မဆိုင်ပြိုင်ခြင်း အနက်တည်း။

ထိုအနက်သည် သယံဇာတ အလိုအလျောက် 'တိမ်းလွဲးသည်'ဟူသော အရာ၌ကား ဝဆွဲးကာမျှသာ။ 'လွဲးလေသည်'ဟူသော ကာရိုက်အနက် လိုသောအခါ ဟဆွဲးပြန်၍ ဆိုမိန့်ခြင်းဖြစ်သည်မျှသာတည်း။

လဲး-ကာရန်ပြီးပြီ။

လော—လော့၊ လျော—လျော့၊ လျှော—လျှော့

၂၂-ထမြည်း ဩကာရန်တွဲ့၌ ဝေါဟာရကို ပြခြင်း

လော-ကာရန်တွဲ့ကား သက်သက် လည်းကောင်း, ယပင့် လည်းကောင်း, ယပင့် ဟဆွဲးလည်းကောင်းထင်၏။ ထိုဟူင် လသက်သက်၌ မူလ အသံ အမြစ်သံကွဲး၏။ ပူလောသည်၊ လာ၏လော၊ သွား၏လော-စသည်ဖြင့် **မေးသော အရာ၌** ဆိုမိန့်ခြင်းတို့သည်မူလအသံတည်း။ ။လာလော့၊ သွားလော့၊ လာလှည့်လော့၊ သွားလှည့်လော့-စသည်ဖြင့် **တိုက်တွန်းသောအရာ၌** ဆိုမိန့်ခြင်း တို့ကား အမြစ်သံတည်း။ ။တူလျော်သည်၊ လျောလျော တူသည်-စသည်ဖြင့် ဆိုမိန့်ခြင်း တို့ကား ယပင့်သောအရာ၌ မူလအသံတည်း။ ။အတင်းအလျော့-ဟူသော ဆိုမိန့်ခြင်း၌ကား ယပင့်အမြစ်သံတည်း။ ။ကျလျော်သည်-ဟူသောအသံကား ယပင့်ဟဆွဲး၌ မူလ အသံတည်း။ ။ညံ့သည် လျော့သည်-ဟူသော အသံကား ယပင့် ဝဆွဲး၌ အမြစ်သံတည်း။

ထိုတွင် ပူလောသည်ဟူသော စကားခွန်း၌ ပူသည်-ဟူသော စကားသာ အရှိ၏၊ လောသည်-ဟူသောစကားအရ အထူးမထွက်။ ။ပူသည် ဟူသော သတ္တိကို အထူးထင်စေကာမျှသာဖြစ်၏။ ။လာ၏လော၊ သွား၏လော-ဟူသောအရာ၌လည်း မေးခြင်းအနက်ကို ထင်စေကာမျှသာ။ ။လာလော့၊ သွားလော့-ဟူသော အမြစ်သံသည်လည်း တိုက်တွန်းခြင်းအနက်ကို ထင်စေကာမျှသာ ဖြစ်၏။

တူလျော်သည်-ဟူသော စကားခွန်း၌ လျော်သည်-ဟူသော ဝေါဟာရတို့ကား တူသည်ဟူသော အနက်ချည်းဖြစ်၏။ ။အတင်းအလျော့-ဟူသည်, လျော့ညံ့၏-ဟူသည် စကားခွန်းတို့ကား သုဒ္ဓအသံ ကာရိုက်သံမျှသာ ကွဲးသည်။ လျော၏-ဟူသည် သယံဇာတ အလိုအလျောက်ညံ့လျော့သည်ဟူ၍ ယပင့်ကာသာ။ ညံ့စေသည်-လျော့စေသည်ဟူ၍ ကာရိုက်အနက်ကို လိုခါ ညံ့လျော့သည်ဟူ၍ ဟဆွဲးပြန်သည်သာဖြစ်၏။ ။တူလျော်သည်၊ ကျလျော်သည်-ဟူသော ဝေါဟာရတို့ကား ဤနှင့်

အတူ သုဒ္ဓကာရိုက် မဖြစ်မူ၍့ တူလျော်၏-ဟူသည်ကား 'ညီသည် - လျော်သည်' ဟူသော အနက်။ ကျလျော်၏-ဟူသည်ကား ဆင်းသက်ခြင်း အနက်' ဤသို့အရ အနက်ကွဲးသည်ဖြစ်၍့ ဟဆွဲးအသံ ကာရိုက်အနက် မဟုတ်သည် ဖြစ်၏။

လော-ကာရန္တ ပြီးပြီ။

လော်-လျော်-လော်-လျော်

၂၂၂-လဗျည်း ခြော်ကာရန္တဒ္ဒ ဝေါဟာရကို မြဒ္ဓင်း

လော်-ကာရန္တဒ္ဒကား သက်သက်အန္တမထင်။ ။လော်ထည်သည်၊ လော်လဲးသည်၊ လော်စာ-ဟူသော ဆိုဓိန္နိခြင်းတို့ကား အန္တမဟုတ်၊ အာဒိဖြစ်၍့ မထုတ်ပြီ။ ။ယပင့်သောအရာကား ယခင် တူလျော်သည်-ဟူသော အရာမျှသာထင်၏။ ။ဟဆွဲ သောအရာကား လျောလျော်သည်၊ ကြော်လျော်သည်၊ ဆော်လျော်သည်-ဟူသောအရာမျှသာထင်၏။ ။ယပင့် ဟဆွဲးကားဆေးလျော်သည်၊ တန်းလျော်သည်-ဟူသော အရာမျှသာ ထင်၏။

ထိုတွင် လျောလျော်သည်၊ကြော်လျော်သည်၊ဆော်လျော်သည်-ဟူသော ဝေါဟာရ ဒ္ဒ လျော်၏-ဟူသည်ကား လှုပ်ရှားခြင်းအနက်တည်း။ ။ဆေးလျော်သည်-ဟူသည်ကား သန့်ရှင်းစေခြင်းအနက်တည်း။

လော်-ကာရန္တ ပြီးပြီ။

ဝ

၂၂၃-ဝဗျည်း အကာရန္တဒ္ဒ ဝေါဟာရကို မြဒ္ဓင်း

ဝ-ကာရန္တဒ္ဒကား ပြည့်ဝသည်၊ သစ်ပင်ငယ်၏ ဝ-ဟူသော အမည် စသည်ဖြင့် ဝသက်သက်သာထင်၏။ ထိုတွင်ပြည့်ဝ၏-ဟူသည်ကား မရှိက် မလျှ ဖွံ့ဖြိုးသည်ဟူသော အနက်တည်း။ ။သစ်ပင်၏အမည် ဝ-ဟူသည်ကား ခေါ် ဝေါ်ကာမျှသာ ဖြစ်၏။ ။ဝ-ကာရန္တ ပြီးပြီ။

ဝါ

၂၂၄-ဝဗျည်း အာကာရန္တ၌ ဝေါဟာရကို ပြခြင်း

ဝါကာရန္တ၌ကား ခန့်သည့်,ဝါသည်၊ ဝင့်ဝါသည်၊အဆင်းအဝါ၊အနီအဝါ-ဤသို့စသည်ဖြင့် ဝသက်သက်မျှသာ ထင်၏။ ထိုဝေါဟာရတို့သည် သဘောအနက်မူထတူအံ့သို့ရှိ၏။ရှိဟန်ကား-ခန့်သည့်,ဝါသည်ဟူသော အနက်သည် ချင့်ထောက်၍ ရမ်းရော်ခြင်းအနက်ဖြစ်၏။ ။ဝင့်ဝါသည်-ဟူသော အရာထည်းကိုယ်အစွမ်းကို ပြလျက် ချင့်ထောက်သကဲ့သို့ မိမိထည်းကောင်း, သူတပါးထည်းကောင်း သိထင်ထေအောင် ရမ်းရော်ခန့်ဝါသည်ထည်းကောင်း ဆိုသင့်အံ့သို့ရှိ၏။ အဆင်းအဝါ-ဟူသောအရာထည်း ကိုယ်၏အဆင်းကို သိထင်စေကြောင်း ခန့်ဝါသကဲ့သို့ ထင်မြင်စေခြင်းအနက် ရသင့်အံ့သို့ရှိ၏။

အနီ,အဝါ-ဟူသော အဆင်းဂုဏ် ဝိသေသအမည်သည်သည်း မိုက်မိုက်မှောင်မှောင် မထင်ရှားခြင်း မဖြစ်မူ၍ ထင်းဝင်းသောအရောင်သည် သိထင်သာအောင် ခန့်ဝါ၏ဟူသော အနက်ရအံ့သို့ရှိ၏။ယင်းသို့လျှင် မူထအနက်ရင်းဖြစ်သည့်ခန့်ဝါခြင်း အနက်နှင့် ဖြစ်ကောင်းအံ့သို့ရှိ၏။ဤ၌ အနီအဝါ-ဟူသော အဆင်းရှိ၏ဟူသည်ကား ပုဂ်္ဂလဘောဖြစ်၍ အနက်ထုတ်ဖွယ်မရှိ။ ထိုသို့သော်ထည်း မြမွာဘာသာ၌ အရအဓိ စူးစားလေ့ရှိစေထို့ ဆိုလိုက်သည်။ အမည်မျှသာ ယူသင့်သည်ဖြစ်၏။

ဝါ-ကာရန္တပြီးပြီ။

[ဓ-ကာရန္တ....ဓ-ကာရန္တ....ဂုကာရန္တ....ဥ-ကာရန္တ....တိုကား ဝေါဟာရမတင်။]

၆၀-၆၀း-၆၀၊ ၆၃း-၆၅

၂၂၅-ဝဗျည်း ကောရန္တ၌ ဝေါဟာရကိုပြခြင်း

ဝေ-ကာရန္တ၌ကား သက်သက် ထည်းကောင်း, ဟဆွဲး ထည်းကောင်း ထင်၏။ ထိုတွင် သက်သက်၌ မျှဝေသည်၊ ဆူဝေသည်၊ မူးဝေသည်၊ နှင်းဝေသည်၊ဆိုင်းဆိုင်းဝေဝေ၊ သဝေ-ဟူသော သေရ၏အမည် တို့ကိုကား မူလအသံတည်း။ ။ကွာဝေးသည်-ဟူသော ဆိုမိန့်ခြင်းကား ဝိသဇ္ဇနိသံတည်း။ ။ဝိုက်ဝေသည်၊ လေဝေသည်၊ အဆီဝေဝေ-ဟူသော ဆိုမိန့်ခြင်းတို့ကား အမြစ်သံတည်း။ ။ဟဆွဲးရာ၌ ဒွေး-ဟူသော သစ်ပင်၏အမည်ကား ဝိသဇ္ဇနိသံတည်း။ ။ထိုးဝေသည်-ဟူသော ဆိုမိန့်ခြင်းကား အမြစ်သံတည်း။

ထိုတွင် မျှဝေသည်-ဟူသောအရာ၌ ဝေ၏-ဟူသည်ကား စေ့နှံ့စေခြင်းအနက်တည်း။ ထိုအနက်ကို ဝေသည်၊ ငှသည်၊ မျှသည်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ။ ဆူဝေသည်-ဟူသောအရာ၌ ဝေ၏-ဟူသည်ကား ဝှန်တက်ခြင်း အနက်တည်း။ ။ မှူးဝေသည်-ဟူသောအရာ၌ ဝေ၏-ဟူသည်ကား မှိုင်းရီခြင်း စကျွတ်ညာဏ်၏ ကိစ္စ မသန့်ရှင်းခြင်းဟူသော အနက်တည်း။ ။နှင်းဝေ၏ဟူသည်၌လည်း ၎င်းမှိုင်းရီသည်ဟူသော ယခင်အနက်ဖြစ်၏။ ။ဆိုင်းဆိုင်းဝေဝေ-ဟူသော အရာသည်လည်း မရှင်းမထင်း မှိုင်းဝေခြင်း, ထွေးယှက်ခြင်း အနက်လည်းကောင်း ဖြစ်၍ ယခင်မှိုင်းရီသည်ဟူသောအနက်ထည်းကောင်း ဖြစ်သင့်၏။ ။သဝေ-ဟူသော ဝေါဟာရကား ဧ-သရ၏ အမည်မျှသာတည်း။

ကွာဝေး၏ဟူသည်၌ ဝေး၏ဟူသည်ကား အဓွန်ခရီးသည် ထည်းကောင်း, နွေ, ရက်, နှစ်, ထ-ဟူသောအခါထည်းကောင်း ရှည်သည်ကို ဝေးသည်ဆိုသောအရာဖြစ်၏။ တမြို့မှ-တမြို့, တရွာမှ-တရွာဝေး၏ စသည်ဖြင့် ဆိုမိန့်ခြင်းကား ခရီးအဓွန်ရှည်သည်ကို ဆိုသောအရာတည်း။ ကာလ ဝေးသေးသည်၊ နွေရက် ဝေးသေးသည်။ "သံသရာဝေး၊ ယခင်ရှေးက" စသည်ဖြင့် စပ်ဟပ်သောအရာ, ကာလ အဝိုင်းအခြား ကိုရည်၏. ဒူရေနိဒါန်း, သန္တိကေနိဒါန်းဟူ၍. ဝေးသည်ကို ဟောသော ဒူရသဒ္ဒါဖြင့် ဆိုသောအရာတို့ကား ကာလအဝိုင်းအခြား ယှဉ်သည်ကို ဆိုသောအရာတည်း။ ဖြစ်မည်ဝေး၏၊ သွားမည်ဝေး၏၊ စားမည်ဝေး၏-စသည်ဖြင့် ဖြစ်ခြင်း, သွားခြင်း-စသော ကိရိယာအနက်ကိုလည်း ဝေးသည်ဆိုသော အရာကဲ့သို့ရှိ၏။ ထို၌ သဘောအားဖြင့်ကား ဖြစ်သည့်ကာလ, စားမည့် သွားမည့်ကာလဝေး၏ဟူ၍. ကာလရှည်ခြင်းအနက်သာ ဖြစ်သင့်၏။

ဝိုက်ဝေ့သည်၊ လေဝေ့သည်-ဟူသောအရာကား ခွေလည် ပတ်ကွေ့ခြင်းအနက်ဖြစ်၍. 'ကွေ့လည်' ဆိုမည့်အတွက် စကားချွေ၏သို့ရှိ၏။အဆီဝေ့ဝေ့-ဆိုသောအရာ၌ကား ယခင် ဆူဝေ့ဝှန်တက်သည်ဟူသောအနက်ကို အမြစ်သံဆိုသည်ယူသင့်၏။

ဟဆွဲးသောအရာ၌ ဝှေး-ဟူသော သစ်ပင်၏အမည်ကား ပညတ်မျှသာဟူသင့်၏။ ထိုးဝှေသည်-ဟူသော အမြစ်သံ၌ကား ထိခိုက်ခြင်းအနက်တည်း။ ဆင်ဝှေသည်၊ နွားဝှေသည်၊ ရေဝှေသည်-စသော ဆိုမိန့်ခြင်းတို့သည် ထိခိုက်ခြင်း အနက်ချည်းဖြစ်၏။ ။ဤ၌ ဖွေသည်ဟူ၍. ဟထွင် ဝဆွဲးဏက အချို့ရေးဖတ်ကုန်သည်ကား မာဂဓ၌ ဇိဂှာ, ဇိဟ္မာ၊ ဗဂှာမာဓ, ဗဟ္မာဗာဓ-ဟူ၍. ဟန္ဒင်ဝ အောက်အထက်ပြန်၏သို့ရှိ၏။

ဝေ-ကာရန် ပြီး၏။

ဝဲး-ဝဲး

၂၂၆-ဝဗျည်း အဲးကာရန္တ၌ ဝေါဟာရကို ပြခြင်း

ဝဲး-ကာရန္တ၌ကား သက်သက်လည်းကောင်း, ဟဆွဲးထည်းကောင်း ထင်၏။ ထိုတွင် သက်သက်၌ ပျံဝဲးသည်၊ ဝဲးအနာ၊ ဝဲးရေယဉ်၊ စကားဝဲးသည်-ဟူသော ဝေါဟာရ မူထအသံမျှသာထင်၏။ ။ဟဆွဲးအရာ၌ကား ပျုပ်ပျုပ်ဝဲ့ဝဲ့-ဟူသော မူထအသံမျှသာထင်၏။ ထိုတွင် ပျံဝဲးသည်-ဟူသော စကား၏အရ၌ ပျံသည်-ဟူသော စကားအရကား တက်ခြင်း, သွားခြင်းအနက်။ ဝဲး၏-ဟူသည်ကား ရစ်ဝဲ့ကွေ့ထည်ခြင်း အနက်ဟူ၍ ခွဲးသင့်၏။ ။ဝဲးအနာ-ဟူသည် ၌ကား အမည်မျှသာတည်း။ ။ရေယဉ်ဝဲး-ဟူသည်၌ကား ယခင် ရစ်ဝဲ့ကွေ့ထည်ခြင်း အနက်ကိုစွဲး၍ ဌက်ဝဲးသကဲ့သို့ ရစ်ဝဲ့ကွေ့ထည်တတ်သည် ဟူသော အနက်ယူမူ ရသင့်၏။ ။ စကားဝဲးသည်-ဟူရာ၌ထည်း ဆောဆောထျင်ထျင် လိုရာမရောက်ထည့်၊ ရစ်ကာ-ဝဲးကာ စကားရှည်သည်၊အသံရှည်သည်၊ လေသည် ရစ်ကွေ့ဝဲ့သည်ဆိုသောအရာပင် ဖြစ်သင့်၏။ ထိုအနက်ကိုထည်း ယူသင့်၏။

ဟဆွဲးရာ၌ ပျုပ်သည်,ဝဲ့သည်-ဟူသော စကား-ကား အောက်၌ * ဆိုအပ်သည်နှင့်အညီ နန်းအိမ်ပြာသာဒ စသည်တို့၏ အရပ်နှိမ့်သည်, ပျုပ်သည်ကိုပင် 'ဝဲ့သည်' ဟူသော ဆိုမိန့်ခြင်းဖြစ်၏။

ဝဲး-ကာရန္တပြီး၏။

ဝေါ်-ဝေါ်

၂၂၇-ဝဗျည်း ဩကာရန္တ၌ ဝေါဟာရကိုပြခြင်း

ဝေါ်-ကာရန္တ၌ကား....မင်းတို့၏ ယဉ်အထူးကို 'ဝေါ်' ဟူ၍ ဆိုမိန့်သောအရာမျှသာဖြစ်၏။ ။ဝေါ်-ကာရန္တ၌ကား ဝေါဟာရ မထင်။

---

* ပေါင်းစဉ် (၁၆၉) ပုအခန်း။

သ

၂၂၈-သဗျည်း အကာရန္တန်ိုက် ဝေါဟာရကို ပြခြင်း

သ-ကာရန္တဋ္ဌကား ခပ်သသ ပြောဆိုပြုကျင့်သည်၊ ခားလှံသသည်၊ နတ်စုန်းပသသည်၊ ပပသသ ပြောဆို ပြုကျင့်သည်၊ ဝိုဆသည်-စသည်ဖြင့် သက်သက် ဆိုမိန့်သော အရာသာထင်၏။ ။ထိုတွင် ခပ်သသပြောဆို ပြုကျင့်သည်-ဟူသောအရာ၌ သသ-ဟူသော စကားခွန်းသည် ရွေ့၏ဆိုရို့၏။ သားသား နားနား ရွှန်းစား ထက်မြက်သည်ကို ဆိုလိုသောအရာ ဖြစ်အံ့သည်။ ပါးပါးကြွကြွ ဆိုမည့် အတွက်ကို ပပကြွကြွ-ဟူ၍ ဆိုသည်နှင့်တူအံ့သည်။ ဤစကားမျိုးထည်း အောက်၌ * ဆိုခဲ့ပြီ။ ။ခားလှံသသည်-ဆိုသောအရာ၌ သ၏-ဟူသည်လည်း သားနားထက်မြက် စေသည်ထည်းကောင်းဖြစ်၍ အနက်တူသင့်၏။

နတ်စုန်းပသသည်-ဟူသော အရာ၌ကား နတ်စုန်းတို့အား တည်ကျွေးကျင်းပသည် ဟူသော ပ၏-အနက်သာရှိ၍၊ သ၏-အနက် မထွက် ယှဉ်ဖက် ကာမျှသာ ဖြစ်၏။ ထိုနှင့်လျော်စွာ နတ်စုန်းပသည်-ဟူ၍ သာ ဆိုမိန့်ခြင်းထည်း ထင်၏။ ။ပပသသ ပြောဆို၏-ဟူသည်၌လည်း နည်းတူ။ ကျင်းကျင်းပပ သားသားနားနားဟူသောအနက် ထည်း ယူသင့်၏။ ကျင်းကျင်းပပ ဂုဏ်မြောက်အောင် ပြောဆိုသည်ဟူသော အနက် သာထွက်၍ သ-အရမထွက် ယှဉ်ကာမျှထည်း ဟူကောင်း၏။

"သားအားမငြို၊ ထီးနှင့်ထိုသည်၊ မြှောက်ဆို-ပပသသတည်း"
"ပပသသ၊ ချီးကြွမြှောက်စား၊ ဆိုတုံငြားထည်း"

ဟူ၍ ဆိုမိန့်သောအရာတို့၌ ဂုဏ်မြောက်စေထို၍ ပြောဆိုကျင်းပခြင်း အနက်ထင် သာ၏။ ။ဝိုသသည်-ဟူသော အရာ၌ ဝိုသည်ကိုပင် သ-သည်ဟူသော ဆိုမိန့်ခြင်း ဖြစ်၏။ ပရိယာယ်တူ အနက်ဖြစ်၏။

သ-ကာရန္တပြီးပြီ။

---

* ခေါင်းစဉ် (၁၆၅) ပအခန်း။

သ၁

၂၂၉-သဗျည်း အာကာရန္တဋ္ဌ ဝေါဟာရကို ပြခြင်း

သ၁-ကာရန္တဋ္ဌကား သာလွန်သည်၊ သာယာသည်၊ အသံသာသည်၊ သက်သာသည်-စသည်ဖြင့် သ-သက်သက် ဆိုမိန့်သော အရာသာထင်၏။ ။ထိုတွင် သာလွန်သည်-ဟူရာ၌ သာ၏-ဟူသည်ကား ကဲ၏, ကျူး၏, လွန်၏-ဟူသော အနက်တည်း။ ။သာယာ၏-ဟူသည်တား အရာဌာန မွေ့ထျော်ပျော်ပါးဖွယ်ရှိသည် ဟူသော အနက်တည်း၊ ။အသံ သာသည်-ဟူရာဋ္ဌသည်း အသံ၌ တပ်ဖွယ်,ပျော်ပါးမွေ့ထျော်ဖွယ် ဟူသောအနက်သည်းကောင်းဖြစ်၍ တူအံ့သည်။

သက်သာသည်-ဟူရာဋ္ဌကား ခြား၍ ဆိုထိုက်အံ့။ သက်သာ၏ – ဟူသည်တွင် သာ၏-ဟူသည်ကား ကိုယ်စိတ်သာယာရွှင်လန်းခြင်း ဖြစ်သည်ကိုယူသင့်၏။ ယခင် အသံသာသည် ဟူရာဋ္ဌ တပ်ဖွယ်မွေ့ထျော်ဖွယ်ရှိ၏ ဟူသောအနက်နှင့် တစိတ်ကွဲးအံ့ထင်၏။ ထိုသို့ ကိုယ်စိတ်၏သာယာရွှင်လန်းခြင်းကိုရသည်ကား လုံးလုံးစင်မဟူရ၊ သက်ကာ ရိပ်ကာမျှသာ သာယာ၏-ယူလိုသည်ကို "သက်သာ၏" ဟူသော ဆိုမိန့်ခြင်း ဖြစ်သည် ယူသင့်၏။ ကျန်းသာသည်၊ ဤကျန်း သာယာသည်၊ စိတ်နှလုံး သာယာသည်-စသည်ဖြင့် အထူးထူး ဆိုမိန့်ခြင်းသည်ကား သာယာရွှင်လန်းခြင်းဖြစ်သည် ဟူသောအနက်ချည်းဖြစ်၏။

သာလွန်၏-ဟူသည်၌ သာ၏-ဟူသည်ကား ကဲ၏, ကျူး၏, လွန်၏-ဟူသော အနက်၊ အရပ်ကို ထည်းကောင်း, အသံကိုလင်း သာ၏-သာယာ၏-ဟူသည်ကား တပ်မက်ပျော်ပါးဖွယ် ဟူသော အနက်၊ သက်သာ၏,ချမ်းသာ၏, ဤကျန်းသာယာ၏-ဟူသည်၌ကား ကိုယ်စိတ်၏ ရွှင်လန်း ကျန်းခံခြင်း အနက် ဤသို့ တစိုးတစိ သဘောကွဲးသင့်သည်။ ဆင်ခြင်။ ။သ၁-ကာရန္တပြီးပြီ။

သ၂

၂၃၀-သဗျည်း ဣကာရန္တဋ္ဌ ဝေါဟာရကိုပြခြင်း

သ၂-ကာရန္တဋ္ဌကား အကျိုးအကြောင်းကို သိသည်၊သိသိညက်ညက် ကျေပျက်သည် ဟူသော သ-သက်သက် ဆိုမိန့်ခြင်း ဝေါဟာရသာ ထင်၏။ ထိုတွင် သိ၏-ဟူသည်ကား မနောဝိညာဏ်၏ ကိစ္စ မွှာရုံကိုခွဲးခြမ်းနိုင်ခြင်း သဘောတည်း။ ထိုသဘောမျှကို စက္ခုဝိညာဏ်၏ကိစ္စ ရူပါရုံကို မြင်ခြင်း, သောတဝိညာဏ်

ဇ်၏ကိစ္စ သဒ္ဒါရုံကိုကြားခြင်းဟူသောဝေါဟာတို့နှင့်ယှဉ်ဖက်၍ သိမြင်သည်,သိကြား သည်-စသည်ဖြင့် ဆိုမိန့်သောအရာတို့၌သဘောအရကွဲးပုံ,ခွဲးခြမ်း၍ နှလုံးသွင်းရာဇ်၏။

သိသိညက်ညက်-ဟူသည်၌ သိသိ-ဟူသည်ကား ကျေပျက်ခြင်းအနက်ကို ထင်စေသောအရာမျှသာဖြစ်၏။ 'သိသိ'ဟူသည်ကား ကျေပျက်ခြင်းအနက်ကို ထင်စေသည်။ 'ရိရိ'ဟူသည်ကား နွမ်းနယ်ခြင်းအနက်ကိုထင်စေသည်။ ဤသို့သဘောကွဲးယူသင့်၏။

သိ-ကာရန္တပြီးပြီ။

သီ-သီး

၃၂၁-သဗ္ဗည်း ဣကာရန္တ၌ ဝေါဟာရကိုပြခြင်း

သီ-ကာရန္တ၌ကား သီသီရိရိရှိသည်၊သီသီမြင့်သည်၊သီသီလျည်လျည်၊သီကုံးသည်-ဟူသော မူထအသံ။ ။သီးခြား သည်၊ သစ်သီး၊ သီးနင်းသည်-ဟူသော ဝိသဇ္ဇနီသံ ကွဲး၏။ ။ထိုတွင် သီသီရိရိ-ဟူသည်ကား ဝေဝေ မှိုင်းမှိုင်းဟူသော အနက်လည်းကောင်း၊ ထိုနက်ကို သီသီရှိသည်, ရိရိရှိသည်, မှိုင်းသည်,ဝေသည် ဟူသောဆိုမိန့်ခြင်းဖြစ်၏။ ။သီသီမြင့်သည်-ဟူသောအရာ၌လည်း မြင့်မားခြင်းကြောင့် သီသီဝေဝေရှိသည်-ဟူသော အနက်လည်းကောင်း ဖြစ်သင့်၏။ သီသီလျည်လျည်-ဟူသည်၌ကား အောက်အတိုဖြင့် လျောသက်ခြင်းထင်မြင်သည်ကို ဆိုသော အရာဖြစ်၍ သဘောကွဲးသင့်၏။ ထိုအနက်ကို ဖားဖားသီသီ, လျည်လျည်သီသီ-ဟူသော ဆိုမိန့်ခြင်းထင်၏။

သီကုံးသည်-တူသော ဝေါဟာရကား စီစဉ်သည်-ဟူသော အနက်တည်း။ ထိုအနက်ကို သီသည်,ကုံးသည်၊ စီသည်,စဉ်သည်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ထိုတွင် သီကုံးသည်-ဟူသောဝေါဟာရကား များသောအားဖြင့် ကြိုးသိတံတို့ဖြင့် သီကုံးသည်၌ ထင်၏။

သီးခြားသည်-ဟူသော ဝိသဇ္ဇနီသံ၌ကား ကွဲးပြားသည်-ဟူသော အနက်တည်း။ ထိုအနက်ကို သီးသည်, ခြားသည်, ကွဲးပြားသည်,တခြားတသွယ်-စသည်ဖြင့် အထူးထူးသော ဆိုမိန့်ခြင်းထင်၏။ ။သစ်သီး-ဟူသော ဝေါဟာရကိုလည်း ထိုသစ်ပင်မှ သီးခြား၍ တပင်တဌာန ဖြစ်အံ့သောအကြောင်း ဖြစ်၍, 'သစ်သီး'ဆိုသည် ယူမှုထိုအနက်၌ လည်းကောင်းဖြစ်၏။ သစ်သီးသစ်ပွင့်-ဟူသည်တို့၌ကား အမည်မျှသာလည်း ဟူသင့်၏။

သီးနှင်သည်-ဟူသော ဝေါဟာရကိုထည်း သစ်သီး ကဲ့သို့ မျိုအပ်သော ဝတ္ထု သီးသန့်စုပုံခဲ့းလုံး၍ မကျေမပျက် တည်သဖြင့် အသင့်အတင့် မလျော မကျနိုင်၍ ဆန်တက်သော လေသံကို ဆိုသောအရာဖြစ်၍ သတောတူယူရအံ့သို့ရှိသည်။

သီ-ကာရန္တ ပြီးပြီ။

သူ

၂၃၂-သဗ္ဗည်း ဥကာရန္တဒ္ဒ် ဝေါဟာရကို ပြခြင်း

သူ-ကာရန္တဒ္ဒကား ဝေါဟာရမထင်။ ။သုဎာ၊ ဎာ-စသည်ဖြင့် ဆိုမိန့်သောအရာကား နောက်ပုဒ်၌ သမ္ဘန်ဖြစ်ကောင်းသော အရာ၏-ဟူသော သမ္ဘန်အနက် ထင်စွာ မဆို၊ သမာသ်၏အဖြစ်ဖြင့် ဆိုသောအရာ ရောက်လသော် ဒီဃအသံသည် ရဿအသံ ရောက်မြဲးဖြစ်၏။သူ၏ဥစ္စာဟူ၍ ဝါကျအခါ ဧ၏-ဟူသော သမ္ဘန်အနက်ထင်စွာ မဆို။ သမာသ်၏အဖြစ်ဖြင့် သုဥစ္စာဟူ၍ ဆိုလသော်၊ သူ-ဟူသော ဒီဃအသံသည် သု-ဟူ၍ ရဿအသံဖြစ်၏။ ဤနည်းအတူ သုကျေး,သုကျွန်, သုရဝ်, သုရွာ,သုမိုး,သုမြေ-ဟူသော ဆိုမိန့်ခြင်း၊ ဝါ၏-ဥစ္စာဟူ၍ ဝါ-ဟူသော ဒီဃအသံကို ဥစ္စာ,ကျေး,ကျွန်-စသည်ဖြင့် ဆိုမိန့်ခြင်း၊ ဘုရား,တရား,ရဟန်းသဗ်ာတို့၏ဥစ္စာဟူသည်ကို ဘုရ၃ဥစ္စာ,တရ၃ဥစ္စာ,သဗ်၃ဥစ္စာ-ဟူ၍ ဆိုမိန့်ခြင်း၊ ရဟန်းတို့၏ဥစ္စာ, အရှင်စိုးမင်းတို့၏ ဥစ္စာဟူ၍ နှ-သတ် ဂ-သတ်အသံသည်ထည်း ဒီဃအသံထည်းကောင်းဖြစ်ဟျက် ရဟန်ဥစ္စာ, အရှင်ဥစ္စာ, စိုးမင်ဥစ္စာ-ဟူ၍ အမြစ်သံသည် ရဿထည်းကောင်းဖြစ်၍ ရဿအသံ ပေါက်သည်ပင်ဖြစ်၏။ ဤနှင့်ဟျော်စွာ သုဎာ ဎာ-ဟူသည်၌ သူ၏ဎာ-ဟူ၍ ဒီဃအသံဖြစ်သော ဥကာရန္တမူလဖြစ်၏။

သု-ကာရန္တ ပြီးပြီ။

သူ

၂၃၃-သဗ္ဗည်း ဥကာရန္တဒ္ဒ် ဝေါဟာရကို ပြခြင်း

သူ-ကာရန္တဒ္ဒကား ယခင် သူဂေါ-ဟူသော ဝေါဟာရတရပ်၊ တသူဟူသော ဝေါဟာရ၊ အသံတသူသူဟူသော ဝေါဟာရ၊ ဤသို့စသည်ဖြင့် မူလအသံသာထင်၏။ထိုတွင် သူဂေါ-ဟူသည်၌ သူဟူသောစကားအရကား နာမဒြပ်

မထင်၊ အမှတ်မဲ့ဆိုလိုသောအရာ၌ သည်သူ,ဤသူ,ထိုသူ-ဟူ၍ သတ္တဝါတို့၏အမည်ထူးကို အတတ်မသိ မရတည့်သဖြင့် ဆိုမိန့်သော စကားခွန်းမျှသာတည်း။

တရေတသူ-ဟူသည်၌ကား အထက်သို့ဆန့်သော ထက်ဖျားမှသည် အောက်ခြေဖျားမျှသော ပမာဏကို 'တသူ' ဟူ၍ ရှေးသူဟောင်းတို့ ဆိုမိန့်သော အရာမှသာဖြစ်၏။ ။အသံတသူသူ-ဟူသည်၌ကား နားဝယ်ထင်သော အသံမျှကိုစွဲ၍ ဆိုမိန့်သော အရာမျှသာဖြစ်၏။ ထိုအသံကား အောက်၌ * ဆိုအပ်ပြီးသည်နှင့်အညီ၊ တရွရွဟူ၍ ထည်းကောင်း,တရွားရွားဟူ၍ ဝိသဇ္ဇနီသံထည်းကောင်း ဆိုမိန့်သည်နှင့်မပြား။ သူသူ-ဟူသောအသံကို သင်္ကရိုင့်၌ 'ရှ' ဟူ၍ ဆိုမိန့်သည်များ၏။ ထို ရှ-အက္ခရာကား အောက်၌ ပြခဲ့သည်နှင့်အညီ ရေးသဖြင့် လူပြိန်းတို့ရေးခက်ဖတ်ခက်အံ့စိုး၍ ရ-တွင်ဟာဆွဲးရေးသည်သာ။ တသူသူဟူသည်,တရွရွဟူသည် မပြားဟူ၍ ထည်း ဆိုသင့်၏။

သူ-ကာရန္တပြီးပြီ။

သေ—သေး—သေ့၊ သွေ—သွေး—သွေ့

၂၃၄—သဗ္ဗည်း ကောရန္တ၌ ဝေါဟာရကို ပြခြင်း

သေ-ကာရန္တ၌ကား သက်သက်ထည်းကောင်း,ဝဆွဲးထည်းကောင်း ထင်၏။သေချာသည်၊သေဖျောက်သည်၊ ရှိသေသည်၊ သေအရက်-ဟူသော ဝေါဟာရတို့ကား မူထအသံ။ ။သေးဖွဲးသည်၊မလာမရောက်သေးဟူသော ဆိုမိန့်ခြင်း, ပြုလသေး၊ မူထသေးဟူသော ဆိုမိန့်ခြင်း, ပန်းသေးဟူသော လူမျိုး၏အမည် စသည်တို့ကား ဝိသဇ္ဇနီသံ။ ။မင်သွေ့၊စပ်သွေ့၊ခြင်သွေ့ဟူသော ဝေါဟာရတို့ကား အမြစ်သံတည်း။ရှောင်သွေသည်ဟူသောဝေါဟာရကား ဝ-ဆွဲးရာ၌ မူထအသံတည်း။ ။သွေးခေါ်သည်၊ အသားအသွေး၊ အဆင်းအသွေး၊ ခားထက်နက်သွေးသည်၊လူရည်သွေးသည်-ဟူသော ဝေါဟာရတို့ကား ဝိသဇ္ဇနီသံတည်း။ ။နွမ်းသွေ့သည် ဟူသော ဝေါဟာရကား အမြစ်သံတည်း။

ထိုတွင် သေချာ၏-ဟူသည်ကိုခွဲ၍ ယူကောင်းအံ့သို့ရှိ၏။ ရှိဟန်ကား… သေဝ်သည်၊သေသတ်သည်၊ x သေခွေသည်-ဟူသောဝေါဟာရတို့၌ မလုပ်မရှား ငြိမ်သက်

---

* ခေါင်းစဉ် (၂၀၉) ရှုး-အခန်း။
x ခေါင်းစဉ် (၃၇၃) သတ်အခန်းကိုထောက်၍, ထ—သတ်ပြင်သည်။

စွာတည်ခြင်းကို သေသည်၊ ပျက်ဝင်စွာဖြစ်သည်ကို ဝပ်သည်၊ ဤစကားနှစ်ရပ်ပေါင်း၍ 'သေဝပ်သည်'။ ။သေသတ်၏-ဟူသည်၌ထည်း သတ်-သည်ကား အကြောင်း, သေ-သည်ကား အကျိုးဟူ၍ ထည်းကောင်း၊ သေသည်-ဟူသော ဝေါဟာရသာ အနက်ရှိ၍ သတ်-ဟူသောဝေါဟာရကို ပြေပြစ်ရုံမျှဖက်ကာသာဟူ၍ ထည်းကောင်း ယူသင့်၏။ ။သေခွေ-ဟူသည်၌ သေ၏အရကို ယူမြဲယူ၍ ခွေ၏-အရကို အစွန်း အစမထင် သိပ်သည်းသည်, ကျစ်ထစ်သည်ဟူသော အနက်ယူ၍ ခွဲသော်သာ ရကောင်းသကဲ့သို့ သေချာသည်-ဟူသော ဝေါဟာရ၌ထည်း သေ၏-အရကို ဆိုမြဲ အနက် ယူသော်ရ၏။ ချာ၏-အရကို အချက်အချာ ထိရာဖြစ်၏, အချာသို့ ရောက်၏-ဟူ၍ အနက်ရကြီသော် ထည်းကောင်း, ပြေပြစ်ရုံမျှ ဖက်သည်ဟူ၍ ထည်းကောင်း ခွဲ၍ယူကောင်းအံ့သို့ရှိ၏။

သေပျောက်သည်-ဟူ၍ ဆိုရာ၌ သေ၏-ဟူသည်ကား ယခင် မလှုပ်မရှား ငြိမ်သက်ခြင်းအနက် ထည်းကောင်းတည်း။ ထိုအနက်ကိုယူ၍ အစအနသေသည်၊ မျက်စိမျက်နှာသေသည်၊ အိုးသေသည်၊ နီးစွယ်စသေသည်၊ သစ်ပင်ဝါးပင် သေသည်၊ လူသူကျွဲနွား သေသည်-စသော ဝေါဟာရ တို့ကား 'မလှုပ်မရှား ငြိမ်သက်ခြင်း အနက်'ချည်း ဖြစ်၍ 'သေသည်' ဆိုသည်ယူသင့်၏။ ။သေအရက်-ဟူသည်၌ သေ-ဟူသည်ကား အမည်မျှသာ ယူသင့်၏။

သေးဖွဲးသည်-ဟူရာ၌ သေး၏-ဟူသည်ကား ငယ်ထျခြင်း အနက်တည်း။ ။ မထာမရောက်သေး-ဟူသည်၌ သေး-ဟူသော ဝေါဟာရကား 'ထာရောက်ထတ်တံ့ ဟူသော အနာဂတ် ကာလကို အထူးထင်စေသော အရာမျှသာတည်း'။ ကာလ အားဖြင့်ကား ပစ္စုပ္ပန်အနက် ယူသင့်၏။ ။ပြိုလသေး, မူလသေး-ဟူသည်၌ကား တိုက်တွန်းခြင်း အနက်တည်း။ ။ပန်းသေး-ဟူသော လူမျိုးတို့၏ အမည်ကား ခေါ်ဝေါ်ကာမျှလည်း ယူသင့်၏။ ထိုသူသို့၏ ရွက်ဆောင်ရန် အရှင် စိုးမင်းတို့၏ အခွင့်အပန်း မတြီး၊ သေးငယ်၏ဟူသော အနက်ကို သော်လည်း ယူသင့်၏။ ဤ၌ ပြိုလသေး, မူလသေး, ပန်းသေး-ဟူသော ဝေါဟာရတို့ကား ရှေးသူဟောင်းတို့၏ ဝေါဟာရသာဖြစ်၏။

မင်သွေ့, စပ်သွေ့သည်-ဟူသော အမြစ်ဆံဝေါဟာရ၌ သွေ့၏-ဟူသည်ကား သွတ်သွင်းခြင်း အနက်တည်း။ ထိုနှင့်လျော်စွာ လူတို့၏ကိုယ်၌ မင်ကိုသွတ်သွင်းထို၍ ထိုးဆွတ်သည်ကို 'မင်သွေ့ထိုးသည်'၊ လွေနံငယ်နိမ့်ခံတင်၍ စပ်ထပ်သွင်းသည်ကို 'စပ်သွေ့သည်' ဆိုသည်။ ဤ၌ လူတို့ကိုယ်ဝယ် ထိုးဆွတ် သွတ်သွင်းသည်ကိုသာ 'မင်သွေ့' ဆိုသည်ထင်ဖွယ်ရှိ၏။ "စာလုံးကြွေ့ကြွေ့၊ မင်သွေ့လှလှ"-ဟူ၍ မင်ဖြင့်

ရေးသောစာလုံးကို မင်သွေ့-ဆိုသောအရာ ထင်သည်ကို ထောက်မူ လူတို့ကိုယ်မှ တပါး ဆိုကောင်းသည်ပင်ယူသင့်၏။ ။ခြေသုံ့-ဟူသည်ကား အမည်မျှသာ ဖြစ်သင့်၏။

ဝဆွဲးသော အရာ၌ ရှောင်သွေသည်-ဟူသော ဝေါဟာရကား လွှဲးပယ်ခြင်း အနက်တည်း။ ထိုအနက်ကို ရှောင်သည်, လွှဲးသည်, သွေသည်, ချော်သည်-စသော ဝေါဟာရအများထင်၏။

သွေးခေါ်သည်-ဟူသော ဝိသဇ္ဇနီဆံ၌ကား ဖျောင်းဖျသည်၊ ချော့မော့ခေါ်ဆင်သည်-ဟူသောအနက်တည်း။ ။အသားအသွေး-ဟူသော ဝေါဟာရ၌ အသွေး-ဟူသည်ကား ဆံ့အမွေး, ခြေသည်း, လက်သည်း-စသော ဒွတ္တိံသကာယ၌ အကျုံးဝင်သော ထောဟိတ သဒ္ဒါ၏အနက်။ အာပေါ အဓိကရှိသော စတုဇအဋ္ဌကထာဝဏ္ဏ၏ အမည်မျှတည်း။ ။ထိုအသွေးဟူသောဝေါဟာရကား နိသောအဆင်းထင်၍ ထောဟိတ-သဒ္ဒါ၏ အနက်ဖြစ်၏။ ။မီးသွေး- ဟူသည်၌ကား ဆိုထတ်သော အဆင်းအသွေး-ဟူသော အနက်ဖြစ်၍ မီး၏ အဆင်းအသွေးဟူသော အနက်ဖြစ်သင့်၏။ မီး၏ အဆင်း အသွေးကဲ့သို့ မနီ၊ ညိုသည်, ဝါသည်-သာတကားဟူအံ့။ မီးလောင်စာ မီးစားသော သစ်ဝါးတို့၏ ညိုမည်းသော အဆင်းထင်မြဲ။ထိုနှင့်လျော်စွာ မီးကို ကဏ္ဍဝတ္ထုနီ-သဒ္ဒါဟောသည်။ ထိုသဒ္ဒါ၏ အနက်ကား သွားရာမည်းသော ထန်းကြောင်းရှိသည်၊ မည်းသောအဆင်းကို ဖြစ်စေတတ်သည်ဟူလို၏။ ဤကို ထောက်၍ မည်းသောအဆင်းကို 'မီး၏ အသွေးအဆင်း' ဟူသင့်၏။

အသွေးအဆင်း-ဟူသည်၌ အသွေး-ဟူသော ဝေါဟာရကား နီသည် ကိုသာ မဆိုသာ၊ ဝါသော အသွေး, ပြာသော အသွေး, စိမ်းသော အသွေး-စသည်ဖြင့် အဆင်းခပ်သိမ်းကိုပင် ဆိုသင့်သောအရာဖြစ်၏။ ။ဓားထက်နက် သွေးသည်-ဟူသောအရာ၌ကား ထက်မြက်စွာဖြစ်စိမ့်ဟု ပွတ်ရှာခြင်းအနက်တည်း။ ။နွားချိုသွေးသည်, ထူရည်သွေးသည်-ဟူသော ဝေါဟာရကို ထက်မြက်စိမ့်သည်ကို လှုံ့ထမူသော အရာဖြစ်၍ သဘောမကွဲးသည်ဖြစ်၏။ ။နွမ်းသွေ့သည်-ဟူသော ဝေါဟာရကား အရည်အဆင်း ခန်းခြောက်ခြင်း ဖြစ်သည်ဟူသော အနက်တည်း။

သေ-ကာရန္တပြီး၏။

သဲး

၂၃၅-သဗျည်း အဲးကာရန္တ်၌ ဝေါဟာရကို ပြခြင်း

သဲး-ကာရန္တ်ကား ကျောက်စစ်သဲး၊ အဆံသဲးသဲး၊ ပန်နက်သဲး-ဟူသော ဝေါဟာရကား သသက်သက်မူထအသံမျှသာထင်၏။ထိုတွင် မြင့်မိုရ်တောင်ပမာဏမှလျော့ဆုတ်၍ တဆင့်ပမာဏမကကို 'တောင်' ဆိုသည်၊ ထိုတောင်အောက်လျော့ဆုတ်၍ ထက်သီးဆုပ်မကကို 'ကျောက်ဆောင်'၊ထိုအောက်လျော့ဆုတ်၍ ဝဲးနောက်လုံးမကကို 'ကျောက်စစ်'၊ ထိုအောက် လျော့ဆုတ်၍ ငယ်လျော့သော ကျောက်မှန့်ကို 'သဲး' ဟူ၍ လည်းကောင်း, 'သလဲး' ဟူ၍ လည်းကောင်း ခေါ်ဝေါ်ခြင်းပမာဏကို ပညတ်ခြင်း အမည်မျှသာတည်း။ ။အဆံသဲးသဲး-ဟူသည်၌ကား တရွရွ,တသူသူ-ဟူသည်ကဲ့သို့ နား၌ထင်သော အသံမျှကိုစွဲ၍ ဆိုမိန့်သော အရာသာတည်း။

ပန်းနက်သဲး-ဟူသည်၌ နောက်ပစ်စပ်အင်ကိုဆင်ခြင်ထျင် သဘောအားဖြင့်ကား ကျောင်းအိမ်ဆောက်လုပ်ရာ မြေရပ်၌ နတ်ရဲးစသည်တို့ စောင့်နေလင့်သည်ဖြစ်ဘိမူ ထိုသူတို့နေရပ်ဝယ် ဆောက်လုပ်နေထိုင်အံ့ဖြစ်၍ လွတ်ရာရှောင်လွဲးကြောင်း အခွင့်တောင်းသော အခြင်းအရာဖြစ်သော ဆန်ပန်းကြဲးသွန်ခြင်း၊ ဥရု,ကြင့်နှံ, ကွန်းစဉ့်, သေသဉ်တိုင်-စသည်တို့ အရာအချက်ကို မှတ်လိုရ်၍ သဲးစု, တံသင်းနှက်မှတ်ခြင်းကို မူသောအရာဖြစ်၍ 'ပန်နက်သောသဲးစု' ဟူ၍ လည်းကောင်း, "ပန်၍နက်မှတ်သော သဲးစု' ဟူ၍ လည်းကောင်း ဆိုလိုသော အရာသဘောကဲ့သို့ရှိ၏။ နောက်နောက်သော သူတို့သည် သဲးကိုမစု ဝါစေ့စသော ထင်မြင်သော ဝတ္ထုကို စုလေသော်ထည်းကောင်း, တံသင်းနှက်ကာမျှကိုသော်လည်းကောင်း အတွင်အားဖြင့် ဆိုမိန့်သည်ကို ယူမူ သင့်ကောင်း၏။ ဤအလိုသော် ယခင်"ကျောက်စစ်သဲး" ဟူသည်နှင့် အနက်မကွဲးဖြစ်၏။

ရုပ်သဲး-ဟူသောအရာ နောက်ပစ်ရေးသည်ကား ယ-သတ်ကို လိုရင်းမူလ ဖြစ်သင့်၏။ သယ်ဝိုးသည်-ဟူသောအနက်ကို အားမကြိုးလွန်းသောအရောဖြစ်၍ မြစ်သံဆိုသည်သာ ယူသင့်၏။ သွယ်သည်, ခွဲသည်-ဆိုမိန့်သော အရာလည်း ဤနည်း အတူလည်းကောင်း ဖြစ်သင့်၏ ဟူ၍ မထုတ်သည်။

သဲး-ကာရန္တ်ပြီးပြီ။

သော-သော့

၂၃၆-သဗ္ဗည်း သြကာရန္တဒ္ဒ ဝေါဟာရကို ပြခြင်း

သော-ကာရန္တဒ္ဒကား တသောသောဟူ၍ ဆိုမိန့်ခြင်း 'ထသော သောစ ဝိသေသနံ' ဟူသောသဒ္ဒါဆရာတို့၏ အဓိန္နှင့်အညီ ထသော-ဟူ၍ ထည်းကောင်း, သော-ဟူ၍ ထည်းကောင်း ဝိသေသနအနက် ဖြစ်သင့်သော အရာ-

"ကျတ်ခေါက်ကောင်းကင်-ထွတ်တင်သော" [၁]
"ပျင်းနတ်ကောင်းကင်-တံခွန်သော"-

စသည်ဖြင့် ကြိယာအနက် ဖြစ်သင့်သောအရာ,ဤသို့စသည်ဖြင့် သက်သက်မူထအသံ၊ သော့ကျင်-ဟူသော အမည်, သွပ်သော့သည်၊ ပေါ့သော့သည်၊ သွမ်းသော့သည်၊ အသော့ အလျင်-ဟူသော အမြစ်သံထင်၏။

ထိုတွင် တသောသော-ဟူ၍ ဆိုမိန့်ခြင်းကား ထူသံသောသော၊ ရေသံ, ထေသံ သောသော-စသည်ဖြင့် နာန်္ဒထင်သော အသံမျှကိုစွဲး၍ ဆိုမိန့်သော အရာ ထည်းကောင်းဖြစ်၏။

ထသော-ဟူသော ဝိသေသနအနက် ဆိုမိန့်ဟန်ကား....ပညာ အားနှင့်ထည်း ပြည့်စုံထသော, ထက်ရုံးအားနှင့်ထည်း ပြည့်စုံထသော-စသည်ဖြင့် ဆိုမိန့်သောအရာ ထင်၏။ သော-ဟူသော အနက် ဆိုမိန့်ဟန်ကား...."ယောကျ်ားဤသူ၊ ရဲးသောဟူ ထျင်"....စသည်ဖြင့် ဆိုမိန့်သော အရာထင်၏။

သော-ဟူသောစကားခွန်းအရကို သ-ဟူ၍ ထည်းကောင်း, သား-ဟူ၍ ထည်း ကောင်း, သည်-ဟူ၍ ထည်းကောင်း ဆိုထေသည်ထည်း များ၏၊ မလွမ်းသူ, မမာ သူ,မာသူ-စသော ဆိုမိန့်ခြင်းတို့၌ မလွမ်းသောသူ,မမာသောသူ, မာသောသူ-ဟူ၍ ဆိုသင့်သောအရာကို သ-ဟူ၍ ဆိုသည်ဖြစ်၏။

"ပြောစည်နဂိုရိ၊ ချက်မြုပ်သိုသား၊ မပြိုမျိုးဆွေ"
"ဖက်ခဲ့ကျုံးသား၊ အားသုံးထောင်ထား-" [၂]

စသည်ဖြင့် သား-ဆိုမိန့်သော အရာကား ထင်စွ။

"ချစ်သည်သူဝမ်း၊ အလွမ်းဂွန်းသွယ်"
"ပုံကားမချစ်၊ ပစ်သည် ဥစ္စာ" [၃]
"ပုံကား နွယ်စစ်၊ ဖြစ်သည်ငကိုယ်"-

---

၁ နောင်၊ ဖြန့်ဝန်းစကြာဂီရတု။ ၂ ကိုး * ၁။ ၃ ကိုး * ၂၅၁။

ဤသို့ စသော ဆို မိန့် ခြင်း တို့၌ ချစ်သော သူ, ပစ်သော ဥစ္စာ။ ။"ပုံဏား နွယ်စစ်၊ ဖြစ်သောငကိုယ်" ဟူ၍ ဆိုသင့်သော အရာဖြစ်၏။ယင်းသို့စသည်ဖြင့် 'သ' ဆိုသောအရာ၊ 'သား' ဆိုသော်အရာ၊ "သည်" ဆိုသော အရာတို့ကား ထသော ဆိုသည်နှင့် မပြားကြ၊ ဝိသေသန အနက်ချည်းတည်း။

ယင်းမှတပါး ကြီးမြတ်သ၌၊ ကြီးမြတ်သတည်း၊ ကြီးမြတ်စေသတည်း-စသည်ဖြင့် ဝိသေသနအနက် မယူသင့်သော အရာလည်း များစွာထင်၏။ "အလိုအကျင့်၊ မြတ်သဖြင့်ထျင်"ဟူ၍ ဆိုသောအရာ၌ကား "အကြင်သော၊ တပ်သောအား၌" ဟူ၍ ဆိုသောအရာ၌ကဲ့သို့ မြတ်သောအား၌ဟူ၍ ဝိသေသနအနက် ယူသင့်သော အရာဖြစ်၏။ ဤ၌ သော-ဟူသောစကားခွန်းကား တုဏ္ဍာဓိကရဏ ဝိသေသန။ အား၌-ဟူသည်ကား ဘိန္နာဓိကရဏ ဝိသေသနတည်း။ဝိသေသန နှစ်ထပ်စပ်ထျက် မနေသင့်တကားဟူအံ့၊ စပ်ရာဆိုက်ရာပြား၍ နေသင့်၏။

ပြားဟန်ကား....တပ်သောအား၌ ဟူသည်တွင် တပ်သော-ဟူသော ဝိသေသန ပုဒ်ကို တပ်သောအခြင်းအရာ-ဟူ၍ အခြင်းအရာ-ဟူသော ပုဒ်ကို သွင်း၍ စပ်ရာဆိုက်ရာ၏။ ထိုအခြင်းအရာအား၌ဖြင့် "မယားသားဆု၊ရမ္မတောင်းချေ"ဟူ၍ အား၌ဖြင့် ဟူသောဝိသေသနကို တောင်းခြင်းကြိယာဝယ် စပ်ရာဆိုက်ရာ၏။ဤသို့ စပ်ရာဆိုက်ရာ ပြားသည်ဖြစ်၏။ ဆင်ခြင်။

"ကျတ်ခေါက်ကောင်းကင်-ထွတ်တင်သော" စသည်ဖြင့် ကြိယာအနက်ဖြစ်သင့် သောအရာ၌ သော-ဟူသော စကားခွန်းကား တကား, တမှ်, ၏, ၍-စသောကြိယာ မျိုး ခြောက်ဆယ်ရှိသော ဟူသည်တွင် ဝင်၏။ ထိုဝေါဟာရကား ကြိယာအနက်ကို ထင်စေကာမျှသာတည်း။

သော့ကျင်-ဟူ၍ အမြစ်သံဆိုသော ဝေါဟာရကား အမည်မျှသာ ဖြစ်သင့်၏။ ထိုဝေါဟာရကား စာဟောင်းတို့၌မထင်၊ တံခါး, မင်းတုပ်ဟူသော အမည်သာထင်၏။ ။သွပ်သော့သည်၊ ပေါ့သော့သည်၊ သွမ်းသော့သည်-ဟူသော ဝေါဟာရတို့ကား သွပ်သည်, ပေါ့သည်, သွမ်းသည်-ဟူသော စကားအနက်ထင်၍ သော့သည်-ဟူသော စကားအနက် မထင်။ ပြေပြစ်ရုံဖက်ကာမျှသာ ဖြစ်၏။ ။အသော့အထျင်-ဟူသော ဆိုမိန့်ခြင်း, အဆောအထျင်ဟူသောဆိုမိန့်ခြင်းကား အဆောတထျင်ပြုသည်ဟူသော ဆိုမိန့်ခြင်းတည်း။ ထိုစကားခွန်းကား စာဟောင်းပေဟောင်းတို့၌ မထင်။

သော-ကာရန္တပြီးပြီ။

သော်

၂၃၇-သဗျည်း သြော်ကာရန္တဋ္ဌ ဝေါဟာရကို ပြခြင်း

သော်-ကာရန္တဋ္ဌ....ပြုလသော်, မူလသော်-စသည်ဖြင့် လက္ခဏာအနက်ဆိုသော အရာမျှသာထင်၏။

"တစိမပျော်၊ မင်းသူတော်ကား၊ နေသော်ကောင်းနိုး"
"မဆံရွှေဘော်၊ ကိုယ်ထီးပျော်ဟျက်၊ ချစ်သော်ချစ်နှန်း"
"လွန်ချစ်ကျွမ်းဆော်၊ မိသူတော်ကား၊ ချစ်သော်ချစ်ကျိုး"

စသည်ဖြင့် သော်-ဟူသော ဆိုမိန့်စပ်ဟပ်ခြင်းကား ထင်ရှားစွ။ လက္ခဏ-လက္ခ၂၊ လက္ခဏဝန္တ-လက္ခဝန္တတို့၏ သဘောအထူးကို အောက်၌ ဆိုခဲ့ပြီ။

သော်-ကာရန္တပြီးပြီ။

ဟ

၂၃၈-ဟဗျည်း အကာရန္တဋ္ဌ ဝေါဟာရကိုပြခြင်း

ဟ-ကာရန္တဋ္ဌကား ပွက်ဟသည်၊ ရယ်ဟသည်၊ တဟဟ ပြောဆို ရယ်မောသည်၊ ဤသို့ ဟ-သက်သက် ဆိုမိန့်ခြင်းသာ ထင်၏။ ထိုဝေါဟာရကား ဖွင့်လှစ်ခြင်းအနက်ထင်သော်ထည်း သတ္တဝါတို့၌သာ, သင်္ဘဝါဒ္ဓသော်ထည်း ခံတွင်းနှုတ်သီးဖွင့်ခြင်းကိုသာ 'ဟ-သည်' ဆိုသောအရာထင်၏။ တဟဟ ရယ်သည်သာမဆို၊ တဟက်ဟက်,တဟီဟီ, တဟာဟာရယ်မောပြောဆိုသည်ဟူ၍ ဆိုမိန့်ခြင်းကား ဟက်ဟက်,ဟာဟာ-ဟူ၍ နားဥာဏ်ထင်သောအသံကိုစွဲး၍ ဆိုမိန့်သော အရာမျှသာတည်း။

ဟ-ကာရန္တပြီးပြီ။

ဟာ

၂၃၉-ဟဗျည်း အာကာရန္တဋ္ဌ ဝေါဟာရကိုပြခြင်း

ဟာ-ကာရန္တဋ္ဌကား ယခင် တဟီဟီ,တဟာဟာ-ဆိုမိန့်သောအရာ၊ 'ဟာဟာတိဝိယဝစနံ' ဟူသော သဒ္ဒါဆရာမြတ်တို့၏ အမိန့်နှင့်အညီ စုံမက်သဖြင့် ဟာဟာ-ဟူ၍, ဆိုမိန့်သောအရာ၊ ထစ်ဟင်းသည်ကို ဟာသည်-ဆိုမိန့်

သောအရာမျှသာထင်၏။ ။ထိုထွင် တဟီဟီ တဟာဟာ-ဟူသည်ကို ဆိုခဲ့ပြီ။စုံမက်သဖြင့် ဟာဟာ-ဆိုသောအရာကား-

"မယားချစ်သူ၊ ဟာဟာဟူလျက်၊ ရှိန်ပူငြိုးငြိုး"
"ဟင်းထင်းမတဲ့၊ ဟာပျောက်ခဲ့ဟု"

စသည်ဖြင့် စင်ဟင်သောအရာထင်၏။ ။လစ်ဟင်းသည်ကို ဟာ၏-ဟူ၍ ဆိုမိန့်သော အရာကား...."ဟက်ဟက်ဟာဟာ၊ ဆာဆာလောင်လောင်။ ။ထွက်ဝင် သက်လုံ ဟာ၏တည်း။ ။သည်းထွင်ထောင်းထောင်းနာ၏တည်း"....စသည်ဖြင့် ဆိုမိန့်သော အရာထင်၏။

ဟာ-ကာရန္တ ပြီးပြီ။

ဟိ-ဟီ

၂၄၀-ဟဗျည်း ဣကာရန္တဒ္ဒဝေါဟာရကို ပြခြင်း

ဟိ-ကာရန္တဒ္ဒကား မထင်။ ။အောက်၌ * ဆိုခဲ့ပြီးသည်နှင့်အညီ မရှိ-ဟူအံ့သည်ကို မဟိ-ဟူ၍ ရေးမှတ်သောအရာမျှသာ ထင်၏။ထိုဒ္ဒလည်း ဟအက္ခရာ ရေးလှည့်ကာသာ၊ ဖတ်သံကား ရ-ယ, အက္ခရာ ဟဆွဲးသံဖတ်ရွတ်သည်သာဖြစ်၏။ ။ဟိ-ကာရန္တဒ္ဒကား....ယခင် တဟာဟာ-တဟီဟီ-ဟူသော အသံမျှသာထင်၏။

ဟု

၂၄၁-ဟဗျည်း ဥကာရန္တဒ္ဒ ဝေါဟာရကို ပြခြင်း

ဟု-ကာရန္တဒ္ဒကား....အာကာရအနက်ဖြစ်သော ဟူ၍-ဆိုသင့်သော အရာကို 'ဟု' ဆိုသောအရာထင်၏။

"ငါပေးသည်ဟု၊ ယုံကြည်မှတ်မှား"
"ရွဲးရွဲးဆီရည်၊ ထွက်စိမ့်သည်ဟု၊ ဆုံကြည်အဝ" ၁

စသည်ဖြင့် ဟု-ဆိုမိန့်သောအရာ။ ။"ဤသို့ဟူ၍၊ လူတို့အသက်။ ။ဤသို့ဟူ၍၊ လူတို့သခင်" စသည်ဖြင့် 'ဟူ' ဆိုမိန့်သောအရာတို့ကား အာကာရအနက်တည်း။ အာကာရအနက်ဟူသည်ကား အခြင်းအရာကို ထုတ်ဆိုသောအနက်ဟူလို၏။

ဟု-ကာရန္တ ပြီးပြီ။

---

* ခေါင်းစဉ် (၂၀၆) ရှိအခန်း။ ၁ ကိုး * ၃၃။

ဟူ

၂၄၂-ဟဗျည်း ဥကာရန္တဒ္ဒ ဝေါဟာရကို ပြခြင်း

ဟူ-ကာရန္တဒ္ဒကား "ဤသို့သည်သူ၊ ယောက်ျားဟူသား။ ။လူတို့ဒ္ဒတွင်၊ ငါစင်သည်သူ၊ မျိုးမြတ်ဟူလျက်။ ။လူဖြစ်ဆန်းသား၊ ယောက်ျားဤသူ၊ ရဲးသော ဟူလျက်၊ ကြောက်မှကြောက်ထား"---စသည်ဖြင့် ဆိုမိန့်သောအရာ ထင်၏။ ထို ဟူ-ဆိုသော ဝေါဟာရကား မြန်မာဘာသာမူလမဟုတ်၊ မာဂဓဘာသာ မူလကဲ့သို့ရှိ၏။ မာဂဓဒ္ဒေ ဟူ-သဒ္ဒါကား ခတ်တည်း၊ ထိုခတ်ကား [ခတ္ထတ္ထော အနေကတ္ထော၊ ခတုသဒ္ဒါ ကြိယာဝါစီ] ဟူသည်နှင့်အညီ စားခြင်း, သွားခြင်းစသော မရေတွက်နိုင်သော ကြိယာအနက်ကို ဟောသင့်၏။ ထင်သောအားဖြင့်ကား ဟူ-ဘူ သတ္တာယံ-ဟူသည်နှင့်အညီ ထင်ခြင်းအနက်ကို လည်းကောင်း, သုခံဟောတု၊ အနီဿာဟောန္တု၊ စသည်တို့၌ ဖြစ်ခြင်းအနက်ဆိုသည်နှင့်အညီ ဖြစ်ခြင်းအနက်ကို လည်းကောင်း ဟောသောအရာ ယေဘုယျထင်၏။ ထိုဖြစ်ခြင်း, ထင်ခြင်း အနက်တို့သည်လည်း ယခင်ထက်ဘအရ ယောက်ျားဟူခြင်း, မျိုးမြတ်ဟူလျက်, ရဲးသောဟူလျက်-စသည်ဖြင့် ဆိုမိန့်သောအရာနှင့်လျော်၏။ ထိုကြောင့် မာဂဓဘာသာမူလသင့်စ္စ။ ဆင်ခြင်။

ဟူ-ကာရန္တပြီးပြီ။

ဟေ-ဟေ့-ဟွေ့

၂၄၃-ဟဗျည်း ကောရန္တနိုက် ဝေါဟာရကို ပြခြင်း

ဟေ-ကာရန္တဒ္ဒကား "ဟေဟေ အနာဒရေစေဝ"[၁] ဟူသည်နှင့်အညီ မရိုသေသော အရာတို့ဒ္ဒ ဟေဟေ-ဆိုမိန့်သောအရာထင်၏။ ။ဤဒ္ဒ အချို့သောသူတို့သည် ဟေ, အဟေ, အရေ-ဟူသော နိပါတ်ပုဒ်တို့သည် ကျွန်အမှုလုပ်စသည်တို့ကို မရိုမသေသဖြင့် ဆိုမိန့်ခြင်းအနက်ကို ဟောသည်ကိုရည်၍, ဆိုသည်ဟု ယူကုန်၏။ ထိုသို့ယူလျှင် "ဇမာဂါထာ မြန်မာဘာသာ"[၂] ဟူသော စကားနှင့်အညီ

၁ သဒ္ဒလက္ခဏဝါဒ္ဒ * ၁၂။
"ဟော ဘောတိ ဂရုကံ ဥဇ္ဈာ၊ ဟာဟာတိ ဝိယဝစနံ။
ဟေဟေ အနာဒရေစေဝ၊ တိဝိဓံ ထဿ လက္ခဏံ။"

၂ သဒ္ဒလက္ခဏဝါဒ္ဒ * ၁၃။
"တိုကုန်မဝါ ကေဝုစ်ဥေ ယျာ၊ တိုကုန်ပါရာ ဗဟုဝုစ်မတာ။
ဇမာဂါထာ မြန်မာဘာသာ၊ ပဏ္ဍိတေဟိ သုဃဋ္ဌိတာ။"

ဤဂါထာကား မြန်မာဘာသာကို ရည်သောအရာဖြစ်ခဲ့၏။နိပါတ်ပုဒ်,ဥပသာရပုဒ် ဟူသည်တို့ကား မာဂဓဘာသာ၌ ဖြစ်ရာခဲ့၏။ ထိုသို့ဖြစ်ခဲ့လျှင် 'ဟေဟေ အနာဒရေစေဝ'ဟူသောစကား၌ ဟေ-ဟူသောပုဒ်သည် နိပါတ်ပုဒ် မာဂဓဘာသာဖြစ်ခဲ့၍ မြန်မာဘာသာအားဖြင့် မဆိုသည့် ကျခဲ့၏။ထိုသို့ မြန်မာဘာသာအားဖြင့် မဆို၊မာဂဓဘာသာကိုရည်၍ ဆိုလျှင်လည်း 'ဇမာဂါထာ မြန်မာဘာသာ'ဟူ၍ မဆိုတန်သည်ဖြစ်၏။ ယင်းမျှသာလည်း ဆိုဖွယ်မဟုတ်။ ဟေဟေ-ဟူ၍ ဟေနှစ်ထပ် နိပါတ်ပုဒ်လည်း မထင်။ ဟေ-ဟူ၍ လည်းကောင်း, အဟေ-အရေ ဟူ၍လည်းကောင်း ဤဆိုသာ နိပါတ်ပုဒ်ထင်၏။ ထိုသို့လျက် ဟေဟေ-ဟူ၍နှစ်ထပ်ဆိုသဖြင့်လည်း မာဂဓ မဟုတ် မြန်မာဘာသာ ဖြစ်ဟန်ထင်၏။

ယင်းမျှသာလည်း မဟုတ် 'တံ ဘဏာမ ဟေ' ဟူသော ဝါကျ၌ ဟေ-သဒ္ဒါကို သူတော်ကောင်းဟူ၍ ဆရာမြတ်တို့ မြန်မာပြန်တော်မူကုန်သည်ကိုထောက်လျှင် ဟေသဒ္ဒါ၏ အနက် မရှိသေသောအရာ မဟုတ်ဖြစ်ခဲ့၏။ [ဥပသဂ္ဂါနိပါတာစ အနေကတ္ထာ] ဟူသည်နှင့်အညီ ရှိသေ-မရှိသေသော အနက် ခပ်သိမ်းကိုပင် ဟောသင့်သည်ဖြစ်၍ မရှိသေသောအနက်ကြီလျှင် 'အနာဒရေစေဝ' ဟူသည်နှင့် ညီအံ့သည် ပင်တကားဟူအံ့။ အရာအားဖြင့် မသင့် ဟန်ကား-ပရိတ်တိုင်သူလည်း သူတော်ကောင်း,လိုက်၍ ရွတ်သူလည်း သူတော်ကောင်းသာ ဖြစ်သင့်၍ သူတော်ကောင်းကို မရှိသေသော ဆိုမိန့်ခြင်းဖြင့် မသင့်သည်ဖြစ်၏။ မသူတော် မရွတ်ကောင်းလော ဟူအံ့။ ရွတ်ခိုက် သူတော်သာ ဟူသင့်သည် ဖြစ်၍, လည်းကောင်း, မသူတော် သော်လည်း သူတော် ဟူ၍သာ ချေငံစွာဆိုသင့်သောအရာဖြစ်၍ လည်းကောင်း'သူတော်ကောင်းတို့' ဟူ၍ ဆရာတို့ ဆိုမိန့်မြန်မာပြန်တော် မူကုန်သည်ကား သင့်သည်သာ ဖြစ်၏။

ယင်းသို့သော် ဆရာမြတ်တို့အနက်ဆိုတိုင်း သူတော်ကောင်းတို့-ဟူသော အနက်ကိုသာ ယူရခဲ့သဖြင့် "အနေကတ္ထာ"ဟူသည်နှင့်အညီ အနက်ခပ်သိမ်းကို ဟော-သဒ္ဒါ မဟောနိုင်သည် ကျခဲ့၏ တကား ဟူအံ့။ ဟောနိုင်သော်လည်း [အတ္ထာပကရဏာ လိင်္ဂါ ဩစိတျာ] ဟူသည်နှင့်အညီ အနက်, အရာ, လိင်, အသင့်, ကာလ, ဒေသ-ဣေါ်စွာငဲ့ခိုက်, မဣေါ်ရာလွှတ်ခိုက်မျှသာ၊ စက္ခုဒ္ဒါရ, သောတဒ္ဒါရစသော ဝိထိစိတ်တို့သည် ပြိုင်ဣေါက်မဖြစ်ရာ၏သို့ အနက်တပါးကို ငဲ့ခိုက် အနက်တပါးလွှတ်သည်နှင့်သည်သာ * [ရညောဟံ ပဟိတောဒူတော] ဟူသည်၌ အဟံ-ဟူသော ပုဒ်သည်

* လွှတ်နှင့်သည်သာ ?

ဒူတော-ကိုဇဲ့ခိုက် ကတ္တား၊ ပဟိတောကိုဇဲ့ခိုက် ကံ၊ ဒူတောကို ဇဲ့ခိုက် ရညော-ဟူ၍့ သမ္ဓန်၊ ပဟိတောကိုဇဲ့ခိုက်ရညော-ဟူ၍့ အဝုတ္တကတ္တားဖြစ်သဖ်ဟန်ကိုထည်းကောင်း, [တရန္တော နာဝါယ ဥပရိ] ဟူသည်၌ နာဝါယသည် တရန္တောကိုဇဲ့ခိုက် ကရိုက်း၊ ဥပရိကိုဇဲ့ခိုက် သမ္ဓန်။

မြန္မာမှုဋ္ဌကား....

"ရှေးသရောခါ၊ အသူရာတို့၊ နတ်ရွာမြင့်ဖြူး၊ မြင့်မိုရ်ဦးဝယ်၊ နတ်မူး နတ်စစ်၊ နတ်ကြီးဖြစ်ထျက်၊ မချစ်သိကြား၊ ချသောအားဖြင့်၊ စဉ်ပါးမြေမှာ၊ ကျတုံ ထာသော်၊ တုံခါစိုးဝိုင်၊ မကြိုနိုင်ပဲး၊ သင်းသီးကွဲးခဲ့၊ တဝဲးရစ်ရစ်၊ ဖြစ်စဉ်းနိုး။ စစ်မက်ထိုးထည်း၊အကျိုးမနံ၊ ဝဲးနှယ်ယွဲ့သည်-ဝေးလံယခုထက်တိုင်တည်း"ဟူသော ထက်ာ၌ အသူရာတို့-ဟူသော ပုဒ်သည် နတ်မူးဖြစ်သည်၊ စဉ်ပါးသည်၊ မြေမှာကျသည်၊ မကြိုနိုင်သည်၊ သင်းသီးကွဲးသည်၊ တဝဲးရစ်ရစ်ဖြစ်သည်၊ စစ်မက်ထိုး သည်၊ ဝေးလံသည်-ဟူသော စကား၌ ဆိုက်သော် အသူရာသည် နတ်မူးဖြစ်သည် စဉ်ပါးသည် စသည်ဖြင့် ကတ္တားအနက်၊ သိကြားမချစ်သည်ချသည်-ဟူသောစကား ၌ ဆိုက်သော် အသူရာကို သိကြားမချစ်၊ချသည်ဟူ၍့ ကံအနက်၊ 'အကျိုးမနံ၊ ဝဲး နှယ်ယွဲ့သည်' ဟူသောစကား၌ ဆိုက်သော် အသူရာ၌ အသူရာအား အကျိုးမနံ့ရှိ သေသည်၊ဝဲးကဲ့သို့ဝိန်ယွဲ့သည်-ဟူသောအာဓာရအနက်, သမ္ဓဒါန်အနက်ထည်း ဖြစ် သင့်ဟန်။ဤနည်းအတူ အနက်တပါးကို ဇဲ့ခိုက် အနက်တပါးကိုမဇဲ့နိုင်သော မြန္မာ ဘာသာ, မာဂဓဘာသာတို့ကား များစွာ၏။

ဤကဲ့သို့ အနက်တပါးကို ဇဲ့ခိုက် အနက်တပါး လွှတ်ထင့်ရာသော သတ္တောသည် ဥပမာအားဖြင့် ကျီးသည် ထက်ယာဘက်ကို အာရုံတော်၍့ မြော်ခိုက် ထက်ဝဲးဘက် လွှတ်သည်။ ထက်ဝဲးဘက်ကိုကြည့်ခိုက် ထက်ယာဘက် မမြင်သဖဲ့သို့ဖြစ်သည်ကိုဖဲ့း ၍့ 'ကာကောလောကနနည်း' ဟူ၏ဟု ဆရာတို့မိန့်ကုန်၏။ ထိုနည်းအားဖြင့်ထည်း ဟော-ဟူသောပုဒ်သည် သူတော်ကောင်းတို့ဟူ၍့ ရှိသေသောအနက်ကို အရာအားဖြင့် ဇဲ့ခိုက် မရှိသေသောအနက်ကိုမဇဲ့ပါသည်သာ။ အနက်ခပ်သိမ်းကို မဟော နိုင်သည် မဟုတ်။ အရာလိုက်ဇဲ့ခိုက် အရာအလိုက် မဟုတ်ရာ လွှတ်ပါထင့်သည်သာ ဖြစ်၏။ ထိုကြောင့် ဟော-သဒ္ဒါ အနက်ခပ်သိမ်းကို မဟောနိုင်သည်မကျ, ဟောနိုင်သည်သာ ဖြစ်ထျက် သူတော်ကောင်းတို့-ဟူ၍့ ဆရာတို့ အနက် ဆိုကုန်သည်ကား အရာဖြင့် သင့်သည်သာဖြစ်၏။

---

၁ သံ * ၁၆။

ထိုသို့အရာအားဖြင့် ရှိသေသော အနက်ဖြစ်သည်ကိုထောက်လျှင်၊ 'အနာဒရေ' ဟူ၍ဆိုသည်နှင့်မညီသည်ဖြစ်ခဲ့ရာ၏။ ယင်းမျှသာထည်း ဆိုရာသည်မဟုတ်-

"ကတ္ထာတိ ဝုစ္စတိ သည်ကား၊ ကမ္မံ ကို,သို့ ဒွယံမတံ"
"ကရဏံ ဇာတိ ဖြင့်-ဥယျ၊ (ပ)"....
"အို,ဟယ်,အချင်း အမင်းစေဝ၊ အာဃဝန မုဒီရိတံ" ၁

ဟူ၍ဆိုအပ်သော သည်,ကား,ကို သို့,ဖြင့်,အို,ဟယ်,အချင်း,အမင်း-ဟူသော စကား ခွန်းတို့သည်မြန်မာဘာသာ ကောန်ဖြစ်၏။ထိုကောန်မြန်မာဘာသာတို့ကိုရှေး၌ များစွာဆို ခဲ့သည်ကို ထောက်သဖြင့်လည်း ဟေဟေ-ဟူသော စကားလည်း မြန်မာဘာသာဖြစ် သင့်၏။ပညာဝနုနအကျိုးငှာလှည့်လည်သွတ်သွင်း၍ ဆိုလိုက်သည်။ယုတ္တိကို ဆင်ခြင် ၍ ယူရာ၏။ ဘုန်းတော့-ဟူ၍ တော့-ကာရန်အ အမြစ်သံ, ထိုးတွေ့သည်ဟူ၍ ဝဆွဲး အမြစ်သံတို့ကိုကား အောက်၌ * ဆိုအပ်ပြီ။

ဟေ-ကာရန်ပြီးပြီ။

---

၁ သဒ္ဓလက္ခဏဝါဠ် * ၄-၁၁။ သဒ္ဒတေဒရာသိ * ၃၀၁-၃၀၆။
၄၊ ကတ္ထာတိ ဝုစ္စတိ သည်,ကား၊ ကမ္မံ ကို,သို့ ဒွယံမတံ။
ကရဏံ ဇာတိ ဖြင့်, ဥယျ၊ သမ္မဒါနံ အား, ၄၁မတံ။
၅၊ မှ,ကြောင့်,အောက်,ထက်, အပါဒါနံ၊ သမ္မန္ဓော ဇာတိ ၏,မထော။
ကွစိ ပဓာန ကြိယာယံ၊ အာမာရော ၌,တိသည်ထော။
၆၊ သော်,ထသော် ထကွံဥယျ၊ ထသော,သော,စ ဝိသေသနံ။
အားဖြင့်, ဝိသေသနံ ကွစိ၊ ကြောင့်,ဟိတ်-တွင်, တု နိဒ္ဓါရဏံ။
၇၊ သဟယောဂေါတု နှင့်,ပြီး၍, ပုဗ္ဗကာဃကြိယာမထာ။
ဃ်က်,ဝစနံ ဝိသေသနံ၊ ကွစိ အရှစိယံ မတံ။
၀၊ ၍,ရကား, ကြိယာဝိသိသံ၊ ကွစိ ဟိတ်စ'ဒွယံဘဝေ။
သုလက္ခိတာ ဇုမာဂါထာ၊ နဝါ သိက္ခန္တု သောတုနော။
၉၊ သည်,ကားစ ပဌမာကတ္ထာ၊ ကို,သို့,စ ဒုတိယာ မထာ။
သည်,နှင့်,ဖြင့်, ကြောင့်စ တတိယာ၊ အား, ၄၁စ စတုတ္ထိမထာ။
၁၀၊ မှ,ကြောင့်,အောက်,ထက်,ပဉ္စမီစေဝ၊ ၏,,တွင်,သည်,ကို,ဆဋ္ဌိမထာ။
၌,တွင်,ရကား,မူကား,ကြောင့်စ၊ သတ္တမီတိ ပဝုစ္စတိ။
၁၁၊ ပတိသုံး,တိုင်တိုင်စ အစ္စန္တ၊ သံယောဂ ဒုတိယာ မထာ။
အို,ဟယ်,အချင်း,အမင်းစေဝ၊ အာဃဝန မုဒီရိတံ။

* ခေါင်းစဉ် (၂၀၆) ရှိအခန်း၊ (၂၂၅) ၌ အခန်း။

ဟဲး-ဟဲ့

၂၄၄-ဟမျည်း အဲးကာရန္တဋ္ဌ ဝေါဟာရကိုပြခြင်း

ဟဲး-ကာရန္တဋ္ဌကား ဟိန်းဟဲ့-ဆိုမိန့်သောအရာကား ဆိုမိန့်သံမျှကိုစွဲး၍ ခေါ်ဝေါ်သော အရာသာဖြစ်၏။ ။"ဟင်းထင်းမဟဲ့၊ဟာပျော်ခဲ့ဟု၊ခဲ့ချဲ့တုန်ကျဉ်။ ။စီစစ်တင်ပြု၊ မသာခဲ့သော်၊ မဟဲ့မဟီ"....ဟူ၍ အမြစ်သံဆိုမိန့်သော အရာတို့ဋ္ဌထည်း အောက်ဋ္ဌ * ဆိုပြီးသည်နှင့်အညီ 'မရှိ'ဟူသောအနက်ကို ယူသင့်၏။

ဟဲး-ကာရန္တ ပြီးပြီ။

ဟော

၂၄၅-ဟမျည်း ဩကာရန္တဋ္ဌ ဝေါဟာရကို ပြခြင်း

ဟော-ကာရန္တဋ္ဌကား ပြောဟောသည်၊ ဃသံ ရေဆံ တဟောဟော ဆိုသော အရာတို့ဋ္ဌ ထင်၏။ ဤစကားမျိုးတို့ကို အောက်ဋ္ဌ × ဆိုအပ်ပြီ။ "သာတြည်ရွှင်ပြော၊ စီစဉ်ဟောသည်၊ သဘောဤဆို ပါဠိတည်း။ ။ပေါင်း၍ ကျဟော၊ အာသဝေါဋ္ဌ၊ပေါလောနစ်မွန်း" စသည်ဖြင့် ဆိုမိန့်သောအရာ ထင်စွ။

ဟော-ကာရန္တ ပြီးပြီ။

ဟော်

၂၄၆-ဟမျည်း ဩကာရန္တဋ္ဌ ဝေါဟာရကို ပြခြင်း

ဟော်-ကာရန္တဋ္ဌကား ဟိုက်ဟော်သည် ဆိုသောအရာထင်၏။ ထိုဋ္ဌ ဟိုက်သည်၊ ဟော်သည်-ဆိုသော စကား၏အရကား ပင်ပန်းခြင်းထင်စွာဖြစ်သည်ဟူသော အနက်တည်း။ 'ဟိုက်'သည်ကား နားဋ္ဌထင်သော ပင်ပန်းသော သူ၏အသံမျှကိုစွဲး၍ ဆိုမိန့်ခြင်း။ 'ဟော်'သည်ကား ပင်ပန်းဟန် အမူအရာမျှကိုစွဲး၍

---

* ခေါင်းစဉ် (၂၀၆) ရှိအခန်း။ x ခေါင်းစဉ် (၁၇၃) ပြောအခန်း။

ဆိုမိန့်ခြင်း။ ဤသို့ခွဲ၍ ယူသင့်အံ့သို့ထည်းရှိ၏။ "တရားမပျော်၊ ရယ်မှုဖျော်လျက်၊ ဟော်ဟော်ဟိတ်ဟိတ်။ ။ထိုရှင်ရှင်တော်၊ ရန်ဘက်မြော်က၊ ဟော်ဟော်ပြေးစုံ" စသည်ဖြင့် ဆိုမိန့်စဝ်ဟဝ်သောအရာ ထင်၏။

ဟော်-ကာရန် ပြီးပြီ။

က-စသော ဗျည်းတို့နှင့်ယှဉ်သော သရအန် ၁၀-စီ
ဝေါဟာရဖြစ်ဟန်ကို ထုတ်သည် ဖြီးပြီ။

ဤတွင်

ဝေါဟာရတ္ထ ပကာသနီ ဆဋ္ဌမပိုင်း

ပြီး၏။

သတ္တမပိုင်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

၂၄၇-ဗျဥ္ဇနအန္တတို့ကို ပြဆိုဟန် ပဋိညာဉ်နှင့်တကွ အခြင်းအရာကို ပြကြောင်း

၌ က-စသော ဗျည်းတို့တွင် မုဒ္ဓဇ,ဋ္ဌ-ဝဂ်ငါးလုံး၊ ဥကြီး အက္ခရာတို့ကိုလည်း ကောင်း, ဝဂ်ဗျည်းတို့၌ တတိယက္ခရာ,စတုတ္ထက္ခရာတို့ကိုလည်းကောင်း ထောကဝတ် အသုံးနည်း၍ မထုတ်လိုက်သည်။ ၌စကားကို အောက်၌လည်း ဆိုခဲ့ပြီ။ အံ့-ဟူသော ဝဏ္ဏကိုကား အမှီလည်း သရဖြစ်၍ သရအန္တအရာဝယ် ဆိုခဲ့ပြီ။ သေးသေး တင်ဝဏ္ဏကား ဗျည်းဖြစ်၍ သရအန္တဝယ် မထုတ်ခဲ့။ ၌သေးသေးတင် ဝဏ္ဏသည် တပါးသော ဗျည်းတို့ကဲ့သို့ အမှီသရ၏ရှေ့၌ မတည်၊ နောက်၌ တည်သည်ဖြစ်၍, 'ပရာသရ' * မည်ကြောင်းကိုလည်း အောက်၌ သိသာစွာ ဆိုအပ်ပြီ။ ထိုသို့ နှောင်းတည်သော ဗျည်းဖြစ်၍, ဗျဥ္ဇနအန္တအရာဝယ် ဆိုရလတ္တံ့၊ ထိုသေးသေးတင် ဝဏ္ဏသည် ဆိုပြီးသည်နှင့်အညီ အ,ဣ,ဥ-ဟူသော ရဿသရ ၃-လုံး၌ စွဲ၍ မှီခြင်းရှိသော်လည်း မြမွာမှ၌ အသရ, ဥသရ-တို့၌သာ စွဲမှီ၍, ဆိုမိန့်ရေးခြစ်ခြင်း ထင်သောကြောင့် အသရ, ဥသရ-နှစ်လုံး၌ ယှဉ်သော ဝေါဟာရကိုသာ ပြအံ့။

ထိုတွင်လည်း အစဉ်အားလျော်စွာ အသရ၌ယှဉ်ဟန်ကို ရှေးဦးစွာ ပြသင့်၏။ ထိုအသရဝယ်လည်း အသရသက်သက်၌ လည်,ကောင်း, က-စသော ဗျည်းယှဉ်သည်၌ လည်းကောင်း သေးသေးတင်ဝဏ္ဏ စွဲမှီသည်ဖြစ်၏။ ထို 'သေးသေးတင်' အသံနှင့် 'န-သတ်, မ-သတ်' အသံသည် အချို့သောအရာ တူသည်ဖြစ်၍, ယှဉ်ပူးထျက် ဆိုအံ့။ တူဟန်ကား ....ကုသိုလ်, အကုသိုလ်ကံ၊ ရေကန်-ဟူသည်တွင် သေးသေးတင် န-သတ် အသံတူ၏။ သေးသေးတင် မ-သတ်ကား အမြစ်သောအရာ အခြင်းခပ်သိမ်း တူ၏။ မျက်ကန်းဆိုသည်, တောင်ကမ်း-ဆိုသည် အရာတို့၌ န-သတ်, မ-သတ် အသံတူ၏။ ယင်းသို့ အသံတူရာ လူပြိန်းတို့ ကွေးရှက်ဖွယ် ရှိခြင်းကြောင့် ယှဉ်စပ်ထျက် ဆိုသော အရာ အကြောင်းကွဲးပြားဟန်ကို နှလုံးသွင်းသာအံ့ဖြစ်၍, ယှဉ်စပ်ထျက်ဆိုအံ့။

---

* ပုဒ္ဓဿယ ခေါင်းစဉ် (၂၀) မှတ်ချက်ရှု။

အံ-အုံ-အန်—အန်း-အမ်း

၂၄၈-အ-အကွရာ သေးသေးတင် န-သတ်၌ ဝေါဟာရကို ပြခြင်း

ထိုတွင် အသရ သက်သက် သေးသေးတင်၌....အမြစ်သံ့ မြစ်သံမျှသာ ကွဲ၏။ စာပေအံသည်၊ လူစသည်တို့၏ သွားအံ၊ ဌက်ပျော ဆင်အံ-ဟူသော ဝေါဟာရတို့ကား အ-မမြစ်သော အသံတည်း။ ။နေအုံ၊သွားအုံ၊ မြေးအုံသည်-စသော ဝေါဟာရတို့ကား အမြစ်သံတည်း။ ထိုတွင် စာပေအံသည်ကို "သင်းသင်းအုံအုံ၊ ကြီကြီ ကြည့်ကြည့်။ [၁] ။စာပွဲး ခံခံ၊ စာအံသောင်းသောင်း"ဟူသော စပ်အင် ထင်၏။

သွားအံ-ဟူသည်ကိုကား 'ခံတွင်းသွားအံ၊ ပုပ်ညှိန်၊ ဆေးတံကွင်းထုံးမင်း'ဟူ၍ မှန်စီသတ်ပုံ၌ ဆို၏။ ထိုသတ်ပုံကား အချို့သောအရာ စာဟောင်း တို့နှင့် ကွဲ၏။ ထိုသို့သော်သည်း ထျော်သောအရာ ထျော်သည်ကို ထည်းကောင်း, စာဟောင်း တွေ့ခက်သည်ကို ထည်းကောင်း ထောက်၍ ညွှန်းလိုက်သည်။

'ဌက်ပျောဆင်အံ၊ ကြီထည်းဖြူနိ' ဟူ၍ ပြောင်မွန်တွဲစပ်သည်။ထို၌အချို့ န-သတ် ချည်းရေးကုန်သည်ကား "အရွက်ခပ်ချန်၊ စုတ်သည်ကြန်" ဟူ၍ အချို့သတ်ပုံတွင် ကြီကို န-သတ်စပ်လေသည်ကို စွဲးဟန်ထင်၏။ ထိုစကား နှောင်းမှဆိုအံ့။ ။ဤ၌ ဌက်ပျောဆင်အံသည် ဆင်တိရစ္ဆာန်၏ သွားအံကဲ့သို့ အဖြိုးအရှက် ဖွံ့ဖြိုးတင့်တယ်စွာဖြစ်၍ 'ဆင်အံ' ဆိုသည်ဟူမူ သွားအံ-ဆိုသည်၌ သေးသေးတင် ထျော်၏။ ထို၌ သေးသေးတင် ထျော်သဖြင့်ထည်း စုတ်သောကြီ သေးသေးတင် ထျော်၏။

နေအုံ၊ သွားအုံ-ဟူသော အမြစ်သံ၌ကား နေထွဋ်၊ သွားထွဋ်- ဟူသော အနာဂတ်ကြိယာအနက်တည်း။

"ရှင်ထျင်ပြုအုံ၊ ကြာမငုံတည့်" [၂]
"စေ့စုံမဆုံးနိုင်အံ့တည်း" [၃]
"ချက်တိုင်ကျေးဇူးမည့်တည်း" [၄]

စသော အစပ်အဟပ် တို့၌ ပြုထွဋ်သော 'အနာဂတ် ကြိယာ' အနက်တည်း။

"ကျသည်မုန်နှံ၊ ပန်းရည်ပျံသို့၊ မြေးအုံ့မနိုင်" [၅]
"ပေါက်ပြဲသံလွှဲ၊ ကြွေးကြော်အုံ့ထျက်၊ ဘယ်နှံ့သောခါ" [၆]

---

၁ ကိုး * ၁၅၇။ ၃ ကိုး * ၈၄။ ၅ ရွှေစာ * ၅။
၂ ကိုး * ၁၄၀။ ၄ ကိုး * ၀၅။ ၆ ထန်ရ * ၁၇။

ဤသို့ စသော အရာတို့၌ကား 'ခြိုးအံ့သည်' ဟူသော အနက်တည်း။ ။ဤသေးသေးတင် မ-သတ်ကား အမြစ်ရာ၌ တူသည်ဖြစ်၍ မ-သတ် ရေးကုန်သည်လည်း ထင်၏။ စပ်အင် နှစ်ချက်,သုံးချက် မ-သတ်လည်းအညီ, သေးသေးတင်လည်း အညီ မရေးလျှင် မညီဆိုပါရအံ့သည်သာ၊ သဘောကွဲးကောင်းအံ့ မထင်။

ဤ အံ-ဟူသော ဝေါဟာရနှင့် အသံတူ နှ-သတ် ဝေါဟာရ၌ကား အမြစ်သံ, ဝိသဇ္ဇနီသံ မထင်၊ "စသည်ကြွေအန်၊ သုံးပန်ရာလဲ့။ [၁] ။သတိပဋ္ဌာန်၊ကြွေအန်စစ်တုရင်" စသည်ဖြင့် ကစားသော 'ကြွေအန်' ကိုဆိုသောအရာ, "တစမကျန်၊ဆိပ်ပေါက်အန်မှ၊အလွန်ကြောက်စွာ။[၂] ။ပျို့ညှိထွေးအန်၊ပေါ့မသောဝန်ဖြင့်၊စွန်းသန်မြောက်လှ" စသည်ဖြင့် 'အော့အန်သည်' ဆိုသောအရာ, "တမွတ်ဘုန်းသန်၊ လက်ရုံးအန်ဖြင့်၊ ကျော်ဂုန်တေဇ။ ။တေဇဂုန်သား၊ လက်အန်သော်လည်း။ ။ရတနာတံခွန်၊လက်ရုံးအန်ဖြင့်၊ ရန်မန်တျင်းတျင်း" စသည်ဖြင့် 'အားအန်' ဆိုသောအရာ, "သီချင်းအဲ့အန်၊ ပန်းမန်ကွမ်းစဉ်" စသည်ဖြင့် 'အဲ့အန်' ဆိုသောအရာ ဤသို့ထျင်အမြစ်ဝိသဇ္ဇနီကင်းသော မူလအသံသာထင်၏။

ပစ္စည်းဥစ္စာ လဲးလှယ်သည်ထွင် အင်မတန်လွန်သည့် အတိုးအကျကို အရနည်းလျှော့ဆူအား လှောက်ကူပေးပံ့ခြင်းကို 'အန်း' သည်ဟူ၍ ဝိသဇ္ဇနီသံကို ဆိုမိန့်သောအရာကား အစပ်အဟပ်မထင်၊ သဘောအားဖြင့်ကား လွန်သောအတိုး အန်ထွက်သည်ပင်ဖြစ်၍ အော့အန်သည်-ဟူသော ဝေါဟာရနှင့် သဘောတူ နှ-သတ် ရေးလိုအံ့သို့ရှိ၏။ ။"စောင့်အန်အားရမ်း၊ လက်နက်ထမ်း၍၊ ကိုယ်အမ်းချချ" ဤသို့ စပ်ဟပ်ရာ၌ 'ကိုယ်အမ်း' ဟူ၍ မ-သတ်စပ်သည်ကား ပါရမီခန်း အစပ်ကို ပမာဏပြုကြသည်တကြောင်း, အားအန်ချသည်-ဟူသော နှ-သတ်မူလ အသံသာ အဓိပ္ပါယ်ရရာသည် တကြောင်း, ထိုအသံကဲ့သို့ ဝိသဇ္ဇနီသံ, နသတ်, မသတ်-မထင်သည်တကြောင်း ဖြစ်၍, ဝိသဇ္ဇနီအမြစ်ကင်းသော မူလအသံသာ များစွာထင်၏။ ဆင်ခြင်။

အ-အက္ခရာတွင် သေးသေးတင်,နှ-သတ်ကို ထုတ်သည်ကား ငြိုးငြဲ။

---

၁ ဘူပေါင်း၊ နိဂုံး * ၅။ ၂ ဘူပေါင်း * ၄။ ၃ ကိုး * ၂၄၇။

ကံ-ကန်

၂၄၉-ကမျည်း သက်သက် သေးသေးတင်,န-သတ်,မ-သတ်၌ ဝေါဟာရကို ပြခြင်း

အသရတွင် က-စသော ဗျည်းယှဉ်လျက် သေးသေးတင်သော အရာ၌-ကမျည်း သက်သက် ထည်းကောင်း, ယပင့် ထည်းကောင်း, အရစ် ထည်းကောင်း, ယပင့် ဝဆွဲး ထည်းကောင်း ထင်၏။ ထိုတွင် က-သက်သက်၌ ကုသိုလ်, အကုသိုလ်ကံ၊ ကံကြမ္မာ၊ ဘုန်းကံ၊ ပုဗ္ဗကံ၊ ဓမ္မကံ၊ ဝိနည်းကံ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ပရိကံ၊ ကတ္တားကံ၊ ဝိသုကံ-စသည်ဖြင့် ကမျည်းသေးသေးတင် သက်သက် ဆိုဝိန်ခြင်းကား ကုသလကမ္မ စသည်ဖြင့် ကမ္မသဒ္ဒါကိုစွဲ၍, 'ကံ' ဆိုသော အရာချည်း ယူသင့်သော ကြောင့် မြမ္မာမှသက်သက်မဟုတ်၊ မာဂဓဘာသာ မူလသက်သက်သာ ဖြစ်သော အရာသာ ထင်သောကြောင့် ပါဠိနှင့်အညီ မ-သတ်ထည်းကောင်း, မကိုနိဂ္ဂဟိတ် ပြု၍, သေးသေးတင်ထည်းကောင်း ရေးလိုသည်ဖြစ်၏။ စပ်အင်ကား-

"သူ၏ပုဗ္ဗကံ၊ ကြောင်းရင်းခံ၍, သုတံပြည့်စုံ"
"သိကြားနတ်ထံ၊ ဝိသုကံသို့၊ ထုံးစံကြွန်ခိုင်"
"ကသိုက်းပရိကံ၊ ညှဉ်သုံးယံ၊ စင်ကြီထပ်မကင်း"

ဤသို့စသည်ဖြင့် သေးသေးတင် စပ်အင်ရှိသည် ထင်စွ။

ပုဂံ,အနာဂံ-ဟူသည်တို့၌ထည်း ပုဂါမသဒ္ဒါ, အနာဂါမိသဒ္ဒါနှင့်အညီ မ-သတ်ထည်းကောင်း, သေးသေးတင်ထည်းကောင်း ရေးလို၏။ "ထွန်းတောက် ဘုန်းထျံ၊ ဘိသိက်ခံထျက်၊ ပုဂံမြင်းစိုင်း။ ။နတ်သွေးနာဂံ၊ သဟံပတိ" စသည်ဖြင့် စပ်အင်ထင်၏။ ဤ၌ ဂ-ငယ်ရေးသည်ကား ပါဠိနှင့်ထျော်သောကြောင့် 'ဓမ္မဝတ်'။ က-ကြီးရေးသည်ကား ထောက၌ အသုံးထင်သောကြောင့် 'ထောကဝတ်' ဤမျှသာဆိုဖွယ်ရှိ၏၊ ဤကံ-ဟူသော ဝေါဟာရ၌ သက်သက်မြမ္မာမှမထင်။

ရေကန်၊ လှုန်ကန်၊ မဆန်မကန်သည်၊ ပုန်ကန်သည်၊ အိုး၏အမည် ဖောင်းကန်၊ အရိုးအကန်၊ ကျောင်းကန်၊ ဆန်ကန်သည်၊ လှေပင်ကန်၊ ဝေကန်သည်-စသည်ဖြင့် န-သတ် ရေးဖတ်သည်၌ စပ်အင်ကား-

"ဟူလတုံထွန်၊ ထိုတသွန်ကား၊ ရေကန်ရေတွင်း"
"ကြိမ်လုံးလှုန်ကန်၊ ပြင်းထန်ခတ်ပုတ်"

"မနိုင်မကန်၊ ဝိဿဒ္ဓယ်ဝန်မျှ၊ ပစ်သွန်သောထွေ" ၁
"အာဏာဆန်ဆန်၊ ရက်ရက်ကန်၍၊ စောင်မာန်မချ" ၂
"တိုင်းကားပုန်ကန်၊ ခိုက်ရန်မငြိမ်း"
"ကြိုးထူးဖောင်းကန်၊ ဖျဉ်းအိုးတန်ကို၊ ရွက်သွန်ငွေကျော" ၃
"အရိုးအကန်၊ အမှန်အကား"
"သိမ်းမြန်းကျောင်းကန်၊ အမွန်မွန်ဖြင့်၊ တုန်းသန်နရပတိ"
"ငတ်ကျန်ထည်း၊ ဆန်ကန်မဝံ"
"ခေါင်ဖျားထိပ်စွန်၊ လေ့ဦးဟန်နှင့်၊ ပင်ကန်ကြောက်ဖျော်" ၄
"ဝေကန်ကန်၊ ညီဆိုဟန်ထည်း၊ အမှန်မဟုတ်-"

စသည်ဖြင့် အစဉ်အတိုင်းယူရာ၏။ ။ဤ၌ရေကန်၊ လှန်ကန်စသော ဝေါဟာရတို့သည် ကျောက်ကန် ဟူသော အနက်ချည်း ရသင့်သကဲ့သို့ ရှိ၏။ ရှိဟန်ကား.... လှန်ကန်-ဟူသည်၌ ဆိုအပ်ပြီးသည်နှင့်အညီ * ကျွး, နွား,မြင်း စသည်တို့ကိုထည်း ကောင်း၊ရန်သူရန်ဘက်တို့ကိုထည်းကောင်း ကျောက်ကန်ထွန်းလှန်သော အဆောက်အဦဖြစ်၍ 'လှန်ကန်' ဆိုသည်ယူမူ သဘောတူသည်ဖြစ်၏။ ။ရေကန်-ဟူသည်၌ထည်း ရေသည်နံပါးဝန်းကျင် မသျှံမထွက် ကျောက်ကန်ထျက် တည်သည်ဟူသော အနက်ဖြစ်သင့်၏။ ။မဆန့်မကန်-ဟူသည်၌ထည်း တည်ရာအိုးခွက် စသည်၌ မဆန့်သည်ဖြစ်၍ နံပါးဝန်းကျင် ကျောက်ကန်၍ မတည်သာသဖြင့်လျှံထွက်ကောင်းသည်ကို 'မကန်' ဆိုသောအရာဖြစ်၏။ ။ပုန်ကန်သည်-ဟူသည်၌ထည်း ပုန်သည်သာမဆို၊ ကန်၏-ဟူသည်ကား အရှင်ကို ဆန့်ကန်သည်ဖြစ်၍ ကျောက်ကန်ခြင်း အနက်ထည်း ကောင်း ဖြစ်သင့်၏။

အိုး၏အမည် ဖောင်းကန်-ဟူသည်၌ ပြည့်ဖြိုးဖွံ့ဝသည်ကို ဖောင်းသည်-ဟူသော ဆိုမိန့်ခြင်းထင်၏။ ပြည့်ဖြိုးဖွံ့ဝသည်ကို ထောက်၍ ဖောင်းသည်ဟူသော အမည်မျှသာမဟုတ်၊ ရေစသော သိဒ္ဓိုးအင်္ဂသော ဝတ္ထု ကျောက်ကန်ထျက်တည်၏သို့ အိုး၏နံပါးပြည့်ဝခြင်းဖြစ်သည်ဟူသော အနက်ကိုစွဲ၍ ယူသော် ကျောက်ကန်ခြင်းအနက်ထည်းကောင်း ရသင့်၏။ ။အရိုးအကန်-ဟူသည်၌ထည်း အရိုးဟုတ်သဖြင့် အရိုးမဟုတ်သည်ကို ကျောက်ကန် တွန်းလှန်ခြင်းအနက်ဖြစ်၏။ အရိုးကား ဇာတိ, အရိုး

---

၁ ဘူဝေါင်း * ၅၅။
၂ ဘူထင် * ၂၀၇၊ 'အာဏာဆန်ဆန်၊ ရက်ရက်ကန်၍၊ ထန်သော်ကားဆေး။' ဘူထင် * ၂၀၉။ 'မည်သူမထန်၊ အာဏာဆန်ထျက်၊ စောင်မာန်မချ။'
၃ ထိုး ဧး * ၃၁။
၄ ကိုး ၆၅။
* ခေါင်းစဉ် (၁၃၀) ထာအခန်း။

မဟုတ်သည်ကား ပဝတ္တိ၊ အရိုးကား မူလ, အရိုးမဟုတ်သည်ကား မူလိ၊ အရိုးကား ဌာန, အရိုးမဟုတ်သည်ကား ဌာနိ၊ အရိုးကား အသားကို တွန်းလှန် ကျောက်ကန်နိုင်ခြင်း အစွမ်းရှိသည်ကား ယေဘုယျ ဖြစ်ရာသောကြောင့် အရိုးသည် အကန်အလှန် ဖြစ်စေနိုင်ခြင်း အစွမ်းရှိသည်-ဟူသောအနက်ကို ယူသော် ရကောင်းအံ့သည်ရှိ၏။

ကျောင်းကန်-ဟူသည်၌လည်း ဆရာဝါသမှ ဆန်ကန်၍ ကျင့်သော ရဟန်းတို့၏ နေရာသည် 'ကျောင်း' ဟူသော အမည်ရင်းထွင် ဆန်ကန်သည်-ဟူသော အနက်ရသင့်သည် လည်းကောင်း ဖြစ်၏။ စည်းစောင်ရန်း ဆီးကန့်သကဲ့သို့ ရေကန်ဟူသည်၌ မလျှံမထွက်ရ၊ နံပါးဖြင့် ဆီးကန့်သည်။ လှန်ကန်-ဟူသည်၌လည်း တွန်းလှန်ဆီးကန့်သည်၊ မကန်-ဟူလည်း၌လည်း မဆီးမကန့်သည်၊ ပုန်ကန်သည်-ဟူသည်၌လည်း အရှင်ကို ဆီးကန့်သည် စသည်ဖြင့် အမြစ်ဆံ အနက် ကြီသော်လည်း သင့်ရာသည်ပင်ဖြစ်၏။

ယင်းမှတပါး ကေန်၊ စန္ဒရကန်၊ သူရိယကန်၊ အဿကန်၊ ပါရာဇိကန်၊ တေရသကန်၊ ကျမ်းကန်၊ ယုကန်၊ မသာရကန်-စသော ဝေါဟာရဖြစ်၏။ ထိုတွင် အဿကန် စသည်တို့၌ကား 'အဿကဏ္ဍ, ပါရာဇိကဏ္ဍ, တေရသကဏ္ဍ' ဟူသော ပါဠိတို့နှင့်အညီ ကျိုးလည်း သတ်သင့်သည် ဖြစ်၏။ 'ခုန္နစ်တောင်စွန်၊ အဿကန်' ဟူ၍ နသတ်စပ်အင်္ဂါတိုင်း နဲယ်လည်း သတ်သင့်သည်ဖြစ်၏။ ကျမ်းကန်၊ ယုကန် ဟူသည်တို့၌လည်း ဂန္ဓ,ယုဂန္ဓ-ဟူသော ပါဠိနှင့်အညီ ဂယ်အက္ခရာလည်း ရေးသင့်၏။သောကဝတ်အလျောက် ကျိုးလည်းရေးသင့်သည်ဖြစ်၏။မသာရကန်-ဟူသည်၌ကား မသာရကလ္လ-ဟူသောပါဠိနှင့်အညီလသတ်မူ လူပြိန်းဖတ်ခက်အံ့တကြောင်း၊ "မသာရကန်၊ ပြည်တန်စိန်ကြောင်"ဟူ၍ မင်းတရားရှေထီး ဧးချင်းထွင် နသတ်စပ်သည်ဘကြောင်း ဖြစ်၍ နသတ်ရေးလို၏။

ဧဝကန်သည်-ဟူသော ဝေါဟာရကား ကေန် ဟူသည်နှင့် အဆံ တစိတ်သာတူ၍ သဘောကွာဝေးသည်ဖြစ်၏။ ဧဝကန်သည်-ဟူသော ဝေါဟာရကား ကေန်ဟူသကဲ့သို့ ပါဠိ၌ ဝေါဟာရ မဟုတ်၊ ဧဝသဒ္ဒါသည် ဂုဏ်အနက်, ခြင်္ဂအနက်, ကြိယာအနက်ရှိသော တခုခုသော ပုဒ်၌ရပ်၍ တပါးသောဂုဏ်အနက်, ခြင်္ဂအနက်, ကြိယာအနက်တို့ကို သစ်,ဝါး,လှန်ကန်ဖြင့် တွန်းလှန် ကျောက်ကန်သကဲ့သို့ ကန်တတ်သောကြောင့် 'ဧဝကန်' ဟူသော ဝေါဟာရဖြစ်၏။ ဆီးကန့်သည်-ဟူသောအမြစ်ဆံအနက်ယူ၍ တပါးသော ဂုဏ်အနက် စသည်တို့ကို မဆက်ဆံစေရ ဆီးကန့်တတ်

သည် ဟူသောအနက်ထည်း ယူသင့်၏။ ဤသို့သော သဘောသင့်သည်ကို ထောက်သဖြင့် ကေန်-ဟူသော ဝေါဟာရနှင့် ဝေကန်သည်-ဟူသော ဝေါဟာရ အရာကွာဝေးသည်ဖြစ်၏။ ထိုးဝါးစသည်ဖြင့် လွှေကိုကန်သည်၊ နွား,ကျွဲ,မြင်း,ဆင်တို့ကို ကန်သည်၊ နယ်ကန်သည်-ဟူသော အရာတို့၌ထည်း ဆိုအပ်ပြီးသော ကျောက်ကန်ဆီးကန့်ခြင်းအနက် ထင်သာပြီ။ ဤမှတပါး ကျည်းသက်သက် နှ-သတ် ဆိုမိန့်ခြင်းတို့ကား ဆိုအပ်ပြီးသော အနက်၌ ဝင်သင့်သည်, ပါ၌မှိထင်သည်, ဝေါဟာရတခြားဖြစ်တန်သည်ကို ဆင်ခြင်၍ ယူရာ၏။

ကျံ-ကျန်

၂၅၀-ကျည်း ယပင့် သေးသေးတင် နှ-သတ်၌ ဝေါဟာရကို ပြခြင်း

ကျည်း ယပင့် သေးသေးတင်ကား.... "မလိမ်း မကျံ၊ မဆံရွှေတော်။ ။ လက်လက်ရောင်ထျံ၊ ရွှေရည်ကျံသား၊ ရွှေလှံရွှေခား။[1] ။ထုံးဆောင်ပုံစံ၊ မျက်ဝါးကျံသို့၊ ဂါမွေဒေါသ"[2] စသည်ဖြင့် စင်ဟင်သော 'လိမ်းကျံသည်' ဆိုသောအရာထင်၏။

ထိုနှင့်အသံတူ ယပင့် နှ-သတ်ကား.... "တစမကျန်၊ ဆိပ်ပေါက်အန်မှ။ ။ စသည်မကျန်၊ အိပ်ဖန်တွင်းပြင်။ ။မမွေ့မကျန်၊ ပြည်ထဲဝန်ကို၊ ဆော်ဖန်ကြီသီး" စသည်ဖြင့် ကျန်ကြွင်းသည်၊ မွေ့ကျန်သည်ဆိုသော အရာ၌ထင်၏။ ။နီကျန်ကျန်-ဆိုသောအရာကိုထည်း ယပင့် နှ-သတ်ရေးကုန်၏။ "နီလိုဝါကျန်၊ ကင်းဟန်ငုံရင့်" စသည်ဖြင့် စင်သော အရာထျော်၏။

ကြံ

၂၅၁-ကျည်း အရစ်သေးသေးတင်၌ ဝေါဟာရကို ပြခြင်း

ကျည်းရစ်ထျက် သေးသေးတင်ကား-
"ထဲးပရည်ငံ၊ နောင်မကြီဟု"[3]

---

၁ ထန်ရ * ၁၂။
၂ ဘူထင် * ၅၂၊ 'ငါမကြီဟု'
၂ ဘူပေါင်း * ၇၁၊ 'ထုတ်ဆောင်ပုံစံ။'

"မြဲးမြဲးမြီမြီ၊ ဤအကြီကို"
"မုန်းချစ်ကြောက်ရွံ၊ မိုက်မဲးကြီဖြင့်" ၁
"လေးနက်ထုံးစံ၊ မေးမြူကြီထျက်"

စသည်ဖြင့် စဝ်ဟဝ်သော "အကြီအစည်" ဆိုသောအရာ,

"တီးမည်ကြီကြီ၊ ဘဝဂ်ထျံမျှ" ၂
"ဆည်းကြီကြီထျင်၊ လူသံဆိတ်ဆိတ်" ၃
"ရင့်ရှည်အသံ၊ တကြီကြီထျင်"

စသည်ဖြင့် စဝ်ဟဝ်သော "အသံတကြီကြီ" ဆိုသောအရာ,

"ငွဲးဆင်အံ့၊ ကြီထည်းဖြူနိ" ၄
"ချိုဆိမ့်စွန်ပလွံ၊ မြားကြီချိုဟန်" ၅

စသည်ဖြင့် စဝ်ဟဝ်သော "ကြီဍက်ပျော" ဆိုသောအရာ,

"သာဗြီးသာစံ၊ သားမျိုးရံသည်၊ စင်းကြီချမ်းရိုဝ်မိုးသတည်း" ၆
"ထားလာသွားစံ၊ တရားပြွံမှ၊ စင်းကြီကသည်" ၇
"သွက်လှယ်မည့်၊ သွားစင်းကြီ"

စသည်ဖြင့် စဝ်ဟဝ်သော "စင်းကြီ" ဟူသော ဝေါဟာရတို့၌ ထင်၏။

ထိုထွင် ကြီဍက်ပျော-ဟူသည်၌ "ငွဲးဆင်အံ၊ ကြီထည်းဖြူနိ။ ။ချိုဆိမ့်စွန်ပလွံ၊ ပျားကြီချိုဟန်" ၈....ဟူသော စဝ်အင်သည် သေးသေးတင်, နှ-သတ် မှတ်သားသည်ကို ထည်းကောင်း, 'အရွယ်ခဝ်ချန်၊ စုတ်သည်ကြန်' ဟူသော နှ-သတ်စဝ်အင်ကို ထည်းကောင်း, ယင်းမှတပါး စဝ်အင်ထည်းထင်ခက် သဘောထည်းမြင်ခက်သည်ကို ထည်းကောင်း ထောက်၍ နှ-သတ်အချို ဆိုကုန်သည်။ ဤ၌ သဘောကို ထောက်

---

၁ ကိုး * ၁၆၉။
၂ ကိုး * ၂၊ 'တီးမြည်ကျံကျံ'
၃ ကိုး ၂၇၇၊ 'ဆည်းကျံကျံထျင်'
၄ ရွေစာ * ၁၇။
၅ သံ * ၁၅။
၆ ကိုး * ၂၀၀။
၇ ကိုး * ၂၀၄၊ 'ထားလာ ထားလာ၊ များမကြောထျင်၊ အသာသွားစံ၊ တရားပြွံမှ'
၈ သံ * ၅၀။

သော် ပညတ်မျှသော ဝေါဟာရ၌ နာ-သတ်, သေးသေးတင် ယေဘုယျဖြစ်သည်ကို ထောက်လျှင် ကြီ-ဟူသော အမည်ပညတ်မျှဖြစ်၍, သေးသေးတင်မှ သဘောရှိအံ့သို့ ထင်၏။ ယခင် "ငမွေးဆင်အံ၊ ကြီထည်းဖြူနီ" ဟူ၍ စပ်သောအရာ၌ ဆိုအပ်ပြီးသည်နှင့်အညီ ဆင်အံ-ဟူသည်၌ သေးသေးတင်သဖြင့် ကြီ-၌ထည်း သေးသေးတင်ရာသည်။ ဆင်အံ-ဟူသည်၌ ဩဇာအန်သည်-ဟူသော အနက်ယူမှု၊ နာ-သတ်ဆိုသင့်၏။ ယင်း သို့ယူမှု ထိုင်ကျောသည် ခါးစပ်ခြင်းသဘော မထင်၊ ချီးမြှင့်ရက်ခြင်း သဘောသာ ထင်သောကြောင့် ဆိုခဲ့ပြီးသည်နှင့် အညီ ဆင် တိရစ္ဆာန်၏ သွားအံကဲ့သို့ အဖြူးအရက် တင့်တယ်သည်ဟူသော အနက်သာ ဖျော်သည်နှင့်အညီ သွားအံ-ဟူသော ဝေါဟာရကို "ခံတွင်းသွားအံ၊ ပုဝ်ညိုန်" ဟူ၍ မှန်စီဆရာတော် သေးသေးတင်စပ်သည်။ ယင်းသည့် သွားအံ-ဟူသော အနက်နှင့် ဖျော်သော ဆင်အံ-ဟူသောအမည်နှင့် ကြိုက်စပ်အင်ပြုလျှင် သေးသေး တင်သင့်သည် ယူဖွယ်ရှိ၏။ "ချိုဆိမ့်စွန်ပလွံ၊ ပျားကြီချိုဟန်" ဟူ၍ စပ်သော အရာ၌လည်း စွန်ပလွံ-ဟူသော အမည်၊ ကြီဟူသောအမည် ပညတ်ကာမျှသော ဝေါဟာရချည်းဖြစ်၏။ ထို၌ စပ်အင်သည်ထည်း "ချိုဆိမ့်စွန်ပလွံ၊ ပျားကြီချိုဟန်၊ တည်လွန်ချိုမော"....ဟူ၍ သေးသေးတင် စပ်အင်ရှိ၏။ အချုပ်မဲ့ နာ-သတ်စပ်အင်ထင်သည်။

သေးသေးတင်စပ်အင်, နသတ်-စသော စပ်အင်-တို့သည် အသံတူ အချုပ်မဲ့ထင်လျက် စပ်ခဲ့သည်။ စပ်အင်လွဲ၍ စပ်သည်များ၏။

"သာယာချေဝံ၊ ပြည့်ဖြိုး သံဖြင့်၊ တရံတဖန်၊ ငါ တောင်းပန်သော်၊ မဆန်အာဏာ"

"မြင့်မြင့်မကြီ၊ ချစ်သားသံလျက်၊ တရံတဖန်၊ ကျွန်ုပ်ကျွန်နှင့်၊ တမန်တွဲရက်"

"ချိုဆိမ့်စွန်ပလွံ၊ ပျားကြီချိုဟန်၊ တည်လွန်ချိုမော-"

ဤကား သေးသေးတင်နောင် နာ-သတ်စပ်အင်။

"လူမျိုးမတန်၊ မင်းထိုက်ရန်သား၊ ကောန်ကျစံ၊ ပေါက်ပြလျှံမျှ၊ ညှာတံပွင့်ချပ်"

"နောက်မျှအကျွန်၊ ပြန်မည်မကြီ၊ တဆိမ့်ချေ"

"အစောင့်အိပ်ဖန်၊ အတန်တန်ကို၊ တတ်ပွန်အကြီ၊ ဘယ်ကပြီ၍၊ မရှုံချောက်ချောက်"

---

၁ ကိုး * ၁၂။ ၂ ဘူထင် * ၁၁၄။

"နဝရတ်ဒိမာန်၊ ဝေဇယန်သို့၊ သည်လွန်သည်ရံ၊ ပစ္စန်ခွံဖြင့်၊ မွှမ်းမံ ရွှေချည်" [၁]
ဤကား နာ-သတ်နောင် သေးသေးတင် စပ်အင်။

"စုတ်ရှဘနန်း၊ သင်္ကန်းဝတ်တမ်း၊ သစ်ရေကြမ်းနှင့်၊ ရမ်းရမ်း ကား ကား"
"သားများသွန်းသွန်း၊ တရာထွန်းဇော်၊ သန်ကျန်းမှုထမ်း၊ ခေါကောင်း လျှမ်းသို့၊ ရဲစွမ်းကစ" [၂]
ဤကား နာ-သတ်နောင် မ-သတ်စပ်အင်။

"ပျော်ဖွယ်သာဂမ်း၊ သခ်မ်းတဝန်း၊ ပြုဖန်ဆန်းမှ၊ ရဟန်းပရိက္ခရာ" [၃]
ဤကား မ-သတ်နောင် နာ-သတ်စပ်အင်။

"ကြည်ထလက်လွတ်၊ မြဟ္မာနတ်တို့၊ ပျော်မွတ်ကိန်းဝင်၊ ဆွဲငါးရပ်ဟု၊ နှံ့စပ်ကြွင်းမဲ့" [၄]
"နောင်မင်းညီလတ်၊ ဘူရိဒတ်အား၊ မျက်မှတ်တပ်တပ်၊ ကွေ့သည့် ရပ်ကို၊ ရွှပ်ရွှပ်ညက်ကျေ" [၅]
"မီးသို့လည်းပွတ်၊ ဓောမိသတ်ကို၊ မလွတ်ကြပ်ကြပ်၊ ဖမ်းသည်ရပ်ဝယ်၊ နှံ့စပ်ဖျော်ဖျော်" [၆]
"ထိပ်ပြင် မတ်မတ်၊ လက်အုပ် ညွတ်လျက်၊ လျောက်ပတ် တင့်အပ်၊ နေရပ်ခွင့်ရ" [၇]
"မျှလည်မံတတ်၊ ဆယ်ပတ်ဆယ်ထပ်၊ မြဲကြပ်ကြပ်ချည်"
"ယူ၍ ပြတ်ပြတ်၊ ငါခုဝတ်သား၊ ရည်မှတ်မှန်တပ်၊ သည်လက်စွပ်လျှင်၊ ချောသပ်ပျို့မျစ်"
"မဖြိုးမဝတ်၊ ရှင်သိဒ္ဓတ်ကြောင့်၊ ဖြူထွတ်ပွင့်ချပ်၊ ပန်းစလပ်သို့၊ စောင့် ကြပ်မကင်း"
ဤကား တ-သတ်နောင် ပ-သတ်စပ်အင်။

---

၁ ခင်ကြီး * ၃၁။
၂ သံ * ၇။
၃ ကိုး * ၂၇၉။
၄ ကိုး * ၂၀၀။
၅ ဘူဃင် * ၂၀၁။
၆ ဘူဃင် * ၂၉၂။
၇ ကိုး * ၂၆၄။

"လက်ကောက်လက်ကြေပ်၊ လက်စွပ်ပုံခတ်၊ လက်တော် ဝတ်လည်း၊ ဆွတ်ဆွတ်နှစ်ခြိုက်" [၁]

"လူတို့အကွပ်၊ဟိရောဏ်ဆွဲပ်ကို၊မလပ်မလွတ်၊ စောင့်ရှောက်တတ်သည်၊ သူမြတ်ကြီးဖြစ်" [၂]

"ရေနှင့်တောင်ထပ်၊ ချပ်၍ပတ်သား၊ ရန်ပြတ်ငါးတန်"

ဤကား ပ-သတ်နောင် တ-သတ်စပ်အင်ထားသည်။ ။ဤသို့စသည်ဖြင့် အသတ်ကာရန်လွဲး၍ အချန်မဲ့စပ်အင် ထားသည်များကို ထောက်လျှင်လည်း 'ချိုဆိမ့်စွန် ပလုံ၊ပျားကြီ' ဟူ၍ သေးသေးတင်စပ်အင်နောင် 'ပျားကြီချိုဟန်၊တည်လွန်ချိုမော' ဟူ၍ အသံတူသောကြောင့် သေးသေးတင်နသတ် စပ်အင်လွဲးသည်လည်း ယူသင့်၏။

စကြီဟူသော ဝေါဟာရကား စက်မ,ဇဂ်မ-ဟူ၍ ပါဠိနှစ်ထွေထင်သောကြောင့် 'စကြီ' ဟူ၍ ပဌမကွရာ ကကြီး, စလုံးလည်းကောင်း၊ 'ဇဂ်' ဟူ၍ တတိယကွရာ ဇကွဲး,ဂငယ်လည်းကောင်း ရေးသင့်သည်တွင် ကကြီး, စလုံးရေးခြင်းသည် သဒ္ဒါမှလည်း မမှား၊ လောကဝတ်လည်း အသုံးများသောကြောင့် သင့်နိုင်၏။

ကြန်

၂၅၂-ကဗျည်း အရစ် န-သတ်၌ ဝေါဟာရကို ပြခြင်း

ထိုနှင့်အသံတူသော ကဗျည်းအရစ် န-သတ်ကား "မျက်စိသဏ္ဌာန်၊ကောင်းအင် ကြန်နှင့်၊ ယမန်သရော်။ ။သိပ္ပမန္တန်၊ ကြန်ပဋိဘာ။ [၃] ။သိပ္ပမန္တန်၊ ကြန်နှင့်တတိုင်" စသည်ဖြင့် စပ်ဟပ်သော 'ကြန် လက္ခဏာ' ဆိုသောအရာ။ ။"ရွှေမြေ တံခွန်၊ အရောက်မှန်လိမ့်၊သကြြန်ယခု" [၄] စသည်ဖြင့် စပ်ဟပ်သော 'သကြြန်' ဆိုသောအရာ တို့၌ထင်၏။

---

၁ ထန်ရ * ၃၅။
၂ ဘူပေါင်း * ၃၃။
၃ ကိုး * ၃၃။
၄ မင်းရှင် * ၂၅၊ ရှင်သံခိုဆို လွတ်စံ့စံရာချီရတု (ထ)၊ 'နန်းမြေထန်းခွန်၊ အရောက်မှန်လိမ့်၊ သကြြန်ရတု။'

ထိုဌ် ကြန်လက္ခဏာ ဆိုသော ဝေါဟာရသည် မြန်မာဘာသာ သက်သက်မဟုရ။ မာဂဓဌ် ကန္တ၊ သံသကရိက်ဌ် ကြန္တ-ရှိသည်တွင် သံသကရိက်အလျောက် 'ကြန်' ဟူ၍ ဆိုမိန့်ခြင်းဖြစ်သကဲ့သို့ရှိ၏။ ထို ကန္တ, ကြန္တ-သဒ္ဒါတို့၏အနက်ကား နှစ်သက်ခြင်းအနက်ကို ဟော၏။ နှစ်သက်ဖွယ်သော မှတ်ကြောင်းထက္ခဏာ, နှစ်သက်အပ်သော အကြောင်းတစိတ်ကို 'ကြန်' ဆိုသည် ယူသင့်၏။ ။သင်္ကြန်-ဟူသည်ဌ် သင်္ကြန္တ ဟူသောပါဠိကိုမှီဟန် အရသဆောကို အောက်ဌ် ဆိုခဲ့ပြီးသည် အတိုင်း နှလုံးသွင်းရာ၏။ ။(ကြီ-မှာ ပြန်ရှုဦး။)

ကွံ-ကွန်-ကွန့်

၂၅၃-ကဗျည်း ဝဆွဲး နံ-သတ်ဌ် ဝေါဟာရကိုပြခြင်း

[ကဗျည်း ဝဆွဲး, သေးသေးတင်ကား····ဝေါဟာရမထင်]။ ။နှ-သတ်ကား-

"တံဝါဝိုက်ကွန်၊ ရက်တုံဟန်ဖြင့်၊ တပြန်ပြောင်းပြောင်း"
"ပစ်ထမြားကွန်၊ မြောက်တုံဟန်ကား၊ သွားမှန်ဖြောင့်စင်"
"ထေးဝင်လှံကွန်၊ ခြင်သွေဟန်သို့၊ တတ်ပွန်ကာလွှား"
"ထစ်ဝါးလှင်ကန်၊ ပစ်ကွန်မိုးမြောက်"

စသည်ဖြင့် တံဝါတို့၏ကွန်, မြားကွန်, လှံကွန်ဆိုသောအရာတို့ဌ်ထင်၏။ ထိုဌ်ထည်း သဘောတူအံ့သို့ရှိ၏။ အဝေးသို့ ပြန်နှံ့လွှင့်ပါး ပေါက်ရောက်သည်ကို "ကွန်သည်" ဆိုသည်။

"ပြေးထွက်လိုလွန်၊ ကွန်ရနည်းဟု" [1]
"ထော်လော် ကန်ထန်၊ ဘယ်သူ ဟန့်ဝိမ့်၊ မကွန်စသာ" [2]
"သည်းကြားပွင့်ညွှန်၊ ရဲးဘုန်းသန်အား၊ မြှားကွန်တေဇာ"
"ကွန်ရှန်းရှက်ဖြာ-"

စသည်ဖြင့် အဝေးသို့ လွှင့်ပြေးထွက်သွားသည်ကို 'ကွန်သည်', မပြေးထွက်သာသည်ကို မကွန်-ဆိုသော အရာထင်သည်နှင့် လျော်စွာ မြားလှံစသည်တို့ အဝေးလွှင့်ပါး ပြန်နှံ့သည်ကို 'ကွန်' ဟူ၍ မြစ်သံဆိုသင့်လျက် မမြစ်မူ၍ မြားကွန်, လှံကွန်-

---

၁ ဘူဃင် * ၁၆၇။ ၂ ဘူပေါင်း * ၄၇။

ဆိုမိန့်သည်။ တံငါတို့ကွန် ဟူသည်၌လည်း ပြန့်နှံ့လွင့်ပါးစေ၍ ပစ်ချအပ်သော အသုံးအဆောင် ဖြစ်သောကြောင့် သဘောထျော်သည် ထည်းကောင်း ဟူသင့်၏။ ။ (ကြန်-မှာရှည်း)

ကျံ

၂၅၆–ကဗျည်း ယပင့်ဝဆဲး သေးသေးတင်၌ ဝေါဟာရကို ပြခြင်း

ယပင့်ဝဆွဲး သေးသေးတင်ကား….“နင်းကျီးနင်းကျံ၊ အကြီမှားယွင်း။ [၁] ။မုန်းချစ်ကြောက်ရွံ၊ မိုက်မဲးကြဲဖြင့်၊ ဆင်ကျံတရား” [၂] စသည်ဖြင့် စပ်ဟပ်သော အရာတို့၌ ထင်၏။ ထို၌ နင်းကျီးနင်းကျံ-ဟူသည်ကား ကျံနစ်သည်-ဟူသော အနက်တည်း။ ထိုအနက်ကို သတ်ပုံဟောင်း၌ ‘ခွံ်စေးရေခွံ်၊ နင်းတိုင်းကျံ၊ ခွံ်ခွံ်သွားရက်ရက်’ဟူ၍ စပ်အင်ဖွဲ့သည်။ ဆင်ကျံတရား-ဟူသည်၌ကား တရားဆင်ခြင်း၌ ကျွမ်းသည်ဟူသော အနက်ဖြစ်၍ မ-သဏ်ရေးဖတ်လိုလျက် “စကားထွန်သံ၊ ရောမပြွံသည်။ [၃] ။မခြားရောပြွံ၊ ညီတော်ထံဝယ်” စသည်ဖြင့် ရောပြွမ်ဟူ၍ မ-သတ်အရာကို သေးသေးတင်စစ်၏သို့ သေးသေးတင် ယူသင့်၏။

ကျွန်

၂၅၇–ကဗျည်း ယပင့်ဝဆွဲး န-သတ်၌ ဝေါဟာရကိုပြခြင်း

ယပင့် ဝဆွဲး န-သတ်ကား….သေးသေးတင်အသံနှင့်မတူ။ဝသက်သက် ဝဆွဲးရာ၌ သေးသေးတင် န-သတ်စသည်လည်းကောင်း, န-သတ်,မ-သတ်သည် လည်းကောင်း အသံမတူသည်သာဖြစ်၏။ ယပင့်ဝဆွဲး န-သတ်အစပ်ကား–

“ဘဝစုန်ဆန်၊ သေမင်းကျွန်မှ၊ တော်လှန်မင်းစစ်” [၄]
“ကျွန်ပ်တို့ကျွန်၊ အောက်မေ့ဟန်ကား၊ ပြည့်ဖြုန်မိပွါယ်” [၅]
“မြတ်နိုးအကျွန်၊ ပန်းနှယ်ပန်သည်”

စသည်ဖြင့် ကျွန်ုပ်, အကျွန်,ကျေးကျွန်-ဆိုသောအရာတို့၌ ထင်၏။

---

၁ ဘူပေါင်း * ၃၇။
၂ ကိုး * ၁၆၉။
၃ ကိုး * ၂၀၀၊ ‘စကားရောပြွံ’၊ နှုတ်မရှဲသည်။’
၄ ဘူပေါင်း * ၁၀။
၅ ကိုး * ၂၃၁။

ထို၌ ကျွန်ုပ်,အကျွန်-ဆိုခြင်းသည်လည်း ကျွန်ကျေးဟူသည်နှင့်မထူး။အလွန်ရိသေ နှိမ့်ချခြင်း အနက်ထင်စေလို၏့ ကျွန်-ဟူသည်ထွင် အကြီးအမသော ကျွန်မျှမဟုတ်။ အနုပ်အဖွဲးမျှသာဖြစ်သော ကျွန်-ဟူ၍့ အလွန်ကြွဲငဲ့နှိမ့်ချခြင်း အနက်ထင်စေလို၏့ ဆိုသော ဝေါဟာရဖြစ်၏့။ ။ထိုနှင့်ထျော်စွာ 'ကျွန်နုပ်'ဟူ၍့ သတ်သော နှ-တခြား အချို့ရေးပေသည်။ အချို့ထည်း နှ-သတ်တွင်ပင် တချောင်းငင် ပ-သတ် ရေးမှတ်ကြသည်။ ထိုထွင် သတ်ထျင် တချောင်းငင် ပ-သတ်မလို။ ဥသရဟ္ဒဉ်ထျက် နှ-သတ်ကို တံခွန်အသတ် ထင်းသည်တွင်ပင် ပ-သတ်ထပ်ဆင့်ပြန်ခဲ့။သရကင်းဗျည်း၌သာ တံခွန်အသတ်လိုသည် ဆိုဖွယ်ရှိ၏့။ ထိုသို့သော်ထည်း လောကဝတ်မှဖြစ်၍့ ယောကျ်ားဟူသည်၌ အာသရဟ္ဒဉ်ထျက်ကို တံခွန်အရေးပြ၏့သို့ သတ်အံ့သော ဗျည်းတထုံးကို သုတိတူဗျည်းတထုံးဝယ် နိမိတ်တံခွန်မှ ထင်စေခြင်းသည် အရေးမကျယ် သိထွယ်ပြီဖြစ်၍့ ရေးမှတ်သည်ဟူသင့်၏့။ ။အကျွန်-ဟူသော ဝေါဟာရ၌ အ-အက္ခရာထာပြန်သည်ကား အကြီးအမြတ်-ဟူသည်၌ အ-အက္ခရာပါ ဆိုမိန့်သကဲ့သို့ ပြေပြစ်စေခြင်းအကျိုး ယူသင့်၏့။

ကံ့-ကမ်

၂၅၈-ကဗျည်း သက်သက် သေးသေးတင် အမြစ်ရာ၌ ဝေါဟာရကိုပြခြင်း

ကဗျည်း၌ ဝဆွဲးသေးသေးတင် ထည်းကောင်း (ကံ့)။ ။အရစ်ဝဆွဲး၌ သေးသေးတင် န-သတ်ထည်းကောင်း (ကြွံ့-ကြွန်)။ ။ယဝင့် ကသက်သက် သေးသေးတင်၌ အမြစ်သံထည်းကောင်း (ကျံ့)။ ။ယဝင့် န-သတ်အမြစ်သံထည်းကောင်း(ကျန်) ယဝင့်ဝဆွဲး၌ သေးသေးတင် အမြစ်သံထည်းကောင်း (ကျံ့)။ ။ဝေါဟာရမထင်။

ထိုတွင် ကဗျည်းသက်သက်၌....သေးသေးတင် အမြစ်သံသည် ကံ့ကော်ဟူသော ဝေါဟာရ၊ ကံ့ဆေးတန်းဟူသောဝေါဟာရတို့၌ အချို့ရေးမှတ်ကုန်၏့။ထို၌-

"သာနိုးကမ်ကော်....ပွင့်ခါသော"
"ပြာမျိုးကျမ်ထော်....နှင့်သာသော" ၁
"လာနိုးလွမ်မြော်....လင့်ကာသော"

---

၁ ဝဲကူး ရာဇသကြီဆို၊ ယနေ့ခုသာ-ချိ ရတု၊ ထက်ဝဲနော်ရထာရတု ၇၁၊ ''သာနိုးကမ်းကော်ပွင့်ခါသော။ ရှာကျိုးလွမ်းထော် လင့်စွာသော။ ပြာမျိုးကျမ်းတော် နှင့်သာသော။''

ဟူ၍ 'ယန္နေခုသာ' ခဲ့သော မင်းနဝဒေးဆိုရတုတွင် မ-သတ်စင်အင်ကို ထောက်လျှင် မ-သတ်အရေးဖြစ်၏။ ထို မ-သတ်သည် အမြစ်ရောဒ်မထူးသည်ကိုငဲ့, "မခြားရောပြီ၊ ညီတော်ထံဝယ်" ဟူ၍ မ-သတ်အရာ ရောပြွမ်းဟူသည်ကို သေးသေးတင်စင်အင်ဖြစ်သည်ကိုငဲ့, "ပြင်းနတ်ကောင်းကင့်.... တမ်းခွန်သော" ။ "ဝင်းလတ်နှောင်းမြင့်....ကျွမ်းရန်သော" [၁] ဟူ၍ 'တမ်းခွန်' ဟူသည်တွင် တအက္ခရာဝယ် မသတ်စင်အင်ရှိလျက် အချို့သေးသေးတင် ရေးကုန်သည်ကို ထည်းကောင်း ထောက်၍ 'ကမ္ခကော်' ဟူသည်တွင် သေးသေးတင်ကုန်၏။ ထို၌ 'ကံ့ကော်' ဟူ၍ အမြစ်သံကို စင်အင်ထုံးမတွေ့။ ဤ၌မြစ်သံကို ထိုသည်တကြောင်း, အန္တမဟုတ်သည် တကြောင်းဖြစ်၍ ကသက်သက်သေးသေးတင်အမြစ် ဝေါဟာရမထင် ဆိုသည်။

ဆေးတန်းကံ့-ဟူသည်၌ထည်း စင်အင်ထုံးစံမတွေ့။ထိုကံ့-ဟူသည်နှင့် ကြားသံတူ နာ-သတ်အမြစ်ကား-

"အရေးကန္ခကန္ခ၊ ဟန္ခပါကောင်းလျက်" [၂]
"တပက်ရင်ကန္ခ၊ ဝတ်စားသန္ခနှင့်၊ ဆိတ်တွန္ခခြည်ပန်" [၃]

စသည်ဖြင့် ဆီးကန္ခသည်-ဆိုသောအရာ၌ ထင်၏။အရစ်,ယပင့်,သေးသေးတင်အမြစ်ကား ဆိုခဲ့ပြီးသည်နှင့်အညီ ဝေါဟာရမထင်။

ကြန္ခ-ကျန္ခ-ကျွန္ခ

၂၅၉-ကဗျည်း အရစ် ယပင့် ဝဆွဲး နာ-သတ်အမြစ်၌ ဝေါဟာရကို ပြခြင်း

ကဗျည်းရစ်လျက် နာ-သတ်အမြစ်ကား....

"မန္ဓေတားဟန္ခ၊ ကုသိုလ်ကြန္ခလျက်၊ ဘုန်းညွန္ခမပွား" [၄]

စသည်ဖြင့် စင်ဟင်သော ကြန္ခကြောသည်-ဆိုသောအရာ၌ထင်၏။ ဤ၌နှေရက်ကာလ 'ကျန္ခလွတ်သည်' ဟူသော သဘောကိုထောက်လျှင် ယပင့်လိုအံ့သို့ရှိ၏။ တိရစ္ဆာန်ကြန္ခကိုကား စင်အင်မတွေ့။ ခိုင်ကျန္ခသည်, မာသည်-ဟူသောအနက် ရသင့်သော

---

၁ ဒေး * ၄၂၊ "ပြင်းနတ် ကောင်းကင့် ထမ်းခွန်သော်။"
၂ သံ * ၁၀၂။
၃ ထန်ရ * ၁၁။
၄ ကိုး * ၁၀၄။

ကြောင့် ယဝင့် နှ-သတ် ရေးသော်ထည်း ထျော်အံ့ဆိုထင်၏။ ။ဝဆွဲးသေးသေး တင် အမြစ်ထည်း ဆိုပြီးသည်နှင့်အညီဝေါဟာရမထင်။ ။နှ-သတ်အမြစ်ကား....

"ထခွဲးရက်ခန့်၊ ကွန့်ကွန့်နှံ့ကျယ်" ၁
"ပြေးထွက်လိုလွန့်၊ ကွန့်ရနည်းဟု" ၂

စသည်ဖြင့် ဆိုအပ်ပြီးသည်နှင့်အညီ ပျုံနှံသည်ကို 'ကွန့်သည်' ဆိုသောအရာထင်၏။

ယဝင့်ဝဆွဲးဥ သေးသေးတင် အမြစ်ထည်း ဆိုခဲ့ပြီးသည်နှင့် အညီ ဝေါဟာရ မထင်။ ။နှ-သတ်အမြစ်ကား ကျေးကျွန့်-အကျွန့်-ဟူ၍ မြစ်ထံမဝါ ဆိုရအံ့သည်ကို စဝ်ဟဝ်သောပုဒ်၊ နောက်ပုဒ်ကိုငဲ့၍-

"စီးပွားတက်ညွှန့်၊ မိုးရွာညြွန့်သား၊ အကျွန့်ဆရာ" ၃
"အားပါးမရမ်း၊ ကျေးကျွန့်ဝမ်းမျ"

စသည်ဖြင့် အမြစ်ထံဆိုမိန့်သောအရာထင်၏။ ။[အရစ်ဝဆွဲး သေးသေးတင် နှ-သတ်တို့ဥ အမြစ်ထံဝေါဟာရထည်းမထင်]။

ကန်း-ကမ်း

၂၆ဝ-ကဗျည်း သက်သက် နှ-သတ် မ-သတ် ဝိသဇ္ဇနီဥ် ဧဝါဟာရကို မြခြင်း

ကသက်သက် နှ-သတ် ဝိသဇ္ဇနီထံကား....

"ခေါ်ညီမည်မှန်း၊ ပြည်ကြဉ်နှံး၌၊ ရက်ကန်းသည်ဇာစ်" ၄

စသည်ဖြင့် ရက်ကန်း ဆိုသောအရာ,

"မော်မိမော်မန်း၊ နှလုံးဆန်းဖြင့်၊ သူကန်းအထား" ၅

စသည်ဖြင့် ကန်းတီးသည် ဆိုသောအရာ,

"ဖန်ရည်ဆိုးစွန်း၊ သက်တင်ရန်းသို့၊ သက််နှံးနီစွတ်" ၆

စသည်ဖြင့် သက််နှံး ဆိုသောစကား,

---

၁ ကိုး * ၂၇၉။ ၃ ဆံ ၁၅၆။ ၅ ဘူပေါင်း * ၅၉။
၂ ဘူထင် * ၁၆၇။ ၄ ကိုး * ၁၁။ ၆ ကိုး * ၂၀။

"မွှမ်းဖြင်မကန်း၊ သွန်းသွန်းနှင်မောင်း"
စသည်ဖြင့် **ငါးမကန်း** ဆိုသောအရာတို့ဦးထင်၏။

ကျီးကန်း-ဟူသော အမည်ကား ကန်းတီးသည်-ဟူသော အရာ၌ ထင်၏။ ထို ဌက်သည် အခါခပ်သိမ်း မကန်းသော်လည်း တဖက်မြင်ခိုက် တဖက်ကန်းသည် ကို ၎င်း၊ တဖက်မြင်ခိုက် တဖက်စင်စစ် မကန်းသော်လည်း ထက်ျာဖက်ဖြင့် ရန်ကို ကြည့်လျှင် ထက်ဝဲးဖက်ဖြင့် အစာကို ကြည့်ခြင်းကြောင့် ထက်ဝဲးအတို့မှ ရန်ကိုမမြင်။ ဤအတူ ထက်ျာဖက်ဖြင့် အစာကိုကြည့်ခိုက်လည်း ထက်ျာအတို့မှ ရန်ကို မမြင်ခြင်း ကြောင့် ကန်းသည်-မည်ရကား 'ကျီး' ဟူသောအမည်ဟောင်းတွင် 'ကန်း' ဟူသော အမည်ထောင်း၍ 'ကျီးကန်း,ဟူသည် ယူသင့်၏။ ဤ၌ အစာကို ကြည့်ခြင်းကြောင့် ရန်ကိုမမြင်သော်လည်း စင်စစ်အားဖြင့် မကန်း၊ မကန်းခြင်းကြောင့်လည်း အာရုံ မူသောအစာကိုမြင်သည်ပင်။အာရုံမပြုင်ပါသည်သာ။ အာရုံမပြုင်ခြင်းကား သတ္တဝါ ခပ်သိမ်း၌ပင် ကျီးသည်တဖက်ဖြင့်ရန်ကို တဖက်ဖြင့်အစာကိုရှု၏သို့ အနက်တပါးကို ရှုခိုက် အနက်တပါးကို မရှုငဲ့နိုင်သောပုဒ်ကို 'ကာကောထောကနနည်း' ဟူ၍ ဆရာတို့ မိန့်ကုန်သည်။ထို၌အနက်နှစ်ပါးကိုရှုငဲ့ခြင်းမပြုင်ကာမျှသာငဲ့စွမ်းသည်ပင်။ဤနှင့်တူစွာ ရန်သူအစာဟူသောအာရုံနှစ်ပါးမပြုင်သည်သာ။မြင်စွမ်းသည်သာ ဟူသော အနက် နှစ်ပါးပြီး၏။ ဆိုခဲ့ပြီးသောအတိုင်း အမြင်မပြုင်သဖြင့် တဖက်ကန်းသည်မည်ရကား 'ကျီးကန်း' ဆိုသည်ဟူသင့်၏။ ကာန-သဒ္ဒါကား တဖက်ကန်း၊ အန္ဓ-သဒ္ဒါကား နှစ်ဖက်ကန်း အနက်ကို ဟောသည်ဟူ၍ ဆရာတို့မိန့်ကုန်၏။ ထိုကာနသဒ္ဒါကိုမှီ၍ 'ကန်းသည်' ဟူသော ဝေါဟာရဖြစ်၏။ အတွင်အားဖြင့် မြွေဟင်းကား မဲ့ခြင်း။ တဖက်မဟူ နှစ်ဖက်မဟူ မျက်စိမမြင်လျှင် ကန်းသည်-ဟူသော ဝေါဟာရဖြစ်၏။

ထို့နှင့်ကြားသံတူ မ-သတ်ကား-

"လှယ်ကာပေးကမ်း၊ ဖျားနာစမ်းထျက်၊ အခမ်းအနား" [၁]
"တယောက်ကကမ်း၊ တယောက်လှမ်း၍၊ နမ်းသည်ကာလ"

စသည်ဖြင့် **ကမ်းလှမ်းသည်** ဆိုသောအရာ,

"ဤမှာမြစ်ဝှမ်း၊ တဖက်ကမ်းကား၊ ချစ်ကျွမ်းမျိုးဆွေ" [၂]
"တောင်ကမ်းတက်တုံ-သက်တုံသော.....ယောင်ယမ်းစက်တုံ- မက်တုံသော"

စသည်ဖြင့် **တောင်ကမ်း,မြစ်ကမ်း** ဆိုသောအရာ,

---

၁ ကိုး * ၁၄၉။ ၂ ကိုး * ၆၃။

"လွဲလွဲကမ်းကမ်း၊ မုသားထမ်းသား၊ စွဲထမ်းမရ" [၁]

စသည်ဖြင့် **လွဲကမ်း** ဆိုသောအရာ,

"မနီးမကမ်း၊ ကြယ်ကိုလှမ်းသို့၊ တိုင်တမ်းနိုင်းချက်" [၂]

စသည်ဖြင့် **နီးကမ်း** ဆိုသောအရာတို့၌ထင်၏။ ။ထို၌ ပေး၏-ကမ်း၏ဟူသည်ကား တူရွယ်မျက်မှောက် ရောက်စေခြင်းအနက်တည်း။ လှမ်း၏-ဟူသည်ကား မျက်မှောက် ရောက်သောဝတ္ထုကို ဆိမ်းခံခြင်းအနက်တည်း။ ထိုနှင့်လျော်စွာ ချောက်, မြောင်, တောင်ယံ,မြစ်နံဝါးအရပ်တို့သည် မြေညီမြစ်ပြင်ချောက်ကြားတို့၌ ကျရောက်သော သစ်ပင်သစ်ဝါး သတ္တဝါတို့ကို တူရွယ်မျက်မှောက် ဒိဌောက်စွဲးလမ်းရာ ပေးကမ်းဘိ သကဲ့သို့ ပြက်ပြက်ထင်ထင် မျက်မြင်ဖြစ်၍ 'ကမ်း'ဟူသော ဝေါဟာရဖြစ်သည်ယူမူ အနက်သဘော ထျော်အံ့သို့ရှိ၏။ ဤ၌လည်း ထောကပညတ်မျှသာဟူထျင် သင့်ရာသည်ပင်ဖြစ်၏။

ကျန်း-ကျမ်း

၂၆၁-ကဗျည်း ယပင့် န-သတ်, မ-သတ် ဝိသဇ္ဇနီ၌ ဝေါဟာရကို ပြခြင်း

ယပင့် န-သတ် ဝိသဇ္ဇနီသံကား....

"ထူထဲးခိုင်ကျန်း၊ တောင်များထွန်း၏၊ အဝန်းပြောကျယ်"
"သားများသွန်းသွန်း၊ တရာထွန်း၏၊ သန်ကျန်းမှထမ်း" [၃]
"မှုခန့်ကျန်းကျန်း၊ သွန်းရရှုန်းထျင်၊ တွင်မှန်းမည်ရည်" [၄]
"ကမ်းခိုင်မြေကျန်း၊ ခေမာကျွန်းသို့၊ ကူးသန်းနိုင်ကြောင်း" [၅]
"ပုန်ကန်သောင်းကျန်း၊ ကျိန်းခန်းအထျောက်"

စသည်ဖြင့် ခံ့မာသန်စွမ်းသည်-ဟူသောအရာ၌ **ကျန်း**သည် ဟူသော ဝေါဟာရ၌ထင်၏။ ဤကျန်း, ကျန်းမာသည်, ကျန်းတော, ကျန်းခံ့သည်-ဟူသည်၌လည်း ဤအနက်လည်းကောင်းတည်း။

---

၁ ကိုး * ၉။
၂ ဘူထင် * ၁၃၁။
၃ ထန်ရ * ၂(၅)။
၄ ဘူပေါင်း * ၁။
၅ ဆံ * ၇။

ထိုနှင့် ကြားသံတူ မ-သတ်ကား....

"ကြိုးကြိုးပမ်းပမ်း၊ သင်သောကျမ်း၌၊ ငြိမ်းချမ်းမဂ်ဖိုလ်" [၁]
"မွေးဘမြီးမွမ်း၊ တိတ္ထိကျမ်းကို၊ စွဲးလမ်းအယူ" [၂]

စသည်ဖြင့် **ကျမ်းဂန်** ဆိုသောအရာ,

"ပမာန္ဒိုင်းတမ်း၊ တံသုတ်ကျမ်းသို့၊ ဝိုရမ်းစုံတို့" [၃]

စသည်ဖြင့် **တံသုတ်ကျမ်း** သည်ဆိုသောအရာ,

"နက်စွာအဂ္ဂမ်း၊ ရေတင်းကျမ်းလည်း၊ နှိုင်းတမ်းမမျှ" [၄]
"ငြိတ်ငြိတ်မွမ်းမွမ်း၊ ခရီးလမ်း၌၊ တင်းကျမ်းပြည့်ဖြိုး" [၅]

စသည်ဖြင့် **တင်းကျမ်း** ဆိုသောအရာတို့၌ထင်၏။

ထိုတွင် တင်းကျမ်း-ဟူသည်နှင့်, တံသုတ်ကျမ်းသည်-ဆိုသော အရာသည် အနက်သဘော နှိုးနှောဘွယ်ထင်၏။ ထို၌ ကျမ်းသည်-ဟူသော ဝေါဟာရသည် မဖြိုးမမောက် မရှိက်မထွ ပြည့်မျှသည်ဟူသောအနက်ဖြစ်သင့်သောကြောင့် 'တင်းကျမ်း, ဟူသည်၌ ပြည့်တင်းညီမျှသည် ဟူသောအနက်။ တံသုတ်ကျမ်းသည်-ဟူသော ဝေါဟာရ၌လည်း တံသုတ်ဟူသော အချောင်းအတံဖြင့် ညီမျှစေသော အနက်လည်း ကောင်းဖြစ်၏။ ။ထိုနှင့်လျော်စွာ မြေပြင်ကို ညီမျှအောင်ညှိသည်, ကျမ်းသည်, အုပ်ကျမ်းသည်-ဟူသော ဆိုမိန့်ခြင်းလည်းထင်၏။ ကျမ်းဂန်-ဟူသည်၌လည်း နည်းဥပဒေသ အရအနက် မလျှံမထွ ပြည့်မျှသည်ဟူသော သဘောကိုဝင်၍, ယူသော အစွဲးဖြစ်အံ့သို့ရှိ၏။ ခေါ်ဝေါ်ကာမျှသာဟူလည်း သင့်မည်ပင်။ လျော်ရာအစွဲးအရကို ဆင်ခြင်လေ့ရှိစေလိုသည်။

[ရစ်၍, နန-သတ်, ဝိသဒ္ဒနီသံကား ဝေါဟာရမထင်]။

---

၁ ဘူပေါင်း * ၅၉။
၂ ကိုး * ၃၃။
၃ ထန်ရ * ၄၅။
၄ ဘူပေါင်း * ၁၀၀။
၅ ထန်ရ * ၁၂။

ကြမ်း

၂၆၂-ကဗျည်းရစ်လျက် မ-သတ်ဝိသဇ္ဇနိဒ္ဒေ၀ါဟာရကို ပြခြင်း

ထိုနှင့် ကြားဆံတူ မ-သတ်ကား....

"ပုထုဇဉ်တမ်း၊ သဘောစမ်းမူ၊ ကြော့ကြမ်းရှေဦး" [၁]
"ဟဟရမ်းရမ်း၊ ကြမ်းကြမ်း ကြုတ်ကြုတ်" [၂]
"နှလုံးမကြမ်း၊ ကျင့်တမ်းမွေညက်"
"ဝေါက်ဝေါက်ဝမ်းဝမ်း၊ နူတ်သံကြမ်းနှင့်၊ နတ်ဝမ်းပူကြောင်း"

စသည်ဖြင့် ရုံ့**ကြမ်း**,ကြော့**ကြမ်း**-ဆိုသောအရာ,

"မတည်နိုင်စွမ်း၊ ကွပ်မဲ့ကြမ်းသို့၊ ပရမ်းပတာ" [၃]

စသည်ဖြင့် အိမ်ကျောင်းစသည်တို့၌ ခင်းစီအပ်သော **ကြမ်း** ဟူသော ၀ေါဟာရ။ ဤဆိုသောအရာတို့၌ထင်၏။ ဤ၌ကား ရစ်၍ရေးသော အရာကိုလည်းကောင်း, သဘောတူ မထင်သည်ကို လည်းကောင်း ထောက်သဖြင့် ပညတ်ကာမျှခေါ်၀ေါ်ခြင်း ဖြစ်သင့်၏။

ကွန်း-ကွမ်း

၂၆၃-ကဗျည်း ၀ဆွဲး န-သတ် မ-သတ်, ဝိသဇ္ဇနိဒ္ဒေ၀ါဟာရကို ပြခြင်း

၀ဆွဲး န-သတ် ဝိသဇ္ဇနိသံကား....

"သတင်းပျံမှန်း၊ သောင်းတိုက်ခန်း၀ယ်၊ မော်ကွန်းသက်သေ"
"ပုံရေးတူလွန်း၊ လက်ရုံးထွန်းလည်း၊ မော်ကွန်းတည့် ကွေးကွေး-ရွေစာရေး" [၄]

စသည်ဖြင့် **မော်ကွန်း** ဟူသော ၀ေါဟာရ.

---

၁ ကိုး * ၂၃၀။
၂ ဘူထင် * ၂၁၀။
၃ ဘူထင် * ၆၄။
၄ မင်းမယ် * ၂၅၊ 'ပုံသေတူညွှန်း၊ လက်ရုံးထွန်းသည်။ မော်ကွန်းထည့် ပြောက်ကွေး ရွေစာရေး။'

"ထေသွန်ပျော်ခန်း၊ ဆင်ကျန်းကွန်းက" ၁
စသည်ဖြင့် တဲ့,ကွန်း,ကနား ဆိုသောအရာ,
"ညံ့မွေ့ဝိုင်းကွန်း၊ ကျန်းသော်ဆံယောင်"
စသည်ဖြင့် လဲး,ဝါကွန်း ဆိုသောအရာတို့၌ထင်၏။

ထို၌မော်ကွန်းဆိုသည်ကို မော်၏-အရ ထောင်လွှားမြင့်စွင့်သည်။ ကွန်း၏-အရ ကို အမြစ်သံ ကွန့်လွှင့်သည်-ဆိုသောအရာကဲ့သို့ အဝေး ပျံ့နှံ့သည် ဟူသောအနက် ယူ၍ ရှေးဆရာတို့အဓိန္ဓိရှိသည်နှင့်အညီ ထောင်လွှားပျံ့နှံ့ခြင်းသဘောဂုဏ်ကို 'မော် ကွန်း' ဆိုသည်ဟူသင့်၏။ ထိုနှင့်ထျော်စွာ ဥဒါန်းမော်ကွန်းဖြစ်သည်၊ မော်ကွန်းထိုး သည်၊ မော်ကွန်းတင်သည်၊ သမိုင်းမော်ကွန်း-စသည်ဖြင့် ဆိုမိန့်သောအရာတို့သည် ဆိုခဲ့ပြီးသော သဘောအနက် ထျော်သည်ချည်းဖြစ်၏။ ။တဲးကွန်းကန္ဒား-ဟူသည် ကိုထည်း အမြတ်တနိုး ကိုးကွယ်ရှိသေထိုက်သော သမုတိနတ်၊ ဘုန်းရှင်-ဘန်းရှင်၊ မင်းကြီးစိုးရာ တဲးနေအပ်သော အဆောင်ကိုသာ'တဲးကွန်း'ဆိုသောအရာ ထင်သော ကြောင့် ယခင် ထောင်လွှား ပျံ့နှံ့ခြင်းဟူသော ဂုဏ်ရထိုက်သည်ဖြစ်၍ အနက်အစွဲး ထျော်အံ့သို့ရှိ၏။ ။လဲးဝါကွန်း-ဟူသည်ကား ပညတ်မျှသာ ဖြစ်သင့်၏။

ဝဆွဲး မ-သတ်ကား....

"ထွားညံ့နှုတ်ခမ်း၊ ကွမ်းလည်း တစ်မောင်း"
"စားတော်ရေကွမ်း၊ ဝတ်လွှမ်းပေါင်းပြင်" ၂
"ဆောက်သည် သခိမ်း၊ ထီးဖြူငြမ်းဝယ်၊ စဉ်းကွမ်း, ထဖက်" ၃
စသည်ဖြင့်ကွမ်းသီးစုံကွမ်းရွက်ဟူသောဆိုမိန့်ခြင်းတို့၌ထင်၏။ထို၌ ကွမ်း-ဟူသည်ကား အမည်မျှသာ ဖြစ်သင့်၏။

ကျွန်း-ကျွမ်း

၂၆၄-ကဗျည်း ဝဆွဲး နှ-သတ် မ-သတ်, ဒိသင္ဃနိဒ္ဒ
ဝေါဟာရကို ပြခြင်း

ယဝင့်ဝဆွဲး နှ-သတ် ဝိသင္ဃနိသံကား....
"တကျွန်း တကျွန်း၊ တိုက်အခန်း၌၊ ပတ်ဝန်းဂါးရာ"

---

၁ တန်ရ * ၅၊ 'ဆင်ကျုံးကွန်းက'။
၂ သံ၊ * ၁၆၀၊ 'ဝတ်လွှမ်းပြောင်းဖျင်။'
၃ သံ၊ နိဂုံး * ၁။

"မြစ်မဖီသန်း၊ ပြည်ကြီးထွန်းသား၊ ကျန်း၏သဖွယ်"
"ရွှေသဲပေါ်ထွန်း၊ ပြင်သာကျန်းထက်" [၁]
စသည်ဖြင့် သောင်ကျန်း ဟူသောဝေါဟာရ,

"မရစွန်းစွန်း၊ နေ့ရက်ကျန်းခဲ့၊ သက်နှံးသဝိတ်" [၂]
"နေ့ထည်းရက်ကျန်း၊ သွေယွန်းခုမူ"
စသည်ဖြင့် ကုန်ကျန်း သည်ဆိုသောအရာ,

"နှိုင်းကျော်တုကျန်း၊ မြင့်မိုရ်ထွန်းသို့၊ ရဟန်းများထွင့်"
"သာခေါင်မကျန်း လှည့်လေလော....ခါညောင်မသွန်း လှည့်လေလော"

"တရှ့တန်း၊ မတန်းကျန်းတည်း၊ ထွတ်ခွန်းနတ်မှာ"
"နှိုင်းတုကျန်း၍၊ ရွှေနန်းထွတ်ခေါင်"
စသည်ဖြင့် အတုကျန်းသည်ဆိုသော အရာတို့၌ ထင်၏။

ထိုတွင် နေ့ရက် ကျန်း၏-ဟူသည်ကား နေ့ရက် အကျိုးမဲ့ ကုန် ပျောက် သည် ဟူသော အနက်တည်း။ ထိုနှင့်ထျော်စွာ နှိုင်းခိုင်းတုထက်ရာမရှိ ကုန်ပျောက်သည် ဟူသောအနက်ကိုပင် 'နှိုင်းတုကျန်း' ဟူ၍, ဆိုသောအရာဖြစ်သောကြောင့် သဘော မကွဲးသည်ဖြစ်၏။ ။သောင်ကျန်း-ဟူသော ဝေါဟာရ၌ထည်း ရေယဉ် စီးသွားမြဲး ပြတ်စဲး၍, ကုန်ပျောက်ခြင်းအနက်ထင်သည်ပင်။သဘေားမကွဲး အစွဲးထျော်အံ့ထို့ရှိ၏။ ကျန်းတိုက်သည်, ၊ကျန်းခုတ်သည်-ဟူသောဝေါဟာရ၌ထည်း ကိုင်း, မြက်, သစ်ပင် မီးရှိန်သင့်၍, မရှိစေရ၊ ကုန်ကျန်းစေအောင် မီးတိုက်သည်ကို 'ကျန်းတိုက်သည်,' ကုန်း,ကျန်း, ထယ်ရာ ခုတ်ထွင်သည်ကို 'ကျန်းခုတ်သည်' ဤသည်အနက် ယူထည်း သင့် ရာ၏။ ယခင်ကျန်း-ဟူသော ဌာနအမည် ထင်ပြီး သည်ထွင် ပေါက်ရောက် သော ပေါင်းမြက်ကို ခုတ်ထွင်သည်ကို စွဲး၍, မီးဖြင့် မကျန်းစေသော်ထည်းကျန်း၌ ခုတ်ထွင်သည်ကိုကျန်းခုတ်သည်ဟူသော ဆိုမိန့်ခြင်းဖြစ်၏ ယူထည်းသင့်ရာ၏။

ကျန်း-ဟူသော သစ်ပင်၏ အမည်ကား ပညတ်ကာမျှသာလည်း ယူသင့်၏။ယခင် ကဲ့သို့ မြစ်ထယ်မြစ်တွင်း ကျန်း၏ ထက္ကဏာမထင်။ ကြည်းကုန်းခင်း၌ ပေါက်ရောက် သေသော်ထည်း ကြည်းအရပ်ဟူသမျှကိုပင် မီးရှိန်သင့်၍, ကုန်ကျန်း တတ်သော သဘောထင်သောကြောင့် 'ကျန်း' ဟူသော အမည်ချည်းယူ၏, ထို့၌ပေါက်ရောက်

---

၁ ကိုး * ၂၇၀။ ၂ ဘူပေါင်း * ၁၀၃

သမျှ သစ်ပင်တို့သည် 'ကျန်း' ဟူသော သာမညအမည်ဖြစ်၏။ ထိုသာမည ကျန်း-ဟူသော အမည်ကိုရည်၍ 'ကျန်းခုတ်သည်၊ ကျန်းတိုက်သည်' ဟူသော ဝေါဟာရ ထင်၏။ ထို ကျန်း-ဟူသော သစ်ပင်၏ အမည် သာမညတွင် အင်ကြင်း, သစ်ရာ-စသည်ဖြင့် အမည်ထူးမမှတ်မူ၍, ကျန်း-ဟူသောသာမညအမည်မျှသာ ထိုသစ်ပင်၏ အမည်ဖြစ်သည် ဟူထည်း သင့်ရာ၏။ ဤမိုးရှိန် သင့်၍, ကျန်းသည်, ကျန်းပင်၏ အမည်တို့ဖြင့် တိုက်ရိုက် စင်အင် မထင်သော်လည်း ထုတ်ဖော်ခဲ့သော အနက်အရကို စွဲး၍ ထင်သာပြီ။

ယပင့်ဝဆွဲး မ-သတ်ကား....

"လေ့လာမကျွမ်း၊ လူသွမ်းစတေ"
"ရှေးကမကျွမ်း၊ လူစိမ်းရွှမ်းကို၊ အခမ်းအနား"
"တရားမူထမ်း၊ ငယ်ကျွမ်းဆရာ"
"အကြောင်အကျွမ်း၊ အလွမ်းမည်မှန်"

စသည်ဖြင့် လေ့ကျွမ်းသည် ဆိုသော အနာဠ် ထင်၏။ ထို၌ ကျွမ်း၏-ဟူသည်ကား အကြောင်းအလမ်းကို သိစွမ်းသည် ဟူသော အနက်တည်း။ ကြင်ကျွမ်း၏-ဆိုသော အရာထည်း သဘောမကဲ့။ ကြင်၏-ဟူသည်ကား ချစ်ခင်လေးမြတ်ခြင်း၊ ကျွမ်း၏-ဟူသည်ကား အကြောင်းအလမ်းကို သိစွမ်းခြင်း၊ ဤအနက်နှစ်ပါး ပေါင်း၍ ကြင်ကျွမ်းသည် ဟူသော ဆိုမိန့်ခြင်းဖြစ်သောကြောင့် သဘောမကဲ့သည်ဖြစ်၏။ ဤနှင့် ထျော်စွာ လေ့ကျွမ်းသည်,သိကျွမ်းသည်,ကျွမ်းကျင်သည်-စသည် ဖက်ဆိုသောစကား ခွန်းတို့၏ အရအနက်ထွက်ဟန်ကိုရှု၍, အကြောင်း အလမ်းကို သိစွမ်းခြင်း အနက် သဘော နှောစပ်၍, ယူရာ၏။

ကြွန်း-ကြွမ်း

၂၆၅-ကဗျည်း အရစ်ဝဆွဲး မ-သတ် ဝိသဇ္ဇနီဠ်
ဝေါဟာရကို ပြခြင်း

[ကဗျည်း အရစ်ဝဆွဲး နှ-သတ်ကား ဝေါဟာရ မထင်]။

မ-သတ်ကား...."ဘုန်းအားပြွမ်းပြွမ်း၊ တထောင်ရှမ်းနှင့်၊ကြွမ်းတခုပုံ" [၁] စသည်ဖြင့် မင်းတရားရွှေထီးဧးချင်းတွင် စပ်သည်နှင့်အညီ ကြွမ်းလူမျိုးဟူသည်တွင် ထင်၏။

(၁ ထီး ဧး * ၂၇။

ထို၌ အချို ဂဃ်ရေးကုန်သည်ကား မြမွာမှသက်သက်၌ တတိယကွရာ အထုံးနည်း အံ့ဖြစ်၍ မသင့်နိုး။ အချိုကား ယပင့် ရေးကုန်၏။ သမုတိ ဝညတ်မျသော အရာ၌ ရစ်သည်များသောကြောင့် ရစ်၍ ရေးသည်ကို ကြိုက်သည်။ ဤနှင့်ထျော်စွာ ကြွမ်းသမား, ကြွမ်းထိုးသည်, ကြွမ်းနင်ရှိသည်, ရက်ကန်းသည်တို့၏ ငြောင့်ကြွမ်းဟူသော အမည်တို့၌ထည်း နည်းတူသင့်၏။ အောက်အထက် အရင်းအဖျား ရှေနောက် ပြန်သောအခြင်းအရာကို ရည်၍ ....“အမိုက်ကြွမ်းနင်၊ ရေမျောတင်သို့” ဟူ၍ ဆိုမိန့်သောအရာ။ “ကြွမ်းထိုးပြောင်းပြန်” ဟူ၍ ဆိုမိန့်သော အရာတို့သည် ရက်ကန်းသည်တို့၏ကြွမ်း-ဆိုသောအရာ၊ ကြွမ်းသမားတို့၏ အမူအရာနှင့် ထျော်၏။

ကြွမ်းလူမျိုးတို့၏ အမည်၌ထည်း ထိုပညာ၌ လေ့ထာကြွမ်း (ကျွမ်း ?)ကျင်သော လူမျိုးဖြစ်၍ ‘ကြွမ်း’ ဆိုသည်ထည်း ယူသင့်၏။ ကြွမ်း-ဟူသည်ကား လူမျိုး၏ အမည်ရင်း။ ထိုကိုစွဲး၍ ထိုသူတို့၌ ထင်သောအစွမ်းကိုထည်း ‘ကြွမ်း’ ဆိုသည်။ ထိုနှင့်တူသော အမူအရာ ထင်သည် ကိုထည်း အဆင့်ဆင့်စွဲး၍ ကြွမ်း-ဟူသော ဆိုမိန့်ခြင်းဖြစ်သည်ထည်း ယူသင့်၏။ နာမပညတ်တို့ သည်ကား ဆင့်ကာ ဥပစာရ နည်းဖြစ်၍ ယူသင့်ဟန်ကို အောက်က များစွာဆိုခဲ့ပြီ။ ။ယင်းရဲးပင်၏အမည်သည် ဒ္ဓိရာအရပ်၌စွဲး၍ ကျောက်ဆောင်ကို ယင်းရဲး၊ ထိုအနီး တံခါးကိုထည်း ယင်းရဲး၊ ထို၌ တင်သောစေတီဘော်ကိုထည်း ယင်းရဲးမုဋ္ဌော၊ ထိုစေတီ ဝန်းကျင် အရပ်ကို ထည်း ယင်းရဲးဟူ၍ အဆင့်ဆင့် အထပ်ထပ် ပညတ်ကူးရောက်ဟန် များစွာထင်၏။

ကဗျည်း၌ သေးသေးတင် န-သတ်, မ-သတ်တို့ကို
စပ်နှော၍ ထုတ်သည် ပြီးပြီ။

ခံ-ခန်

၂၆၆-ခဗျည်း သက်သက် သေးသေးတင် န-သတ်ရာ၌ ဝေါဟာရကို ပြခြင်း

ခဗျည်း၌ နည်းတူထုတ်အံ့သည်မှာ ဝေါဟာရထင်ရာသာ ထုတ်တော့အံ့။ ။ ခဗျည်းသက်သက် သေးသေးတင်ကား....

“ဝေါပါလထံ၊ ဆွမ်းပန်းခံ၍၊ ကျိုးနွံညွတ်နူး” [၁]
“မစိုးမရွံ့၊ ဘိသိက်ခံ၍၊ ထွန်းလျှံလတ္တ”

---

၁ ကိုး * ၉၁။

"ရိုးရိုးဝန်ဆံ၊ အာမခံသည်၊ ထွေထိမဆံမငြင်းတည်း" ၁
"ပညာရှိထံ၊ ဆုံးမခံသော်၊ ထက်ပျံမိုးတိုင်"
"အပေါင်းကျိုးနှံ၊ ထက်ဆောင်ခံသား၊ တိသမ္မဒါ" ၂
"ဃေညှင်းရပ်ခံ၊ ညဉ့်ယံနေ့စောင့်"
"အဲးတိုင်အဲးခံ၊ အဲးထောက်သံနှင့်၊ ခုန်ပျံတက်သက်" ၃
"သည်းညည်းခံခံ၊ တောကြီးထံဝယ်၊ ဆိတ်ညံကိုယ်ချည်း"
"ကိုက်ခဲးယားယံ၊ ဤသူခံရှင့်၊ ဆက်ဆံမရ" ၄
စသည်ဖြင့် စပ်ဟပ်သောအရာ ထင်၏။

ထိုဌ် ခံသည်-ဟူသော ဝေါဟာရကား ရှေးရှေးရောက်သည်ကို သိမ်းပိုက်ခြင်း အနက်တည်း။ ဤနှင့်လျော်စွာ ချမ်းသာခံသည်, ဆင်းရဲခံသည်ကိုဂင် [သုခံအနုဘဝတိ၊ ဒုက္ခံအနုဘဝတိ] ဟူ၍, မဂဝ မပြားထင်လျက်ကို ချမ်းသာသောအရာ၌ 'ခံသည်' သာ မဆို၊ လူနတ်စည်းစိမ်ကို ခံသည်-ဟူ၍, ဆိုမိန့်ခြင်း ဖြစ်ပြန်သည်ကား··· အသာအယာ သုတိကွဲးဖြစ်စေလို၍, ဆိုသည်သာ၊ အနက်မကွဲးသင့်သည်ဖြစ်၏။ ခံ-ဟူသော သစ်ပင်၏အမည်၌ကား တိုက်ရိုက်စပ်အင် မထင်သော်လည်း မျက်မြင်ပြက်ပြက် ထက်မြက်ဖြောင့်သားစွာ ရောက်သော ဆူး-ဟူသော ထက်နက်ဖြင့်ရောက်လာသောရန်ကို ခားလှံထောင်၍, ခံတိသကဲ့သို့ ဖြစ်သော အနက်ကို စွဲး၍, ယူလျှင် သေးသေးတင်ငင်းဖြစ်၏။ အမည်မျှသာ ယူလည်း သင့်ရာသည်ပင်။ ။ဤနှင့် ကြားဆံတူ နှ-သတ်ကား သီဃကွန်, ပညကွန်, သမာဓိကွန်-စသည်ဖြင့် ပါဠိမှိသာထင်သည်။ မြမွာမှသက်သက် ဝေါဟာရ မထင်။

ချံ-ချန်-ခြံ-ခြန်

၂၆၇-ခဗျည်း ယပင့်-ရရစ် သေးသေးတင် နှ-သတ်၌ ဝေါဟာရကို ပြခြင်း

ခဗျည်း ယပင့် သေးသေးတင်ကား···· "ချိုးချိုးခုံခုံ၊ တောကြီးထံဝယ်၊ ဆိတ်ညံကိုယ်ချည်း" စသည်ဖြင့် ချိုးခုံ-ဆိုသောအရာ။ စည်းခြံဆိုသော အရာဟူသည်၌လည်း

---

၁ းကို * ၉၀။
၂ ဘူပေါင်း * ၅။
၃ သံ * ၁၆၀၊ 'အဆိုင်ဆိုင်လျှင်၊ အဲတိုင်အဲခံ၊ အဲထောက်သံနှင့်၊ ခုန်ပျံတန်းတက်'
၄ ဘူပေါင်း * ၁၉။

အချိုယပင့်ရေးကုန်၏။ ရစ်သည်မှ သင့်နိုးအံ့ထင်သောကြောင့် နောက်မှဆိုအံ့။ ။
ထိုနှင့် ကြားသံတူ နှ-သတ်ကား····

"လူများတောင်းပန်၊ ကြာလတ္တန်သော်၊ အချန်မရှိ" ၁
"စွန့်ထားနောက်ပြန်၊ ငကိုချန်ခဲ့၊ သုသာန်တစ" ၂
"တရက်မချန်၊ မိုးသို့ဝှန်မျှ၊ ရွယ်တန်ဟျိုထွား"

စသည်ဖြင့် ကျန်စေသည်ကို ကာရိုက်အနက်ဖြစ်သော ချင်းချန်သည်-ဟူသော ဝေါဟာရ၌ ထင်၏။ ထို၌ ကျန်သည်-ဆိုမူ အလိုအလျောက် သယံဇာတ ဖြစ်ခြင်းဟူသော သုဒ္ဓအနက်၊ ချန်သည်-ဆိုမူ ကျန်စေသည်ဆိုသော ကာရိုက်အနက်ဖြစ်၍ အရက္ခဲ့၏။ ထျော်စွာရှု၍ တရက်မကျန် မဆိုတန်သည်-ဆိုတန်သည်ကို နှလုံးသွင်း။ ယပင့် နှ-သတ်ကား တူ၏။ က-ကြီး ခ-ခွေး မတူလေ။

ရစ်၍ သေးသေးတင်ကား····

"တောင်လှခုနစ်ခြီ၊ မြင်းမိုရိရံသို့၊ ငထံဝန်းပတ်" ၃
"စောင်ရန်းစည်းခြီ၊ ကောင်းစွာရံ" ဟူ၍ စပ်သောအရာ,
"မယုံမနှံ၊ ကိုယ်ထူးကြီ၏၊ မခြီမဖဲ့"
"တမာသစ်ခွံ၊ စို့စို့နံ၊ ခွါခြီပယ်ခုတ်ထွက်"

စသည်ဖြင့် စောင်ရန်းစည်းခြီ၊ မဖဲ့မခြီ-ဆိုသောအရာတို့၌ ထင်၏။ ထို၌ စည်းခြီ-ဟူသည်ကား အဆီးအတန့် ဝိုင်းခြားခွဲခြမ်းသော အမူအရာ၊ ခွဲခြမ်းခြင်း အနက်ရသင့်သည်နှင့်အညီ၊ မ-သတ်အသံ မူထဖြစ်ထျက် အောက်၌ ဆိုအပ်ပြီးခဲ့သည်နှင့် ထျော်စွာ သေးသေးတင် ဆိုမိန့်ခြင်း ဖြစ်၏သို့ ရှိ၏။ ။မဖဲ့မခြီ၊ ခွါခြီ-ဟူသည်၌ လည်း ခွဲခြမ်းခြင်းအနက် ထွက်သင့်သည်ပင်။ ဤကိုထောက်၍ ရစ်သည်မှာ သင့်နိုး၏။ ပညတ်မျှသာဟူလည်း ရစ်သောအရာ များသောကြောင့် အရစ်ထျော်အံ့ ထင်သည်။ ။[ရစ်၍ နှ-သတ်ကား မထင်။]

---

၁ ကိုး * ၂၆၉။ "ကြားလတ်တွန်သော်၊ အဏျန်မရှိ"
၂ ဘူပေါင်း * ၁၆။
၃ သံ * ၇၇။

ခွံ-ခွန်

၂၆၈-ခဗျည်း ဝဆွဲး သေးသေးတင် နာ-သတ်၌ ဝေါဟာရကို ပြခြင်း

ဝဆွဲးသေးသေးတင်ကား…. 'ရွှေများမင်းစံ၊ ပုစွန်ခွံနှင့်။ ။အရံအကာ၊ တမာသစ်ခွံ၊ စို့.စို့.နံ့' ဟူ၍ သတ်ပုံဟောင်းရှိသည်နှင့် အညီ 'အခေါက်အခွံ' ဆိုသော အရာ၌ ထင်၏။ ။နာ-သတ်ကား-

"လွှားတံခွန်ကို၊ ပြင်းပွန်မုန်တိုင်း" ၁

စသည်ဖြင့် စပ်ဟပ်သော **တံခွန်** ဟူသော ဝေါဟာရ,

"ဝင်ထပ်တုတ်ခွန်၊ ကြည့်ဘန်စီစစ်" ၂

စသည်ဖြင့် စပ်ဟပ်သော **အခွန် အနက်** ဟူသော ဝေါဟာရ,

"အသာအကွန်၊ ချည်တုံပြန်၍.၊ ထည်ခွန်မြီးဖြဲခ်ိး"

စသည်ဖြင့် **ထည်ခွန်** ဆိုသောအရာတို့၌ ထင်၏။ ဤ တံခွန်, တုတ်ခွန်,ထည်ခွန်,စသည်ဖြင့် ခ-ဗျည်းဝဆွဲး နာ-သတ်အသံတို့ကား ပညတ်ကာမျှသာ ဖြစ်သင့်၏။

ချံ-ချန်-ချန်း-ချန့်

၂၆၉-ခဗျည်း ယပင့် ဝဆွဲး သေးသေးတင် နာ-သတ် အမြစ်သံ ဝိသဒ္ဒနီသံတို့၌ ဝေါဟာရကို ပြခြင်း

ခဗျည်း ယပင့် ဝဆွဲး သေးသေးတင်ကား….

"ကုန်အောင်ဖျက်ချံ၊ ဆက်ဆံငါးခု" ၃
"ခန့်ညားမင်္ဂံ၊ ထင်းရောင်းချံသို့၊ မည်မပြတ်" ၄
"လှည်းချနင်းချံ၊ ကျူထရံသို့၊ အကံဘာတာ" ၅
"ချံစေးရေနှံ၊ နင်းတိုင်းကျံ၊ ချံချံသွားရက်ရက်"

စသည်ဖြင့် 'ရက်ရက်ချံချံ' ဆိုသောအရာ၌ ထင်၏။

---

၁ ကိုး * ၁။
၂ သံ၊ နိဂုံး * ၃။
၃ ကိုး * ၃၅။
၄ ဘူထင် * ၁၄၂။
၅ ဘူဝေါင်း * ၉၀။

ခဏ်းယပင့်ဝဆွေး နှ-သတ်ကား.....

"စွယ်ဖျားချွန်ချွန်၊ ဆင်ရည်မှန်တိ၊ စောင်မန်မိုးဖျား"
"ဆေးပြိမ္ဗန်၊ လေချွန်ပြွေမှုတ်"
"အညာဆန်ဆန်၊ နှစ်ဖက်ချွန်ထျင်၊ အမွှန်မြစက်" [၁]

စသည်ဖြင့် ညွှန့်ညွှန့်သွယ်သွယ် ပြုမူသောအခြင်းအရာ နားပံသစ်ချွန်၊ ပန်းခက်တွန့်ချွန်၊ လူစချွန်သည်၊ နေရာချွန်-စသည့် ဝိသဇ္ဇနီအမြစ်မပါသံ။

"ပြတ်ထျင်းဘနန်း၊ မျောမျောသွန်းသား၊ မြိုက်ချွန်းအသွား" [၂]

ဟူ၍ စပ်ဆိုသောအရာကဲ့သို့ မြိုက်ချွန်းသည် ဟူသော ဝိသဇ္ဇနီအသံ။ ။ကံ့ကူတချွန်-မြားတချွန်-စသည်ဖြင့် ဆိုမိန့်သော အမြစ်သံ။ ဤအသံသုံးပါးလုံးသည် ညွှန့်ညွှန့်သားသား ပြုမူခြင်းသဘောနှင့် ယှဉ်သောအရာချည်းဖြစ်၍ သဘောရင်း တူသင့်၏။

ထိုထွင် ထက်မြက်အောင် ချွန်သည်-ဟူသော ဝိသဇ္ဇနီ အမြစ်လွတ် အသံကား သကမ္မတအနက်ဖြစ်၍ သစ်ကိုချွန်သည်၊ ဝါးကိုချွန်သည်-စသည်ဖြင့် ကံပုဒ်ရသင့်သည်။ မြိုက်ချွန်းအသွား-ဟူသကဲ့သို့ ဝိသဇ္ဇနီသံဌ်ကား သယံဇာတဖြစ်၍ အကမ္မကအနက်ဖြစ်၏။ ။ကံ့ကူတချွန်-မြားတချွန် * စသည်ဖြင့် အမြစ်သံ ဆိုမိန့်ရာဌ်ကား ချွန်အပ်သောမြား, ကံ့ကူ-စသော ဝတ္ထုဖြေဒ်ကို ဆိုသောအရာဖြစ်၏။ ဆင်သည်တို့၏ အဆောက်အဦ ချွန်း-ဟူသည်ဌ်ထည်း နည်းတူ၊ မြိုက်ချွန်းသော အသွား ရှိသော ဝတ္ထုဖြေဒ်ကိုလည်း ဆိုသောအရာဖြစ်၏။

ဤဌ် မြိုက်ချွန်း-ဟူသကဲ့သို့ ဝိသဇ္ဇနီသံ, တွန်ချွန်ဟူသော ဝိသဇ္ဇနီ အမြစ်မပါ ပကတိအသံတို့ဌ်ကား မြားစသည်ကိုချွန်ခြင်း၊ အလိုအလျောက် မြိုက်မြိုက် ချွန်ချွန်ဖြစ်လေခြင်းဟူသော ကြိယာမျှကိုထည်း ရသင့်၏။ ဆင်သည်တို့၏ ချွန်း-ဟူသော ကြိယာဝန်ဖြေဒ်ကိုထည်း ရသင့်၏။ ။မြားကံ့ကူတချွန်, "ဦးဖျားချွန့်ချွန့်၊ အသက်စွန့်၍၊ မတွန့်မတို" ဟူ၍ ဘူရိဒတ်ထက်ဂ စပ်ဆိုသောအရာကဲ့သို့ အမြစ်သံဌ်ထည်း နည်းတူ ကြိယာမျှကွဲးရသည်၊ ကြိယာဝန်ဖြေဒ် ရသင့်သည်၊ ခြားနား၍ နှလုံးသွင်းရာ၏။ ။ ခဏ်းယပင့်ဝဆွေးဌ် အမြစ်, ဝိသဇ္ဇနီသံ-တို့ထည်း ငြိုးထင့်၏။

[ခဏ်း ရစ်ထျက် ဝဆွေး သေးသေးထင် နှ-သတ်ကား မထင်]

---

၁ ပြည်စုန် * ၁။
၂ ဘူပေါင်း * ၄၃။

* 'လှန်ကန်လေးမြား၊ ကာသည့်
လွှားသို့၊ ဦးဖျားချွန့်ချွန့်။
အသက်စွန့်၍၊' ဘူထင် * ၂၄၅။

ခံ့-ခန့်-ခြံ့

၂၇၀-ခဗျည်း သက်သက် အရစ်, သေးတေးတင်, နှ-သတ်, အမြစ်ရာဒ္ဓ ဝေါဟာရကို ပြခြင်း

ခဗျည်း သေးသေးတင် အမြစ်ကား....

"အမှုခံ့ခံ့၊ သိရအံ့ဟု၊ ခတ်ငံ့တွယ်တာ" [၁]
"မင်မည်ခံ့၊ တင့်ငံ့ထျင်၊ ချစ်နှံ့မပြယ်"
"ဆင်ခြင်လောက်ငံ့၊ ခံ့ခံ့ကျန်းကျန်း"
"မတည်မတံ့၊ မခံ့တိုင်ပင်"
"ဃမ်းသက်ဖြည်းညှံ့၊ ဘဝါးပျံ့ထျက်၊ ခံ့ခံ့ကမ္မဋ္ဌာန်း" [၂]

စသည်ဖြင့် ကျန်းခံ့သည့်, မာမာခံ့ခံ့, မငခံ့သည်-စသည် ဆိုမိန့်သောအရာတို့၌ ထင်၏၊ ဤ၌ ငခံ့၊ မငခံ့-ဟူသည်၌ အခံ့အတွက်ဟူသကဲ့သို့မဟုတ်၊ ငအံ့, မငအံ့, ဟူသကဲ့သို့ အနာဂတ်ကြိယာအနက်ဟူသင့်၏။

ထိုနှင့်အဆံတူ နှ-သတ်ကား....

"ဃခွဲးရက်ခန့်၊ ကွန့်ကွန့်နှံ့ကျယ်" [၃]
"ထူတို့နာခန့်၊ ပညာဖြန့်သည်၊ နိုးနှန့်နှလုံးပျော်းသတည်း" [၄]
"ဝိတ်ကျောဖက်ခန့်၊ တိမ်ညွှန့်မမိ"
"ထုံးဝိုင်းမခန့်၊ မေထွာဆွန့်ခဲ့" [၅]
"စားမည်အခန့်၊ ထျော်စွာဖြန့်ထျက်"
"မေထွာမတန့်၊ သက်ထုံးခန့်သည်"
"ကာဃရှည်ဝွန့်၊ တွက်ခန့်ထေးထွေ"

စသည်ဖြင့် ယခင်အခန့်အတွက် ခါသာဖက်ခန့်-ဟူသော အရာတို့၌ထင်၏။ [ယပင့် သေးသေးတင် အမြစ်ကားမထင်]။ ။ရစ်ထျက် သေးသေးတင်အမြစ်ကား....

"ပည်းသီခြံ့ခြံ့၊ တောလုံးမျှခံ့၊ ပတ်လျှံ့ဝန်းကျင်"
"ပတ်ခြံ့ရံဖျား....ဆွတ်ပျံကြွရှား"
"ပတ်ခြံ့ကွယ်မှောင်....ဆွတ်ပျံဖွယ်အောင်"

စသည်ဖြင့် 'ခြံရံ' ရပေသည်။ ဆင်ခြင်ထေ။

---

၁ ဘူပေါင်း * ၄၉။
၂ ကိုး * ၂၀၃။ 'လှခ်းဆက်ဖြည်းညှံ့
၃ ကိုး * ၂၇၉၊ 'ကွန့်ကွန့်နံ့ကျယ်။"
၄ ကိုး၊ နိဝုံး * ၀။
၅ ကိုး * ၂၀၁၊ 'ထုံးဝိုင်းမချန့်'

ငန်–ငန်း–ငမ်း

၂၇၁–သေက်တက် နှ–သတ်, မ–သတ်, ဝိသဇ္ဇနီသံတို့၌ ဝေါဟာရကိုပြခြင်း

သေက်သက် နှ–သတ်ကား....

"မြန်ဆိမ့်ချိမ္ဗန်၊ ချဉ်စပ်ငန်နှင့်၊ အဖန်အခါး" ၁
"ဆားတိငန်ငန်၊ ဖြစ်သည်မှန်မူ၊ အစွန်းအနား" ၂

စသည်ဖြင့် ငန်သောအရာသာ ဆိုသောအရာ၌ထင်၏။ ။နှ–သတ် ဝိသဇ္ဇနီသံကား–

"နိုင်ငံတဝန်း၊ ရေငန်းထွန်းပြား"
"တိမ်ငြားဆိုင်ဝန်း၊ တင့်ရည်ဆန်းနှင့်၊ ရေးငန်းဖွဲကာ"
"စားရေးသောက်ငန်း၊ သိမ်းမြန်းဖြည့်တင်း" ၃
"ထယ်ရာထုပ်ငန်း၊ တမန်းပုန်းညက်"
"ရှည်ထျားကြီးဆန်း၊ တောမွှေငန်းကို၊ အမှန်းမသိ" ၄

စသည်ဖြင့် ထုပ်ငန်း, တာငန်း, မွှေငန်း–ဆိုသောအရာတို့၌ ထင်၏။

ထိုနှင့်အသံတူ မ–သတ်ကား....

"မချေငေါက်ငမ်း၊ ဤသူကြမ်းကို၊ မှုထမ်းလူမှာ" ၅
"ငေါက်ငေါက်ငမ်းငမ်း၊ နှုတ်သံကြမ်းနှင့်၊ နတ်ဝမ်းပူကြောင်း" ၆
"ထွန်ချင်ငမ်းငမ်း၊ ထယ်မှာလွှမ်းထျက်၊ တသမ်းရှောက်ရှောက်" ၇

စသည်ဖြင့် ငေါက်ငမ်းပြုခြင်း, ငမ်းငမ်း–ဆိုသော အရာတို့၌ထင်၏။

ငြမ်း–ငှန်း–ငံ့

၂၇၂–ငဗျည်း အရစ် ဝဆွဲ သက်သက်တွင်၊ နှ–သတ် မ–သတ် သေးသေးတင် ဝေါဟာရကို ပြခြင်း

ငဗျည်းရစ်ထျက် မ–သတ်ကား....

"ဝတ်ရုံသခ်မ်း၊ ထီးဖြူငြမ်းကို၊ ဆွမ်းတသဝိတ်"

---

၁ ကိုး * ၁၉၃။
၂ ဘူပေါင်း * ၆၂။
၃ ဘူပေါင်း * ၄၁။
၄ ဘူထင် * ၃၀၁။
၅ ဘူထင် * ၂၀၈။
၆ ကိုး * ၁၀။
၇ ကိုး * ၉၅။

"ဆောက်သည့်သခ်မ်း၊ ထီးဖြူငြမ်း၌၊ စည်ကွမ်းထက်ဖက်" [၁]
"သင်းသီးညောင်ညမ်း၊ နောက်ဓိငြမ်းဖြင့်၊ ကျွန်းဂမ်းဇမ္ဗူ"
"စိတ်ကိုသာစမ်း၊ လွမ်းမလွမ်းဟု၊ တိမ်ငြမ်းဆိုင်ဝန်း" [၂]

စသည်ဖြင့် 'အဓိငြမ်း' ဆိုသောအရာ၌ ထင်၏။

ဟာဆွဲး နှ-သတ်ကား....

"ခေါ်ညီမည်မှန်း၊ ပြည်ကြင့်နှံး၌၊ ရက်ကန်းသည်ဇာစ်" [၃]
"လွဲ့ပတ်သိဝန်း၊ ခေါ်ပြဋ္ဌာန်းသည်၊ ကြင့်နှံးနာဂ"
"အခေါင်ကြင့်နှံး၊ လူထိပ်ထွန်းမူ၊ လွှဲ့ဝန်းမျိုးဘော်" [၄]

စသည်ဖြင့် 'ကြင့်နှံး' ဆိုသောအရာ၌ထင်၏။

အမြစ်သံကား....

"တို့မှာဖို့ရှိ၊ မစေ့ဝံ့၍့၊ မငံ့မဆည်"
"မငံ့မည်ခံ့၊ တင့်ဝံ့လျင်၊ ချစ်နှံ့မပြယ်"
"အမှုခံ့ခံ့၊ သိရအံ့ဟု၊ ခတ်ငံ့တွယ်တာ" [၅]
"ဆင်ခြင်ထောက်ငံ့၊ မှုခံ့ကျန်းကျန်း" [၆]
"ထောက်ထောက်ငံ့ငံ့၊ ထောက်ပံ့ဆုံးစွဲး" [၇]

စသည်ဖြင့် 'ထင့်ငံ့သည်' ဆိုသောအရာ၌ထင်၏။ ဤ၌ ထောက်ငံ့-ဟူသည် သဘော မကွဲး။ ထောက်ငံ-ဟူသည်၌ကား စေ့ငရုံမျှအသာအကဲမရှိ-ဟူသော အနက်ထင်၍့ တစိတ်ကွဲးဖွယ်ရှိ၏။ ။ငဖျည်း၌ သက်သက်သေးသေးတင်အမြစ်မှတပါး- [နှ-သတ် အမြစ်ငင်း, အရစ်ဟာဆွဲး၌ မြစ်သံငင်း ဝေါဟာရမထင]။

က-ခ-ဂ-ဟူသော ကဝဂ်၌ သေးသေးတင်
နှ-သတ် မ-သတ် ငြိုးငြို။

---

၁ သံ၊ နိဂုံး၊ ၁။
၂ နောင်၊ မည်းမျှဆင်သည်-ချီ၊ (ပ)။
၃ ကိုး * ၁၁။
၄ ကိုး * ၁၈၄။
၅ ဘူပေါင်း * ၄၉။
၆ ထန်ရ * ၅၊ 'ဆင်မြင်းထောက်ငံ့'။
၇ သံ * ၄၁။

စံ-စွံ-စုံ

၂၃၃-စဗျည်း သက်သက် သေးသေးတင်, ဝဆွဲးသေးသေးတင်၌ ဝေါဟာရကို ပြခြင်း

စဗျည်းသက်သက် သေးသေးတင်ကား....

"မင်းဇော်သုခံ၊ ချမ်းသာစံထေဝ၊ နိုင်ငံတဝန်း"
"သာပြီးသာစံ၊ သာမျိုးရံသည်၊ စကြီချမ်းရိပ် မိုးသတည်း" [၁]
"ပြည်ညွှန်းနှိုင်းစံ၊ ပမာကြီသား၊ ဝိကွမ္ဘန"
"ကေန်ကျစံ၊ ပေါက်ပြဿုမှု၊ ညာတံပွင့်ချပ်"
"ရွှေပြားမင်းစံ၊ ကံတော့ခံ၍့၊ မှင်ဆံလူလူ"
"ထေးနက်ထုံးစံ၊ မေးမြွေကြီ၍့၊ ဖတ်အံနားဝ" [၂]
"ထုံးဆောင်ပုံစံ၊ မျက်ဝါးကျဲသို့၊ ဂါမွဒေါသ" [၃]

စသည်ဖြင့်ချမ်းသာစံသည်, နှုန်းစံသည်, ရွှေမင်းစံ, ထုံးစံ, ပုံစံ-ဟူသောအရာတို့၌ထင်၏။

ဤစံသည်ဟူသော ဝေါဟာရ၌ သာယာခြင်းကိုရသည်၊ နှိုင်းခိုင်းသည် ဟူသော သဘောနှစ်ကွဲးမျှသာ မူထယူသင့်၏။ ပျော်စံ, ရွှင်စံ,နတ်ပြည်စံသည်-စသော ဝေါ ဟာရ၌ကား သာယာခြင်းကို ရသည်ဟူသော သဘောဖြစ်၏။ ထုံးစံ၊ပုံစံ၊ရွှေမင်းစံ၊ နှိုင်းစံ၊ နှုန်းစံ၊ စံသွတ်၊ စံကျ-စသော ဆိုမိန့်ခြင်းတို့၌ကား နှိုင်းခိုင်းသည် ဟူသော သဘောဖြစ်၏။ ဤသဘော ဒုစ်ကွဲးမျှသာ မူထအနက်ရင်းကဲ့သို့ ထင်၏။ ။ဤ၌ ဝဆွဲးကား-

"ဈေးနာစံနှံ၊ ရောင်းမစွံ၊ ဝေးလံမဆစ်စွက်"

ဟူ၍့ သတ်ပုံဟောင်း ဆိုသည်နှင့်အညီ ရောင်း၍့စွံသည်-ဟူသော အရာ မျှသာ ထင်၏။

အမြစ်သံကား....

"ကြာတင်ဖွယ်စုံ၊ ရောက်တုံငုံဟူ၊ ဆွတ်ပျံမယိမ်း"
"လွတ်စုံစံရာ....ဆွတ်ပျံကြီရှာ"

---

၁ ကိုး * ၂၀၀။
၂ ဘူဝေါင်း၊ နိဂုံး * ၅။
၃ ဘူဝေါင်း * ၇၁။ 'ထုတ်ဆောင်ပုံစံ၊ မျက်ဝါးကျဲသို့။'

"မျိုးမြတ်ပြာဖွဲ့၊ မေးပါစံ့ဟု၊ သာပျံလေးလေး"
"စွယ်ချန်ရဲဝံ့၊ ခြောက်တောင်ညံ့ကို၊ ကြိုက်စံ့ချစ်မေ့"

စသည်ဖြင့် ထိစံ့, ကြားစံ့ အစရှိသော မေးခြင်းအနက်ကို ထင်စေသော ဆိုမိန့်ခြင်း တို့၌ထင်၏။ထို၌သိပါစံ့၊ကြားပါစံ့စသည်ဖြင့် သာယာသော်မေးခြင်း၊တုဘက်လွတ်စံ့, စံရာလွတ်စံ့, အတူရှိစံ့, အဘက်ရှိစံ့စသည်ဖြင့် ကြိမ်းဝါးဆံဖြင့် မေးခြင်း၊ သေလေ ကျေလေစံ့, ပျက်စံ့,စီးစံ့-စသည်ဖြင့် ဒေါသခံသော မေးခြင်းဟူ၍ အရာမျှသာကွဲး သည်၊ 'မေးခြင်း'အနက်ချည်းယူသင့်၏။ ။ [ဝဆွဲးသေးသေးတင်၌ကား အမြစ်သံ ဝေါဟာရမထင်။]

စွန်-စွန်း-စွန့်

၂၃၄-စပျည်း ဝဆွဲး နှ-သတ် အမြစ်, ဝိသင်္ခနိသံတို့၌ ဝေါဟာရကို ပြခြင်း

နှ-သတ်ကား....

"နှောင်းကြွင်းဆုံးစွန်၊ ကျွန်ုပ်ကျွန်ထည်း၊ မကျွန်ပါငြား"
"ဆိုသီးနှုတ်မြန်၊ မင်းသားမွန်ကား၊ ရွာစွန်တိုင်းကြေ" ၁
"ခေါင်ဖျားထိပ်စွန်၊ ထွေဦးဟန်သို့၊ဝင်ကန့်ကြွက်ထျောက်" ၂
"ဝါးပိုသိန်းစွန်၊ မြို့တွန်သောင်းသောင်း"
"ချိုင်းထက်ပုဇွန်၊ လိမ္မာပွန်သို့၊ ချစ်ဟန်လှည့်ဖျား" ၃
"ဆွေစပ်မြတ်စွန်၊ ကျေးကျွန်ကစ"

စသည်ဖြင့် အမြတ်အစွန်, အနားအစွန်-ဟူသော်အရာ၊ သိန်းစွန်, ပုစွန်-ဟူသော တိရစ္ဆာန်တို့၏အမည်တို့၌ ထင်၏။

ထို၌ ဝိသင်္ခနိသံကား....

"လေးဘော်ဦးစွန်း၊ မင်းဟုမှန်းသား၊ ရဟန္တာမွန်" ၄
"မကျိုးထိပ်စွန်း၊ ထင်းထင်းထွန်းလျက်၊ ဖက်ကျွန်းကောင်းမြိုက်"

---

၁ သံ * ၃၀။ ၃ ပုံတောင် * ၄၁။
၂ ကိုး * ၆၅။ ၄ ဘူဝေါင်း * ၁၀၁၊ 'မင်္ဂဟု မှန်းလျက်'

"မရစွန်းစွန်း၊ နေ့ရက်ကျွန်းခဲ့၊ သင်္ကန်းသပိတ်" ၁
"ဖန်ရည်ဆိုးစွန်း၊ သင်္တင်ရန်းသား၊ သင်္ကန်းနီစွတ်" ၂
"မငြိမ်မစွန်း၊ ရဟန်းထည်းပြူ"
"ထုံးရေချိုးသွန်း၊ ရန်ုမွန်း၍၊ တဝ်စွန်းကြေးညင်း" ၃
"တဏှာကုန်ခန်း၊ နိဗ္ဗာန်ကျွန်းသို့၊ စွန်းစွန်းရောက်မှ" ၄
"မနောထင်ပန်း၊ ယောက်စွန်းစလောင်း" ၅

စသည်ဖြင့် ဦးစွန်း,ထိဝ်စွန်း,အနားစွန်း, ဦးဦးစွန်းစွန်း,တဝ်စွန်း,ဆေးဝါးစွန်းသည်, ယောက်စွန်း-ဟူသောအမည်တို့၌ ထင်၏။

ထို၌ထည်း အစစွန်း၊ တဝ်စွန်းသည်-ဟူသော သဘောနှစ်ကွဲးမျှသာ မူထကဲ့သို့ ရှိ၏။ ။ဦးစွန်း-ဟူသည်ထည်း ခေါင်းဦး၏အစွန်း ဆိုလိုသည်ပင်၊ ထိဝ်စွန်း,ကြမ်းစွန်း အမိုးစွန်း,အချင်စွန်း,ဝါးစွန်းဟူ၍ ထည်း နည်းတူ 'အစအစွန်း' ၎င်းဖြစ်၏။ ။ ဦးစစွန်းစွန်း, မရစွန်းစွန်း, စွန်းစွန်းရောက်သည်-စသည်ဖြင့် ဆိုမိန့်ရာ၌ကား အစွန်း အနား-ဖြစ်ကာ မဟူရ။ 'အစအဦး'ကိုသာ ယူရအံ့သို့ရှိ၏။ ဦးစစွန်းစွန်း-စသည်ဖြင့် "စွန်း"ဟူသော စကားခွန်းနှစ်ထဝ် ဆိုခြင်းသည်သာထည်းထင်၏။ ကြမ်းစွန်းဝါးစွန်း ဟူသကဲ့သို့ အထည်ခြင်မြင်သောအရာ မဟူရ။ ရှေးဦးကာထနှင့်ယှဉ်သော ရောက်ခြင်း၊ သွားခြင်း၊ သိခြင်း၊မြင်ခြင်း-စသော ကြိယာကို ဆိုသောအရာထည်း ထင်၏။

ယောက်စွန်း-ဟူသည်ကား ခွက်ငယ်၏အမည် ဝိသေသဖြစ်၏။ ထိခွက်ငယ်သည် တပါးခွက်ငယ်ကဲ့သို့မဟုတ်၊ ဆွဲးကိုင်၍ သုံးဆောင်အပ်သော အရိုးအစွန်းထင်ထေသည်ကိုစွဲ၍ 'စွန်း'ဟူသောအမည်ဖြစ်သည် ယူသော် ရကောင်း၏။ ဝေါဟာရနှင့် သဘော ထိုက်ထျောသည်အရကို စူးစား စေလိုသည်ဖြစ်၍ ထုတ်လိုက်သည်။ ခေါ်ဝေါ်ကာမျှ ဟူ၍ ထည်း ယူသင့်၏။

ထို၌ အစအစွန်း-ဟူသော ဝိသဇ္ဇနီသံ၊ အဖြတ်အစွန်, အစွန်အနား-ဟူသော အဖြစ်ဝိသဇ္ဇနီကင်း အသံ၊ ဤအသံနှစ်ပါးသည် ကွဲးပြားသောအနက် ရှိသည်မထင်။ အဖြတ်အစ-ဟူသော အနက်၊ န-သတ်အရေးထည်း မကွဲး၊ အသံမျှသာ ကွဲးသည်ဖြစ်၏။

---

၁ ဘူဝေါင်း * ၁၀၃။
၂ ကိုး * ၂၀။
၃ ဘူထင် * ၂၀။
၄ ဘူဝေါင်း * ၉၆။
၅ ထန်ရ * ၃၂။

ထို၌ အမြစ်သံကား....

"ပြည်ကြီးပစ်စွန့်၊ရှင်ဖြစ်ခန့်သည်၊သန့်သန့် တောထွက်လေပြီတည်း" ၁
"မကြည်စွန့်ထျက်၊ ထိတ်လန့်မကြောက်"
"ရှုံစိုးထိတ်လန့်၊ ချက်ကြောက်စွန့်၍၊ ထိုလွန့်ပြုထွေ"
"တဝါကွန့်စွန့်၊ ပစ်ကြဲးဖြန့်မှ" ၂

စသည်ဖြင့် ပစ်စွန့်သည်,ပေးစွန့်သည်,အသက်ဦးထည်စွန့်သည်,ဝိုက်ကွန်စွန့်သည်-ဆိုသောအရာတို့၌ ထင်၏။

ထို၌ စွန့်၏ဟူသည်ကား ပစ်ပယ်ခြင်း မချစ်မတပ် လွတ်လွတ်နှလုံးချသောအရာသာ ဖြစ်သင့်ထျက် ကွန်စွန့်-ဆိုသောအရာ၌ တံဝါတို့သည် ကွန်ကိုမချမတပ် ပစ်ပယ်သည် မဟူရဆိုအံ့။ ထို၌ကား ပစ်ချကာမျှကို မကောင်းသော အမူအရာဖြစ်၍. ကျစ်လစ်ဖွယ်ရာအောင် ဆိုမိန့်သော ဝေါဟာရဃူသင့်၏။ သားမယားကို စွန့်၏၊စာဟောင်း ရေဟောင်းကို စွန့်၏ဟူသည်၌ကား ငြီးငွေ့စက်ဆုပ်သဖြင့် မချစ်မတပ် ပစ်စွန့်သည်၊ သံသရာကျိုးရှု၍. ပစ္စည်းအသက်ကို စွန့်သည်ကား ငြီးငွေ့စက်ဆုပ်ခြင်း မချစ်မတပ်ခြင်းရှိသည်သာ မဟူရ။ အရင်းမက အဆာဆသော အကျိုးကိုထို၍ သာ စွန့်သည်။ အရှင်တို့အမှု၌ အသက်ကိုစွန့်သည်ထည်း ကိုယ့်အသက်ကို မတပ်မချစ်စက်ဆုပ်ငြီးငွေ့သည် မဟူရ၊အခြားအမြင့် အကျိုးကိုထို၍ သာ စွန့်သည်၊ဤ၌ ပစ္စည်းစွန့်ခြင်းဟူသော်ထည်း နှလုံးသွင်းအရင်းကွဲးသည်ကို ဆင်ခြင်သင့်၏။

စမ်း-စွမ်း

၂၇-စဗျည်းသက်သက် ဝဆုံး မ-သတ် ဝိသဇ္ဇနီ၌
ဝေါဟာရကိုပြခြင်း

စဗျည်းသက်သက် မ-သတ်ကား....

"ရွှေနောက်စုံစမ်း၊ နားတော်ချမ်းလေ၊ ခြိုးမွှမ်းဖွယ်မှ"
"အစုံအစမ်း၊ ခွဲးခြမ်းလိမ္မာ" ၃

---

၁ ကိုး * ၂၆၂။ ၃ ထန်ရ * ၂ (၅)။'ခွဲးခြမ်းစိတ်ဖြာ'
၂ သံ * ၅၂။

"မျော့နှယ်သွေးစမ်း၊ တဖျင်ယမ်းလျှင်၊ ဝမ်း၏တမန်" [၁]
"စိတ်ကိုသာစမ်း၊ လွမ်းမလွမ်းဟု" [၂]
"ဗျာပါစိတ်ဝမ်း၊ ရှိစုံစမ်းသို့"
"မနေမလွမ်း၊ တံစံစမ်းသို့"
"တကွရောပြွမ်း၊ အချင်းစမ်းက" [၃]

စသည်ဖြင့် သိလိုမြင်လို၍ နှုတ်ထက်ပညာဖြင့် စမ်းသည်ဆိုသောအရာ၌ထင်၏။ ။ ထို၌ 'စူးစမ်း'ဟူ၍ အချို့ ရေးဖတ်ဆိုမိန့်ကုန်သည်ကား....."အစမ်းအစုံ၊ အာဂုံအာဂါ" [၄] ဟူ၍ ထည်းကောင်း, "တောင်းပန် ခွင့်စမ်းစုံ၏တည်း....မြင်ရ တွေ့ကြုံစမ်း၏တည်း" စသည်ဖြင့် တချောင်းငင် သေးသေးတင် မ-သတ်စပ်ဆိုသည်နှင့်မတန်။

ဝဆွဲးလျက် မ-သတ်ကား....

"ခုန်မြောက်သန်စွမ်း၊ ကြွယ်ကိုလွှမ်းသော်၊ လက်ဖမ်းမိနိုး" [၅]
"ခွန်အားကိုယ်စွမ်း၊ ထမ်းပိုးထမ်းလျက်၊ ညချမ်းဆည်းဆာ" [၆]
"ဖတ်မှုမကျွမ်း၊ နားမချမ်းတည်း၊ တတ်စွမ်းသောလျောက်" [၇]
"အရဲးအစွမ်း၊ မှုထမ်းယုံကျုံ"

စသည်ဖြင့် ရဲစွမ်း, သန်စွမ်း, မာစွမ်း, အစွမ်းသတ္တိ-ဟူသောအရာတို့၌ ထင်၏။

ဆံ-ဆန်

၂၃၆-ဆဗျည်း သေးသေးတင် နှ-သတ်၌ ဝေါဟာရကို မြဲခြင်း

ဆဗျည်း သက်သက် သေးသေးတင်ကား....

"အဆက်အဆံ၊ သံခံတံဆေး"
"သေကြောင်းဆက်ဆံ၊ ကြို့နှင့်ဝံသည်၊ တရုံမချစ်" [၈]
"သုံးဆောင်တရုံ၊ သူမဆံသား၊ ကျောက်သံပတ္တမြား"

---

၁ ဘူပေါင်း * ၆၃။'ထဖျင့်လွှမ်းလျှင်'
၂ နောင်၊ မည်းမျှဆင်သည်-ချီ(ပ)။
၃ ကိုး * ၂၇။
၄ သံ * ၁၄၃။
၅ သံ * ၁၀၇။
၆ ဘူပေါင်း * ၃၉။
၇ ကိုး * ၂၃၉။
၈ ဘူလင် * ၅၇၊ 'သေကြောင်းလည်းကြီ၊ ကြို့နှင့်ဝံသို့။'

"မှင်ရွက်ဖြူဆံ၊ မြီးတံသွယ်သွယ်"
"သာလျောက်ချစ်ပြံ၊ ကျွန်ုပ်ကြီ၏၊ တဆံရှိမျှ" [၁]
"သိန်ဝတ်ဆံ၊ ရံတုံဖြူထွား"
"လည်ရောက်တောင်ပံ၊ ခါးဆံသွယ်ဝေ"

စသည်ဖြင့် အဆက်အဆံ,ဦးဆံ,မှင်ဆံ, ဖြူဆံ,လည်ဆံ,ခါးဆံ,ဝတ်ဆံ-ဟူသောအရာတို့၌ ထင်၏။ ။ဤ၌ ဦးခေါင်းဝယ်ရောက်သော ဆံသည်-အမည်မျှသာ ဖြစ်၏။ ထိုနှင့် သဘောမပြား ခါး၌ရောက်သည်ကို ခါးဆံ၊ လည်၌ရောက်သည်ကို လည်ဆံ၊ အမွေးအမှင်လည်း ဆိုကောင်းသောကြောင့် မှင်ဆံ၊ဦးခေါင်း၌ရောက်သော ဆံကဲ့သို့ ပန်းချပ် ပန်းပွင့်အထယ်၌ ရောက်သောကြောင့် 'ပန်းဝတ်ဆံ' ဤသို့ အကြောင်းတစိတ်မျှသာ ထူး၍, ဦးဆံ-ဟူသည်နှင့် အထားတူအံ့သို့ရှိ၏။ ။ဖြူဆံ-ဟူသည်ကား မြက်၏အမည်မျှသာ ဖြစ်သင့်၏။

ထိုနှင့် အသံတူ န-သတ်ကား....

"ဝေးနိုးစုန်ဆန်၊ ကုန်သည်မွန်တို့၊ ဖိုးဝန်နှင့်နှင့်"
"ဘဝစုန်ဆန်၊ သေမင်းကျွန်မှ၊ တော်လှန်မင်းစစ်" [၂]
"အာဏာမဆန်၊ ရှိဦးပန်ထျက်" [၃]
"ရိက္ခာရေဆန်၊ ကျီးလင့်ဟန်သို့၊ ငှက်တန်မရှိ" [၄]
"သရဲဘာမှန်၊ ယင်းအလွန်ထွင်၊ မျက်ဆန်လင်းကွင်း"
"စေတနာထက်သန်၊ မုံညင်းဆန်မျှ၊ အတန်ငယ်ဟျိုး"
"ဝမ်း၏တမန်၊ ပုဏားကျွန်တို့၊ တိရစ္ဆာန်ပိုးမွှား"
"နောင်ရင်းဝဆန်၊ မပြန်လာပြီ"

စသည်ဖြင့် စုန်ဆန်သည်,အာဏာဆန်သည်, စပါးရေဆန်,မုံညင်းဆန်, သစ်စေ့ဆန်, မြက်ဆန်,တိရစ္ဆာန်,အမတ်ဝဆန်-ဟူသည်တို့၌ ထင်၏။

ထိုတွင် ရေညာသို့ဆန်၊ မလိုက်မနာ အာဏာကိုဆန်သည်-တို့ကား သဘောမကွဲး အသတ်တူဖြစ်၏။ ။စပါးရေဆန်၊ မုံညင်းဆန်၊ သစ်စေ့ဆန်၊ မျက်ဆန်- ဆိုသည်လည်း အစေ့အဆန်ချည်း ဆိုသင့်သောကြောင့် သဘောမကွဲး အသတ်တူဖြစ်၏။ ယခင် အာဏာဆန်၏-ဟူသည်နှင့်ကား သဘောကွဲး၏။ အသတ်တူ အသံတူသာ

---

၁ သံ * ၁၁၂။
၂ ဘူပေါင်း * ၁၁။
၃ သံ * ၉၇။
၄ ကိုး * ၁၉၆၊ 'ချီလင့်ဟန်သို့။'

ဖြစ်၏။ ။အမတ်ဝဆန်၊ တိရစ္ဆာန်-ဟူသည်၌ကား ဆန္နသဒ္ဒါ၊ တိရစ္ဆာန-သဒ္ဒါကို စွဲးသောကြောင့် မာဂဓဘာသာရင်းဖြစ်၍, သဘောကွဲး၏။ အသတ် အသံမျှသာ တူသည်ဖြစ်၏။

ဆန်း-ဆမ်း

၂၃၃-ဆဗျည်း နှ-သတ်, မ-သတ် ဝိသဇ္ဇနီသဲတို့၌ ဝေါဟာရကို ပြခြင်း

နှ-သတ်ဝိသဇ္ဇနီသံကား....

"ထူးဆောင့်ထူးဆန်း၊ သွန်းရရွှန်းလျှင်၊ ခြယ်သန်းစိသင့်"
"အလှဖန်ဆန်း၊ ပြာသာဒ်နန်းလည်း၊ တက္ကန်းလုံးတွင်"
"ထိုမှတဆန်း၊ ငါတို့ကျွန်း၌၊ မြင့်သွန်းယူဇနာ"
"ဖျက်ဆီးခင်ပွန်း၊ အကျင့်ဆန်းသား၊ သလွန်းတန္တ"
"မာသပေါ်ထွန်း၊ တပေါင်းဆန်းက၊ တောပန်းရနံ့"
"တိမ်ငြမ်းဆိုင်ဝန်း၊ တင့်ရည်ဆန်းနှင့်၊ ရေငန်းပွဲးကာ"
"ရှည်လျားကြီးဆန်း၊ တောမြွေငန်းကို၊ အမှန်းမသိ"

စသည်ဖြင့် ထူးဆန်း, ဖန်ဆန်း, လဆန်း, တဆန်း, ဆန်းကြယ်, ပြုဆန်း, ဖြစ်ဆန်း-စသော ဆိုမိန့်ခြင်းတို့၌ ထင်၏။

၌၌ ထူးဆန်း၊ လဆန်း၊ တဆန်း၊ ဆန်းကြယ်-ဟူသည်တို့ကား 'အထူးဖြစ်ခြင်း' ဟူသော အနက်သဘောတူ၏။ လဆန်း-ဟူသည်၌ တန္ဆေန္ဆေ တနေ့တပါး ပြည့်ဝသဖြင့် အထူးဖြစ်ခြင်း။ တန်ခူးမှသည် ကဆုန်-နယုန်၊ မိဿမှသည် ပြီဿ, မေထုန်-အဿဝကိမှသည် ဘရကိ, ကျတ္တိကာ-စသည်ဖြင့် နက္ခတ်အထူးနှင့်ယှဉ်၍, သွားခြင်း စသည်ဖြင့် လ-၏အထူးဖြစ်ခြင်းသည် ဆန်းပြား ဆန်းကြယ်သည်ဖြစ်၍, ကွယ်သည် တိုင်အောင် 'လဆန်းသည်'ဟူသော ဆိုမိန့်ခြင်းသာ ဖြစ်သင့်ဏာ်၊ ပြည့်ဝသော လဝန်းသည် ထွေ့ဆုတ်ပြန်သည်ဟူသော အကြောင်းတစိတ်ထင်ပြန်သည်ကိုစွဲး၍.

---

၁ ဘူပေါင်း * ၇၅။
၂ ဘူပေါင်း * ၇၇။
၃ ဘူပေါင်း * ၆၁။
၄ ဘူလင် * ၃၀၁။

'လဆုတ်'ဆိုဓိန္ဒခြင်းဖြစ်သည်သာ ယူသင့်၏။ ဖြစ်ဆန်း၊ ပြုဆန်း-ဟူသည်၌ ဖြစ်ကာ, ပြုကာမတ္ထ သာမညဟူ၍ ဆိုလိုသောအရာ ဖြစ်သောကြောင့် ထခင် ထူးဆန်းဟူသည်နှင့် သဘောကွဲး အသတ်အသံ တူကာမျှသာဖြစ်၏။

ထိုနှင့် အသံတူ မ-သတ်ကား....

"အသာရွှင်ဆမ်း၊ ထက်ဘွဲ့မြိန်းသည်၊ ဆန်းကျမ်းမလွန်မကျူးတည်း" ၁
"အရွှဲအဆမ်း၊ ကုံစယ်ပြွဲမြိန်းထွက်၊ အဲးအမ်းလက်ဝင်း" ၂
"ဝဲးကြိုးဝဲးလွှမ်း၊ ပူးခရမ်း၊ ဆီဆမ်းကြိုင်နှံလျော်း"

စသည်ဖြင့် 'အရွှဲအဆမ်း၊ ဆီဆမ်း'ဆိုသောအရာ၌ ထင်၏။ ဤ၌ **ဆမ်း**၏ ဟူသည်ကား သွန်ကြဲခြင်းအနက်ဖြစ်၍, ထခင်ထူးဆန်း, ဖြစ်ဆန်း-ဟူသော စကားအရှေ့နှင့် သဘောကွဲးဖြစ်၏။

ဆုံ-ဆန့်-ဆွဲ

၂၃၀-ဆဗျည်း သေးသေးဘင် န-သတ် အမြစ်ဝဆွဲး သေးသေးတင်၌ ဝေါဟာရကို မြခြင်း

ဆဗျည်း သေးသေးတင် အမြစ်ကား....

"မြေပြင်မဆုံ၊ ကောင်းကင်နှံမျှ၊ ကြွားလွှံ့ထင်ပေါ်" ၁
"မြန်ပြည်မဆုံ၊ ကျော်နှံသတင်း"

စသည်ဖြင့် **မဆုံ့ မကန်** ဆိုသောအရာ၌ထင်၏။ ။ထိုနှင့်အသံတူ နသတ်အမြစ်ကား....

"ကြိုးသွားပျုံဆန့်၊ ကောင်းကင်တန့်လျက်၊ ကောင်းညွှန့်သားသား" ၅
"ထည်တိုင်မလွန့်၊ ဆန့်လေ့စင်းစင်း" ၆

---

၁ ကိုး * ၂၅၂။
၂ ဘူပေါင်း * ၆၂၊ 'အရွှဲအဆန်း၊ ကုန်စယ်ပြွဲန်း၍၊အင်န်းလက်ဝင်း။' ဟံသာဝတီမူ (၁၉၄၁၃)။ 'အရွှဲအဆမ်း၊ ကုန်ဝယ်ပြွဲမ်း၍၊ အင်မ်းလက်ဝင်း။'ယင်း (၁၂၇၆၃)
၃ သံ * ၁။ 'ကြွားလွှံ့ထွန်းပေါ်။'
၄ ကိုး၊ နိဂုံး * ၁၃။
၅ ကိုး * ၂၀၅။
၆ ဘူပေါင်း * ၄၅။

"ငေါက်ငေါက်ထည်းဆန်၊ ပါးပျဉ်းဖြန့်ထျက်၊ ကွန့်ကွန့်ကြဲးကြဲး" ၁
"ဆဝါးကြာညွှန့်၊ ခြေတော်ဆန့်ဟု၊ လေသွန့်နန်းကြား"

စသည်ဖြင့် ကွေးသည်, ဆန့်သည် ဟူသောအနက်ဖြစ်၍, ယခင်မဆံ့မကန်သည်, ဆံ့ဝန်သည်-ဟူသောအရနှင့် သဘောကွဲးဖြစ်၏။

ဆဗျည်း ဝဆွဲးသေးသေးတင်ကား....

"မစိမ်းမဆွံ့၊ မရွံ့မထိတ်" ၂
"မောင်းမဓိဿံ၊ စောင့်မြဲမြံ၊ စိမ်းဆွံ့မကြောက်ရှက်"
"မွှတ်ရှားမဆံ၊ စဆွံ့စရင်" ၃

စသည်ဖြင့် စိမ်းဆွံ့သည်, စရင်စဆွံ့-ဆိုသောအရာတို့၌ ထင်၏။ ထို၌ စိမ်းဆွံ့သည်-ဆိုသောဝေါဟာရသည် အချင်းအရင်း ကျက်နပ်သောသူ မဟုတ်၊ ပြင်ပသူစိမ်းဖြစ်၍, ဆိုခြင်းပြုခြင်းငှာ မဝံ့မရဲ၊ ထျင်မြန်သွက်လက် ထက်မြက်ပေါ်ပေါ်ခြင်းမရှိ၊ ထိုင်းပျဉ်းထေးလံခြင်း ရှိသည်ကို ဆံ့သည် ဆိုသည်၊ ထိုအရကို 'စိမ်းဆံ့' ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ။ခြေထက်ဆံ့သည်,နှုတ်ဆံ့သည်, ဆံ့အသည်-ဟူသော အရာထည်းထိုင်းမှိုင်းခြင်းဟူသော ဃင်းသည်အနက်ပင်ဖြစ်၏။ ။'မျက်စိစွန်သည်'ဟူသော စ-ထုံးနသတ် ဆိုမိန့်ကြသည်၌ထည်း သဘောအားဖြင့် မျက်စိရောဂါ နှိပ်စက်၍, အရည်အတိုင်းမခန့် မသန့်ရှင်းထေသောကြောင့် အမြင် တန်သည်, ထိုင်းမှိုင်းသည် ထည်းကောင်းဖြစ်၍, ထိုင်းမှိုင်းထေးလံသည် ဟူသော ဤအနက်နှင့် ထျော်စွာ 'မျက်စိဆံ့သည်' ဟူ၍, ဆထိမ်သေးသေးတင် သဘောရင်းကဲ့သို့ရှိ၏။ ဆင်ခြင်။

ဆွန်-ဆွန်း—ဆွမ်း—ဆံ့—ဆွန့်

၂၃၉-ဆဗျည်း ဝဆွဲး န-သတ်, မ-သတ်, ဝိသဇ္ဇနီ, အမြစ်တို့၌ ဝေါဟာရကို ပြခြင်း

[ဆဗျည်း ဝဆွဲးနသတ် မူထအသံကား မထင်]။ ။ဝိသဇ္ဇနီသံကား ထက်ဆွန်း-ဟူသောအရာ၌ ထင်၏။ ထို၌ကား စပ်အင်မတွေ့။ ။ဝဆွဲး မသတ်ကား;....

"နံနက်ကားဆွမ်း၊ ထက်ဖက်ကွမ်းနှင့်၊ ညှိုးသမ်းပျောင်းခွေ"
"ဝတ်ရုံသမ်ိန်း၊ ထီးဖြူငြိန်းကို၊ ဆွမ်းတသဝိတ်"

စသည်ဖြင့်-'ဆွမ်း'ဟူသော ဝေါဟာရ၌ ထင်၏။

---

၁ တူထင် * ၁၅၃၊ 'ကွန့်ကွန်ကဲကဲ။' ၃ မနော် * ၀၀။
၂ ကိုး * ၃၃။

[ဆဗျည်းဝဆွဲး သေးသေးတင် အမြစ်ကား မထင်]။ ။နာ-သတ် အမြစ်ကား····

"စားမည်အခန်၊ ထျော်စွာပြန်ထျက်၊ မဆွန်မယုတ်"
"ထုံးဝိုင်းမခန်၊ မေထွာဆွန်ခဲ့၊ ဗိုလ်ပြန်ဗိုလ်ရံ" [၁]

စသည်ဖြင့် 'ယုတ်ဆွန်သည်' ဟူသောအရာ၌ ထင်၏။ ဆွန်ပါးသည်၊ ဆွန်ရှားသည်-ဟူသော ဝေါဟာရလည်း ဆွန်ယုတ်သည်ပင် ဟူသော ဤအနက် လည်းကောင်း ဖြစ်သင့်၏။ ဆွန်နှင့် ဆွန်ရှား ဆွန်ပါး- ဟူသည်နှင့်၊ လက်ဆွန်း- ဟူသည်ထည်း အမြစ်သံ, ဝိသဇ္ဇနီသံမျှသာ ကွဲးရာသည်။ သဘောအားဖြင့် လက်ဖျားလက်ညှန့်တွင် ငြိတင်ပါသမျှ ပမာဏဖြစ်၍ 'နည်းပါးဆွန်ယုတ်' သည်ပင်။ ထိုဆွန်သည်-ဟူသော အမြစ်သံကို သုတိသာရံ ချေဖျောက်၍ ဆိုကာမျှသာဖြစ်သည် ယူသင့်၏။

ညံ-ဥာဏ်-ညမ်း-ညံ့-ညွန်-ညွန့်-ညွန်-ညွန်း

၂၈၀-ညဗျည်း သေးသေးတင် နာ-သတ် စသည်တို့၌ ဝေါဟာရကို ပြခြင်း

ညဗျည်း၌ ဝေါဟာရ ထင်ရာသာရေးအံ့။ ။ညသက်သက် သေးသေးတင်ကား-

"မဆိတ်မညံ့၊ ခြံရံသင်းပင်း"
"သည်းညည်းခံခံ၊ တောကြီးတံဝယ်၊ ဆိတ်ညံ့ကိုယ်ချည်း"
"ရင့်ရှည်အသံ၊ တကြိကြီထျင်၊ မညံ့ဟစ်ကြော်"
"ခန့်ငြားမရှိ၊ ထင်းရှောင်းခွဲသို့၊ အညံ့မပြတ်" [၂]

စသည်ဖြင့် ဆိတ်ညံ့သည့်, အသံတညံညံ့, မညံ့မပြတ်ဆိုသောအရာတို့၌ ထင်၏။ ။ ညံ့-ဟူသော သစ်ပင်ငယ်၏ အမည်ထည်း သေးသေးတင်၎င်း ဖြစ်သင့်၏။

ထိုနှင့်အသံတူ နာ-သတ်ကား-မဂ်ညဏ်၊ ဖိုလ်ညဏ်၊ သဗ္ဗညုတညဏ်၊ ပညာညဏ်-စသည်ဖြင့် ညဏ-သဒ္ဒါကိုစွဲမှီ၍, ဆိုမိန့်ခြင်းဖြစ်သော မာဂဓဘာသာ မူလထင်၏။ မြမ္မာမှသက်သက် ညဗျည်း နာ-သတ် မထင်။

---

၁ ကိုး * ၂၁၀၊ 'ထုံးဝိုင်းမချန်။' ၂ ဘူလင် * ၁၄၂၊ 'မညံ့မပြတ်။'

ညဗျည်း မ-သတ်ကား....

"ညစ်ညစ်ညမ်းညမ်း၊ နဂါးဖမ်း၍၊ ဝမ်း၏အစာ"
"အလွန်ညစ်ညမ်း၊ စကားသွမ်းကို၊ ဝမ်းမျှပြေတဝ်" [၁]

စသည်ဖြင့် 'ညစ်ညမ်းသည်' ဆိုသောအရာ၌ ထင်၏။

သေးသေးတင် အမြစ်ကား....

"မူထားနူးညံ့၊ တည်တံ့ဇုန္ဓေ"
"ဃမ်းသက်ဖြည်းညံ့၊ ဘဝါးပျံထွက်၊ ခုံခုံကမ္ဘဉာန်း" [၂]
"ဖြည်းဖြည်းညံ့ညံ့၊ ဝါဆောင်အံ့ဟု၊ မငံ့သာငြိမ့်" [၃]
"မယုတ်မညံ့၊ မေတ္တာနှံ့တိ၊ လှိုင်ပျံ့မပြယ်" [၄]

စသည်ဖြင့် နူးညံ့၊ ဖြည်းညံ့၊ ယုတ်ညံ့-ဆိုသော အရာ၌ ထင်၏။

ဝဆွဲး န-သတ်ကား....

"တဏှာကပ်ညွှန်၊ ဆေးကြောပြန်လိမ့်၊ တဖန်မနင်းမိစေဖြို"
"ပြည့်နှက်ရေညွှန်၊ ကျုံးကိုလွန်၍၊ စွယ်ချွန်တောင်မှောက်"

စသည်ဖြင့် ရှုံ့ညွှန် ဆိုသောအရာ၌ထင်၏။ ။ဤ၌ ညွှန်ကို 'ရှုံ့စေးရေညှဲ၊ နင်းတိုင်းကျဲ၊ ခွဲခွဲသွားရက်ရက်' ဟူ၍ သတ်ပုံဟောင်းတွင် သေးသေးတင် စပ်သည်ကား ပျက်၏ဟု အချို့ထင်မှတ်ကုန်သည်။ ထိုသတ်ပုံအရေးမျှသာ ပျက်သိမည်၊ ရှုံ့စေးရေညွှန်-ဟူ၍ နဂယ်နှင့် ရှေးစာများရှိအံ့ထင်သည်၊နှံ့-ဟူသော စကားအရကို ထောက်လျှင်လည်း ဟောင်းနွမ်းရိပ္ပ်သော ရှုံ့နည်အနစ်သည် ခိုင်ကျန့်ခြင်းမရှိ၊ ကျိုးနှံ့ဆိုသော အရာကဲ့သို့ 'နှံ့သည်' ဟူ၍ လည်းကောင်း, ဟောင်းနွမ်းသည် ဟူသောအရ မ-သတ်အဆံကို သေးသေးတင်အသံ ဆိုမိန့်သည် ဟူ၍ လည်းကောင်း အရထင်သည်။ ရောပြွမ်းကို ရောပြွံ၊ ဆင်ကျွမ်းဟူသောအရာကို ဆင်ကျံဆိုသည်နှင့် တူသင့်၏။ ဤသို့သောအရနှင့်အညီ 'ရေနှံ့' ဟူ၍ လည်း ဆိုကောင်းအံ့သို့ရှိ၏။ နှ-အက္ခရာကား သေးသေးတင်၊ ည-အက္ခရာကား န-သတ်ရေးဖတ်လျှင် သင့်နိုး၏။

ညဗျည်း ဝဆွဲး နှ-သတ်အမြစ်ကား....

"ဘဝါးကြာညွှန့်၊ ခြေတော်ဆန့်ဟု"
"စီးပွားတက်ညွှန့်၊ မိုးရှည်ပြန့်သည်"

---

၁ ဘုရေါင်း * ၃၇၊ 'အလွန်ညစ်ညမ်း အကျင့်သွမ်းကို။'
၂ ကိုး * ၂၈၃၊ 'ဃမ်းဆက်ဖြည်းညံ့။'
၃ ကိုး * ၁၀၃။
၄ ကိုး * ၅၁။

"မေတ္တာ မတန့်၊ သက်လုံး ခန့်သည်၊ ကြင်ညွန့်မဖျာ- ရက်သော ကြောင့်" [၁]

စသည်ဖြင့် အဖျားအညွန့်, ရွက်ညွန့်,သားသားညွန့်ညွန့်-ဆိုသောအရာတို့၌ ထင်၏။

ဝဆွဲးဟဆွဲး နှ-သတ်ကား....

"ဓိတရွေးညွန့်၊ ဆရာမွန်တို့၊ ဝေဖန်ပဲ့ပြင်"
"ဆိုကြကြိမ်ဖန်၊ ထုံးပုံညွန့်သည်၊ ကျမ်းဂန်နှိုးနှိုး နှယ်နှယ်တည်း"
"ကျေးဇူးပြည့်ဝန်၊ ဦးအာနန်ကို၊ ညွှန်ခဲ့သောကျိုး"

စသည်ဖြင့် **မြည့်နှန်, ဖော်ညွှန်** ဆိုသောအရာ၌ ထင်၏။ ။ထို၌ ဝိသဇ္ဇနိသံကား--

"အိုင်နားမှော်တွန်း၊ ပြည့်နှန်းနှိုင်းစံ"
"မုခပြည့်ညွှန်း၊ ငင်ချိတ်ချွန်းသို့၊ ထက်ဝန်းဇန္တု" [၂]
"ကြောင်ထျာမေးမြန်း၊ ဂါထာညွှန်းလည်း၊ သာခန်း ရောက်လထျင် ပြီးတည်း"
"ကြည့်ညွှန့်တိုက်တွန်း၊ ဆုံးမညွှန်းသည်၊ သာလွန်းဂါထာ နှစ်သွယ် တည်း"

စသည်ဖြင့် **ညွှန်းသည့်,ပြသည့်** စဝ်ဆိုသောအရာထင်၏။ ဤ၌ ဝိသဇ္ဇနီလွတ်, ဝိသဇ္ဇနီ ပါ အသံနှစ်ပါးဖြစ်၍ ဆိုမိန့်ခြင်း ပြုမှုခြင်းသဘောမကွဲးကြ၊ အသံမျှသာ ထေးပေါ့သည် ယူသင့်၏။

စ၊ ဆ၊ ည-ဟူသော စဝဂ်၌ သေးသေးထင် နှ-သတ်,မ-သတ် ပြီးပြီ။

တံ-တန်

၂၈၁-တဗျည်း သေးသေးတင် နှ-သတ်၌ ဝေါဟာရကို မြခြင်း

စ-ဝဂ်နောင် မုဒ္ဓဇ ဋ္ဌ-ဝဂ်ကို ထောကဝတ်အသုံးနည်းသဖြင့် လွှတ်၍ တ-ဝဂ် ၌ နည်းတူထုတ်အံ့။ ။တဗျည်း သေးသေးတင်ကား.....

"အနက်အတံ၊ အကြီအစည်" [၄]
"စုံစမ်းနက်တံ၊ ရေးရှည်လံသား၊ ပုံစံမှတ်မိ" [၅]

---

၁ နောင်၊ ထသောင်းရှစ်ပြန်-ချီ (ဒု)။
၂ ဘူပေါင်း * ၉၀။
၃ ကိုး * ၂၄၆၊ 'မြည့်နှန်တိုက်တွန်း။'
၄ ဘူထင် * ၂၁၉။
၅ ဂံ * ၂၀။

"အကယ်တံတံ၊ဆိုကုန်တံသည်၊ထွက်ထံသက်သက်ညင်းညင်းတည်း" [1]
"အရွက်ပွင့်တံ၊ ကြိုင်ကြိုင်လျှံသား၊ စဆွံကျောင်းဆောင်"
"ကေန်ကျစံ၊ ပေါက်ပြလျှံမျှ၊ ညှာတံပွင့်ချဝ်"
"ပေါက်နှင့်ဟိုင်းဟံ၊ တည်တံမကြွင်း" [2]
"ပေါက်နှင့်ဟိုင်းဟံ၊ တည်တံမုန်ဝ"

စသည်ဖြင့် အနက်အတံ,အကယ်တံတံ,အညှာအတံ, ရိုးတံရွက်တံ, ပန်းသီတံ, ဆင်မျိုးတံ-ဟူသော အရာတို့၌ ထင်၏။

၌၌ အနက်အတံ, ညှာတံ-ဟူသည်ကိုကား သဘောမကွဲးသည် ဖြစ်သင့်၏။ အညှာအတံ၊ပန်းသီတံ၊အချောင်းအတံတို့သည် စွဲးမှိရာအတည် ဖြစ်သကဲ့သို့ အနက်အတံ-ဟူသည်၌လည်း ဆိုမိန့်စွဲးယူသော အကြောင်းအရာ နဂိုရှိမူထသည် ဆိုမိန့်စွဲးယူခြင်း၏ အနက်သဘောရင်းဖြစ်၍ စွဲးမှိရာ အချောင်းအတံနှင့်အတူ စွဲးမှိရာမူထဖြစ်သင့်သဖြင့် သဘောမကွဲးသည်ဖြစ်သင့်၏။ ။အကယ်တံတံ-ဟူသည်ကို ကြို၍, ယူထည်း သဘောအားဖြင့် အညှာအတံဟူသည်နှင့် အနက်နီးချည်းရအံ့သို့ရှိ၏။

ထိုနှင့်အဆံတူ န-သတ်ကား....

"ကျွတ်ထတတန်၊ လောကီလွန်၍"
"ပမာန္ဒိင်းရန်၊ မှည့်ခါတန်၌၊ တုတ်ခွန်ခိုင်ပွတ်" [3]
"ကနက္ကတန်၊ ရောင်ဝှန်ဖြူညွှန်"
"ကနက္ကတန်၊ ဒိမာန်ဖြန့်ဝန်း"
"ကြောင်းတန်၊ အလွန်ကောင်းန္ဒိင်း"
"ခါသင့်ပန်းမှန်၊မတန်တချို" [4]
"ထွေထွေရုပ်ဟန်၊ သက္ကတန်နှင့်၊ ထက်မြန်မြောက်ဖော်"
"ဥဒေါင်းသိန်းစွန်၊ နှုန်းပါတန်ထျက်၊ ယုဂန်ဗွေခေါင်"
"မရဏာသန်၊ ဇောငါးတန်ဖြင့်၊ သွေလွှန်အသက်" [5]
"ဒါနကားလွန်၊ လောင်းထပ်ပြန်သည်၊ တတန်ကုထိုလ်ပွားသတည်း"
"ရိက္ခာရေဆန်၊ ကျိုးလင့်ဟန်သို့၊ ဌက်တန်မရှိ" [6]

---

၁ တန်ရ * ၁၆၊ 'ဆိုကုံထံသည်။'
၂ မင်းရာ * ၂၁။
၃ လောသာ * ၄၁၊ 'ပမာသို့ဟန်၊ မှည့်ခါထန်မှ၊ တုတ်ခွန်ခိုင်ပွတ်။'
၄ သံ * ၁၆၇။
၅ ဘုပေါင်း * ၉။
၆ ကိုး * ၁၉၆၊ 'ချိုလင့်ဟန်သို့။'

"အာဏာဆန်ဆန်၊ ရက်ရက်ကန်၍၊ တန်သော်ကားဆေး" ၁
"ကြိုးထူဖောင်းကန်၊ ဖျဉ်းအိုးတန်ကို၊ ရွှဲသန်ဌေကျော" ၂
"ကွဲနစ်ကြွမ်ဖန်၊ လူမသန်ကို၊ ဆက်တန်အားပြိုင်" ၃

စသည်ဖြင့် တတန်-ဒုစ်တန်, အတန်တန်, အခါတန်, ကနက္ထတန်, သတ္ထတန်, ဝကြောင်းတန်, သစ်သီးမတန်, ဌက်တန်မဲ့, လူတန်မဲ့, ဖျဉ်းအိုးတန်, အကြောင်းတန်-မတန်, ဆက်တန်-ဆိုသောအရာတို့ကို ထင်၏။ ထို၌ "ဆက်တန်အိုင်သာ....ဖက်ရန်ပြိုင်ထာ" ဟူ၍ က-သတ်စပ်အင်္ဂဒွင့်အညီ ရေးလိုက်သည်။ ဆဒ္ဒန္တ-ဟူသော ပါဠိဒွင့် အညီ၊ ဆဒ္ဒန်-ဟူ၍ သော်လည်း ရေးသင့်၏။

တန်း-တမ်း၊ တံ့-တန့်

၂၀၂-တဗျည်း နှ-သတ် မ-သတ်, သေးသေးတင် အမြစ် ဝိသဇ္ဇနီသံတို့၌ ဝေါဟာရကို ပြခြင်း

နှ-သတ်ဝိသဇ္ဇနီသံကား....

"မဖြောင့်မတန်း၊ ကောက်ယွန်းမကြီ" ၄
"ရွှင်အားလန်းလန်း၊ လက်ရုံးတန်းလျက်"
"ဝါရဝိုင်းတန်း၊ စတုရန်းဟု" ၅
"ပရိသတ်ထက်ဝန်း၊ လူရဟန်းကို၊ တိုင်တန်းသက်သေ ကြားသတည်း"
"လေပင်စဆန်း၊ ကျန်းတန်းကျင့်တင့်" ၆
"ခတ္တာခေါင်ရန်း၊ အိမ်တန်းအင်ကြင်း"
"စကားအနန်း၊ တန်းလည်းဆွဆွ" ၇
"စကားအနန်း၊တန်းလည်းပျံမွေး"

စသည်ဖြင့် ဖြောင့်တန်း, လက်ရုံးတန်းသည်, ဝိုင်းတန်း, တိုင်တန်းသည်, ကျင့်တင့်ကျန်းတန်း, သစ်ပင် အိမ်တန်း-ဟူသောအရာတို့၌ထင်၏။ ထိုတွင် 'အိမ်ဒန်း' ဟူ၍, တတိယကွဲရာရေးကုန်သည်ကား ဖတ်သံမျှကို အစွဲးပြု၍သို့ရှိ၏။

---

၁ ဘူထင် * ၂၀၇။
၂ ထီးဒေ * ခ၁၊ 'စဉ်းအိုးထန်ကို။'
၃ ကိုး * ၂၅၇၊ 'ဆဒ္ဒန်အားပြိုင်။'
၄ ကိုး * ၁၆၆။
၅ ထန်ရ * ၁၀။
၆ ဘူပေါင်း * ၇၁၊ 'လေးဖင် စေဆန်း၊ ကြမ်းထန်းကျင့်ထင့်။'
၇ ဒေး * ၁၅၀ (ဒု)။ 'ဒန်းထည်းဖြူဆွတ်။'

ထိုနှင့်အဆံတူ မ-သတ်ကား....

"သူတော်ကျင့်တမ်း၊ ဖသခ်မ်း၌၊ ငြိမ်းချမ်း နေထင့်လေသတည်း"
"ပမာန္ဒိုင်းတမ်း၊ တံသုတ်ကျမ်းသို့၊ ပို့ရမ်းစုံတိုး" [၁]
"ရေရွှတ်မြည်တမ်း၊ ကိုယ်ရမ်းမသိ" [၂]
"ရှဝ်သွင်ဒိုင်းတမ်း၊ မျက်ရမ်းယိုဆွတ်"
"ရှာဖွေစုံစမ်း၊ လောင်းတမ်းစရာ" [၃]

စသည်ဖြင့် ထုံးတမ်း, ဒိုင်းတမ်း,မြည်တမ်း,လောင်းတမ်း-ဟူသောအရာတို့၌ ထင်၏။

သေးသေးတင်အမြစ်ကား....

"မတည်မတံ့၊ မခံ့တိုင်းပင်"
"အကယ်တံ့တံ့၊ တောတွက်အံ့ဟု၊ ဝံ့ဝံ့စားစား" [၄]
"ထွက်ပြူဆယ်နှံ့၊ ပေါ်လတ္တံ့နည်း"
"တာရှည်မင့်၊ ယူလတ္တံ့ဟု၊ ခံ့ရှံ့ခံ့ငြား" [၅]

စသည်ဖြင့် တည်တံ့, အကယ်တံ့တံ့,ပြူမူလတ္တံ့ဆိုသောအရာတို့၌ထင်၏။

ထိုနှင့်အဆံတူ န-သတ်အမြစ်ကား....

"မေတ္တာမတန်၊သက်လုံးခန့်သည်၊ကြင်ညွှန့်မဖျားရက်သောကြောင့်" [၆]
"ဆန်မျှမတန်၊ လွှမ်းညွှန့်ရစ်တပ်"
"ကြိုးသွားပြန့်ဆန်၊ကောင်းကင်တန့်ထျက်၊ ကောင်းညွှန့်သားသား" [၇]
"မိုးဝသန့်သန်၊ ထက်ဝယ်တန့်ထျက်၊ အဂ္ဂန့်အဝါ" [၈]

စသည်ဖြင့် တန့်ကြာသည်, အတန့်အတန့်ရပ်နေသည်-ဆိုသော အရာတို့၌ထင်၏။

ဤ၌ သေးသေးတင် အမြစ်ကား "တည်တံ့မြဲမြံသည်"။ ။န-သတ်အမြစ်ကား အတန့်ပြူမူသည်၊ အမြဲတန့်သည်ဆိုသော အရာကဲ့သို့ "**တန့်ကြာသည်**" ဟူသော အနက်ကိုယူရာ၏။ ပျိုထက်ဘို့၌ အရတချက်သင့်, နှစ်ချက်သင့်, ဆုံးချက်သင့်ရှိရာ၏။ စင်အင်ရှိထျင် စင်အင်ကို ယူပါရမည်သာဖြစ်၏။ 'မနေမလွှမ်း၊ တစုံစမ်းဆို'

---

၁ ထန်ရ * ၄၅၊ 'မို့ရမ်းစုံတိုး။'
၂ ဘူထင် * ၁၄၂။
၃ ဘူထင် * ၃၁၀။
၄ ကိုး * ၂၂၉။
၅ ဘူထင် * ၁၀။ ခင်ရှံ့ခံ့ငြား။'
၆ နောင်၊ ထသောင်းရှစ်ပြန်-ချီ (ဒု)။
၇ ကိုး * ၂၀၅။ 'ကြိုသွားပျံ့ဆန်။'
၈ ကိုး * ၂၆၀။

ဟူသည်၌ မလွန်းမဆွတ်ပဲ၊ မြီးမြီတည်တံ့အံ့သော စပ်သကဲ့သို့ဟူ၍ သေးသေးတင် အနက်ယူသော်လည်းကောင်း, မလွန်းမဆွတ်ပဲ၊ လွန်းဆွတ်သော်စိတ်သည်တန့်ကြော ပြတ်စေးအံ့သော စပ်သကဲ့သို့ဟူ၍ လည်းကောင်း အရန္ဒစ်ချက်ပင်သင့်ဖွယ်ထင်၏။ ။ "ဂင်္ဂါဖြစ်နား၊ တံ့ထျက်သွားသည်" ဟူ၍ သေးသေးတင်အမြစ်ရှိသည်နှင့်အညီ ကွက်မ လှည့်တည်တံ့မြီးမြီစွာနှလုံးတချောင်းတည်း သွားသည်ဟူ၍ လည်းကောင်း, တန့်ထျက် သွားသည်ဟူ၍ နှ-သတ်အမြစ်ရှိသည်နှင့်အညီ ညီတော်ခမည်းစသည်တို့ နောက် ထပ်လိုက်ထတ္တံ့ဟု ငံ့မြော် တန့်တည်းထျက် သွားသည်ဟူ၍ လည်းကောင်း, တန်း ထျက်သွားသည်ဟူ၍ ဝိသဇ္ဇနီဆံနှင့် အညီ နောက်ပါပရိသတ် တယူဇနာပါထျက် စီတန်း၍ ထွက်သွားထေသည်ဟူ၍ လည်းကောင်း အရ ၃-ချက်ပင် သင့်ဖွယ်ထင် ၏။ အရတချက်စီကား သင့်ရာမကင်းသာသည်ဖြစ်၏။ ဤနည်းအတူ စပ်အင်္ဂလိပ် ရာ၌ ၂-ချက်သင့် ၃-ချက်သင့်ရှိရာသည်ပင် ဖြစ်၏။

တွန်-တွန်း-တွန့်

၂၀၃-တဗျည်း ဝဆွဲး နှ-သတ် ဝိသဇ္ဇနီ အမြစ်သံတို့၌ ဝေါဟာရကို မြခြင်း

[တဗျည်း ဝဆွဲး သေးသေးတင်ကား မထင်]။ ။နှ-သတ်ကား....

"ထမ်းကြောင်းတသွန်၊ ကောင်းကြီးတွန်ထျက်၊ တံခွန်ကုတ္တား" ၁
"ဝါဝိုဆိန်းစွန်၊ မြည်တွန်သောင်းသောင်း"
"စိုးထိုက်မင်းတန်၊ စကားမွန်ဖြင့်၊ ကြော်တွန်ကရဝိ"

စသည်ဖြင့် မြည်တွန်သည်, ကောင်းခြီးတွန်သည်, မြွှေရွာတွန်သည်- ဆိုသောအရာ ထင်၏။

ဝိသဇ္ဇနီဆံကား....

"တားဖျဉ်တိုက်တွန်း၊ နှစ်ခွန်းစကား"
"ထာလှည့်ပင့်တွန်း၊ ခေါ်ဆိန်းမြန်းထည်း၊ တခွန်းတည်းသာ" ၂

---

၁ ထန်ရ * ၁၁။ ၂ ကိုး * ၂၅၆။

"တိမ်ခြုံပယ်တွန်း၊ ရဝိတွန်းမူ၊ ပျံမွန်းဧးကြွယ်" ၁
"တိတ္ထိတက္ကတွန်း၊ ခင်ပွန်းလည်းဖြစ်" ၂

စသည်ဖြင့် တိုက်တွန်း, ပင့်တွန်း,ပယ်တွန်း, တက္ကတွန်း-ဆိုသောအရာတို့၌ ထင်၏။ ထို၌ တိုက်သည်-တွန်းသည်၊ ပင့်သည်-တွန်းသည်၊ ပယ်သည်-တွန်းသည် ဟူသော စကား၌ တွန်းသည်-ဟူသောစကားအရကား အလိုရှိရာ ညွှတ်စေခြင်းသဘောအား ဖြင့် မကွဲးသည်ဖြစ်၏။တက္ကတွန်း-ဟူသည်ကား ခေါ်ဝေါ်ကာမျှသာ ဖြစ်၏။

အမြစ်သံကား....

"အဖျားကော့တွန့်၊ ဖြန့်သော်ဃနတက်" ၃
"ဝိတိမပြန့်၊ နှလုံးတွန့်ခဲ့၊ ချစ်ညှန့်ရှင်ရှင်" ၄
"တပက်ရင်ကန့်၊ ဝတ်စားသန့်နှင့်၊ ဆိတ်တွန့်ခြည်ပန်း" ၅
"သန္တာဃက်ညွှန့်၊ ဆယ်ချောင်းဖြန့်ထျက်၊ မတွန့်မရှောက်"
"ဦးဖျားချွန့်ချွန့်၊ အသက်စွန့်၍၊ မတွန့်မတို" ၆

စသည်ဖြင့် 'တွန့်'ဆိုသောအရာထင်၏။

ထံ—ထန်—ထန်း—ထမ်း၊ ထွန်—ထွန်း—ထွန့်

၂၈၄–ထဗျည်း သေးသေးတင် နှ-သတ် မ-သတ် ဝိသဇ္ဇနီသံ အမြစ်သံ၌ ဝေါဟာရကို ပြခြင်း

ထဗျည်း သေးသေးတင်ကား....

"ဆင်ဖြူရှင်ထံ၊ ဘိသိက်ခံမှ"
"ဂေါပါထထံ၊ ဆွမ်းပန်းခံ၍" ၇
"ပညာရှိထံ၊ ဆုံးမခံသော်"

---

၁ ကိုး * ၁၅၊ 'ပျံမွန်းနှံ့ကြွယ်'
၂ ဘူဝေါင်း * ၄၉၊ 'ခင်ပွန်းလည်းဖစ်။'
၃ ဘူဝေါင်း * ၃၀။
၄ ဘူဝေါင်း * ၂၀။
၅ ကိုး * ၂၀၈။
၆ တန်ရ * ၁၁။
၇ ဘူလင် * ၂၄၅။
၈ ကိုး * ၉၁။

"သိကြားနတ်ထံ၊ ဝိသုကံသို့" [၁]
"နွားကျောင်းတို့ထံ၊ နှံ့ထေတုံထျင်း" [၂]
စသည်ဖြင့် ဆရာမိဘ, အရှင်စိုးမင်းတို့၏အထံသို့သွားသောအရာ၌ ထင်၏။

ထိုနှင့်အသံတူ န-သတ်ကား....

"သည်းစွာပြင်းထန်၊ မိုးရွာဝှန်သား"
"ဝေဿန္တရ၊ တေဇပြင်းထန်၊ ဘုန်းရှိန်လွန်သော်၊ မကျန်ရန်ထူ"
စသည်ဖြင့် ပြင်းထန်,သည်းထန်-ဟူသောအရာ၌ ထင်၏။

န-သတ် ဝိသဇ္ဇနီသံကား....

"ခုနစ်ဆင့်ထန်း၊ ကြီးလွန်းကြောက်ဘွယ်"
"သရက်အုန်းထန်း၊ ပန်းသစ်သီးတည့်"
စသည်ဖြင့် အုန်းထန်း-ဟူသော သစ်ပင်၏အမည်၌ ထင်၏။

ထိုနှင့်အသံတူ မ-သတ်ကား....

"လွဲးလွဲးကမ်းကမ်း၊ မုသားထမ်းသား၊ စွဲလမ်းမရ" [၃]
"ခွန်အားကိုယ်စွမ်း၊ ထမ်းပိုးထမ်း၍၊ ညချမ်းဆည်းဆာ" [၄]
"ကြိုးကြိုးပမ်းပမ်း၊ မဖိတ်ထမ်းသည်၊ လူစွမ်းသဖွယ်" [၅]
စသည်ဖြင့် ထမ်းရွက်သည်-ဆိုသောအရာ၌ ထင်၏။

[ထမျည်း ဝဆွဲး သေးသေးတင် မ-သတ်တို့ကားမထင်]။ ။န-သတ်ကား-

"မူထတုံထွန်၊ ထိုတထွန်ကား၊ ရေကန်ရေတွင်း"
"သင်္ကာမဲ့ထွန်၊ ဆိုတိုင်းမှန်၏၊ လင်မွန်ကျေးဇူး" [၆]
"ကြွမ်ခါအကျွန်၊ ထွန်ခဲ့ဘူး၍"
စသည်ဖြင့် မဖြစ်ထွန်,မရှိထွန် စသည်ဖြင့် ဆိုမိန့်သောအရာ, လယ်ထွန်သည့်ထွန်-ဟူသောအမည်တို့၌ ထင်၏။ ထိုတွင် မရှိထွန်-စသည်ဖြင့် ဆိုမိန့်ခြင်းကား ရှေး

---

၁ ထန်ရ * ၂(၃)။
၂ ကိုး * ၁၄။
၃ ကိုး * ၉၊ 'လွဲလွဲးကမ်းကမ်း။'
၄ ဘုဝေါင်း * ၃၉။
၅ ကိုး * ၄၁။
၆ ကိုး * ၂၂၃။

သူဟောင်းတို့ ဝေါဟာရတည်း။ 'မရှိထသောဝန်-မဖြစ်ထသောဝန်'ဟူ၍ ထ-နှင့် ဝ-ခြားနား၍ ဆိုကောင်းလျက် စပ်ဆိုဘိသကဲ့သို့လည်းရှိ၏။ ဆင်ခြင်။

ဝိသဇ္ဇနီသံကား....

"မာသပေါ်ထွန်း၊ တပေါင်းဆန်းက၊ တောပန်းရနံ့" ၁
"ရွှေသဲးပေါ်ထွန်း၊ မြစ်သာကျွန်းထက်" ၂
"ဂိဝါရောင်ထွန်း၊ ရွှေထင်ပန်းနှင့်၊ ဆံစွန်းမယုတ်"

စသည်ဖြင့် ပေါ်ထွန်းသည်,အရောင်ထွန်းသည်-ဆိုသောအရာ၌ ထင်၏။

အမြစ်သံကား....

"ကာလရှည်ထွန်၊ ထွက်ခန့်လေးထွေ"
"မိုးဆ်းသို့ကြောက်လွန်၊ ထွန့်ထွန့်စင်စင်"
"လွှားလွှားဖြတ်ရွန်၊ ခုတ်ထစ်ဆန့်သည်၊ ထွန့်ထွန့်ချက်ချင်း သေသတည်း" ၃

စသည်ဖြင့် ကာလအထွန့်, ထွန့်ထွန့်စင်စင်-ဆိုသောအရာ၌ ထင်၏။

နံ-နန်-နန်း-ဏန်း-နမ်း၊ နံ့-နန့်

၂၀၅-နှ-ဗျည်းသက်သက် သေးသေးတင် နှ-သတ်,မ-သတ် အမြစ်ဝိသဇ္ဇနီသံတို့၌ ဝေါဟာရကို ပြခြင်း

နဗျည်း သေးသေးတင်ကား....

"အကျိုးမနံ၊ ဝါးနှယ်ယွဲ့သည်၊ ဝေးလံယခုထက်တိုင်တည်း" ၄
"အလျားအနံ၊ သံခုနစ်တောင်" ၅
"ယူကျုံးရှင်နံ၊ ငါဟောသံကို၊ နားခံမှန်စွာ" ၆

စသည်ဖြင့် အနံ့နံသည်,အလျားအနံ, ရှင်နံ-ဆိုသောအရာ၌ ထင်၏။ထိုတွင် ရှင်နံ,

---

၁ ဘူထင် * ၇၇။
၂ ကိုး ၂၇၀၊ 'မြင်သာကျွန်းထက်။'
၃ မနော် * ၁၄။
၄ သံ * ၁၆၊ 'ဝေးလံ ယခုထက်တိုင်တည်း။'
၅ ထန်ရ * ၄၆။
၆ ဘူပေါင်း * ၁၀၀။

ထိုတွင် ရှင်နံ့, သန္ဓိ-နံ-ဆိုသောအရာ၌ နာမသဒ္ဒါကိုစွဲ၍ နယ်ချဲ့ကျက် မ-သတ်ရေးကုန် သည်ကား မာဂဓဘာသာ မူထဖြစ်၏။ အမည်နာမ ဆိုမည် အနက်ကို နာမံ-ဟူ၍ ထည်းကောင်း, နံ-ဟူ၍ ထည်းကောင်း, နံစံ-ဟူ၍ ထည်းကောင်း ဆိုသောအရာ၌ထည်း နည်းတူ ရေးသင့်သည်ဖြစ်၏။

ထိုနှင့်အတူ န-သတ်ကား....“နန္ဒသဒ္ဒါ၊ အာနန္ဒသဒ္ဒါ၊ဥပနန္ဒသဒ္ဒါ၊ နန္ဒောပနန္ဒသဒ္ဒါတို့ကိုစွဲ၍ မင်းနန်,အာနန်,ဥပနန်,နန္ဒောပနန်-ဆိုသော အရာသာထင်၏။မြန်မာဘာသာ သက်သက်မထင်။

ဝိသဇ္ဇနီသံကား....

“ကဝ်ထာရွှေနန်း၊ ဖမွေမြန်းကား၊ရှမ်းယွန်းရိုင်းစိုင်း”
“ချောမွေ့ ဘနန်း၊ ကမွည်းညွှန်းသည်၊ တိုင်တန်းသက်သေ ကြားသတည်း” ၁
“ပျဉ်းမင်းအနန်း၊ ထောင်းပန်းသဇင်”
“ကျည်းထူးဂဏန်း၊ ရွှင်ထန်းပျော်ဘွယ်”
“ကြကြရွတ်မန်း၊ ကျမ်းဂန်မှန်း၍၊ ဂဏန်းဟူးရား”

စသည်ဖြင့် မင်းနေနန်း, တုန်လှုပ်ဘနန်း, သစ်ပင် အနန်း, ဟူးရားဂဏန်း-ဟူသော အရာတို့၌ထင်၏။ နန်းခြည်, လှန်နန်း-ဆိုသောအရာထည်း န-သတ်ထည်းကောင်းတည်း။

ထိုနှင့် အသံတူ မ-သတ်ကား....

“ဖက်ဖက်ယမ်းယမ်း၊ ထိပ်ထက်နမ်းလျက်၊ တဝမ်းမပြား”
“တယောက်ကကမ်း၊ တယောက်လှမ်း၍၊ နမ်းသည်ကာလ”

စသည်ဖြင့် ‘နှာခေါင်းဖြင့် နမ်းသည်’ ဆိုသောအရာ၌ထင်၏။

နဗျည်း သေးသေးတင်အမြစ်ကား....

“စန္ဒကူးကျောင်းနံ့၊ ပြည်သုံးပျံလျက်” ၂
“မွန်ကြားပတ်လှံ့၊ တန်ခိုးနံ့ဖြင့်၊ ထေပျံနှင်ဖို့” ၃

---

၁ ထန်ရ * ၄၃။ ၃ ကိုး * ၁၆။
၂ ထန်ရ * ၂ (၁)။

"ထွက်ပြေဘယ်နှံ့၊ ပေါ်လတ္တံ့နည်း" ၁
"တောပန်းရနံ့၊ မွှေးမွှေးပျံ့မှ"

စသည်ဖြင့် ပန်းစသည်တို့၏အနံ့, ဘယ်နှံ့, ရနံ့-ဆိုသောအရာတို့၌ထင်၏။ထိုတွင် 'ရနံ့' ဟူသည် "အနံ့" ဟူသည် သဘောတူရာ၏၊ ဘယ်နှံ့-ဟူသည်ကား "ဘယ်ကာလ" ဟူ၍ မေးမြန်းခြင်းအနက်ထင်၏။

ထိုနှင့်အဆံတူ နှ-သတ်အမြစ်ကား....

"ကျိုက်ကျိုက်နန့်နန့်၊ တောလုံးလန့်မှ၊ ဗိုလ်ပြန့်များစွာ"
"ထိုခါအဝှန့်၊ တောလုံးနန့်မှ၊ သံပြန့်သာမြူး"
"မြေကြီး ထိန့်ထိန့်နန့်၏တည်း....ရှိခိုးသံထောက် တန့်၏တည်း ...ရှာခိုးရည်တူခန့်၏တည်း"
"ရွှရွှနတ်ညှန့်၊ ထိုထို့နန့်လိမ့်၊ မတွန့်မရွက်"
"လူတို့နာခန့်၊ ပညာဖြန့်သည်၊ နိုးနန့်နှလုံး မပျောင်းတည်း" ၂

စသည်ဖြင့် 'လုပ်လုပ်နန့်နန့်' ဆိုသောအရာ၌ထင်၏။

နံ့-နွှန်း-နွှမ်း-နှံ့-ခွံ့-နှမ်း-နှံ့ ၃

၂၀၆-နဗျည်း ဝဆွဲး ဟဆွဲး သေးသေးတင်, နှ-သတ်, မ-သတ်၌ ဝေါဟာရကို ပြခြင်း

နဗျည်းဝဆွဲးသေးသေးတင်ကား....

"ကျိုးကျိုးနွံနွံ၊ စီရင်ခံသည်၊ လုပ်ကြံမခန့်မငြားတည်း" ၄
"ဖမင်းအထံ၊ ရိကျိုးနွံထျက်၊ တရံမကွာ"
"အပေါင်းကျိုးနွံ၊ ထက်အောက်ခံသား၊ တိသမ္မဒါ" ၅

စသည်ဖြင့် ကျိုးနွံသည်, ဝပ်ဝပ်နွံနွံရှိသည်-ဆိုသောအရာ၌ထင်၏။

---

၁ ဘူပေါင်း * ၁၇။
၂ ကိုး။ နိဂုံး * ဂ။
၃ ကိုး * ၁။၆၂
၄ ဘူပေါင်း * ၅။

ဝဆွဲး နှ-သတ်ကား။ ။

"စည်ဟ္ဒဉ်ပြဋ္ဌာန်း၊ မွေန္ဒန်းနေမှတ်" [၁]

စသည်ဖြင့် မွေန္ဒန်းဟူသော အမည်၌သာ ထင်၏။

မ-သတ်ကား-

"သားတို့မိဝမ်း၊ ပန်းညှိုးန္ဒမ်းသို့၊ ခြောက်သမ်းသွေ့သွေ့" [၂]
"န္ဒမ်းလျကြောတင်။ ။ လွမ်းလှရာတွင်"

စသည်ဖြင့် ညှိုးန္ဒမ်းသည်-ဆိုသောအရာ၌ထင်၏။

နဗျည်းဟဆွဲး သေးသေးတင်ကား။ ။

"မယုံမန့်၊ ကိုယ်ထူးကြို၍၊ မခံမဖဲ့"
"န္ဒားကျောင်းတို့ထံ၊ နှံထေတုံလျင်း" [၃]
"မြတ်စွာမောဂ်နှံ၊ ထင်မှီးဆံကို"

စသည်ဖြင့် အဂ်နှံသည်,မောဂ်နှံ-ဆိုသောအရာ၌ထင်၏။ တိရစ္ဆာန်နှံထည်း နည်းတူ ဖြစ်သင့်၏။

ထို၌ အမြစ်သံကား။ ။

"မြန်ပြည်မဆုံ၊ ကျော်နှံသတင်း" [၄]
"မြေပြင်မဆုံ၊ ကောင်းကင်နှံမျှ၊ ကြားလွှဲ့ထွန်းပေါ်" [၅]

စသည်ဖြင့် ပြန့်နှံသည်ဆိုသောအရာ၌ ထင်၏။

ဟဆွဲး မ-သတ်ကား-

"နှလုံးမည်းန္ဒမ်း၊ ပုံကားသွမ်းကား၊ ကြောင်းလမ်းဇာတိ" [၆]
"မြစ်စို့န္ဒယ်နှမ်း၊ သားမျိုးပြွမ်းလျက်၊ ရွှင်ဝမ်းသာစံ" [၇]
"ဝမ်းထဲးအားရမ်း၊ ဝတ်စားလွှမ်းလျက်၊ ဖျင်နှမ်းအင်္ကျီ" [၈]

စသည်ဖြင့် မည်းန္ဒမ်း,ရှုးန္ဒမ်းသည်,နွယ်နှမ်း, တဆန်တန္ဒမ်း-ဆိုသောအရာတို့၌ထင်၏။

---

၁ ဒေး * ၄၅ (၁)။
၂ ကိုး * ၁၀၂။
၃ ကိုး * ၁၄။
၄ ကိုး၊'နိုဂုံး * ၁၃၊'ကျော်လွှဲ့သထင်း။'
၅ ထံ * ၁။
၆ ဘူပေါင်း * ၂၇။
၇ မနေဝ် ၇၊ 'စင်စို့ နွယ်နှမ်း၊ ။ ။ ရွှင်ဝမ်းပျော်စံ။'
၈ ရွှေစာ * ၁၉။

ဝဆွဲးဟဆွဲး သေးသေးတင်ကား-

"ဖြန်းတော ခြိမ်းသံ၊ ကြောက်ဖွယ်နှံ့သည်၊ နွတ်သံ ငေါက် ငေါက် ငမ်းငမ်းတည်း" [၁]

စသည်ဖြင့် ခြိမ်းနှံ့သည် နှံ့အောင်နှံ့သည် - ဆိုသော အရာ၌ထင်၏။ နှံ့-သည်ကား သယံဇာတ ဆုဒ္ဓအသံ၊ နှံ့-သည်ကား နှံ့စေသည်ဟူသော စေခြင်းအနက် ကာရိတ်သံ ဟူ၍ နှလုံးသွင်းရာ၏။

ထ, ထ, န-ဟူသော အက္ခရာတို့၌ သေးသေးတင်
န-သတ်ပြီးပြီ။

ပံ–ပန်–ပန်း–ပမ်း–ပုံ

၂၈၇–ပဗျည်း သေးသေးတင် န-သတ်,မ-သတ် ဝိသဇ္ဇနီ၌ ဝေါဟာရကို မြဖြင်း

ပအက္ခရာ သေးသေးတင်ကား....

"နှစ်ဘက်တောင်ပံ၊ ရွှေချည်မံထျက်၊ ထက်တံညွတ်မျှ" [၂]
"ထည်ရောက်တောင်ပံ၊ ခါးဆံသွယ်ဝေ"

စသည်ဖြင့် ငှက်တောင်ပံ ဆိုသောအရာ၌ထင်၏။

ထိုနှင့်အသံတူ န-သတ်ကား....

"လူများတောင်းပန်၊ ကြားလတ္တန်သော်၊ အချွန်မရှိ" [၃]
"အာဏာမဆန်၊ ရှိဦးပန်ထျက်" [၄]
"ခေါင်းထက်ပန်းဟန်၊ မပန်လိုက်ရ" [၅]
"ထက်ဝါးရှိဝန်၊ သွားခွင့်ပန်၍၊ ဒီမာန်ရပ်ဟောင်း" [၆]
"မျက်မှောက်ပစ္စုပ္ပန်၊ ဝတ္ထုမာန်နှင့်၊ တမလွန်ချမ်းသာ" [၇]

---

၁ ကိုး * ၉။
၂ ထန်ရ * ၉၊ 'ရွှေရည်ကျဲသို့။'
၃ ကိုး * ၂၆၉၊ 'အကျွန်မရှိ'
၄ သံ * ၉၇။
၅ ကိုး * ၁၂။
၆ ထန်ရ * ၂(၃)။

စသည်ဖြင့် တောင်းပန်, အခွင့်ပန်, ပစ္စုပ္ပန်-ဟူသောအရာ၌ ထင်၏။ ထို၌ ပစ္စုပ္ပန်ဟူသည်ကား ပစ္စုပ္ပန္နဝါဒီစွဲထင်သောကြောင့် မာဂဓဘာသာ မူထဖြစ်၏။

နန်-သတ် ဝိသဇ္ဇနီသံကား....

"မွေးဘလုံးပန်း၊ မတိုက်တွန်းနှင့်၊ ရဟန်းကျင့်ဝတ်" ၁
"ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကျန်းမာန်လျော့" ၂
"မပင်မပန်း၊ ပြီးစီးထွန်းသား၊ ကိုးခန်းကျမ်းပြု" ၃
"စားတော်ကွမ်းပန်း၊ မခေါ်လွန်းလည်း၊နိမြန်းသန္တာ"
"ကျောင်းနှင့်သင်္ကန်း၊ ဆွမ်းပန်းဆေးဝါး" ၄
"ငါ့သားရဟန်း၊ ငါ့ထိပ်ပန်းနှင့်၊ နှုတ်ခွန်းဆက်လျှင်း တော့မည်တည်း" ၅
"သာသည်ထူးဆန်း၊ ရှင်မပန်းဟု၊ ရစ်သန်းကြော့ချည်"
"သရက်အုန်းထန်း၊ ပန်းသစ်သီးတည့်"
"မနောဇင်ပန်း၊ ယောက်စွန်းစလောင်း" ၆
"ဂဝါရောင်ထွန်း၊ ရွှေထင်ပန်းနှင့်၊ ဆံစွန်းမယုတ်"
"ထင်ပြီးနွယ်တန်း၊ ရှုပန်းကျောက်ချပ်"

စသည်ဖြင့် လုံးပန်း, ပင်ပန်း, ပန်သည့်ပန်း, ကွမ်းပန်း, ဆွမ်းပန်း, ရှုံပန်း, ရှင်ပန်း-ဟူသောအမည်၊ ထင်ပန်း, ဤသို့သောအရာတို့၌ ထင်၏။

ထိုတွင် လုံးပန်း, ပင်ပန်း-ဟူသည် အကြောင်းတစိတ်ကွဲးသင့်၏။ 'လုံးပန်း'ဟူသည်ကား ပင်ပန်းသည့်, မပင်ပန်းသည်မဟူရ၊ လုံ့လအားထုတ် ပြုမူသည်ဟူသောအနက်ဖြစ်၏။ 'ပင်ပန်း'ဟူသည်ကား လုံ့လအားထုတ် ပြုမူသည့်, မပြုမူသည့် မဟူရ၊ပင်ပန်းနွမ်းနယ်သည်ဟူသော အနက်ဖြစ်၍ ဤသို့ တစိတ်ကွဲးယူသင့်၏။ ။ကွမ်းပန်း, ဆွမ်းပန်း, ရှင်ပန်းဟူသော အမည်တို့ကား ပန်သည့်ပန်းသဘော် မြတ်နိုးသောအမူအရာ တစိတ်သို့တင်၍ လည်းကောင်း, သာယာပြေပြစ်စေလိုသည့်အလည်းကောင်း ဆိုမိန့်သောအရာဖြစ်၏။ ။ရှင်ပန်း-ဟူသည်ကား သာယာပြေပြစ်ရုံ ဖက်ဆိုကာမျှသာဖြစ်သင့်၏။ သက်ပန်း, သင်ပန်းဟူသော အရပ်အမည်တို့ကား ပင်ပန်း၍, မြင်မှဆင်း

---

၁ ကိုး * ၃၄။
၂ ကိုး၊နိဂုံး * ၇။
၃ ကိုး၊နိဂုံး * ၆။
၄ သံ * ၁၄၇။
၅ ကိုး * ၂၁၁။
၆ ထန်ရ * ၃၂။

သက်သင့်သည်၊ ထိုပင်ပန်းသည်ဟူသော အကြောင်းကိုစွဲသည်ဟူလျှင် ပင်ပန်းသည်ဟူသော အနက်၌ ဝင်ပြီ။

ထိုနှင့်အသံတူ မ-သတ်ကား....

"ကြိုးကြိုးပမ်းပမ်း၊ မဘိတ်ထမ်းသည်၊ လူစွမ်းသဖွယ်" [၁]
"ကြိုးကြိုးပမ်းပမ်း၊ သင်သောကျမ်း၌၊ ငြိမ်းချမ်းမဂ်ဖိုလ်" [၂]

စသည်ဖြင့် 'ကြိုးပမ်း' ဆိုသောအရာ၌ထင်၏။ ကြိုးပမ်း, ထုံးပန်း-ဟူသည်တို့၏သဘောကို အောက်၌ ဆိုခဲ့ပြီ။

သေးသေးတင် အမြစ်ကား....

"ထောက်ထောက်ငုံငုံ၊ ထောက်ပုံသုံးစွဲး" [၃]
"လျောက်ကားချစ်မံ့၊ နေ့တိုင်းပျံလျက်၊ ကြင်နှံမလိမ်း" [၄]

စသည်ဖြင့် 'ပေးပုံသည်' ဆိုသောအရာ၌ ထင်၏။ ဤ၌....

"ဝတ်စားပေးပန်း၊ ဖြည့်ဖြူးဖြန့်လျက်၊ အဝှန့်ကျွန်ကျေး" [၅]

စသည်ဖြင့် ထောကသာရတွင် နာ-သတ်စပ်အင်ထင်၍ ပေးပန်သည်ကို နာ-သတ်ဆိုဖွယ်ရှိ၏။ ထိုသို့ အရေးပျက်အံ့ထင်သည်။ 'ဝတ်စားပေးပုံ၊ ဖြည့်ဖြူးနှံလျက်၊ အလှဲ့ကျွန်ကျေး' [၅] ဟူ၍ သေးသေးတင် စပ်အင်ရှိသင့်သည်။ ။[ထိုနှင့်အသံတူ နာ-သတ်အမြစ်မထင်။]

ပျံ–ပျှံ–မြန်–မြန်း–မြန့်

၂၈၈–ပဗျည်း ယပင့် ရရစ်သေးသေးတင် နာ-သတ်အမြစ် ဝိသဒ္ဒနီ၌ ဝေါဟာရကို မြဲခြင်း

ပအက္ခရာယပင့် သေးသေးတင်ကား....

"ငှက်နှယ်ဝဲးပျံ၊ ကွန်မြူးစံလျက်၊ တရံရောခါ"
"ပညာရှိထံ၊ ဆုံးမခံသော်၊ တက်ပျံမိုးတိုင်"

---

၁ ကိုး * ၄၁။
၂ ဘူပေါင်း * ၄၅။
၃ သံ * ၄၀။
၄ ကိုး * ၁၈၀၊ 'လျောက်ကဲချစ်ပုံ။'
၅ ထောသာ * ၂၁။'ဝတ်စားထောက်ပင့်၊ ဖြန့်ဖြူး ဆင့်လျက်၊ အထင့် ကျွန်ကျေး။' 'ဝတ်စား ထောက်ပုံ၊ ပြည့်ဖြိုး ဖွံ့လျက် အနှံကျွန်ကျေး' မူကွဲ။

စသည်ဖြင့် ကျေးဇူးပျံသည်, တက်ပျံသည်-ဆိုသောအရာ၌ထင်၏။ ။ထို၌ အမြစ်သံကား....

"နည်းများဆွတ်ပျံ၊ ဆယ်ရုံရံတန်"။ ။"မတည်မတံ့၊ လွင့်ပျံနှလုံး"

စသည်ဖြင့် ဒေးပျံ,သင်းပျံ, လိုင်ပျံ, ကြိုင်ပျံ, လွင့်ပျံ, ထေပျံ,ညွှင်းညွှင်းပျံပျံ,ပျံဖြိုးသည်, ပျံပျံပျပျ-ဆိုမိန့်သောအရာတို့၌ ထင်၏။

ရစ်၍, န-သတ်ကား....

"တယောက်တပြန်၊ ကျေးသားလှန်သို့၊ စောင်းမာန်မရှုတ်" [၁]
"ထွေးကြွေးစားပြန်၊ ဝမ်းဝန်ပြည့်ရောင်"
"ခန္ဓာမပြန်၊ ချမ်းရိပ်မွန်သား၊ နိဗ္ဗာန်ရောက်ခဲ့" [၂]
"မိုးမြေပြောင်းပြန်၊ ထန်ဘနန်းတည်း"
"ကြောင်းထျားမကျန်၊ ဖမင်းပြန်အံ့၊ ယမန်သရော်"
"မဖောက်မပြန်၊ သူမွန်စင်စစ်"

စသည်ဖြင့် တပြန်,နှစ်ပြန်ဆိုသောအရာ၊စားပြန်သည်, သွားပြန်သည်, ဆိုသောအရာ၊ အကြောင်းပြန်သည်, ဖောက်ပြန်သည်ဆိုသောအရာတို့၌ထင်၏။

ထိုတွင် ခန္ဓာမပြန်-ဆိုသည်၌ ခန္ဓာမဖောက်ပြန်ဟူ၍ ၎င်း,နိဗ္ဗာန်သည် ခန္ဓာအရေအတွက်မှ လွတ်ငြိုးဖြစ်၍, ခန္ဓာဟူသော ဖြစ်ပြန်ခြင်းသဘောဆို မဖြစ်မပြန်မထည်ဟူ၍ ၎င်းယူသင့်၏။ ဤကိုစွဲ၍, ရဟန်းတို့သေလွန်ဖျင် 'ပြန်သည်'ဟူသော ဆိုမိန့်ခြင်းဖြစ်သည်ဟူ၍, ယူကုန်သည်။ အချို့ထည်း နိမ့်ရာမှ မြင့်ရာလွှမ်း၏ဟုဆိုလိုသောအရာဖြစ်၍, 'ပျံတက်သည်'ဟူသောအနက်ရောက်အောင် ယဝင့်သေးသေးတင် ယူသည်။ ထိုတွင် နောက်အယူ သင့်ဘိမည်၊ နတ်ရွာလားသည်၊ နတ်ရွာတက်သည်၊ နတ်ပြည်ပျော်သည်၊ နတ်ရွာစံသည်၊ နိဗ္ဗာန်လားသည်-ဟူ၍, သေလွန်ခြင်းသဘောကို အထူးထူး သာယာအောင်ဆိုမိန့်ကုန်သည်ကား မြင့်မြတ်ရာအလားကိုလှမ်း၍, မိန့်သောအရာ ထင်သည်။

ပျံသည်-ဆိုသောအရာထည်း မြင့်ရာသို့ လွှမ်းသည်,တက်သည်ဖြစ်၍, သဘော ထျော်သည်၊ 'ပြန်သည်' ဆိုခြင်း၌ကား ဖောက်ပြန်ကာမျှ အနက်သာရ၍, ကောင်း

---

၁ ဘူထင် * ၃၀၈။ ၂ ကိုး * ၁၇၀။

မကောင်း အနိမ့်အမြင့် အနက်ထူးမထင်။ ခန္ဓာမပြန်–ဟူသည်၌ကား ခန္ဓာဟူ၍ ထည်း ဆိုသည်, နိဗ္ဗာန်ဟူ၍ ထည်း အရပ်တိုက်ရိုက် ဆိုသည်ဖြစ်၍ ထိုအပ်သော အရပ်မြတ်ကို ယူသာသည်။ ရဟန်းတို့ သေလွန်သည်ကိုကား စကားထူးမဖက်၊ ပြန်သည်သာ ဆိုခဲ့သောကြောင့် သာမညအားဖြင့် ဖောက်ပြန်ခြင်း အနက်မျှသာ ရကောင်းခဲ့သည်။ "ဘိုးတော်ဘုန်းဂုန်၊ နတ်ပြည်ပြန်သော်"....ဟူ၍ ဆိုသောအရာ၌ ကား–"ဘိုးတော်သည် နတ်ပြည်မှလူ့ပြည်သို့ဖြစ်ထ၍၊ တဖန်ပျော်စံခြင်း နတ်ပြည်သို့ ပြန်ထည်သည်" ဟူသောအနက်ကို ယူသာသကဲ့သို့လည်း မယူသာဖြစ်ခဲ့၍ နောက် အယူကို အထူးနှစ်သက်ပေသည်။

ဝိသဇ္ဇနီသံကား....'ပြန်းမျှသည်'ဟူ၍ အလွတ်ပြောဆိုသော အရာသာထင်၏။ အမြစ်သံကား...."သမ္ဘာမပြန်၊ လူအဝှန်အား။ ။ကုသိုလ်မပြန်၊ မှိတ်ထုတ်ကြွန်ခဲ့၊ တောင်ညွန်ကုန်းထက်" [၁] စသည်ဖြင့် 'ခွဲပြန်သည်'ဆိုသောအရာ၌ထင်၏။

ပွန်–ပွန်း

၂၈၉–ပဗျည်း ဝဆွဲး န–သတ်,ဝိသဇ္ဇနီသံတို့၌ ဝေါဟာရကို ပြခြင်း

ဝဆွဲး န–သတ်ကား....

"လိမ္မာမပွန်၊ အရွယ်လွန်သော်၊ ရွှေဟန်ဆင်းရောင်"
"ချိုင်းထက်ပုဇွန်၊ လိမ္မာပွန်ထို့၊ ချစ်ဟန်လှည့်ဖြား" [၂]
"ပဋိဘာန်ဖြင့်၊ တတ်ပွန်ပရိယာယ်" [၃]
"ယုံမှားမှောက်လှန်၊ ကျေပွန်ဖြေတင်" [၄]

စသည်ဖြင့် လူမှုပွန်းဆည်ဆိုသောအရာ၌ ထင်၏။

---

၁ ကိုး * ၄၁၊ 'စီးဖြန်း ဘာဝနာ၊ များစွာမပြန်၊ မှိတ်တုတ်ကြွန်ခဲ့။'
၂ ပုံတောင် * ၄၁။
၃ ဘူထင် * ၁၂၁။
၄ ဘူပေါင်း * ၅၀၊'ကျေပွန်ချေတင်'

ထို၌ ဝိသဇ္ဇနိသံကား....

"အဆွေခင်ပွန်း၊ ခေါ်မေးမြန်းသည်၊ ရံဝန်းသဘင် ပွဲထယ်တည်း" ၁
"ဖျက်ဆီးခင်ပွန်း၊ အကျင့်ဆန်းသား၊ သလွန်းတန္တ"
"အဆွေခင်ပွန်း၊ မှန်းသသူအား"

စသည်ဖြင့် 'မိတ်ခင်ပွန်း'ဆိုသောအရာ၌ ထင်၏။ ။တယော်ကင်ပွန်း၊ သူယော်တို့ကို ကင်ပွန်းပေးသည်၊ ပွန်းတီးသည်-ဆိုသောအရာ၌လည်း နှ-သတ်ဂင်း ဖြစ်၏။

ပြွံ-ပြွန်-ပြွမ်း

၂၉၀-ပဗျည်း အရစ် ဝဆွဲး သေးသေးတင် နှ-သတ်, မ-သတ်၌ ဝေါဟာရကိုပြခြင်း

ရစ်ထျက်ဝဆွဲး သေးသေးတင်ကား ...

"မခြားရောပြွံ၊ ညီတော်ထံဝယ်၊ စံစံပပ" ၃
"စကားထွက်သံ၊ ရောမပြွံသည်၊ ရှက်ရွံ့ဆုတ်ဆိုင်းဆုတ်ဆိုင်းတည်း" ၄
"သာထျောက်ချစ်ပြွံ၊ ကျွန်ုပ်ကြီ၏၊ တဆံရှိမျှ" ၅
"ကိုးမည်ရည်လျှံ၊ စီနှစ်ပြွံသား၊ သူဇံဒေဝတ်" ၆

စသည်ဖြင့် 'ရောပြွံသည်'ဆိုသောအရာ၌ထင်၏။

ထို၌ မ-သတ်ကား....

"မရောမပြွမ်း၊ သူတော်တမ်းဖြင့်၊ စုံစမ်းဆင်ခြင်"
"လာကြပြွမ်းပြွမ်း၊ ချစ်ရိပ်မှန်းထျက်၊ သခံမ်း၌တွင်"
တစုတပြွမ်း၊ မေထွာမှမ်းထျက်၊ ပွဲးလမ်းဖွဲ့ဌာ"

စသည်ဖြင့် 'ရောပြွမ်းသည်'ဆိုသောအရာ ထင်၏။

---

၁ ကိုး * ၂၄၀။
၂ ဘူပေါင်း * ၆၀။
၃ သံ * ၁၈၃။
၄ သံ * ၁၀၂။
၅ မင်းရာ၊ သံပေါက် * ၂၉။
၆ ထန်ရ * ၆။
၇ ကိုး * ၂၀၉၊ 'များမပြွံသည်။'

ထို၌ နာ-သတ်ကား....

"သည်မှာအပ္ပြန်၊ ပြဃားမွန်ဖြင့်၊ အလွန်တရာ" ၁
"တရှိရိဝ်ဟန်၊ မြရည်ပ္ပြန်မှ၊ ပျံလွန်တက်လေ" ၂
"ထွေးအင်မကျန်၊ ကိုးပါးပ္ပြန်ထျက်၊ကောင်းမွန်ဖြောင့်သား"

စသည်ဖြင့် 'စိနစ်ပ္ပြန်' သည်၊ 'ရေပ္ပြန်' ဆိုသောအရာ၌ ထင်၏။ ။[ထို၌ ဝိသဇ္ဇနီသံကား မထင်။]

ဤ၌ ပအက္ခရာ ဝဆွဲး နာ-သတ်အသံ (ပ္ပန်)၊ ထို၌ ဝိသဇ္ဇနီအသံ (ပ္ပန်း)၊ ပအက္ခရာ ဝဆွဲးအရစ်ထွင် သေးသေးတင်အသံ (ပ္ပြ်)၊ ထို၌ နာ-သတ်အသံ (ပ္ပြန်)၊ မ-သတ်အသံ (ပ္ပြမ်း)။ ဤအသံငါးရပ်တွင် 'ပ္ပြ်' သည် ဟူသော ရစ်ထျက် ဝဆွဲးသေးသေးတင်အသံနှင့် 'ပ္ပြမ်း' ဟူသော မ-သတ်အသံသည် 'ရောပ္ပြမ်းခြင်း' အနက်အားဖြင့် တူ၏။ 'ပ္ပြန်' ဟူသော ဝဆွဲးနာ-သတ်ကား ရေပ္ပြန်၊ စိနစ်ပ္ပြန်သည်၊ ပ္ပြန်ထွက်သည်-ဟူသော အနက်ဖြစ်သင့်၏။ ထူမူပ္ပန်သည်ဟူသကဲ့သို့ နာ-သတ်အသံကား "လေ့ထာကျင်ထျဉ်သည်" ဟူသော အနက်ဖြစ်သင့်၏။ 'ပ္ပြန်းတီးသည်' ဟူသကဲ့သို့ ဝိသဇ္ဇနီသံကား ကြွေပွဲသည်,ကျေပျောက်သည်-ဟူသောအနက်ရင်းတွင် မထင်သာသော စိတ်အာရုံတို့၌သော်ထည်း 'ပ္ပန်းတီးသည်' ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ဤသို့ အကြောင်းကျွးဟန်ထူးဟန်ကို နှလုံးသွင်းရာ၏။

ဖန်–ဖန်း–ဖန့်–ဖမ်း

၂၉၁-ဖဗျည်း သက်သက် နာ-သတ်, မ-သတ် အပြစ်သံ ဝိသဇ္ဇနီသံ၌ ဝေါဟာရကို ပြခြင်း

[ဖ အက္ခရာ သက်သက်၌ သေးသေးတင်ကား မထင်]။ ။နာ-သတ်ကား....

"ကျံနစ်ကြေမ်ဖန်၊ ထူမသန်ကို၊ ဆဒ္ဒန်အားပြိုင်" ၃
"ကြောင်းလျာတဖန်၊ ယျောက်တုံပြန်အံ့၊ ကျော်ဝှန်တေဇ"
"နောက်ထည်းတဖန်၊ မထာပြန်ဝဲး"

---

၁ ထန်ရ * ၃၆။ ရည်ပ္ပြန်မှ၊ပျံကွန်ထက်လေ။'
၂ ဇေး * ၆၆ (၂)၊ 'ထရှိရှိဝ်ဟန်၊မြ ၃ ကိုး * ၂၅၇။

"မကြီးလုံးဖန်၊ မမွန်ရသာ" ၁
"ကြီးတိလုံးဖန်၊ ကြိုးလွန်ရှစ်ရှား"
"စသည်မကျန်၊ အိပ်ဖန်တွင်းပြင်" ၂
"တန်းခိုးပြင်းဝှန်၊ ပြဟ္မာဖန်သည်၊ မှန်တုံသော်လည်း"
"မြန်ဆိပ်ချီမွန်၊ ချဉ်စပ်ဝန်နှင့်၊ အဖန်အခါး" ၃

စသည်ဖြင့် ကြိမ်ဖန်, တဖန်-နှစ်ဖန်, အိပ်ဖန်, အဖန်ဖန်, အလုံးအဖန်, အိပ်လှည့်အိပ်ဖန်, အစပ်အဖန်, ကျောက်မျိုးဖန် ဟူသောအရာ၌ထင်၏၊ ။ထိုတွင် ကျောက်၏ အမျိုးအမည်ကို မြဖန်ဆိုသောအရာ၌ ဖလိက သဒ္ဒါကိုခွဲ၍, လ-အက္ခရာသတ်ဝဏ္ဏ (ဖလ်) အချို ရေးကုန်သည်ကား ပါဠိ၌ မိ ထင်စေသည်ကား ဟုတ်၏။ ထူပြိန်းဖတ် ခက်သည်တကြောင်း, န-သတ် စပ်အင် ထင်ပြီးတကြောင်းဖြစ်၍, န-သတ်လည်း သင့်နိုး၏။

ထို၌ ဝိသဇ္ဇနိသံကား....

"မင်္ဂလာရွှတ်ဖြန်း၊ ရေသဖန်းထက်၊ မြောက်သွန်းကြီကြီ"
"စိတ်လက်ညွှန်လန်း၊ ရေသဖန်းကို၊ ကျယ်ဝန်းတောခြေ"
"ရွှက်စိပ်ညွှန်လန်း၊ ရေသဖန်း၌၊ လိုပန်းကြီးစွာ"

စသည်ဖြင့် သစ်ပင်၏အမည် ရေသဖန်း, ကြည်းသဖန်းဆိုသော အရာ၌ထင်၏။

ထိုနှင့် အသံတူ မ-သတ်ကား....

"မလိမ်းဖြေဖမ်း၊ လက်ပမ်းလက်ဝေ"
"ရွေးချယ်စုံစမ်း၊ ရိပ်ခြည်ဖမ်းက၊ မသမ်းမြွှဲ့" ၄
"ကန်ရေပြည့်လျှမ်း၊ ငါးတိမ္မန်းလည်း၊ မဖမ်းမထောင်" ၅

စသည်ဖြင့် 'ဖမ်းယူသည်' ဆိုသောအရာ၌ထင်၏။

န-သတ်အမြစ်သံကား....ခဝ်ဖန္ဓရှိသည်၊ ခဝ်ငန္ဓရှိသည်-စသည်ဖြင့် အောက်၌ ဆိုပြီးသည်နှင့်အညီ 'အားမကြိုးလွန်းသော' ဖန်ဝန်ခြင်းကို ဆိုသောအရာမျှသာထင်၏။

---

၁ ထောသာ * ၄၃။
၂ သံ၊ နိဂုံး * ၁။
၃ ကိုး * ၁၉၃။
၄ သံ * ၃၁။
၅ သံ * ၁၄၉။

ဖျံ-ဖြန်-ဖြန်း-ဖြန့် ဖြဲ-း

၂၉၂–ဖဗျည်း ယပင့် အရစ် သေးသေးတင် နှ–သတ်, မ–သတ်
ဝိသဇ္ဇနီ အမြစ်ရာတို့၌ ဝေါဟာရကို ပြခြင်း

ယပင့် သေးသေးတင်ကား....

"မေတ္တာဆက်ဆံ၊ မျောက်ဖျံမြေခွေး"
"ထက်ဝဲမြဲမြံ၊ မည်ရည်ခံ၊ ထက်ဖျံတလုံးချင်း"

စသည်ဖြင့် တိရစ္ဆာန်ဖျံ၊ ထက်ဖျံ-ဆိုသောအရာ၌ထင်၏။စင်အင်ကိုရှာကြီရာ၏။ ဤ၌ အမည်မျှသာဖြစ်၍,ရစ်သော်ထည်း ထျော်သည်ပင်။

ရစ်၍, နှ-သတ်ကား....

"အဟုတ်ခက်ထန်၊ အကြီလွန်ရှင့်၊ နက်ဖြန်သံဃာ"
"သားမယေးထွန်၊ နင်မေ့ကျန်မူ၊ နက်ဖြန်ပင်လုံး" ၁

စသည်ဖြင့် နွေနက်ဖြန် ဆိုသောအရာ၌ထင်၏။ ဤ၌ 'နက်ဖန်' ဟူ၍, ဖအက္ခရာသက်သက်ထည်း ဆိုမိန့်ကုန်၏။ "နက်ဖန်နက်ဖန်၊အဖန်ဖန်လျှင်" ၂ ....ဟူသော စင်အင်ကို ထောက်လျှင် နောက်၌ ဖအက္ခရာသက်သက်နှင့် စင်အင်မလွဲရာခဲ့၊နက်ဖြန်-ဆိုသည်ကို သုတိမသာယူ၍, တောင်ငူရောက် မင်းတရား ထွင်ပြင်၍, ဆိုမိန့်သည် ဟူသောစကားကို * ထောက်လျှင် ထည်း ဖသက်သက် ဆိုမိန့်ခြင်းသည် အရင်းမူလ မဟုတ်ဖြစ်ခဲ့။ ထို့ကြောင့် ဖသက်သက် လိုဟန်မထင်။ ယပင့်သော်ထည်း ဆိုရာ၏။ ရစ်သည်မှာကား အမည်မျှဖြစ်၍, သင့်နိုးအံ့သည်။

ထို၌ ဝိသဇ္ဇနီသံကား....

"ရန်နိုင်ထီးဖြန်း၊ ဝရွေနန်းထို၊ ကြင့်နန်းထွက်စံ"
"ကြည်ပွတ်ကြီဖြန်း၊ အိုးသွန်းမနား"
"ရေဖြန်းသဘင်....ခွေဖြန်းမရှင်....ထွေဆန်းတပြင်" ၃
"မြောကြောထုတ်သန်း၊ ပြတ်တနန်းတည့်၊ ဖြန်းဖြန်းသံရှင်"

---

၁ ကိုး * ၁၀။
၂ ဘူလင် * ၂၇၈။
* ထွင်းသင်းသတ်ညွှန်း။
၃ နောင် * ၅၂။

"ဆိတ်တွန်ခြည်ပန်း၊ ဆံထုံးရန်းလျက်၊ သတ်ဖြန်းရန်"[၁]
"မိုးနှင်းမဖြန်း၊ ရေမသွန်းတည့်၊ ချင့်မှန်းကမ္ဘာ"

စသည်ဖြင့် ထီးဖြန်း, ကြဲးဖြန်း, ဖျော်ဖျော်ဖြန်းဖြန်း, သတ်ဖြန်းသည်-ဆိုသောအရာတို့၌ ထင်၏။

ထိုနှင့် အသံတူ မ-သတ်ကား....

"လှစံမြိုးဖြမ်း၊ ရင်လွမ်းရဲးရဲး"
"လည်စွန်မြိုးဖြမ်း၊ရွှေတိမ္မမ်းထျက်၊ ရင်လွမ်းရစ်ပတ်"
"ဦးခက်မြိုးဖြမ်း၊ တင့်လွမ်းရင်တွ"[၄]
"တောင်ထေသုတ်ဖြမ်း၊နောင်ထူးချမ်းသည်၊မလွမ်းစရာ-လွမ်းစရာ"[၄]

စသည်ဖြင့် မြိုးဖြမ်း, ထေပြည်သုတ်ဖြမ်းသည်-ဆိုသောအရာ၌ထင်၏။ ။ထို၌ ယပင့်အချို့ရေးကုန်သည်ကား ဖတ်သံကိုလိုက်သည်သာ ဖြစ်ရာ၏။

ထိုတွင် "တောင်ထေသုတ်ဖြမ်း၊ နောင်ထူးချမ်းသည်" ဟူ၍, ထေဖြမ်းသည်ကို မ-သတ် စပ်သည်ကား ရေဖြန်း, နှင်းဖြန်း-ဟူသည်နှင့် သဘော မပြားသင့်ထေ။ ထို၌ ဖြန်း၏-ဟူသည်ကား နှုံပြားစေခြင်း အနက်ချည်းဖြစ်သင့်၏။ မိုးဖြန်း, နှင်းဖြန်း ရေဖြန်း-ဟူသည်လည်း မိုး, နှင်း, ရေတို့ဖြင့် နှုံပြားသည်ပင်။ ကြဲးဖြန်း-ဟူသည်လည်း ရေစသည်တို့ကို ကြဲးဖြန်း နှုံပြားစေသည်ပင်၊ သတ်ဖြန်း-ဟူသည်၌ တ-သတ်ရှိမူ အနှုံအဆွေမြွှမ်းမှုန်အရှိန်တို့ကို သေသပ်အောင်သတ်သောအခြင်းအရာဖြင့် 'ကြဲးဖြန်း နှုံပြားစေသည်', ပ-သတ်ရှိမူ 'သုံးသပ်ကြဲးဖြန်းသည်' ဟူ၍, ယူသင့်၏။

တီးဖြန်း၊ ကျူးဖြန်း-ဟူသည်၌လည်း တီးမှုတ်ကျူးရင့်ခြင်းဖြင့် အသံကို နှုံပြားစေသည်။ ဖျော်ဖျော်ဖြန်းဖြန်း-ဆိုသောအရာ၌လည်း အမှုအရာဆိုမိန့်သံ၊မည်မဆိတ် နှုံပြားစေသည်ပင်။ ထေဖြန်းသည်-ဟူသည်လည်း ထေသံဖြင့် နှုံပြား ကြောက်ရုံ့အောင် ခြိမ်းနှုံသည်ဂင်းဖြစ်၍, နှုံပြားစေခြင်းသဘောတူဖွယ် ရှိ၏။ ထိုသို့ဂျက်

---

၁ ထန်ရ * ၁၁။
၂ နောင်၊ ချောင်းမ မွေတော်ချီ (ပ)
၃ ရွှေစာ * ၁၄။
၄ ဝန်တောင်ထယ်တုန်းကြိုးဆို-အောင်ချာနန်းမြေ-ချီရတု (ထ)ပိုဒ်။ထက်ဝဲနော်ရထာ ရတု ၂၂။ 'မြောက်ထေသုတ်ဆန်း၊ နောင်ထူးလွန်းသည်။ မချမ်းစရာ ချမ်းစရာ။' ပထမပိုဒ်၌ 'မလွမ်းစရာ လွမ်းစရာ' ဟုချသည်။

'တောင်ထေသုတ်ဖြမ်း၊ နောင်ထူးချမ်းသည်'ဟူ၍ အောင်ချာနန်းမြေချို-ပြည်ရွှေဆံတော်တွဲ အရှင်မဟာရဋ္ဌသာရစင်သည်။ ထိုရတုကို အချိပြန်လျက် 'နန်းမြေအောင်ချာ' ဟူ၍ အဝမ္ဖြိုတောင် ရွှေစည်းခုံတွဲ့ အရှင်မဟာသီလဝံသလိုက်သည်ဟူ၍ မှာထားဆိုမိန့်ကြသည်။ နှုတ်ရည်နှုတ်သံကိုထောက်လျှင် ထိုဆရာမြတ်တို့၏ နှုတ်သံနှင့်မတူ။ ပမာဏပြုစေချင်သောကြောင့် တင်ယင်ခိုဖိုး၍ မှာထားပြောဆိုကြသည်လည်း များသောကြောင့် တမူကား ဆင်ခြင်ဖွယ်ရှိ၏။ *

ဖအက္ခရာ ရစ်လျက် နှ-သတ်အမြစ်ကား....

"အဖျားကော့တွန့်၊ ဖြန့်သော်လံတက်" ၁
"မေတ္တာသက်ဖြန့်၊ လူအဝှန့်အား၊ မဆန့်ကျင်စေ"
"စားမည်အခန့်၊ ထျော်စွာဖြန့်လျက်၊ မဆွန့်မယုတ်"
"လူတို့နာခန့်၊ ပညာဖြန့်သည်၊ နိုးနှန့်နှလုံး မပျောင်းတည်း" ၂

စသည်ဖြင့် "ဝေဖြန့်သည်,ဖြန့်ချိသည်" ဆိုသောအရာ၌ ထင်၏။ ဤ၌ ပြန့်စေသည်ကို ဖြန့်သည်- ဟူသောအနက် ဖြစ်ဆင့်သောကြောင့် "ပြန့်၏" ဟူသည်ကား အထိအထျောက် သယံဇာတ ပြန့်နှံခြင်း။ "ဖြန့်၏" ဟူသည်ကား ပြန့်စေအင်သော ဝတ္ထုကို ဖြန့်စေခြင်းဟူသော ကာရိုက်အနက်တည်း။

မံ-မုန်—မာန်—မန်း—မုံ၊မြို—မြန်—မြန်း—မြမ်

၂၉၃-မဗျည်း သေးသေးတင် နှ-သတ်, မ-သတ်, ဝိသင်္ဂနီ အမြစ်တို့၌ ဝေါဟာရကို ပြခြင်း

မအက္ခရာ'သေးသေးတင်ကား....

"ဆင့်ထောင်းချောမံ၊ ရွှေတိုက်ဘို့၊ နက်တံလေးကုံ" ၁

---

* ထက်ဝဲနှေ်ရထာ ရတုပေါင်းချုပ်၊ ထက်ရေးမူ ၁၃-တွင်'နန်းမြေအောင်ချာ'ချီ-ရတုကိုရှင်ရဋ္ဌသာရဆိုးယင်း ၂၂-တွင် 'အောင်ချာနန်းမြေ' ချီ-ရတုကို ဝန်ထောင်ထယ် ဘုန်းထော်ကြီးဆိုဟုတွေ့ရသည်။နန်းမြေအောင်ချာ (ထ) ဝိုဒ်တွင် 'မြောက်လေသုတ်သွမ်း၊ နောင်ထူး လွှမ်းသည်'ဟု ရှိသည်။ အောင်ချာ နန်းမြေချို (ထ) ဝိုဒ်တွင် 'မြောက်လေ သုတ်ဆမ်း၊ နောင်ထူးလွှမ်းသည်' ဟု ရှိသည်။

၁ ဘူပေါင်း * ၃၁။
၂ ကိုး၊ နိဂုံး * ၈
၃ ကိုး * ၂၃၅။

"ရောင်ဖြူချောမံ၊ ပြင်နံရံဝယ်၊ မလျှံမပျစ်" ၁
"တထောင်သည်ရံ၊ ရွှေတိမံထွက်၊ မိဿံမောင်းမ"
"နှစ်ဖက်တောင်ပံ၊ ရွှေရည်မံ၍့၊ လက်တံညွှတ်မျှ" ၂
"မျက်နှစ်စိမံ၊ ဖိတ်ဖိတ်လျှံမျှ၊ သာစံလွှတ်နိုင်"
"ရစ်ထပ်ရွှင်စံ၊ ယမံဆံစည်း။ ။ရွှင်ဝမ်းသာစံ၊ ကုက်မံသား"

စသည်ဖြင့် မွှမ်းမံ,စိမံ, ဆံယမံ,ခါသာကမံ, ကုက်မံ-ဆိုသောအရာတို့၌ထင်၏။ထိုတွင် ကုက်မံ-ဟူသည်၌ ကုက်မံဟူသောပါဠိမှ ထင်သောကြောင့် မာဂဓဘာသာ မူလဖြစ်၏။

ထို့နှင့်အသံတူ န-သတ်ကား....

"ယမန် ယမန်၊ နေ့တိုင်းလွန်၍့၊ နက်ဖြန်နက်ဖြန်" ၃
"စေခြင်းတမန်၊ အဖန်ဖန်လျှင်၊ တသန္ဓေ"
"ဝမ်း၏တမန်၊ ပုဏ္ဏားကျွန်တို့၊ တိရစ္ဆာန်ဝိုးမှား"
"မင်းစေတမန်၊ လူ့သဏ္ဌာန်ဖြင့်၊ ရံဖန်ငါ့တွင်"
"ရတနာတံခွန်၊ လက်ရုံးအန်ဖြင့်၊ ရံမာန်တျင်းတျင်း"
"မြတ်နိုးအကျွန်၊ ပန်းနှယ်ပန်သည်၊ မင်းမာန်ညံ့ညံ့ ပျောင်းပျောင်းတည်း"
"ကျောင်းကြီးဗိမာန်၊ ဇေတဝန်၌၊ မြတ်မွှန်နေတော်" ၅
"မျက်မှောက်ဝတ္ထမာန်၊ ပစ္စုပ္ပန်နှင့်၊ တမလွန်ချမ်းသာ" ၆

စသည်ဖြင့် ကာလယမန်, တမန်, ရန်မာန်,စောင်းမာန်, ဗိမာန်, ဝတ္ထမာန်-ဆိုသော အရာတို့၌ ထင်၏။ ။ထိုတွင် **'ယမန်'**ဟူသည်ကား လွန်ပြီး တိတ်ပြီး အတိတ်ကာလကို ဆိုသော ဝေါဟာရဖြစ်၏။ **'ရန်မာန်,စောင်းမာန်'** ဟူသည်ကား မာန-ဟူသောပါဠိ, **'ဗိမာန်'**ဟူသည်ကား ဝိမာန-ဟူသောပါဠိ၊ **'ဝတ္ထမာန်'**ဟူသည်ကား ဝတ္ထုမာန-ဟူသောပါဠိတို့ကို စွဲးမြဲသောဝေါဟာရဖြစ်၍့ မာဂဓဘာသာမူလဖြစ်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"မော်မိမော်မန်း၊ နှလုံးဆန်းဖြင့်၊ သူကာန်းအလား" ၇

---

၁ ကိုး * ၂၀၂။
၂ ထန်ရ * ၉။
၃ ဘူဃင် * ၂၇၀။
၄ ကိုး * ၃၉။
၅ ကိုး * ၁။
၆ ထန်ရ * ၂ (၃)။
၇ ဘူဝေါင်း * ၅၉။

"ကြီကြီရွတ်မန်း၊ ကျမ်းဂန်မှန်း၍၊ ဂဏန်းဟူးရား"
စသည်ဖြင့် မော်မိမော်မန်း, မှတ်မန်းသည်,မန်းအနာ, မန်းစွဲးသည်, စကောမန်း-
ဆိုသောအရာတို့၌ ထင်၏။

သေးသေးတင်အမြစ်ကား...."ကြာတင်ဖွယ်စုံ၊ ရောက်တုံမှဲ ဟု၊ ဆွတ်ပျံမယိမ်း"
စသည်ဖြင့် ကြားတုံမှဲ, ရောက်တုံမှဲ, သိတုံမှဲ ဆိုမိန့်သော အရာတို့၌ ထင်၏။

ရစ်ဝျက် သေးသေးတင်ကား...."အမြဲးအမြီ၊ အကြီအစည်။ ။မြဲးမြဲးမြီမြီ၊ ဤ
အကြီကို၊ ကုံထံ၀ါဘို့ လွှဲးလေကုန်" [၁] စသည်ဖြင့် မြမြီသည်ဆိုသောအရာ၌ထင်၏။

ထိုနှင့်အသံတူ နှ-သတ်ကား....

"ပညာထက်မြန်၊ တတ်ပွန်စကား"
"နွားထားတတွန်၊ ထျင်သန်မြန်ထျက်၊ တိုင်မှန်သံတောင်" [၂]

စသည်ဖြင့် ထျင်မြန်သည်ဆိုသောအရာ၌ထင်၏။ ။မြမွာ-ဟူသော၀ေါဟာရသည်
လည်း မြန်သည်, မာသည်-ဟူသောအကြောင်းဂုဏ်ကိုစွဲး၍ "မြန်မာ" ဟူသော ဆို
မိန့်ခြင်းဖြစ်၏၊ ဟူသော စကားဟောင်းကို ထောက်ထျင် နှ-သတ် ရေးသင့်သည်ဖြစ်
၏။ အချို့ကား [မြမွာမနုဿာ ၀ေါဟရန္တိ၊ မြမွဝိသယေ ဌာနေ] စသည်ဖြင့် ထဏ္ဍာ
ကို ကျောက်စာတွင် မဆင့်ထျက် ရေးသည်ကို လိုက်၍ "မြမွာ" ဟု မအက္ခရာဆင့်
ထျက် ရေးကုန်၏။ သဘောကိုထောက်သော် စွဲးရင်းမူလအတိုင်း နှ-သတ်သည်မှာ
သင့်ဘိမည်။ ကျောက်စာမှာ ဆင့်၍ ရေးသည်ကား မာဂဓရေးရိုးမှာ တံခွန်ပြလိုသည့် အတွက်ကို နောက်ဗျည်း၌ သံယုတ်ဖြစ်စေသည်မျှားသည်၊ "ကုသန်နာမဿ" ဟူ၍၊ နှ-သတ်မရေးမူ၍,တံခွန်ကျေစေထျက် "ကုသန္နာမဿ" ဟူ၍၊ နဗျည်းသံယုတ်ပြုလေသည်။ဤနှင့်တူစွာနဗျည်း၌တံခွန်အရေးကျေပျောက်စေ၍၊ နောက်မအက္ခရာဝယ် ဆင့်သင့်ထျက် နှ နှင့် မ ဝဂ်ကွဲး၍၊ နှ-ကို မ-ပြု၍၊ ကဝ်လေ ဆင့်လေ၍၊ မြမွ-ရှိလေသည်။ ဤသို့ရှုဝ်ပြီး သင့်သည်နှင့် မာဂဓရေးရိုးမှန်အောင် ကြီဆောင်သော အရာဖြစ်လေသည်။ ထိုကိုလိုက်ခင်းမရှိ၊ပကတိမူလ နှ-သတ်သဘောရင်းကို နှင်းမိအောင် ရေးသည်မှာ သင့်မြတ်သည်။

ထို၌ ဝိသဇ္ဇနီသံကား....

"ကြောင်းထျားမေးမြန်း၊ ဂါထာညွှန်းသည်၊ သာဓန်းရောက်လထျင်
ပြီးတည်း" [၃]

---

၁ ဘူထင * ၅၀။ ၃ ဘူ ပေါင်း * ၆၉။
၂ ကိုး * ၉၂။

"လွမ်းရိညိုးမြန်း၊ စစ်တဲးခန်းဝယ်၊ လွမ်းပန်းတယူ" ၁
"ဘိသိက်မြောက်သွန်း၊ ဖရာမြန်းမှ" ၂
"စားတော်ကွမ်းပန်း၊ မခေါ်လွန်းတည့်၊ နိမြန်းသန္တာ"

"စသည်ဖြင့် မေးမြန်းသည်,ညိုးမြန်းသည်,သိမ်းမြန်း,နိမြန်းသည်,သူစိမ်းမြန်း-ဆိုသော အရာတို့၌ထင်၏။

မွန်–မွန်း၊ မှန်–မှန်း၊ မ္ဘန်–မ္ဘန်း

၂၉၄–မဗျည်း ဝဆွဲး ဟဆွဲး နှ-သတ် ဝိသဒ္ဒနိဒ္ဒေ
ဝေါဟာရကို ပြခြင်း

ဝဆွဲး နှ-သတ်ကား....

"ရဟန္တာမွန်၊ ဖြစ်ဆုံးစွန်သို့၊ အမှန်တိုင်မြောက်"
"တရားကောင်းမွန်၊ တို့နှင့်တန်သား၊ ကျမ်းဂန်ပေစာ"
"ရှေးဦးထက်မွန်၊ စိရင်ဟန်ကား၊ ထေသွန် ပျော်ခန်း"
"ရှမ်းကျေးတသွန်၊ နောင်မွန်အုန်းအောင်း" ၃
"ကြောင်းလျားပြည်သွန်၊ ကမ္ဘည်းကန်သည်၊ မွန်တို့ပြည်ဝယ်၊ ဖြစ်သည် တည့်လေ မောင်စောတို့"

စသည်ဖြင့် ကောင်းမွန်သည်, ထက်ဦးထက်မွန်, တထိုင်းတို့ကို မွန်-ဟူ၍, ဆိုမိန့် သောအရာတို့၌ ထင်၏။

ထို၌ ဝိသဒ္ဒနိဿံကား....

"အသက်ရေမွန်း၊ မြို့ထုံးခန်း၍၊ ပြည်ယွန်းသနင်း"
"အထယ်ဗိသန်း၊ ငြိအောင်တန်း၍၊ နစ်မွန်းတတ်ဘိ" ၄
"ရေဝယ်နစ်မွန်း၊ ရက်ရက်ကန်းဖြန်း၊ ထွန်းဝါးထွဝ်ထွဝ်"

စသည်ဖြင့် နစ်မွန်း ဆိုသောအရာတို့၌ထင်၏။

ဟဆွဲး နှ-သတ်ကား....

"ဤသို့ ဟုတ်မှန်၊ တို့ဆိုဟန်ကို၊ သားမွန်သင်္ခ"

---

၁ ဒေး * ၁၇၅ (ခု)။
၂ ဘူပေါင်း * ၂၊'လွမ်းပန်းပျံကြူး။'
၃ ခင်ထွေး * ၄၂၊ 'ဆေးရုန် ကဲလျင်၊ ရေလွဲထသွန်၊နောင်မွန်အုန်းဘောင်။'
၄ ကိုး * ၀၃။

"အလားမမှန်၊ ဖောက်ပြန်တတ်မော"
"မမှေ့မကျန်၊ ပန်းမှန်သစ်သီး"

စသည်ဖြင့် ဟုတ်မှန်သည့်, ပန်းမှန်-ဆိုသော အရာတို့၌ ထင်၏။ ဖန်မှန်-ဟူသော ကျောက်မျိုး၏အမည်လည်း နာမ-သတ်၎င်းဖြစ်၏။ ထိုမှန်ကျောက်ဟူသော ဆိုမိန့်ခြင်းကား ရှေးထင်ရှားဟန်မရှိ။ ဖန်-ဟူသောကျောက်မျိုးကား သယံဇာတလည်းရှိရာ၏၊ ပြုခြင်းသည်လည်းဖြစ်ရာ၏။ထိုထွင် သယံဇာတမှန်သည်ကို ဖန် မဆို၊မှန်-ဆိုလေသည့် လက္ခဏာရှိ၏။ ။သဘောအားဖြင့်ကား ဖန်-ဟူသော အမည်သာ ထင်ရှားဟောင်း။ ထိုထွင် သယံဇာတမှန်သည်ကို ဖန်စစ်၊ မမှန်သည်ကို ဖန်တု-ဤသို့သာ ဆိုမိန့်ရင်းကဲ့သို့ရှိ၏။ မာဂဓ၌ ဖန်ဟော ဖလိက-ဟုထင်၏။ ပျိုလက်ာ စာဟောင်းတို့၌လည်း ဖန်-ဟူသော ဆိုမိန့်ခြင်းသာ ထင်သည်။ မှန်-ဟူသော ဆိုမိန့်ခြင်းမထင်။ ဖန်၏ အဆင်းနှင့် သန့်ဩက်အဆင်း သဒိသဖြစ်ဟန် စာပေထင်သောကြောင့် ဖြူသော လက္ခဏာရှိ၍ မှန်-ဟူသော ယခု အသုံးအဆောင် ဖြစ်ဖွယ်ပင်၊ ထိုထွင် မစစ်သာ ပြားရာသည်ဖြစ်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"ခေါ်ညီမည်မှန်း၊ ပြည်ကြွင်္ဂန်း၌" [1]
"ထွင်ထမည်မှန်း၊ သောင်းတိုက်ခန်းဝယ်"
မြတ်နိုးရဟန်း၊ ပြုလိမ့်မှန်းကို၊ စွန်းစွန်းမသိ" [2]

စသည်ဖြင့် အမည်မှန်းသည်, ခေါင်တွင်မှန်းသည်, ထိမ်းမှန်းသည့်, မည်မှန်းမည်ရာ-ဟူ၍ ဆိုမိန့်သောအရာတို့၌ထင်၏။ ထို၌ မှန်း၏-ဟူသော ဆိုမိန့်ခြင်းကား 'နှလုံးဖြင့် တပ်မှတ်သောအနက်' ဖြစ်သင့်၏။ ထိုနှင့်ထျော်စွာအမည်မှတ်သည်၊ ထွင်မှတ်သည်၊ ထိမ်းမှတ်ထည်-ဟူသော သဘော အရယူသင့်သည် ဖြစ်၏။

ဝဆွဲး ဟဆွဲး နာမ-သတ်ကား...."ချောင်းချောင်းမှန်သည်၊ ဆိပ်ဝှန်တော့" အစရှိသည်ဖြင့် ချောင်းချောင်းမှန်သည်, အမှန်ဖြစ်သည့်,ချောင်းမြစ်အမှန်-ဆိုသောအရာတို့၌ ထင်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"သတင်းပျံမှန်း၊ သောင်းတိုက်ခန်းဝယ်၊ မော်ကွန်းသက်သေ" [3]

---

၁ ကိုး * ၁၁။ ၃ မင်းမယ် * ၄၆။
၂ ဘူထင် * ၄၁၃။

"ရွှတ်ရွှတ်ငင်ထွန်း၊ မွန်းဘိရကား" [၁]
"ဆူလိုက်ဘနန်း၊ ကြားမွန်းရှိန်ပြင်း" [၂]
"လျှပ်လျှပ်နှတ်ခွန်း၊ ခြိမ်းတည်းမွန်းက၊ မွန်းသည်အတူ"

စသည်ဖြင့် ပျံမွန်း,ရိုက်မွန်း,နှစ်သည်-မွန်းသည်-ဆိုသောအရာတို့၌ထင်၏။ ထိုတွင် ပျံမွန်း၊ ရိုက်မွန်း-ဆိုမိန့်သော ဝိသဇ္ဇနီသံသည် ယခင် ချောင်းချောင်းမွန်သည်-ဟူသော အသံနှင့် သဘောတူသင့်၏။ နှစ်သည်, မွန်းသည်-ဟူသော ဆိုမိန့်ခြင်းကား နစ်စေသည်ကို နှစ်သည်၊ မွန်းစေသည်ကို မွန်းသည်ဟူသော ဆိုမိန့်ခြင်း ဖြစ်၍ "နစ်မွန်း" သည် ဆိုမိန့်ခြင်းကား သယံဇာတ သုဒ္ဓအသံ၊ "နှစ်မွန်း" သည် ဆိုမိန့်ခြင်းကား ကာရိုက်အသံယူသင့်၏။

ပ-ဖ-မ-အက္ခရာတို့၌ သေးသေးထင် န-သတ်တို့ကား, မ-သတ်ဖြိုးဖြိုး။

ယံ—ယာမ်—ယာန်—ယမ်း—ယွံ—ယွန့်

၂၉၅-ယဗျည်း သက်သက် ဝဆွဲး သေးသေးတင် န-သတ်,မ-သတ် အမြစ် ဝိသဇ္ဇနီတို့၌ ဝေါဟာရကို ပြခြင်း

"ယ-အက္ခရာ သေးသေးတင်ကား....

"ကိုက်ခဲးယားယံ၊ ဤသူခံရှင့်၊ ဆက်ဆံမရ" [၃]
"ပစ္စည်းပယံ၊ အစံအပ။ [၄]။နော်မာမြစ်ယံ၊ မိုးပျံဇာဋ္ဌိ"
"ဆိတ်ဆိတ်ညည်ညံ၊ဆည်းကြီကြီသည်၊ ညဉ့်ယံသန်းကောင်အခါတည်း"
"တောင်ပုံမိုးယံ၊ ကျောက်သံပတ္တမြား"
"ရွှေတောင်မင်းဝံ၊ မနောခံရှင့်၊ သယံကြထွေ" [၅]

စသည်ဖြင့် ယားယံသည်, ပစ္စည်းပယံ, မြစ်ယံ, ကမ်းယံ, တောင်ယံ,မိုးယံ, ညဉ့်ဦးယံ, သန်းကောင်ယံ, သယံကြသည်-ဆိုမိန့်သောအရာတို့၌ ထင်၏။

ထိုတွင် ယားယံ,ပစ္စည်းပယံ-ဟူသည်တို့၌ ယားသည်-ဟူသော ဆိုမိန့်ခြင်း၊ ပစ္စည်းဟူသော ဆိုမိန့်ခြင်းမူထဖြစ်၍, ယံ-ဟူသော စကား ပယံ-ဟူသော စကားတို့ကား

---

၁ ဘူဝေါင်း * ၂၂။
၂ ကိုး * ၃၃။
၃ ဘူဝေါင်း * ၁၉။
၄ ကိုး * ၂၄၀။
၅ မင်းဒိဝ် * ၁၄၊ 'သံယံကျထွေ၊'

ပြေပြစ်ရုံမျှ ဖက်ဆိုသော အရာသာ ဖြစ်သင့်၏။ ။မြစ်ယံ၊ ချောင်းယံ၊ တောင်ယံ၊ ကမ်းယံ-ဟူသည်တို့၌ကား-မြစ်, ချောင်း, တောင်, ကမ်းတို့၏ နံပါးဆိုလိုသောအရာသာ ဖြစ်၏။ ။မိုးယံ, ကောင်းကင်ယံ-ဟူသည်တို့ကား ယှဉ်ဖက်ကာမျှသာလည်း ယူသင့်၏။ မြင့်မားခြင်း ထင်စေလိုသော ဆိုမိန့်ခြင်းလည်းယူသင့်၏။ ။ညှဉ်ဦးယံ၊ သန်းကောင်ယံ ဆိုမိန့်ခြင်းကား ကေယာမ, ဒွိယာမ-စသောပါဠိနှင့် အညီ ယ-ကို ချထွက် မ-သတ်၍ အချို့ရေးကုန်၏။ လူပြိန်း ဖတ်ခက်အံ့တကြောင်း, သေးသေးတင်စပ်အင်ရှိပြီး တကြောင်းဖြစ်၍, သေးသေးတင်လည်း သင့်မည်ပင်။

ယ အက္ခရာ ဝဆွဲး သေးသေးတင်ကား.... "အကျိုးမနံ၊ ပဲနှယ်ယွဲ့သည်၊ ဝေးလံယခုထက်တိုင်တည်း" [၁] စသည်ဖြင့် ယိမ်းယွဲ့သည်၊ ခြေချင်းထက်ကောက် ဒိန်ယွဲ့သည်-ဆိုသော အရာ၌ထင်၏။ ထိုယွဲ့သည်-ဟူသော ဆိုခြင်းကား ယိမ်းယိုင်သည်, ယွင်းသည်, ယွန်းသည်-ယုံယွဲ့သည်-ဟူသော သဘောထျော်သည်ချည်းဖြစ်၏။

ဝဆွဲး န-သတ် ဝိသဇ္ဇနီသံကား....

"ရွှေယွန်းအောင်မြေ....နေဝန်းခေါင်ဗွေ"
"မိုးနှားမိုးဝန်း၊ ယွန်းယိုးဒယား"
"ကဝ်လာရွှေနန်း၊ ဖမွေမြန်းက၊ ရှမ်းယွန်းရိုင်းစိုင်း"
"မဖြောင့်မတန်း၊ ကောက်ယွန်း မကြီ" [၂]
"တရားထီးဝန်း၊ ရောင်ဖြူထွန်းလျက်၊ မယွန်းမထောင့်" [၃]
"ညှိစင်ရည်စွန်း၊ ထာမှယွန်းခဲ့၊ ဆင်ဆန်းထွေချိပ်" [၄]

စသည်ဖြင့် ရှမ်းယွန်းဆိုသောအရာ, ယိမ်းယွန်းဆိုသောအရာတို့၌ထင်၏။

ယ သက်သက် မ-သတ်ကား....

"သူ့အား ခယမ်း၊ * အမှုထမ်းဟု၊ ဝေဠုမ်းဝိုင်းခြား"
"စစ်မြေမှုထမ်း၊ ခယမ်းသူမှာ" [၅]
"ဖက်ဖက်ယမ်းယမ်း၊ ထိပ်ထက်နမ်းလျက်၊ တဝမ်းမပြား"

---

၁ သံ * ၁၆။ 'ဝေးလံယခုထက် တိုက်ထည်း။
၂ ကိုး * ၁၆၆။
၃ ကိုး * ၃၉။
၄ နောင်၊ ဘဝဂံထုံးလျှင်ချီ (ပ)။
* ရကောက် ဝိုင်း၌ လည်း ခရမ်းဟု မြဿည်။
၅ ကိုး * ၉၃။

"မယ်သာယောင်ယမ်း၊ ဖက်၍နမ်းလည်း၊ အလွမ်းမပြေ"
"မျှော့နှယ်သွေးစမ်း၊ တဖျင်ယမ်းလျှင်၊ ဝမ်းနှံ့တမန်"

စသည်ဖြင့် ခယမ်းသည်, ဖက်ယံမ်းသည်, ယောင်ယမ်းသည်-ဆိုသော အရာတို့၌ ထင်၏။ ။တဖျင်ယမ်း-ဟူသည်၌ ယ-အက္ခရာနှင့် ရှိမူ 'ယောင်ယမ်းသည်' ဟူသော အနက်၊ ရ-အက္ခရာနှင့်ရှိမူ 'ရမ်းဆသည်၊ရမ်းရော်သည်' ဟူသောအနက် ယူသင့်၏။

ယအက္ခရာ၌ သက်သက် သေးသေးတင် လည်းကောင်း, ထိုတွင် ဝဆွဲးလည်း ကောင်း, ဝဆွဲး န-သတ်လည်းကောင်း, သက်သက်တွင် မ-သတ်လည်းကောင်း, ဤသည်များသာ ဝေါဟာရ ထင်၏။ ဥယာန်, ဆင်ယာန်, မြင်းယာန်-ဟူသည်တို့ကို န-သတ်ရေးတတ်ကုန်သည်ကား၊ ဥယာနသဒ္ဒါ,ယာနသဒ္ဒါ-မာဂဓရှိသည်ကို ဗြိသော ကြောင့် မာဂဓဘာသာမူလဖြစ်၏။

ရံ-ရံ့-ရန်-ရန်း-ရမ်း

၂၉၆-ရဗျည်းသက်သက် သေးသေးတင် န-သတ်,မ-သတ် အမြစ် ဝိသဒ္ဒနိသံတို့၌ ဝေါဟာရကို ပြခြင်း

ရအက္ခရာသေးသေးတင်ကား.....

"သုံးဆောင်တရံ၊ သူမဆံသား၊ ကျောက်သံဝတ္ထုမြား"
"တခါတရံ၊ ကျွန်ဝ်ထံဝယ်၊ ဆွမ်းခံကြည့်လင်" [၂]
"တထောင်သည်ရံ၊ ငွေတိမံလျက်၊ မိဿံမောင်းမ" [၃]
"ရောင်ဖြူချောမံ၊ ပြင်နံရံဝယ်၊ မလျှံမဖျစ်" [၄]
"လှည်းချနှင်းခွံ၊ ကျူးထရံသို့၊ အကံဘာတာ" [၅]
"ရွှေပျားမစံ၊ ပုစွန်ခွံသို့၊ အရံအကာ"
"မူးဝမြစ်ယံ၊ သောက်ထင်းစံသည်၊ခြွေရံဝန်းဝန်းလျှားလျှားတည်း" [၇]
"တောင်ထွဉနစ်ခြီ၊ မြင့်မိုရ်ရံသို့၊ ငါ့ထံဝန်းပတ်" [၈]

စသည်ဖြင့် တကြိမ်ဘရံ,သည်ရံ,ထရံ,အာဘာအရံ,ခြွေရံ,ဝန်းရံသည်-ဆိုသောအရာ တို့၌ ထင်၏။

---

၁ ဘူပေါင်း * ၆၃။
၂ ကိုး * ၂၀။
၃ ကိုး * ၂၀၂။
၄ ဘူပေါင်း * ၉၀။
၅ ပုံထောင် * ၂၀။
၆ သံ * ၇၇။

ထိုတွင် သည်ရံ၊ နံရံ၊ အကာအရံ၊ ခြွေရံ-ဟူသော ဝေါဟာရသည် 'ဝန်းရံသည်' ဟူသော အနက်ချည်းတည်း။ ။တခါတရံ၊ အကာထရံ-ဟူသော ဝေါဟာရတို့ကား ခေါ်ဝေါ်ကာမျှသာတည်း။

ထိုနှင့်အသံတူ န-သတ်ကား....

"တွေ့ခြေးဘေးရန်၊ ဖြစ်လေတန်ဟု၊ ဘုန်းဝန်မယ်တော်"
"မင်းဘို့မင်းရန်၊ မင်းနှင့်တန်ဟု၊ မင်းမွန်မင်းကောင်း" ၁
"တည်ကြားနေဟန်၊ ထားသင့်ရန်သည်၊ ရောင်ဝန် ပြောင်ပြောင် ဝန်းဝန်းတည်း" ၂
"ပန်းပွတ်အဟန်၊ ပန်းရန်ပန်းတော"
"နန်းလျာဝို့ရန်၊ ကံဟောင်းဖန်၍၊ ဆင်းကြန်နတ်တူ"

စသည်ဖြင့် ဘေးရန်,ခံရန်သည်,ပန်းပွတ်ပန်းရန်-ဆိုသောအရာတို့၌ ထင်၏။

န-သတ် ဝိသဇ္ဇနီသံကား....

"မိုးတားစောင်ရန်း၊ ဝန်းသည်ခြုံနှယ်" ၃
"တုလွတ်တင်ရန်း၊ အဆန်းအကြွယ်"
"ခတ္တာခေါင်ရန်း၊ အိမ်တန်းအင်ကြင်း"
"နှတ်ခြည်ဝိတ်ရန်း၊ ဖိတားသန်းမှ၊ဆန်းနှင့်ထက်ဂ" ၄
"ဖန်ရည်ဆိုးစွန်း၊ သက်တင်ရန်းထို့၊ သက်နှံးနီစွတ်" ၅
"ဘက်ပျံဘနန်း၊ ကြားလွှဲ့မှန်း၍၊ အရန်းအတား" ၆
"ဝါရဝိုင်တန်း၊ စထုရန်းဟု" ၇

စသည်ဖြင့် စောင်ရန်း,တင်ရန်း,ပန်းခေါင်ရန်း, အဝတ်ကိုရန်း, သက်တင်ရန်းသည်ဟူသော ဝေါဟာရတို့သည် အရန်းအတားဟူသောအနက်ချည်းဖြစ်၏။ ပန်းခေါင်ရန်း-ဟူသည်ကား အမည်မျှသာ ဖြစ်သင့်၏။ စတုရန်းဟူသည်ကား စတုရန္တ-ဟူသော ပါဠိမှထင်သောကြောင့် မြမွာမှသက်သက်မဟူရ၊ထိုစတုရန္တ-ဟူသောသဒ္ဒါ၏

---

၁ သံ * ၇၁။
၂ ထန်ရ * ၁၉၊ 'ရောင်ဝှန် ပြောင်ပြောင်ထင်းထင်းထည်း။'
၃ ကိုး * ၁၅၃။
၄ ကိုး * ၅၃။
၅ ကိုး * ၅၀။
၆ သံ * ၁၀၇၊ 'စည့်မောင်းသံဖြင့်၊ ကြောက်ရွံ့ဘနန်း။'
၇ ထန်ရ * ၁၁။

အနက်ကား အစွန်းလေးဘက်ဟူလိုသည်၊ နံပါးလေးမျက်နှာ အပိုင်းအခြား ဆိုလို သောအရာ ဖြစ်၏။

ထိုနှင့်အဆိုတူ မ-သတ်ကား....

"အားပါးမရမ်း၊ ကျေးကျွန်ဝန်းမျှ၊ မချမ်းပါနိုင်"
"ရွှင်အားရမ်းရမ်း၊ ချီးမွမ်းမြတ်လေး"
"သင်းသီးညောင်ရမ်း၊နောက်ဖိုငြမ်းဖြင့်၊ ကျွန်းဝှမ်းဇမ္ဗူ"
"ဟဟရမ်းရမ်း၊ ကြမ်းကြမ်းကြွတ်ကြွတ်၊"
"သွားခရမ်း၊ မြီးဆန်ခြမ်းလည်း၊ တတ်စွမ်းသည်ချည်း"
"လေးယောက် ကြွေ့ကြွေ့ရမ်းရမ်းတည်း" ၂
"ရှိသေ ခခရမ်းရမ်းတည်း။ ၃ ။ဆိုထွေ လွဲလွဲကမ်းကမ်းတည်း။ ၄
"ရေရွတ်မြည်တမ်း၊ ကိုယ်ရမ်းမသိ" ၅
"ခြောက်တောင်ထျမ်းထျမ်း၊ကျွန်ုပ်ရမ်း၏၊ ဆီးဝမ်းထျထျ" ၆
"နက်ကျယ်ကြည်ချမ်း၊ ကြာတိမ္မမ်းထျက်၊ ဟင်းရမ်းတောပျဉ်"
"ပမာနှိုင်းတမ်း၊ တံသုတ်ကျမ်းသို့၊ ပို့ရမ်းစုံတိုး" ၇
"ရုပ်သွင်နှိုင်းတမ်း၊ မျက်ရမ်းယိုချွတ်"

စသည်ဖြင့် မြွေညောင်ရမ်း, ဗူးခရမ်း, ဟင်းရမ်း,ကိုယ်ရမ်းသီသည့်, ရမ်းဆသည့်, ကြွေ့ကြွေ့ရမ်းရမ်း,ခွစ်သက်အားရမ်း,ဟရမ်းသည့်,ဟော့ရမ်းသည့် ဆိုသောအရာတို့၌ထင်၏။ ။အမာအနာရောင်ရမ်းသည့်, ကန့်ရမ်းဆိုသောအရာလည်းနည်းတူဖြစ်သင့်၏။

"ရ-အက္ခရာ သေးသေးတင်အမြစ်ကား....

"နည်းများဆွတ်ပျံ၊ ဆယ်ရုံရုံဖန်" ၀
"နင်းသွားမခံ၊ညွှန်စေးရုံနှိုက်၊ ဆယ်ရုံရုံခါ" ၉

စသည်ဖြင့် စပ်ဆိုသောအရာတို့၌ ထင်၏။ ထို၌ ဆယ်ရုံ-ဟူ၍ အမြစ်သံဆိုမိန့်သော်လည်း တခါတရံ-ဆိုသောအရာကဲ့သို့ အ-မမြစ်သံဆိုသောအရာနှင့် သဘောမထူးသည်ဖြစ်၏။ ။ငါးရုံ-ဟူသော ငါး၏အမည်၊ ငရုံပတူ-ဟူသော သစ်ပင်မည်တို့ထည်း နည်းတူဖြစ်သင့်၏။

---

၁ ဘူလင် * ၂၁၀။
၂ ကိုး * ၁၄။
၃ ကိုး * ၁၀။
၄ ကိုး * ဂ။
၅ ဘူလင် * ၁၄၂။
၆ ရွှေစာ * ၅။
၇ ထန်ရ * ၄၅၊ 'ပို့ရမ်းစုံတိုး။'
၀ နောင်၊ ဖန်စကြာလျှင်၌၊ (ထ)
၉ ကိုး * ဂ၅။

ရံ်-ရံ်-ရန့်၊ ရွ်မ်း-ရွ်မ်း-ရှံ်၊ ရွန်း-ရွ်မ်း-ရှံ်

၂၉၇-ရဗျည်း ဝဆွဲး ဟ့ဆွဲး သေးသေးတင့်,န-သတ်, မ-သတ် ဝိသဇ္ဇနီသံအမြစ်သံတို့၌ ဧဝါဟာရကိုပြခြင်း

ဝဆွဲး မ-သတ်ကား.... "ရဲးခြင်းစည်နှယ်-ရွ်မ်းသတည်း.... သံကြီးမြိုင်လုံး-လွ်မ်းသတည်း....ခြင်းရာနူးညံ့-စမ်းသတည်း"

"သီးရင့်သန္ဓာ-ရွ်မ်းရွ်မ်းတည်း .... နေအောင်ငြိမ်းငြိမ်း - ချမ်းချမ်းတည်း....ဝန်းကျင်ထိမ့်ထိမ့်-မွှမ်းမွှမ်းတည်း"
"မည်သာစောရွ်မ်း၊ ရဲစွမ်းစုံအင်"
"မြဆိုင်တင်းကျမ်း၊ တဝိုင်းမွှမ်းနှင့်၊ စိမ်းရွ်မ်းမရွေး"

စသည်ဖြင့် မွှည့်ရွ်မ်းသည်, စည်ရွ်မ်းသည်,အသံယာစောရွ်မ်း-ဟူသော်အမည်တို့၌ ထင်၏။

ရ-အက္ခရာ ဝဆွဲးသေးသေးတင်ကား....

"သတ်ကိုက်မရှံ၊ သွေးသံသောက်တုတ်" [1]
"မုန်းချစ်ကြောက်ရှံ၊ မိုက်မဲကြီဖြင့်၊ ဆင်ကျွံတရား" [2]
"မစိုးမရှံ၊ ဘီသိက်ခံ၍၊ ထွန်းလျံလတူ"

စသည်ဖြင့် ကြောက်ရှံသည်-ဆိုသော်အရာ၌ထင်၏။

သေးသေးတင် အမြစ်ဝဆွဲးကား....

"ထိမှာဖိုရှံ၊ မစေ့ဝံ့၍၊ မငံ့မဆည်း"
"ရှင်ထည်းဖိုရှံ၊ မဝံ့ညည်းတည်း" [3]
"မဆိုလှည့်ဝံ့၊ စောင်းမာန်ညှံ့၏၊ ကြောက်ရှံ့ခြင်းထိုးစွတည်း"

စသည်ဖြင့် ဖိုရှံ,ကြောက်ရှံဆိုသော အရာ၌ ထင်၏။ ။ဤ၌ ရှံ-သည်ဟူသော အမြစ်သံသည် ယခင်အမြစ်သံ 'ကြောက်ရှံ' ဟူသည်နှင့် သဘောမထူး။အောက်၌ ဆိုပြီးသည်နှင့်အညီ အားမကြီးလွန်းသော ရှံရှားခန့်ခြင်းခြင်း အနက်ကိုထင်စေကာ

---

၁ လောသာ * ၃၀၊ 'သတ်ကိုက်စီးနှံ၊ သွေးသံသောက်တုတ်။'
၂ ကိုး * ၁၆၉။
၃ ကိုး * ၃၆၊ 'မဝံ့သွားလား၊ ဆိုမိမှားထည်း။'

မျှသာတည်း။ ။ဖို့ရန်ဟူသည်ထည်း အရာမထူး၊ ရှေးသူဟောင်းတို့၏ ဝေါဟာရဟူ၍ ယူသင့်၏။

ဝဆွဲး နှ-သတ် အမြစ်သံကား....

"ထေးထေးရွှန်ရွှန်၊ ကြွားတန်ကြွားမြောက်" ၁
"လွှားလွှားပြတ်ရွှန်၊ ခုတ်ထည့်ဆန်သည်၊ ထွန်ထွန် ချက်ခြင်း သေသတည်း"

စသည်ဖြင့် ကွေးရွှန်သည်, ပြတ်ရွှန်သည်-ဆိုသော အရာ၌ ထင်၏။

ဟဆွဲး-မသတ်ကား...."ဘုန်းအားပြိမ်းပြိမ်း၊ တထောင်ရှမ်းနှင့်၊ ကြွမ်းတစုံပုံ" ၂ စသည်ဖြင့် လူမျိုးရှမ်း ဆိုသော အရာ၌ထင်၏။ ။'ခဝ်ရှဲ့ရှဲ့'-ရှိသည်ဆိုသောအရာကား ပျိုထက်ဘစာဟောင်း၌ မထင်ရှား၊ 'ခဝ်ရှဲ့ရှဲ့ရှိသည်' ဆိုသည်နှင့် သဘောတူသင့်၏။ 'ရှဲ့သည်' ဟူသော ဝေါဟာရ၌ ကြောက်ရွံ့, ရှက်ရွံ့သည်တွင် သင့်ရာသာ ယူရကြောင်းသည်။

ဝဆွဲး-ဟဆွဲး နှ-သတ်ကား....

"ဝင်းဝင်းရွှန်းရွှန်း၊ ထောပတ်ဆွန်း၍၊ ထွန်းသည်မီးနှယ်"
"ရောင်ထင်ညီးရွှန်း၊ ဌာနမှန်းသည်၊ ကျယ်ဝန်းအလှကွင်းကွင်းတည်း" ၃
"ဝင်းဝင်းရွှန်းရွှန်း၊ စက်ရောင်ထွန်းလျက်၊ ရိုက်ဖြန်းဆံအိုင်"
"သိရိပြည့်ဝန်း၊ ရှိန်းရှိန်းရွှန်းတည့်၊ ထန်းထန်းရှင်ရှင်"

စသည်ဖြင့် အရောင်ရွှန်းသည်, သွယ်သွယ်ရွှန်းရွှန်း, အစရွှန်းသည် ဆိုသောအရာ၌ ထင်၏။

ထို၌ မ-သတ်ကား....

"မျက်ရည်ရွှမ်းရွှမ်း၊ အိမ်သာဝှမ်း၌၊ တလွှမ်းကြီအောက်မေ့သတည်း" ၄
"ပြိုက်ပြိုက်စိုရွှမ်း၊ မျက်ခွက်လျှမ်းမျှ၊ ချစ်ဝမ်းကျေအောင်" ၅

စသည်ဖြင့် အရည်ရွှမ်းသည်, စိုရွှမ်းသည်-ဆိုသောအရာ၌ ထင်၏။ ။၌၌ နှ-သတ်

---

၁ နောင်၊ ပြဆန်းမဆင်-ရှိ (ပ)။ "ကျူးတန်ကျူးမြောက်"
၂ ထီး ဧး * ၂၇။
၃ ထန်ရ * ၂၃၊ 'ရောင်ရှင်ညီရွှန်း'
၄ ကိုး * ၁၇၃။
၅ ဘုပေါင်း * ၈၆၊ 'ပြိုက်ပြိုက်ယိုရွှမ်း၊ မျက်ခွက်လျှမ်းမျှ၊ချစ်ဝမ်းကြေအောင်'

မ-သတ်အထူးကား "အရည်ရွှင်သည်ကို အရည်ရွှန်းသည်" ဆိုရာ၌ နှ-သတ်၊ "စိုရွှဲသည်ကို ရွှမ်းသည်" ဆိုရာ၌ မ-သတ်ဟူ၍ မှတ်ရာ၏။

ထို၌ သေးသေးတင်အမြစ်ကား....

"နင်းသွားမခဲ့၊ ညွှန်ရှုံစေး၌၊ ဆယ်ရုံရံခါ" [၁]
"ခရီးညွှန်ပျောင်း စေးရှုံတည်း, [၂] စေ့စုံမဆုံးနိုင်အံ့တည်း, [၃] ချက်တိုင်ကျေးဇူးမည့်တည်း"

စသည်ဖြင့် ရှုံညွှန် ဆိုသောအရာ၌ ထင်၏။

လံ-လန်-လန့်-လန်း-လမ်း

၂၉၈-လမျည်း သေးသေးတင် နှ-သတ် ဝိသဇ္ဇနီအမြစ်ရာတို့၌ ဝေါဟာရကို ပြခြင်း

လ-အက္ခရာ သေးသေးတင်ကား....

"ဖျဖျလိုက်လံ၊ စစ်ဦးနှံက၊ ရှုံလေရှုံ ရှုံ" [၁]
"တပါးဝေးလံ၊ မကြီသေလင့်"
"တောင်ငူမင်းခံ၊ တောင်မင်းဝံမှ၊ ကွာလံ မပြောင်း"
"စုံစမ်းနက်တံ၊ ရေရှည်လံသား၊ ပုံစံမှတ်မိ" [၄]
"သုံးဆယ်အလံ၊ ရောင်လျှံတောက်ပွန်း။"
"ခန္ဓာတလံ၊ အသက်နှံသည်"

စသည်ဖြင့် လိုက်လံ, ဝေးလံ, ကွာလံ, ရှည်လံ, တထွာတလံ-ဆိုသော အရာတို့၌ ထင်၏။ ။တံခွန်တလံ,ငွေမှုတ်သည်တို့၏ အလံလည်း နည်းတူဖြစ်သင့်၏။

ထိုတွင် တံခွန်အလံကို ခဇ-ဟူ၍သာ မာဂဓထင်သောကြောင့် တံခွန်-ဆိုသည်မမှား၊ အလံ-ဆိုသည်လည်း မမှားဖြစ်သင့်လျက်၊ လေ့ယှဉ်စသော သဘင်၌ လူတို့

---

၁ ကိုး * ဂ၅။
၂ ကိုး * ဂ၃။
၃ ကိုး * ဂ၄။
၄ ကိုး * ဂ၅။
၅ ထောသာ * ၃၅။
၆ ဝံ * ၂ဂ၊ 'စုံးစမ်းနက်တံ၊ ဝေးရှည်လံသား။'

အတင့် အတယ် အဂ္ဂန်အဝါ ရှိအောင် ရွက်ဆောင် စိုက်ထူရာ၌ 'အလံ'၊ ရတနာ သုံးပါးကိုရည်၍ စိုက်ထူသည်ကား 'တံခွန်' ဟူ၍၊ မြွှာမှုပြားလေသည်။

ထိုနှင့် အသံတူ န-သတ်ကား.... "မိုးမြေပြောင်းပြန်၊ လန်ဘန်းတည်း။ ။ ပွင့်ကောင်းပန်းမှန်၊ တွန့်နားလန်သော်၊ တဖန်မည်စ်" စသည်ဖြင့် တွန့်လန်သည်, ညွတ်လန်သည်, နောက်သို့လန်သည်-ဆိုသောအရာ၌ ထင်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"ရွှင်အားလန်းလန်း၊ လက်ရုံးတန်းလျက်၊ ချခန်းချိန်းချက်"
"သန်းမို့ကမ္ဘာန်း၊ စိတ်မလန်းခဲ့၊ ရဟန်းပဉ္စင်း"
"ယူကျုံးဆို့ပန်း၊ ရွှင်လန်းရဲမက်"

စသည်ဖြင့် ရွှင်လန်းသည်, လူလူလန်းလန်း-ဆိုသောအရာ၌ ထင်၏။ ။လော်လန်းသည်၊ ပိုးလောက်လန်း-ဟူသည်လည်း နည်းတူဖြစ်သင့်၏။ ရွှင်ရွှင်ထက်ထက် ဆိုဆည်ကို လန်းသည်ဟူသော ဆိုမိန့်ခြင်း ဖြစ်သင့်သောကြောင့် လော်လော် ထည်ထည် ပြုခြင်းသည်လည်း ရွှင်လန်းသည် ၎င်းဖြစ်၍၊ 'လော်လန်း' သည်ဟူသော ဆိုမိန့်ခြင်း၊ ပိုးလောက်လန်းဟူသော အမည်ရင်းတွင် လော်လော်လန်းလန်းဟူသော အမူအရာ ထင်သည်ကိုစွဲ၍၊ 'လောက်လန်း' ဟူသော ဆိုမိန့်ခြင်းဖြစ်၏၊ ယူလျှင် သဘောသင့်ရာသောကြောင့် န-သတ်ရေးထိုသည်ဖြစ်ကြောင်း။

ထိုနှင့်အသံတူ မ-သတ်ကား....

"ဘိမြင်ခွင့်လမ်း၊ ရဲးစွမ်းကစ" [၁]
"ခရီးညွှန်ဂမ်း၊ ဈေးလမ်းမဝယ်၊ ထစွမ်းမဖြစ်" [၂]
"နှလုံးမည်းနှမ်း၊ ပုံဏားသွမ်းကား၊ ကြောင်းလမ်းဇာတိ" [၃]
"တခုမပြိမ်း၊ မေတ္တာမွှမ်းထျက်၊ ပွဲထမ်းဖွဲ့ဌာ" [၄]
"ငြိတ်ငြိတ်မွှမ်းမွှမ်း၊ ခရီးလမ်းဌ၊ တင်းကျမ်းပြည့်ဖြိုး" [၅]

စသည်ဖြင့် အခွင့်အလမ်း, ခရီးလမ်း, ကြောင်းလမ်း, ပွဲးလမ်း, ဘဝါးလမ်း-ဆိုသော အရာ၌ထင်၏။

[လ-အက္ခရာသေးသေးတင် အမြစ်မထင်]။

---

၁ ထန်ရ * ၂ (၄)
၂ ကိုး * ၂၅၇၊ 'စေးချဲ့လမ်းဝယ်။'
၃ ဘူပေါင်း * ၂၇။
၄ ထန်ရ * ၆။
၅ ထန်ရ * ၁၂။

နှ-သတ် အမြစ်ကား....

"နိဗ္ဗာန်ရည်ခန့်၊ ရှုံ့ထန့်မထိတ် ထန့်၏တည်း....ရှာမှီးရည်တူ ခန့်၏တည်း။ [၁]....ရှိခိုးသံထောက်တန့်၏တည်း"

"ထော်ထော်ကန့်ထန့်၊ ဘယ်သူဟန့်ပိမ့်၊ မကွန့်စသော" [၂]

စသည်ဖြင့် ရှုံ့ထန့်, ထိတ်ထန့်, ကန့်ထန့်-ဆိုသောအရာ၌ထင်၏။

ထိုထွင် ထိတ်ထန့်, ရှုံ့ထန့်-ဟူသည်၌ 'ထန့်၏' ဟူသည်ကား စိတ်၏ တုန်လှုပ်ကြောက်ကြိမ်းခြင်း အနက်တည်း။ ထိုသို့ထျက် စိတ်ကင်းသော သစ်ဝါး ကဲ့အက်သည်ကိုပင် 'ထန့်သည်' ဟူသည်ကား စေ့စပ်ထျက် တည်ရာမှ ညွှတ်ထန့်သည်-ဟူသော အ-မမြစ်သံ မူလရင်းကဲ့သို့ရှိ၏။ ။ကန့်ထန့်-ဟူသည်တို့၌ကား 'ကန့်' ဟူသော စကားခွန်းသာ ကန့်ကွက်သည် ဟူသော အနက် ထွက်သင့်၏။ 'ထန့်' ဟူသော စကားခွန်းကား ဖက်ယှဉ်ကာမျှသာ၊ ထော်ထော်စုံလုံးထသည်၊ တန်းထန်းမှန်သည်-စသည်ဖြင့် ထ-အက္ခရာအနက်မဲ့ ပြေပြစ်ရုံမျှ ဖက်ယှဉ်သည်ကား များစွ။ ။ [ဝဆွဲးသေးသေးတင် မထင်]။

လွန်–လွန့်–လွန်း–လွမ်း၊ လုံ–လှန်–လှန့်–လှန်း–လှမ်း၊ လျှံ–လျှမ်း၊ လွှန်–လွှမ့်–လွှမ်း

၂၉၉–လဗျည်း ဝဆွဲး ဟဆွဲး နှ-သတ်,မ-သတ် ဝိသဇ္ဇနီအမြစ်သံတို့၌ ဝေါဟာရကို ပြခြင်း

နှ-သတ်ကား...."တင်းထည်းမလွန်၊ အိမ်ဗိမာန်၌၊ မွန်မွန်ရာရာ" [၁]

"ဒါနကဲးလွန်၊ လောင်းထပ်ပြန်သည်၊ တတန်ကုသိုလ် ပွားသတည်း"

"စသည်မကျန်၊ ရှေးလွန်အတိတ်"

"ပျားကြီချိုဟန်၊ တည်လွန်ချိုမော" [၄]

"ကြီးဘိလုံးဖန်၊ ကြွေလွန်ရှစ်ရှား"

"သားထွေးအဲးမွန်၊ ရွှေသလွန်ထက်၊ ရောင်ဝန်မင်းစံ"

---

၁ နောင်၊ ၂ ကိုး * ၂၄၀။
၂ ဘူပေါင်း * ၄၇။ ၄ သံ * ၅၀။

"နောင်တမလွန်၊ ပစ္စုပ္ပန်ဟု၊ နှစ်တန်ကာလ" ၁
"မကျူးမလွန်၊ တည့်တည့်မှန်ဟု၊ ဆိုဟန်ကြားပြီ"

စသည်ဖြင့် ကျူးလွန်, ကဲးလွန်, ရှေးလွန်, တမလွန်, သစ်ပင်၏ အမည်လွန်, အရပ်မည် နလွန်, မလွန်, စူးဆောက်လွန်, စလွန်, ကြိုးလွန်, သေလွန်သည်, ညောင်စောင်းသလွန်-ဆိုသောအရာတို့၌ထင်၏။

ထိုတွင် ကြိုးလွန်၊ တမလွန်၊ စလွန်-ဟူသည်တို့၌ အနက်ကြီမူ ရဖွယ်ရှိ၏။ ရှိုတန်ကား····ပွတ်နှိမ်၍ အစာကို လွန်စေ ထွက်စေသည်ကို ထောက်၍ 'စာလွန်' ဟု မြစ်ဆံမူထဖြစ်သည်တွင် မြစ်ဆံမပါ။ ။စာ-ဟူသည်တို့၌လည်း လိုက်လျောစွာ ဆိုမိန့်သာသည်ကိုစွဲး၍ 'စလွန်' ဆိုသည်ဟု အနက်ကြီသော် ရဖွယ်ထင်၏။ ။ကြိုးလွန်-ဟူသည်တို့၌လည်း ကြိုးသေးကြိုးငယ်မဟုတ်၊သာလွန်သည်ဟူ၍ လည်းကောင်း, လွန်လွန်ဖွဲဖွဲ ကြီးကျန်းသောကြိုးဝဲးပျဲ၍ 'လွန်' ဟု မြစ်ဆံမူထတွင် ဆိုသာရာလိုက်၍ မြစ်ဆံမပါစေသည်ဟူ၍ ငင်း ယူမူ ရဖွယ်ထင်၏။

တမလွန်-ဟူသည်၌ကား တဖန် ဆေလွန်ပြီးသော ကာလ ဘဝဟု ဆိုလိုသော အရာဖြစ်၍ 'တဖန်လွန်' ဆိုသင့်ဏျက်၊ မဝိမပြင် လွန်ဖဲးရွှေထျော၍ ဆိုမိန့်ခြင်းဖြစ်သည် ဟူသော် ရဖွယ်ထင်၏။ ။သစ်ပင်၏ အမည်လွန်၊ အရပ်မည် မလွန်၊ နလွန်၊ ညောင်စောင်းသလွန်၊ သေလွန်သည်-ဆိုသော အရာတို့၌လည်း နည်း ဥပဒေသ အရထျော်ရာကြီသော် ရဘိမည်။ ပညတ်မျှသာ ဟူလည်း စကားဆိုပြီးသင့်ဏျက် အကြောင်းအနက် ရသင့်ရာ ရအံ့ဖြစ်၍ ထုတ်သည်။

ထို၌ ဝိသဇ္ဇနီသံကား····

"ရတုသာလွန်း၊ တထွေဆန်းသား၊ မိုးပန်းပွင့်တုန်း" ၂
"ပူပင်ညှိုးမြန်း၊ မကြီးလွန်းတည့်၊ ဆိုဆန်းမဆို"
"စားတော်ကွမ်းပန်း၊ မခေါ်လွန်းသည်၊ နိမြန်းသန္တာ"
"ကြည့်ညွှန်တိုက်တွန်း၊ ဆုံးမညွှန်းသည်၊ သာလွန်းဂါထာ နှစ်သွယ်တည်း" ၃
"ကုကိုမံထင်းလွန်း၊ ပျဉ်းပန်းထင်ရှား"
"ဖျက်ဆီးခင်ပွန်း၊ အကျင့်ဆန်းသား၊သလွန်းတန္တ" ၄

---

၁ ကိုး * ၃၅။ ၃ ကိုး * ၂၄၆။
၂ ဘူပေါင်း * ၅၀။ ၄ ဘူပေါင်း * ၆၀။

စသည်ဖြင့် မကြီးလွန်း, မငယ်လွန်း,-စသည် ဆိုမိန့်သောအရာ၊ သစ်ပင်၏ အမည်ထင်းလွန်း,သလွန်းတန္တ,ထက်ခတ်လွန်း, ကြီးလွန်းဆိုသောအရာတို့၌ထင်၏။

ထိုတွင် မကြီးလွန်း-စသည်ဖြင့် ဆိုမိန့်ခြင်းကား အကျူးအလွန်ဟူသော ဝိသဇ္ဇနိမပါသံနှင့် သဘောမထူး၊ စပ်အင်အသံ ညီစေကာမျှသာဖြစ်သင့်၏။ ။ထင်းလွန်း၊ သလွန်း၊ ထက်ခတ်လွန်း-ဟူသည်တို့ကား ခေါ်ဝေါ်ကာမျှသာ။ ထိုတွင် သလွန်း-ဟူသည်ကား ရှေးဝေါဟာရ ယူသင့်၏။

ဝ-ဆွဲး မ-သတ်ကား....“ထွန်ချင်ဝမ်းဝမ်း၊ လယ်မှာလွှမ်းလျက်၊ တသမ်းရှောက်ရှောက်” ၁

“မျက်ရည်ရွှမ်းရွှမ်း၊အိမ်သာဝှမ်း၌၊တလွှမ်းကြီအောက်မေ့သတည်း” ၂

“ဝဲးကြီးဝဲးလွှမ်း၊ကြမ်းသည်သဘော၊ ။သခွားခရမ်း၊ ဝဲးလွှမ်းဝဲးကြီး”

စသည်ဖြင့် ဝဲးလွှမ်းဟူသော အမည်။ လွှမ်းဆွတ်သည် ဆိုမိန့်သောအရာတို့၌ ထင်၏။

ဝ-ဆွဲး န-သတ်အမြစ်ကား....

“ထည်ကိုင်မလွန့်၊ ဆန့်ထောစင်းစင်း” ၃

“ပြေးထွက်လိုလွန့်၊ ကွန့်ရနည်းဟု” ၄

”မိုးသို့ကြောက်လွန့်၊ ထွန့်ထွန့်စင်းစင်း”

“ရှံစိုးထိတ်ထန့်၊ ရှက်ကြောက်စွန့်၍၊ လိုက်လွန့်ပြုထွေ”

စသည်ဖြင့် ကွန့်လွန့်,လိုလွန့်,လွန့်သည်,ဆန့်သည်-ဆိုသောအရာတို့၌ထင်၏။

ဟ-ဆွဲး သေးသေးတင်ကား....

“ထက်ထက်ရောင်ထျံ၊ ရွှေရည်ကျံသား၊ ရွှေလှံရွှေဝေး” ၅

စသည်ဖြင့် ဓားလှံ-ဆိုသောအရာ၌ထင်၏။

ထိုနှင့်အသံတူ န-သတ်ကား....

“ယုံမှားမှောက်လှန်၊ ကျပွန်ဖြေတင်” ၆

“ဖိုဝပစ်လှန်၊ ဆယ်မီးပြန်သား၊ ရွှေဟန်ထည်းကောင်း”

“မရဏာသန်၊ ဇောငါးတန်ဖြင့်၊ သေလှန်အသက်” ၇

“တယောက်တပြန်၊ ကျေးသားလှန်သို့၊ စောင်းမာန်မရှုတ်” ၈

---

၁ ကိုး * ၉၅။
၂ ကိုး * ၁၇၃။
၃ ဘူပေါင်း * ၄၅။
၄ ဘူထင် * ၁၆၇။
၅ ထန်ရ * ၁၂။
၆ ဘူပေါင်း * ၅၀။
၇ ဘူပေါင် * ၉။
၈ ဘူထင်*၃၀၀၊ ‘ကျည်းသားလှန်သို့။’

"ပြည့်နှက်ရေညွှန်၊ ကျုံးကိုလွှန်၍၊ စွယ်ချွန်တောင်မှောက်"
"လူသူရဲမှန်၊ ကြိုး၍ လွှန်သည်၊ မတန်ထက်ရည်"
စသည်ဖြင့် မှောက်လွှန်သည်,တွန်းလွှန်သည်,သွေလွှန်သည်-ဆိုသောအရာ၌ ထင်၏။

ထို၌ ဝိသဇ္ဇနီသံကား.... "ရေဝယ်နစ်မွန်း၊ ချင်ရက်ကန်းဖြင့်၊ဖြန့်လွန်းလှပ်လှပ်" စသည်ဖြင့် နေရှိန်နေပူလွှန်းပျက်သည် ဆိုသောအရာ၌ ထင်၏။

ထိုနှင့်အသံတူ မ-သတ်ကား....
"အစွဲအလှမ်း၊ ခန့်တမ်းမည်သူ" ၁
"လွဲးလွဲးကမ်းကမ်း၊ မုသားထမ်းသား၊ စွဲးလှမ်းမရ" ၂
"မနီးမကမ်း၊ ကြယ်ကိုလှမ်းသို့၊ တိုင်တမ်းနှိုင်းချက်" ၃
"တယောက်ကကမ်း၊ တယောက်လှမ်း၍၊ နမ်းသည်ကာလ"
"ခုန်မြောက်သန်စွမ်း၊ ကြယ်ကိုလှမ်းသော်၊ ထက်ဖမ်းမိနိုး" ၄
"ထက်ဘန်းလှမ်း၊ မခြိုးမွှမ်းတည့်၊ ဖြိုင်ကမ်းနှိုင်းဘက်" ၅

စသည်ဖြင့် စွဲးလှမ်းသည်, ကမ်းလှမ်းသည်, ဆန်းလှမ်းသည်- ဆိုသောအရာတို့၌ ထင်၏။

ထိုထွင် 'ထက်ဘန်းလှမ်း၊ မခြိုးမွှမ်းတည့်'ဟူ၍ ယိုးဒယားမိဖုရား ဧးချင်းတွင် စပ်လေသည်ကား- 'ဆန်းလန်းဟူ၍ လ-သက်သက် န-သတ် ဝိသဇ္ဇနီ ဆိုသင့်၏။ ယခင် ထော်ထော်ကန့်လန့်၊တန်းလန်း-စသည်ဖြင့် ဆိုမိန့်သည်၌ လ-အက္ခရာဖက်ယှဉ်ကာမျှ ဖြစ်သကဲ့သို့ ယှဉ်ဖက်ကာသာဖြစ်သင့်၏။ ထိုယှဉ်ဖက်ကာသာ ဆိုမိန့်သည်၌ လည်း မူလအသံ၌ န-သတ်,မ-သတ်,သေးသေးတင် ရှိသည်နှင့်တူစွာသာ ဖြစ်သင့်လေသောကြောင့် ကန့်လန့်-တန့်လန့်ရှိသည်ဟူသော အရာကဲ့သို့ ဆန်းလန်းသည်ဟူ၍ လ-သက်သက် န-သတ် ဖြစ်သင့်လျက် ဟဆွဲး မ-သတ်စပ်လေသည်မှာ သင့်အောင်ကြို၍ ယူသော် လက်ာအားဖြင့် ဆန်းလည်းမဆန်း ဝါကြွား လှမ်းကမ်း၍ လည်း မခြိုးမွှမ်း၊ ရိုးရိုးမတ်မတ် ဟုတ်မှန်တိုင်းသာ ဆိုသည်ဟု ယူရအံ့သို့ ရှိ၏။

ဟ-ဆွဲး န-သတ်အမြစ်ကား.... တံငါကွန်စွန့်၊ ပစ်ကြဲးဖြန့်၊ ချောက်လွှန်ဘိသော နှယ်"....စသည်ဖြင့် ချောက်လွှန်သည်-ဆိုသောအရာ၌ထင်၏။ ဤ၌ လွှန်၏ဟူသည်

---

၁ ဘူထင် * ၃၁၀။
၂ ကိုး * ၉။
၃ ဘူထင် * ၁၃၁။
၄ သံ * ၁၈၇၊ 'ထက်ဖမ်းမှိနိုး။'
၅ ယိုးဒ * ၁၄၊ ဟသံ် * ၆၀-၌ 'ပျူဟာဆမ်းလမ်း၊ ပေးကမ်း ဥစ္စာ' ဟု တွေ့ရသည်။

ကား လန့်စေသည် ဟူသော ကာရိုက်အနက်ဖြစ်၍, လန့်သည်, လှန့်သည်-ဟူ၍, နှ-သတ် သဘောတူဖြစ်၏။

ယပင့်-ဟဆွဲး သေးသေးတင်ကား....

"ဖိတ်စည်းနုတ်လျှံ၊ တိုင်ပင်ထံကို၊ မင်းထံမင်းပါး"
"ကိုးမျက်ရည်လျှံ၊ စီနစ်ပြွံ လျက်၊ သုဇံဒေဝတ်" ၁
"တေဇာရောင်လျှံ၊ ရွှန်းရွှန်းပျံမျှ၊ နိုင်ငံတလျောက်"
"ရောင်ဖြူချောမံ၊ ပြင်နှံရံဝယ်၊ မလျှံမပျစ်" ၂
"မှစိုးမရှံ၊ ဘိသိက်ခံ၍၊ ထွန်းလျှံထတူ"
"လက်လက်ရောင်လျှံ၊ ရွှေရည်ကျံသား၊ ရွှေလှံရွှေဓား" ၃

စသည်ဖြင့် အဝါအလျှံ, ပြည့်လျှံသည်-ဆိုသောအရာ၌ ထင်၏။ထိုတွင် ပြည့်လျှံသည်ဟူသော အနက်သာလျော်သည်၊ အဝါအလျှံ-ဟူသော အနက်သာလျော်သည်ဟု အနက်နှစ်ပါး လျော်သည်ကို အရေရွေးနောက်ကို မြော်ထောက်၍ ယူရာ၏။

"ကုံအောင်ကျိုးနွံ၊ ပတ်ဝန်းရံသည်၊ ရောင်လျှံလျှပ်ဝါလျှပ်ဝါတည်း" ...စသည်ဖြင့် စပ်ဆိုရာ၌ကား လျှပ်ဝါဟူသော နောက်စကား အရိပ်နှင့် လျော်စွာ 'အဝါအလျှံ' ဟူသော အနက်ထင်၏။ ။"အကျိုးမနံ၊ ထွက်လျှံစီးပွား" စသည်ဖြင့် စပ်ဆိုသောအရာ၌ကား ထွက်သည်, ယိုသည်-ဟူသော စကားရိပ်ကြောင့် 'ပြည့်လျှံသည်' ဟူသော အနက် ထင်၏။ ။ကိုးမျက်ရောင်လျှံ၊ တေဇာရောင်လျှံ-ဟူသည်တို့၌ကား 'အရောင်အဝါ၊ အခြည်အလျှံ' ဟူသော အနက်ယူလည်း လျော်၏။ အရောင်အဝါ ပြည့်လျှံယိုထွက်သည်ဟူသောအနက် ယူလည်းလျော်၏။ ဤနည်းအတူ အနက်တပါးသင့် အရကိုချင့်၍, နှလုံးသွင်းရာ၏။

[ထ-အက္ခရာ ယပင့် ဟဆွဲး၌ နှ-သတ် မထင်]။ ။မ-သတ်ကား....

"ကန်ရေပြည့်လျှမ်း၊ ငါးတိမ္ဗမ်းလည်း၊ မဖမ်းမထောင်"
"ဆိပ်နက်ပြည့်လျှမ်း၊ နဂါးဝမ်းတွင်"
"ခြောက်ထောင်လျှမ်းလျှမ်း၊ ကျွန်ုပ်ရမ်း၏၊ ဆီးဝမ်းလျှလျှ"
"ဌနှတက် ပြည့်ပြည့်လျှမ်းလျှမ်းတည်း ... ကြောင်းချာ စွဲးစွဲးလှမ်းလှမ်းတည်း"

စသည်ဖြင့် ပြည့်လျှမ်းသည်ဆိုသော အရာ၌ထင်၏။ဤ၌ လျှမ်းသည်-ဟူသော မသတ် အဆံ၊ လျှံသည်-ဟူသော သေးသေးတင် အဆံသည် သဘောရ ကွဲးဟန်မထင်။

---

၁ မင်းရာ၊ သံပေါက် * ၂၉။ ၂ ကိုး * ၂၀၂။ ၃ ထန်ရ * ၁၂။

ဝဆွဲး, ဟဆွဲး နှ-သတ်ကား "အဝိုင်းမလွန်၊ကေန်စကား" စသည်ဖြင့် လွန်စေသည်-ဟူသော၊ကာရိုက်အနက်ကို၊ လွှန်သည်-ဟူ၍ ဆိုမိန့်သော အရာ၌ထင်၏။

ထို၌ မ-သတ်ကား....

"ရမ္မက်မိုက်လွှမ်း၊ ထူတိုတမ်းကား၊ ခြိုးမွှမ်းသောထွေ"
"နောက်မှအုပ်လွှမ်း၊သံဝိုင်းတမ်းထည်း၊မှတ်ကျမ်းနားပါးထည်ပြိုး၍" [၁]
"အထက်နှုတ်ခမ်း၊ အောက်သိုလွှမ်း၏၊ ပုံစမ်းစိစစ်"

ဤဆိုစသည်ဖြင့် ဖုံးလွှမ်းသည်-ဆိုသောအရာ၌ထင်၏။

ထို၌ အမြစ်သံကား....

"ပေါက်ပြဿံလွှမ့်၊ ကြွေးကြော်အံ့ထျက်၊ ဘယ်နှံသောခါ" [၂]
"မွှန်ကြားပတ်လွှမ့်၊ တန်ခိုးနှမ့်ဖြင့်၊ ထေဖျမ့်နှင်းဖြို" [၃]
"နှိုင်းဆမဝမ့်၊ ဂုဏ်ရနမ့်တိ၊ ပတ်လွှမ့်ဧးကြိုင်"

စသည်ဖြင့် သံလွှမ့်ပတ်လွှမ့်-ဆိုသောအရာတို့၌ ထင်၏။ ။ဤ၌ မ-သတ်အမြစ်နှင့် သေးသေးတင်အမြစ်ကို မပြားဟူ၍ အောက်၌ဆိုပြီးသည်နှင့် အညီ သေးသေးတင်အမြစ်သော်လည်းသင့်၏။ ဤ၌ လွှမ့်ဟူသော ဝေါဟာရအနက်သည် ထခင်ဖုံးလွှမ်းသည် ဟူသော အနက်ဖြစ်သင့်၏။ ဖြစ်သင့်ဟန်ကား....'သံလွှမ်း'-ဟူသည်၌ အသံလွှမ့်သည်။ 'ပတ်လွှမ့်'ဟူသည်၌ ပတ်သည် လွှမ့်သည်။ ဤသို့ အနက် ရသင့်သည်သာ ဖြစ်၍, 'ဖုံးလွှမ်းသည်'ဟူသောအနက် ဖြစ်သင့်၏။

ဝံ—ဝုံ—ဝန်း-ဝမ်း၊ ၄န်—၄နှ်—၄မ်း

၃၀၀—ဝဗျည်း သက်သက် သေးသေးတင်၊ နှ-သတ်,မ-သတ် ဝိသဒ္ဒနီ အမြစ်ရာတို့၌ ဝေါဟာရကို ပြခြင်း

ဝ-အက္ခရာ သေးသေးတင်ကား....

"သေကြောင်းဆက်ဆံ၊ ကြွေနှင့်ဝံသို့၊ တရုံတဆစ်" [၄]
"တောင်ငူမင်းခံ၊ တောင်မင်းဝံမှ၊ ကွာလံမပြောင်း"

စသည်ဖြင့် တိရစ္ဆာန်ဝံ, တောင်မင်းဝံ-ဟူသည်တို့၌ ထင်၏။ထိုတွင် မင်းဝံတောင်-ဟူသည်ကား ဝံမင်းနှင့်တူသည်ကိုစွဲ၍ 'မင်းဝံ'ဆိုသည်ယူမှုသဘောမကွဲးသည်ဖြစ်၏။

---

၁ ထန်ရ * ၁။
၂ ထန်ရ * ၁၇။
၃ ကိုး * ၁၆။ 'ထေမျှနှင်ဖြို'။
၄ ဘူထင် * ၅၇၊'သေကြောင်းထည်း ကြီ၊ကြွေနှင့်ဝံသို့၊ ထရုံမချ၏။'

ဝ-အက္ခရာ နှ-သတ်ကား....

"မိန်းမိုင် ထက်ဝန်၊ကြောင့်ကြသန်ထျက်၊ ပူပန်ကင်းလို" ၁
"လက်ဝါးရှိဝန်၊ သွားခွင့်ပန်၍၊ ဗိမာန်ရပ်ဟောင်း" ၂
"လေးပါးမူဝန်၊ တတ်မြောက်ပွန်မှ၊ မိုးစွန်တိမ်ခြည်"
"ခြင်းဝိကြက်သွန်၊ ရောင်ဝန်ဖရား"
"ပျိုညီးထွေးအန်၊ ပေါ့သောဝန်ဖြင့်၊ စွမ်းသန်မြောက်လှ" ၄
"ယုံကြည်ကေန်၊ စေမြိုးကျွန်ကို၊ သဝန်စသိဝ်" ၅
"နာထင့်သူမွန်၊ ပညာဝန်တို့၊ ကျမ်းဂန်ကျယ်မြင့်၊ မှတ်စေချင့်၏" ၆
"ငါသည်သူမွန်၊ ညဏ်ဝန်ထျက်၊ အလွန်ညစ်ညမ်း" ၇
"မင်းကျောင်းရိပ်မွန်၊ ဝေဠုဝန်၌"
"ဗောဓိတသွန်၊ သဏ္ဌဂ္ဂာန်နှင့်၊ ဇေတဝန်ဝိဟာ"
"အပကားဖန်၊ သုဝန်အတွင်း" ၈

စသည်ဖြင့် ထက်ဝန်, မူဝန်, ဆောင်ရွက်သောဝန်,စာသဝန်, ပညာဝန်, ငါသည်သူမွန်, ညဏ်ဝန်,ဇေတဝန်, ဝေဠုဝန်, သုဝန်-ဆိုသော အရာတို့၌ထင်၏။

ထိုတွင် ထက်ဝန်-ဟူသည်၌ 'ထက်ရွက်သည်' ကို ယူဆင့်၏။ ထက်ရွက်သည်တွင်ထည်း မိန်းမိုင်ထက်ဝန် ဟူသည်တွင် ကြောင့်ကြဆံသည် မိန်းမိုင်သည် ဟူသော စကားအရိပ်ကို ထောက်သော် 'နှလုံးပင်ပန်း၍ ထက်ရွက်သော အမူအရာ'ယူသင့်၏။ ။ထက်ဝါးရှိဝန်-ဟူသည်တွင်ကား မိမိသခင်မိုးနတ်ရှင်အား သွားခွင့်ပန်သည်-ဟူသောစကား၊ ရှိဝန်-ဟူသော စကားအရိပ်ကို ထောက်သော် "ရှိသေ မြတ်နိုးသဖြင့် ရှိခိုးသည်" ကို ဆိုသောအရာ ယူသင့်၏။ ဆောင်ရွက်သောဝန်-ဟူသည်၌ 'အဘိုအတာ ရောက်သောအခွင့်'ကို ဆိုသောအရာဖြစ်၏။ အတွင်းဝန်, အပြင်ဝန်, ဝန်ကြီး, ဝန်ထောက်-စသောဆိုမိန့်ခြင်း၊ ကိုယ်ဝန်, တာဝန်, မူဝန်,မိမိဝန်,သူတပါးဝန်, ပြစ်ဝန်-စသည်ဖြင့် အရာအလျောက် ရောက်သော အဘိုအခွင့် အတာကို 'ဝန်' ဆိုမိန့်သောအရာကား ထင်ရှားစွ။ ။စာသဝန်* ဟူသည်ကား 'ဆောင်းပါးမှာစာ'ကို

---

၁ ဘူပေါင်း * ဂ၂။
၂ ကိုး * ၁၂။
၃ သံ * ၁၆၇။
၄ ကိုး * ၂၄၇။
၅ မနေ့ * ၇၃။
၆ ဘူပေါင်း * ၇၂။
၇ ဘူပေါင်း * ၃၇။
၈ ဘူပေါင်း * ၁၀၀။
၉ ထန်ရ * ၂ (၂)။
* မဟာရာဇဝင်ကြီး ဒုကာပါဠိ ဂ၁ ၌ သဝန်ကို မြန်မာဘာသာမဟုတ်၊ပါဠိသဝန သဒ္ဒါမှ ထာသည်ဟု ဆိုထားသည်။

ဆိုမိန့်သော အရာမျှသာ ဖြစ်၏။ ။ပညာဝန်, ညဏဝန်-ဟူသည်တို့ကား ....ပညဝန်-ညဏဝန်-ဟူသော ပါဠိကိုစွဲ၍သည်။ ။ဂုဏဝန်-ဟူသည်လည်း ဂုဏဝန်-ဟူသောပါဠိကိုမှီသည်။ ။ဇေတဝန်, ဝေဠုဝန်-ဟူသည်တို့ကား ဇေတဝန၊ ဝေဠုဝန-ဟူသောပါဠိကိုစွဲ၍သည်။ မဟာဝန်-ဟူသည်လည်း မဟာဝန-ဟူသောပါဠိကိုမှီသည်။ ။သုဝန်-ဟူသည်ကား သုဝဏ္ဏ-ပါဠိကိုမှီသည်။ ပါဠိနှင့်အညီ ဏကြီးသော်လည်း သတ်လိုက်၏။ စပ်အင်ကို ထောက်၍ နဂေယ်သတ်လည်း သင့်သည်ပင်။ ။သရဝန်-ဟူသည်လည်းနည်းတူ သရဝဏ္ဏ-ဟူသော ပါဠိနှင့်အညီ ဏကြီးသတ်ခြင်း, စပ်အင်ရှိရာ နဂေယ်သတ်ခြင်း အထူးမဆိုသာဖြစ်၏။ ဤမှတပါးပါဠိမှီဖြစ်သင့်သော အရာ, မြန်မာမှသက်သက် ဖြစ်သင့်သောအရာတို့ကို စုံစမ်းအပ်၏။

ထိုဠ ဝိသဇ္ဇနီဆံကား....

"ဝရိသတ်ထက်ဝန်း၊ လူရဟန်းကို၊ တိုင်တန်းသက်သေကြားသတည်း"
"လွန်းပတ်ဆိဝန်း၊ ခေါ်ပြဠာန်းသည်၊ ကြင့်နှံးနာဂ"
"ပြည်လုံးလှည့်ဠဝန်း၊ စည်သံမှန်းထျက်၊ မခန်းမယုတ်" ၁
"သိရီပြည်ဝန်း၊ ရှိမ်းရှိမ်းရွှန်းတည်ဠ၊ ထန်းလန်းရှင်ရှင်"
"စကြာဖြန့်ဝန်း၊ ရေသဖန်းထက်"
"မြွောက်သွန်းကြီကြီ၊ နိုင်ငံတဝန်း၊ ရေးငန်းထွန်းငြား"
"ကျယ်စွာလှည့်ဠသန်း၊ နေ့တိုင်းထွန်းသား၊ လုံးဝန်းမဏ္ဍလ" ၂
"မိုးနာမိုးဝန်း၊ ယွန်းယိုးဒယား"

စသည်ဖြင့် ညီဝန်းသည်,ရံဝန်းသည်,အရပ်မည်မိုးဝန်း-ဆိုသောအရာတို့ဠ ထင်၏။

ထိုဠ ဝန်း၏-ဟူသည်ကား စက်ဖြင့် မှတ်၏သို့၊ မထောင့်မဠန်း မယွန်းမယိုင် ညီဝန်းသည်ကို ဆိုသည်လည်းရှိ၏။ ပတ်ရံကာမျှ-ကို ဆိုသည်လည်း ရှိ၏။ အရာသာ ပမာဏဟူ၍ နှလုံးသွင်းအပ်၏။

ဝအက္ခရာ-မသတ်ကား....

"သားဓိတ္တိဝမ်း၊ ပန်းညှိုးနွမ်းသို့၊ ချောက်သမ်းသွေးသွေး" ၃
"ပုံကေားမဝမ်း၊ ဘုန်းရိပ်လွှမ်းထျက်၊ ငြိမ်းချမ်းသန္တေ" ၄

စသည်ဖြင့် 'ကြွက်ဝမ်းပူ' * ဟူသော အမည်ဠ ထင်၏။

---

၁ ကိုး * ၂၇၅။
၂ ကိုး * ၅၄။
၃ ကိုး * ၁၆၂။
၄ ကိုး * ၁၄။
* "ဝမ်းဝိုက်၊ ကြွက်ဝမ်းပူ"

သေးသေးတင် အမြစ်ကား....

"ဆိတ်ခံမဲ့၊ စောင်းမာန်ညှဲ့ထွက်၊ ကြောက်ရွံ့ရိုသေ" ၁
"နွင်းဆမဲ့၊ ဂုဏ်ရန်ကို၊ ပတ်လှဲ့ နေကြိုင်"
"စွဲးချန် ရဲးဝံ့၊ ခြောက်တောင်ညံ့ကို၊ ကြိုက်စံ့ချစ်မေ့"
စသည်ဖြင့် ဆိုသောအရာ၌ ထင်၏။

ဝအက္ခရာ ဟဆွဲး န-သတ်ကား....

"ဖြိုးဖြိုးပြည့်ဂုန်၊ ပြည်နိဗ္ဗာန်ဟု"
"တန်ခိုးပြင်းဂုန်၊ ပြဟ္မာဖန်သည်၊ မှန်တိုရကား" ၂
"စီးထွက်လျှံဂုန်၊ ရေမငန်တည့်"
"အလွန်တရာ၊ သံညောင်းသာဂုန်၊ ကြားနေပြန်အံ့၊ တံခွန်ထွတ်ထား"
"ရန်နှင့်ဘုန်းဂုန်၊ မင်းဇာမာန်ဖြင့်၊ မကျန်ထျင်းထျင်း"
စသည်ဖြင့် ပြင်းဂုန်သည်, အဂုန်အဝါဆိုသောအရာတို့၌ ထင်၏။

မ-သတ်ကား...:

"မကောမဂုမ်း၊ ချစ်မြဲးတမ်းဖြင့်၊ မှုထမ်းရိကျိုး" ၃
"ရေတင်းကျမ်းလည်း၊ နွင်းတမ်းမမျှ" ၄
"နဂိုရချိုင့်ချိုင့်ဂုမ်းဂုမ်းတည်း" ၅
"တရားသိထင် ပြွမ်းပြွမ်းတည်း" ၆
စသည်ဖြင့် ချိုင့်ချိုင့်ဂုမ်းဂုမ်း, ကောဂုမ်းသည်-ဆိုသောအရာ၌ ထင်၏။

ဟဆွဲး န-သတ်အမြစ်ကား....

"မတ်များအဂုန်၊ ဗီထားဟန်၏၊ ကောင်းညွှန်ရှင်လှ" ၇
"လူအဂုန်နှင့်၊ မဆန့်ကျင်မှု" ၀
"ထိုခါအဂုန်၊ တောလုံးနန်မျှ၊ သံပြန်သာမြူး" ၉
စသည်ဖြင့် များပြားသည်ကို အဂုန်-ဆိုသောအရာ၌ ထင်၏။

---

၁ လောသာ * ၃။
၂ ဘူပေါင်း*၆၀၊ 'မှန်တုံသော်လည်း၊ မြတ်ကျော်နွယ်ရိုး။'
၃ သံ * ၁၃၊ 'မှုထမ်းယုံကျုံ၊ ငါ့ကိုတုံထည်း။'
၄ ဘူပေါင်း * ၁၀၀။
၅ ကိုး * ၄။
၆ ကိုး ၁။
၇ သံ * ၁၀၀။
၀ ကိုး * ၅။
၉ ဘူပေါင်း * ၂၃။

သံ-သံ့-သန်-သန့်—သန်း-သမ်း

၃၀၁—သဗျည်း သေးသေးတင် နှ-သတ်, မ-သတ်, ဝိသဇ္ဇနီတို့၌ ဓဝါဟာရကိုပြခြင်း

သ-အက္ခရာ သေးသေးတင်ကား....

"စကားထွက်သံ၊ ရောမပြွံသည်၊ရှက်ရွံဆုတ်ဆိုင်းဆုတ်ဆိုင်းတည်း"[၁]
"မကြားခြေသံ၊ ဆိတ်ဆိတ်ညံသည်၊ ကြောက်ရွံဖိုလ်လူကြိုးသတည်း"
"ရင့်ရှည်အသံ၊ တကြီကြီဖျင်၊ မည်ဟစ်ကြော်"
"ထုတ်ချင်းအသံ၊ ရပ်ဝေးပျံသား၊ အာလမ္ဗရ"
"သတ်ကမရွံ၊ သွေးသံသောက်တုတ်"[၂]
"မတ်ပေါင်းမိသံ၊ ကိုယ်လုပ်ရံလျက်၊ မောင်နှံမက္ခာ"[၃]
"စသည်မယွံ၊ကျောက်သံပတ္တမြား။ ။အဏ္ဏားအနံ၊ သံခုနစ်တောင်"[၄]

စသည်ဖြင့် အသက်ရှိ အသက်မဲ့တို့၏အသံ, သွေးသံ,ပတ္တမြားကျောက်သံ, မောင်းမိသံ, သံတောင်-ဆိုသောအရာတို့၌ထင်၏။ ထားမိသံ-ဟူသော ဆိုမိန့်ခြင်းလည်း နည်းတူသင့်၏။ စာဟောင်းမထင်။

ထို၌ အသံတူ နှ-သတ်ကား....

"ရိုက္ခတ်စိတ်သန်၊ ပူဇော်မှန်ထျက်၊ မြတ်စွန်သားမြေး"[၅]
"တမွတ်ဘုန်းသန်၊ လက်ရုံးအန်ဖြင့်၊ ကျော်ဂုန်တေဇ"
"ကြီးထူးဖောင်းကန်၊ ဖျင်းအိုးတန်ကို၊ ရွက်သန်ငွေကျော"[၆]
"ဝိတ်စစ်အမွှန်၊ နသန်ရွှေကွင်း"[၇]
"ဘူမိနက်သန်၊ အလွန်မြတ်စွာ"
"မည်သာကကုသန်။ ။ရှေးလွန်တကြို"[၈]
"မရဏာသန်၊ ဇောငါးတန်ဖြင့်၊ သေလွန်အသက်"[၉]

---

၁ ကိုး * ၂၀၉၊ 'စကားထွက်သံ၊ များမပြွံသည်။'
၂ လောသာ * ၃၀၊ 'သားကိုလိုက်၍၊ ကိုက်သတ်စီးနွှံ။'
၃ ထန်ရ * ၁၂။
၄ ထန်ရ * ၄၆။
၅ ကိုး * ၉။
၆ ထီးဒေး * ၃၁၊ 'စဉ်းအိုးတန်ကို။'
၇ ကိုး * ၁၇၉၊ 'ပေါင်းစံဝိတ်သစ်၊ ဦးရစ်အမွှန်၊ နားသန်ရွှေကွင်း။'
၈ ထန်ရ * ၄၂။
၉ ဘူပေါင်း * ၉၊ 'သွေလွန်အသက်။'

"ကောင်းကင်ယုဝန်၊ စောင်းချွန်သွန်သို့၊ တသန်မလွတ်" ၁
"မုရင်းနှစ်သန်၊ ကောင်းစဟန်ကား၊ ထယ်ခွန်ထယ်နက်"
"ပန်းဖွဲ့အဟန်၊ မြားစိတ်မွန်ဖြင့်၊ ထွန်သန်ထွန်ကိုင်း၊ ၂

စသည်ဖြင့် မြန်သန်သည်, ဖွံ့သန်သည်, သန်မုရင်း, တသန်, နသန်, ဘူမိနက်သန်, ပါဒနက်သန်, ထွန်ကိုင်းထွန်သန်, လှည်းသန်, ကကုသန်, မရဏာသန်, အဝသန်, မင်းဝေသန်-ဆိုသောအရာတို့၌ ထင်၏။

ထိုထွင် ကကုသန္ဓ သဒ္ဒါ၊ မရဏာသန္ဓသဒ္ဒါ၊ အဝသာနသဒ္ဒါ၊ ဝေဿန္တရာ-သဒ္ဒါနှင့်အညီ ကကုသန်၊ မရဏာသန်၊ အဝသာန်၊ ဝေဿန်-ဟူသော ဝေါဟာရဖြစ်သောကြောင့် သက်သက်မြွာမှ မဟုတ်။ ။တသန်, မုရင်းသန်-ဟူသည်တို့၌ 'ဖွံ့သန်သည်' ဟူသော အနက် ယူထည်း သင့်ရာ၏။ ဝဿန္တ ဥတုည့်စဲးမှ လုပ်သည့် ကောက်ကို 'မုရင်း'၊ ဝဿန္တဥတု အားရှိခိုက် လုပ်သည့်ကောက်ကို ဝဿန္တသဒ္ဒါကို စွဲး၍ 'ဝဿန်' ဆိုသင့်ဣက် ဝအက္ခရာကိုပယ်၍ 'သန်' ဟူသော ဆိုမိန့်ခြင်းဖြစ်သည် ယူထည်း သင့်ရာ၏။ ။ထွန်သန်, လှည်းသန်-ဟူသည်၌လည်း ထွန်လှည်းတို့ကို သန်မြန်စေသော အင်္ဂါဟူ၍ ယူသော် အနက်ဖြစ်သင့်၏။ ထွန်ကိုင်း၊ ထွန်သွား၊ ထွန်တုံး၊လှည်းအိမ်၊လှည်းထက်တင်စသည်ဖြင့် အသီးအသီးအနက်ထင်သောကြောင့် ထွန်သန်,လှည်းသန်-ဟူသည်၌ အနက်ယူထိုက်သည်။ ပညတ်မျှသာဟူထည်း သင့်၏။

"နောင်မကြီဟု၊ အာသံဆောက်တည်ဣက် ပင့်တည်း"
"မြင်မြင်မကြီ၊ ချစ်အားသံဣက်၊ တရံတဖန်" ၃
"အဲးခိုးသံဣက်၊ လုပ်ကြီဘိတတ်" ၄
"နှစ်ပါးမောင်နှံ၊ ဖြစ်အောင်သံဣက်၊ လုပ်ကြီရှေးနှောင်း" ၅

စသည်ဖြင့် ဆိုမိန့်သောအရာတို့၌ အဲးခိုးသန်သည်, ဖြစ်အောင်သန်သည်, အာသန်သည်-ဟူ၍ နသတ်အနက် ထင်အောင် 'မြန်သန်သည်' ဟူသော အဓိပ္ပါယ်ယူ၍ နသတ်စပ်အင်္ဂါသင့်ဣက် သေးသေးတင် စပ်ထေသည်ကား မြန်သံသည်, ဖွံ့သံသည်-ဆိုသော အရာသည်ကား အားကြီးသည်ဟူသော အနက်ဖြစ်၏။ အားသံ, အဲးခိုးသံ, ဖြစ်အောင်သံ-ဆိုသည်ကား ရည်သံ,ရည်မှတ်သည်-ဆိုသောအရာဖြစ်၏။ ထိုထွင် အဲးခိုး-ဟူ၍ ဆိုသည်ကား ရှေးသူဟောင်းတို့၏ ဝေါဟာရဖြစ်၏။ 'သူမသိရအောင် ဣုိက်သောအသံဖြင့် အာသံရည်မှတ် စွဲးထေသည်'ဆိုသောအရာဖြစ်၏။ အရာမဟုတ် အဣျဉ်းသင့်၍ ရေးထိုက်သည်။

---

၁ မနော် * ၇၊ 'ကောင်းကင်ဝဲဂန်၊ စောင်းချွန်သွန်သို့၊တသန်ဖွဲ့ထတ်။'
၂ ကိုး * ၉၃။
၃ ဘူထင် * ၁၁၄။
၄ ကိုး * ၄၀။
၅ ဘူထင် * ၁၅၆။

သ-အက္ခရာ နှ-သတ် ဝိသဇ္ဇနီသံကား....

"ကျယ်စွာလှည့်သန်း၊ နေ့တိုင်းထွန်းသား၊ လုံးဝန်းမဏ္ဍထ" ၁
"ပစ်ပယ်ခဲ့သန်း၊ မငြိစွန်းတည့်၊ ရဟန်းဖြစ်ခြင်း"
"ပတ်ပတ်ထက်ဝန်း၊ ရံဆီးသန်းသည်၊ ဝိုက်တန်းတင်းတိမ် သဖွယ်တည်း" ၂
"မြစ်မဖိသန်း၊ ပြင်ကြီးထွန်းသား၊ ကျွန်းဇ္ဈ်သဖွယ်"
"သာသည်ထူးဆန်း၊ ရှင်မပန်းဟု၊ ရစ်သန်းကြောခြင်"
"ထူးထောင့်ထူးဆန်း၊ သွန်းရရွှန်းလျှင်၊ ခြယ်သန်းစီသင့်"
"ရံထဝ်ပိုက်သန်း၊ မြို့ကူးခန်းကို၊ ပန်းဇ္ဈ်အတူ"
"မြတ်သွယ်ခြောက်သန်း၊ မြင့်ရှည်ထွန်းသည်၊ များလွန်းအာယုဝွန်တာတည်း"

စသည်ဖြင့် ဆီးသန်းသည်, အဆိန်းအသန်း-ဆိုသောအရာ၌ ထင်ဇ္ဈ်။

ထိုနှင့် အဆံတူ မ-သတ်ကား

"မည်းမသမ်း၊ ငြိမ်းသည် ဝမ်းဖြင့်၊ သခ်မ်းမကွေ"
"မပျောင်းမသမ်း၊ မတမ်းရတုံ"
"နံနက်ကားဆွမ်း၊ လက်ဖက်ကွမ်းနှင့်၊ ညည်းသမ်းပျောင်းခွေ့"
"သားမိတ္တိဝမ်း၊ ပန်းညည်းနွမ်းသို့၊ ခြောက်သမ်းသွေ့သွေ့" ၃
"ရွေးချယ်စုံစမ်း၊ ရိပ်ခြည်ဖမ်းက၊ မသမ်းမြို့မဲ့" ၄

စသည်ဖြင့် ညည်းသမ်း, ပျောင်းသမ်း, ခြောက်သမ်းသည်-ဆိုသောအရာတို့၌ ထင်ဇ္ဈ်။

ထိုတွင် မသ်နှိုးမြို့မဲ့-ဟူ၍ နှ-သတ်နှင့်ယှဉ်သည့် 'ရစ်သန်းသည်' ဟူသောအနက် ဖြစ်သင့်လျက်၊ မသမ်းမြို့မဲ့-ဟူ၍ မ-သတ်စပ်သည်ကား မြို့ကြေးမကင်း မသန့်ရှင်းသော ကြေးမုံသည် ကြည်ကြည်ထင်ထင် မရှင်မထန်း ညည်းသမ်းသောအမူအရာဖြစ်ဇ္ဈ်ဟု ယူစေလိုရိပ်ရှိဇ္ဈ်။ သမ်းသည်-ဟူသော စကားအရကား မရှင်မထန်း နွမ်းမြန်းသည်ဟူသောအနက် ရသင့်ဇ္ဈ်။

သေးသေးတင် အမြစ်ကား....

"ဆံမျှင်လေသုံ၊ မမျှံစသာ" ၅ "နားဝယ်မျှံမျှံ၊ သုံသုံဆံလျှင်"

---

၁ ကိုး * ၅၄။
၂ ကိုး * ၂၄၄။
၃ ကိုး * ၁၀၂။
၄ သံ * ၁၁။
၅ ဂံ * ၉။

"ထပ်တုံ့တေးတျား၊ သူနားလေသံ့၊ မပျံထွေးတော"

စသည်ဖြင့် လေသံ့အသံသံ့သံ့-ဆိုသောအရာ၌ ထင်၏။ ဤ၌ အသံသံ့သံ့၊ လေသံ့သည်-ဟူသည်ကား အောက်၌ ဆိုအပ်ပြီးသည်နှင့်အညီ အားမကြီးသော ပြုံးရယ်ခြင်းကို 'ပြုံ့ပြုံ့'ဟူ၍ ထည်းကောင်း အားမကြီးသော အချိုအချဉ်ကို 'ချိုချိုချဉ်ချဉ်' ဟူ၍ ထည်းကောင်း မြစ်သံဆို၏သို့ အားမကြီးသောအသံ လေညှင်း လေဖြည်းကဲ့သို့ သက်သက်ညံ့ညံ့ နားဝယ်ပျံရောက်လာသည်ကို 'လေသံ့' ဆိုသည်။ အားမကြီးမူ၍ ရိပ်မြွက်ကာမျှသော အသံကိုရည်၍ 'အသံသံ့သံ့'ဟူ၍ ဆိုသည် ယူဖွယ်ရှိ၏။ ။ 'အသီးအသန့်၊ ရှင်းရှင်းသန့်သော'အသန့်-ဟူ၍ နှ-သတ်ယူမူကား အရာအားဖြင့် ထျော်ကောင်း၏။ သေးသေးတင် စပ်အင်္ဂနှင့် လွဲးခဲ့ရာ၏။

နှ-သတ်အမြစ်ကို ယခင် သီးသန့်သည်-ဟူသောအရာ၌ ထင်၏။ စပ်အင်္ဂကား....

"မိုးဝသန်သန့်၊ ထက်ဝယ်တန့်ထျက်၊ အဝှန့်အဝါ" ၁

"တဖက်ရင်ကန့်၊ ဝတ်စားသန့်နှင့်၊ ဆိတ်တွန့်ခြည်ပန်း" ၂

"ပြည်ကြီးပစ်စွန့်၊ရှင်ဖြစ်ခန့်သည်၊ သန့်သန့်တော်ထွက်လေဖြိတည်း" ၃

စသည်ဖြင့် ထင်၏။ ။ထိုတွင် မိုးဝသန်သန့်-ဟူသည်၌ 'သီးသန့်သည်' ဟူသော အနက်ထျော်၏။ သီးသန့်သည်ထည်း 'သန့်ရှင်းသည်'ပင်။ ။ဝတ်စားသန့်- ဟူသည်၌ကား 'သန့်ရှင်းသည်'ဟူသော အနက်ထျော်၏။ ။သန့်သန့်တော်ထွက်လေဖြိတည်း-ဟူသည်၌ကား 'ချစ်တပ်ခြင်းသန့်ရှင်းသည်'ဟူ၍ ထည်းကောင်း ,ထူထဝမ္မတသီးတသန့်ဟူ၍ ထည်းကောင်း အနက်နှစ်သွယ်လုံး ထျော်၏။ "သီးသန့်သည်ထည်း သန့်ရှင်းသည်ပင်၊သန့်ရှင်းသည်ထည်း သီးသန့်သည်ပင်"ဟူ၍ သတော်မကွဲးသင့် ယူထည်းသင့်ရာ၏။

သွံ-သွန်-သွန်း-သွမ်း

၃၀၂-သဗျည်း ဝဆွဲး သေးသေးတင် နှ-သတ်,မ-သတ် ဝိသဒ္ဒနီ အမြစ်တို့၌ ဝေါဟာရကို ဖြခြင်း

သ-အက္ခရာ ဝဆွဲး သေးသေးတင်ကား.... "ဘူးတောင်း ထက်ပံ၊ စကားသွံကို၊ တရံ မယှဉ်" စသည်ဖြင့် စကားသွံ, ကစားဖောက်-ဆိုသော အရာတို့၌ ထင်၏။

---

၁ ကိုး * ၂၆၈။ ၂ ထန်ရ * ၁၁။ ၃ ကိုး * ၂၆၂။

ဖယောင်း ပျားသွံ၊ သစ်မြစ် သစ်ဖု သွံသည်-ဆိုမိန့်သော အရာလည်း နည်းတူသင့်၏။ ။ဤ၌ စကားသွန်း, ပျားသွန်း, သစ်ဖုသစ်မြစ်သွန်းသည်-ဟူ၍ မ-သတ် အနက်မူလကို ရောပြွမ်းသည်ကို ရောပြွံသည်၊ ဖဲ့သည်ကို ခြမ်းသည်၊ ရွှေသည်ခြမ်းသည်ကို **မခြီမဖဲ့ မရွှေမခြီ**-ဆိုသော အရာကဲ့သို့ **စကားသွန်း, ပျားသွန်း**-ဆိုရမည် အတွက်ကို 'စကားသွံ-ပျားသွံ' ဆိုသကဲ့သို့ရှိ၏။ ဆင်ခြင်။

သအက္ခရာဝဆွဲး န-သတ်ကား....

"ကိစ္စတသွန်၊ ပဒဋ္ဌာန်ဖြင့်၊ မဟာဏ္ဍဝ"
"ထမ်းကြောင်းတသွန်၊ ကောင်းကြီးထွန်လျက်၊ တံခွန်ကုဋ္ဌား"
"ချင်းပိကြက်သွန်၊ ရောင်ဝှန်မရှား"
"တရက်မချန်၊ မိုးနှယ်သွန်လျက်၊ ရွှယ်တန်ပျိုထွား"
"ကောင်းကင်ယုဂန်၊ စောင်း၍သွန်သို့၊ တသန်မလွတ်" ၂
"ကြာဆင်းထေသွန်၊ ကျော်စောဟန်ထက်၊ တိုင်းလွန်မသိ"
"ရှေးဦးထက်မွန်၊ စိရင်ဟန်ကား၊ ထေသွန်ပျော်ခန်း"

စသည်ဖြင့် ချင်းပိကြက်သွန်, ကြီးသွန်သည်, ထေသွန် တလျောက်, တသွန်-ဆိုသော အရာတို့၌ ထင်၏။ ထိုထွင် တသွန်-ဟူသည်ကား ရှေးသူဟောင်းတို့၏စကားဖြစ်၏။

ထို၌ ဝိသဇ္ဇနိသံကား....

"ချင်းထွင်းတသွန်း၊ ရန်မျိုးခန်းမှ၊ ရစ်သန်းမြစက်" ၃
"ရွှေညောင်ရေသွန်း၊ ကဆုန်မှန်းသား၊ ထဆန်းတရက်" ၄
"သားများသွန်းသွန်း၊ တရာထွန်း၏၊ သန်ကျန်းမှထမ်း" ၅
"သုံ့ပင်သွန်းသွန်း၊ ပြုဖန်ဆန်းသည်၊ ရှင်လန်းအရွက်လူလူတည်း"

စသည်ဖြင့် တယောက်တသွန်း, ကြီးသွန်းသည်၊ ညွှန့်ညွှန့်သွန်းသွန်း-ဆိုသော အရာတို့၌ ထင်၏။

ဝဆွဲး မ-သတ်ကား....

"နှလုံးမည်းနှမ်း၊ ပုံကားသွမ်းကြောင့်၊ ကြောင်းထမ်းဇာတိ" ၆
"သုယူသုဝမ်း၊ သုကျင့်တမ်းကို၊ မှားသွမ်းသိလှ" ၇

---

၁ သံ * ၁၆၇၊ 'ရောင်းဝန်မရှား။'
၂ မနော် * ၇၊ 'ကောင်းကင် ဝိဂန်၊ ....ထသန်ဖွဲ့ထတ်။'
၃ မင်းမယ် * ၄၄၊ 'ရစ်သန်းမြစ်စက်။'
၄ ဘုရားပေါင်း * ၂၇။
၅ သံ * ၇။
၆ ပုံတောင် * ၉။
၇ ကိုး * ၁၁၂၊မူကဲ့ 'ကျင်ကျမ်းသိလှ။'

"အရည်အစွမ်း၊ အတတ်သွမ်းဟု၊ မကျွမ်းမကျင်"

စသည်ဖြင့် ပေါ့သွမ်း, ယူသွမ်း, အသွမ်း ပြုကျင့်သည်-ဆိုသော အရာ၌ ထင်၏။ သအကွရာ၌ ဤမျှသာ ဝေါဟာရထင်၏။

"ဘဝါးကြာညွှန့်၊ ခြေတော်ဆန့်ဟု၊ လေသွန့်နှန်းကြား"ဟူ၍ လေသွန်ဟူသည်၌ ဝဆွဲး န-သတ် အမြစ်သံ ထင်သော်လည်း၊ တံခါးလေသွန်-ဆိုသော အရာလည်း ကောင်း အမြစ်စပ်အင်္ဂါ၍ မြစ်သံဖတ်သည်သာ ယူသင့်၏။ ထို၌ 'လေသွန်' ဟူသည်ကား ထိုတံခါးမှ လိုအပ်သောလေညှင်းကို သွတ်သွင်းကြိုးသွန်ရာ ဖြစ်သောကြောင့် 'လေသွန်' ဆိုသည်။

ပါဠိတော်၌ကား ဝါတပါန-သဒ္ဒါ လေသွန်ဟော၏။ ထိုပါဠိ အနက်ထွက်ဟန် ထင်အောင် ဝိဂြိုဟ်ဆိုထိုက်အံ့။ [ဝါတံ ဒိဝတိကိ ဝါတပါနံ၊ ဝါတံ ဒိဝတိ ထွေ တေနာတိ ဝါ ဝါတပါနံ။ ။ယံဒ္ဓါရံ-အကြောင်တံခါးသည်၊ ဝါတံ-လေကို၊ ဒိဝတိ-သောက်တတ်၏။ ဇာတိတသ္မာ-ထိုသို့ လေကို သောက်တတ်သော သတ္တိကြောင့်၊ တံဒ္ဓါရံ-ထိုတံခါးသည်၊ဝါတပါနံ-ဝါတပါနမည်၏။ဝါ-တနည်းကား၊ ထွေဒ္ဓါရေ-ဤတံခါး၌၊ ဝါတံ-လေကို၊ ဒိဝတိ-သောက်တတ်၏။ ဝါ-ကား၊ တေနဒ္ဓါရေန-ထိုတံခါးဖြင့်၊ ဝါတံ-လေကို၊ ဒိဝတိ-သောက်တတ်၏။ ဇာတိတသ္မာ-ထိုသို့ လေကို သောက်ရာ သောက်ကြောင်း ဖြစ်သော သတ္တိကြောင့်၊ တံဒ္ဓါရံ-ထိုတံခါးသည်၊ ဝါတပါနံ-ဝါတပါနမည်၏။] ရှေးဦးဝိဂြိုဟ်ကား ကတ္တုသာဓန၊ လေကိုသောက်တတ်သည့် တံခါးရ၏။ အလယ်ဝိဂြိုဟ်ကား အဓိကရဏသာဓန၊ လေကိုသောက်ရာ တံခါးရ၏။ နှောင်းဝိဂြိုဟ်ကား ကရဏသာဓန၊ လေကိုသောက်ကြောင်းတံခါးရ၏။ ထိုတွင် သောက်ရာ,သောက်ကြောင်း ဟူသည်၌ သောက်တတ်သော ကတ္တားမကင်းရာသောကြောင့် လေသွန်တံခါး။ တူရ ဃေညှင်းခံယူသောသူသည် သောက်သည့်,ဆုံးသည်-ဖြစ်ရကား ဃေဖြည်ဃေညှင်းကို ခံယူသောသူသည် ကတ္တားဖြစ်၏။ ဤဝိဂြိုဟ်အရာ၌ လေကိုသောက်၏-ဟူသည်ကား အပမ္မလာသော ဃေသည် ထိုတံခါး၌ ပျော်သော အခြင်းအရာ ထင်သောကြောင့် သောက်သည် မည်၏။ ဤနှင့်ထျော်စွာ 'ဃေသောက်တံခါး' ဟူသင့်ဝျက် သဘောနီးစပ်သည်, သုတိသာသည်သို့ထိုက်၍ 'လေသွန်' ဆိုဃေသည် ယူသင့်၏။

ဟံ-ဟန်-ဟန့်-ဟန်း

၃၀၃-ဟဗျည်း သေးသေးတင် န-သတ်, မ-သတ်, ဝိသဇ္ဇနီသံ အမြစ်သံတို့၌ ဝေါဟာရကို ပြခြင်း

ဟ-အက္ခရာ သေးသေးတင်ကား....

"ပေါက်နှင့်ဟိုင်းဟံ၊ တည်တံမကြွင်း" ၁
ပေါက်နှင့်ဟိုင်းဟံ၊ တည်တံမြားမြောင်" ၂

စသည်ဖြင့် ဟိုင်းဟံဟူသောအမည်၌ ထင်၏။

ထိုနှင့်အသံတူ န-သတ်ကား....

"တည်ကြားနေဟန်၊ ထားသင့်ရန်သည်၊ နောင်ဂုန်ပြောင်ပြောင်ဝင်း ဝင်းတည်း" ၃
"ကျိုးကြောင်းဖြစ်ဟန်၊ သိမြော်မှန်သည်၊ ဘုန်းအန်သန့်ကြွား" ၄
"တောထွက်ဃေဟန်၊ ပြန်ဝိမ့်သောဌာ" ၅

စသည်ဖြင့် ပြုဟန်,မူဟန်,ရှုပ်ဟန်, ဟန်ပန်-ဟူသည်ဆိုသောအရာတို့၌ ထင်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"သေးရဟန်း၊ ငထိပ်ပန်းနှင့်၊ နှုတ်ခွန်းဆက်လျှင်းတော့မည်တည်း" ၆
"လူနှင့်ရဟန်း၊ ခင်ပွန်းဟူသော်က်" ၇
"လူဖြစ်ဘနန်း၊ ဤရဟန်းကား၊ ဟန့်ထွန်းသေခတ်" ၈

စသည်ဖြင့် ရသေ့ရဟန်း ဆိုသောအရာ၌ ထင်၏။

ထို၌ အမြစ်သံကား....

"မစ္ဆေတားဟန့်၊ ကုသိုလ်ကြန့်လျက်၊ ဘုန်းညွှန့်မပွား" ၉
"အရေးကန့်ကန့်၊ ဟန့်ပါကောင်းလျက်" ၁၀

---

၁ မင်းရာ * ၂၁။
၂ မင်းမယ် * ၇၀။
၃ ထန်ရ * ၁၉၊ 'ပြောင်ပြောင်ထင်း ထင်းတည်း။'
၄ ဘူပေါင်း * ၇၃၊ 'ဆိမြော်လွန်သည်'
၅ ကိုး * ၂၆၀။
၆ ကိုး * ၂၇၁။
၇ ဘူပေါင်း * ၃။
၈ သံ * ၄၊ 'ဤရဟန်းလျှင်၊ ဟုပ်ထွန်း ဃေခတ်။'
၉ ကိုး * ၁၀၄။
၁၀ သံ * ၁၀၂။

"မတ်များအဂ္ဂန်၊ ဖိတားဟန်ဇ်၏၊ ကောင်းညွှန်ရှင်ထွ" [၁]

စသည်ဖြင့် တားဟန်သည်-ဆိုသောအရာ၌ ထင်၏။ ။ဤဟုမျည်း၌ သက်သက်တွင် သေးသေးတင် လည်းကောင်း, နှ-သတ်တွင် နှ-သတ် သက်သက် လည်းကောင်း, ဝိသဇ္ဇနီသံလည်းကောင်း, အမြစ်သံလည်းကောင်း, ဤအသံသေးမည်မျှသာ ဝေါဟာရထင်သည်။

က-စသော မျည်းတို့တွင် အသုံးထင်သော ဝေါဟာရတွေ အက္ခရာတို့၌
မ-သတ်, နှ-သတ်ဟုဥစ်ထက် သေးသေးထင်ဟူသော
ဗျဥ္ဇနအန္တကို ထုတ်သည်ကား ပြီးပြီ။

ဤတွင်
ဝေါဟာရတ္ထပကာသနီ သတ္တမပိုင်း
ပြီးပြီ

* * *

---

၁ သံ * ၁၀၀။

အဋ္ဌမပိုင်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

သေးသေးတင် ဟူသော ဗျဉ္ဇနအန္တနောင် က-သတ်၊ ဂ-သတ်၊ စ-သတ်ဟူသော ဗျဉ္ဇနအန္တတို့ကို အစဉ်အားလျော်စွာ ဆိုသင့်ကျက် က-သတ်၊ ဂ-သတ်၊ စ-သတ်-တို့၌ အသံတူ အသတ်, သေးသေးတင်-စသည်ဖြင့် မရှိသည်ဖြစ်၍, ထွေးယှက်ဖွယ် မထင်။ ။ည-သတ်၌ ယ-သတ်နှင့်အသံမတူကျက် အမှတ်မထင် မှခြားမနား အပြားမဲ့ ဆိုဝံ့ရေးတတ်သည် ထင်သောကြောင့် ထိုယ-သတ်နှင့် အချန်မဲ့စပ်ကျက် ည-သတ် ကို ထုတ်အံ့။ ထိုည-သတ်၌ ဦးခေါင်းရှိသတ်သောအသံ၊ ဥ သက်သက် အသံထူးဟန် ကို ထောက်၍, အောက်၌ ခွဲးခဲ့သည်နှင့်အညီ၊ ညဦးခေါင်းရှိသော အသံကို ရှေး ဦးအစ ဝေါဟာရအသုံးထင်ရာ က-အက္ခရာစခန်းဖြင့် အစဉ်သင့် ရှေးနှင့်တူစွာ ထုတ်အံ့။ ထို့နောက် ဥ သက်သက် သတ်သောအသံ, ယ-သတ်အသံတို့ကိုထုတ်အံ့။

ကျည်-ကျည်း

၃၀၄-ကဗျည်း ယပင့် ည-သတ်သက်သက် ဝိသဇ္ဇနီသံ၌
ဝေါဟာရကို ပြခြင်း

[ကအက္ခရာ သက်သက်၌ ည-သတ်မထင်]။ ။ယပင့် ည-သတ်ကား....

"ကျိုးကျိုးကျည်ကျည်၊ ကျင့်လိမ့်သည်ဟု၊ ယုံကြည်စဖော်က်" ၁
"မီးအားကျိုးကျည်၊ ဆယ်သူသည်ထွင်၊ ကြိုက်လည်စေအောင်" ၂
"နှလုံးခိုင်ကျည်၊ ပုသ်ဆောက်တည်ထွက်၊ နှစ်မည်နံ့ရှင်" ၃
"အလွန်ခိုင်ကျည်၊ သဘောတည်ထွက်၊ ရှင်ရည်ဆင်ပြင်"
"သီထဟူသည်၊ စစ်ထွင်တည်၍, ခိုင်ကျည်သတိ"
"ရွဲရွဲဆီရည်၊ ထွက်စိမ့်သည်ဟု၊ ဆုံကျည်အဝ" ၄

---

၁ ဘူထင် * ၁၄၀။
၂ ဘူပေါင်း * ၈၉။
၃ ဘူပေါင်း * ၆၀။
၄ ကိုး * ၃၃။

"မပြုန်းမကျည်၊ ရွက်တူရွည်သား၊ ပင်ခြည်သေးသေး" ၁
"သီတင်းမတည်၊ ကိုယ်ရင်ကျည်ရှင့်၊ ငါသည်ဆူမွှန်" ၂
"သဒ္ဓါမစည်၊ စိရင်ကျည်သည်၊ တာရှည်သွေးတုံ တုံသတည်း" ၃

စသည်ဖြင့် ကျိုးကျိုးကျည်ကျည်ပြုသည်, ကျိုးကျိုးကျည်ကျည်မြည်သည်, အသံကျည်သည်, မီးကျည်, ဆုံကျည်, တိုတောင်းသည်ကို ကျည်သည်-ဆိုမိန့်သော အရာတို့၌ ထင်၏။

ကျိုးကျိုးကျည်ကျည်ပြု၏-ဟူသည်ကား- ကျိုးကျိုးနှဲနှဲ၊မမစစ၊သိပ်သည်းစွာပြုသည်ဟူလိုသည်။ ။ကျိုးကျိုးကျည်ကျည်မြည်သည်, အသံကျည်သည်-ဆိုမိန့်သော အရာကား ကျစ်ကျစ်ကျာကျာ ထင်မြင်စွာသော အသံဆိုလိုသောအရာဖြစ်၏။ခိုင်ကျည်၏-ဟူသည်ကား-ခိုင်ကျန့် ခန့်မာသည် ဆိုလိုသော အရာဖြစ်၏။ မီးကျည်၊ ဆုံကျည်--ဟူသည်ကား- အခေါင်းအပေါက် အစရှိသော သစ်ဝါးစသည်တို့ကို ဆိုမိန့်သော အရာဖြစ်၏။ ။တိုသည်ကို ကျည်သည်-ဆိုမိန့်သော အရာကား "နတ်စင်ဝိတုန်း၊ တောင်ပံနှုန်းထွက်၊ မပြုန်းမကျည်"....ဟူသည်၌ ဝိတုန်းတောင်ပံခွင့်နှုန်းစံအင်္ဂသော စင်သန့်သော မည်းနက်ခြင်း ရှိသော မပြုန်းမသောင်း မတောင်းမတို ဆံရွက်တူမျှသော ရှည်ခြင်းရှိ၏ ဟူသောအဓိပ္ပါယ်ထွက်အောင်ယူထျင် ထင်၏။

"မလပ်ခြည်သား၊ အခါခါထျင်၊ သဒ္ဓါအစည်၊ စိရင်ကျည်သည်၊တာရှည်သွေးတုံတုံသတည်း"

ဟူသည်၌သည်း ကောင်းမှုပြုခြင်းကာလမရ၊ နှစ်,လ,ရက်စင်အောင် မလပ်မအားခြည်သာနှင့် အခါခါလွန်၍ သဒ္ဓါတရားမပွားမစည်သဖြင့် စိရင်ခွင့်ကောင်းမှုပြုရန် တိုတောင်း ကျည်မြောင်းလေသည်။ တာရှည်သွေးလေသည်။ ဤဆို အဓိပ္ပါယ်ယူထျင် နည်းတူထင်သာ၏။ "သီတင်းမတည်၊ ကိုယ်ရင်ကျည်ရှင့်"....ဟူသည်မှာလည်း နည်းတူယူသင့်၏။ ။ဦးကျည်-ဟူသော တိရစ္ဆာန်အမည်၌သည်း ခေါင်းဦးမရှည်မသွယ် တိုတောင်းသည်ကိုခွဲ၍ 'ဦးကျည်' ဆိုလိုသည် ယူရဖွယ်ရှိ၏။ ခွေးအမြီးတို ဆိုမည့်အထွက်ကို 'မြီးကျည်' ဟူ၍ သူဟောင်းတို့ ဆိုမိန့်သည် ဟုကုန်၏။ ယခုကား အဆိုအမိန့်မထင်၊ တိမ်ပျောက်သည်ဖြစ်ရာ၏။

ယဝင့် ည-သတိ ဝိသဇ္ဇနီသံကား....

"ဧဉ္ဇောရကျည်း၊ မိဏ္ဍာချည်းတို့၊ တိုက်လှည်းပြင်းပြ" ၄

---

၁ ဘူပေါင်း * ၇၇။
၂ ကိုး * ၁၀၁။
၃ ဘူပေါင်း * ၃၇။
၄ မင်းမယ် * ၅၇။

"ကျည်းကပင်သည်၊ [၁] ကျည်းက ပေါ်သည်၊ ကျည်းကပါသည်၊ [၂] ကျည်းကဆက်သည်၊ [၃] ကျည်းကသတ်သည်၊ [၄] ကျည်းကဖွဝ်သည်"
"ဆော်မောင်းသံသည်း၊ ထိတ်ထိတ်ကျည်းမျှ၊ ပစ္စည်းပုံယင်"
"သက်ယုတ်သေနည်း၊ ဖြစ်သည်ချည်းဟု၊ ထန့်ကျည်းထိတ်ထ" [၅]
"ဖနောင့်ဖကျည်း၊ ဟိုက်ဟိုက်ကျည်းမျှ၊ အသည်းထောင်းထောင်း" [၆]
"နားဝေ နားစည်း၊ နှလုံးကျည်းမျှ၊ ဖြည်းဖြည်းပျံပျူး" [၇]

စသည်ဖြင့် ကုလားကျည်း,နာကျည်းသည်,ထန့်ကျည်းသည်-ဆိုသောအရာတို့၌ထင်၏။

ထိုတွင် ကုလားကျည်းဟူသည်ကား အမည်မျှသာ ဖြစ်သင့်၏။ နာကျည်းသည်၊ ထန့်ကျည်းသည်၊ ထိတ်ထိတ်ကျည်း၊ နှလုံးကျည်းသည်၊ မြေကျည်းသည်-ဆိုမိန့်သော အရာကား 'နာကျည်းသည်' ဟူသော အနက်ဖြစ်သင့်၏။ ။ငှက်တင်ကျည်း၊ တုတ်တင်ကျည်း၊ အနာတကျည်း၊ သစ်ပင်မန်ကျည်း၊ရေတကျည်း၊ခြေကျည်း၊ ထက်ကျည်း၊ ငလူ ငကျည်း၊ ငါးကျည်း၊ တကျည်း၊ ကျည်းနာသည်၊ ကျည်းဟီ-ဆိုသောအရာထည်း နည်းတူသင့်၏။ ထိုတွင် မြေကြီး ကြည်းသည်၊ နာကြည်းသည်-ဟူ၍ ရစ်ထွက် အချို့ ရေးကုန်၏။ မြေကြီးကြည်းသည်ကို ကြည်းဟီသည်ဟူ၍ ရင့်ကြွေးကြော်ငြာသော အသံဖြစ်သည်ကိုစွဲ၍ ယူမှု ရစ်ထိအံ့သို့ရှိ၏။ နာကျည်းသည်-ဟူသည်နှင့် သဘော တူသည်ကိုငင်း, "ဖနောင့်ဖကြည်း၊ ဟိုက်ဟိုက်ကျည်းမျှ"ဟူ၍ အရစ်-ယပင့်စင်အင် ပြားသင့်သည်ကိုငင်းထောက်မှု ယပင့်ကို နှစ်သက်ပေသည်။ [က-အက္ခရာ ယပင့် ည-သတ် အမြစ်သံကား မထင်]။

ကြည်-ကြည်း-ကြည့်

၃၀၅-ကဗျည်း ရရစ် ည-သတ် သက်သက် အမြစ်ဝိသဒ္ဒနီတို့၌ ဝေါဟာရကိုပြခြင်း

ရစ်၍ ည-သတ်ကား....

"မြစ်ထက်ထည်းကြည်၊ ချမ်းငြိမ်းတည်ထျက်၊ မိုးရည်မတင်" [၁]

---

၁ နောင်။
၂ နောင်။
၃ ရှင်သံခို ဆိုရတု၊ရွှေးကဗျာ ၇၇။
၄ နောင်။
၅ ဘူပေါင်း * ၁၀၄၊ 'ထန့်ကြည်း ထိတ်ထ။'
၆ ဘူထင် * ၄၃၀၊ 'တိုက်တိုက်ကြည်း မျှ။'
၇ ဘူပေါင်း * ၇၁၊ 'နှလုံးကြည်းမျှ။'
၁ * ထံ၊ နိုဂုံး * ၂၊ 'မြစ်ထက် ထင်း ကြည်။'

"ဆောင်လေသာကြည်၊ နဂါးပြည်၌၊ နေသည်တကွ"
"မိုးပေါက်ရေကြည်၊ ကျန္ဒင်းထည်သို့၊ မျက်ရည်ရွှမ်းရွှမ်း" ၁
"ယုံယုံကြည်ကြည်၊ လူ့ပြည်ထင်လှည့်"
"စီးပွားသာစည်၊ လွန်ချမ်းကြည်ဟု၊ သက်ရှည်ဆယူ" ၂
"မှန်းထားမည်ရည်၊ နတ်အိမ်တည်ထျက်၊ အကြည်အညို"
"လျော့လျော့ကြီစည်၊ တရားဆည်မှ၊ ကြည်ကြည်ထင်ထင်"

စသည်ဖြင့် ယုံကြည်, ညွတ်ကြည်, ချမ်းကြည်, ရွှင်ကြည်,သာကြည်,ကြည်ထင်သည်-ဆိုသောအရာ၌ထင်၏။ ဤ၌ ကြည်၏-ဟူသည်ကား၊ အနှောင့်အရှက် ကင်းသည်၊ သန့်ရှင်းသည်-ဟူသော အနက်တည်း။

ထို၌ ဝိသဇ္ဇနီဆံကား....

"တောင်မြောက်ရေကြည်း၊ စီစစ်သည်းထျက်၊ စောင့်စည်းရံတား" ၃
"ဖြင်ညီး ပေါ်ပည်း၊ တစုတည်းထျင်၊ ရေကြည်းပန်းမျိုး"
"ပေါ်ထွဏ့် နည်း၊ ကုန်းကြည်းတောင်ခိုင်" ၄
"ငံ့ရာသနည်း၊ ငကြည်းငတောင်"
"ဖျော်ကြများနည်း၊ မကြည်းမပျစ်" ၅
"အကြောင်းတနည်း၊ ပမာဆည်းသော်၊ ကြည်းကြည်း ရွှင်ရွှင်" ၆
"ဖနောင့်ဖကြည်း၊ တိုက်တိုက်ကြည်းမျှ" ၇

စသည်ဖြင့် ကြည်းရေ,အရည်ပျစ်ပျစ် ကြည်းကြည်း, ရွှင်ရွှင်ကြည်ကြည်း, ဖနောင့်ဖကြည်း-ဆိုသော အရာတို့၌ထင်၏။

ထိုတွင် ရွှင်ရွှင်ကြည်းကြည်း၊ ပျစ်သည် ကြည်းသည်-ဆိုမိန့်သောအရာ၌ 'ကြည်ထင်သည်'ဟူသော ယခင်အနက် မူလတွင် ဝိသဇ္ဇနီဆံ ဆိုပါသည်မျှသာ ထူး၏ထို့ရှိ၏။ရွှင်လန်းသည်-ဟူသော မူလအဆံသည် မျက်နှာရွှင်းရွှင်း၊ ဝင်းဝင်းရွှေရွှေ-ဟူ၍ ဝိသဇ္ဇနီဆံ၊ ချိုမြက်သည်ဟူသော မူလအဆံသည် 'ဆိမ့်ဆိမ့်ချိုးချို၊ ကောင်းမွန်နိုး က'ဟူ၍ ဝိသဇ္ဇနီဆံ ဆိုမိန့်သည်နှင့် တူအံ့သို့ရှိ၏။

---

၁ ကိုး * ၁၇၃။
၂ ကိုး * ၂၅၆၊'တိုင်းကား သာစည်။'
၃ ထောသာ * ၂၆။
၄ ဘူပေါင်း * ၁၇။
၅ မနော် * ၅၃။
၆ ဘူပေါင်း * ၇၆။
၇ ဘူထင် * ၄၃၀၊'ဖနောင့်ဖကျည်း။'

အမြစ်သံကား....

"ရှေ့ရှုမြော်ကြည့်၊ နေတုံလှည့်သည်" ၁
"မရှုမကြည့်၊ နေ့တိုင်းလှည့်၍၊ မိုက်၏ဟူလော်က်"

စသည်ဖြင့် 'ရှုကြည့်သည်' ဆိုသောအရာ၌ ထင်၏။

ချည်-ချည်း-ချည့်၊ ခြည်-ခြည်း

၃၀၆-ခမျည်း ယပင့် အရစ် ည-သတ် အမြစ် ဝိသဇ္ဇနီသံတို့၌
ဝေါဟာရကိုပြခြင်း

[ခ-အက္ခရာ၌လည်း သက်သက် ည-သတ်သည်မထင်]။ ။ယပင့်ကား....

"တုပ်ကွန်ခြောင်ချည်၊ ဘုံဆုံးမည်တွင်၊ ကျင်လည်သောအား"
"ဆွေအားပွဲချည်၊ ဖူးခြိမ့်သည်ဟု၊ ဆော်စည်ခတ်တီး"
"မီးကျက်စံတည်၊ ရွှေနှင့်ချည်သော်၊ ကျောက်ရည်တက်ဟန်" ၂
"ရွှေလော်စံတည်၊ မြနှင့်ချည်သို့၊ လူ့ပြည်၌တွင်"
"ပတ္ထမြားတချည်၊ ဆန်တပြည်သို့၊ ကြီစည်စတတ်" ၃
"မကိတချည်၊ လွတ်စံတည်၊ ရောင်ခြည်ပြိုးပြိုးပြက်ပြက်တည်း"

စသည်ဖြင့် ပွဲသည်, ချည်သည်, အကွင်းအချည်-ဆိုသောအရာ၌ထင်၏။ ။ထိုတွင် ရွှေနှင့်ချည်၏၊ မြနှင့်ချည်၏-ဟူသည်ကား မီးဖြင့် ကျက်နပ်သော စံထားရွှေနှင့် ပွဲချည်သဖြင့် ကျောက်ရည်တက်၏။လော်ပြိုးဦးပြိုးသော စံထားရွှေနှင့် မြကျောက်ကို ချည်ပွဲစပ်နှောင်သကဲ့သို့ဖြစ်၏။ ဤသို့သောအနက်ကို ဖော်သည်၊ ပွဲသည်၊ ချည်သည် ဟူသော ယခင်အနက်လည်းကောင်းတည်း။

ထို၌ ဝိသဇ္ဇနီသံကား....

"ဧးရိုက်ချည်းချည်း၊ ဖြည်းဖြည်းညင်းညင်း" ၄

ချည်းလျပြာသည်၊ ချည်းလျညက်သည်၊ ချည်းလျညှတ်သည်၊ ချည်းလျလှဝ်သည်။

"နာပျော်ဖွယ်ချည်း၊ ရွှေစောင်းဖြည်းဆို၊ ချည်းချည်းငံငံ" ၅

စသည်ဖြင့် လျလျချည်းချည်း, လှဝ်လှဝ်ချည်းချည်း- ဆိုသောအရာ၌ ထင်၏။ ထို၌

---

၁ ဘူလင် * ၂၃၉။
၂ ဘူလင် * ၃၀။
၃ ဘုံ * ၃၇။
၄ သံ * ၁၆၀။။
၅ ဘူပေါင်း * ၁၀၇။။ 'ခြည်းခြည်းငံငံ'

ချည်းချည်း-ဟူသည်ကား 'လျထျပါးပါး ပျောင်းနွဲ့သောအမူအရာ'ကို ဆိုမိန့်သော စကားဖြစ်၏။

ထို၌ အမြွှစ်ဆံကား....."ရွှေရွှမြော်ကြည့်၊ နေတုံလှည့်သည်၊ ပျောင်းချည့် ကြိုးဆို ခွေသတည်း" [၁] စသည်ဖြင့် ပျောင်းပျောင်းချည့်ချည့်၊ နုန်းနုန်းချည့်ချည့် ဆိုသော အရာ၌ ထင်၏။ ဤ၌ ချည့်၏-ဟူသည်ကား ယခင် လျထျချည်းချည်းဆိုသော အနက် မူထတွင် အားနည်းပြန်သောအနက်မျှသာ အထူးကဲ့သို့ရှိ၏။

ခအက္ခရာရစ်၍ ည-သတ်ကား....

"မိုးစွန်တိမ်ခြည်၊ အိမ်ကိုရည်ထေ့၊ ငါးမည်ကြွန်သင့်"
"ထွက်မြေးနေခြည်၊ နေလုံးတည်မှ၊ ငွေရည်လျံဝါ"
"ဘုရားဟောခြည်၊ နားတော်ထည်၍၊ မြန်ပြည်တွင်"
"နီလာရောင်ခြည်၊ လျံပြေထည်သား၊ မြရည်မယွန်း"
"တသီးလျံခြည်၊ နေထရည်လည်း၊ တူမည်ပြိုင်ခိုင်း"
"မပြုန်းမကျည်၊ ရွက်တူရွည်သား၊ ပင်ခြည်သေးသေး" [၂]
"ပုဆိုးတင်တည်၊ ဝါခြည်တမုတ်" [၃]
"ရွှေစင်ငွေရည်၊ ဖန်ခြည်လျံထွန်း"

စသည်ဖြင့် အရိပ်အခြည်,ရောင်ခြည်,လျံခြည်, ဝါဝိုးခြည်-ဆိုသောအရာတို့၌ ထင်၏။

ထို၌ ခြည်-ဟူသော ဝေါဟာရကား 'အသွယ်အမျှင် ရိုင်ရိပ်ရေးရေး ထင်မြင်ကောင်းသည်'ကို ဆိုမိန့်သောအရာဖြစ်၏။ ထိုနှင့်လျော်စွာ ရွှေငွေကြေးစသည်တို့ကို နှန်းသို့သွင်း၍ စင်းစင်းဝျားလျား အသွယ်အမျှင် ငင်အပ်သော အချောင်းအတံငယ်ကို 'နှန်းခြည်'ဆိုမိန့်ခြင်း၊ ယင်းနှင့်အတူ အသွယ်အမျှင် ထင်ကောင်းသမျှ ပင့်ကူခြည်၊ ဝိုးခြည်၊ ဝါခြည်-ဆိုမိန့်သောအရာများစွ။ ။နေခြည် ဖန်ခြည် ဆိုသည်တို့၌လည်း နေစသည်တို့မှ ကျယိုစီးထွက်သော အရောင်သည် အသွယ်အမျှင်ကဲ့သို့ ပြန့်နှံ့၍ ထင်သောအမူအရာပင်ဖြစ်၏။ ။မိုးခြည်တိမ်ခြည်ဟူသည်လည်း မိုးတိမ်စသည်တို့မှ အရိပ်ပြန့်နှံ့သော အမူအရာငင်းဖြစ်၍ သတော မကဲ့သည်သာဖြစ်၏။ ။ရောင်ခြည် လျံခြည်-ဟူသည်လည်း အရောင်အလျံပင် ပြန့်နှံ့သော အခြင်းအရာဖြစ်၏။ ။အရိပ်အခြည်- ဟူသည်လည်း တည်ရာ တစုံတခုမှ ထွက်သော အမူအရာ အခြည်အဝါငင်း ယူသင့်သောအရာဖြစ်၏။ ဤသည်တို့ကိုထောက်လျှင် မူထအနက် လျော်သည်သာ ဖြစ်သင့်၏။

---

၁ ဘူထင် * ၂၃၈။ ၂ ဘူပေါင်း * ၇၇။ ၃ သံ * ၁၆၇။

ထို၌ ဝိသဇ္ဇနီသံကား....

"နာပျော်ဖွယ်ခြည်း၊ ရွှေစောင်းဖြည်းသို့၊ ချည်းချည်းချေငံ" ၁
"မတားသည်ခြည်း၊ သဲလွှည်းကောက်ရုံး"
"လေးပါးပစ္စည်း၊ ရှေးကခြည်းဟု၊ ကောင်းနည်းမယူ"

စသည်ဖြင့် ပြုသည်ခြည်း, မှုသည်ခြည်း, စားသောက် အိပ်နေသည်ခြည်း- ဆိုသော အရာ၌ ထင်၏။

[အရစ် ည-သတ်၌ အမြစ်သံကား မထင်]။ ။ဤ က-အက္ခရာ, ခ-အက္ခရာတို့၌ ယပင့်အရစ်မျှသာ ဝေါဟာရထင်သည်၊ ဝဆွဲးမထင်။ ။ဂ-အက္ခရာ ည-သတ်၌လည်း မထင်သည်ဖြစ်၍, က-အက္ခရာ, ခ-အက္ခရာတို့တွင် ယပင့်အရစ်ကိုသာ ထုတ်သည်။ နောက်ဆိုထည့်သော အက္ခရာတို့၌ထည်း ဝေါဟာရ မထင်သည်ကို လွှတ်၍, ထင်ရာသာ ထုတ်အံ့။

စည်-စည်း-စည့်

၃၀၇-စဗျည်း ည-သတ်သက်သက် အမြစ် ဝိသဇ္ဇနီတို့၌ ဝေါဟာရကို ပြခြင်း

စ-အက္ခရာ ည-သတ်ကား....

"တစ်ကြိုစည်၊ ဆိုအံ့သည်ထည်း၊ ထူးတည်မတတ်"
"ထျောထျောကြိုစည်၊ တရားသည်မှ၊ ကြည်ကြည်ထင်ထင်"
"စီးပွားသာစည်၊ လွန်ချမ်းကြည်ဟု၊သက်ရှည်ဆယူ" ၂
"မည်သာထူးထည်၊ ပန်းတိစည်သား၊ ထေပြည်ထေညင်း"
"ရင်သီးတတည်၊ နတ်ပွဲးစည်သား၊ နတ်ပြည်တထောက်"
"တံဝိုးမြောက်စည်၊ တံရှည်တံမြှောင်"
"မည်ထမည်ရည်၊ မုဒိန်းစည်ကို၊ ပြုသည်ပေါ်ထင်"
"မတန်ထက်ရည်၊ ညည်းညည်းထည်မှု၊ အောင်စည်ဆော်ခတ်"
"ညဏ်ခြောက်မည်၊ တုကင်းစည်တည်၊ တီးမြည်ကြိုကြို" ၃
"ရှင်ပြုထိမ့်မည်၊ နှမြောသည်တည်၊ ရွှေစည်တီးတီး"

စသည်ဖြင့် ကြိုစည်သည်, စည်ပင်သည်, စောင်းငြင်းပတ်စည်ဆိုသောအရာတို့၌ထင်၏။

---

၁ ဘူပေါင်း * ၁၀၇၊ 'နာပျော်ဘွယ် ချည်း၊....ခြည်းခြည်းချေငံ။'
၂ ကိုး * ၂၆၀၊ 'တိုင်းကာသာစည်။'
၃ ကိုး * ၂။ 'တီးမြည်ကျဲကျဲ။'
၄ ကိုး * ၁၃၆။

ထိုဌာန စည်ပင်နှင့်-ဟူသည်ကား ပြန်ပွား ကြီးကျယ်သည်-ဟူသော အနက်တည်း "ကမ္ဘီးဌာန်ကျောက်မည်၊ ကြေငံးစည်သည်း၊ ဝိုက်သည်ခေ" ဟူ၍, စင်ဆိုသော အရာ၌ ကြေငံးကြီးဖွယ် စည်ပင် ပွားပြန့်အံ့သည်-ဆိုထိုရိုဝ်ထင်သည်နှင့်အညီ ကြေငံးသည်-ဟူသောအရာကိုတည်း 'အကြီးစည်ပင်နှင့်' ဟူသောအနက်ယူရမည်ဟု ဆိုကြသည်-ဆိုဖိန်သောအရာသည်း ပြန့်ပွားခြင်းသော အနက်ထင်နှင့်၊ ဒီးထင်းသည်-ဖြန့်ကျက်သည်-ဆိုသောအရာကဲ့သို့ရှိနှင့်၊ ပတ်စည်-ဟူသည်ထည်း ပရိသတ်ကို ဆွဲဆောင်ဆို ပြန့်ပွားစည်ပင်စေသည် ဟူ၍, ယူသော် အနက်ရကောင်းသော်လည်း နိဂုံး အမည်မှာသာ အနက်ရကြိုးဖွယ်မရှိ ဟူထည်းသင့်ရာနှင့်၊ ဆရာတို့တိုက်၍, အဓိပ္ပာယ် သဘောလျော်ရာ စုံစမ်းလေ့ဖြစ်စေတို့သောကြောင့် ထုတ်လိုက်သည်း

ထိုဌ ဝိသဒ္ဒနီ ထံကား....

"ဝန်းမန်ကွမ်းစည်း၊ တင့်ရည်းရွှင်ပ"
"ရုံးရုံးစည်းစည်း၊ ရှစ်ပိုဒ်တည်းဖြင့်၊ အနည်းကျွင်းသင့်"
"အဂိုထည်းနည်း၊ ယေဓိုဒ်တည်းဖြင့်၊ ပေါင်းစည်းထုံဖြိ" ၁
"ဖြင့်ဇ်ပေါ်ပည်း၊ လုံးစည်းကိုယ်ထက်" ၂
"ဘောင်မြောက်ရေကြည်း၊ စီစစ်သည်းထွက်၊ စောင့်ည်းရုံထား" ၃
"တစင်စီဖြည်း၊ ည်းဖြင့်သားလို" ၄
"နားဝေးနားည်း၊ နှလုံးကူည်းမှ၊ ဖြည်းဖြည်းမွှဲပျုံး" ၅
"ဆယ်ခုပစ္စည်း၊ တဖြည်းဖြည်းလွှင်၊ ရွှေတည်းနောက်တွ"
"သေးပါးပစ္စည်း၊ ရွှေးကဖြည်းဟု၊ ကောင်းနည်းမယူ"
"စိတ်ဖျားသွယ်နည်း၊ အပည်းပည်းတွင်၊ ပစ္စည်း ပစ္စဟုတ်" ၆

သေည်ဖြင့် ရုံးစည်း, ပေါင်းစည်း, လုံးစည်း, စောင့်ည်းသည်၊ ည်းခြင်, ပစ္စည်းပစ္စယ်, ပစ္စည်းပစ္စယုတ်-ဆိုသောအရာတို့ရှိသင်၏။

ထိုတွင် ပစ္စည်းပစ္စယ်, ပစ္စည်းပစ္စဟုတ်-ဟူသည်ရှိကား-ပစ္စယ သဒ္ဒါကိုရွဲ့၍ ပစ္စတ်လိုက်ရာ 'ဝိနယသဒ္ဒါကို-ဝိနည်း၊ ဆိပ္ပယ သဒ္ဒါကို-သိပ္ပည်း'-ဟူ၍, ဥပမာ ဆိုဖိန်သည်နှင့် အတူတည်း ။ ရုံးစည်း၊ လုံးစည်း၊ ပေါင်းစည်းသည်၊ ဖြည်းဖြည်းသည်တို့ကား၊ ယဆောက္ခဲးဟန်မတင်းစုရုံးစေခြင်း အနက်ရှင်းဖြစ်သင့်၏ ။ ဤသည်း

---

၁ ထူပေါင်း * ၅၃း 'ပေါင်းစည်းထုံဖြိ'
၂ ထန်ရ * ၂ (၉)း
၃ ဇောဃာ * ၂၆း
၄ ကိုး * ၂၇၁း
၅ ထူပေါင်း * ၇၁း
၆ ထန်ရ * ၂၁း

ဆိုသည်၌လည်း အဝိုင်းအခြား ဆီးကာ၍, သိမ်းဆည်း စုရုံးသည်, ဖွဲ့စည်းသည်-ဟူသော အနက်ရကောင်းဖွယ်ထင်၏။

ထို၌ အမြစ်ဆံကား....

"ဝါခေါင်ထဖြည့်၊ ထွန်းစည့်ဝင်းဝါ"
"ခေါင်ထွဋ်လည့်လှည့်၊ နေ့စည့်စည့်ကို၊ မည်သည့် ချိန်ခါ" ၁

စသည်ဖြင့် လင်းလင်းစည့်စည့်-ဆိုသောအရာ၌ထင်၏။ ဤ၌စည့်စည့်-ဟူသော ဝေါဟာရ မထင်သောကြောင့် 'နေ့စည့်စည့်' ကို ဟူ၍, ရှေ့တွန်းကို အမြစ်ဆံမပါဝဲး အချို့ဖတ်ကုန်၏။ အချို့လည်း 'နေ့စေ့စေ့' ဟူ၍, ည-သတ် စပ်အင်ကို မရှု ဖတ်ကုန်၏။ ဆိုပြီးသော စပ်အင်တို့ကိုလည်းကောင်း, အထိုက်ရတုမှာ 'နေ့ရှင်ရှင်ကို၊ ဆင်ခြင်မထာ' ဟူ၍, စပ်သည်ကို လည်းကောင်း,

"စည့်စည့်ထင်းဖြာ....တည့်တည့်ခြင်းရာ" ၂
"ထင်းစည့်ထိန်ဖြာ ...မင်း၏ကျိန်စာ"

ဟူ၍, အခံအထိုက် စပ်ဟပ်ကြသည်ကိုလည်းကောင်းထောက်၍, ယူရာ၏။

ဆည်-ဆည်း

၃၀၈-ဆဗျည်း ည-သတ်သက်သက် အမြစ်ဝိသဒ္ဒနိဒ္ဒေသ
ဝေါဟာရကိုပြခြင်း

ဆအက္ခရာ ည-သတ်ကား....

"မင်္ဂံမဆည်၊ နေတည်မြဲအောင်"
"ဟူးဟူးထေမည်၊ နတ်စက်လည်သို့၊ တံ့တည်မဆိုင်း"
"ယိုရွဲးမျက်ရည်၊ ဆည်လည်းမတတ်"
"ဆင်ခေါင်ကျောက်ဆည်၊ ရေကြည်စီးရာ" ၃

စသည်ဖြင့် ချုပ်သည် ဆည်သည်, ဆည်ကန်ရိုး-ဆိုသောအရာ၌ထင်၏။ ။ထိုတွင် ကန်ဆည်-ဟူသည်လည်း တံသည်းရေကျကို မထွက်မသွားရ ဟန့်တား ချုပ်သော အရာပင်ဖြစ်၍, သဘောမကွဲးသည်ဖြစ်၏။

---

၁ နောဝ်၊ စက်ပြသာဒနီလျှင်ချီ၊ (ပ)။
၂ မင်းပဒေသရာဇာဆိုရတု၊ လက်ဝဲနော်ရထာရတု ၂၇၁။
၃ ပုံထောင် * ၄၆၊ 'ဆင်ခေါင်းကျောက်ဆည်။'

ထို၌ ဝိသဇ္ဇနီသံကား....

"သိမ်းသိမ်းဆည်း ဆည်း၊ အိမ်ပစ္စည်းကို၊ မဲ့ချည်းထား၌" [1]
"ညီထွေးလျက်တည်း၊ ကပ်ဆည်းမကွာ"
"ကုန်၏ပစ္စည်း၊ တဝိဒတည်းဖြင့်၊ ရုံးဆည်းစကား"
"ယောင်ဆင်းဆုံဆည်း၊ စုလည်းဆံထုံး"
"အကြောင်းတနည်း၊ ပမာဆည်းသော်၊ ကြည်းကြည်းရွှင်ရွှင်" [2]

စသည်ဖြင့် သိမ်းဆည်း, ကပ်ဆည်း, ရုံးဆည်းသည့်, ဆုံဆည်း-ဆိုသော အရာ၌ ထင်၏။ ။ထို၌ ဆည်း၏-ဟူသည်ကား 'ပေါင်းရုံးနှီးချဉ်းစေသည်'ဟူသောအနက် ဖြစ်သင့်သောကြောင့် စည်း၏-ဟူသည်ကား သယံဇာတ အထိအထွေက် စည်းရုံးခြင်းဟူသော သုဒ္ဓအသံ။ ဆည်း၏-ဟူသည်ကား စည်းရုံးနှီးကပ်စေခြင်းဟု ကာရိက် အသံကဲ့သို့ရှိ၏။ ။ဆုံဆည်း-ဟူသည်, ရီဆည်း-ဟူသည် တို့လည်း သိမ်းဆည်းခြင်း အနက် ဖြစ်သင့်၏။ ထိုအကြောင်းကို အောက်၌ ဆိုခဲ့ပြီ။

ဆည်းကြီကြီ-ဟူသည်၌ ဆည်း-ဟူသောစကားအရကို 'ဆည်း' အမည် ရှိသော တိရစ္ဆာန်ရှိသည်လည်း အချို့ဆိုကုန်၏။ ထိုတိရစ္ဆာန်ကို ထင်မြင်တွေ့ကြုံ၍ ဘူးသည် ဟူ၍မျှ မကြားစဘူး။ တိရစ္ဆာန်ဝိသေသ အထည်ခြမ် ဝိသေသရှိဟန် စာပေလည်း မထင်။ သဘောကိုထောက်သော် တောအုံတောင်ကမ်း ထူထဲး ကြီးကျယ် စွာသော အရပ်ဝယ် သစ်ခက် သစ်ရွက် တို့သည် အထိအထွေက် သွေ့ခြောက် နွမ်းရိ၍ ကြွေကျခြင်း၊ ကျေးငှက်စသော တိရစ္ဆာန်တို့ ခိုက်တိုက်မိခြင်း၊ ခွေ့ချခြင်း၊လေခတ် ခြင်း အကြောင်း တို့ကြောင့် ကြွေကျသောအသံ၊ ကြွေကျသည်တွင် အဆင့်ဆင့် ထိခိုက်ပြန်၍ ဆင့်ပွားသောအသံ၊ ကျေးငှက်စသော တိရစ္ဆာန်တို့၏ လှုပ်ရှားမြည် တွန်သောအသံ၊ ယင်းသို့ မရေမတွက်နိုင်သော လှုပ်ရှားခြင်းကို စွဲ၍ ဖြစ်သော လေညှင်းလေပြည်တို့သည် ဆိုခဲ့ပြီးသောအသံတို့ကို သိမ်းဆည်းစုရုံး၍ နားသို့ရောက် ထတ်သော် ဝေးသောအသံ, မပြင်းမပြသောအသံ, ခြားနားသိသာ မရှိသော အသံ တို့လည်း ပြွမ်းနှောလျက်ရှိ၍ မည်သည့်အသံ မဆိုမမှတ်သာ၊ စီစီကျာကျာ တည်ညံ ကကြီကြီမျှသာ ထင်သောအသံကိုပင် စုရုံးသိမ်းဆည်း၍ ကြီကြီညံညံ ထင်သော ကြောင့် 'ဆည်းကြီကြီ' ဟူ၍ သူဟောင်းတို့ ဆိုမိန့်သကဲ့သို့ရှိ၏။ ယင်းသို့ ယူလျှင် ယခင်သိမ်းဆည်းဟူသော အနက်လည်းကောင်းဖြစ်၏။

[ဆအက္ခရာ ညွှ-သတ်အမြစ်ကား မထင်]။

---

၁ ကိုး * ၁၈၀။ ၂ ဘူပေါင်း * ၇၆။

ညည်-ညည်း

၃၀၉-ညမျည်း ည-သတ်သက်သက် ဝိသဇ္ဇနီ အမြစ်ရာတို့၌ ဝေါဟာရကို မြွေခြင်း

ည-အက္ခရာ ည-သတ်ကား.... "ထွားဝဝ်ကြောက်ညည်၊ အပြည်ပြည်ကို၊ ဖွေနည်ထုဝ်ကြီ။ ။ဇင်းမယ်ယွန်းပြည်၊ စောင်းအဝ်သည်ကို၊ ရှုံညည်မကြောက်"စသည်ဖြင့် ကြောက်ညည်,ရှုံညည်-ဆိုသောအရာ၌ ထင်၏။ ထို၌ 'ကြောက်ညည်' ဆိုသည်နှင့် 'ကြောက်ညင်' (ညဉ်)ဆိုသည် သဘောတူသင့်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"မူသနည်းဟု၊ ညည်းညည်းထွားထွား" ၁
"အောင့်တောင့် ညည်းတည်း၊ ပုတ်ခတ်သည်းထည်း၊ အိမ်းအည်းမရွှတ်" ၂
"ဖိုရှုံညည်းတည်း၊ ကြောက်ရှုံသည်း၍ ၊ သရည်းလေဖွယ်" ၃
"ငံတုံညင်းဖြည်း၊ အပည်းပည်းတီ၊ ကြောက်ညည်းပြေးဝင်" ၄

စသည်ဖြင့် ညည်းထွားသည် ဆိုသော အရာ၌ ထင်၏။ ဤ၌ ညည်း၏-ဟူသော ဝိသဇ္ဇနီသံကား ကြည်ညည်း * ဝေဒနာ နှိပ်စက်၍ မခံချိ ညည်းညူသည် ဆိုသော အရာ၌ ထင်သောကြောင့် တစိတ်ကွဲးအံ့ဆိုရှိ၏။ ။[ညအက္ခရာ ညဉီးခေါင်းရှိသတ်၍ အမြစ်သံကား (ညည်) မထင်]။

တည်

၃၁၀-တမျည်း ည-သတ် သက်သက်၌ ဝေါဟာရကိုမြွေခြင်း

တအက္ခရာ ည-သတ်ကား....

"မျက်နှာရင်းတည်၊ စူစူးရည်ထျက်၊ ကျင်ထည်ရှေးဖျား"
"ရင်သီးတတည်၊ နတ်ပွဲးစည်သား၊ နတ်ပြည်တထောက်"
"သောက်စားချက်တည်၊ စဖိုသည်ထည်း၊ နတ်ပြည်သို့သာ"
"ကမ္မဆောက်တည်၊ နိဗ္ဗာန်ရည်သည်၊ ဖြောင့်ကြည်သဒ္ဓါ"

---

၁ ဘူထင် * ၁၆၆။
၂ ဘူပေါင်း * ၅၂။
၃ ထောသာ * ၃၇။
၄ ထီးနား * ၄၊ 'တုံတုံ တည်တည်၊ အပြည် ပြည် ကို၊ ကြောက် ညည် ပြေးဝင်။'
* ကျည်းညည်း ?

"မိုးကျက်စံတည်၊ ရွှေနှင့်ချည်သော်၊ ကျောက်ရည်တက်ဟန်" ၁
"မတူမတည်၊ မျက်ရည်ဖြင့်ညိုး"
"ရွှေချည်နှတ်ပြည်၊ တာဝတည်ဝယ်၊ ကျင်လည်ဃေမြောက်"

စသည်ဖြင့် ရပ်တည်သည်၊ ဆောက်တည်သည်၊ တည့်မတ်စွာ တည်သည်၊ မတူမတည်၊ တာဝတည်-ဆိုသောအရာ၌ထင်၏။ ။ထို၌ ရပ်တည်သည်-ဟူသော ဆိုမိန့်ခြင်းကို စွဲး၍ ဆောက်တည်သည်၊ တူရွတည့်မတ်စွာတည်သည်၊ စံတည်၊ တူးတည်-ဟူသော ဆိုမိန့်ခြင်းဖြစ်သော်ဃည်း အကြောင်းတစိတ် ကွဲးအံ့သို့ရှိ၏။

ဆောက်တည်၊ တူးတည်-ဟူသော ဆိုမိန့်ခြင်းကား စိတ်၏ရပ်တည်ခြင်းသဘော သာဖြစ်၏။ ထိုတွင်ထည်း **ဆောက်တည်** သည်ဟူသော ဆိုမိန့်ခြင်းကား အဓိဋ္ဌာန်မှုခြင်း ကုသိုလ်ဖြစ်စေခြင်းကိစ္စ၌ ထင်၏။ **တူးတည်** ၏-ဟူသည်ကား စိုးရိမ်ပင်ပန်းချုပ်ဆည်း၍ စိတ်၏ရပ်တည်ခြင်း ဖြစ်ကာမျှသာကို ဆိုသောအရာ၌ ထင်၏။ ။ တူရွတည့်မတ်စွာထည်သည်၊ စံတည်သည်-ဟူသော ဆိုမိန့်ခြင်းကား ရပ်၏ တည်ရပ်ခြင်း၊ စိတ်၏တည်ရပ်ခြင်း၌ပင် ထင်၏။ထိုတွင် တည့်မတ်စွာ တူရွတည်သည်ကိုထျက် တည့်မတ်စွာတည်သည်၊ တူရွတည်သည်၊ ရွှေရွရည်မှတ်၍ တည်သည်- စသည်ဖြင့် စကားပြည့်စုံအောင်မဆို၊မျက်နှာတည်၍၊ ရင်ပြင်တည်၍ ထေးဖြင့်တည်၍ ပစ်လွှတ်သည်-စသည်ဖြင့် တည့်မတ်ခြင်းအသံမပါ၊ မျက်နှာဖြင့်၊ ရင်ဖြင့်၊ ထေးမြားဖြင့်-ဟူ၍ တည်အပ်သော ဒြဗ်မျှသာပါ၍ မျက်နှာစသည်တို့၏ မတည့်မမတ် တည်ရပ်ကာ မတ္ထကိုထည်း မလို၊ မျက်နှာရင်စသည်တို့နှင့် တည့်မတ်ရာကိုသာ လိုအပ်ထျက် မျက်နှာတည်၍၊ ရင်တည်၍ သွားသည်၊ ထေးဖြင့်ပစ်သည်-ဟူ၍ သာမည်ဆိုထေသော်ထည်း တည့်မတ်သည်ဟူသော သဘောဝိသေသကိုယူကာ ဆိုသောအရာ ဖြစ်၏။ မျက်နှာရင်စသည်ဖြင့် ရွှေရွရည်မှတ်၍ သွားသည်၊ ထေးမြားတို့ဖြင့် ရည့်မှတ်၍ ပစ်လွှတ်သည်-ဟူ၍ ငှင်း၊ ရွယ်တော၏ သွားသည်၊ ပစ်လွှတ်သည်-ဟူ၍ ဆိုလိုရင်းကဲ့သို့ရှိ၏။တည်ရပ်ခြင်းကြိယာကား ကံရှိဖြစ်သောကြောင့် တည်ရပ်ဣျက်ကိုသွား၏ မဆိုသာသောကြောင့် တည်၍သွားသည်-ဟူသောစကားရင်းမဟုတ်၊ ရည်၍သွားသည်,ရွယ်၍သွားသည်သာ ဆိုလိုရင်းကဲ့သို့ရှိ၏။ ဆင်ခြင်။

စံတည်-ဆိုသည်၌ကား စံနှန်းထို၍ ထားကာတည်ရပ်ကာမျှ တည်သည်တိမ်သည် မဟုရသာသောအရာဖြစ်၏။ယင်းမှတပါး သစ်ပင်တို့အမည်ကို 'တည်' ဆိုသည်ကား ခေါ်ဝေါ်ကာမျှသာ ဖြစ်သင့်၏။ ။ဝဲတည်ဆိုသောအရာကား တည့်မတ်သည်၊

---

၁ ဘုရင် * ၃၈၊ 'မိညက်စံတည်။'

တည်တံ့စွာပိုင်းခြားစေလို၍ ထားသည်ဟု အနက်ယူသော် ရဖွယ်ထင်၏။ အမည်၌ တည်ဟူသည်ကိုထည်း တည့်မတ်တည်တံ့စွာ ဌေးစူးတတ်သည်ဟူသော အနက်ယူထျင် ခေါ်ဝေါ်ကာမျှသာ မဟုတ်၊ အနွတ္ထဆိုသင့်၏။ စပ်အင်ကိုလည်း စုံစမ်းရာ၏။ ။ တာဝတိန်ကို 'တာဝတည်ဝယ်၊ ကျင်လည်ဟေမြောက်'ဟူ၍ မင်းတရားမယ်တော် ချေင်းတွင် စပ်လေသည်ကား တပါးပျိုကဗျာတို့၌ မထင်။ အဆိုအမိန့်လည်းမတွင်၊ လုံးကြီးတင် န-သတ်, မ-သတ်အသံနှင့် ဥ-သတ်အသံလည်း ကွာဝေးသည်။ ဆင်ခြင်ဖွယ်ရှိ၏။

တည်း-တည့်

၃၁၁- တဗျည်း ည-သတ်သက်သက် ဝိသဇ္ဇနီသံ၌ ဝေါဟာရကို မြခြင်း

တဗျည်း ည-သတ် ဝိသဇ္ဇနီသံကား....

"ကြမ္မာဖြင့်ချည်း၊ ဖြစ်သတည်း" ၁
"လုံစေသတည်း၊ မိုးလည်းခါသင့်"
"ရင်သွေးမယ်နည်း၊ တယောက်တည်းကို"
"တတ်နိုင်အံ့သည်း၊ တစီးတည်းဖြင့်"
"ခေါက်ခေါက် တိုက်လှည်း၊ တချက်တည်းဖြင့်"
"သာရပ္ပချည်း၊ တသွန်တည်းလျင်"
"ဖြင်ညိုးပေါ်ပည်း၊ တစုံတည်းလျင်။ ။ကုံ၏ပစ္စည်း၊ တပုဒ်တည်းဖြင့်"
"အလိုထည်းနည်း၊ ထေးပုဒ်တည်းဖြင့်"
"ရုံးရုံးစည်းစည်း၊ ရှစ်ပုဒ်တည်းဖြင့်"
"ပြုသနည်းဟု၊ ချုပ်တည်းစောလောင်း" ၂
"ရသနည်းဟု၊ တည်းထည်းပုစ္ဆာ" ၃
"ခရီးတည်းထည်း၊ မျက်နှာမည်းထည်း၊ တိုက်လှည်းမကျန်" ၄

စသည်ဖြင့် ဆိုသောအရာ၊ ဖြစ်သတည်း, ဖြစ်စေသတည်း-ဆိုသောအရာ၊ တယောက်တည်း, တစီးတည်း, တချက်တည်း, တစုတည်း, တပုဒ်တည်း-စသည်ဖြင့် ဆိုသောအရာ၊

---

၁ ကိုး * ၄၂။
၂ ကိုး * ၂၄။
၃ ကိုး * ၀။
၄ မဒ်းဒိပ် * ၀၊'ထိုက်သံညည်းညည်း မျက်နှာမည်းထည်း။'

ညီထွေးလျက်တည်း, သူငယ်လျက်တည်း-စသည်ဖြင့် ဆိုသောအရာ၊ တည်းတွသည်, ချုပ်တည်းသည်-ဆိုသောအရာ၊ တည်းတည်းရင်းရင်း, တည်းတည်းထင်းထင်-ဆိုသောအရာတို့၌ ထင်၏။

ထိုတွင် ဖြစ်သတည်း ဖြစ်စေသတည်း-ဟူသော ဆိုမိန့်ခြင်းသည် ကြိယာအနက်အားဖြင့် တူသော်လည်း ဖြစ်သတည်း-ဟူသည်ကား 'ဖြစ်သည်'ဟူသော ဆိုမိန့်ခြင်းဖြင့်ပင် ဖြစ်ခြင်းကြိယာအနက် ပြီးပြီးလျက် 'တည်း' ဟူသောစကား ယှဉ်ဖက်ပြန်သည်ကား ပြေပြစ်ရုံမျှသာဖြစ်၏။» «ဖြစ်စေသတည်း-ဟူသည်၌ကား 'ဖြစ်စေသည်' ဟူ၍သာဆိုမူ၊ ကာရိုက်အနက် စေခြင်းကြိယာ ဖြစ်၏။ 'ဖြစ်စေသတည်း' ဟူ၍ ဆိုမူကား ဖြစ်ခြင်းကို တောင့်တသော အာသီသအနက် ဖြစ်၏။ ဤသို့တစိတ်ထူး၏။

တယောက်တည်း, တစီးတည်း-စသည်ဖြင့် ဆိုသော အရာကား ထိုထက်မလွန်ဟူ၍ အလွန်ကိုမြစ်ခြင်း အဝဓာရဏအနက်။ ဝေသဒ္ဒါကန်သကဲ့သို့ ဝိုင်းခြား၍ ဆိုခြင်းဖြစ်၏။ «ညီထွေးလျက်တည်း၊ သူငယ် လျက်တည်း- စသည်ဖြင့် ဆိုသော အရာကား-'လျက်ဝစနံ ဝိသေသနံ၊ ကိရိွအရှစိယံ မတံ' [၁] ဟူသည်နှင့်အညီ၊လျက်-ဟူသောစကားသည် ဝိသေသန၊ အခြို့ကား အရှစိ ဟူသည်ထွင် အရှစိ x အနက်ဖြစ်သင့်၏။ ညီအထွေးသာဖြစ်လျက်ပင် ပညာရှိထံဆည်းကပ်၍ ဆုံးမခံလေသော ကြောင့် ကောင်းစားဝိုင်လေ၏ဟု အဓိပ္ပါယ်ဆိုလိုရာ၏။ ထိုကြောင့် ညီအထွေးဖြစ်လျက် ဆိုသောစကားသည် အစ်ကိုကြီးဖြစ်သော်သာ အဖအရာ ကောင်းစားရမည်ကို ညီထွေးဖြစ်လျက်ပင် ကောင်းစားရ၏ ဆိုသောစကားသည် မနှစ်သက်သံဖြစ်၍ အရှစိယ အနက်ဆိုသည်ဟု ယူသင့်၏။ ထို အရှစိယ အနက်သည် 'လျက်' ဟူသောစကားဖြင့်ပင် ပြီးပြီးသင့်လျက် 'တည်း' ဟူသောစကား ဖက်ပြန်သည်ကား ပြေပြစ်ရုံမျှသာဖြစ်၏။

တည်းတွ, ချုပ်တည်းသည်-ဆိုသောအရာသော်ကား မြဲစေသည် ကြေပ်စေသည်-ဟူသော အနက်၌ဖြစ်၏။ «စာပေတည်းသည်-ဆိုသည်လည်း စာဟောင်း စာသစ်တို့ကို ညီမျှစေသောကြောင့် မြဲစေ ကြေပ်စေသည်ပင် ဖြစ်၏။ «တည်းလည်းတင်းလင်း-ဆိုသောအရာ၌လည်းယခင်ချုပ်တည်းသည်-ဆိုသောအရာနှင့်သဘောတူ မြဲစေ ကြေပ်စေသည်ဟူသောအနက်တွင် မျက်မြင်ပက်ပါဟူသော အနက်ထူးထင်၏။

တည်းတည်းရင်းရင်း-ဆိုမူကား မြဲစေ ကြေပ်စေသည်-ဟူသောအနက်သာ ထင်၏။ «တည်းတည်း တင်းလင်း-ဆိုမူကား မျက်မှောက်ဖြစ်၍ အကြေပ်အတည်း တွေ့

---

၁ သဒ္ဒလက္ခဏပါဠိ * ၇၊ 'ကွစိအရှစိယံ မတံ။' x မနှစ်မြို့ခြင်း။

ခြင်ပြောဆိုခြင်း၊ မေးမြန်းစုံစမ်းခြင်း အနက်ထင်၏။ တည်းလည်း တင်းလင်း-ဟူ၍ လ-အက္ခရာပါ မိန့်ဆိုခြင်းကား တည်းတွသည်၊ ကြပ်တည်းသည်-ဟူသော အနက်သာ ရသင့်လျက် ပြေပြစ် ရုံမျှ ယှဉ်ဖက်သည်လည်း ဟူ၏။

ည-သတ် အမြစ်သံသော်ကား....

"အဃယ်မတည့်၊ ငလှည့်ငလည်" ၁
"မကွက်မလှည့်၊ ရွေတည့်တည့်ဖြင့်၊ ကြည့်သည်ယုဂ" ၂
"အင်္ဂါမွန်းတည့်၊ လိုတော်ပြည့်သည်၊ ကင်း၏တည့်ရန်ဘေး-မနှောင့်နှေး...."

စသည်ဖြင့် တည့်မတ်သည် ဆိုသောအရာ၌ထင်၏။

ထည်-ထေရ်-ထည်း-ထည့်

၃၁၂-ထဗျည်း ည-သတ်, ဝိသဇ္ဇနီ, အမြစ်တို့၌ ၈၀ါဟာရကို မြဲခြင်း

ထ-အက္ခရာ ည-သတ်သော်ကား...."ပုဆိုးသင်ထည်၊ ဝါချည်တမုတ်" ၃
"နွားတရထည်၊ တောင်သူပြည်တွင်"
"ရွှေစက်ကြွေလည်၊ အာနန်ထည်နှင့်၊ ဆုံးမည်ဒေသစာ" ၄

စသည်ဖြင့်ပုဆိုးသင်ထည်, အလိပ်အထည်, တရထည်, သရထည်, မထည်-ဆိုသောအရာတို့၌ထင်၏။

ထိုထွင် ပုဆိုးသင်ထည်၊ အလိပ်အထည် ဆိုသည်တို့ကား ပုဆိုးအင်္ကျီစသည်ဖြင့် အထည်ဖြစ်ထိုက်သော အသုံးအဆောင်ကို ဆိုသောအရာမျှသာဖြစ်၏။ ။နွားတရထည်-ဆိုသည်ကား နွားနှင့်မပြား ဆိုလိုသောအရာဖြစ်၍, 'တထေဝ' ဆိုသင့်သည်ထွင် အချို 'တထေရ' ဟူ၍, ဆိုကုန်သည်နှင့် တူစွာ တထေရထည် ဟူ၍, ရှေးသူတောင်းတို့ ဆိုမိန့်သော အရာကဲ့သို့ရှိ၏။ ယခုကာလကား 'တရထည်' ဟူသော ဆိုမိန့်ခြင်းမထင်၊ တိမ်မြုပ်သည်ဖြစ်၏။

---

၁ သံ * ၁၅၀။
၂ ကိုး * ၁၀။
၃ သံ * ၁၆၇။
၄ ဝန်တောင်ထယ် ဘုန်းတော်ကြီးက ရှင်ရဋ္ဌသာရ အမေးကို ဖြေသော ရတု။ ထက်ဝဲနော်ရထာရတု ၂၅။

သရထည်-ဟူသည်ကား-စေတီတော်၏ အမည်မျှသာ ယူသင့်၏။ ။အာနန်ထည်-ဟူသည်၌ကား ထေရ-သဒ္ဒါနှင့်အညီ သဝေထိုး ထ-အက္ခရာကို ရ-သတ်ရေး ထိုဣက် ည-သတ် အသံရွတ်ဖတ်လေသည်ဖြစ်၍ ည-သတ်စပ်အင် ပြုပါသည်သာ ဆိုသင့်၏။ ည-သတ်စပ်အင်ရှိသည်ကိုဂင်း, ည-သတ် အသံ ရွတ်ဖတ်လေသည်ကို ဂင်း, ဣပြိန်းတို့ ဖတ်သာရာကိုလိုက်၍ ည-သက် ရေးသော်ထည်း သင့်ဖွယ်ထင်၏။ ။သရထည်-ဘုရားကိုထည်း သာရထေရ-ဟု မာဂဓဘာသာ ဟူ၍ နည်းတူ ရ-သတ်ရေးသော်ထည်း သင့်ဖွယ်ထင်၏။ ဆင်ခြင်ထေ။

ထိုဒ္ဓဝိသဒ္ဓနီအသံသော်ကား..... "ညစ်ကျိ မည်းမည်း၊ အထည်းထည်း၊ အနည်းဝတ်တထည်" [၁] ဟူ၍ သတ်ပုံဟောင်းတွင် ဆိုသည်နှင့်အညီ၊ညစ်ညစ် ထည်းထည်း ဆိုသောအရာသာထင်၏။ ။အထည်းထည်း-ဟူသည်ကား စာဟောင်းတို့၌ အစဝ် အဟဝ် နည်းအံ့သည်။ သဘောသော်ကား, 'အညစ်အကြေး လွှမ်းထဝ် သည်' ဆိုသောအရာဖြစ်၏။

ထို၌ အမြစ်သံသော်ကား....

"ပြွတ်ပြွတ်ထွက်ကြည့်၊ ပစ်ထျင်ထည့်သော်၊ နှိုင်းရှည့်မရ"
"ထိုတွင်အပြည့်၊ ဓာတ်တော်ထည့်၍၊ နှိုင်းရှည့်မမြော်" [၂]

စသည်ဖြင့် ပြုထည့် မူထည့်သည်-ဆိုသောအရာ၊ ထည့်သွင်းသည်-ဆိုသော အရာတို့၌ ထင်၏။

ထိုတွင် ပြုထည့် မူထည့်-စသည်ဖြင့် ဆိုသောအရာသည် တိုက်တွန်းခြင်းအနက်, အဆောတထျင် ပြုမူသည်-ဟူသော အနက်ထင်၏။ ပြုစေ မူစေ လိုသော သူကို မျက်မှောက်ထား၍, 'ပြုထည့်လော၊ မူထည့်လော' ဆိုသည်၌ကား အဆောတထျင် ပြုမူစေလို၍, တိုက်တွန်းသော အသံထင်၏။ ပြုထည့် လေသည်၊ မူထည့်လေသည်၊ ပစ်ခတ်ထည့်လေသည်-စသည်ဖြင့် ဆိုခြင်းကား တိုက်တွန်းသံမထင်၊ အဆောတထျင် ပြုမူလေသည်-ဟူသော အနက်သာထင်၏။ စကားမလွဲးကြဣက် အက္ခရာအားဖြင့် အနက် တစိတ်ကွဲးကိုသတိရှိစေလို၍, ပမာဏ မမူလောက်ဣက်ဖော်ရေးလိုက်သည်။

---

၁ သဒ္ဒဉ္ဇက်၏ သတ်ပုံ။ ၂ ထန်ရ * ၃၆။

နည်-နည့်-နည်း-နှည်

၃၁၃-နဗျည်း ဟဆွဲး ည-သတ်သက်သက် ဝိသဇ္ဇနီ, အမြစ်ရာတို၌ ဝေါဟာရကို မြဖြင်း

နှ-အက္ခရာ ည-သတ်၌ကား....

"ရေနောက်မှန်နည်၊ သားဆေးရည်သို့၊ မကြည်မောဟ" [1]
"ရွာထိုမူနည်....ပြာထို ဟူသည်....ကြာညို တူရည်" [2]
"ကျောက်စက်မြရည်၊ အနည်ပုပ်ပုပ်"
"ရပ်ခွင်ထူးလည်၊ ပင်ရထည်က၊ ဇာနည်ဖြူဆွ"

စသည်ဖြင့် အမှန်အနည်, အညစ်အနည်, ဟန်ပန်မူနည်၊ အာဇာနည်-ဆိုသောအရာ၌ ထင်၏။

ထိုတွင် အာဇာနည် ဟူသည်ကား အာဇာနေယျ-ဟူသော မာဂဓ ထင်သော ကြောင့် မြန်မာမှသက်သက်မဟူရ။ မာဂဓနှင့်အညီ ယ-သတ်ထိုလျက် ပစ္စယကိုပစ္စည်း၊ နယကို နည်းဟူ၏သို့၊ ညသတ်စပ်အင် ထားလေသည်ဖြစ်၏။ အာဇာနေယျဟူသော ပါဠိ၏ အနက်ကို ထင်စေခြင်းငှာ ဝိဂြိုဟ်လှစ်အံ့။ [အာဘူသော ဇာနာတိတိ အာဇာနေယျော။ ။ယော သတ္တော-အကြင်သတ္တဝါသည်၊ ကာရဏာ ကာရဏံ-အကြောင်းဟုတ် မဟုတ်ကို၊ အာဘူသော-လွန်စွာ၊ တနည်းကား-လျင်စွာ၊ တနည်းကား-ကောင်းစွာ၊ ဇာနာတိ-သိတတ်၏။ ဧတိတသ္မာ-ထိုသို့ အကြောင်း ဟုတ် မဟုတ်ကို လွန်စွာ လျင်စွာ ကောင်းစွာသိတတ်သောကြောင့်၊ သောသတ္တော-ထိုသတ္တဝါသည်၊ အာဇာနေယျော-အာဇာနေယျမည်၏]။ ။လူဖြစ်အံ့ ခီဏာသဝ၊ တိရစ္ဆာန်ဖြစ်အံ့ ဆင်သော် ဆဒ္ဒန်မျိုး၊ မြင်းသော် သိန္ဓောအမျိုးဌိလာ မုချရသင့်၏။ ဥပစာအားဖြင့်ကား လူဝိသေသ, တိရစ္ဆာန်ဝိသေသဘာည်တံ့ခြင်းဂုဏ်အထူးရှိသည်ကို ယူသင့်၏။ မှတ်ဖွယ်ထင်၍ ချပ်လိုက်သည်။

နှ-အက္ခရာ ဟဆွဲး ည-သတ်ကား ... "ထက်ဘာ မြန်ပြည်၊ ရှာဖွေ နှည်သော်၊ ငါးမည်အင်နှင့်။ ။မီရှဖန်လည်၊ ဖွေနှည်စီစစ်".... စသည်ဖြင့် ဖွေနှည်သည်-ဆိုသောအရာ၌ ထင်၏။

---

၁ ရှင်ရဋ္ဌသာရက ဝန်ထောင်ထယ် ဘုန်းတော်ကြီးထံပေး-ဌာနေ တော်၌ ချီရတု၊ ထ။ ထက်ဝဲ နော်ရထာ ရတု ၉။

၂ ဒေး * ၉၄

နာ-အက္ခရာ ည-သတ် ဝိသဇ္ဇနီသံကား....

"အထိုထည်းနည်း၊ ထေးဝိုဒ်တည်းဖြင့်၊ ပေါင်းဆည်းထုံခြို" [1]
"ဖျော်ကြများနည်း၊ မကြည်းမပြစ်" [2]
"ဆရာသင်နည်း၊ နိဿရည်းကို၊ ငါးထည်းတတ်ချင်ချင်သတည်း"
"သက်ယုတ်သေနည်း၊ သည်နှယ်ခြည်းဟု၊ ထန့်ကြည်းထိတ်ထ" [3]
"ဖြစ်ဘူးထိမ့်နည်း၊ အံ့ဖွယ်ခြည်းဟု။ ။ထာထသည်နည်း၊ ကျော်သည်းမြေပြင်"
"ကေရှင်စုထည်း၊ မြပန်းစည်းကို၊ ထင်နည်းစောထွန်"
"ထေးယောက်မောင်နည်း၊ သားခမည်းတို့၊ ထက်တည်းနှင့်ငြိ"

စသည်ဖြင့် နည်းပါးသည်, နည်းနာနယ, ဖြစ်ထိမ့်နည်း, သွားထိမ့်နည်း-စသည်ဖြင့် ဆိုသောအရာ၊ ထင်နည်း,မောင်နည်း-စသည်ဖြင့် ဆိုသောအရာတို့၌ ထင်၏။

ထိုတွင် နည်းနာ-ဟူသည်ကား ...နယသဒ္ဒါကို စွဲးမှိသော အရာဖြစ်၍, မာဂဓဘာသာမူထဖြစ်၏။ ။ထင်နည်း၊ မောင်နည်း၊ မယ်နည်း၊ ရှင်နည်း-စသည်ဖြင့် ဆိုမိန့်သောအရာကား စုံမက်မြတ်နိုးသဖြင့် ရှေးသူဟောင်းတို့ ဆိုမိန့်သော အရာဖြစ်၏။ ။နည်း၏၊ များ၏-ဟူသည်ကား အတိုင်းအရှည်တို့ကို ဆိုသောစကားတည်း။ ။ဖြစ်ထိမ့်နည်း-သွားထိမ့်နည်း၊ ဖြစ်သနည်း-သွားသနည်း၊ ဖြစ်အံ့နည်း-သွားအံ့နည်းစသည်ဖြင့် ဆိုမိန့်ခြင်းကား မေးခြင်းအနက် ဖြစ်၏။

ထိုဌ အမြစ်သံ ဝေါဟာရကား.... "မအားချည့်နည့်၊ ကြည့်ထည်း မမြော်" [4] ဟူ၍ ဆိုသောအရာဌ ထင်၏။ ထိုဌ နုန့်သည့်,နဲ့သည်-ဆိုသောအရာဖြစ်မူ "ထိတ်ထန့်နဲ့နဲ့၊ ကြွင်းမဲ့ပြည်တွင်။ ။ကျောက်ညောင်းတုန်းလဲ့၊ မြေကြီးနဲ့မျှ၊ ထေးဆဲ့ငါးယူဇနာ" စသည်ဖြင့် နောက်ပစ်အန္တဝယ် ဆိုခဲ့သည်နှင့်အညီ နောက်ပစ်လို၏။ ဤဌ်ဌ်ည-သတ်ရှိသည်ကို လိုက်၍ ယူမူ 'ချည့်သည်' သာဆိုသင့်ထျက် စနသည်၊ကျနသည်၊ ရှနသည်၊ ဆာနားသည်-ဆိုသောအရာတို့ဌ် နာ-အက္ခရာအနက်မရ၊ ဖက်ကာမျှ ဆိုသကဲ့သို့ ပြေပြစ်ရုံ ဖက်သည်သာဟုယူမူ သင့်ရာ၏။ ဆုတောင်းခန်းသည် အသတ်ညီများပေသောကြောင့် မပျက်အောင်ယူလိုက်သည်။

---

၁ ဘူပေါင်း * ၅၃၊ 'ပေါင်းစည်းထုံးခြို။'
၂ မနော် * ၅၃။
၃ ဘူပေါင်း * ၁၀၄၊ 'ထန့်ကျည်းထိတ်ထ။'
၄ ဆ * ၁၄၇။

ပည်း၊ပျည်း-ပြည်-ပြည်း-ပြည့်

၃၁၄-ပဗျည်း ယပင့် ရရစ် ည-သတ်သက်သက် အမြစ် ဝိသဇ္ဇနီသံတို့၌ ဝေါဟာရကိုပြခြင်း

ပအက္ခရာသက်သက် ည-သတ် ဝိသဇ္ဇနီသံကား …

"ဖြင်ညိုးပေါပည်း၊ တစုတည်းလျှင်၊ ရေကြည်းပန်းမျိုး"
"ဖြင်၏ပေါပည်း၊ လုံးစည်းကိုယ်ထက်"
"အစ်ကိုများနည်း၊ သားခမည်းထည်း၊ ကမ္ဘည်းတင်ထောက်"
"စေထေသည်ထည်း၊ ကမ္ဘည်းတင်ကာ"
"ရွှေတောင်ရပည်း၊ ရေဟင်္သည်းထည်း၊ တန်ကြည်းမင်ငေ"

စသည်ဖြင့် ဖြင်ပည်း, ပေါပည်း, ထိပ်ကမ္ဘည်း, အရပ်အမည်ရပည်း-ဆိုသောအရာ၌ ထင်၏။ ။ထို၌ ဖြင်သည်း၊ ပည်းသည်း-ဟူသော ဆိုမိန့်ခြင်းကား များသည်ကိုဆိုလိုသော ရှေးသူဟောင်းတို့၏ ဝေါဟာရဖြစ်၏။

ပ-အက္ခရာ ယပင့် ည-သတ်ကား….

"ပျိုပျိုပျည်ပျည်၊ ချစ်မှုနည်နှင့်၊ ရှည်ရှည်ဆို့စင်" [၂]
"စိုးစိုးပျည်ပျည်၊ ချစ်မှုနည်နှင့်၊ ထည်ထည်ပတ်ပတ်"
"ဟင်းရမ့်တော်ပျည်၊ ဆွန့်ရှည်ကညို့"

စသည်ဖြင့် ပျိုပျိုပျည်ပျည်,စိုးစိုးပျည်ပျည်,ဟင်းရမ့်တော်ပျည်-ဆိုသော အရာ၌ထင်၏။ ထို၌ အချို့ ရစ်ဟက်ရေးကုန်၏။ ပျိုပျိုပျည်ပျည်-ဆိုသောအရာသည် ပျူပျူပျုပျု ပျောင်းပျောင်းညံ့ညံ့ဆိုသောအရာနှင့် နီးချေသည်။ ။စိုးစိုးပျည်ပျည်-ဟူသည်ထည်းနည်းတူသင့်၏။ 'သွားပျည်နေပျည်၊ ဤနှစ်ထည်တွင်' ဟူ၍ စပ်သည်ထည်း 'ပျိုပျည် စိုးပျည်'ဟူသကဲ့သို့ သွားပျော်-နေပျော်-ဟူသောအနက်အား ဖြင့် ပျောင်းပျပျေ့ညံ့သော အနက်ငင်း ဖြစ်သင့်၏။

ပ-အက္ခရာရစ်၍ ည-သတ်ကား….

"သာဝတ္ထိပြည်၊ ပျော်ပင်စည်မှ၊ မရှည်ထွန့်နိုး" [၃]
"ပမာမည်သည်၊ ရှာဖွေနည်သော်၊ သွေးပြည်ကျိကျိ"

---

၁ ထန်ရ * ၂ (၉)
၂ ဘူထင * ၁၁၈၊ 'ပြိုးပြိုးပြည်ပြည်၊ ....၊ရက်ရှည်ဆို့စင်၊'
၃ ဆု * ၅၁။

"ပတ္တမြားတချည်၊ ဆံတပြည်သို့" ၁
"မည်သာထူးထည်၊ ပန်းတိစည်သား၊ ထေပြည်ဖြည်းညင်း"

စသည်ဖြင့် ရှာပြည်,သွေးပြည်, တုံပြည်, ထေပြည်-ဆိုသောအရာတို့၌ ထင်၏။ ။ ထိုတွင် ထေပြည်-ဆိုသောအရာကို ယခင် သွားပျည်-နေပျည်-ဟူသကဲ့သို့ ပျော်ပါးခြင်းအနက် မယူမူ၍ မပြင်းမပြ ပြေပြစ်သည်-ဟူသောအနက်ယူကောင်းဖွယ်ထင်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"သန့်စင်ဦးပြည်း၊ သင်တုန်းလှည်းသို့၊ သိမ်းဆည်းကုန်ကြောင်း" ၂
"ချင်ကွက်ဦးပြည်း၊ ကုလားကျည်းထည်း"
"ကွက်နှံမနည်း၊ ငှက်တင်ကျည်းသို့၊ ပြည်းပြည်းစင်ထိမ့်"
"ရှင်အရည်းလည်း၊ ပြည်းစည်းမဟုတ်" ၃

စသည်ဖြင့် ပြည်းပြည်းစင်သည်,ဦးခေါင်းပြည်းသည်-ဆိုသော အရာ၌ ထင်၏။

ထို၌ အမြစ်သံကား....

"ပညာပွဲပြည့်၊ ငါနှင့်ရည့်ထျက်၊ တပည့်များထွတ်" ၄
"ဂုဏ်ရည်သန့်လှည့်၊ ထိမ္မာပြည့်သည်၊ တပည့်ခြောက်သောင်း"
"နှိုင်းဆမရှည့်၊ စုံပြည့်ဤသို့"

စသည်ဖြင့် ပြည့်ဖြိုးသည်,ပြည့်ဝသည်, ပြည့်စုံသည်ဟူသော အမြစ် အရစ်သံ၊ တပည့်ဟူ၍ ပ-သတ်သက်သက် ရေးသင့်သောအရာထင်၏။

ဖည်-ဖြည်း-ဖြည့်

၃၁၅-ဖဗျည်း အရစ် ည-သတ်သက်သက် ဝိသဇ္ဇနီ အမြစ်တို့၌ ဝေါဟာရကို ပြခြင်း

ဖ-အက္ခရာ ည-သတ်ကား....

"ရက်လံရှောင်ဖည်....ဖက်စံခေါင်တည်" ၅
"သုံးဆယ်တလည်၊ ဘုံကိုဖည်၍,၊ အပြည်ပြည်ထွက်"

စသည်ဖြင့် ရှောင်ဖည်,သွေဖည် ဆိုသောအရာထင်၏။

---

၁ ဘုံ * ၃၇။
၂ ဘူပေါင်း * ၅၀။
၃ ဆု * ၈၀။
၄ သံ * ၁၈၆။
၅ ဘိုးခေါင်မူးဆို- မျက်ချဲ့ရောင်ခြည်-ချီရတု၊ ဒု၊ ထ။ ထက်ဝံး နောရထာ ရတု ၁၄၁။

ဖ-အကွာရာရစ်၍ ည-သတ် ဝိသဒ္ဒနိသံကား....

"စေ့စေ့သာဖြည်း၊ ထျောက်ရုံးစည်းသည်"
"ငုံတုံ့ညင်ဖြည်း၊ အပည်းပည်းတည့်၊ ကြောက်ညည်းပြေးဝင်"
"ယုယပြန့်ဖြည်း၊ နာတွယ်ခြည်းတည့်၊ မယ်ထည်းသို့လိုက်"
"ဆယ်ခုပစ္စည်း၊ တဖြည်းဖြည်းထျင်၊ ရှေ့တည်းနောက်တွ"

စသည်ဖြင့် ဖြန့်ခြင်း,ဖြည်းသာဖြည်းညင်း ဆိုသောအရာ၌ ထင်၏။

ထို၌ အမြစ်သောအသံကား....

"ဆိုသာမှာလည့်၊ သူ့ကိုဖြည့်သား၊ ဟုတ်တည့်မှန်စွာ"
"ကြီကြီကြည့်ကြည့်၊ ပညာဖြည့်သည့်၊ တပည့်ခြောက်သောင်း"
"ပျူဌာမဖြည့်၊ သထည့်သလွင်"

စသည်ဖြင့် ပြည့်စေသည်, ဖြည့်-ဆိုသော အရာသာထင်၏။

ထို၌ ပြည့်သည်ကား သယံဇာတ အလိုအထျောက် ပြည့်ခြင်း-ဟူသော သုဒ္ဓအဆံ၊ ဖြည့်သည်ကား ပြည့်စေခြင်းဟူသော ကာရိုက်သံအားဖြင့် ပြားသော်ထည်း အချို့သောအရာ၌သော်ကား ၂-ပါးသောအနက်ပင် သင့်ဖွယ်ထင်၏။ ။ကြီကြီကြည့်ကြည့်အားထုတ်၍ ပညာကို ပြည့်ဖြိုးသည်-ဟူသောအနက်, ကြီကြီကြည့်ကြည့် အားထုတ်သဖြင့် ပညာကို ဖြည့်သည် ဟူသောအနက်, ဤသို့အနက် ၂-ပါးသင့်ဖွယ်ထင်၏။ ယင်းသို့စသည်ဖြင့် အနက် ၂-ပါးသင့်မည်, တပါးသင့်မည်ကို စူးစမ်းဆင်ခြင်ရာ၏။

မည်-မည်း-မြည်-မြည်း-မြည့်

၃၁၆-မဗျည်း အရစ် ည-သတ်သက်သက် အမြစ်သံ ဝိသဒ္ဒနိသံတို့၌ ဝေါဟာရကို ပြခြင်း

မ-အကွာရာ ည-သတ်ကား....

"ညဏခြောက်မည်၊ တုကင်းစည်တိ" ၂
"လုဘောင်နတ်ပြည်၊ ရဝ်သုံးမည်ကို"

---

၁ ဘူဇင် * ၅၀၊ 'ပျူဟာဖျော်ဖြည့်၊ ၂ ကိုး * ၂။ သထည့်သလွင်း။'

"သိကြားပေးသည်၊ ငအမည်ကား၊ မွန်ရည်ဘူရိဒတ္တတည်း" ၁
"ဆောင်အံ့မရည်၊ ပြေးမည်ငင်ငင်"

စသည်ဖြင့် တမည်,နှစ်မည်-စသည်ဖြင့် ဆိုမိန့်သောအရာ၊ အမည်အရည် ဆိုသော အရာ၊ ထာမည်သွားမည်-စသည်ဖြင့် ဆိုမိန့်သော အရာတို့၌ ထင်၏။ ။ထိုတွင် တပါး, နှစ်ပါး၊ တခု,နှစ်ခု၊ တဦး,နှစ်ဦး စသည်ဖြင့် ဆိုမိန့်မည့်အတွက်ကို တမည် နှစ်မည် ဆိုသောအရာနှင့် အမည်အရည် ဆိုသောအရာ တစိတ်ကွဲးဖွယ် တင်၏။ သွားမည်,ထာမည်-ဆိုမိန့်ခြင်းကား အနာဂတ်ကြိယာဖြစ်၍ 'သွားထတ္ထံ,ထာထတ္ထံ' ဟူသောအနက်ထင်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"နက်နက်မည်းမည်း၊ကြောက်ဖွယ်ချည်းထျင်၊ ပေါပည်းသနေ့"
"အဖခမည်း၊ ဝမ်းမနည်းနှင့်၊ ဆည်းလည်းယူထင့်"

စသည်ဖြင့် နက်နက်မည်းမည်း, အဖြူအမည်း, ခမည်းဆိုသောအရာ၌ထင်၏။

မအက္ခရာ ရစ်၍ ညှ-သတ်ကား...."သံထင်ရင့်ရည်၊ငှက်ငယ်မြည်သည်၊ရွှေဖြည်စိုးတည့်သာတော့်၏"

"တုကင်းစည်တီ၊ တီးမြည်ကြီကြီ" ၃

စသည်ဖြင့် တွန်မြည်သည်၊ ဆိုမြည်၊ အသံမြည်သည့်-ဆိုသောအရာ၌ထင်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"ကျွန်သင်း နွားမြည်း၊ လှည်းနှင့်ဝန်တင်" ၄
"ဝန်တင်နွားလှည်း၊ မြင်းနှင့်မြည်း၊ တောင်ကြည်း သွားလှည့်ထည်"

စသည်ဖြင့် မြင်းမြည်း-ဆိုသောအရာထင်၏။

ထို၌ အမြစ်သံကား....

"မုန်းထားတုံလှည့်၊ ငါလျှင်ကြည့်က၊ မြည့်မြည့်ဖွဲးပြာ"
"ခတ်တွက်စောင်းလှည့်၊ ကျွန်ုပ်ကြည့်က၊ မြည့်မြည့် ထည်းကျေ" ၅

စသည်ဖြင့် မြည့်မြည့်ကျေသည်, မြည့်မြည့်ဆွေးသည်-ဆိုသောအရာ၌ထင်၏။

---

၁ ဘူထင် * ၃၉၆။
၂ ဒေး * ၁၇၅၊ ပ။ 'သံထင်ရင့်ရှည်။'
၃ ကိုး * ၂။
၄ သံ * ၁၁၇။
၅ ဘူထင် * ၅၁။ 'ခတ်တွက် စောင်းလှည့်။'

ရည်-ရည်း-ရှည့်

၃၁၇-ရဗျည်း ည-သတ် သက်သက် ဝိသဒ္ဒနိသံဒ္ဒ
ဝေါဟာရကိုပြခြင်း

[ယအက္ခရာ ည-ဦးခေါင်းထုတ် သတ်သော အသံဝေါဟာရကားမထင်]။

ရ-အက္ခရာ ည-သတ်ကား....

"နွားမန့်ရည်၊ ချိုဒ္ဒတည်ဟု" [၁]
"ရွဲရွဲဆီရည်၊ ထွက်စိမ့်သည်ဟု" [၂]
"ရွှေစင် ငွေရည်၊ ဖန်ရည်လျှံထွန်း"
"ကျောက်စက်မြရည်၊ အနည်ပုဝ်ပုဝ်"
"မတန်ထက်ရည်၊ ညည်းညည်းထည်မျှ၊ အောင်စည် ဆော်ခတ်"
"ထျော်အံ့ထည်းရည်၊ မြိုးဆောက်တည်ထျက်၊ ချမ်းကြည်သီတာ"
"မှန်းထားမည်ရည်၊ နတ်အိမ်တည်ထျက်၊ အကြည်အညို"
"မျက်နှာရင့်တည်၊ စူးစူးရည်ထျက်"
"မိုးစွန်တိမ်ခြည်၊ အိမ်သို့ရည်လေ့"
"သုသားထူးထည်၊ သုသွေးရည်မူ၊ မတည်မတံ့" [၃]

စသည်ဖြင့် ရွှေရည်,ငွေရည်, မိုးနှင်းရည်-စသော ဆိုမိန့်ခြင်း၊ နှုတ်ရည်-ထက်ရည်, အသွေးအရည်, ခန့်ရည်သည်,အမည်အရည်-ဆိုမိန့်ခြင်းတို့ဒ္ဒထင်၏။

ထိုတွင် ရွှေငွေစသည်တို့၏ အရည်အသွေး၊ အရည်-ဟူသောစကား၏ သဘော အနက်ကို အောက်၌ ထုတ်ခဲ့ပြီ။ ။နှုတ်ရည်ထက်ရည်ဟူသည်ကား အရည်အသွား အစွမ်းသတ္တိကို ဆိုလိုသောအရာဖြစ်၏။ ။ခန့်ရည်သည်-ဆိုသောအရာကား နှလုံး ဖြင့် ရှယ်တော သတ်မှတ်သည်ဟူသော အနက်ဖြစ်၏။ ။အမည် အရည်ဟူသည် ဒ္ဒကား အမည်သာ ဆိုလိုရင်းဖြစ်ထျက် ယဉ်ဖက်ကာမျှ ရအက္ခရာပါ ဆိုမိန့်သည် ဟူသင့်၏။ "အမည်-ဟူသည်ကား သမ္မုတိပညတ်၊ အရည်-ဟူသည်ကား အစွမ်း သတ္တိ" ဟူ၍, ခြားနားထျက်ဟူလည်း သင့်ဖွယ်ထင်၏။

---

၁ ကိုး * ၃။
၂ ကိုး * ၁၃၅။
၃ ကိုး * ၃၃။

ထို၌ ဝိသဇ္ဇနီသံကား…. "နိဗ္ဗာန်ကိုချည်း၊ ရည်းစလျက်ဝင်" ၁
"စိုးရဟန်ချည်း၊ ရွှင်တင့်ရည်းသည်၊ နတ်လည်းကာလ မှန်စေတုံ" ၂
"ကြမ္မာကိုချည်း၊ မှတ်ထင်ရည်းသည်၊ ကျင့်နည်းသွမ်းဆုံး" ၃
"ဖိုရွှံညည်းတည်း၊ ကြောက်ရွံသည်း၍၊ သရည်းလေဖွယ်" ၄
"ဝေးရပ်ကျော်သည်း၊ ဝိတ်စရည်းက၊ ရွှေချည်းတင်ကာ" ၅
"ကမ္မရည်း၊ သမာသ်နည်းဖြင့်" ၆
"ဆရာသင်နည်း၊ နိဿရည်းကို၊ ငါလည်းတတ်ချင်ချင်သတည်း"
"စေ့မြွေသိမ်သည်း၊ ရွှေရွှေဆည်းသော်၊ စရည်းအိုးခွက်" ၇

စသည်ဖြင့် တင့်ရည်း, ထင်ရည်းသည်, သရည်းသည်, အိုးစရည်း, အရပ်မည်ဝိတ်စရည်း, နိဿရည်း, ကမ္မရည်း-ဆိုသောအရာတို့၌ ထင်၏။

ထိုတွင် **တင့်ရည်းသည်**-ဟူသည်ကို တင့်တယ်သော အရည်အဖြစ်ဟူ၍. ဝိသဇ္ဇနီ မပါ သဘောယူသင့်၏။ **ထင်ရည်းသည်**-ဟူသည်၌လည်း မှတ်ခန့်ရည်သည်-ဟူ၍. ဝိသဇ္ဇနီ မပါသံ လည်းကောင်း သဘော ယူသင့်၏။ နိဗ္ဗာန်ကို မှတ်ရည်ထျက်, ကြမ္မာကိုချည်း မှတ်ရည်ထျက် ဟူ၍. သဘောထင်သာ၏။ ။သရည်းသည်-ဟူ၍. ဆိုမိန့်ခြင်းကား အောင်သည်-ရှုံးသည်၊ရဲးသည်-ကြောက်သည်-မဟူရ၊ တူမျှသော နေခြင်းကို 'သရေသည်' ဆိုသည်။ ထိုသရေသည်-ဟူသော ဝေါဟာရနှင့်သဘော ကျတူသည်တွင် တစိတ်မျှကွဲးသင့်၏။ ကွဲးဟန်ကား… **သရေသည်**-ဟူသော စကား ခွန်းကား ရဲးသည်-ကြောက်သည် မဆိုရ တူမျှသောစိတ်ဖြင့် ပြေနေကြကာသာ၊ **သရည်သည်** ဟူသောစကားခွန်းကား စိတ်မပြေကြလျက်၊ အပန်းအညောင်းဖြေထိုက်. မျက်နှာမယှဉ် ရဲးကာရုံမျှကဲ့သို့သာရှိ၍. တစိတ်မျှသာ ကွဲးသင့်၏။ ။**အိုးစရည်း**, ဝိတ်စရည်း-ဟူသည်တို့ကား ခေါ်ဝေါ်ရုံမျှသာကဲ့သို့ ရှိ၏။ ။**နိဿရည်း** ဟူသည်ကို နိဿယ-ဟု ပါဠိရှိရှိတိုင်း ယခုကာလ နိဿယ ဟူသော ဆိုမိန့်ခြင်းထင်၏။ ။ **ကမ္မရည်း**-ဟူသည်တို့ကား ကမ္မဓာရယ-ဟူသောပါဠိကိုစွဲး၍. ဆိုမိန့်သောအရာ ဖြစ်၏။

---

၁ ကိုး * ၁၂၃။
၂ နောင်၊ထပေါင်းကစင်ချီ၊ထ။
၃ လောသာ * ၁၃။
၄ လောသာ * ၃၉။
၅ မင်းရာ * ၂၀။
၆ ထန်ရ * ၂(၇)။
၇ လောသာ * ၁၈။

ရအက္ခရာ ဟဆွဲး ည-သတ်အမြစ်ကား....

"ထောက်ထားနိုင်းရှည့်၊ မင်းရိပ်ကြည့်၍၊ မင်း၏စိတ်ညှဉ်"
"နှစ်ပါးနိုင်းရှည့်၊ နှန်းလာလှည့်လည်း၊ ဖြိုးပြည့်ထွဲ့"
"နိုင်းဆမရှည့်၊ စုံပြည့်ဤဆို"

စသည်ဖြင့် နိုင်းရှည့်သည်, ဖက်ရှည့်သည်-ဆိုသောအရာတို့၌ ထင်၏။ နိုင်းရှည့်-နိုင်းရဲ့ဟူ၍ ညသတ်,နောက်ပစ်ထူးဟန်ကို အောက်နိုက် * ဆိုအပ်ပြီ။

လည်-လည်း-လှည်း-လှည့်

၃၁၈-လဗျည်း သက်သက် ဟဆွဲး ည-သတ်,အမြစ် ဝိသဇ္ဇနီတို့၌
ဝေါဟာရကိုပြခြင်း

လ-အက္ခရာ ည-သတ်ကား...."မကြိုက်မထည်၊ မကြည်မညို" [၁]
"တထူးတထည်၊ သုလင်ရည်နှင့်၊ စံတည်ပမာ" [၂]
"ရဝ်ခွင်ထူးထည်၊ ပင်ရထည်က၊ ဇာနည်ဖြူဆွ"
"ဖိုးကထွေထည်ဘိသောကြောင့်....စိုးရလေသည် ရှိဆောကြောင့်" [၃]
"ထွေထည်နိုးလှည့်ကြားတော့၏....ဆွေသည်မျိုးရှည့်မှားတော့၏" [၄]
"ပျက်စီးသန့်ထည်၊ နတ်ရူးသည်ဟု၊ မတည်မတံ့" [၅]
"မိုးရွာဖန်ထည်၊ ဖွေနှည်စိစစ်"
"လော်လော်လည်ထည်၊ အတည့်မကျ"
"ရွှေထျက်ဟူသည်၊ အမှတ်တည်၍၊ လော်ထည်ယောကျ်ား"
"သွားသားရာသည်၊ စုံစည်သည်ထည်း၊ ရင့်ရှည်အဆံ"
"တဘောင်းမထည်၊ ရှမ်းပြည်ဝေးရင်" [၆]
"ခုတ်ဖြတ်ဦးထည်၊ ရေမကြည်တည့်၊ စက်ခြည်ဝင်းပြောင်"
"သံထေးပျံကြည်၊ မှာလိုက်သည်ကို၊ နားထည်စိုက်ရိုက်"

---

* ခေါင်းစဉ်(၂၀၀)ရဲ့အခန်း
၁ ကိုး * ၂၃၃။
၂ ကိုး * ၂၂၄။
၃ ဒေး * ၃၃။
၄ ဒေး * ၁၇၅။
၅ ဘုရေါင်း * ၆၀၊ 'မျက်စိသံ့ထည်၊'
၆ မင်းမယ် * ၄၆။

"ငလျှည့်ငလည်၊ တည်သည်တို့အား" ၁
"တုတ်ကွန်ခြောင်ချည်၊ ဘုံသုံးမည်ဝယ်၊ ကျင်လည်သောအား"

စသည်ဖြင့် 'ကျင်လည်, အရပ်မည်မထည်, ဦးထည်, ထော်ထည်သည်, လှည့်ထည်လည်, ထူးထည်ထွေထည်, ဆုတ်ထည်-ဟူသော အရာတို့၌ထင်၏။

ထိုတွင် ထူးထည်, ထွေထည်-ဟူသည်တို့ကား 'ဆန်းထည်သည်'ဟူသောအနက် ဖြစ်သင့်၏။ ။ဆုတ်ထည်သည်-ဟူသည်ကား တုံ့၍ပြန်ထည်ဟူသော အနက်ဖြစ်သင့်၏။ ။အရပ်မည်မထည်, ဦးထည်-ဟူသည်တို့ကား ခေါင်ကာမျှဖြစ်သင့်၏။ ။မျက်စိသန်ထည်-ဟူသည်ကား လှည့်ထည်သည်ဟူသော အနက် ဖြစ်သင့်၏။ ။ကျင်ထည်၏-ဟူသည်ကား ကျွမ်းကျင်သည်ဟူသော အနက်ဖြစ်သင့်၏။ ။နားထည်၏-ဟူသည်ကား သဘောအနက်ကိုသိ၏ ဆိုလိုသောအရာဖြစ်၏။ ။ထော်ထည်၏-ဟူသည်ကား လျှပ်ပေါ်သည်, မငြိမ်မဝပ် ထော်ထည်သည် ဆိုလိုသောအရာဖြစ်၏။ ။ယင်းသို့လျှင် သဘောအသီးသီး ကွဲပြားဟန်ကို နှလုံးသွင်းရာ၏။ ။လှည့်ထည်သည်-ဟူသော သဘောမျှသာ အရမပြားကောင်း သက်သို့ထင်ဖွယ်ရှိ၍, စိတ်လိုက်ရေးသည်။

ထို၌ ဝိသဇ္ဇနိသံကား....

"ခရီးတည်ထည်း၊ မျက်နှာမည်းသည်၊ တိုက်လှည်းမကျန်" ၂
"အိမ်ချီးတထည်း၊ စွန်သည်းတထောက်" ၃
"ငလျင်တော်ထည်း၊ စနည်းတပေါင်" ၄
"ရောင်ဆင်ဆုံဆည်း၊ စုထည်းဆံထုံး"
"ရွှတဖွဲ့သည်း၊ စိတထည်းကို၊ မဲ့ခြည်းထားမြို့" ၅
"ခယတိမ်းထည်း၊ ချစ်သည်ချည်းကို၊ ခမည်းမကြောင်းဘူးလှည့်ထော"
"ဘောင်ဘိမထည်း၊ စည်ထည်သည်းနှင့်၊ ကျင့်နည်းကျင့်ဝတ်" ၆

---

၁ သံ * ၁၅၀။
၂ မင်းဒိဝ် * ဂ၊'ထိုက်သံညည်းညည်း၊ မျက်နှာမည်းထည်း။'
၃ ခေါင်းစဉ် (၁၂၉) ၏ အခန်းကို ထောက်သော်'အိမ်ချီး'ဟု ရှိရင်းဖြစ်တန်ရာသည်။ ဘူထင် * ၄၂၌ 'အိမ်ဆီးထထည်း၊စွန်သည်းသင်းထောက်' ဟုရှိသည်။
၄ ကိုး * ၆။
၅ ကိုး * ၁၀၁။
၆ သံ * ၁၅၁။

"ငါတုံသည်လည်း၊ သားတို့နည်းလျှင်၊ ပစ္စည်းမခင်" ၁
"ယုယမျှပြည်း၊ နာဖွယ်ခြည်းတည့်၊ မယ်လည်းသို့လိုက်"

စသည်ဖြင့် ရေကျွတလည်း, အိမ်ချိုးတလည်း, ဆံစုလည်း, တော်လည်းသည့်, တိမ်းလည်းသည့်, ခရီးတည်းလည်း, အထပ်ဟည်းလည်း-ဆိုသောအရာ၊ ငါတုံသည်လည်း, မယ်လည်း-စသည်ဖြင့် သမုစ္စည်းအနက် ဆိုကောင်းသောအရာတို့၌ ထင်၏။

ထိုတွင် သစ်ပင်ရေကျွတလည်း၊ ဆံစုလည်း, တော်လည်းသည်-ဆိုသော အရာကား ပညတ်ကာမျှသာ ယူသင့်၏။ ဆံစုလည်း-ဟူသည်၌ ဆံအစု တိမ်းလည်းသည်ဟူသော အနက်ယူသော် ရကောင်းအံ့သို့ရှိ၏။ ခရီးတည်းလည်း ဟူသည်ကို ဆိုအပ်ခဲ့ပြီ။ ။ဟည်းလည်း-ဟူသည်ကား ဟင်းလင်းဟားလားဟူသကဲ့သို့ လွတ်လပ်သည်ဟူသောအနက်ပင်၊ ထိုတွင်လ-အက္ခရာကားဖက်ယှဉ်ကာမျှသာဖြစ်သင့်၏၊ ဟက်လက်ဟားလား-ဆိုသည်၌လည်း နည်းတူဖြစ်သင့်၏။ ။ငါတုံသည်လည်း စသည်ဖြင့် ဆိုသောအရာ၌ သမုစ္စည်းအနက် ဖြစ်ဟန်ကား.... ငါ့သားတို့ တောထွက်ကုန်ပြီ။ ငါ့သားတို့နည်း ငါလည်း တောထွက်အံ့ဟူ၍, တောထွက်ခြင်း အနက်ကို ပေါင်းခြင်း, ဆည်းခြင်းအနက် ဖြစ်သင့်သောကြောင့် သမုစ္စည်းအနက်ဟူသည်။ ထိုသမုစ္စည်းအနက်ကား ဆိုပြီးသည်ကိုဆည်းမူ **ဝုတ္ထသမုစ္စည်း**၊ မဆိုသေးသည်ကို ဆည်းမူ **အဝုတ္ထသမုစ္စည်း**၊ ဆိုပြီး မဆိုသေးနှစ်ရပ်ကိုပင် ဆည်းမူ **ဝုတ္ထာဝုတ္ထ သမုစ္စည်း**။ ဝုတ္ထသမုစ္စည်းကို သမ္မိဂ္ဂုနလည်း အမည်ပေး၏။ ဤမှတပါး သမ္ဘာဝနာ * အနက်, ဂရဟာ X အနက် စသည်ဖြင့်လည်း များသေး၏။ သဒ္ဒါကျမ်းတို့၌ တွေ့လေအံ့သည်ကိုလည်း ကောင်း, ကျယ်အံ့သည်ကိုလည်းကောင်း ထောက်၍ မရေးပြီ။

လ-အက္ခရာ ဟဆွဲး ည-သတ် ဝိသဇ္ဇနီသံကား....

"ခေါက်ခေါက်တိုက်လှည်း၊ တချက်တည်းဖြင့်၊ တော်လည်းသံအိုင်"
"ရေမြေသိမ်းဆည်း၊ ရန်ထိပ်လှည်းသား၊ ခမည်းတော်ရင်း" ၂
"သန့်စင်ဦးပြည်း၊ သင်တုံလှည်းသို့၊ သိမ်ဆည်းကုန်ကြောင်း" ၃
"ကျွန်သင်းနွားမြည်း၊ လှည်းနှင့်ဝန်တင်" ၄
"မထားသည်ခြည်း၊ သဲလှည်းကောက်ရိုး"

စသည်ဖြင့် လည်း စသည်ကို လှည်းသည် ဆိုသောအရာ၊ လွှေလှည်း ဆိုသောအရာ ထင်၏။

---

၁ ကိုး * ၁၄၀။
* သမ္ဘာဝနာ-ချီးမွမ်းခြင်း။
X ဂရဟာ-ကဲ့ရဲ့ခြင်း။
၂ ဘူပေါင်း * ၅၀။
၃ သံ * ၁၁၇။

ထိုတွင် အမြစ်သံကား....

"မပြူစလှည့်၊ လူ၏ခန္ဓာ"
"ဆိုသာမာလှည့်၊ သူတို့ပြည့်ဝိမ့်၊ ဟုတ်တည့်မှန်စွာ"
"ခွန်အားချလှည့်၊ ခေါင်းကိုတည့်လျက်"
"ပယ်ညာပတ်လှည့်၊ ရှစ်ခွံကြည့်သော်"
"တပတ်ထည်လှည့်၊ ကိုင်းရှည့်နာရီ"

စသည်ဖြင့် ထည်စေသည်ကို လှည့်သည်ဆိုသောအရာ၊ ပြုတုံလှည့်၊ မူတုံလှည့်-စသည်ဖြင့် ဆိုသောအရာ ထင်၏။

ထိုတွင် နေထစသည်တို့သည် မြင့်မိုရ်တောင်ကို လက်ျာရစ်ခွေပတ်၍ ထည်သကဲ့သို့ထည်းကောင်း, လွေလွည်းစသည်တို့သည် ထာခဲ့သည့်ခရီးကို ထပ်၍ ပြန်ထည်သကဲ့သို့ ထည်းကောင်း, အလိုအလျောက် ထည်သည် ဟူသော ဆုဒ္ဓအသံဋ္ဌကား ထ-သက်သက် ဆိုမိန့်ခြင်းဖြစ်၏။ ထည်စေသည်-ဟူသော ကာရိုက် အသံဋ္ဌကား လှည့်သည်ဟူ၍ ဟဆွဲးအမြစ်သံဖြစ်၏။ ထို့အတူ အလိုအလျောက် တိမ်းထည်း၏ ဟူသည်ကို ထသက်သက်၊ တိမ်းထည်းစေ၏-ဟူသောကာရိုက်အသံကို ဟဆွဲးဆိုမိန့်ခြင်းဖြစ်၏။

သည်

၃၁၉-သမျည်း ည-သတ်သက်သက်၌ ဝေါဟာရကို ပြခြင်း

[၀-အက္ခရာ ည-သတ်ကား မထင်]။ ။သ-အက္ခရာ၌ကား....

"ရဲးမက်ခြေသည်၊ မြောက်စည်မှရိုး" [၁]
"ကြဲမွာကုန်သည်၊ အခွန်တည်၍၊ ဖွေနည်ပတ်ပတ်" [၂]
"ဖူးသော်ကသည် လူတို့ပြည်သို့၊ နောက်ထည်တဖန်"
"နတ်မင်းနေသည်၊ နဂါးပြည်မှ၊ အကြည်နှင်ထုတ်ထေသတည်း" [၃]
"အညာကသည်၊ ဤရွှေပြည်သို့၊ အကြည်ရောက်အောင်"
"သီလဟူသည်၊ စစ်လျှင်တည်၍၊ ခိုင်ကျည်သတိ"
"လုံးကြိုးသစ်ရှည်၊ အသည်တချောင်း" [၄]

---

၁ ထန်ရ၊ * ၁၂။ ၃ ဘူပေါင်း * ၆၆။
၂ ဘူပေါင်း * ၁၆၊ 'အညွှန်းတည်၍။' ၄ သံ၊ နိဂုံး * ၂။

"မြေမိုးဝွန့်ရှည်၊ အသည်အလာ၊ သွားရာလာထည်း"
"စုံစည်သည်ထည်း၊ ရင့်ရှည်အဆံ"

စသည်ဖြင့် အမှုသည်, အရာသည်, ဈေးသည်, နာသည်-စသည်ဖြင့် ဆိုမိန့်သောအရာ၊ အသည်အလာ, သည်ထွေး, သည်ခံ, သည်တိုင်-ဆိုသောအရာ၊ ပြုသည်, မူသည်-စသည်ဖြင့် ဆိုမိန့်သောအရာ ထင်၏။

ထိုတွင် အမှုသည်၊ အရာသည်၊ ကချေသည်၊ ပတ်သာသည်-စသော်ဆိုမိန့်ခြင်းတို့ကား အမှုအရာစသည်တို့ကို သိမ်းပိုက်ဆောင်ရွက်သောသူ ဆိုလိုသောအရာဖြစ်၏။ ။အသည် အလာ၊ သည်တိုင်၊ သည်ခံ၊ သည်ထွေး-ဟူသည်ကား အမည်မျှသာ ကဲ့သို့ ရှိသည်။

ပြုသည် မူသည်-စသော ဆိုမိန့်ခြင်းတို့ကား မာဂဓ၌ ဝိဘတ်တို့၏ အနက်ဖြစ်သင့်သည်ထည်းရှိ၏။ ပြေပြစ်ရုံမျှသော အနက်ထည်း ရှိသင့်၏။ ဝိဘတ်အနက် ဖြစ်သင့်ဟန်, ပြေပြစ်ရုံမျှသော အရာရှိသင့်ဟန်ကို အရိပ်မျှဆိုအံ့ "မီးအားကျိုးလျည်၊ဆယ်သူသည်လျင်၊ ကြိုက်လည်စေအောင်၊ ဆောင်နိုင်အံ့နည်း" ဆိုသောအရာ၌ ဆယ်သူသည်ဟူသော ကတ္တားအနက်ကို ဆောင်နိုင်အံ့နည်းဟူသော ကြိယာအနက်နှင့်စပ်၍ ယူသင့်သောကြောင့် ကတ္တားအနက်ကို ဟောသော ဝိဘတ်တို့၏ အနက်ဖြစ်သင့်၏။ ထိုနှင့်ထျော်စွာ "ကတ္တာတိ ဝုစ္စတိသည်-ကား၊ သည်-ကားစ ပဌမာဝုတ္တာ" စသည်ဖြင့် သည်-ဟူသော အနက်ကား ပဌမာဝိဘတ်၏အနက်ဖြစ်ဟန်, ကတ္တားအနက်ဖြစ်ဟန်ကို ဆရာမြတ်တို့ မိန့်ကုန်ပြီ။ ဤမှတပါး ကံစသော ကာရကအနက်၊ ဝိသေသနစသော အကာရကအနက်၊ အာချာတ်ဝိဘတ်တို့၏အရာ ကြိယာ အနက်တို့၌ထည်း သင့်ရာကြီ၍, ယူသင့်၏။

ပြေပြစ်ရုံမျှသာ ဖြစ်သောအရာကား....[၁] "ချစ်သည်ကိုမူ၊ မည်ဆိုထုတ်ပွက်၊ ချစ်သည်ထျက်တည်း။ ။ကျွန်ုပ်သည်လျင်" စသော်အရာတို့၌ ချစ်ခြင်းသဘောကို ထုတ်ပွက်၍, ဆိုသည်ဟု အဓိပ္ပါယ်ဖြော်ထျင် သည်-ဟူသောစကားခွန်း ပြေပြစ်ရုံမျှသော အရာသာဖြစ်၏။ ချစ်ခင်သောသဘောရှိထျက် သည်းထန်စွာ ဖြစ်ထေပြီးသည်ကို အတိုင်းထက်အလွန် အဖွဲအစည်းမြဲးထေအောင် အိမ်ရာထောင်ချေသော် ချည်နှောင်သကဲ့သို့သော မယားသည် ကြိုးတပါးဖြစ်ပြန်ခဲ့၏။ ထိုတွင် သားသမီးကား ပွားပြန်ထပ်ပြန် ရစ်ပတ်ပြန်သည်နှင့် အတူဖြစ်၍, ဖြေနိုင်ခက်အံ့သည်ဟူ၍, အဓိပ္ပါယ်ဖြော်

၁ နောင်၊ ထစ်မည်ထိုမူ-ချီ (ဒ)၊ 'မည်ဆိုထုတ်ပွက်၊ မဟရက်တည်း။'

ထျင် သည်-ဟူသော စကားခွန်းပြေပြစ်ရုံမျှသာဖြစ်၏။ ဤနှင့်အတူ အရအထူးမရှိ ထျက် ဆိုသောအရာသည် ပြေပြစ်ရုံမျှသော ဆိုမိန့်ခြင်းဖြစ်၏။

သည်း

၃၂၀–သဗ္ဗည်း ည-သတ် ဝိသဇ္ဇနီဒ္ဒ ဝေါဟာရကိုပြခြင်း

သ-အက္ခရာ ည-သတ် ဝိသဇ္ဇနီအဆံကား....

"ဆော်မောင်း ဆံသည်း၊ ထိတ်ထိတ်ကျည်းမျှ၊ ပစ္စည်းပုံယင်"
"တတ်နိုင်အံ့သည်း၊ တစီးတည်းဖြင့်၊ ကမ္ဘည်းတင်ထောက်"
"ကျတ်ခေါက်ကျော်သည်း မဆံ့သော....နတ်အောက် သော်လည်း မည့်သော" ၁
"ခြေသည်းလက်သည်း၊ ပုပ်မည်းညစ်ကို" ၂
"တဝမ်းတသည်း၊ လူလည်းယှဉ်နှော"
"အိမ်ချည်းတလည်း၊ စွန်သည်းတထောက်" ၃
"တောင်တိမလည်း၊ စစ်လည်သည်းနှင့်၊ ကျင့်နည်းကျင့်ဝတ်" ၄

စသည်ဖြင့် ကျော်သည်း,ထန်သည်း-ဆိုသောအရာ၊ ခြေသည်း လက်သည်းဆိုသော အရာ၊ အဠိအသည်းဆိုသောအရာ၊ သစ်ပင်၏အမည် စွန်သည်းလည်သည်း ဆိုသော အရာတို့၌ ထင်၏။

ထိုတွင် ကျော်သည်း-ထန်သည်း-ဟူသည်၌ 'သည်း၏' ဟူသည်ကား ပြင်းထန်၏ ဆိုသောအရာဖြစ်၏။ ။အဠိအသည်း,ခြေသည်း လက်သည်း-ဟူသည်ကား အမည် မျှသာဖြစ်၏။ ။စွန်သည်းဟူသော သစ်ပင်၏အမည်ကို 'စွန်လက်သည်း' ဟူ၍ ဆို မိန့်ကုန်သည်ကိုထောက်ထျင် ခြေသည်းလက်သည်းနှင့် တစိတ်တူသည်ကို စွဲးသင့် လေသောကြောင့် ခြေသည်းလက်သည်း-ဟူသော ဝေါဟာရငင်း ယူသင့်၏။ ။ လည်သည်း-ဟူသည်ကား အကြီးအမြတ်ဖြစ်သည်မှ အခြားမဲ့ ထျော့ဆုတ်ကာသာ

---

၁ ဒေး * ၄၆။ပ။ထ။
၂ ဘူထင် * ၃၉၀။
၃ ဘူထင် * ၄၂၊ 'အိမ်ရှိုးဟု ရှိရင်း ဖြစ်တန်ရာသည်၊ လည်းအခန်း မှတ် ချက်ရှု။
၄ သံ * ၁၅၁။

ဂုဏ်အရည်ရှိသည်ဖြစ်၍ ထည်၏သဖွယ် အကြီးအမြတ်ဖြစ်သည်နှင့် နီးစပ်သည်ကို စွဲး၍ 'ဆည်' ဟူသော ဝေါဟာရ၊ အောက်အောက်သော အဖို့မှထောက်၍ သည်း ထန်သာလွန်သော ဂုဏ်အရည် အဝိုအသည်းကဲ့သို့ အမွန်အမြတ် မှတ်ထိုက်သော ဂုဏ်အရည်ထင်သည်ကိုစွဲး၍ 'သည်း' ဟူသော ဝေါဟာရ၊ ဤစကားခွန်းနှစ်ရပ် စပ်နှောင်၍ 'ထည်သည်း' ဟူသော ဆိုဓိန္နဒြင်းဖြစ်၏ဟုယူသော် အနက်ရဖွယ် ထင်၏။ အမည်မျှသာဆိုထည်း သင့်ရာ၏။ ဉာဏ်လိုက်စေခြင်းငှာ ဆိုသည်။ဆင်ခြင်။ ။ဘိနဝ်သည်း-ဟူသော ဝေါဟာရထည်း ခြေသည်း ထက်သည်း-ဟူသကဲ့သို့ အမည်မျှသာဖြစ်သင့်၏။ ယခင်နည်းတူကြ၍ ယူထည်း သင့်ရာ၏။ လူပြိန်းတို့ နားရွက်သဖြင့် ခိုင်းမျည်း၍ ဆိုသည်ထင်အံ့တကြောင်း၊ ကျယ်အံ့တကြောင်းစိုး၍ မထုတ်ပြ။

ဟည်း

၃၂၁-ဟဗျည်း ည-သတ်၌ ဝေါဟာရကိုပြခြင်း

ဟ-အက္ခရာ ည-သတ်ကား....

"ကုဟည်းဌက်ဆင်....စုထည်းရွက်ရှင်....ဥတည်းစက်ပြင်" ၁
"သံရှင်ရိုက်ဟည်း၊ တိုက်သတ်လှည်းက၊ ဒုန်သည်းပတ်ကုန်း"

စသည်ဖြင့်ဆင်ဟည်းသည်,သစ်ပင်၏အမည်,ကုဟည်းသည်ဆိုသော အရာတို့၌ထင်၏၊ ထိုတွင် သစ်ပင်၏ အမည်၌ ထက်ပံကုတ်ဟည်း- ဟု၍ ဆိုဓိန္နကုန်သည် ထင်၏။ စပ်အင်၌....'ကုဟည်းဌက်ဆ င်' စသည်ဖြင့် တ-သတ်မပါလေ။ ဌတ်ဆင် ဆိုသည်လည်း ပကတိဌက် မဟုတ်၊ ကုဟည်းမည်သော သစ်သားသည် မလေးမလံပေါ့ပါးသည်ကိုစွဲး၍ လုပ်သည့်ထက္ကဏာရှိ၏။ ထိုကုဟည်းသားဖြင့်ပြီးသော ဌက်ဆင်ဆိုလိုသောအရာဖြစ်၍ စပ်အင်ရှိတိုင်း ရေးဖတ်သည်မှာ သင့်ဖွယ်ထင်၏။

---

၁ ဒေး * ၃၅၊ 'ဥဒည်းစက်ပြင်။ စုထည်းထက်သင်။ ကုဟင်းဌက်ဆင်။'

အည်း-အည့်၊ ၏-၏့

၃၂၂-အဗျည်း ည-သတ် သက်သက် ဝိသဇ္ဇနီအမြစ်ရာတို့၌ ဝေါဟာရကိုပြခြင်း

အ-အက္ခရာ၌ ည-သတ်ကား....

"အောင့်တောင့်ညည်းသည်း၊ ပုတ်ခတ်သည်းထည်း၊ အိမ်းအည်းမရွှတ်" ၁

"မရောမရည်း၊ ဩဩအည်းမထိုက်"

စသည်ဖြင့် ဩအည်း, အိမ်းအည်း-ဆိုသောအရာတို့၌ ထင်၏။

အ-အက္ခရာ ည-သတ်အမြစ်သံကား....

"သည်မှာရှိအည့်၊ မထူးလှည့်တည့်၊ သူ၏ဘာသာ"

"လက်ဆောင်တပည့်၊ ငါအည့်ကိုယ်စား"

"အာဂန္တုအည့်၊ လှူငှားတည့်၊ သီးမျှည့်ဆွတ်ဖြတ်ရည်"

စသည်ဖြင့် ရှိ၏,ဖြစ်၏-စသည်ဖြင့် ကြိယာအနက် ဖြစ်သင့်သောအရာ၊သူ၏ဘာသာ၊ ငါ၏ကိုယ်-စသည်ဖြင့် သမ္ဗန်အနက် ဖြစ်သင့်သောအရာ၊ အည့်သည်, အာဂန္တုဧ၏-ဆိုသောအရာ၌ထင်၏။ ထို၌ အ အက္ခရာ ည-သတ်အသံကို သေရတွင် တံခွန်လွှားကာမျှ ရေးသည်ကား သဘောအကြောင်း ဆင်ခြင်ဖွယ်ရှိ၏။ ဧ, အ-အက္ခရာသည်သရဖြစ်၍, တံခွန်အရေးပြဖွယ်မရှိ။တံခွန်အရေးပြကာကိုလည်း ည-သတ်မြစ်သံဖတ်ရဖွယ်မရှိ။ သေရဝယ် ည-သတ်ရဖွယ်လည်းမရှိ။ ဤသို့စသည်ဖြင့် ဆင်ခြင်ဖွယ်ရှိ၏။ ။ဤ၌ ထင်ပေသည်ကား သေရလည်း မဆိုကောင်း၊ တံခွန်အသတ်လည်း မဆိုကောင်း၊ ၌-ဟူသောအရေး၊ ၍-ဟူသောအရေးစသည်တို့၌ကဲ့သို့ အကြောင်းအသံ တော်-မတော်မစစ်သာ၊အမှတ်သညာမျှသာ ရှေးသူဟောင်းတို့ရေးမှတ်လေသကဲ့သို့ရှိ၏။

ည-ဦးခေါင်းတပ် သတ်သံပြီးပြီ။

ကျဉ်-ကျဉ်း၊ ကြဉ်-ကြဉ်း

၃၂၃-ကဗျည်း ယပင့် ရရစ် ဦးခေါင်းမတပ်, ဥ-သတ်၌
ဝေါဟာရကိုပြခြင်း

ဥ-သက်သက် ဦးခေါင်းမတပ် သတ်သောအရာကား [က-အက္ခရာသက်သက် မထင်]။ ။ယပင့်သောအရာကား....“ထုံထုံကျဉ်ကျဉ်၊ သွေးမြေယှဉ်၊ ပါစဉ်ဆေး ဖြင့်ကု။ ။ကျိတုံအပျဉ်၊အကျဉ်အခဲ”[၁] စသည်ဖြင့် ထုံကျဉ်,အခဲးအကျဉ်,တိရစ္ဆာန်၏အမည် ကျဉ်-ဟူသည်တို့၌ ထင်၏။ ။ထိုတွင် အခဲးအကျဉ်-ဟူသော ဝေါဟာရ၏အနက်၊ အစုအခဲး ဟူသော မူလကို စွဲး၍, ထုံကျဉ်သည်၊ တိရစ္ဆာန်၏ အမည်ကျဉ်၊ နံရံ-စသည်တို့၌ လိမ်းကျံသောမြေစိုင်၌ခဲညှန်တို့ကို ‘မြေကျဉ်’ဟူသောအခေါ် အဝေါ်ဖြစ်သကဲ့သို့ရှိ၏။ ဣရိယာဝုထိ မလဲးမပြောင်း မညောင်းမညာ လောက်အောင် သွားလာထိုင်နေခြင်းရှိထသော် သွေးလေလွှားလာမကြည်မထင် ရပ်တုံ့စုပုံ၍, အခဲးအကျဉ်ဖြစ်လေသည်ထျင် မခံချိရှိ၍, ထုံသည်-ကျဉ်သည်-ဟူသော ဆိုမိန့်ခြင်းဖြစ်သကဲ့သို့ရှိ၏။

တိရစ္ဆာန်၏ အမည် ကျဉ်-ဟူသည်၌ထည်း ထိုတိရစ္ဆာန်၏ အဆိပ်အငွေ့ ထွေလေလျှင် အသွေးအသား စုပုံ၍, မခံချိ အခဲးအကျဉ် ဖြစ်၍, နာကျင် စေတတ် သည်ဟူသော အစွဲးအရ လျော်ဖွယ်ထင်၏။ ။မြေကျဉ်ဟူသည်၌ထည်း ရှုံစိုင်အခဲးအကျဉ်-ဟူသောအနက်ထင်သော်၏။ ‘ဘုရားရပ်ထု စသည်တို့ကို အကျဉ်ထောပမာဏ မည်မျှခံ’ စသည်ဖြင့် ဆိမိန့်သည်၌ထည်း အခဲးအကျဉ်ဖြစ်၍, ‘အကျဉ်အထု’ ဆိုထိုသော အနက်လည်းကောင်းထင်၏။

ထိုဥဝိသဇ္ဇနီသံကား....

“အကျယ်အကျဉ်း၊ စိုးတစဉ်းမျှ၊ မလျဉ်းလျှင်ကောင်း”
“တစိုးမကျဉ်း၊ ဦးယျဉ်းမကျုံ”[၂]
“ပေယျာအကျဉ်း၊ ရုံးစည်းချဉ်းလျက်၊ စိတ်မျဉ်းကောင်းညွတ်” *

စသည်ဖြင့် အကျဉ်းသို့ထိုက်သောအရာထင်၏။ ဤ၌ ကျဉ်းသည်-ဆိုသောသဒ္ဒအသံ၊ ချဉ်းသည်-ဟူသော ကာရိုက်အသံအစုံရသင့်သောကြောင့် ယှဉ်ဖက်၍, ဆိုအံ့။

---

၁ ဆု * ၁၉။
၂ ဘူထင * ၃၀၇၊‘ဥယဉ်းမချုံ့။’
* ‘စိတ်မျဉ်းငင်ညွတ်။’? မျဉ်းအခန်းရှု။

"လွယ်ရုံးစည်းချဉ်း၊ဆိုမြွက်ထျဉ်းဝိမ့်၊စိုးစဉ်းမှတ်သားဖွယ်ဖွယ်တည်း"[၁]
"ရောင်ဖြူစေချဉ်း၊ စဉ်းကားကာဃ"
"ဆိတ်ဃင်တူစဉ်း၊ စေ့ချဉ်းမိတ်ဖော်" [၂]
"သေမင်းကဝ်ချဉ်း၊ နှိဝ်စက်ညဉ်း၏၊ စိတ်မျှဉ်းသံဝေ" [၃]

စသည်ဖြင့် နီးကျဉ်းစေသည်ကို ချဉ်းသည် ဆိုသော အရာထင်၏။ဆိုထွတ်သည်တို့ ဥထည်းသုဒ္ဓအသံ၊ကာရိက်သံယှဉ်ဖက်၍ ဆိုမိန့်သော ဝေါဟာရတို့သည်အရစ်အပင့် အသတ်အလတ်မကွဲးသည်သာ ဖြစ်သင့်ကြောင်း, အရစ်အပင့် အသတ်အလတ် ထင်သာအံ့ တကြောင်း, အနည်းအကျဉ်းဖြင့် ပြီးလင့်တန်သည်အရာ ပြီးပါအံ့သည် တကြောင်းထောက်၍ သုဒ္ဓအသံ,ကာရိက်အသံ စပ်ယှဉ်၍ ထုတ်အံ့သည်။

က-အက္ခရာ ရစ်ထျက် ဥသတ်ကား....

"မလိုဖဲးကြဉ်၊ ကုသိုလ်ယှဉ်ထျက်၊စိတ်ယဉ်နှလုံး"
"သည်ကိုရှောင်ကြဉ်၊ သည်ကိုယှဉ်ဟု၊ တားဖျဉ်တိုက်တွန်း" [၄]

စသည်ဖြင့် ရှောင်ကြဉ်သည်ဆိုသောအရာထင်၏။

ထိုဠ ဝိသဇ္ဇနီသံကား....

"ဂိဇ္ဈယူကြဉ်း၊ မင်းထံချဉ်း၍၊ စိတ်မျဉ်းရွှင်ပျော်" [၅]
"ဗိုလ်ပါဆောင်ကြဉ်း၊ ကဝ်ချဉ်းတောမှာ" [၆]

စသည်ဖြင့် ယူကြဉ်းဆောင်ကြဉ်း-ဆိုသောအရာ ထင်၏။

ချဉ်-ချဉ်း-ချဉ့်

၃၂၄-ခဗျည်း ဦးခေါင်းမတပ် ဥ-သတ်၌ ဝေါဟာရကို မြဖြင်း

ခ-အက္ခရာ၌ သက်သက် မထင်။ ။ယပဉ်ကား...."အချိအချဉ်၊ အစဉ်အသီး။ ။ ခါးချိုဆူးချဉ်၊ စဝ်ဖန်ယှဉ်ထျက်"စသည်ဖြင့် အချဉ်အချို ဆိုသောအရာ၌ ထင်၏။ ။

---

၁ တန်ရ * ၇။ 'လွယ်ကာရုံးချဉ်း၊ ဆို ပွက်ထျဉ်းဝိမ့်။'
၂ သံ၊ နိဂုံး * ၃။
၃ ကိုး * ၁၉။
၄ သံ * ၁၅၀။
၅ ကိုး * ၂၄၆။
၆ ကိုး * ၁၀၀။

ထို၌ ဝိသဇ္ဇနီသံကား.....ယခင်ကျဉ်းစေသည်ကိုချဉ်းသည်-ဆိုသော ကာရိုက်သံမျှသာ ထင်၏။ ။ထို၌ အမြစ်သံကား..... ချဉ်ချဉ်ရှိသည်၊ ခပ်ချဉ်ရှိသည်-ဟူ၍ ဆိုခဲ့ပြီး သောအတိုင်း အားမကြီးလွန်းသော အချဉ်ကိုရည်၍ အလွတ် ပြောဆိုခြင်းသာ ထင်၏။

စဉ်-စဉ်-စဉ်း

၃၂၅-စဗျည်း ဦးခေါင်းမတပ် ဥ-သတ်၌ ဝေါဟာရကို ပြခြင်း

စ-အက္ခရာ ဥသတ်ကား.....မေတ္တာဖဲးကြဉ်၊ မိန္ဆာယ္ဉသား၊ တံစဉ်အသွင်" [၁]
"ငြိမ်သက်ထျောင်းစဉ်၊ မောဟယ္ဉသား၊ စီထျဉ်စကား"
"မင်းရိုးမင်းစဉ်၊ ကျင့်ထျဉ်မပြတ်" [၂]
"သူတို့မစဉ်၊ ဝတ္ထင်ယဉ်၏၊ မကြဉ်နိုင်ဖွယ်" [၃]

စသည်ဖြင့် တံစဉ်,ထျောင်းစဉ်, အိပ်စဉ်, နေစဉ်,ထိုင်စဉ်,ပြုစဉ်, မူစဉ်-ဆိုသောအရာ၊ အတန်းအစဉ်, အစီအစဉ်, မင်းစဉ်-စိုးဆက်-စသည်ဖြင့် ဆိုမိန့်သောအရာ၊ ဖိတ်စဉ်သည်, ပြင်လွှင့်စဉ်လွှင့်သည်-ဆိုသောအရာတို့၌ ထင်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"သိဟ်ထဂ်တူစဉ်း၊ စေ့ချဉ်းမိတ်ဖော်" [၄]
"စိုးမင်းကစဉ်း၊ တုတ်ခွန်ညှဉ်း၍." [၅]
"ကျီးနက်ရှဉ်းရှဉ်း၊ ပစဉ်းကျာကျာ"

စသည်ဖြင့် တ်ရဏ္ဍာန်မည် ပစဉ်း, စဉ်းလက်(စန်းလဂ်)ဆိုသောအရာ၊ ကံစဉ်းသည်-ဆိုသောအရာ၊ စဉ်းကော, စဉ်းသည်, ဖြတ်စဉ်းသည်, စဉ်းသွားတတ်သည်, အစဉ်းအဝါး, စဉ်းစဉ်းဝင်သည်, ခါးစဉ်းရင်ကျယ်-စသည်ဖြင့် ဆိုသောအရာတို့၌ ထင်၏။

ထိုတွင် စဉ်းလက်ဟူသည်၌ တနင်းလာရြိဟ်ကို စန္ဒ,စန္ဒြ-ဟူ၍. ပါဠိရှိသည်နှင့် အညီ 'စန်း' ဟူ၍. အလွတ်ဆိုမိန့်ကုန်သည်ထင်၏။ ပျိုလက်ံဆရာတို့ကား 'စဉ်း'

---

၁ ဘူထင် * ၄၀၂။
၂ သံ * ၁၇၇။
၃ ကိုး * ၂၂၀၊ 'သူတို့မဖျဉ်၊ ဝါ့ဝယ် ယဉ်၏။'
၄ သံ နိဂုံး * ၃။
၅ ဆု * ၇၄။

ဟူ၍ ဥ-သတ်စပ်တော်မူကုန်သည်။ ဥယျာန၊ဥယျောဇန၊ ဆာဝနာ၊ ညာဏ၊ အဘိညာဏ၊ ဝိညာဏ-စသော ပါဠိနှင့်အညီ ဥယျာန်-စသည်ဖြင့် နငယ်၊ ဆာဝနာ ညာဏ်-စသည်ဖြင့် ဏကြီးစပ်အင်္ဂါမည်အတွက်ကို-

"ဈေးလည်းနီးယှဉ်၊ ဥယျာဉ်နှစ်စုံ"
"ဤသို့ပဋိညာဉ်၊ ဥယျောဇဉ်နှင့်" ၁
"တန်ခိုးယဉ်ဖြင့်၊ စက်ပျဉ်ရထား။ ။ဆာဝနာညဉ်၊ သံပျားပျဉ်ထိ"
"ငါးပါးဘိညာဉ်၊ တန်းခိုးယှဉ်သား"
"အသက်ဝိညာဉ်၊ ဖိတ်စဉ်ဘနန်း"

စသည်ဖြင့် ဥ-သတ်စပ်သကဲ့သို့ စန္ဒြ၊ စန္ဒ-သဒ္ဒါရှိထျက် န-မသတ် 'စဉ်းလဲက်' ဟူ၍ ဥ-သတ်စပ်ထေသည်။

ထို၌ အမြစ်သံကား....

"သံသာဝေစဉ်၊ မောဟညဉ်ကြောင့်၊ ထျဉ်ထျဉ်မထင်း" ၂

စသည်ဖြင့် ဝေစဉ်-စသည်ဖြင့် စပ်သောအရာ၊ စဉ်အိုး, စဉ်ခွက်-စသည်ဖြင့် 'စဉ်' ဆိုသောအရာထင်၏။ ။ထိုထွင် ဝေစဉ်-ဟူသည်ကား ဝေးခိုက်၊ ဝေးကြိုက်-ဟူ၍ ပစ္စုပ္ပန်အနက် ထင်စေလိုသဖြင့် ဆိုသော စကားခွန်း ဟူ၍လည်း ယူသင့်၏။ ယခင် ထျောင်းစဉ်, အိဝ်စဉ်-ဆိုသော အရာကဲ့သို့ အ-မမြစ်သောအသံဖြစ်ထျက် မြစ်သံဆိုသည်လည်း ယူသင့်၏။ ဤ၌ အ-မမြစ်သံ, မြစ်သံသာ ကွဲးသည်။ အရအနက်ကား 'ဖြစ်ကြိုက်-ဖြစ်ခိုက်၊ ဖြစ်ဆဲး' ဟူသကဲ့သို့ အိဝ်စဉ်-ထျောင်းစဉ်၊အိဝ်စဉ်-ထျောင်းစဉ်, အမြစ်-မမြစ် အရထူးဖွယ် မရှိသည်ဖြစ်၏။

ညဉ်–ညာဉ်–ညဉ်၊ ညှဉ်း

၃၂၆–ညဗျည်း ဦးခေါင်းမတပ် ဥသတ်၌ ဝေါဟာရကို မြဖြင်း

[ဆ-အက္ခရာ ဥဦးခေါင်းမတပ် (ဥ) သက်သက်သော အသံကား ဝေါဟာရမထင်]။ ။ည-အက္ခရာ၌ကား....

"မင်းနှစ်စိတ်ညဉ်၊ ရွှင်မြူးစဉ်ဝယ်"

---

၁ ဘူပေါင်း * ၇။ ၂ ကိုး * ၂၆၁။

"ခြောက်စုံဝိညာဉ်၊ ခြောက်စဉ်ဝိထိ" ၁
စသည်ဖြင့် စိတ်ညဉ်,ဝိညာဉ်, ဘာဝနာညာဉ်,အဘိညာဉ်-ဟူသော ယခင်ပါဠိမှ ဆို မိန့်ခြင်းထင်၏။

ထိုတွင် အမြစ်သံကား....

"မောဟညဉ်ကြောင့်၊ ထျဉ်ထျဉ်မထင်း" ၂
စသည်ဖြင့် 'ညညဉ်'ဆိုသောအရာထင်၏။

ထို၌ ဟဆွဲး ဝိသဇ္ဇနိသံကား ..."စိုးမင်းကစဉ်း၊ တုတ်ခွန်ညှဉ်းထျက်။ ။သေမင်း ကဝ်ချဉ်း၊ နှိဝ်စက်ညှဉ်း၏"စသည်ဖြင့် ညှဉ်းဆဲးသည်, ညှဉ်းပန်းသည်-ဆိုသောအရာ ထင်၏။

ထဉ်း

၃၂၇–ထဗျည်း ဦးခေါင်းမတပ် ဥသတ်၌ ဝေါဟာရကိုပြခြင်း

[တ-အက္ခရာဌာနဉာဏ် မထင်]။ ။ထ-အက္ခရာဌာနကား.... "ရှုန်းရှုန်း ရှဉ်းရှဉ်း၊ တောင်ဟုန်ကြဉ်းထျက်၊ ထဉ်းထဉ်းပျံမြောက်" ဟူ၍ ထဉ်းထဉ်း– ဟူသော ဆို မိန့်ခြင်းထင်၏။ ။အချို့ကား ဤ၌ ကုန်းကြည်း-ဟူသော အသံကဲ့သို့ 'တောင်ဟုန် ကြည်းထျက်၊ ထည်းထည်း'ဟူ၍ ညဦးခေါင်းတဝ်သံဖတ်ကုန်၏။ ထည်းထည်း-ဟူ သောအသံကား၊ အညစ်အထည်းဆိုသော အရာသာထင်သောကြောင့် သဘော ထျော်အံ့သို့ မရှိ။ ။[န-အက္ခရာဌာနဉာဏ် မထင်]။

ပျဉ်-ပျဉ်း

၃၂၈–ပဗျည်း ဦးခေါင်းမတပ် ဥ-သတ်၌ ဝေါဟာရကိုပြခြင်း

ပ-အက္ခရာဌာနကား သက်သက်ဝယ်မထင်။ ။ယပင့်ဌကား....ဘာဝနာညာဉ်၊

---

၁ ပင်းယအမတ်ကြီး စတုရင်္ဂဗေဒဆို– ရွှေဆဝါးတော် အောက်- ချီရတု၊ (တ)။ ထက်ပဲနော်ရထာရတု၊ ၃။

၂ ကိုး * ၂၆၁။
၃ ကိုး * ၂၄၈။

သံပျားပျဉ်တိ၊ အကျဉ်အခဲ” [1] ....စသည်ဖြင့် အခဲအထွက်-ဆိုသောအရာ ထင်၏။ သစ်ပျဉ်,ကျောက်ပျဉ်-စသော ဆိုမိန့်ခြင်းတို့သည်လည်း ‘အပျဉ်အထွက်’ဆိုလိုသော အရာ၌ငင်း ဖြစ်၏။

ထို၌ ဝိသဇ္ဇနီသံကား....

“နောက်ထည်းဝမ်းပျဉ်း၊ ပခုံးစဉ်းမျှ” [2]
“ခေါင်းခဲးဦးယဉ်း၊ ကျမျက်ပျဉ်းနှင့်”
“အနောက်ချဉ်းချဉ်း၊ မြစ်ပျဉ်းတထောင်” [3]
“ရှုန်းရှုန်းလွှေထင်-ယဉ်မပျဉ်းလေ”
“အရုဝ်မျဉ်းမျဉ်း၊ကိုယ်ကိုမျှဉ်းထွက်၊ထိုင်းပျဉ်းမိန်းမိန်းနေသတည်း” [4]
“မီးပွားရှဉ်းရှဉ်း၊ ဟူးဟူးထွဉ်းထွက်၊ နွေးပျဉ်းမပြင်” [5]

စသည်ဖြင့် ဝမ်းပျဉ်း, မျက်ပျဉ်း,ပါးပျဉ်း-ဆိုသောအရာ၊ ထိုင်းပျဉ်း, နွေးပျဉ်း,ပျော့ပျော့ပျဉ်းပျဉ်း-ဆိုသောအရာတို့၌ ထင်၏။

ထိုတွင် ဝမ်းပျဉ်း၊ မျက်ပျဉ်း၊ ပါးပျဉ်း-ဆိုသောအရာတို့ကို ယခင် ‘အပျားအပျဉ်’ ဆိုသော အသံအနက်တွင် ဝိသဇ္ဇနီသံဆိုသည်သာ ယူကောင်းအံ့သို့ရှိ၏။ ။မြစ်ပျဉ်း ဆိုသည်၌ကား နည်းတူ ‘အပျားအပျဉ်း’ဟူသော အနက်ထည်း ဖြစ်သင့်၏။ ပျော့ပျဉ်းသည်-ဟူသော အနက်ထည်းဖြစ်သင့်၏။ ။ထိုင်းပျဉ်း,နွေးပျဉ်း-ဟူသည်၌ကား မသွက်မလက် ထိုင်းမှိုင်းသည်ဟူသောအနက် ဝိသဇ္ဇနီသံမူထယူသင့်၏။

---

၁ ကိုး * ၄၊ ‘ဘာဝနာညာဉ်၊သံပြားပျဉ်တိ၊မြေယဉ်ပတ်ကုံး’၊ဆု * ၁၉-၌ ‘ကျိတုံအပျဉ်၊အကျဉ်အခဲ’ ဟုရှိသည် ‘ဘာဝနာညာဉ်၊ သံပျား ပျဉ်တိ’။ ‘အကျဉ်အခဲ’ဟု ၂-ပုဒ် ဖြစ်ထန်ရာသည်။

၂ ဘုံ * ၉၉။

၃ မင် * ၃။

၄ ဘူလင် * ၂၂၇၊ ‘အရုဝ်မျှဉ်းမျှဉ်း၊ ကိုယ်ကို ညှဉ်းထွက်၊ ထိုင်းမျှဉ်း မိန်းမိန်း နေသတည်း။’

၅ ဆု * ၅၅၊ ‘နွေးဖျဉ်းမပျင်း။’

ဖျဉ်-ဖျဉ်း

၃၂၉-ဖဗျည်း ဦးဧခေါင်းမတပ် ည-သတ်၌ ဝေါဟာရကိုပြခြင်း

[ဖ-အက္ခရာ၌လည်း သက်သက်မထင်]။ ။ယပင့်ကား....

"မတားမဖျဉ်၊ နှလုံးယဉ်မူ၊ အစဉ်တလင်း"
"မိန္ဆာဖြေဖျဉ်၊ ပညာယှဉ်သား" [၁]

စသည်ဖြင့် ဖျဉ်တားသည်ဆိုသောအရာ ထင်၏။

ထို၌ ဝိသဇ္ဇနိသံကား....

"ရွှေအင်ဒွေဖျဉ်း၊ စေချဉ်းကျစ်လစ်။ ။အဝမကျဉ်း၊ ကျယ်သည့်ဖျဉ်း" စသည်ဖြင့် အိုးဖျဉ်းဆိုသောအရာ၊ ဖျဉ်းဖျဉ်းတက်သည်ဆိုသောအရာ၊ ဖျဉ်းဖျဉ်းနာသည်ဆိုသောအရာ ထင်၏။ ဖျဉ်းစွဲး၊ ဖျဉ်းအနာ-ဆိုသည်လည်း အိုးဖျဉ်းနှင့်သဏ္ဌာန်တစိတ်ဟူ၍ ၎င်း, တဖျဉ်းဖျဉ်း နာကျဉ်ထေးလံသည်-ဟူသော အနက်ဟူ၍ ၎င်း ဆိုသင့်အံ့ဆို၏။ ။ဤ ဖ-အက္ခရာ၌ ပင်္သံသာ နာသာအံ့ဖြစ်၍ ပင်္သံဖတ်သော်လည်း ပညတ်မျှသောအရာရောက်သဖြင့် ရစ်၍ ရေးထည်း သင့်ရာသည်ပင်ဖြစ်၏။

မျဉ်-မျဉ်းမျဉ်း

၃၃၀-မဗျည်း ဦးဧခေါင်းမတပ် ည-တတ်၌ ဝေါဟာရကို ပြခြင်း

[မ-အက္ခရာ၌လည်း သက်သက်မထင်]။ ။ယပင့်၌ကား....

"ဥပါယ်တမျဉ်၊ မင်းတိုင်းယှဉ်၍၊ ဖိတ်စဉ်နှုတ်ထွံ"
"ဥပါတမျဉ်၊ ယှဉ်သားပညာ။ [၂] နိမိတ်တမျဉ်၊ ချီးငှာချဉ်"

စသည်ဖြင့် ဥပါယ်တမျဉ်, နိမိတ်တမျဉ်-ဆိုသောအရာထင်၏။ 'နှလုံးတမျဉ်းခိုင်ကျဉ်းသောတန်' ဟူ၍ ပါရမီခန်း၌ ဖတ်ကုန်သည်ကား မ-အက္ခရာ ယပင့် ည-သတ် ဝိသဇ္ဇနိမပါသဖြင့် ဥပါယ်တမျဉ်, နိမိတ်တမျဉ်-ဆိုသောအရာသာ ပျိုထက်ခဲ့ စကားပြေထင်သည်။ နှလုံးတမျဉ်-ဟူ၍ ဆိုသကဲ့သို့ တပါးသောအရာ မထင်သည်ကိုလည်း,

---

၁ ဆု * ၁၀၈။ ၂ ကိုး * ၁၆၃။

ခိုင်ကျည်-ဟူ၍ ဥဦးခေါင်းမတပ် သတ်သော အသံသည် အခဲအကျည်, တိရစ္ဆာန်ကျည်-ဆိုသောအသံကဲ့သို့သော အရာသာထင်သည်။ 'ခိုင်ကြီ' သည်ဟူသောအနက်မထင်။ ခိုင်ကျည်သည်-ဟူသောအနက်ကား....

"နှလုံးခိုင်ကျည်၊ ပုသ်ဆောင်(ဆောက်)တည်လျက်"
"သီလဟူသည်၊ စင်ကျင်တည်၍၊ ခိုင်ကျည်သတိ"
"နှလုံးခိုင်ခိုင် ကျည်ကျည်တည်း....လူကောင်းမွန်မွန် ရည်ရည်တည်း"

စသည်ဖြင့် ဦးခေါင်းတပ်သတ်သံသာ ထင်သည်ကိုငဲ့ထောက်သော် 'နှလုံးတမည်၊ ခိုင်ကျည်သောဟန်' ဟူ၍ မသက်သက် ဦးခေါင်းတပ်သတ်သံ ဖတ်ရအံ့သို့ ရှိ၏။ အဓိပ္ပါယ်ကိုထည်း 'နှလုံးတမည် တချောင်းတည်း ခိုင်ခိုင်ကျည်ကျည်ရှိ၏' ဟူ၍ ယူသော် သင့်အံ့သိုရှိ၏။ ဆင်ခြင်။

ဝိသဇ္ဇနီသံကား....

"အရုဝ်မျဉ်းမျဉ်း၊ ကိုယ်ကိုမျဉ်းလျက်" [1]
"ပေယျာအကျဉ်း၊ ရုံးစည်းချဉ်းလျက်၊ စိတ်မျဉ်းငင်ညွှတ်"
"မသိလက်စဉ်း၊ သူတည်းချဉ်းမူ၊ မျဉ်းထျင်ခတ်သို့" [2]

စသည်ဖြင့် ပျောင်းမျဉ်းသည်, မျဉ်းကြိုး-မျဉ်းတံ, မျဉ်းခတ်သည်-ဆိုသော အရာတို့၌ထင်၏။ ။ဆိုတွင်စိတ်မျဉ်းငင်ညွှတ်-ဟူသည်၌'စိတ်တည်းဟူသော မျဉ်းဖြင့် ငင်သည်' ဟူ၍ငင်း၊ 'စိတ်ကို ပျောင်းမျဉ်းညွှတ်ငင်သည်' ဟူ၍ငင်း အနက်နှစ်ပါး ရဖွယ်ထင်၏။ ပျောင်းမျဉ်းသည်-ဆိုသောအရာကို သုဒ္ဓအသံယူ၍၊ကာရိုက်အသံလိုခါပျောင်းမျဉ်းသည်-ဟူ၍ ဟဆွဲးသံဆိုမိန့်သောအရာလည်း ပေါ်၏။ ပျောင်း၏, မျဉ်း၏-ဟူသောအသံကား အလိုအလျောက် 'ပျောင်းမျဉ်းခြင်း'ဟူသော သုဒ္ဓအသံ၊'ပျောင်းမျဉ်းသည်' ဟူသော ဖအက္ခရာ မ-ယပင့် ဟဆွဲးအသံကား ပျောင်းစေမျဉ်းစေသည်-ဟူသောကာရိုက်အသံဟူ၍ နှလုံးသွင်းရာ၏။ ဤစကားမျိုးကို အောက်၌ ဆိုသည်များ၏။ သတိရစေလို၍ထပ်မှာသည်။

---

၁ ဘူထင် * ၂၂၇၊ 'အရုဝ်မျဉ်းမျဉ်း၊ ကိုယ်ကို ညှဉ်းလျက်' ဖျဉ်းမှတ်ချက်ရှု။ ၂ ဌေး * ၄။

ယင်-ယင်း၊ ယ္ဘဉ်

၃၃၁-ယဗျည်း ဦးခေါင်းမတပ် ဥ-သတ်၌ ဝေါဟာရကိုပြခြင်း

ယ-အက္ခရာ ဥသက်ကား....

"တရားမြိုက်ယဉ်၊ နာစဉ်ဆဲးဆဲး"
"မြစ်မရေယဉ်၊ ကမ္ဘူးစဉ်၌"
"သူတို့မစဉ်၊ ဝတ္ထင်ယဉ်၏" ၁
"တောင်၏အထျဉ်၊ ထိဉယဉ်၌၊ စီစဉ်တင့်တယ်"

စသည်ဖြင့် ရေယဉ်, မြိုက်ယဉ်-ဆိုသောအရာ၊ ယဉ်ချေးသည်-ဆိုသောအရာ၊ဥယဉ်, ဆင်ယဉ်, မြင်းယဉ်-စသည်တို့ဖြင့် ယခင်ပါဠိမှဆိုမိန့်သောအရာတို့ကိုဆင်၏။ ။ထိုတွင် ရေယဉ်-ဟူသည်ကား ယဉ်ချေးသည်-ဟူသောအရာ, ယဉ်သံထျဉ်း-ဟူသောအရာတို့မှ ကွဲးအံ့သို့ရှိ၏။ **'ယဉ်သံထျဉ်း'** ဟူသည်ကား ယာန-သဒ္ဒါ၏အနက်၊ **'ရေယဉ်'** ဟူသည်ကား သောတသဒ္ဒါ၏ အနက်ဖြစ်၏။ ဤမာဂဓဃည်း ကွဲးသည်ဖြစ်၏။ ။ ယဉ်ချေး၏-ဟူသည်၌ဃည်း မျက်စိအာရုံ သင့်ထျော်သည်ကို 'ယဉ်ချေးသည်' ဆိုသောအရာ၊ ရေယဉ်-ဟူသည်၌ကား ရေဟုန်ဆိုလိုသော အရာဖြစ်၍, ကွဲးသင့်၏။ ယင်းသို့ထျင် ရေယဉ်, မြိုက်ယဉ်-ဟူသည်တို့၌ အဟုန်အစွမ်းထင်သော သတ္တိကိုဆိုလိုသောအရာဟူ၍, အနက်အရ ကွဲးအောင်ယူသင့်အံ့ရှိ၏။

ထို၌ ဝိသဇ္ဇနီဆံကား....

"ခေါင်းခဲဦးယဉ်း၊ ကျမျက်ဖျဉ်း။ ။တစိမကျဉ်း၊ ဦးယဉ်းမဲချုံ့" ၂
"ရွှန်းရွှန်းရှဉ်းရှဉ်း၊ လွေထင်းယဉ်း"

စသည်ဖြင့် ဦးယဉ်း,လင်းယဉ်း,ယဉ်းအနာ ဆိုသောအရာတို့၌ထင်၏။

ထို၌ ဟဆွဲးအသံကား....

"ထံနီးကပ်ယှဉ်၊ စကားလျဉ်မှ၊ ဥယဉ်ချစ်တောင်း"
"မေထွာဖဲးကြည်၊ မိန္ဒာယှဉ်သား"
"ဇြမ်သက်ထျောင်းစဉ်၊ မောဟယှဉ်သား"

---

၁ ကိုး * ၂၂၀၊ 'သူသို့မယှဉ်၊ ငါ့ဝယ်ယဉ်၏။' ဒေး * ၈၃၊ ၃၊ 'သူတို့မယှဉ်၊နောင့်တွင်ယဉ်၍။'

၂ ဘူထင် * ၃၀၇။

၃ ဘူထင် * ၄၀၂။

စသည်ဖြင့် စဝ်ယှဉ်သည် ဆိုသောအရာထင်၏။ ။ဤ၌ **'ယှဉ်၏'**-ဟူသည်ကား ယုဇသဒ္ဒါ၏ အနက်ဖြစ်၍ ယုဇသဒ္ဒါ၌ ယ-အက္ခရာကို စွဲမှီသဖြင့် ယအက္ခရာရေး ခြင်းသည် အထောက်ဖြစ်သင့်၏။ **'ရှဉ်သည်'** ဟူ၍ ရအက္ခရာ အရေးကား ပါ၌ ထောက်လည်းမထင်။မုဒ္ဓဇ ရ-အက္ခရာသည် ဟဆွဲးယှဉ်သဖြင့်၊တာလုဇ ယ-အက္ခရာ သံ ထွက်၏ဟူသော ဆရာနည်းလည်း မထင်ဟု်က်၊ ရအက္ခရာ ရေးကုန်သည်ကား လေ့ကျွမ်းသည်များ၌ ဆိုသာသတဲ့သို့ရှိ၏။ ။(ရဉ်-မှာလည်း ရှပါဦး။)

ရဉ်-ရှဉ်း

၃၃၂-ရဗျည်း ဦးခေါင်းမတပ် ဥ-သတ်၌ ဝေါဟာရကို မြွေခြင်း

ရ-အက္ခရာ ဥ-သတ်ကား....

"အစတထျဉ်၊ များဝိုင်ရဉ်သို့။ ။သံယောဇဉ်ကို ဖြတ်ရဉ်ဝိုင်းဝိုင်း"[၁]
"စက်ခုတ်ဖြတ်ရဉ်၊ လေးတောင်ဟုဉ်နှယ်"

စသည်ဖြင့် ဖြတ်ရဉ်သည်-ဟူသော ဝေါဟာရ၌ ထင်၏။

ဟဆွဲး ဝိသဇ္ဇနီသံကား-"ရှန်းရှန်းရှဉ်းရှဉ်း၊တောင်ဟုန် ကြဉ်းထျက်" [၂]
"ကျိုးနက်ရှဉ်းရှဉ်း၊ ပစဉ်းကျားကျား"
"မီးပွားရှဉ်းရှဉ်း၊ ဟူးဟူးထျဉ်းထျက်" [၃]

စသည်ဖြင့် နာဒ၌ထင်သော အသံမျာ်ကိုစွဲး၍ ရှန်းရှန်းရှဉ်းရှဉ်း-ဆိုသောအရာ ထင်၏။ ဤ၌လည်း ဆိုခဲ့ပြီးသောအတိုင်း အရေးအမြင်ကျွမ်းကျင်သဖြင့်သာ ရ-အက္ခရာ အရေးထင်သည်။ ။ယှဉ်းဟူသောအမည်၊ မည်သံယှဉ်းယှဉ်းဟူသည်ကို ယအက္ခရာ ရေးလည်း သင်အံ့သည်ပင် ဖြစ်၏။ နွားယှဉ်း, ကျွဲးယှဉ်း, တယှဉ်း, နှစ်ယှဉ်း, အစုံ အယှဉ်း-ဟူသည်၌ကား 'စဝ်ယှဉ်သည်' ဟူသောအနက်ကို ဝိသဇ္ဇနီသံဆိုပါသည်သာ ယူသင့်၏။

---

၁ ဆ * ၂၂။
၂ ကိုး * ၂၄၀။
၃ ဆ * ၅၅။

လျဉ်-လျဉ်း-လျဉ့်

၃၃၃-ဃဗျည်း ယပင့် ဦးခေါင်းမတပ် ဥ-သတ်၌
ဝေါဟာရကိုပြခြင်း

ဃ-အက္ခရာ ယပင့်၌ကား....

"တစီလျဉ်သည်၊ ဆိုစဉ်ဤနှင့်" ၁
"ဆိုချင်တလျဉ်၊ ကြောင်းစပ်ရဉ်၍"
"ဤသို့ပဋိညာဉ်၊ ဥယျောဇဉ်နှင့်၊ စီလျဉ်သင့်အောင်" ၂

စသည်ဖြင့် စီစီလျဉ်လျဉ် ဆိုသောအရာထင်၏။

ထို၌ ဝိသဇ္ဇနီဆံကား....

"အကျယ်အကျဉ်း၊ စိုးတစဉ်းမျှ၊ မလျဉ်းလျင်ကောင်း"
"လွယ်ကာရုံးချဉ်း၊ မြိုးမြွက်လျဉ်းဝိဓံ"
"မီးပွားရှဉ်းရှဉ်း၊ ဟူးဟူးလျဉ်းလျက်" ၄

စသည်ဖြင့် စဝ်လျဉ်းသည်-ဆိုသောအရာထင်၏။ ။ထို၌ အမြစ်သံကား-

"သံသာဝေစဉ်၊ မောဟညဉ်ကြောင့်၊ လျဉ့်လျဉ့်မထင်း" ၅

စသည်ဖြင့် သီးသီးလျဉ့်လျဉ့်-ဆိုသောအရာထင်၏။

ဤဃ-အက္ခရာယပင့် ဥ-သတ်၌ ဝိသဇ္ဇနီဆံဖြင့် လျဉ်းသည် ဟူသော ဝေါဟာရ။ ဝိသဇ္ဇနီအမြစ်သံ မပါမူ၍ 'လျဉ်' ဟူသော ဝေါဟာရတို့သည် အလေးအပေါ့အသံ မျှသာဖြစ်သည်မဟုတ်။ ဝိသဇ္ဇနီ အမြစ်သံ မပါသည်၌ စီလျဉ်သည်, အလျဉ်သင့်သည်-ဟူသော ဝေါဟာရကား အစီအစဉ် အလှည့်အဝေါက် ရောက်သည်-ဟူသော အနက်ဖြစ်သင့်၏။ ဝိသဇ္ဇနီသံ၌ စဝ်လျဉ်းသည်, အလျဉ်းသင့်သည်-ဟူသော ဝေါဟာရကား နီးချဉ်းတူထွေသည်, နှီးနှောစပ်ယှက်သည်-ဟူသော အနက်ဖြစ်သင့်၏။ ယင်းသို့ဖြင့် အရ အနက်ထည်း ပြားသင့်သည်ဖြစ်၏။

ဃအက္ခရာ ယပင့် ဥသတ် အမြစ်သံဖြင့် 'လျဉ့်' ဟူသော ဝေါဟာရ၊ရအက္ခရာဖြင့် 'ရဉ့်' ဟူသော ဝေါဟာရ၊ ယအက္ခရာဖြင့် 'ယဉ့်' ဟူသော ဝေါဟာရတို့ကား

---

၁ ကိုး * ၆၀။
၂ ဘူပေါင်း * ၇။
၃ တန်ရ * ၇၊ 'ဆိုပွက်လျဉ်းဝိဓံ။'
၄ ဆ * ၅၅။
၅ ကိုး * ၂၆၁။

ကွဲးပြားသောအနက် ရှိသင့်၏။ 'လျဉ်' ဟူသည်ကား သိသိဖားဖား လျားလျားကျသည် ဟူသောအနက်လျော်၏။ 'ရဉ်' ဟူသော ဝေါဟာရကား အစအစွန်းမပြွန်မထွက် တိတိတုံးတုံး ညီမျှစေလို၍ 'ဖြတ်ရဉ်သည်' ဟူသော အနက် လျော်၏။ ဖြတ်အပ်သော ခြမ်းဝတ္ထုနှစ်စုနှစ်ပုံ ဝိုင်းဝိုင်းခြားခြားမထင်၊ ကြိုးဖြင့်ရစ်၏ ထို အရေးအကြောင်းထင်ရုံ ရစ်ရုံကာမျှကို ရစ်၏ ဟူသည်ကား ရှေ့နောက် အဝိုင်းအခြားမစွန်းမစက်တိတိသတ်သတ်ညီမျှစေသောအရာငင်း ဖြစ်သည်ယူသင့်၏။ "အစတလျဉ်၊ မြားဝိုင်ရဉ်သို့။ ။သံယောဇဉ်ကို၊ ဖြတ်ရဉ်ဝိုင်းဝိုင်း" ဟူ၍ မြစ်ဆံမပါစပ်သည်လည်း ဖြတ်ရဉ်ဟူသော အနက်လည်းကောင်းတည်း။ 'ယဉ်' ဟု၍ ယအက္ခရာ အဆံကား ဆူငယ်ကစားသော 'တိုးယဉ်' ဆိုသောအရာ ဖြစ်သင့်၏။ ထို၌ ပညတ်မျှသာယူ၍ ရအက္ခရာ ရေးလေသော်လည်း မဆိုသာသကဲ့သို့ရှိ၏။

–၌

၃၃၄–ဦးခေါင်းမတပ် ဥ–သတ် အမြစ်ရာ၌ ဝေါဟာရကိုပြခြင်း

ဤဥ–သက်သက် ခေါင်းမတပ် သတ်သည်၌ မြစ်ဆံကား....."စဉ်အိုး, စဉ်ခွက်–, စဉ်သွန်–ဟူသည်၌ 'စဉ်' ဟူသောအသံ၊ နေ့ညဉ်–ဟူသည်၌ 'ညဉ်' ဟူသော အသံ၊ ဖြတ်ရဉ်သည်၌ 'ရဉ်' ဟူသောအသံ၊ တိရစ္ဆာန်၏အမည် 'ရှဉ်' ဟူသောအသံ၊ 'ယဉ်' ဟူသောအသံ၊ သိသိ 'လျဉ်လျဉ်' ဟူသောအသံ၊ ဤမျှသော ဝေါဟာရ ထင်သည်ဖြစ်၏။

"ဤလူ ပုထုဇဉ်၊ ရှိ၏သဉ်၊ အစဉ် ဆိုသတည်း"....ဟူ၍ သတ်ပုံဟောင်းတွင်၊ စဝ်သည်နှင့်အညီ သဉ်ရှိသည်–ဆိုသောအရာ၊ ကျိုင်းသဉ်–ဟူသော အမည်၌ ထင်၏။ ။ထိုတွင် 'သဉ်ရှိသည်' ဆိုသောအရာကို သတိမဲ့ 'သိဓ်ရှိသည်' ဟု၍ အချို့ဆိုမိန့်ဖတ်ကုန်၏။ သိဓ်ငယ်သည်–ဆိုသောအရာ၊ သီမသဒ္ဒါ၏အနက် သိဓ်–ဆိုလိုသောအရာနှင့် မလျော်၊ ကြက်သရေ မင်္ဂလာရှိသည်ကိုရည်၍ ဆိုသော ရှေ့ဝေါဟာရဖြစ်သင့်၏။ ။ကျိုင်းသဉ်ဟူသော အမည်၌လည်း ဦးခေါင်းမတပ်သတ်လျှင် ပြီးသင့်လျက် သဝေထိုး ဥ–သတ် (သေဉ်)ရေးကုန်သည်ကား သဘောအရမထင်၊ အမြင်များရာ လိုက်ကုန်သကဲ့သို့ရှိ၏။

[ဟ စသော ကြွင်းသောအက္ခရာတို့၌လည်း ဦးခေါင်းမတပ် သတ်သံမထင်သောကြောင့် မထုတ်ပြီ။]

ကယ်-ကာယ်၊ ကျယ်-ကြယ်၊ကွယ်-ကြွယ်

၃၃၅-ကဗျည်းသက်သက် ယပင့် အရစ် ယ-သတ်၌ ဝေါဟာရကို ဖြခြင်း

က-အက္ခရာ ယ-သတ် သက်သက်၌ကား....

"နတ်ကုစုန်းရွယ်၊ အကယ်ကယ်သို့" [၁]
"တတ်လှယုံတွယ်၊ အကယ်ကယ်သို့"
"ပြိုးပြက်ရောင်နွယ်၊ ရွှန်းရွှန်းကယ်မျှ" [၂]
"ဝင်းထိတ်ထန်ဖွယ်၊ ဝန်းဝန်းကယ်မျှ"

စသည်ဖြင့် အကယ်ဆိုသောအရာ၊ ထက်ကာကယ်သည်, အညာကယ်သည်- စသည်ဆိုသောအရာ၊ဆယ်ကယ်သည်-ဆိုသောအရာ၊ နိကာယ်-ရှုပကာယ်စသည်ဖြင့် ဆိုသောအရာတို့၌ ထင်၏။

ဆိုတွင် 'အကယ်'ဆိုမည့်အတွက်ကို 'တကယ်'ဟူ၍, တ-အက္ခရာဖြင့် ဆိုမိန့်ကုန်၏။ ။ထက်ကာကယ်သည်-စသော ဆိုမိန့်ခြင်းကား အရပ်မူထမ္ဘကွာ၍, ဖြစ်သည်ဟူသော အနက်ဖြစ်သင့်သောကြောင့် ရွှန်းရွှန်းကယ်၏, ဝင်းဝင်းကယ်၏-ဟူသည်၌ အရောင်အရှိန်တို့သည် တည်ရပ်စွဲမှီရာ ကွာလံပြေးလွှင့်သည်-ဟူသော အနက်ရသင့်၏။ ကယ်ပေါက်,ကယ်တွင်း-ဆိုသည်ထည်း တွင်းရင်းမူထမ္ဘ ကွာ၍, ဖြစ်ခြင်းအနက်ထင်သာ၏။ ။ရှုပကာယ်၊ နိကာယ်-ဟူသည်တို့၌ကား ရှုပကာယ၊ နိကာယ-သဒ္ဒါတို့ကို မှီစွဲးသောအရာဖြစ်၍, ချလျက်ယသတ် ရေးသင့်သော အရာတည်း။ ။[ဤယ-သတ်အရာ၌ မြစ်သံ,ဝိသဇ္ဇနီသံ-တို့ကား နောက်ပစ်သံနှင့် မထူးသောကြောင့်၊ မြစ်သံ, ဝိသဇ္ဇနီသံ,မပါ။ ယ-သက်သက်တွင် ပင့်သံ,ရစ်သံ, ဝဆွဲးသံ-ရထိုက်ရာသာထုတ်အံ့]။

က-အက္ခရာ ယပင့် ယ-သတ်ကား....

"အမြင်မကျယ်၊ သူမိုက်နှယ်လျှင်၊ ယုံဖွယ်လိလိ"
"ပညာမကျယ်၊ အလမ္ဘာယ်"

စသည်ဖြင့် အကျယ်အကျဉ်းဆိုသောအရာ ထင်၏။

---

၁ ဘူပေါင်း * ၆၁၊'နတ်မှုစုန်းရွယ်။' ၂ ထန်ရ * ၇။

ရစ်သောအရာကား....

"ပွိုက်မြက်စင်ကြယ်၊ ရေသဖွယ်တည့်"
"သန့်စင်ကြယ်သား၊ နက်ကျယ်ယဉ်ထွေ"
"ကောင်းစွာဆန်းကြယ်၊ အရိုးဝယ်ကား"
"လုံးကြီးရွှေကြယ်၊ ထောင့်တိုင်းခြယ်လျက်"
"ဦးဖြူကြိုးကြယ်၊ အရွယ်အိုမင်း"
"ဖြူကြိုးကြယ်မျှ၊ ကိုယ်လွယ်ကိုယ်စား"

စသည်ဖြင့် စင်ကြယ်,ဆန်းကြယ်,နက္ခတ်ကြယ်, ကြိုးကြယ်-ဆိုသောအရာတို့၌ ထင်၏။ ထိုထွင် ကြိုးကြယ်-ဟူသည်ကား ကြိုးကြိုးကြားကြား-ဆိုလိုသောအရာ ယူသင့်၏။

ဝဆွဲး ယ-သတ်ကား....

"မန္တန်ကိုးကွယ်၊ အထမွာယ်လျင်၊ စဉ်းငယ်မရွှင်"
"တတ်လွယ်ဖွယ်၊ အကယ်ကယ်သို့၊ ပြက်ကွယ်ချောသွေ"
"တိထိလကွယ်၊ ညဉ့်လယ်သန်းကောင်"
"ယိုးယိုးမယ်မယ်၊ ကွယ်ကွယ်ပြက်ပြက်"

စသည်ဖြင့် ကိုးကွယ်,ထကွယ်-ဆိုသောအရာထင်၏။ ။ထို၌ ကွယ်၏-ဟူသည်ကား မမြင်ခြင်းအနက်ဖြစ်၏။ ထိုနှင့်လျော်စွာ မျက်စိကွယ်သည်ကို မျက်ကွယ်၊ ထဝန်း မမြင်ကွယ်သည်ကို ထကွယ်၊ မမြင်စေလို၍. ပြက်ဝက်သည်ကို ပြက်ကွယ်၊အန္တရာယ် ကိုကြောက်သဖြင့် ဟန့်တားနိုင်အပ်သောသူကိုမှိုခိုကိုးစားသည်၊အန္တရာယ်ပြုအံ့သော သူ မမြင်စေခြင်းငှာ ဟန့်တားနိုင်အံ့သောသူဖြင့် ကွယ်သည်၊ ဤသို့ကိုးသည့် ကွယ် သည်-ဟူသော စကားနှစ်ရပ် စပ်နှောလျှင် 'ကိုးကွယ်သည်'ဟူသော ဆိုမိန့်ခြင်းဖြစ် သည်ဟူမူ ကွယ်သည်-ဟူသော စကားခွန်း၏အရ မမြင်ခြင်းအနက်ချည်းဖြစ်၏။

နားကွယ်သည်-ဟူ၍. မကြားခြင်းအနက်လည်း ရှိသင့်၏တကား ဟုအံ့။ ထိုသို့ မမြင်ခြင်းသည် ရူပါရုံဆိတ်၏ဟူသော အနက်ဗြီးသကဲ့သို့ မကြားခြင်းသည် သဒ္ဒါရုံ ဆိတ်၏-ဟူသော အနက်၊မနံ့မစော်ခြင်းသည် ဂန္ဓာရုံဆိတ်၏-ဟူသောအနက်အား ဖြင့် ဆိတ်ကွယ်ခြင်း အာရုံမှလွတ်ကင်းခြင်းတူသည်ဖြစ်၍. ဥပစာနည်းအားဖြင့် နား ကွယ်သည်ဟူ၍ ငင်း, ဉာဏ်ပညာကွယ်သည်, သာသနာကွယ်သည် စသည်ဖြင့် မြင် ကောင်းသော မျက်စိအာရုံမဟုတ်လျက် 'ကွယ်သည်'ဆိုသောအရာများ၌။ ယေန၀ါ ဒဿနံ-သုတ်၌ အဒဿန အနက်ဟူသည်ကား မမြင်ခြင်းအနက်၊မမြင်ဟူသည်ကား-

ကွယ်ခြင်းပင်၊ အန္တရဓာယတိ-ဟူသောပါဠိကို ထောက်သာဖြို့။ ဤနှင့်ညီအောင် မှာထိုက်သည်။

ရစ်ဝျက် ဝဆွဲး ယ-သတ်ကား....

"အိမ်ခိုင်သူကြွယ်၊ ရှိတိုင်းနှယ်၍့။ ။ဝိမ္ဘာဘုန်းကြွယ်၊ရာဟုမယ်၏" စသည်ဖြင့် ကြွယ်ဝသည်ဟူသော အရာ၌ထင်၏။ ဤ၌ကြွယ်သည်ဟူသည်ကား ပြည့်စုံမြားမြောင်၏ ဆိုလိုသောအရာဖြစ်၏။ကုံစင်သည်ကိုဝျက် 'ကြွယ်ဖြို့' ဆိုသည်ကား ပြက်ပြယ်စကားလည်း ဖြစ်သင့်၏။သုတိမင်္ဂလာလို၍့ ဆိုသည်လည်း ဖြစ်သင့်၏။

ခယ်-ခြယ်

၃၃၆-ခဗျည်း ရရစ် ယ-သတ်၌ ဝေါဟာရကို ပြခြင်း

ခ-အက္ခရာ၌ သက်သက် ယ-သတ်ကား....ခယ်မ၊ ခဲအို-ဆိုသော အရာမျှထင်သော်လည်း၊ အန္တမဟုတ် စပ်အင်မြင်ခက်အံ့။ ။ရစ်သောအရာကား....

"ထုံးကြီးရွှေကြွယ်၊ ထောင့်တိုင်းခြယ်ဝျက်"
"အရိုးဝယ်ကား၊ စီခြယ်ပတ္တမြား"
"ကြစ်ထစ်စင်ကြယ်၊ နာချင်ဖွယ်လျှင်၊ ရွှေခြယ်ခြေမိ"

စသည်ဖြင့် စီနှစ်ခြယ်လှယ်, ရွှေးခြယ်သည် ဆိုသောအရာထင်၏။ ။ယပင့် ဖတ်သံသို့လိုက်၍့ အချို့ယပင့်ရေးကုန်သည်။

ငယ်

၃၃၇-ငဗျည်း ယ-သတ် ဝေါဟာရကို ပြခြင်း

ငအက္ခရာ ယ-သတ်ကား....

"အမှုကြီးငယ်၊ စေပါးဖွယ်၌၊ လွဲဖယ်မသာ"
"ထိုသူငယ်ကား၊ အကယ်ပင်ကို။ ။မင်း၏မုန်းဖွယ်၊ ဤလိပ်ငယ်ကို"
"ညှိုးညှိုးယ်ငယ်၊ သုဝယ်ခစား"

စသည်ဖြင့် ငယ်သည်-ဆိုသောအရာထင်၏။

စယ်-စွယ်

၃၃၈-စဗျည်း ယ-သတ်၌ ဝေါဟာရကို ပြခြင်း

စ-အက္ခရာ ယ-သတ်ကား....

"မြက်ရှောက်စက်စယ်၊ နည်းရာဝယ်ကား၊ နံနယ်စလွှ"
"ထူးပြားကုန်စယ်၊ သွားရောင်းဝယ်သည်၊ သွယ်လှယ်ခေါင်ရောက် စင်စင်တည်း"
"ဘဏ္ဍာကုန်စယ်၊ အန္တရာယ်မရှိ"
"ရောက်ပေါက်ရောင်းဝယ်၊ ကုန်စယ်မရှား"
"သာရွှင်မြူးရယ်၊ နှုတ်ကျိစယ်ထွက်၊ လိပ်ငယ်အမျိုး"

စသည်ဖြင့် ကျိစယ်သည်, ကုန်စယ်, မြက်ရှောက်စယ်-ဆိုသောအရာထင်၏။

ထိုတွင် ဝဆွဲးကား....

"ထူပါရုံဝယ်၊ လက်ဝဲးစွယ်ကို"
"ပညာပင်ထယ်၊ အင်ဆုံးသွယ်ဖြင့်၊ ပြည်စွယ်ပြည်သွား"
"ပါစဖွယ်ဖွယ်၊ ကြာစွယ်ကြာရင်း"

စသည်ဖြင့် အစွယ်အသွား ဆိုသောအရာထင်၏။ ထိုဥသဘောရင်းကား ရှေသွား, အံသွားတို့၏ အနားအစွန်းဝယ်ဆွယ်ထွက် ပေါက်ရောက်သည်ကိုစွဲး၍ 'ဆွဲး' ဆိုသင့်ထွက်၊ 'စွယ်' ဆို၏သို့ရှိ၏။ ထိုအစွယ်သည် ဆင်ဝယ်, တိရစ္ဆာန် တို့ဝယ် တင့်တယ်ခြင်းထည်းဖြစ်၏။ ရန်ကို နှိမ်နင်းရာထည်း ဖြစ်၏။ ထိုနှင့် တင့်တယ်ဟန် အသွင်တစိတ် တူသည်ကိုစွဲး၍ ကြာစွယ်၊ ရန်ကိုနှိပ်နင်းရာ ဂုဏ်အရည် ရှိသည်ကို စွဲး၍ မင်းကောင်္ဖတို့ဝယ် ခိုင်းပယ်ထောက်သောသူကို 'ပြည်စွယ်'၊ရန်ကို မဟန့်စွမ်း သော်လည်း အတင့်အတယ် ကြင်ချစ်ဖွယ်ရှိသော ဂုဏ်ကိုစွဲး၍ 'ကြင်စွယ်'၊ရေကန်၏ အမြိတ်အစကို 'ကန်စွယ်' စသည်ဖြင့် ဝေါဟာရများထင်သော်လည်း ဆွယ်စပ်လျက်ဖြစ်သော သဘောရင်း မကင်းသကဲ့သို့သာရှိ၏။

ဆယ်-ဆွယ်

၃၃၉-ဆဗျည်း ယ-သတ်၌ ဝေါဟာရကို ပြခြင်း

ဆ-အက္ခရာ ယ-သတ်ကား....

"တရုဉ်ငါးဆယ်၊ အုံဩဖွယ်အောင်"
"ငါ၏အရွယ်၊ သက်ရှစ်ဆယ်ဟု။ ။နှစ်ရာသုံးဆယ်၊ကုဋေသွယ်၏"
"လယ်လုပ်ကုန်သွယ်၊ ကြွေးဆယ်မြီချ"
"လူ့ဘုံတို့ဝယ်၊ ကျန်းထင်းဆယ်သို့"

စသည်ဖြင့် တဆယ်,နှစ်ဆယ်-စသည်ဖြင့် ရေတွက်သောအရာ၊ ကြွေးဆယ်မြီချ-ဆိုသောအရာ၊ ကယ်ဆယ်သည် ဆိုသောအရာတို့၌ ထင်၏။

ထို၌ ဝဆွဲးကား...."ညှိုးယော်ပြိုင်းသွယ်၊ ရွှေမွှမ်းလယ်တွင်၊ ပြိုင်ဆွယ်မမျ"....စသည်ဖြင့် ယခင်ဆိုခဲ့ပြီးသော ဆွယ်သည်-ဟူသော ဝေါဟာရထင်၏။ ဆီဆွယ်, ဆိုဆွယ်, နှိုင်းဆွယ်-စသည်ဖြင့် အထူးထူးဖက်ဆိုသော်လည်း 'ဆွယ်စပ်ဖက်ပြိုင်သည်' ဟူသောအနက်ချည်း ဖြစ်သင့်၏။ ။(စယ်,တယ်-တို့မှာရှည်း)

တယ်-တွယ်

၃၄၀-တဗျည်း ယ-သတ်၌ ဝေါဟာရကိုပြခြင်း

[တအက္ခရာ၌ သက်သက်မထင်]။ ။သစ်ပင်၏အမည်ကို တယ်-ဟူ၍ အချို့ဆိုကုန်သည်ကား ခိုင်လုံသောအဓိပ္ပတ္တေ။ ။ဝဆွဲးသောအရာကား....

"ဝမ်းပျက်ချင်ဖွယ်၊ ညှိုးငယ်လွယ်၏၊တာတွယ်မရှိ ကောင်းစွာတည်း"
"စသည်ငြိတွယ်၊ လုံးစုံပယ်လျက်၊ ဆွေနွယ်မျိုးနိုး"

စသည်ဖြင့် တာတွယ်-ဆိုသောအရာ ထင်၏။ ဤ၌ "တွယ်၏" ဟူသည်ကား အလိုအလျောက် ကပ်စွဲးငြိတွယ်ခြင်းဖြစ်၍ သုဒ္ဓအသံကဲ့သို့ရှိ၏။ မျှော်တွယ်၏, သားသမီးတွယ်၏-ဟူသည်လည်း တွယ်စေလိုသည် မဟုတ်လျက် ငြိလာထင်လာသည်ပင် ယူ

---

၁ ထောသာ * ၁၂။

သင့်၏။ ထွယ်တာ၏၊ထွယ်ထောက်၏-ဟူသည်လည်း အလိုအလျောက် ငြိထွယ်သည်ကိုပင် တာပြန်,ထောက်ပြန်သည်-ယူရဖွယ်ရှိ၏။ ယင်းသို့သော သဘောကိုထောက်၍ သုဒ္ဓအသံကဲ့သို့ရှိ၏။ ။'တွဲး၏'ဟု နောက်ပစ်သံ ဆိုခြင်းကား ကျွဲး၊ နွားး၊ ဗူး၊ ကရား၊ သစ်ဝါး၊ လှေတက်ဆောင်ရွက်ကောင်းသော ဝတ္ထုကို ယှဉ်စပ် ငြိထွယ်စေသော အရာဖြစ်၍ ကာရိုက်အသံကဲ့သို့ ယခင် ဆွဲးသည်ဟူသော ဝေါဟာရ၌လည်း နည်းတူ၊ 'ဆွယ်သည်'ဆိုမူကား အလိုအလျောက် ယှဉ်စပ်ခြင်းဟူသော သုဒ္ဓအသံ၊ 'ဆွဲးသည်'ဆိုမူကား ယှဉ်စပ်စေခြင်းဟူသော ကာရိုက်အသံကဲ့သို့ရှိ၏။ အောက်၌ ဆိုခဲ့ပြီးသောယုတ္တိကို ဆင်ခြင်။

ထယ်

၃၄၁-ထဗျည်း ယ-သတ်၌ ဝေါဟာရကိုပြခြင်း

ထ-အက္ခရာ၌ သက်သက် ယ-သတ်ကား····ထယ်-ဟူသောအမည်၌ ထင်၏။ ထို ထယ်-ဟူသော ဝေါဟာရသည် သံအိုးကို ခေါ်ဝေါ်ခြင်း၊ ရာထွန်သမားတို့၏ အသုံးအဆောင်ကို ခေါ်ဝေါ်ခြင်းအမည်ဖြစ်၏။ ထိုထွင် ရာထွန်သမားတို့၏ ထယ်သည်ကား ထွန်ကဲ့သို့ အသွားမမျှား၊ အစွယ်တချောင်းသာ ရှိသောဆင်ကို 'တည်'ဟူ၍ ဆိုမိန့်သကဲ့သို့ အသွားတခုတည်းသာဖြစ်၍ 'တည်'ဟူ၍ ဆိုလိုသောအရာစကားရွေးသကဲ့သို့ရှိ၏။ သံအိုး၏အမည်ကိုလည်း နည်းတူ၊ အကြောင်းသင့်ရာ စုံစမ်းသင့်၏။ စဝ်အင်ကိုလည်း ရှုရာ၏။

နယ်-နွယ်-နှယ်-နှွယ်

၃၄၂--နဗျည်း ယ-သတ်၌ ဝေါဟာရကို ပြခြင်း

နဝ-အက္ခရာ ယ-သတ်ကား····

"ကိုယ်လက်ပွတ်နယ်၊ တနေ့ဝယ်သော်၊ တဆယ့်နှစ်ဖန်"
"ကြောက်မက်ဖွယ်သာ၊ ကောက်နယ်တလင်း"
"ဘဝါးဆူလှယ်၊ သရေနယ်ဆို၊ လမွာယ်ပုံကား"
"အသက်အရွယ်၊ ထွားနုနယ်သား၊ သူငယ်တပါး"

စသည်ဖြင့် ပွတ်နယ်သည်, နယ်နိမိတ်, နယ်ကန်သည်,တနယ်မြေ- ဆိုသောအရာတို့၌ ထင်၏။

ထိုတွင် ပစ်နယ်သည် စသည်ဖြင့် နယ်၏-ဟူသော ဝေါဟာရသည် ညွှံ့ပျောင်း ပျော့ညက်စေသည်၊ အပုံအစုံ အလုံးအခဲး ကျေကွဲပြိုပျက်စေသည်ဟူသော အနက် ဖြစ်၏။ ။ထိုနှင့်လျော်စွာ နနယ်၏-ဟူသည်၌ နသော၁ဝဏ္ဏသည် ပစ်နယ်သော ဝဏ္ဏကဲ့သို့ ခွဲပျောင်းပျော့ညက်သည်-ဟူသော သဘောတူကိုစွဲ၍ 'နနယ်သည်' ဟူသော ဆိုမိန့်ခြင်းဖြစ်သည်လည်း ယူသင့်၏။ ။ခွဲနောင်းသည်-ဟူသောအရာတို့၌ "ခွဲသည်"ဆိုလျှင် ပျောင်းပျော့သည်ဟူသော အနက်ငြိုးလျက်ပင် "နောင်း"ဟူသော စကားခွန်း ဖက်၏သို့ နှ-ဟူသော စကားခွန်းတွင် 'နယ်'ဟူသော စကားခွန်းသည် ပြေပြစ်ရုံဖက်ခါမျှလည်း ယူသင့်၏။ ။ဤနှင့်အတူ တနယ်မြေ- ဟူသည်လည်း ကျောက်စစ်အိုးခြမ်း နည်းသဖြင့် နယ်ပစ်သော ဝဏ္ဏကဲ့သို့ ရေတွေ့လျှင် ပျောင်း ပျော့လွယ်သည်ဟူသောအနက်ယူသော် ရကောင်းဖွယ်ထင်၏။ ။နယ်ကန်သည်, နယ်ဆူး,နယ်ကိုင်း-စသည်ဖြင့် ရက်ကန်းသည်တို့၏ အဆောက်အဦကို 'နယ်'ဟူ သော ဆိုမိန့်ခြင်းကား ပညတ်ကာမျှလည်း ယူသင့်၏။ ရက်ကန်းသား,ခြည်ချောင်း, ခြည်ပင်တို့ကို ပစ်နယ်သကဲ့သို့ မထပ်မတင် ကွဲပြန့်စေသည်ဟူ၍ နယ်ခြင်းအနက် နီးချဉ်းအောင်ယူလည်း ရကောင်းဖွယ်ထင်၏။ ။နယ်နိမိတ်ဟူသည်၌လည်း နည်း တူယူရာ၏။ စပ်အင်ကိုလည်း ရှုရာ၏။

ဝဆွဲး ယ-သတ်ကား....

"လံပူးကြားနွယ်၊ ဝါးတောဝယ်၌၊ ဘုန်းကြွယ်သန္ဓေ"
"ပြိုးပြက်ရောင်နွယ်၊ ရှုန်းရှုန်းကယ်မျှ၊ ဆန်းကြယ်ခမ်းနား"
"ဥတွင်ကြက်ငယ်၊ ထွပ်ရောင်နွယ်သို့၊ ခြည်သွယ်သေးဖွဲ့"

စသည်ဖြင့်၊ မြတ်နွယ်,ထွပ်ရောင်နွယ်,ထွပ်စစ်နွယ်-ဆိုသောအရာတို့၌ ထင်၏။

ဟဆွဲး ယ-သတ်ကား....

"တပါးမင်းနွယ်၊ မစင်ကြယ်ထွပ်၊ ငြိုးလွယ်ဆန်းမှု"
"ကဝ်ထာဃဉ်လွယ်၊ သမင်နွယ်ထွပ်၊ ပေးဖွယ်ပေးရာ"
"မိုက်မှောင်ပျောက်ငယ်၊ ကောင်းကင်ထယ်၌၊ ဌက်နွယ်ဝဲးပျံ"

စသည်ဖြင့် ဥပမာပုံစံနှိုင်းခိုင်းလို၍ ဆိုသောအရာ၌ထင်၏။

ဟဆွဲး ဝဆွဲး ယ-သတ်ကား....

"တွေ့ကြောင်းနှိုးနှယ်၊ အထမွာယ်ထျင်၊ နှိပ်နယ်ကလူ" ၁
"အိမ်ခိုင်းသူကြွယ်၊ ရှိတိုနှယ်၍၊ မျော့နှယ်သွေးစမ်း"
"ဝိမ္မာဘုန်းကြွယ်၊ ရာဟုမယ်၏၊ အနှယ်မောင်ဖား"

စသည်ဖြင့် အမျိုးအနှယ်၊ နွှိုးနှယ်သည်, နှယ်စပ်သည်-ဆိုသောအရာ ထင်၏။ ထို၌ သဘောရင်းကား ပျောင်းပျော့သည်ကို 'နွဲ့သည်' ဟူ၍, ဆိုမိန့် ခြင်းသည် သဘောရင်းမူထ သယံဇာတ သုဒ္ဓအသံကဲ့သို့ရှိ၏။ ထိုနွဲ့သောဝတ္ထုသည် မခိုင်မခံ့ပျောင်းညံ့သဖြင့် ဒိုကင်ရာတစုံတခုဝတ္ထု၌ယိမ်းယိုင်စွဲးကပ်၍, တည်သည်ကို 'နှယ်သည်၊နွဲ့းသည်' ဟူသော ဆိုမိန့်ခြင်းဖြစ်သကဲ့သို့ရှိ၏။ ယင်းသို့ ဒိုကင်ရာ ယိမ်းယိုင်သည်ကို 'နှယ်သည်' ဟူသော ဆိုမိန့်ခြင်းသည် နှယ်စေသည်-ဟူသော ကာရိုက်အနက်ရောက်ထပ်သော် နှယ်သည်-ဟူသောဆိုမိန့်ခြင်းဖြစ်ပြန်၏။ နွှိုးနှယ်သည်, နှယ်စပ်သည်-ဟူသောဆိုမိန့်ခြင်းတို့သည် အကြောင်းအထမ်း နိုးချဉ်းစေသည်-ဟူသော ကာရိုက်အနက် ရဖွယ်ထင်၏။

အမျိုးအနှယ်-ဟူသည်၌ကား ဝံသသဒ္ဒါ၏ အနက် ပညတ်မျက်ကာထည်း ယူသင့်၏။ ယခင်နည်းတူ အမျိုးအနှည် အကြောင်း အထမ်း နိုးချဉ်းစေသည် ဟူသော အနက်လည်း ရအံ့သို့ရှိ၏။ မြက်နှယ်-ဟူသည်၌လည်းနည်းတူ တုထသဒ္ဒါ၏အနက် ပညတ်ကာမျှလည်း ယူသင့်၏။ မခိုင်မခံ့ ပျောင်းနွဲ့သဖြင့် ဒိုကင်စွဲးငြာ ယိမ်းယိုင်တတ်သည်, နှယ်တတ်သည်-ဟု အနက်ရယူလည်း သင့်ဖွယ်ထင်၏။ ဆင်ခြင်။

ပယ်-ပါယ်-ပြယ်-ပွယ်

၃၄၉-ပဗျည်း-သက်သက် အရစ် ဝဆွဲး ယ-သတ်၌
ဝေါဟာရကို ပြခြင်း

ပ-အက္ခရာ ယ-သတ်ကား....

"ဓိက်မှောင်ဖျောက်ပယ်၊ ကောင်းကင်ထယ်၌"
"စံစံပယ်ပယ်၊ သဘင်ထယ်၌၊ မြူးရယ်ပျော်ပါး" ၂

---

၁ ဘူပေါင်း * ၄။ ၂ ကိုး * ၁၀၉။

"ပုလဲးငုံသွယ်၊ အလှယ်လှယ်လျှင်၊ စံပယ်ဖြူမွှေး"
"မထေးစံပယ်၊ နှုံကြွယ်ကြိုင်ဖြည်း။ ။လက်ျာနှင့်ပယ်၊ အကယ်မတိ"

စသည်ဖြင့် ညာပယ်ဆိုသောအရာ, စံပယ်သည်, ပန်းစံပယ်, ဖျောက်ပယ်, ထွန်းပယ်, ပစ်ပယ်,လွှဲပယ်,လှယ်ပယ်သည်,အရပ်မည် တပယ်-ဆိုသောအရာတို့၌ ထင်၏။

မိန်းမတို့ကို ရှိသေသော ဝေါဟာရခေါ်ခြင်း၌ 'အပယ်' ဟူသော ဝေါဟာရကား-သူဟောင်းတို့ ဆိုမိန့်ခြင်းဖြစ်၏။ စာပေတို့၌လည်း ဘဒ္ဒေ-ဟူသော မာဂဓ ထင်၏။ ထိုမှတပါး အမိပွါယ်၊ အလမွါယ်၊ သပွါယ်သည်။ အပါယ်ထေးဘုံ ဆိုမိန့်သော အရာတို့၌ကား အမိပွါယ၊ အလမွါယ၊ အပါယ-ဟူသော ပါဠိမှိထင်သောကြောင့် မာဂဓဘာသာ မူလဖြစ်၏။

အရစ် ယ-သတ်ကား....

"လှိုင်ပျုံမပြယ်၊ မောင်ဘုန်းကြွယ်ကို၊ သက်လှယ်မတတ်"
"ဆုံးရှုံးအပါယ်၊ ထားထေဖွယ်သား၊ ပြက်ပြယ်ဆောကြော"
"ပြက်ပြက်ပြယ်ပြယ်၊ ဇရဲလွယ်ရှင့်၊ မျိုးနွယ်တို့ထက်"

စသည်ဖြင့် ပန်းအနှံစသည် ပြယ်သည်, ပြက်ပြယ်သည်-ဆိုသောအရာ ထင်၏။

ဝဆွဲး ယ-သတ်ကား...."နတ်ကြီးပွယ်ပွယ်၊ အင်သွယ်လူလူ"ဟူ၍ ပြည်စုန်တွင် နတ်ပွယ်သည်-ဟူ၍ စင်သည်ထင်၏။ နတ်တို့အား ကိုးကွယ်သည်ဟူသော အနက် ပင်ဖြစ်သင့်သောကြောင့် နတ်ကွယ်သည်-ဟူ၍ ဆိုမိန့်ခြင်းသာ အနက် ရကောင်းအံ့ဆို့ရှိ၏။

ဖယ်-ဘယ်-ဖွယ်

၃၄၄-ဖဗျည်းသက်သက် ဝဆွဲး ယ-သတ်၌ ဝေါဟာရကို ပြခြင်း

ဖ-အက္ခရာ ယ-သတ်ကား.... "လှလှအန္တရာယ်၊ ဖြစ်ချင်ဖွယ်သား၊ အဘယ်ရော၀ါ" စသည်ဖြင့် 'အဘယ်' ဟူ၍ မေးခြင်းအနက် ဆိုမိန့်သောအရာ ထင်၏။ ဤ၌ ဖဦးထုပ်မရေး ဘကုန်းရေးသည်သာ ထင်၏။ ဖတ်သံကိုငဲ့၊ အရေးအမြင်လွှဲကျွမ်းသည်ကိုငဲ့ လိုက်၍ အရေးထင်သည် ဖြစ်ရာ၏။ ပါဠိမှိမဟုတ်၊ မြန်မာမူသက်သက်ဝယ် တပါးသော ဝဂ်ဗျည်းတို့၌ ဃ-အက္ခရာ ဈ-အက္ခရာ စသော

စတုတ္ထကွန္ရာတို့လို အဆုံးနည်းသည်ကိုဂင်း, ဖဦးထုပ်ကို ကြားသံသာအောင် ဘကုန်း အကွရာကဲ့သို့ ဖတ်သော် သင့်အံ့သည်ကိုဂင်း ထောက်၍ ဖဦးထုပ်ပင် ရေးသော်လည်း သင့်ရာသည်ပင် ဖြစ်၏။ ။ဝဖယ်-ဟူသော အမည်ကား စပ်အင် မတွေ့၊ သွေဖည်သည်၊ ဖည်ထည်ကန့်ထန့်ဖြစ်သည်-ဟူ၍, ည-သတ်အဆံသာ အနက်ထွက်ရာသည်။ ဖယ်သည်-ဟူသော ယ-သတ်ဝယ် အနက် မထင်သည်ကို ဆောက်လျှင် အမည်မျှသာ ယူကောင်း၏။

ဝဆွဲး ယ-သတ်ကား.... "တွေးတောမှားဖွယ်၊ သန့်စင်ကြယ်သား"

"လွဲကျက်ဖွယ်ဖွယ်၊ သရဏ္ဌာယ်မှ"
"မြင့်မိုရ်သဖွယ်၊ ထိုပြည်ဝယ်၌"
"တတ်လှယုံဖွယ်၊ အကယ်ကယ်ဆို"
"ရေရွှတ်ကြောက်ဖွယ်၊ ယုန်သငယ်ကြောင့်"

စသည်ဖြင့် စပ်ဟပ်သောအရာထင်၏။ ထို၌ သဖွယ်-ဟူ၍, သအကွရာပါဆိုသည်ကား ဥပမာ အနက်ဖြစ်သင့်၏။ သ-အကွရာမပါမူ၍, လွဲကျက်ဖွယ်၊ ယုံမှားဖွယ်၊ ကြောက်မက်ဖွယ်၊ ချစ်ကြင်ဖွယ်၊ ခဲးဖွယ်၊ စားဖွယ်-စသည်ဖြင့် ဆိုမိန့်သည်ကား 'လွဲကျက်ခြင်း၊ ယုံမှားခြင်း၊ကြောက်မက်ခြင်း၊ ချစ်ကြင်ခြင်း၊ စားခြင်း၊ ခဲးခြင်း'ဌာ-ဏျော်သည်, ဖွယ်သည်, ရာသည်-ဆိုလိုသော အနက် ဖြစ်သင့်၏။ ။ထိုမှတပါး၊ အရည်အစေးနည်း၍, သွက်လက်သော ဝတ္ထုကို ခပ်ဖွယ်ရှိ၏-ဟု ဆိုမိန့် ကုန်သည်ကား သေးသေးဖွဲးဖွဲး ကွဲးကွဲးပြားပြား ရှိသည်ကိုပင် ဆိုသောအရာဖြစ်၍။ 'ခပ်ဖွဲးဖွဲး' ဟူ၍, နောက်ပစ်သံ အနက်ရင်းကဲ့သို့ရှိ၏။

မဃဒ်

၃၄၅-မဗျည်း ယ-သတ်၌ ဝေါဟာရကို ပြခြင်း

မ-အကွရာ ယ-သတ်ကား....

"ရွှေမှာဇင်းမယ်၊ တဝယ်မကြွင်း"
"သက်နုံချစ်ဖွယ်၊ စောဘို့မယ်နှင့်၊ နန်းလယ်ညာဖျား"
"ဝိမ္ဘာဘုန်းကြွယ်၊ ရာဟုမယ်၏၊ အန္ဒယ်မောင်ဖား"

"ဥယဉ်လှယ်လှယ်၊ ကသည်နှယ်ထျင်၊ ဆွေမယ်သက်ရှည်"
စသည်ဖြင့် အဓိအမယ်-ဆိုသောအရာ ထင်၏။ အရွယ်တူမျှလျက် ငယ်ထျက်ကို ဆိုမိန့်သည်ကား 'မြတ်နိုးစုံမက်သော အမူအရာ ထင်စေသည်'ယူသင့်၏။

ယာယ်-ယယ်

၃၄၆-ယဗျည်း ယ-သတ်၌ ဝေါဟာရကိုပြခြင်း

ယ-အက္ခရာ ယ-သတ်ကား....

"ဂါထာပြယာယ်၊ ကုန်ရောင်းဝယ်သို့၊ ဖလှယ်ခဲ့ငြင်း"
"နှုတ်ရောင်းနှုတ်ဝယ်၊ နှုတ်ပြယာယ်ဖြင့်၊ ရယ်ရွှင်ထန်းလန်း"
"တတ်လှပြယာယ်၊ ထိုလိပ်ငယ်ကား၊ ဥပါယ်တမျှဉ်"
"ဖြင်ညိုးပေါ်ယယ်၊ ပျော်ဝိုက်ဖွယ်သား၊ လုံးငယ်လုံးကြီး"

စသည်ဖြင့် ပြယာယ်, ပေါ်ယယ်-ဆိုသော အရာထင်၏။ ထိုတွင် ပြယာယ်သည်-ဟူသည်ကား ပရိယာယ-ဟူသောပါဠိမှထင်၏။ ပရိယာယ သဒ္ဒါကို ပန့်ကဗ်၍, 'ပြိယာယ်' ဆိုသင့်ဟုက ဇ-သရကို အ-သရအဖြစ် ရေးဖတ်ထေသည် ယူသင့်၏။ အချို့ကား'ပရိယာယ်'ဟူ၍, ပန့်ရ ခြားနား၍, ဆိုမိန့်ရေးခြစ်သည်လည်း ထင်၏။ ပေါ်ယယ်-ဟူသည်ကား များသည်-ဆိုသော ရှေ့စကားဟောင်းတည်း။

ရယ်-ရာယ်း-ရွယ်-ရှယ်

၃၄၇-ရဗျည်း သက်သက် ဝဆွဲး ဟဆွဲး ယ-သတိုဋ္ဌ် ဝေါဟာရကို ပြခြင်း

ရ-အက္ခရာ ယ-သတ်ကား....

"သာရွှင်မြူးရယ်၊ နှုတ်ကျိုးယ်ထျက်၊ လိပ်ငယ်အမျိုး"
"ပေါ်လွင်မြူးရယ်၊ မျိုးပျူးဖွယ်သား၊ တဆယ်ကျူးမြောက်"
"သားမောင်တို့မယ်၊ မိဘုန်းကြွယ်ကား၊ ရယ်ရယ်မြူးမြူး"
"သမင်တရယ်၊ ချောင်ယွန်းနောက်"

စသည်ဖြင့် ရယ်မောသည်, သမင်တရယ်-ဆိုသောအရာ ထင်၏။

---

၁ ဘူထင် * ၉၇။

ပန်းရန်သမားတို့၏ အသုံးအဆောင် တရယ်ခေါင်း-ဆိုသောအမည်ကား တရယ်မည်သောသား၏ ဦးခေါင်းနှင့် တစိတ်မျှတူဟန်ကိုစွဲ၍ ဆိုမိန့်သည်ဖြစ်သင့်၏။ ။ 'လ၏အန္တရာယ်၊ ရှင်းရှင်းပယ်၍' စသည်ဖြင့် အန္တရာယ်-ဟူသော ဆိုမိန့်ခြင်းကား အန္တရာယ-ဟူသော ပါဠိစွဲးထင်၏။

ဝဆွဲး ယ-သတ်ကား....

"ငါ၏သက်ရှယ်၊ နှစ်ရှစ်ဆယ်ဟု၊ အကယ်တုံတုံ"
"ဗျိုညီဆင်းရှယ်၊ လှမျိုးကြွေယ်သား၊ တင့်တယ်ပြင်ထျာ"
"နတ်ကုစုန်းရှယ်၊ အကယ်ကယ်သို့၊ ရယ်ဖွယ်အိုကြြီး"
"တန်ခိုးခိုင်းနှယ်၊ ဆုကြြီးရှယ်ထျက်၊ သူငယ်ကပင်"

စသည်ဖြင့် ကြြီးသောအရှယ်, ငယ်သောအရှယ်-ဆိုသောအရာ၊ ရှယ်တောသည်-ဆိုသောအရာ ထင်၏။ ။ထိုတွင် အရှယ်-ဟူသည်ကား ဝယသဒ္ဒါ၏ အနက်ကုန်ပျက်တတ်သော အခန့်ကာလကို ဆိုသော အရာဖြစ်၏။ ။ရှယ်တောသည်၊ ရှယ်ထောက်သည်၊ရှယ်ချူသည်-ဆိုသောအရာ၌ကား 'ရည်မှတ်သည်'ဆိုသောအရာဖြစ်၏။

ဟဆွဲး ယ-သတ်ကား....

"မျက်သီးထွက်ဖွယ်၊ ရန်စရှယ်သို့၊ လူဝယ်ကျင့်တတ်ကုန်စွတည်း"
"ပုံကားအသမွှာယ်၊ ရန်စရှယ်၍၊ နှစ်သွယ်ဂါထာရွတ်ထတည်း" ၁
"လူမသယော်၊ ရက်ကန်းရှယ်သို့၊ အလယ်ဆိုင်ကိုင်"

စသည်ဖြင့် ရန်စရှယ်သည်, ရက်ကန်းရှယ်သည်, တန်ရှယ်ဝင်သည်-ဆိုသော အရာထင်၏။ထို၌ 'ရှယ်၏'ဟူသည်ကား သွယ်ဝယ်တန်းမှန်းသည်ဆိုလိုသောအရာဖြစ်၏။

လယ်-လွယ်-လှယ်

၃၄၈-လေ့ကျည်းသက်သက် ဝဆွဲး ဟဆွဲး ယ-သတ်၌ ဝေါဟာရကို ပြခြင်း

ထ-အက္ခရာ ယ-သတ်ကား....

"စံစံပယ်ပယ်၊ သဘင်ထယ်၌၊ မြူးရယ်ပျော်ပါး" ၂
"ပညာပင်ထယ်၊ အင်သုံးသွယ်ဖြင့်၊ ပြည်စွယ်ပြည်သွား"

---

၁ ဘူထင် * ၃၃၉။ ၂ ကိုး * ၁၀၉။

"မြို့ပင်လယ်၌၊ စံပယ်ပျံပျူး"
"လျှောက်ထေပွတ်လယ်၊ ပြင်သာကျယ်သား၊ သင်ပယ်သရက်"
"များလှရောင်းဝယ်၊ကုန်စလယ်ကား၊ သွတ်လှယ်ခေါက်တင်"
"ထွေးစချင်ဖွယ်၊ မတင့်တယ်ထည်း၊ ရာလယ်လုပ်စား"

စသည်ဖြင့် အချက်အလယ်, မြစ်ပင်လယ်,အရပ်မည်ပင်လယ်,ပွတ်လယ်,ကုန်စလယ်, ရာလယ်-ဆိုသောအရာ ထင်၏။

ထိုထွင် အချက်အလယ်ကို ပင်လယ် ဆိုမိန့်သည်ထည်းထင်၏။ ။အရပ်မည်၌ မြို့ပင်လယ်, ရွာပင်လယ်-ဟူသည်ကား ပင်လယ်မြစ်နှင့် တစိတ်တူ ကျယ်ဝန်း ပြန့်ပြောသော အရည်တစိတ် ထင်သည်သော်ထည်း ဖြစ်ရာ၏။

ဝဆွဲး ယ-သတ်ကား....

"လေးမြားတောင့်လွယ်၊ မြော်ရှုဖွယ်လျင်၊ ဆင်းရွယ်ပျိုထွတ်"
"မကင်းဝိုက်လွယ်၊ နွဲ့မပယ်သား၊ သူငယ်များမိ"
"လျှောက်ပြန်ခဲးလွယ်၊ ဆိုရေးကျယ်သည်၊ မုန်းဖွယ်မများ"
"အခဲးအလွယ်၊အကျယ်အကျဉ်း။ ။လွယ်လွယ်ကူကူ၊ရွယ်ရွယ်ချူချူ"
"ဝင်းမောင်းပလွယ်၊ အသင့်ရွယ်ထျက်၊မှောင်ကွယ်ရိတ်ဖြို"
"ကျိန်မှတ်ထိုဝယ်၊ တုံးဖြင့်ရွယ်၏၊ မလွယ်တံခါး"

စသည်ဖြင့် လွယ်ဝိုးသည်, အခဲးအလွယ်,တံခါးမလွယ်,ခဲးလွယ်-ဆိုသောအရာထင်၏။ ။ထိုထွင် ခဲးလွယ်-ဆိုသည်ကား များသောအားဖြင့် လွယ်အပ်သော ခဲးကို ဆိုထိုသည် ဖြစ်သင့်၏။ ။တံခါး မလွယ်-ဟူသည်ထည်း ခဲးယဉ်းအောင် ကြံ၍ ထွက်ဝင်စေသော အရာဖြစ်သောကြောင့် 'မလွယ်'ဆိုသည်ယူမူ ယခင်အခဲးအလွယ်-ဆိုသောအရာ၌ ဝင်သင့်၏။

ဟဆွဲး ယ-သတ်ကား....

"ပထင်းအိုးဝယ်၊ သေရက်လှယ်သော်၊ မပြယ်နှံဟောင်း"
"မသေးစံပယ်၊ လှယ်ကားပျံရှာ"
"ဂါထာပြဟာယ်၊ ကုန်ရောင်းဝယ်ဆို၊ ဖလှယ်ခုံငြင်း"

စသည်ဖြင့် လဲးလှယ်သည်,ဖလှယ်သည်-ဆိုသောအရာထင်၏။ ။ထို၌ဖလှယ်ဟူ၍ ဖ-အက္ခရာပါပြန်သည်ကား လှယ်၏-ဟူသည်နှင့် အထူးမထင်။ ကြံ၍ယူမူကား အကြောင်း တခုကို မလိုရာမှ တွန်းဖည်၍ လှယ်သည်-ဟူသော အနက် ယူ၍....

ဖည်သည်, လွယ်သည်-ဆိုရမည်ကို ည-သတ် အသံကို ဖျောက်ပယ်၍, ဆိုသည် ယူကောင်းအံ့သို့ရှိ၏။

ဝယ်

၃၄၉-ဝဗျည်း ယ-သတ်၌ ဝေါဟာရကို ပြခြင်း

ဝ-အက္ခရာ ယ-သတ်ကား....“သက်ပြတ်တဝယ်၊ ယူသယ်မနိုင်”
“ယုန်လက်တဝယ်၊ နကျယ်လင်းစင်”
“ရွှေမှာဇင်းမယ်၊ တဝယ်မကြွင်း”
“ရောက်ပေါက်ရောင်းဝယ်၊ ကုန်စယ်မရှာ”
“ဂါထာပြဃာယ်၊ ကုန်ရောင်းဝယ်သို့”
“ထူးပြားကုန်စယ်၊ သွားရောင်းဝယ်သည်၊ သွတ်လွယ်ခေါက်ရောက် စင်စင်တည်း”
“နန်းတော်ရှေဝယ်၊ ရှုစဖွယ်သား၊ ဝင်ထယ်မြစ်ဟန်”
“ကန်ဝဋ်ဝယ်၊ ကြောက်မက်ဖွယ်သား၊ ကောက်နယ်တဏင်း”

စသည်ဖြင့် အများအမည်တဝယ်, ရောင်းဝယ်သည်-ဆိုသောအရာ၊နန်းတော်ရှေဝယ်-စသည့် အာဓာရအနက်ဖြစ်၍, ‘နှိုက်’ဆိုမည့်အတွက်ကို ‘ဝယ်’ဆိုသော အရာထင်၏။

ထိုတွင် အာဓာရအနက် ဟူသည်ကား....‘စွဲးဗိုရာအရပ် ဖြစ်ထိုက်သည်’ကို ဆိုသော အနက်တည်း။ ထိုအနက်ကို မြွှဋ္ဌနေသည်၊ ရွာဋ္ဌနေသည်၊ မြွှရွာဋ္ဌတည်သည်-စသည်ဖြင့် ‘ဋ္ဌ’ဆိုမည်အတွက်ကို မြွှရွာဝယ်နေသည်,တည်သည်၊မြွှရွာတွင် နေသည် တည်သည်-ဟူ၍, မြန်မာမှုဆိုမိန့်သည်များ၏။ ပျိုထက်ဘိုဋ္ဌထည်း-“ထက်ကြပ်ဝတွင်၊ ခိုဝင်ပတ္တာ။ ။နှီးနှီးနှယ်နှယ်၊ ဝယ်ကပ်ဆည်း”စသည်ဖြင့် ‘ဝါဋ္ဌ’ ဆိုမည်အတွက်ကို ‘ဝတွင်-ဝဝယ်’ဆိုသောအရာထင်၏။

သယ်-သွယ်

၃၅၀-သဗျည်း သက်သက် ဝဆွဲး ယ-သတ်၌ ဝေါဟာရကိုပြခြင်း

သ-အက္ခရာ ယ-သတ်ကား....
“လုသက်သက်သယ်၊ မဝဖွယ်ထျင်၊ ငယ်ဝယ်ကြီးကြီး”
“သက်ပြတ်တဝယ်၊ ယူသယ်မနိုင်”

"ရှင်တို့ကုန်စယ်၊ သွားရောင်းဝယ်၊ ရွက်သယ်တင့်ငိုင့်"
"စင်စင်ကြယ်ကြယ်၊ ကသယ်ကြေးညှင်း"
"နန္ဒင်းကသယ်၊ လိမ်းဆီနယ်လျက်၊ သူကြွယ်အိမ်လုပ်"
စသည်ဖြင့် သယ်ပိုးသည်၊ နန္ဒင်းကသယ်-ဆိုသောအရာထင်၏။

ထိုတွင် "ကသယ်မှန်ကား၊ ထုံနှယ်လည်းထား"ဟူ၍ စပ်သည်နှင့်အညီ လိမ်းကျံအပ်သော ညွှန်မွှေသော အထုံအနံ့ကို ယခုကာလတွင် 'လွင်မှန့်မျက်နှာချေ' ဆိုသောအရာ ယူသင့်၏။အဋ္ဌဂ်သီလဋ္ဌ မာလာ-မာရဏ, ဂန္ဓ, မဏ္ဍန, ဝိလေပန-ဝိဘူသနဟူ၍ ယထာဂ္ဂမ ဟပ်သည်တွင် ဝိလေပနသဒ္ဒါ၏အနက် လိမ်းကျံတတ်သော အမှုန့်ဖြစ်၍ ဝိဘူသနသဒ္ဒါနှင့်အညီ ရှိုင်းရာနိမ့်ရာကို ဖို့ညှိသောအခြင်းအရာဖြင့် လိမ်းကျံခြင်းကိစ္စဖြစ်၏။ထိုလိမ်းကျံအပ်သော ဝတ္ထုသည်ပင်လျှင် ကသယ်မှန့်၊ထို ကသယ်မှန့်ကို ယခုကာလ "လွင်မှန့်မျက်နှာချေ"ဆိုလေသည် ယူကောင်း၏။

ဝဆွဲး ယ-သတ်ကား....

"တန်းထားကြိုးသွယ်၊ အဓိပ္ပါယ်ကား၊ ကျင့်ဿယ်မိစ္ဆာ"
"လယ်ထုပ်ကုန်သွယ်၊ ကြွေးဆယ်မြှဲချ" [၁]
"စီးဝှန်ဖြူသွယ်၊ ကိုန်းတကြယ်လျင်၊ အုံဖွယ်ထွေထာ"
"ဝိုက်လည်တတ်ကြွယ်၊ အသွယ်သွယ်သည်၊ တိမ်နှယ်ရှက်စိုင်း ထွေတော့သည်"
"သာလွန်းဂါထာနှစ်သွယ်တည်း။ [၂] ။ရံဝန်းသတင်ပွဲထယ်တည်း" [၃]
"ရင်ထက်သတ်ကာအုံ့ရယ်တည်း" [၄]
"ညှိုးယော်ပြိုင်သွယ်၊ ရွှေမွှမ်းထယ်တွင်၊ ပြိုင်ဆွယ်မမျှ"
စသည်ဖြင့် အသွယ်အတံ-ဆိုသောအရာ ထင်၏။

ထို၌ စီတန်းကာသာ၊ အရင်းအဖျား ညီမျှသည်ကိုထျက် ပုလဲးသွယ်၊ ကြိုးသွယ်၊ စကားသွယ်သည်၊ မြောင်းသွယ်သည်-ဆိုသောအရာကဲ့သို့ အကြောင်းတသွယ်-ဆိုသောအရာထည်း ထင်၏။ အရင်းအဖျားမမျှ ထျထျသပ်သပ် အစဉ်အတိုင်း ညွှန့်ညွှန့်သားသား ရှိသည်ကိုရည်၍ 'ညွှန်းညွှန်းသွယ်သွယ်-အဖျားအမြီး သွယ်သည်'ဆိုမိန့်ခြင်းထည်းထင်၏။ အရာသို့လိုက်၍ ယူလိုသည်ဖြစ်၏။

---

၁ ထောသာ * ၁၂။
၂ ကိုး * ၂၄၆။
၃ ကိုး * ၂၄၀။
၄ ကိုး * ၂၄၃၊ 'ရင်ဘတ် သပ်ကာ အုံ့ရယ်တည်း။'

ဟယ်

၃၅၁–ဟဗျည်း ယ–သတ်၌ ဓဝါဟာရကို ပြခြင်း

ဟ–အက္ခရာ ယ–သတ်ကား....

"တသမ်းဟယ်ဟယ်၊ တတ္ထယ်တာတာ"

"တဟီဟယ်ဟယ်၊ ဝမ်းပျက်ရယ်နှင့်၊ ရှင်ဖွယ်စလို"

"နှစ်သက်နာဖွယ်၊ နူတ်သံငယ်နှင့်၊ ဟယ်ဟယ်ပြဟွန်း"

စသည်ဖြင့် တသမ်းဟယ်ဟယ်, တဟီဟယ်ဟယ်, ဟယ်ဟယ်ပြဟွန်း- ဆိုသောအရာထင်၏။

ထိုတွင် တသမ်းဟယ်ဟယ်-ဟူသည်၌ "ရုစ်ဖော်ဗျာန်ချမ်း၊ကျေးဇူးဂုဏ်းကို၊မသမ်းဟယ်ဟယ်၊ ရောက်ရလွယ်မြောက်"ဟု စပ်ဆိုသောအရာ၊ "တတလွန်းလွန်း၊ တသမ်းဟယ်ဟယ်" [1]ဟု စပ်သောအရာတို့ကို ညှိနှိုင်း၍ ယူသော် 'တတလွန်းလွန်း၊တသမ်းဟယ်ဟယ်၊ တတ္ထယ်တာတာ'ဟူသည်၌ အထောက်ထင်၏။

ထင်ဟန်ကား....တတလွန်းလွန်း-ဟူသော ရှေ့စကား၏အရာ၊ တလွန်းသည်-ဆိုသောအရာထည်း 'ညှိုးငယ်တောင့်တခြင်း'အနက်ထင်၏။ တတ္ထယ်တာတာ-ဟူသော နောက်စကားအရ ထွယ်သည်-ဆိုသောအရာလည်း တောင့်တကောင်းသော ဝတ္ထု၌ "စိတ်မလွတ်ငြိတွယ်ခြင်း"အနက်ထင်၏။ ဤသို့ ရှေ့စကား နောက်စကား၏ အရသည် အာရုံ၌ တောင့်တခြင်း, ငြိစွန်းခြင်းအနက်ဖြစ်၍ "တသမ်းဟယ်ဟယ်"ဟူသော အထယ်စကားအရကိုလည်း တောင့်တငြိစွန်းခြင်းအနက်နှင့် နီးစပ်လျော်သင့်အောင် "တောင့်တငြိစွန်းသဖြင့် ညှိုးသမ်းသည်"ဟူသောအနက်မျှသာ ဖြစ်သင့်၏။ ထိုနှင့် ရှေ့နောက်ထောက်သော် "တသန္ဓေ၊တပေလျှဉ်းလျှဉ်း"စသော ရှေးစကားနှင့်လည်းကောင်း, "တဟာလိုက်လိုက်၊ တရိုက်ဝင်ဝင်"ဟူသော နောက်စကားနှင့်လည်းကောင်း နှောရောနီးစပ်ခြင်းရှိသည်ဖြစ်၏။ ဤနှင့်လျော်စွာ မသမ်းဟယ်ထောက်ဟူသည်၌လည်း မညှိုးသမ်း မကြောင့်ကြသောက်၊အလွယ်တကူ ရမြောက်၏-ဟူသော အနက်ထင်သာသည်ဖြစ်၏။ တသမ်းညှိုးညှိုး-ဆိုမည့်အတွက်ကို တသမ်းဟယ်ဟယ်-ဟူ၍ ရှေးသူဟောင်းတို့၏ ဝေါဟာရဖြင့် ဆိုသည်ယူသင့်၏။ ဤ၌ ခိုင်းမျှဉ်း၍ ဆို၏သို့ လူပြိန်းထင်ဖွယ်ရှိ၏။

တသမ်း–ဟူသည်၌ 'နသတ်'ရှိမူကား သန်းသည်-ရစ်သည်၊ရစ်သန်းသည်၊အသိန်းအသန်း-ဟူသောအနက် ထင်၏။ 'မ-သတ်'ရှိမူကား ညှိုးသမ်း, ပျောင်းသမ်း-ဟူသော

---

၁ ကိုး * ၃၉။

အနက်ထင်သည်။ ထိုတွင် "တတလွှမ်းလွှမ်း၊ တသမ်းဟယ်ဟယ်။ ။ကျေးငှားဝမ်းကို မသမ်းဟယ်လောက်" ဟူ၍ မ-သတ်စပ်သည်နှင့် ထွေအောင်ကြီ၍ ထုတ်လိုက်သည်။

တဟီဟယ်ဟယ်-ဟူသည်ကား တဟီဟီတဟာဟာ ဟူသကဲ့သို့ ရယ်မောဆဲ နား၌ ထင်ကာမျှသော အခြင်းအရာကိုစွဲ၍ ဆိုသောဝေါဟာရ ဖြစ်သင့်၏။

ဟယ်ဟယ်ခြဟွဏ-ဟူသည်၌ကား "အို့ ဟယ်, အချင်း, အမင်း စေဝ၊ အာလပန မုဒိရိတံ" [၁] ဟူသောဆရာတို့၏ အဓိန္နှင့်အညီ မရိသေသော အခြင်းအရာဖြင့်ခေါ်ဝေါ်ခြင်းဟူသော အာလုပ်အနက်တည်း။ ။ဆရာတို့ကား "ဟေဟေအနာဒရေစေဝ၊ ဟာဟာတိ ပိယဝစနံ" [၂] ဟူ၍, **ဟာဟာ**-ဟူသော စကားကား ချစ်သောဆိုမိန့်ခြင်း၊ **ဟေဟေ**-ဟူသော စကားကား မရိသေခြင်းအနက်ဟူ၍ မိန့်ကုန်၏။**ဟယ်ဟယ်**-ဟူသော အနက်စကားကို မရိသေခြင်း အနက်ဟူ၍ မဆို။ ထိုသို့သော်လည်း ဟေဟေ-ဟူသည်၊ဟာဟာ-ဟူသည် စကားတို့ကား အာလုပ်အနက်မထင်။ အာလုပ်အနက်မဟုတ်သည်၌ ဟာဟာ-ဟူသည်ကား ချစ်သောအခြင်းအရာဖြင့် ဆိုမိန့်ခြင်း၊ ဟေဟေ-ဟူသည်ကား မရိသေသော အခြင်းအရာဖြင့် ဆိုမိန့်ခြင်းထင်၏။

အာလုပ်အနက်ဟူသည်၌ကား-"ဩဘောဘော်တိ ဂရုကံ ဥေ့ယျံ၊အို့,ဟယ်,အချင်း အမင်းစေဝ၊ အာလပန မုဒိရိတံ"ဟူ၍, 'ဩဘောဘော်'ဟူသည်ကို အလေးအမြတ် ဆိုခြင်းအနက်ဟူ၍, မိန့်သည်၊ အို့-,ဟယ်,အချင်း-ဟူသည်ကိုကား ဂရုက-လဟုက၊သာဒရ-အနာဒရ၊ ပိယဝစန-အပိယဝစန-ဟူ၍, အထူးမဆို၊ မဆိုသောကြောင့် 'အို့'ဟူသည်ကား သာဒရ, အနာဒရ-ဆက်ဆံ၍, ယူသင့်၏။ 'ဟယ်'ဟူသည်ကား အနာဒရအာလုပ်အနက်သာ မြွှာမှုထင်၏။ ယင်းသို့ မြွှာမှုထင်သည်ကိုထည်းကောင်း,ဆရာတို့ သာဒရ-အနာဒရမစွဲ၊အကြောင်းအရာ ယှဉ်သင့်သည်ကိုရည်၍, သာမန်ဆိုသည်ကိုထည်းကောင်း နှလုံးသွင်း၍, မရိသေခြင်းအနက်ဟူ၍, ဆိုလိုက်သည်။

အယ်

၃၅၂-အဗျည်းသက်သက် ယ-သတ်၌ ဝေါဟာရကို ပြခြင်း

အ-အက္ခရာ ယ-သတ်ကား.... "သစ်ကြားသစ်အယ်၊ ရှိယယ်စရိ"....စသည်ဖြင့် သစ်အယ်-ဟူသောအမည်၌ ထင်၏။ များသည်ကို 'အယ်သည်'ဟူ၍, အလွယ်ပြော

---

၁ သဒ္ဒါကျမ်းနက် * ၆၄။ ၂ သဒ္ဒနီကာဏ * ၁၂။

ဆိုခြင်းလည်း ထင်၏။ စင်အင်ကား မထင်။ 'အင့်ဆည်'ဆိုမည်အတွက်ကို ရင်အယ်သည်၊ဝမ်းအယ်သည်-ဆိုသောအရာလည်း အလွတ်ဆိုမိန့်ခြင်းသာ ထင်၏။သစ်အယ်ဟူသည်ကို အမည်မျှသာယူလည်း သင့်ရာ၏။ တောက်အဲ့ကောင်းအောင် ဆိုမှ်အိမ့်သောရသရှိ၍ အမြစ်သံ ဆိုလိုလျက်၊ မြစ်သံမပါဆိုသည်ဟု အနက်ယူလည်း ရဖွယ်ထင်၏။

-ယ်၊-ည်

၃၅၃-ည-သတ်,ယ-သတ်တို့၏ အဓိပ္ပါယ်ထူး မထူးကို ပြခြင်း

ည-သတ်, ယ-သတ်၊အသံမတူလျက် အမှတ်မထင် မခြားနားအပြားမဲ့ ဆိုမိန့်ရေးဖတ်သည်ထင်၏ဟူ၍. ဆိုမိန့်ပြီးသော စကား၌ အပြားမဲ့ ဆိုမိန့်ရေးဖတ်ခြင်းကား အနက်တော်လျော်သည်ကို ဆိုမိန့်သည်လည်းရှိ၏။ အနက်မလျော်သည်လည်း ရှိ၏။ ထိုတွင် အနက်လျော်သည်ကား....စင်ကြယ်-ဟူသော ယ-သတ်အသံကို 'စင်ကြည်၏' ဟူ၍. ည-သတ်သံဆိုမူ စင်သန့်ကြည်လင်သည်-ဟူသောအနက်လျော်သည်ဖြစ်၏။ ။ အသံကျည်သည်-ဟူသော ည-သတ်အသံကို 'အသံကျယ်သည်'ဟူသော ယ-သတ်အသံဆိုမူ အသံပြန့်နှံ့ခြင်း အရပ်ကျယ်သည်ကိုစွဲး၍. အသံကျယ်သည်-ဟု ယ-သတ်အသံ အနက်လျော်သည်ဖြစ်၏။ ။ရွှေနှင့်ချည်သော်-ဟူ၍. ည-သတ်အသံဆိုသည်ကို 'ချယ်သည်'ဟူ၍. ယ-သတ်ဆိုမူ ရွှေနှင့် ချယ်လှယ်သည်-ဟူသော အနက်လျော်၏။ ။ရေ၌မျောသည်ကို 'ဆယ်၏'ဟူ၍. ယ-သတ်အသံ ဆိုမည်ကို 'ဆည်၏'ဟူ၍. ည-သတ်သံဆိုမူ မမျောမသွားရ,ရပ်တံ့အောင်ဆည်းတားသည်ဟူသောအနက်လျော်၏။ ။ဆေးပြည်ဟူသော ည-သတ်အသံကို 'ဆေးပြယ်သည်' ဟူ၍. ယ-သတ်ဆိုမူ အာဟုန်မပြင်း ပြယ်ညှံ့သည် ဟူသော အနက်လျော်၏။ယင်းသို့စသည်ဖြင့် ည-သတ်, ယ-သတ် အဓိပ္ပါယ်လျော်သည်၌ အပြားမဲ့ရေးဖတ်ဆိုမိန့်ခြင်းရှိသော်ထည်း စင်အင်ရှိရာ ယူသင့်၏။

အနက်မလျော်သည်ကား ...ခိုင်ကျည်သည်၊ ကျိုးကျည်သည်-ဟူသော ည-သတ်အသံကို 'ခိုင်ကျယ်သည်၊ ကျိုးကျယ်သည်' ဟူ၍. ယ-သတ်အသံဆိုမူ ကျယ်သည်-ပြန့်သည်ဟူသော အနက်ဖြစ်၍. ခိုင်ကျည်,ကျိုးကျည်သည်ဟူသောအနက်နှင့်မလျော်သည်ဖြစ်၏။ ။ကြည်လင်သည်-ဟူသော ည-သတ်အသံကို 'ကြယ်သည်' ဟူ၍. ယ-သတ်ဆိုမူ နက္ခတ်ကြယ်-ဟူသော အနက်ထွက်၍. မလျော်သည်ဖြစ်၏။ ။ရယ်သည်-ဟူသော ရွှင်ခြင်းအနက် ယ-သတ်အသံကို 'ရည်သည်' ဟူ၍. ည-သတ်ရှိမူ

'ရည်မှတ်သည်' ဟူသော အနက်ထွက်၍ မထျော်သည်ဖြစ်၏။ ယင်းသို့ စသည်ဖြင့် အနက် မထျော်သည်၌သော်လည်း အပြားမဲ့ ဆိုမိ ရေးမိတတ်သည်ကို ထောက်၍၊ ည-သတ် နောင် ယ-သတ်စပ်ထျက်ထုတ်လိုက်သည်။ ။ည-သတ်, ယ-သတ်ပြီးပြီး။

ကတ်

၃၅၄-ကဗျည်း သက်သက် တ-သတ်၌ ဝေါဟာရကို ပြခြင်း

ည-သတ်နောင် အစဉ်ထျော်စွာ တ-သတ်ကို ထုတ်ရာ၌ ပ-သတ်ထည်းဖြစ်သင့်၍, ပူးယှဉ်ထျက်ထုတ်အံ့။ ။ကအက္ခရာ တ-သတ်ကား....

"ပေါင်းမြောင်ရှိ့ကတ်၊ ရောက်ထာလတ်သော်၊ ချောမွတ်စင်လှ" ၁
"စုံခြည်ကွက်ကတ်၊ တုလွတ်မျက်နှာ" ၂
"ဆိုခြင်းကတ်ထတ်၊ နှလုံးဆတ်သည်၊ အမတ်ပွဲချွဲ" ၃

စသည်ဖြင့် ရှိ့ကတ်သည်-ဆိုမိန့်ပြုခြင်းသည်'ခဲးကတ်သည်'ဆိုသောအရာထင်၏။

ထို၌ သဆောရင်းကား ခဲးကတ်သည် - ဟူသောအနက် မူထရင်းကဲ့သို့ ရှိ၏။ ကတ်သည်-ဟူသော အမူအရာဖြင့် ရှိ့ဂ္ဂက်ခြင်းအနက်ကို ဆိုလိုသောအရာ ဖြစ်သင့်၏။ ။ဆိုခြင်း ကတ်ထတ်-ဟူသည်၌ထည်း ခြေပတ်လှန်ခြင်းငှာ ခဲးကတ်အောင် ကြီဆောင်ဆိုမိန့်သည်၊ ပြုကျင့်သည်-ဆိုလိုသော အရာဖြစ်သင့်၏။ ။ကတ်ထတ်-ဟူ၍ ထတ်-ဟူသော စကားခွန်း ပါသည်ကား ကန့်ထန့်, တန်းထန်း-စသည်ဖြင့် ဆိုခဲ့ပြီးသည်နှင့်အညီ ပြေပြစ်ရုံမျှ ဖက်ဆိုခြင်းဖြစ်၏။ ။စုံခြည်ကွက်ကတ်-ဟူသည်၌ အဆင်းစုံသောခြည်ဖြင့် အကွက်အတန့် ခဲးကတ်အောင် ဖောက်သန်း ခြမ်းလှယ်၍ ဆိုလိုသောအရာဖြစ်၏။ ယင်းသို့လျှင် သဆောရင်းကား 'ခဲးခက်၊ ခဲးယဉ်းသည်' ဟူသောအနက်မူထဖြစ်သင့်၏။

"ဆုံးပုံဝိဋ္ဌကတ်၊ ကျန်းရိုးတတ်တို့၊ မှတ်သည့်ထုံးကား။ ။ထွန်းထိန်ကရကတ်၊ မှတ်ထေ့တည်" စသည်ဖြင့် ဝိဋ္ဌကတ်, ကရကတ်, သကတ်-ဟူသော ဝေါဟာရတို့ကား ဝိဋ္ဌကတ္ထယား ကက္ကဋ္ဌ၊ သကတ္ထ-ဟူသောပါဠိဒ္ဒိဃဝင်၏။

---

၁ သံ * ၁၆၃။ ၂ နောင်၊ ရက်ထခါကျော်-၍ (ပ)။ ၃ ဘူထင် * ၀၈။

ကဝ်

၃၅၅-ကဗျည်း သက်သက် ပ-သတ်၌ ဝေါဟာရကိုပြခြင်း

က-အက္ခရာ ပ-သတ်ကား....

"နိုးနိုးကဝ်ကဝ်၊ တို့ဝဝ်ကြည်ညို" [၁]
"ထံပါးမကဝ်၊ ထိတ်လန့်ဖျဝ်ထျက်၊ တဝ်တဝ်ပြဝ်ထျာ" [၂]
"စီရင်ချဉ်းကဝ်၊ ဆံသဝ်ဆံထုံး" [၃]
"မဆည်းမကဝ်၊ လဝ်သောသူအား"
"ကျောင်းဟောင်းမလဝ်၊ နှစ်ဆွမ်းကဝ်ထျက်"
"ကန်ဂမ်းကြာချဝ်၊ ရေမကဝ်သို့" [၄]
"ကိုယ်ပါးထက်ကြဝ်၊ တောင့်ကဝ်ဖားရား" [၅]
"မကွာကဝ်လဝ်၊ အမြဲးကြဝ်၍၊ နောက်ထဝ်မကင်း"
"မကွာကဝ်လဝ်၊ ပျဝ်စဝ်ပေါင်လည်း"
"မြန်ခွင်တရဝ်၊ ဘဒ္ဒကဝ်မည်သာ" [၆]

စသည်ဖြင့် နိုးကဝ်, ချဉ်းကဝ်, ဆည်းကဝ်, အနိုးအပါးကဝ်၍ နေသည်, ရေညွှန်အစေးအညှိကဝ်သည်, တောင့်ကဝ်ဖားရား, အမြဲးကဝ်လဝ်, ဘဒ္ဒကဝ်, ကမ္ဘာကဝ်, အနက်ဂိကဝ်-ဆိုသောအရာတို့၌ထင်၏။

ထို၌ ဘဒ္ဒကဝ်၊ သရကဝ်၊မဏ္ဍကဝ်၊ ဝရကဝ်၊ ကမ္ဘာကဝ်၊ ဂိကဝ်-ဟူသည်တို့ကား ကပွ-သဒ္ဒါကိုစွဲမှီ၍ ဆိုမိန့်သောအရာဖြစ်၏။ ။နိုးကဝ်၊ချဉ်းကဝ်-စသည်ဖြင့်ဆိုမိန့်သည်၌ကား နိုးစဝ်သည်ဟူသော အနက်ချည်းဖြစ်သင့်၏။ ။တောင့်ကဝ်ဖားရား-ဟူသည်၌ကား နွားရိုင်းစသည်တို့ကို လွန်မပြေး ပြောင်းသာအောင် ပွဲးမြောင်၍ ဆွဲးအဝ်သော သစ်ချောင်း-ဝါးချောင်းငယ်၏အမည်ကို 'တောင့်'ဟူ၏၊ ထိုတောင့်သည် ကဝ်မြောင်၍ တည်၏သို့၊ကိုယ်ပါးထက်ကြဝ်တောင့်ကဝ်၏သို့ဖြစ်သည်ဟူသော အနက်ဖြစ်၏။ တောင့်တဝ်၏သို့ မလဝ်မကွာ များလျားဖြစ်၏-ဟူသော အနက်ကို ယူ၍ 'တောင့်တဝ်များလျား'ဆိုသော်လည်းသင့်ဖွယ်ရှိ၏။ ။မကွာကဝ်လဝ်သည်-

---

၁ ဘူပေါင်း * ၁၀၃။
၂ ဘူလဝ် * ၂၉၇။
၃ သံ * ၁၆၁။
၄ သံ၊နိဂုံး * ၃။ 'ရေမထဝ်သို့။'
၅ ဘူပေါင်း * ၃၊ 'ကိုယ်ပါထက်ကြဝ်၊ တောင်ကဝ်ဖားရား။'
၆ တန်ရ * ၂(၁)၊'ထွန်းတင်မြန်ရဝ်။'

ဟူသည်၌လည်း ဃ-ဟူသော စကားခွန်းသည် ရှေ့နည်းတူ ဖက်ဆိုကာမျှ နိုးစပ်ဖွဲ့တွဲးသည်ဟူသော အနက်သာ ဖြစ်သကဲ့သို့ရှိ၏။ ရေညွှန်ဖြူနည် ကဝ်၏-ဟူသည်လည်း ဖွဲ့စပ်ခြင်းအနက်ငင်း ဖြစ်သင့်၏။ လက်ရန်းဆင်ကဝ်ကာသည်, ကဝ်ထရံဆိုသည်လည်း နည်းတူ, အဆင့်ရှိအရပ်ဝယ် ကဝ်၍ ကာသည်။ကြမ်းခါးပန်းအထက်ထွင် ဆင့်တဝ်လျက် ကဝ်သည်ကိုခွဲး၍ မြစ်ဆံဆိုမည်ကို မြစ်ဆံကျေထေသည် ဟူ၍ ငင်း, ကာသည့် ကဝ်ကိုလည်း ဝါးခြမ်းစိတ်တို့ကို ပူးကဝ်ဖွဲ့စဝ်၍ ရက်သည်၊ ကဝ်၍ ကာအဝ်သည်, ဤသို့သောအနက် ဟူ၍ ငင်း ဖွဲ့စပ်ခြင်း အနက်ချည်း ရောက်အောင်ယူသော် ရကောင်းအံ့သို့ရှိ၏။

ကျတ်-ကျပ်-ကျစ်-ကြပ်-ကွပ်

၃၅၆-ကဗျည်း ယပင့် အရစ် ဝဆွဲး တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

က-အက္ခရာ ယပင့် တ-သတ်ကား....

"ဝါဝါကျတ်ကျတ်၊ မည္ဆတ်ကိုက်ဦး" ၁
"သဖန်းညောင်ကျတ်၊ သတ္ထတ်သတိ"
"ရွေးပဲးမူးမတ်၊ ခွဲးကျတ်ဝိဿာ"

စသည်ဖြင့် ဝါဝါကျတ်ကျတ်, ညောင်ကျတ်, ခွဲးကျတ်-ဆိုသောအရာ ထင်၏။

ယပင့် ပ-သတ်ကား....

"ချောက်နက်မြောင်ကျပ်၊ တဝ်နှင့်တည်တည်"
"ရွှေတာရွှေကျပ်၊ ရွှေကွမ်းချပ်နှင့်၊ စီတဝ်ပတ္တမြား" ၂
"ဖိုထဲးပွတ်သပ်၊ ရွှေပြိကျပ်တွင်" ၃
"ယမားဘိနပ်၊ ရွှေသင်းကျပ်နှင့်၊ စလပ်အတူ"
"ဂိဝါသင်းကျပ်၊ရိုးမြွပ်နဖူး။ ။အပြွတ်နေလှပ်၊ကျပ်နှင့်လည်းတင်" ၄

---

၁ ဒေး * ၁၇၇(၁)။
၂ မင်းမယ် * ၁၅။
၃ ထန်ရ * ၃၄၊ 'ဖုံးထဲပွတ်သပ်၊ ရွှေဘိကျပ်တွင်။'
၄ မနော် * ၅၅၊ 'ကျပ်၌လထင်။'

စသည်ဖြင့် မြောင်ကျပ် ,ရွှေကျပ်, ငွေကျပ်, ကျပ်တင်သည်-ဆိုသောအရာ ထင်၏။ ယေဘုယျအားဖြင့် အရအနက်မထင်၊ ပညတ်ကာမျှသော အရာ၌ တ-သတ်အနက် ထင်လေသည်၌ ပ-သတ်ဖြစ်သင့်၏။ထိုတွင် "စလွယ်သင်းကျစ်၊မျက်နှစ်ရွှေကောင်း။ ။ ထည်မှာသင်းကျစ်၊ သွယ်ဖြစ်ပုလဲ" စသည်ဖြင့် သင်းကျစ်-ဟူ၍ စ-သတ် စပ်သော အရာထည်းထင်၏။

[က-အက္ခရာရစ်၍ တ-သတ်ကားမထင်]။ ပ-သတ်ကား....

"ဖြူလွှလက်ကြပ်၊ ထုပ်လှပ်မကျော်"
"ရံဆီးကြပ်ကြပ်၊ ဖြိုရှောကပ်ထို့၊ ထူထပ်ရဲးလေ"
"ထံရင်းထက်ကြပ်၊ မြိုးဆည်းကပ်မှ၊ သုံးထပ်ဗာဟီ"
"ထက်ကောက်လက်ကြပ်၊ ထက်စွပ်ပုံခတ်"
"ထံပါးကြပ်ကြပ်၊ ရှောထွင်ရပ်သို့၊ တပ်တပ်မြင်နိုင်"
"ဆယ်တွေစောင့်ကြပ်၊ တရားကပ်လျက်၊ ထက်ယပ်ခေါ်တုံ" ၁

စသည်ဖြင့် မြိုးမြိုးကြပ်ကြပ်-ဆိုသောအရာထင်၏။ ။လက်ကောက်လက်ကြပ်-ဟူသည်၌လည်း လက်ထွင်မြိုးမြိုးကြပ်ကြပ် ဝတ်သည်ဟူသော အနက်ထျော်အံ့သည် ဖြစ်၏။

[က-အက္ခရာ ဝဆွဲး တ-သတ်ထည်းမထင်]။ ။ပ-သတ်ကား....

"ထူတို့အက္ခပ်၊ ဟိရောတ္တပ်ကို၊ အထပ်မလွတ်" ၂
"ဟိရိဩတ္တပ်၊ ဤသို့ကွပ်၏၊ မအပ်မရာ"
"ရွှေဗျားနေရပ်၊ ဘေးတော်ကွပ်လျက်၊ ရွှပ်ရွှပ်ချင်းနင်း"

စသည်ဖြင့် အုပ်ကွပ်သည်, ဆုံးမကွပ်သည်ဆိုသောအရာ ထင်၏။

ကျတ်–ကြတ်–ကျပ်–ကြပ်

၃၅၃-ကမျည်း ယပင့် ဝဆွဲး တ-သတ်၌ ဝေါဟာရကို မြဖြင်း

ယပင့် ဝဆွဲး တ-သတ်ကား....

"မနော်ပြေကျတ်၊ မလွတ်သရွေ့"
"ဖြိုဖြုတ်ချီချတ်၊ စေပါးလတ်သော်၊ အောင့်ကျတ်မူထား" ၃

---

၁ ထောသာ * ၂၃၊ 'ထရားကွပ်၍၊ လက်ယပ်ခေါ်ပြု။'
၂ ဘူလင် * ၃၃။
၃ ဘူလင် * ၅၆။

စသည်ဖြင့် ကျွတ်လွတ်သည်, အောင့်ကျွတ်သည်, ကျိကျိကျွတ်ကျွတ်, တိရစ္ဆာန်အမည် မျှော့, ကျွတ်-ဆိုသောအရာထင်၏။ ထိုတွင် ကျိကျိကျွတ်ကျွတ်-ဟူသည်၌ 'ကျိသည်' ဟူသောစကားမျှသာ စေးစေးနဲးနဲး ကျဲသွားသည်ဟူသော အနက်ထင်၏။ 'ကျွတ်' ဟူသောစကားခွန်း၌ အရထူးမထင်။ ပြေပြစ်ရုံမျှ ဖက်ဆို၏သို့ရှိ၏။ ။တိရစ္ဆာန် ကျွတ်-ဟူသည်၌ကား ယခင် ကျိကျိကျွတ်ကျွတ် ဟူသော အနက်နှင့်အညီ ကိုယ်၌အစေး အညို ကျိကျိကျွတ်ကျွတ် ထင်သည်ကိုစွဲ၍, အရယူထျင် ရကောင်းအံ့သို့ရှိ၏။ ။ အောင့်ကျွတ်-ဟူသည်ကိုထည်း ယခင်အနက် နီးချဉ်းအောင် ပေါ့ပါးသွက်လက်စွာ မလာမသွားခြင်းတည်း။ ဖင့်နွဲးထိုင်းပျဉ်း ထေးလံသောအရာကို အစေးအနဲးကပ်ငြို၍, အကျိအဲ့ဲးဖြစ်သကဲ့သို့ ကျိကျွတ်သည်-ဟူသော သဘောထျဉ်းစပ်အောင် ကြို၍,ယူထည်း သင့်ရာ၏။ ခေါ်ဝေါ်ကာမျှဟူထည်း သင့်ရာ၏။ အရထွက်သင့် မထွက်သင့်ကို ချင့်ထောက်ရာ၏။

ကျွတ်လွတ်သည်-ဆိုသောအရာ၌ကား ကျွတ်သည်-ဟူသော ဝေါဟာရထည်း သုဒ္ဓအသံဖြစ်၍, 'ချွတ်သည်'ဟူသော ကာရိုက်အသံထည်းရှိသင့်၏။ ထိုချွတ်သည် ဟူသော အသံမူကား ဆိုခဲ့ပြီးသော ကာရိုက်သံထည်းရှိ၏။ မှားယွင်းသည်-ဟူသော အနက်ဖြစ်သင့်သောအရာထည်းရှိ၏။ ရေးချွတ်သည်၊အမာအရာအချွတ်ချွတ်ရှိသည်၊ အသံချွတ်ချွတ်-ဆိုသောအရာထည်း ရှိ၏။ ထိုကို စဉ်သင့်ဆိုအံ့။

ကျွတ်လွတ်သည်-ဟူသောဝေါဟာရ၌ 'ကျွတ်၏'ဟူဟာကား အလိုအလျောက် ကျွတ်ခြင်း-ဟူသော သဃ်ဇာတ သုဒ္ဓအသံ၊ 'ချွတ်၏'ဟူသည်ကား 'ကျွတ်စေသည်' ဟူသော စေခြင်းအနက် ကာရိုက်သံဖြစ်၏....

"ဆောလျှင်နှုတ်ချွတ်၊ ယှဉ်ခုတ်ဖြုတ်က"
"နွားနို့ထောပတ်၊ နှမ်းချွတ်ဆီကြည်"
"မိုးကြိုးဖြန်းသွတ်၊ ငြိမ်းစေတတ်ထျက်၊ ကယ်ချွတ်ဒေသနာ"

စသည်ဖြင့် အဆောတထျင် နှုတ်ငင်သည်၊ကျွတ်စေသည်၊ ကိုယ်နှုတ်ချွတ်သည်၊နှမ်းထုံး၌ အမြွေးအခွံ ကွာကျွတ်စေသည်ကိုနှမ်းချွတ်ဆိုသည်။ဂရဲမီးကိုငြိမ်းစေ ကျွတ်စေထျက် ကယ်မသည်ကို ကယ်ချွတ်ဆိုသည်။သတ္တဝါအား ဘုရားချွတ်၏ဆိုသောအရာ၌ထည်း ဝဋ်ဒုက္ခမှကွာကျွတ်စေသည်ကို ချွတ်သည်-ဟူသော ကာရိုက်အသံငင်း ဖြစ်၏။

မှားယွင်းခြင်းအနက်ကို ချွတ်သည်-ဆိုသောအရာကား....

"တွေးအံ့မချွတ်၊ အမြဲမှတ်သော၊ ကာလတ်သည်ကား"

"ဖြိုဖြုတ်ချီချွတ်၊ မြေကြီးခတ်မျှ၊ လာလတ်သတ္တ" ၁
"မွေမှားကိုင်ချွတ်၊ ထက်မှလွတ်သည်၊ အဝတ်ပုဆိုး" ၂

စသည်ဖြင့် ခြေချွတ်,ထက်ချွတ်,အပြုအမူချွတ်သည်,သတိချွတ်သည်, ဆိုချွတ်-မိန့်ချွတ် ဆိုသောအရာထင်၏။ အမာအရာ အချွတ်ချွတ်-ဆိုသောအရာကို ရေး(ခြစ်?)သည် ဟူ၍ထည်း ဆိုကုန်၏။ ရေးချွတ်သည်ဆိုသောအရာကို အရေးချွတ်ယွင်းသည် ဆို သောအရာနှင့် အသံတူ ယူကုန်ရာသည်ဖြစ်ရာ၏။ ထိုနှင့်လျော်စွာ အမာအရာအချွတ် ချွတ်-ဆိုသည်ကိုထည်း 'အချစ်ချစ်'ဟူ၍ပင် ဆိုကောင်းထေ၏။ ။အသံချွတ်ချွတ် ဆိုသောအရာကား နားဥာဏ်သံမျှကိုစွဲး၍ ဆိုမိန့်သောအရာ ယူသင့်၏။ တချိုးချိုး တချက်ချက်၊တဖျစ်ဖျစ်၊ တဖွတ်ဖွတ် * ဆိုသည်နှင့် နည်းတူသင့်၏။ ယင်းသို့စသည် ဖြင့် ယွင်းချွတ်သည်၊ ရေးချွတ်သည်၊အသံချွတ်ချွတ်-ဆိုသောအရာတို့ကား ကာရိုက် သံ စေခြင်းအနက် မဟုတ်သည်ဖြစ်၏။

[က-အက္ခရာ ရစ်၍ဝဲသွဲး တ-သတ် (ကြွတ်)မထင်။ ။ယပင့်ဝဲသွဲး ပ-သတ် (ကျွတ်)ထည်းမထင်]။ ။ရစ်၍ ဝဲသွဲး ပ-သတ်ကား....

"ပျဉ်ထောင်အုတ်ကြွေပ်၊ မိုးစေ့စပ်ထျက်၊ ဖြူလှပ်ဆွဲဆွ" ၃
"မိုးဖုံးမွန်းထပ်၊ ရွှေအုတ်ကြွေပ်နှင့်၊ စရပ်သုဓမ္မာ"

စသည်ဖြင့် ကြွေပ်ကြွေပ်ရွှရွှ-ဆိုသောအရာထင်၏။ အုတ်ကြွေပ်, မုန့်ကြွေပ်-ဟူသည်တို့ကား ရွှရွှကြွေပ်ကြွေပ်-ဟူသော သဘောထင်သည်ချည်းဖြစ်၏။

ခတ်—ခပ်၊ ချတ်—ချပ်၊ ခွတ်—ခွပ်၊ ချွတ်

၃၅၈-ခဗျည်း သက်သက် ဝဲသွဲး ယပင့် တ-သတ်,ပသတ်တို့၌ ဝေါဟာရကိုပြခြင်း

ခ-အက္ခရာ တ-သတ်ကား....

"ဟန့်တွန်းလေခတ်၊ ဖောင်ကြိုးပြတ်သို့၊ စွန့်လွတ်ဝိရိယ" ၄
"ထက်ကြပ်ပုံခတ်၊ ထက်တော်ဝတ်လည်း၊ ဆွတ်ဆွတ်နှစ်ခြိုက်" ၅

---

၁ ထန်ရ * ၁၇။'ခြေချွတ်လက်ချွတ်။'
၂ ထန်ရ * ၂၆၊'ထက်မှလွတ်သော်'
* ခေါင်းစဉ် (၃၆၇) ဖြတ်အခန်းတွင် ရရစ်နှင့်ဆိုသည်။
၃ ဘုံ * ၃၀။
၄ သံ * ၄၊'ဟုပ်တွန်းလေခတ်။'
၅ ထန်ရ * ၃၅။

"နွိုင်းဆပုံခတ်၊ မင်းချင်းလွှတ်၏၊ ယုတ်မြတ်ပြည်သူ"
"ခြေထုတင်ခတ်၊ နယ်ပွတ်ဆီသွင်း" ၁
"ပျံသွားမတတ်၊ နွယ်တန်းခတ်သို့၊ ဖတ်ဖတ်မောမျှ" ၂
"ခြေချွတ်ထက်ချတ်၊ မြေကြီးခတ်မျှ၊ ထာဝတ်သူ" ၃
"တံတိုင်းစနတ်၊ ချိန်ခွင်ခတ်သို့၊ ယုတ်မြတ်ထည်းရွေး" ၄
"စသည်နက်သတ်၊ သက်ခတ်ဂြိုဟ်စား"
"ဇာတ်ပေါင်းဇြီးသတ်၊ တံဆိပ်ခတ်ပိန့်၊ ကြည်ညွှတ်သဒ္ဒါ" ၅
"မြီးတူးသိမ်းခတ်၊ ခြေကိုပတ်ထည်း၊ ရွှတ်ရွှတ်ငင်တွန်း"
"မလေးရင်ခတ်၊ဖက်ဆွတ်ဖြည်းဖြူး။ ။ရွှေစာရင်ခတ်၊ဖက်ဆွတ်အနန်း"
စသည်ဖြင့် ထိခတ်သည်, ပန်းရင်းခတ်- ဆိုသောအရာထင်၏။

ထို၌ ထိခတ်သည်-ဟူသော စကား၏အရာနှင့်အညီ ရိုက်ခတ်သည်၊ အရာ်ကို ထိခတ်မှတ်စွဲ၍, အသက်ကျ ရေးသည်ကို 'သက်ခက်ခတ်' ဆိုသည်၊သင်ခတ်သည်၊ပုံပြင်ခတ်သည်ကို 'ပုံခတ်' ဆိုသည်။ ယင်းသို့ စသည်ဖြင့် အကြောင်းနှစ်ပါး ထိခိုက်သည်ဖြစ်စေ ခတ်ကာမျသော်ထည်း ဖြစ်စေ သဘောတူချည်းယူသင့်၏။ "ယှဉ်သည်မပြတ်၊ နှာခေါင်းနှတ်နှင့်၊ ခတ်သည်မျက်စဉ်း"ဟူ၍, သုဝဏ္ဏသျှံ ပျိုထွင် မျက်စဉ်းခတ်သည်ကိုထည်း တ-သတ်စင်၏။ ယခင် ထိခတ်သည်-အနက်ထည်းကောင်း ဖြစ်သင့်၏။ ဆား,ပျား, ချင်း, ဝရုတ်ခတ်သည်၊ထန်းလျက်, သကာခတ်သည်-ဆိုသောအရာထည်းနည်းတူဖြစ်၏။

ခ-အက္ခရာ ပ-သတ်ကား....

"အမြေးရေခပ် လုပ်ကျွေးအင်္ဂါ၊ ဆောင်းစပ်ခါချိန်" ၈
"ဖိုးအင်သိန်းခပ်၊ ပေးဆင့်ထပ်သည်၊ ထက်စွပ်ထည်ရည်"
"ခြေချင်းလိုက်တပ်၊ အင်တွဲးခပ်မှ၊ သထပ်ကွန်ရက်" ၇
"နှာမောင်းထေခပ်၊ နုရွှပ်စွယ်ဖုံး" ၈
"ခပ်ကောက်ပည်စွာ-ရပ်စောက်မည်သာ-ထပ်လျောက် ကြည်စွာ" ၉

---

၁ သံ * ၁၆၁။
၂ ကိုး * ၂၄၉။
၃ တန်ရ * ၁၇။
၄ ဘူထင် * ၃၀၂။
၅ သံ * ၁၆၈။
၆ သံ၊ နိဂုံး * ၁။
၇ မင်းရာ * ၃၄။
၈ ပြောင်မွန် * ၉။
၉ နောင်၊ ယင်စောက်ဘုရားတိုင် ရတု။

စသည်ဖြင့် ရေခပ်သည်, အဖိုးတသိန်း ခပ်သည်, အင်တွဲးခပ်သည်, လေခပ်သည် ဆိုသောအရာထင်၏။

ထိုတွင် ရေခပ်ဟူသည်, မျက်စဉ်းခတ်-ဟူသည်၌ အထူးကား 'ရေခပ်' ဟူသည်၌ 'ခပ်ယူသည်' ဟူသောအနက်၊ 'မျက်စဉ်းခတ်'-ဟူသည်မှာ ထည့်သွင်းသည်၊ မျက်ခွက် မျက်လုံးကို 'ထိခတ်စေလည်' ဟူသောအနက်ဖြစ်၍, ထူး၏။ ရေကို သစ်ဝါး လွန်ကန်ဖြင့် ရိုက်ခတ်သည်-ယူမူကား တ-သတ်ဖြစ်၏။

'ဟန့်တွန်းလေ 'ခတ်'၊နှာမောင်းလေ'ခပ်'....ဟူ၍, တ-သတ်, ပ-သတ်စပ်သည်၌ အထူးကား **ဟန့်တွန်းလေခတ်**-ဟူသည်မှာ လေဟုန်ထိခတ်သည်။ **နှာခေါင်းလေခပ်** ဟူသည်မှာ နှာမောင်းဖြင့် လေကို ခပ်ယူသည်ဖြစ်၍, ထူး၏။ နှာမောင်းဖြင့် လေကို ပုတ်ခတ်သည် ဟူမူကား တ-သတ်ဖြစ်၏။ ။ဖိုးအင်သိန်းခပ်-ဟူသည်၌ကား အဖိုးတသိန်းသို့ ကူးခပ်သည်ဟူသော အနက်ယူသင့်၏။ မြစ်တဖက်သို့ ခပ်သည်-ဆိုသော အရာကဲ့သို့ ဖြစ်၏။ ။ခပ်ကောက်ပည်စွာ-ဟူသည်၌ကား ခပ်ပြု၊ ခပ်မူ၊ ခပ်ဆို၊ခပ်မိန့်-စသည်ဖြင့် 'အနည်းငယ်မျှ လွန်ထေသည်' ဆိုသောအရာဖြစ်၏။

[ခ-အက္ခရာ ယပင့် တ-သတ်ကား မထင်]။ ။ပ-သတ်ကား....

"ဖြူထွက်ပွင့်ချပ်၊ ပန်းဇလပ်သို့၊ စောင့်ကြပ်မကောင်း"
"ထူထူချပ်ချပ်၊ သပ်သပ်ရှင်းရှင်း" ၁
"ကန့်ဝမ်းကြာချပ်၊ ရေမကပ်သို့၊ ဝင်ထပ်တုတ်ခွန်"
"ရေနှင့် တောင်ထပ် ချပ်၍ ပတ်သား"
"ထူးစွာသံထပ်၊ ဝတ်သံချပ်နှင့်၊ စိန့်ရပ်ကျော်လှိုင်း" ၂

စသည်ဖြင့် ပန်းပွင့်ချပ်, ထူထူချပ်ချပ်, အကြားဝယ်ချပ်သည်, ချပ်တန်ဆာ-ဆိုသော အရာ ထင်၏။

ထို၌ သသောရင်းကား အကြားအထပ်ဝယ် ချပ်သည်-ဟူသော အနက်ချည်း ဖြစ်သင့်၏။ ပန်းပွင့်ချပ်၊ ကြာပွင့်ချပ်-ဟူသည်လည်း အထပ်ထပ်ချပ်၍ စီလျက်တည်သော အခြင်းအရာထင်၏။ ။ချပ်တန်ဆာ ဟူသည်လည်း အလွှာအချပ် ထပ်၍ စီစဉ် သုံးဆောင်သော အခြင်းအရာ ထင်သည် ထည်းကောင်း ဖြစ်၏။ "လှည်းဝိုးရွှေချပ်၊ သုံးခုစပ်သို့" စသည်ဖြင့် လှည်းဝိုးစသော အလွှာ-အလျှက်ကို 'ချပ်'ဟူ၍,

---

၁ ဘူထင် * ခုဂ္ဂ။ ၂ ယိုးဒ * ၂၊ 'ထူးစွာသုံးသပ်။'

ဆိုမိန့်သောအရာလည်း အပြားအလွှာဟူက အကြားအလပ်ဝယ်ချပ်၍ တည်တတ်သည်၊ ချပ်၍ ထားထိုဆုံးဆောင်အပ်သည်ဟူသော အနက်ရသင့်သည်ချည်း ထင်၏။ ဤဌအကြားအလပ်ဝယ် ကျပ်ညှပ်၍ ရှိသည်ဟူသောဆုဠအဆံသည် ကျပ်ညှပ်၍ ရှိစေသည်ဟူသော ကာရိုက်အသံ ရောက်လတ်သော် 'ချပ်ညှပ်သည်' ဟူ၍ ဒုတိယကွဲရာဖြင့်ထည်းကောင်း, ဟဆွဲးအသံဖြင့်လည်းကောင်း ဝေါဟာရဖြစ်သကဲ့သို့ ရှိ၏။ ဤ၌ 'ပွင့်ခြပ်' ဟူ၍ အချို အရစ်ရေးကုန်သည်ကား ပညတ်မျှဟူ၍ အယူရှိသည်ဖြစ်ရာ၏။ ဆင်ခြင်။

ခ-အက္ခရာ ဝဆွဲး တ-သတ်ကား....

"သိကြားနှစ်မြတ်၊ ဆုံးကျိပ် ထွတ်လျှင်၊ သွန်တ်ပွင့်ချိန်" ၁
"ကိုက်ခဲးမတတ်၊ ဘူရာနတ်တို့၊ သွတ်ပွင့်က" ၂

စသည်ဖြင့် သွတ်ဟူသော အမည် ထင်၏။ ထို၌ သစ်ပင်၏အမည်ပညတ်ကာမျှသာ တည်း။

ဝဆွဲး ပ-သတ်ကား....

"ပူထောင်ထိုးဆွဲပ်၊ ကျီးငှက်ခွတ်သို့၊ ဖပ်ဖပ်သွေးစို့" ၃
"ဗိုလ်ပါစည်းကြပ်၊ ကိုမှူးကွပ်၍၊ ပဲးခွပ်ခားမ" ၄
"ခုံမင်ထျပ်ထျပ်၊ မိအောင်ခွပ်သို့၊ ပြည်ကွပ်လူမှူး" ၅

စသည်ဖြင့် ကျီးငှက်ခွပ်သည်, ပဲးခွပ်-ဆိုသောအရာထင်၏။ ။ထို၌ ပဲးခွပ်-ဟူသည်ထည်း ကျီးငှက်ခွပ်သည်, ခားဖြင့်ခွပ်သည်-ဆိုသောအရာကဲ့သို့ ခွပ်ကြောင်း အသုံးအဆောင်ထည်းကောင်း, အရမကဲ့းသည် ထည်းကောင်းဖြစ်သင့်၏။

ယပင့်ဝဆွဲး တ-သတ်ကား...."ကယ်ချတ်၊ ယွင်းချတ်" စသည်ဖြင့် ဆိုခဲ့ပြီးသော အရာထင်၏။ ။(ကျတ်-မှာ ပြန်ကြည့်ပါ)။ ။[ယပင့်ဝဆွဲး ပ-သတ် (ချပ်)ကား မထင်။ ။ရစ်၍ ဝဆွဲးကား တ-သတ်, ပ-သတ် (ခြတ်-ခြပ်) နှစ်ပါးလုံးမထင်]။

---

၁ မင်းဧယရန္တမိတ်ဆို၊မြတ်နှန်းရဝေ ချီရတု၊ ဒု။ မင်းရှင် ၇။
၂ တုံ * ၁၀၆။
၃ မနော် * ၆၀။
၄ ကိုး * ၁၃။
၅ ထောသာ * ၃၉။

ငတ်-ငဝ်

၃၅၉-ဗျည်း သက်သက် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

ငအက္ခရာ တ-သတ်ကား …. "လူသား ချင်မွတ်၊ ဘီလူး ငတ်သို့၊ ရွတ်ရွတ် ငင် ထျင်"….စသည်ဖြင့် မွတ်ငတ်သည်-ဆိုသော အရာထင်၏။ ။ငအက္ခရာ ပ-သတ် ကား….'ငဝ်လွှာ၊ ငဝ်ငါ' စသည်ဖြင့် ပ-သတ်အချို ရေးကုန်သည်ကား စဝ်အင် မတွေ့၊ * မွတ်ငတ်သည်-ဆိုသောအရာနှင့် သဘောမတူသည်ကိုစွဲ၍ အသတ်ကွဲး ရေးကုန်သည် ဖြစ်ရာ၏။

[ငအက္ခရာ တ-သတ်,ပ-သတ်တို့၌ ယပင့်,အရစ်, ဝဆွဲး-တို့ကား မထင်]။

စတ်-စဝ်-စွတ်-စွဝ်

၃၆၀-စဗျည်းသက်သက် ဝဆွဲး တ-သတ်,ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

စ-အက္ခရာ တ-သတ်ကား…. "ယဂင်ရစ်စတ်၊ လည်ပတ် ရှက်တင်"….ဟူ၍ ထောင်သင်းမှူးဆို မနော်တွင် ရစ်စတ်-ဆိုသောအရာ၊ "ကလော ခံစတ်၊ သနတ် နရွဲး" [၁] ဟု ဘုံခန်းတွင် ခံစတ်-ဆိုသောအရာ ထင်၏။ ထို၌ နီစတ်စတ်ရှိသည်၊ ငှက် စတ်၊ ခွေးစတ်-စသည်ဖြင့် စဝ်ဟဝ်သည်၊ ပူးစဝ်သည်-ဆိုသော အရာမှ တပါး သဘောကွဲး ပညတ်သောအရာဖြစ်၍ တ-သတ်သင့်သောအရာ၊ အစဝ်တွေ့ခဲးသော အရာကဲ့သို့ ထင်၏။

စ-အက္ခရာ ပ-သတ်ကား….

"မြင်ကျယ်နှံစဝ်၊ ပညာထျဝ်၍၊ အာတဗ္ဘန" [၂]
"အိမ်နီးအိမ်စဝ်၊ အိမ်ရဝ်အိမ်မိုး။ ။ရှားရှားရှိန်းစဝ်၊တံလွှဝ်နေပူ"[၃]

---

* 'ထျာပါးနှဝ်ငဝ်၊ ရွဲထွင်းအဝ် သို့၊ ထျဝ်ထျဝ်ပြွတ်ပြွတ်၊' ဆု * ၂၇။

၁ ဘုံ * ၁၀၊ 'ကလောခံစဝ်၊ သနဝ် နရွဲ၊' ကျောက်စာတွင် 'သိန္ဝ်'ဟု ရှိသည်။

၂ ဘူပေါင်း * ၄၇။

၃ ဘူထင် * ၆၅။

"အလျားပျဉ်စပ်၊ ပုဆိုးဖွဉ်သို့၊ ရွှဉ်ရွှဉ်ညက်ကျေ" ၁
"မယောဝိစပ်၊ ပြောင်းလူးဆပ်ကို၊ မအပ်မရာ"
"လွှမ်းရိလွှမ်းပွဉ်၊ ကျိန်းစပ်မျက်ရေ" ၂
"ကျပ်တင်နေလှဉ်၊ ပုဉ်စပ်တင်းကျမ်း" ၃

စသည်ဖြင့် နှုံစပ်သည်, ယှဉ်စပ်သည်, ရှိန်းစပ်သည်, ပူစပ်သည်, ပုဉ်စပ်, ကျိန်းစပ်, ပျဉ်စပ်, မယောဝိစပ်-ဆိုသောအရာ ထင်၏။

ထိုတွင် နှုံစပ်,ယှဉ်စပ်-ဟူသည်ကား ထိခိုက်နှိုးချဉ်းသည်၊ ယှဉ်ပူးသည်-ဟူသော အနက်ရင်း ဖြစ်၏။ နှုံပြား သောကြောင့် မလွတ်မထပ် စပ်ရုက် ပူးယှဉ်သည်ကို 'နှုံစပ်သည်' ဆိုမိန့်ခြင်းဖြစ်၏။ ။မယောဝိစပ်-ဟူသည်ကို ဝိဝိဗျားဗျား အလျား အချပ် ရုက်စပ်၍, တည်တတ်သည်-ဟူသော အနက်ယူသော် ရဖွယ်ထင်၏။ ။ ရှိန်းစပ်,ပူစပ်ဆိုသောအရာကား အစပ်အငန် စသောရသခြောက်ပါးတွင် စပ်သည် ဟူသော ရသနှင့် သတ္တိတစိတ် တူသည်ကိုစွဲ၍, ပူစပ်၊ရှိန်းစပ်၊ ကျိန်းစပ်၊ ပုဉ်စပ်-ဟူသော ဆိုမိန့်ခြင်းဖြစ်သကဲ့သို့ရှိ၏။

စ-အက္ခရာ ဝဆွဲး တ-သတ်ကား....

"ပျံကွန့်စွတ်စွတ်၊ တန်ခိုးလွှတ်သော်၊ အင်္ဒနှင့်ဇယ" ၄
"သင်္ကန်းနီစွတ်၊ ထဲးဒိုးဝတ်လျက်၊ ထတ်ထတ်ပေါ်ရံ" ၅
"လန်းလန်းထတ်ထတ်၊ စွတ်စွတ်စွေးစွေး" ၆

စသည်ဖြင့် စွတ်စွတ်လျင်လျင်ပြုသည်၊ စိုစွတ်သည်-ဆိုသောအရာထင်၏။ ။မိုးစွတ်သည်၊ နှင်းစွတ်သည်၊ ရေစွတ်သည်၊ အဆင်း အသွေး စွေးစွေး စွတ်စွတ်-ရှိသည် ဆိုသော ဝေါဟာရတို့သည် 'အရောင်ချက်ချက် စိုစွတ်သည်' ဆိုသော အရာချည်းဖြစ်သင့်၏။ ထထ်ထုပ်သမားတို့၏ အဆုံးအဆောင်လှည်းစွတ်'ဟူသည်ကား ပညတ်မျှဖြစ်၍, တ-သတ်လို၏။ စပ်အင်ထုံးစံအခိုင်အမာမတွေ့။

ဝဆွဲး ပ-သတ်ကား...."သုအားရိုးစွပ်၊ တိုက်လျှပ်မင်စေ" ၇
"တစိမ့တ်တပ်၊ ဝတ်ထက်စွပ်ထည်း၊ တင့်အပ်မွေ့ဆိမ်"

---

၁ ဘူထင် * ၂၃၅။
၂ ကိုး * ၁၃၀။
၃ မနော် * ၃၄။
၄ ဘူပေါင်း * ၅။
၅ ကိုး * ၂၀။
၆ ဘူထင် * ၃၂။
၇ ဘူပေါင်း * ၁၂။

"ရွှေထိခတ်တပ်၊ ပုံသေအပ်သား၊ စီးစွပ်ခြေနင်း" ၁
"ခေါခေါရုံးထပ်၊ ဦးစွပ်သင်တိုင်း" ၂

စသည်ဖြင့် ရိုးစွပ်သည်, လက်စွပ်, ဦးစွပ်-ဆိုသောအရာထင်၏။ ထို၌ 'တပ်သည်-စွပ်သည်' ဟူသော သဘောရင်းမူလဖြစ်၏။

ဆတ်-ဆပ်-ဆွတ်-ဆွပ်

၃၆၁–ဆဗျည်း သက်သက် ဝဆွဲး တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

ဆ-အက္ခရာ တ-သတ်ကား....

"သားချင်းတောက်ဆတ်၊ မသင့်တတ်သော်၊ ခပ်ပြတ်ချုပ်လွယ်" ၃
"နှလုံးကြွပ်ဆတ်၊ ကြိသင့်ချတ်၏၊ ယုတ်မြတ်တွေးပြား"
"ကြားကဆတ်ဆတ်၊ သောကဝတ်ထည်း၊ ပတ်ပတ်မျှော်ချောက်" ၅
"ဆိုခြင်းကတ်ထတ်၊ နှလုံးဆတ်သည်၊ အမတ်ပွဲးခဲ့"
"ကြိုစိုင်မလွတ်၊ ချေဆတ်သမင်" ၇

စသည်ဖြင့် ဘောက်ဆတ်, ကြွပ်ဆတ်တည်, ဆတ်ဆတ် ဟုတ်မှန်သည်, တိရစ္ဆာန်၏ အမည် ဆတ်-ဟူသောအရာတို့၌ ထင်၏။ ။ဆတ်ဆတ်ချေသည်၊ ချေဆတ်သည်၊ ဆတ်ဆတ်သွားသည်-ဆိုသောအရာတို့၌လည်း ကြွပ်ကြွပ် ဆတ်ဆတ် ဖြစ်ခြင်း အမှုအရာထင်သောကြောင့် 'ကြွပ်သည်' ဆိုသောအနက်ချည်းဖြစ်သင့်၏။ ။မြည်သံဆတ်ဆတ်-ဆိုသောအရာကား ယခင်ကြွပ်ဆတ်သည်-ဟူသောအနက်လည်းဖြစ်သင့်၏။ နားဥ်ထင်သော အသံမျက်စွဲ၍ ဆိုသည်လည်းဖြစ်သင့်၏။ တိရစ္ဆာန်၏ အမည်လည်းနည်းတူ၊ ပညတ်မျှဖြစ်သင့်၏။ ကြွပ်ဆတ်သည်-ဟူသောအနက်လည်းရအောင် ဆင်ခြင်ကောင်း၏။

---

၁ ဘူပေါင်း * ၇၉။
၂ မနော် * ၁၇၊ 'ခေါခေါယုံရွှပ်။'
၃ ဆံ * ၁၀၅၊ 'စုတ်ပြတ်ချုပ်လွယ်။'
၄ ကိုး * ၂၃၀၊ 'ကြိအင်ချတ်၏။'
၅ ဘူထင် * ၃၀၂၊ 'ကြားမြင် ဆတ်ဆတ်၊'
၆ ဘူထင် * ၈၀၊ 'အမတ်ရေးခဲ့။'
၇ ဘူထင် * ၃၀၄။

ဆ-အက္ခရာ ပ-သတ်ကား....

"ခြေပတ်ုံဆဝ်၊ အစဝ်သင့်ထွေ" [၁]
"ပြောင်းဝဲးလူးဆဝ်၊ အထဝ်ထဝ်လျှင်၊ အလဝ်မြေနည်း" [၂]
"ထိုခါထဝ်ထဝ်၊ မဆဝ်နိုင်ဟု" [၃]
"ဤစာကျေးဇူးဆဝ်သတည်း...." [၄] "ဤစာဆုံးမကွဝ် သတည်း" [၅]

စသည်ဖြင့် ခြေပတ်ုံဆဝ်သည်, ကြွေးမြီဆဝ်သည်, ကျေးဇူးဆဝ်သည်, ပြောင်းဝဲး လူး ဆဝ် ဆိုသောအရာထင်၏။

ဝဆွဲး တ-သတ်ကား....

"တွေ့ချင်းဆွတ်ဆွတ်၊ လွန်နှင့်ထတ်၏၊ သုဇဿန"
"ပုဆိုးရေဆွတ်၊ ကြည်ဖွတ်ကြိုးဖြန့်" [၆]
"ကင်းငုံခွေဆွတ်၊ ရက်ယူဝတ်က၊ ဆယ်မြတ်အခေါင်" [၇]

စသည်ဖြင့် ဆွတ်ဖြန်း, ဆွတ်လွတ် ဆိုသောအရာ၊ ရေဆွတ်သည် ဆိုသောအရာ၊ ခွေဆွတ်သည် ဆိုသောအရာထင်၏။ ။ထိုတွင် ရေဆွတ်သည်ဟူသော ဆိုမိန့်ခြင်း ကား စိုစွတ်စေသည်ကို 'ဆွတ်သည်' ဟူသောကာရိုက်အသံဖြစ်သင့်၏။

ဝဆွဲး ပ-သတ်ကား..."ပူသောင်ထိုးဆွဝ် ကျိုးငှက်ခွဝ်၍၊ ဖဝ်ဖဝ်သွေးစို"[၈]-စသည် ဖြင့် ထိုးဆွဝ်သည်, ကိုက်ဆွဝ်သည်ဆိုသောအရာထင်၏။ 'ထိုးဆွသည်, ဆိတ်ဆွသည်,-ဟူသောအနက်နှင့် သဘောတူသင့်၏။

ညတ်-ညဝ်-ညွတ်-ညွတ်-ညွဝ်

၃၆၂-ညဗျည်းသက်သက် ဝဆွဲး ဟဆွဲး တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို မြဖြင်း

ည-အက္ခရာ တ-သတ်ကား...."နာမပညတ်၊ နိပါတ်ဝတ္ထု။ [၉] ။နာမ ပညတ်၊ အထူးမှတ်သား၊ အာဘဿရာ" စသည်ဖြင့် ပညတ်ဆိုသော အရာထင်၏။ ထို၌

---

၁ ဘူထင် * ၁၀၀။
၂ ယောသာ * ၃၇။
၃ ဘူထင် * ၄၀၇။
၄ သံ၊ နိဂုံး * ၃။
၅ သံ၊ နိဂုံး * ၁။
၆ သံ * ၁၅၀၊ 'ကျည်ပြွတ်ကြိုးဖျန်း။'
၇ နောင်၊ မှာခဲ့ရက်လျှင်ချီ(ဒု)။
၈ မနော် * ၆၀၊
၉ သံ * ၁၀၉။

ပညတ္တိသဒ္ဒါကို စွဲးသင့်သောကြောင့် မြန္မာဘာသာ မူလ မဟုတ်သည် ဖြစ်၏။ ။ အသံတညတ်ညတ်-ဟူသည်၌ ပညတ်မျှဖြစ်၍, တ-သတ်လိုအံ့သို့ ရှိ၏။

ည-အက္ခရာ ပ-သတ်ကား....

"ဆင့်ထောင်းတရင်၊ ဘူရိတင်၏၊ ပညင်မျည့်ထွေ" ၁
"များစွာပညင်၊ ဆိုတင့်အင်၍, ရှစ်ရင်တိုင်းခန်း"
"ဇာနည်ပညင်၊ထန့်ဖျင်မထင်" ၂

စသည်ဖြင့် ပညင်-ဆိုသော အရာထင်၏။ ။ထိုဤ 'ပညာပန်၊ ပညာပေဘိ' စသော သဒ္ဒါကို စွဲးသင့်သောကြောင့် မြန္မာဘာသာမူလမဟုတ်သည်ဖြစ်၏။ ဆိုအပ်ပြီးသော အကြောင်းအထင်ဝယ် ညင်သည်-ဆိုသောအရာထည်း ပ-သတ်သင့်သည်ဖြစ်၏။ ဤဤ ပညတ်, ပညပ် ဟူ၍, တ-သတ် ပ-သတ် ရှိသည်ကား စင်အင်္ဂန်စ်ထွေ, ပါဠိန္ဒန်စ်ထွေ ရှိလေသောကြောင့် သင့်သည်ချည်းယူသင့်၏။ ဆရာတို့ထည်း နှစ်ချက်သင့်, သုံးချက်သင့် ရှိသည်ဟူ၍, မိန့်ကုန်၏။

ည-အက္ခရာ ဝဆွဲး တ-သတ်ကား...."မယိုင်မညတ်၊ ခေါင်တမှတ်သို့။ ။ထိုက် ထျောညီညတ်၊ သည်အံ့မှတ်၏။ ။မြင်ကတိမ်းညတ်၊ သည်းဦပြတ်မျှ" စသည်ဖြင့် တိမ်းညတ်သည်, ပျောင်းညတ်သည်-ဆိုသောအရာတို့၌ထင်၏။

[ဝဆွဲး ပ-သတ်ကား မထင်]။

ည-အက္ခရာ ဟဆွဲး ပ-သတ်ကား...."သင်အား ကွင်ပြည်၊အင်မအင်ကို၊တင်တင်ထည်းချ။ ။ရှမ်းပြည်ဝေးရင်၊ ကညင်ပြည်ထောင်"

စသည်ဖြင့် ကွင်ညင်သည်, အရင်မည်ကညင်-ဆိုသော အရာထင်၏။ ။ထိုဤ ကွင်ညင်၏-ဟူသည်ကား ဆိုခဲ့ပြီးသောအတိုင်း 'ကြင်ညင်စေသည်'ကို ညင်သည်-ဟူ၍, ကာရိုက်အသံဖြစ်သင့်သောအရာမျှကိုစွဲး၍, ပန်းဝဲးပန်းထိမ် စသောအမှု၌ အသုံးအဆောင်ညင်၊ ပုဇွန်ညင်သည်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။

အရင်မည် ကညင်-ဟူသည်ထည်း ညင်ဖြင့် ညင်၍, တညင်စီ မီးဝယ် ကင်ဘူးလေသည်ကိုစွဲး၍, 'တညင်'ဆိုရင်းသည်စကားထျော်၍, ကညင်တွင်၏-ဟူသော စကား

---

၁ ဘူထင် * ၂၂၀၊'အကြောင်းတထင်၊ ဘူရိတင်ထျက်၊ ပညင်သောထွေ။'
၂ ရွှေစာ * ၁၂။ ခု မင်းမယ် * ၄၆၊ 'ကြီညင်မြတောင်။'

ဟောင်းကို ထောက်သော် 'ကွပ်ညှပ်သည်' ဟူသော အနက်ပင် ဖြစ်သင့်၏၊ 'ကညပ်' ဟူ၍ ဟမဆွဲးဝဲးရေးဖတ်သင့်သည်ကား အဆိုအမိန့်သာရာရေးဖတ်ကုန်သည်ဖြစ်ရာ၏။

ည-အက္ခရာ ဝဆွဲး ဟဆွဲး တ-သတ်ကား....“ကောင်းအင်ညီညွတ်၊ တိုထက်မြတ်၍၊ ချစ်ညွတ်နွယ်တန်း” [၃] စသည်ဖြင့် ညွတ်ကျော့ကွင်း-ဆိုသော အရာထင်၏။ ယခင် 'ညွတ်သည်'-ဟူသော ဝေါဟာရသည် အလိုအလျောက် ကိုင်းညွတ်ခြင်း ဟူသော ဆုဒ္ဓအသံဖြစ်၍၊ ညွတ်စေသည်-ဟူသော ကာရိုက်အသံ ရောက်ထသော် 'ညွတ်သည်' ဟူသော ဟဆွဲးဝဆွဲး တ-သတ် အသံလည်း ထင်၏။

တတ်-တပ်၊ တွတ်-တွပ်

၃၆၃ -တဗျည်းသက်သက် ဝဆွဲး တ-သတ်,ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

တ-အက္ခရာ တ-သတ်ကား....

“ပညောင်စောင့်တတ်၊ ရက္ခနုတ်ဝယ်၊ အပတ်တကုတ်”
“ပျံသွားမတတ်၊ နွယ်တန်းခတ်သို့၊ ဖတ်ဖတ်မောမျှ” [၂]
“ရည်သွားသိတတ်၊ ကျင့်ရာဝတ်ကို၊ နာဂတ်နောင်ထာ”
“ကမ္ဘာပျက်တတ်၊ ထေပြင်းခတ်၍၊ ဖွတ်ဖွတ်လည်းကျိုး” [၄]
“သက်လွယ်မတတ်၊ ချစ်လှမြတ်၏၊ ချစ်မှတ်သတော” [၄]
“ခါထုပ်ပွေးဖွတ်၊ ပတတ်လိပ်ငါး” [၅]

စသည်ဖြင့် ပြုတတ်-မူတတ်,တိရစ္ဆာန်၏အမည် ပ-တတ်ဆိုသောအရာ ထင်၏။

ထိုထွင် ပြုတတ်,မူတတ်-ဟူသည်၌ အထူးသဖြင့် ဆောင်ရွက်နိုင်သည်ထိ ရည်၍, တတ်ပြားသည်၊ တတ်လိမ္မာသည်၊ အတတ်ပညာရှိ-ဆိုသောအရာကဲ့သို့လည်း ရှိ၏။ ပြုကာမျှ,ဖြစ်ကာမျှကိုပင် ကတ္တားအနက်ဖြစ်ထိုက်သည်ကိုရည်၍, ကရောတိ-ပြုတတ်၏၊ ပစတိ-ချက်တတ်၏-စသည်ဖြင့် ကတ္တားအနက်ထင်အောင် ဆိုသောအရာလည်း ရှိ၏။ ။“သက်လွယ်မတတ်၊ ချစ်လှမြတ်၏။ [၆] ။ဦးချာသည်းပွတ်၊ ထွက်မတတ်လျင်”

---

၁ ကိုး * ၁၉၇။
၂ ကိုး * ၂၄၉။
၃ ဘူထင် * ၂၇၂။
၄ ကိုး * ၅၁။
၅ ဃံ * ၁၆၇။
၆ ကိုး * ၅၁။

စသည်ဖြင့် အသက်ကိုလွယ်ပယ် ချဘနန်း၊ ဦးချသည်းပွတ် ထွက်ဘနန်း-ဟူ၍့ အသက်ဝိညာဉ် ဖိတ်စဉ်ဘနန်းဟူ၍့ စပ်သောအရာကဲ့သို့ ထွက်ဘနန်း- ဆိုအံ့သော အရာကို 'ထွက်မတတ်'စသည်ဖြင့် ဆိုသောအရာလည်း ရှိ၏။

ပြုသတတ်,မူသတတ်-စသည်ဖြင့် ကိရ-သဒ္ဒါ၏အနက်ဖြစ်ထိုက်သော သူဟောင်း တို့၏ ဆိုမိန့်ခြင်းလည်း ရှိ၏။ မေ့တတ်လေသည်၊ နေတတ်လေသည်-စသည်ဖြင့် မေ့ အားမေ့ဖြစ်လေသည်၊ နေအားနေဖြစ်လေသည်၊ နေနိုင် နေစောက်လေသည်-ဟူ၍့ နှလုံးမသာသဖြင့် ဆိုမိန့်သောအရာလည်းရှိ၏။ ထိုကို ပျိုလက်ဂစပ်ဟပ်သည်များစွ။ ကျယ်အံ့ တွေ့လွယ်အံ့ဖြစ်၍့ မညွှန်းပြီ။ ။အနဝဒတ်၊ ယညဒတ်၊ဒေဝဒတ်၊သောမဒတ်၊ ဘူရိဒတ်-စသည်တို့ကားအနဝဒတ္တ၊ယညဒတ္တ၊ဒေဝဒတ္တ၊သောမဒတ္တ၊ဘူရိဒတ္တ-စသော ပါဠိကိုစွဲမှီသည်နှင့်အညီ တတိယကွရာ ဒဋ္ဌေး တ-သတ်ရေးထိုသော မာဂဓဘာသာ မူလဖြစ်၏။

တ-အကွရာ ပ-သတ်ကား....

"ပြည်ကိုမတပ်၊ တောထွက်အပ်ဟု၊ ကြပ်ကြပ်ဆံပ" ၁
"အုံထဲးဝင်တပ်၊ နေရပ်ရုံးစု"
"ချောက်နက်မြောင်ကြပ်၊ တပ်နှင့်တည်းတည်း"
"လွန်းညွှန့်ရစ်ထပ်၊ စစ်တပ်မြေတာ"
"နားဝှောင်းတပ်တပ်၊ ထက်စွပ်ညီးညီး"
"မျက်မှတ်တပ်ဘပ်၊ တွေ့သည်ရပ်ကို၊ ရွှပ်ရွှပ်ညက်ကျေ" ၂
"ဝမ်းမျပြေတပ်၊ ရှိအပ်သလော" ၃
"မှန်ထိပ်ခတ်တပ်၊ ရှင်ဘော်ကွပ်သား၊ တည်ရပ်ဆိုင်ဆိုင်"
"တစိမှတ်တပ်၊ ဝတ်ထက်စွပ်ထည်း၊ တင့်အပ်မွေ့သိမ်"
"ခန်းဝါတပ်တပ်၊ ကျောက်ချောက် ချပ်ထည်း၊ ကထာပ် ထောင် သောင်း" ၄
"စုသည်းတပ်ဘပ်၊ ရွှေပုံစွပ်သို့၊ မမပ်ရွှေနောက်" ၅
"ရွှေတိခပ်တပ်၊ ပုံသေအပ်သား၊ စီးစွပ်ခြေနင်း" ၆

---

၁ ကိုး * ၂၅၂။
၂ ဘူထင် * ၂၀၂။
၃ ဘူပေါင်း * ၃၇၊ 'ဝမ်းမျပြေတပ်'
၄ ထန်ရ * ၄၄။
၅ ဘူထင် * ၃၇၀။
၆ ဘူပေါင်း * ၇၉။

စသည်ဖြင့် သစ်တပ်,မြေတပ်-စသည်ဖြင့် ဆိုသောအရာ၊ တပ်မက်, တပ်စွန်းသည် ဆိုသောအရာ၊ တပ်တပ်သိမြင်သည်-ဆိုသောအရာ၊စွပ်သည်တပ်သည်ဆိုသောအရာ၊ ဆေးဝါးဆိုး၍ 'တပ်သည်'ဆိုသောအရာ ထင်၏။

ထိုတွင် တပ်မက်သည်၊ တပ်စွန်းသည်၊ ဆေးဝါးဆိုး၍ တပ်သည်-ဆိုသောအရာတို့ကား ရန္ဓ-ဓာတ်၏ အနက်ချည်းထင်သောကြောင့် 'ငြိခြင်းအနက်'အား ဖြင့် မကွဲးသည်သာ ယူသင့်၏။ စွပ်သည်တပ်သည် ဆိုသောအရာလည်း ငြိခြင်း အနက်ငင်း ဖြစ်သင့်၏။ တပ်တပ်သိမြင်၏-ဆိုသောအရာလည်း အမှတ်သညာ စွဲးငြိလောက်သည်ကို ဆိုသောအရာငင်း ဖြစ်၍ အနက်တူငင်း ဖြစ်သင့်၏။ ။သစ်တပ်,မြေတပ်-ဆိုသောအရာကား ဝေါဟာရမျှလည်း ယူသင့်၏။ ဒိုခိုလို၍ လုပ်သော သူတို့သည် ငါတို့၏ ခိုဝင်ရာဟူ၍ တပ်မှတ်သောနေရာဖြစ်၏-ဟု အနက်ရကြီလည်း သင့်ဖွယ် ထင်၏။

တ-အက္ခရာ ဝဆွဲး တ-သတ်ကား....

"တတီးတွတ်တွတ်၊ မန္တန်ရွတ်လျက်၊ ဃာလတ်ရကား"
"စကားတွတ်တွတ်၊ ဆိုသတတ်ဟု၊ ဃာလတ်သတူ"
"ဖန်တီဖန်တွတ်၊ ရေရွတ်ကြောက်ဖွယ်" [၁]
"စီးနင်းတွတ်တွတ်၊ ပျောင်းနုတွတ်ကို၊ ပတ်ပတ်လှူချင်း"
"ဗျက်သုံးနီတွတ်၊ သကလတ်နှင့်၊ ရွှေမှတ်အောင်သာ"

စသည်ဖြင့် တွတ်တွတ်ဝီသည်,တွတ်တွတ်နီသည်-ဆိုသောအရာထင်၏။ ။ကြွေကစား သောသူတို့၏ 'တွတ်'ဟူသော အခေါ်အဝေါ်ကား အောက်၌ ဆိုပြီးသည်နှင့်အညီ 'တစ်'ဆိုလိုသော အရာယူလည်း သင့်၏။ အနက်မရ ပညတ်မျှ ယူသဖြင့်လည်း တ-သတ်သင့်သည်ဖြစ်၏။

ဝဆွဲး ပ-သတ်ကား ပါရမီခန်း၌...."ထိပ်ဖျားတွပ်တွပ်၊ မိုး၍တပ်သား၊ စွယ်သပ်ဆိပ်ချိုး"....ဟူ၍ စပ်သောအရာမျှသာ ဖြစ်၏။ ထို၌ ထိပ်ဖျားတွပ်တွပ်-ဟူ၍ ဆိုသောအရာသည် နီသည် တွတ်တွတ်၊ ဝီသည် တွတ်တွတ်-ဟူသောအနက်လျော် အံ့သို့မထင်။ ငါးများသောသူတို့သည် ဖော့ဖြင့်အမှတ်မူ၍ ရေ၌ချလသော် သံများချိတ်၌ တပ်သောအစာကို ငါးဟပ်သော် သံချိတ်နှင့်ကြိုးစပ်သော ဖော့နစ်လေသည်ကို 'တွပ်သည်' ဆိုသောအရာသည် ဟပ်သည်-ဆိုသော အနက်သည်ပင် ဖြစ်သင့်

---

၁ ဘူပေါဒိုး * ၅၀။

သည်ကိုဂင်း, ဆိုအပ်ပြီးသော နိသည်တွတ်တွတ်၊ဝိသည်တွတ်တွတ်-ဟူသောအနက်အားဖြင့် သဘောမသင့်သည်ကိုဂင်း, မိုးရှိ့ဟပ်သား-ဟူသောနောက်စကားဌ ဟပ်သည်-ဟူသော ဆိုမိန့်ခြင်းကိုဂင်း ထောက်သဖြင့် ငါးမျှားသော သူတို့၏ အခေါ် အဝေါ် 'ထွပ်သည်' ဆိုသော ဝေါဟာရပင် ဖြစ်သင့်၏။ ထိုအရာ ပျိုလက်ဘတပါးလည်း အစပ်မထင်၊ အဆိုအဓိန့်မျှလည်းမတွင်၊ မတွင်သော်လည်း သဘောထျော်အံ့ထင်၍ ထုတ်လိုက်သည်။

ထတ်-ထပ်၊ ထွတ်

၃၆၄-ထဗျည်း သက်သက် ဝဆွဲး ပ-သတ်, တ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

[ထ-အက္ခရာ တ-သတ်ကား မထင်]။ ။ပ-သတ်ကား....

"မည်သာတထပ်၊ ခြိုးမွှမ်းအပ်သား၊ အုပ်ကွပ်သင်းသိုး"
"အပြားပြိုးထပ်၊ ပွင့်ချပ်ကြာသွင်" [1]
"ရွှေယပြိုးထပ်၊ စရပ်ရွှေကျောင်း"

စသည်ဖြင့် အဆင့်အထပ်ဆိုသော အရာထင်၏။

ဝဆွဲး တ-သတ်ကား....

"စည်းစိမ်သာထွတ်၊ နန်းပြာသာဒ်၌၊ ထွားမွတ်ရွယ်နှ"
"နေခင်းကောင်းထွတ်၊ ပျော်ရာမှတ်သား၊ ရပ်မြတ်ပင်စည်"
"ခေါင်လွှာထွတ်ထွတ်၊ ပန်းစုံသတ်လျက်၊ * အမွှတ်ဘုမ္မသိဒ်"
"ရဟန်းများထွက်၊ သုံးလူ့နတ်ကား၊ သာဝတ္ထိပြည်"
"ဖြူပြာညိုမှတ်၊ ဝင်းဝင်းထွတ်သည်၊ ကိုယ်ဝတ်ပန်းတိုကြိုင်သတည်း"
"နီစင်ထွတ်ထွတ်၊ ပျောင်းနုထွတ်ကို၊ ပတ်ပတ်လူချင်း"

စသည်ဖြင့် အခေါင်အထွတ်, ထွားထွားထွတ်ထွတ်-ဆိုသောအရာထင်၏။

---

၁ လောသာ * ၃၅၊'အဖျားမြိုးထပ်။

* ခေါင်းစဉ် (၃၇၃) သတ်အခန်းတွင် 'သား' ဟုပါသည်။

[ဝဆွဲး ပ-သတ်ကား မထင်]။ ။ဝေါဟာရ ထင်ရာ ဆိုအံ့ ဟူသည်နှင့် အညီ ဝေါဟာရ မထင်သည်ကိုလွှတ်၍ ထင်ရာဆိုသင့်ဏျက် ဝေါဟာရမထင်ဟု အထပ်ထပ် ဆိုသည်ကား အစဉ်သင့်မဆိုဟု အောက်စကားကို သတိမရသူ မှတ်ဖွယ်ရှိ၍ အထပ်ထပ်မှာလိုက်သည်။ ဆိုထွဋ်သည်တို့၌ ဝေါဟာရ မထင်ဟု အမှာမဆိုပြီ။ အဆင်သင့် မရှိသည်၌ ဝေါဟာရမထင်၏ လွှတ်သည်ဟု နှလုံးသွင်း။

နတ်-နပ်-နွှတ်

၃၆၅-နဗျည်း သက်သက် ဝဆွဲး တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို မြဖြင်း

နှ-အက္ခရာ တ-သတ်ကား....

"ထိုမျှလူနတ်၊ ပရိသာတ်အား၊ ကယ်ချွတ်နိုင်ပြီ"
"ရံကာရေနတ်၊ ပရိသာတ်တို့၊ ရှိညွှတ်သီးသီး"
"ကဏောခံစတ်၊ သနတ်နွဲး"
"တံတိုင်းစနတ်၊ ချိန်ခွင်ခတ်သို့၊ ယုတ်မြတ်ထည်းရွေး" ၂
"မလွဲးမချတ်၊ မှန်စသတ်သား၊ သေနတ်မီးပေါက်"
"ဒုက္ခအနတ်၊ အာရုံညွှတ်သား၊ ဝိပဿနာ"

စသည်ဖြင့် လူနတ်, သစ်ပင်မည်သနတ်, တံတိုင်းစနတ်, မီးပေါက်သေနတ်-ဆိုသော အရာထင်၏။ ။ဒုက္ခအနတ်-ဟူသည်ကား ဒုက္ခ,အနတ္တ ဆိုလိုသောအရာ ပါဠိမှ ဝေါဟာရဖြစ်၏။

နှ-အက္ခရာ ပ-သတ်ကား....

"ခြေနင်းဘိနပ်၊ သားမြီးယပ်ဟု၊ ထက်ကြပ်စဉ်ဏျား"
"ယမားဘိနပ်၊ ရွှေသင်းကျပ်နှင့်၊ စလပ်အတူ"
"များစွာ ထွက်နပ်၊ လပ်သပ်ဖြင့်မျှ"
"ပြစ်မှားကျင့်သွပ်၊ ကျိုးမနပ်တည်း၊ တစ်တပ်အရှင်" ၃
"ကွမ်းသီးနေလှပ်၊ ဆော်ဖန်ကြပ်ဏျက်၊ သနပ်ချဉ်စိုက်" ၄

---

၁ ဘုံ * ၁၈။ ၃ ဘူပေါင်း * ၁၀၂။
၂ ဘူထင် * ၃၀၂။ ၄ ကိုး * ၁၄၇။

စသည်ဖြင့် ခြေနင်းဘိနပ်, ထွက်နပ်သည်, အကျိုးနပ်သည်, နူးနပ်သည်, ချဉ်သနပ်-ဆိုသောအရာထင်၏။ ။ထိုဌ် နူးနပ်သည်-ဟူသောအနက်ကိုစွဲး၍ ထမင်းနပ်သည်၊ အကျိုးနပ်သည်-ဟူသော ဆိုမိန့်ခြင်းဖြစ်သည် ယူသင့်၏။ ။သနပ်-ဟူသည်ဌလည်း ချဉ်ငွေ့ကြောင့် အသားနူးနပ်သည်ဆိုသောအရာယူမှ နူးနပ်ခြင်းအနက်ငင်းတည်း။ ။ဘိနပ်-ဟူသည်ဃလည်း ခြေနင်းဖြင့်ဃလည်းကောင်း, အုတ်ကျောက်စသောလေးလံသော ဝတ္ထုဖြင့်ဃလည်းကောင်း ဖိတင်း၍ ညှံပျောင်း နူးနပ်သည်ဟူသော အနက်ယူဃျင် ရကောင်းအံ့သို့ရှိ၏။ ခေါ်ဝေါ်ကာမျှယူဃလည်း သင့်၏။

နှ-အက္ခရာဝဆွဲး တ-သတ်ကား-"သိဂိစံလွတ်၊ စမန္တတ်နှင့်၊ကရတ်ခါသာ"ဟူ၍, ဃဆန်ပြန်ဟောင်းတွင် 'စမန္တတ်'ဆိုသောအရာမျှသာ ထင်၏။ ထိုအမည်ကား တပါး သော အရာ၌ မထင်။ ကုလားတို့၏ အခေါ်အဝေါ်ဖြစ်သင့်၏။

ပတ်—ပန်—ပျန်—ပြတ်၊ ပွတ်—ပွန်၊ မြွတ်—မြွန်

၃၆၆-ပဗျည်း သက်သက် ယပင့် အရစ် ဝဆွဲး တ-သတ်,ပသတ်တို့၌ ဝေါဟာရကို ပြခြင်း

ပ-အက္ခရာ တ-သတ်ကား....."ခြိုးရန်မလွတ်၊ ကမ္ပတ်ထက်ရုံး" ၁

"ကျောင်းစဉ်ရံပတ်၊ ရွှေထွဋ်ရွှေတိုင်"
"ကြဝ်ကြဝ်ရစ်ပတ်၊ မလွတ်သာအောင်"
"ခွားနွှဲထောပတ်၊ ခွန်းချတ်ဆီကြည်" ၂
"ရစ်ခွေကရွတ်၊ ခုနစ်ပတ်ထျင်၊ ထူနတ်ကြေးမုံ" ၃

စသည်ဖြင့် ကမ္ပတ်,ရံပတ်သည်,ထောပတ်-ဆိုသောအရာထင်၏။

ပ-သတ်ကား....."နောက်ဖေးဘိနပ်၊ မြီးပတ်အထူး"ဟူ၍, ဆင်ဘွဲ့တွင် 'မြီးပတ်'ဆိုသောအရာမျှသာထင်၏။ ။ထိုတွင် ပ-အက္ခရာ တ-သတ်၌ ရစ်ပတ်သည်- ဟူသော အနက်ကိုစွဲး၍ ရံပတ်သည်၊ ခွေပတ်သည်၊ ရှက်ပတ်သည်-ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ တဏ်ပတ်၊ လည်ပတ်သည်၊ လှည့်ပတ်သည်၊ ဌက်ပျောပတ်၊ ကမ္ပတ်၊နဂါးပတ်-ဟူသည်တို့လည်း 'ရံပတ်သည်၊ ရစ်ပတ်သည်' ဟူသောအနက် ရသင့်သည်

---

၁ ပြည်စုန် * ၂၅။ ၂ ကိုး * ၁၇၀။ ၃ ထန်ရ * ၂၃။

ချည်း ဖြစ်သင့်၏။ ။ထောပတ်ဟူသည့်, စဉ်ပတ်-ဟူသည်တို့ကား ရစ်ပတ်ခြင်းအနက် နှိုးချဉ်းအောင် ယူထည်းရကောင်း၏။ ထင်းသို့ စသည်ဖြင့် ပ-အက္ခရာ သက်သက်၌ တ-သတ်သာ ထင်သည်။ ဆင်ဘွဲ့၌သာ 'မြီးပဝ်' ဟူ၍ ပ-သတ်စပ်သည်ကား ဌက်ပျော ပတ်-စသည်တို့ကဲ့သို့ ရစ်ရံ၍ ပတ်သည်-ဟူသော အနက်ရသင့်ထည်း တ-သတ်ဖြစ် ကောင်း၏၊ အနက်မရ ပညတ်မျှဟူထည်း တ-သတ်ရှိကောင်း၏။ ထိုထို့ကျက် မြီးပဝ် ဟူ၍ ပ-သတ်စပ်သည်ကို စာရေးဆရာကိုဂင်း, သဘောကွဲးရှိမည်- မရှိမည်ကိုဂင်း ဆင်ခြင်သင့်၏။

ပ-အက္ခရာ ယပင့် ပ-သတ်ကား....

"နိမ့်ချင်းကွင်ကွင်၊ ပျဉ်ထည်းပျဉ်လွန်း" ၁
"စောင်စောင်ပျဉ်ပျဉ်၊ ကွင်ညွှင်ဆုံးမ" ၂

စသည်ဖြင့် စောင်စောင်ပျဉ်ပျဉ်၊နိမ့်သည်၊ပျဉ်သည်-ဆိုသောအရာထင်သည်။တုံပျဉ် သည်၊ ညွှတ်ပျဉ်သည်၊ ပျဉ်ဝဉ်သည်၊ ပျဉ်စဉ်-ဆိုသော အရာထည်း သဘောမကွဲး။ 'နိမ့်ညွှတ်ပျဉ်သည်' ဟူသောအနက်ချည်း ဖြစ်သင့်၏။

ရစ်၍ တ-သတ်ကား....

"ထံပါးမပြတ်၊ လုဉ်ကျေးတတ်သား၊ ဥပဒ္ဒက"
"ထဝမပြတ်၊ ဖြစ်စေတတ်သား၊ မချတ်မယွင်း"
"ချစ်ခြင်းမပြတ်၊ မေတ္တာညွှတ်၍၊ လက်လွှတ်သီးခြား"
"ညသည်းမပြတ်၊ ဝတ်လည်းကုံစွာ"
"ခန္ဓာလျောပြတ်၊ ကာမဓာတ်သို့၊ ဥပဝါတ်ထင်ပြ"
"လွန်းကြင်သက်ပြတ်၊ ဘုရိဒတ်ကို၊ လွှမ်းဆွတ်ယူတ" ၃
"ပြတ်မူးအကြင်....လွှတ်ဦးသဘင်....ညွှတ်နူးမရွှင်" ၄

စသည်ဖြင့် 'စွဲးပြတ်သည်' ဆိုသောအရာထင်၏။

ဝဆွဲး တ-သတ်ကား....

"ဦးချာသည်းပွတ်၊ သားမင်းလတ်ကို၊ မပြတ်ရှေခါ"
"ဆုမှုန်သည်းပွတ်၊ ထွက်မတတ်လျှင်၊ ဖတ်ဖတ်သေဇယ်"

---

၁ ကိုး * ၁၃၄။ ၂ ကိုး * ၄၅။ ၁ နောင်။

"ပုဆိုးရေဆွတ်၊ ကျည်ပွတ်ကြေးဖြန့်" ၁
"ခြေထုတင်ခတ်၊ နယ်ပွတ်ဆီသွင်" ၂
"မြို့ရင်တူးဖြတ်၊ စက်မီးပွတ်သို့၊ တောင်ပတ်လေကား"
"တုတ်ခွန်ကိုင်ပွတ်၊ ပြည်သီးဆွတ်ထေ၌၊ တိမ်းမှတ်မင်းစား"
"ခရီးမလွတ်၊ ခြံပွတ်အကြား" ၃

စသည်ဖြင့် အခိုင်အပွတ်,နှလုံးသည်းပွတ်,ခြံပွတ်,နယ်ပွတ်သည်,သူငယ်တို့ ရေကစား သည်ပွတ်-ဟူသော အမည်တို့၌ ထင်၏။ ။ပူးပွတ်သည်-ဆိုသောအရာလည်း အခိုင်အပွတ်, နှလုံးသည်းပွတ်-ဟူသည်နှင့်သဘောတူ၏။ ။ဌက်၏အမည် ပွတ်-ဟူသော အရာ၊ ကျည်ပွတ်ဆိုသောအရာကား ပညတ်မျှဖြစ်သင့်၏။ ။နယ်ဖွတ်-သည်ဆိုသော အရာကား ပွန်းတည်းစေသည်-ဟူသော ကာရိုက်အနက်ကဲ့သို့ရှိ၏။

ဝဆွဲး ပ-သတ်ကား....."လွှမ်းရိလွှမ်းပွပ်၊ကျိန်းစပ်မျက်ရေ"

"အဟောင်းရိပွပ်၊ အမိုးရဝ်နှင့်၊ ကြမ်းကွပ်သက်သက်" ၄

စသည်ဖြင့် ဟောင်းနွမ်းရိပွပ်သည်-ဆိုသောအရာ ထင်၏။

အရစ်ဝဆွဲး တ-သတ်ကား ..."ကြိုးရှည်တုလွတ်၊ နဂါးပတ်နှင့်၊ ပြွတ်ပြွတ်ထွက်ကြည်"စသည်ဖြင့် ပြွတ်ပြွတ်ထွက်သည်-ဆိုသောအရာထင်၏။ဤ၌ ပြွန်၍ထွက်သည်၊ လွတ်လွတ်ထွက်သည်-ဆိုသောအရာနှင့် ပြွတ်ပြွတ်ထွက်သည် ဆိုသောအရာ သဘော နီးစပ်ကြ၏။

ပ-သတ်၌ကား....

"ရေကြည်ထျော်ပြွပ်၊ နှလုံးပွပ်ထျက်၊ လှပ်လှပ်စင်ဖြူ" ၅
"ဆေးဝါးဆိုးတပ်၊ စိန်နှင့်ပြွပ်၍၊ သစ်ရပ်ထျောက်ထုပ်" ၆

စသည်ဖြင့် ထျော်ပြွပ်သည်-ဆိုသောအရာထင်၏။ဤ၌ ထျော်ပြွပ်သည်ဆိုသောအရာကား ရေနှင့်ဝင်း, အနီအဝါစသော ဆိုးအပ်သောအရည်နှင့်ဝင်း ရောနှောစေသည်, ပြွပ်စေသည်ကို ဆိုလိုသောအရာ ယူသင့်၏။ ။ဤပ-အက္ခရာ၌ သက်သက်တွင်ဝင်း, အရစ်ထွင်ဝင်း တ-သတ်သာထင်သည်။ ။ယပင့်၌ကား ပ-သတ်သာထင်သည်။ ။

---

၁ သံ * ၁၅၀၊ 'ကြည်ပြွတ်ကြိုဖျန်း။'
၂ သံ * ၁၆၁။
၃ ဘူလင် * ၁၅၉။
၄ ဆ * ၉၅။
၅ ဘူဝေါင်း * ၄၀။
၆ ရှင်မဟာရဋ္ဌသာရဆို-ကြိုထွက်ဆ၍ ချီရတု၊ပ။လက်ဝဲနော်ရထာရတု ၁၀။

ဝဆွဲး၌ဂင်း, အရစ်ဝဆွဲး၌ဂင်း တ-သတ်, ပ-သတ် နှစ်ပါးထင်သည်။ ညွှန်းခဲ့သည်မှ တပါး ရကောင်းသည့် စပ်အင်တိုကိုဆင်ခြင်။(ပွတ်-ကို ဖတ်-မှာလည်းကြည့်ပါဦး)

ဖတ်-ဖဝ်-ဖျဝ်-ဖြတ်-ဖွတ်-ဖွဝ်

၃၆၇-ဖဗျည်း သက်သက် အရစ် ယပင့် ဝဆွဲး တ-သတ်,ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

ဖ-အက္ခရာ တ-သတ်ကား....

"လောင်ပူဖတ်ဖတ်၊ ဥပဝတ်ကို၊ ဖြန်းဆွတ်သည်းစွာ" ၁
"ဆူမှုန်သည်းပွတ်၊ ထွက်မတတ်လျှင်၊ ဖတ်ဖတ်သေထေ"
"ပျံသွားမတတ်၊ နွယ်တန်းခတ်သို့၊ ဖတ်ဖတ်မောမျှ" ၂
"အာကစဉ်လွတ်၊ ထမင်းဖတ်ကို၊ စားလတ်မည်လော့" ၃
"လောင်လင်ရေရွှတ်၊ ရင်ဖတ်သတ်ကာ"
"ပါယာသဖတ်၊ ဆွမ်းမြတ်ထည်းရ" ၄
"ချစ်ပဆွမ်းမြတ်၊ နီစွဖတ်ကို၊ ရှင်မြတ်ယူခံ"
"ဆင်မြင်းအတတ်၊ ဆိုဖတ်လက္ခဏာ"
"ကြွင်းကျန်မလွတ်၊ သွတ်ပြို့ဟတ်တိ၊ ရွှတ်ဖတ်ဟောရိုး"

စသည်ဖြင့် မောမောဖတ်ဖတ်, အရည်အဖတ်, ရွှတ်ဖတ်သည့်, ရင်ဖတ်-ဆိုသော အရာ ထင်၏။

ပါယာသဖတ်, နီစွဖတ်-ဆိုသောအရာကား-ပါယာသဆွတ္ထ-နီဆွမ်း၊ နီစွဆွတ္ထ-အမြိုးဝတ်တည်သောဆွမ်းဟူ၍ အနက်ထွက်ကောင်းသော ပါယာသဆွတ္ထ,နီစွဆွတ္ထ-သဒ္ဒါတို့ကို စွဲးမှီသောအရာဖြစ်သောကြောင့် မာဂဓဘာသာ မူထဖြစ်၏။ ပါဠိနှင့် အညီ ဘ-ကုန်းရေးသင့်သည်လည်းရှိ၏။ ရင်ဘတ်၊ ထမင်းဆတ်၊ ရွှတ်ဘတ်သည်-ဟူ၍, ဘကုန်းရေးသည်ကား ဖတ်သံကိုလိုက်သည့်သာ ဖြစ်ရာ၏။ မှန်စီဆရာတော်ကား....ဘာသ-သဒ္ဒါကိုစွဲး၍, 'ရွှတ်ဘာသ်သည်'ဟူ၍, ဘကုန်းချထွက် သ-သတ်

---

၁ ပုံထောင် * ၄၅၊'လောင်ပူဖတ်ဖတ်၊ ဤဥပဒ်မှ၊ ဖျန်းဆွတ်သည်းစွာ။'
၂ ကိုး * ၂၅၁။
၃ ကိုး * ၂၉၁၊'ပါယာသဘတ်။'
၂ ကိုး * ၂၄၉။

ခြင်းကို မိန့်တော်မူကုန်၏။ ။ဝါးကွမ်းတတ်သည်-ဟု တ-သတ် အသံ ဆိုမိန့်ကုန်သည်ကား ဖစ်နယ်သည်-ဟူသောအနက်အားဖြင့် စ-သတ်သံကို လိုရင်းကဲ့သို့ရှိ၏။

ဖ-အက္ခရာ ပ-သတ်ကား....

"သွေးတိဖပ်ဖပ်၊ ပျဉ်စပ်မြေတွင်" ၁
"ဆင်ပြောင်မုန်ဖပ်၊ မင်းစီးအပ်၍၊ နောက်ထပ်အများ" ၂
"ရှမ်းရှမ်းဖပ်ဖပ်၊ စီးထပ်မျက်ရည်" ၃
"ပူလောင်ထိုးဆွပ်၊ ကျိုးငှက်ခွပ်၍၊ ဖပ်ဖပ်သွေးစို" ၄

စသည်ဖြင့် ရှမ်းရှမ်းဖပ်ဖပ်, စိုဖပ်သည်-ဆိုသောအရာထင်၏။

ဖ-အက္ခရာရစ်၍ ဘ-သတ်ကား....

"ဤသို့ဆုံးဖြတ်၊ ကြီပြီးသတ်မှ၊ ဖြူထွတ်သဘော" ၅
"မြို့ရင်ထူးဖြတ်၊ စက်မီးပွင့်သို့"

စသည်ဖြင့် ဖြတ်စေသည်ကို ဖြတ်သည်-ဟူသောကာရိုက်အသံထင်၏။ ။ဆုံးဖြတ်၏-ဟူသောအရာလည်း အထျော်အသင့်ကို ဆုံးဆ * ထောက်မြော်၍ ဖြတ်သည်ဆိုလိုသောအရာပင် ဖြစ်သင့်သောကြောင့် ယခင်ဖြတ်စေသည်-ဟူသော ကာရိုက်အနက်ထင်း ဖြစ်၏။ အသံတဖြတ်ဖြတ်-ဟူသည်ကိုကား အောက်၌ X ဆိုခဲ့ပြီ။

ယပင့် ပ-သတ်ကား....

"ဇာနည်ပညပ်၊ ဃန်ဖျပ်မထင်" ၆
"ထံပါးမကပ်၊ ထိတ်ထန့်ဖျပ်၏၊ တပ်တပ်ပြင်ထျာ" ၇
"အသာကြပ်ကြပ်၊ နားပါးအပ်၍၊ ဃန်ဖျပ်နိုးနိုး"
"ဃက်ချရှစ်ရပ်၊ ဃန်ဖျပ်ကြောက်ညဉ်"

စသည်ဖြင့် ဃန်ဖျပ်ကြောက်ရွံ့သည်-ဆိုသောအရာထင်၏။ ။ဤ၌ ရစ်၍အချို့ရေးကုန်၏။

---

၁ ဘူပေါင်း * ၃၉။
၂ ထောသာ * ၃၅။
၃ မနော် * ၁၁၇။
၄ မနော် * ၆၀။
၅ ကိုး * ၂၀၇။
* ခေါင်းစဉ် (၄၃၅) ဆုန်းအခန်း၌ နသတ်နှင့်ရှိသည်။
X ခေါင်းစဉ်(၃၅၇)ကျတ်အခန်း။
၆ ရွှေစာ * ၁၂။
၇ ဘူထင် * ၂၉၄။

ဝဆွဲး တ-သတ်ကား…. "ခါဘုတ်ပွေးဖွတ်၊ ပတတ်လိမ်ငါး" ၁

"ကမ္ဘာပျက်တတ်၊ ထေပြင်းခတ်၍၊ ဖွတ်ဖွတ်ထည်းကျိုး" ၂

စသည်ဖြင့် ဖွတ်-ဟူသော တိရစ္ဆာန်၏အမည်၊ ဖွတ်ဖွတ်ကျိုးပဲ့သည်-ဆိုသော အရာထင်၏။

ပ-သတ်ကား…. "စုပ်ရှရှပ်ရှပ်၊ ကျေအောင်ဖွပ်သို့၊ ကြပ်ကြပ်အမြိုး"

"ရေကြည်ထျော်ပြွမ်၊ နှလုံးဖွပ်ထျက်" ၃

"အထျားပျပ်စပ်၊ ပုဆိုးဖွပ်သို့၊ ရွှပ်ရွှပ်ညက်ကျေ" ၄

စသည်ဖြင့် နယ်ဖွပ်သည်ဆိုသော အရာထင်၏။ ။ဤ၌ ဖွပ်၏-ဟူသည်ကား၊ ရိပ္ပဝ်စေလိုသော နှလုံးမရှိသော်ထည်း၊ ရိပ္ပဝ်စေသောအနက် ကာရိတ်အဆိုက်ဖဲ့သို့ရှိ၏။ "ဖွေးဖွေးဖြူထွတ်၊ ဆယ်ထပ်ဖွတ်မှ၊ လတ်လတ် ရောင်ချော" ဟူ၍ ဆေန်ပြန်ထွင် 'ဆန်ဖွတ်' ဟူ၍ တ-သတ်စပ်သည် ထင်ဖွယ်ရှိ၏။ ထိုဌ နပ်ဖဲ့ဖဲ့မပါရ ထက်ရွေးဆန်ကို မြွေနအနည်အကြေလွတ်ကင်းစေခြင်းငှာ ဖြူစင်သန့်ရှင်းသော အဝတ်အထည်ဖြင့် အဖန်ဖန်ပွတ်သတ်သည်-ဟူသော အနက်ကို ယူ၍ ပ-အက္ခရာ ရေးထိုအံ့သို့ရှိ၏။ သဘောအားဖြင့် ဆယ်ထပ်ဆယ်ရာ ပွတ်သတ်ကာဖြင့်ပင် ဆန်ကျိုးပျက်ဖွယ်ရှိသည်ကို ဆုံကျော့ဖွေဖြင့် ဆယ်ထပ် ဆယ်ရာ ဖွတ်တပြိုးကား ကျိုးပဲ့၍ အနုပ်အဖဲ့ဖြစ်ဖွယ်ထင်၍ 'ပွတ်နယ်သည်' ဟူသော အနက်သာ သင့်မြတ်သည်ကိုဂင်း, "ဖွေးဖွေးဖြူထွတ်၊ထတ်လတ်ရောင်ချော"ဟူ၍ ရှေ့နောက် တ-သတ်စပ်သည်ကိုဂင်း ထောက်သော် 'ပွတ်၏' ဟု ပ-အက္ခရာ ရှိသည်သာ သင့်မြတ်အံ့သည်။

မတ်-မဒ်-မပ်, မြတ်-မြွပ်, မွတ်-မ္ဘတ်-မ္ဘတ်

၃၆၈-မဗျည်း သက်သက် အရစ် ဝဆွဲး ဟဆွဲး တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

မ-အက္ခရာ တ-သတ်ကား….

"ညီမနှင့်မတ်၊ ထောကနတ်ကို၊ ရှိညွတ်အစုံ" ၁

"မင်းထက်အမတ်၊ အရှိမြတ်မူ၊ ရေရွတ်ဝိုလိလူ"

---

၁ သံ * ၁၆၇။
၂ ဘူထင် * ၂၇၂။
၃ ဘူပေါင်း * ၄၀။
၄ ဘူထင် * ၂၃၅။
၅ ပြည်စုန် * ၆၅။

"မင်းမူးမင်းမတ်၊ ဝန်းပတ်ပြောထူ" ၁
"နိုင်တမ်းမချတ်၊ တရားဖြတ်သည်၊ မတ်မတ်နလုံး တော်သတည်း" ၂
"ရွှေးပဲးမူးမတ်၊ ခွဲးကျတ်ဝိသံဒ" ၃
"ငွေစင်တမတ်၊ ဖြတ်၍ ရောင်းလည်း"
"တံခွန်ရိမတ်၊ မထည်ထွတ်ဝယ်၊ ရေနတ်နဂါး"

စသည်ဖြင့် မတ်ဟူသော နွယ်စပ်ခြင်း, အမူးအမတ်, ဖြောင့်မတ်သည့်, ရွှေးပဲးမူးမတ်, အရိမတ်-ဆိုသောအရာ ထင်၏။

ထိုဌ်အမူးအမတ်-ဟူသည်ကို အရှင်မင်းနှင့် အညီ ပြည်ထဲးဝန်ကို ဆောင်ရွက်သဖြင့် ဖြောင့်မတ်စေသည်ဟူ၍, အနက်ရကြောင်းဖြင့် ဖြောင့်မတ်သည် ဟူသောအနက်ငင်း ဖြစ်၏။ ။ရွှေးပဲးမူးမတ် ဟူသည်ကား ပညတ်ကာမျှကဲ့သို့ရှိ၏။ ။အရိမတ်-ဟူသည်ကား အရိမဒ္ဒန-ရန်ကိုနှိပ်ရာ ဟူ၍, အနက် ထွက်ကောင်းသော အရိမဒ္ဒန သဒ္ဒါကို စွဲးသည်ဖြစ်၍, ဒဒွေးသတ်ထိုရင်းကို စပ်အင်ကို ထောက်၍, တ-ဝမ်းပူသတ်သည်ဟု ယူသင့်၏။

ပ-သတ်ကား ... "မမောမမပ်၊ မထပ်ညွတ်ညွတ်" ၄
"ရှေ့တွင်ကြပ်ကြပ်၊ မတိမ်းမပ်တည့်၊ နောက်ချပ်စိုက်ထည်"
"စုလည်းတပ်တပ်၊ ရွှေပုံစွပ်သို့၊ မမပ်ရွှေနောက်" ၅
"ချစ်ပြွေညွတ်တိမ်း မပ်သတည်း ... အမြဲးကိုယ်ကို ကွပ်သတည်း ... ကျေးဇူးမစေ့စပ်သတည်း"

စသည်ဖြင့် တိမ်းမပ်သည်ဆိုသော အရာထင်၏။ ဤဌ် မပ်၏-ဟူသည်ကား ညွတ်ယိုင်သည်ဆိုထိုသော အရာဖြစ်၏၊ 'ဖြောင့်မတ်' သည်ဟူ၍, တ-သတ် ဆိုမိန့်ခြင်းကား 'တည်သည်' ဟူသောအနက်။ 'တိမ်းမပ်'သည်ဟူ၍, ပ-သတ် ဆိုမိန့်ခြင်းကား 'ယိမ်းယိုင်သည်'ဟူသောအနက် ဤကဲ့သို့ ကွဲးသင့်၏။

မ-အက္ခရာရစ်၍, တ-သတ်ကား ....
"လူကိုယုတ်မြတ်၊ မသိတတ်သည်၊ စောင့်မှတ်ရကွ" ၆
"မွေးဖမင်းမြတ်၊ မေးတုံးထတ်၏၊ ထွားမွတ်ရောင်ဆင်း"

---

၁ ကိုး * ၂၉၇၊ 'ဝန်းပတ်ကိုယ်ထဲ၊ ခြံရံသင်းဝင်း။'
၂ ကိုး * ၁၆၆။
၃ ပုဏ္ဏော * ၂၄။
၄ ရွှေစာ * ၂၂၊ 'ပေါင်းတတ်ကျော်သား၊ မမှော်စမှတ်၊ ပေးထတ် ညွတ်ညွတ်။'
၅ ဘူထင် * ၃၀၇။
၆ ကိုး * ၉။

"သိကြားနှစ်မြတ်၊ သုံးကျိတ်ထွင့်ဣဒ်၊ သခွတ်ပွင့်ချိန်" ၁
"ညီစောဟိုထွတ်၊ ကြားရလတံသော်၊ ဆယ်မြတ်သက်ရွယ်" ၂
စသည်ဖြင့် ကောင်းမြတ်သည်, မြတ်စွန်းသည်-ဆိုသောအရာ ထင်၏။

ထိုဌ ကောင်းမြတ်၏-ဟူသည်ကား ဥတ္တရ၊ ပဝရ၊ မဓုရ၊ ဥဠာရ-စသော သဒ္ဒါတို့၏အနက် 'ကောင်းမွန်မြတ်ထွင့်သည်' ဟူသောအနက်တည်း။ ။မြတ်စွန်း၏-ဟူသည်ကား 'ထပ်ပွား ဆင့်ကဲးသည့်' ဟူသော အနက်တည်း။ ထိုနှင့် ထျော်စွာ 'သိကြားနှစ်မြတ်၊ သုံးကျိပ်ထွင့်" ဟူသည်ဌသည်း သုံးကျိပ်ထက် နှစ်ထောက် သောသူ၊ကောင်းမြတ်သည်-ဟူသော အနက်ကိုမယူမူ၍. 'သုံးကျိပ်မကနှစ်ထောက် စွန်း'ဟူ၍. ထပ်ပွားခြင်းအနက်သာ ထင်သည်ဖြစ်၏။ 'ဆယ်မြတ်သက်ရွယ်'ဟူသည်ဌသည်း နည်းတူ တဆယ်ကို ထည်းကောင်း, တဆယ်မှအလွန်ကို ထည်းကောင်း, ကောင်းမြတ်သည် ဟူသောအနက် မယူမူ၍. တဆယ်မက စွန်းထွက်သည်-ဟူ၍. ထပ်ပွားခြင်းအနက်ထည်းကောင်းဖြစ်၏။ အရည်ကောင်း အဖိုးထိုက်သော ဥစ္စာကို ရင်း၍. ဖြစ်ပွားသည် ဥစ္စာများစွာ၏-ဟူသော်ထည်း၊ အရည်ညံ့ အဖိုးတန် ဖြစ်၍. အရင်းကိုမျှ မထူးထျက် မည်မျှမည်မျှ မြတ်၏-ဟူသော ဆိုမိန့်ခြင်းတို့ သည်ထည်း ထပ်ပွားသည်၊ စွန်းသည်၊ ထွက်သည်-ဟူသော အနက် ထည်းကောင်းတည်း။ ။ အသားမြတ်-ဟူသောဆိုမိန့်ခြင်းဌသည်း ပကတိသောကိုယ်အသားမှ စွန်းထွက်သည် ဟူသော အနက်သာထင်၏။ ယင်းဆို့ထျင် မြတ်သည်ဟူသောစကား၏အရ စွန်းထွက်ခြင်း, ကောင်းမွန်သည်-ဟူသောအနက် ကွဲးသင့်သည်ကို သတိရှိစေခြင်းငှာ ထုတ်လိုက်သည်။

မ-အက္ခရာရစ်၍. ဟဆွဲး ပ-သတ်ကား ..."ဂိဝါသင်းကျပ်ရိုးမြွပ်နဖူး"စသည်ဖြင့် မြွပ်ရိုး-ဆိုသည်မျှသာ ထင်၏။ ထိုဌ ညွှပ်ရိုး-ဟူ၍.ထည်းဆိုမိန့်ကုန်၏။ လက်ျာလက်ဝဲ အစုံ ညွှပ်ထျက်တည်သည်-ဟူသော အနက်ကိုစွဲးမူ ဆိုသင့်၏သို့ရှိ၏။

မ-အက္ခရာ ဝဆွဲး တ-သတ်ကား....

"ရှားရှားမွတ်မွတ်၊ ကျိန်းအောင်းထတ်သော်၊ ရေနတ်သွဲး"
"ထူသားချင်မွတ်၊ ဘီလူးငတ်သို့၊ ရွတ်ရွတ်ငင်ထျင်း"
စသည်ဖြင့် မွတ်သိပ်သည်-ဆိုသော အရာထင်၏။ ထိုဌ 'မွတ်သည်'ကား ခဲးဖွယ်၊ 'သိပ်သည်'ကား သောက်ဖွယ် ဟူ၍.ထည်း ခွဲးကုန်၏။

---

၁ မင်းဇေယရန္တမိတ်ဆို-မြတ်နန်းရဇဝ ချီရတု၊ဒု။ ရွှေးကဗျာ ၄၀။
၂ ကိုး * ၁၀၉။
၃ မင်းဇေယရန္တမိတ်ဆို မြနန်း ရဇဝ ချီရတု၊ဒု။မင်းရှင် ၇။
၄ ကိုး * ၁၂၂၊ 'သူသားချင်မွတ်။'

မ-အက္ခရာ ဟဆွဲး တ-သတ်ကား ...

"မင်းဆုံးထိမ်းမှတ်၊ တံဆိပ်ခတ်သား၊ ပွင့်လတ်ရွှေတောင်"
"ပြောပထိမ်းထိမ်းမှတ်မှတ်တည်း-မောမျှတိမ်းတိမ်းညွတ်ညွတ်တည်း"
"ဤသို့ကျင့်မှတ်၊ ဆရာဝတ်နှင့်၊ ညီညွတ်ထက္ခဏာ"
"ဘယက်လည်ဝတ်၊ ဖမင်းမှတ်သား။ ။နဂါးမမှတ်၊ သိကြားနတ်ဟု"

စသည်ဖြင့် ထိမ်းမှတ်သည်, ကျင့်မှတ်သည်, အမှတ်သညာ-ဆိုသောအရာထင်၏။

ထို၌ ဝဆွဲးကား.... "အောင်ချာတမှတ်၊ နဂိုရ်ထွင့်မှ၊ တောင်မြတ်အတာ"

"မယိုင်မညွတ်၊ ခေါင်တမှတ်သို့၊ လတ်လတ်ဘုန်းရင့်"
"ရွှေတောင်တမှတ်၊ လူများထွင့်အား၊ အမှတ်တရ"
"ကဝိလဝတ်၊ တမှတ်စံတည်"
"ဖြူပြာထွားမှတ် ထွားမှတ်တည်း-ရေချမ်း ဖျန်းဆွတ်ဖျန်းဆွတ်တည်း"
"ကြာနှယ်ခွေညွတ် ခွေညွတ်တည်း"
"မန္တမ်းရွှေဝတ်၊ လိမ်းချေမှတ်နှင့်၊ ဆွတ်လွတ်ဖွယ်ခင်"
"ပေါင်မြောင်ရှိ့ကတ်၊ ရောက်ထာထတ်သော်၊ ချောမှတ်စင်ထွ" ၂

စသည်ဖြင့် တမှတ်, ထွားမှတ်သည်ဆိုသောအရာ ထင်၏။ ။**ထွားမှတ်သည်** ဟူ၍ ဟမဆွဲးပဲး 'ဆာမှတ်'သည်ဆိုသောအရာကဲ့သို့ အချို့ရေးမှတ်ကုန်၏။ ။**မင်းလျာ**ဟူသည် တို့ကိုထည်း အချို့ဟမဆွဲးကုန်ပြီ။ပြည့်ဖြိုး နှက်ကျ, အနှက် ပြည့်ဖြိုး, ကျိနှက် ဖောင်းကန်-စသည်ဖြင့် စပ်ဟပ်ဆိုမိန့်သည်၌ထည်း နှ-အက္ခရာ, က-သတ်ကာမှ ဟမဆွဲးကုန်ပြီ။ ဤသို့သောအရာ၌ ဆိုသာမိန့်သာကိုစွဲး၍ ဟဆွဲးပျောက်၏သို့ ထင်၏။ ဆင်ခြင်။

ယတ်-ယပ်၊ ယွတ်

၃၆၉-ယဗျည်းသက်သတ် ဝဆွဲး တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

ယ-အက္ခရာ တ-သတ်ကား....

"လက်စောင်ဆင်တတ်၊ သိကြားမတ်ကို၊ ပတ်ယတ်ညီလျော်က်" ၃
"ကရိက်းပယတ်၊ ဌာန်မချွတ်တည့်၊ ဟောရွတ်ဝိပြင်"

---

၁ ကိုး * ၁၆၀။
၂ သံ * ၁၆၀။
၃ ပြောင်မွန် * ၁၀။
၄ ကိုး * ၃၃။

"ဆုံးဖြာဝိဋ္ဌကတ်၊ ပရိယတ်လျှင်၊ မဿတ်ကေန်"

စသည်ဖြင့် လက္ခဏာပတ်ယတ်, ကရိုက်းပယတ်, ပရိယတ်ဆိုသောအရာထင်၏။ ထိုတွင် ကရိုက်းပယတ်, ပရိယတ်ဟူသည်ကား ပယတနသဒ္ဒါ, ပရိယတ္တိ သဒ္ဒါကိုစွဲ၍ ဆိုမိန့်သောအရာဖြစ်သောကြောင့် မာဂဓဘာသာ မူလဖြစ်၏။

ပ-သတ်ကား.... "ဥဒေါင်းမြီးယဝ်၊ သင်းကျဝ်တခြား"

"သားမြီးဒေါင်းယဝ်၊ ဘိနဝ်ခြေနင်း" ၁

"ခြေနင်းဘိနဝ်၊ သားမြီးယဝ်ဟု၊ ထက်ကြဝ်စဉ်ထျားး"

"ဆယ်ထွေစောင့်ကြဝ်၊ တရားကွဝ်ထျက်၊လက်ယဝ်ခေါ်ပြု" ၂

"အိမ်နီးအိမ်စပ်၊ အိမ်ယဝ်အိမ်မိုး" ၃

"အထဝ်ထဝ်လျှင်၊ မိုးယဝ်တို့တောင်" ၄

"ထိဝ်ပေါ်မိုးယဝ်၊ လျှဝ်နယ်လျှဝ်သား၊ လက်စွဝ်ကောင်းများး"

စသည်ဖြင့် ထန်းရွက်သားမြီး စသည်ဖြင့်ပြီးသော ယဝ်ဖြင့် ယဝ်သည်, ထက်ဖြင့်ယဝ်သည်, အိမ်ကျောင်းစသည်တို့၏ အမိုးအယဝ်, အတောင်အဖိအယဝ်, နံယဝ်, မိုးယဝ် တိမ်ယဝ်စသည်ဖြင့် ဆိုမိန့်သောအရာထင်၏။

ထိုဌ် ထမ်းရွက်ယဝ်-စသော ယဝ်ဟူသောအမည်ကိုကား လက်ဖြင့် ယဝ်သည်ဆိုသောအရာကဲ့သို့ ယဝ်ကြောင်းအဆောက်အဦဖြစ်၍ 'ယဝ်'ဟူသောအမည်ဖြစ်သင့်သည် ယူသင့်သောကြောင့် 'ထက်ဖြင့်ယဝ်သည်'ဟူသောအနက်နှင့် မကွဲးဖြစ်၏။ ။ မိုးယဝ်,တိမ်ယဝ်-ဟူသည်တို့ကို အိမ်ကျောင်းစသည်တို့၏နံပါးနံရဝ်ဟူသကဲ့သို့ မိုးတိမ်ဌ် အရပ်နံပါးတို့သည် မျက်စိဌ် ထျဉ်းထျဉ်းစဉ်တန်းထျက် တည်၏သို့ထင်သည်တွင် လျှဝ်ရောင်ထင်သော မိုးတိမ်နံပါး၊အနီးအစပ် အယဝ်အဖိတွင် စွဲးကဝ်၍ ပြက်သော အရောင်ထင်သည်ကိုရည်၍ 'မိုးတိမ်ယဝ်'ဆိုသည် ယူသင့်၏။ မိုးရဝ်တိမ်ရဝ်-ဟူ၍ မိုးတိမ်ဟူသောအရပ်ဌာနဆိုသည် ယူမူ ထူပြိန်းထင်သာသည်ဖြစ်၏။

ယ-အက္ခရာ ဝဆွဲး တ-သတ်ကား.... "မဏ္ဍိမယ္ဟတ်၊ ထုံးပတ်ထျထျ" ၅....စသည်ဖြင့် မဏ္ဍိမယ္ဟတ်ဆိုသော အရာထင်၏။ ဤဌ် မယ္ဟတ် ဟူသည်ကား- မယိုင်မယိမ်းနိုင်ငြိမ်သက်စွာတည်သည် ဆိုသောအရာဖြစ်၏။ မ၌တဲ့ ဟူ၍ ရအက္ခရာ အသံဖြစ်မူကား ရွှတ်ရွှတ်ထျဉ်းထျဉ်း မလှုပ်ရှားနိုင်ဟူသောအနက်ကို ယူသည်ဖြစ်၍ ထူပြိန်းထင်သာသည်ဖြစ်၏။

---

၁ ဘူပေါင်း * ၇၀။
၂ ထောသာ * ၂၃။
၃ သံ * ၁၀၅။
၄ ရွှေစာ * ၈၊ "မိုးယဝ်ထိအောင်။"
၅ ဘူပေါင်း * ၈။

ရတ်-ရဝ်-ရွတ်-ရွဝ်-ရှဝ်-ရွဝ်

၃၇၀-ရဗျည်းသက်သက် ဝဆွဲး ဟဆွဲး တ-သတ်,ပ-သတ်တို့၌ ဝေါဟာရကို မြခြင်း

ရ-အက္ခရာ တ-သတ်ကား....

"မကိဇောတရတ်၊ ဝေဘူထွတ်က၊ ဃျံပတ်ကြွကြွ"
"ခင်ခင်မွတ်မွတ်၊ မကိရတ်ကောင်း၊ တောင်ထွတ်နှိုင်းဆ"
"တံခွန်ရိမတ်၊ ဘူမိရတ်ဝယ်၊ ကြာဝတ်ဆံသာ"
"ယောက်ဖရေနတ်၊ ခတရတ်၏၊ သည်းပွတ်နဂါး"

စသည်ဖြင့် ဇောတရတ်,မကိရတ်, ဘူမိရတ်,ခတရတ်-ဆိုသောအရာထင်၏။

ထိုထွင် ဇောတရတ်-ဟူသည်၌ ဇောတိရသ-ဟူသော ပါဠိဓိနှင့်အညီ 'ရသ်' ဟူ၍. သ-အက္ခရာသတ်လိုဏ္ဍက် တ-သတ်စပ်အင်သို့ဝင်း, [တကာရန်ဆံ သကာရန်ဆံ သမံဝဒေ] ဟူသည်နှင့်အညီ တ-ကာရန် သ-ကာရန်အသံတူသည်သို့ဝင်း လိုက်၍. တ-သတ်အညီ ရေးသည်လည်းအသင့်ဖြစ်၏။ ။မကိရတ်၊ဘူမိရတ်-ဟူသည်တို့ကား ဘူမိရတန, မကိရတန-ဟူသောပါဠိနှင့်အညီ တ-သတ်စပ်အင်ဖြစ်၏။ ခတရတ်-ဟူသည်ကား ခတရဋ္ဌ ဟူသောပါဠိနှင့်အညီ ဋဝမ်းပဲးသတ်လိုဏ္ဍက် တ-သတ်စပ်အင်သို့ လိုက်သည်ဖြစ်၏။ ဘူမိရတ်-ဟူသည်တွင် 'ဘူမိထွဋ်' ဟူ၍. အချို့ရေးဖတ်ကုန်သည်ကား ရ-အက္ခရာ တ-သတ်မြမွာမှသက်သက် မထင်သည်နှင့် အရပ်ဌာနဟူသကဲ့သို့ ပ-သတ် အသံထင်အံ့စိုး၍. ရေးဖတ် ကုန်သကဲ့သို့ ရှိ၏။ သို့သော်ထည်း မကိရတ်, တေရတ်-စသောအရာတို့ထည်း ရှိပြီးဖြစ်၍. စိုးရိမ်ခွင့်မရှိပြီ။

ရ-အက္ခရာ ပ-သတ်ကား....

"စည်းစိမ်ငါးရပ်၊ ငါးကျောင်းထပ်၏၊ နှံစပ်မိုးမြေ" ၁
"ကိုးဆဲ့ကိုးရပ်၊ နပန်းထပ်မျှ၊ ချဉ်းကပ်မြို့ပါး"
"မြန်ခွင်အရပ်၊ ဘဒ္ဒကပ်မည်သာ" ၃
"ဆင့်သောင်းတရပ်၊ ဘူရိတပ်၍. ပညပ်မည်ထွေ" ၄
"ထက်ချရှစ်ရပ်၊ ထန့်ဖျပ်ကြောက်ညဉ်"
"ရွှေဖျားနေရပ်၊ ဆေးတော်ကွပ်၍. ရွပ်ရွပ်ချင်းနင်း"

---

၁ ရှင်သံခိုဆို၊ နေနတ်ကသည်-ချီရတု။ (ပ)။ရွှေးကဗျာ၃၉။'ရွှေပြည်ရိမဒ်။'
၂ ထန်ရ * ၂(၁)၊ "ထွန်းထင်မြန်ရပ်။"
၃ ဘူထင် * ၂၂၀။
၂ သံ၊နိဂုံး * ၁။

"ကွာဝေးအရပ်၊ နတ်ခြောက်ထပ်သို့၊ နှံ့စပ်ရှာဖွေ"
"စသည်တောင်ရပ်၊ ရွာစပ်ခိုမှီး။ ။ခြေသည်ရေရပ်၊ နောက်ကွပ်ဆင်မြင်း"
"သူဟောင်းအိမ်ရပ်၊ အာဏာအပ်လျက်၊ မထပ်မညှာ"
"ထံပါးကြပ်ကြပ်၊ ရှေ့ထွင်ရပ်သို့၊ တပ်တပ်မြင်နိုင်"
"ရွှဖွယ်ဖြိုးထပ်၊ စရပ်ရွေကျောင်း"
"သာသည်စရပ်၊ အမိုးယပ်တွင်၊ ကြပ်ကြပ်အမြဲ" ၁
"မိုးဖုံးမွှမ်းထပ်၊ ရွေအုတ်ကြွပ်နှင့်၊ စရပ်သုမွှာ"
"ရဲးလွှထက်ရပ်၊ ရင်းထပ်လွှာ်ကား" ၂
"လွှကားထက်ရပ်၊ ရင်းထပ်လွှရုံး" ၃

စသည်ဖြင့် ဌာနအရပ်, တည်ရပ်သည်, တကြောင်းတရပ်, တန်ဆောင်းစရပ်,လွှမျိုးတက်ရပ်-ဆိုသောအရာထင်၏။

ဝဆွဲး တ-သတ်ကား.....ငင်ခဲ့ရွတ်ရွတ်၊ ဟယ်အမတ်တို့၊ သတ်လေအနေ"
"ရစ်ခွေကရွတ်၊ ခုနစ်ပတ်လျှင်၊ လူနတ်ကြွေးမုံ" ၄
"အောင်ကျင်ရေရွတ်၊ ခတ်သွတ်တစိ"
"ဘုရားမွေမြတ်၊ တစရွတ်ကို၊ ရိုက်သွတ်မြတ်နိုး" ၅
"စိမ်းညိုပြာလတ်၊ ထွတ်ရရွတ်လျှင်၊ တမွှတ်ထားလော်"
"ဖန်တီဖန်တွတ်၊ ရေရွတ်ကြောတ်ဖွယ်" ၆
''တတီထွတ်တွတ်၊ မန္တန်ရွတ်လျက်၊ လာလတ်ရကား''
''ခရော်ခရွတ်၊ မြေပတ်မကြား'' ၇

စသည်ဖြင့် လျင်လျင်ရွတ်ရွတ်, ရေရွတ်သည်, အိုးခံကရွတ်,တစိတ်တစရွတ်, ထွတ်ရရွတ်, မွှတ်ရရွတ်, ခရော်ခရွတ်-ဆိုသောအရာထင်၏။ ။အမာရွတ်၊ အမဲးရွတ်၊ မြေညွှန်သရွတ်-ဟူသည်တို့ငယ်ား တ-သတ်ငယ်ားကောင်းတည်း။

ပ-သတ်ကား...."တိုက်လှည်းရွှပ်ရွှပ်၊ ဘဒ္ဒကပ်ဝယ်၊ နှံ့စပ်ဝန်းလျား"
"စုပ်ရှရွှပ်ရွှပ်၊ ကျအောင်ဖွပ်သို့၊ ကြပ်ကြပ်အမြဲ''

---

၁ လောသာ*၄၆၊"နှောင်ကြပ်အမြဲး။" ၄ တန်ရ * ၂၃
၂ ပြည် စုန် * ၄၂၊ "ရင်အပ် လွှာ်ကား။" ၅ တန်ရ * ၃၇။
၃ ပြည်စုန် * ၆၆၊ "ရင်ထပ် လွှရုံ။" ၆ ဘူပေါင်း * ၅၀။
၇ ဆု * ၇၂။

"အလျားပျဉ်စပ်၊ ပုဆိုးဖွဉ်သို့၊ ရွှဉ်ရွှဉ်ညက်ကျေ" ၁
"မျက်မှောက်တဉ်တဉ်၊ တွေ့သည်ရဉ်ကို၊ ရွှဉ်ရွှဉ်ညက်ကျေ" ၂
"ရှေးဖျားနေရဉ်၊ ဘေးတော်ကွဉ်၍၊ ရွှဉ်ရွှဉ်ချင်းနင်း"
"ရွာပြည်အရပ်၊ လွန်ထူထပ်ထည်း၊ ရွှဉ်ရွှဉ်သွင်သွင်" ၃
"ဆိုဖွယ် နှုံစပ်၊ နှာရွှဉ်စကောက်။ ။ပည်းထူးထဉ်ထဉ်၊ ကူးရွှဉ်သတော်" ၄

စသည်ဖြင့် ရွှဉ်ရွှဉ်သိသိကျေပျက်သည်-ဆိုသောအရာ၊ နှရောင်နှရွှဉ်ဆိုသောအရာ၊ လှေ၏အမည် ကူးရွှဉ်ဆိုသောအရာထင်၏။ ။ဟဆွဲး ပ-သတ်ကား·····ပြုပ်ပြုပ်ရှုဉ်-ဆိုသောအရာမျှသာထင်၏။ ။ဟဆွဲး ဝဆွဲး ပ-သတ်ကား ရွှဉ်ရွှဉ်စူးသည်, ရွှဉ်ရွှဉ်ဝင်သည်ဆိုသော အရာမျှသာထင်၏။ ။(ယတ်မှာလည်း ပြန်၍ ရှုပါဦး)။

လတ်-လဉ်၊ လွတ်-လွဉ်၊ လှဉ်-လျှဉ်

၃၇၁-လမျည်း သက်သက် ဧဆွဲး, ဟဆွဲး, ယပင့်ဟဆွဲ, တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

လ-အက္ခရာ တ-သတ်ကား····

"သားကြီးသားလတ်၊ သားထွေးဝတ်၌၊ ယုတ်မြတ်မရှိ"
"နောင်မင်းညီလတ်၊ ဘုရိဒတ်ကြောင့်၊ သေပြတ်ဘနန်း" ၁
"သားဦးသားလတ်၊ တသမတ်ထျင်၊ အကျတ်ဆုယူ" ၂
"သီးခြားတလတ်၊ ဘုရိဒတ်မူ၊ ရုဉ်ဓာတ်ကစ"
"တခြားခြဉ်လွတ်၊ တလတ်ကြက်တောင်"
"မလည်မပတ်၊ ရှေးတလတ်က၊ မညွတ်မတိမ်း" ၃
"စိမ်းညိုပြာလတ်၊ ထွတ်ရရွတ်ထျင်၊ တမွတ်ထားလောက်"
"ကြောမစိမ်းစိမ်းလတ်လတ်တည်း-ပြောပထိမ်းထိမ်းမှတ်မှတ်တည်း"
"လန်းလန်းလတ်လတ်၊ စွတ်စွတ်စွေးစွေး" ၄
"ကိုင်လည်းမလွတ်၊ ဝိညာဉ်ပြတ်မူ၊ စိမ်းလတ်အကောင်" ၅

---

၁ ဘူထင် * ၂၃၅။
၂ ဘူထင် * ၂၈၈။
၃ ဘူထင် * ၃၉။
၄ မင်းမယ် * ၃၃၊ "ပည်းသီထူထဉ်။"
၅ ကိုး * ၁၈၅။
၆ သံ * ၇၀။
၇ ဘူထင် * ၃၇။
၀ ကိုး * ၁၂၀။

"ခားဖြင့်ဝိုင်းဖြတ်၊ ငါ့ကိုသတ်မှ၊ လတ်လတ်ယခု"
"တည်ဘိလတ်သော်၊ လွတ်လွတ်သည်းဦ"
"မွေးဘမင်းမြတ်၊ မေးတုံလတ်၏၊ ထွားမွတ်ရောင်ဝင်း"
"သားနှင့်ညီညွတ်၊ တိုင်ပင်လတ်သည်၊ ပျက်တတ်ပုံကား မျောက်လှောင်တည်း" ၁
"ဤသို့ဆုံးဖြတ်၊ ကြီပြီးလတ်မှ၊ ဖြူထွတ်သတော" ၂
"ဆိုခြင်းကတ်လတ်၊ နှလုံးဆတ်သည်၊ အမတ်ပွဲခဲ့" ၃
"ဈာက်သုံးနီတွတ်၊ သကလတ်နှင့်၊ ဆွဲမှတ်အောင်သာ"

စသည်ဖြင့် အကြီးအလတ်,လန်းလန်းလတ်လတ်, ရွှေတလတ်, တကြောင်းတလတ်, ပြူလတ်သည်-မူလတ်သည်, အထည်သဏလတ်-ဆိုသောအရာထင်၏။

ပ-သတ်ကား...."မအားမလပ်၊ လောင်လပ်ကားကား"

"ကျောင်းဟောင်းမလပ်၊ နှစ်ဆွမ်းကပ်၏၊ ပညပ်သိုက်တိုင်" ၄
"မှုကောင်းဆုလပ်၊ ထက်ကြပ်မကွာ"
"ရွှေမှာတည်ကပ်၊ ထမင်းလပ်ကို၊ မသပ်လက်ဖျား" ၅
"မကွာကပ်လပ်၊ အမြဲကြပ်၍၊ နောက်ထပ်မကင်း" ၆
"အမြဲကပ်လပ်၊ပျပ်စပ်ပေါင်းလည်။ ။ဆပ်သွားဇလပ်၊ရွှေချပ်ခဲ့ပါး" ၇
"ဖြူဆွတ်ပွင့်ချပ်၊ ပန်းဇလပ်သို့၊ စောင့်ကြပ်မကင်း"
"ယမားဘိနပ်၊ ရွှေသင်းကျပ်နှင့်၊ စလပ်အတူ"

စသည်ဖြင့် လွတ်လပ်သည်,ဆုထပ်, ကပ်လပ်၍,နေသည်,ပန်းဇလပ်- ဆိုသောအရာထင်၏။

ထိုတွင် 'ကတ်လတ် ၏ ဆိုမိန့်၏'ဟူသည်၌ တ-သတ်သည်ကား ခဲးကတ်အောင် ကြီး၍ ဆိုမိန့်သည်၊ခဲးကတ်သည်ကို ကတ်လတ်သည်-ဟူ၍ ဆိုသည်ဟူသင့်သောအရာဖြစ်၏။ 'ကပ်လပ် ၏ နေသည်'ဟု ပ-သတ်စပ်သည်ကား ယှဉ်တွဲးပူးကပ်၍ နေသည်၊ ရှက်စပ်စွဲးကပ်သည်ကို 'ကပ်လပ်'ဟူ၍ ဆိုသည် ဟူသင့်သောအရာဖြစ်၏။ ထင်းသို့သဘောကွဲး နှလုံးသွင်းရာ၏။

---

၁ ဘူထင် * ၄၁၀။
၂ ကိုး * ၂၀၇။
၃ ဘူထင် * ၈၈၊
၄ သံ၊ နီဂုံး * ၁။
၅ သံ * ၃၄။
၆ ဘူပေါင်း * ၉၈။
၇ ဘူထင် * ၃၂။

လ-အက္ခရာဝဆွဲး တ-သတ်ကား····

"ဟူသည်းမလွတ်၊ မိုးကြိယ်ဆွတ်သို့၊ အထွတ်ကောင်းရာ" ၁
"ရှောင်ရာမလွတ်၊ ဖြစ်တို့တတ်၏၊ မန္ဒာတ်ရာဇာ"
"လွတ်စွဲစံရာ····ဆွတ်ပျံကြီရှာ" ၂
"တည်ဘိဃတ်သော်၊ ဆွတ်လွတ်သည်းဦ"
"နှိုင်းဆပုံခတ်၊ မင်းချင်းလွတ်၏၊ ယုတ်မြတ်ပြည်သူ"
"စုံခြင်ကွက်ကတ်၊ တုလွတ်မျက်နှာ" ၃

စသည်ဖြင့်ဃင်လွတ်သည်၊အထည်၏အမည် တုလွတ်-ဆိုသောအရာထင်၏။စံရာလွတ်သည်ကို စံလွတ်သည်၊ တုရာလွတ်သည်ကို တုလွတ်သည်-ဆိုသောအရာကား 'ဃင်လွတ်သည်'ဟူသောအနက်ဂင်းတည်း။

ဟဆွဲး ဝဆွဲး တ-သတ်ကား···· "ဟတ္ထိတိုက်လွတ်၊ သတ်စိမ့်အနေ" ၄
"ပျံကွန့်စွတ်စွတ်၊ တန်ခိုးလွတ်သော်၊ အင်္ဂနှင့်ဇယ" ၅
"လွတ်ဦးသဘင်····ပြတ်မူးအကြင်····ညွတ်နူးမရွှင်" ၆
"တခြားမြတ်လွတ်၊ တဃတ်ကြက်တောင်"

စသည်ဖြင့် လွတ်စေသည်ကို 'လွတ်သည်' ဟူ၍ ကာရိုက်အသံ ဆိုမိန့်သောအရာ၊ ရုံးတော်လွတ်တော်, ဆံမြတ်လွတ်-ဆိုသောအရာထင်၏။

ထိုသို့ ဆံမြတ်လွတ်ဟူသည်ဃည်း အမြတ်အညွှန့် လွတ်စေသည်ကို လွတ်သည်ဟူသော ကာရိုက်အသံသည်းကောင်းယူသည်ဃည်းသင့်၏။။ လွတ်ရုံး-ဟူသည်၌ဃည်းနည်းတူ၊ ပြည်သူတို့၏အမှုကို ဆောင်ရွက်စေခြင်းငှာ အာဏာစက်လွတ်သောအရပ်ဝိသေသဖြစ်၍ 'လွတ်ရုံး'ဟူသောအမည်ဖြစ်၏ ယူဃျင် ယခင် လွတ်စေသည်ကို လွတ်သည်-ဆိုသော ကာရိုက်အနက်ဃည်းကောင်း ဖြစ်၏။ အနက် ထင်သာ၍ ထုတ်လိုက်သည်၊ ပညတ်မျှဟူဃည်း သင့်ရာ၏။

ဃအက္ခရာ ဟဆွဲး ပ-သတ်ကား····

"ကွမ်းသီးနေလှပ်၊ ဆော်ဖန်ကြေပ်၍၊ သနင်ချဉ်စိုက်" ?
"ကျပ်တင်နေလှပ်၊ ပုပ်စပ်တင်းကျမ်း"

---

၁ ဘူဃင် * ၃၉၄။
၂ ရှင်သံခိုဆိုရတု၊ ရှေးကဗျာ ၇၆။ 'ဆွတ်ပျံကြီကာ။'
၃ နောင်၊ရက်ဃခါကျော်ချီ(ပ)။
၄ ဟသံာ * ၂၊ "ဟတ္ထိ တိုက်လွတ်၊ ထေပြင်းခတ်၍၊ ထိုက်ဃတ်ဟူးဟူး"
၅ ဘူပေါင်း * ၅။
၆ နောင်။
၇ ကိုး * ၁၄၇။

"အပြုတ်နေလှပ်၊ ကျပ်နှင့်လည်းတင်" ၁
"ရေကြည်ညျော်ပြွပ်၊ နှလုံးဖွပ်၏၊ လှပ်လှပ်စင်ဖြူ" ၂
"ဖြူလွလက်ကြေပ်၊လှပ်လှပ်အကြော။ ။ရှားရှားရှိန်းစပ်၊တံလှပ်နေပူ" ၃

စသည်ဖြင့် နေလှပ်သည်, လှပ်လှပ်ရွရွ ဖြူဖြူစင်သည်,နေပူတံလှပ်- ဆိုသောအရာထင်၏။ လွတ်စေသည်ကို လွတ်သည်ဆိုသောအရာကဲ့သို့ လပ်စေသည်ကို လှပ်သည်ဆိုသောအရာလည်း ထင်၏။ ။ထိုတွင် တံလှပ်-ဟူသည်ကို 'တံထျပ်'ဟူ၍. ယပဉ်ထျက် အချိုရေးဖတ်ဆိုမိန့်ကုန်၏။ တထျပ်ထျပ်ထင်သည်ကို အစွဲးပြုကုန်သကဲ့သို့ရှိ၏။ နေလှပ်၏။ လှပ်လှပ်ရွရွ ဖြူဖြူစင်၏-ဟူသည်၌ 'လှပ်သည်'ဟူသော ဝေါဟာရသည် နေရှိန်ဖြင့်လည်းကောင်း, မီးရှိန်ဖြင့်လည်းကောင်း, ရေဖြင့်လည်းကောင်း, တစုံတခု အကြောင်းသင့်ရာဖြင့် လည်းကောင်း သန့်ရှင်းစေခြင်းငှာ ပြုပြင်သော အခြင်းအရာ ယူသင့်၏။ ထို၌ ဖြူသော အဆင်းဖြစ်စေသည်ဟူ၍. အဆင်းဝိသေသမယူမူ၍. နိသော်အဆင်းစသည်ဖြင့် သန့်ရှင်းခြင်း အနက်မျှကိုသာလည်း ယူထိုက်၏။ ထိုနှင့်ထျော်စွာ "ငွေကားလက်ကြပ်၊ နီလှပ်ဝတ်စား"ဟူ၍. နီသော အဆင်းကိုပင် 'နီလှပ်'ဟူ၍. ပုံတော်ဘွဲ့တွင် စပ်သောအရာထင်၏။

ဟဆွဲး ယပဉ် ပ-သတ်ကား....

"ခုံမင်ထျပ်ထျပ်၊ မိအောင်ခွပ်သို့၊ ပြည်ကွပ်လူမှူး" ၄
"မြင်ကျယ်နှံစပ်၊ ပညာထျပ်၏၊ အာတမ္ဘန"
"သက်ထုံးတထျပ်၊ နေလှပ်မတန်။ ။တိမ်ပေါ်မီးရပ်၊ ထျပ်နွယ်ထျပ်သား"
"လက်စွပ်ကောင်းဖျား၊ ရွှေဖျားရောင်ထျပ်၊ ပေနှစ်ချင်ထက်၊ မြေစပ်ပျူငှာ"
"သုအားရိုးစွပ်၊ တိုက်ထျပ်မင်းစေ"

စသည်ဖြင့် ထျပ်ထျပ်ထင်သည်, ထျပ်စပ်-ထျပ်ရောင်, ထျပ်ထျပ်သွက်သွက် ထျင်မြန်သည်, ထျပ်စားသည်-ဆိုသောအရာထင်၏။

ထိုတွင် ထျပ်စပ်-ဟူသည်ထည်း တထျပ်ထျပ် တဝင်းဝင်း အရောင်ထင်သည်ကို ထည်းကောင်း, ထျပ်ထျပ်သွက်သွက် ထျင်မြန်သော အခြင်းအရာ ထင်သည်ကိုငင်း

---

၁ မနော် * ၅၅။
၂ ဘူပေါင်း * ၄၀။
၃ ဘူထင် * ၆၅။
၄ ထောသာ * ၃၉။
၅ ဘူပေါင်း * ၄၄။

အစွဲးပြု၍ ယူကောင်းအံ့သို့ရှိ၏။ ။ထျဉ်စားသည်-ဆိုသောအရာကိုလည်း နည်းတူ အနက် နီးချဉ်းအောင် ကြံ၍ ယူမူ၊ မဟုတ်သည်ကို ဟုတ်ယောင် မုသား စွဲး၍ နှုတ်ခွန်းထျင်သည်၊ ထျဉ်ထျဉ်သွက်သွက် ထျင်မြန်လော ပဋိဘာန်ညက်အား‌ကိုး၍ ရိုးစွဉ်စွဲးလမ်းခြင်း၊ သုအား အပေါက်အကျ အရဖမ်းကိုင်၍ နွှမ်းနယ် ပင်ပန်းလေ အောင် ပြုခြင်းအနက်ကို 'ထျဉ်သည်' ဆိုသည်ဟု ယူမူ အနက်ရသင့်၏။ ထိုနှင့် ထျော်စွာ မဟုတ်မမှန် ဆိုမိန့်တတ်သည်၊ ထျင်မြန်စွာ သွားလာဆိုမိန့်တတ်သည်ကို 'ထျဉ်သည်' ဆိုမိန့်သောအရာထင်၏။

ဤလအက္ခရာ၌ ဝဆွဲးတွင်လည်းကောင်း, ဟဆွဲးတွင်လည်းကောင်း, တ-သတ်သာ ထင်၏။ ဟဆွဲး၌လည်းကောင်း, ပယင့် ဟဆွဲး၌လည်းကောင်း ပ-သတ်သာထင်၏။ သက်သက်၌ကား တ-သတ်, ပ-သတ် နှစ်ချက်လုံးထင်၏။

ဝတ်-ဝပ်

၃၇၂-ဝဗျည်း တ-သဘ်,ပ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

ဝ-အက္ခရာ တ-သတ်ကား....

"မန္တမ်းရွေဝတ်၊ လိမ်းချေမွတ်နှင့်၊ ဆွတ်လွှတ်ဖွယ်ခင်း" ၁
"သက်နှံးနီစွတ်၊ ထဲးနှီးဝတ်ထျတ်၊ ထတ်ထတ်ပေါ်ရံ" ၂
"ထက်ကြဉ်ပုံခတ်၊ ထက်တော်ဝတ်ထည်း၊ ဆွတ်ဆွတ်နှစ်ခြိုက်"
"မွေမှုးကိုင်ချတ်၊ ထက်မှလွှတ်သည်၊ အဝတ်ပုဆိုး" ၃
"ကင်းငုံခြွေဆွတ်၊ ရက်ယူဝတ်က၊ ဆယ်မြတ်အခေါ်၌" ၄
"နိကွဉ်းချတ်၊ စံနှိုင်းမှတ်သား၊ ပန်းဝတ်ဆံတု" ၅
"ညထည်းမပြတ်၊ ဝတ်လည်းကုံစွာ"
"ရည်သွားသိဘတ်၊ ကျင့်ရာဝတ်ကို၊ နာဂတ်နောင်လာ"
"သားကြီးသားထတ်၊ သားထွေးဝတ်၌၊ ယုတ်မြတ်မရှိ"
"ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူနတ်ဉီးခိုက်" ၆

---

၁ နောင်၊ ပြဆန်းမဆင်ချီ(ဒု)။
၂ ကိုး * ၂၀။
၃ ထန်ရ * ၂၆၊ "လက်မှ လွှတ်သော်။"
၄ နောင်၊ မှာခဲ့ရက်ထျင်ချီ(ဒု)။
၅ ကိုး * ၁၂၀။
၆ ကိုး * ၃၄။

"ယူသီးဓမ္မသတ်၊ လောကဝတ်လည်း၊ မွှးမတ်မင်းလို"
"အလောင်းမန္ဒာတ်၊ စတ္တဝတ်နှင့်၊ မိုးနတ်မာစ"
"ကဝိဃဝတ်၊တမ္ဘတ်စံတည်။ ။ခန်းဝါနေမှတ်၊သာဝတ်ပြည်ကြီး" ၁
"ပေါက္ခရဝတ်၊ အတ္ထုပ္ပတ်ကြောင့်၊ ဆခတ္တိယာ" ၂

စသည်ဖြင့် အရုံအဝတ်, ကိုယ်၌ဝတ်သည်, ပန်းရက်ဝတ်, ဝတ်ကုံသည်, ကျင့်ဝတ်, လောကဝတ်, ဓမ္မဝတ်, ရာဇဝတ်, စတ္တဝတ်,ကဝိဃဝတ်,သာရဝတ်,ပေါက္ခရဝတ်-ဟူသော အရာတို့၌ထင်၏။

ထိုထွင် ဝတ်ကုံသည်၊ လောကဝတ်၊ ဓမ္မဝတ်၊ ရာဇဝတ်၊ ကျင့်ဝတ် ဟူသည် တို့ကား ဝတ္ထသဒ္ဒါကို စွဲမှီသောအရာဖြစ်၍ မာဂဓဘာသာမူထဖြစ်၏။ ဝတ္ထသဒ္ဒါ၏ အနက်ကား-'အကျင့်'ဟူလိုသည်။ လောကဝတ္ထ-လူတို့၏အကျင့်၊လူတို့၌အကျင့်၊ လောက၌ အကျင့်သော်လည်းဆို။ ဓမ္မဝတ္ထ-တရားလျော်သောအကျင့်၊ တရားလာသော အကျင့်သော်လည်းဆို။ ရာဇဝတ္ထ-မင်းတို့၏အကျင့်၊ မင်းတို့၌ အကျင့်ဟူလိုသည်။ ဝတ္ထ-သဒ္ဒါကို ဖြစ်စေခြင်းအနက်ဟူ၍ လူတို့၌ လောက၌ ဖြစ်ခြင်း၊ မင်းတို့၌ ဖြစ်ခြင်း၊ တရားလျော်စွာ ဖြစ်ခြင်း၊ တရားလာတိုင်း ဖြစ်ခြင်း၊ ယင်းသို့စသည်ဖြင့် ဖြစ်ခြင်း-အနက်သော်လည်း ကြံရာ၏။

စတ္တဝတ်-ဟူသည်ကား စတ္တဝတ္တိဟူသော ပါဠိကိုစွဲမှီသည်။ ထိုအနက်ကား စက်ရတနာကို ဖြစ်စေသည်၊ လည်စေသည်၊ စကြာရောက်ထိုက်သောအကျင့်ရှိသည် စသည်ဖြင့် သဘောသင့်ရာ အနက်ကြံရာ၏။ကဝိဃဝတ်, သာရဝတ်-ဟူသော အရပ်မည်၌ကား ကဝိဃဝတ္ထု၊ သာဝတ္ထိ-ဟူသောပါဠိကို စွဲ၍ ဖြစ်၏။ အကျဉ်းအားဖြင့် အနက်ကား ကဝိဃဝတ္ထု-ကဝိဃရသွေ့၏ နေရပ်။ သာဝတ္ထိ-လိုအပ်သော အလုံးစုံသော အသုံးအဆောင်ရှိသောမြို့ဟူလို၏။ ဝိဂြိဟ်ဝစနတ္ထပြထက် ပုဒ်ပါဠိကိုသန့်ရှင်း၍ အရထင်အောင်ဆိုမူ ကျယ်အံ့ တွေ့လွယ်အံ့ဖြစ်၍ မရေးလိုက်သည်။

ပေါက္ခရဝတ်- ဟူသည်၌ကား ပေါက္ခရဝဿ-ကြာတော၌ ရွာသကဲ့သို့ စွတ်တချို-မစွတ်တချို ရွာသော မိုးဟူလို၏။ ထိုကဲ့သို့ မိုးကား နိဂြောဓရုံ ကျောင်း၌ ခမည်းတော် သုဒ္ဓောဒနမင်းကြီး အစရှိသော ဆွေမျိုးတော်တစုံ၌ ရွာ၏။ ထိုမိုးကို အကြောင်းပြု၍ ရှေးလည်းနည်းတူ ရွာဘူး၏ဟု ဝေဿန္တရာဇာတ်ကို ဘုရားမြတ်စွာ ဟောတော်မူသည်။ ဝေဿန္တရာဇာတ်မှာ ဝက်ပါ တောင်ဂွမ်း၌ အလောင်းတော်-မင်းဝေဿန်၊ ခမည်းတော်-သိဉ္စည်းမင်း၊ မယ်တော် - ဖုဿတီ မိဖုရား၊

---

၁ ကိုး * ၂၉၀။ ၂ ဘူပေါင်း * ၁၀၁။

မြောက်သားတော်-ရှင်မဒ္ဒီ၊ သားတော်-ဇာလီ၊ သမီးတော်-ကဏှာ၊ ဤမင်းခြောက်ဦးကိုရည်၍ "ဆခတ္တိယာ-တကာဆွေဝါး၊ မင်းခြောက်ပါး" [၁] ဟူ၍ ဆိုသည်။ လူပြိန်းတို့သိမှတ်စေခြင်းငှာ အလျဉ်းသင့်ကြိုက် ဖော်လိုက်သည်၊ ဤ၌ ပေါက္ခရဝဿံ-ဟူသော ပါဠိနှင့်အညီ သ-သတ်လိုလျက် "သကာရန်၊ တကာရန် သမံ ဝဒေ"ဟူသည်နှင့်အညီ သ-ကာရန်, တ-ကာရန် အသံတူ ယူသည်ကို ထည်းကောင်း, တ-သတ် စပ်အင်သို့ထည်းကောင်း ထိုက်၍, တ-သတ်ရေးသင့်သည် ယူသင့်၏။

ဝ-အက္ခရာ ပ-သတ်ကား

"မြေးမြီကျိန်းဝပ်၊ နိဗ္ဗာန်ရပ်သို့၊ မကပ်သောကြား"
"နိုးနိုးကပ်ကပ်၊ တုံ့ဝပ်ကြည်ညို" [၂]
"မြင်းဆင်နယ်ကပ်၊ စစ်ချက်ထပ်သို့၊ အဝပ်ကျကျ" [၃]
"တင်းတင်းကြပ်ကြပ်၊ ကြမ်းနယ်ကွပ်သည်၊ ဝပ်ဝပ်နှလုံးသေသတည်း"

စသည်ဖြင့် ပျဝ်ဝပ်သည်, ကျိန်းဝပ်သည်, တုံ့ဝပ်သည်,အဝပ်ကျသည်-ဆိုသောအရာထင်၏။ 'ထော်ထော်မထ-ဝိဝိပျဝ်ပျဝ်ရှိသည်,ဟူသောအနက်ဖြစ်၏။ ။ဝ-အက္ခရာ၌ သက်သက်မျှသော တ-သတ်, ပ-သတ်မျှသာ ထင်၏။

သတ်—သာတ်—သာဒ်—သဝ်—သွတ်—သွဝ်

၃၃၃-သဗျည်းသက်သက်ဝဆွဲး တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

သ-အက္ခရာ တ-သတ်ကား....

"မသေမသတ်၊ စိတ္တုပ္ပါဒ်ကို၊ ထိန်ညွှတ်ခြည်နှောင်ထားသတည်း"
"မင်းဖျားငြိမ်သတ်၊ စုန်မည်တတ်ဟု၊ လွှဲ့ပတ်သိထွေ" [၄]
"ကျည်းကသတ်သည်....မည်းမျှပတ်သည်....ချည်းလျှညွှတ်သည်" [၅]
"ဇာတ်ပေါင်းပြီးသတ်၊ တံဆိပ်ခတ်ဝိမ်၊ ကြည်ညွှတ်သဒ္ဓါ" [၆]
"ချီထည်းတညွှတ်၊ သတ်ထည်းညီအောင်" [၇]

---

၁ ဘူပေါင်း * ၁၀၁။
၂ ဘူပေါင်း * ၁၀၃။
၃ ပုံထောင် * ၄၀။
၄ ပုံထောင် * ၁၈၊ 'လွှဲ့ပတ်ကျော်ထွေ။'
၅ နောင်။
၆ သံ * ၁၆၈။
၇ ပုံထောင် * ၁၄။

"ခေါက်လှာထွတ်ထွတ်၊ ပန်းစုံသတ်သား၊ အမွတ်ဘုမ္မသိမ်"
"ငင်ခဲ့ရွတ်ရွတ်၊ ဟယ်အမတ်တို့၊ သတ်လေအနေ"
"ဟတ္ထိတိုက်လှတ်၊ သတ်စိမ့်အသေ"
"ဟိုင်းကိုတိုက်သတ်၊ အောင်ပြိုးလတ်မှ၊ ဘုန်းထွဋ်မင်းစစ်"
"အမှန်သေသတ်၊ သီလဝတ်ကို၊ အမြတ်ဤသို့"
"များစွာပရိသာတ်၊ လိုက်ကုန်လတ်သို့၊ မှူးမတ်ရံစောင့်"
"ယူသီးမမွှသတ်၊ လောကဝတ်ထည်း၊ မှူးမတ်မင်းလို"
"နန်းတော်ပြာသာဒ်၊ ကွန့်ဘူးထွဋ်နှင့်၊ သွယ်ညွတ်စွယ်စုံ"

စသည်ဖြင့် သေကျောအောင် သတ်သည်, သေသတ်သည်, ပရိသာတ်, မမွှသတ်, ပြာသတ်-ဆိုသောအရာ ထင်၏။

ထိုတွင် သေသတ်သည်-ဆိုသော အရာ၌ထည်း ထော်ထော်မထ အဝဝ်ကျကျ ဖြစ်ခြင်းကို 'သေသတ်' ယူသင့်သောကြောင့် ငြိမ်ဝဝ် တည်ကြည်စွာသော သဘဝါး လုနကန် စိတ်နှလုံးကိုပင်ရည်၏့၊ သေသေသတ်သတ်၊သေသတ်သည်-ဟူသောဆိုမိန့် ခြင်း ဖြစ်၏။ မငြိမ်မဝဝ် ထထကြွကြွရှိသည်ကို 'ရှင်သည်၊ ငြိမ်ဝဝ်သည်'၊ မထမကြွ ရှိသည်ကို သေသည်၊ သေစေခြင်းငှာ သတ်သည်ကို 'သေသတ်' ဆိုသည်။ ဤသို့ ထင်အောင် ယူရာ၏။ သေစေထိသောကြောင့် သတ်သည်၊ သတ်သောကြောင့် သေသည်။ ဤသို့သော်ထည်း အကျိုးအကြောင်းပြန်လှန်၍ ထင်အောင် ယူရာ၏။ "ကျည်းကသတ်သည်၊ ဖြူထွတ်ရန်ံ။ ။မွှေရာပန်းသတ်၊ ထဝ်ဝတ်ခင်းနှီး" စသည်ဖြင့် ကျည်းကသတ်သည်၊ ပန်းသတ်ဆိုသောအရာထည်း အဝတ်အထည်၌ မထိုအဝ်သော အနှံ့ကို ပန်းစသော ထိုအဝ်သောအနှံ့ဖြင့် သတ်သည် ဆိုသော အရာ ယူသင့်၏။ မြူမှုန့်အငွေ့ မထင်စေခြင်းငှာ ရေဖြင့်ဖျန်းသတ်သည်-ဆိုသောအရာ၌ထည်း နည်းတူ၏။ ။ပြာသတ်၊ ပရိသာတ်၊ မမွှသတ်၊ ရာဇသတ်-ဟူသည်တို့ကား ပါဠိမှဝေါဟာရထင်သာပြီ။

သ-အက္ခရာ ပ-သတ်ကား....

"မသုံးမသပ်၊ ထိုထိုရပ်မှ၊ လူလပ်အများ" ၁
"ရေစင်ဖျန်းသပ်၊ ဘိသိက်တပ်က၊ တွားဝပ်ကြောက်ညဉ်"
"ဖုံထဲးပွတ်သပ်၊ ရွှေပြိုးကျပ်တွင်" ၂
"စီရင်ချဉ်းကပ်၊ ဆံသပ်ဆံထုံး" ၃

---

၁ ကိုး * ၂၇၆။ ၂ တန်ရ * ၃၄။ ၃ သံ * ၁၆၁။

"ထျထျချင်ချပ်၊ သင်္ဃသင်္ခင်းရှင်း" ၁
"များစွာထွက်နပ်၊ ထင်သင်ဖြင်မျှ"
"မရမ်းသင်္ဃသင်္၊ထုံးရင်အားအန်။ ။မြီးထည်းသွယ်သင်္၊တိနင်စုပ်စုပ်"
"ဆေး၀ါးထက်ကြပ်၊ သမားအင်္ဂါ၊ ကုသင်္ကန်ကျေး" ၂

စသည်ဖြင့် သုံးသင်္ဃသည်, ဖျန်းသင်္ဃသည်, သွယ်သင်္ဃသည်, သင်္ဃသင်္ချပ်ချပ်ရှိသည်, ပွတ်သင်္ဃသည်, ထင်သင်္, ကုသင်္ဃသည်-ဆိုသောအရာ ထင်၏။

ထို၌ သုံးသင်္ဃသည်-ဟူသောအရာကား သေသတ်သည်ဟူသကဲ့သို့ သေစေခြင်းငှာ **မ**သတ်၊ထိုအင်္ဂါသည်နှင့်ကျော်စွာ ပညာဖြင့် ဆုံးဆ * ၍ ပြုပြင်ခြင်းအနက်မျှသာ ဖြစ်သင့်၏။ ထိုအနက်ကိုစွဲ၍ ကုမသုံးသင်္ဃသည်ကို **ကုသပ်** သည်။ လိမ်းကျံသုံးသင်္ဃသည်ကို **လိမ်းသပ်** သည်။ ညှစ်ညှစ်သွယ်သွယ် ဖြစ်စိမ့်ဟု ခားစသည်ဖြင့် သုံးသင်္ဃ ပြုပြင်၏ဆိုရှိသည်ကို **သွယ်သပ်** သည်။ သင်္ဃသင် ချပ်ချပ် သင်္ဃသင်္ခင်းရှင်းရှိသည်။ ပွတ်တွန်းသုံးသင်္ဃသည်ကို **ပွတ်သပ်** သည်။ ရေစင်ဖြင့် ဖျန်းပက် သုံးသင်္ဃ သည်ကို ရေစင် **ဖျန်းသပ်** ဆိုသည်။ ဦးဆံကို သုံးသင်္ဃ သည်ကို **ဆံသပ်** ဆိုသည်။ ထင်းသို့ စသည်ဖြင့် "ပညာဖြင့်ဆုံးဆ၍, ထိုရာရောက်အောင် ပြုပြင်ကာမျှသော အရာ၌ ပ-သတ်ယူသင့်၏" ဤ၌ **ဖျန်းသတ်** ဟူ၍, တ-သတ်ရှိမှု အင္ဂေအမှန့် မထင် သေ၀ပ် စေခြင်းငှာ သတ်သည်။ ပ-သတ်ရှိမှု 'အသာ အရာ ဆုံးဆ၍, သုံးသင်္ဃကာမျှ'ကို ဆိုသည်။ ဆရာတို့နှလုံးသွင်းရှိရာ စင်္ကြေသည် ယူသင့်၏။ စင်အင်္ဂလွတ်ရာ၌ကား သဘောချော်ရာ ယူသင့်၏။

သ-အက္ခရာ ၀ဆွဲး တ-သတ်ကား....

"တရုံမပြတ်၊ ချားရဟတ်နှင့်၊ ခြည်သွတ်မခြား" ၃
"သရိရခတ်၊ တင်းကျမ်းသွတ်၍, ရစ်ပတ်နှောင့်ရှက်" ၄
"ကြွင်းကျန်ပြို့ဟတ်၊ သွတ်နှင့်ယဇ်" ၅
"အောင်ကျင်ရေရွှတ်၊ ခတ်သွတ်တစ်"

စသည်ဖြင့် သွတ်သွင်းသည်, သွတ်ဟူသောအမည်, ခတ်သွတ်-ဆိုသောအရာထင်၏။

---

၁ ဘုထင် * ၃၀၇။
၂ ကိုး * ၁၄၈။
* ခေါင်းစဉ် (၄၃၅) ဆုန်းအခန်းတွင် နသတ်ပြသည်။
၃ ကိုး * ၁၄၇။
၄ တန်ရ * ၂၉။
၅ မနော် * ၁၀။

ထိုတွင် ခတ်သွတ်ဟူသည်ကား၊ 'အဝျင်တဆော' ဆိုလိုသောအရာ ရှေးဝေါဟာရဖြစ်၏။ ထိုကို 'ခပ်သွပ်' ဟူ၍ ခတွင် ပ-သတ် အချို ရေးကုန် သည်ကား-ခပ်ပြု, ခပ်မူ ဆိုသောအရာ၊ ရေမိုးခပ်သည်, ကူးခပ်သည် ဆိုသော အရာကဲ့သို့ အနက်ရဖွယ် မထင်။ ပညတ်မျှဖြစ်၍ တ-သတ်ကို နှစ်သက်ပေသည်။ ။ထိုခတ်သွတ်ဟူသည်ကို "ခဏသွတ်သွတ်၊ ကောက်၍လွှတ်မူ"။ [၁] ။ဆောဝျင်ခဏ၊ သွတ်သွတ်တည်း.....သမ္မာပတ်ကိုသွတ်ပွင့်တည်း" စသည်ဖြင့် 'ခတ်' ဟူသော စကားခွန်း မပါမူ၍ ဆိုသောအရာ ထင်သည်ကိုစွဲ၍ ခပ်ပြု-ခပ်မူဆိုသောအရာကဲ့သို့ ထင်ဖွယ်ရှိ၏၊ ခပ်ပြု, ခပ်မူ-ဟူသကဲ့သို့ ယူထျင် 'စဉ်းငယ်မျှ အနည်းငယ် မျှသာ အဆော တထျင် ဖြစ်သည်' ဟူသော အနက်မျှသာရောက်၍ မသင့်။ မာဂဓဠ် တက္ကသဒ္ဒါ ထည်း အကြီး၊ ဝိတက္ကသဒ္ဒါလည်း အကြီး၊ ဝိသဒ္ဒါယျဉ်သဖြင့် အနက်မထူး။ ဓာတုနုဝတ္ထုက-ဓာတ်နက်သို့ လိုက်လေကာမျှ ဖြစ်သကဲ့သို့ ခတ်သွတ် ဟူသည်,သွတ်သွတ်-ဟူလည် အရမထူး၊ 'အဆောတထျင်' ဟူသော အနက်မျှသာရကောင်းဖွယ်ထင်၏။ အနက်ထူးမရ၊ ပညတ်မျှကိုထောက်၍ တ-သတ် ယုတ္တိရှိအံ့သည်။

သ-အက္ခရာ ဝဆွဲး ပ-သတ်ကား.....

"ပြစ်မှားကျင့်သွပ်၊ ကျိုးမနပ်တည်၊ တပ်တပ်အရှင်" [၂]
"ရှင်သားပေါ်ထျပ်၊ ကိုယ်လုံးသွပ်ကား၊ ကွပ်ညှပ်မနာ" [၃]

စသည်ဖြင့် ရှုးသွပ်, ပေါ့သွပ်-ဆိုသောအရာ ထင်၏။ ။ထိုဠ် 'သွပ်' ဟူသော ဝေါဟာရသည် သွမ်းပသည်၊ ပျားသို့၊ သစ်ဖုသစ်မြစ် သို့သည်-ဟူသော အရာနှင့် သဘောလျော်၏။ 'မထိုအပ်သော ယိုယွင်းသော အနက်ချည်း' ဖြစ်၏။

ဟတ်-ဟပ်

၃၂၄-ဟဗျည်းသက်သက် တ-သတ်, ပ-သတ်တို့ဠ် ဝေါဟာရကို မြခြင်း

ဟ-အက္ခရာ တ-သတ်ကား...."ကြွင်းကျန်ပြို့ဟတ်၊ သွတ်နှင့်ယဇ်" [၄] စသည်ဖြင့် ပြို့ဟတ်, ကာလဟတ်-ဆိုသော အရာသင်္ခ်၏။ ထိုဠ် ပြို့ဟတ် ဟူသည်လည်း-

---

၁ ပါဒိ * ၀၈။
၂ ဘူဝေါဒိ * ၁၀၂။
၃ ဘူလင် * ၂၀၇။
၄ မနော် * ၁၀၀။

သံသကရိုက်ကို စွဲးမှိသောအရာ၊ ကာလဟတ်-ဟူသည်လည်း ကာလဟတ္ထိ-ဟူသော မာဂဓကိုစွဲးမှိသောအရာဖြစ်၏။

ပ-သတ်ကား....“ရောရစေ့ဟပ်၊ အထပ်ထပ်တည့်၊ ချုပ်စပ်ဆည်းဆူ” [၁] စသည်ဖြင့် စပ်ဟပ်သည်ဆိုသောအရာထင်၏။ ကိုက်ဟပ်သည်-ဆိုသောအရာထည်းနည်းတူဖြစ်သင့်၏။ ထိုဌ် ‘ဟပ်သည်’ ဟူသော ဝေါဟာရသည် ထိခိုက်ပူးယှဉ် အပ်သော ဝတ္ထုနှစ်ရပ်ဘို့၏ ယှဉ်စပ်ခြင်းအနက်ဖြစ်၍့ အဝတ်အထည်စသည် ထိခိုက် ပူးယှဉ်ခြင်း, သစ်ကျားစသည်တို့၏ ခံထွင်းနှင့် ကိုက်ခဲးအပ်သော တိရစ္ဆာန်တို့၏ကိုယ်နှင့် ထိခိုက်ခြင်း၊ ထင်းဆိုစသည်ဖြင့် ဝတ္ထုနှစ်ရပ်ယှဉ်စပ်ခြင်း အနက်ထင်အောင် ယူကောင်းအံ့သို့ရှိ၏။

[၉-ကြိုးအကွရာ မြမ္မာမှသက်သက် မထင်ဟန်ကို အောက်၌ဆိုခဲ့ပြီ။]

အတ်-အင်္ဂ (အင်္ဂ်) အပ်

၃၇၅-အ-အက္ခရာ တ-သတ်, ပ-သတ်၌ ဝေါဟာရကိုပြခြင်း

အ-အက္ခရာ တ-သတ်ကား....

“ဒွေးဇယအတ်၊ ခါကောင်းထွင့်၌၊ တမ္ဗတ်ဆောင်ဆောင်”
“ပျံကွန့်စွတ်စွတ်၊ တန်ခိုးလွှတ်သော်၊ အတ်နှင့်ဇယ” [၂]

စသည်ဖြင့် အတ်ဇယဆိုသောအရာထင်၏။ ထိုဌ် ရှစ်ခုသန်္ဂဟောအင်္ဂသဒ္ဒါကို စွဲးမှိ၍့ ဌဝမ်းပဲးသတ်လိုလျက် စပ်အင်သို့လိုက်၍့ တဝမ်းပူ သတ်သည်ဖြစ်၏။ အချို့ကား အင်္ဂသဒ္ဒါကို ဋ္ဌသံထျင်းချိတ်ဒွေးဘော်ဟူ၍့၊ တသံထျင်းချိတ် သတ်ကုန်အံ့၊ ဌဝမ်းပဲး၌ သသံယောဂ * နိသံယောဂ x ကို ဆင်ခြင်ရန်ရှိ၏။

ပ-သတ်ကား....

“ထျောက်ထျားတင့်အပ်၊ အထပ်ထပ်ထျင်၊ ဆုထပ်ပေးထွေ” [၃]
“များစွာပညာပ်၊ ဆိုတင့်အပ်၍့၊ ရှစ်ရပ်တိုင်းခန်း”

---

၁ ဘူပေါင်း * ၇၁။
၂ ဘူပေါင်း * ၅။
* သံယုတ်ခြေ။
x သံယုတ်ခွဲ။
၃ ပုံတောင် * ၃၆။

"သင့်အားကွပ်ညှပ်၊ အပ်မအပ်ကို၊ တပ်တပ်လည်းချ"
"ဝမ်းမျှမြွေတပ်၊ ရှိအပ်သလော" ၁
"မည်သာတပ်ထပ်၊ ခြီးမွမ်းအပ်သား၊ အုပ်ကွပ်သင်းသီး"
"ဟီရိဩတ္တပ်၊ ဤသို့ကွပ်၏၊ မအပ်မရာ" ၂
"တစိမ့တ်တပ်၊ ဝတ်လက်စွပ်လည်း၊ တင့်အပ်မွေသိမ်"
"မယောဝိစပ်၊ ပြောင်းလူးဆပ်ကို၊ မအပ်မရာ"
"အသာ ကြပ်ကြပ်၊ နားပါးအပ်၍၊ လန့်ဖျပ်နိုးနိုး"
"အခြေးရေခပ်၊ လုပ်ကျွေးအပ်၏၊ ဆောင်းစပ်ခါချိန်" ၃
"ရွှေတိခတ်တပ်၊ပုံသေအပ်သား၊ စီးစွပ်ခြေနင်း" ၄
"ဆောင်နှင်းဖွဲထပ်၊ မျိုးချင်းအပ်သည်၊ တုံဝပ်တည့်ရန်၊လွှေးကြောက်ရွံ့နှိမ်" *
"ဆင်ပြောင်မုန်ဖပ်၊ မင်းစီးအပ်၍၊ နောက်ထပ်အများ"
"သူကောင်းအိမ်အပ်၊ အာဏာအပ်ထွက်၊ မထပ်မည်သာ"
"နှစ်ပါးရင်အပ်၊ ကိုယ်ချင်းထပ်၍၊ ကြပ်ကြပ်ရစ်ပတ်" ၅
"ရေသွန်းနှင်းအပ်၊ လက်ထပ်မင်္ဂလာ"
"ရေသွန်းနှင်းအပ်၊ လက်ထပ်ထိမ်းမြား" ၆
"ဗျဉ်ကာရင်အပ်၊ ကျောင်းတော်စပ်သည်၊ ဗိုလ်ထပ်ကြီးကြီးငယ်ငယ်တည်း" ၇
"အကြောင်းထျဉ်းစပ်၊ ကိုယ်ပညပ်နှင့်၊ စွန့်အပ်စွန့်တတ်" ၈
"သဘောမစပ်၊ အပ်နှင့်ပုဆိန်" ၉
"မေထွာချဉ်းထပ်၊ ပညာအပ်ဖြင့်၊ ချုပ်စပ်မြွေမြွေ" ၁၀

စသည်ဖြင့် ထျောက်ပတ်တင့်အပ်သည်,ပြွှသင့်ပြွှအပ်သည်, နားပါးအပ်သည်,အလုပ်အကျွေးအပ်နှံသည်, စွန့်အပ်စွန့်တတ်သည်, အပ်ဟူသော အသုံးအဆောင်-အမည်တို့၌ ထင်၏။

---

၁ ဘူပေါင်း * ၃၇။
၂ ဘူပေါင်း * ၃၄။
၃ သံနိဂုံး * ၁။
၄ ဘူပေါင်း * ၇၉။
* တုပ်ဝပ် ထည့်ရန်၊ လွှေးကြောက်ရွံ့၏။ ?
၅ ဘူထင် * ၂၇၉။
၆ နောင်၊ ချောင်းမမွေထော်ချီ(ထ)။
၇ ထန်ရ * ၁၁၊ "မပြောင်းရင်အပ်"။
၈ ကိုး * ၃၅။
၉ ဘူထင် * ၃၀၄။
၁၀ သံ * ၁၇၅။

ထိုတွင် တင့်အပ်သည်၊ ပြုသင့်ပြုအပ်သည်-ဆိုသောအရာကား ရပ်တင်းသင့်-ရပ်တင်းကောင်းသည်၊ ရပ်တင်းရာသည်-ဟူသော ကြိယာအနက်ဖြစ်၏။ရပ်တင်းခြင်းဌာ ထိုက်သည်-ဟူသော အရပါ အနက်ထည်း ထင်၏။ ဤနှင့် ထျော်စွာ ကွပ်ညှပ်ကောင်း-ကွပ်ညှပ်ခြင်းဌာ ရာ-မရာ သင့်-မသင့် ထိုက်-မထိုက် ဟူသော အနက်ကို အပ်-မအပ်ဆိုသောအရာထင်၏။တပ်ပြေခြင်းရှိသင့်,ရှိထိုက်,ရှိရာ,ရှိကောင်း သဟော ဟူသောအနက်၊ခြိုးမွှမ်းသင့်,ခြိုးမွှမ်းကောင်း,ခြိုးမွှမ်းရာ,ခြိုးမွှမ်းထိုက်,ခြိုးမွှမ်းအပ်သော သူ ဟူသောအနက်၊ မအပ်မရာ, မသင့်မထိုက်,မပြုကောင်းဟူသော အနက်၊ ယင်းသို့စသည်ဖြင့် 'အပ်သည်,ရာသည်' ဟူသောစကား၏အရ ထင်၏။

နားပါးအပ်သည်,အပ်နှံသည်-ဆိုသောအရာကား ယခင်ဟပ်သည်-ဆိုသောအရာကဲ့သို့ ဝတ္ထုနှစ်ရပ် ဟုဉ်စပ်ခြင်းအနက်ဖြစ်၍,နားနှင့်ခံထွင်းအပ်သည်, ဟုဉ်စပ်သည်, အထုပ်အကျွေးဖြစ်သင့်သည်၊ တပည့်သားမြေးနှင့် ဆရာပြုအံ့သသူအပ်သည်၊ဟုဉ်စပ်သည်၊ ပုံပန်းသေသတ်စွာ ချုပ်စပ်သည်၊ဟုဉ်သည်အပ်သည်၊အမျိုးတူချင်းဆောင်နှင်းနှံအပ်သည်၊မင်းစီးဆင်နှင့် စီးထိုက်သသူ ဟုဉ်စပ်သည်-အပ်သည်၊ သူကောင်းစိုးမင်းအိမ်ရင်၌ မင်း၏အာဏာစက် ဟုဉ်စပ်သည်-အပ်သည်၊ ယင်းသို့စသည်ဖြင့် ဟုဉ်စပ်ခြင်းအနက်ကို ရည်၍ 'ရင်အပ်မကွာသည်၊ အပ်နှင်း,အပ်နှံသည်'ဟူသော အနက်ဖြစ်သင့်၏။ ။အပ်-ဟူသော အသုံးအဆောင်အမည်ကို ပညတ်မှသာထည်းဆိုသင့်၏။ အဘည်အလွှာကို အပ်စပ်သော အသုံးအဆောင် ဖြစ်၏ဟု အနက်အရကြီထည်း ထျော်ဖွယ်ထင်၏။

အ-ကာရန္တ၌ သေးသေးထင်တို့နှင့်စပ်ကာ အသံတူ မ-သတ်, န-သတ်ဟူသောဗျဉ်နအန္တ၊ထို့နောက် အစဉ်ထျော်စွာ က-သတ်, ဂ-သတ် စသည်တို့ကို အသံတူ မရသဖြင့် မထုတ်ခဲ့မူ၍,အကာရန္တ ၎င်းဖြစ်သော အစဉ်သင့် ည-သတ် ဟူသော ဗျဉ်နအန္တ၊ ထိုနှင့်အရေးအဖတ် ဟုက်ပြိန်းထတ်သော ဃ-သတ်ဟူသောဗျဉ်နအန္တ။ ထိုနောက် အ-ကာရန္တ ၎င်းဖြစ်သော ထ-သတ်ပ-သတ်ဟူသောဗျဉ်နဒ္ဓအန္တတို့ကိုဝေါဟာရထင်ရာ ပျို့ထက်ံစပ်အင်ပြု၍, အရအနက် ထွက်ကောင်းသည်နှင့် အ-ကာရန္တ ဝေါဟာရကို ထုတ်သည်ဩဇာ။

ကျိတ်-ကြိတ်-ကျိပ်

၃၇၆-ကမျည်း လုံးကြီးတင် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

အ-ကာရန္တ ဝေါဟာရကို ထုတ်ပြီးသော် ဣ-ကာရန္တကို ထုတ်အံ့။ ထို ဣ-ကာရန္တ၌လည်း ဝေါဟာရ အသုံးထင်ရာသာထုတ်အံ့။

က-အက္ခရာ လုံးကြီးတင်ဟူသော ဣ-ကာရန္တနောင် တ-သတ်ကား....

"ချင်းချင်းကျိတ်ကျိတ်၊ နပင်းဝိတ်သို့၊ ခွဲးစိတ်မမြိုး"
"ဝမ်းထားထဲးကျိတ်၊ သံမျှားချိတ်သို့၊ မိတ်မမူကောင်း"
"မယိုရေဖိတ်၊ ကျိတ်ကျိတ်လဲ့လဲ့" [၁]
"မှတ်သားမြိုးကျိတ်၊ ထဲးကြိုစိတ်ကို၊ တုံဆိတ်ကွယ်ရာ"

စသည်ဖြင့် မှာကျိတ်, မြိုးကျိတ်, ကျိတ်ကျိတ်လဲ့လဲ့-ဆိုသော အရာထင်၏။ ထိုကား 'ဖရိဖရဲး မကွဲးမပျက် စုရုံးသိပ်သည်းစွာဖြစ်ခြင်း' အနက်ထင်၏။

ရစ်သောအရာကား...."ဝန်တိုဆို့ဝိတ်၊ ရုံမက်စိတ်ဖြင့်၊ ညှစ်ကြိတ် ယန္တရား" [၂] စသည်ဖြင့် ညှစ်ကြိတ်သည်, ထိုးကြိတ်သည်, ကျောက်သားဖြင့် ကြိတ်သောအရာထင်၏။ ။အချို့ကား ဤ၌ ယပင့်ကုန်သောကြောင့် က-အက္ခရာ လုံးကြီးတင်ထွင် တ-သတ်၌ အရစ် မရသကဲ့သို့ရှိ၏။ ကြိတ်ပတီး၊ ကြိတ်မြက်- ဟူသည်လည်း နည်းတူ တ-သတ်ဝင်း ဖြစ်၏။ စဝ်အင်ဆင်ခြင်။

ထိုနှင့်အသံတူ ပ-သတ်ကား....

"သိကြားသုံးကျိပ်၊ ခြောက်ယောက်ထိပ်ကို၊ လှည်းနှိပ်ဘုန်းဖြင့်"
"နောင်မင်းကိုးကျိပ်၊ ကိုးယောက်ထိပ်ကို၊ တက်ဆိပ်မြွေစွယ်" [၃]
"ရွှေရောင်ရိပ်ရိပ်၊ တကျိပ်မောင်းမ" [၄]

စသည်ဖြင့် တကျိပ်, နှစ်ကျိပ်စသော ရေတွက် ဆိုမိန့်ခြင်းထင်၏။ [ဤ ပ-သတ်၌ အရစ် (ကြိပ်) ကား မထင်]။

၁၊ "ဆန့်ခွက်ယိုဖိတ်၊ ဝန်တို စိတ်ဖြင့်၊ ကျိတ်ကျိတ်လဲ့လဲ့။"ဘုံ * ၆၀။
၂ ကိုး * ၄၁။
၃ သံ * ၁၃၁။
၄ ဘူဃင် * ၃၀၇။

ချိတ်-ချိပ်

၃၂၃-ခဗျည်း ယပင့် လုံးကြီးတင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

ခ-အက္ခရာ ယပင့်လုံးကြီးတင် တ-သတ်ကား....

"ချွန်းတောင်းငင်ချိတ်၊ ထေးဖာစိတ်ဖြင့်၊ ဝိတ်ဝိတ်ခိုခို" ၁
"မငင်မချိတ်၊ မဝိတ်မကွယ်" ၂
"ရွှေကြိုးသွယ်မြိတ်၊ ရွှေချိတ်ချိတ်လျက်၊ ကရဝိတ်တွန်သံ"
"ဝမ်းထားထဲးကျိတ်၊ သံမျှားချိတ်ထို"

စသည်ဖြင့် ငင်ချိတ်သည်, ချိတ်တချူ-ဆိုသောအရာထင်၏။ ။ထို၌ ချိတ်တချူ-ဟူသည်ကို ချိတ်ချူ၍, ဟူတတ်သောအနက်ကြီသဖြင့် အနက်မကွဲးအစွဲးသင့်သည်ဖြစ်၏။

ထိုနှင့်အသံတူ ပ-သတ်ကား....

"ထင်းစဉ်ဝင်ချိပ်၊ ဒကုံဆိပ်ဝယ်၊ နေရိပ်ပြယ်စင်" ၃
"တရှိချိပ်ဟန်....မကိထိပ်စွန်....ပရိနိဗ္ဗာန်" ၄
"မောင်းမောင်းချိပ်ချိပ်၊ သင်္ကန်းရိပ်နှင့်၊ ကျင့်သိပ်ချေငံ"
"မှတ်ဝင်ထိုက်ထိပ်၊ ရွှန်းရွှန်းချိပ်မျှ၊ ပြုံးရိပ်ထိုထို"
"သုံးမည်လုထိပ်၊ မှတ်ခဲးရိပ်က၊ ပတ်ချိပ်နည်းဝေး" ၅

စသည်ဖြင့် မောင်းမောင်းချိပ်-ဆိုသောအရာ၊ ချိပ်-ဟူသောအမည် ထင်၏။ ။ထိုတွင် အဆင်းအားဖြင့် မောင်းမောင်းချိပ်ချိပ် ရှိသည်ကိုပင်စွဲး၍, ဆိုအပ်သော 'ချိပ်'ဟူသောအမည် ဖြစ်သင့်သောကြောင့် အနက်တူထည်းယူသင့်၏။ ပညတ်ကာမျထည်း ယူသင့်၏။ ။[၅၅] ခ-ဗျည်း၌ အရစ်မထင်။

ငြိတ်-ညိတ်

၃၂၀-ငဗျည်း အရစ် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

ငအက္ခရာ ရစ်ထျက် လုံးကြီးတင် တ-သတ်ကား....

"သောင်းသောင်း ထိတ်ထိတ်၊ ငြိတ်ငြိတ်မွှမ်းမွှမ်း" ၆

---

၁ ကိုး * ၁၆၇။
၂ သံ * ၁၄၀၊
၃ ဒေး * ၆၃၊ဒု။'ထင်းစည်ဝင်းချိပ်၊ ဒကုံထိပ်ဝယ်၊ မာရ်နှိပ်ပယ်စင်။'
၄ ဒေး * ၆၆။
၅ ဒေး * ၁၆၊ပ။ "မြွက်ခဲ့ရိပ်က။"
၆ ထန်ရ * ၁၂၊"ညိတ်ညိတ်မွှမ်းမွှမ်း"

"ပျံဝဲထိတ်ထိတ်၊ လျှပ်နယ်ဖိတ်သည်"
"ငြိုငြိတ်ကွန့်ထွက်၊ ပတ်မျှစက်မြေ"

စသည်ဖြင့် ငြိတ်ငြိတ်မွှမ်းမွှမ်း, ငြိုးငြိုးငြိတ်ငြိတ်-ဆိုသောအရာ၌ ရေးဖတ်ကုန်၏။ ။ ဤ၌ အချို့ကား.....ညအကွရာ (ညိတ်)ရေးကုန်၏။ညိုးညိုးလက်လက်-ဆိုသောအရာနှင့် တူသင့်သောကြောင့်၊ ည-အကွရာထျော်အံ့သို့ရှိ၏။ ။[ပ-သတ်ကားမထင်]။

စိတ်-စိပ်

၃၇၉-စဗျည်း သက်သက် လုံးကြီးတင် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

စ-အက္ခရာ လုံးကြီးတင် တ-သတ်ကား....

"ဆန်ခြမ်း ဆယ်စိတ်၊ လန်းထိတ်မထင်" ၁
"တင်းထျော့နိုင်ပတိတ်၊ အစိတ်အဖြာ" ၂
"ချင်းချင်းချိတ်ချိတ်၊ နပင်းပိတ်ဖြင့်၊ စွဲးစိတ်မမြဲး"
"မဖြောင့်နှံစိတ်၊တဏှာရိတ်ကို၊ အနိတ်တရား"
"ရွှေလွန်အတိတ်၊ သုစိတ်ကြီရှောင်း" ၃

စသည်ဖြင့် ခွဲးစိတ်သည်, စိတ်ဖျာသည်, စိတ်နှလုံးဆိုသောအရာထင်၏။ တစ္ဆေတ်, တစိတ်-ဟူသော အမည်လည်း ခွဲးစိတ်ခြင်း အနက်လည်းကောင်း ရသင့်၏။ ပညတ်မျှဟူလည်း တ-သတ် အရာပင်ဖြစ်၏။ စိတ်နှလုံးဟူသည်၌ကား စိတ္တသဒ္ဒါကိုစွဲးဖြိခြင်းထင်၏။

ထိုနှင့်အသံတူ ပ-သတ်ကား.... "ငြိုရောင်ချိပ်ချိပ်၊ ခြူးစိပ်ပုဆိုး"
"ရွှက်လည်းသိပ်သိပ်၊ စေ့စေ့စိပ်ထျင်၊ ရိပ်လည်းမြိုင်မြိုင်" ၄
"စေ့စေ့စိပ်စိပ်၊ သိပ်သိပ်သည်းသည်း" ၅

စသည်ဖြင့် စေ့စိပ်သည်, မကြဲးမစိပ်-ဆိုသောအရာထင်၏။ ။မိုးတစိပ်စိပ်ရွာ၏-ဟူသည်ကား မိုးပေါက် မကြဲးမလပ်၊ စေ့စိပ်၏-ဟူသောအနက်ယူထျင် ပ-သတ်လိုက်၏။

---

၁ ကိုး * ၁၆၇။
၂ ကိုး * ၂၃၉။
၃ ဘူဝေါင်း * ၇၃။
၄ လောသာ * ၂၀၊ "ရွှက်လည်းစိပ်စိပ်၊ စေ့စေ့သိပ်ထျက်။"
၅ ဘူဃဋ * ၃၄။

မိုးပေါက်မကြီးမဖွဲ့ အစိတ်စိတ် အဖြာဖြာကွဲး၍ ရွာ၏-ဟူသော အနက်ကိုယူလျှင် တ-သတ်လို၏။ ထိုတွင် နောက်နည်းနှင့် ဝေါဟာရလျော်အံ့ထင်၏။

ဆိတ်-ဆိပ်-ညိတ်

၃၈၈-ဆျည်း သက်သက် လုံးကြီးတင် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

ဆ-အက္ခရာ လုံးကြီးတင် တ-သတ်ကား....

"လူသံဆိတ်ဆိတ်၊ မြို့လုံးတိတ်၏။ ကောင်းစိတ်ကောင်းနှယ်" ၁
"ဥက်ထားမြီးကျိတ်၊ ထဲးကြိုစိတ်ကို၊ တုံဆိတ်ကွယ်ရာ"
"မှာခဲ့တုံဆိတ်၊ နှုတ်တော်ပိတ်မှ၊ နေမိတ္ထက" ၂
"နေချင်တုံဆိတ်၊ ရှေးအတိတ်ဖြင့်၊ ဝိနိစ္ဆယ"
"ကြည့်မျော်ရှုဆိတ်၊ သတိဝိတ်သည်၊ တဝ်စိတ်ငြူစူ ရှဲးသတည်း" ၃
"မရှလှည့်ဆိတ်၊ ငြူစူစိတ်ဖြင့်၊ အဟိတ်ဥက်ညစ်"
"တဖျောက်ဆိတ်ဆိတ်၊ ထဲးစိတ်ဝန်တို"
"ဆင်မြင်းနွားဆိတ်၊ အဟိတ်ထိန်းကျောင်း" ၅
"မမြဲးအနိတ်၊ ဝိပရိတ်ကို၊ တဆိတ်မထွေး" ၆
"သွယ်ထျမုဆိတ်၊ ချမြိတ်များလျား" ၇
"မုနားသွယ်မြိတ်၊ မိုဆိတ်မြုံ့မြုံ့" ၈
"နန်းသူဆိတ်သည်၊ ပရိတ်ခြည်မျှ" ၉

စသည်ဖြင့် တိတ်ဆိတ်သည်, တုံတုံဆိတ်ဆိတ်, ရှဆိတ်, နေဆိတ်သည်, တဖျောက်ဆိတ်ဆိတ်ရှိသည်, ဆင်မြင်းနွားဆိတ်, တဆိတ်တပေါက်မျှ ဆိုသောအရာ, ဆံမုဆိတ်ဆိုသောအရာ, ထက်ဖြင့်ဆိတ်သည်-နှုတ်သီးဖြင့်ထိုးဆိတ်သည်-ဟိုသောအရာထင်၏။

---

၁ ကိုး * ၂၇၇။
၂ သံ * ၉၆။
၃ သံ * ၁၄၀။
၄ သံ * ၁၄၅။
၅ ကိုး * ၁၅။
၆ ဘူပေါင်း * ၁၇။
၇ ထန်ရ * ၁၆။
၈ ကိုး * ၁၂၁။ "မုတ်ဆိတ်မြုံ့မြုံ့။"
၉ ဒေး * ၁၇၉ (ဒု)၊ "နန်းသူ ဆိတ်သည်း။"

ထိုတွင် မှာခဲ့တုံဆိတ်-ဟူသည်ကို တဆိတ်မတွေ့-ဟူသည် မှာကဲ့သို့ 'တဆိတ် တပေါက်'ဟူသောအနက် အချို့ ဆိုမိန့်ရေးဖတ်ကုန်၏။အချို့ကား 'တံဆိတ်-ဟူ၍ ရပ်တုံ့ဆိတ်ညှပ်ခြင်း' အနက် ရေးဖတ်ကုန်၏။ ခြေနင်း တုံဆိတ်-ဟူသည် မှာထည်း နည်းတူအံ့သည်၊ 'ဆိတ်သည်'ဟူသောအနက်ယူကုန်၏။ "ထဲးကြိစိတ်ကို၊ တုံဆိတ် ကွယ်ရာ။ ။တိုင်ပင်စကား၊ တုံသက်ကြားသော်၊ ရဲးမက်ထုံးတည်း၊ တီးတုံးဆိုကြ" စသည်ဖြင့်သူများမကြားမသိစေရ ယုံကြည်လောက်သောသူ တယောက် နှစ်ယောက် မျှ သိကြားရုံ ဆိတ်သာသာ ပြောဆိုသည်ကို တုံတုံဆိတ်,ဆိတ်တုံ,တုံဆိတ်, တီးတီး တုံးတုံး-ပြောဆိုသော ဝေါဟာရဖြင့် ဒသရဋ္ဌမင်း သားတော်ကြီးရာမလက္ခဏတို့အား အမောင်တို့ ညီဘရတကို အဓိကျေးဇူး နန်းစောင့်တော့ ဆိုပခဲ့သည်။ တဆယ့် နှစ်နှစ်မျှ ငါ့၏သက်တော် ကြွင်းသည်ကို ငါလွန်ရုံ အမောင်တို့ ရှောင်တိမ်း၍ နေကြပါဦး။ ငါမရှိနောက် မောင်တို့ ဆိမ်းယူကာ အလွယ်သာပ။ ဤသို့သော အဓိပ္ပါယ်ကို "နိမိတ္တက၊ တတ်လှအကျော်၊ ဆရာခေါ်၍၊ သက်တော်အကြွင်း"-မှ သည် 'ဖြားယောင်းခယတည်း'ဟူသောလင်္ကာအား ဖြင့်ထင်သာသည်ဖြစ်၏။တဆိတ် တပေါက်မျှ မှာထားသည် ဟူသောအနက်၊ ရပ်တုံ့ဆိတ်ညှပ်သည် ဟူသောအနက် ထျော်အံ့သို့မရှိ။

ခြေနင်းတုံဆိတ်-ဟူသည်မှာကား ရာမမင်း၏ခြေနင်းသည် အဆုံးအဖြတ်သဘော မကျမှု၊ မငြိမ်မဝပ် မတုံမဆိတ် လှုပ်ရှားသည်၊ သဘောကျမှု ငြိမ့်ဝပ် တုံဆိတ် သည်-ဟူသောအနက်, တုံတုံ ဆိတ်ဆိတ် တည်ရပ်၏-ဟူသော အနက်ထျော်၏။ ပျိုထက်ဝတ်ရွှဲကား ဉာဏ်သွားတိုင်း စကားရတိုင်း ဆိုမိန့်ကုန်သည်။ အချို့ကား အသတ် အစပ်နှင့် ညှိနှိုင်း၍ ဆိုမိန့်ကုန်သည်။ အသင့်အားဖြင့် စကားအရသည်း ထျော်အောင်, အသတ် အစပ်သည်းတော်အောင် ရွှေမျှော်နောက်လှမ်း ဆိုရိုးစကား ဟောင်းကိုမျှော်တောက်၍, ပျိုဆရာ၏ အာသာသို့ရောက်အောင် ဆင်ခြင်၍, ယူသည်သာ သင့်ရာသည်ဖြစ်၏။

ဆ-အက္ခရာ လုံးကြီးတင် ပ-သတ်ကား....

"ခတ်ပြီးတံဆိပ်၊ ကမ္ဘည်းထိပ်ဖြင့်၊ နှောင်ဆိပ်ခြိုးလှ" ၁
"စကားတဆိပ်၊ တခွန်းရိပ်က၊ တောင်ထိပ်ကြာရောက်" ၂
"ရွှေစက်နှင်းနိပ်၊ ရာတံဆိပ်ဖြင့်၊ မှန်ထိပ်ခတ်ထပ်"
"ကျွန်းသာမြရိပ်၊ ဇမ္ဗူဒိပ်၌၊ တံဆိပ်ပြောင်ပြောင်"

---

၁ ကိုး * ၂၁၄။ ၂ ဆံ * ၁၂၀။

"ပျောက်တိမ်ရံဆိပ်၊ သေးကျွန်းထိပ်ဝယ်၊ ဘုန်းရိပ်လွှမ်းခြုံ" ၁
"နောင်မင်းကိုးကျိပ်၊ ကိုးယောက်ထိပ်ကို၊ တက်ဆိပ်မြွေစွယ်" ၂
"ချက်ပွေ့ထယ်ထိပ်၊ တန်းဆောင်ရိပ်ဝယ်၊ ဖျောက်ဆိပ်သောကြာ" ၃
"ယိမ်းနွဲ့းမသိမ်၊ ရွှေနန်းဆိပ်သို့၊ ချမ်းရိပ်သာစွာ"

စသည်ဖြင့် ခတ်သည် တံဆိပ်, မြွေစသည်တို့၏အဆိပ်, ကြယ်ဖျောက်ဆိပ်,မြစ်ဆိပ်-ဟူသော အရာထင်၏။ ထိုတွင် ပျောက်တိမ် ရန်ဆိတ်-ဟူ၍ ရန်သူ တိတ်ဆိတ်သည်-ဟူသော တ-သတ်အနက်ယူမှု သဘောကားထင်သာစွ။ပ-သတ်စင်အင်ထင်ခြေသော ကြောင့် ရန်သူဟူသော အဆိပ်,ရန်၏အကင်းအဆိပ် ပျောက်တိမ်၏-ဟူသောအနက်ကို ယူမှု သင့်၏။

ည-အက္ခရာ လုံးကြီးတင် ပ-သတ်ကား.....ယခင် မွှမ်းမွှမ်းညိတ်ညိတ်, ညိုးညိုး ညိတ်ညိတ်, ဆိုသောအရာမျှသာ။ ။[ပ-သတ်ကား မထင်]။

တိတ်-ဦတ်-ဒိတ်

၃၈၁-တမျည်း သက်သက် လုံးကြီးတင် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

တ-အက္ခရာ လုံးကြီးတင် တ-သတ်ကား.....

"လူသံဆိတ်ဆိတ်၊ မြို့လုံးတိတ်၏" ၄
"ရှေးလွန်အတိတ်၊ သုစိတ်ကြွရှောင်း" ၅

စသည်ဖြင့် ဆိတ်တိတ်သည်,ရှေးအတိတ်-ဆိုသောအရာထင်၏။ထိုတွင်ရှေးအတိတ်-ဟူသည်၌ အတီဘ-ဟူသောပါဠိဗျိတ်ထင်၏။ "မဟာပဏ္ဍိတ်၊ ပရောဟိတ်လည်း၊ ဆိတ်ဆိတ်မနေ။ ။မဟာပဏ္ဍိတ်၊လင်မိတ်ဘုန်းကျော်"....စသည်ဖြင့်ပဏ္ဍိတ်ဟူသောဆိုမိန့်ခြင်းသည်း ပဏ္ဍိ-ဟူသော ပါဠိဗျိန့်အညီ ဏကြီးသံယုတ်နှင့် အရေးထင်ပြ။ ။

---

၁ ကိုး * ၇။"ပျောက်တိမ်ရန်ခိုပ်။" ၄ ကိုး * ၂၇၇။
၂ ထန်ရ * ၁၃။ ၅ ဘူပေါင်း * ၇၃

"ဘုန်းရောင်ဗျာဒိတ်၊ ချစ်နိမိတ်ကို၊ မဲ့စိတ်ယုံထိုက်"စသည်ဖြင့် ဗျာဒိတ် * ဟူသော ဆိုမိန့်ခြင်း၌ကား အဆုတ်အသင်ခက်၏။ ပါဠိ၌မိုလည်းမထင်။ မြန်မာမှုလည်းသတော မမြင်၊ မြန်မာမှုသက်သက်ဝယ် ဗထက်ချိုက် ဒဒွေးယော်တို့လည်း မတွင်သောကြောင့် ဆုတ်သင်ခက်၏။

ယခိုက်ဗျာဒိတ်ဟာ (ပြာဋိဟာ ?)ဟူသည်၌ကား....'ပဋိတော ဟိဿဟေရက် ဟိရက်'ဟူသော ဆုတ်၏ ဥဒါဟရက်ဖြစ်သင့်သောကြောင့် ပဋိ-ရှေးရှိသောဟိဓာတ် ကို ဟေရက်-ဟိရက်ပြု၍ ရုပ်ပြီး၏။ အရကား [ပဋိပက္ခေ မဒ္ဒိတွာ ဟိနောတိ ပဝတ္တတိတိ ပါဋိဟာရိယံ] ဟူသော ဝစနတ္ထနှင့်အညီ ဆန့်ကျင်ဘက်ကို နှိပ်၍ဖြစ် တတ်သောအစွမ်းကို ပြုခြင်းအနက်တည်း။ ထိုနှင့်ထျော်စွာ တိတ္ထိတို့အစွမ်းကိုနှိပ်၍ ဘုရားမြတ်စွာပြတော်မူခြင်း၊ အရှင်ပိဏ္ဍောလ, အရှင်မောဂ္ဂလာန်-စသောသာဝက ရဟန္တာ ဗြဟ္မာသိကြား ထူးပြားသော ဘုန်းတန်းခိုးရှိသော လူပုထုဇဉ် မွေတော် ဓာတ်တော်တို့၏ တန်းခိုးအစွမ်းပြခြင်းကိုဗျာဒိတ်ဟာ (ပြာဋိဟာ ?)ပြသည်ဟူသော ဆိုမိန့်ခြင်းထင်၏။ ။ထိုဥ်ကား ပဋိဟူသော ဥပသာရပုဒ်ကိုထောက်၍ ပ-စောက် တဝမ်းပူ အက္ခရာ (ပါကိဟာ) ထင်၏။ ပ-ဥရစ်ခြင်း၊ ဒီဃရောက်ခြင်း၊ တဝမ်းပူကို ဋ္ဌခြေစင်း ပဌမက္ခရာချင်းတူစွာ ပြုခြင်းတို့လည်း ထင်သာ၏။ ထင်သည်နှင့် အညီ 'ပြာဋိဟာ'ဟူ၍ ရေးသင့်ဣက် ဗထက်ချိုက် ဒဒွေးယော်ရေးခြင်း၊ ဒဒွေးတွင် တ-သတ် ပြန်ခြင်းတို့ကား သဒ္ဒါနေကို မကျမ်းသည်နှင့် ဖတ်သံမျှကိုထိုက်၍သာ အရေး ယွင်းသည်ဖြစ်ရာ၏။ ယင်းသို့သော်လည်း မြင်သာ အရေးလည်းထင်သာသည်ဖြစ်၏။ ထိုဥ် အရကား တန်းခိုးအစွမ်းပြခြင်းကို 'ဗျာဒိတ်ဟာ'ယူခဲ့၊ အဓိန္ဓတော် ဗျာဒိတ် တော်ဟူသည်၌ကား ဆိုမိန့်ခြင်းအနက်ဖြစ်ခဲ့၊ ထို့ကြောင့် ဆုတ်သင်ခက်၏သို့ ရှိ၏။ ကြီ၍ယူမူကား ဘုန်းစက်ဗျာဒိတ်- ဟူသည်၌ 'ငြိမ်အောင်ပြေကြောင်း၊ ပြည့်ဝါ ကောင်း၏'ဟူသည်နှင့်အညီ နှလုံးပန်းခြင်းငြိမ်အောင် အခွင့်ပြေမည် အကြောင်း၊ ပြည့်ပါကောင်း၏-ဟူသောအနက်ကိုယူ၍ နှလုံးငြိမ်ခြင်း၊ အခွင့်ပြေခြင်း ထင်အောင် ပြည့်ဆောင်ခြင်းကိုပင် တန်းခိုးအစွမ်းပြခြင်းအနက်ဟူ၍ 'ဗျာဒိတ်ဟာ' ဆိုလိုသော အရာပင်၊ လက်ာအားဖြင့်သာ ဗျာဒိတ်-ဆိုသည် ယူသင့်၏။ ထိုနှင့်ထျော်စွာ အဓိန္ဓ တော်, ဗျာဒိတ်တော်-ဟူသည်တို့၌လည်း ဘုန်းတန်းခိုးကြီးသော သူတို့၏ အဓိန္ဓ အမြဲက်ကိုသာ ဗျာဒိတ်ဆိုသော အရာထင်သောကြောင့် အကျိုးအခွင့် ပြီးစေခြင်း

---

* သောကထိပ်ပန် ၅၀၊ နှစ်ကျိပ်ရှစ်ဆူ မင်စာ၌ ဗျာဒေသိဟု တွေ့ရသည်။ သက္ကဋ၊ ဗျာဒေဒ(ဗျာဒေသ)။"ဆရာ တော်လည်း၊ နုမော် ဗျာဒိတ်၊ မြတ် သောစိတ်ဖြင့်၊ နိမိတ်ကောင်းအောင် ဘိသိက်ဆောင်သည်။"ထီး * ၃၄။

"မပြုချစ်စိတ်၊ ပရောဟိတ်နှင့်၊ ဆွေမိတ်ကျွမ်းဝင်" [1]
"ဘုန်းစက်ဗာဒိတ်၊ ချစ်နိမိတ်ကို" [2]
"ရှင်လန်းမထိတ်၊ မှတ်သည်စိတ်ဖြင့်၊ နိမိတ်ရှေးရိုး" [3]

စသည်ဖြင့် မိတ္ထ, နိမိတ္တ-သဒ္ဒါကို စွဲမှီသော အဆွေမိတ်, နိမိတ်-ဆိုသော အရာထင်၏။

ရစ်၍, လုံးကြီးတင် တ-သတ်ကား…."မုနားသွယ်မြိတ်၊ မုဆိတ်မြုံ့မြုံ့" [4]
"ရွှေကြိုးသွယ်မြိတ်၊ ရွှေချိတ်ချိတ်ထျက်၊ ကရဝိတ်တွန်သံ"
"သွယ်ထျမုဆိတ်၊ ချမြိတ်များထျား" [5]

စသည်ဖြင့် အမြိတ်အညွှန့်, အမြိတ်အသံဆိုသောအရာ ထင်၏။

ဟဆွဲး လုံးကြီးတင် တ-သတ်ကား….

"စက္ခုမမှိတ်၊ ဖိုလ်ဇောစိတ်ဖြင့်၊ မျှဉ်းတိုတ်ပျော်မွေ" [6]
"မျက်စိဝိတ်ဝိတ်၊ အသေမှိတ်၍, အဓိဋ္ဌာန" [7]

စသည်ဖြင့် မျက်စိမှိတ်သည်-ဆိုသောအရာထင်၏။ [ဤ၌ မ-အက္ခရာ လုံးကြီးတင်၍, ပ-သတ် မထင်]။

ရိတ်-ရိပ်

၃၇၇-ရဗျည်း လုံးကြီးတင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

[ယ-အက္ခရာ လုံးကြီးတင် တ-သတ်,ပ-သတ်နှစ်ပါးလုံးမထင်]။ ။ရ-အက္ခရာ လုံးကြီးတင် တ-သတ်ကား…."ပရိတ္တသဒ္ဒါကို ပရိတ်၊ ဝိပရိတ္တသဒ္ဒါကို ဝိပရိတ်၊ ကံကျွေးစရိတ်-ဆိုသောအရာ ထင်၏။

ပ-သတ်ကား….

"ညှိရောင်ရိပ်ရိပ်၊ ခြွေးစိပ်ပုဆိုး။ ။ရွှေရောင်ရိပ်ရိပ်၊ တကျိပ်မောင်းမ"
"ကျွန်းသာမြရိပ်၊ ဇမ္ဗူဒိပ်၌၊ တံဆိပ်ပြောင်ပြောင်"

---

၁ ကိုး * ၁၀၀။
၂ နောင်၊တသောင်းရှစ်ပြန်ချို(ဒု)။
၃ နောင်၊ ဆွတ်ပျံဘွယ်အောင်ချို (တ)
"နိဗ္ဗာန်ရည်ခန်း၊ ရှုံ့ထန့်မထိတ်။"
၄ ကိုး * ၁၂၁၊ 'မုတ်ဆိတ်မြုံ့မြုံ့။'
၅ ထန်ရ * ၁၆။
၆ ထန်ရ * ၂၀။
၇ ဘူထင် * ၄၂၂။

"ဘုန်းရောင်ဗျာဒိတ်၊ ချစ်နိမိတ်ကို၊ မဲ့စိတ်ယုံထိုက်" စသည်ဖြင့် ဗျာဒိတ် * ဟူသော ဆိုမိန့်ခြင်း၌ကား အသုတ်အသင်ခက်ဇ်။ ပါဠိ၌မိုလည်းမထင်။ မြမွာမှုလည်းသဘော မမြင်၊ မြမွာမှုသက်သက်ဝယ် ဗထက်ချိုက် ဒဒွေးငယ်တို့လည်း မတွင်သောကြောင့် သုတ်သင်ခက်ဇ်။

ယမိုက်ဗျာဒိတ်ဟာ (ပြာဋိဟာ ?)ဟူသည်၌ကား....'ပဋိတော ဟိဿဟေရက် ဟိရက်' ဟူသော သုတ်ဇ် ဥဒါဟရုက်ဖြစ်သင့်သောကြောင့် ပဋိ-ရှေးရှိသောဟိဓာတ် ကို ဟေရက်-ဟိရက်ပြု၍ ရုပ်ပြီးဇ်။ အရကား [ပဋိပက္ခေ မဒ္ဒိတ္ထာ ဟိနောတိ ပဝတ္တတီတိ ပါဋိဟာရိယံ] ဟူသော ဝစနတ္ထနှင့်အညီ ဆန့်ကျင်ဘက်ကို နှိပ်၍ဖြစ် တတ်သောအစွမ်းကို ပြုခြင်းအနက်တည်း။ ထိုနှင့်ထျော်စွာ တိတ္ထိတို့အစွမ်းကိုနှိပ်၍ ဘုရားမြတ်စွာပြတော်မူခြင်း၊ အရှင်ပိဏ္ဍောလ, အရှင်မောဂ္ဂလာန်-စသောသာဝက ရဟန္တာ ပြဘွာသိကြား ထူးပြားသော ဘုန်းတန်းခိုးရှိသော လူပုထုဇဉ် မွေတော် ဓာတ်တော်တို့ဇ် တန်းခိုးအစွမ်းပြခြင်းကိုဗျာဒိတ်ဟာ (ပြာဋိဟာ ?)ပြသည်ဟူသော ဆိုမိန့်ခြင်းထင်ဇ်။ ။ထိုဥကား ပဋိဟူသော ဥပသာရပုဒ်ကိုထောက်၍ ပ-စောက် တဝမ်းပူ အက္ခရာ (ပါကိဟာ) ထင်ဇ်။ ပ-ဥရစ်ခြင်း၊ ဒီဃရောက်ခြင်း၊ တဝမ်းပူကို ဥခြေစင်း ပဌမက္ခရာချင်းတူစွာ ပြုခြင်းတို့လည်း ထင်သာဇ်။ ထင်သည်နှင့် အညီ 'ပြာဋိဟာ' ဟူ၍ ရေးသင့်ထျက် ဗထက်ချိုက် ဒဒွေးငယ်ရေးခြင်း၊ ဒဒွေးတွင် တ-သတ် ပြန်ခြင်းတို့ကား သဒ္ဒါနေကို မကျွမ်းသည်နှင့် ဖတ်သံမျှကိုလိုက်၍သာ အရေး ယွင်းသည်ဖြစ်ရာဇ်။ ယင်းသို့သော်လည်း မြင်သာ အရေးလည်းထင်သာသည်ဖြစ်ဇ်။ ထို၌ အရကား တန်းခိုးအစွမ်းပြခြင်းကို 'ဗျာဒိတ်ဟာ' ယူခဲ့၊ အဓိန္ဓတော် ဗျာဒိတ် တော်ဟူသည်၌ကား ဆိုမိန့်ခြင်းအနက်ဖြစ်ခဲ့၊ ထို့ကြောင့် သုတ်သင်ခက်ဇ်သို့ ရှိဇ်။ ကြီ၍ယူမှုကား ဘုန်းစက်ဗျာဒိတ်- ဟူသည်၌ 'ငြိမ်အောင်ပြေကြောင်း၊ ပြည့်ဝါ ကောင်းဇ်' ဟူသည်နှင့်အညီ နှလုံးပန်းခြင်းငြိမ်အောင် အခွင့်ပြေမည် အကြောင်း၊ ပြည့်ဝါကောင်းဇ်-ဟူသောအနက်ကိုယူ၍ နှလုံးငြိမ်ခြင်း၊ အခွင့်ပြေခြင်း ထင်အောင် ပြည့်ဆောင်ခြင်းကိုပင် တန်းခိုးအစွမ်းပြခြင်းအနက်ဟူ၍ 'ဗျာဒိတ်ဟာ' ဆိုလိုသော အရာပင်၊ လက်ာအားဖြင့်သာ ဗျာဒိတ်-ဆိုသည် ယူသင့်ဇ်။ ထိုနှင့်ထျော်စွာ အဓိန္ဓ တော်, ဗျာဒိတ်တော်-ဟူသည်တို့၌လည်း ဘုန်းတန်းခိုးကြီးသော သူတို့ဇ် အဓိန္ဓ အမြွက်ကိုသာ ဗျာဒိတ်ဆိုသော အရာထင်သောကြောင့် အကျိုးအခွင့် ငြိုးစေခြင်း

---

* လောကထိပ်ပန် ၅၀၊ နှစ်ကျိပ်ရှစ်ဆူ မင်စာ၌ ဗျာဒေသိဟု တွေ့ရသည်။ သဏ္ဌဋ္ဌ၊ ဗျာဒေဓ(ဗျာဒေသ)။ "ဆရာ တော်လည်း၊ နမော် ဗျာဒိတ်၊ မြတ် သောစိတ်ဖြင့်၊ နိမိတ်ကောင်းအောင် ဘိဆိက်ဆောင်သည်။" ထီး၉ * ၃၄။

အစွမ်းကို ပြသောအရာငင်း ယူရဖွယ်ရှိ၏။ယင်းသို့ယူလျှင် ယခင်ဆိုတိုင်း ပဌမကွရာသာ ရေးလိုရင်းမူထဖြစ်၏။ ဆင်ခြင်။ ကုသထတိက်၊ ဝေဒနတိက်-ဆိုသောအရာကား တိကသဒ္ဒါအစွဲးထင်၏။ ။[ပ-သတ်ကား မထင်]။

ထိတ်-ထိဝ်

၃၈၂-ထပျည်း လုံးကြီးတင် တ-သတ်,ပ-သတ်၌ ဝေါဟာရကိုပြခြင်း

ထ-အက္ခရာ လုံးကြီးတင် တ-သတ်ကား

"ညီညာထိတ်ထိတ်၊ တောင်လုံးပိတ်မျှ၊ ဘိသိက်မြောက်သွန်း"
"သောင်းသောင်းထိတ်ထိတ်၊ ငြိတ်ငြိတ်မွှမ်းမွှမ်း" ၁
"အံ့သောက်ကောင်းဟိတ်၊ တိတ်နိမိတ်ဖြင့်၊ ထိတ်ထိတ်မွှမ်းမွှမ်း" ၂
"ကျောင်းသည့်ထိတ်ထိတ်၊ ရှမ်းပြည်ဝိတ်မျှ၊ နိမိတ်ပြာဋိဟာ"
"ပျံဝဲထိတ်ထိတ်၊ ထျပ်နယ်ဖိတ်သည်၊ ညှိညှိတ်ကွန့်ထွက်"
"မိုးဝှန်ထိတ်ထိတ်၊ မြောက်ဘိသိက်ဖြင့်၊ အာဒိစ္စဝင်"
"ကြွေးရှင်ကရဝိတ်၊ ကျွန်းလုံးထိတ်မျှ၊ မဖိတ်မယို" ၃
"ဆံခြမ်းဆယ်စိတ်၊ လန့်ထိတ်မထင်" ၄
"ကြာသေဉ်လန့်တိတ်၊ ဆွဲဝိတ်နားဝ" ၅

စသည်ဖြင့် သောင်းသောင်းထိတ်ထိတ်,မွှမ်းမွှမ်းထိတ်ထိတ်, လန့်ထိတ်သည်-ဆိုသောအရာထင်၏။ ထိုဌ အနက်ကား ထိန့်သည်-ဟူသောအနက်နှင့် ထျော်အံ့သို့ရှိ၏။ခတ်သည် ထိတ်ထည်း တ-သတ်ထျော်၏။

ပ-သတ်ကား....

"မုတ်ဝင်လိုက်ထိဝ်၊ ရွှန်းရွှန်းချိဝ်မျှ၊ ပြုံးရိဝ်လိုလို"
"သုံးမည်လုထိဝ်၊ မှတ်ခဲ့ရိဝ်က၊ ပတ်ချိဝ်နီးဝေး" ၆
"မြေပြင်အထိဝ်၊ ပြည့်သိဝ်သဏ်ာ" ၇

---

၁ တန်ရ * ၁၂။
၂ ပုံတောင် * ၂၁။
၃ ကိုး * ၂၃၇။
၄ ကိုး * ၁၆၇။
၅ ကိုး * ၂၅၀။
၆ ဒေး * ၁၆၊၀။
၇ သံ၊ နိဂုံး * ၂။

"ဗြိုယိုင်တောင်ထိပ်၊ မိုးကြိုးနှိပ်သို့၊ လှည်းသိပ်နှိုင်မည်" [၁]
"ကြိုးထူသစ်ထိပ်၊ တက်၍ အိပ်၏၊ နေရိပ်မမြင်"
"ရွှေစက်နင်းနှိပ်၊ ရာတံဆိပ်ဖြင့်၊ မှန်းထိပ်ခတ်တတ်"

စသည်ဖြင့် အထွတ်အထိပ်ဆိုသောအရာ ထင်၏။ ။ထိုထွင် မှန်းထိပ် ခတ်တတ်-ဟူသည်၌ **မှန်းထိပ်**-ဟူသည်ကား တ-သတ်, ပ-သတ်နှစ်ပါးလုံး အနက်မထင်။**မှန်းထိန်း** ဆိုထိုသောအနက်ကဲ့သို့သာထင်၏။

နိတ်-နိစ်-နိပ်-နှိပ်

၃၈၃-နဗျည်း လုံးကြီးတင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို မြခြင်း

န-အက္ခရာ လုံးကြီးတင် တ-သတ်ကား.... "မမြဲအနိတ်၊ ဝိပရိတ်ကို၊ တဆိတ်မတွေး" [၂] စသည်ဖြင့် အနိတ်-ဆိုသောအရာထင်၏။ ထို၌ အနိစ္စ-ဟူသော ပါဠိသို့ လိုက်၍ စ-သတ်သင့်ဟန် 'စကာရန္တံ တကာရန္တံ သမံဝဒေ' ဟူသည်နှင့်ဝင်း, စပ်အင်နှင့်ဝင်း ညီစွာ တ-သတ်သည်ဖြစ်၏။

ပ-သတ်ကား...."ဆုံးတန်ပေါ်နိပ်၊ ဂြိုဟ်အိပ်စန်းကျ" [၃] စသည်ဖြင့် နိပ်သည်-နိမ့်သည် ဆိုသောအရာ ထင်၏။ ထိုနိပ်သည်-ဟူသော ဝေါဟာရသည်-သဃံဇာတအလိုထိုပျောက်နိပ်ခြင်း-ဟူသော သုဒ္ဓအနက်ဖြစ်၍ 'နိပ်စေသည်'ဟူသောကာရိုက်အနက်လိုခါ "ချိဆောင့်ခုန်နင်း၊ နှိပ်နင်းသတ်ပုတ်" [၄]

"ကြိုးမကွပ်နိပ်၊ နှုတ်သာရိပ်က။ [၅] ။ရွှေစက်နင်းနှိပ်၊ ရာတံဆိပ်ခြင့်" ဟူ၍ 'နှိပ်သည်' ဟူသော ဟည်းဆိုမိန့်ခြင်းထင်၏။

---

၁ သံ * ၁၅၄။
၂ ဘူပေါင်း * ၁၇၊ 'မမြဲအနိစ်။' ခေါင်းစဉ်(၁၆၅) နိပ်အခန်း၌ 'နိစသဒ္ဒါနှင့်အညီ နိစ်သည်ဟူ၍ စသတ်ထည်းသင့်ရာ၏။'ဟု ပါသည်။
၃ ကိုး * ၄၂။
၄ ဘူပေါင်း * ဂ၊ 'ချိဆောင့်ခုန်သိပ်၊ နင်းနှိပ်သတ်ပုတ်။'
၅ သံ * ၁၀၇။

ဝိတ်-ဝိဝ်-ပြိတ်

၃၀၄-ပဗျည်း လုံးကြီးတင် တ-သတ်, ပ-သတ်၌
ဝေါဟာရကိုပြခြင်း

ပ-အက္ခရာ လုံးကြီးတင် တ-သတ်ကား....

"မျက်စိဝိတ်ဝိတ်၊ အသေမှိတ်၍၊ အဓိဋ္ဌာန" [၁]
"အချင်အဝိတ်၊ ရောင်ဖိတ်ရွှေစင်။ ။မင်းမချိတ်၊ မဝိတ်မကွယ်" [၂]
"ကြည့်မျော်ရှုစိတ်၊ သတိဝိတ်သည်" [၃]
"ချင်းချင်းကျိတ်ကျိတ်၊ နပင်းဝိတ်ဖြင့်"
"ကျောင်းလည်ထိတ်ထိတ်၊ ရှုမခြည်ဝိတ်မျှ"
"ဆွမ်းတသဝိတ်၊ မှတ်သည်စိတ်ဖြင့်"
"ရောင်ခြည်ဝိတ်ဝိတ်၊ သဝိတ်နှစ်ထွေ"

စသည်ဖြင့် ဆိုဝိတ်သည်, သဝိတ်-ဆိုသောအရာထင်၏။ ။ပ-သတ်ကား မထင်။ 'မိုးကာဝိဝိဝ်၊ ချနေရိဝ်၊ ဖွင့်မှိဝ်ပျော်မိဝ်မိဝ်'ဟူ၍ ဝိဝ်ဝိဝ်၊ ဖွင့်မှိဝ်-ဟူ၍ ပ-သတ်ထေသည်ကား ထိုဆရာ၏ ဝါဒသာဖြစ်၏။

ရစ်၍ တ-သတ်ကား...."ကြက်ငါးဘုတ်ပြိတ်၊ အဟိတ်မြွေဖား" [၄] စသည်ဖြင့် ဘုတ်ပြိတ်-ဆိုသောအရာ ထင်၏။ ထို၌ ပေတ-သဒ္ဒါ, ပြေတ-သဒ္ဒါ ရှိသောကြောင့် 'ဘုတ်ဝိတ်' ဟူ၍ ပ-သက်သက်လည်း ရေးဖတ်ကောင်း၏၊ ပြိတ်မြက်-ဟူသည်လည်း တ-သတ်ထွေ့ခ်၏။ ။[ပ-သတ်မထင်]။

ဖိတ်

၃၀၅-ဖဗျည်း လုံးကြီးတင် တ-သတ်, ပ-သတ်၌
ဝေါဟာရကို ပြခြင်း

ဖ-အက္ခရာ လုံးကြီးတင် တ-သတ်ကား....

"ပညာရောင်ဖိတ်၊ ပရောဟိတ်ကား၊ ဆိတ်ဆိတ်သံဝေ" [၅]

---

၁ ဘူဇင် * ၄၂၂။
၂ သံ * ၁၄၀။
၃ သံ * ၁၄၀။
၄ ကိုး * ၁၅၉၊ 'ကြက်ညာဘုတ်ပြိတ်။'
၅ ကိုး * ၁၄၃။

"ရောင်ခြည်ဖိတ်ဖိတ်၊ သပိတ်နှစ်ထွေ"
"ပျံဝဲထိတ်ထိတ်၊ ထျပ်နှယ်ဖိတ်သည့်"
"မယိုရေဖိတ်၊ ကျိတ်ကျိတ်လဲ့လဲ့"
"မှာခဲ့တုံဆိတ်၊ နှုတ်တော်ဖိတ်မှ" ၂

စသည်ဖြင့် အရောင်ဖိတ်ဖိတ်, ယိုဖိတ်သည်, နိမန်ဖိတ်သည်-ဆိုသောအရာ ထင်၏။

ထို၌ အရောင်ဖိတ်ဖိတ်-ဟူသည်လည်း 'ယိုဖိတ်သည်' ဟူသောအနက် လျော်၏။ 'နှုတ်တော်ဖိတ်မှ' ဟူသည်တွင် ပစောက်အက္ခရာ အချို့ ရေးဖတ်ကုန်၏။ 'မရှုတ်မချ၊ ထပ်မျှမေတ္တာ၊ မှာခဲ့တုံဆိတ်' ဟူသည်နှင့်သာ နှုတ်တော်ကို ပိတ်ဆို၍ မနေ။ "နှစ်ပါးညီနောင်၊ မောင်တို့မှတ်ရစ်၊ ထိုသည်နှစ်ဝယ်၊ လွန်လစ်သောခါ။ ။လာလှည့်ကုန်မင်း၊ မ၌်ထျင်းနှင့်၊ ချက်ချင်းထီးဖြူ၊ ဖရာဟူလေ့၊ ဆယ်သူ တည်တန့်၊ ဟန်ထားအံ့" ဟူ၍ အရှည်ငံ့အံ့သောအကြောင်းကို ဖြားယောင်း ခဲယဉ်, အခွင့်တောင်း၏-ဟူသောနောက်စကားဖြင့်ပိတ်၍ မနေ ထပ်၍ ဆိုမိန့်မှာထား ပြန်သော အခြင်းအရာထင်သောကြောင့် နှုတ်တော်ဖြင့်မွှက်၍ ဖိတ်တောင်းပန်သည်-ဟူသော အနက်ကို အထူးနှစ်သက်ပေသည်။ ဆင်ခြင်။

ဆွမ်းဖိတ်သည်-ဟူသော ဝေါဟာရလည်း ဒါနကုသိုလ် ဖြစ်စေလို၍ ဖိတ်တောင်းပန်သည်-အနက်ထင်၏။ ။အဖိတ်နှေဆိုသော အရာလည်း သီတင်းနှေ၏ အချန်ခဲဖြစ်၍ ဒါနသီလကုသိုလ်ဖြစ်လို၍ 'ဖိတ်ဘို့တောင်းပန် အပ်သောနှေ ဖြစ်၏' ယူထျင် သင့်ဖွယ်ပင်။ ပါဠိတော်၌ နိမန္တေသိ၊ နိမန္တေတ္ထာ၊ နိမန္တံ-စသည်ဖြင့် ထင်သည်နှင့်အညီ၊ နိမန်သည်-ဟူသော ဝေါဟာရလည်း 'ဖိတ်တောင်းပန်သည်' ဟူသော အနက်ဝင်းတည်း။ ။[ပ-သတ်ကားမထင်]။

မိတ်-မြိတ်-မှိတ်

၃၀၆-မမျည်း သက်သက် အရစ် ဟဆွဲး လုံးကြီးတင် တ-သတ်၌ ဝေါဟာရကို မြမြင်း

မ-အက္ခရာ လုံးကြီးတင် တ-သတ်ကား....
"ရှင်ဓောမြတ်စိတ်၊ သုံးလုမိတ်ထျင်၊ အဘိတ်ရေထ" ၃

---

၁ "ဆန်ခွက်ယိုဖိတ်၊ ဝန်တို စိတ်ဖြင့်၊ ကျိတ်ကျိတ်လဲ့လဲ့။'ဘုံ * ၆၀။
၂ သံ * ၉၆၊ 'မှာခဲ့မဆိတ်နှုတ်တော်ဖိတ်မှ။'
၃ ကိုး * ၂၀၀၊ 'အဘိတ္ထရေထ။'

"မဂ္ဂိုဏ်စစ်တိ၊ ပရောဟိတ်နှင့်၊ ဆွေမိတ်ကျွမ်းဝင်" ၁
"ဘုန်းစက်ဗာဒိတ်၊ ချစ်နှိမိတ်ကို" ၂
"ရွှင်လန်းမထိတ်၊ မှတ်သည်စိတ်ဖြင့်၊ နိမိတ်ရှေးရိုး" ၃

စသည်ဖြင့် မိတ္ထ, နိမိတ္ထ-သဒ္ဒါကို စွဲးမှိသော အဆွေမိတ်, နိမိတ်-ဆိုသော အရာထင်၏။

ရစ်၍ လုံးကြီးတင် တ-သတ်ကား····"မုနားသွယ်မြိတ်၊ မုဆိတ်မြံ့မြံ့" ၄
"ရွှေကြိုးသွယ်မြိတ်၊ ရွှေချိတ်ချိတ်ထျက်၊ ကရဝိတ်တွန်ဆံ"
"သွယ်ထျမုဆိတ်၊ ချမြိတ်များထျား" ၅

စသည်ဖြင့် အမြိတ်အညွှန့်, အမြိတ်အသံဆိုသောအရာ ထင်၏။

ဟဆွဲး လုံးကြီးတင် တ-သတ်ကား····

"စက္ခုမမှိတ်၊ ဖိုလ်ဇောစိတ်ဖြင့်၊ မျဉ်းတိုတ်ပျော်ရွှေ" ၆
"မျက်စိဝိတ်ဝိတ်၊ အသေမှိတ်၍၊ အဓိဋ္ဌာန" ၇

စသည်ဖြင့် မျက်စိမှိတ်သည်-ဆိုသောအရာထင်၏။ [ဤ၌ မ-အက္ခရာ လုံးကြီးတင်၍, ပ-သတ် မထင်]။

ရိတ်-ရိပ်

၃၇-ရဗျည်း လုံးကြီးတင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

[ယ-အက္ခရာ လုံးကြီးတင် တ-သတ်,ပ-သတ်နှစ်ပါးလုံးမထင်]။ ။ရ-အက္ခရာ လုံးကြီးတင် တ-သတ်ကား····"ပရိတ္တသဒ္ဒါကို ပရိတ်၊ ဝိပရိတ္တသဒ္ဒါကို ဝိပရိတ်၊ ကံကျေးစရိတ်-ဆိုသောအရာ ထင်၏။

ပ-သတ်ကား····

"ညှိရောင်ရိပ်ရိပ်၊ ခြွေးစိပ်ပုဆိုး။ ။ရွှေရောင်ရိပ်ရိပ်၊ တကျိပ်မောင်းမ"
"ကျွန်းသာမြရိပ်၊ ဇမ္ဗူဒိပ်၌၊ တံဆိပ်ပြောင်ပြောင်"

---

၁ ကိုး * ၁၀၀။
၂ နောင်၊ထသောင်းရှစ်ပြန်ချီ(ဒု)။
၃ နောင်၊ ဆွတ်ပျံဘွယ်အောင်ချီ (တ)
"နိဗ္ဗာန်ရည်ခန့်၊ ရှုံ့လန့်မထိတ်။"
၄ ကိုး * ၁၂၁၊ 'မုတ်ဆိတ်မြံ့မြံ့။'
၅ ထန်ရ * ၁၆။
၆ ထန်ရ * ၂၀။
၇ ဘူဃင် * ၄၂၂။

"သုံးမည်ထိုဝ်၊ မှတ်ခဲ့ရိုဝ်က၊ ပတ်ချိဝ်နိုးဝေး" ၁
"ကြိုးမှကွဝ်နှိဝ်၊ နှုတ်သာရိုဝ်က၊ ကိုးကျိဝ်ကိုးယောက်" ၂

စသည်ဖြင့် အရောင်အရိုဝ်, ရိုးရိုးရိုဝ်ရိုဝ်, ဖြတ်ရိုဝ်သည်, အရိုဝ်အမြွက်-ဆိုသော အရာထင်၏။

လိတ်-လိဝ်-ဝိတ်

၃၈၈-လမျည်း လုံးကြီးတင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို မြခြင်း

ထ-အက္ခရာ လုံးကြီးတင် တ-သတ်ကား.... "မဟာကဝိတ်၊ ခေါင်ပဏ္ဍိတ်ဝယ်၊ မလိတ်စိန်တဝ်" ၃....ဟူ၍ 'ထက်ပေါ်ဇလာ၊ ၄ ချီသည့် မေတ္တာစာရတုတွင် 'မလိတ်စိန်တဝ်' ဟူ၍ စဝ်သောအရာ ထင်၏။

ပ-သတ်ကား....

"ခတ်ပြီးတံဆိဝ်၊ ကမ္ဘည်းလိဝ်ဖြင့်၊ နောင်သိဝ်မြဲးလှ" ၅
"ရွှေစာတံဆိဝ်၊ ကမ္ဘည်းလိဝ်နှင့်"
"တစမလိဝ်၊ စောင့်စည်းသိဝ်၏၊ အရိုဝ်အခြည်" ၆
"သဝန်စသိဝ်၊ ရွှေပေလိဝ်နှင့်၊ ချစ်ရိုဝ်မှာလျက်" ၇
"သည်းချေသလိဝ်၊ စားအိဝ်ပျော်မှ" ၈

စသည်ဖြင့် ကမ္ဘည်းလိဝ်, ခွေလိဝ်သည့်, သည်းချေသလိဝ်-ဆိုသောအရာ ထင်၏။ တိရစ္ဆာန်လိဝ်ထည်း ပ-သတ်ထွေ်၏။

ဤ၌ 'တစမလိဝ်၊ စောင့်စည်းသိဝ်၏' စသည်ဖြင့် ပ-သတ် စဝ်သည်နှင့်၊ ယခင် 'မလိတ်စိန်တဝ်' ဟူ၍, တ-သတ်စဝ်သည် သဘောမကွဲးကောင်းပြီ။ ကြီ၍ခွဲးမူကား၊

---

၁ ဒေး * ၁၆(ပ)။
၂ သံ * ၁၀၇။
၃ ထက်ပေါ်စလာ-ချီ၊ ဘုံကျော်ပထမ မေတ္တာစာရတု (ထ)။ ထက်ပဲနေ့ ရထာရတု * ၁၀၃။ 'ဆရာကဝိတ်၊ ခေါင်ပဏ္ဍိတ်ထျင်၊ မလိတ်စိန်ထဝ်၊ ရွဲထွင်းအဝ်သို့။'
၄ ထက်ပေါ်စလာ။
၅ ကိုး * ၂၁၄။
၆ သံ * ၁၄၄။
၇ မနေ့ * ၇၃၊ 'သဝန်စသိဝ်၊ ခွေစာလိဝ်နှင့်။'
၈ မနေ့ * ၁၀၆၊ 'သွေးလေသလိဝ်၊ ဆာသိဝ်ပြောမှ။'

မလိတ်စိန်တပ်-ဟူသည်မှာ စိန်တပ်သော အသွားသည် မလည်မလိတ်၊ မတွန့်မလိတ် ဟူ၍, ခားသွားလှံသွားသည်လည်း တွန်းလှန်သည်ကို 'လိတ်သည်' ဆိုသောအရ ကား တ-သတ်၊ ပေထန်းရွက် အဝတ်အထည်စသည်တို့ကို ခွေပတ်သကဲ့သို့ ခွေလိပ် ရစ်ပတ်သော အရာကား ပ-သတ်ဟု ခွဲးလေ့အံ့သို့ရှိ၏။ 'လိတ်' ဟူ၍, တ-သတ် စပ်သောအရာ ပျိုလက်ံတပါး မထင်သောကြောင့် ထိုဆရာ၏ ဝါဒမျက်နှာသို့ထည်း ရှိ၏။ ဆင်ခြင်။ [၁]

ဝ-အက္ခရာ၌ ကရိက-ဟူသောပါဠိမှ၍, 'ကရိတ်' ဟူသောအရာမျှသာ၊ မြန်မာ သက်သက် မထင်။

သိတ်-(သိက်-သိသ်)သိဝ်

၃၈၉-သဗ္ဗည်း လုံးကြီးတင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

သ-အက္ခရာ လုံးကြီးတင် တ-သတ်ကား···· အတိသိတ်, စေတသိတ်-ဟူ၍, အတိသေက၊ စေတသိက-သဒ္ဒါတို့ကို စွဲးမှီ ဆိုမိန့်သောအရာ ထင်၏။ ပါဠိနှင့် အညီ၊ က-သတ်မရေးမူ၍ ဆိုခဲ့ပြီးသောအတိုင်း အသံတူစဝ်အင်သို့လိုက်၍, တ-သတ် သည်ဖြစ်၏။ ။ကေသိတ်-ဟူသည်၌ကား သဒ္ဒါမူ၌ ယှဉ်ဖက်ရာ သဒ္ဒါတခုကိုငင်း, အများကိုငင်း ချေ၍, တခုကြွင်းစေသည်၊ ထိုသို့ တခုကြွင်းပြုသည်ကို ကေသေသ နည်း-ဟူသည်၊ ထို ကေ သေသ-သဒ္ဒါကို စွဲးမှီသောကြောင့် 'ကေသိသ်' ဟူ၍, သ-သတ်သင့်လျက် ဆိုပြီးသော နည်းအားဖြင့် တ-သတ်သည်ဖြစ်၏။

ပ-သတ်ကား····

"ယိမ်းခွဲးမသိဝ်၊ ရွှေနှန်းဆိဝ်သို့၊ ချမ်းရိဝ်ဃာစွာ"
"သဝန်စသိဝ်၊ ရွှေပေလိဝ်နှင့်၊ ချစ်ရိဝ်မှာလျက်"
"ရံကာစောင့်သိဝ်၊ မအိဝ်မစက်"
"ရွက်လည်းသိဝ်သိဝ်၊ စွေစွေစိဝ်လျှင်၊ ရိဝ်လည်းမြိုင်မြိုင်" [၂]
"မြေပြင်အထိဝ်၊ ပြည့်သိဝ်သစ်ာ"

စသည်ဖြင့် သိဝ်သိဝ်သည်းသည်း, အပြည့်အသိဝ်, မွတ်သိဝ်သည်-ဆိုသောအရာထင်၏။

---

၁ လက်ဝဲနှောင်ရထာရတု-၇၊ ရှင်သီလဝံသဆို၊ ရည်းသံလေးချ – ချီရတုထွင် 'ကြိုးပမ်းမလိတ်၊ ကေစိတ်ဖြင့်၊ မချိတ်တွယ်တာ။' ဟု တွေ့ရသည်။

၂ လောသာ * ၂၀၊ "ရွှက်လည်း စိဝ်စိဝ်၊ စွေစွေသိဝ်လျက်။"

ဟိတ်

၃၉၀-ဟဗျည်း လုံးကြီးတင် တ-သတ်,ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

ဟ-အက္ခရာ လုံးကြီးတင် တ-သတ်ကား....

"တရားတိဟိတ်၊ ကုသိုလ်စိတ်ဖြင့်၊ ပဋိသန္ဓေကောက်ရော်" [၁]
"အံ့သောက်ကောင်းဟိတ်၊ တိတ်နိမိတ်ဖြင့်၊ ထိတ်ထိတ်မွမ်းမွမ်း" [၂]
"ဆင်မြင်းနွားဆိတ်၊ အဟိတ်ထိန်းကျောင်း" [၃]

စသည်ဖြင့် ဟေတု၊ အဟေတု၊ဒ္ဝိဟေတု၊ တိဟေတု-သဒ္ဒါတို့ကိုစွဲမှီ၍ ဟိတ်,အဟိတ်, ဒ္ဝိဟိတ်, တိဟိတ်-ဆိုသောအရာထင်၏။

ထိုဌ ဟေတုသဒ္ဒါကား အကြောင်းကို ဟောသည်၊ သဒ္ဒါနည်း အားဖြင့် ကောင်း ဖြစ်စေ မကောင်း ဖြစ်စေ စိတ်, စေတသိက်, ရုပ်-ဟူသော အကြောင်း သာမန်ကိုယူသင့်၏။ ပရမတ္ထအားဖြင့်ကား လောဘ,ဒေါသ,မောဟ၊ အလောဘ, အဒေါသ, အမောဟ-ဟူသော စေတသိက် ခြောက်ခုကို 'ဟိတ်' ဆိုသည်ထည်း ယူသင့်၏။ သောကိ ကုသိုလ်, အကုသိုလ် စေတနာ၊ ရုပ်ကို ပြုတတ်သော စိတ်၊ တစ်ဖော ဩဇာဟူသော ရုပ်နှင့်တကွ ဆိုခဲ့ပြီးသော စေတသိက် ခြောက်ခုကိုထည်း ယူသင့်၏။ စေတသိက် ခြောက်ခုတွင် လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ၊ ဤသို့ဟိတ်နှစ်ခုစီ ရသင့်သည်ကို 'ဒွိဟိတ်' [၄] အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ်သုံးခု ရသင့်သည်ကို 'တိဟိတ်' ယင်းသို့စသည် ဖြင့် အဟိတ်၊ ကေဟိတ်၊ ဒွိဟိတ်၊ တိဟိတ်-တို့၏ အကြောင်းအရာကို ဆရာတို့ အဓိန္ဌာန်၍ နှလုံးသွင်းအပ်၏။ အဖျင်းသင့်၍ အမြွက်မျှ ချပ်ထိုက်သည်။

[ဟ-အက္ခရာ လုံးကြီးတင် ပ-သတ်ကားမထင်။

---

၁ ပုံတောင် * ၁၉။
၂ ပုံတောင် * ၂၁။
၃ ကိုး * ၁၅။
၄ ဤဌ စာကျန်သည် ထင်၏။ (စေတသိက်ခြောက်ခုတွင်ထခုမျှမရသည်ကို အဟိတ်၊ မောဟဟိတ် ထခုထည်း ရသင့်သည်ကို ကေဟိတ်၊ လောဘ, မောဟ၊ဒေါသ,မောဟ၊အလောဘ, အဒေါသ၊ ဤသို့ဟိတ်နှစ်ခုစီ ရသင့်သည်ကို ဒွိဟိတ်)ဤသို့ရှိမှအဘိဓမ္မတ္ထသင်္ဂဟနှင့်ညီသည်။

အိတ်-အိပ်

၃၉၁-အ-အက္ခရာ လုံးကြီးတင် တ-သတ်, ပ-သတ်တို့၌
ဝေါဟာရကိုပြခြင်း

အ-အက္ခရာ လုံးကြီးတင် တ-သတ်ကား....“ရေစက်ယိုဖိတ်၊ ကုသိုလ်စိတ်ဖြင့်၊ အိတ်စသည်ကြီး ”[၁] ဟူ၍ လွယ်ပိုးအပ်သော အသုံးအဆောင်အမည်လည်းထင်၏။

ပ-သတ်ကား....

“ကြီးထူသစ်ထိပ်၊ တက်၍အိပ်၏၊ နေရိပ်မမြင်”
“ရံကာစောင့်သိပ်၊ မအိပ်မစက်”
“ရေပန်းမြစ်ဆိပ်၊ပွင့်မြောက်ရိပ်က၊နတ်အိပ်ခံးသေး” [၂]
စသည်ဖြင့် ကျိန်းအိပ်သည်-ဆိုသောအရာထင်၏။

လုံးကြီးတင် တ-သတ်, ပ-သတ် ငြီးငြဲ။

ဤတွင်
ဝေါဟာရတွဲ ပကာသနီ အဌမပိုင်း
ပြီးပြီ။

---

၁ * ဘုံ ၁၀၊ “အိတ်စုလဲကြီး။” ၂ နောင်၊ သမုဒ်ရောချီ (ထ)။“ပွင့်မျောရိပ်က။”

နဝမပိုင်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ကိန်း–ကျိန်–ကျိန်း–ကြိမ်–ကြိမ်း–ခြိမ်း

၃၉၂–ကဗျည်း အပင့်,အရစ် လုံးကြီးတင် နာ-သတ်,မ-သတ်၌ ဝေါဟာရကို ပြခြင်း

လုံးကြီးတင် တ-သတ်,ပ-သတ်နောင် လုံးကြီးတင် နာ-သတ်,မ-သတ် တို့သည် ဗုကာရန္တ သဘောတူဖြစ်၏။ ထိုကြောင့် လုံးကြီးတင် နာ-သတ်,မ-သတ်တို့ကို ဝေါဟာရထင်ရာ၌ နည်းတူယှဉ်စပ်၍ ထုတ်အံ့။ ထိုဟူ၌ လုံးကြီးတင် နာ-သတ်၌ မူလအသံ, ဝိသဇ္ဇနီအသံ, အမြစ်သံ-တို့၌ သက်သက်,ယပင့်,အရစ်, ဝဲသွဲး-စသည် ရထိုက်ရာ နှလုံးသွင်း။

ကကြီးလုံးကြီးတင် နာ-သတ်၌ 'ကျိန်သည်'ဟူသော ဝေါဟာရသည် ယုံစေခြင်းငှာ သစ္စာမူခြင်း၊ ဒေါသအထွောက် အပြစ်ရောက်စေလို၍, ပွက်ဆိုခြင်း အနက်ထင်၏။ သပ-ဓာတ်အယှဉ် သမ္ဗဒါန်ကိုထုတ်သည်၌ 'သပတိ သစ္စကိရိယံ ကရောတိ' ဆိုသည်နှင့်အညီ၊ ယုံစေခြင်းငှာ သစ္စာမူခြင်းအနက်ကို 'ကျိန်သည်'ဆိုသော ဝေါဟာရထင်၏။ ဤကား သူ၏မျက်မှောက်ဆိုခြင်း၊ ထိုသူကိုရှိသေခြင်း၊ မိမိကို အပြစ်လွတ်လိုခြင်း အမူအရာကဲ့သို့ရှိ၏။ ဤကား သစ္စာမူခြင်းအနက်တည်း။

ဒေါသအထွောက် အပြစ်ရောက်စေလို၍, ပွက်ဆိုခြင်းကို ကျိန်၏-ဟူသော ဝေါဟာရကား "ကြောက်ပူလော၊ ဖြစ်စေသောဟု၊ သဘောပန်နက်၊ ကျိန်စာရွက်သည်၊ မည်၏လည်းကောင်း" [၁] ....စသည်ဖြင့် စပ်ဆိုသောအရာတို့၌ ထင်၏။ဤကား ယခင်ကဲ့သို့ သူ၏မျက်မှောက်သာလည်း မဟူရ၊ရှိသေခြင်းအနက်လည်း မဟူရ၊ မရှိသေခြင်းအနက်သာထင်၏။ မိမိကို အပြစ်လွတ်လိုချင်သော နှလုံးသွင်းလည်း မဟူရ၊ ကိုယ်အပြစ် မလွတ်ကောင်းသော အရာသာလည်းထင်၏။ ဤကား ဒေါသအထွောက် အပြစ်ရောက်စိမ့်ဟု ဆိုခြင်းတည်း။ ယင်းသို့လျှင် ကျိန်သည်-ဟူသော ဆိုမိန့်ခြင်း၌ အရကဲ့ဟန်ကို နှလုံးသွင်းရာ၏။ ။စပ်အင်ကား စာဟောင်းမတွေ့....'မင်း၏ကျိန်စာ....ထင်းစည်ထိန်ဖြာ'ဟူ၍, အပြစ်ရောက်စိမ့်ဟု ကျိန်ခြင်းအနက်ကိုရည်၍, စပ်

---

၁ ကိုး * ၃၈။

သောအရာ နောက်ဖြစ်စာတို့၌သာထင်၏။ ထို၌ ယပင့်လုံးကြီးတင် နှ-သတ်ရေးထုံး ထင်သောကြောင့် သင့်သည်ပင် ဖြစ်၏။

ထိုနှင့်အသံတူ မ-သတ်ကား....

"စိတ်ကိုဆယ်ကြိမ်၊ ရေချမ်းစိမ်သို့၊ စိုးရိမ်ငြိမ်မှု" [1]
"ထိုမှတကြိမ်၊ မင်းစည်းစိမ်တုံ"
"အကြိမ်ကြိမ်ထျင်၊ ရန်နှိမ်ပွဲးကြီး"

စသည်ဖြင့် အထွည့်အကြိမ်, တကြိမ်နှစ်ကြိမ်, အကြိမ်ကြိမ်-ဆိုသောအရာ ထင်၏။ ကေဝါရော, ကောက္ခတ္ထုံ-စသောပုဒ်၌ ဝါရသဒ္ဒါ, ခတ္ထုံသဒ္ဒါတို့၏အနက်ဖြစ်သော ရောက်သောအထွည့်အကြိမ် ဟူသော ဝေါဟာရတည်း။ ။"မည်ပျဉ်းထိမ်၊ ဝက်ကြိမ်အိမ်မွေ" [2] ဟူ၍ ဘုံခန်းထွင်စပ်သော 'ဝက်ကြိမ်'ဟူသော ဝေါဟာရ၊ လူတို့ သုံးဆောင်သော ကြိမ်နွယ် ဟူသော ဝေါဟာရထည်း နည်းတူ မ-သတ်ဖြစ်သင့်၏။ ဤလုံးကြီးတင် မ-သတ်၌ ရစ်၍ ရေးထုံးထင်၏။ ပညတ်မျှဖြစ်၍ ထည်း ရစ်သင့်သည် ပင်ထည်း ဆိုကောင်း၏။ စပ်အင်တမူကား တွေ့ခဲ့အံ့သည်။

လုံးကြီးတင် နှ-သတ် ဝိသဇ္ဇနီသံကား....

"ကုဋ္ဌေတဘိန်း၊ ထွက်ကိန်းစကြဝဠာ" [3]
"ကုဋ္ဌေတသိန်း၊ ထွက်ကိန်းနှံအောင်"
"သန်္ခါထွက်ကိန်း၊ တသိန်းခြောက်သောင်း" [4]

စသည်ဖြင့် ကိန်းခန်း,တည်ကိန်း, မြောက်ကိန်း,ခွေကိန်း,စားကိန်း, လောင်းကိန်း-ဆိုသောအရာတို့ကား ကိန္တြ-ဟူသောပါဠိနှင့်အညီ က-သက်သက်ရေးထိုရင်းဖြစ်၍ -

"သကိညက်ထိန်း၊ ဝါဆိုကျိန်းသည်၊ယျဉ်မှိန်းသူတော် နှလုံးတည်း" [5]
"လူ့ရွာပျော်မှိန်း၊ တတိန်းဘိန်းထျင်၊ စက်ကျိန်းဖန်များ" [6]

စသည်ဖြင့် ပါဠိမှိမရ၊ သဃန-သဒ္ဒါအနက် အိပ်သည်ဆိုသောအရာကို ရိသေသဖြင့် နားကြားသင့်အောင် ကြံဆောင်၍ ဆိုမိန့်သော မြမွာမှသက်သက် ဖြစ်၍ ယခင် ကျိန်းခန်း-ဟူသည်နှင့် သဘောကွဲး၏။ ယပင့် နှ-သတ်ရေးထို၏။ ကျိန်းအိပ်သည်။

---

၁ ဘူပေါင်း * ၂၀။
၂ ဘုံ * ၂၀၊ "မဏ္ဍူပျဉ်းထိမ်။"
၃ ကိုး * ၂၆၆။
၄ ထန်ရ * ၂ (၂)။
၅ သံ * ၂၊ "ဝါဆိုကိန်းသည်၊ယျဉ်မိန်း သူထော်နှလုံးတည်။"
၆ ကိုး * ၁၀။

ကိန်းခန်းကို အချို့ကား ယပင့်ချည်း၊ အချို့ကား က-သက်သက်သာ မကွဲးမပြား ရေးမှတ်ကုန်၏။ နားကြားသာယာရာ ယပင့်သံချည်းဖတ်သော်ထည်း ဆိုခဲ့ပြီးသည်နှင့် အညီ အရေးခြားသင့်လေသည်။

ထိုနှင့်အဆုံတူ မ-သတ်ကား····

"ကြောက်မက်ဃန္ဓကြိမ်း၊ သိကြားခြိမ်းထည်း၊ မတိမ်းမပြို" ၁
"ခိုးသားမုတိမ်း၊ကြောက်ညဉ်ကြိမ်းသည်၊စင်ငြိမ်းတည့်ပြည့်အလျှေး" ၂

စသည်ဖြင့် ကြောက်ကြိမ်းသည်-ဆိုသောအရာထင်၏။ ဤ၌ကြောက်ကြိမ်းသည်ကား သယံဇာတ အထိအထွေကောက် ကြောက်သည်, ကြိမ်းသည်-ဟူသော သုဒ္ဓအနက်၊ ခြောက်ခြိမ်း၏-ဆိုသည်ကား၊ ကြောက်စေ ကြိမ်းစေသည်ဟူသော ကာရိုက်အနက် ထင်သောကြောင့် ရစ်ခြင်း, မသတ်ခြင်းတူ၏။ စဝ်အင်ကား-

"လေးစက်ပစ်ခြိမ်း၊ ရန်မျိုးငြိမ်းသို့၊ စောင်းတိမ်းမြေပြင်" ၃
"မွန်းလွဲခြည်ငြိမ်း၊ ညည်ယိမ်းက၊ ထစ်ခြိမ်းမည်းညို" ၄
"မိန္ဆာမုတိမ်း၊ ဘေးခပ်သိမ်းကို၊ ဟန့်ခြိမ်းရန်တား" ၅
"နဂါးခပ်သိမ်း၊ နှလုံးငြိမ်းသည်၊ မခြိမ်းမခြောက်" ၆

စသည်ဖြင့်ထင်၏။ အရကား ဆိုခဲ့ပြီ။ ။ခ-အက္ခရာကိုထည်း ငြိုးလင့်ပြီ။

ချိန်-ချိန်း-ခြိမ့်

၃၉၃-ခဗျည်း အာပင့် အရစ် နှ-သတ်, မ-သတ်တို့၌
ဝေါဟာရကိုပြခြင်း

ခ-အက္ခရာ လုံးကြီးတင် နှ-သတ်ကား····

"သခွတ်ပွင့်ချိန်၊ အသူရိန်ကို၊ ဝတိန်သာမှ"
"တရားပွင့်ချိန်၊ နာထပိန်ဟု၊ ကျော်ရှိန်ဟိုးဟိုး"

---

၁ ဘူပေါင်း * ၃၆။
၂ ခင်ကြိုး * ၂၀၊ "ခိုးသား မုဒိမ်း၊ ကြောက်ငြင်ကြိမ်းသည်။"
၃ မင်းမယ် * ၄၂။
၄ နောင်၊ယခုကစင်ချီ(၃)၊"မွန်းလွဲနေ ယိမ်း၊ ညချမ်းငြိမ်းက၊ ထစ်ခြိမ်းမည်း ညို့။"
၅ ပုံတောင် * ၂၇။
၆ ဘူထင် * ၁၇၀။

"ဆောင်းစပ်ခါချိန်၊ ကထိန်မချတ်" [၁]
"တထောက်ပျော်ချိန်၊ တာဝတိံသာယ၊ ဒေဝိန်ဆုံးကျိပ်"
"လှည့်ဘောက်ဇီဝိတိန်၊ စုတေ့ချိန်ဝယ်၊ဝရဇိန်ရောင်ပြေး" [၂]
"ချိန်အသစ်လျှင်....ရှိန်ကထစ်လျှင်" [၃]

စသည်ဖြင့် အခါ အချိန်-ဆိုသောအရာ၊

"ရွှေလှော်ငွေချိန်၊ ဘုမ္မသိန်ဟု၊ ကျော်ရှိန်လိုက်ဆူ"
"သိင်္ဂါထေးချိန်၊ ဘုမ္မသိန်ညွန့်ရှင်"
"အဝန့်ပုဆိန်၊ အထေးချိန်သို့၊ အရှိန်အစော်"
"ဝိုးကြိုးစက်ရှိန်၊ ဝရဇိန်သို့၊ နှိုင်းချိန်မယွင်း"
"ကောဇာကောဝိန်၊ ပြိုဟ်သွားချိန်လျက်၊ ဆတ္တိန်တရင်း"
"ပဉ္စမာထိန်၊ စောင့်ချိန်ရံတား"
"ချိန်ဆတွက်သည်....ထိန်မျှပြက်သည်"

စသည်ဖြင့် နှိုင်းချိန်သည်-ဆိုသောအရာထင်၏။ ။[ထိုနှင့်အသံတူ မ-သတ်မထင်]။

န-သတ် ဝိသဇ္ဇနီသံကား....."ခန့်ထာဆုန်းချိန်း၊ရထားထိန်းလျှင်၊ ရှစ်နှိုးမျက်စိ" [၄] စသည်ဖြင့်ဆုန်းချိန်းဆိုသောအရာထင်၏။ဤ၌ ယခင်ခြောက်ခြိမ်းသည် ဟူသောအရာနှင့်အသံကားတူ၏။ ယပင့် န-သတ်ဖြစ်၍ အရေးလည်းမတူ၊ ခန့်တွက်ဆုန်းဆခြင်း အနက်ဖြစ်၍ အရလည်းမတူ၊ နှိုင်းချိန်သည်ဆိုသောအရာနှင့်ကား ယပင့် န-သတ် အရေးလည်းတူ၏။ ခန့်တွက်ဆုန်းဆခြင်း အရလည်းတူ၏။ ဝိသဇ္ဇနီသံဖြစ်၍ အသံကား မတူ၊ 'နှိုင်းချိန်' ဟူသည်နှင့် အရတူဟန်ကား နှိုင်းသည် ချိန်သည်-ဆိုသော အရာလည်းအဆုန်းအဆအမှန်အကန်ဖြစ်စိမ့်ဟု ခန့်တွက်ပြုမှုခြင်းအနက်ပင်။'ခန့်ထာဆုန်းချိန်း' ဟူသည်၌လည်း ရထားထိန်းသည် လိုရာ၌ ချုပ်ထားတန်သည်, သွားစေတန်သည်ကို ဆုန်းဆခန့်တွက်၍ ပြုမှုခြင်းအနက်ပင်။ဤသို့သောသဘောအရ တူသည်ဖြစ်၏။

လုံးကြိုးတင် မ-သတ် အမြစ်ကား....."ကုတ္တိမြှဲမှ၊ နှစ်သိမ့်ကြိတ္တေ့။ ။ထီးဖြူဆောင်းစိမ့်၊ ငါပင့်မြှဲမှ၊ နှစ်သိမ့်ကြိမြောက်" [၅] စသည်ဖြင့် ပြုမြှဲမှ်၊မူမြှဲမှ်-ဆိုသောအရာ၊ 'မြှဲမှ်မြှဲမှ်ကြွေး၍....စိမ့်စိမ့်ဇေး၍' စသည်ဖြင့် တမြှဲမှ်မြှဲမှ်ဆိုသော အရာထင်၏။

---

၁ သံ၊နိဂုံး * ၁။
၂ ကိုး * ၁၄။
၃ နောင်၊'သင်္ဂဇာလျှင်ချီရတု၊ ဒု၊တ။'
၄ ကိုး * ၁၅၅။
၅ သံ * ၁၀၀၊ "ငါပင့်ချိမ့်ဟု။"

ဤ၌ အချိုယပင့်ကုန်၏။ အနက်မရ ပညတ်မျှ ဟူသင့်သောကြောင့် ရစ်လိုအံ့သို့ ရှိ၏။

ငြိမ်-ငြိမ့်-ငြိမ်း

၃၉၄-ဗျည်း လုံးကြီးတင် န-သတ်, မ-သတ်တို့၌
ဝေါဟာရကို ပြခြင်း

ဂ-အက္ခရာ လုံးကြီးတင် မ-သတ်ကား....

"မငံ့သာငြိမ်၊ စစ်ဦးနှိမ်သို့၊ စည်းစိမ်သတင်" [၁]
"အတူရိပ်ငြိမ်၊ နန်းရှေအိမ်၌၊ စည်းစိမ်မွေ့လျော်"

စသည်ဖြင့် ငြိမ်သက် ငြိမ်ဆိမ်သည်ဆိုသောအရာထင်၏။

ထို၌ ဝိသဇ္ဇနီသံကား....

"ချမ်းချမ်းငြိမ်းငြိမ်း၊ ရပ်ခပ်သိမ်းသို့၊ ညွတ်တိမ်းတစိ" [၂]
"ရှာဖွေမငြိမ်း၊ ထိမ်းသသူအား"
"နှံ့သာချမ်းငြိမ်း၊ ကောင်းစွာလိမ်းမှ၊ ခပ်သိမ်းပျူငှာ"
"မွန်းလွဲးခြည်ငြိမ်း၊ ညည်းယိမ်းက၊ ထင်ခြိမ်းမည်းညို" [၃]
"အကျက်အစိမ်း၊ အငြိမ်းအနွေး" [၄]

စသည်ဖြင့် ချမ်းငြိမ်းသည်, ခြည်ငြိမ်းဆိုသောအရာထင်၏။

အမြစ်သံကား....

"ဥသည်းငြိမ့်ငြိမ်၊ ကြောခြင်စိမ့်မျှ၊ နှစ်သိမ့်လွမ်းရှ" [၅]
"ရှင်ရှင်လှငြိမ့်၊ စိမ့်ရရိမ့်လျှင်၊ မနိမ့်မမြင့်"
"နားယည်းထောင်ငြိမ့်၊ သဒ္ဒါစိမ့်ထော၊ မနိမ့်စုလည်း"
"တရားနားငြိမ့်၊ နာတော်စိမ့်ထော၊ မြန်ဆိမ့်ချီထေး" [၆]

---

၁ ကိုး * ၁၂၀။
၂ ကိုး * ၂၁။
၃ နောင်၊ယခုကစင်ချီ(ဒု)၊ "မွန်းလွဲးနေ ထိမ်း၊ညချမ်းငြိမ်းက၊ တစ်ခြိမ်းမည်း ညို့။"
၄ ကိုး * ၂၂၀။
၅ ကိုး * ၅၄။

"ရောင်ဆင်းငြိမ့်ငြိမ့်၊ မြင့်နိမ့်မည်းဖြူ" [1]

စသည်ဖြင့် လေးငြိမ့်,လှငြိမ့်-ဆိုသောအရာထင်၏။

၌ င-အက္ခရာ လုံးကြီးတင် မ-သတ်၌ ငြိမ်သက်, ငြိမ်ဆိမ်သည်-ဟူသော အမြစ် ဝိသဇ္ဇနီ-လွတ်သော အသံကား - ဝိညာဉ်ရှိ, ဝိညာဉ်မဲ့ နှစ်ပါး၌ပင် ရထိုက်သော အနက်ဖြစ်၏။ချုပ်ငြိမ်းသည်-ဟူသော ဝိသဇ္ဇနီသံ၊ လှငြိမ့်,ထေးငြိမ့်-စသည်ဖြင့် အမြစ်သံ ဆိုမိန့်ခြင်းတို့ကား ဝိညာဉ်ရှိ၌သာထင်သော ဆိုမိန့်ခြင်းကဲ့သို့ရှိ၏။ မီးတောက်မီးလျှံငြိမ်းသည်, ကံငြိမ်းသည်ဆိုသောအရာတို့သည် ဝိညာဉ်မဲ့၌ ဆိုမိန့်ခြင်းဖြစ်သကဲ့သို့ရှိ၏။ ။သဘောအားဖြင့်ကား မီးတောက်မီးလျှံကိုစွဲ၍, လူတို့ကိုယ်၌ ပူအိုက်ခြင်းတို့သည် မီးလျှံမီးတောက် စဲပျောက်လျင် ပူအိုက်ခြင်းမရှိ၊ ငြိမ်းခြင်းသဘောဖြစ်ထေသည်ကား ဝိညာဉ်ရှိတို့၏ကိုယ်စိတ်၌သာဖြစ်သည်ကို ထောက်သဖြင့် ဝိညာဉ်ရှိ၌သာ ထင်သော ဆိုမိန့်ခြင်းဖြစ်သင့်၏။ ကံငြိမ်း၏-ဟူသည်၌ထည်း ထိုဆဝဋ်ဖြစ်ထိုက်သော ကံသည် ရပ်နာမ်အသစ် ဖြစ်စိမ့်ဟု မပုံမထောက် စဲပျောက်သည်ကို လျက်၊ မီးလျှံမီးတောက် စဲပျောက်သည်ကို ငြိမ်းသည်ဆို၏သို့ အသာအယာ ဖြစ်စေခြင်းငှာ ခန္ဓာငြိမ်းသည်,ကံငြိမ်းသည်- ဆိုသောအရာ ဖြစ်သောကြောင့် ဝိညာဉ်ရှိသဏ္ဌာန်ကို စွဲမှီ၍, ဆိုမိန့်ခြင်းငင်း ဖြစ်၏။ ။ငြိမ့်သည်-ဟူသော အမြစ်သံဆိုမိန့်ရာ၌ထည်း လှေးလှည်းစသောယာဉ်၊ ပတ်စည့်,စောင်းငြင်းစသော အဆောက်အဦတို့ကြောင့် တပ်မက်သာယာခြင်း,နှလုံး၏စိမ့်ခြင်းငြိမ့်ခြင်းတို့သည် ဝိညာဉ်ရှိ သဏ္ဌာန်၌သာ ဖြစ်ထိုက်သော အခြင်းအရာဖြစ်၏။၌၌ 'ငြိမ့်၏' ဟူသည်ကား တပ်မက်သာယာသောနှလုံး၏ စိမ့်ခြင်း နှစ်သက်ခြင်းသဘောကို ယူသင့်၏။

ငြိမ်သက်, ငြိမ်ဆိမ်သည်-ဟူသောအမြစ်, ဝိသဇ္ဇနီလွတ်သံ ဝိညာဉ်ရှိမဲ့ ထင်ဟန်ကား....ရေဟုန်တဝိုး ငြိမ်သက်သည်၊ လေငြိမ်သည်၊ လှေလှည်းစသည် ငြိမ်သက်သည် ဆိုမိန့်ရာ၌ကား ဝိညာဉ်မဲ့၌ ငြိမ်ဆိမ်, ငြိမ်သက်သည်ဆိုသောအရာ ဖြစ်၏။ ထက်ခြေငြိမ်သက်သည်, မြင်းဆင် ကျွဲနွား ငြိမ်သက်သည် ဆိုမိန့်ခြင်းကား ဝိညာဉ်ရှိ၌ ငြိမ်သက်သည် ဆိုမိန့်သောအရာဖြစ်၏၊ယင်းသို့ဖြစ်သင့်ဟန် ယေဘုယျထင်သည်။ ဆင်ခြင်။

၌ က,ခ,ဂ-ဟူသောအရာတို့၌ လုံးကြီးတင် န-သတ် မ-သတ်တို့ကား ကအက္ခရာ သက်သက်ဝယ် 'ကိန်းခန်း' ဟူသော ဝိသဇ္ဇနီအသံ၊ ယပင့်ဝယ်ကား 'ကျိန်ထွယ်သည်' ဟူသော မူလအသံ၊ 'စက်ကျိန်းသည်' ဟူသော ဝိသဇ္ဇနီအသံ၊ ရစ်သောအရာ

---

၁ ကိုး * ၁၁၉၊ "ဆင်းရောင်ငြိမ့်ငြိမ့်။"

၌ကား 'တကြြိမ်နှစ်ကြြိမ်'ဟူသကဲ့သို့ မ-သတ်အမြစ် ဝိသဒ္ဒနိလွတ်သံ၊ 'ကြောက်ကြြိမ်းသည်'ဟူသကဲ့သို့ ဝိသဒ္ဒနိသံ၊ ဤကား ကဗျည်း၌ ထင်သောအသံတည်း။

ခဗျည်း၌ကား 'နှိုင်းချိန်သည်'ဟူသော ယပင့် န-သတ်အမြစ် ဝိသဒ္ဒနိလွတ်သံ၊ "ခန့်တာဆုန်းချိန်း၊ ရထားထိန်းလျင်"ဟူသကဲ့သို့ ယပင့် န-သတ်ဝိသဒ္ဒနိသံ၊မ-သတ်၌ကား 'ခြောက်ခြြိမ်းသည်'ဟူသောအရာကဲ့သို့ ရစ်လျက် ဝိသဒ္ဒနိသံ၊ 'ပြုခြြိမ့်မှုခြြိမ့်' စသည် ၎င်းတွင် အမြစ်သံ၊ ဤကား ခ-ဗျည်း၌ ထင်သော အမြစ်သံတည်း။

ဂ-အက္ခရာ၌ကား ရစ်၍ မ-သတ် 'ငြိမ်သက်သည်'ဟူသော အမြစ် ဝိသဒ္ဒနိလွတ်သံ၊ 'ငြိမ်းချမ်းသည်'ဟူသော ဝိသဒ္ဒနိသံ၊'လေးငြြိမ့်၊ လှငြြိမ့်၊ အငြြိမ့်အသာ'ဟူသော အမြစ်သံထင်၏။ ဆိုလတ္တံ့သော" အက္ခရာတို့၌ ထည်းကောင်း, အသတ်တို့၌ထည်းကောင်း, သက်သက်,ယပင့်,အရစ်,ဝဆွဲးရတန်သည်။ ဝိသဒ္ဒနိအမြစ်လွတ်သံ, မလွတ်သံ၊ ရတန်-ရထိုက်ကို နှလုံးသွင်း။

စိန်–စိန်, စိန့်–စိန့် , စိန်း–စိန်း, ဇိန

၃၉၅–စဗျည်းသက်သက် လုံးကြီးတင် တ-သတ်,ပ-သတ်၌ ဝေါဟာရကို ပြခြင်း

စ-အက္ခရာ လုံးကြီးလင် န-သတ်ကား....

"ဗွဒ္ဓိဝရစိန်၊ တောက်ထိန်ခုနစ်ပါး" ၁
"ထိန်သန့်ရှိန်ကို၊ မိုးစိန်ကြြိုးထစ်" ၂
"စုတ္တေ့ချိန်ဝယ်၊ဝရစိန်ရောင်ပြေး။ ၃ ။ဆားဘုမ္မဆိန်၊စိန်နှင့်သလင်း" ၄

စသည်ဖြင့် ဝရစိန်,စိန်ကျောက်ဆိုသောအရာ၊

"စိန်ကဆက်သည်.... ချိန်ဆထွက်သည်....ထိန်မျှပြက်သည်" ၅
"သုံးယောက်ကျော်ရှိန်၊ သံစိန်သော်ဓာ" ၆

---

၁ ကိုး၊ နိဂုံး * ၁၃။
၂ ကိုး * ၂၆၇၊ "ငြိမ်းသံရှိန်ကို၊ မိုးစိန်ကြြိုးထစ်။"
၃ ကိုး * ၁၄။
၄ ဘုံကျော်ဝထမမေတ္တာစာ၊တက်ပေါ်စလွှာချီ၊ တ။လက်ဝဲ နော်ရထာရတု၊ * ၁၈၃။
၅ ဥကာဇျံဆိုရတု၊ လက်ဝဲ နော်ရထာရတု * ၄၁။ "ချိန်ဆ ထွက်သည်၊ ထိန်မျှပြက်သည်၊ စိန်ကဆက်သည်။"
၆ ယိုး၉ * ၂။

စသည်ဖြင့် စိန်တိုင်းစိန်ပြည်-ဆိုသောအရာတို့၌ထင်၏။ စိန်ပန်း စိန်ခုတ်သည်။ စိန်ပေါက်သည်-ဆိုသောအရာတို့၌လည်း နည်းတူ၊ န-သတ်လည်းကောင်း ဖြစ်၏။

ထိုတွင် ဝရစိန်ဟူသည်ကား၊ ဝဇိရ-ဟူသော ပါဠိမှထင်၏။ ပါဠိနှင့်အညီ၊ ဝဇိရသာမဆို၊ စိန်ဟူသော စကားခွန်း ထောင်းပြန်သည်ကို လည်းကောင်း, ယခုကာလ ဝဇိရစိန်-ဟူသော ဆိုမိန့်ခြင်းတို့၌ စိန်ဟူသော ဆိုမိန့်ခြင်းသာ ထင်သည်ကိုလည်း ကောင်း ဝဇိရ-ဟူသောပါဠိ၏အနက်ကို မပိတ်မပင် ဖြစ်တတ် သွားတတ်၏ဟူသည်နှင့်အညီ စိန်ကျောက်လည်း ကျန်းမာစွာသော ကျောက်သံတပါးတို့ကို မငြိမရှောက်ထွင်းဖောက်နိုင်သောအစွမ်းရှိသည်ကိုလည်းကောင်း ထောက်သော်ဝဇိရစိန်ဟူသော အမည်ကိုပင် ယခုကာလ စိန်ကျောက် ဆိုကုန်သကဲ့သို့ရှိ၏။ ထိုစိန်ကျောက် အရည်အစွမ်း ကောင်းဟန်ကို ထင်စေလိုရှိ၍ "တောင်ကို ဖောက်သည်၊ စိန်ကျောက်ပမာ" ဟူ၍ ဆိုမိန့်ခြင်းထင်သည်။ အရည်အစွမ်းလွန်သည်ထင်သည်သာ။ ဝဇိရစိန်-အမည်ကိုပင် 'စိန်' ဆိုသကဲ့သို့ရှိ၏။ ပျိုကဗျာတို့၌ကား-

"အရည်မှိန်သား၊ စိန်ကားပြာပြာ" [၁]
"စိန်တရထည်၊ လက်ရုံးရည်ကြောင့်"
"စိန်သလင်းနှင့်၊ ပယင်းပွဲးရက်" [၂]

စသည်ဖြင့် "စိန်" ဟူ၍ စပ်သောအရာ၊

"စုတွေ့ချိန်ဝယ်၊ ဝရဇိန်ရောင်ပြေး" [၃]
"မိုးကြိုးစက်ရှိန်၊ ဝရဇိန်သို့" [၄]

စသည်ဖြင့် အလယ်၌ ဇ-အက္ခရာ၊ ရ-အက္ခရာတို့ကို ချန်လှတ်၍ စပ်ဆိုသော်လည်း၊ ထက်ဘ၏ ဖွယ်ရာမျှသာ 'ဝရဇိန်' ဆိုလိုသောအရာချည်းဖြစ်သင့်၏။ ဆင်ခြင်။

စိန်တိုင်း, စိန်ပြည်-ဟူသည်လည်း စိန-ဟူသော ပါဠိမှထင်၏။ ထို၌ အဇိန-ဟူသင့်ထျက် နိရုတ္တိနည်းဖြင့် စိန-ဟူသောပုဒ်ပြီးသည်။ အဇိန-ဟူသောပါဠိအလိုကား အစာမချေသောပုဆိုးဖြစ်ရာ ဟူလို၏။ ထိုအရိပ်ကို ထောက်သော် ပိုးခြည်ဖြင့်ပြီးသော အဝတ်ထည်ကို အစာမချေသော ပုဆိုးဟု ယူသင့်၏။ ထိုပိုးခြည်ဖြင့်ပြီး၏-ဟူသည်ကိုလည်း မိုင်းလုံး၊ ကတ္တီပါ၊ ဇာ၊ ပယင်း၊ မော်ယော်၊ ဖဲး၊ ပယော်-

---

၁ ဘုံ * ၄၀။
၂ ဘုံကျော် ပထမမေတ္တာစာ ရတု၊ ဒု။ ထက်ဝဲနေရထာရတု * ၁၈၃။
၃ ကိုး * ၁၄။
၄ ဘူထင် * ၁၂၄။

စသော အထည်တို့ကို ယူသင့်၏။ ထိုအထည် ဖြစ်ရပ်ကိုထည်း ရှုမ်း တရုပ်တို့၏ အရုပ်ကိုယူသင့်၏။ ရှုမ်းတရုပ်ဟူသည်တွင် တရုပ်တို့အရုပ်၌ ထိုအထည် ဖြစ်သော အခြင်းအရာထင်သဖြင့် တရုပ်ပြည်ကို 'စိန်ပြည်' ဆိုသည် ဟူသင့်၏။ ထိုစိန်ပြည်မှ ဖြစ်ထာ ပေါ်ထာခြင်း အရင်းဖြစ်၍၊ စိန်ပန်း-စသော အမည်တို့ကား သင်းဘော အရုပ်မှ ပေါ်ရောက်ထာသည်ကို 'သင်းဘောကပ်ကျေး၊ သင်းဘောခား' ဟူသည် နှင့် နည်းတူဖြစ်သင့်၏။ ညက်ထိုက်ဆိုသည်။ ဆင်ခြင်။

ထိုနှင့်အသံတူ မ-သတ်ကား....“ယစ်မူးစည်းစိမ်၊ မွေထိမ်ကုသိုလ်”
“လောကီစည်းစိမ်၊ အကြြိမ်ကြြိမ်ကို၊ မသိမ်မနဲး” ၁
“စိတ်ကိုဆယ်ကြြိမ်၊ ရေချမ်းစိမ်သို့” ၂

စသည်ဖြင့် စည်းစိမ်, ရေစသည်၌ စိမ်သည်-ဆိုသောအရာ ထင်၏။ ထို၌ စည်းစိမ် ဟူသည်ကို သာယာ သုံးဆောင် ထိုက်သော ပစ္စည်းကို ရုံးစည်းလျက် ရေစသည်၌ စိမ်ဘိပြြမ်းဘိသကဲ့သို့ သာယာခံစားအပ်သည်, သာယာခံစားကြောင်း ဖြစ်သည်-ဟူ၍, အနက်ရကြြေလျှင် ယခင် ရေစသည်၌ စိမ်သည်-ဟူသော အနက်ထင်း မကွဲး သင့်သည်ဖြစ်၏။

လုံးကြြီးတင် န-သတ် ဝိသဇ္ဇနီ အသံကား.... စိန်းစိန်း ကြည့်သည်, ရှသည်၊ ကစိန်းကဝါး-ဆိုသောအရာတို့၌ ရေးမှတ်ကုန်၏။

“ကြည့်တွေ့ရှစိန်း၊ မိန်းမိန်းနေလျက်” ၃
“ခန့်တားဆုန်းချိန်း၊ ရထားထိန်းလျှင်၊ ရှစိန်းမျက်စိ” ၄

ဟူ၍, စပ်အင်ဆိုကုန်၏၊အကျက်အစိမ်း, အပြာအစိမ်း ဟူသောအရာနှင့်အသံမျှတူ၍, အရကွဲးဖြစ်သောကြောင့် သဘောထုံးစံကို ဆင်ခြင်သင့်၏။

ထိုနှင့် အသံတူ မ-သတ်ကား....“အကျက်အစိမ်း၊ အပြြမ်းအနွေး” ၅
“ရင်ကြောစိမ်းစိမ်း၊ ရှိမ်းရှိမ်းရှုန်းရှုန်း၊ ပန်းစိမ်းမျှလျှင်”
“မယိုင်မယိမ်း၊ မစိမ်းမဆွဲ” ၆

စသည်ဖြင့် ယခင်အကျက်အစိမ်း, အပြာအစိမ်း, စိမ်းဆွဲသည်-ဆိုသောအရာ ထင်၏။ ထို၌ 'စိမ်းဆွဲ' ဟူသောစကားသည် တော်စပ် ကျက်နပ်သဟူမဟုတ်၊ သူစိမ်းဖြစ်၍,

---

၁ ကိုး * ၂၃၀။
၂ ဘုရောင်း * ဂ၂။
၃ လောသာ * ၃၉။
၄ ကိုး * ၁၅၅။
၅ ကိုး * ၂၂၀။
၆ ကိုး * ၄၃။

အဆိုအဓိန္ဒ အပြုအမူ ထိုင်းမှိုင်းလေးလံ ရွက်ရှုံရှိ၏။ နှုတ်ထက်ဆွံ့သည်-ဟူသော အရာကို စိမ်းဆွံ့သည်-ဆိုသည်ယူမူ ထခင် အကျက်အစိမ်းဟူသော အနက်ဝင်းဖြစ်၏။ "ဝမ်းထဲးမုတိမ်း၊ ရန်စစ်ငြိမ်းသည်၊ သစ်စိမ်းထင်းနှယ် ချိုးသတည်း" စသည်ဖြင့် သစ်စိမ်းဝါးစိမ်း ဆိုသောအရာကား နွမ်းလွေသောအခါထက် မနွမ်းလွေမီ စိမ်းညို့သောအဆင်းရှိသည် ဟူ၍ဝင်း, နွမ်းလွေသောအခါ ဥတုဖြင့် ကျက်နပ် သကဲ့သို့ မကျက်မနပ် စိမ်းသည်ဟူ၍ဝင်း, "စိမ်းထတ်အကောင်း၊ မြင့်အောင်းမထား" ဆိုသော အရာ၌ လတ်ဆတ်သည်ကိုပင် 'စိမ်းထတ်' ဆိုသကဲ့သို့ သစ်စိမ်းဆိုသည် ဟူ၍ဝင်း ယူသော်လည်း သင့်သည်ချည်းဖြစ်ရာ၏။ တပါးသောအရာလည်း နည်းတူစိမ်းသော အဆင်း၊ အကျက်အစိမ်း၊စိမ်းထတ်သည်-ဟူသောအနက်တို့တွင် သင့်ရာ တပါးသင့်, နှစ်ပါးသင့်, သုံးပါးသင့် ယူရာ၏။

လုံးကြီးတင် နာ-သတ်အမြစ်ကား....စိန္ဒတိုင်း စိန္ဒပြည်-စသည်ဖြင့် စင်အစ်သော နောက်ပုဒ်အနက်ကိုငဲ့၍ မြစ်ဆံ ဆိုကာမျှသာတည်း။

မ-သတ် အမြစ်ကား....

"ထီးဖြူဆောင်းစိမ့်၊ ငါပင့်မြို့မှ်ဟု၊ နှစ်ထိမ့်ကြွေမြောက်" ၁
"ရည်သွားယုတ်စိမ့်၊ အားတိုင်းနှိမ့်လည်း၊ မနိမ့်ကိုယ်ပင်" ၂
"စိမ့်စိမ့်ဧး၍... ငြိမ့်ငြိမ့်ကြွေး၍"
"နားယဉ်ထောင်ငြိမ့်၊ သဒ္ဒါစိမ့်လော့၊ မြန်ဆိမ့်ချိလေး" ၃

စသည်ဖြင့် ပြုစိမ့်,မူစိမ့်ဆိုသောအရာ၊ ရေစသည် စိမ့်သည် ဆိုသောအရာ ထင်၏။

ထိုတွင် ပြုစိမ့်, မူစိမ့်-ဆိုသောအရာကား ပြုစေအံ့ မူစေအံ့-ဟူသော ကာရိုက် အနက်နှင့်တကွ ဝန်ခံခြင်းအနက်တည်း။ ။ရေစသည်စိမ့်၏ ဟူသည်ကား စိုစွတ်နူးနှံခြင်းအနက်တည်း။ ယခင် ရေစသည်၌ စိမ့်၏-ဟူသောအနက်ကား ရှိသင့်သော ရေစသည်၌ စိမ့်အင်သောဝတ္ထုကို စိမ့်သည်နှစ်သည်။ ဤ၌ အမြစ်ဆံကား ရေစသည်ပင် စိမ့်သည်ပြုမြဲသည်၊ ဤသို့တစိတ်မျှကွဲးသည်ဖြစ်၏။ ။"ပဉ္စမာရဇိန်၊ညာဏ်ရောင်ထိန်သား"စသည်ဖြင့် ဇကွဲးအကွာရာ ထင်သည်ကား 'မာရဇိန'ဟူသောပါဠိမှဖြစ်၏။

---

၁ ဆံ * ၁၀၀၊ "ငါပင့်ချိမ့်ဟု။"
၂ ကိုး * ၂၇။
၃ ကိုး * ၅၄၊" ထရားနာငြိမ့်၊နားထောင်စိမ့်လော့။'

ဆိန်-ဆိမ်-ဆိမ့်

၃၉၆-ဆဗျည်းသက်သက် လုံးကြီးတင် န-သတ်, မ-သတ်၌ ဝေါဟာရကို ပြခြင်း

ဆ-အက္ခရာ လုံးကြီးတင် န-သတ်ကား....

"အဝ်နှင့်ပုဆိန်၊ အလေးချိန်သို့၊ အရှိန်အစော်" ၁
"အနာပုဆိန်၊ ရှိန်စလေသို့။ ။လက်ရုံးဝရဇိန်၊ မိုးပုဆိန်သို့" ၂

စသည်ဖြင့် ပုဆိန်-ဟူသော အရာအမည်၌ထင်၏။ ထို၌ ပေါတ်ဆိန်-ဟူ၍ အချို့ ဆိမိန့်ကုန်သည်ကား ပေါက်ကွဲးခြင်းအကြောင်း ထင်သည်ကိုစွဲး၍ ဆိမိန့်ကုန်သကဲ့သို့ရှိ၏။ ထိုသို့ယူလျှင် ဆိန်-၏အရကို ရပြန်ကောင်း သကဲ့သို့ ဖြစ်ဘိ၏။ ပုဆိုး, ပုဆစ်,ပုလဲ-စသော အရာကဲ့သို့ အကာရန္တမျှသာ အရထုတ်ကောင်းအံ့သို့ရှိ၏။

ထိုနှင့်အသံတူ မ-သတ်ကား....

"ကျစ်လစ်မွေ့သိမ်၊ ငြိမ်ဆိမ်ဆေးလေး"
"သပွါယ်ငြိမ်ဆိမ်၊ ရှင့်စည်းစိမ်ဖြင့်၊ ခြောက်ကြိမ်အပြစ်" ၃

စသည်ဖြင့် ငြိမ်ဆိမ်သည်-ဆိုသော အရာ ထင်၏။ ထို၌ ငြိမ်သက်သည်- ဟူသော အနက်မျှသာရ၍ ဆိမ်-ဟူသည် အနက်မရ၊ ဖက်ယှဉ် ကာမျှသာ၊ စန-ဟူသည်၌ စ၏-ဟူသော အနက်မျှသာ၊ န-အနက်မရဟူသကဲ့သို့တည်း။ ။[ဝိသဇ္ဇနီသံ လုံးကြီးတင် န-သတ်, မ-သတ်တို့ကား ဝေါဟာရမထင်]။

အမြစ်သံကား....

"လက်ဂျိုးဆိမ့်၊ သည်းတွင်းငြိမ့်မျှ၊ ဖတ်စိမ့်သောကြောင်း" ၄
"ဟောထွေချိုချို ဆိမ့်ဆိမ့်တည်း....ကြောရေစိုစိမ့်စိမ့်တည်း" ၅
"ဆြာနှစ်ဆိမ့်၊ ကြောခြင်ငြိမ့်မျှ၊ ဆိမ့်ဆိမ့်ချိုချို" ၆

စသည်ဖြင့် ဆိမ့်အိမ့်သည်ဆိုသောအရာ မ-သတ် အမြစ်သံသာ ထင်၏။ ။[ညြ-အက္ခရာ လုံးကြီးတင် မ-သတ်, န-သတ်တို့လည်းမထင်]။

---

၁ ဘူလင် * ၃၀၄။
၂ ဒေး * ၁၁၂(ဒ)၊ "ထစ်ကြိုးဝဇိရိန်၊ မိုးပုဆိန်သို့။"
၃ ဆု * ၂၂။
၄ ဘူပေါင်း * ၁၊ "ဆိုစိမ့်သော ကြောင်း။"
၅ ကိုး * ၂၃၅၊ ၂၃၆။
၆ ကိုး * ၂၁၀၊ "ကြောခြင်စိမ့်မျှ။"

တိန်-တိမ်-တြိန်း-တိမ်း

၃၉၇-တမျည်း လုံးကြီးတင် န-သတ်, မ-သတ်၌
ဝေါဟာရကို ပြခြင်း

တ်-အက္ခရာ လုံးကြီးတင် န-သတ်ကား....

"လဲ့သောက်ဇိဝိတိန်၊ စုတွေ့ချိန်ဝယ်၊ ဝရဇိန်ရောင်ပြေး" ၁
"ကောဇာကောဝိန်၊ ငြိတ်သွားချိန်လျက်၊ ဆတ္တိန်တရင်း" ၂
"ပြည်ကြီးတာဝတိန်၊ ဒေဝိန်ပျော်နေ"
"တာဝတိန်သို့၊ ဈာန်ရှိန်ကိုရောက်"
"တာဝတိန်ဝယ်၊ ထွတ်ထိန်ယူဇနာ"
"သင္ခတ်ပွင့်ချိန်၊ အသူရိန်ကို၊ ဝတိန်သာမှ" ၃

စသည်ဖြင့် ဇိဝိတိန်, ဆတ္တိန်, တာဝတိန်-ဆိုသောအရာ ထင်၏။ ထို၌ ဇိဝိတိန်-ဟူသည်ကား ဇိဝိတိန္ဒြိယ-ဟူသော ပါဠိမှိထင်၏။ တာဝတိန်, ဆတ္တိန်-ဟူသည်၌ကား တာဝတိံသ,ဆတ္တိံသ-ဟူသောပါဠိ၌ တိံသ-ဟူသော ပုဒ်အစိတ်၊ သ-အက္ခရာကို ချန်လှတ်၍, တ၌ နိဂ္ဂဟိတ်ကို န-သတ်ကာရန်သို့ပြောင်း၍, န-သတ်လေသည်ဖြစ်၏။ ဤ၌ ပါဠိမှိချည်းဖြစ်၍, မာဂဓဘာသာမူလ ဖြစ်၏။

ထိုနှင့်အဆံတူ မ-သတ်ကား...."တန်းဦးထင်တိမ်၊ စည်းစိမ်သုခ" ၄
"မည်ထင်မတိမ်၊ ကုဏ္ဍိထိမ်ဟု၊ ချမ်းငြိမ်ရိပ်သာ" ၅
"ဘုန်းပျော်တ်မတိမ်၊ စည်းစိမ်ဝါသို"
"ဖိုလ်အောက်မတိမ်၊ ရှေးရှစ်ကြိမ်ထက်"
"ယစ်မှုးစည်းစိမ်၊ မွေတိမ်ကုသိုလ်။ ။ကြိုးဝါးကြိမ်ကြိမ်၊ တိမ်မှုခုနစ်"
"ပွင့်လင်းစည်းစိမ်၊ တာဝတိမ်ဟု၊ ရိပ်ငြိမ်သာထွေ"

စသည်ဖြင့် ပျောက်တိမ်သည်, တိမ်လွှာ, တိမ်ထပ်, တာဝတိမ် ဆိုသောအရာ ထင်၏။ ။ထိုတွင် တိမ်ထပ်တိမ်လွှာ-ဟူသည်ကို, တိမ်သောရေသည် ကျပျောက်ခန်းခြောက်လွယ်သကဲ့သို့၊ တိမ်ပျောက် လွင့်ပျောက် ပြယ်လွယ်သည် ဟူ၍, အရအနက်ယူလျှင် 'ပျောက်တိမ်သည်' ဟူသောအနက်ဂုဏ်းတည်း။

---

၁ ကိုး * ၁၄။
၂ ကိုး * ၆။
၃ မင်းဇေယရန္တမိတ် ဆို- မြတ် နန်း ရဝေ ချီရတု၊ ဒု။ မင်းရှင် ၇။
၄ ကိုး * ၄၂။
၅ ဘူဝေါင်း * ၄၇။

တာဝတိံ ဟူသည်၌ မ-သတ် စပ်ပြန်သည်ကား ပါဠိ၌ဖြစ် ဝေါဟာရ ဖြစ်၍ ယခင်နည်းတူ တိံသ-ပုဒ်၌ သကိုချန်၍ တဉ္ဉရှိသော နိဂ္ဂဟိတ်ကို မ-သတ် ကာရန် ထိုလိုက်စေသည် ယူသင့်၏။ ဤ၌ အကြောင်းကား....“သိခံရစ်လျှင်....ချိန်အသစ်လျှင်” [၁] ဟူသည်၌ သိခံ-ဟူသော ဇ-သတ်ဆိုလျက်ကိုမှ ‘ချိန်အသစ်’ ဟူ၍ နှ-သတ် စပ်တုံသေး၏။ တာဝတိံသ-ဟူသော ပါဠိ၌ကား....ဝဂ္ဂန္တံဝါ ဝဂ္ဂေ - ဟူသော သုတ်၌ ဝဂ္ဂေ ဟူသော ပရနိမိတ်ဖြင့် သဒ္ဒနီး နှောင်းရာ ဝ၊ ည၊ ဏ၊ န ၊မ-ဟူသောဝဂ္ဂန်ငါးလုံးပင် ရောက်သင့်သောအရာ ဖြစ်၍ နှ-သတ်ထိုသည် မ-သတ်ထိုသည်-ဟူ၍ မဆိုသာ၊ နှ-ဝဂ္ဂန်, မဝဂ္ဂန်ရောက်သည်လည်းမဟုတ်၊မြွှာတာသာမူထ မဟုတ်သောကြောင့် ပရမတ်သံ, ပညတ်သံ စစ်သာ သည်ထည်း မဟုတ်။ ထိုကြောင့်“တာဝတည်ဝယ်၊ ကျင်ထည်ထေမြောက်” ဟူ၍ မင်းတရား မယ်တော်ဒေးချင်းတွင် ည-သတ်စပ်အင်ပင် ထားထေသည်။ ပျိုထက်ဘတပါး၌ မထင်၊ အဆို အမိန့်တွင် ဆိုပါရသည်သာဖြစ်၏။

နှ-သတ် ဝိသဇ္ဇနီသံကား....“စကားတြိန်း၊ တွက်ကျိန်းယူဇနာ” [၂] စသည်ဖြင့် တြိသဒ္ဒါ၏အနက် သုံးခုဆိုထိုသောအရာထင်၏။

ထိုနှင့် အသံတူ မ-သတ်ကား....

“သူတို့မတိမ်း၊ ထိုသို့ယိမ်းထျက်၊ ခပ်သိမ်းလူဝိုလိ”
“ကြောက်မက်ထန်ကြိမ်း၊ သိကြားခြိမ်းထည်း၊ မတိမ်းမပြို” [၃]
“ထေးခတ်ပစ်ခြိမ်း၊ ရန်မျိုးငြိမ်းသို့၊ စောင်းတိမ်းမြေပြင်” [၄]
“ဝိုလ်ထူညွှတ်တိမ်း၊ လူခပ်သိမ်းတို့၊ မစိမ်းမဆွံ”
“လူခပ်သိမ်းတို့၊ ညွှတ်တိမ်းပူဇော်”
“ငယ်သွေးရိမ်းရှိမ်း၊ ပြုနှယ်စိမ်းသည်၊ ချစ်တိမ်းရှဖွယ်” [၅]
“ခိုးသားမုတိမ်း၊ စစ်မက်ငြိမ်းထျက်၊ ခပ်သိမ်းကြေညာ” [၆]
“ဝမ်းထဲးမုတိမ်း၊ ရန်စစ်ငြိမ်းသည်၊ သစ်စိမ်းထင်းနှယ်ချိုးသတည်း” [၇]
“ခိုးရန်မငြိမ်း၊ မုတိမ်းတန္တ”
“စည်ကြိုးထိမ်းထိမ်း၊ စည်မုတိမ်းလည်း၊ မြည်ရှိမ်းကြားကျယ်” [၈]

---

၁ နောင်။
၂ ဘူပေါင်း * ၅။
၃ ဘူပေါင်း * ၃၆။
၄ မင်းမယ် * ၄၂၊“ထေးစက်ပစ်ခြိမ်း၊ ရန်မျိုးကြိမ်းသို့။”
၅ ကိုး * ၄၃။
၆ ဘူလင် * ၃၆။
၇ ကိုး * ၄။
၈ ကိုး * ၁၇။
၉ ဘူပေါင်း * ၇၀၊“စည်ကြိုးထိန်းထိန်း၊ စည် မုဒိန်းလည်း၊ မြည်ဟိန်း ကြားကျယ်။”

စသည်ဖြင့် တိမ်းညွတ်သည်, တိမ်းအောင်းသည်, ဘေးမှတိမ်း, စည်မှတိမ်း-ဆိုသော အရာထင်၏။

ထိုတွင် ညွတ်တိမ်းသည်၊ ရှောင်တိမ်းသည်၊ တိမ်းယိမ်းသည်-ဆိုသောအရာကား တည်ရပ်မှ လွဲးဆည်ဟူသောအနက်။ တိမ်းပွေ၊ တိမ်းအောင်းသည်-ဆိုသောအရာကား တည်ရပ် မလွဲးမပြောင်း တိမ်းအောင်းဆိတ်ညံကာမျှကို ဆိုသောအရာထည်း ထင်သောကြောင့် သဘောတစိတ်ကွဲးဖွယ်ထင်၏။ ထိုအနက်နှစ်ပါးသည် ပျောက်ပျက်သည်ဟူသော အနက်မဖြစ်သင့်ဣက် ပျောက်ပျက်သည်ကိုပင် တိမ်းယိမ်းသည်ဟူ၍ ဆိုမိန့်ခြင်းကား တိမ်းယိမ်း၏ ဟူဣင်ဆုံးရှုံးပျောက်ပျက်သည်မဟုတ်။ တည်ရပ်လွဲးကာမျှဟူသောအရ စကားဣ သာယာသည်ကိုထောက်၍ ဆိုမိန့်ကုန်သဖဲ့သို့ရှိ၏။ တိမ်းယိမ်း၏ ဟူဣင် တည်ရပ်လွဲးကာမျှ၊ တိမ်းအောင်း,တိမ်းပွေ၏ ဟူဣင် တည်ရပ်မလွဲး ဆိတ်တိတ်ကာမျှ၊ ဤအနက်နှစ်ပါးသင့်၊ တပါးသင့် ဖြစ်တန်သည်, ဆုံးရှုံးပျောက်ပျက်သည်ကိုဣက် စကားဣသာယာရုံမှဆိုသောအရာဖြစ်တန်သည်ကို နှလုံးသွင်းရာ၏။

ခိုးသား မှတိမ်း-ဟူသည်ကို ရှေးဝေါဟာရမျှသာ၊ အရမရှိထည်း ဆိုသင့်၏။ အမှုအရာ ဆိုးသွမ်းသည်ကို ဆို၏သို့ အမှုအရာ တိမ်းယွင်းသည်-ဟူ၍ အနက်ရဣ်ထည်း ထျော်ဖွယ်ရှိ၏။ ။စည်မှတိမ်း-ဟူသည်၌ကား မုဒိဂ်-ဟူသောပါဠိဒ္ဒိထင်၏။ ထို မုဒိဂ်ဟူသောပါဠိကို 'မှတိမ်စည်'ဟူ၍ ၎င်း, 'မှရိုးစည်'ဟူ၍ ၎င်းမြန်မာပြန်တော်မူကုန်၏။ မရဇ-ဟူသောပါဠိထည်း နည်းတူအနက်ဖြစ်၏။ သဒ္ဒါအနက်ကား လူတို့အား ဝန်းမြောက်ခြင်းကို ဖြစ်စေတတ်သောကြောင့် 'မုတိမ်' ဟူသည်။အသူရာတို့မှ ဖြစ်သောကြောင့် 'မုရဇ'ဟူသည်။ထိုတွင် မုဒိဂ်-ဟူသောပါဠိနှင့်အညီ'မုဒိမ်'ဟူ၍ ဒဠွေဝယ် ရေးမူကား ဓမ္မဝတ်၊ တဝမ်းပူ'မုတိမ်'ရေးမူကား ထောကဝတ်ဟူသင့်၏။

ထိန်-ထိမ်-ထိန်း-ထိမ်း

၃၉၈-ထပျည်း လုံးကြီးတင် နှ-သတ်, မ-သတ်တို့၌
ဝေါဟာရကို ပြခြင်း

ထ-အက္ခရာ လုံးကြီးတင် နှ-သတ်ကား....

"ညှိကြချိန်သည်၊ ကထိန်လှူသက်နှံးတည့်လေ"
"ဆောင်းစပ်ခါချိန်၊ ကထိန်မလွတ်"

---

၁ သံ၊ နိဂုံး * ၁။

"အာဏာလောင်ထိန်၊ညှိုးယော်ပိန်သည်၊နေရှိန်ပန်းနွယ်သွေသတည်း" [၁]
"တေဇပြင်းထိန်၊ တန်ခိုးရှိန်ဖြင့်၊ ပုထိန်တိုင်းကား"
"ပဉ္စမာရဇိန်၊ ညာဏ်ရောင်ထိန်သား" [၂]

စသည်ဖြင့် ကထိန်, ဝင်းထိန်သည်, ထင်းထိန်သည်-ဟူသော အရာထင်၏။ထို၌ကထိန်ဟူသည်ကား ကထိန-ဟူသော ပါဠိမှ၏။

ထိုနှင့်အသံတူ မ-သတ်ကား...."စရက်တင်းထိမ်၊ ရိပ်ငြိမ်သာထွေ"
"ရံထည်းတင်းတိမ်၊ ရွှေအိမ်အထယ်" [၃]
"ဖြင်မျှရိပ်ငြိမ်၊ နန်းရွှေအိမ်၌၊ တင်းထိမ်ကာသန်း"
"မည်ထင်မတိမ်၊ ကုက္ကို့ထိမ်ဟု၊ချမ်းငြိမ်ရိပ်သာ" [၄]
"ပျောက်ထျက်ဆည်းငြိမ်၊ ခြုံပြေထိမ်ထည်း၊ တကြိမ်ရှေးဦး"
"ကျစ်ထစ်မွှေထိမ်၊ ပန်းထိမ်မိုးနတ်"
"တတ်စွာမွှေထိမ်၊ ရွှေပန်းထိမ်ထည်း၊ အထိမ်အကွေ့" [၅]

စသည်ဖြင့် တင်းထိမ်, ကုက္ကို့ထိမ်,ဝှက်ထိမ်သည်,ပန်းထိမ်-ဆိုသော အရာထင်၏။

လုံးကြီးတင် န-သတ် ဝိသဇ္ဇနီသံကား....
"ဆင်ထိန်းမြင်းထိန်း၊ ကထိန်းကထက်" [၆]
"သတိဉာက်ထိန်း၊ ဝါဆိုကျိန်းသည်၊ယဉ်မှိန်းသူတော်နှလုံးတည်း" [၇]
"ယရည်းမထိန်း၊ တောဆင်မိန်းလို၊ ကထိန်းကထက်" [၈]
"ကာယဆင်မိန်း၊ ကိုယ်မထိန်းမူ၊ အငြိန်းအဖျင်း" [၉]
"ခန္ဓာဆုန်းချိန်း၊ ရထားထိန်းလျှင်၊ ရွှမှိန်းမျက်စိ" [၁၀]

စသည်ဖြင့် ထိန်းသိမ်း,ထိန်းကျောင်း-ဆိုသော အရာထင်၏။

---

၁ သံ * ၁၅၉။
၂ မင်းမယ် * ၁။
၃ သံ * ၇၂။
၄ ဘူပေါင်း * ၄၇။
၅ ဘုံ * ၈၇၊ "ကျစ်ထစ်မွှေထိမ်။"
၆ ကိုး * ၀၆။
၇ သံ * ၂။ "ဝါဆိုကိန်းသည်၊ ယဉ်မိန်းသူတော်နှလုံးတည်း။"
၈ ကိုး * ၂၂၀။
၉ ဘူပေါင်း * ၃၇။
၁၀ ကိုး * ၅၅။

ထိုနှင့်အသံတူ မ-သတ်ကား····

"စည်ကြိုးထိန်းထိန်း၊ စည်မှတိန်းလည်း၊ မြည်ရှိန်းကြားကျယ်" ၀
"မြရောင်ခင်သိန်း၊ တောလုံးစိန်းသား၊ မထိန်းမဖဲ" ၂
"ထောက်ပံ့ဖျားသိန်း၊ တိုင်းကားငြိန်းထျက်၊ မထိန်းမဖဲ"
"ပြောပထိန်းထိန်း မှတ်မှတ်တည်း။ ၃ ။ကြောမစိန်းစိန်း လတ်လတ်တည်း" ၄
"မှန်းထိန်းစ လျှင်····မွန်းယိန်းကလျှင်" ၅
"ကြေညာခင်ဘိန်း၊ ရန်စစ်ထိန်းလည်း၊ မတိန်းမပါး" ၆

စသည်ဖြင့် စည်သံထိန်းထိန်း, အရင်မည်မဖဲမထိန်း,မှန်းထိန်းသည်,ထိန်းမှတ်သည်, ရန်စစ်ထိန်းသည်-ဆိုသောအရာထင်၏။

ထိုတွင် စည်သံထိန်းထိန်း-ဟူသည်ကို မြေမိုးထိန့်သည်, ထိန့်ထိန့်လွှဲမျှ မြည်သည်ဟူသောအနက် ယူ၍ အမြစ်ကျသော နာ-သတ်အသံ၊ စည်မှတိန်း- ဟူသည်၌လည်း မှဒိဂ်-ဟူသော ပါဠိမှဖြစ်၍ ဆိခံ-ဟူသော ဝ-သတ်အရာကို 'ဆိန်ခရစ်လျင်-ချိန်အသစ်လျင်'ဟူ၍ နာ-သတ်စင်၏သို့ နာ-သတ်၊ မြည်ရှိန်း-ဟူသည်၌လည်း တန်းခိုးရှိန်, ဘုန်းရှိန်ဟူ၏သို့ အသံမြည်ရှိန်ဟူသောအနက်ကို ဝိသဇ္ဇနီသံဖြစ်စေ၍ နာ-သတ်, ယင်းသို့ နာ-သတ်အညီယူလည်း သင့်ဖွယ်ထင်၏။ ။စည်သံထိန်းထိန်းဟူသည်ကို နားဥထင်သော အသံမျှသာယူ၍ မ-သတ်၊ တာဝတိန်ကို မ-သတ်၏သို့ စည်မှတိန်းကိုလည်း မ-သတ်၊

"မြမြရှိန်းရှိန်း၊ ပြည့်ဖြိုးစိန်းသား"
"ထျပ်နှယ်တောက်ရှိန်း၊ နှောက်ရှက်ငြိန်းထျက်" ၇

စသည်တို့၌ ရှိန်းရှိန်း **မသတ်**ကဲ့သို့ မြည်ရှိန်းဟူသည်ကို **မ-သတ်**ဟူ၍ ၎င်း,

"ကြောက်ဖွယ်ထန့်ကြိန်း၊ ကျားသို့ဟိန်း" ၈

ဟူ၍ ဟိန်းသည်, ဟည်းသည်ဆိုသောအရာ။ **ဟ**-အက္ခရာအတွက်ကို ရ-အက္ခရာဟဆွဲးထျက် ရှိန်းဟူသောအသံ **မ-သတ်**ဟူ၍ ၎င်း, **မ-သတ်**အညီဆိုသည် သင့်ဖွယ်

---

၁ ဘူပေါင်း * ၇၀၊ "စည်ကြိုး ထိန်းထိန်း၊ စည်မှဒိန်းလည်း၊ မြည်ဟိန်းကြားကျယ်။"
၂ ရွှေစာ * ၁၀၊ "ဝန်းထိန်းမဖဲ။"
၃ ကိုး * ၁၂၁။
၄ ကိုး * ၁၁၈။
၅ ဒေး * ၉၅။
၆ ပုံထောင် * ၃၂။
၇ ထန်ရ * ၁။
၈ "ကြောက်ဘွယ် ထချိန်း၊ ကျားသို့ဟိန်း၊အည်းအိန်းချောက်ယုန်ယွယ့်၊" သဒ္ဒဥာဏ်ချို သတ်ပုံ။

ထင်၏၊ ဩဇာသာ ပမာဏ၊ အချိုကား 'စည်ကြိုးတိမ်းတိမ်း'ဟူ၍ တဝမ်းပူရေးဖတ်ကုန်၏။ စည်မှတိမ်း-ဟူသည်နှင့် အရေးအသံထပ်ခဲ့အံ့၊ ဒုန္ဒုဘိ-ဟူသော ပါဠိနှင့် အညီ 'တုန်းတုန်း'ဟူသောအသံ၊ ဗိုလ်ထိုမ-ဟူသည်နှင့်အညီ 'တိမ်းတိမ်း'ဟူသောအသံ ဆိုထည်မှာသာ တဝမ်းပူထျော်ဖွယ်ထင်သည်။ ဆင်ခြင်။

မဖဲးမထိမ်း-ဟူသည့်အရပ်မည်ကား 'နတ်တို့ ပန်းထိမ် ပန်းဖဲး ထုပ်ဘူးသည်ကို စွဲး၏'ဟူသဖြင့် 'ပန်းထိမ်'ဆိုမည်အတွက် စကားရွှေသည်မျှသာဖြစ်၏။ ။မှန်းထိမ်းသည်၊ ထိမ်းမှတ်သည်- ဆိုသောအရာကား ထိန်းသိမ်း၏ဟူသည်နှင့် သဘောကွဲးယူသင့်၏။ ။ထိန်းသိမ်း ထိန်းကျောင်း၏ ဟူသည်၌ ထိန်း၏ ဟူသော စကားအရကား စောင့်ရှောက်ခြင်း ယှဉ်စပ်ခြင်း အနက်ဖြစ်သင့်၏။ ။မှန်းထိမ်းသည်၊ ထိမ်းမှတ်သည်- ဟူသော စကားအရကား ဤသို့ ဖြစ်စေဟူ၍ ရည်မှတ်ခြင်း၊ မှန်းထားခြင်းအနက်ဖြစ်သင့်၏။ ထိုနှင့်ထျော်စွာ "ရန်စစ်ထိမ်းလည်း၊မတိမ်းမပါး" ဟူသည်၌ ရန်စစ်ကို ထိန်းကျောင်း စောင့်ရှောက်သည်။ ရန်စစ်နှင့် ယှဉ်စပ်သည်ဟူသော အနက်မထျော်။ ရန်စစ်ကို ကျိုးနွံပျဉ်ဝင်စိမ့်ဟု ရည်မှတ်ခန့်ထားလျှင် ရည်မှတ်သောအထျောက် မတိမ်းမပါး အောင်ကြိမ်းအောင်ပန်းအများကို စကားအစဉ်လာသဖြင့် သိကောင်းစွာထျက်ဟူ၍ အဓိပ္ပါယ်ဖြောင့်ရာ၏။ဤ၌ 'ရန်စစ်ငြိမ်းထျက်၊ မတိမ်းမပါး'ဟူ၍ လည်းကောင်း, 'ရန်စစ်ထိမ်းထျက်၊ မတိမ်းမပါး'ဟူ၍ ၎င်း, စာလည်းအထွေထွေ အယူလည်းအထွေထွေ ရှိကုန်သည်ကား အစဉ်အကျွမ်းလည်းမပြား၊ သဘောလည်းမကွဲးသကဲ့သို့ရှိ၏။ ။(ထိန်း-ထိမ်းတို့ကို ထိန်-မှာလည်း ရှုပါဦး။)

နိန်-နှိမ်-နိမ့်-နှိမ့်

၃၉၉-နဗျည်း သက်သက် ဟဆွဲး လုံးကြီးတင် န-သတ်, မ-သတ်တို့၌ ဝေါဟာရကို မြဲခြင်း

န-အကျွမ်းလုံးကြီးတင် န-သတ်ကား ···'ဘူပဇနိန်၊နရိန်ရာဇာ'စသည်ဖြင့် ဇနိန္ဒ ဟူသောပါဠိမှ 'ဇနိန်'ဆိုသောအရာထင်၏။ ဇနိန္ဒ-ဟူသည်၌ အနက်ကား လူတို့ကို အစိုးရသူ ဆိုလိုသည်။ အရကား မင်းတည်း။

---

၁ ပုံတော်၌ * ၃၂။

ထိုနှင့်အသံတူ မ-သတ်ကား....

"ရန်မြစ်ချီးနှိမ်၊ ဒိမာန်အိမ်၌၊ စည်းစိမ်ချမ်းသာ" ၁
"ထုံးပိုင်မနှိမ်၊ မီးမငြိမ်မူ၊ ထိုအိမ်လောင်ရာ" ၂
"မင့်သာငြိမ်၊ စစ်ဦးနှိမ်သို့၊ စည်းစိမ်သာင်" ၃
"ရောက်သည့်စိုးရိမ်၊ ချက်ချင်းငြိမ်စိမ့်၊ မနှိမ်နိုင်ပဲ့" ၄

စသည်ဖြင့် နှိမ်သည်-ဆိုသောအရာ ထင်၏။ ။ထို၌ သုဒ္ဓအသံ,ကာရိုက်သံထင်၏။ န-အက္ခရာ သက်သက် ထုံးကြိုးတင် မ-သတ်အမြစ်သံဖြစ်သော 'နိမ့်သည်' ဟူသော ဝေါဟာရကား သယံဇာတ နိမ့်သည်-ဟူသော သုဒ္ဓအသံဖြစ်၏။ နိမ့်စေသည်-ဟူသောကာရိုက်အနက် 'နှိမ့်သည်' ဟူ၍ ဟဆွဲးအမြစ်သံငင်း, 'နှိမ်သည်' ဟူ၍ အမြစ်ဝိသဇ္ဇနီမပါသံငင်းဖြစ်၏။ ။ထိုတွင် ကာရိုက်အသံသည် ဟဆွဲးအမြစ်သံ, မမြစ်သံ ပြားသည်၌ သဘောကွဲးအောင် ယူမူ 'နှိမ့်သည်' ဟူသောအမြစ်သံကား များသော အားဖြင့် နိမ့်စေငြီးသော အတိတ်ကာလ၊ 'နှိမ်သည်' ဟူသော အ-မမြစ်သံကား နိမ့်စေဟု အားထုတ်ဆဲးကာလ၊ဤသို့ကာလအားဖြင့်ကွဲးအံ့သို့ရှိ၏။ထို၌စပ်အင်ကား-

"နတ်အောက်မနိမ့်၊ လှလေးငြိမ့်ကို၊ လွှမ်းစိမ့်သောဟု" ၅
"ဆင်းရောင်ငြိမ့်ငြိမ့်၊ မြင့်နိမ့်မည်းဖြူ"
"နားယဉ်ထောင်ငြိမ့်၊ သဒ္ဒါစိမ့်လော့၊ မနိမ့်စုထည်း" ၆

စသည်ဖြင့် နိမ့်သည်ဟူသော သုဒ္ဓအသံ၌ စပ်အင်။

"မမြောက်မနှိမ့်၊ ဆိုဝိမ့်သောငှာ"
"ရည်သွားယုတ်စိမ့်၊ အားတိုင်းနှိမ့်ထည်း၊ မနှိမ့်ကိုယ်ပင်"

စသည်ဖြင့် နှိမ့်သည်ဟူသော အမြစ်သံ၌ စပ်အင်ထင်၏။ အ-မမြစ်သံ စပ်အင်ကား ထုတ်ခဲ့ပြီ။

---

၁ ဘူပေါင်း * ၅၆။
၂ သံ * ၁၅၀။
၃ ကိုး * ၁၂၀။
၄ ကိုး * ၁၆၃။
၅ ဒေး *
၆ "ထရားနာငြိမ့်၊ နားတော်စိမ့်လော့၊ မြိန်ဆိမ့်ချိလေး။" ကိုး * ၅၄။

ဝိန်-ဝိဏ်-ဝိန်း-ပြိန်း-ဝိမ့်

၄၀၀-ပဗျည်း လုံးကြီးတင် န-သတ်, မ-သတ်၌
ဝေါဟာရကိုပြခြင်း

ပ-အက္ခရာ လုံးကြီးတင် န-သတ်ကား....

"အာဏာလောင်ထိန်၊ညှိုးယော်ဝိန်သည်၊နေရှိန်ပန်းနှယ်သွေသတည်း" ၁
"အနာထဝိန်၊ ကျော်ရှိန်လှိုင်ပေါက်" ၂

စသည်ဖြင့် ညှိုးဝိန်သည်, အနာထဝိန်-ဆိုသော အရာထင်၏။ ။ထိုထွင် အနာထဝိန်ဟူသည်ကား အနာထဝိဏ်ကြ-ဟူသော ပါဠိမှိန့်အညီ ဏကြီးသတ်မူ ဓမ္မဝတ်၊ စပ်အင်သို့ဝင်း, ရေးဖတ် လွယ်သည်သို့ဝင်း, လောကဝတ် အသတ်ဏကြီး မထင်သည်သို့ဝင်း လိုက်၍, န-ငယ်သတ်မူကားလောကဝတ်တည်း။ ။အနာထဝိဏ်ကြ-ဟူသော ပါဠိ၏ ဝစနတ္ထကို [အနာထာနံ ဝိဏ္ဍံ ဒဒါတီတိ အနာထဝိဏ်ကြော] ဟူ၍ ဆရာတို့မိန့်ကုန်၏။ အနက်ကား....ယောဂဟပတိ-အကြင် သူကြွေယ်သည်၊ အနာထာနံ-ကိုးကွယ်ခဲ့တို့အား၊ ဝိဏ္ဍံ-ထမင်းကို၊ ဒဒါတိ-ပေးတတ်၏၊ ဇ္ဈတိ-ထိုကြောင့်၊ သော ဂဟပတိ-ထိုသူကြွေယ်သည်၊ အနာထ ဝိဏ်ကြော-မည်၏။ ဒဒါတိ တဒ္ဓိတ်၊တရတျာဒိ-သော်လည်းဆို။ အနာထဝိဏ္ဍပုဒ်၊ ကိက-ပစ္စည်းတည်း။ ပုဒ်ရ ပစ္စည်းရကျယ်အံ့၊ ဆရာတို့ထံမှ သိသေအံ့ဖြစ်၍ မရေး။ အနက်မျှထင်ရံ့ အလျဉ်းသင့်ကြိုက် မှတ်ဖွယ်ထင်၍ ရေးလိုက်သည်။

န-သတ် ဝိသဇ္ဇနီဆံကား....

"ဆုံးခဲ့မိန်းမိန်း၊ ခန္ဓာကျိန်းသည်၊ လူပြိန်းသေကြိုးသေကြားတည်း" ၃
"ကာယဆင်မိန်း၊ ကိုယ်မထိန်းမူ၊ အပြိန်းအဖျင်း" ၄

စသည်ဖြင့် လူပြိန်း, အဖျင်းအပြိန်း-ဆိုသောအရာထင်၏။ ဤ၌ မကြားမပေါက် ဝိတ်သည်ဆိုလိုသောအရာဖြစ်၍, ပ-သက်သက် အနက်ရင်းကဲ့သို့ရှိ၏။ ထိုနှင့်လျော်စွာ မကျားအပြောက်မပေါက် အကွက်မျှမလပ် ဝိတ်စပ်အောင် ရွှေငွေ အပြားအလျှက် လှမ်းသည်၊ချသည်ကို'ရွှေပိန်းချသည်-ငွေပိန်းချသည်'၊ အနိုအနက်ကိုပိန်းသုတ်သည်၊ လူးသည်-ဟူသော ဆိုမိန့်ခြင်းထင်၏။

---

၁ သံ * ၁၅၉။"ညှိုးခြောက်ဝိန်သည်။"
၂ မနော် * ၁၊ "ကျော်ရှိန် ကျိုက်ဆူ၊ သေဌေးလှူသား။"
၃ ကိုး * ၁၂၂။"ခန္ဓာကိန်းသည်။"
၄ ဘူပေါင်း * ၃၇။

ထို၌ ပိန်း ဟူသည်ကား မကျား မပြောက် ဆိုလိုသောအရာပင် ဖြစ်၏။ လူပြိန်း, အဖျင်းအပြိန်း ဟူသည်၌လည်း ကိုယ်စီးပွား သုစီးပွား၊ ပစ္စုပ္ပန်သံသရာ, ထောက မမွှ, အလေးအပေါ့, အနည်းအများ, အတို-အရှည်, ရှေရှေနောက်နောက် မြော်ထောက်ခြင်းငှာ, ပညာမျက်စိ မကျားမပြောက် မစူးပေါက်ဝင်သည်, ပိန်းသည် ဆိုလိုသောအရာဖြစ်၍ လည်း ဖြစ်သင့်၏။ ပြိန်းမျောက်-ဟူသော အမြစ်စားဖွယ်၏ အမည်၌လည်း ဤနည်းကိုခို၍ တဝိတ် တဝိန်းတည်း အပေါက်အကြားမထပ် တစပ် တရက်တည်းသာဟူသော အနက်ရကောင်းဖွယ်ပင်။ ။လေ့ပျဉ်းကောကို 'ဝိန်းကော' ဟူ၍, ထုံးကြိုးတင် န-သတ်ခေါ်ဝေါ်သည်၌လည်း အောက်၌ထုတ်ခဲ့သည်နှင့်အညီ လွှဲခွဲးပျဉ်ယောင်၊ မပေါင်မတပ် မစပ်မသေ တဝိတ်တဝိန်းတည်းသော သစ်ထုံးကို ပေါ့ပါးရုံ ဝန်ရွက်ရုံမျှ ဝန်းရိုးခုတ်ထွင်ကာ စဉ်ကာ ကောကာမျှဖြစ်သည်ဟူ၍, အနက်ရကောင်းဖွယ်ပင်၊ ယင်းသို့သောအနက်အား ဖြင့် 'တဝိတ်တဝိန်းတည်း' ဆိုသော အရာဖြစ်၍, လူပိန်း၊ အဖျင်းအပိန်း-ဟူ၍, ပ-သက်သက်အား ဖြင့် အနက်ယူသော်သာ ရဖွယ်ထင်၏။ ထိုသို့ဖျက် 'အပြိန်း' ဟူ၍, ရစ်သံဆိုသည်ကား အပေါက်ဆိုမူ 'အပိန်း' ဟူ၍, ပ-သက်သက်ဆိုခြင်းသင့်၏။ အပြောက်ဆိုခြင်းကြောင့် 'အပြိန်း' ဟူ၍, ရစ်သံနှင့် ဆိုမိန့်သည်ယူသင့်၏။ အပေါက်-ဟူသည်နှင့် အပြောက်၊ အဝိန်းအဝိတ်-ဟူသည်နှင့် အပြိန်း-ဟူသည် သဘောထျော်အံ့သို့ရှိ၏။

ထုံးကြိုးတင် မ-သတ်ကား....“ကျွေးခရမ်းပိန့်၊ ချိဆိမ့်စွန်ပလွံ့” ၁
“တတ်တိုင်းနှစ်ဆိမ့်၊ ဖြေလျှင်းဝိန့်၊ပြေစိမ့်မကြား”
“မမြောက်မနှိန့်၊ ဆိုဝိန့်သောငှာ” ၂

စသည်ဖြင့် ဝိဝိဝိန့်ဝိန့်-ဆိုသောအရာ၊ မေးဝိန့်,ဖြေဝိန့် ဆိုသောအရာ ထင်၏။ ထို၌ ခရမ်းဝိန့်ဆိုမည်တို့ “ထုံးဝန်းတိတိ၊ ခရမ်းဝိထည်း၊ ဘုန်းရှိစားတို့” ဟူ၍, စပ်သော အရာထည်း ထင်သောကြောင့် ဝိသည်,ဝိန့်သည်, နိန့်သည်, ပျဉ်သည်, ကွဉ်သည်, ကွသည်-စသော ဝေါဟာရတို့ကား သဆောတူဖြစ်၏။ အောက်၌ * ခွဲးခဲ့သည်နှင့် အညီ အရာသို့လိုက်ဝါသည်သာဖြစ်၏။

---

၁ သံ * ၅၀၊“ကြွေးခရမ်းဝိန့်။” ၂ သံ * ၁၃၄။ * ခေါင်းစဉ် (၇၉) ကွအခန်း။

ဖိန်း-ဖိမ်း-ဖိမ့်

၄၀၁-ဖဗျည်း လုံးကြီးတင် နာ-သတ်, မ-သတ်၌ ဝေါဟာရကိုပြခြင်း

ဖ-အက္ခရာ လုံးကြီးတင် နာ-သတ်ကား....

"ရေသားဖိန်းဖိန်း၊ မျဉ်းမျဉ်းမိန်းသည်၊ စက်ကျိန်း တပျောင်းပျောင်း သတည်း" [၁]

"လုရွာပျော်မိန်း၊ တဖိန်းဖိန်းလျှင်၊ စက်ကျိန်းဖန်များ" [၂]

စသည်ဖြင့် အရေအသားဖိန်းသည်-ဆိုသောအရာ ထင်၏။ ။စည်သံတဖိန်းဖိန်း ဟူ၍ ဆိုမိန့်ကုန်သည်ကား စာပေမတွေ့၊ဖိန်းနွဲ့ဖိန်းခါ-ဆိုသည်၌လည်း စပ်အင်မတွေ့။ ထိုတွင် 'စည်သံဖိမ်းဖိမ်း'ဟူသည်၌ကား နာဝယ် ထင်သောအသံမျှကိုစွဲ၍ ဆိုသည်သာဖြစ်ရာသောကြောင့် မ-သတ်ထိအံ့သို့ရှိ၏။ ဖိန်းနွဲ့ ဖိန်းခါ-ဟူသည်၌ကား ထာဝတ္ထုံသော နေ့ရက်ကိုစွဲးမှတ်၍ ခေါ်ဝေါ်သောအရာဖြစ်သောကြောင့် သဘောအရ အစွဲးဆိုသော် ရရာသဖြင့် နာ-သတ်ရေးသော်လည်း သင့်အံ့သည်ပင် ဖြစ်၏၊ ဆင်ခြင်။ ။လုံးကြီးတင် မသတ်ကား.... "ဝန်းကျင်သိမ့်သိမ့်၊ ဖိမ့်ဖိမ့်လည်းတုန်' စသည်ဖြင့် ဖိမ့်ဖိမ့်တုန်သည်-ဆိုသောအရာ ထင်၏။

မိန်-မိန်း-မိန့်-မြန်-မှိန်

၄၀၂-မဗျည်း လုံးကြီးတင် နာ-သတ်, မ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

မ-အက္ခရာ လုံးကြီးတင် နာ-သတ်ကား...."ဒေဝါနမိန်၊ ဒေဝိန်နတ်စစ်" စသည်ဖြင့် ဒေဝါနမိန္ဒ-ဟူသောပါဠိကိုမှီ၍ 'ဒေဝါနမိန်'ဆိုသောအရာထင်၏။ ကုန်ရာသီ၊ မိန်ရာသီဆိုသည်၌လည်း မိန-ဟူသော ပါဠိကိုစွဲး၍ 'မိန်'ဆိုသည်ဖြစ်၏။ ထိုဌ မိန-သဒ္ဒါကား ငါးဟောတည်း။ မိန်ရာသီ-ဟူသည်ကား ဝေါဟာရအားဖြင့် တပေါင်းလတည်း။ ဆတ်ဆတ်အားဖြင့် တနာဂ်နွေဂြိဟ် ၁၂-ရာသီသို့ ပေါက်ရောက်သော လတည်း။ ထိုလ၌ ကြောင်းမြွေးဟန်-ကြောင်းရုပ်ထားမှတ်ဖြစ်၍ ထိုထိုရာသီကို 'မိန်' ဆိုသည်။ မိန-သဒ္ဒါနှင့်အညီ မိန်-ဆိုသည်ဖြစ်၏။ သုခမိန်ဟူသော ဆိုမိန့်ခြင်းကား

---

၁ တူပေါင်း * ဂ။ ၂ ကိုး * ၁ဂ။

ရှေးဝေါဟာရတည်း။ ပဏ္ဏိတသဒ္ဒါကို သုခမိန်-ဟူ၍ ဆရာမြတ်တို့ မြမွာပြန်သော ကြောင့် ပညာရှိဟု သမုတ်သောသူကို 'သုခမိန်' ဆိုသည် ယူသင့်၏။

"အရည်မှိန်သား၊ စိန်ကားပြာပြာ" [၁] ....ဟူ၍ ဘုံခန်းတွင်, "ယုံဖွယ်ကျိန်ထည်း၊ မှိန်လသောခါ"ဟူ၍ ပါရမီခန်းတွင် ဟဆွဲးသံဆိုမိန့်သောအရာထည်း ပျိုထက်ဘ တပါးမမြင်၊အလွတ်ဆိုမိန့်သည်ကား ထင်စွ။ထို၌ အရည်မှိန်၏ဟူသည်ကား အရည် အရောင် မထမ်းမပွင့် မှိတ်သည်ဆိုသောအရာကဲ့သို့ရှိ၏။

ရစ်သောအသံကား.... "စားသော်မမြိန်၊ လွှမ်းရှိန်မပျောက်" [၂]
"ချိုချိုမြိန်မြိန်၊ လေးပေါ့ချိန်သော်၊ သူရိန်နတ်သား" [၃]
"အာကာမြင့်ချိန်၊ တာဝတိန်သို့၊ စမြိန်မပြေ" [၄]

စသည်ဖြင့် မြိန်ရှက်သည့်,စမြိန်-ဆိုသောအရာထင်၏။

န-သတ် ဝိသဇ္ဇနီဆံကား....

"ကာယဆင်မိန်း၊ ကိုယ်မထိန်းမူ၊ အပြိန်းအဖျင်း" [၅]
"ဆုံးခဲ့မိန်းမိန်း၊ ခန္ဓာကျိန်းသည်" [၆]
"လူရွာပျော်မိန်း၊ တဖိန်းဖိန်းထျင်" [၇]
"ယရည်မထိန်း၊ တောဆင်မိန်းသို့၊ ကလိန်းကထက်" [၈]

စသည်ဖြင့် တမိန်းမိန်း-ဆိုသောအရာ၊ ပကုတ်,ကာမိန်း-ဟူသောအမည်၌ ထင်၏။ "ညွှန်ပေါ်ထေကိမ်း၊ နွဲ့ရာတိမ်းသို့၊ မိမ်း၍ ဆွတ်ဆွတ်"....ဟု မိမ်း-ကို မ-သတ်စပ်သည်။ သဘောကွဲးအံ့သို့မရှိ။ ။အချို့ကား၊ ပျော်မိန်းသည်ကို န-သတ်၊ ပျောင်းမိမ်းသည်ကို မ-သတ်ဟူ၍ ဆိုကုန်၏။ မိန်း၏ဟူက ထိုင်းမှိုင်းသည်ပင်။လောဘ ဒေါသ မုန်ကျဆင်ကို 'ဆင်မိန်း'ဟု၏။ထိုလောဘ ဒေါသအား၌ဖြင့် အရာဟုတ်သည် မဟုတ်သည်ကို ထိခြင်း၌ ထိုင်းမှိုင်းသည်ပင်၊ 'ဆိုခဲ့မိန်းမိန်း၊ လူရွာပျော်မိန်း'ဟူသည်၌ထည်း အရာဟုတ်သည် မဟုတ်သည် နားမပေါက်၊လူပြိန်းဖြစ်၍ အသင့်နှလုံးသွင်းခြင်းငှာ ဆုံးရှုံးထိုင်းမှိုင်းထေသည်။ တဖိန်းဖိန်းစက်ကျိန်းပျော်ပါးထေသည်။ ယရည်သားတို့ မထိန်းမသိမ်းနိုင်သော လောဘ ဒေါသ မုန်ကျဆင် ထိုင်းမှိုင်း၏သို့ ကလိန်းကထက် ချစ်ရမက်ကြောင့် သွမ်းပျက်ပေါ့လွင့်ခြင်းဖြစ်၍ အသင့်နှလုံးသွင်းခြင်း၌ထိုင်းသည်ပင်၊

---

၁ ဘုံ * ၄၀။
၂ ကိုး * ၁၆၉။
၃ ဘူပေါင်း * ၃၇။
၄ ကိုး * ၁၂၂။
၅ ဘုံ၊နိဂုံး * (၄)၊"သူရိန်နတ်မင်း။"
၆ ကိုး * ၁၀။
၇ ဘုံ * ၁။
၈ ကိုး * ၂၂၀။

မခိုင်မခဲ့ ပျောင်းညှဲ့သော ညွှန်ပေါ်ဝယ် ရောက်သော ပန်းပင်ငယ်သည် လေ ခတ်သဖြင့် ပျောင်းညွှတ်တိမ်းယိမ်းသကဲ့သို့ မသွက်မလက် ထိုင်းမှိုင်းနှင့်။ တဆွတ် ဆွတ် တမျှံမျှံရှိသည်။ ဤသို့သောသဘောကျရှိရာသည်ကို ထောက်သဖြင့် နာ-သတ်,မ-သတ်အရာမကွဲး။ ထိုင်းမှိုင်းသည်ကို မိန်းသည်-ဆိုလိုသောအရာချည်းဖြစ်၍, သဘော ကွဲးအံ့သို့မရှိ။ အရှင်ရဋ္ဌပါလစင်တော်မူသည်မှာ မ-သတ်မထင်မိ။သဘောထူးလည်း မထင်မိ။ဝါဒအလျောက်သာ ကွဲး၏သို့ရှိ၏။ဆင်ခြင်။ပကုတ်ကာမိန်း-ဟူသောအမည် ကား ကာမိန္ဒ-ဟူသောပါဠိမှိထင်၏။လုံးကြီးတင်နာ-သတ် အမြစ်သံကား....၊"သံမြတ် သာအိန်း၊ဤသို့မိန်း၏၊ ကျော်ထိန်းအံ့ဖွယ်" [၁] ဟူ၍, မိန်းဆိုသောအရာထင်၏။

ယိမ်း-ရိန်-ရိမ်-ရှိန်-ရှိမ်း

၄၀၃-ယ,ရ-အက္ခရာ လုံးကြီးတင် နာ-သတ်,မ-သတ်၌ ဝေါဟာရကို ပြခြင်း

ယ-အက္ခရာ လုံးကြီးတင် မ-သတ်ကား....

"မယိုင်မယိမ်း၊ မစိမ်းမဆွဲ" [၂]

"သီတာမှယိမ်း၊ စိတ်မျှံငြိမ်းလျက်၊ ချစ်တိမ်းမညွတ်"

စသည်ဖြင့် ယိုင်ယိမ်းသည်-ဆိုသောအရာ ထင်၏။

ရ-အက္ခရာ လုံးကြီးတင် နာ-သတ်ကား....

"ပြင်းဟုန်သူရိန်၊ ထွန်းထိန်ကရကတ်" [၃]

"ရန်အောင်နရိန်၊ ဇေယျသိန်ဩရသ်" [၄]

"ဘူပဇနိန်၊ နရိန်ရာဇာ"

စသည်ဖြင့် သူရိန်, နရိန်-ဆိုသောအရာ ထင်၏။ ထို၌ သူရိန္ဒ, နရိန္ဒ-ဟူသောပါဠိ ဝေါဟာရဖြစ်၏။

ဟာဠား နာ-သတ်ကား...."ချစ်ကြည်နှံရှိန်၊ ဘုမ္မသိန်ကတိုး" [၅]

"ကြောက်လွယ်နှံရှိန်၊ အသူရိန်သို့၊ ဇနိန်ရန်တောက်" [၆]

---

၁ ကိုး * ၂။
၂ ကိုး * ၃၃။
၃ ထီးဇ * ၂၄။
၄ ကိုး * ၂၉၀။
၅ ဘူလင် * ၄၉၊ "ချမ်းကြည်နှံရှိန်။"
၆ ထံ * ၁၈၀၊ "ကြောက်စဖွယ်နှံရှိန်" ....ဝနိန်ရန်ထောက်၊"

"မိုးကြိုးစက်ရှိန်၊ ဝရဇိန်သို့၊ နှိုင်းချိန်မယွင်း" [၁]

စသည်ဖြင့် အရှိန်အစော် ဆိုသောအရာ ထင်၏။ ဘုန်းရှိန်, တန်းခိုးရှိန်, မိုးရှိန်, နေရှိန်-စသည်ဖြင့် အစွန်းအညွှန့်ထွက်ခြင်း သတ္တိကို 'အရှိန်' ဆိုသည် ယူသင့်၏။

ထိုနှင့်အဆံတူ မ-သတ်ကား.... "မစိုးမရိမ်၊ စည်းစိမ်ခိုင်ဖြိုး"
"မစိုးမရိမ်၊ ကြောင့်ကြဉ်မ်က၊ မွှေသိမ်ကျင့်ခက်" [၂]
"မစိုးမရိမ်၊ နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံခြင့်" [၃]

စသည်ဖြင့် စိုးရိမ်သည်-ဆိုသောအရာထင်၏။

ဟဆွဲး မ-သတ်ကား....

"မြမြရှိမ်းရှိမ်း၊ ပြည့်ဖြိုးစိမ်းသား၊ ချမ်းငြိမ်းစွာမော"
"ထျပ်နယ်တောက်ရှိမ်း၊ နှောင့်ရှက်ငြိမ်းထျက်၊ ခပ်သိမ်းစကြဝဠာ" [၄]
"ငယ်သွေးရှိမ်းရှိမ်း၊ မြေနယ်စိမ်းသည်၊ ချစ်တိမ်းရွှဖွယ်" [၅]

စသည်ဖြင့် ရှိမ်းရှိမ်းရွှန်းရွှန်း-ဆိုသောအရာထင်၏။

ဤ၌ ရှိမ်းရှိမ်းဟူသည်နှင့် ယခင် အရှိန်-ဆိုသော ဝေါဟာရအထူးကား-နေဝန်း လဝန်း မီးတောက်မီးလျံ စသည်တို့မှ ထွက်လသော အစွန်းအညွှန့်ကဲ့သို့၊ တည်ရပ် ဝတ်သာမက နှံ့ပြေးသော အာနုဘော် အစွမ်းကို 'အရှိန်' ဆိုသည်ယူသင့်၏။ ဤ၌ ရှိမ်းရှိမ်း ဟူသည်ကား တည်ရပ်မကွာ ရွှန်းရွှန်း စားစား လန်းလန်း လတ်လတ် ထင်မြင်လောက်သော အခြင်းအရာကို 'ရှိမ်းရှိမ်း' ဆိုသည် ယူသင့်၏။ ယင်းသို့ တစိတ်မျှ အရကွဲးကောင်း၏။ ဆင်ခြင်။

လိန်—လိန့်—လိန်း—လိမ်—လိမ့်—လိမ်း—လှိမ့်

၄၀၄-လမျည်း လုံးကြီးတင် နှ-သတ်, မ-သတ်၌ ဝေါဟာရကို မြခြင်း

လ-အက္ခရာ လုံးကြီးတင် နှ-သတ်ကား....
"ပဥ္စမာလိန်၊ စောင့်ချိန်ရန်ထား" [၆]

---

၁ ဘူရင် * ၁၂၄။
၂ ကိုး * ၂၀။
၃ ကိုး * ၂၆။
၄ ထန်ရ * ၁။
၅ ဘူရင် * ၃၆၊ "မြမြစိမ်းသား၊ ညွှတ်တိမ်းရွှဖွယ်။"
၆ ဂံ * ၂၇၊ "ပဥ္စအာလိန်၊ တာဝတိန်၌၊ စောင့်ချိန်ရန်ထား။"

"နှောင့်ရှက်သူရိန်၊ နတ်နှင့်ချိန်၍၊ ကလိန်ကလစ်"
စသည်ဖြင့် ပဋ္ဌမာလိန်, ကလိန်ကလစ် ဆိုသောအရာထင်၏။

ထိုတွင် ပဋ္ဌမာလိန်-ဟူသည်ကား ပဋ္ဌမာလိန္ဒ-ဟူသော ပါဠိကိုမှီ၏။ ထိုပါဠိအနက်ကား ငါးဆင့်သော အကွေးအရစ်ဟူသည်။ မြင့်မိုရ်တောင်ခြေ ဖြစ်သော အောက်ဆင့်ဝယ်နဂါး, ထိုမှ အထက်ဆင့်ကား ဂဠုန်, ထိုမှ အထက် ဆင့်ကား ကုမ္ဘဏ်မည်သောဘီလူး, ထိုမှအထက်ဆင့်ကားရက္ခိုက်မည်သောဘီလူး, ထိုမှအထက် ဆင့်ကား စာတု မဟာရာဇ်နတ်-ဤငါးရပ်သော အဆင့်အကွေးကို 'ပဋ္ဌမာလိန်' ဆိုသည်။ အခြားအကျယ် အသေအချာ ယူဇနာနှင့်တကွကို'ကျယ်အံ့, တွေ့လွယ်အံ့' ဖြစ်၍ မရေးသည်။

ကလိန်ကလစ်-ဟူသည် လိန်လစ်-ဟူသည် မထူး။ ။ကြိုးလိန်၊ နဂါးလိန်၊ အကွေးအလိန်-ဟူသည်ထည်း နည်းတူသင့်၏။ ဘုံခန်း၌ကား "တတ်စွာမွေ့သိမ်၊ ရွှေပန်းထိမ်လျှင်၊ အလိမ်အကွေး" [၁] ဟူ၍ မ-သတ်စပ်သည်ကား လိမ်လစ်သည်ဆိုသောအရ ထူးသင့်၏။ လင်္ကာဆရာတို့ဝင် ဝါဒမည် သက္ဆိုသို့ ရှိ၏။ သဘောကွဲးအောင် ကြို၍ ယူမူ တလိန်တလည် ကွေကောက် ပြုကျင့်သည်၊ ကလိန် ကလစ် ဥပါယ်တမျှည်ဖြင့် ကြိုစည်ရှိ့ကတ် ပြုကျင့်တတ်သည် ဆိုလိုသောအရာ၌ န-သတ်၊ ကြိုးလွန် ကြိုးလိမ်ကဲ့သို့ ခွေလိမ် ယှက်တင်သည် ဆိုသောအရာကို မ-သတ်၊ ဤသို့ ယူမူ သဘောကွဲးကောင်းအံ့သို့ ရှိ၏။ ။လုံးကြိုးတင် မ-သတ်ထည်း 'ခွေလိမ်သည်' ဟူသော အနက်သာထင်၏။ စင်အင်ခြားနား သိသာအောင် နှလုံးသွင်းရာ၏။

လုံးကြိုးတင် န-သတ် ဝိသဇ္ဇနိသံကား....

"ဆင်ထိန်း မြင်းထိန်း၊ ကလိန်းကလက်" [၂]
"ယရည်မထိန်း၊ တောဆင်မိန်းသို့၊ ကလိန်းကလက်" [၃]
"ယောကျ်ားသူပြိန်း၊ ခမ်းအောင်း ချိန်းလျက်၊ ကလိန်းကလက်" [၄]
"နှံမွေးတသုန်လိန်းလင့်ကုန်-ချန်းတောင်းညာဏ်ဟုန်ထိန်းလင့်ကုန်" [၅]

စသည်ဖြင့် ကလိန်းကလက်, ကလိန်းကလင်-ဆိုသောအရာထင်၏။

---

၁ ဘုံ ၈၇၊ "ကျစ်လျစ်မွေ့သိမ်။"
၂ ကိုး * ၁၆။
၃ ကိုး * ၂၂၀။
၄ ဆု * ၉၆၊ "ခပ်အောင်ချိန်းလျက်၊ ကလိန်းကလင်း။"
၅ ဘူဝေါင်း * ၅၊ ၆။

အမြစ်သံကား.... "မြေချာပိတ်လိန်၊ ခံရွက်ထိန်သည်၊ လေးသိန်ရှစ်သောင်း" [၁] ဟူ၍ 'ပိတ်လိန်' ဆိုသောအရာထင်၏။ ထိုတွင် ကလိန်းကလက်၊ ကလိန်းကလင်-ဟူ၍ က-ဟူသောစကားခွန်း, လက်-ဟူသော စကားခွန်း, လင်-ဟူသော စကားခွန်းတို့ကား အရမထွက် ယှဉ်ဖက်ကာမျက္ခဲသို့ ရှိ၏။ အလုံးညီသော ဝတ္ထုသည် မငြိမ်ဝဲလိန်သည်, လိန်သည် ဆိုသောအရာကဲ့သို့ မငြိမ်ဝဲရှိသည်ကို 'လိန်သည် လိန်သည်'သာ ဆိုသင့်ဏျက် က-အက္ခရာ ယှဉ်ဖက်သည်ကား ဏျည့်သီသည်သာ မဆို ကဏျည့်ကသီ၊ သီရိသည်သာမဆို ကသီကရီ၊ စီရင်သည်သာ မဆို ကစီကရင်၊ ဤနည်းအတူ ကစဉ့်ကဏျားကဇွဲးကတည်း၊ ကတိမ်းကယိမ်း-စသည်ဖြင့် အနက်ထူး မရှိဏျက် က-အက္ခရာ ယှဉ်ဖက်၍ ဆိုမိန့်သည်နှင့် တူအံ့သတည်း။ လက်-ဟူသော စကားခွန်း, လင်းဟူသော စကားခွန်း ယှဉ်ဖက်သည်ကား ဖက်သည်, ဆက်သည်သာ မဆို ဖက်လက်သည်, ဆက်လက်သည်-ဆိုသကဲ့သို့ငင်း၊ တိမ်သည်သာ မဆို တိမ်တင်း ဟူ၍ တင်း-ဟူသော စကားခွန်းကို အရထူးမရှိဏျက် ယှဉ်ဖက်သကဲ့သို့ငင်း၊ လိန့်သည်သာ မဆို လိန့်လက်သည်-ဟူ၍ လက်-ဟူသောစကား အရထူး မရှိဏျက် ယှဉ်ဖက်သည်ဖြစ်၏။လင်-ဟူသောစကားခွန်း ယှဉ်ဖက်သည်ကား လိန့်-ဟူ၍ အမြစ်သံကိုသောအသံတူ လက်-ဟူသောစကားခွန်းဖက်သည်။လိန်းဟူ၍ ဝိသဇ္ဇနီသံဒ္ဓကား ယှဉ်သော * အသံတူ ဖြစ်စေလို၍သာ လင်-ဟူသော စကားခွန်းဖက်သည်။အချို့ကား ဝိသဇ္ဇနီသံဒ္ဓပင် လက်-ဟူသော အသံကိုဖက်၍ 'လိန်းလက်' ဆိုသည်လည်း ရှိ၏။ ယင်းသို့ဏျင် လိန့်သည် လိန်းသည်သာ မဆို လိန့်လက်သည်၊လိန်းလင်ရှိသည်၊ လိန်းလက် ရှိသည်။ ကလိန်းကလက်၊ ကလိန်းကလင်-ဟူ၍ က-စသောအက္ခရာ ဖက်ယှဉ်ကာမျှသော ဆိုမိန့်ခြင်းဖြစ်၏။

ထိုတွင် 'နံမွေးတသုန် လိန်းလင့်ကုန်'....ဟူသည်၌'ချန်းတောင်းညာဏ်ဟုန် ထိန်းလင့်ကုန်' ဟူသော န-သတ်စပ်အင်္ဂါကို မထောက်။ လိမ်းကျံသည်-ဟူသော မ-သတ် အနက်အချို့ယူကုန်၏။ အချို့ကား လိမ်းလင့်ကုန်-ဟူသည်၌ လိမ်းကျံသည်-ဟူသော မ-သတ်စပ်အင် ညီအောင် ထိမ်းလင့်ကုန်-ဟူသည်၌လည်း မ-သတ်ယူ၍ ထိမ်စေသည်ကို ထိမ်းသည်-ဆိုသည်ဟူ၍ ယူကုန်၏။ အချို့ကား ထိမ်မှန်သည်-ဟူသော အနက်ယူကုန်၏။ထိုတွင် ထိမ်စေသည်ကို ထိမ်းသည်-ဆိုသောအရာလည်း ထအက္ခရာ

---

၁ ဘုရေါင်း * ၁၀၀ ထွင်"မြေချာပိတ်လိမ်း၊ ခံရွက်ထိမ်းသည်၊ လေးသိန်းရှစ်သောင်း"ဟု တွေ့ရသည်။ ဤအဖြေ * ၉၉ တွင် "မြေချာပိတ်လိန်း၊ ခံရွက် ထိန်းသည်၊ လေးသိန်း ရှစ်သောင်း"ဟု ရှိသည်။

* ရှည်သော ?။

သုဒ္ဓအသံသည် ကာရိုက် အနက်လိုခါ ထ-အက္ခရာဆိုသော အရာမထင်။ တိမ်စေသည်-ဟူ၍ ဆိုဘူးခြင်းလည်းမဟုတ်ခဲ့။ ထိမ်မှန်သည်-ဟူသော အနက် ယူသည်မှာလည်း နှလုံးမဟူသာ၊ မုန်ဆူမွန်ချောင်း ဆင်မကောင်းကို ညက်ဟုန် ဟူသော ချန်းတောင်းဖြင့် ထိန်းသိမ်းအုပ်မထင့်ကုန်-ဟူသောအနက်သာ ထွေ်သည်။ ထိမ်းမှန်းခြင်း,မှန်းထား ရည်မှတ်ခြင်းအနက် မသင့်ရာခဲ့။ ထိုကြောင့် ထိုသို့ယူ၍ သဘော မရောက်သကဲ့သို့ရှိ၏။

ကြိုက်ပေသည်ကား၊ထိန်းလင့်ကုန်-ဟူသည်၌ဆိုခဲ့ပြီးသောအတိုင်း ထိန်းထိမ်းအုပ်မခြင်းအနက် နှ-သတ် ယူ၍၊ ထိန်းလင့်ကုန်-ဟူသည်၌လည်း ဝေါဿိတ စန္ဒကူးသည် ပူသောရေကို ဒေးစေနိုင်သကဲ့သို့၊ ရမ္မက်ဖြင့်ပူသော စိတ်ကို ဒေးငြိမ်း စေနိုင်သော အနှစ်သာရရှိသော ဤစာဝေါဿိတကို နားဝနှစ်ဖက်ဟူသောမြကျောက်ထက်၌ ညက်ဟူသောထက်ဖြင့် ကိုင်ဖေး၍ ဖြည်းဖြည်းညင်းညင်း သွေးခြင်းဟူသောအာရုံမူခြင်းဖြင့် စိတ်နှလုံးသို့ ထိန့်၍ ထိန်း၍ သွင်းလင့်ကုန်။ ဤသို့သောသဘောအနက်ကို ယူသင့်၏။

ဤ၌လည်း ခိုင်းမျှင်း၍ ဆိုသကဲ့သို့ရှိ၏။ သဘောအားဖြင့်ကား၊ 'ထိန်းကျဲ * သည်' ဟူသည်မှတပါး၊ ထိန်းသည်, ထိန့်သည်,ဟူသောအနက်အရကွဲး ဝေါဟာရထည်း ရှိပေသည်။ ထိုဒ္ဓထည်း 'ဆင်ထိန်းမြင်းထိန်း၊ ကထိန်းကထက်' စသည်ဖြင့် နှ-သတ်စပ်အင်လည်း ထင်သည်။ နားနှစ်ဖက် မြကျောက်ပြု၍ သွေးအပ်သည်ကား၊ ထိုအရာပြုသော ၁ ကျောကျမ်းဖြစ်သည်။ နားနှစ်ဖက်၌ သွေးပြီးဖြစ်၍ နားသို့ရောက်ပြီးသည်၊ နားသို့ရောက်ပြီးလျင် နားကြားကာမျှ မဖြစ်စေလင့်။ စိတ်နှလုံးသို့ ထိန့်၍ သွတ်သွင်းရမည်၊ ဤသို့သော အရာသာ ထွေ်သည်။ နားသို့ရောက်ပြီးမှ ထိန်းကျဲဦး ဆိုဖွယ်မရှိ။ ထိမ်းကျဲအပ်သော နှံသာစစ်လည်း မဟုတ်၊ နားသို့ရောက်ပြီးသည်ကို စိတ်နှလုံးသို့ ရောက်အောင်သာ ထိန့်၍ သွင်းရဖွယ်ရှိတော့သည်။

ပရမတ္ထအားဖြင့် ဆိုမူကား ကျာလက်ာကို ဖတ်ရွတ်သောသူ၏ အသံဟူသော သဒ္ဒါရုံပြု၍ သောတပညာဉ်စိတ်ဖြင့် သဒ္ဒါရုံကို သိကာမျှသာ မဖြစ်စေလင့်။ ထိုသို့သာဖြစ်ခဲ့လျင် ကျာလက်ာဖတ်သူ၏အသံလည်း သဒ္ဒါရုံသည် ပစ္စုပ္ပန်မျှသာ ဖြစ်ခဲ့။ ကာမဂုဏ်ငါးပါး၌ အကျုံးဝင်သည်သာလည်း ဖြစ်ခဲ့။ ထိုသဒ္ဒါရုံသည် လည်းကောင်း,အာရမ္မဏိက ဖြစ်သော သောတပညာဉ်စိတ္တုပ္ပါဒ ၂ သည်ဂင်း ကာမတရား

---

* ထိမ်းကျဲ ?။
၁ ထိုဆရာပြုသော။
၂ ကြားသိစိတ်။

ချည်းသာဖြစ်ခဲ့။ ထိုသဒ္ဒါရုံသည်း စတုသမုဋ္ဌာနိကရုပ်တရား [၁] ဖြစ်၍, ကံစိတ်ဥတု အာဟာရဟူသောအကြောင်းခံ၍, ဖြစ်သော အကျိုးတရားမျှသာဖြစ်ခဲ့။ ထိုသဒ္ဒါရုံကို အာရုံပြုတတ် သိတတ်သော သောတဝိညာဉ် စိတ္တုပ္ပါဒ် သည်လည်း အဟိတ် ဝိပါက် စိတ္တုပ္ပါဒ်၏ အကျိုးတရားမျှသာဖြစ်ခဲ့။ယင်းသို့ အကျိုးတရားမျှသာ ဖြစ်၍, အကြောင်းမဖြစ်ခဲ့လျှင် အကျိုးမဖြစ်ရာခဲ့သောကြောင့် ကျာဖတ်ဆံကို ကြားကာ မျှသာမဖြစ်စေမူ၍, စိတ်နှလုံးသို့ရောက်အောင် လိန့်၍, သွတ်သွင်းထင့်ကုန်ဟူ၏။

စိတ်နှလုံးသို့ရောက်၏-ဟူသည်ကား ထိုသဒ္ဒါရုံကိုပင် အာရုံပြု၍, တဒနုဝတ္တက မနောဒ္ဓါရဝီထိ-သည်လည်း အဖန် တလဲလဲ ဖြစ်ပါစေ။ ထိုသို့ပါလျှင် ထိုမနောဒ္ဓါရဝီထိသည် သဒ္ဒါရုံကို သိကာမျှသာ မဟုတ်၊ သဒ္ဒါရုံကို ဆင်ခြင်ခြင်း, အနက်ကို ဆင်ခြင်ခြင်း, နှစ်ပါးလုံးကို ဆင်ခြင်ခြင်း ကိစ္စလည်း ပြည့်စုံပါသည်။ ပစ္စုပ္ပန်မျှသာ မက အတိတ်,အနာဂတ်နှင့်တကွကာလသုံးပါးလုံးအာရုံလည်း ဖြစ်ပါမည်။ထိုမနောဒ္ဓါရဉ် ဖြစ်သော စိတ္တုပ္ပါဒ်တို့သည်ကား ကာမတရားမျှကိုသာ အာရုံပြုသည်မဟုတ်၊ ရူပ, အရူပ,လောကုတ္တရာဟူသော ပရမတ္ထ ပညတ္တိတို့ကိုလည်း အာရုံပြုနိုင်သည်။ ထိုအာရုံ အာရမ္မဏိကတရားတို့သည် အကျိုးမျှသာမဟုတ်၊ အကြောင်းတရားလည်း ဖြစ်ပါအံ့သည်။ ထိုအကြောင်းတရားသည် အလောဘ စသော ကုသိုလ်ဟိတ်ကို ရပါက ဒိဋ္ဌမင်္ဂိက [၂] သမ္မရာယိက [၃] ဟူသော ကောင်းကျိုးကို ပေးနိုင်ပါအံ့သည်။ ယင်းသို့သော သဘောကိုထောက်၍, နားနှစ်ဖက်၌သွေးခြင်းဟူသော နားသို့ရောက်ကာမျှမဖြစ်စေလင့်။ စိတ်နှလုံးသို့ ဝင်အောင် လိန့်၍, သွင်းထင့်ဟူသော အနက်သည် ယုတ္တိရှိဘိမည်။ ခိုင်းမျှဉ်း၍, ဆိုသကဲ့သို့ထင်မှတ်အံ့စိုးသဖြင့် သိထင်သာအောင်လှည့်ပြီး ထည်၍, စကားများစွာဆိုလိုက်သည်။ထိုအသံမျှကိုပမာဏမပြု၊အတ္ထထွေက်သည်ကိုသာ နှလုံးသွင်းရာ၏။

ထိုနှင့်အသံတူ မ-သတ်ကား····

"တင်ချစ်မလိမ်း၊ ကြောင့်ကြင်ြိမ်းထျက်၊ ခင်သိမ်းဒါန"
"ချမ်းရည်သင်္ကလိမ်း၊ မျက်တောင်ငြိမ်းလော့၊ သူစိမ်းကဲ့သို့"
"ကြင်နှံမလိမ်း၊ စိတ်မငြိမ်းတည်း၊ သိမ်းသိမ်းဆည်းဆည်း"

စသည်ဖြင့် ယခင် လိမ်းကျံသည်ဆိုသောအရာထင်၏။

---

၁ အကြောင်း လေးပါးကြောင့် ဖြစ်သောရုပ်တရား။
၂ မျက်မှောက်။
၃ တမလွန်။

[လုံးကြီးတင် နာ-သတ်အမြစ်ကား....“မြေချာဝိတ်လိန်၊ခံရွက်ထိန်သား၊ လေးသိန်ရှစ်သောင်း” စသည်ဖြင့် ဆိုခဲ့ပြီ]။

ထိုဌ် အချို့အမြစ်မဖတ် ဝိသဇ္ဇနီသံအညီဖတ်ကုန်သည်ကား-လေးသိန်းရှစ်သောင်း ဟူသည်ဌ် ရှစ်သောင်း ဟူသော နောက်ပုဒ်ခံ၍ မြစ်သံဖတ်သော်သာ ဝါစာသိလိဌ် ဖြစ်ရာသောကြောင့် နားကြားမသာ ဆိုပါရမည်သာ။ အရကား ထိုနှင့်လျော်အောင်သာ ယူသာ၏။ “မြေချာဝိတ်လိန်း၊ ခံရွက်ထိန်းသား၊လေးသိန်းရှစ်သောင်း၊အပေါင်းယူဇနာ၊ နက်စွာအဝှမ်း၊ ရေတင်းကျမ်း”ဟူသည်ဌ် ယူဇနာလေးသိန်းနှင့်ရှစ်သောင်းနက်သော ဝှမ်းသော ရေအထုလည်း တစိုးတစိမျှပါသည် * တိမ်သည်မရှိ။တံသုတ်ဖြင့် ကျမ်း၏သို့ တင်းကျမ်း ညီညွတ်စွာ မြေချာကိုမယိုမဖိတ်ရ အထိန်းအချုပ် ပြု၍ ဆို့ဝိတ်ခံရွက်သည်။ ထိုသို့ ခံရွက်သည်ကား ရေပြင်ဖြစ်၍ ကလိန်ကထင်ရှိ၏။ မငြိမ်မဝပ်လိန်လက်ပင်တည်၏။ ရေခံထေလှုပ်ရှားခြင်း အားမကြီးလျှင် ရေလှုပ်နည်း၏။ ရေလှုပ်နည်းလျှင်မြေမလှုပ်ထောက်ပျောက်ထေသည်။ရေခံထေလှုပ်ရှားခြင်းဖြင့်လျှင် [ရေလှုပ်ဖြစ်၏။ ရေလှုပ်ခြင်းလျှင်] X ရေနှင့်စပ်သော မြေလှုပ်ရှား၍ ဆိထင်သာသည်ကို ‘ငလျင်လှုပ်သည်’ဟူသောဆိုမိန့်ခြင်းဖြစ်၏။ ယင်းသို့စသော စကားမျိုးကို အလျဉ်းကြိုက်၍ ဆိုလိုက်သည်။အသေအချာသိလိုမူ ဆရာတို့ကိုထျောက်ထားအပ်၏။

အမြစ်သံဌ် အရကား ဆိုအပ်ခဲ့ပြီးသော ရေ၊ ထိုကို ခံရွက်သည်ကား ရေပြင်ဖြစ်၍ လိုင်းထလျက် တထိန်ထိန်လှုပ်ရှားလျက် တောင်လိုင်မြောက်လိုင် လိန်လက်ရှိသည်ပင် ဟူ၍ ယူရာ၏။ ထိုဌ် လိန်စေသည်ဟူသော ကာရိုက်အနက်ကို ‘လိန်သည်’ ဟူ၍ ဟာဆွေးဆိုမိန့်ခြင်းလည်းထင်၏။

ထိုနှင့်အသံတူ မ-သတ်ကား....“ကောင်းစွာနှစ်သိမ့်၊ ကျင့်လျင်းလိမ့်”စသည်ဖြင့် ပြုလိမ့်,မှုလိမ့်-ဆိုသောအရာထင်၏။ထိုဌ် ပြုလိမ့်ဟူသည်ကား ‘ပြုလေအံ့’ဟူ၍ ဝန်ခံခြင်း ကြိယာအနက်တည်း။

ဝိန်-ဝိန်း

၎ဝ၅-ဝဗျည်းသက်သက် လုံးကြီးတင် နာ-သတ်ဌ် ဧဝါဟာရကို ပြခြင်း

ဝ-အကွရာ လုံးကြီးတင် နာ-သတ်ကား....

“ပျော်ရာဒေဝိန်၊ တာဝတိန်ဝယ်၊ ဟောချိန်ထည်းသိ” ၁

---

* ထျော့ဝါးသည်။? x ရေလှုပ်ခြင်းဖြစ်၏။ရေလှုပ်လျှင်။? ၁ ကိုး * ၂၉၈။

"ပျော်ထမ်းဒေဝိန်၊ တာဝတိန်ဝယ်၊ ထွန်းထိန်ယူဇနာ"
"သာပျော်ဒေဝိန်၊ တာဝတိန်သို့၊ ဈာန်ရှိန်ကိုရောက်"
"ကောစာကောဝိန်၊ ဂြိုဟ်သွားချိန်ထျက်၊ ဆတ္တိန်ဂြင်း" ၂

စသည်ဖြင့် ဒေဝိန်,ကောဝိန်-ဆိုသောအရာထင်၏။

ထို၌ ဒေဝိန်-ဟူသည်ကား ဒေဝိန္ဒ-ဟူသော ပါဠိကိုမှီ၏။ပါဠိအနက်ကား သိကြား ဟူလို၏။ သဒ္ဒါအနက်ကား နတ်တို့ကို အစိုးရသူဟူလို၏။ ။ကောစာကောဝိန်-ဟူသည်ကား မြွေဘဘာသာထည်းမထင်။ ပါဠိပါကန်ထည်း တိုက်ရိုက်မမြင်။သဘောချင့်၍ ဆိုအံ့။ ထိုကောစာကောဝိန်-ဟူသော ဝေါဟာရသည် ဗေဒင်ကြောင်း၌ ဆိုသော အရာသာထင်သည်။ ဗေဒင်ကြောင်း၌ 'ကောစာ' ဟူသည်ကား နှစ်အသစ်အသစ် ဆန်းသည်၌ မိဿစသော ရာသီဆို ရောက်ခိုက် ရောက်ဆဲးသောဂြိုဟ်၊ ရောက်ခိုက် ရောက်ဆဲးသော နှစ်သက္ကရာဇ်ကိုပင် "ကောစာ"ဆိုသည်ဖြစ်၏။ ကောဝိန်- ဟူသည်ကို အရမပြားယှဉ်ဖက်ကာမျှထည်း ယူသင့်၏။ ထိုဂြိုဟ် ထိုနှစ်တို့၏ ဖြစ်ပွားခြင်း သွားခြင်း ခရီးအစဉ်ကို ဆိုသည်ထည်း ယူသင့်၏။ ထိုနှင့်ထျော်စွာ ကောစာကောဝိန် ဟူသော ဝေါဟာရသည် ဗေဒင်ကြောင်း၌သာ ထင်သည်။ ထိုဗေဒင်ကြောင်း၌ ဝေါဟာရသည်ထည်း 'သံသကရိက်ဘာသာမူထထွင် နာဂရီဘာသာ မြွေဘာစသော ဘာသာမျိုး ဟုက်ပြန်းထျက်ရှိသည်။ ထိုသံသကရိက် ဘာသာသည်ထည်း ပစ္စည်း အာဂုံကြောင့် ရှင်ပြိုးမျှသာ အချို့ကွဲးသည်။ ဓာတ်မူထ တူကြသည်သာ များသော ကြောင့် မာဂဓနှင့် နီးချဉ်းသည်ပင်။ သမာသ်,တဒ္ဓိတ် အကွဲးအဟုက် ထင်ခက်သည်။ မကျွန်း၍ထည်း ရှင်ပြိုးဖြင့်ခက်သည်သာဖြစ်ရာ၏။ 'ကောစာ'ဟူသည်၌ ကုနိပါတ် ရှေးရှိသော စရဓာတ်ကြီ၍ ကုအစိတ်ဥကို ဩဖြု၍ စရဥ် ဓာတွန် ရ-ကျေခြင်း,စ-အစိတ်ကို အာ-ပြုခြင်းဖြင့် 'ကောစာ'ဟူ၍ ရှင်ပြိုးသင့်၏။ ဝစနတ္ထကား....."ကုစရံ ကောစာ' ကုနဝံ-အသစ်သော၊စရံ-ကျင်ထည်ခြင်း ဖြစ်ခြင်းတည်း။ကောစာ-အသစ်သောကျင်ထည်ခြင်းဖြစ်ခြင်း။ကုနိပါတပုဒ္ဓကမွဓရည်းသမာသ်၊ ကုနှင့် စရချဉ်းကာမျှ သာသမာသ်၊ စရဓာတ်နှင့် ကစသောပစ္စည်း ချဉ်းသည်ကား ကိတ်ဖြစ်သောကြောင့် ကိတန္တသမာသ်-ဟူသင့်၏။ သမာသ်မည် ဝိသေသပုဒ် ဝါကျသမာသ် ဓာတ်ပစ္စည်း အရ မုချဥပစာရ ခွဲးသာ၏။

ကောဝိန်-ဟူသည်၌ ကုဝိထိ-သဒ္ဒါကြီ၍ ကုကားဆိုမြဲး၊ ဝိထိကား အစဉ်ဟော ပါဠိပဒိကပုဒ်ဟူသင့်၏။ ဝစနတ္ထကား 'ကုဝိထိ ကောဝိထိ' ကုနဝံ-အသစ်သော၊ဝိထိ-

---

၁ ကိုး * ၆။

အစဉ်တည်း၊ ခရီးတည်း၊ ကောဝိထိ-အသစ်သော ခရီးအစဉ်၊ သမာသ်ပုဒ် အမည် ဝိသေသအရ စစ်ခြင်းငှာ မခဲးပြီ။ ဤ၌ 'ကောဝိထိ'ဆိုသင့်ထျက် ထိသဒ္ဒါ ကျေ၍ ကောဝိသာဆိုရမည်ကို စပ်အင်အထျောက် နှ-သတ်နှင့် ဆိုမိန့်သည်။ ထင်းမှတပါး ကောဝိန္ဒ, ကောဝိန-စသည်ဖြင့် နှ-သတ်ထင်အောင်ကြီမူ အနက်အရ ကွာဝေး၍ ခိုင်းမျဉ်းလွှန်းသကဲ့သို့ ထင်အံ့ဖြစ်၍ မကြိုပြီ။ ဤကား သဘောကိုချင့်၍ အတ္ထနော မတိ-ကြိုလိုက်သည်။ ယုတ္တိအာဂုံကို နှလုံးသွင်းရာ၏။ ။ထို၌ ဝိသဒ္ဒနိသံကား-ဒေဝိန်း ပကုတ်-ဟူသောအမည်ထင်၏။ ထို၌ထည်း ဒေဝိန္ဒ-ဟူသောပါဠိမှိထင်၏။ ဤကား အလွတ်ဆိုမိန့်သံသာ။ ပျိုထက်ာမထင်။

သိန်-သိန့်-သိန်း, သိမ်-သိမ့်-သိမ်း, ဟိန်း

၄၀၆–သမျည်း လုံးကြီးတင် နှ-သတ်, မ-သတ်၌ ဝေါဟာရကို ပြခြင်း

သ-အက္ခရာ လုံးကြီးတင် နှ-သတ်ကား····နာဂသေန၊ ဇေယသေန-စသော ပါဠိ တို့ကိုစွဲမှိ၍ နာဂသိန်၊ ဇေယသိန်-စသော အမည်တို့ဖြစ်ထင်၏။သိန်း၊ဒေဝိန်း၊သိန်းစွန် ဟူသော အမည်တို့ဖြစ်ထည်း သေန-ဟူမသော ပါဠိမှိထင်သည်ဂင်း ဖြစ်၏။ ဤသေန ဟူသောပုဒ်၌ သအစိတ် ကို ဇုပြု၍ နှ-ဝယ် တံခွန်လွှားကာသာတည်း။

ထိုနှင့်အသံတူ မသတ်ကား····"တန်ဆောင်းမွှအိမ်၊ ရွှေသိမ်တကွ" [၁]
"ဝေါတမမာရိန္ဒိမ်၊ မြတ်သည်သိမ်သို့၊ ငြိမ်ဆိမ်ထွည်ဝင်" [၂]
"ဘူရိဒတ်အိမ်၊ နတ်စည်းစိမ်၌၊ သူသိမ်သူငယ်" [၂]
"ရိပျောင်းသိမ်သိမ်၊ ကျောက်လိမ်ထဝ်ထျား" [၃]
"ချမ်းသာမွှေသိမ်၊ လွှန်ရိပ်ငြိမ်သား၊ စည်းစိမ်သခင်"
"ဒိမာန်မွှေသိမ်၊ ချမ်းရိပ်ငြိမ်သား၊ နေအိမ်စီရင်"

စသည်ဖြင့် သိမ်-ဟူသော အမည်၊ သိမ်မွှေ၊ သိမ်ငယ်သည်-ဆိုသောအရာ ထင်၏။ ထိုတွင် သိမ်ဟူသောအမည်ကား သိမ-ဟူသောပါဠိကို မ-ဝယ် တံခွန်လွှားကာမျ ဖြစ်၏။ သိမ-ဟူသော ပါဠိ၏ ဝစနတ္ထကား [သိယတိ ဗန္ဓိယတိ ထ္ထောတိ သိမာ။ထ္ထေ ဌာနေ-ထိုအရပ်၌၊ သိယတိ ဗန္ဓိယတိ-ဖွဲ့အပ်၏၊ ဇုတိတသ္မာ-ထိုသို့ ဖွဲ့ရာဖြစ်သော

---

၁ ထံ၊ နိဂုံး * ၂။ ၃ ဘူပေါင်း ဂ။
၂ ဘူထင် * ၂၇၂။

ကြောင့်၊ သိမှာ-သိမမည်၏]။ ကိတ်ပုဒ်၊ ကိတ်ဝိုက်ပြတ်၊ သိမှတ်၊ မန်ပစ္စည်း၊ ဖွဲ့ရာအရပ်ရ၏။ ဤ ဝစနတ္ထအားဖြင့် ရဟန်းသံဃာတို့ ကံဆောင်ရာ သိမ်သာ သိမ-မည်၏။ အဝိုင်းအခြားဖြင့် ဖွဲ့စည်းအပ်သောအရပ်ကိုပင် 'သိမ်' ဟူသင့်၏။ ထိုနှင့်လျော်စွာ မြို့ရွာနယ်နိမိတ် အဝိုင်းအခြားဖြင့် မှတ်သားအပ်သော အရပ်ကိုထည်း ဂါမသိမ်, နဂရသိမ်-စသော ဝေါဟာရထည်းထင်စွ။ အထျဉ်းသင့်မှတ်ဖွယ်ကြိုက်၍, ရေးလိုက်သည်။

လုံးကြီးတင် န-သတ် ဝိသဇ္ဇနီသံကား....

"ကုဋ္ဌေတသိန်း၊ ထွက်ကိန်းစကြဝဠာ" ၁
ကုဋ္ဌေတသိန်း၊ ထွက်ကိန်းနှံအောင်"

စသည်ဖြင့် တသိန်းတသန်း ဆိုသောအရာထင်၏။ 'မြေချာဝိတ်လိန်၊ခံရွက်ထိန်သား ထေးသိန် ရှစ်သောင်း' စသည်ဖြင့် ထေးသိန်-ဟူသော အမြစ်သံ ထင်သော်ထည်း တသိန်း-ဟု ရေတွက်ခြင်း သန်္ဒာဇင်းဖြစ်၍, သတောမကွဲးသည်ဖြစ်၏။

ထိုနှင့်အသံတူ မ-သတ်ကား....

"နဂိုဝိုက်သိမ်း၊ တိုင်းကားငြိမ်းအောင်" ၂
"ထောက်ပင့်ဖျားသိမ်း၊ တိုင်ကားငြိမ်းလျက်၊ မတိမ်းမဲ့း"
"လူခပ်သိမ်းတို့၊ညွှတ်တိမ်းပူဇော်။ ။ရန်စစ်ခပ်သိမ်း ငြိမ်းထသောခါ"

စသည်ဖြင့် ထိန်းသိမ်းသည်၊ ခပ်သိမ်း-ဆိုသောအရာထင်၏။

ထို၌ အမြစ်သံကား.... "ဝန်းကျင်သိမ့်သိမ့်၊ ဖိမ့်ဖိမ့်ထည်းတုန်" ၃
"ကောင်းစွာနှစ်သိမ့်၊ ကျင့်ကျင်းလိမ့်"
"ဆြော်နှစ်သိမ့်၊ ကြောခြင်ငြိမ့်မျှ၊ ဆိမ့်ဆိမ့်ချိုချို" ၄
"မဂ်ဖိုလ်နှစ်သိမ့်၊ရကျင်းစိမ့်ဟု၊ ငြိမ့်ငြိမ့်ကျင့်ခြင်း"

စသည်ဖြင့် သိမ့်သိမ့် လွှဲရှားသည်, နှစ်သိမ့်သည်-ဆိုသောအရာထင်၏။

ဟ-အက္ခရာဌ်ကား.... "ကြောက်ဖွယ်လန့်ကြိမ်း၊ ကျားသွေ့ဟိမ်း" ၅ ....ဟူ၍ သတ်ပုဒ်ဟောင်းတွင် ကျားဟိမ်းသည်, စည်မောင်းခေါင်းလောင်း စသည်တို့ အသံဟိမ်းသည်-ဆိုသောအရာထင်၏။ ထိုဝေါဟာရကား ယျှိုလက်ာ စာဟောင်းမထင်။

---

၁ ကိုး * ၂၆၆။
၂ ကိုး * ၁၀။
၃ ဘူထင် * ၃၇၄၊ "ကြောခြင် သိမ့် သိမ့်။"
၄ ကိုး * ၂၁၀၊ "ကြောခြင်စိမ့်မျှ။"
၅ "ကြောက်ဘွယ်လန့်ကြိန်း၊ကျားသွေ့ဟိန်း အည်းအိန်းချောက်ယုန်ယွယ့်။" သဒ္ဒဥာဏ်-ချီသတ်ပုံ။

အိမ်-အိမ့်-အိန့်

၄၀၇-အ-အက္ခရာ လုံးကြီးတင် နာ-သတ်, မ-သတ်၌
ဝေါဟာရကို မြွေခြင်း

အ-အက္ခရာ၌ကား....“ဘူရိဒတ်အိမ်၊ နတ်စည်းစိမ်၌” [၁]
“တန်ဆောင်းဓမ္မအိမ်၊ရွှေသိမ်တက္ကသိုလ်” ။လူမင်းစည်းစိမ်၊နိဗ္ဗာန်အိမ်၌”
စသည်ဖြင့် လုံးကြီးတင် မ-သတ်ဖြစ်သော အိမ်-ဟူသော ဝေါဟာရထင်၏....“ပုတ်
ခတ်သည်လည်း၊ အိမ်းအည်းမရှတ်။ [၃] ။နည်းသိုးထုံးဖွဲ့၊ အိမ့်အည်းမဲ့လျှင်”စသည်ဖြင့်
အိမ့်အည်း-ဟူသည်၌ ‘အိမ့်’ဟူသော ဝေါဟာရထင်သော်လည်း အန္တမဟုတ်။ဤ၌
အချို့ကား နာ-သတ်ရေးကုန်သည် အနက်မရ၊ ပညတ်မျှဆိုကောင်းသော အရာဖြစ်
သည်ကိုထောက်မူ မ-သတ်ရဖွယ်ရှိ၏။

“မရောမရည်း၊ ဩအည်းမလိုက်” [၄]
“အည်းအည်းဩဩ၊ နင်ငါလောဟု၊ ကျန်းတောချုတ်ချယ်”
“ဘုရားရှင်စော၊ ဖြစ်သည်ဩဟု၊ အဆောတလျင်”
“ဘုရားဩရှင်၊ သခင်သက်ရှည်”

ဤဆိုစသော စပ်ဟပ်ဆိုမိန့်ခြင်းတို့၌‘အိမ့်’ဆိုမည်အတွက်ကို‘ဩ’ဆိုသည်ကိုထောက်
လျှင် ဩ-ဟူသော ဆိုမိန့်ခြင်းသာ ရှေးဝေါဟာရ ဖြစ်တန်သည်။ အိမ့်-ဟူသော ဝေါ
ဟာရ စပ်အင်လည်း မထင်သည်ကိုထောက်သဖြင့် နောက်သားတို့သာ အိမ့်-ဟူ
သော ဆိုမိန့်ခြင်းကို ဆိုကုန်သကဲ့သို့ ရှိ၏။ အရကား ‘ဟုတ်ပြီး, ကောင်းပြီး’ဟူ၍,
ဝန်ခံခြင်းအနက် ဖြစ်သင့်၏။

လုံးကြီးတင် နာ-သတ် အမြစ်ကား....“သံမြတ်သာအိန့်၊ ဤသို့မိန့်၏၊ ကျော်ထိန့်
အံ့ဖွယ်” [၅] ....စသည်ဖြင့် ညွှင်းညွှင်း အိန့်အိန့်-ဆိုသောအရာ ထင်၏။ လုံးကြီးတင်
နာ-သတ်အမြစ်သံကား ဤလက်ာ စပ်သည်နှင့်အညီ မူလအားဖြင့် ‘အိန့်သည်၊ မိန့်
သည်၊ထိန့်သည်’ ဟူသော ဝေါဟာရသုံးချက်သာ အချို့ဆိုကုန်၏။ အောက်၌ ဆို
အပ်ပြီးသော ‘လိန့်လက်’ ဟူသော အရာ၌ လိန့်သည်-ဆိုသော ဝေါဟာရနှင့်
ဤထက်အလွန်ကား မထင်မိ။ ။လေးသိန့် ရှစ်သောင်း-စသည်ဖြင့် သအက္ခရာ

---

၁ ဘူထင် * ၂၇၂။
၂ သံ၊နိဂုံး * ၂။
၃ ဘူပေါင်း ၅၂။
၄ ဘူပေါင်း * ၆၊ “မရော မယှဉ်၊ ဩအဉ်မလိုက်။”
၅ ကိုး * ၂။

လုံးကြီးတင် နှ-သတ်ကား မူလအသံမဟုတ်၊ လေးသိန်း-ဟူသော ဝိသဇ္ဇနီသံ သာ မူလဖြစ်သင့်သောကြောင့် ဆိုခဲ့ပြီးသောဝေါဟာရလေးချက် အဖတ်အသံမျှ မထင်။

လုံးကြီးတင်, နှ-သတ်, မ-သတ်ပြီးပြီ။

လုံးကြီးထင်ဟု ဆိုအပ်သော ဇု-ကာရန္တနောင်နှောင်းသောဗျဉ်းနှ အန္တဟုဆိုအပ်သော ထ-သတ်, ပ-သတ်တို့ကိုဂုဏ်း၊ နှ-သတ်, မ-သတ်တို့ကိုဂုဏ်း၊ ယှဉ်ဖက်၍စပ်အင်ထင်ရာ သဘောမြင်ရာ အစဉ်ညီစွာ ထုတ်သည် ပြီးပြီ။

ကုတ်-ကုဋ်-ဂုတ်

၄၀၈-ကဗျည်း သက်သက် တချောင်းငင် တ-သတ်, ပ-သတ်၌ ဝေါဟာရကိုပြခြင်း

ဇ-ကာရန္တနောင် ဗျဥ်နအန္တကိုထုတ်ပြီး၍ အစဉ်လျော်စွာတချောင်းငင်ဟူသော ဥ-ကာရန္တနောင် နှောင်းကောင်းသော တ-သတ်, ပ-သတ်, န-သတ်, မ-သတ် တို့ကို ဆိုပြီးသည်နှင့် အတူ ထုတ်အံ့။

ကု-ဟူသော ဥကာရန္တနောင် တ-သတ်ကား....

"အပတ်အကုတ်၊ အားထုတ်ကြိမ်ဖန်" ၁
"သည်းစွာကြိုးကုတ်၊ ခွန်အားထုတ်၍၊ ဥပုသ်သီတင်း" ၂
"ဆစ်မြက်ကြိုးတုတ်၊ ပါဠိခထုတ်ဖြင့်၊ ကုတ်ကုတ်ကော်ကော်" ၃
"မကြာငင်တုတ်၊ ခြည်စနုတ်သို့၊ မကုတ်မကော်" ၄
"ပင်လယ်သမုတ်၊ မိုးကုတ်ကျောက်စံ"
"ရတနာမုတ်၊ လေးမျက်ထုတ်၍၊ မိုးကုတ်ဇော်တ" ၅
"အယူအနုတ်၊ အကုတ်အကျဉ်း"
"လုံ့လအားထုတ်၊ အရကုတ်သား၊ သမုဒ္ဒရာ"
"သီတင်းဥပုသ်၊ အားအနှစ်ထုတ်၍၊ လောကုတ္တရာ"
"စေသည်တဆုတ်၊ ဂိဏ္ဍကုတ်မှ။ ၆ ။သီလအားထုတ်၊ဓမ္မကုတ်တို့"

စသည်ဖြင့် အပတ်တကုတ်, ကြိုးကြိုးကုတ်ကုတ်, အရကုတ်သည်, နုတ်သည် ကုတ်သည်, အရဝ်မည်မိုးကုတ်, လောကီလောကုတ်,ဂိဏ္ဍကုတ်, စိတ္တကုတ်, ဓမ္မကုတ်, ကိုဝတ်ဒုကုတ်-ဆိုသောအရာထင်၏။

ထိုတွင် အပတ်တကုတ်၊ ကြိုးကုတ်သည်၊ အရကုတ်သည်၊ ကုတ်ကော်သည်-ဆိုသောအရာသည် 'အားထုတ်သည်' ဟူသောအနက်ချည်း ယူသင့်၏။ ကော်သည်, ကုတ်သည်-ဆိုသောအရာလည်း ကုတ်ကော် အားထုတ်ကြောင်း အဆောက်အဦ

---

၁ ကိုး * ၁၃၂။
၂ ဘူထင် * ၂၂၇။
၃ ဘူပေါင်း * ၇၁၊ "ဆစ်မျက်ကြိုးထုတ်၊ ပါဠိခထုတ်ကို။"
၄ ဘူထင် * ၂၃၆။
၅ "စွင့်စွင့်ထိုက်မုတ်၊ လေးဖြာထုတ်၍၊ မြို(မိုး)ကုတ်ဇော်ထ။" မင်းရာ * ၂၉။
၆ ဘူပေါင်း * ၁၀၂။

ဆိုသင့်သောကြောင့် သဘောတူသင့်၏။ ။နုတ်သည်, ကုတ်သည်-ဆိုသောအရာကား နှစ်ခု-သုံးခု စသော သရဏအတိုင်းသာ တည်ကိန်းသရဏတွင် ပယ်သည်ကို နုတ်သည်ဆိုသည်။ ထားအပ် စိုက်အပ် စွပ်အပ်သော အရာကိုသိမ်းယူသည်၊ချုတ်နုတ်သည်ဆိုသကဲ့သို့ တည်ရပ်မှ ရွှေစေကွယ်စေသဖြင့် ပယ်ခြင်းအနက်ကို 'နုတ်သည်' ဆိုသည်။ ကုတ်သည်-ဆိုသောအရာကား နှစ်ခု-သုံးခုစသော သရဏဖြင့် တည်ကိန်းသရဏတွင် တပြန် နှစ်ပြန် စသည်ဖြင့် ရကောင်း မိကောင်းသည်၊ မရမမိကောင်းသည်ကို ထပ်တင်၍ စားသည်ကို 'ကုတ်သည်' ဆိုသည်။ထိုနုတ်ခြင်း ကုတ်ခြင်းသည် ရှိထင့်သော တည်ကိန်းသရဏတွင် ပယ်ခြင်း ယူခြင်း အနက်ချည်း သဘောတူ၍ တ-သတ်ချည်း ရေးသကဲ့သို့ရှိ၏။ ယခင် အားထုတ်ခြင်းဟူသော တ-သတ်အနက်ကို ကုတ်ကော်သည်၊ ကုတ်ပတ်သည်၊ အရကုတ်သည် ဆိုသောအရာ တ-သတ်ရေးသည်နှင့်တူ၏။

မိုးကုတ်-ဟူသည်ကား အမည်ပညတ်မျှ ဖြစ်သင့်၏။ မိုးတိမ်တို့သည် ကုပ်ကုပ်ကွေးကွေး နိမ့်ညွတ်သကဲ့သို့ထင်၍ မိုးကုပ်ဆိုသည် ဟူမူကား ပ-သတ် ဆိုသင့်၏။ ထိုသို့တမူကား ဆရာတို့ ပ-သတ်မစပ်၊ တ-သတ်စပ်ခြင်းကြောင့် ပညတ်မျှယူသင့်၏။ ။လောကီလောကုတ်-ဟူသည်၌ကား လောကုတ္တရ-ဟူသောပါဠိမှိထင်၏။ ။ဓမ္မကုတ်-ဟူသည်၌ဃည်းဓမ္မဂုတ္တ-ဟူသောပါဠိမှိထင်၏။ပါဠိနှင့်အညီ ဓမ္မဂုတ်-ဟူ၍ ဂ-ဃယ်သည်း ရေးသင့်၏။ ။ဂိဏ္ဍကုတ်၊စိတ္တကုတ်-ဟူသည်၌ဃည်း ဂိဏ္ဍကူဋ္ဌ, စိတ္တကူဋ္ဌ-ဟူသော ပါဠိမှိထင်၏။ ပါဠိနှင့်အညီ ဋ္ဌသံဃျင်းချိတ်သတ်မူ ဓမ္မဝတ်၊ ပါဠိမှိရှိရာမလိုက် စပ်အင်္ဂလိဒ်, ရေးလွယ်ဖတ်သွယ်သို့ဝင်း လိုက်၍ တ-ဝမ်းပူ သတ်မူကား သောကဝတ်တည်း။ ပါဠိမှိရှိမလိုက် စပ်အင်္ဂလိ လိုက်၏-ဟူသော်လည်း မြမွာမှ၌ က-သတ်၊ ဂ-သတ်၊ စ-သတ်၊ ည-သတ်၊ တ-သတ်၊ န-သတ်၊ ပ-သတ်၊ မ-သတ်၊ ယ-သတ်၊ ဝ-သတ်-ဟူသော အသတ်တဆယ်သာ ထင်သောကြောင့် ပါဠိမှိသံယုတ်အသံတို့ကို အသံတူရာသာ စပ်အင်္ဂလိသည်။

၄၀၉—တ-သတ်,န-သတ်,မ-သတ်တို့နှင့် သဘော်တူ သတ်သင့်သော အက္ခရာတို့ကို မြခြင်း

အကာရန္တ အရာ၌ ဋ္ဌသံဃျင်းချိတ် ဝဂ်ဖြစ်သော ဋ,ဌ,ဍ,ဎ, အက္ခရာ၊ တဝမ်းပူ ဝဂ်၌ ထ,ဒ,ဓ-အက္ခရာ၊ အဝဂ်၌ သ-အက္ခရာ၊ ဤအက္ခရာ ၅စ်လုံးတို့ဟူ၍ တလုံးလုံး

နှင့် ထျော်ရာပါ၌၊ အသတ်သံသည် တဝမ်းပူသတ် အသတ်သံနှင့် တူသည်ဖြစ်၍ တဝမ်းပူသတ် စပ်အင်္ဂါဟု ဆိုက်သည်။ ကကြီး, ဥကြီး, ထငယ်-တို့တွင် တလုံးလုံး ပါ၌၌ အသတ်သံသည် နဂယ်သတ်အသံနှင့်တူ၍, နဂယ်သတ် စပ်အင်္ဂါဟုဆိုက်သည်ဖြစ်၏။

ဒု-ကာရန္တ,ဥ-ကာရန္တအရာဒ္ဓကား ကဝဂ်ဖြစ်သော က၊ခ၊ဂ၊ဃ-အက္ခရာ,စဝဂ်ဖြစ်သော စ၊ဆ၊ဇ၊ဈ-အက္ခရာ ယဝင် * အက္ခရာ ဂ-လုံး၊ ဤ ၁၆ လုံးတို့တွင် တလုံးလုံး ပါ၌၌ အသတ်သံထည်း တ-သတ် အသံနှင့် တူသည်သာ ဖြစ်၍, စပ်အင်္ဂါဟ်သည်း ။ဝဂ္ဂန္တ နဂယ်သတ်သော အသံနှင့်ကား ဂ၊ ညာ, ဏ-ဟူသော ဝဂ္ဂန္တအက္ခရာ, ဥကြီး, ထငယ် အက္ခရာ ဤအက္ခရာငါးလုံးတို့တွင် တလုံးလုံးပါ၌၌ အသံတူသောကြောင့် နဂယ်သတ်စပ်အင်္ဂါနှင့်ဖက်လေသည်။ ။ပ-ဝဂ်ဒ္ဓကား ပ-သတ်, တ-သတ် အသံတူကောင်းသော အရာရှိထျက် တ--သတ်နှင့်မဖက်၊ ပ-သတ်နှင့် မိမိဝဂ်ဖြစ်သော ဖ၊ဗ၊ဘ-ဟူသောအက္ခရာသုံးလုံး ပါ၌၌အသံတို့ကိုသာဖက်သည်။ ။ ဝဂ္ဂန္တဖြစ်သော မ-သတ်, နဂယ်သတ် အသံတူကောင်းသော အရာရှိထျက် နဂယ်သတ်နှင့် မဖက်။ မ-သတ် ပါ၌၌အသံကို မ-သတ်နှင့်သာ ဖက်သည်။

"သဒ္ဓသိပ္ပမ်း၊ နိဋ္ဌိတမ်းဟု၊ တတိ်စ္ဆမ်းဝန္တံ" ၁
"အကောဓေန၊ ဇိနေကောဓမ်း၊ သူတော် တမ်းဖြင့်၊ ကျင့်ကျွမ်းလေ့လာ" ၂
"တေဒဂ္ဃမ်း၊ ချီးမွမ်းထိုက်တန်"

စသည်ဖြင့် သဒ္ဓသိပ္ပံ, နိဋ္ဌိတံ, ကောဓံ, တေဒဂ္ဃံ-ဟူသော သေးသေးတင် ပါ၌နှင့် တပ်စွမ်း, မှတ်ကျွမ်း, ချီးမွမ်း-ဟူသော မ-သတ်စပ်အင်္ဂါနှင့်ရင်း၊

"မခြားရောပြွံ၊ ညီတော်ထံဝယ်၊ စံစံပပ" ၃
"စကားထွက်သံ၊ရောမပြွံသည်၊ရှက်ရွံ့ဆုတ်ဆိုင်း ဆုတ်ဆိုင်းတည်း" ၄

စသည်ဖြင့် ရောပြွမ်း-ဟူသော မ-သတ်အသံကို၊ ရှက်ရွံ့-ဟူသော သေးသေးတင် အသံနှင့် ဖက်လေသော်လည်း အသံတူသည်သာ များ၏။ ဆိုခဲ့ပြီးသော အတိုင်း အသံတူကောင်းသောအရာ ရှိသင့်ထျက်လည်း တ-သတ်နှင့် ပ-သတ်, နဂယ်သတ်နှင့် မ-သတ်, နဂယ်သတ်နှင့် သေးသေးတင်တို့ကို ပညာရှိတို့ စပ်အင်္ဂါမပြုကုန်။ မ-သတ်နှင့်

---

* ယခင် ?
၁ ထံ * ၂၅။
၂ ဘူလင် * ၄၂၁။
၃ ထံ * ၁၀၃။
၄ ကိုး * ၂၀၉၊ "ချီးမွမ်းသည်။"

သေးသေးတင်ကား .... ဆိုခဲ့ပြီးသော အတိုင်း စဝ်အင် ဖက်သော်လည်း မြွေဘမူ ထင်ရာ အသံလိုက်လေသည်။ "ကျွတ်ထတတန်၊ လောကီလွန်၍၊ ဓမ္မဠရေ" ဟူသောစဝ်အင်၌ နှ-သတ်နှင့် ည-သတ် အသံမတူ ဖက်လေသည်ကား၊ ဓမ္မံဟူသည်၌ စ-ဝဂ်နှောင်းခြင်းကြောင့် စဝဂ္ဂန္တ ည-သာဖြစ်သင့်သည်။ တဝဂ် နှောင်းခြင်းကြောင့် တဝဂ္ဂန္တ နှ-မဖြစ်သာခဲ့။ ဓမ္မံ-ဟူသော ဒုတိယာ ကေဝစန ဝိဘတ္တန္တပုဒ်နေအတိုင်း သေးသေးတင်ရာလျှင်လည်း 'ကျွတ်ထတတန်၊ လောကီလွန်၍' ဟူသော နှ-သတ်နှင့် မစဝ်ရာခဲ့။ ထိုကြောင့် နှ-သတ်, ည-သတ် အသံမတူသော်လည်း၊ နဝဂ္ဂန် ညဝဂ္ဂန် ဟူသော ဝဂ္ဂန္တ အက္ခရာ တူကာမျှဖြင့် စဝ်အင်ပြုလေသည် ယူသင့်၏။

ဒုကဋ္ဌ-ဟူသည်၌ ဋ္ဌသံလျှင်းချိတ်သည်ကား ပါဠိမှိမထင်။ သဒ္ဒဗိန္ဒု သဒ္ဒါ ဒုကဋ္ဌ ဟောသည်ကို လိုက်အံ့ဟူလျှင် ပါဠိမှိ ကွာဝေးသည်။ ဒိဂုဏသဒ္ဒါ ဒုကုတ်ဟော ပရိယာယ်မဟုတ် သော်လည်း ဒုကုတ်ထက္ကဏာ အနက် ထင်သောကြောင့် ဒိဂုဏ သဒ္ဒါကိုပင် လိုက်အံ့ဟူသော်လည်း ဒိကို ဒုပြုသောရုပ်ထင်၍ ဒိကုတ်မဆို ဒုကုတ် ဆိုသည်မှာကား၊ သင့်တော့အံ့။ ဂုဏသဒ္ဒါနှင့် အညီ၊ ဂငယ်အက္ခရာ ဏကြီးသတ် ထွက် ဒုဂုဏ်-ဟူ၍သာ သင့်ထေသောကြောင့် ပါဠိမှိဝေါဟာရ ကွာဝေးသည်ဂင်း ဖြစ်ခဲ့၏။

အချို့ကား တစိုးတစိ အရိပ်အရောင်မျှကို ဖမ်းယူ၍ ပါဠိမှိဝေါဟာရ အသံကွာ ဝေးထွက်ကို ကုဋ္ဌသဒ္ဒါရှိသည်ဟူ၍ 'အတ္ထဋ္ဌ'ကို ဋ္ဌသံလျှင်းချိတ် သတ်သည်။ လေဋ္ဌ သဒ္ဒါရှိသည်ဟူ၍ 'ကျောက်အုဋ်'ကို ဋ္ဌရင်ကောက်သတ်သည်။ သိဟသဒ္ဒါကို လိုက်၍ 'ချင်သေဟ်'ကို ဟ-သတ်သည်။ မေဃသဒ္ဒါရှိ၏ဟု 'မိဃ်း'ကို ဃကြီးသတ်သည်။ မာရသဒ္ဒါရှိ၏ဟု 'မာရ်'ကို ရ-သတ်သည်။ ဤဆိုစသော အရာတို့ကား ဝေါဟာရ အားဖြင့်ဂင်း၊ အသံအားဖြင့်ဂင်း မယုတ္တိ သက့်သို့ရှိ၏။ ဆင်ခြင်။ ဤကား ပါဠိမှိ သတ်၏ ဟူသော်လည်း အသံဝေါဟာရ တော်သင့်ရာသာ လိုက်အပ် သည်ကို အထူးကြိုက်၍ ရေးလိုက်သည်။

ကုပ်

၄၁၀–ကဗျည်း တချောင်းငင် ပ-သတ်၌ ဝေါဟာရကိုပြခြင်း

က-အက္ခရာသက်သက် တချောင်းငင် တ-သတ်နှင့် အသံတူ ပ-သတ်ကား....
"ဖိနပ်ထိုးကုပ်၊ ထက်ဆုပ်ကိုင်သွား" [၁]

---

၁ ဝန်ထောင်ထယ်ဘုန်းထော်ကြီးရေး-အရည်ကင်-ချီရတု။

"အလှူပေါင်းချုပ်၊ စာရင်းကုပ်ပိမ့်၊ တအုပ်တအုပ်" ၁
"အရေတွန့်ရှုပ်၊ ထည်ကုပ်ကော်ခါး" ၂
"နေခြည်ကားအုပ်၊ ငုံးငုံးလုပ်သား၊ တင်းကုပ်တော်ထျား" ၃

စသည်ဖြင့် ထီးကုပ်, စာရင်းကုပ်သည်, ထည်စိထည်ကုပ်-ဆိုသောအရာထင်၏။ ။ ထိုတွင် ဖိနပ်ဒူးကုပ်-ဟူ၍, အချို့ဆိုကုန်သည်ကား-အသတ်ထည်းမတော်၊ သဘော ထည်း မထျော်သကဲ့သို့ရှိ၏။ အသတ်မတော်ဟန်ကား ထက်ဆုပ်-ဟူသည်၌ ထက်ဖြင့် ကိုင်ဆုပ်သည်ကို ပ-သတ်၊ ဒုကုတ်ကား တ-သတ်ဖြစ်ခဲ့၍, မတော်။ သဘော မထျော် ဟန်ကား....."တစုံသင်္ကန်း၊ ခါးပန်းသင်းပိုင်" ဟူသည်တွင် တစုံသင်္ကန်း ဟူသည်၌ ကိုယ်ဝတ်ဒုကုတ် အစုံကို ယူသင့်သောကြောင့် ဒုကုတ် ဝင်ငြီးသည်ကို ဖိနပ်ဒုကုတ်ဟူ၍, ဒုကုတ်ကို နှစ်ထပ်ကျ ဆိုစုမရှိလေသည်ကိုငဲ့, ဒုကုတ်ကို ထက်ဖြင့်ကိုင်၍, မသွားတန်သည်ကိုငဲ့ ထောက်၍, သဘောမထျော်သည် ဖြစ်၏။ ၄ အချို့ကား 'ထက်သုပ်ကိုင်သွား' ဟု ဆိုကုန်၏။ ဤ၌ ဓူတင်တိစီဝရိတ်၌ မုခဟုဉ္ဇန-ဟူသော ထက်သုပ်ပါဝင်ဖွယ်မရှိသောကြောင့် သဘောမထျော်ဖွယ်ရှိ၏။

၅'အရညကင်၊ ဓူတင်ရအောင်' ချီသော ရတု၌ * အရညကင်ဓူတင်ရအောင် ဟူသော အဦးသော စကားမျှကိုသာ လိုက်၍, အရညကင်ဓူတင် တပါးမျှကိုသာ ရဖွယ်မရှိ၊ ကုထလွေ့တာ ပြန်ငါးရာစသောစကားအစဉ်ဖြင့် အရညကင်ဓူတင်ရဟန် စကားငြီးသည်။ ။"တစုံသင်္ကန်း၊ ခါးပန်းသင်းပိုင်"စသော စကားအစဉ်ဖြင့် တိစီဝရိတ်ဓူတင်ငြီးသည်။ ။"တတော ထွက်ထျင်၊ တတော ဝင်၍, တပင်ထွက်သွား၊ တပင်နား၏" ဟူသဖြင့် ရက္ခမူဓူတင် ငြီးသည်။ ။"ကြယ်ကြီး နက္ခတ်၊ အခါမှတ်၍," စသောစကားအစဉ်ဖြင့် ဝိဏ္ဏုပါတ် ဓူတင်ငြီး၏။ ယင်းသို့ထျင် ထက်ာအား ဖြင့်ပင် အရညကင်ဓူတင်မှတပါး အများရသင့်ဟန်ကိုလည်းဆိုသည်။ အချုပ်စကား

---

၁ တန်ရ * ၂၇။
၂ ဘူထင် * ၃၉၀၊"ထည်ကုပ်ကျောက်ခါး။"
၃ ရွှေစာ * ၂၄။
၄ ထက်ဝဲနော်ရထာရတု * ၄၊ ရှင်သီထံသ-ဆို ရည်းသံလေး၍-ချီရတု၊ (ထ)ဝိုဒ်၌ထည်း "မောင်းချိတ်သင်္ကန်း၊ တီးဝန်းကုတ်ဆုံး၊ ပခုံးနှိုက်ဝယ်၊ သားရေနယ်နှင့်" ဟုအရည ကင် ဓူတင်အရာ၌ "ထီးဝန်း ကုတ်ဆုံး" ဟုဆိုသည်ကိုတွေ့ရသည်။
* တွင်းသင်းသတ်ညှန်းသစ်၊ ထက်ရေး မူ ၈၆ တွင် ဝန်ထောင်ထယ်ဖုန်းကြီး ဆို-ဟုဆိုသည်၊ကျာဇန္ဓသာရ ၄၇၁ ၌သည်း ဝန်ထောင်ထည် ဘုန်းတော်ကြီး ဆိုဟု ပါသည်။ ရှေးဟောင်း ကျာညွှန့်ပေါင်းကျမ်း ၉၉ ၌ဝဲဒီး ဆရာထော်ရေးဟုရှိသည်။

မှာ ဃည်း ဓူတင်အပြား သာမည်တဆယ့်သုံးပါးသာမက၊ အည့်အထက်, အမြတ်ပြား၍ သုံးဆယ့်ကိုးပါးစင် ရဟန်းကို "ဓူတင်အမျိုး၊သုံးဆယ့်ကိုးက၊ သန္တောသဟု၊ ဓမ္မကျင့်မှု" ဟူ၍. အုပ်ပြန်သည်ကို ထောက်သဖြင့် အရည်ကင်ဓူတင် တပါးမျှကိုသာ ရအောင်ဟူ၍. ယူရဖွယ် မရှိသကဲ့သို့ထင်၏။ ထိုနှင့်ထွေ်စွာ ဝိနည်း တိစီဝရိတ် မဟုတ်၊ ဓူတင်တိစီဝရိတ်ကို ယူရာသောကြောင့် လက်ဆုပ်ပုဝါကို လိုအပ်သကဲ့သို့ ရှိ၏။ *

ဤ၌ ထီးကုပ်-ဟူသည်၊ ဃည်ကုပ်,တင်းကုပ်-ဟူသည်တို့ကား ကွေးကွေးကုပ်ကုပ် ဟူသော အနက်ချည်း ဖြစ်သင့်၏။ ခြေဖြင့်ကုပ်သည်၊ လက်ဖြင့်ကုပ်သည်၊ သိမ်းစွန်းကုပ်သည် ဆိုသောအရာတို့ဃည်း ကွေးသည်၊ ကုပ်သည်-ဟူသော အနက်ငင်းထွေ်၏။ စာရင်းကုပ်သည် ဆိုသောအရာဃည်း လက်ဖြင့်သာ ကုပ်၏သို့ ရေးခြစ်ခြင်းဖြစ်၍. သဘောနီးချဉ်း၏။ ဤသို့သော သဘောအရကို ထောက်၍. ကိုင်းကိုင်းကုပ်ကုပ်-ဟူသည်၌ ပ-သတ်၊ ကြိုးကြိုးကုတ်ကုတ် အားထုတ်သည်-ဆိုသော အရာ၌ တ-သတ်ဟူ၍. ကြွင်းသောဝေါဟာရတို့၌ဃည်း ယူကောင်း၏။

ကျုတ်-ကြုတ်-ကြုပ်

၄၁၁-ကဗျည်း ယပင့် အရစ် တချောင်းငင် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

က-အက္ခရာ ယပင့် တ-သတ်ကား···· အမှောင် ကျုတ် ကျုတ်, မည်း မည်း ကျုတ်ကျုတ်, နက်ကျုတ်သည်, သစ်ပင်မည်း ကျုတ်ပင်, ကျဉ်းကျဉ်း ကျုတ်ကျုတ်, ငှက်မည်း-ကျေးကျုတ်, သစ်ဆင်သစ်ကျုတ်-စသော ဆိုမိန့်ခြင်းတို့၌ ထင်၏။ ။ ထို၌ အမှောင်ကျုတ်၊ မည်းကျုတ်၊ နက်ကျုတ်၊ ကျုတ်ပင်၊ ကျုတ်-ဟူသည်တို့ကား သဘောတူသင့်၏။ မည်းခြင်း ဂုဏ်အထူးကို ထင်စေလိုသော အသံချည်းဖြစ်၏။ ။ အမှောင်ကျုတ်-ဟူသည်ကို ဒေါသသည် မှောင်နှင့်အတူ ဖြစ်ဖက်နံတရားကိုထည်း မည်းကျုတ်စေသည်၊ မည်းကျုတ်သော ဒေါသမူစိတ်ပြု၍. ရုပ်ထည်း မည်းကျုတ်သောအဆင်းရှိလေသည်ကိုထောက်၍. 'မှောင်နှင့် ကျုတ်ကျုတ်၊မှောင်ကျုတ်သည်' သာ ဆိုရမည်ကို အ-အက္ခရာပါဆိုလေသည် ယူသင့်၏။ ဒေါသရှိလျှင် မျက်မှောင်

---

* မလိုအပ်သကဲ့သို့ရှိ၏။

မျက်ခုံးအမွေးအမှင်ကြွကြွခီခီရှိတတ်သဖြင့် ပကတိကာလထက်မျက်မှောင်နက်ကျုတ်သည်ကိုထောက်၍ 'မျက်မှောင်ကျုတ်'ဆိုရမည်ကို 'အမှောင်ကျုတ်' ဆိုသည်လည်း ယူသင့်၏။

သစ်ပင်ကို ကျုတ်ပင်-ဟူသည်လည်း မည်းကျုတ်သော အဆင်း ထင်သည်ကို ပင် စွဲးသင့်၏။ ။ကျဉ်းကျုတ်-ဟူသည်၌ကား ကျဉ်းသည်ဟူသော စကားမျှသာ ထိုရင်း၊ ပြေပြစ်ရံဖက်ကာမျှ ယူသင့်၏။ ။ကျေးကျုတ်၊ သစ်ကျုတ်- ဟူသည်ကို အမည်မျှလည်းယူသင့်၏။ ကြက်တောစသော ကျေးတို့ကဲ့သို့ မကြီး၊ သစ်ဆင်စသည် တို့ကဲ့သို့ မကြီး၊ ငယ်ထျသောကိုယ်ရှိ၍ 'ကျေးကျုတ်၊ သစ်ကျုတ်' ဆိုသည်လည်း ယူသင့်၏။ နောက်ဖြစ်သောစာတို့၌ "မည်းနက်မိုးကျုဝ်၊ နေထမြုဝ်လိမ့်" ဟူ၍ 'မည်းကျုဝ်သည်'ကို ပ-သတ်စဝ်သည်ကား ထုံးစံခိုင်သည်ကို ရှာသင့်၏။ ။ယပင့် ပ-သတ်ကား မထင်။

အရစ် တ-သတ်ကား...."ရွှေကြွတ်ငွေကြွတ်၊ အဟုတ်ဖြင်မျှ။ ။ပြစ်မှားကြမ်းကြွတ်၊ အဟုတ်ခက်ထန်"စသည်ဖြင့် ခွက်ကြွတ်, ကြမ်းကြွတ်သည်-ဆိုသော အရာထင်၏။

"လည်ချောင်းကြွတ်ကြွတ်၊ သွေးသံထုတ်သား" [၁] ဟူ၍ ငင်း၊
"ခံတွင်းကြွတ်ကြွတ်၊ တုတ်ထချင်ဖွယ်" ဟူ၍ ငင်း၊
"ငယ်ကျွန်အစုတ်၊ ဝမ်းကထုတ်လျှင်၊ကြွတ်ကြွတ်မျှိသောက်"
ဟူ၍ ငင်း ဘုံခန်းတွင် ကြွတ်ကြွတ်-စဝ်သောအရာ၊

"မြူလောက်ရေမျှ၊ မကြွတ်ရတည့်"

ဟူ၍ ဆင်ဖွဲတွင်မကြွတ်ရ-ဆိုသောအရာတို့ကား 'ရေကြွက်သည်' ဆိုသောအရာပင် ဖြစ်သင့်၏။ ထို၌ "သောက်ရေကြွက်ကာ ကြွက်ကာတည်း... တောင်ထေ စိုက်ကာ စိုက်ကာတည်း.....မှံကြွဝ်ကိုက်ကာ ကိုက်ကာတည်း" ဟူ၍ ယခုကာလ ရေကြွက်သည်၊ ကြွက်ကြွက်မျှိသည်-ဆိုမိန့် ကြသော အတိုင်း ထုံးကြီးတင် တချောင်းငင် က-သတ် စသည်ထည်း ထင်၏။ ထို၌ ယပင့်ထည်း အချို့ရေးကုန်၏။ "သမာသ် တဒ္ဒုတ်-အာချာတ်ကြွတ်" [၂] ဟူ၍ ငင်း, 'သမာသ် တဒ္ဒိုက်-အာချာတ်ကြွက်'ဟူ၍ ငင်း တချောင်းငင် တ-သတ်၊ ထုံးကြီးတင်တချောင်းငင် က-သတ်အဆံ အပြားမဲ့ စဝ်ဆိုသည်နှင့်တူသင့်၏။

---

၁ ဘုံ * ၅၀။ ၂ ကိုး၊ နိဂုံး * ၇။

"ခေါင်းကငင်နုတ်၊ ယုံနှံရေဆုတ်သို့၊ ကြွတ်ကြွတ်မမြည်၊" [၁]
ဟူ၍ စပ်သောအရာကား မြည်သံတကြွတ်ကြွတ်-ဆိုလိုသော အရာကဲ့သို့ရှိ၏။ ထို၌ကား ဝမ်းတကြွတ်ကြွတ်၊ ဦတကြွတ်ကြွတ်-ဟူ၍ အလွတ်ပြောဆိုသော အရာကဲ့သို့ တရွတ်ရွတ် မြည်သံကိုပင် ဝမ်းရွတ်သည်၊ ဝမ်းဘကြွတ်ကြွတ်-ဦတကြွတ်ကြွတ်-ဆိုသောအရာ ဖြစ်သင့်၏။

က-အက္ခရာရစ်၍ ပ-သတ်ကား....."သစ်ရပ်ဝေျာက်ထုပ်၊ အကြွပ်အဆင့်" [၂] စသည်ဖြင့် အဆင့်အကြွပ်-ဆိုသောအရာ ထင်၏။ ။"ရွက်ဟုန် ကြွေကြွေပ်၊ ချမင်းတုပ်ဆို၊ စိတ်ချပ်အာရုံ" [၃] ဟူ၍ ကြွေကြွေပ်ဆိုသော အရာကား အရေကြွေပ်သည်-ဆိုသောအရာကဲ့သို့ 'ကွာပြတ်သည်'ဟူသောအနက်ယူသင့်၏။ ။အချို့ကား-ယပင့်ရေးကုန်၏။

ခုတ်-ခုပ်

၄၁၂-ခဗျည်း သက်သက် တချောင်းငင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

ခ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"ရွှပ်ရွှပ်ထိုးခုတ်၊ ကြက်ရဲးစုတ်သို့၊ အားထုတ်လွန်ကြိုးစားထေမင်း" [၄]
"လွင်ပြင်ထွက်စုတ်၊ သိန်းနှယ်သုတ်လျက်၊ ထိုးခုတ်ထွန်းယိုင်" [၅]
"ပုံနည်းသွယ်ထုတ်၊ စက်မှန်ခုတ်သို့၊ ဝုတ်ဝုတ်ထည်လည်" [၆]
"သီတင်းဥပုတ်၊ ရွှေထျော်ခုတ်သည်၊ မယုတ်နိတုံရောက်သတည်း" [၇]

စသည်ဖြင့် ဖြတ်ခုတ်သည် ဆိုသောအရာ ထင်၏။

---

၁ ဘုံ * ၃၀။
၂ ရှင်ရဋ္ဌသာရဆို-ကြီတွက်ဆ၍ ချီရတု (ပ)။ လက်ဝဲနော်ရထာရတု ၁၀။
၃ ရှင်ရဋ္ဌသာရဆို-ပုရေနိသင်-ချီရတု (ခု)၊ ထက်ဝဲနော်ရထာရတု ၁၅ ၌ "ချစ်ပေါ့မကြွေ၊ ညွှေးငယ်ပုံမျှ၊ ရွက်ဟုံကျေးကြေ၍၊ ချမင်းဒုဝ်သို့၊ စိတ်ချပ်မပွင့်"ဟု ရှိသည်။
၄ ထေသာ * ၃၅။
၅ ပုံထောင်* ၇၌ "တိုးခုတ်ဗွေတိုင်း" ဟု ရှိသည်။
၆ ကိုး * ၄၅။
၇ ဘူထင် * ၇။

ထိုနှင့်အသံတူ ပ-သတ်ကား....

"မြိထလျှင်ခုပ်၊ ကျွန်ုပ်လိုက်လိမ့်မှန်ပြီတည်း" ၀
"ပြန်၍လျှင်ခုပ်၊ တံမခြေပ်သည်၊ ကျွန်ုပ်ပန်းမောလှချေ၏"
"မြေထွင်လျှိုးငုပ်၊ ပြေးခုပ်လျှင်ထျားး" ၂
"ကြောက်ဝါကြောက်ရုပ်၊ စီးနင်းခုပ်၍၊ ကိုက်ဆုပ်သွေးသား" ၃
"တိုက်ဖက်ကိုက်ဆုပ်၊ ကျားသို့ခုပ်ထျက်၊ လက်အုပ်မရ"
"ကြွားကြွားကိုက်ဆုပ်၊ ခုပ်လျှင်းလေသော်"
"သံပြိုသံအုပ်၊ မြင်းမှင်ချုပ်ထျက်၊ လက်ခုပ်တဖြောက်" ၄
"ဖက်သက်ဖက်အုပ်၊ ဝါးလက်ခုပ်ဖြင့်၊ ရေမြုပ်ကြွမ်သီ" ၅
"သံသာစဉ်းဆုပ်၊ ဖွင့်ကအုပ်၊ လက်ခုပ်တီးခြိမ့်ခြိမ့်"

စသည်ဖြင့် လျှင်ခုပ်, ပြေးခုပ်, ကြောင်ခုပ်တည်, ကျားခုပ်သည်, လက်ခုပ်-ဆိုသော အရာထင်၏။

ထိုတွင် လျှင်ခုပ်ဟူသည်ကား ရှေးဝေါဟာရ 'လျှင်သည်' ဟူသောအနက်မျှသာ ရသင့်၏။ ဖင်ဖင်ခုပ်ပြိုသည်၊ အစားခုပ်သည်၊ အလုပ် ကြာသည် ဟူ၍ အလွတ် ပြောဆိုကုန်သော အရာတို့သည် 'လျှင်သည်' ဟူသော အနက်ချည်း ရသင့်၏။ ။ ကြောင်ခုပ်သည်၊ ကျားခုပ်သည်-ဆိုသောအရာကား ဓားဖြင့်ခုတ်သကဲ့သို့ မဟုတ်။ ဓားဖြင့်ခုတ်သည်ကား ဓားသွားရှဉ်၍ ရှုပြတ်စေခြင်းငှာ ခုတ်သည်၊ ကြောင်ကျား ခုပ်သည်ကား မရှုပြတ်သော်လည်း ဖမ်းမိကိုက်မိစေခြင်းငှာ လက်ဝါးဖြန့်၍ သိမ်း အုပ်သည်ကိုပင် 'ခုပ်သည်'ဆိုသောအရာဖြစ်၍ အကြောင်းကွဲးသင့်၏။ ။လက်ခုပ် ဟူသည်ကိုလည်း လက်ျာလက်ဝဲး အစုံအုပ်သည်ဖြစ်၍ 'လက်အုပ်'ဆိုသောအရာကို ပင် လက်ခုပ်-ဆိုသကဲ့သို့ရှိ၏။ ။သစ်ပင်၏အမည် လက်ခုပ်-ဟူသည်၌လည်း လက် အုပ်အစုံနှင့်တူသော အသီး၏တင့်တယ်ဟန် တစိတ်ကိုစွဲးဆိုသည်ယူမူ သဘောတူ ဖြစ်၏။လက်ခုပ်တဖောင်ဆို၏၊လက်ခုပ်တီး၏-ဟူသောအရာတို့၌လည်း မကွဲးကောင်း ပြီ။ တလက်ခုပ်,တလက်ဖက်ဆိုသောအရာတို့လည်း ထင်သာပြီ။

---

၀ ကိုး * ၉၅။
၂ ဘူထင် * ၁၃၆။
၃ ဆု * ၁၀၇။
၄ ခိုင် * ၅၂၊ "သံညွှင်း သံပြိုး သံချိသံအုပ်၊မျှင်မျှင်ချုပ်ထျက်၊ လက်ခုပ်တဖြောက်။"
၅ ဘုံ * ၁၉။

ထိုဆိုလျက်ကို 'ခေတ္တသရေ'ချီသည့် ရတုတွင်မူကား "ဝိန်ညင်းစည်းဆုပ်၊ ကျီးလင်္ကာခုပ်နှင့်၊ တီးမှုတ်သာမော" * ဟူ၍၊ စာအချို့ရှိကုန်သည်။ထိုဌ် ကြိုက်ပေသည်ကား.... 'ဝိန်ညင်းစည်းဆုပ်၊ ကျီးလင်္ကာခုပ်နှင့်၊ တီးရုပ်သာမော'ဟူ၍၊ ရှိထိုမည်ထင်သည်။ ကျီးကား လင်္ကာခုပ်တီးရှုပ်အဆံဖြင့် သာမောစွာမြည်၏။ဤသို့သော အဓိပ္ပါယ်ရ၏။ ယင်းသို့ အဓိပ္ပါယ်ရပါမှ ဟသ်ကား အထူးရုပ်, ဝမ်းပဲကား ညင်းမှုတ်ရုပ်, ဝိန်ညင်းကား စည်းဆုပ်တီးရုပ်, ကျီးကား လင်္ကာခုပ်တီးရုပ်ဟူ၍၊ သဘောအားဖြင့် ညင်းဆုပ်ကိုင်၍၊ မတီးမှုတ်သော်လည်း တီးမှုတ်သောအရုပ်အယောင် ဖြင်သာယာစွာ မြည်၏-ဟူသော အရသင့်ပါမည်။တီးမှုတ်သာမောရှိချေလျှင် သဘောအားဖြင့် ညင်းစည်းဆုပ်ကိုင်၍၊ ဌက်တို့ပင် တီးမှုတ်သကဲ့သို့လည်းရှိ၏။ ဆိုခဲ့ပြီးသော ပျိုတို့နှင့်လည်း အသက်မညီခဲ့ရှိရာသောကြောင့် 'တီးရုပ်သာမော' ဟူ၍၊ ရှိသောစာ-သင့်ဘိမည်။

---

* ပေါရာဏကထာ ဋီကာ ၂၅၆-၌ ဝေါဟာရတ္ထပကာသနီတွင် ဝန်ထောင်လယ် ဆရာတော်ဆို ခေတ္တသရေ-ချီရတု၌ 'ဝိန်ညင်းစည်ဆုပ်၊ ကျီးလင်္ကာခုပ်နှင့်၊ တီးမှုတ်သာမော' ဟု ဆိုကြောင်းပါသည်။ယင်း စာမျက်နှာ ၃၂၆-၌ကား ဝန်ထောင်လယ်ဆိုခေတ္တသရေချီ ဒုတိယရတု၌ 'ဝိန်ညင်းစည်ဆုတ်၊ တီးမှုတ်သာမော'ဟု ရှိကြောင်း တွင်းသင်းမဟာစည်သူ ဆိုကြောင်းပါသည်။တွင်းသင်းသတ်ညွှန်းသစ်၊လင်္ကာရေးမူ ၉၃-တွင် "စည်းဆုပ်ကို....ဝန်ထောင်လယ်ဖုန်းကြီးဆို 'ခေတ္တသရေ'ချီရတုတွင်မူကား 'ဝိန်ညင်းစည်းဆုတ်၊ တီးမှုတ်သာမော'ဟု ထသတ်စင်မှားလေသည်"ဟု တွေ့ရသည်။

လင်္ကာနော်ရထာ ရတုပေါင်းချုပ် * ၁၃၊ခေတ္တသရေချီရတု၊ပထမဝိဒ်တွင် "ဝိန်ညင်းကားစောင်း၊ ချည်ချောင်းရေကြိုက်၊ ဝံထက်စည်းဆုပ်၊ လက်ခုပ်ဝံထို၊ ဆံချီသာမော"ဟု တွေ့ရသည်။ ယင်း * ၁၄၊ ခေတ္တအောင်မြေ-ချီရတု၊ ပထမဝိဒ်တွင် 'ဝိန်ညင်းကားအဲ့၊ ဝမ်းပဲကားစောင်း၊ ချည်ချောင်းဆက်ရက်၊ ရေကြိုက်စည်းဆုတ်၊ တီးမှုတ်သာမော'ဟု တွေ့ရသည်။

ပေါရာဏဒီပနီ၊ပ ၃၂၄-တွင်ခေတ္တသရေချီရတု၊ ပထမဝိဒ်၌"ဝိန်ညင်းကားစောင်း၊ ခြေကြောင်း (ချည်ချောင်း) ရေကြိုက်၊ ဝံထက်စည်ပုတ်၊ လက်ခုပ်ဝံထို၊သံချီသာမော" ဟု တွေ့ရသည်။ ယင်း ၃၂၅၊ခေတ္တအောင်မြေချီရတု ပထမဝိဒ်၌ 'ဝိန်ညင်းကားအဲ့၊ ဝမ်းဘဲကားစောင်း၊ ခြေကြောင်းဆက်ရက်၊ ရေကြိုက်စည်ပုတ်၊ တီးမှုတ်သာမော'ဟု တွေ့ရသည်။

ကဗျာသာရတ္ထသင်္ဂြိဟ် ၁၀၇၊ခေတ္တသရေချီရတု၊ပထမဝိဒ်၌ "ဝိန်ညင်းကားစောင်း၊ ချည်ချောင်းရေကြိုက်၊ ဝန်လက်စည်းဆုပ်၊ ကျီးလင်္ကာခုပ်နှင့်၊ တီးမှုတ်သာမော"ဟု တွေ့ရသည်။

ချုတ်-ချုပ်-ခြုတ်-ခြုပ်

၄၁၃-ခဗျည်း အပင့်အရစ် တချောင်းငင် တ-သတ်,ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

ခ-အက္ခရာ ယပင့် တ-သတ်ကား....

"မြေတွင်ချုတ်ချုတ်၊ တဖက်တုတ်၍၊ ညှို့ဖြုတ်ထစ်ထစ်" [၁]
"ရွှေချိန်နောက်ဆုတ်၊ တို့ချုတ်ယံနား" [၂]

စသည်ဖြင့် ချုတ်ချုတ်ထိခိုက် ပေါက်ရောက်သည်ဆိုသောအရာ ထင်၏။

ထိုနှင့်အသံတူ ပ-သတ်ကား....

"ခက်ညွန့်ကိုင်ဆုပ်၊ သိမ့်သိမ့်လှုပ်၍၊ ချုပ်ချုပ်အမျက်" [၃]
"မြေတွင်ထျိုးငုပ်၊ နာနာရုပ်ဖြင့်၊ ချုပ်ချုပ်မျက်ငြိုး"

စသည်ဖြင့် အမျက်ချုပ်ချုပ်ထွက်သည်, ချုပ်ချုပ်ပူသည်-ဆိုသောအရာထင်၏။ ။ထိုသို့ ချုတ်ချုတ်ထိခိုက်သည် ဆိုသောအရာနှင့် ချစ်ချုတ်သည်ဆိုသောအရာ သဘောတူသင့်၏။ ချစ်သဖြင့် ချုတ်ချုတ်ထိသည်ကိုပင် ချစ်ချစ်ချုတ်ချုတ်ဆိုသော သဘော ဖြစ်သင့်၏။ ။ပ-သတ် ချုပ်ချုပ်ကား ပူခြင်းသတ္တိထင်သည်ကို 'ချုပ်ချုပ်'ဆိုလိုရင်း ဝေါဟာရဖြစ်၏။အမျက်ဆိုး,အမျက်ရှိသူကို ပူစေတတ်ခြင်းသဘောတူယူ၍ အမျက်ထွက်သည်ကို 'အမျက်ချုပ်ချုပ်ထွက်သည်'ဟူသော ဆိုမိန့်ခြင်းဖြစ်သင့်၏။

ခ-အက္ခရာရစ်၍ တ-သတ်ကား....

"ရစ်ဝဲးရန်ခြုတ်၊ ကြက်ရဲးစုတ်သို့၊ မဟုတ်မရား" [၄]
"ရန်ရှာမခြုတ်၊ ကိုယ်နှုတ်နှိမ်ချိုး" [၅]
"ကြမ်းကြမ်းကြုတ်ကြုတ်၊ ခြုတ်ခြုတ်ခြယ်ခြယ်" [၆]

စသည်ဖြင့် ခြုတ်ခြယ်သည်-ဆိုသောအရာ ထင်၏။

ထိုနှင့်အသံတူ ပ-သတ်ကား....

"စကားဝိတ်ခြုပ်၊ ချွန်းနှယ်အုပ်၍၊ နှာချုပ်ထည့်သွင်း" [၇]
"အာဏာစောင့်ခြုပ်၊ ဝိုက်ထုပ်တတ်လှ"

---

၁ ဘူဃင် * ၃၉၂။
၂ ဆု * ၂၀။
၃ ကိုး * ၉။
၄ ဘူဃင် * ၃၃၃။
၅ သံ * ၁၆၀၊ "ကိုယ်ချုတ်နှိမ်ကြို့"
၆ ဘူဃင် * ၂၁။
၇ ကိုး * ၃၆၊ "စကားဝိတ်ချုပ်"

"အခေါင်စိုးခြုံ၊ အုပ်စိမ့်သောကြောင့်"
"တပ်တန်းဝိုက်ခြုံ၊ သိမ်းယူအုပ်သည်၊ တရုပ်မြို့မှာ"
"အချာကွန်ခြုံ၊ ချဉ်းကာအုပ်၍၊ ကျန်ုပ်ချစ်ကြောက်" ၁
"ဇာတ်ပေါင်းပြီးခြုံ၊ စာကိုးအုပ်ဖြင့်၊ ထုပ်ထုပ်ဝိုက်ဝိုက်" ၂
"ရထားပေါင်းခြုံ၊ စကြာရုပ်၌၊ မလှုပ်မရှား"
"ကြေညာပတ်ခြုံ၊ ကွန်ချာရုပ်သို့၊ တအုပ်တဆည်"
"ဥပမာရှေးခြုံ၊ ချဉ်းကာအုပ်၍၊ ဗဟုဗ္ဗိဟိ"
"နွယ်လျော်ပခြုံ၊ အရုပ်ပြက်ပြက်" ၄
"ရတနာပခြုံ၊ မလှုပ်မရှား။ ။ရတနာပခြုံ၊ ထက်ဆုပ်ကိုင်ပြီး"
"ရိမ္ဘိုင်းမိုးခြုံ၊ ရံကိုယ်ထုပ်နှင့်၊ ကျန်ုပ်ပြစ်တင်မလွတ်ဘူး"
"ညရိမိုးခြုံ၊ ရောက်ရုပ်မထင်"

စသည်ဖြင့် အုပ်ခြုံသည်, ပခြုံ, မိုးခြုံသည်ဆိုသော အရာထင်၏။

ထိုတွင် ခြုံခြယ်၏-ဟူသည်ကား ရန်လိုသဖြင့် ရန်စသွယ်သည်၊ ရန်စရှယ်သည် ဟူသောအနက်တည်း။ ။အုပ်ခြုံ၏-ဟူသည်ကား···· အစမထွက်ရ-သိမ်းဆည်းသည် ဟူသော အနက်တည်း။ ။ပခြုံ-ဟူသည်ထည်း ခြုံခြုံအုပ်အုပ် ထိမှီးရာ ဖာထေး၏အမည်ဖြစ်၍ 'ဖာခြုံ'ဆိုလိုရင်းဖြစ်ထျက် ပြေပြစ်စေခြင်းငှာ အသံနှောစပ်ကွေးလုံး၍ ဆိုမိန့်ခြင်းဖြစ်သည် ဟူသင့်၏။

မိုးခြုံသည် ဆိုသောအရာ၌ထည်း အဇ္ဈာကာသ အငြိအစွန်းမရှိ မဆုံးသော ကောင်းကင်ကို မျက်မြင်အားဖြင့် ကုန်းကုန်းကွေးကွေး အုပ်မိုးလျက် တည်၏သို့ ထင်မှတ်သည်ကို အစွဲးပြု၍ 'မိုး' ဟူသောဆိုမိန့်ခြင်း။ ထိုမိုးသည် ပတ်လည်အုပ်ခြုံထျက် တည်၏သို့ထင်မှတ်သည်တွင် နေဝန်းသည် အစဉ်သဖြင့် နှိမ့်ညွှတ်၍ မြေသို့ဝင်၏သို့ ကုန်းကုန်းကွေးကွေးထင်သောမိုးသည်ခြုံထား၍ ကွက်ပျောက်ထေသကဲ့သို့ နေဝန်းကို မိုးဖြင့်ခြုံအုပ်ထတ်သည်ကာလနီးထတ်သည်ကို 'မိုးခြုံသည်' ဟူသော ဆိုမိန့်ခြင်းဖြစ်သည် ယူသင့်၏။

"အခါမဟုတ်၊ မိုးချုတ်နေဝင်" ၅
"မိုးသောက်မိုးချုတ်၊ တဖြုတ်မနေ" ၆

ဟူ၍ စာအချို့ မိုးချုတ်ကို တ-သတ်ရှိသည်။ ထိုနှင့်ညီအောင်ယူမူ ယခင်သို့သော

၁ ဘူထင် * ၂၀၀။ ၃ ဘူထင် * ၁၇၆။ ၅ ဘူထင် * ၃၀၄။
၂ ကိုး၊ နိဂုံး * ၅။ ၄ ဘူထင် * ၂၉၂။ ၆ ဘူထင် * ၂၃၀။

မိုး၏အရင်းအခြေသို့ နေဝန်းချုတ်ချုတ် ထိရောက်ထွေ့သည့် ကာလနီးလသည်ကို 'မိုးချုတ်သည်' ဆိုသည်ယူသင့်၏။ * စာတန်ျိကား-

"မိုးသောက်မိုးချုပ်၊ တန်ခူရုပ်မနေ" ၁

"အခါတက်စုပ်၊ မိုးချုပ်နေဝင်" ၂

ဟူ၍ ပ-သတ်အညီ ရှိကုန်၏။ ပ-သတ်အရှိများ၍ များရာ ညီစေခြင်းငှာ မပြင်ကုန်သကဲ့သို့ရှိ၏။ ဆင်ခြင်။

ငုတ်-ငုပ်

၄၁၄-ဗျည်း တချောင်းငင် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

ငကွာ တချောင်းငင် တ-သတ်ကား....

"လူထွင်ထူယုတ်၊ သစ်ငုတ်ထည်းကောင်း"

"ငြောင့်ဆူးသစ်ငုတ်၊ ခထုတ်တသင်း" ၃

စသည်ဖြင့် သစ်ငုတ်,အစအငုတ်-ဆိုသောအရာထင်၏။

ထိုနှင့်အဆံတူ ပ-သတ်ကား...."ရေထွင်စုပ်စုပ်၊နက်ရာငုပ်ထည်း၊လွတ်ရုပ်မထင်"၄

"မြေထွင်လျှိုးငုပ်၊ ပြေးခုပ်ထျင်ထျား" ၅

"မြေထွင်လျှိုးငုပ်၊ နာနာရုပ်ဖြင့်၊ ချုပ်ချုပ်မျက်ငြိ"

စသည်ဖြင့် ပေါ်သည်,ငုပ်သည်-ဆိုသောအရာထင်၏။

စုတ်-စုပ်

၄၁၅-စဗျည်း တချောင်းငင် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကို ပြခြင်း

စ-အကွာ တချောင်းငင် တ-သတ်ကား....

"ဆင်းသက်စုတ်စုတ်၊ ပြေးအားထုတ်မူ၊ ဂါဝုတ်တိုင်အောင်" ၆

---

* "ဇူဇဂါမိုဝ်ချုတ်ရကာ ထောင်ဝိုဝ် ထက်ဇုပ်။" သောကထိပ်ပန် ၇၂။

၁ ဘူထင် * ၂၃၈။

၂ ဘူထင် * ၃၈၄။

၃ ဆံ * ၈၈။

၄ ဘူထင် * ၂၇၇၊ "နက်စွာငုပ်ထည်း။"

၅ ဘူထင် * ၁၃၆။

၆ ကိုး * ၉၂။

"ရတနာအစုတ်၊ ကုန်အောင်ထုတ်၍၊ သမုဒ္ဒရာ" ၁
"ကြိုင်သည်အစုတ်၊ နှံ့ပရုတ်ကို၊ ရွှေကြွေတ်ရွှေလွှော်"
"နံ့ပင်အမြိတ္တစုတ်၊ အဟုတ်ပွန်ကျော်"
"ပြင်းထန်ခတ်ပုတ်၊ ရေသားစုတ်လျက်၊ လှိုးခုတ်လည်ချောင်း" ၂
"မဲ့မဆုတ်၊ ရဲအားထုတ်လျက်၊ စုတ်စုတ်တွင်တွင်"
"လွင်ပြင်ထွက်စုတ်၊ သိန်းနှယ်ဆုတ်လျက်၊ ထိုးခုတ်တွန်းယိုင်" ၃
"ရွှတ်ရွှတ်ထိုးဆုတ်၊ကြက်ရဲစုတ်သို့၊အားထုတ်လွန်ကြိုးစားလေမင်း"၄
စသည်ဖြင့် စုတ်စုတ်ရက်ရက် ပြုမူသည်, အပေါင်းအစုတ်, အမြိတ္တစုတ်, ပြတ်စုတ်သည်-ဆိုသောအရာထင်၏။ ။စုတ်ခေါ်သည်, အမွေးစုတ်စုတ်, ကြီစုတ်သည်-ဆိုသောအရာတို့ထည်း တ-သတ်ဂင်းဖြစ်သင့်၏။

ထိုနှင့်အဆံတူ ပ-သတ်ကား....

"မွန်းနစ်စုပ်စုပ်၊ ကိုယ်လုံးမြုပ်ချိုင့်၊ ကျွန်ုပ်မလွတ်ပချေပြီ" ၅
"ရေတွင်စုပ်စုပ်၊ နက်ရာငုပ်လည်း၊ လွတ်ရုပ်မထင်" ၆
"ထွင်းလေစုပ်စုပ်၊ အောက်ထက်ခြုပ်သော်၊ တုန်လှုပ်မရှိ" ၇
"အများဝန်းခြုပ်၊ မင်းကိုအုပ်၍၊ မြစ်စုပ်မင်းကျွန်" ၈
စသည်ဖြင့် စုပ်စုပ်မြုပ်သည်, မြစ်စုပ် မင်းကျွန်ဆိုသောအရာထင်၏။မန္တန်စုပ်သည်-ဆိုသောအရာထည်း ပ-သတ်ဂင်းဖြစ်သင့်၏။ ။ထိုထွင် စုတ်ခေါ်သည်-စိုက်ခေါ်သည်-ဟူ၍, အဆံမျှကွဲးစေ၍, တဒ္ဒုတ်၊ ကြုတ် ပုဒ်ဆိုတုံ, တဒ္ဒိုက်၊ ကြိုက် ဝိုက်ဆိုတုံ,ဝုတ်လည်းဆိုတုံ, ဝိုက်လည်းဆိုတုံ သဘောမပြား အဆံပြားဆိုသည်နှင့် တူဖွယ်ထင်၍, ကြီစသည်တို့ကို ခံတွင်းဖြင့်စုတ်၏-ဟူသည်ကား 'သောက်တုတ်' ဟူသည်နှင့် သဘောတူသင့်၏။ စပ်အင်ခိုင်သည်ကို ရှာ၏။မန္တန်စုပ်-သည် ကိုကား ဇပွန သဒ္ဒါထင်သောကြောင့် ပါဠိနှင့်အညီ ဇကွဲး ပ-သတ်သော်လည်း ရေးသင့်၏။ လုံးကြီးတင် ပ-သတ် ဆိုမိန့်သည်လည်းထင်၏။ ဇပွနသဒ္ဒါ၏ အနက်ကား ဆိုခြင်းအနက်ဖြစ်၏။ မန္တန် အက္ခရာဖြင့် ဆိုသည်ပင်ဖြစ်၏။ ပတိးစိတ်၏-ဟူသည်လည်း နည်းတူ။ ဇပွနသဒ္ဒါ၏အနက်၊ အလုံး အက္ခရာရေး ဂုဏ်တော်စသည်တို့ကို မှတ်၍, ဆိုသည်ဂင်းဖြစ်၏။ စပ်အင်ခိုင်သည်ကိုလည်း ရှာသင့်စွ။

---

၁ ဘူထင် * ၁၂၆။
၂ ဘူပေါင်း * ၁၄။
၃ ပုံထောင် * ၇၊"ထိုးခုတ်ကွေ့တိုင်း။"
၄ လောသာ * ၃၅။
၅ ကိုး * ၀၇။
၆ ဘူထင်* ၂၇၇၊ "နက်စွာငုပ်လည်း။"
၇ ဘူပေါင်း * ၁၀၂။
၈ ပြည်စုန် * ၂၀။

ဆုတ်-ဆုပ်

၄၁၆-ဆဗျည်း တချောင်းငင် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

ဆ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"ခေါင်းကငင်နတ်၊ ယုံနရေဆုတ်သို့၊ ကျုတ်ကျုတ်မမည်" [၁]
"မငဲ့မဆုတ်၊ စုတ်စုတ်ထိုးသွား။ [၂] ။ပြိုင်ထည်းမဆုတ်၊ ထိုးစုတ်မ ရှိ"
"မနစ်မဆုတ်၊ မယုတ်မညံ့" [၃]
"ဤဆန်းဆုတ်၊ ဥပုသ်ပဝါရကာ" [၄]

စသည်ဖြင့် ဆုတ်သည်-ဆိုသော အရာထင်၏။

ထိုနှင့်အသံတူ ပ-သတ်ကား....

"ချိုကြွကိုင်ဆုပ်၊ ဖမ်းလရုပ်ဖြင့်၊ လျှိုးငုပ်ပြေးရှား"
"ခက်ညှန့်ကိုင်ဆုပ်၊ ဆိမ့်ဆိမ့်လှုပ်၍" [၅]
"နုသည်မျက်ဆုပ်၊ ကိုင်လှုပ်ထက်စွဲး"
"ဆရာထက်ဆုပ်၊ မှန်ထုပ်ရှိ့ဂုက်" [၆]
"နာပျော်စရုပ်၊ ရိုပ်ခြည်မြုပ်၍၊ စက်ဆုပ်ဖွးခွာ"

စသည်ဖြင့် ကိုင်ဆုပ်သည်,စက်ဆုပ်သည်, ထင်းခွင်းစည်းဆုပ်-ဆိုသောအရာထင်၏။

တုတ်-တုပ်-ဋုတ်-ဍုက်-ဒုက်

၄၁၇-တဗျည်း တချောင်းငင် တ-သတ်, ပ-သတ်တို့၌ ဝေါဟာရကိုပြခြင်း

တ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"နှိုင်းထေမှန်ဟုတ်၊ ရှည်ကိုတုတ်လောက်" [၇]
"သေရက်သောက်တုတ်၊ မမှန်နှုတ်နှင့်၊ မဟုတ်မရာ" [၈]
"ဆစ်မျက်ကြိုးတုတ်၊ ပါဠိခထုတ်ဖြင့်၊ ကုတ်ကုတ်ကော်ကော်" [၉]

---

၁ ဘုံ * ၃၈။ ၄ ကိုး * ၁၅၀။ ၇ မင်းမယ် * ၅၇။
၂ ကိုး * ၁၄။ ၅ ကိုး * ၉။ ၈ ဘူထင် * ၄၃၃။
၃ ကိုး * ၅၁။ ၆ ကိုး * ၁၇၅။ ၉ ဘူပေါင်း * ၇၁။

"မြေတွင်ချုတ်ချုတ်၊ တဖက်တုတ်၍၊ ညှို့ဖြုတ်ထစ်ထစ်" ၁
စသည်ဖြင့် ယှဉ်တုတ်သည်, သောက်တုတ်သည်, ကြိုးတုတ်သည် ဆိုသောအရာတို့၌ ထင်၏။ ။ကြိုးဖြင့်တုတ်သည်၊ တုတ်လှံကန်၊ ဌက်အမည် တီးတုတ်၊ တုတ်တိုင်စိုက်သည်၊ တုတ်ခတ်သည်၊ ဖွဲ့ဖွဲ့တုတ်တုတ်၊ ဝိုးလောက်တုတ်၊ လွှားကာကာတုတ်၊ တုတ်တုတ်စီသည်၊ အသံတုတ်တုတ်မြည်သည်၊ ပုစွန်တုတ်-ဆိုသောအရာတို့၌လည်း တ-သတ်ဝင်း ဖြစ်သင့်၏။ အစေ့အစုံ စပ်အင်ကိုရှာ၏။ ။ထိုထွင် အချို့ကား ရှေးဝေါဟာရမဟုတ်၊နှောင်းမှဖြစ်သောဝေါဟာရဖြစ်ခဲ့က စာဟောင်းတွေ့ခဲ့အံ့သည်။ အရလက္ခဏာ ကိုသာ နှလုံးသွင်းရာအံ့သို့ရှိ၏။ ဆင်ခြင်ထင့်။

ထိုနှင့် အသံတူ ပ-သတ်ကား...."ကြက်ဌက်ယုန်တုတ်၊ ခါထုတ်ပွေးဖွတ်" ၂
"ဖွဲသည်ပေါင်းတုတ်၊ အရှတ်ဆန်းထူး"
"ကြည်ထင်ကျန်ရစ်၊ ပုဆစ်တုတ် * လျက်၊ ထက်အုပ်ဖြူထွား"
"စီးစီးကိုင်ဆုပ်၊ ထက်တုတ်ဝင်ရှား"
"ခွဲခွဲတုန်လှုပ်၊ ကင်းလျင်တုတ်သို့" ၃
"ရွက်ဟုန်ကြွေကြွေပြာ၊ ချမင်းတုတ်သို့၊ စိတ်ချုပ်အာရုံ" ၄
စသည်ဖြင့် ယုန်တုတ်,ပေါင်းတုတ်,ပုဆစ်တုတ်သည်,ထက်ဖြင့်တုတ်သည်,ကင်းတုတ်သည်, မင်းတုတ်ချသည်-ဆိုသောအရာထင်၏။ ။မှန်တုတ်ချသည်၊ ပျားတုတ်သည်၊တုတ်ကွေး၊ တုတ်ပျဉ်သည်-ဆိုသောအရာထည်း ပ-သတ်ဝင်း ဖြစ်သင့်၏။ ဤ၌လည်း စပ်အင်ခိုင်ရာရှုထေ။

ထိုထွင် အရလက္ခဏာဆင်ခြင်ဖွယ်ကို အရိပ်မျှဆိုအံ့။ ပုစွန်တုတ်ကို ကြိုးတုတ်သကဲ့သို့ ကွေးညွတ်အသွင် ရှိသည်ဟူ၍ဝင်း, ကြိုးဖြင့်တုတ်၏သို့ အသွင်ရှိသည် ဟူ၍ဝင်း ပုစွန်ဆိတ်နှင့် အသွင်တူသည်တွင် ဖွဲ့ဖွဲ့ တုတ်တုတ် ရှိသည် ဟူ၍ဝင်း တ-သတ်အရ လက္ခဏာကို တင်ထေသင့်၏။ ။တုပ်ကွေးသည်-ဟူသော အနက်ယူမူကား ပ-သတ်ကဲ့သို့ရှိ၏။ ထိုသို့သော်လည်း တုပ်ကွေး တုပ်ပျဉ်သည်-ဟူသော အနက်သည် ရိသေလိုသော နှလုံးရှိ၍ ညွှတ်ပျဉ်သောအရာ၌သာ ထင်သည်ကိုဝင်း, လက္ခဏာ အနည်းမျှသာ ထင်သည်ကိုဝင်း ထောက်၍ တ-သတ်ရဖွယ်ထင်၏။

---

၁ ဘူထင် * ၃၉၂။
၂ သံ * ၁၆၇၊"ကြက်ဌက်ယုန်တုတ်၊ ခါဘုတ်ပွေးဖွတ်။"
* ပြာဋ္ဌိ * ၄၈ တွင်"ထည်ထည်ဝုတ်ဝုတ်၊ပုဆစ်တုတ်၍၊ကုတ်ကုတ် ကော်ကော်" ဟု တ-သတ်စပ်သည်။
၃ ဒေး * ၁၈၃၊"ချမ်းမြေ့တုန်လှုပ်။"
၄ ရှင်မဟာရဋ္ဌသာရ ဆို-ပုရေနီသင်္ခါ (ဒု)၊ ခေါင်းစဉ် (၄၁၁) ကြွပ်အခန်းမှတ်ချက်ရှု။

တုတ်လုံကန်-ဆိုသောအရာ၌လည်း 'လုံကန်' ဟူသည်ကား အောက်၌ ဆိုခဲ့သည်နှင့်အညီ လုံ၏ အရိုးအတံမျှ နွားကျွဲစသည်တို့ကို နှင်ချောက်ရုံမျှနှဲပါးငယ်ထျသည်။ ထိုထက်သာလွန်၍ ရန်သူတို့နှိပ်နင်းခြင်းငှာ ဖွံ့ဖွံ့တုတ်တုတ်ရှိသောအသွင်ကို စွဲး၍ တုတ်လုံကန်ဆိုသည်ယူမူ ဖွံ့တုတ်သည် ဟူသော အနက်ဝင်းဖြစ်၏။ ။ဌက်အမည်တီးတုတ်၊ မြည်သံတုတ်တုတ်၊တုတ်တုတ်စီးသည်ဆိုသောအရာတို့ကား ခေါ်ဝေါ်ကာမျှဖြစ်၍ တ-သတ်သည် ဟူသင့်၏။

ဝိုးလောက်တုတ်-ဟူသည်ကို သတ္တဝါတို့၏ အသွေးအသားကို သောက်တုတ်တတ်သည်ဟု အနက်ယူမူ ရဖွယ်ထင်၏။ ။လွှားကာကတုတ်-ဟူသည် ကိုကား ကာရံအပ်သော တုတ်လုံကန်,ကာရံအပ်သော တုတ်တိုင်သဖွယ်ဖြစ်၍ 'ကာတုတ်' ဆိုလိုရင်းယူမူ ရဖွယ်ထင်၏။ ။တုတ်တိုင်-ဟူသည်ကိုကား မငြို မလန့်စေခြင်းငှာ ကြိုးဖြင့် ခြည်နှောင်တုတ်တွဲးသကဲ့သို့စိုက်မြှုပ်သည်ဟူသောအနက်ယူမူ ရဖွယ်ထင်၏။ ပညတ်မျှ ခေါ်ဝေါ်ကာမျှသော အရာခြည်းဆိုလည်း သင့်ရာတော့သည်။ ။ပ-သတ်၌လည်း နည်းတူစပ်အင်ကိုငင်း, အရကိုငင်း ဆင်ခြင်။ ။ထြိကတုတ်၊ရေတ်ချင်းဖီး။ ။"ငါးရာအစ်တုတ်၊ ကောင်းဟုတ်မေဒင်" [၁] စသည်ဖြင့် ထြိကတုတ်, အစ်တုတ်,ပဏ္ဏုတ်-ဆိုသောအရာတို့ကား မြန်မာဘာသာမူလမဟုတ်၊ထြိကဋ္ဌကၢဒုက၊ ပဏ္ဏက-ဟူသော ပါဠိမှိန့်အညီ ထြိကဋ္ဌက်-ဟူ၍, ဋ္ဌသံထျင်းချိတ် တချောင်းငင်က-သတ်,အစ်ဒုက်-ဟူ၍, ဒဒွေးငယ်တချောင်းငင် က-သတ်,ပဏ္ဏုက်-ဟူ၍, ဏကြီးဥရင်ကောက်ဆွဲး တချောင်းငင် က-သတ် ရေးထိုရင်းဖြစ်၏။

ထုတ်-ထုပ်

၄၁၈-ထမျည်းတချောင်းငင် တ-သတ်,ပ-သတ်၌
ဝေါဟာရကို ပြခြင်း

ထ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"မြေတွင်ဖုတ်ဖုတ်၊ သည်းစွာပုတ်သော်၊ ထုတ်ထုတ်ကြော်ခြင်" [၂]

"အားအန်လည်းထုတ်၊ ဥပုသ်ဆောက်တည်"

"ဥစ္စာဖော်ထုတ်၊ နုတ်၏အသွင်။ [၃] ။သို၍ ထုတ်သို့၊မယုတ်မလွန်" [၄]

စသည်ဖြင့် ထုတ်ထုတ်ပြတ်သည်, ပြင်သို့ထုတ်, သန်းထုတ်, ချောက်ထုတ်ခြင်း- ဆိုသောအရာထင်၏။

---

၁ ဘူပေါင်း * ၁ ၃ ကိုး * ၃၃။
၂ ဘူထင် * ၄၂၉၊"မြေထက်ဖုတ်ဖုတ်" ၄ သံ * ၂၇။

ထိုနှင့်အဆံတူ ပ-သတ်ကား…. "ရိက္ခာမထုပ်၊ ထက်ဆုပ်မရှိ"
"ကရားဝိုက်ထုပ်၊ ရေသနုပ်ဖြင့်၊ ရုပ်ရုပ်ထိုက်လျော" ၁
"အမြီးသိမ်းထုပ်၊ ယောဘရုပ်ရှင့်၊ ကျွန်ုပ်သော်ကား"
"တသီးဦးထုပ်၊တရုပ်မြင်းက။ ။သစ်ရုပ်လျောက်ထုပ်၊အကြုပ်အဆင့်" ၂
စသည်ဖြင့် ဝိုက်ထုပ်သည်,ပဝါစသည်ဖြင့် ထုပ်သည်, ဦးပေါင်း ဦးထုပ်, လျောက်ထုပ်-ဆိုသောအရာထင်၏။

ထိုဌ "တ-သတ်ကား အတွင်းမှ လွင်သို့ထုတ်သည်။ ပ-သတ်ကား ပြင်မှအတွင်းသွင်းသည်ဟူ၍ အထူး။" ။ဦးထုပ်-ဟူသည်ထည်း ခေါင်းဦးကို အထွင်းထား၍ စွပ်သည် တပ်သည်ပင်။ ။လျောက်ထုပ်-ဟူသည်ထည်း လျောက်၏ အောက်၌ ခံသွင်း၍ အထွင်းထားသည်ပင်။ ဤသို့သော သဘောရင်းကွဲးဟန်ထင်၏။

နုတ်-နုပ်-နှုတ်

၄၁၉-နမျည်း တချောင်းငင် တ-သတ်,ပ-သတ်၌ ဝေါဟာရကို ပြခြင်း

နှ-အက္ခရာ တချောင်းဝင် တ-သတ်ကား….
"ကောက်စိုက်ပျိုးနုတ်၊ ခြံထုတ်ကျွံးနွား" ၃
"ငါ့အားသတ်ပုတ်၊ အဦနုတ်ထည်း၊ ကြမ်းကြုတ်အမျက်"
"အယုအနုတ်၊ အကုတ်အကျင့်"
"မကြောင်ထုတ်၊ ခြည်စနုတ်သို့၊ မကုတ်မကော်" ၄
စသည်ဖြင့် ထုတ်နုတ်သည်-ဆိုသောအရာထင်၏။

ထိုနှင့်အဆံတူ ပ-သတ်ကား….
"ဆန်ကွဲးမှုံနုပ်၊ ဖွဲးတဆုပ်မျှ၊ ရရုပ်မထင်" ၅
"မှောက်တော်ကျွန်ုပ်၊ ချဉ်းခြုပ်စကား"
"ဆံတော်ရေသနုပ်၊ ဆိုမြုပ်အစုံ"
စသည်ဖြင့် ဖွဲးဖွဲးနုပ်နုပ်, ကျွန်ုပ်, ရေသနုပ်-စသည်ဆိုသောအရာ ထင်၏။

---

၁ မြား * ၆၃၊ "ထရားဝိုက်ထုပ်၊ …. ပြင်ရုပ်ထိုက်လျော။"
၂ ရှင်မဟာရဋ္ဌသာရဆို၊ ကြိတ္တက်ဆ၍. ချိ (ပ)၊ ထက်ဝဲနော်ရထာရတု*၁၀။
၃ ဘူထင် * ၂၆။
၄ ဘူထင် * ၃၃၁။

တိုင် "နုတ်" ဟူသော တ-သတ်ကား ထုတ်ယူခြင်းအနက်။ "နုပ်" ဟူသော ပ-သတ်ကား သေးဖွဲးငယ်လျခြင်းအနက် ဤသို့ထူး၏။ ကျန်ဝ်ဟူသည်ကို ကြီးမားသော ကျန်မျမဟုတ်၊ ငယ်လျသောကျန်ဟူ၍ အလွန်နှိမ့်ချ ကြိုင့်ခြင်းအနက်ယူသင့်၏။ ။ ရေသနုဝ်-ဟူသည်မှာလည်း အဝတ်ထည် မကြီးမမြတ် ငယ်လျသဖြင့် ရေချိုးအခံမျသာဖြစ်ထိုက်၍ ရေသနုဝ်ဆိုသည်ယူမူ သေးဖွဲးငယ်လျခြင်းအနက် ၎င်းဖြစ်၏။

န-အက္ခရာဟဆွဲး တချောင်းငင် တ-သတ်ကား....

"နှလုံးနှင့်နှတ်၊ တံသုတ်ငင်နည်း" ၀
"ပန်းဖဲးဖိုနှတ်၊ ဟူးဟူးမှတ်သို့၊ သုတ်သုတ်ညင်းညင်း" ၂
"ဥစ္စာဖော်ထုတ်၊ နှတ်ဇ်၏အသွင်" ၃

စသည်ဖြင့် နှတ်ခမ်း, နှတ်သီး, နှတ်ထျာ, ကိုယ်နှတ်-ဆိုသောအရာထင်၏။ ဤ၌ နုတ်ယူစေသည်-ဟူသော ကာရိုက်အနက်ကို နှတ်သည်ဟူ၍ ဟဆွဲးတသတ် ဆိုမိန့်ကုန်သည်ကား စာပေမတွေ့။ ။[ထိုနှင့်အသံတူ ဟဆွဲးတချောင်းငင် ပ-သတ်ကား မထင်။]

ပုတ်—ပုသ်—ပုဒ်—ပုဝ်—ပြုတ်—ပြုဝ်

၄၂၀—ပဗျည်းသက်သက် အရစ်တချောင်းငင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

ပ-အက္ခရာတချောင်းငင် တ-သတ်ကား ...

"ငါ့အားသတ်ပုတ်၊ အဉီနုတ်လည်း၊ ကြမ်းကြုတ်အမျက်"
"ပြင်းထန်ခတ်ပုတ်၊ ရေသားစုတ်လျက်၊ လှိုးခုတ်လည်ချောင်း" ၄
"အသတ်အပုတ်၊ အဟုတ်မောင်းမဲ့"
"သီတင်းဥပုတ်၊ အားအန်ထုတ်၍၊ လောကုတ္တရာ"

စသည်ဖြင့် ခတ်ပုတ်သည်, ဥပုတ်-ဆိုသောအရာ ထင်၏။ ။ငှက်၏အမည် ပုတ်၊ တင်းပုတ်၊ သင်ပုတ်၊ ကင်ပုတ်-ဆိုသောအရာတို့လည်း တ-သတ်လည်းကောင်း ယူသင့်၏။

---

၁ ကိုး * ၂၇။
၂ ဘူဃင် * ၁၅၃။
၃ ကိုး * ၃၃။
၄ ဘူပေါင်း * ၁၄။

ထိုထွင် ဥပုတ်-ဟူသည်ကို ဥပေါသထဟု ပါဠိဗျိထင်၍ ပါဠိနှင့်အညီ သ-သတ် လိုရင်းဖြစ်၏။ ။တင်းပုတ်-ဟူသည်ကို လေးလေးလံလံချိကြွ၍ တင်းတင်းကြပ်ကြပ် ခတ်ပုတ်အပ်သော အဆုံးအဆောင်ဖြစ်သည်ဟူ၍ အနက်ကြီသော် ရဖွယ်ထင်၏။ ။ ဌက်အမည်ပုတ်, ကင်ပုတ်-ဟူသည်တို့ကား အမည်မျှဖြစ်၍ တ-သတ်သည် ယူရအံ့ သို့ရှိ၏။ ။သင် ပုတ်-ဟူသည်ကို သံပူဇင်္ဂါဟူ၍ မှန်စီဆရာတော် အဓိန္ဓရှိသည်ကား သဘောထျော်သည်ကိုထောက်၍ သာ မိန့်တော်မူသကဲ့သို့ရှိ၏။ သံပူဇင်္ဂါ၌ အနက်ကား 'ကောင်းသောပူဇော်ခြင်း၊ ကောင်းစွာ ပူဇော်အပ်သော အလှူဝတ္ထု' ဟူထို၏။ ထိုအနက်သည် ဘုရားသခင်အား ရည်သောအရာ ဖြစ်၍ သဘောကား ထျော်၏။ သင်ပုတ်ဟော သံပူဇင်္ဂါဟူ၍ မတွေ့စဖူးသည်။ အစပ်ကား "ထမင်း သင်ပုတ်၊ ထက်ဆုတ်ပဝါ" ဟူ၍ ဘုံခန်းတွင်စပ်၏။ ထိုပျိုထက်ာ ထက်ဆုတ်ပဝါကို တ-သတ်အစပ်နှင့် ထင်သောကြောင့် သင်ပုတ်ထည်း တ-သတ်ဆိုသင့်၏။ ယင်းသို့မှထည်း မှန်စီဆရာတော်အဓိန္ဓရှိတိုင်း သံပူဇင်္ဂါနှင့် ညီဖွယ်ထင်၏။ ဆင်ခြင်သင့်။

ထိုနှင့်အသံတူ ပ-သတ်ကား ···"တလွဉ်ပုပ်၊ ထုပ်သည်ဖက်ဏျင်"
"ညစ်ညူးတိမ်ပုပ်၊ အုပ်သည်ထကို။ ။အံ့နည်းပုပ်ပုပ်၊အမြုပ်ထိထိ"
စသည်ဖြင့် ပုပ်နံသည် ဆိုသောအရာထင်၏။ ဆို၌ ပုဒ်ပါဠိဆိုသောအရာ၊ အပုတ် အကန်ဆိုသော အရာတို့ကား ပဒဟူသော ပါဠိဗျိထင်သဖြင့် မာဂဓောသာ မူလ ဖြစ်၏။ ပျိုဆရာတို့ကား ပုတ်-ဟူ၍ တချောင်းငင် တ-သတ်စပ်ဆိုသည် နည်းအံ့။ "သံသကရိက်၊ဝိုက်၏ဖွင့်နည်း" ဟူ၍ ငင်း၊ "ခြောက်သောင်း တိုက်တိုက်၊ခန်းသည်ဝိုက် ကို၊ရပ်ကြိုက်သင်ကူး" ဟူ၍ ငင်း လုံးကြီးတင် တချောင်းငင် က-သတ် စပ်သည်သာ ထင်၏။ ထိုနှင့်ထျော်စွာ "သမာသ်တဒ္ဓိုက်၊ အာချာတ်ကြိုက်ဟု၊ ထေးဝိုက်ဝါစက" ဟူသည်၌ထည်း လုံးကြီးတင် တချောင်းငင် က-သတ်အသံ ဖတ်ရဖွယ်ထင်၏။ ။ အပုတ်အကန်-ဟူသည်၌ထည်း အဝိုက်အကန်၊ ဝိုက်မကန်သည်၊ ဝိုက်သည်-ဟူသော ဆိုမိန့်ခြင်းထည်း ထင်၏။ ထိုဝိုက်၏, ပုတ်၏-ဟူသည်ထည်း ရအပ်သော အနက်ရှိ သော အနက်ကိုသိကြောင်းဖြစ်သော စာခုသော သဒ္ဒါ၏ အဆုံး၌ ဝိဘတ်အုပ်၍ တပုတ်နှင့်တပုတ် မရှက်မနှောရ ခြားနား ဝိုင်းဖြတ်သကဲ့သို့ ပုဒ်ဖြတ် အသံ၌ဝင်း၊ ဝါကျဖြတ်ရာ၌ဝင်း၊ အရေးအတန့်ဖြတ်ကန့်သည်ကို 'ပုတ်သည်၊ ဝိုက်သည်'ဟူသော ဆိုမိန့်ခြင်းဖြစ်သည် ယူသင့်သောကြောင့် ပဒ သဒ္ဒါ၏ အနက်ထျော်သည်ဝင်းဖြစ်၏။ ဖြတ်ကန့်သိမ်းဝိုက်သည်ဟူ၍ မြန်မာမှ သက်သက်ထည်း ယူသင့်၏။

ပ-အကွာရာရစ်ဝျက် တချောင်းငင် တ-သတ်ကား....

"ထမင်းချက်ပြုတ်၊ ငရုတ်ချင်းဆား" ၁
"ဖွပ်ထောင်းချက်ပြုတ်၊ နှုတ်မည့်လျှင်"
"လုံလအားထုတ်၊ မီးကိုမှုတ်သော်၊ ချက်ပြုတ်ကိစ္စ" ၂
"နန်းမှသက်ဆုတ်၊စံပိုင်းပြုတ်သည်၊အဟုတ်တည့်ပြည်ရေး ခုနှယ်မြွေး"

* စသည်ဖြင့် ချက်ပြုတ်သည်၊အတည်းအကျပြုတ်သည်၊ကျတ်ပြေသည်ဆိုသော အရာထင်၏။ အသံပြုတ်ပြုတ်ထည်း တ-သတ်ငင်းတည်း။

ထိုနှင့် အသံတူ ပ-သတ်ကား....

"အရေတွန့်ရှုပ်၊ ဖားပြုပ်ကိုယ်နှယ်" ၃
"သွားငပြုပ်၊ မျောက်လုပ်မှက်ဩ" ၄

စသည်ဖြင့် ဖားပြုပ်, သွားငပြုပ်-ဆိုသော အရာ၌ ထင်၏။ ထို၌ မချောမမွတ်၊ ပြုပ်ပြုပ်ရှုပ်ရှုပ် ရှိသည်ဟူသော အနက်တူ၏။

ဖုတ်-ဘုတ်-ဖြုတ်-ဖြုပ်

၄၂၁-ဖဗျည်းသက်သက် အရစ် တချောင်းငင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

ဖ-အကွာရာ တချောင်းငင် တ-သတ်ကား....

"မြေတွင်ဖုတ်ဖုတ်၊ သည်းစွာပုတ်သော်၊ ထုတ်ထုတ်ကြောခြင်" ၅
"အကင်အဖုတ်၊ အပြုတ်နေလှပ်" ၆
"ဆံစွန်းမယုတ်၊ သုဓာဖုတ်သို့၊ တထုတ်အမှန်"

စသည်ဖြင့် မြည်သံဖုတ်ဖုတ်, အကင်အဖုတ်, သုဓာဖုတ်-ဆိုသောအရာထင်၏။မြေမှန့် စသည်ကို 'ဖုန်' ဟူ၍ငင်း, 'ဖုတ်' ဟူ၍ငင်း ဆိုသောအရာထည်း တ-သတ်ငင်းဖြစ်၏။

---

၁ ထောသာ * ၅၁။
၂ ကိုး * ၃၄။
* ချနှယ်မြွေး ?။
၃ ဘူထင် * ၉၉။
၄ ဘုံ * ၁၈၊ "သွားငပြုတ်၊ မျောက်ထုတ်ဖအောင်း။"
၅ ဘူထင် * ၄၂၉။
၆ မနော် * ၁၅။

ပဥ္စဘုတ်,မဟာဟုတ်-ဟူသည်ကား ပဥ္စဘူတ-မဟာဘူတ-ဟူသော ပါဠိမှ ဝေါဟာရတည်း။ ။သုဓာဘုတ်-ဟူသည်ထည်း သုဓာဘောဇန-ဟူသော ပါဠိ၌ ဘုဇ ဟူသော ပါဠိနေရင်းဆိုလိုက်၍ ဇကွဲးသတ်လိုရင်းဖြစ်၏။ မြေမှန့်စသည်ကို-

"မရွာပဇ္ဇုန်၊ လေတိဟုန်၍၊ ဖုန်ဖုန်မြူဆောင်"
"နှုတ်ချာမဖုန်၊ ပါဂျင်းကုန်။ ။နှုတ်ခွန်းဖုံနှုန်၊ မအုန်မထက်" ၀
"မတင်မဖုန်၊ အကျန်ဂုဏ်ကြောင့်၊ သည်းဟုန်ဝိတိ" ၂

စသည်ဖြင့် ဖုန်မြူကို ဆောင်သည်၊ နှုတ်ခွန်းဖုန်သည်၊ မထင်မဖုန် စသည်ဖြင့် 'ဖုန်' ဟူသော အဆိုအမိန့်သာ စာပေထင်သည်။'ဖုတ်'ဟူသောအဆိုအမိန့် နည်းရာသော ကြောင့် နောက် ဝေါဟာရဖြစ်အံ့သို့ရှိ၏။ ။တစ္ဆေမြေဘုတ်၊ ဘုတ်ငြိတ္ထာ-ဟူသည်ကား သတ္တဝါဟော ဘူတသဒ္ဒါကိုဖို၍ ဆိုမိန့်ခြင်းဖြစ်သင့်၏။ ။[ထိုနှင့် အသံတူ ပ-သတ်ကားမထင်]။

ဖ-အက္ခရာ ရစ်၍ တ-သတ်ကား....

"မကြာချက်ဖြုတ်၊ ရွှိသို့နတ်ထျက်၊ အဟုတ်ကြောင်းလျှား" ၃
"သို့သာမဟုတ်၊ ငြိုးဖြုတ်ရံခါ" ၄
"သစ္စာမဖြုတ်၊ လိုတော်နှုတ်ကား၊ အဟုတ်သုံးစွဲး" ၅
"ပြစ်မှားကြမ်းကြုတ်၊ခင်ပွန်းဖြုတ်သည်၊အဟုတ်မတော်မထျားတည်း"
"မြေတွင်ချုတ်ချုတ်၊ တဖက်တုတ်၍၊ ညှိုဖြုတ်ထစ်ထစ်" ၆
"ဖခ်းစားမြည်ရုတ်၊ သွေးသံတုတ်၍၊ တဖြုတ်မခံ"

စသည်ဖြင့် ချက်ဖြုတ်,သစ္စာ ဖြုတ်သည်,ခင်ပွန်းဖြုတ်သည်,ညှိုဖြုတ်သည်၊ တဖြုတ် တခဏ-ဆိုသောအရာထင်၏။

ထိုတွင် ချက်ဖြုတ်-ဟူသည်ကား ရှေးဝေါဟာရ၊ ယခုကာလကား ခဏတဖြုတ်သာ ဆိုမိန့်ကုန်သည်။အရကား တခဏမျှသာဆိုလိုသောအရာတည်း။ ။သစ္စာဖြုတ်၊ ခင်ပွန်းဖြုတ်၊ညှိုဖြုတ်-ဟူသည်ကား ယခင် အတည်းအတွ ပြေကျွတ်ကွာလွတ်သည်ကို ပြုတ်သည်-ဆိုမိန့်ခြင်းကား သယံဇာတ အလိုအလျောက် 'ပြုတ်သည်၊ ပြေကျွတ်ကွာလွတ်သည်' ဟူသော သုဒ္ဓအနက်ဖြစ်၏။ ပြုတ်စေ ကျွတ်စေသည် ဟူသော

---

၀ ကိုး * ၁၀၀။
၂ သံ * ၁၅၀။
၃ ဘူဃင် * ၂၁၉။
၄ ဘူဃင် * ၃၁၀၊"သို့သာမဟုတ်။"
၅ သံ * ၁၂၀၊ "သူတော်နှုတ်ကား။"
၆ ဘူဃင် * ၃၉၂။

ကာရိုက်အနက်လိုခါ 'ဖြုတ်သည်' ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ။တိရစ္ဆာန်ဖြုတ်လည်း တ-သတ် ၎င်းတည်း။

ထိုနှင့် အဆံတူ ပ-သတ်ကား....."ဖောင်းတွမလှုပ်၊ မဖြုပ်စာရှည်" ၁ စသည်ဖြင့် ဖြုပ်သည်-ဟူသော ဝေါဟာရထင်၏။ ထို၌ 'မဖြုပ်စာရှည်' ဟူ၍ စာရှိကြသည်။ 'မဖြုပ်နှာရည်' ဟုရှိမှ သင့်အံ့သို့ရှိ၏။ အရကား....နှာရည်ရွှဲလျှင် မခံချိ၍ နှာခေါင်းတွင် ထေဖြင့် ပြင်ထိုးထုတ်လွှင့်သည်ကို 'ဖြုပ်' ဆိုသည်ယူသင့်၏။ ထင်းသည်လည်း အနာတပါး ယူသင့်သောကြောင့် 'မဖြုပ်နှာရည်' ဆိုသည် ယူသင့်၏။ ကြောင်ဖြုပ်သည်, သစ်ကျားကွဲးနွားတို့ ဖြုပ်သည် ဆိုသော အရာလည်း တူသင့်၏။ လူတို့၌ ချောင်းဟန့်သည်ဆိုသော အရာနှင့် တစိတ်တူ၏။ တစိတ်တူဟန်ကား လည်ချောင်းမသက်သာသကဲ့သို့ နှာခေါင်းတွင် မသက်သာခြင်းဖြစ်သည်တူ၏။ လူတို့၌ကား လည်ချောင်း မသက်သာသည်၌သာချောင်းမှဟန့်။ သတိရှိဟန် ထင်စေလို၍ လည်ချောင်းသံဖြင့် အဟန့်အရိပ်ပြသောအရာလည်းရှိသင့်သတည်း။ ။ဤဖ-အက္ခရာ တ-သတ်, ပ-သတ်၌ယပင့်အချို့ရေးကုန်သည်ကား ဖတ်သံမျှကိုလိုက်သည်ဖြစ်ရာ၏။

မုတ်-'မုက်-မုခ်-မုဒ်'၊ မ္ရုတ်-မြုဝ်-မြုဝ

၄၂၂-မဗျည်းသက်သက် အရစ်ဟဆဲး တချောင်းငင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

မ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"ပင်တိုင်တမုတ်၊ ကြိုးသွင်းထုတ်၍၊ ရုတ်ရုတ်မသည်း" ၂
"ဝါခြည်တမုတ်၊ ငရုတ်ကွမ်းသီး" ၃
"ဖွဲးဆီတိုင်ဝုတ်၊ တမုတ်သန္တာ" ၄
"ပညာဖေါ်ထုတ်၊ စိုရင်နှုတ်နှင့်၊ တမုတ်နယ်နှ" ၅
"တမုတ်ပြေဝါ....ကမုတ်ရွှေကြော....သမုတ်ရော" ၆

---

၁ ရွှေစာ * ၁၆၊"ပေါင်တွင်းမလှုပ်၊ မဖြုပ်နှာ(စာ)ရည်။"
၂ ခင်ကြီး * ၄၀။
၃ ဆံ * ၁၆၇။
၄ ပုံတောင် * ၁၄၊"ဖွဲဆီးတိုင်ဝုတ်။"
၅ ကိုး * ၁၄၇။
၆ နောင်။

"ကြာကမုတ်ကို၊ နုတ်၍နေပူ"
"ပင်ထယ်သမုတ်၊ ရေအစုတ်ထည်း၊ သောက်တုတ်မကောင်း" ၁
"တောကာသမုတ်၊ ဂိဏ္ဍကုတ်ထည်း၊ ကျေးနုတ်ထွခေါင်"
"ဒိသာပါမုတ်၊ အဟုတ်ကျော်ခေါင်" ၂
"အာဒါသမုတ်၊ မည်ထုတ်ထွင်ခေါ်" ၃
"ဖိုးအင်မယုတ်၊ ဂေါ်မုတ်ဂေါ်ခိတ်" ၄
"ရတနာမုတ်၊ ထေးမျက်ထုတ်၍၊ မိုးကုတ်ဇော်တ' ၅
"ဘုံသာယံညဟုတ်၊ စမုတ်မြင့်သွန်း"

စသည်ဖြင့် တံမုတ်ကြိုး, တမုတ်နယ်နှ, ကြာကမုတ်, မြစ်သမုတ်, မှတ်သမုတ်သည်, ဒိသာပါမုတ်, အာဒါသမုတ်, ဂေါ်မုတ်, လိုင်မုတ်-ဆိုသောအရာထင်၏။ မုတ်-ဟူသော ဆေးအမည်ထည်း တ-သတ်ငင်းတည်း။

ထိုကြောင့် တမုတ်ကြိုး၊ တမုတ်နယ်နှ၊ မုတ်-ဟူသောဆေးအမည်ကား မြန်မာမှ သက်သက်တည်း။ ကြာကမုတ်, မြစ်သမုတ်-စသည်တို့ကား မာဂဓဘာသာ မူထ ဖြစ်၏။ ။ကြာကမုတ်ထည်း ကုမုဒသဒ္ဒါ၊ မြစ်သမုတ်ထည်း သမုဒ္ဒသဒ္ဒါ၊ မှတ်သမုတ်ထည်း သမ္မုတိသဒ္ဒါ၊ မုတ်လိုင်ထည်း မုခသဒ္ဒါ၊ ဒိသာပါမုတ်၊ အာဒါသမုတ်ဟူသည်တို့ထည်း ဒိသာပါမုခ၊ အာဒါသမုခသဒ္ဒါ-ထင်သောကြောင့် ပါဠိနှိုဝေါဟာရတည်း၊ ပါဠိနှင့်အညီ ဒဒ္ဒေးငယ်စသည်မသတ် စပ်အင်ဆို လိုက်ဟန်ကို အောက်၌ ဆိုတိုင်း နလုံးသွင်းရာ၏။ ။မှတ်သမုတ်သည်ကို ပါဠိနှင့်အညီ "သမုတ်သည်ဖျင်....မယုတ်ရည်ယှဉ်" [၆] စသည်ဖြင့် တချောင်းငင် တ-သတ်စပ်သည်ထည်းထင်၏။ "သမိုက်အင်္ဂ၁... တကိုက် ထျပ်ဝါ" [၇] စသည်ဖြင့် လုံးကြိုးတင် တချောင်းငင် က-သတ် စပ်သည်လည်း ထင်၏။ ။စမုတ်ဆောင်-ဟူသောအမည်ကား-စာဟောင်းမတွေ့စလျှည့်၊နောက်ပေါ်ဝေါဟာရ ဖြစ်ရာသည်။ အဦးအစသောမုတ်ဆောင် ဆိုသကဲ့သို့ရှိ၏။ ယင်းသို့ထျင် ပမုခသဒ္ဒါနှင့်အညီ မုတ်လိုင်-ဟူသည်နှင့် မတူရာပြီ။ ။[ထိုနှင့်အဆံတူ ပ-သတ်၊ရစ်၍တချောင်းငင် တ-သတ်တို့ကားမထင်]။

---

၁ ဘူပေါင်း * ၃၂။
၂ မင် * ၉၊ "အဟုတ်ခေါ်သိ။"
၃ ကိုး * ၁၁၀။
၄ ဘူထင် * ၁၂၅။
၅ မင်းရာ * ၂၉။
၆ ဒေး * ၇၁။
၇ နောင်၊"မထိုက်ရပ်ရာချီ၊ဒု၊ထ။

ပ-သတ်ကား....

"မထွက်ပျောက်မြဲ၊ ကွန်နှယ်အုပ်လျက်၊ တရုပ်ဥတည်"
"မွန်းနစ်စုပ်စုပ်၊ ကိုယ်လုံးမြဲခိုခဲ့၊ ကျွန်ုပ်မလွတ်ပချေပြီ" ၁

စသည်ဖြင့် နစ်မြဲပ်သည်၊ တိမ်မြဲပ်သည်၊ ပျောက်မြဲပ်သည်-ဆိုသောအရာထင်၏။

ဟစ္ဆဲးထျက် ပ-သတ်ကား....

"မြေတွင်ဆိုမြဲပ်၊ ဖုံးအုပ်ဂွက်ကွယ်" ၂
"တသီတအုပ်၊ သိမ်းပိုက်ထုပ်သည်၊ မြေမြဲပ်ကုဋ္ဌေရွှစ်ဆယ်တည်း" ၃

စသည်ဖြင့် မြဲပ်စေသည်ကို မြဲပ်သည်-ဟူသော ကာရိုက်အသံ။

"ကမ္ဘာရေမြဲပ်၊ တောင်ဝန်ခြဲပ်ထွင်၊ ပေါ်ငုပ်ယူဇနာ" ၄
"အနည်ပုပ်ပုပ်၊ အမြဲပ်သိသိ"

စသည်ဖြင့် ရေမြဲပ်ဆိုသောအရာ ထင်၏။

တချောင်းငင် ဟစ္ဆဲး တ-သတ်ကား....

"ထေရွှန်ပြွမ်းမှတ်၊ ခပုတ်နှာမောင်း" ၅
"ကြွေးရှင်တီးမှတ်၊ အုတ်အုတ်ကျက်ကျက်" ၆
"ပန်းဖဲးဖိုန္ဒက်၊ ဟူးဟူးမှတ်သို့၊ သုတ်သုတ်ညှင်းညှင်း" ၇
"လုံ့လအားထုတ်၊ မီးကိုမှတ်သော်၊ ချက်ပြုတ်ကိစ္စ" ၈

စသည်ဖြင့် တီးမှတ်သည်, မီးမှတ်သည်-ဆိုသောအရာထင်၏။ ထိုဌ မှတ်၏-ဟူသည်ကား လေကိုထွက်စေခြင်းအနက်တူ၏ ။ရေမှတ်ဟူသည်လည်း တ-သတ်ငင်းတည်း။

ယုတ်-ယုပ်

၄၂၃-ယဗျည်း တချောင်းငင် တ-သတ်, ပ-သတ်၌
ဝေါဟာရကို ပြခြင်း

ထ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"လူတွင်လူယုတ်၊ သစ်ငုတ်လည်းကောင်း"

---

၁ ကိုး * ၀၇။
၂ ကိုး * ၂၉၂။
၃ ကိုး * ၂၄၂ ။
၄ ထန်ရ * ၂(၂)။
၅ ပြောင်မွန် * ၇၊"ထေရွှန်ပြန်မှတ်။"
၆ ထန်ရ * ၁၂။
၇ ဘူဃင် * ၁၅၃။
၀ ကိုး * ၃၄။

"တစိတ်မယုတ်၊ ဥစ္စာထုတ်၍့၊ မရှုတ်မချ"
"မဆွန်မယုတ်၊ လှုံထထုတ်၍့"
"လှုံထမယုတ်၊ ခွန်အားထုတ်၍့၊ မဆုတ်မနစ်"

စသည်ဖြင့် အမြတ်အယုတ်,အလျော့အယုတ်-ဆိုသောအရာထင်၏။ ။ထို၌ အယုတ်ဟူသောအသံ တ-သတ်အားဖြင့် တူသော်လည်း သဘော ကွာဝေးသည်။ ယုတ်မာသည်၊ ယုတ်နှမ်းသည်၊ ယုတ်ညံ့သည်-ဟူသော ဟီနသဒ္ဒါ၊ လာမက သဒ္ဒါတို့၏ အနက်ဖြစ်ထိုက်သောအရာလည်း သဘောတခြား။ တခုယုတ်၊ ၂-ခုယုတ်၊ အယုတ်အလျော့၊ အဆုတ်အယုတ်-ဟူသော ဥနသဒ္ဒါ၏ အနက်ဖြစ်ထိုက်သော အရာလည်း သဘောတခြား။ ။ထိုတွင် 'ယုတ်နှမ်း၏' ဟူသည်ကား မကောင်းမမြတ်သည်သာ၊ အရေအတွက် သုံ့ပါ မလျော့မယုတ်။ 'အယုတ်အလျော့' ဟူသည်ကား အရေအတွက်သုံ့ပါ မမီ လျော့သည်သာ၊ယုတ်မာညစ်နှမ်းသည်မဟုတ်။ ယင်းသို့ သဘော ကွဲပြားသည်။ ထိုတွင် ပျိုထက်ဝတို့၌ သဘောတချက်သင့်, နှစ်ချက်သင့်ရှိရာ၏။

"လူထွင်လူယုတ်၊ သစ်ငုတ်လည်းကောင်း"

စသည်ဖြင့် စပ်ဆိုသောအရာ၌ကား 'ယုတ်နှမ်းသည်' ဟူသောအနက်လျော်၏။

"တရာပြည့်ထုတ်၊ တယောက်ယုတ်ဝျင်၊ ရုတ်ရုတ်သဲသဲ" [၁]

စသည်ဖြင့် စပ်ဆိုသောအရာ၌ 'ယုတ်သည်, လျော့သည်' ဟူသော အနက်လျော်၏။

"မျိုးလည်းမယုတ်၊ ရွှေစင်ခုတ်သို့"
"ဖိုးအင်မယုတ်၊ ဂေါ်မုတ်, ဂေါ်မိတ်" [၂]

စသည်ဖြင့် စပ်ဆိုသော အရာတို့၌ကား 'အမျိုး အဖိုး မယုတ် မနှမ်း' ဟူသော အနက်၎င်း၊ 'မယုတ်မလျော့ အရည်နှင့် အရောင်ညီမျှရှိ၏' ဟူသော အနက်သည်၎င်း လျော်ဖွယ်ထင်၏။ ဤသို့လည်း သဘောပြား၏။

မယုတ်မလျော့ဟူသည်၌ ယုတ်စေ,လျော့စေသည်ဟူသောကာရိုက်အနက်လိုခါ-

"လှုံထမရှုတ်၊ အားအင်ထုတ်၍့၊ ဥပုသ်သီတင်း"
"စောင်မာန်မရှုတ်၊ ယောကျ်ားဟုတ်သော်၊ မထုတ်မပွဲး"
"မာန်စောင်ချရှုတ်၊ ကိုယ်နှုတ်နှလုံး" [၃]

---

၁ သံ ၁၂၂။
၂ ဘူထင * ၁၂၅။
၃ ကိုး * ၈၈၊"မာန်စောင်ရှုတ်ထျက်။"

စသည်ဖြင့် ထုံလမာန်စောင်ကို ယုတ်လျော့စေသည်ကို 'ရွတ်သည်' ဟူ၍ ဟဆွဲးသံ ဆိုမိန့်သော်အရာထင်၏။ ။ဤ၌ ယုတ်လျော့သည်-ဟူသော်သုဒ္ဓအသံကို ယ-အက္ခရာ ရေး၏သို့ ရွတ်သည်-ဟူသော် ကာရိက်အသံကိုထည်း နည်းတူ ယ-အက္ခရာ ရေးလို ထျက် ရေးကျမ်း မြင်ကျမ်းရာ ရေးထေသည်သာယူသင့်၏။ ထင်းသို့ထျင် ယုတ်လျော့သည်-ရွတ်လျော့သည်ဟူ၍ သုဒ္ဓအသံ ကာရိက်အသံ ထင်သကဲ့သို့ ယုတ်မာ,ယုတ်နွမ်းသည် ဟူသော်အသံ၌ သုဒ္ဓကာရိက် အထူးမထင်သာသဖြင့်ထည်း သဘောပြား ဟန်ကို နှလုံးသွင်းရာ၏။ ထိုမှတပါး သမ္မယုတ်, ဝိပ္ပယုတ်၊ သံယုတ်, ပြယုဂ်-စသော ဝေါဟာရတို့ကား သမ္မယုတ္တ, ဝိပ္ပယုတ္တ စသော ပါဠိဒ္ဒိထင်သာ၏။ ။ထိုနှင့်အသံတူ ပ-သတ်ကား....“ပစ္စည်း ပစ္စယုဝ်၊ နံရဝ်ပျစ်ပျစ်” [၁] စသည်ဖြင့် ပစ္စယုဝ် ဆိုသော အရာထင်၏။ ထိုဥကား ပစ္စယုပ္ပန္န-ဟူသော ပါဠိဒ္ဒိထင်၏။

ရုတ်-ရုပ်-ရွတ်-ရွပ်

၄၂၄-ရဗျည်းသက်သက် ဟဆွဲးတချောင်းငင် တ-သတ်,ပ-သတ်၌ ဝေါဟာရကို ပြခြင်း

ရ-အက္ခရာ တချောင်းငင် တ-သတ်ကား....

“သဲးသဲးရုတ်ရုတ်၊ အုတ်အုတ်ကြြီကြြီ” [၂]
“မြေမိုးရုတ်ရုတ်၊ သဲးသဲးအုတ်မျ၊ မဆုတ်မနစ်” [၃]
“သဲးသဲးရုတ်ရုတ်၊ အုတ်အုတ်ကျက်ကျက်” [၄]
“တရာပြည်ထုတ်၊ တယောက်ယုတ်ဖြင့်၊ ရုတ်ရုက်သဲးသဲး” [၅]
“ပင်ထယ်ဝဲဝုတ်၊ ခြစ်သမုတ်သို့၊ တရုတ်ဥတည်” [၆]
“တရုတ်ပြည်တွင်-မယုတ်ရည်ရှင်” [၇]
“ဝါခြည်တမုတ်၊ ငရုတ်ကွမ်းသီး” [၈]
“ထမင်းချက်ပြုတ်၊ ငရုတ်ချင်းဆား” [၉]
“ကြိုင်သည်အစုတ်၊ နှံပရုတ်ကို၊ ရွှေကြိုတ်ရွှေလွှော်”

---

၁ ထန်ရ * ၂၁၊ “နံရဝ်ပျက်ဖြစ်။”
၂ ထန်ရ * ၁၇၊ “အုတ်အုတ်ကျံကျံ”
၃ ပုံထောင် ၂၇၊ “မြေတွင်အုတ်အုတ်၊ သဲသဲရုတ်မျ။”
၄ ဘူထင် * ၁၆၅။
၅ သံ * ၁၂၂။
၆ ခိုင်ဧ * ၁၁။
၇ ဒေး * ၇၁။
၈ သံ * ၁၆၇။
၉ ထောသာ * ၅၁။

"ဖခ်ီးစားမြည်ရုတ်၊ သွေးသံတုတ်၍၊ တဖြုတ်မခံ"
"ဝင်တိုင်သမုတ်၊ ကြိုးသွင်းထုတ်၍၊ ရုတ်ရုတ်မသည်"

စသည်ဖြင့် သဲးသဲးရုတ်ရုတ်, လူမျိုးတရုတ်, ချင်းရေတ်, ပရုတ်, ဝက်တ်ရစ္ဆာန်စသည်တို့ မြည်ရုတ်သည်, ရုတ်ရုတ်လျှင်လျှင်ပြုသည်-ဆိုသောအရာတို့၌ ထင်၏။ ဝမ်းရုတ်သည်-ဆိုသောအရာလည်း ဃေသံတရုတ်ရုတ်ရှိသည် ဆိုလိုသောအရာ ဖြစ်သင့်သောကြောင့် ရုတ်ရုတ်သဲးသဲးဟူသည်နှင့် တူသင့်၏။

ထိုနှင့်အသံတူ ပ-သတ်ကား…. "နရစက်သူရုပ်၊ ပေါ်ငုပ်နံစံ" [၁]
"ပုထိုးသွင်းရုပ်၊ ပေါင်းကူးထုပ်၍၊ နောက်အုပ်တခါ" [၂]
"ချုပ်ကိုင်သရုပ်၊ ကမ္ဘည်းခြုပ်သည်၊ တအုပ်စတုတ္ထဝိုင်းတည်း"
"မြေတွင်လျှိုးငုပ်၊ နာနာရုပ်ဖြင့်၊ ချုပ်ချုပ်မျက်ငြုံ"
"ချိုကြွေကိုင်ဆုပ်၊ ဖခ်ီးလရုပ်ဖြင့်၊ လျှိုးငုပ်ပြေးရွာ"
"ဖန်နီပေါင်းထုပ်၊ တောရုပ်ရိုင်းရိုင်း"
"ဖွဲသည်ပေါင်းထုပ်၊ အရုပ်ဆန်းထူး"
"အမြီးသိမ်းထုပ်၊ လောဘရုပ်ရှင့်၊ ကျွန်ုပ်သော်ကား"
"စေပါထက်သုပ်၊ ငယ်စရုပ်နှင့်၊ ထယ်လုပ်ကုန်သွယ်" [၃]
"ရှိရွယ်တအုပ်၊ နံရုပ်အလား။ ။ပူရီဝိတ်အုပ်၊ တရုပ်ပုဆိုး"
"ရွှေစိုင်ငွေဆုပ်၊ တရုပ်ရေတူ။ ။ဥတည်ဉာန်ခြုပ်၊တရုပ်မကင်း"
"တသီးဦးထုပ်၊ တရုပ်မြင်းက"
"တပ်တန်းဝိုက်ခြုပ်၊ သိမ်းယူအုပ်သည်၊ တရုပ်ရွှေမှာ"
"သိကြားဝဲးဆုပ်၊ တရုပ်မြင်းခိုး"

စသည်ဖြင့် အသွင်အရုပ်, ကမ္ဘည်းသရုပ်, သိမ်းပရုပ်သည်, လူမျိုးတရုပ်-ဆိုသောအရာတို့၌ ထင်၏။

ထိုတွင် အသွင်အရုပ်၊ သရုပ်-ဟူသည်ကား ရူပသဒ္ဒါ၊ သရူပသဒ္ဒါ ပါဠိဒ္ဒိထင်၏။ အသွင်အရုပ်ဆိုလိုသောအရာ၌ တတ်ရုပ်,လိမ္မာရုပ် တတ်စရုပ်,လိမ္မာစရုပ်-စသည်ဖြင့် အထွေထွေဝေါဟာရ ထင်သော်လည်း ရူပသဒ္ဒါ၏အနက် အသွင်အပြင်ကို ဆိုလိုသောအရာချည်းဖြစ်၏။ ။လူမျိုးတရုပ်ကို ယခင်တ-သတ်၌လည်း ထင်သည်၊ ဤ

---

၁ ကိုး * ၆။ ၃ ကိုး * ၉၃။
၂ တန်ရ * ၄၈၊ "ပုထိုး သွန်းရုပ်၊
····နှောင်းအုပ်တခါ။"

ပ-သတ်အရာ၌လည်း ထင်သည်ဖြစ်၍ တာဝတိန်ကို နှ-သတ်,မ-သတ်၊ပညတ်ကို တ-သတ်,ပ-သတ်ယူသကဲ့သို့ ယူရဖွယ်ရှိ၏။ ။"တရုတ်ပြည်တွင်....သမုတ်သည်ဖျင်-မယုတ်ရည်ရှင်" [၁] ချီသောရတုကိုလည်း ထောင်သင်းဆိုဟူခဲ့။"တသီးဦးထုပ်၊ တရုပ်မြင်းက" ဟူ၍ မြစ်ရတုဖျင် [၂] ချီသည့်ရတုတွင် စပ်သည်။ထိုရတုကိုလည်း ထောင်သင်းဆိုဟူခဲ့။ စာဆိုမပြား သဘောမခြားသင့်ဖျက် တ-သတ်,ပ-သတ် စပ်ခဲ့သည်။ 'ပင်ထယ်ဝဲဝုတ်၊ မြစ်သမုတ်သို့၊တရုတ်ဥတည်' [၃] ဟူ၍ ၎င်း 'ရွှေစိုင်ငွေဆုပ်၊ တရုပ်ရေတူ' [၄] ဟူ၍ ၎င်း ယိုးဒယားမိဖုရား ချေင်းတွင်ချည်း * တ-သတ်,ပ-သတ် နှစ်ရပ်ရှိခဲ့။ ဤလည်း စာတစောင်မပြား သဘောမခြားပင် ထင်ခဲ့၏။ ထိုကြောင့် မည်သည်မှာသာ သင့်မသင့်မဆိုကောင်းပြီ။ စပ်အင်များရာ ရေထုံးထင်ရာ သုံးဆောင်းသင့်တော့သည်။

ရ-အက္ခရာဟဆွဲးတချောင်းငင် တ-သတ်ကား....ယခင်ယုတ်ထျော့စေသည်ကို 'ရှုတ်ထျော့သည်' ဆိုသောအရာထင်၏။ ထိုကိုဆိုခဲ့ပြီ။ဟင်းရည်ကို ရှုတ်သည်၊ရှုတ်ရှုတ်သောအသံ-ဆိုသောအရာလည်း တ-သတ်ငင်းတည်း။

ထိုနှင့်အဆံတူ ပ-သတ်ကား...."အရေတွန့်ရှုပ်၊ ဖားပြုပ်ကိုယ်နှယ်" [၅]
"အရေတွန့်ရှုပ်၊ ထည်ကုပ်ကျောက်ခါး" [၆]
"လက်ဝါးချုပ်၊ ဆယ်ချောင်းရုပ်ထျက်၊ လက်အုပ်ဖူးမုံ" [၇]
"ထယ်သာမထုပ်၊ အရုပ်အဆန်း"
"ကြေညာပတ်ခြုပ်၊ ကွန်ချာရှုပ်သို့၊ တအုပ်တဆည်"
"စကားပိတ်ခြုပ်၊ ချွန်းနှယ်အုပ်၍၊ နှာရှုပ်ထည့်သွင်" [၈]

စသည်ဖြင့် အတွန့်အရှုပ်, သိမ်းသည်ရှုပ်သည်, အရှုပ်အဆန်း, နှာရှုပ်ထည့်သည်-ဆိုသောအရာ ထင်၏။ အထွေးအရှုပ်-ဟူသည်လည်း နည်းတူဖြစ်၏။ ။ဤ၌ သဘော

---

၁ ဒေး * ၇၁။
၂ ဒေး * ၂၀၄။
၃ ခိုင်ဧ * ၁၁။
၄ ယိုးဧ * ၁၅၊ "ရွှေစိုင် ငွေထုပ်၊ ထရုပ်ဥတု။"
* ၄ သာ ယိုးဒယား မိဖုရားချေင်းဖြစ်သည်၊ ၃ ကား ယိုးဒယား မိဖုရားချေင်းတွင်မပါ၊ရခိုင်မင်းသမီးချေင်းထွင်သာ ပါသည်၊ ဤအကြောင်းကို မဟာရာဇဝင်ကြီး ဦးကာ ၅၃-ထွင် ထည်းဆိုသည်။
၅ ဘူထင် * ၉၉။
၆ ဘူထင် * ၃၉၀။
၇ ဘူပေါင်း * ၇၉၊"လက်မှာချရှုပ်" ဘူပေါင်း အဖြေ ၂၃၇၊ ၂၃၀-၌ "လတ်ဝါချုံ့ရှုပ်'ရှိသည်။
၀ ဘူပေါင်း * ၆၂။
၉ ကိုး * ၃၆။

အနက်ရင်းကား အရေတွန့်ရှုပ်၊ ထက်ဝါးချွန်၊ အရွှဲအဆမ်း၊ ကွန်ချာရှုပ်သည်၊ နှာရှုပ်ထည့်သည်-ဆိုသောအရာတို့ကား 'မကားမဖြန့် ရှုပ်တွန့်သည်'ဟူသောအနက်ချည်း ယူသင့်၏။ ။အထွေးအရှုပ် ဟူသည်တို့ကား နည်းတူ ရှုပ်တွန့်သည်ဟူသော အနက်ထည်း ယူသင့်၏။ မရှင်းမသန့် ထွေးထုံးယှက်တင်ရှိသည် ဟူသော အနက်ထည်း ယူသင့်၏။

လုတ်-လုပ်-လှုပ်

၄၂၅-ထပျည်း တချောင်းငင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို ပြခြင်း

ထ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"တရာပြည့်လုတ်၊တယောက်ယုတ်ဖြင့်၊ ရွတ်ရွတ်သဲ့သဲ့" ၁
"ဆံစွန်းမယုတ်၊ သုခဘုတ်သို့၊တထုတ်အမှန်"
"ရောက်ထာချက်ပြုတ်၊ သုခဘုတ်ကို၊ တထုတ်တယောက်" ၂
"ဝံကူပုံးစထုတ်၊ သစ်ခုတ်ယောကျ်ား" ၃

စသည်ဖြင့် တရာပြည့်လုတ်, ပုံးစထုတ်, ထမင်းလုတ်, အထုတ် အလွေး ဆိုသော အရာ၌ထင်၏။ ။ထို၌ တရာပြည့်လုတ် ဟူသည်ကား တရာပြည့်လုံ၏ ဆိုသောအရာကဲ့သို့ရှိ၏။ ဤဝေါဟာရကဲ့သို့ တပါးသောအရာ၌မထင်။ ။ထမင်းလုတ်-ဟူသည်ကား အထုတ်အလွေး ဆိုသောအရာငင်း ဖြစ်သင့်၏။ ကဗျ-ဟူသော ပါဠိသည် အထုတ်အလွေးဟူသော အနက်ကိုထည်းဟော၏၊ ထမင်းလုတ်ကိုထည်း ဟော၏။ ယင်းသို့ မဘဂနိုးချဉ်းသည်ကိုထည်း ရှုရာ၏။

ထိုနှင့်အသံတူ ပ-သတ်ကား...."မတုန်မလုပ်၊ စိတ်ချုပ်နှောင်ချည်" ၄
"ခရိုးတုန်လုပ်၊ ပဇ္ဇုန်ရှုပ်သို့၊ အုပ်ထုပ်ကားရွေ" ၅
"တွင်းသေစုပ်စုပ်၊ အောက်ထက်ခြုပ်သော်၊ တုန်လုပ်မရှိ"
"နှုတ်ခမ်းဖွင့်အုပ်၊ မေးလုပ်လုပ်လျှင်၊ အရုပ်မထင်" ၆

---

၁ သံ * ၁၂၂။
၂ ဆု * ၃။
၃ ဘူထင် * ၃၀၅။
၄ ဘူပေါင်း * ၁၀၃။
၅ ပုံထောင် * ၁၄။
၆ ထန်ရ * ၁၆။

"သဗိတ်သံလုပ်၊ ဗိတ်အုပ်သင်္ကန်း" ၁
"လယ်သာမလုပ်၊ အရွှမ်းအဆန်း" ၂
"ပုထိုးသွင်ရပ်၊ ပေါင်းကူးလုပ်၍၊ နောက်ဆုပ်တခါ" ၃
"ဖော်နွောတအုပ်၊ နှုတ်ကိုလုပ်တိ၊ သာရုပ္ပချည်း"

စသည်ဖြင့် တုန်လုပ်သည်, တရွှရွှ တလုပ်လုပ် ဆောင်သည်, မောင်းမကိုယ်လုပ်-ဆိုသောအရာထင်၏။

ဤ၌ တုန်လုပ်သည်၊လုပ်လုပ်ရွှရွှရှိသည်-ဟူသောအနက်သည် အထိုအလျောက် မငြိမဝပ်ခြင်းဟူသော သဃံဇာတ သဒ္ဒအနက်ဖြစ်၍၊ လုပ်လုပ်ရွှရွှဖြစ်စေ-ဟူသော ကာရိုက်အနက် ဖြစ်သောအခါ'လှုပ်သည်'ဟူသော ဟဿဲးအဆိုဖြစ်၏။အစပ်ကား-

"နုသည်မြက်ဆုပ်၊ ကိုင်လှုပ်ထက်စွဲး"
"ခက်ညွတ်ကိုင်ဆုပ်၊ သိမ့်သိမ့်လှုပ်၍၊ ချုပ်ချုပ်အမျက်" ၄
"ဝိုက်ဖျားသိမ်းထုပ်၊ ပြည်ကြီးအုပ်၍၊ ရှားလှုပ်မနိုင်"
"နှုတ်ထိုးမလှုပ်၊စိတ်ကိုချုပ်၍၊အရုပ်မျှင်းမျှင်း" ၅

စသည်ဖြင့် လှုပ်သည်,မလှုပ်သည် ဟူသော ဝေါဟာရထင်၏။

ဝုတ်-ဝုစ်

၄၂၆-ဝဗျည်း တဓျောင်းဝင် တ-သတ်၌ ဝေါဟာရကိုပြခြင်း

ဝ-အက္ခရာ တဓျောင်းဝင် တ-သတ်ကား....
"ဖွဲ့ဆီတိုင်ဝုတ်၊ တမုတ်သန္တာ" ၆
"ဝင်ထယ်ဝဲးဝုတ်၊ မြစ်သမုတ်ဆို၊ တရုတ်ဥတည်" ၇
"ရံလည်းသမုတ်၊ ဝေဝုတ်ရှက်ဆုံ" ၈
"မဟာသမုတ်၊ ဝေဝုတ်ရေကြောင်း" ၉

---

၁ သံ၊နိဂုံး * ၁။
၂ ဘူပေါင်း * ၆၂။
၃ တန်ရ * ၄၈၊"နွောင်းအုပ် တခါ။"
၄ ကိုး * ၉။
၅ ဘူထင် * ၂၂၇။
၆ ပုံထောင် * ၁၄။
၇ ခိုင် * ၁၁။
၈ နောင်၊ဖြန့်ဝန်းစကြာချီ(ပ)။
၉ ဘူပေါင်း * ၇၃။

"ပုံနည်းသွယ်ထုတ်၊ စက်မှန်ခုတ်သို့၊ ဝုတ်ဝုတ်ထည်လည်" ၁
"ကာလမဟုတ်၊ ကြိုးပြစ်ထုတ်၍၊ ဝေဝုတ်ပရိယာယ်" ၂

စသည်ဖြင့် ဝုတ်ဟူသော ဝေါဟာရထင်၏။ ထိုဝေါဟာရကား ခွေပတ်ရှက်လည်သည် ဆိုသောအရာကို ခွေဝိုက်သည်, ခွေဝုတ်သည်–ဟူ၍ သမုတ်သည်, သမိုက်သည် ဟူသော အရာကဲ့သို့ 'ရစ်ဝုတ်ဆိုတုံ့-ရစ်ဝိုက်ဆိုတုံ့' အဆဲ ခြားသော်လည်း သဘောပြားဟန်မထင်။ "လက်ယာလည်းဝိုက်၊နိမ့်၍ ဆိုက်၏။ ။မြို့ဖည်နိမ့်ဝိုက်၊ရှင်တော်ရိုက်သို့"စသည်ဖြင့် ဝိုက်-ဟူသောအစပ်လည်းထင်စွ။ ။ဝေဝုတ်ပရိယာယ် ဟူသည်ကား ဝေဝစန–ဟူသော ပါဠိမှိဝေါဟာရတည်း၊ကေဝစနသဒ္ဒါကို ကေဝုစ်၊ ဗဟုဝစနသဒ္ဒါကို ဗဟုဝုစ်-ဟူသကဲ့သို့ ပါဠိနှင့်အညီ စ-သတ်လည်း ရေးသင့်၏။ ။ [ပ–သတ်ကားမထင်]။

သုတ်-သုပ်

၄၂၇–သဗျည်း တချောင်းငင် တ-သတ်,ပ-သတ်၌ ဝေါဟာရကို မြဲခြင်း

သ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"ပေါင်းဖျင်မျက်သုတ်၊ ထူနယ်ဟုတ်၍၊ သမုဒ္ဒဇာ" ၀
"စေသည်တသုတ်၊ဂိဇ္ဈကုတ်မှ"
"ထိုမှတသုတ်၊ တလည့်ထုတ်ဝိမ့်၊ သမုဒ္ဒဇာ" ၄
"ပန်းပဲးဖိုနှုတ်၊ ဟူးဟူးမှုတ်သို့၊ သုတ်သုတ်ညှင်းညှင်း" ၅
"နှလုံးနှင့်နှုတ်၊ တံသုတ်ငင်နည်း" ၆
"လွင်ပြင်ထွက်စုတ်၊ သိန်းနှယ်သုတ်ဝျက်၊ ထိုးစုတ်ထွန်းတိုင်" ၇

စသည်ဖြင့် ပဝါမျက်နှာသုတ်,တသုတ်တကြိမ်-ဆိုသောအရာ၊ သုတ်သုတ်ညှင်းညှင်း, ထေညှင်းသုတ်သည်, သိန်းစွန်သုတ်သည်, တံသုတ်ဆိုသောအရာတို့၌ထင်၏။

---

၁ ကိုး * ၄၅။
၂ ဘူထင် * ၁၀၆။
၃ ဘူပေါင်း * ၃၊"ထလျဉ်းထုတ်ဝိမ့်။"
၄ ဘူထင် * ၁၅၃။
၅ ကိုး * ၂၇။
၆ ပုံထောင် * ၇၊"ထိုးခုတ်တွေ့တိုင်း။

ထို၌ ထိခိုက်ပွတ်ရှားသည်-ဟူသော အနက်သာ မူလအရင်းကဲ့သို့ရှိ၏။ ရှိတန်ကား…ထိန်းစွန်သုတ်၏-ဟူသည်လည်း အစာကို ခြေဖြင့်ထိခတ်ပွတ်ရှား၍ ထိမ်းယူသည်ပင်။ တံသုတ်ဟူသည်လည်း သစ်ဝါးစသော အချောင်းအတံဖြင့် ညီမျှစေခြင်းငှာ ပွတ်ခတ်စေသောအရာပင်။လေသုတ်၏-ဟူသည်လည်း လေဟုန်ထေညင်းတို့သည် ကိုယ်လက်ကိုထိပါးပွတ်ရှားသောအရာပင်။ ထိုလေသည် ညင်းညင်းသာသာထိခတ်သည်ကို 'လေညင်းသုတ်သည်၊ သုတ်သုတ်ညှင်းညှင်းသာသည်, ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ။နွားကျွဲစသည်တို့ကို ရိက်ခတ်သောလှံကန်ကိုပင် ရှေးသူဟောင်းတို့သည် 'တံသုတ်' ဟူ၍ ဝှင်း, 'သုတဲ' ဟူ၍ ဝှင်း ဆိုမိန့်သည်လည်းဟူကုန်၏။ ထို၌လည်း ထိခိုက်စေကြောင်း အဆောက်အဦဖြစ်၍ အစွဲးသင့်သည်ပင်ဖြစ်၏။

တကြိမ်တသုတ်-ဟူသည်ကိုကား တလှည့်တကြိမ်ဖြစ်ခြင်းကြောင့်ကိုပင်ထိခိုက်ခြင်းအနက်ယူ၍ နည်းတူကြိုထည်း သင့်ရာ၏။ တဏှောက်တသွန်၊တဖန်တကြိမ်-ဟူသကဲ့သို့ ရေတွက်ဆိုမိန့်ကာမျှသာဟူ၍ ယူထည်း သင့်ရာ၏။ ။တက်သုတ်လှော်သည်, တကြိမ်တသုတ် ပြိုင်ပြီးသည်-ဆိုသော အရာတို့၌ထည်း နည်းတူ အနက် လျော်ဖွယ်ထင်၏။ ပေါင်းဖျင်မျက်သုတ်-ဟူသည်၌ထည်း နည်းတူအနက် မျက်ခွက်မျက်နှာကို ပွတ်ရှားထိပါးစေအပ်သည်။ မျက်နှာကို သုတ်သင်သည်၊ ဤသို့သော အနက်ထင်၏။ ဤ၌ သုတ်သင်၏-ဟူသည် ကိုထည်း သုတ်ခြင်း ထိခတ်ခြင်းဖြင့် ရှင်းလင်းသည်ဟူသော အနက်သင့်၏။ သစ်စေးသုတ်သည်၊ ဆေးဒါန်း, ဟင်းသပဒါး, ဆီ, ကညင်စသည်သုတ်သည် ဆိုသောအရာတုံထည်း တ-သတ်ဝင်း ဖြစ်သင့်၏။သုတ်အဘိဓမ္မာ, သုတ်ဝုတ္တိ-ဟူသည်တို့ကား သုတ္တဟူသော ပါဠိ၌မှထင်၏။

ထိုနှင့်အဆံတူ ပ-သတ်ကား…."စေပါးလက်သုပ်၊ ကျွန်ုပ်ကိုသာ" ၁
"စေပါးလက်သုပ်၊ ငယ်ဇရုပ်နှင့်၊ လယ်လုပ်ကုန်သွယ်" ၂
"အောက်ခံစွန်သုပ်၊ ခြွေအုပ်ဖြန့်ကာ" ၃

စသည်ဖြင့် စေပါးလက်သုပ်, စွန်သုပ်ဆိုသောအရာထင်၏။ ထို၌ 'လက်သုပ်' ဟူသည်နှင့် ယခင် 'မျက်သုတ်' ဟူသည် သဘောကွဲးသင့်၏။မျက်သုတ်ပဝါ,လက်သုတ်ပဝါ-ဟူသည်ကား မျက်နှာလက်ချောင်းတို့၌ ကပ်ငြိသော အညစ်အကြေးကို သုတ်သင်ရှင်းလင်းကြောင်း အထည်ပဝါဟူ၍ ယူသင့်၏။ စေပါးလက်သုပ်- ဟူ၍ဝှင်း, ဟင်းလျာလက်သုပ်ဟူ၍ဝှင်း ဆိုအပ်သောအရာကား လက်ဖြင့်ဆုပ်အုပ်၍ ပစ်ညစ်

---

၁ ဘူထင် * ၁၀၇။ ၃ ဘူထင် * ၃၃၊ "ချူးရုပ်ဖြန့်ကား။"
၂ ကိုး * ၉၃။

သုဝ်နယ်သည်၊ ရသဩဇာနှောယှက်မိအောင် ခွေဖဲ့ထွေးယှက်၍ ပြုပြင်သော ဟင်းဏျာကို 'လက်သုပ်' ဟူသော ဝေါဟာရဖြစ်၏။ ထိုနှင့်အတူ ထက်နီးထား၍ သေးသေးဖွဲးဖွဲး အမြဲးစေခိုင်းသည်ကို 'စေပါးလက်သုပ်' ဟူ၍ ဆိုမိန့်ခြင်း ဖြစ်၏သို့ရှိ၏။ သတောအားပြင့်ကား သုတ်သင်သည်၊ တိုက်သုတ်၊ ထိုးသုတ်သည်ကို တ-သတ်။ နယ်သုဝ်သည်ကို ပ-သတ်ဟူသင့်၏။ ။သစ်စေးသုတ်စသည်၊ လေညင်းသုတ်သည် ဆိုသောအရာကဲ့သို့ ထိပါးတိုက်သုတ်ခြင်း အနက်ထင်၏။ သစ်စေးစသည် ကပ်ငြိအောင် သုတ်သည်မှာ ထိပါးခြင်းအနက်၊ စင်အောင်ပွတ်သတ်သည်ကိုဏျက် မစင်မသန့် ရှံဖွယ်ရာ လိန်းကျံသည်ကို သုတ်သည်ဆိုသည်မှာ သုတ်သင်ခြင်း အနက်ဖြစ်၍ တ-သတ်ချည်း ထျော်ထေ၏။

ဟုတ်-ဟုပ်

၄၂၈-ဟ-အက္ခရာ တချောင်းငင် တ-သတ်,ပ-သတ်၌ ဝေါဟာရကို မြခြင်း

ဟ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"ဖရင်းအဟုတ်၊ နာအားထုတ်ထော၊ မြတ်ယုတ်မျိုးရိုး" ၁
"မနည်းအဟုတ်၊တလွယုတ်ဟု၊' လှီးခုတ်ဖြတ်ကောင်းတုံအံ့လော" ၂
"ကြိုးစားအဟုတ်၊ အားခွန်ထုတ်၍၊ ဥပုသ်သီထ"

စသည်ဖြင့် ဟုတ်မှန်သည် ဆိုသောအရာ ထင်၏။

ပ-သတ်ကား....

"အပြင်းဟုပ်ဟုပ်၊ ကပ်လာရုပ်သို့၊ ကျွန်ုပ်စိတ်တွင်" ၃
"ညည်ဉ့်ဂက်တအုပ်၊ ပြင်းဟုပ်မဝံ့" ၄

စသည်ဖြင့် ပြင်းပဟုပ်ဆိုသော အရာထင်၏။ ဤ၌ စာမညီကြ၊ အပြင်းလဟုတ်-ဟူ၍ လည်းစာအချို့ရှိ၏။ သဘောမပျက်ကောင်း၊ အပြင်းထုပ်ထုပ်-ဟူ၍ ရှိသောစာကား အသတ်ထင်သာ၏။ အရကား အပြင်း-ဟူသည်၌ ထျင်မြန်သည်၊ထုပ်ထုပ်-ဟူသည်၌ နှေးမျဉ်းသည်ယူရအံ့ဖြစ်၍ သဘောမသွားသကဲ့သို့ရှိ၏။ညည်ဉ့်ဂက်တအုပ်-ဟူသည်မှာ ထည်း အနည်းနည်းစာရှိကြသည်။ရေးမှတ်ခဲ့သောအရာသာ သင့်အံ့သို့ရှိ၏။ဆင်ခြင်။

---

၁ ကိုး * ၄၂။
၂ ဘူထင် * ၂၀၀။
၃ ကိုး * ၁၂၉။
၄ သံ * ၁၇၀။

အုတ်-အုပ်

၄၂၉-အ-အက္ခရာ တချောင်းငင် တ-သတ်, ပ-သတ်၌ ဝေါဟာရကို မြခြင်း

အ-အက္ခရာ တချောင်းငင် တ-သတ်ကား....

"သဲသဲရုတ်ရုတ်၊ အုတ်အုတ်ကြီကြီ" ၁
"မြေမိုးရုတ်ရုတ်၊ သဲသဲအုတ်မျှ၊ မဆုတ်မနစ်" ၂
"သဲသဲရုတ်ရုတ်၊ အုတ်အုတ်ကျက်ကျက်" ၃

စသည်ဖြင့် အုတ်အုတ်သဲသဲ, အုတ်အုတ်ကြီကြီ, အသံတအုတ်အုတ်ဆိုသောအရာ ထင်၏။ ကျောက်အုတ်ဟူသည်ထည်း တ-သတ်၎င်းတည်း။

ပ-သတ်ကား...."ကြီးငယ်တအုပ်၊ ရံကိုယ်ထုပ်တိ"
"ရှိရွယ်တအုပ်၊ နတ်ရပ်အထား"
"သိမ်းယူစိုးအုပ်၊ ရန်မျိုးခြုပ်သည်၊ တုန်လှုပ်နတ်လူ"
"ပူရီဝိတ်အုပ်၊ တရုပ်ပုဆိုး"
"ဖက်သက်ဖက်အုပ်၊ ဝါးထက်ခုပ်နှင့်၊ ရေမြုပ်ကြမ်သီး"
"ကျပ်ထောင်ခွက်အုပ်၊ အထုပ်ရွေထိ"

စသည်ဖြင့် ဖုံးအုပ်သည်, သိမ်းအုပ်သည်, စိုးအုပ်သည်, ဝိတ်အုပ်, ခါသာအုပ်, ခွက်အုပ်, တပေါင်းတအုပ်, မိုးအုပ်သည်-ဆိုသောအရာတို့၌ ထင်၏။

ဥကာရန္တဖြစ်သော ထချောင်းငင် ထ-သတ်, ပ-သတ်တို့ကို တွဲယှဉ်၍ ထုတ်သည်ကား ပြီးပြီ။

---

၁ ထန်ရ * ၁၇၊ "အုတ်အုတ်ကျံကျံ။"
၂ ပုံထောင် * ၂၇၊ မြေမိုးအုတ်အုတ်၊ သဲသဲရုတ်မျှ။"
၃ ဘူလင် * ၁၆၅။

ကုန်–ကုမ်, ကုန်း–ကုံး–ကုမ်း, ကျုံ, ကျုမ်, ကျုံး–ကျုမ်း, ကြုံ-ကြုမ်-ကြုံး-ကြုမ်း

၄၃၀–ကဗျည်းသက်သက် အပင့်, အရစ် တချောင်းငင် န-သတ်, သေးသေးတင် မ-သတ်၌ ဝေါဟာရကို ပြခြင်း

တချောင်းငင် တ-သတ် ပ-သတ်တို့ကို ထုတ်ပြီး၍, အစဉ်လျော်စွာ န-သတ်, မ-သတ်တို့ကို ထုတ်အံ့။ ထို၌ မူလအသံ, ဝိသဇ္ဇနီအသံ,အမြစ်သံ-ရသင့် သည်ထွင် အမြစ်သံ၌ န-သတ်, မ-သတ် ထွေးယှက်သည် မများလေသေးသည်ကို ထောက်၍, နောက်မှ သီးသန့်၍, ထုတ်အံ့။

က-အက္ခရာ တချောင်းငင် န-သတ်ကား....

"ဆွတ်ကျုံးမကုန်၊ သမ္ဘာဟုန်ဖြင့်၊ ဝသုန္ဓရာ" ၁
"စွဲးသုံးမကုန်၊ ရောက်ဟုန်မစဲး"
"ကမ္ဘည်းမကုန်၊ လဝယ်ယုန်သို့၊ ဝသုန္ဓရာ"
"ထျောက်ထကုန်သော်၊ ကဆုန်သာလျည့်"
"သွေးသီတဆုန်၊ ခြိုးမွှမ်းဟုန်ဖြင့်၊ နေကုန်သရော်" ၂
"ကြွမ်မမြွေးခုန်၊ ခံထင့်ကုန်သည်၊ သူပုန်ရန်လို စူးစူးတည်း"

စသည်ဖြင့် ကုန်စင်, ကုန်ပျောက်သည်-ဆိုသောအရာထင်၏။

ထိုနှင့်အသံတူ မ-သတ်ကား....

"မထျောက်မကုမ်၊ ဖျားနာတုမ်ထည်း၊ ရေလုမ်ဟင်းခါး" ၃
"ညီညွတ်ဆောင်ကုမ်၊ ပြည်ကြီးဘုမ်၌၊ ဝန်းခြုမ်အုပ်စိုး" ၄
"တရားဆောက်ကုမ်၊ ရန်ခြုမ်ထွင်ခြေ"
"မင်းဖျားချက်ကုမ်၊ မိန့်ခွဲတုမ်မှ၊ ထုတုမ်ပြောင်ရုံး" ၅
"မှာတိုင်းဆိုတုမ်၊ အင်ခြောက်စုမ်နှင့်၊ ယုံကျုံမှတ်လောက်"
"စီးပွားဆောင်ကုမ်၊ ဝန်စိုးတုမ်ထည်း၊ စုပုမ်စသော"
"လိမ္မာတတ်ကုံ၊ ဆင်စွယ်စုံသို့၊ ကိုယ်ယုံခြုံမြဲ" ၆

စသည်ဖြင့် ကုံငသည်, ကုံလုံသည်-ဆိုသော အရာတို့၌ထင်၏။ ရောင်းဝယ်သည့် ကုံထည်း သေးသေးတင်ငင်း ထျော်၏။

---

၁ ကိုး * ၂၄၀။
၂ ကိုး * ၂။
၃ ကိုး * ၁၄၈။
၄ ကိုး * ၃၀။
၅ သံ * ၈၅၊ "လူဘုံ ပြောင်းရုံ။"
၆ လောသာ * ၁၉။

ဤ၌ သေးသေးလည်းတင်, မ-လည်းသတ်ရေးသည်ကိုကား.... ပါဠိပါကန်တို့၌ ရှင်စီရင်ဟန်နှင့် မတန်သကဲ့သို့ရှိ၏။ ရှိဟန်ကား....သေးသေးတင်ဟူသောနိဂ္ဂဟိတ်ကို မ,ပြုလျှင် သေးသေးတင်ပျောက်၏။ မ-ကို နိဂ္ဂဟိတ် ပြုလျှင်လည်း မ-အက္ခရာပျောက်၏။ ထိုသို့ထျက် သေးသေးတင်, မ-သတ်နှစ်ပါး ထင်ခဲ့သောကြောင့်လည်း ကောင်း, သေးသေးတင် နိဂ္ဂဟိတ်၏ နောက်၌ မ-သတ်ခြင်းကား သံယုတ် မည်၏၊ ထိုသံယုတ်ကား နိဂ္ဂဟိတ်နောင် မနှောင်းသည် ဖြစ်ထျက် သေးသေးတင် နောင် မ-သတ် သံယုတ်နှောင်းခဲ့သောကြောင့်လည်းကောင်း,မြမွာ၌သော်လည်းကောင်း, သေးသေးတင်ထျက် က-သတ်စသော တစုံတခုသော အသတ်မျှမထင်ထျက် မ-သတ် သာထင်ခဲ့သောကြောင့်လည်းကောင်း, အကာရန္တ,ဇကာရန္တ,ဥကာရန္တ-ဟူသော ရဿသရသုံးလုံး၌ နိဂ္ဂဟိတ်မှိလသော် ထို၏နောက်၌ ဒွေးဘော်သံယုတ် မနှောင်းရာ၊ ဒွေးဘော်သံယုတ် နှောင်းရာလည်း နိဂ္ဂဟိတ် မရှေးရာသကဲ့သို့ အကာရန္တ, ဇကာရန္တ, ဥကာရန္တတို့၌ သေးသေးတင်ထျက် က-သတ် စသော တစုံတခုသော အသတ်မလို၊ ထိုသို့ထျက် ဥကာရန္တဖြစ်သော တချောင်းငင်သာ သေးသေးတင် ရှိထျက် မ-သတ်ခဲ့သောကြောင့်လည်းကောင်း ဆင်ခြင်ဖွယ်ရှိ၏။

သင်ဘုံး (ပုံး?)ကြီး သင်ရိုးပြုသည်၌ ကံတင်၊ ကုငင် မ-သတ်သောဟူ၍ အလွေအတွင် အထင်အရှား ဆိုမိန့်ကုန်သည် တကားဟူအံ့။ ထို၌ ကုငင်၍ ကံတင်သော်လည်းကောင်း, မ-သတ်သော် လည်းကောင်း, မ-သတ်သော် လည်းကောင်း ဟူ၍ ကံတင်ခြင်း၊ မ-သတ်ခြင်း တချက်ချက်ပြုစေလိုသော အာဘော်ရှိသည်ဟူ၍ ယူလျှင် သင့်ရာတော့သည်။ ကံတင် ကုငင် မဆိုလို၊ ကုငင်ကံတင် ဆိုလိုသကဲ့သို့လည်း ရှိ၏။ ရှိဟန်ကား.... ကုငင်၏နောက်၌ ကံတင်သော်လည်းကောင်း,မ-သတ်သော်လည်းကောင်း ဟူ၍ သေးသေးတင်တခြား မ-သတ်တခြား ကွဲပြား၍ ယူသာသည်ကိုလည်းကောင်း, ကုငင် ဟူသည်ကား ဥသရပင်၊ ထိုသရကား ဗျည်းခပ်သိမ်းတို့၏ စွဲမှီရာ နိဿယဌာန မူလ ဖြစ်သည်ကိုလည်းကောင်း,သေးသေးတင်ခြင်း မ-သတ်ခြင်းတို့၏ရှေ့အဘို့၌သာ ဥသရရှိထင်ရာသည်ကိုလည်းကောင်း, သေးသေးတင်ခြင်း မ-သတ်ခြင်းတို့သည် ဥသရ၏ နောက်အဘို့၌သာ စွဲမှီရာသည်ကို လည်းကောင်းထောက်၍ ကုငင်ဆိုပြီးမှ ကံတင် မ-သတ်ကို ဆိုလိုသည်ဖြစ်၏။ ထိုသို့ထျက် ကံတင် ကုငင်-ဟူ၍ ဆိုမိန့်ကုန်သည်ကား အချို့ သတိမမူ၊ အချို့ကား သတိရှိထျက်ပင် ဆိုရိုးထင်ရာ လိုက်သည်ဖြစ်ရာ၏။ ဆိုရိုးမဟုတ် ဆိုလိုသော်လည်း သဘောအသင့်ကို သတိမမူမိသူတို့အား သတိရှိစေခြင်းငှာ ထုတ်ဆိုလိုက်သည်။

က-အက္ခရာ တချောင်းငင် နဲ-သတ်ဝိသဇ္ဇနိသံကား....

"ကျောက်ဆစ်ကုန်းကုန်း၊ တင်းတင်းရှန်းလျက်၊ ဖြုန်းဖြုန်းတက်ပျံ" ၁

"ကုန်းသွယ်မသွားထောင်းကိုလည်း-မုန်းဖွယ်မများထောင်းကိုလည်း" ၂

စသည်ဖြင့် ကုန်းကုန်းကွေးကွေး ဆိုသောအရာထင်၏။ ကုန်းတောင်ရှိ-ဆိုသောအရာထင်သည်ဖြစ်၍ ကုန်းကုန်းပိုင်ရှိသည်လည်းကောင်း ဖြစ်၍ သတော်တူ၏။

အဆံတူ သေးသေးတင် မ-သတ်ကား....

"ထိပ်ထက်ရွှေကုံး၊ ရွှေဆံထုံးသို့" ၃

"မိခင်ပန်းကုံး၊ သားရွှေတုံးကို။ ၄ ။သီလမြတ်ဆုံး၊ ပုလဲးကုံးသို့" ၅

"မဖြောင့်နှလုံး၊ ကုံးနှင့်ဥပါယ်။ ။ထိုကြောင့်ပတ်ကုံး၊ နိဗ္ဗာန်လုံးခဲ့"

စသည်ဖြင့် ကုံးဥပါယ်, ပတ်ကုံး, ပန်းကုံးသီကုံးသည်-ဆိုသောအရာထင်၏။

[ယပင့်တချောင်းငင် နဲ-သတ်ကားမထင်။]

ယပင့် သေးသေးတင်မ-သတ်ကား.... "ဆိုကယုံကျုံ၊ မှုကုံထံရင်း"

"မှတ်သားယုံကျုံ၊ မြတ်နိုးတုံသည်၊ စုပုံလက်ဆုံးတောင်ဌေးတည်း"

"မှုထမ်းယုံကျုံ၊ ငကိုတုံထည်း၊ ဗိုလ်ပုံစားသောက်" ၆

စသည်ဖြင့် ယုံကျုံသည် ဆိုသောအရာထင်၏။

ထိုဠ ဝိသဇ္ဇနိသံကား....

"မြိုးမြှင့်ရွက်ကျုံး၊ ခြေတော်အုံး၍၊ ပြည်လုံးမန္ဒး ညွှတ်လျည့်လေ့"

"နှုတ်ငုံယူကျုံး၊ ဓိပ္ပါယ်ရုံးလျက်၊ နှလုံးစိုက်စိုက်"

"ရေလည်းပတ်ကုံး၊ သုံးထပ်ကျုံးနှင့်၊ မြင့်ဆုံးမြို့တောင်"

"ရင်လျှောက်ပတ်ကုံး၊ ငါးတန်ကျုံးနှင့်၊ မြို့လုံးဝန်းကျင်"

စသည်ဖြင့် ရွှက်ကျုံး,ယူကျုံး,သိမ်းကျုံး,ဆင်ကျုံး,ကျုံးမြောင်း-ဆိုသောအရာထင်၏။

အရစ် သေးသေးတင် မ-သတ်ကား....."မဆူမကြီ၊ ဖြစ်တုံရကား" ၇

"လုံးထည်းကြီ၊ ရှာမှီးတုံထည်း၊ မဆုံးကြမ္မာ" ၈

"ဂုဏ်အား မယုတ်မကြီဘည်း... လူတွင်ဆူးသို့ ထပုံတည်း"

---

၁ ဘုံ * ၀၄။
၂ နောင်၊ချောင်းမမွေထော်-ချီ။
၃ ကိုး * ၂၄၇။
၄ မာထော * ၁၉။
၅ ဆူပေါင်း * ၇။
၆ သံ * ၁၃။
၇ သံ * ၁၅၁။
၈ ကိုး * ၁၉။
၉ ကိုး * ၉၂။

"မှတ်လောတကြို၊ တရားထုံပိမ့်၊ အာရုံမှားမိုက်" [၁]
"ရွှေလွန်တကြို၊ ကောဏာဂုံနှင့်၊ နှောင်းဆုံကဿပ" [၂]
"မြင်ရဖူးတွေ့ ကြို၏တည်း.... [၃] ကောင်းထွေငြိမ့်လေးကုံ၏တည်း" [၄]
"တတ်ပွန်နိုင်တုံ၊ ဝိသကြိုကို၊ ကျင့်ပုံနားသွင်း" [၅]

စသည်ဖြင့် အဆူအကြို, ကြိုက်ကြိုသည်, ဝိသကြို-ဆိုသောအရာ ထင်၏။

၅၂၌ ကြိုသည်၊ ကြိုက်သည်-ဆိုမည်ကို 'ကြိမ်သည်' ဟူ၍ ဆိုသည်ကား စာဟောင်း စပ်ဟပ်သည်မတွေ့၊ "အကြိမ်အကြိမ်၊ ရန်နှိမ်ပွဲကြိုး။ ။ထိုမှတကြိမ်၊ မင်းစည်းစိမ်တုံ။ [၆] ။စိတ်ကိုဆယ်ကြိမ်၊ ရေချမ်းစိမ်သို့" [၇] စပ်သော အရာတို့ထည်း ကြိုကြိုက်သည်-ဆိုသောအရာမဟုတ်၊ တကြိမ်နှစ်ကြိမ် စသည်ဖြင့် 'အလှည့်အကြိမ်' ဟူသော ရေတွက်ခြင်းအနက်ထင်၏။ ထိုအလှည့် အကြိမ်ဟူသည်ကို ကေကွထွေ၊ ဒွိကွထွေ၊ ကေဝါရော၊ ဒွိဝါရော-စသည်ဖြင့် သင်္ဘီသဒ္ဒါ၏အနက် အကြိမ်-ဟူသော စကားသည် ကေ,ဒွိ,တိ-စသော သင်္ချာသဒ္ဒါယဉ်ထျက်သော မာဂဓဒ္ဒေထည်းထင်သည်ဖြစ်၍ ရေတွက်ခြင်းအနက်လျော်၏။ ကြိုက်ကြိုး-ဟူသည်ကား ပြီးပြိုင် တွေ့ဆိုင်ခြင်းအနက်ထင်၏။ ယင်းသို့သဘောကွဲး ဖြစ်သော အလှည့်အကြိမ် ဟူသည်ကိုသာ စာဟောင်းထင်သည်။ ကြိုကြိုက်သည်၊ ကြိမ်သည်-ဟူ၍ စာဟောင်းအစပ်မတွေ့။ ။ အဆူအကြိုကို ယပင့် အချိုရေးကုန်၏။ ရေကျုံးစား၏-ဟူသည်ကိုထည်း ပင့်ကုန်၏။ သဘောအားဖြင့်ကား ပွေးကြွက်စသော တိရစ္ဆာန်ရေကြောင်းလမ်းသင့်၍ အောက်ခံမြေ မခိုင် နွံယိုင်ထသော် အပေါ်မြေရှိုင်းဝင်နိမ့်ညွတ်ထေသည်။ ထို၌ နိမ့်ညွတ်ရာ ရေကြောင်း ထပ်ထောင်းစီးဝင်ပြန်လျှင် ထင်မြင်ကောင်းသော တွင်းကျင်းဖြစ်ထေ၍ ကြဝတ္တေမြေပြင်နှင့် မညီမမျှ ကြိုကျထေအောင် ရေကြောင်းစသည်စား၏ ကြိုထွသည်ကို 'ကြိုစားသည်၊ ရေကြိုစားသည်' အနက်ယူကောင်းဖွယ်ထင်၏။ ဆင်ခြင်။

ဝိသကြို-ဟူသည်၌ ဝိသုကမ္မ-ဟူသော ပါဠိထင်သည်။ ပါဠိနှင့်ညီစွာ "ဝိသုကံဟု၊ မည်ခံထွန်းပ။ ။သိကြားဝိသုကံ၊ ညီ၍ ကြိုသို့" စသည်ဖြင့် က-သက်သက်တွင် သေးသေးတင်ကာမျ စပ်ဆိုသည်ထည်း ထင်၏။ ဝိသကြို-ဟူ၍ ရစ်၍ ဆိုမိန့်ပြန်သည်

---

၁ ကိုး * ၁၀၀။
၂ ထန်ရ * ၄၂။
၃ ကိုး * ၂၀။
၄ ကိုး * ၁၀၊ "ကောင်းထေငြိမ့်လေး ကုံ၏တည်း။"
၅ ကိုး * ၂၇၉။
၆ ကိုး * ၄၀။ "ဆိုဝိမ့်ထကြိမ်။"
၇ ဘူထင် * ၀၂၊

ကား ကုမုဒ္ဒ, သမုဒ္ဒသာ မာဂဓရှိသည်ကို ကုမုဒြာ၊ သမုဒြာ။ သတ္တ-ဟူ၍ မာဂဓ ရှိသည်ကို သိကြား-ဟူ၍ ရစ်၍ဆိုမိန့်သည်နှင့် တူ၏။ ဤသို့စသော အရာတို့ကား ဆံသကရိက်ဘာသာဝယ် ကုမုဒြ၊ သုမုဒြ၊ သကြ-ဟူ၍ ရစ်ထွက်ရှိသည် ဟူ၏။ ယေဘုယျအားဖြင့်လည်း မာဂဓ၌သက်သက်ရှိထွက် ဆံသကရိက်ဝယ် ရစ်၍ဂင်း, ပင့်၍ဂင်းရှိသင့်ထင်၏။ ထိုကိုရည်၍-

> သတ္တသကြ၊ မာဓဂန္ဒင့်၊သကဋ္ဌဘာသာ၊ ဝေါဟာအပြား၊ထိုနှစ်ပါးမှ၊ ဇ-အား အက္ခရာ လွဲးကာထည်းပြု၊ မြန်မာမှုဖြင့်၊ ယခုထူတွင်၊ သိကြား ထင်သည်" [၁]

ဟူ၍ ရှင်ရဋ္ဌသာရအကျော် မိန့်တော်မူ၏။

ထို၌ အရ ဖြောင့်လိုက်အံ့။ ·· သတ္တ-ဟူသော မာဂဓ၊ သကြ-ဟူသော သကဋ္ဌ၊ ထိုဝေါဟာရ နှစ်ပါးတွင် သကြဟူသည်ကို သန့်ဂ် ဇတင်ခြင်း၊ ကဋ္ဌအား ဟူ၍ ချခြင်း၊ ဝိသဇ္ဇနီယဉ်ခြင်း ဟူသော ဇအက္ခရာ၊ အားအက္ခရာ၊ ယိမ်းကာလွဲးကာ မြန်မာမှုဖြင့် 'သိကြား' ဟူ၍ အမည်ထင်သည် ဟူထို၏။ ဤစကားကား အမြွက်မျှ။ ဤစကားရိပ်ဖြင့် ဆံသကရိက် ဘာသာကို စွဲးမှီသော အခြင်းအရာထင်သောကြောင့် ဆိုခဲ့ပြီးသည်-မဆိုသေးသည်တို့၌ ထျော်ရာနှလုံးသွင်းသင့်၏။ ထိုကြောင့် မြန်မာမှုသည် မာဂဓစသော ဘာသာတို့ကို စွဲးမှီ၍ ဖြစ်သောအားဖြင့် များသင့်ဟန်ကို အောက်၌ ဆိုအပ်ပြီ။

[ကအက္ခရာရစ်၍ တချောင်းငင် နှ-သတ်ဝိသဇ္ဇနီမထင်]။ ။[မ-သတ်သေးသေး တင်ကား····"သံပဟုံးစုံး၊ ဘက်မဲ့ကြိုးသား၊အားသုံးထောင်ထား" [၂] စသည်ဖြင့် ကြိုး ဝါးသည် ဆိုသောအရာထင်၏။ ကြိမ်းဝါးသည်ဆိုသည်ထည်း မထူး၊ ဂုဏ်ကို ပတ္ထား၏-ဆိုလိုသောအရာချည်းယူသင့်၏။

ခုန်-ခုံ-ခုမ်, ခုန်း-ခုံး-ခုမ်း, ချုံ-ချုမ်, ချုန်း-ချုံး-ချုမ်း, ရှိ-ရှုမ်

၄၃၁-ခဗျည်း သက်သက် ယပင့်, အရစ် တချောင်းငင် နှ-သတ်, မ-သတ် သေးသေးတင်၌ ဝေါဟာရကို ပြခြင်း

ခ-အက္ခရာ တချောင်းငင် နှ-သတ်ကား····

"ကြိမ်းပမ္ဘုံးခုန်၊ ခံထင့်ကုန်သည်၊ သူပုန်ရန်လိုစူးစူးတည်း"

---

၁ ကိုး * ၂၇၉။ ၂ ကိုး * ၁။

"ကြောက်ဧး ဆွေးဆွေးခုန်သတည်း။ [၁] ကျာကျာမြည်တမ်း ကုန်သည်တည်း" [၂]

စသည်ဖြင့် ခုန်ပျံ,ခုန်လွှား ဆွေးဆွေးခုန်သည်-ဆိုသောအရာထင်၏။

မ-သတ် သေးသေးတင်ကား....

"ထက်ရက်လည်းခုံ၊ သုံးပါးစုံလျက်၊ ပျောက်ပုံများစွာ" [၁]
"ပည်းဖြင်ပြောပုံ၊ တံခါးခုံနှင့်၊ ဆူးခြိမကြွင်း" [၄]
"ရောင်ခြည်တောက်ဟုံ၊ ထူပါရုံဟု၊ ကမဲးခုံရေနှား" [၅]
"ခြင်းရာကြောင်းစုံ၊ အံ့ဘွယ်ပုံလျက်၊ တည်ခုံမြောက်စွာ"
"ညက်ဝါရင့်မုံ၊ ဗောဓိခုံကား၊ တစုံတယောက်" [၆]
"ကုထိုလ်များပုံ၊ သဒ္ဓါလုံသား၊ စည်းခုံရတနာ"
"မြူတေဓာတ်ပုံ၊ ရွှေစည်းခုံကို၊ ဖူးတုံခဲ့ရှောင်း"
"အိမ်ခားအစုံ၊ လွယ်ပြီးတုံမှ၊ မခုံမငြင်း" [၇]
"အကြောင်းစေ့စုံ၊ မြင်ထေတုံသော်၊ ခုံခုံမင်မင်"

စသည်ဖြင့် ယဉ်ခုံ, တံခါးခုံ, ကမ်းခုံ, ခုံသရုပ်, ခုံတည်သည်, ဂူစည်းခုံ, ခုံငြင်းသည်, ခုံမင်သည်-ဆိုသောအရာထင်၏။ ။ထိုသို့ စွဲးရပ်ရာအခြေမူထကို 'ခုံသည်' ဆိုသည်ယူသင့်၏။ ထိုနှင့်လျော်စွာ ခုံပလ္လင်တည်ဆည်၊ ခုံပြု၍ ဆုံးဖြတ်စီရင်သည်၊ ခုံပလ္လင်တည်၏သို့ ရှိသောကမ်းကို 'ကမ်းခုံ'၊ တခါးရွက် တံခါးပေါင်တည်ရာကို 'တခါးခုံ' စသည်ဖြင့် စွဲးရပ်ရာအခြေမူထကို ခုံ-ဆိုသော အခြင်းအရာ ထင်သာ၏။

န-သတ် ဝိသဇ္ဇနီသံကား.....မျက်ခုန်းမျက်မှောင် ဆိုသောအရာကို ယူသင့်၏။
မ-သတ် သေးသေးတင်ကား....."လကဲမလက်ရှမ်း၊ ပခုမ်းမေးပါ"
"ခွာဖျားတုံးမျှ၊ ပခုမ်းကျောက်ဆစ်"
"ပျားဓ်၏နည်းထုမ်း၊ မှတ်ကျင့်သုံးလျက်၊ ချခုမ်းတောင်ပို" [၉]

စသည်ဖြင့် ပခုမ်း,ချခုမ်း-ဆိုသောအရာထင်၏။

---

၁ ဘူထင် * ၁၆၄။
၂ ဘူထင် * ၁၆၃။
၃ ကိုး * ၁၄၇၊ "ထက်ယက်ယဉ်ခုံ.... ပြောဟုံများစွာ။"
၄ ဘူထင် * ၁၆၄၊ "ဖြင်မျပေါပုံ၊.... ဆူးချုံစောင် ရန်း။"
၅ မင်းမယ် * ၁၁။
၆ ကိုး * ၂၃၆။
၇ မနော် * ၁၂၃။
၈ ထန်ရ * ၂၆၊ "ထက်မိုးထက်ရုံး။"
၉ လောသာ * ၁၈။

ယပဝ့် တချောင်းငင် သေးသေးတင် မ-သတ်ကား....
"မပြလုံးချုပ်၊ အာဘော်ငုံလျက်၊ ဆိုတုံထချင်" ၁
"ပည်းမျှဝန်းချုပ်၊ ပုံထည်းမထေး" ၂
"မတ်ပေါင်းဝန်းချုပ်၊ ရွှေနန်းဘုမ်၌၊ ဆောင်းတုံထီးဖြူ"

စသည်ဖြင့် လုံးချုပ်, ဝန်းချုပ်-ဆိုသောအရာထင်၏။

န-သတ် ဝိသဇ္ဇနီသံကား....
"ကွန့်ရစ်ထစ်ချုန်း၊ စက်သံမှုန်းသည်၊ မိုးအုန်းညှိုဖြန်းမြဲသော" ၃
"ချောင်းချောင်ချုန်းချုန်း၊ ဂျုန်းဂရင်း"
"ထစ်ချုန်းသံရင့်၊ ချစ်ဘုန်းမြှင့်၍"
"ချုန်းလျက်ရင့်ကာ....နှုန်းဘက်သင့်စွာ"

စသည်ဖြင့် အသံချုန်းချုန်း, မိုးသို့ချုန်းသည်-ဆိုသောအရာထင်၏။

သေးသေးတင် မ-သတ်ကား....
"ဝယ်ချိုးနွှမ်းချမ်း၊ နိုင်ငံကျမ်းလျက်၊ နှလုံးမနှောင့်"
"ကြောင့်ကြည်းချမ်း၊ မရှင်ပြုမ်းသည်၊ ကိုယ်လုံးသမ်းထိုးစွတကား"
"ထောင်ထင်ညှိုးချမ်း၊ နှလုံးဆင်းရဲ" ၄
"ပျောင်းပျကိုယ်လုံး၊ ချမ်းစေတုံးလျက်"
"ညှဉ့်နေ့ပတ်လုံး၊ ကိုယ်ထက်ချမ်းမျှ၊ အိုင်ထုမ်းမြစ်ငယ်" ၅
"ကြောက်ရွံ့ချမ်းမျှ၊ ပတ်ကုမ်းဝန်းလျား"
"တနေ့လုံးလုံး၊ မိုးအချုမ်းလျှင်၊ ရွှေကုံးပန်းနှစ်" ၆
"ထိုရော်တနေ့မိုးချုမ်းတည်း....ရှင်တော်ဘုရားကျင့်ထုံးတည်း"
"ဟောရိုးထက်သုံး၊ ဘုရားထုမ်းဖြင့်၊ ခန့်ချုမ်းအနက်"
"စလေပတ်ကုံး၊ ရံဝိတ်ဖုံးသည်၊ ချုမ်းချုမ်းမိုးနှယ်လဖိတည်း" ၇

စသည်ဖြင့် နွှမ်းချုမ်း, ညှိုးချုမ်း, ကိုယ်ထက်ချုမ်းသည်-ဆိုသော ကာရိုက်အသံလည်း ထင်၏။

---

၁ ကိုး * ၁၅၅။
၂ ကိုး * ၂၇၀။
၃ နောင်၊အောက်မေ့ချေချေ-ချီ (တ) "မိုးအုန်းညှိုဝှန်မြဲခဲ့လော။"
၄ မင်းမယ် * ၄၆။
၅ ကိုး * ၂၃၂။
၆ ဘူလင် * ၂၅၀။
၇ ကိုး * ၁၉၁၊ရွှေကုံးပန်နှစ်။"
၈ ပုံထောင် * ၆။

ဤ၌ 'ချဲ့နန်းချဲ့နန်း' ဟူသော နာ-သတ်အသံကား ထစ်ချုန်းသောအသံ၊ 'ချုမ်းချုမ်း' ဟူ၍ မ-သတ်သေးသေးတင်ကား ကျဉ်းစေသည်ကို ချဉ်းသည်၊ ကျုံးစေသည်ကို ချမ်းသည်-ဟူသော ကာရိုက်အသံဖြစ်၏။ ကျဉ်းသည်-ကျုံးသည်-ဟူသော သယံဇာတအားဖြင့် ကျဉ်းမြောင်းခြင်းကို ဆိုသောအရာလည်းထင်၏။ ။ချဲသည်-ချုံးသည်-ဆိုသောအရာ၌ ကျယ်စေသည်ကို ချဲသည်၊ ကျုံးစေသည်ကို ချုံးသည်-ဟူသော ကာရိုက်အသံဖြစ်၏။ 'ချုံးချုံးမိုးနှယ်လဖိတည်း' ဆိုသောအရာ၌လည်း စလေပတ်ကုံး ရံဝိတ်ဖုံးလေသောကြောင့် မိုးတိမ်အုပ်၍ ဖိသကဲ့သို့ မပြေးမထွက်သော ကျဉ်းစေကျုံးစေသည်ကိုပင် 'ချုံးချုံး' ဆိုသည်ယူရဖွယ်ထင်၏။ဤကားကျုံးစေသည်-ဟူသော ကာရိုက်အသံဖြစ်၏။

ကျဉ်းသည် ကျုံးသည်-ဟူသော သယံဇာတ ကျဉ်းမြောင်းခြင်းအနက်ထင်ဟန်ကား.....နွမ်းချုံးသည်-ဆိုသောအရာ၌ နှိပ်နှံသောကြောင့် ကိုယ်စိတ် ကျဉ်းမြောင်းခြင်းရှိသည်ကိုပင် 'နွမ်းချုံးသည်'၊ ညှိုးငယ်ဝမ်းကို စိတ်ကျဉ်းမြောင်းသည်ကို 'ညှိုးချုံးသည်'။ ။ဤ၌ ညှိုးကျုံးဟူ၍ ကတြိုးအကွာရာပင် အချို့ရေးကုန်သည်၊သဘောထင်သာလေ၏။ ကိုယ်ထက်ချုံး၏-ဟူသည်ကိုထည်း နည်းတူကိုယ်ထက်ကျုံးလျသည်၊ ကျဉ်းမြောင်းသည်ဟူသော အနက်ထင်သာ၏။ တဝိုးချုံးဟူသည်၌ထည်း ပတ်လည်ဝန်းကျင် ကောင်းကင်၌ နေရောင်အထင်းကြောင့်အမြင်ကျယ်ဝေးစွာ နေ့အခါပတ်ဝန်းဖုံးအုပ်လျက်ထင်သော မိုး-ဟူ၍ ဆိုမိန့်သောကြောင့် ကောင်းကင်အပြင်သည် နေရောင်ညှံစဲးလျှင် ရီမှိုင်းသောမှောင်ဖြစ်၍ နေ့အခါ ကျယ်ဝေးစွာထင်၏။ ထိုသို့အကျယ်အဝေးမထင် ကျဉ်းမြောင်းသောမိုး၏ ဖုံးအုပ်ခြင်းကဲ့သို့ ထင်သည်ကိုစွဲး၍ မိုးကျဉ်းသည်၊ကျုံးသည်၊ မိုးချုံးသည်-ဆိုသော အရာကို 'တမိုးချုံး၊ တနေ့မိုးချုံး၊ မိုးအချုံး' ဟူသောဆိုမိန့်ခြင်းဖြစ်သည် ဟူသင့်သောကြောင့် ကျဉ်းမြောင်း၏ဟူသော ဆိုမိန့်ခြင်းဖြစ်သည် ဟူသင့်သောကြောင့် ကျဉ်းမြောင်း၏ ဟူသောအနက်ကိုပင် 'ချုံးသည်' ဆိုသောအရာ ယူကောင်းဖွယ်ရှိ၏။ ဆင်ခြင်။

ရစ်၍ သေးသေးတင် မ-သတ်ကား....

"ဘုန်းရိပ်လွှမ်းခြုံ၍၊ သက္ကဘုမ်သို့၊ အပုမ်အယင်" ၁
"ထွင့်ကဲးစိုးခြို့၊ ရှင်မတုံလည်း၊ တစုံတခု" ၂
"ချစ်ပန်းပွင့်ခြို့၊ ငကိုတုံလည်း၊ ဆွေစုံမွေးဘ" ၃

---

၁ ကိုး * ၇။ ၂ ကိုး * ၂၃၂။ ၃ ကိုး * ၂၁၉။

"ထိုစကားတုံ၊ ဒေါသခြွီတွင်" ၁
"ထတ်ထတ်ပေါ်ရုံ၊ ထျော်တေခြွီထျက်၊ လျှတုံသဒွါ" ၂
စသည်ဖြင့် လွှမ်းခြွီသည်, စေးခြွီ-ဆိုသောအရာထင်၏။ ။ဤဒွေ့လွှမ်းခြွီ, စေးခြွီ-ဟူသည်နှင့်လုံးချုံ၊ဝန်းချုံသည်ကိုအရစ်အပင့်ခြား၍ ထုတ်လိုက်သည်။အချွီကား ရစ်၍ ချည်း၊ အချွီကားပင့်၍ ချည်း၊အချွီကား အပြားမဲ့ရေးမှတ်ကုန်၏။ သဘောအားဖြင့် စေးခြွီ,လွှမ်းခြွီ-ဟူသည်ကား ရစ်ပတ်ဖုံးလွှမ်းခြင်းအနက်ထင်သည်။ ။ဝန်းချုံ,လုံးချုံ-ဟူသည်ကား ခပ်သိမ်းစုံ အလုံးစုံ ဟူသော အနက်ထင်သည်။ မင်းတရားမယ်တော်ဧးချင်းထွင်ထည်း"ရောဝန်းချုံ၊မြစ်လုံးစုံကို၊ ရန်ခြွီရန်မြစ်" ၃ ဟူ၍, ဝန်းချုံ, ရန်ခြွီ-စသည်မှာ အရစ် အပင့် လွဲးရာထေသည်ကို ထောက်သဖြင့် အပင့်အရစ် ခြား၍ ထုတ်လိုက်သည်။

ဂုံ-ဂုဏ်-ဂုမ်

၄၃၂-ဂမျည်း တချောင်းငင် န-သတ်, မ-သတ်သေးသေးတင်၌ ဝေါဟာရကိုပြခြင်း

"အနန္တဂုဏ်၊ ကျေးဇူးဟုန်ဖြင့်၊ ဝသုန္ဓရာ"
"မထင်မဖုန်၊ အကျွန်ဂုဏ်ကြောင့်၊ သည်းဟုန်ဝိတိ" ၄
"နှစ်ဖလဂုဏ်၊ ကဆုန်ဂိမွန်"
"မထည်မသုန်၊ မဟာဂုဏ်တို့၊ သူရန္ဓနှ" ၅
"မထျင်မတုန်၊ နှတ်အာဂုဏ်နှင့်၊ မမှန်မမှိုင်း" ၆
"ရွှေလွန်တကြို၊ ကောဏာဂုံနှင့်၊ နှောင်းဆုံကဿပ" ၇
"သရဏဂုံ၊ ကိုယ်ထုံးထုံ၍၊ အာရုံမယွင်း" ၈
"အစဉ်းအစုံ၊ အာဂုံအာဂာ" ၉ စသည်ဖြင့်

ဝ-ယော်အကွာရာထင်သည်ကား အနန္တဂုဏ၊ ဖလဂုဏ၊ မဟာဂုဏ-ဟူသောပါဠိနှင့်အညီ အနန္တဂုဏ်၊ ဖလဂုဏ်၊ မဟာဂုဏ်ဟူ၍, ဏ-ကြီးသတ်ဖြစ်၏။ ကောဏာဂမ၊ သရဏာဂမ၊အာဂမ-ဟူသောပါဠိနှင့်အညီ မ-သတ်ဖြစ်၏။

---

၁ ကိုး * ၅၆။
၂ ကိုး * ၂၀။
၃ မင်းမယ် * ၄၆။
၄ သံ * ၁၅၀။
၅ သံ * ၇။
၆ ကိုး * ၃၃။
၇ တန်ရ * ၄၂။
၈ ဘုရော်ငြိုး * ၁၀၀။
၉ သံ * ၁၄၃။ "အာဂုံအာဂါ"။

'အာဂုဏ်' ဟူ၍ ၎င်း, 'အာဂုဝ်' ဟူ၍ ၎င်း မ-သတ်, ဏ-သတ် နှစ်ရပ်ထင်သည်ကား သဘောကွဲး၏။ 'မဣ္ဇင်မတုန်၊ နှတ်အာဂုဏ်နှင့်' ဟူ၍ နာ-ငယ်စပ်သည်ကား မဣ္ဇင်မတုန် နှတ်အား ကောင်းသော ဂုဏ်ဟူ၍ ဂုဏသဒ္ဒါကိုစွဲး၍သည်။ ။'အစဓ်း အစုံ၊ အာဂုံအာကာ'ဟူ၍ မ-သတ်စပ်သည်ကား-သရဏာဂမကို သရဏဂုံ-ဟူ၍ မ-သတ်စပ်၏ဆို အာဂမသဒ္ဒါကို စွဲး၍သည်ဖြစ်၏။ယင်းသို့ဣ္ဇင် ဂုဏသဒ္ဒါ, အာဂမသဒ္ဒါအား ဖြင့် ပါဠိမှနှင့်အညီ စပ်သည်ဖြစ်၏။ ထို၌ ဂုဏသဒ္ဒါ အနက်ကား-ဖြိုဝဏ္ဏဥ္ဇ္ဇထင်သော ကျေးဇူး ချီးမွမ်းအပ်သော အကြောင်းတည်း။ အာဂမသဒ္ဒါ၏ အနက်ကား အာ-ရှေးရှိသော ဂမုဓောတ်၏ နိပ္ဖန္နပုဒ်ဖြစ်၍ ထာရောက်ခြင်း အနက်ရှိ၏။ ထိုနှင့်လျော်စွာ အာဂုဝ်ဟူသည်ကား ကျမ်းလာသဒ္ဒါအနက်ကို ဆောင်ရွက်ပြောဆိုခြင်းအနက်တည်း။ ယင်းသို့သော သဘောအနက် ကွာဝေးကြဟန်ကိုလည်း နှလုံးသွင်းရာ၏။ 'ပျံရွှန်းရဂုံ၊ စုံသည်နှီးနော'စသည်ဖြင့် ရဂုံကို ဂငယ်ရေးကုန်သည်ကား ပါဠိမှမဆင်။ တော-ဆိုလိုသော အရာကိုပင် သူဟောင်းတို့ 'ရဂုံ' ဆိုသည်ဟူသင့်၏။ ပါဠိမှမရ မြန်မာဘာသာဖြစ်လျက် ဂငယ် ရေးကုန်သည်ကား ဖတ်သံမျှကိုသာ ရှု၏ဆို့ရှိ၏။ ဆင်ခြင်။

ဝုံ-ဝုံး-ဝုမ်း

၄၃၃-ဝဗျည်း သက်သက် တချောင်းငင် သေးသေးတင် မ-သတ်၌ ဝေါဟာရကိုပြခြင်း

ဝ-အက္ခရာကား....."ထွားထွားနှတ်ဝုံ၊ အာဂုံအာကာ"

"မပြထုံချုံ၊ အာဘော်ဝုံထျက်၊ ဆိုတုံထချင်" ၁
"နိထာပွင့်ဝုံ၊ ပေါက်ပန်းရုံဆို့၊ အပုံအဃင်" ၂

စသည်ဖြင့် အပွင့်အဝုံ,နှတ်ဝုံ-ဟူသော သေးသေးတင် မ-သတ်ထင်၏။ ။ထိုတွင် အပွင့်အဝုံ-ဟူသည်ကို ကြာမုံ အပွင့် အမုံစသည်ဖြင့် မ-အက္ခရာ ဆိုမိန့်သည်ထည်း ထင်၏။ သဘောအားဖြင့်ကား နှတ်ဝုံ-ဟူသည်၌ နှတ်ဖြင့်ဝုံသည် ဆိုလိုသောအရာကဲ့သို့ ပွင့်ချဝ်ဖြင့် ဖုံးအုပ်ထျက် ဝုံထျက်ဘည်ဒိုက်ကိုပင် 'အဖူးအမုံ'ဟူသော ဆိုမိန့်ခြင်းဖြစ်သည်။ ထိုသို့ ဝုံထျက်တည်ခြင်း ကြိယာကို ဆိုလိုသော အရာတိုင်းထည်း

---

၁ ကိုး * ၁၅၅၊"မပြထုံးချုံး၊ ....ဆို တုံထတ်ထျင်။"

၂ ကိုး * ၂၄၅၊"နိစွာပွင့်ဝုံး၊....ထပုံ ထပင်။"

မုံသည်-ဟူသော ဆိုမိန့်ခြင်း မထင်သည်ကိုထောက်လျှင် "ငုံသည်"ဟူသော ဝေါဟာရသာ မူထဖြစ်ကောင်းဖွယ်ထင်၏။

ဝိသဇ္ဇနီဆံကား....."ငယ်စွအဆုံး၊ ငုံး၏အစစ်" ၁ ....စသည်ဖြင့် တိရစ္ဆာန်၏ အမည် ငုံး-ဟူသည်၌ထင်၏။ အမြတ် အစမထင် တိုတောင်းသည်ကို ငုတ်ငုတ်တို သည်၊သစ်ငုတ်-ဟူ၍ ဆိုမိန့်ခြင်းထင်သည်တွင် "ငုံးငုံးတို၏"ဟူ၍ ဆိုမိန့်ကုန်သည်။ ထိုငုံးငုံးတို၏-ဝေါဟာရကိုယူ၍ ထိုတိရစ္ဆာန်သည် မရှည်မဝင့် တိုတောင်းသော အမြီးအတောင်ရှိသည်ကိုစွဲ၍ "ငုံး"ဆိုသည် ယူကောင်းအံ့ဆို့ရှိ၏။ ယင်းသို့ရှိသည် ကိုထောက်လျှင် ငုံး-ဟူသောအမည်၊ ငုံးငုံးတို၏-ဟူသည်တို့၌ သဘောမပြား သေးသေးတင် မ-သတ်ချည်း ယူသင့်၏။

စုန်-စုံ-စုမ်-စုံး-စုမ်း

၄၃၄-စဗျည်း၊ ဘစချောင်းငင်း-သတ်မ-သတ် သေးသေးတင်၌ ဝေါဟာရကိုပြခြင်း

စ-အက္ခရာ တချောင်းငင် ဒ-သတ်ကား....

"လွန်ကွန်ဂလုန်၊ ဆန်စုန်ရေမြေ"
"လွေဦးမျောသုန်၊ သောင်းသောင်းစုန်ခဲ့၊ သူပုန်တကာ" ၂

စသည်ဖြင့် အောက်သို့စုန်သည်ဆိုသောအရာထင်၏။

သေးသေးတင် မ-သတ်ကား...."စက္ခုမစုံ၊ ပညာကြီကို၊ လုတုံတို့ဝယ်"
"ရှင်တော်ဓြေစုံ၊ ထိပ်ထက်ခြိမ့်၊ မျိုးပုံတစု" ၃
"မကြာပြည့်စုံ၊ နေ့ရက်ကုံလိမ့်၊ ကြေးမုံစက္ခု"
"ပထင်အစုံ၊ ပြီးစေတုံသည်၊ လုံချုံလေးဆယ်ကိုးဆူတည်း"

စသည်ဖြင့် အပြည့်အစုံ,အစေ့အစုံ-ဆိုသောအရာထင်၏။ ။ထိုထွင် ၂-ခု ၄-ခုစသည် ဖြင့် ခေါက်ချိုးသံ၅မျှသည်ကို 'စုံသည်'မမျှသည်ကို 'မစုံ'ဆိုသောအရာလည်း ထင်၏။ ၃-ခု ၅-ခု စသည်ဖြင့် ခေါက်ချိုးသံ၅မမျှသော်လည်း အင်္ဂါစုံထောက်သည်ကို ရတုသုံးပိုဒ်စုံသည်၊ အင်္ဂါငါးပါးစုံသည်၊ ခက်မငါးဖြာစုံသည်-စသည်ဖြင့် အင်္ဂါ

---

၁ မြား * ၁၁၇၊ "ငုံးကိုမလွန်။" ၃ ကိုး * ၂၃၇။
၂ ပုံတောင် * ၃၂။

အပြည့်အစုံ၊ အစေ့အစုံ၊ စေ့စုံသည်ဆိုသောအရာထင်၏။ ဤကြောင်း တစိတ်ကွဲဟန်ကို သတိရှိစေခြင်းငှာ ထုတ်လိုက်သည်။

မ-သတ် ပိသဇ္ဇနီသံကား....

"သံပဟုံးစုံး၊ ဖက်ခဲကြိုးသား၊ အားသုံးထောင်ထား" ၁
"ပြောထူးတံစုံး၊ ကျွန်းထင်းတိုးကို၊ အလုံးပုတ်ချိုး" ၂
"လူဝယ်လူစုံး၊ မျက်မုံးလည်းကျိုး" ၃
"သောင်းခြောက်ထောင်လုံး၊ နတ်စုံးကိုးကိုး"

စသည်ဖြင့် ဟုံးစုံးသည်, နတ်စုံး-ဆိုသောအရာထင်၏။ ။ထိုဌ် တံစုံးဟူသည်, နတ်စုံးဟူသည် အရထူးသင့်ဟန်ကို အောက်၌ဆိုခဲ့ပြီ။ "တိခင်ပဲစုံးစုံး၊ ကမ္ဘာလုံးလည်း၊ ပတ်ကုံးပူအပ်"ဟူ၍, ပါရမီခန်းစပ်သောအရာကဲ့သို့ စုံးစုံးနှစ်သည်၊ စုံးစုံးမြေပ်သည် ဆိုသောအရာကား အလွတ်ပြောဆိုခြင်းသာထင်၍, ပျိုလက်ာတခြားမထင်မိ။စုပ်စုပ်မြေပ်သည်, စုပ်စုပ်နစ်သည်ဆိုသောအရာနှင့် မကွဲသင့်ပြီ။ အချို့ကား စုန်းစုန်းနစ်သည်, မြေပ်သည်၊ နတ်စုန်း-ဟူသည်ကို နှ-သတ်ကုန်၏။ ဆင်ခြင်။

ဆုန်—ဆုံ—ဆုမ်၊ ဆုန်း—ဆုံး—ဆုမ်း၊ ဇုန်—ညုန်း

၄၃၅-ဆဗျည်း တချောင်းငင် နှ-သတ်, သေးသေးတင် မ-သတ်၌ ဝေါဟာရကို ပြခြင်း

ဆ-အက္ခရာ တချောင်းငင် နှ-သံတ်ကား....

"ပူပြင်းကဆုန်၊ ဝေါဟာကုန်၍၊ နယုန်ဆန်းတက်" ၄
"နှစ်ဖထဂုဏ်၊ ကဆုန်ဂိမ္ဗန်"
"လျောက်ထကုန်သော်၊ ကဆုန်သာလည့်"

စသည်ဖြင့် ထကဆုန်ဆိုသောအရာထင်၏။ ။"ရအယုံပင်-မျှမစုံခင်-ထကဆုံတွင်"၅ ဟူ၍, မ-သတ်စပ်အင် အချို့ဆိုကုန်၏။ထမည်၌ နှ-သတ်သာဟူ၍, ဆူဟောင်းတို့ ဆိုကုန်သည်နှင့်အညီ 'တန်ခူးကဆုန်၊နယုန်တန်းဆောင်မုန်း'ဟူ၍, နှ-သတ်သာထင်၏,

---

၁ ကိုး * ၁။
၂ ဆု * ၁၀၅။
၃ မင် * ၃၅။"လူဝယ်လူစုန်း၊ မျက်မုန်းလကျိုး။"
၄ တန်ရ * ၁၀။
၅ ဇင်းမယ်မိဖုရားဆိုရတု၊ ထက်ပဲနေ့ရထာ ရတု * ဂ ၂။"ထကဆုံထျင်။ မျှမစုံခင်။ ရအယုံပင်။"

သေးသေးတင် မ-သတ် မထင်ခြင်းကြောင့် ထည်းကောင်း, နှ-သတ်စပ်သည်သာ စာခိုင်အများ ထင်သောကြောင့်ထည်းကောင်း နှ-သတ် သင့်အံ့သို့ရှိ၏။

အသံတူ မ-သတ်ကား....“အကြိုက်ဘုန်းဆုံ၊ တကြိမ်တုံထည်း၊ လုဘုံတုလွတ်”
“မေတ္တာပေါင်းဆုံ၊ ထည့်ထိုက်တုံ၍၊ စုံစုံမက်မက်” ၁
“မင်းစည်းစိမ်တုံ၊ ခရီးဆုံဝယ်၊ ပြည့်စုံခိုင်ဖြိုး” ၂
“ထေးပါးမျိုးပုံ၊ ထက်အုပ်ဆုံသား၊ အစုံနှစ်ဘက်” ၃

စသည်ဖြင့် ပေါင်းဆုံသည့်, ကြေးငွေဆုံသည့်, ဆုံကျော်ဆို-ဆိုသောအရာထင်၏။ ။ ထို၌ ကြေးငွေဆုံ၏-ဟူသည်ထည်း စုရုံးပေါင်းဆုံသည်ပင်။ ။ဆုံကျော်ဆို ဆိုသော အရာထည်း အောက်၌ ဆိုခဲ့သည်နှင့်အညီ ချင်းပြုတ်စသည်တို့ကို ပေါင်းဆုံရာ အဆောက်အဦဖြစ်၍ သဘောမကဲသည်ပင် ဖြစ်၏။

တချောင်းငင် နှ-သတ်ဝိသဇ္ဇနီသံကား....
“ကြမ္မာနှင့်ဘုန်း၊ ချိန်ဆုန်းတော်လှ”
“တကာမင်းဘုန်း၊ ချိန်ဆုန်းနာထိုက်”
“သန္တာရင့်တုန်း၊ ချိန်သင့်ဆုန်၍၊ ရွှေဘုန်းညွှန့်ရှင်”
“အမျက်ဆုန်းဆုန်း၊ ရန်သူမုန်းလှ၊ ရုန်းခဲ့ဝါကို”
စသည်ဖြင့် ချိန်ဆုန်းသည်-မျက်ဆုန်းသည် ဆိုသောအရာထင်၏။

ထိုနှင့်အသံတူ မ-သတ်ကား....
“အစအဆုံး၊ ကုန်အောင်ကျုံးမှ၊ ပတ်ကုံးဝန်းထွား” ၄
“ထိုသို့မြဲဆုံး၊ သုံးသည်သီတင်း”
“သီထမြတ်ဆုံး၊ ပလဲးကုံးကို၊ နှလုံးတိုက်ထဲး” ၅
“ဖြိုးဖြိုးကြီးဆုံး၊ ဖြင်ဝိုပုံးသား၊ သီးလုံးဝယ်ထွ”
စသည်ဖြင့် အဖျားအဆုံးဆိုသောအရာ ထင်၏။ ။ဤ၌ မ-သတ်ကား အဝိုင်းအခြား၏ အဆုံးအဖျားဆိုသောအရာဖြစ်၏။ နှ-သတ်ကား ချိန်တွက်ဆုန်းဆသည်၊ ပျက်စီး

---

၁ တန်ရ * ၃၄။
၂ ကိုး * ၄၀။
၃ သံ * ၁၂၊ “ထက်အုပ်ခြိုသည်။”
၄ ဘူပေါင်း * ၁၂။
၅ ကိုး * ၂၀၉၊ “သိမ်းဆောင်ကျုံး၍”
၆ ဘူပေါင်း * ၇။

ဆုန်းပါးသည်၊ ဆုန်းရှုန်းသည် ဆိုသောအရာဖြစ်၏။ ။ဆုန်းဖြတ်သည် * ဆိုသော အရာလည်း အခန့်အရန်ဆုန်းဆ၍ ဖြတ်ပိုင်းခြားနားသည်ပင်ဖြစ်၍ 'ဆုန်းဆသည်' ဟူသော အနက်လည်းကောင်း ဖြစ်သင့်၏။ ။ပျက်ဆုန်း၏-ဟူသည်ကား ဆုံဖျင်း ဟူသည်နှင့် သဘောနီးချဉ်း၏။ ။ဆုန်းဟင်းသပဒါး-ဟူသည်လည်း နှ-သတ်ဖြစ်သင့်၏။

"သီလပဇ္ဇုန်၊ မိုးရွာဟုန်ဖြင့်၊ မအုန်မအောက်" ၁
"ထက်မြင့်တိမ်မှန်၊ ရေပြဲခုန်သည်၊ ပဇ္ဇုန်ခါလွန်ဘိသောကြောင့်" ၂

စသည်ဖြင့် ဇကွဲးတချောင်းငင် နှ-သတ်ထင်သည်ကား ပဇ္ဇုန္ဒ-ဟူသော ပါဠိ၌မှထင်၏။ ထို၌ ပစ္စုန်-ဟူ၍ စလုံးရေးသည်ကား သဒ္ဒါမှကို သတိမထား၍သည် ဖြစ်ရာ၏။ ပဇ္ဇုန္ဒသဒ္ဒါကို "ပဇာယ အန္ဒံပဝတ္တေတိ" ဟူ၍ ဟေတုကတ္တုသာဓ်၊ "ပဇာယအန္ဒံ ပဝတ္တေတိ တေနာတိ" ဟူ၍ ကရဏသာဓ်ဝိဂြိဟ်ကို ဆရာတို့မိန့်သောအရာ၌ ပဇာ-ဟူသော ပုဒ်ထင်သဖြင့် ပဇ္ဇုန္ဒ-ဟူ၍ ဇကွဲးထင်သာသည်ဖြစ်၏။

ညောင်းညောင်းညှဉ်းညှဉ်း၊ မိုးနှယ်အုန်း၍၊ ချုန်းချုန်းကျဉ်းကျဉ်း။ ၃ ။ညောင်း ညောင်းညှဉ်းညှဉ်း၊ လူမင်းဘုန်းထည်း၊ မနှန်းလျှဉ်ထိုက်" ၄ ဟူ၍၊ ည-အက္ခရာ တချောင်းငင် နှ-သတ်ကား တပါးပျိုလင်္ကာအဆိုနည်း၏၊ အလွတ် ပြောဆိုခြင်းမျှ သော်လည်း နည်းအံ့သို့ရှိ၏။

တုန်—တုံ—တုမ်၊ တုန်း—တုံး—တုမ်း၊ ဒုံ—ဒုန်—ဒုမ်

၄၃၆—တပျည်း တချောင်းငင် နှ-သတ်၊ မ-သတ် သေးသေးတင်၌ ဝေါဟာရကို ပြခြင်း

တ-အက္ခရာ တချောင်းငင် နှ-သတ်ကား....

"မလျှင်မတုန်၊ နှုတ်အာဂုဏ်နှင့်" ၅
"ဖိန့်ဖိန့်လည်းတုန်၊ မြည်တမ်းကုန်၏။ ။မကျစ္စာန်ဟုန်၊ မတုန်မလှုပ်" ၆

---

* "သိရိတုလွတ်၊ ဥာဏ်ဆုန်းဖြတ်ထွက် ထောင်းမြတ်ဖွယ်ရာ။" ရာဇမဏိစူဠာ ကျောက်စာ၊ သာသန ရောင်ခြည်၊ အတွဲ ၁၊ အမှတ် ၄၊ ၉၉။ "အရွက် ဖြတ်ရယွေအဆုံ အဖြတ် မိန်အော်။" လောကထိပ်ပန် ၅၆၊ ဇနကဇာတ် မင်စာ။

၁ ကိုး * ၉၃။
၂ နောင်၊ "စက်ပြသာဒ်ထျင်-ချီ (တ) ရေမြူးခုန်သည်။"
၃ ဆု * ဂ၊ "ချုန်းချုန်းကျည်ကျည်၊"
၄ ဘုံ * ၃။
၅ ကိုး * ၃၃။"မထျင်မထုန်။"
၆ ဘူဝေါင်း * ၁၀၃။

"ချောင်းချောင်းမျက်ဟုန်၊ ခွဲခွဲတုန်မျှ၊ ဆူမှုန်ပြင်းစွာ" [၁]
"ထန်ကြောက်ပြင်းဟုန်၊ ခွဲခွဲတုန်ဟု၊ ဆိုကုန်အချင်း" [၂]

စသည်ဖြင့် တုန်ယင်,တုန်လှုပ်သည်-ဆိုသောအရာထင်၏။

မ-သတ်ကား....

"ထာစေကိုယုံ၊ မြို့ပတုံကို၊ ရန်ခွဲရန်မြစ်" [၃]
"ရေးထုပြောက်စုံ၊ နိတုံအတိ။ ။ရည်ပျော်နိတုံ၊ ဝတ်လုံပုဆိုး"
"ယင်းသည်ကတုံ၊လုတုံသည်မှာ။ ။ထိုစကားတုံ၊ ဒေါသခြိုတွင်"
"ကျထတုံတုံ၊ ဝိုက်ခြိုငြိထ။ ။ပေါ်ထတုံတုံ၊ တလုံလဲးလဲး"

စသည်ဖြင့် မြို့မည်ပတုံ,ရွှေမည်နိတုံ, ပြုတုံ,မူတုံ,ပြုတုံတုံ, မူတုံတုံ-ဆိုသော အရာထင်၏။ ။ထိုတွင် ရွှေနိတုံကို သေးသေးတင် မ-သတ်အစပ်ထင်၍ ထုတ်ထိုက်သည်။ နိဏ္ဍုနဟူသော်ပါဠိနှင့်အညီ နသော်ထည်း သတ်ကောင်း၏။ ။ပြုတုံတုံ၊မူတုံတုံ စသည်ဖြင့် နှစ်ထပ်ဆိုသည်ကား 'အဖန်တလဲးလဲးပြုမူ၏' ဟု ပြုခြင်း ကြိယာအများနှုန်းပြားစေခြင်းငှာ ဝိစ္ဆာအနက်အားဖြင့် ထပ်ဆိုမိန့်ခြင်းတည်း။ဝိစ္ဆာအနက် အာမေဋိတ်အနက်တို့၏ သဘောကို အောက်၌ ခွဲးခဲ့တိုင်း နှလုံးသွင်းရာ၏။ ။"ပုပ္ပဟဒုံ၊ ကြာဖူးမုံထျင်၊ တိမ်ခြိုပယ်ထွန်း" စသည်ဖြင့် ကြာပဒုံ-ဆိုသော အရာကား ပဒုမ-ဟူသော ပါဠိဓိဝေါဟာရတည်း။

တချောင်းငင် န-သတ်ဝိသဇ္ဇနီသံကား....

"မိုးပန်းပွင့်တုန်း၊ တန်းဆောင်မုန်းဝယ်၊ မအုန်းဝသာ" [၄]
"ဆင်းရွှယ်တက်တုန်း၊ ဘုန်းထည်းတက်ခါ" [၅]
"ခမည်းရွှယ်တုန်း၊တဖြုန်းဖြုန်းသည်၊ ရွှေဘုန်းနှိုင်းတက်မထင်တည်း"
"မြွေးရှင်စံတုန်း၊ ချိန်ဆုန်းခန့်တွက်။ [၆] ။ထက်ဘမြည်ရွှန်း၊ ပတုန်းပျံဝဲ"
"နက်စင်ပတုန်း၊ တောင်ပံနှုန်းထျက်၊ မပြုန်းမကျည်" [၇]
"ရှင့်ကြွေ့ဖြုန်းဖြုန်း၊ ထေသင်တုန်းသို့၊ ရွှန်းရွှန်း ရှည်းရှည်း" [၈]
"မိုးနှယ်ရိုက်အုန်း၊ တဖြုန်းဖြုန်းလျှင်၊ တုန်းတုန်းတင်းတင်း" [၉]

---

၁ ဘူပေါင်း * ၄၅။
၂ ဘူထင် * ၃၆၊"ထန်ကြောက်ပြင်း တုန်၊ ဖိမ့်ဖိမ့်တုန်မျှ၊ ခုန်ခုန် ဆင်းဆင်း။"
၃ မင်းမယ် * ၄၂၊"ရန်ခြိုပယ်လစ်။"
၄ ဘူပေါင်း * ၅၀။
၅ ဘူထင် * ၂၀၃။
၆ ကိုး * ၂၉၃။
၇ ဘူပေါင်း * ၃၇။
၈ ကိုး * ၂၄၀။
၉ ဘူပေါင်း * ၃၀။

စသည်ဖြင့် ပွင့်တုန်း, သီးတုန်း, ပျားပတုန်း, ပဲခွဲသင်တုန်း, မြည်သံတုန်းတုန်း-ဆိုသောအရာထင်၏။

ထိုတွင် 'မြည်သံတုန်းတုန်း'ကို ဒုန္ဒုဘိ-ဟူသော ပါဠိနှင့်အညီ ဒဒွေးငယ်သော်လည်း ရေးကောင်းအံ့သို့ ရှိ၏။ 'ဒုန္ဒုသဒ္ဒေန ဥဘိ ဒုန္ဒုဘိ'....ဟူ၍ အဘိဓာန်ဋီကာ ဝိဂြိုဟ်လှစ်၏။ ဒုန္ဒုသဒ္ဒေန-ဒုန်ဒုန်အသံနှင့်၊ဥဘိ-ပြည့်စုံသည်တည်း။ ဒုန္ဒုဘိ-ဒုန္ဒုအသံနှင့် ပြည့်စုံသည်။ တတိယာ တပ္ပုရိသ် သမာသ် ဝိဂြိုဟ်။ ဤကိုထောက်သဖြင့် ပါဠိဝယ် တတိယာအက္ခရာ ထင်ကျက်လည်း ယောကဝတ်မှဉ် ပဌမက္ခရာ ဆုံးဆောင် ကုန်သောကြောင့် ပါဠိဒီပရ၊ မြန်မာဘာသာ ကေန္တဝယ်ကား တတိယာက္ခရာ, စတုတ္ထက္ခရာ အဆုံးနည်းသောအရာ ထင်သည်သာဖြစ်၏။

အသံတူ မ-သတ်ကား....

"ပြင်လှရွှေတုံး၊ အငယ်ဆုံးလျက်၊ နှလုံးဆောက်တည်" ၁
"ပညာထွန်တုံး၊ ကြည်လုံးတံပိုး" ၂
"ထင်ပစ်လင်ရှုံး၊ ထင်သစ်တုံးကို၊ နှလုံးတိမ်းပါး" ၃
"သမ္မာနှလုံး၊ မတုံးမပေ"
"ရွှေဝါဖြိုးလုံး၊ ဉာလက်ရုံးကို၊ မတုံးမြှိုက်စက်"
"မရွှင်ညိုးချုံး၊ ရမက်လုံးလည်း၊ တည်းတုံးဆိုကြ" ၄
"စီးဖြန်းတုံးတုံး၊ နှလုံးသိပ်သိပ်" ၅

စသည်ဖြင့် ရွှေတုံး, သစ်တုံး,ထွန်တုံး,အခဲအတုံး,တုံးပေသည်, တီးတုံး, တုံးသက်-ဟူသော ဆိုမိန့်ခြင်းထင်၏။ ထိုတွင် တီးတုံးဆိုသည်၊ တုံးသက် * ဆိုသည်တို့ကား 'တိုးတိုးသက်သက်'ဆိုသည် ဟူသောအရာနှင့်မကွဲး။

---

၁ ကိုး * ၁၃၀။
၂ ကိုး * ၉၃။
၃ ကိုး * ၁၀၀။
၄ ဒေး ၁၇၅။
၅ ကိုး * ၃၄။

* "ထိုဓာတ်၌၊ ထောမှလာငြား၊ မုဆိုးသားလည်း၊ထင်ရှားဆောလျင်၊ပြည့်ဆို၀ဉ်သော်၊တိုင်ပင်စကား၊တုံ့သက်ကြား၍။"ဟူထင် * ၄၇။"မတ်ကြီးကြီထက်၊ တုံ့သက်တိုင်ပင်။" ထောသာ * ၃၇။

ထုန်-ထုံ-ထုမ်-ထုံး—ဌုံ—ရိုး

၅၃၇—ထအက္ခရာ တချောင်းငင် နှ-သတ်, မ-သတ် သေးသေးတင်၌ ဝေါဟာရကို ပြခြင်း

ထ-အက္ခရာ တချောင်းငင် နှ-သတ်ကား....

"ဇီဝါမေထုန်၊ ဝင်ဟုန်သူရိန်။ ။လက်ကားမေထုန်၊ ဂထုန်ချိုကြွား" [၁] စသည်ဖြင့် မေထုန်ဟူသော ဝေါဟာရထင်၏။ ကာမဂုဏ်မေထုန်, ရာသီမေထုန်-ဟူသည်၌ အရအနက်မကွဲး၊ မေထုန-ဟူသော ပါဠိ၌လည်း မကွဲးသဖြင့် အသတ်လည်း မကွဲးသည်ဖြစ်၏။

အသံတူ မ-သတ်ကား...."ကြိုင်လွင့်ပန်းစုံ၊တောလုံးထုံသည်"

"မှတ်ထောတကြို၊ တရားထုံဝိမ္မ" [၂]

"သရဏဂုံ၊ ကိုယ်လုံးထုံ၍၊ အာရုံမယွင်း" [၃]

"ကမ်းယံပြူမြုံ၊ သထုံတလိုင်း။ ။အိပ်မက်တိတ္ထုံ၊ [၄] စံပုံမှိုးမှိုး"

စသည်ဖြင့် ပန်းနံ့သာထုံသည်, ထူမျိုးသထုံ, အိပ်မက်တိတ္ထုံ-ဆိုသောအရာထင်၏။ ။ထိုတွင် ပန်းနံ့ဆာ စသည်ဖြင့် ထုံ၏-ဟူသည်ကား အခါလေးမြင့် ထင်ဆင့်အမြဲ ခိုဝဲချေသော သဘောလက္ခဏာထင်၏။ ။ပညာထုံ၏-ဟူသည်ကား အမှတ်အစွဲးထင်ခဲသဖြင့် သတိနှလုံး မသွက်လက် ထိုင်းမှိုင်းလေးလံခြင်း ဖြစ်သော အမူအရာသည် ထုံကျဉ်မှိုင်းထိုင်းသည်နှင့်အတူ လေးလံသည်ကိုစွဲး၍ ပညာထုံသည်-ထိုင်းသည်ဆိုမိန့်၏သို့ရှိ၏။

အိပ်မက်တိတ္ထုံ-ဟူသည်၌ တိတ်-ဟူ၍ တိတ္ထု၊ မုံ-ဟူသည် ဓမ-သဒ္ဒါတို့ကိုစွဲး၍ ဆိုမိန့်သည်လည်း ဟူကုန်၏။ ဤအလိုသော် မုံ-ဟူ၍ ဓအောက်ချိုက် အရာလည်း ရေးသင့်၏။ အချို့ကား အတိတ်ဖြစ်သော ထုံးစံဆိုလိုသည် ဟူကုန်၏။ အချို့ကား ကောင်း,မကောင်းကို သိမြင်ခြင်းဌာ ထားသောအရာဖြစ်၍ 'ဒိဋ္ဌုံ'ဆိုလိုသည် ဟူကုန်၏။ ဤအလိုသော် ဒဋ္ဌေးငယ်နှင့်လည်းကောင်း, ဌဝမ်းပဲနှင့် လည်းကောင်း ရေးလို၏။ ဩဇာသာ ပမာဏာ။

ထိုဌ ဝိသဇ္ဇနိသံကား....

"ဘဉိးနည်းထုံး၊ မတော်ဆုံးသည်၊ နှလုံးမည်းနှမ်း"

---

၁ ပုံတော၀် * ၁၂။ ၃ ဘူပေါင်း * ၁၀၀။

၂ ကိုး * ၁၀၀၊"မှတ်ထောထပုံ။" ၄ ကိုး * ၉။

"မှတ်သည်ထုံးကား၊ လက်ဆုံးတံတား ကြိုးသွယ်တည်း"
"ကြိုးမကျင့်ထုံး၊ ဖွယ်ရာသုံး၍၊ သားသုံးငါးကောင်း"
"မောဟရစ်ထုံး၊ တိမ်နှယ်ဖုံးသည်၊ နှလုံးလေးတုံတုံသတည်း"
"တခြားတရုံး၊ တကြိုးထုံးဖြင့်၊ နှလုံးတခု"
"စုလည်းဆံထုံး၊ ရှောင်လုံးရှောင်ကွင်း"
"ညဉ့်နေ့ပတ်ထုံး၊ ကိုယ်လက်ချုံးမျှ၊ အိုင်ထုံးမြစ်ငယ်" ၁
"စိမ့်စုံမြကုံး၊ အိုင်ထုံးသာလှ။ ။ဆေးခဲးဆေးထုံး၊ ထုံးနှင့်အတူ" ၂

စသည်ဖြင့် ရစ်ထုံးသည်, ထုံးစံ,ဆံထုံး အိုင်ထုံး, ကျောက်ထုံး-ဟူသော ဆိုမိန့်ခြင်း ထင်၏။ ။ထိုတွင် ဆံထုံး-ဟူသည်လည်း ရစ်ထုံးသည်ဟူသော အနက်ဂင်းတည်း။ ထုံးစံ-ဟူသည်လည်း ထုံးအဝိုင်း ဆိုလိုသော အရာကဲ့သို့ရှိ၏။ ။အိုင်ထုံး-ဟူသည်လည်း ချိုင့်ဝှမ်းသဖြင့် စီးဝင်သောရေ ရပ်အောင်းရာ အထုံးအဝိုင်း ဖြစ်သည်ကိုစွဲးမူသဘောနိုးရိပ်ရှိ၏။ ဆင်ခြင်။

နုန်း- နုံး-နုမ်း-နှုန်း

၄၃၈-နပျည်း တချောင်းငင် နု-သတ်,မ-သတ်သက်သက်
ဟဆွဲး သေးသေးတင်၌ ဝေါဟာရကို ပြခြင်း

နဝယ် တချောင်းငင် နု-သတ် ဝိသဇ္ဇနီဆံကား....
"ပင်လှတနုန်း၊ ထန်းနှင့်အုန်းလည်း၊ ဘုန်းလကောင်းသာ"
"ပင်လှတနုန်း၊ ထန်းအုန်းပင်စောက်" ၃

စသည်ဖြင့် တနုန်းဟူသော သစ်ပင်အမည်ထင်၏။ ဤ၌ တနုန်းဟူသည်ကား အစပ်တွေ့ခဲးအံ့သို့ရှိ၏။

ထို၌ ဟဆွဲးကား...."မြေပြင်မနှုန်း၊ ငသားဘုန်းကြောင့်"
"ချစ်သော်ချစ်နှုန်း၊ မုန်းသော်မုန်းတုံ"
"မြေပြင်မနှုန်း၊ ဘုန်းထက်ရုံးကို"
"တေဇရွှန်းရွှန်း၊ နတ်ရှင်ဘုန်းကြောင့်၊ မြှုနှုန်းပရမာ"

---

၁ ဘူထင် * ၂၅၀။
၂ ဘူထင် * ၃၆၄။
၃ ဘုံ * ၉၉၊ "ကညင်ဓနုန်း။"
၄ ကိုး * ၂၇၃။

စသည်ဖြင့် နှိုင်းနှုန်းသည်, နှုန်းစံသည်–ဆိုသောအရာထင်၏။ ။နုံးချည့်၊ ပျောင်းနုံးသည်–ဆိုသောအရာကို သေးသေးတင် မ–သတ် ဟူသင့်၏။

ပုန်–ပုံ–ပုမ်၊ ပုန်း–ပုံး–ပုမ်း၊ မြုံ–မြိမ်၊ မြိန်း–မြုံး–မြိမ်း

၄၃၉–ပအက္ခရာသက်သက် ရစ်လျက် တချောင်းငင် န–သတ်, မ–သတ်၌ ဝေါဟာရကို မြခြင်း

ပ–အက္ခရာ တချောင်းငင် န–သတ်ကား....

"ဝင်ဝံသာသည်ပုန်၊ တိမ်းညွတ်ကုန်လျက်၊ လျှင်ဟုန်မြစ်ဝ"
"ကြိမ်းပမ္ဘူးခုန်၊ ခံထင့်ကုန်သည်၊ သူပုန်ရန်လိုစုံးစုံးတည်း"
"လွှေဦးမျောသုန်၊ သောင်းသောင်းခုန်ခဲ့၊ သူပုန်တကာ" ၁

စသည်ဖြင့် သူပုန်သူကန် ဆိုသောအရာထင်၏။

အဆံတူ သေးသေးတင် မ–သတ်ကား....

"တကာမျိုးပုံ၊ မှတ်ရတုံအုံ၊ ဆက်ရုံညီအောင်" ၂
"ထေးပါးမျိုးပုံ၊ လက်အုပ်ဆုံသား၊ အစုံနှစ်ဖက်" ၃
"မစုမပုံ၊ မယုံမနှံ။ ။သခင်ချစ်ပုံ၊ ယုံစခေါက်ရက်"
"ရာသီလဲအုံ၊ ကင်းပုံကျိုးအာ" ၄

စသည်ဖြင့် စုပုံသည်, ကျိုးအာ, ကင်းပုံ–ဆိုသောအရာထင်၏။ ။တီးသည့်ပုံလည်း နည်းတူရေးသင့်၏။

ရစ်လျက် သေးသေးတင် မသတ်ကား...."တိတိရက်ပုံ၊ တပြုံပြည်းဖြည်း" ၅
"ခေါက်နှစ်တုံတုံ၊ တပြုံပြည်းဖြည်း"

စသည်ဖြင့် တပြုံပြည်းဖြည်း–ဆိုသောအရာ၊ တပြုံထုံး–ဆိုသောအရာမျှသာထင်၏။ ထိုတပြုံထုံး–ဟူသော ဆိုမိန့်ခြင်းကား စာပေမတွေ့။

တချောင်းငင် န–သတ် ဝိသဇ္ဇနီသံကား....

"တောဂ့မ်းပျော်ပုန်း၊ ရသွေဘုန်းကား၊ မျက်မှန်းကျိုးဖွယ်" ၆

---

၁ ပုံတောင် * ၃၂။
၂ ကိုး * ၃၊ "ထက်ရုံညီအောင်။"
၃ ဆံ * ၁၂။
၄ ဘုံ * ၂၀၊ "ယာဆိုင်အုံ။"
၅ ကိုး * ၂၇၂၊ "တပြုံပြည်းဖြည်း။"
၆ ကိုး * ၄၀။

"မိုးရွာထစ်အုန်း၊ လုပ်ဆောင်တုန်းဝယ်၊ လျှိုးပုန်းစုံဖြား" ၁
စသည်ဖြင့် ပုန်းလျှိုးသည်-ဆိုသောအရာထင်၏။ ။လွယ်သည့်ပုံး၊ ရေပုံးတို့ကား စာဟောင်းမထင်။ နောင်မှပေါ်သော ဝေါဟာရဖြစ်၍ ပညတ်မျှ ယူသင့်သော ကြောင့် သေးသေးတင် မ-သတ် ရေးကောင်းအံ့သို့ရှိ၏။

ရစ်၍တချောင်းငင် န-သတ်ကား....

"ထွက်ဝင်မြောက်စည်....ပြွန်းပြွန်းတည်း"
"ပဇုန်ရိုက်မြည်....ချုန်းချုန်းတည်း"
"မိုးနယ်ရိုက်အုန်း၊ တဖြုန်းဖြုန်းလျှင်၊ တုန်းတုန်းတင်းတင်း" ၂
"နက်စင်ပတုန်း၊ တောင်ပံနှုန်းလျက်၊ မပြွန်းမကျည်" ၃
"သံချေးဖျက်ဖြုန်း၊ သံထွေပြွန်းသို့၊ နတ်မုန်းကြီမှား" ၄

စသည်ဖြင့် မြည်သံပြွန်းပြွန်း, ပျက်ပြွန်းသည်ဆိုသော အရာထင်၏။...."နတ်များ အလုံး၊ အောင်စည်ရုံးလျက်၊ ပြုတ်ပြုံးမရုံ" ဟူ၍ဥတ္တမရာဇ မင်းသမီး ဧးချင်းတွင် 'ပြုတ်ပြုံး' ဟူသည်ကိုသေးသေးတင် မ-သတ်စင်သည်ကား မြည်သံပြုံးပြုံးဟူသည် ပင်။ထိုသို့သော်ထည်း စာဟောင်းခိုင်ရာ အစဉ်များရာ ယူကောင်း၏။ ယျိုဆရာတို့ပင် ဝါဒမညီသည်ထည်းရှိ၏။ ဆင်ခြင်။

သေးသေးတင် မ-သတ်ကား....

"မရွှင်မပြုံး၊ ဒေါသဖုံးသည်၊ နှလုံးမဖြူမထွားတည်း"
"မရွှင်မပြုံး၊ နှလုံးအနာ။ ။ဂိမ္ဘာလုံးလုံး၊ ဝါပြုံးလိုလို" ၅
"ရန်စစ်မတုံး၊ မီးနှယ်ပြုံးမူ၊ လက်ရုံးရောင်ဝါ" ၆

စသည်ဖြင့် ရွှင်ပြုံးသည်, ပွားပြုံးသည်-ဆိုသောအရာထင်၏။

ဖုန်-ဖုန်း-ဖုံး-ဖုမ်း-ဖြုန်း

၄၄၀-ဖဗျည်း သက်သက် အရစ် တချောင်းငင် န-သတ်, မသတ်၌ ဝေါဟာရကို ပြခြင်း

ဖ-အက္ခရာ တချောင်းငင် န-သတ်ကား....

"မထင်မဖုန်၊ အကျွန်ဂုဏ်ကြောင့်၊ သည်းဟုန်ဝိတိ" ၇

---

၁ ကိုး * ၉၅။
၂ ဘူပေါင်း * ၇၀။
၃ ဘူပေါင်း * ၇၇။
၄ ပုံတောင် * ၃၀။
၅ ပုံတောင် * ၅၊ "ရန်မြစ်မတုံး။"
၆ သံ * ၁၅၀။

"နှုတ်ခွန်းဖုန်ဖုန်၊ မအုန်မတက်" ၁
"နှုတ်ထျာမဖုန်၊ ပါထင့်ကုန်"

စသည်ဖြင့် မထင်မဖုန်၊ နှုတ်ထျာမဖုန်သည် ဆိုသောအရာထင်၏။ ဤ၌ 'ဖုန်၏'ဟူသည်ကား သွက်လက်ပေါ့ပါးသည်ကို ဆိုလိုသောအရာကဲ့သို့ရှိ၏။ ။(ဖုတ်-မှာ ပြန်ကြည့်ဦး၊)

ထို၌ ဝိသဇ္ဇနီသံကား....."တကာမင်းဖုံန်း၊ ချိန်ဆုန်းနာထိုက်"
"ဆင်းရွယ်တက်တုန်း၊ ဖုန်းထည်းတက်ခါ" ၂
"တောဂမ်းပျော်ပုန်း၊ ရဟန်းဖုန်းကား" ၃

စသည်ဖြင့် ဖုန်းအာဏာ ဆိုသောအရာထင်၏။ ဤ၌ စတုတ္ထကွရာ ဆကုန်းရေးကုန်သည်ကား ဆဂ-ဟူသောပါဠိကိုမှီသည် ဟူကုန်၏။ ပဒုမသဒ္ဒါကို ပဒုံ၊ ဘူမသဒ္ဒါကို ဘုံ-ဟူသကဲ့သို့ ပါဠိမှီ မနီးချဉ်းလေ၊ ဆဂ၌ ဘ အက္ခရာဝယ် ဥသရထည်းမထင်။ (ဂ-အက္ခရာဝယ် ဥသရထည်းမထင်) * ဂ-အက္ခရာထည်း အသတ်မဖြစ်လေခြင်းကြောင့် အစွဲးကွာဝေးရာခဲ့သည်။ ပါဠိကို ထောက်မှီထိုသော် ပုညသဒ္ဒါ ဖုန်းကို ဟောဏ်။ ထို၌ ပ-အက္ခရာဝယ် ဥသရထည်း ထင်ပြီ။ ညဂ-အက္ခရာ နှ-သတ်ဖြစ်သင့်၏။ဆုညသဒ္ဒါကို 'ဆုန်းသည်'ဟူ၍ နှ-သတ်ဖြစ်သည်နှင့် တူအံ့သည်။ ပဌမက္ခရာ ပ-ကို ဒုတိယက္ခရာ ဖ-နှင့် လွယ်သော်လည်း အက္ခရာ လွယ်ရိုးကျပင် ဖြစ်သည်။ အက္ခရာ နီးချဉ်းသည်။ ဤမျှအက္ခရာပြန်သော အရာထည်း ရှိသင့်သည်သာ ဖြစ်၍ ယုတ္တိတန်အံ့သို့ရှိ၏။ ရှေးသူဟောင်းတို့လည်း ဖဉီးထုပ်ပင် ရေးသည်ထင်၏။ ထိုသို့ ထျက် ယခုကာဃ ဘကုန်းရေးကုန်သည်ကား အရေးအရာ ကျွန်းကျင် လေ့လာရာ ရေးမှတ် ကုန်သည်သာ ဖြစ်ရာ၏။

ထိုနှင့်အဆံတူ မ-သတ်ကား....
"မဖွင့်ဝိတ်ဖုံး၊ သူ့နှလုံးကို၊ ကျုံးဘိသောလား" ၄
"လွှမ်းဝိတ်ဖုံးသား၊ နှလုံးသခ်မ်း။ ။မပျဉ်းဖုံးထျက်၊ ပတ်ကုံးရံပြီး" ၅
"သဘင်မီးဖုံး၊ ဆော်ညှိရုံးသည်၊ ပြည်လုံးဝန်းကျင်"

စသည်ဖြင့် လွှမ်းဖုံးသည့်,မီးဖုံး-ဆိုသော အရာထင်၏။ ဤ၌ မီးဖုံး-ဟူသည်လည်း

---

၁ ကိုး * ၁၀၀။
၂ ဘူထင် * ၂၀၃။
၃ ကိုး * ၄၀။
* ကွင်းအတွင်းစာဝိဓိ ဝိုနေသည် ထင်သည်။
၄ သံ * ၃၀။
၅ ဘူပေါင်း * ၂၇။

ချမ်းဧခြင်းတို့ကို လုံစေခြင်းငှာ ဖုံးလွှမ်းသည်ဟူ၍ သဘောကြီမှု ဖုံးလွှမ်းခြင်း အနက် ၎င်းတည်း။

ရစ်၍ တချောင်းငင် နှ-သတ်ကား.... "ခိုးခြင်းဖျက်ဖြုန်း၊ မုန်းသားရန်သူ"
"ကြက်ထျင်ဖြုန်းဖြုန်း၊ ပျံထွက်ရှုန်းသို့၊ ပြေးပုန်းရှောင်ရှား"
"ရှင်ကြော့ဖြုန်းဖြုန်း၊ လေသင်တုန်းသို့၊ ရှုန်းရှုန်းရှည်းရှည်း" ၁
"မလေးရွေဖြုန်း၊ ဂမုန်းရွှေသား"

စသည်ဖြင့် ဖျက်ဖြုန်းသည်, ဖြုန်းဖြုန်းပျံသည်, အမှုန့်အဖြုန်း-ဆိုသော အရာထင်၏။ ။ထိုတွင် ပျက်ပြုန်း၏-ဟူသည်ကား အလိုအလျောက် ပျက်ခြင်း ပြုန်းခြင်း ဟူသော သုဒ္ဓအနက်၊ ဖျက်ဖြုန်း၏-ဟူသည်ကား ပျက်စေ ပြုန်းစေသည် ဟူသော ကာရိုက်အသံ အနက်မျှသာဖြစ်၍ 'ပြုန်းသည်၊ဖြုန်းသည်' ဟူ၍ ရစ်ခြင်း နှ-သတ်ခြင်း မကွဲ၊ ပ-အက္ခရာ ဖ-အက္ခရာမျှသာ ကွဲသည်ဖြစ်၏။ အမှုန့်အဖြုန်း၊ ဆန်ကွဲး-ဆန်ဖြုန်း-ဆိုသောအရာကား အစပ်နည်းအံ့သို့ရှိ၏။ ။[အသံတူ မ-သတ်ကားမထင်]။

မုန်-မုံ-မုမ်-မုန်း,မှုန်-မှုန်း, မြုံ-မြုမ်-မြုံး

၄၄၁-မဗျည်းသက်သက် ဟဆွဲး တချောင်းငင် နှ-သတ်, မ-သတ် သေးသေးတင်၌ ဝေါဟာရကို မြခြင်း

မ-အက္ခရာ တချောင်းငင် နှ-သတ်ကား....
"ရင့်ကြာကြွေးဟုန်၊ မြေမိုးတုန်မျှ၊ စမုန်မြစ်သာ" ၂
"တောအားမကုန်၊ မျက်မာန်ဟုန်ဖြင့်၊ ပါးမုန်စက်စက်"

စသည်ဖြင့် မြစ်စမုန်,လောဘ-ဒေါသ-ဟူသောမုန်ဆိုသော အထင်၏။ ။ဤ၌ မုန်-ဟူသည်ကား သည်းထန်သောအစွမ်းဂုဏ် အခြင်းအရာထင်သည်ကို ဆိုမိန့်ခြင်းတည်း။ ထိုနှင့်လျော်စွာ ပြင်းထန်သောလေကို 'မုန်တိုင်း' ဆိုသောအရာထင်၏။ ။မုန်ကျဆွင်သွင်၊ ဌေညောင်းဆင်သို့။ ။မုန်ကျင်ပြိမိန်း၊ ဆင်နှယ်တိန်းလျက်။ ။ဒေါသမုန်ယို ဖပ်ဖပ်စိမ့်မျှ"စသည်ဖြင့် လောဘဇော,ဒေါသဇောသည် ပြုအပ်သော စိတ္တဇအာဟေါ အဓိကရုပ်သည် ကျယိုသည်ကို မုန်ကျသည်,မုန်ယိုသည် ဆိုမိန့်သော အရာတို့ကိုသာ ထင်၏။ ။မြစ်စမုန်-ဟူသည်ကိုကား အမည်မျှထည်း ဟူသင့်၏။ စီးသောရေယဉ် ထန်ပြင်းသည်ကိုစွဲး၍ 'စမုန်'ဆိုသည်ထည်း ယူသင့်၏။ဆင်ခြင်။

---

၁ ကိုး * ၂၄၈။ ၂ ပြည်စုန် * ၁၅။

အသံတူ မ-သတ်ကား....

"နီလာပွင့်မုံ၊ ပေါက်ပန်းရုံသို့၊ အပုံအယင်" ၁
"ထက်စွင်ကြေးမုံ၊ ပတ်ခြံဆင်းတု"
"မွေးဘကြေးမုံ၊ ညီနောင်စုံကို၊ ရှုတုံအင်တက်" ၂

စသည်ဖြင့် ပန်းမုံ၊ ကြေးမုံ- ဆိုသောအရာထင်၏။ ။ဤ၌ ပန်းမုံ၊ ပန်းငုံ-ဆိုသည်ကား အရမထူး၊ အောက်၌ * ဆိုခဲ့တိုင်း နှလုံးသွင်းရာ၏။ ။ကြေးမုံ- ဟူသည်ကို အမည်မျှထည်း ဟူသင့်၏။ ကြေးစင်ဖြင့် အပွင့်အငုံကဲ့သို့ ပြုသည်ဟူသော အနက်ကို ယူမူ ယခင် အပွင့်အမုံ-ဟူသော ဝေါဟာရထည်းကောင်းတည်း။ သဒ္ဒါမှ၌ကား ကြေးမုံ-ဟူသည်ကို အမုံအငုံဟောပါ၌မထင်။ အာဒါသ-ဟူသောသဒ္ဒါ ထူးသင့်သောကြောင့် အမည်ပညတ်မျှဟူသည်မှာ သင့်နိုး၏။ ဆင်ခြင်။

ဟဆွဲး တချောင်းငင် န-သတ်ကား....

"ရေထဲးဆူမှန်၊ ထံဝိုးခုန်မျှ၊ အဟုန်ထန်သည်း" ၃
"တိမ်ထည်းရန်မှန်၊ နှင်ခြိမ်းဟုန်ဖြင့်၊ ဝသုန္ဓရာ" ၄
"မာန်စောင်မမှန်၊ မသုန်မထည်" ၅
"မဏ္ဍင်မတုန်၊ နှတ်အာဂုဏ်နှင့်၊ မမှန်မမှိုင်း" ၆

စသည်ဖြင့် ဆူမှန်,ဝေမှန်-ဆိုသောအရာထင်၏။ ။ဤ၌ မှန်-ဟူသော ဝေါဟာရသည် ဝိတ်ဆို့မှိုင်းဝေသည် ဟူသောအနက်တည်း။ မာန်ဇောသမှန်၊ ရန်မှန်၊ မြဲမှန်၊ တိမ်မှန်ဟူသည်တို့ထည်း ရန်မာန်တိမ်မြဲ ဟူသော အမြွေးအယှက် ဖုံးလွှမ်းဆီးကာ၍. မရှင်းမသင်း ဝိတ်ဆို့မှိုင်းဝေသည်ဟူသောအနက် ထင်၏။

ဤ၌ 'ဖုန်' ဟူသည် 'မှန်' ဟူသည်ကိုအချို အပြားမဲ့ဆိုမိန့်ကုန်သည်ကား အကြောင်းအကျိုး မချဉ်ပစာခဲ့၍. နှလုံးသွင်းကောင်းအံ့သို့ရှိ၏။ ဖုန် ဟူသော်ကား သိမ်မွေသော မြေမှုန့်စသော မြူကိုဆိုသည်။ ထိုမြေမှုန့်စသော မြူတို့ကြောင့် မှိုင်းဝေဝိတ်ဆို့သော အခြင်းအရာကို "မှုန်သည်" ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ဖုန်ကား အကြောင်း၊ ဖုန် ဆည်းကာသောကြောင့် သန့်ရှင်းစွာ မမြင် မှုန်သည့်, မှိုင်းသည်ကားအကျိုးဖြစ်၏။

---

၁ ကိုး * ၂၄၅၊ "နီထာပွင့်ငုံ။.... ....ထပုံထပင်။" ခေါင်းစဉ် ၄၃၃-ငုံအခန်း၌ထည်းပြသည်။
၂ ကိုး * ၁၃၂။
* ခေါင်းစဉ် ၄၃၃၊ ငုံအခန်း။
၃ ပုံထောင် * ၁၉၊ "ရေထဲဆူမှန်။"
၄ ပုံထောင် * ၂၀။
၅ ဆံ * ၉၁။
၆ ကိုး * ၃၃။

အကြောင်း ဖြစ်သော ဖုန်ကိုထွက် မှုန်-ဟူ၍. အကျိုး၌ တင်၍. ဆိုသည်ယူမူ 'ဂုဏ်ဟော သေမှော'ဟူသော ပြဟုဂ်နှင့်အညီ ဖလုပစာ ဟူသင့်၏။ ဖုန်ကိုထည်း ဖုန်ပင်၊ မှုန်ကိုထည်း မှုန်ပင် ဆိုခဲ့တိုင်းသောသဘောနှင့်အညီ ဆိုမူကား မုချဟူသင့်၏။ ဤ၌ ခွဲ၍. ထုတ်လိုက်သည်တား ရန်မာန်,လောဘ,ဒေါသ, ရေ-စသောအယဉ် မြူမဟူသင့်သော အရာတို့၌ 'ဖုန်'ဟူ၍. စာပေမထင်။ ရန်မှုန် ရေမှုန်စသည်ဖြင့် "မှုန်" ဟူသော အကျိုးမည်ဖြင့်သာ ဆိုမိန့်သည်ထင်သောကြောင့် ထုတ်လိုက်သည်။ဆင်ခြင်။

ထိုနှင့်အဆံတူ ရစ်၍. သေးသေးတင် မ-သတ်ကား....

"ပျော်ပါးရိပ်မြုံ၊ သိကြားတုံသို့၊ ပြည့်စုံချမ်းညြိမ်း" ၁
"မျော်ခိုက်တုံတုံ၊ ချစ်ရိပ်မြုံထွက်၊ အာရုံယောင်ယမ်း" ၂
"မကဝနတ်ဘုံ၊ ဇာတိမြုံသည်၊ ထေးစုံရှစ်ဖော်" ၃
"တောင်ထတ်လျှောက်တုံ၊ သစ္စာယုံက၊ တမြုံကြက်မြောင်" ၄
"ကမ်းယံပြူမြုံ၊ သထုံတလိုင်း။ ။ချင်းရင်းသက်မြုံ၊ဝန်းချုံရုပ်ဝိုင်း" ၅

စသည်ဖြင့် ရိပ်မြုံ,ဇာတိမြုံသည်, ကြက်မြုံဆိုသောအရာထင်၏။ ။ထိုထွင် 'မြုံ' ဟူသော ဝေါဟာရကို မထျမ်းမထွက် လုံခြုံသည်ဟူသော အနက်ယူသင့်၏။ ထိုနှင့် ယျော်စွာ အရိပ်လုံခြုံစေ့စပ်သည်ကို 'ရိပ်မြုံ'၊ပဋိသန္ဓေ မစွဲးမယူသည်ကို 'ဇာတိမြုံသည်'၊ ကြက်ငှက်တို့ကို မထွက်မသွားရ လုံခြုံအောင် သိမ့်ိုးရာဖြစ်၍. 'ကြက်မြုံ' ဟူသည် ယူကောင်းအံ့သို့ရှိ၏။ ။ချစ်ရိပ်မြုံ ဆိုသောအရာထည်း နည်းတူ ထင်သာပြီ။ ။ပြူမြုံ-ဟူသည်ကား အမည်မျှဖြစ်သင့်၏။

ထို၌ ဝိသဇ္ဇနီသံကား...."ကာသိရစ်လုံး၊ မြုံးထွင်ငါးသို့" ၆ စသည်ဖြင့် မြုံးဟူသောအမည်ထင်၏။ ။ဤ၌ ဟဆွဲးသံ အချိုဆိမိန့်ကုန်၏။ကြက်မြုံ-ဟူသကဲ့သို့ ငါးကို သိမ့်ိုးရာဟူသော အနက်ရသင့်သည်ထွင် ဝိသဇ္ဇနီသံမျှသာ ထူးကောင်းအံ့သို့ရှိ၏။

တချောင်းငင် န-သတ် ဝိသဇ္ဇနီသံကား....

"မုန်းဖွယ်မများတောင်းကိုထည်း-နှုန်းဆွယ်မရှားတောင်းကိုထည်း"?

---

၁ ကိုး * ၁။
၂ ဘူထင် * ၂၇၂၊"မျော်ခိုးတုံတုံ၊ချမ်းရိပ်မြုံထွက်၊ အာရုံယောင်ယမ်း။"
၃ ကိုး * ၂၉၀။
၄ ယိုးဒ * ၁၀။
၅ ကိုး၊ နိဂုံး * ၃၊ "ချင်းထင်း သက်မြုံ၊ ဝန်းခြုံရစိုင်။"
၆ ကိုး * ၂၇၀။
၇ နောင်၊ "ချောင်းမ မွေတော် - ၏ (ပ၊ခ)။

"ချစ်သော်ချစ်နှုန်း၊ မုန်းသော်မုန်းတုံ့" ၁
"တောဂမ်းပျော်ပုန်း၊ ရဟန်းဖုန်းကား၊ မျက်မုန်းကျိုးဖွယ်" ၂
"ခိုးခြင်းဖျက်ပြုန်း၊ မုန်းသားရန်သူ"
"သရက်ထန်းအုန်း၊ ဂမုန်းဇီသဝါ" ၃
"မီးပန်းပွင့်တုန်း၊ တန်းဆောင်မုန်းဝယ်၊ မအုန်းဝဿ" ၄
"တန်းဆောင်မုန်းထျင်....ထွန်းပြောင်ဘုန်းထင်" ၅

စသည်ဖြင့် ချစ်သည်,မုန်းသည်, ပန်းဂမုန်း,တန်းဆောင်မုန်း-ဆိုသောအရာထင်၏။

ထိုၦ ဟဆွဲးသံကား...."မှန်းဝေပြန်၍, ဘုန်းနေကွန်၍"
"သံချေးဖျက်ဖြုန်း၊ သံထွေပြုန်းသို့၊ နတ်မှုန်းကြီမှား" ၆
"နန်းခွင်ပွင့်တုန်း၊ ရွှေမှောက်ဘုန်းနှင့်၊ ဖြင်မှန်းထေနှံ" ၇

စသည်ဖြင့် မှုန်းစားသည် ဆိုသော အရာထင်၏။ ဤၦ မှုန်း၏-ဟူသည်ကို ချီးမြှင့်တိုက်တွန်းသည်ဟူသော အနက်ယူသင့်၏။

ယုန်-ယုံ-ယုမ်

၄၄၂-ယဗျည်း တချောင်းငင် န-သတ် မ-သတ် သေးသေးတင်၌ ဝေါဟာရကို ပြခြင်း

ယ-အက္ခရာ တချောင်းငင် န-သတ်ကား....
"ကမ္ဘည်းမကုန်၊ ဃဝယ်ယုန်သို့၊ ဝဆုန္ဒရာ" ၀
"ပူပြင်းကဆုန်၊ ဇေါဟာကုန်၍, နယုန်ဆန်းတက်" ၉
"မထည်မသုန်၊ ရဲးမာန်ဟုန်ဖြင့်၊ နယုန်ဆန်းတက်" ၁၀
"ငါးချက်တဆုန်၊ နဝင်းခုန်၍, နယုန်လသာ" ၁၁

စသည်ဖြင့် တိရစ္ဆာန်ယုန်, လနယုန်-ဆိုသောအရာထင်၏။

---

၁ ကိုး * ၂၇၃။
၂ ကိုး * ၄၀။
၃ သံ၊ နိုဝုံး * ၂။
၄ ဘူပေါင်း * ၅၀။
၅ ဒေး * ၃၃။
၆ ပုံထောင် * ၃၀။
၇ ပြည်စုန် * ၅၀။
၈ မင်းမယ် * ၄၀။
၉ ထန်ရ * ၁၀။
၁၀ ပုံထောင် * ၂၄၊ "နယုန်ထဆန်း။"
၁၁ ထန်ရ * ၄၀။

အဆိုတူ မ-သတ်ကား....

"ကြမ္ဘာမယို၊ ပြည်မင်း တုံဃည်း၊ ရွှေတုံစောလောင်း"
"လာစေကိုယို၊ မြို့ပတုံကို၊ ရန်ခြုံရန်မြစ်" [1]
"ခွန်အားကိုယို၊ ရောက်လေတုံသည်၊ လုတုံတရံတခါတည်း"

စသည်ဖြင့် ယုံကျုံ့, ယုံမှတ်, ယုံကြည်-ဆိုသော အရာထင်၏။ ။[ယ-အက္ခရာ နှ-သတ်, မ-သတ်၌ဝင် ဝိသဇ္ဇနီသံမထင်]။

ဂုန်-ဂုံ-ဂုမ်၊ ဂုန်း-ဂုံး-ဂုမ်း၊ ဂျန်း-ဂျုံး

၄၄၃–ရဗျည်းသက်သက် ဟဆွဲး တချောင်းငင် နှ-သတ်, မ-သတ် သေးသေးတင်၌ ဝေါဟာရကို ပြခြင်း

ရ-အက္ခရာ တချောင်းငင် နှ-သတ်ကား....

"မထည်မသုန်၊ မဟာဂုဏ်တို့၊ သုရန္ဓနှ" [2]
"ဘုန်းရှိကျော်ဟုန်၊ ဝရဏ်နာမ"

စသည်ဖြင့် သုရန္ဓနှ၊ ဝရဏ-ဟူသောပါဠိနှင့်အညီစပ်သောအရာမျှသာထင်၏။

အဆိုတူ မ-သတ်ကား....

"လတ်လတ်ပေါ်ရုံ၊ ထျော်တေခြိုဃျက်၊ သ္ဘတုံသဒ္ဒါ" [3]
"အင်္ဂါကြွန်ရုံ၊ စွယ်စုံဟျိုလူး"
"ဆွေပုံ မျိုးပုံ၊ ကျူးနှယ်ရုံမျှ၊ ကုံကုံတုံတုံ" [4]
"တကာမျိုးပုံ၊ မှတ်ရတုံအံ့၊ ထက်ရုံညီအောင်" [5]
"သဗ္ဗေးထက်ရုံ၊ သူကြွယ်တုံဃည်း၊ ကုံစွဲ်ပစ္စည်း" [6]
"ကြိုက်ခဲ့ရုံမျှ၊ ငံ့တုံပါဦး။ [7] ။မစ္ဆေမစုံ၊ တခန်းရုံမျှ၊ လုံခြုံမပြီး"
"ကွဲ့ရဲ့လွတ်ရုံ၊ ဆိုတုံတုံတည်း၊ မှတ်ရုံစေမှု"
"ကြောက်မက်ဃန့်ရုံ၊ ခက်လေတုံသည်၊ မှတ်ရုံသိခြင်း ကြောင်းလျာ တည်း"

---

၁ မင်းမယ် * ၄၂။
၂ သံ * ၇။
၃ ကိုး * ၁၃၁။
၄ ကိုး * ၂၀။
၅ ကိုး * ၁၀၉။"ကုံကုံထံထံ။"
၆ ကိုး * ၃။
၇ ထန်ရ * ၂ (၉)။
၀ ကိုး * ၉၈၊"နှစ်ရက်ရုံမျှ။"

"စသည်အာရုံ၊ ခြောက်ခုကြီးက၊ နှိုင်းပုံသွယ်ချ"
"တည်ကြားအာရုံ၊ နေစေတုံထျက်"
"ရောင်ခြည်တောက်ဟုံ၊ ထူပါရုံဟု၊ ကမ်းခုံရေနား" ၁
"မည်တော် ထူပါရုံတကား.....နှစ်ပါး တူသာ စုံတကား.....ပုလဲးပြွှ
အာငုံတကား" ၂

စသည်ဖြင့် ဝတ်ရုံသည်-ဆိုသောအရာ၊ ထက်ရုံ-ဆိုသော အရာ၊ စားသောက် ဆင်
ဝတ်ရုံ,တလရုံ,တရက်နှစ်ရက်ရုံ,၊တခန်းတပိုင်းရုံမျှ-စသည်ဖြင့် ဆိုသောအရာ၊အာရုံ,
ထူပါရုံ-ဆိုသောအရာတို့၌ ထင်၏။

မျိုးပေါင်းရုံသည်, ကြန်ရုံ-ဆိုသောအရာလည်း အမျိုးအပေါင်းဖြင့် ပတ်ရုံသည်၊
ကြန်လက္ခဏာ ပတ်ရုံလွှမ်းမုံးသည်ဆိုသောသဘောချည်းဖြစ်၏။ ။ထက်ရုံ-ဟူသော
အရာလည်းနည်းတူ ထက်ဝန်းကျင် ခြုံရုံသည် ဟူသော အနက်ရသင့်၏။ထိုအနက်ကို
သူဟောင်းတို့ 'ထက်ရုံ'ဆိုကုန်သည် ယူသင့်၏။ ။စားသောက်ဆင်ဝတ်ရုံ၊ တလ-
နှစ်လ၊ တရက်,နှစ်ရက်ရုံ-စသော ဝေါဟာရ တို့ကား ပိုင်းခြားခြင်း အနက်ထင်၏။
ထိုကို သဒ္ဒါကျမ်းတို့၌ တိုက်ရိုက် မထင်သာသော်လည်း စားသောက် ဆင်ဝတ်ရုံ-
ဟူသော ဝေါဟာရသည် စားသောက်ရုံမျှသာ ကြာမြင့်သည်၊ စားသောက်ရုံမျှသာ
ဆောင်ယူသည်ဟူ၍, စားသောက်ခြင်း ကြိယာဖြင့် ကြာမြင့်အံ့သောကာလ ဆောင်
ရွက်ခြင်းကြိယာကို ပိုင်းခြားခြင်းအနက် ထင်၍, ကြာမြင့်အံ့သောကာလ ဆောင်ယူ
ခြင်းကြိယာ မပြတ် ယှဉ်သင့်သောကြောင့် အစွန့်သံယောဇဉ် အနက်ထင်၏။ ။
တရက်တိုင်ရုံ, တလတိုင်ရုံ-ဟူသည်ကို တလ,တရက် ဆိုသောအရာကဲ့သို့ အဘိဓိ
အပါဒါန်အနက်လည်း ယူသင့်၏။ ဆင်ခြင်။

တချောင်းဝင် နှ-သတ် ဝိသဇ္ဇနိသံကား....
"ကြက်ရှင်ဖြုန်းဖြုန်း၊ ပျံထွက်ရုန်းသို့၊ ပြေးပုန်းရှောင်ရှား"
"ချောင်းချောင်းချုန်းချုန်း၊ ငရုန်းငရင်း"
စသည်ဖြင့် ရုန်းရင်းသည်, ငရုန်းငရင်း-ဟူသောအမည်ထင်၏။ ငရုန်းငရင်း-ဟူသည်
ကို ရုန်းထွက်သည်-ဟူသော အကြောင်းနိမိတ်ယူမှု မထူးပြီ။

ထို၌ ဟဿဲသံကား....
"တေဇရုန်းရုန်း၊ နတ်ရှင်ဘုန်းကြောင့်၊ လွှဲပုန်းနေဝိုင်" ၄

---

၁ မင်းမယ် * ၁၁။ ၃ မင်းမယ် * ၄၆။
၂ ဒေး * ၃၊"ပုလဲးပြွှဝါ ငုံတကား။" ၄ ပုံတောင် * ၂၆။

"တေဇရွန်းရွန်း၊ နတ်ရှင်ဘုန်းကြောင့်၊ မြို့နှုန်းပရမာ"
"အာဏာတက်ရွန်း၊ တဖြုန်းဖြုန်းလျင်၊ ရွှေဘုန်းပရမေ" [၁]
"ရှင်ကြော့ဖြုန်းဖြုန်း၊ ထေသင်တုန်းသို့၊ ရွန်းရွန်းရှည်းရှည်း" [၂]
"လက်ာမည်ရွန်း၊ ပတုန်းပျံဝဲး"

စသည်ဖြင့် ရွန်းရွန်း-ဆိုသောအရာထင်၏။ ဤ ရွန်းရွန်း-ဟူသော ဝေါဟာရသည် ထင်သော အစွမ်းရှိသည် ဆိုလိုသောအရာကို သူဟောင်းတို့ 'ရွန်းရွန်း' ဆိုသည်ဟု သင့်၏။

အသံတူ မ-သတ်ကား....

"တခြားတရုန်း၊ တကြိုးထုန်းဖြင့်၊ နှလုံးတခု" [၃]
"တဝေးတရုန်း၊ ဖော်ရွေကျုံး၍၊ အိမ်လုံးတောထွက် ထျင်းခဲ့ပြီ" [၄]
"တစုဖော်ရုံး၊ ဆေးနယ်လုံးမှ၊ ကျင့်ထုံးတဖန်၊ ပေးတုံပြန်၏" [၅]
"ခယည္ဆတ်ရုံး၊ ရှေးကျင့်ထုံးဖြင့်၊ ပြည်လုံးပေးကြလေကုန်လော" [၆]
"တစည်းတရုံး၊ ကြိုးနှယ်ထုံးလျက်၊ အားလုံးအားထ" [၇]
"မတ်ရာပေါင်းရုံး၊ တကျိပ်ကျုံးတွင်၊ နောက်ဆုံးမျက်ရှ"
"အာဏာလက်ရုံး၊ တန်းခိုးပြုံးက၊ ပတ်ကုံးထန်သည်"
"ဘုန်းလက်ရုံးကို၊ ကျွန်းလုံးကျော်ဟိုး"
"လက်မလက်ရုံး၊ ပခုံးမေးပါး" [၈]
"ရွှေဝါဖြိုးလုံး၊ ညာလက်ရုံးကို၊ မထုံးမြို့က်စက်"

စသည်ဖြင့် ပေါင်းရုံးသည်, လက်ရုံး-ဆိုသောအရာ ထင်၏။

ထိုၭ ဟသွဲးသံကား....

"လင်ပစ်လင်ရှုံး၊ လင်သစ်တုံးကို၊ နှလုံးတိန်းပါး" [၉]
"နှစ်ဘဝလုံး၊ နှစ်ပါးရှုံးကြီး" [၁၀]
"နှစ်ပါးစုံလုံး၊ စီးပွားရှုံးသည်၊ သစ်တုံးကဲ့သို့"

စသည်ဖြင့် ဆုံးရှုံးသည်-ဆိုသောအရာ ထင်၏။

---

၁ မင်းမယ် * ၁၀။
၂ ကိုး * ၂၄၀။
၃ ကိုး * ၂၀၀။
၄ ကိုး * ၂၆၅။
၅ သံ * ၅၄။
၆ သံ * ၀၄။
၇ ပုံထောင် * ၂၂။
၀ ထန်ရ * ၂၆။
၉ ကိုး * ၁၀၀။
၁၀ ကိုး * ၃၅။

ဥုန်၊ လုံ-လုမ်-လုံး၊ လှုံ

၄၄၄-လမျည်း တချောင်းငင် နှ-သတ်,မ-သတ်,သေးသေးတင်၌ ဝေါဟာရကို မြခြင်း

[လ-အက္ခရာ တချောင်းငင် နှ-သတ်မထင်]။ ။"လှုန်ကွန်ဂဥုန်၊ ဆန်စုန်ရေမြေ။ ။နဂါးဂဥုန်၊ ကခုန်မြူးကွန်" စသည်ဖြင့် 'ဂဥုန်'ဟူသောတိရစ္ဆာန်အမည် ဥကြီးအက္ခရာထင်၏။ ဤ၌ ဂရဥ-ဟူသောပါဠိကိုဖွဲ့သည်ဟူကုန်၏။ အောက်၌ ဆိုအပ်သည်နှင့်အညီ ပါဠိဖွဲ့ကွာဝေးအံ့သို့ရှိ၏။ ဂရဥ-ဟူသော ပါဠိကို ဖွဲ့လိုမူ 'ဂရဥ်'ဟု ရကို ဥကြီးသတ်ကောင်းအံ့သို့ရှိ၏။ ရအက္ခရာ ပျောက်ကောင်းမည်မထင်၊ ရ * အက္ခရာ၌ ဥသရထည်းမထင်၊ ထို့နောင် နှ-သတ် ကောင်းသော ဝဏ္ဏထည်းမထင်။ ထို့ကြောင့် ပါဠိဖွဲ့ကွာဝေးအံ့သို့ရှိ၏။ ။ကကြီး ထဝေယ်နှင့်မြန်မာမှုသက်သက်ဟူမူ ဆိုဖွယ်မရှိကောင်းသကဲ့သို့ထင်၏။ 'မင်သွေကလုံ'ဟူသည်၌ကား အစဝ်မတွေ့၊ နောက်ပေါ် ဝေါဟာရသာ ဖြစ်ရာ၏။ ပညတ်မျှဖြစ်၍, သေးသေးတင် မ-သတ် ပျော်ကောင်း၏။

အသံတူ မ-သတ်ကား....."အင်္ကျိဝတ်လုံ၊ ရွှေတုံပုဆိုး"
"ရည်ပျောင်းနိတုံ၊ ဝတ်လုံအင်္ကျီ"
"ပည်းဖြင်မတ်ပုံ၊ ငမှုကုံဟု၊ ဝတ်လုံရွှေသား"
"မကုံမလုံ၊ တစုံတခု"
"မကြွင်းပြည့်စုံ၊ ထဲးကုံလုံ၍, ထုဘုံဝေးနိုး" ၁
"ရွှက်စိမ်းဟုံဟုံ၊ ဘေးမဲ့လုံသည်၊ သီးမြေ့ တရုသာခီတည်း" ၂
"ကုသိုလ်များပုံ၊ သဒ္ဓါလုံသား၊ စည်းခုံရတနာ"
"ပန်းဖြေသက်လုံ၊ ရေသောက်ရုံမျှ" ၃
"ရှကြတုံတုံ၊ တလုံနွေးနွေး။ ။ပေါ်လတုံတုံ၊ တလုံလဲးလဲး"

စသည်ဖြင့် အင်္ကျိဝတ်လုံ,လုံခြုံသည်, ကုံလုံသည်, သက်လာသက်လုံ, တလုံနွေးနွေး, တလုံလဲးလဲး-ဆိုသောအရာထင်၏။

ထိုတွင် အင်္ကျိဝတ်လုံ-ဟူသည်ကို ဝတ်သဖြင့် လုံခြုံစေတတ်သည်ဟူ၍, အနက်ကြီမူ လုံခြုံသည်ဟူသော အနက်ဂင်းဖြစ်၏။ ။ကုံလုံ၏-ဟူသည် ကိုလည်း ကုံတံ

---

* ဥ။
၁ ဘူဃင် * ၃၀၃၊"ပြည်ထဲလုံ၍။"
၂ ကိုး * ၄၀။
၃ ကိုး * ၁၀၄။

သောကြောင့် လုံခြုံစေ့စပ်၏ဟု အရကွဲးယူမူ နည်းတူဖြစ်၏။ ။တလုံန္ဓေးန္ဓေး, တလုံလဲးလဲး-ဟူသည်တို့ကား 'အဖန်တလဲးလဲး' ဆိုသောအနက်တွင် တလုံန္ဓေးန္ဓေး-ဟူသည်၌ အဖန်တလဲးလဲး နှလုံးမပြေ တကြောင့်ကြကြ တစိုးရိမ်ရိမ် နှလုံးမပြေ ပူပန်ခြင်းဖြစ်သည် ဟူသော အနက်ထင်၏။ ။တလုံလဲးလဲး-ဟူသည်ကား အဖန်ဖန် ဖြစ်ခြင်း ပေါ်ခြင်းစသော အနက်မျှသာ ထင်၏။ ယင်းသို့ တစိတ်ကွဲးကောင်း၏။

အသံတူ ဟဆွဲး မ-သတ်ကား.... "ကြင်ငွေချစ်လှံ၊ မင်းနှစ်စုံ၏၊ လုပုံပြောလှိုင်" စသည်ဖြင့်လုံစေသည်ကို လှံသည်-ဟူသော ကာရိုက်အနက်ထင်၏။ ။အနုလုံ,ပဋိလုံ-ဟူသောဆိုမိန့်ခြင်းကား အနုထောမ-ပဋိထောမ-ဟူသောပါဠိမှ ဝေါဟာရတည်း။

ဝိသဇ္ဇနီသံကား...."တဃလုံးလုံး၊ ပေါင်းရုံးမေတ္တာ"
"တန္ဓေလုံးလုံး၊ မိုးအချုံးလျှင်၊ ရွှေကုံးပန်းနှစ်" ၁
"ပြည်ထဲးလုံးလုံး၊ ဝန်းပတ်လုံး၌၊ မင်းဆုံးပြဋ္ဌာန်း" ၂
"ပစ်ခဲ့လုံးလုံး၊ မဆုံးမသင်"
"နှစ်ဘဝလုံး၊ နှစ်ပါးရှုံးကြွေး" ၀
"ကာဆီရာဇ်လုံး၊ ကျုံး၍ ပစ်သို့"
"တလိုင်းပြည်လုံး၊ ယူကျုံးဝိုက်ထုဝ်" ၅
"ဆံပင်ကျစ်လုံး၊ ဖတ်ထုံးနောက်ကျ"
"ခတ်လှည့်မျက်လုံး၊ ခဝ်ပြုံးရယ်ရွှင်" ၆
"ကောသာမြလုံး၊ ရှောင်ကြော့ထုံးမှ၊ ရွှေကုံးနိမ့်မြင့်"
"ရွှေဝါဖြိုးလုံး၊ ညာဃက်ရုံးကို၊ မထုံးမြို့က်စက်"
"ဂူထေးလုံးသို့၊ စွဲးဆုံးပြတ်ပြတ်"
"ညဉ့်နေ့ပတ်လုံး၊ ကိုယ်လက်ချုံးမျှ၊ အိုင်ထုံးမြစ်ငယ်" ၇
"သတိန္ဒလုံး၊ စွဲးသုံးန္ဒင်တံ။ ၀ ။ပထိုးန္ဒလုံး၊ ကျင့်ထုံးဖွယ်ရာ" ၆

စသည်ဖြင့် တန္ဒစ်တဃလုံးလုံး, တန္ဓေလုံးလုံး-ဆိုသောအရာ၊ လုံးလုံး ပစ်စွန့်သည်, ဆောင်ယူသည် စသည်ဖြင့် ဆိုသောအရာ၊ တမြို့တပြည်လုံး, တဘဝလုံးစသည် ဆို

---

၁ ကိုး * ၁၉၁၊ "ရွှေကုံးပန်နှစ်။"
၂ ကိုး * ၂၄။
၃ ကိုး * ၂၇၆။
၄ ကိုး * ၃၅။
၅ ကိုး၊ နိုံး * ၃။
၆ ထန်ရ * ၁၆။
၇ ဘူထင် * ၂၅၀။
၀ ကိုး ၁၅၅။
၆ ကိုး * ၂၆၂။

သောအရာ၊ တန္ခစ်ပတ်လုံး, တထပတ်လုံး စသည်ဖြင့် ဆိုသောအရာ၊ အလုံးအခဲ, အလုံးအစု ဆိုသောအရာ၊ အလုံးအပျားဆိုသောအရာ၌ ထင်၏။

"ထိုတွင် တစိတ်တဒေသ ကွဲးကောင်းသည်ကိုဆိုအံ့····တန္ခစ်လုံးလုံး-စသည်ဖြင့် ဆိုသောအရာကား တန္ခစ်, တထ, မယွင်းမလျော့ ဟုတ်မှန် ပြည့်စုံမသည် ဆိုမိန့်သောအရာထင်၏။ ။လုံးလုံးပစ်စွန့်သည်-စသော ဆိုမိန့် ခြင်းထည်း ပစ်စွန့်ခြင်းစသော ကြိယာအနက်မျှသာ ဟူကောင်း၏။ ပစ်စွန့်သည်ကား တစိုးတစိမျှငဲ့စွန်း ငဲ့ကွက်ခြင်းမရှိ၊ နှလုံးစင်သန့် ကွာလွတ်ခြင်း ဟုတ်မှန် ထေသည် ဟူသော အနက်ထင်၏။ 'လုံး'ဟူသော စကားခွန်းထပ်သည်ကား ဝါစာသိလိဋ္ဌမျှသာ ဟူသင့်၏။ တန္ခစ်လုံးစသည်ဖြင့် တခွန်းတည်း ဆိုမိန့်သည်ကား ဤအနက်ဂငြိုး ယူသင့်သည်ထည်း ရှိရာ၏။ 'ပတ်လုံး' ဟူသော အစွန္တသံယောဂ * အနက်ထည်း ရှိရာ၏။ ။တပြည်လုံး၊ တမြို့လုံး-ဟူသည်၌ကား အစွန္တ သံယောဂ အနက် မသင့်၊ မယွင်းမလျော့ ပြည့်စုံဟုတ်မှန်သည် ဟူသော ယခင်အနက်သာ ထျော်၏။ ။တန္ခစ်ပတ်လုံး, တထပတ်လုံး-စသည်ဖြင့် ဆိုမိန့်ခြင်းကား အစွန္တသံယောဂအနက် စင်စစ်တည်း။

အခဲအလုံး, အစုအလုံး, အပျားအလုံး-ဆိုသော အရာကား ခြင်္ဂဝတ္ထု ထင်ကောင်းသည်ကို ဆိုသော အရာတည်း။ ထိုဌ်ထည်း တစိတ်ကွဲး၏။ ထွေးရောစုပုံ ဓိကာမျှကို 'အလုံး' ဟူ၍ ဂငြိုး, 'အားလုံး' ဟူ၍ ဂငြိုး ဆိုသော အရာထည်း ရှိ၏။ ရှောက်သန္တရာစသော သစ်သီးကဲ့သို့ စက်ရလုံးသော အရာထည်းရှိ၏။ တံခွန်လုံး ဝါးလုံး-ဟူသကဲ့သို့ အလျားရှည်လျက် အထူအပြန့်မျှကိုရည်၍ လုံးသည်-ဆိုသော အရာထည်းရှိ၏။ ဟင်းသို့အကြောင်းသဘော ကွဲးသင့်၏။ ။စိတ်နှလုံး-ဟူသည်၌ 'စိတ်' ဟူသည်ကား စိတ္တသဒ္ဒါကို စွဲးမြဲသော မာဂဓဘာသာမူထ၊ 'နှလုံး' ဟူသည်ကား ပါဠိစွဲးမရ မြမွာဆာသာသက်သက်, ဤမျှသာကွဲး၍ အရမတူသည် ဖြစ်၏။ 'နှလုံး' ဟူသည်ကား ဟဒယသဒ္ဒါ၏ အနက်ထည်း ထင်သောကြောင့် ဟဒယဝတ္ထုရုပ်၊ ထိုကိုဗိုသော မနောဓာတ်, မနောဝိညာဏဓာတ်-ဟူသော ပဋ္ဌဝိညာဉ်, အရူပဝိပါက်မှ တပါးသော စိတ်ဟူ၍ သော်ထည်း ယူသင့်၏။ ရှေးနည်းကား 'စိတ်ဆာမာန်'၊ နောက်နည်းကား ဟဒယရုပ်နှင့် စိတ်ဝိသေသကိုယူသည့်အရာသာ အရကွဲးသို့ ရှိ၏။

---

* အစွန္တ သံယောဂ-ကြိယာနှင့် မပြတ်ဖွဉ်ခြင်း။

ဝုံ-ဝုန်-ဝုဏ်

၄၄၅-ဝဗျည်း တချောင်းငင် နှ-သတ်, သေးသေးတင်, မ-သတ်၌ ဝေါဟာရကို ပြခြင်း

ဝ-အက္ခရာ၌ကား.... "မိဂဒါဝုံ၊ ရိပ်မြုံမြွှင်ဝဲ့" စသည်ဖြင့် မိဂဒါဝုံ-ဆိုသော အရာထင်၏။ ။ဤ၌ စာအချို့ကား 'မိဂဒါဝန်၊ ရိန်မွန်မြွှင်ဝဲ့' [၁] ဟူ၍ နှ-သတ်စပ်၏။ မဟာဝနကို မဟာဝန်၊ ဇေတဝနကို ဇေတဝန်၊ ဝေဠုဝနကို ဝေဠုဝန်-ဟူသည်နှင့်အတူ မိဂဒါဝနကို မိဂဒါဝန်-ဆိုသည်ဟူသင့်သောကြောင့် လျော်သည်ဂဝင်းဖြစ်၏။ ။ပရဝုဏ်-ဟူသည်ကား ပရိဝေဏ-ဟူသောပါဠိနှင့်အညီ ဏကြီး သော်လည်း သတ်သင့်သောအရာတည်း။ ဝရိဏ်း-ဟူ၍ ဆိုမိန့်သည်လည်း ထင်၏။

သုန်-သုန်း-သုဉ်း-သုံး-သုမ်း

၄၄၆-သဗျည်း တချောင်းငင် နှ-သတ်, သေးသေးတင်, မ-သတ်၌ ဝေါဟာရကို ပြခြင်း

သ-အက္ခရာ တချောင်းငင် နှ-သတ်ကား....

"ငါးချက်တသုန်၊ နဝင်းခုန်၍၊ နယုန်ထသာ" [၂]
"နဂါးတသုန်၊ ဂဠုန်တသွန်" [၃]
"သွေးသီတသုန်၊ ခြိုးမွှမ်းဟုန်ဖြင့်၊ နေကုန်သရော်" [၄]
"မထည်မသုန်၊ မဟာဟုဏ်တို့၊ သုရှနန္ဒ" [၅]
"မထည်မသုန်၊ ရဲမာန်ဟုန်ဖြင့်၊ နယုန်ဆန်းတဏ်" [၆]
"ကြိမ်းလွှတ်စက်ဟုန်၊ တသုန်သုန်လျှင်၊ ပဇုန်မျက်သန်း" [၇]
"ဖော်ပြတသုန်၊ ဆိုဘိကုန်လော။ ။ညီညာတသုန်၊ နှစ်သိန်းကုန်၏"
"မျက်နှာမသုန်၊ လာလင့်ကုန်" [၈]
"စွန်းငြိမသုန်၊ ယဉ်မြင်းဟုန်ဖြင့်၊ ကဆုန်ကိုခြည်" [၉]

---

၁ ကိုး * ၂၉၈။
၂ ထန်ရ * ၄၈။
၃ ပုံတောင် * ၂၇။
၄ ကိုး * ၂။
၅ သံ * ၇။
၆ ပုံတောင် * ၂၄၊ "နယုန်လဆန်း။"
၇ နောင်။
၈ ကိုး * ၂၃၇။
၉ ခင်ကြီး * ၃၊ "စွန့်ငြိုး မသုန်.... ကဆုန်တည့်ချည်း။"

စသည်ဖြင့် တသုန်ဆိုသောအရာ မလည်မသုန်, အသံတသုန်သုန်-ဆိုသော အရာထင်၏။ ထို ဝေါဟာရ တို့ကား သဘောတစိတ် ကွဲးအံ့သို့ရှိ၏။ နဂါးတသုန်-စသည်ဖြင့် 'တသုန်' ဟူသော ဆိုမိန့်ခြင်းကား တသွန် တလျောက်-ဆိုသောအရာဖြစ်၏။ 'မလည်မသုန်' ဟူသော ဆိုမိန့်ခြင်းကား မသွေမချော် ဆိုလိုသော အရာဖြစ်၏။ 'အသံတသုန်သုန်' ဆိုမိန့်ခြင်းကား နား၌ ထင်သော အသံမျှကိုစွဲ၍ ဆိုမိန့်သောအရာကဲ့သို့ရှိ၏။ တသူသူ၊ တရွရွ-စသော ဆိုမိန့်ခြင်းတို့နှင့် တူရာ၏။

ထို၌ဝိသဇ္ဇနီသံကား....သုန်းဖျင်းသည်-ဟူသောဝေါဟာရမျှသာ ထင်၏။ ထိုကို 'အသောင်းအဖျင်း' ဟူ၍ ၎င်း, ဖျင်းသောင်း' ဟူ၍ ၎င်း, 'လူသောင်း' ဟူ၍ ၎င်း သူဟောင်းတို့ဆိုမိန့်ကုန်သကဲ့သို့ရှိ၏။ ။"မူ၍ လည်းကောင်း၊ ဤပါရှောင်းလည်း၊ ဖျင်းသောင်းဖဝ်သပါ" စသည်ဖြင့် ဖျင်းသောင်း-ဟူ၍ စဝ်ဆိုခြင်းသာ ထင်သည်။ သုန်းဖျင်းသည်-ဟူသောစဝ်ဆိုခြင်းနည်းအံ့သို့ရှိ၏။ ။အသုန်း-ဟူသည်, အသောင်း-ဟူသည် သဘောကွဲးအံ့သို့မရှိ။ သုညသဒ္ဒါကို စွဲးမှိ၍ ဆိုမိန့်ခြင်း ဆိတ်တိတ်စဲးညံ့ကုန်ပျောက်သည်ဟူသော အနက်ချည်း ယူသင့်၏။

အသံတူ သေးသေးတင် မ-သတ်ကား....

"ဘုန်းကြွယ်ဆယ်သုံး၊ တိုင်အောင်ကျုံးထျက်၊ လက်ရုံးထွန်းကယ်"
"သီတင်းကျင့်သုံး၊ နှလုံးသေသတ်"
"ကြည်ဖြူကျင့်သုံး၊ နှလုံးမြတ်ထွတ်။ ။လူတို့ထုံးကား၊ အသုံးအစွဲး" ၁
"သဒ္ဒါလက်သုံး၊ ကျမ်းရိုးထုံးဖြင့်" ၂
"ဟောရိုးလက်သုံး၊ ဘုရားထုံးဖြင့်၊ ခန္ဓချုံးအနက်"
"သံပဟုံးစုံး၊ ဖက်မဲ့ကျုံးသား၊ အားသုံးထောင်ထား" ၃
"ပစ်ခဲ့လုံးလုံး၊ မသုံးမသတ်" ၄

စသည်ဖြင့် သုံးခု လေးခု ဟူသောဆိုမိန့်ခြင်း, သုံးစွဲးသည့် သီတင်းသုံးသည့် လက်သုံး တောင်ဝေး, သုံးသဝ်သည်ဟူသော ဆိုမိန့်ခြင်းတို့၌ ထင်၏။ ဤ၌ သုံးခု, လေးခု-ဟူသည်ကား ရေတွက်ခြင်းအနက်တည်း။ စွဲးသုံးသည့် သီတင်းသုံးသည့် လက်သုံး-ဆိုသောအရာကား သဘောမကွဲး စွဲးမှတ်လေ့ကျက်သည်ဟူသော အနက်ဖြစ်သင့်၏။ ဥပုသ်သီတင်း၌ အလေ့အကျက် ဆောင်ရွက်စွဲးမှတ်သည်-ဟူသော အနက်ချည်းဖြစ်၏။ ။သုံးသဝ်၏-ဟူသည်ကား သာယာသောစိတ်ဖြင့် ထိပါးခြင်းအနက်တည်း။ ။

---

၁ ကိုး * ၁၀၃။
၂ ကိုး * ၁။
၂ ကိုး၊နိဂုံး * ၇။
၄ ကိုး * ၂၇၆။

ထက်သုံးတောင်ဝေး၊ ထက်သုံးဝါး-ဟူသည်တို့၌ကား မပြတ်မလတ် မှတ်လေ့ကျက်သည်ဟူသော အနက်လည်းလျော်၏။ သုံးသင်္ကာမျှ မှီဝဲသော အသုံး အဆောင်ဟူ၍သော်လည်း ယူရာ၏။

ဟုန်-ဟုံ-ဟုမ်-ဟုန်း-ဟုံး-ဟုမ်း

၄၄၇-ဟအက္ခရာ ဘချောင်းငင်န-သတ်/မ-သတ် သေးသေးတင်၌ ဝေါဟာရကိုပြခြင်း

ဟ-အက္ခရာ တချောင်းငင် န-သတ်ကား....

"မကျဗာန်ဟုန်၊ မတုန်မလှုပ်" ၁
"ထွက်လျှံယိုဟုန်၊ မျက်ရည်ကုန်မ၊ တမှုန်ဆန်ဆန်" ၂
"ထန့်ကြောက်ပြင်းဟုန်၊ ခွဲခွဲတုန်လျက်၊ ဆိုကုန်အချင်း" ၃
"ချောင်းချောင်းမျက်ဟုန်၊ ခွဲခွဲတုန်မျှ၊ ဆူမှုန်ပြင်းစွာ" ၄
"ဘုန်းရှိန်ကျော်ဟုန်၊ ဝရဏ်နာဓ"

စသည်ဖြင့် အရှိန်အဟုန် ဆိုသောအရာထင်၏။

သေးသေးတင် မ-သတ်ကား....

"မိုးလည်းရွာဟုံ၊ မျိုးလည်းစုံ၍၊ ယုံကျုံထယ်တာ"
"ရောင်ခြည်တောက်ဟုံ၊ ထူပါရုံဟု၊ ကမ်းခုံရေနား" ၆
ရွှက်စိမ့်ဟုံဟုံ၊ ဘေးမဲ့လုံသည်၊ သီးမြို့တရုတ်သာဒီတည်း" ၇
"ထည်သည်ပြောဟုံ၊ မုံညင်းပုံမျှ၊ ဆောင်တုံလိုဌာ" ၈
"ရောက်ထတုံတုံ၊ ပေါပည်းဟုံမျှ၊ အပုံအယင်" ၉

စသည်ဖြင့် ပေါပည်းဟုံသည်ဆိုသောအရာထင်၏။ ။ဤသေးသေးတင် မ-သတ်နှင့် 'ဟုံ' ဟူ၍ ဆိုမိန့်ခြင်းကား များသည်ဟူသော အနက်တည်း။ 'ဟုန်'-ဟူသော န-သတ်ကား ပြင်းထန်သော အဟုန် ဆိုလိုသောအရာတည်း။

---

၁ ဘူပေါင်း * ၁၀၃။
၂ ကိုး * ၁၉၁။
၃ ဘူထင် * ၇၆။
၄ ဘူပေါင်း * ၄၅။
၅ ကိုး * ၁၃၁။
၆ မင်းမယ် * ၁၁၊ "ကမ်းခုံမြစ်နား။"
၇ ကိုး * ၄၀။
၈ ကိုး ၇၄။
၉ ပုံထောင် * ၁၁။

ဝိသဇ္ဇနီသံ တချောင်းငင် နာ-သတ်ကား....“လေသံ တဟုန်းဟုန်း ဆိုသောအရာ မျှသာထင်၏။ ထိုဝေါဟာရကား စာတောင်းမထင်။ ရခိုင်ရတုဝယ်ကား-“မိုင်းဝေ ဆင်ပျားနှယ်အုန်း၊ အထက်လည်းရေ အောက်လည်းရေသည်၊ တောင်လေ-တဟုန်းဟုန်းနှင့်၊ ပျားဝိတုန်းမျှမကျန်”ဟူ၍ နာ-သတ်စပ်လေ၏။ ဤနည်းတူတောင်လေ တဟုန်းဟုန်း-စပ်မည်အတွက်ကို “တောင်ထေ ဟူးဟူး၊ကူးသည်ထက်လည်း” ဟူ၍ တဟူးဟူး-စပ်သောအရာထင်၏။ကျားဟုန်းသည်ဆိုသောအရာထည်းနည်းတူသင့်၏။

အသံတူ သေးသေးတင် မ-သတ်ကား....ဟုံးနတ်ပူဇော်သည် ဆိုသော အရာ၌ ဖြစ်သင့်၏။ဤလည်း အစပ်တွေ့ခဲ့အံ့သည်။သဘောကား ဟူ-သဒ္ဒါပူဇော်ခြင်းအနက်ကိုဟောသည်။ ဟုတာဝဟ-သဒ္ဒါပူဇော်ခြင်းကိုဆောင်ယူသိမ်းခံတတ်သည် ဟူလို၏။ ထိုနှင့်ထျော်စွာ မီးသည် ယစ်ပူဇော်ခြင်းစသည်ဖြင့် ပူဇော်ခြင်းကို သိမ်းခံ ဆောင်ယူတတ်သည်ဖြစ်၍ ‘ဟုတာဝဟ’မည်သည်၊ ထိုဟုတာဝဟ-မည်သောမီးကိုပင် နတ်ဟု ပူဇော်သည်။ ဤကိုရည်၍-

“ဟုတာဝဟ၊ စသည်ထင်ရှား၊ မီးအားမြတ်နိုး၊ ပူဇော်ကျိုးထျင်”

ဟူ၍ ထည်းကောင်း

“အယူမှားချတ်၊ မီးကိုနတ်ဟု၊ အမှတ်တရ၊ရှိညွတ်ခ၏” [၁]

ဟူ၍ ထည်းကောင်း

“အရှင်မဟာရဋ္ဌသာရဆရာတော်အကျော် မိန့်တော်မူသည်”

“မီးတွင်ပြု၍၊ စုသည်ရဲးရဲး၊ မီးကျီးခဲးတွင်၊ သွန်ကြိုး ဖျော်ဖျော်၊ ပေါက်ပေါက်စသည်၊ ပန်းငါးမည်ဖြင့်” [၂]

ဟူ၍ ပူဇော်သောအခြင်းအရာကို ထောကသာရတွင်စပ်လေ၏။

အုံ-အုမ်-အုန်း-အုံး-အုမ်း

၄၄၈-အ-အက္ခရာတချောင်းငင် နာ-သတ်,မ-သတ်၌
ဝေါဟာရကို ပြခြင်း

အ-အက္ခရာ သေးသေးတင် တချောင်းငင် မ-သတ်ကား....

“သွားကြိုက်အုံအုံ၊ ရံလေတုံသော်၊ ခွဆုံလမ်းကွဲး”

---

၁ ဘူပေါင်း * ၆၁။

၂ လောသာ * ၅၂၊“ထည်တွင် ပြု၍၊ စုသည်မီးခဲး၊ကျီးရဲးရဲး၌၊ မြွောက်ကြဲး ဖြောက်ဖြောက်။”အချို့မူ၌ ‘စုသည် ရဲးရဲး၊ မီးကျီးခဲးတွင်’ဟု ရှိသည်။

"ဝစ္ဆာသောက်ရုံ၊ ရိပ်စေတုံမှ၊ တဲးအုံအနီး" ၁
"မူးမတ်နည်းတုံ၊ ပြည်ကြိုးကြိုသော်၊ အုံ၍ ရန်သူ"

စသည်ဖြင့် အုံညီသည်, တဲးအုံ ဆိုသော အရာထင်၏။ ။ဆေးဝါးဖြင့် အမာရာကို အုံသည်, ပျားအုံ,ခါချဉ်အုံ-ဆိုသောအရာလည်း နည်းတူသင့်၏။

တချောင်းငင် နှ-သတ် ဝိသဇ္ဇနီသံကား....

"သရက်ထန်းအုန်း၊ ဂမုန်းဇီသဝါ" ၂
"ဝင်လှတနုန်း၊ ထန်းနှင့်အုန်းလည်း၊ ဘုန်းလကောင်းသာ"
"မိုးရွာထစ်အုန်း၊ လုပ်ဆောင်တုန်းဝယ်၊ လျှိုးပုန်းစုံဖြား" ၃
"မိုးရွာထစ်အုန်း၊ တပြွန်းပြွန်းလျှင်၊ တုန်းတုန်းတင်းတင်း" ၄
"မီးပန်းပွင့်တုန်း၊ တန်းဆောင်မုန်းဝယ်၊ မအုန်းဝဿ" ၅
"ကွန့်ရစ်ထစ်ချုန်း၊ စက်သံမှုန်းသည်၊ မိုးအုန်းညိုဖြန်း မြဲခဲးသော" ၆

စသည်ဖြင့် ထန်းအုန်းဆိုသောအရာ, မုန်းသံထစ်အုန်းသည်-ဆိုသောအရာ ထင်၏။ ထိုတွင် မိုးသံထစ်အုန်းသည်- ဆိုသောအရာသည် အသံတအုန်းအုန်း- ဆိုသည်နှင့် မကွဲးသကဲ့သို့ရှိ၏။ ယခင် ရခိုင်ရတုဝယ် 'မှိုင်းဝေဆင်ပျားနှယ်အုန်း' ဟူ၍ ပျားနှယ်အုန်းသည်ဆိုသောအရာလည်း အသံတအုန်းအုန်းဆိုသောအရာလည်းကောင်း ဖြစ်၏။ ဤကိုထောက်၍ ပျားပိတုန်းတို့၏ အသံတအုန်းအုန်းဆိုသည်နှင့် လူသံတအုန်းအုန်း ဆိုသောအရာလည်း မကွဲး။ ယခင် လေသံတဟုန်းဟုန်း-ဟူသည်နှင့် အကွရာမျှ သာကွဲး၍ အသတ်မလွဲး၊ သဘောလည်း မကွဲးသကဲ့သို့ရှိ၏။

အသံတူ သေးသေးတင် မ-သတ်ကား....

"စက်လည်းတအုံး၊ ဟင်းသာထုံးသို့၊ ပေါင်းရုံးအိမ်ထောင်" ၇
"မွေရာကြက်ရုံး၊ သဇင်အုံးဝယ်၊ နှလုံးဝယ်ပ"
"ချိုးမြင့်ရွက်ကျုံး၊ ခြေတော်အုံး၍၊ ပြည့်ထုံးမည္ဆတ် နူးလှည့်ထော"

---

၁ သံ * ၁၆၉။
၂ သံ၊ နိဂုံး * ၂။
၃ ကိုး * ၉၅။
၄ ဘူပေါင်း * ၇၀။
၅ ဘူပေါင်း * ၁၀။
၆ နောင်၊အောက်မေ့ချေချေ-ချီ(ထ)၊ "မိုးအုန်းညိုဝှန်မြဲခဲ့ထော။"
၇ ကိုး * ၂၁၀။

စသည်ဖြင့် အုံးအိပ်ရာ, ခုသည်,အုံးသည်- ဆိုသောအရာထင်၏။ ။ဤ၌ ခုသည်, အုံးသည်-ဟူသောအနက် ဖြစ်သင့်သည်နှင့်အညီ ခေါင်းအုံး၊ မိအုံး၊ မီးမှာအုံးသည်-ဆိုသောအရာတို့ကား မပြားကြပြီ။

တချောင်းငင် နာ-သတ်,သေးသေးတင်, မ-သတ်တို့ကို
ယှဉ်စပ်၍ ထုတ်သည် ဖြီးဖြီ။

-ုန့် -ုံ့ -ုမ့်

၄၄၉-တချောင်းငင် နာ-သတ်, မ-သတ် သေးသေးတင် အမြစ်သံတို့၌ ဝေါဟာရကို ပြခြင်း

ထိုတချောင်းငင် နာ-သတ် သေးသေးတင် မ-သတ်တို့၌ အမြစ်သံကား နည်းအံ့သောကြောင့် အက္ခရာစဉ် မထုတ်မူ၍ ဖြီးထင့်ကောင်းသော အက္ခရာပါဝင်စေလျက် ထုတ်အံ့။ ။တချောင်းငင် နာ-သတ်အမြစ်ကား....

"ဝမ်းထဲးယုန့်ယုန့်၊ယုန့်လျင်ကျုန့်သို့၊ ဆိုတုန့်မဝံ့" ၁
"မုန်းသော်မုန်းတုန့်၊ ယုန့်သော်ယုန့်ခြင်း" ၂
"စကားမေးတုန့်၊ လှုန့်ထသောခါ" ၃
"မမူရန်တုန့်၊ ယိယုန့်ကြောက်ရှောင်" ၄
"သည်းကြားဦးထုန့်၊ တဝမ်းကျုန့်ထျက်၊ ချစ်တုန့်မရ"
"ဝမ္မာမယုန့်၊ နှိုးလှုန့်သောအား" ၅
"မျက်တောင်မလှုန့်၊ မိဦးထုန့်ဟု၊ မှာန်တုန့်မထောင်" ၆
"အလအလှုန့်၊ အတုန့်အပြေ"
"ဖုန်ဖုန်မှိုင်းအုန့်၊ မြောက်ထေတုန့်သော်၊ဆော်လှုန့်လွှမ်းကြောင်း" ၇
"နှစ်ထပ်မလှုန့်၊မသိုးမုန့်က" ၈

---

၁ ထောသာ * ၃၊ "ယုံ့၊ကြို့၊တုံ့၊" ဟုရှိသည်။
၂ ကိုး * ၂၇၃။"တုံ့၊ယုံ့။"
၃ ကိုး * ၂၇၄။"တုံ့၊ လှုံ့။"
၄ ဘူထင် * ၂၇၀၊"တုံ့၊ယုံ့။"
၅ ထံ၊ နိဂုံး * ၃၊ "ယုံ့၊လှုံ့။"
၆ မြည်စုန် * ၇၊ "လှုံ့၊ ထုံ့၊ တုံ့၊"
၇ ဒေး * ၂(၁)၊ "အုံ့၊ တုံ့၊ လှုံ့၊"
၈ ရဝေရှင်ထွေး အနန်ခြင်း * ၃၃။ ထုထေသနအသင်း ဂျာနယ်၊တွဲ ၃၆၊ အဝိုင်း ၁၊၉၆။"နှစ်ထပ်မလှုံ့၊ မသိုးမုံ့က။"

စသည်ဖြင့် ကျုန့်ကျုန့်နေသည်,နွတ်တုန့်အလှည့်,အလှည့်အတုန့်, ခေါက်တုန့်ပြန်သည်,ဦးထုန့်,အဝိုင်းအထုန့်,စားသည်မုန့်, ဆော်လှန့်သည်, မှိုင်းအုန့်သည်- ဆိုသော အရာထင်၏။ ။ကုန့်ကုန့်ကွက္ခ၊ ကုန့်ကုန့်ကွေးကွေး၊ ဆုန့်ဆည်း၊ ဆုန့်ကျိုင်ဆိုသော အရာလည်း နာ-သတ်ငင်းတည်း။ ထိုတွင် ကုန့်ကွ,ကုန့်ကွေး-ဆိုသောအရာသည်ကား ကုန်းသည်ကို ကိုင်းသည်ဟူသောအနက်ကို အားမကြိုးလွန်းသောအရာဖြစ်၍ မြစ်သံဆိုသည်သာ ယူသင့်၏။ ။ဆုန့်ဆည်း, ဆုန့်ကျိုင်-ဟူသည်တို့၌ အရကို ဆိုခဲ့ထေပြီ။

သေးသေးတင် မ-သတ်ကား-

"ကဓ်းနားတက် စုံ့၊ သဲးမှံ့ယက်ထုတ်" ၁
"စစ် ဖွဲး နုံ့နုံ့၊ မြေမှံ့ထောင်းထောင်း" ၂
"မုဆိတ်မြို့ မြို့၊ ပင်စုံ့ထွက်ပြွှ" ၃
"တင်ခြင်းမြွှ မှံ့၊ ခြည် ရုံ့ကြားကြား" ၄

စသည်ဖြင့် စုံ့တက်သည်,နုံ့နဲ့သည်, မြွှံ့,မုဆိတ်မြို့,မြို့,ကြဓ်းရုံ့ သည်ဆိုသောအရာထင်၏။ ။လျှိုးငုံ့သည်၊ ပွပွပုံ့ပုံ့၊ ရုံ့ရုံ့တွတွ-ဆိုသောအရာလည်းနည်းတူ သေးသေးတင်၊ မ-သတ်ငင်းတည်း။

ထိုတွင် 'ကျုန့်ကျုန့်'ဟူသည်ကို ပျိုကဗျာဆရာတို့သည် ဝါဒအလျောက် ကူးယူက်၍ စဝ်ဟန်ကဲ့သို့ရှိ၏။ ရှိဟန်ကား....."ယုန်လျင်ကျုန့်ထို့၊ ဆိုတုန့်မဝံ့။ ၅ ။တဝမ်းကျုန့်လျက်၊ ချစ်တုန့်မရ"ဟူ၍ စဝ်သည်၌ကျုန့်၏-ဟူသည်ကား သယံဇာတအလို အလျောက် ကျုန့်သည်။ ချုန့်၏-ဟူသည်ကား ကျုံ့စေသည်ပင်။ ဤသို့အနက်ထွက်သင့်သည်။ ။ကျုံးသည်၊ ချုံးသည်-ဟူသော ဝိသဇ္ဇနီသံနှင့် အရတူသင့်၏။ချုံ့၏-ဟူသည်ကို "ပျောင်းပျောင်းကိုယ်လုံး၊ ချုံးစေတုန်းလျှင်"စသည်ဖြင့် သေးသေးတင် မ-သတ် အစဝ်ထင်၏။

အလှည့်အတုန့်၊ ခေါက်တုန့်ပြန်သည်၊ တုန့်လှန်သည်-ဆိုသောအရာကား မူထကို လျောက်၍ ထပ်ပြန်လည်ပြန်ခြင်းအနက်ထင်၏။ ။အထုန့်အဝိုင်း၊ ဦးထုန့်-ဟူသည်ကား အဝိုင်းအဖြတ်ဟူသောအနက်တည်း။ ဦးထုန့်သည်လည်း တဝိုင်းတပြတ်တည်း မကွဲးမပြားဟန် ထင်စေလို၍ ဆိုသောအရာတည်း။ ။ယိယုန့်၊ ယွင်းယုန့်-ဟူသည်၌လည်း ယခင်ကျုန့်၏-ဟူသည်နှင့် အရတူ ယွင်းယိုသဖြင့် ကျလျောခြင်း၊ထွန့်ခြင်း

---

၁ ကိုး * ၂၉၆။"စုန့်၊ မှုန့်၊"ဟုရှိသည်။
၂ ပုံထောင် * ၂၀၊ "နုန့်၊ မှုန့်"
၃ ကိုး * ၁၂၁၊"မြုန့်၊စုံ့။"
၄ ဘူဇင် * ၄၀၃၊ "မြေမှုန့်၊ ရုန့်ရုန့်ကြဓ်းကြဓ်း။"
၅ လောသာ * ၃ ၊ "ကြို့၊တုံ့။"

အနက်ထင်၏။ ။ဆော်လှန်၏-ဟူသည်ကား မူထတွင် ထပ်ပွား ပြန်ခြင်းအနက် တည်း။ ။ပိုင်းအုန်သည်-ဟူသောအရာကား မိုးရိပ်ကိုဆိုသောအရာ၌သာ စွဲးရင်း ဝေါဟာရထင်သောကြောင့် မှည့်ပျော်သော သစ်သီးကဲ့သို့ ကြွေလွတ်ခါနီး အရိပ် ထင်သည်ဟူသော အနက်ဖြစ်သင့်၏။ ဤကား နှ-သတ်အရာ၌ ထင်သော သဘော ကို ထုတ်လိုက်သည်။

သေးသေးတင် မ-သတ်အရာ၌ကား····စုံ့၏၊ တက်၏-ဟူသောဝေါဟာရသည် ထခြင်း၊ မြောက်ခြင်း အနက်အားဖြင့် တူသော်လည်း၊ စုမ့်၏-ဟူသော မူထကို မလွှတ်-မြောက်ပွားခြင်းအနက်မျှသာ ထင်၏။ ။တက်၏-ဟူသည်ကား မူထမှကွာ လွှတ်၍သော်လည်း မြောက်ပွားသည်ဟူသော အနက်ထင်၏။ ။နှံ့နှဲ့-ဟူသော အရာ၌ကား နှံ့သည်၊ နှဲ့သည် အရမကွဲး၊ အစွဲးမကြေပ်တည်ခြင်း အနက်ချည်းထည်း ယူသင့်၏။ နှံ့-သည်ကား သိမ်မွေ့သော နှဲခြင်းဟု၍ တစိတ် သင့်အံ့သို့ထည်းရှိ၏။ နှဲ့-သည်ဟူသော ဝေါဟာရသာ အစွဲးမကြေပ်တည်ခြင်းဟူသော အနက်ရှိ၍ နှံ့သည် ဟူသော ဝေါဟာရကား ပြေပြစ်ရံဖက်ကာမျှသာထည်း ဟူသင့်၏။

မြူမှုံ-ဟူသည်၌ကား သိမ်မွေ့စွာ ကျေပျက်သော၀တ္ထု၏အမည်မျှ ဟူသင့်၏။ ။ မှုဆိတ်မြို့.မြို့.-ဟူသည်၌ကား ဇာတိမြို့သည်၊ ရိပ်မြို့ဟူသောအရာကဲ့သို့ မလျံမထွက် လုံခြုံသည် ဟူသော အနက်မူထတွင် အားမကြိုးလွန်းသောအရာ ယူသင့်သည်နှင့် အညီ၊ မလျံမထွက် လုံခြုံသည်ကား တလုံးလုံးမဟုတ်၊စိုးစဉ်းမျှပွန်ထွက်သော်လည်း ကရဲးကစဲး ဖိုးဖိုးဖွားဖွား များလျားမကျ ရှသာတင့်တယ် ရှသာ ပြေထွက်သည်ဟူသော အနက်ထင်၏။ ။ကြမ်းသည်၊ ရုံ့သည်-ဆိုသောအရာကား သဘောမကွဲး၊ ကြမ်း သည်ကား အထိအပါးမသာ၊ ရုံ့သည်-ကား အမြင်မသာဟု၍ မူထအနက်ကွဲးအံ့ဆို ရှိ၏။

လျှိုးဲ့သည်-ဆိုသောအရာထည်း မပြန့်မကားသည်ကို 'ဲ့သည်'ဆိုသော မူထ အသံတွင် အားမကြိုးလွန်းသောအရာဖြစ်၍ ထည်းကောင်း, ဝိညာဏ်ရှိ သတ္တဝါတို့၏ ဆန္ဒအလျောက် ကိုင်းညွှတ်သည်ကိုရည်၍ ငင်း အမြစ်သံဆိုသောအရာကဲ့သို့ရှိ၏။ ပုံ့ပုံ့ပွပွ-ဆိုသော အရာထည်း ပုံ့ပုံ့စုစု၊ ပွပွရွရွ-ဆိုလိုသော မူထအနက်တွင် အား မကြိုးလွန်းသောအရာကိုရည်၍ မြစ်သံဆိုသည် ယူသင့်၏။ ။ရုံ့တွသည်-ဆိုသော အရာကား တွန့်ယိုင်သည်ကို 'ရုံ့သည်'ခြင်္ဂါတည်းထျက်ရှိသည်ကို 'တွသည်'ဤအနက်

နှစ်ပါး သဘောကွဲးလျက် တွန့်ယိုင်သောအရပ်တစိတ်၏ ခြုံတွေခြင်း၊ ခြုံတွသော အရပ်တစိတ်၏ တွန့်ယိုင်ခြင်းဖြစ်သောကြောင့် 'ရှဲ့သည် တွသည်' ဟူသောစကားခွန်း ယှဉ်စပ်လျက် ရှဲ့တွသည်-ဟူသော ဆိုဓိန့်ခြင်းဖြစ်၏သို့ရှိ၏။

"....သတ်ရာထူးထွေ၊ သဝေနောက်ပစ်၊ စင်စစ်ယူငင်၊ သေးသေးတင်က၊ စသည်များစွာ၊ မြန်ဘာသာ၌၊ယထာရဟာ၊ ညဏအထွောက်၊သင့်ရာထောက် ၍၊ ခွဲးကောက်ရုံးစု၊ မှတ်ထားပြုအံ့-"

ဟူသော ပဒိညာဏ်နှင့်အညီ အကာရန္တစသော သရအန္တ, သေးသေးတင် စသော ဗျဉ္ဇနအန္တ-တို့ဖြင့် ဆိုဓိန့်ခြင်းထင်သော မြန်မာဝေါဟာရကို ထုတ်သည်ကား ပြီးပြီ။ ဤ၌ မဆိုသော ဝေါဟာရ, တိုက်ရိုက်မဆိုသော သဘောအားဖြင့်သာ ပါဝင်ကောင်းသော ဝေါဟာရတို့လည်း ဤနှင့်အတူငင်း၊ ဤထက်အလွန်ငင်း ရှာမှီးကုန်ရာ၏။

ဤတွင်

ဝေါဟာရထွေပကာသနီ နဝမပိုင်း

ပြီးပြီ။

နိဂုံး

ယခုအခါ ဂါထာအားဖြင့်ရင်း, ထက်ံာအားဖြင့်ရင်း နိဂုံးအုပ်ပေအံ့

(က) တိသတံ ဒ္ဝိသဟဿဿ္မွ၊ တေရသံ သာသနံ ဝဿံ။
သဟဿံ သတ္တရာဇံ တု၊ သတဿ္မွ ကေတိ ံသ္မွ။ ။

(ခ) ရာဇရာဇာ ယဒါ ပတ္တိ၊ အဝဂုနဂရေ ရမ္မေ။
ရဇ္ဇံ အကာရိ ဓမ္မေန၊ တတ္ထာယေ လိင်္ဂိတောယံ ဂန္ဆော။ ။

(ဂ) ယုတ္တာယုတ္တိံ ဝိစိန္တေယျုံ၊ ဓိရာ ဂဏ္ဟန္တု ယုတ္တမ္ဗေ။
သေသကမ္ဗိ သုပူရေန္တု၊ သုမနာ အဝိဝါဒေန။ ။

(ဃ) ကျော်အောင်စံထား‌တိ ပညာတာ၊ နိဿာယာ စရိယညေဟိ။
ယဒ္ဓေါပဒေသိမံ ဂန္ထံ၊ ဓာရေန္တု လိင်္ဂိတံ စိရံ။
(ဂင်းမှာ ဝတ္ထုချည်း)။

(င) ပုညေနာနေန ဝဿတု၊ ဒေဝေါကာယေ ပဇာယိမာ။
ဓမ္မံ ဓာရေန္တု သဒ္ဓါ၊ သုပူရေန္တု ယထိစ္ဆိတာ။
(ဝိဝရိထ ပဏ္ဍာ)။

သာသနံဝဿံ-သာသနာတော် နှစ်သည်၊ ဒ္ဝိသဟဿဿ္မွ-နှစ်ထောင် သည်ဂင်း၊ တိသတဿ္မွ-သုံးရာသည်ဂင်း၊ တေရသဿ္မွ-တဆယ့် သုံးနှစ်သည်ဂင်း၊ (သာသနာနှစ် ၂၃၁၃-ခု)။ သတ္တရာဇံတု-သတ္တရာဇ သည်ကား၊ သဟဿဿ္မွ-တထောင်သည်ဂင်း။ သတဿ္မွ-တရာသည်ဂင်း၊ ကေတိ ံသ္မွ-သုံးဆယ့်တနှစ်သည်ဂင်း၊ (သတ္တရာဇ်-၁၁၃၁-ခု)။ ယဒါ-အကြောင်အခါ၌၊ ပတ္တိံ-ရောက်လတ်၏။

တဒါ-ထိုအခါ၌၊ ရမ္မေ-မွေ့ဖွယ် ရှိသော၊ အဝဂုနဂရေ-ရတနာပူရ အဝ အမည်ရှိသော ပြည်ကြီး၌၊ ရာဇရာဇာ-မင်းတကာတို့ မင်းဖြစ်တော်မူသော မင်း တရားကြီးသည်၊ ဓမ္မေန-တရားသဖြင့်၊ ရဇ္ဇံ-မင်းအဖြစ်ကို၊အကရိ-မင်းပြုတော်မူ၏၊ တတ္ထာယေ-ထိုတရားမင်းမြတ်၏ လက်ထက်တော်၌၊ အယံ အန္တော-ဤကျမ်းကို၊ လိင်္ဂိတော-ရေးစီရင်အပ်၏။

ဓိရာ-ပညာရှိတို့သည်၊ အဝိဝါဒေန-မငြင်းခုံသဖြင့်၊ တနည်းကား-မစွပ်စွဲသဖြင့်၊ သုမနာ-ဝမ်းမြောက်ဝမ်းသာ၊ ယုတ္တာယုတ္တံ-သင့်မသင့်ကို၊ ဝိစိန္တေယျုံ-အထူးသဖြင့်

ကြီစေကုန် သတည်း၊ သေသကမ္ဘိ-ကြွင်းကျန်သော အရာကိုလည်း၊ သုပ္ပုရေန္တ-ကောင်းစွာ ပြည့်စေကုန်သတည်း။

ကျော်အောင် စံထားတိ ပညာတာ-**ကျော်အောင်စံထား** ဟူသောတံဆိပ်နာမံဖြင့် အလွန်ထင်ရှားထသော၊ အာစရိယာ-ဆရာမြတ်မှၚင်း၊ အညေဟိ-တပါးသောဆရာတို့မှၚင်း၊ ထဒ္ဓေါပဒေသံ-ရအပ်သော ဥပဒေသကို၊ နိဿာယ-စွဲမှီ၍၊ ထိကွိတံ-ရေးစီရင်အပ်သော၊ ဇုမံဂန္ထံ-ဤကျမ်းကို၊ စိရံ-ကြာမြင့်စွာ၊ ဓာရေန္တ-ဆောင်ရွက်စေကုန်သတည်း။

အနေန-ဤသို့ ရေးစီရင်အပ်သော၊ ပုညေန-ကောင်းမှုကြောင့်၊ ကာလေ-လိုအပ်သောကာလ၌၊ဒေဝေါ-မိုးသည်၊ ဝဿတု-ကောင်းစွာ ရွာစေသတည်း၊ ဇုမာပဇာ-ဤသတ္တဝါတို့သည်၊ သမ္ဗဒါ-အခါခပ်သိမ်း၊ ဓမ္မံ-ကောင်းသော ကျင့်ဝတ်တရားကို၊ ဓာရေန္တ-ဆောင်စေကုန် သတည်း၊ ယထိစ္ဆိတာ-အကြင်အကြင် တောင်းတအပ်မြတ်သောအလိုတို့သည်၊ သုပ္ပုရေန္တ-ကောင်းစွာပြည့်စေကုန်သတည်း။

ကြားဝိမ်ဒလင်္ဂ၊ နိဂုံးမှာပိမ့်၊ ကမ္ဘာဆုံးအောင်၊ ခုနစ်မြောင်ထျင်၊ တောင်နှင့်ရေကြည်၊ ချစ်၍ထည်ထျက်၊ မြရည်ဖန်ရွှေ၊ ငွေထည်းတသွယ်၊ ထေးရောင်ခြယ်ထျက်၊ ဖြူလွယ်သွန်းသွန်း၊ မြင့်မိုရ်နန်းဆို၊ ရစ်သန်းရော၊ သီတာနက်ကျယ်၊ ပျော်ဖွယ်ပတ်ရံ၊ တောင်မင်းဝံဟု၊ မြဿံရောင်ကွန့်၊ ဘုမ္မိညွန့်ဝယ်၊ ပွားပြန့်ရှည်ကြာ၊ ဘုန်းကြောင့်သာသား၊ ရတနာပူရ၊ ဌာနအောင်စည်၊ ဤသည့်ပြည်ကား၊ ဝန်းထည်များစွာ၊ သာသနာနှံစပ်၊ အရပ်ရပ်ထက်၊ ထပ်ထပ်ပွားစည်၊ ညွှန့်ညွှန့် ရှည်၍၊ ခန့်ရည် မိန့်မှာ၊ သရ်ျာဆုံးခန်း၊ လွန်ဘန်းသား၊ မော်ကွန်းပညပ်၊ ထိုပြည်ရပ်ကို၊ အုပ်ကွပ်စိုးတင့်၊ တန်းခိုးမြင့်သည့်၊ ရာမင့်သင်းကျစ်၊ဓမ္မရစ်မူ၊ ဘုန်းသစ်ဆင့်လောင်း၊ ဘုန်းဟောင်းမပြယ်၊ ရန်စွယ်နတ်မြင်း၊ ရည်တိုင်းလင်း၍၊ မင်းနှံ့ဖွယ်ရာ၊ ဆယ်ဖြာဓမ္မာ၊ သင်္ဂဟထေးစုံ၊ တရားထုံထျက်၊ ရွှေတုံမွှေထျော်၊စိုးသရော်တည့်၊ ဘုန်းတော်လှံနိုး၊ ကောင်ကြီဖြိုး၍၊ ရှေးရိုးယူငင်၊ ဖွဲ့သုတ်သင်ထျက်၊ ပြုပြင်ခန့်ရန်၊ စီကုံးဖန်ရှင့်၊ အမှန်နေကျ၊ဆုံးမရသား၊မြမ္ဗဝေါဟာ အဖြာဖြာကို····**ဤစာ တံသား ထစ်စေသော်**။

ဤစာမြွက်ဖော်၊ ပြီးခါသော်ကား၊ ရှင်တော်သာသနာ၊ သရ်ျာ ကုန်မြောင်၊ နှစ်ထောင်သုံးရာ၊ စွန်းပါတဆယ်၊ သုံးခုဆွယ်ထျက်၊ မှတ်လွယ်သိသာ၊ နှစ်ကောစာမူ၊ ထောင်မှာကော၊ သတစွန်းသွယ်၊ သုံးဆယ်နှင့်တစ်၊ သက္ကရာဇ်ဒီဃ၊ စိခ်းမြညွှန့်လန်း၊ ပန်းလည်းလှိုင်သစ်၊ မြစ်လည်းသန့်ကြည်၊ မိုးစည်ရိုက်ဖြန်း၊ရေသွန်းသဘင်၊

ပျော်ရွှင်မြူးခုန်၊ ကဆုန်ပြည့်ထွက်၊ လေးရက်လျှံလူး၊ ရက်ဦးနွေဝယ်၊ အရှေ့ပြုပွာ၊ ဝိဇေဟာဟု၊ ဝေါဟာထွင်ထ၊ ခွင်မိသဝယ်၊ သူရဇ္ဈုဒ္ဒဟူး၊ စုံပူးမပျက်၊ ထင်ကား ပြိဿ၊ ဘောမသောကြာ၊ တူမကွာတည့်၊ သောရာမေထုန်၊ ရောင်ဟုန် ထွန်းဝင်း၊ မင်းနှံနက္ခတ်၊ သတ္တရသ်ဟု၊ လျှံပတ်ထွန်းပ၊ နုရာခန့င့်၊ စန္ဒြဇဝါ၊ ခွင်ပြိုစ္ဆာဝယ်၊ မကွာရုံးစု၊ ခွင်ဓနုကား၊ ရာဟုရပ်ဗွေ၊ တက်နေထွန်းစ၊ ဆကားနာရီ၊ သုံးလီပတ်ရ၊ ကေဇီဇနာ၊ ဘဝါးမှာကား၊ ကောဒသ၊ သတ္တအင်္ဂုံ၊ သုံးခုမုယော၊ ကောင်းမော အခါ၊ မင်္ဂလာတွင်၊ ဤစာသာရ၊ မှတ်ထုံးကျကို၊ မှတ်ကြစိမ့်ငှာ၊ မှတ်ရာအခြေပ၊ နိဂုံးအုပ်ရှင့်၊ ဝိုက်ထုပ်ရှည်ကြာ၊ မျိုးဃေးဖြာဝယ်....ဤစာကြံအား သစ်ဝေသော်။

ပညာပြီးစည်၊ မှတ်စိမ့်ရည်ထွက်၊ ဝန်းလည်ပြန်သုံ၊ ဆင်စွယ်စုံသို့၊ ကုံထုံပညာ၊ ရှေးဆရာတို့၊ သိသာ စိမ့်ထွေ၊ သဝေနိဂ္ဂဟိတ်၊ အစိတ်အမြွာ၊ သတ်ဆယ်ဖြာကို၊ မှတ်ရာထူးထွေ၊ စကားဖြေ ဖြောင့်တန်း၊ အဆန်းဆန်းသား၊ သတ်ညွှန်း သတ်ပုံ၊ ထားခဲ့တုံလည်း၊ မစုံမလင်၊ ရှိသည်ထင်၍့၊ ကောင်းကင်သဖွယ်၊ ဆိုရေးကျယ်လည်း၊ တန္ဓယ်ငင်က၊ တစင်ရသို့၊ အန္တသိမ်းခြင်၊ ကွန်ချာအုပ်က၊ ကိုင်ချုပ်လွယ်ကာ၊နှံ့ပြားရာ၏။ ဆာသာမဂမ၊ ကျယ်ဝန်းလှသည်၊ အန္တပြည့်ခန်၊ အကာရန်မှ၊ စ၍့သိမ်းအုပ်၊ အကုံခြုံ၍့၊ကိုင်ဆုပ်ဖူးလေ၊ မရေတွက်သာ၊ များသဒ္ဒါကို၊ ငါးဖြာပဝတ္ထု၊ နိမိတ်ပြ၍့၊ ချက်ကျသိမ်းယူ၊ လွယ်တကူသို့၊ လူတို့ဝေါဟာ၊ များလှစွာလည်း၊ အက္ခရာအန္တ၊ ချက်ကျသိမ်းဆည်း၊ ကွန်ချာတည်းက၊ အနည်းမျှသာ၊ ကျန်လွတ်ရာဟု၊ စိတ်မှာယူသိ၊ ဆင်ခြင်မိ၍့၊ ကဝိဖက်ရဲး၊ ကစွဲးဆရာ၊ မိန့်မှာကျမ်းထွက်၊ သင့်ရာစွက်၍့၊ ထိုက်ဖက်ရာရာ၊ နည်းနာယူတန်၊ ထုံးပုံမွန်သား၊ ဂန္ဓန္တရ၊ ကျမ်းထိုမျှမှ၊ ခူးရသွယ်ပြောင်၊ သိသာအောင်ထျင်၊ ယူဆောင်ထုတ်ပြ၊ သဘောချသား၊ ဝေါဟာရတ္ထုပကာသနီ၊ဂန္ထိ ဩဇာ၊ နွယ်သညာသည်....ဤစာ စံထား ရစ်ဝေသော်။

ကျော်စိမ့်စိတ်ထား၊ ညက်စဉ်းသွားဖြင့်၊ ဝိုင်းခြားပြတ်ပြတ်၊ ရှင်တော်ရွတ်သား၊ ဝိဋ္ဌကတ်သုံးဦး၊ ကမ်းခိုက်ကူးမှ၊ နည်းထူးဆန်းကြယ်၊ အသွယ်သွယ်သား၊ များကျယ်သဒ္ဒါ၊ ညှာ်ဦကာလည်း၊ ခဲးရာမြင်သိ၊ ကျမ်းနေတွှန့်၊ အဘိဓာန်၊ သာရကျယ်ဝန်း၊ ဆန်းအလင်္ကာ၊ လေ့လာဆောင်ရွက်၊ ဝိဒက်ကလပ်၊ နှံ့စပ်စုံစီ၊ ဒဏ္ဍီမျှိဟတ်၊မလွတ်လွှဲကျမ်း၊ နည်းပြမ်း ဖော်ပြ၊ ရာဇမတ္တန်၊ သိမှန် ပြည့်ဖြိုး၊ မော်ကွန်းထိုးမှ၊ ဆိုရိုးကျာ၊ မြန်ဘာသာလည်း၊ စိတ်ဖြာကုံဝ၊ အချက်ကျသား၊ပဌမအကျော်၊ ဆရာတော်၏၊ ထွေ၀ေါကြိုင်လွှင့်၊ ဂုဏ်ရောင်သင့်၍့၊ ပွားဆင့်သိမျော်၊ နည်းတူခေါ်သား၊ ရှင်ပျော်စိတ်ကြည်၊ ထိုင်ါသည်ထျင်၊ ဖွေနည်စေ့ငု၊ စီကုံးပြုသား၊ မှတ်စုများစွာ၊ ဤကျမ်းစာကား၊ ပဒေသာမည်ထင်၊ နတ်သစ်ပင်မှ၊ ထိုအင်ဆန္ဒ၊ ကြိုက်တိုင်းရသို့၊

မိုးဝကောင်းကင်၊ ကြယ်ပုံယင်ကို၊ ဝန်းကျင်ရှုမျှော်၊ ကြည့်တိုင်းမြော်သို့၊ တောင်ကျော်နန္ဒမူ၊ လိုက်ဝဂ္ဂ၌၊ မဏ္ဍူသက၊ မြတ်ရက္ခဝယ်၊ နိစ္စမကွေ၊ ကြည်းရေ ပန်းမျိုး၊ မွှမ်းပြည့်ဖြိုးသို့၊ ဆိုရိုးစဉ်လာ၊ မြန်တာသာဌ၌၊ အရာအလိုက်၊ အထိုက်အတန်၊အရန်အဝိုင်း၊ အန္ဒိုင်းအဆ၊ ကြိုက်တိုင်းရအောင်၊ နယထွေပြား၊ဖော်ပြကြားသား၊ငါ့အား မှန်စွာ၊ နန်းခေမာကို····ဤစာ **တံခါး လှစ်စေသော်။**

ပေါင်းစည်းဖော်ပြ၊ အရအမိ၊ အသိအမြင်၊ အစင်အသန့်၊ ဝေဖြန့်ပညာ၊ မျိုးထေးဖြာကို၊ ဤစာဗိဒေါက်၊ ကိုယ်ထက်သောက်အောင်၊ အားမြောက်ကြည်စွာ၊ မဟာကုသလ၊ ဤပုညကြောင့်၊ မမွှရာဇာ၊ ကေရာထည်း၊ စကြာရောက်တန်၊ ဘုန်းတော်ဘန်၍့၊ ကဲးလွန်သက်တော်၊ ရာကျော်တွက်ကျုံး၊ ပတ်ကုံးဝန်းလျား၊ မျိုးထေးပါးကို၊ သားတော်ထပ်တူ၊ နှလုံးဖြူလျက်၊ သိမ်းယူဝိုက်ထုပ်၊ အုပ်စေသတည်း၊ မိုးထည်းချိန်မှန်၊ နှစ်တိုင်းအန်၍့၊ မွှန်သည်ဩဇာ၊ ရသာမြေဆီ၊ ခွန်နက်ညီလျက်၊ ပည်းသီများစွာ၊ သတ္တဝါထည်း၊ ဆွေညာထပ်တူ၊ သဘောဖြူဖြင့်၊ မှတ်ယူထောက်စာ၊ ကရုဏာနှင့်၊ မေတ္တာထန်သည်း၊ ဒေါသနည်း၍့၊ စောင့်စည်းထောဘ၊မောဟနည်းရှား၊ ကုသိုလ်ပွားလျက်၊ ပျော်ပါးမြင့်ရှည်၊ ချမ်းသာတည်၍့၊ ဆုံးမည်ရည်ရန်၊ ဆုမြတ်မွှန်ထည်း၊ မှန်စေသတည်း၊ သာဖြည်း ယုယ၊ ဝိုက်ထုတ်ဝသည်၊ မိဘ ဆရာ၊ ညာတကာနှင့်၊ မေတ္တာပွားဆင့်၊ တွေ့တ့ထွည့်၊ ရွှကြည့်ဖြန့်ဖြူး၊ စောင်မဘူးထည်း၊ ကျေးဇူးမခန်း၊ တွေ့နန်းစကား၊ ဆောက်ထားပဲ့ပြင်၊ သွန်သင်ဘူးသူ၊ ရှင်လူကစ၊ ဝေနေယျထည်း၊ ရစေဖို့ရန်၊ ဝေဌဖန်၏၊ ရင့်သန်ပညာ၊ လူသမွာဝယ်····ဤစာ **ထံပါး ချစ်စေသော်။**

ဤမျှဖြင့် **ဝေါဟာရတ္ထပကာသနီကျမ်း** ပြီးပါပြီ။

* * *

အညွှန်း

ကနက္ကတန် ၅၂၉။
ကရိက်း ၃၀၊ ၈၁။
ကရိက်းဆိတ်သော ကြီယာဟူ၍
မရကောင်း ၄၄။
ကအနက်ထူးမရှိ ၃၂၆။
ကာကောလောကနန္ဒီး ၄၈၁၊၅၀၁။
ကာရိက် ၂၂၃၊၂၃၀။
ကာရိက်သံ ၂၅၅။
ကာလအစ္စန္တသံယောဂ ၂၂၅။
ကော်သဇင် ၂၀၁။
ကောစာ ၃၃၀။
ကောဝိန် ၃၃၀။
ကိုယ်ထီး၊ ကိုယ်ထူး ၃၆၁။
ကိုးကွယ် ၆၂၄။
ကောက်ဆွ ၃၁၃။
ကင်ပွန်းပေး (တဝ်) ၅၄၃။
ကင်းစီး ၂၄။
ကတ္ထာတိဝုစ္စတိသည်ကား ၁၂၂၊၄၈၂။
ကန်တော့ ၃၅၅။
ကိန်းခန်း ၂၂၉။
ကမ္ဘည်း ၅၉၃။
ကုံရောင်း ၃၃၀။
ကျိစယ် ၆၂၆။
ကျီးကန်း ၅၀၁။
ကျီးအာ ၀၆၀။
ကျေးဇူး ၃၂၀။
ကျက်ကျက် ၁၅၉။
ကျောင်းကန် ၄၉၀။
ကြပတိ ၃၀၆။
ကြီယာခြောက်ဆယ် ၄၃၆။
ကြဲ (အပင့်ကဲ့မပါ) ၂၄၅။
ကြော်ငြာ ၂၀၃။
ကြီးပမ်း ၅၄၀။
ကြက်သရေ ၄၄၃။
ကြိုက်နှင့်ကြိမ် ၃၃၃။
ကြင်စွယ် ၆၂၆။
ကွေ့လည် ၄၀၀။
ကွမ်းရာ ၄၂၃။
ကျဲယှဉ်း၊ နွားယှဉ်း ၁၁၀။
ကျန်ဝ် ၄၉၀။
ခကွေးအက္ခရာကိုရစ်သော်လည်း
ပင့်သံဖတ်ထိုသည် ၂၂၉။
ခရမ်း ၅၅၃။
ခေါက်တုန့်ခေါက်ပြန် ၀၀၃။
ခေါင်းဖီး ၃၉၃။
ခံရန်သည် ၅၅၆။
ခံထွင်း ၃၀၀။
ချကောင် (အရစ်ခြမပါ) ၂၅၄။
ချစ်တုန့် ၀၀၆။
ချစ်ရိုင်မြို့ ၃၉၃။
ချိဝ်၊ချိတ် ၂၃၃။
ခြီးကြူး ၂၅၀။
ခြီးမှမ်း ၂၅၀။
ခြည် ၅၀၄။
ခြုံဝ်ခြယ် ၃၄၆။
ခြုံဝ်တည်း ၀၀၀။

ဂေါ်သဇင် ၂၈၁။
ဂျမ်းသမား (ဖတ်သံလိုက်ရေး သည်) ၂၈၁။
ဃနဲပြန်ပျို ၆၆၀၊ ၆၆၅။
ငအေပြူသည် ပိဋကတ်သုံးပုံ၌မရှိ ၅၆။
ငြိ နှင့် ညိ ၂၀၈။
ငြိုခွဲ၏ ၃၀၆။
ငှက်ပျော ၃၉၃။
ငှက်ပျောပတ် ၆၆၀။
စကထာ ၁၀၅၊ ၃၅၉။
စကားပြေ ၄၀၃။
စကောစကာ ၂၂၀၊ ၂၄၃။
စတုရန်း ၁၅၆။
စာပေတည်း ၅၉၂။
စာရေးဆရာ ပမာဏကိုဆင်ခြင် ၆၆၁။
စာသင်ဝန် ၅၆၈။
စားမဲ ၄၂၁။
စေးခြိုး ၃၇၈။
စဲခုံ ၃၁၁။
စင်ရော် ၄၄၉။
စည်ပြော ၃၉၃။
စည်ရွှမ်း ၁၅၈။
စည်းခုံ ၃၁၁။
စဉ်းကော ၂၄၆။
စဉ်းလဲ ၃၇၁။
စိစွေး ၃၀၈။
စိတ်ပူ၏ ၁၈၂။
စုတ်၏ ၂၄၈။
စန္ဒကူး ၂၃၃။
စန္ဒကူး၊ ဒန်စကူး ၃၀၆။
စိန်တိုင်းစိန်ပြည် ၇၀၈။
စပ်ထျဉ်း ၆၂၁။
စိန့်(စေအုံ) ၇၁၀။
စိန်းကော ၂၄၆။
စုံးနတ် ၇၈၁။
ဆခါ ၂၂၁။
ဆုတောင်းခန်းသည်အသတ်ညီ
များပေသောကြောင့် ၅၉၆။
ဆော်လှန် ၈၀၆။
ဆက်တန်-ဆဒ္ဒန် ၅၂၉။
ဆင့်ကာဥပစာနည်းဖြစ်ဟန် ၅၀၈။
ဆောင်ကြဉ်း ၆၁၂။
ဆည်းကြီကြီ ၅၈၈။
ဆည်းဆာ ၃၁၈။
ဆန်ခါ ၂၂၀။
ဆုန်းဖြတ် ၆၆၄၊ ၇၈၃။
ဇေယျခုံ ၃၁၂။
ဇင်ယော် ၄၄၉။
ညသတ်၊ ယသတ်လဲလှယ်မှု ၆၄၀။
ဋ္ဌဗြေဆင်း ၁၁၂။
ဌာန်နှင့်ကရိက်း ၈၁။
တကာရန်ံ သကာရန်ံ
သမံ ဝဒေ၊ ၆၇၀၊ ၆၇၈။
တကယ် ၆၂၃။
တချောင်းငင် ၉၃။
တတလွှမ်းလွှမ်း ၆၃၈။
တထေရ၊ တထေဝ ၅၉၃။
တဒတ္ထ ၂၈၆။
တပို့ဆွဲ-တပို့တွဲ ၃၂၆။
တမည်သာလျှင်၊ ရှိကမြင်၏။ ၁၉၆။

တရထည် ၅၉၃။
တရော် ၄၄၉။
တရုတ်-တရုပ် ၇၆၂၊၇၆၃။
တလုံးနွေး(တအုံးနွေး) ၇၉၉။
တလုံးစီအနက်မရ၍ ဆင့်သည် (ခဏ၊ ဝိန္ဒ၊ သန္တာ) ၃၃၉။
တဝယ်မြို ၄၂၀။
တဆူ ၄၇၁။
တသန်းဟယ်ဟယ် ၆၃၀။
တာဝတည် ၅၉၁။
တာဝတိန်၊ တာဝတိန် ၇၁၂၊၇၁၃။
တီ၊ တည်း ၃၄၂။
တီထွင် ၃၄၃။
တုမတ္ထ ၂၀၆။
တူရိယာ ၅ပါး (စည်မျိုး၅ပါး) ၃၇၃။
တို၊ ကုန်၊ ကြ ၂၂၄။
တင်ကျည်း ၅၀၁။
တောင့်ကပ်ဖားရား ၆၄၂။
တောင် ကို ဖောက် သည် စိန်ကျောက်ပမာ ၇၀၀။
တည်မတ်သည် ၅၉၃။
တိတ္ထုံ-ဒိဋ္ဌုံ ၇၀၆။
တန့် နှင့် တံ့ ၅၃၀။
တန်ခူး ၂၆၀။
တန်ခြ၊ အတန်ခြ ၃၄၅၊၃၄၆။
တန်း-ဒန်းပန်း ၅၂၉။
တန်းဆောင်မုန်း ၇၉၄။
တုန်းတုန်း-ဒုန်းဒုန်း ၇၁၇၊၇၁၅။
တံကဲ ၂၄၄။
တံခွန်အလံ ၅၆၀။
တံစား၊ တံဆား ၂၉၀။
တံစို့ ၁၇၀။
တံညှပ် ၁၇၀။
တံတွေး ၃၅၁။
တံထွပ်-တံထျပ် ၆၇၅။
တံဆုတ် ၇၆၇။
တိမ်းတိမ်း (ဒိမ်းဒိမ်း) ၇၁၇။
ထွင် ၆၃၆။
ထွတ် ၃၀၂။
ထမင်းလုတ် ၇၆၄။
ထူးထွင်း ၃၆၃။
ထည့် (ပြုထည့်၊ မှုထည့်) ၅၉၄။
ထုတ်နှင့်ထုပ် ၇၅၂။
ထပ်ဆင့်ဥပစာ ၅၀၀။
ထုံကျဉ် ၆၁၀။
ထုံးရှိသော်ထည်း စံမျှမှ စံမျှသော်ထည်း သဘောရမှ ၁၂၉။
ဒုကုဋ် ၇၃၀။
ဒန်စကူး ၃၀၆။
ဒွေဘော် ၁၂၁၊၁၂၃။
ဒွေဘော်သံယုတ် ညခေါင်း
ထုတ်လေ့ ၁၁၀၊၁၁၁၊၁၁၄၊၁၂၀။
ဓမြ-ဓပြ ၄၁၀။
ဓာတ်တော် မွေတော် ၄၀၀။
ဓမ္မဝတ် ၆၇၇။
နကောင်းနှင့် နကာန်း ၁၃၂။
နရည်းစရာ ၃၇၃။
နသတ်နှင့်ဥ သတ်စပ်အင်ဖက်ပုံ ၇၃၀။
နအနက်မရ ၅၉၆။
နာကျည်းသည် ၅၀၁။

နိဒဿနနည်း ၂၃၉။
နေကြာ ၃၄၇။
နေဆာ ၃၁၈။
နေဆိတ် ၆၈၈။
နောက်ဖြစ်ပျိုကဗျာ ၂၁၈။
နိဂ္ဂဟိတ် ၄၈၊၉၄၊၉၅။
နိဿရဉ်း ၆၀၂။
နုတ်နှင့်နုဝ် ၇၅၃။
နှန်းရန် ၂၉၀။
နှံ့မွှေးတဆုန်၊ လိန်းထင့်ကုန် ၇၂၆။
နံ့နဲ့ ၈၀၈။
ဆွားတယ်ဉ်း ၆၂၀။
ဆွဲနောင် ၆၂၉။
ဒုလုံးတမျဉ်း၊ ဒုလုံးတမည်း ၆၀၇။
ဒုဘေါင်း ၃၀၀။
ဒ် ၆၁၀၊၆၃၆။
ဒ်အစား ဝယ်၊ ထွင်ဆုံးပုံ ၆၃၆။
ဒုဝ်တံ ၃၃၆။
ဒိုင်းရဲ့(ဥပမာ) ၄၄၈။
ဒိုင်းရှည်(ပမာဏ) ၄၄၈။
ဒုစ်ချောင်းဝင် ၉၃။
ပတီးစိပ် ၇၄၈။
ပဒပူရဏ ၁၆၆။
ပယတ် ၈၁၊၈၂။
ပရိယာယ်တူသဒ္ဒါများကို ဝတ္ထု အလျောက်သုံးစွဲသင့်ကြောင်း ၂၁၀။
ပါ ၃၀၂။
ပါနှင့်ပေ ၃၀၇။
ပါဠိ ၇၆။
ပါးပျဉ်း ၆၁၆။
ပုဂံ ၄၈၈။
ပုစွန်တုတ် ၇၅၀။
ပုဆစ်တူး ၃၄၉။
ပုသိန် ၇၁၅။
ပဲနှယ်ယွဲ့ ၄၈၁၊၅၅၄။
ပဲလွှမ်း ၅၆၄။
ပိုနေမြဲ ကျားနေမြဲ ၂၇၉။
ပေါက္ခရဝတ် ၆၇၇။
ပိုက်မကန် (ပုဒ်မကန်) ၇၅၄။
ပင်ပန်း ၅၃၉။
ပညတ် တသတ် ၇၅၁။
ပညတ်၊ ပညဝ် ၆၅၄။
ပညတ်မျဖြစ်၍ တသတ် ၆၅၄။
ပညတ်မျ ဖြစ်၍ထည်း ရစ်သင့်သည် ၇၂၀။
ပညတ်မျ ဖြစ်၍ သေးသေးတင် မသတ်ထျော်ကောင်း၏ ၇၉၈။
ပညတ်မျ ယူသင့်သောကြောင့် သေးသေးတင် မ-သတ်ရေး ၇၈၉။
ပညတ်မျသာဟူထည်း ရစ်သော အရာများသောကြောင့် ၅၁၀။
ပညတ်မျဟူထည်း တသတ် အရာပင် ဖြစ်၏ ၆၈၇။
ပါဠိဒ္ဓိအသတ်နှင့်မြန်မာအသတ် ၇၃၇။
ပါဠိဒ္ဓိ သတ်၏ဟူသော်ထည်း အသံဝေါဟာရ တော်သင့်ရာ သာ လိုက်အပ်သည် ၇၃၈။
ပတ်ယတ်လက္ခဏာ ၆၆၉။
ပါဠိအနက်နှင့် သဒ္ဒါနက် ၇၃၀။
ပုဒ်ပါဠိ ၇၅၄။

ပုတ်-ပုဒ် ၇၅၄။
ပန်နက်သဲ ၄၇၄။
ပိန်းကော ၂၄၇။
ပိန္နဲတိုင်၊ ပန်းထည်တိုင် ၃၇၂။
ပုန်ကန် ၄၈၉။
ပုံ (ပုံ) ၇၀၈။
ပျူဒ္ဓ ၂၀၂။
ပျူလူမျိုး ၁၆၁၊ ၂၀၃။
ပျော်သည် ၄၀၆။
ပျံ ၂၃၄။
ပြကတိ-ကြေပတိ ၃၀၆။
ပြာဋိဟာ ၆၉၁။
ပြောစားသည် ၄၆၉။
ပြည်တဲ ၃၅၂။
ပြန်းမျ ၁၄၂။
ဖဦးထုပ်၌ ရစ်သော်ထည်း ပဝိုဆံ
ဖတ်သင့်ထေသည် ၂၂၉၊ ၃၉၅၊ ၃၉၇။
ဖအက္ခရာ၌ ပဝိုဆံ ဖတ်သော်
ထည်း ရစ်၍ရေးသင့်သည်ပင် ၆၁၇။
ဖရိဖရဲ ၄၄၆။
ဖတ်ဆံနှင့် အရေး၊ အရေးနှင့်
ဖတ်ဆံ ညီသည်ချည်းမဟုတ် ၂၀၁။
ဖုန်း-ဘုန်း ၇၉၀။
ဖျင်းစွဲ ၆၁၇။
ဖြောင့်မတ်နှင့်တိခ်းမဝ် ၆၆၆။
ဖြစ်သတည်း၊ ဖြစ်စေသည်
ဖြစ်စေသတည်း ၅၉၁။
ဖြန့်ချိ ၂၅၀။
ဗွန်ဗွန် ၄၀၃။
ဗလုံး ၁၃၃။

ဓိန္ဒ့ ၄၀။
ဗျာဒိတ် ၆၉၁။
ဗျူတာပေါက်၏ ၂၆။
ဗျူဟာ ၂၀၃။
ဗျည်း ၃၀။
ဗျဉ္ဇနဗုဒ္ဓိ ၁၀ ပါး ၆၄။
ဘီလူး ၄၅၆။
ဘုန်းကြီးပျံ ၅၄၁။
မတီခဲ့မြင်-မထေခဲ့မြင် ၃၆၀။
မထည်-မထေရ် ၅၉၄။
မလိမ် ၁၃၆။
မာဂဓရေးရိုးမှာ တံခွန်ပြထိုသည့်
အတွက်ကိုနောက်ဗျည်း၌ဆံယုတ်
ဖြစ်စေသည် ၅၅၀။
မိတူ ဖတူ ၃၄၀။
မော်ကွန်း ၅၀၅။
မော ၂၄၉၊ ၄၂၂။
မိုး ၇၄၆။
မိုးကုတ်၊ ပညတ်မျှဖြစ်၍ တသတ် ၇၃၆။
မိုးခြေဝ်-မိုးချုတ် ၇၄၆၊ ၇၄၇။
မိုးယဝ်၊ တိမ်ယဝ်
မိုးရဝ်၊ တိမ်ရဝ် ၆၆၉။
မိုးရွာ ၄၃၄။
မင်းထျာ-မင်းထျာ ၆၆၀။
မောင်း၏(အဆင်း) ၁၀၆။
မဠ္ဍ-မဲဆု ၃၂၀။
မဠ္ဍ အသံထွက် ၁၂၅။
မတ်နှင့်မဝ် ၆၆၆။
မတြာ ၀၁၉။
မန္တန်စုဝ် ၇၄၀။

မိန်းမ ၄၀၇၊၄၀၈။
မိန်းမတို့၏အမည်
များသောအားဖြင့် ယဝင့်သံ ၄၁၂။
မုန့် ၈၀၆။
မုန့်တိုင်း ၇၉၁။
မျက်ကုန်း ၃၀၀။
မျက်ကွင်း၊မျက်တွင်း၊ မျက်ခွက် ၃၀၀။
မျက်ခွံ၊ မျက်သား ၃၀၀။
မျက်စိ ၃၀၀။
မျက်စိစွန် ၅၂၄။
မျက်စဉ်းခတ် ၆၄၇။
မျက်တောင်၊ မျက်မွေး ၃၀၀။
မျက်နှာ ၃၀၀။
မျက်မှောင် ၃၀၀။
မျက်ရေ၊မျက်ရည် ၃၀၀။
မျက်ရည် ၂၀၅။
မျက်လုံး ၃၀၀။
မျောက်နဲ့စေး ၃၇၂။
မြို့တာ ၃၃၆၊၃၃၉။
မြို့မှံ ၈၀၇။
မြေ ၃၀၇။
မြည်သံစွဲ ဝေါဟာ ၁၅၁။
မြန်မာ ၅၅၀။
မြန်မာ ၂ လုံးဆင့် ၃၃၉၊၃၄၀။
မြန်မာမှုဋ္ဌ ဝဂ်သံယုတ် ၃၀၈၊၃၂၃။
မြန်မာမှုဋ္ဌ သုံးစွဲသောအက္ခရာ ၇၀။
မြန်မာမှုဋ္ဌ အနုဇ္ဇများတိမည် ၂၀၇။
မြန်မာမှုဋ္ဌ အက္ခရာကြေပုံဃာပုံ ၁၈၄။
မြန်မာမှုဋ္ဌ အက္ခရာပြန်ရှုရာသည် ၄၂၃။
မြန်မာသမာသ် ၁၅၂။

မြန်မာသဒ္ဒါ ၇၄၊၂၅၄။
မြမွာ ၁၆၁၊၄၀၈။
မွတ်နှင့်သိပ် ၆၆၇။
မြွေပြွေး ၃၈၉။
ရိုင်းအုန်သည် ၈၀၇။
မှန်စီဆရာတော် ၁၆၂။
မျှော်၊မြော် ၄၂၅။
ယဝင့် ၁၃၇။
ယဝင့်၊ အရစ်၊ ဝဆွဲတို့သည်
အောက်အဘို့ နောက်အဘို့သာ
တည်သင့်သောကြောင့် ၁၀၁။
ယ၊ရ၊လ၊ဝ အောက်ဖက်က ၁၀၀။
ယအက္ခရာသည် ပျောင်းညှံ့နွဲပါး
သောအသံ၌ အသုံးများ၍ ၄၂၉။
ယောကျ်ား ၄၉၈။
ယွဲ့နှင့် ရွဲ့ ၄၄၈။
ရခိုင်ရတု ၈၀၄။
ရတု ၃၄၇၊၃၄၈။
ရရစ် ၁၃၉။
ရာဂီ ၂၈၀။
ရာဇဝတ် ၆၂၇။
ရှုတ- ၃၅၆။
ရေစဉ်ထုံး ၄၃၉။
ရေကြိုက်ချသည် ၂၄၁။
ရေခဉ် ၆၄၈။
ရင်ဖတ်-ရင်ဘတ် ၆၆၃။
ရည်စဉ်ထုံး ၄၄၀။
ရှင်္ဂီ ၁၀၁၊၂၄၆၊၄၃၄။
ရဒ်းဆသည် ၅၅၇။
၍ ၆၁၀။

ရွတ်ဖတ်၊ရွတ်တတ်၊ရွတ်ဘာသာ ၆၆၃။
ရွာဆိတ်သည် ၆၀၀။
ရှော်တေ ၄၄၉၊၄၅၀။
ရှင်အုန်းညို (ထူပညာရှိ) ၁၀၉။
ရှုဉ် (တိရစ္ဆာန်) ၁၁၁။
ရှုံ့တွ ၀၀၇။
ရှန်းနှင့်ရှမ်း ၅၆၀။
လူ ၄၅၄။
လေပြန် ၅၉၀။
လေသွန် ၅၇၆။
လယ်ရာ ၄၃၃။
လောကဝတ် ၆၇၇။
လက်ဆုတ်ပဝါ ၇၆၇။
လက်ဆုပ်ဟင်းလျာ ၇၆၀။
လောက်လန်း ၅၆၁။
လက်ာဆမ်းလှမ်း ၅၆၅။
လင်းခွင်း ၇၄၉။
လိုက်ဂူ ၂၀၁။
လည်သည်း ၆၀၀။
လိပ် ၁၅၇။
လိပ်ခဲတည်းလည်း ၂၀၀။
လုံးကြီးတင် ၉၂။
လုံးကြီးတင် နိဂုဟိတ်
မြန်မာမှုဋ္ဌမထင် ၉၀။
လုံးချုံ ၇၇၀။
လုံးဆင့်၊ ပင့်၊ ရစ်၊ ဟဆွဲး၊ ဝဆွဲး
ဗျည်းစဉ်အတိုင်း အောက်ထက် ၁၀၀။
လုံးပန်း ၅၃၉။
လျက် ၅၉၂။
လွင်မှန့်မျက်နှာချေ ၆၃၇။
လှန်ကန် ၄၀၉။
လှန်ဆော် ၀၀၆။
လုံကန် ၃၃၆။
လုံတံ ၃၃၆။
လွှတ်ရုံး ၆၇၄။
ဝဆွဲ ၁၄၀။
ဝါကွန်း ၅၀၂။
ဝါစာသိလိဋ္ဌ ၁၆၆။
ဝိနည်း ၅၀၆။
ဝိဘတ် ၁၅၅။
ဝိသကြို ၇၇၃။
ဝိသဇ္ဇနီ ၀၀၊၁၄၁။
ဝယ် ၆၃၆။
ဝဂ် ၄၆။
ဝဂွန် ငါးကောင်၊ ခြိုဆဲလောင်၊
တကောင်ဝဂ်ကား၊ ဖွဲ့မစား ၁၃၇။
ဝိစ္ဆာအနက် ၄၆၀။
ဝဏ္ဏ ၇။
ဝန်းချုံ၊ လုံးချုံ ၇၇၀။
သကြီး ၁၁၉။
သတည်း ၅၉၂။
သနပ် ၆၆၀။
သပြေ ၃၀၇။
သဘင် ၃၉၁။
သမုတိပညတ်မျသော အရာ၌
ရစ်သည်များသောကြောင့် ၅၁၀။
သမာသ်၏လက္ခဏာကား
ရှေပုဒ် နောက်ပုဒ် အရကွဲမြဲ ၁၅၂။
သမုစ္စည်း ၆၀၅။
သရေသည် ၆၀၂။

ထိကြား ၇၇၄။
ထီးသီးထျဉ်ထျဉ် ၁၁၁။
ထုခမိန် ၇၂၁။
ထုဓာတုတ် ၇၅၆။
ထူစိမ်း ၅၂၄၊၇၀၉။
ဒေနဂ်ဗျူဟာ ၂၀၃။
ဒေးဒေးတင် ၉၂၊၉၀။
ဓက်ဓာ ၄၆၀။
ဓင်ပုတ် ၇၅၄။
ဓကြိန် ၃၃၇။
နောင်းနောင်း ၁၅၉။
နစ်တာ ၃၃၀။
နည်ကားစ ပဌမာဝုတ္ထာ၊
ကိုသို့စ ဒုတိယာမတာ ၁၅၅။
နဒ္ဒါဆယ်ပါး ၇၂။
နတ်ဖြန်း၊ နဝ်ဖြန်း ၅၄၇။
ထုဒ္ဓနှင့်ကာရိုက် ၂၂၇။
ထုဒ္ဓနှင့်ကာရိုက် ပင့်ရစ်တူ၏ ၄၂၄။
ထုဒ္ဓသည်ကာရိုက်ဖြစ်ဟျင်ကံရ၏ ၂၇၁။
ထုဒ္ဓအဆံ ၂၅၄၊၂၇၀။
ထုဒ္ဓအဆံ ဒုတိယကွရာသည်
ကာရိုက်လိုခါ စေဟ္ဒဉ် ၂၇၀။
ထုဒ္ဓအဆံ ပဌမကွ ရာသည်
ကာရိုက်လိုခါ ဒုတိယကွရာ အဆံ
ဖြစ်သည် ၂၇၀။
ထုဒ္ဓအဆံဟဆွဲကို ကာရိုက်လိုခါ
စေဟ္ဒဉ် ၂၇၁။
ထုဒ္ဓအဆံအဝဂ်နှိုက်
ကာရိုက်ကိုခါ ဟဆွဲ ၂၇၁
သန်းဖျ ၃၉၄။
ဆိုဥည်း ၅၀၆။
သဒ္ဓနာမ် ၁၀ ပါး ၁၄၇။
ဆံမရာ-သမ္ဘရာ ၄၃၃။
ဆံယုတ် ၂၀၊၁ ၂၀၊၁ ၂၃။
ဟုံနှင့်ဟုန် ၀၀၃။
အချက်အချာ ၂၅၆။
အချုပ်အချာ ၂၅၆။
အစအကွရာကျေဟန် ၁၇၂။
အစအကွရာထာဟန် ၁၇၃။
အစာမချေသောပုဆိုး ၇၀၀။
အစည်း(အစေး) ၃၀၀။
အဆောက်အဦ ၁၆၅။
အဆုံးအကွရာကျေဟန် ၁၇၃။
အဆုံးနိုက် အကွရာထာဟန် ၁၇၃။
အတင်ဂုဇ္ဇိ ၁၀၄။
အထွင်ခေါ်စခြင်း (အထွင်ရုဇ္ဇိ) ၁၀၅။
အထွန် (အဓွန်) ၅၃၄။
အနာထပိန်-အနာထပိဏ် ၇၁၉။
အနာအထ(အထအန) ၃၅၀။
အနုသ္ဌရ ၅၄။
အနက်တူသော်ထည်း
အရာသို့လိုက်၍ဆိုဟန် ၂၁၀။
အနက်မရ ပညတ်မျှ၌
တသတ် ၆၅၇၊၆၆၁။
အနက်မရ ပညတ်မျှ၌မသတ် ၇၃၃။
အနက်မရ ပညတ်မျှ၌
ရစ်သောအရာများသည် ၃၀၁။
အနက်မရ ပညတ်မျှဟူသင့်
သောကြောင့် ရစ်လိုအံ့ ၇၀၅။

အသံပျောက်၊ အသံမပျောက် ၂၀၊၂၁။
အသံဖြစ်ထပုံ ၈၃။
အသံမျည်း ၁၃၈။
အသံမထပ် စပ်ဟန် ၂၀၄။
အသံလိုက်မရေး၊ရေးလိုက်မဖတ် ၃၂၉။
အာဂုဏ်-အာဂုဏ် ၇၇၉။
အာဇာနည် ၅၉၅။
အာခေါရအနက် ၆၃၆။
အာခေါရ (တည်ရာ) ရှိသော်
အပါဒါန် (ထွက်ခွာရာ) မထို ၄၃။
အာမေဋိတ် ၁၈၇။
အာလိန် ၅ ဆင့် ၇ ၂၅။
ဥ-ဥ၊ ၉၃
ဥပန္ဓာနီယ ၈၈၊၁၄၁။
ဥပမာ ၇၉။
ဥပေက္ခာ ၂၉ ၂။
ဥဝဏ်နှင့်ဩအလဲအထယ်ဆိုပုံ ၂၇၅။
ကေသိတ် ၆၈၉။
ဧကန်သည် ၄၉၀။
ဩနောဝ် သံယုတ်နှောင်းထျင်
ရသကဲ့သို့ရွတ် ၃ ၂။
အဲခိုး ၅၇ ၂။
အဲချင်း ၁၈၄။
ဩ ၉၁။
ဩ ၉၁။
အိုးမဲ ၁ ၂၈၊၄ ၂၀။
အက္ခရာ ၆။
အက္ခရာ ညီဝန်း၊
မချန်းမထောင့် ၁၀ ၂၊၁၁၃။
အက္ခရာတူ အသံတူစပ်ဟန် ၂၀၅။

အနက်ရထျင် ပရမတ်
အနက်မရထျင် ပညတ် ၂၆၆။
အနက်ရထျင် ပသတ် မသတ်
အနက်မရထျင် တသတ် နသတ် ၃၃၉။
အန္တဋ္ဌ၊ ရုဒ္ဓ် ၁၀၁၊ ၂၄၆။
အန္တစ်အကာ ၂ ၂၁၊ ၂ ၂၃။
အပါဒါန် (ထွက်ခွာရာ) ရှိသော်
အာခေါရ(တည်ရာ)မထို ၄၃။
အဖ၊ အဖိုး၊ အဖေး ၄၀၀။
အဖိတ်နေ့ ၆၉၅။
အဘယ် ၆၃၁။
အမာရွတ် ၁ ၂၀။
အမည်ပညတ်၌ တသတ်
အနက်အရာ ပသတ်ဖြစ်သင့်၏ ၆၄၄။
အမြဲတေ ၃၅၀။
အမွှန် (အစ) ၅၅ ၂။
အရတူထျက် ဝေါဟာရကဲ့ ၂၅၀။
အရာသို့လိုက်၍ ဆိုမိန့်ဟန် ၃၀၄။
အရွစ်အနက် ၅၉ ၂။
အရေးပျက် ၅၄၀။
အရိုင်အခြည် ၅၀၄။
အလယ်နိုက် အက္ခရာလာဟန် ၁၇၃။
အလယ်အက္ခရာကျောဟန် ၁၇ ၂။
အလောင်းအလျာ ၄၅ ၂။
အလံနှင့်တံခွန် ၅၆၀။
အဝခေါရဏ ၅၉ ၂။
အဝဂ် ၄၇။
အဝုတ္ထသိဒ္ဓိနည်း ၄၀၊၅၀။
အသတ် ၇။
အသတ် ၁၀ ပါး ၄၊၇၃၆။

အကျရာရွှေနောက်ပြန် ၃၀၆။
အောင့်ကျတ် ၃၂၇။
ကော်နှင့်အင်္ဂကို မတ်လှစေ ၁၀။
ဏ် ၆၁၀။
အညိုး ၁၈၇။
အဒ္ဓအစ္ဆန္ဒသံယောဂ ၂၂၅။
အုတ်ကြွေ ၆၄၆။

ဥစ္စာ ၄၃၇။
ဥဩ ၁၀၆။
အန္တဆ္ဆာ ၁၀၀၊၁၀၁။
အိမ်ထောင်ကျ ၂၀၂။
အိမ်မွေး) ၃၂၉။
အိမ်မြောင် ၁၀၄။